www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# သမ္ဗုဒ္ဓေဂါထာ ဘုရားရှိခိုး

## ပါဠိ-အနက်



သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊ ဒွါဒသဉ္စ သဟဿကေ။

ပဉ္စသတသဟဿာနိ၊ နမာမိ သိရသာမဟံ။

အပ္ပကာ ဝါဠုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။

တေသံ ဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။

နမက္ကာရာနုဘာဝေန၊ ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ။

အနေကာ အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။

BURMESE CLASSIC

**အဋ္ဌဝီသံ**-သုံးပါးဘဝ သုံးလောကတွင် ဉာဏ်ရောင်ဖိတ် အောင်ဘိသိက်နှင့် နှစ်ကျိပ်ရှစ်ဆူကုန်သော၊ **သမ္ဗုဒ္ဓေစ**-တန်ဆောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာပွင့်လင်း တရားမင်းတို့ကိုလည်းကောင်း၊ **ဒွါဒသဉ္စ သဟဿကေ**-နိဗ္ဗာန်ကိန်းအောင်း စက်မွေ့လျောင်းသည့် တစ်သောင်းနှစ်ထောင်ကုန်သော၊ **သမ္ဗုဒ္ဓေစ**-လရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းပြောင် မြတ်ဘုန်းခေါင်တို့ကိုလည်းကောင်း၊ **ပဉ္စသတသဟဿာနိ**-သောင်းတိုက်စကြဝဠာ ဂုဏ်ဝါရောင်ရှိန်း ငါးသိန်းကုန်သော၊ **သမ္ဗုဒ္ဓေစ**-နေရောင်ပမာ ဉာဏ်ရောင်ဝါဖြင့် သစ္စာလင်းထိန် မြတ်မုနိန်တို့ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **သိရသာ**-ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်၊ **နမာမိ**-ရှိသေညွတ်ကျိုး လက်အုပ်မိုး၍ ရှိခိုးပါ၏။

**ဂင်္ဂါ ဂင်္ဂါယ**-ဂင်္ဂါမြစ်အတွင်း၌၊ **ဝါဠုကာ**-ရှိကြကုန်သော သဲတို့သည်၊ **အပ္ပကာ**-နည်းကြကုန်သေး၏။ **နိဗ္ဗုတာ**-ဘုံဇာတ်သိမ်း၍ ငြိမ်းအေးတော်မူကြကုန်ပြီးသော၊ **ဇိနာ**-နှောင့်ယှက်ဖန်လာ မာရ်ငါးဖြာကို အရိယာမဂ် ဘုန်းရောင်စက်ဖြင့် ချိုးဖျက်လွယ်ကူ အောင်တော်မူသော ဘုရားရှင်အပေါင်းတို့ကား၊ **အနန္တာ**-သင်္ချာဂဏန်း ရေတွက်မှန်းလည်း ဆုံးခန်းတိုင်မြောက် မရောက်နိုင်ကြကုန်။ **တေ ဇိနေစ**-ထိုဘုရားရှင်တို့ကိုလည်းကောင်း၊ **တေသံ**-ထိုငါးသိန်းတစ်သောင်းနှစ်ထောင် နှစ်ကျိပ်ရှစ်ဆူကုန်သော ဘုရားရှင်, မရေတွက်နိုင်သော ဘုရားရှင်တို့၏၊ **ဓမ္မဉ္စ**-တရားတော်မြတ်ကိုလည်းကောင်း၊ **သံဃဉ္စ**-တပည့်သားသံဃာတော်မြတ်ကိုလည်းကောင်း၊ **အဟံ**-အကျွန်ုပ်သည်၊ **အာဒရေန-အာဒရံ**-ရှိသေစွာ၊ **နမာမိ**-ရှိခိုးပါ၏။

**နမက္ကာရာနုဘာဝေန**-ဤသို့ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ရသော ပဏာမကုသိုလ် စေတနာကြောင့်၊ **သဗ္ဗေ**-ခပ်သိမ်းကုန်သော၊ **ဥပဒ္ဒဝေ**-ဘေးရန်တို့ကို၊ **ဟိတွာ**-ပယ်ဖျောက်၍၊ **အနေကာ အန္တရာယာပိ**-တစ်ပါးမက များလှသွယ်သွယ် အန္တရာယ်တို့သည်လည်း၊ **အသေသတော**-အကြွင်းအကျန် မရှိသောအားဖြင့်၊ **ဝိနဿန္တု**-ပျောက်ပျက်ပါစေကုန်သတည်း။ ။

www.burmeseclassic.com



၁၉၆၈-ခု၏ ဩဂုတ်လတွင် စတင်ထုတ်ဝေသည့်

ဒီဒီး(နီကွန်)စိစစ်တည်းဖြတ်သည့်

# ဂမ္ဘီရ မဂ္ဂဇင်း


အကြံပေး

ဦးစိန်မျိုးမြင့်

ဆရာရန်အောင်ဟိန်း(B.Sc)

အယ်ဒီတာ

မောင်မောင်လတ်


အမှတ်(၂၃၅)၊ ၂၀၁၅ ဖေဖော်ဝါရီလ


၆။ ယောနကဘိုးထောင်
တောင်းဆုပြည့်စုံ ရွှေတိဂုံ

၁၂။ ရီရီမွေး
ကေလာသဆံတော်ရှင်စေတီတော်နှင့်
မြသပိတ်စေတီတော်သို့ ဘုရားဖူးခရီးစဉ်

၁၈။ ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)
ပုပ္ပားမြို့က ရေးဟောင်းသမိုင်းဝင်
ဆုတောင်းပြည့်စေတီတော်မြတ်ကြီး

၂၄။ ကိုမိုး(ရွှေပြည်သာ)
နှစ်စဉ် ကျင်းပပြုလုပ်သော
ဣန္ဒာသယဆုတောင်းပြည့်စေတီ၏
ပန်းပေါင်း(၈၄၀၀၀)ပူဇော်ပွဲ

၃၂။ မောင်မောင်ချစ်ဦး(မုံရွာ)
ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့အဝင်က
ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်

၃၈။ နန္ဒာမောင်(သံဖြူဇရပ်)
ကပိလဝတ္ထု၏ ကပိလဝတ်

၄၄။ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)
ကမ္ဘာ့အံ့ဖွယ်ခုနစ်သွယ်

၅၄။ ညွန့်တင်(တညောင်၊ ကန်ဆွယ်)
ဘဝတစ်သက်တာ ကျင့်စဉ်တရားများ(၃၁)

၆၀။ ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်)
ကျိုန်စာတိုက်ခြင်းသည်
သူတော်ကောင်းတို့၏ အကျင့်မဟုတ်

၆၆။ မန္တလေးသက-အရှင်ဩဘာသ
ကိုးကွယ်ထိုက်စွာ မြတ်သံဃာ

၇၀။ ကိုရွှေမြသန်း(သမိုင်း)
အရပ်မျက်နှာတို့ကို လုံခြုံစေခြင်း၏ အလီမွှာ

၇၄။ မုံရွာ-နေဇာ
လှသည်၊ ချောသည်၊ ရက်စက်သည်






www.burmeseclassic.com

www.burmeseclassic.com




၈၀။ **တွန်းအားရှင်**
မူးပေမယ့် ထူးတဲ့ပုဂ္ဂိုလ်

၈၄။ **ဓမ္မာစရိယ-သန်းထွန်း**
ဒေါသဖြင့် လမ်းလျှောက်ခြင်း

၉၀။ **ဘဏ်အရာရှိဟောင်းတစ်ဦး**
စာဂါနုဿတိ

၉၃။ **မောင်ထည်ဝါ(ပျော်ဘွယ်)**
တောင်တန်းသာသနာပြု ဆရာတော်ကြီး
ဦးဥတ္တမသာရ၏ ဘဝဖြစ်စဉ်နှင့်
မေတ္တာအခြေခံသော ဩဝါဒများ

၉၆။ **ရွှေတလေး(လွယ်လင်)**
အရွယ်ပြို အို,နာတို့၏ ကံတရား

၁၀၀။ **ချစ်မင်းသူ**
ထူးဆန်းသော တောင်ဝှေးတစ်ချောင်း

၁၀၆။ **ဂမ္ဘီရ-ရွှေသိခ်**
ဝိဇ္ဇာ(၁၂)ပါး၊ သိဒ္ဓိ(၁၀)ပါးနှင့်
ရသေ့ဦးအောင်၏ မဟာဂန္ဓာရီကျင့်စဉ်

၁၁၄။ **နန္ဒာစိုး(ဆင်ဖြူကျွန်း)**
မညှိုးနွမ်းသော ပဒုမ္မာ

၁၂၈။ **ပုရောဟိတ် ဆရာဦးမြတ်စံ**
ကံပွင့် လာဘ်ပွင့် ထိပေါက်စေသောဂါထာ

၁၃၁။ **ပုရောဟိတ် ဆရာဦးမြတ်စံ**
သူခိုး ဖမ်းနည်းနှင့် ဖော်နည်း

၁၃၄။ **ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)**
သစ်တံခါးဆရာတော် ချီးမြှင့်သော
(၇)နေ့သားသမီးများကုသိုလ်
ကာမာဝစရကံစွမ်းမြှင့်ရန် အဓိဋ္ဌာန်





၁၃၈။ **ဆရာကံထူး(ဝေဒသုတေသီ)**
နက္ခတ်တာရာများက ဖော်ပြနေတဲ့
သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

၁၄၄။ **ဆရာကံထူး(ဝေဒသုတေသီ)**
မမ မောင်လေး ဇာတာရှင်များ

၁၄၇။ **ဆရာကံထူး(ဝေဒသုတေသီ)**
ဖြူစင်မွေးသို့ ဗေဒင်မေတ္တာစာ

၁၅၂။ **ဦးတိုး(တက္ကသိုလ)**
(၇)နေ့သားသမီး သိုက်ဖွားများအတွက် ယတြာ

၁၅၈။ **ကိုကိုမောင်(အင်းလေး)**
လာဘောလောကာဓံနှင့် သမ္မာသက်ပွမဂ္ဂင်

၁၆၆။ **မင်းနေထွန်း(ကန့်ဘလူ)**
နှစ်ကံပြိုင် ဖူးစာ

၁၇၀။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဂမ္ဘီရပရိသတ်မေး၍ ဖြေသည်

၁၇၆။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ဓနသိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်
လက်နှင့် မွှန်းတည့်မျဉ်းဖြတ်ဇယား

၁၇၈။ **မင်းမဟော်ညွန့်**
နက္ခတ်ကောဇာ ရက်မြတ်ကောင်းအချိန်အခါ




www.burmeseclassic.com

www.burmeseclassic.com

၁၈၄။ **ဆရာရန်အောင်ဟိန်း(B.Sc)**
ကမ္ဘာကျော် ဟာသ,သရုပ်ဆောင်
ရော်ဘင်ဝီလီယမ်၏ ဇာတာအား
ဝေဖန်သုံးသပ်ခြင်း
၁၈၈။ **ရွှေတာလေး(လွယ်လင်)**
ဆင်းရဲသားဘဝမှ ချမ်းသာလာသော
မောင်းထောင်သူဌေး ဦးမြရာ၏
စေတနာ၊ ဒါန၊ ကုသိုလ်ကံတရားများ
၁၉၄။ **ဟိန်း(ဘူမိ)**
သင့်ကိုယ်တွင်းမှ အဆိပ်,အပုပ်ခာတ်ထုတ်ဖို့
ဂျူစ်သောက်ကြစို့
၁၉၈။ **ရန်နိုင်**
ရုပ်တုအမှတ်တရ
၂၀၂။ **မောင်လှယဉ်(မော်လမြိုင်)**
ဂမုန်းများနဲ့ ဟင်းလေးအိုးကြီး ဘအောင်စိန်
၂၀၈။ **ကိုမောင်သန်းဝင်း**
သံယောဇဉ်ဆိုတာမျိုးကလည်း
၂၁၆။ **တင့်ထူး(ဇေယျဝတီ)**
ကိုယ်တွေ့ကြုံလာသောအခါ
၂၂၂။ **မင်းသန့်ကျော်(ဓိုးကုန်း)**
တောင်ပြိုးဝိညာဉ်





၂၂၈။ **ဒါရိုက်တာမျိုးဇော်အောင်**
ကျွန်ုပ်နှင့် မနုဿဝံပုလွေ
၂၃၄။ **ချစ်မင်းသူ**
တမလွန်ရောက် အိမ်ပိုင်ရှင်
၂၄၀။ **ဝင်းသောင်(ရမည်းသင်း)**
ပန်းစိုက်သမားနဲ့ ဝေမာနိကပြိတ္တာ
၂၄၈။ **ထွန်းတောက်**
ဦးကျွဲကြီးနှင့် ဓားပြများ
၂၅၆။ **ကြည်ဝင်း(ဟသ်ာတ)**
အဘဆရာကြီး၊ မှင်စာကလေး ဘိုးသက်ရှည်နဲ့
သံသပိတ်ကြီး
၂၆၄။ **လှိုင်စောဦး(မြို့ရွှေပြည်)**
သစ္စာဖောက်
၂၈၀။ **မင်းဟိန်းထိဝ်**
တောခြောက်ခြင်းအမျိုးမျိုး(၅)
၂၉၀။ **ကောင်းသော်**
ကားဖြင့် ပို့ဆောင်ပေးရသော နာနာဘာဝများ
၂၉၆။ **ဂါဦးနွန်းကို**
အဖြူရောင် ညတစ်ည
၃၁၂။ **နီကြည်ကို**
နားဆွဲတစ်ဖက်
၃၂၀။ **ကျော်ဇော(စားကုန်)**
လန်ဒန်မြို့ရောက်
ကဝေညီအစ်မနှစ်ယောက်
၃၃၀။ **ဇေယျကျော်(မြောက်ဒဂုံ)**
ထူးခြားဆန်းပြား ဖြစ်ရပ်မှန်
၃၃၄။ **တင်အေးကျော်(အောင်လံ)**
အမှားတစ်ချက် ဘဝတစ်သက်



**ထုတ်ဝေသူ**–ဦးသန်းဦး(မြဲ–၀၃၉၉၇)၊ **ဂျွိုရ Logo** – မောင်မောင်အောင်၊ **မျက်နှာဖုံး Graphic** – ဇေဖြိုး
**အတွင်းသရုပ်ဖော်**–ထွန်းအောင်၊ ဝင်းမြင့်အောင်၊ ဟိဏ်းထက်၊ မောင်မြင့်ဌေး၊ မိုးကျော်၊ ဝင်းနိုင်ဦး၊ ကျော်စိုးညိန်း။
**မျက်နှာဖုံးပုံနှိပ်**–ဦးမြသိန်း(မြဲ–၀၁၄၂၇)၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်၊ အမှတ်(၉၆)၊ (၁၁)လမ်း၊ ရန်ကုန်မြို့။
**အတွင်းပုံနှိပ်**–ဦးကျော်စိုး(မြဲ–၀၄၂၅၀)၊ စိုးပုံနှိပ်တိုက်၊ ကနောင်မင်းသားကြီးလမ်း၊ ၁/၄ အရှေ့ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့။
**အတွင်းသားဖလင်**–STARS ။ **စာအုပ်ချုပ်**–ကိုအောင်ဝင်း။
**အယ်ဒီတာအဖွဲ့ရုံး** ✻ အမှတ်–၁၈၂(က)(မြေညီထပ်)၊ ၃၃–လမ်း(အထက်လမ်း)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၃၇၄၅၄၅

www.burmeseclassic.com

# တောင်းဆုပြည့်စုံ ရွှေတိဂုံ

ယောနကဘိုးထောင်

လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်ကြီးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နေရာဒေသကြီး ဖြစ်ပါသည်။ မြန်မာတို့၏ ပန်းဆယ်မျိုးအစုံစုံ အဖုံဖုံတို့ စုဝေးရပ်တည်ရာ အလှကမ္ဘာကြီးလည်း မည်ပါသည်။ မြန်မာ့ဂုဏ်ကျက်သရေဆောင် အဓိပတိအဆောက်အအုံကြီးလည်းဖြစ်သည်။ မြန်မာတို့၏ စေတနာ၊ ဒါန၊ သီလ၊ သစ္စာ၊ မေတ္တာ တရားပေါင်းစုံ မြစ်ဖျားခံ စီးဆင်းရာ အရပ်လည်း ခေါ်ဆိုနိုင်ပါသည်။ ထို့ကြောင့် မြန်မာ့လေ၊ မြန်မာ့မြေနေသူ အပေါင်းတို့က တောင်းဆုပြည့်စုံ ရွှေတိဂုံဟူ၍ အမည်နာမ ကင်ပွန်းတပ် ခေါ်ဆိုထားလေသည်။

ရွှေတိဂုံစေတီတော်သည် မြန်မာကသာမက ကမ္ဘာသူကမ္ဘာသားများကပင် အံ့ချီးမကုန် ဖြစ်ခဲ့ကြရလေသည်။ ဘဒ္ဒကမ္ဘာကြီးတွင် ပွင့်ထွန်းပေါ်ပေါက်ခဲ့ပြီးသော မြတ်စွာဘုရားလေးဆူတို့ ဝတ္ထုပစ္စည်းများနှင့် ဆံတော်ဓာတ်တို့ ကိန်းအောင်းတည်ရှိရာ ဌာနကြီးတစ်ခုဖြစ်သည်။ မြန်မာတို့ကမူ လေးဆူဓာတ်ပုံ ရွှေတိဂုံဟူ၍ ခေါ်ဝေါ်ကြခြင်းဖြစ်သည်။ မဟာရန်ကုန်မြို့၏ ဗဟိုအချက်အချာနေရာမြတ်ကြီးတွင် ကိန်းဝပ်စံပယ်လျက် ရှိပါသည်။

နေ့အချိန်အခါသမယတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို နေရောင်ခြည်ခ၍ ရွှေရည်သ,နေကြသည်။ ရွှေတုံးရွှေတောင် ရွှေစိုင်ကြီး မိုးအမြင့်သို့ ထိုးဖောက်နေသကဲ့သို့ မြင်တွေ့ကြရသည်။ ရွှေစက်ရွှေပျောက် ရွှေရည်သောက်နေသော မြတ်ဘုရား၏ ကြည်ညိုသပ္ပာယ်မှုကြီးမှာ အံ့မခန်းဖြစ်ရပ်ဆန်းပင်တည်း။

ညအချိန်အခါသမယတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လရောင်ခြည်ခ,သည်ဖြစ်စေ၊ လရောင်မဲ့သည်ဖြစ်စေ ဆီမီးရောင်လျှံတော် ထိန်လင်းဝင်းပ ရွှေရည်သ,နေကြသည်။ ရွှေမြင်းမိုရ်တောင်မင်းကြီးသဏ္ဌာန် မိုးစွန်တမွတ်ကြယ်ကိုဆွတ်လျက် ရှိချေသည်။ လရောင်ဖြာ၍ ရွှေတောင်အလှဆောင်သလို လမိုက်ညများတွင်လည်း မီးရောင်ဖြာ၍ အလှဝေဆာလျက် အံ့ချီးဖွယ်ပင် ဖြစ်တော့သည်။ နေ့နေ့ညည မြန်မာ့မြေရွာကြီးတွင် ရွှေအလှသရဖူဆောင်း၍ အမျိုးဂုဏ် ဓာတိဂုဏ်ကို ရွှေရည်သွန်းလောင်းလျက် ရှိပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံသူနိုင်ငံသားများက ရွှေမြန်မာဟူ၍ ကမ္ပည်းတင်ခဲ့ကြပါသည်။

ရွှေတိဂုံမှာ ရန်ကုန်မြို့တွင် တည်ရှိသည့်အလျောက် ပင်လယ်ရေကြောင်းမှဖြစ်စေ၊ လေကြောင်းမှဖြစ်စေ၊ ကုန်းကြောင်းမှဖြစ်စေ ရွှေတိဂုံစေတီတော်ကို အဝေးမှ ဖူးမြင်မဝတသသဖြစ်ကြရပါသည်။ ရန်ကုန်မြို့မဟာသို့ လာရောက်ကြသော ခရီးသွားလူသားများသည် ပဲခူးရိုးမတောင်စွယ်ပေါ်ဝယ် တည်ထားလျက်ရှိသော ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိုင်(၃၀)ခန့်အကွာအဝေးမှပင် မြင်တွေ့နိုင်ပါသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ပြည်တွင်း,ပြည်ပ ထွက်ဝင်သွားလာကြသူတို့အား ဤဌာနေ ဤအရပ်ဒေသကား မြန်မာတိုင်းရင်းသားတို့ မှီတင်းရာမြေဟူ၍ ခရီးရောက်မဆိုက် ပြောကြားနေသယောင်ရှိသည်။ ပျူပျူငှာငှာ လူတကာကို ကြိုဆိုခွန်းဆက် နှုတ်မြွက်ကြားသကဲ့သို့ပင် ဖြစ်တော့၏။ တောအုပ်စိမ်းစိမ်းထက်မှ ရွှေရောင်တဝင်းဝင်းဖြင့် ပကတိတင့်တယ်လျက်ရှိသော စေတီတော်မှာ အဝေးမှကြည့်လျှင် တိမ်ဗိမာန်တို့ ဆိုင်းကြက်ထားသော သဘာဝပန်းချီကားချပ်ကြီးနှင့်လည်း တူပေသည်။ အလှတွင်အယဉ်ဆင့် အသွင်တင့်တံခွန်လွှင့်နေသော အလှပသာဒကြီးတစ်ခုဖြစ်သည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဤတော၊ ဤတောင်၊ ဤရေ၊ ဤလေ၊ ဤမြေ နောက်ခံရှုခင်း မြင်ရသူတိုင်းသည် မြန်မာ့စိတ်ရင်း ပင်ကိုစရိုက်ဓလေ့ကို ခံစားရပေလိမ့်မည်။ စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်း ပီတိသုခမနောကို ပွားတိုးနိုင်ပါသည်။ ထိုမှတစ်ဆင့်တက် အသွင်မြင့်ကာ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုသုခမများကို တွေးကြံမျှော်ခေါ် ကြည့်မြင်နိုင်သည်။ သဘာဝရှုခင်းအလှမှ မြန်မာတို့၏ ရင်တွင်းနှလုံးသားအလှကို ထိုးဖောက်မြင်နိုင်စွမ်းရှိချေသည်။ မြန်မာတို့ သဘောဖြူသရုပ်ကို မလွဲမသွေဆင်



www.burmeseclassic.com

www.burmeseclassic.com

မြင်ဆင်ခြင်မိလာနိုင်သည်။ ထိုသဘောဖြူသရုပ်များကား အဘယ်အရာများ ဖြစ်မေသနည်း။


ရွှေတိဂုံဆံတော်ရှင်သည် သိင်္ကာတော်အပြည့်အဝဖြင့် ငြိမ်းချမ်းဖာည်ကြည်သော အသွင်ကိုဆောင်ကာ ရပ်တည်လျက်ရှိပါသည်။ ရွှေရောင်ပြောင်ဝင်း ထွန်းလင်းသောကိုယ်တော်၌ လွတ်လပ်ပြည့်ဖြိုးသော သဘောလက္ခဏာ ပေါ်လွင်နေပါသည်။ ထို့အတူ အပေါင်းအစုစည်းညီညွတ် ပြေပြစ်ညီညာတက်ကြွသည့် ပုံသဏ္ဌာန်အနေအထားမှာလည်း ထင်ရှားလျက် ရှိနေပါသည်။

ထိုကဲ့သို့ ရွှေတိဂုံစေတီတော်ကြီး၏ ငြိမ်းချမ်းခြင်း၊ လွတ်လပ်ခြင်း၊ ညီညာခြင်း၊ စည်းလုံးခြင်း၊ တက်ကြွခြင်း၊ သစ်လွင်နုပျိုခြင်း လက္ခဏာများကို မဟာရန်ကုန်ဝန်းကျင်မှ လုပ်သားပြည်သူလူထုအပေါင်းတို့သည် နေ့စဉ်နေ့တိုင်း ခွန်အားသစ်ရနေကြသည်။ မြန်မာနိုင်ငံ အညာအကြေ အရှေ့အနောက်မှ အခါအခွင့်ရသလို လာရောက်ဖူးမြော်ကြသူတို့သတ်တွေ့မျက်မြင် ရှိကြသည်။ ကမ္ဘာ့သူကမ္ဘာ့သား ဝေးမြေရပ်ခြား နိုင်ငံခြားသားများကလည်း တွေ့သိကြသည်။ မြန်မာတိုင်းရင်းသား လူမျိုးပေါင်းစုံတို့ကလည်း နားလည်သဘောပေါက်ကြသည်သာ။ သဘောမပေါက်သေးလျှင် သဘောပေါက်စေအောင် ရွှေတိဂုံစေတီတော်ကြီးက တည်ငြိမ်စွာ ရပ်တည်ရင်း ဖော်ထုတ်ပြသလျက်ရှိသည်။ အသိသတိထူးဟို့ဖြင့် ယူမှတ်ဖွယ်ရာ ဖြစ်ပေသည်။ သို့ဖြစ်ရာ ရွှေတိဂုံစေတီမြတ်သည် မြန်မာနိုင်ငံတွင် ကိုးကွယ်ယုံကြည်မှုတစ်ရပ်၏ အမှတ်အသားသာမဟုတ် မြန်မာ့အားမာန်၊ မြန်မာ့သရုပ်၊ မြန်မာ့ဓလေ့၊ မြန်မာ့ရည်မှန်းချက်၊ မြန်မာ့ခံတိုင်၊ မြန်မာ့ဗဟိုချက်မ၊ မြန်မာ့နှလုံးတို့ကိုလည်း ဖော်ပြနေသည်ဟု ဆိုထိုက်လှပေသည်။

ဤရွှေတိဂုံစေတီတော်မြတ်ကြီးသို့ အဖူးအမြော်အလေးအမြတ်ပေးရန် ရောက်ရှိခဲ့သူတို့သည် မိမိတို့၏ ထင်မြင်ချက်များကို မှတ်တမ်းတင် ရေးဖွဲ့ထားခဲ့ကြသည်။

ဥရောပတိုက်သားတို့က ရေးသားခဲ့ကြသော မှတ်တမ်းများတွင် ယင်းတို့မျက်ဝါးထင်ထင် ရှုမြင်ခဲ့ရသော ရွှေတိဂုံစေတီတော်ကြီးအကြောင်းကို ဖော်ပြရာ၌ ကမ္ဘာပေါ်တွင် အလှပဆုံးနေရာဌာန ဖြစ်ပါပေသည်ဟူ၍လည်းကောင်း၊ မီးကြွ၍ တဖျတ်ဖျတ်တောက်ပလျက်ရှိသော အံ့ဖွယ်တစ်ရပ်ဟူ၍လည်းကောင်း၊ သိင်္ဂါရွှေရည်မင်းတစ်ပါးဟူ၍လည်းကောင်း၊ အလှံ့ညီးညီးဖြစ်သော ပိရမစ်အဆောက်အအုံကြီးဟူ၍လည်းကောင်း၊ မြန်မာတို့ရဲ့ မိုးပျံအိဖယ်မျှော်စင်ဟူ၍လည်းကောင်း တင်စားပြောဆို၍ အံ့ချီးမကုန် ဖြစ်ခဲ့ကြရလေသည်။


နိုင်ငံခြားသားထဲမှ မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ရွှေတိဂုံစေတီတော်၏အကြောင်းကို ဦးစွာရေးသားမှတ်တမ်းတင်ခဲ့သူတစ်ဦးမှာ ဂတ်စပရိဗာလဗီဖြစ်သည်။ ဗာလဗီသည် ခရစ်နှစ်(၁၅၈၃)ခုနှစ်၊ နိုဝင်ဘာလဆန်းတွင် ဒလ(တွံတေး)မှတစ်ဆင့် ရန်ကုန်သို့ ရောက်ရှိလာပြီး ရွှေတိဂုံစေတီတော်ရင်ပြင်သို့ တက်ရောက်ခဲ့သည်။ မြစ်ဆိပ်မှအတက်တွင် လက်ဝဲလမ်းနှင့် လက်ယာလမ်း နှစ်သွယ်ရှိသည့်အနက် လက်ဝဲလမ်းကိုလိုက်လျှင် ဒဂုန်ဘုရားကြီးရောက်ကြောင်း၊ ဘုရားကြီး၏ ရင်ပြင်သို့ရောက်ရန် လှေကားထစ်ပေါင်း(၉၀)ရှိသည့် လှေကားနှစ်ဆင့်ကို တက်ရကြောင်း၊ အောက်ဘက်လှေကားထိပ်တွင် ကျောက်ခြင်္သေ့ကြီးနှစ်ကောင်ရှိကြောင်း၊ အထက်ဘက်လှေကားထိပ်တွင် ကျောက်ဖြင့် ထုလုပ်ထားသည့် နတ်ရုပ်ကြီးများရှိကြောင်း၊ စေတီကြီးကို ရွှေချထားကြောင်း၊ ဘုန်းတော်ကြီးများ တရားဟောဇရပ်တွင် အတွင်း;အပြင် ရွှေပိန်းချထားကြောင်း၊ နှစ်စဉ်ကျင်းပသော ဘုရားပွဲတော်မှာ အလွန်စည်ကား၊ပြီး





www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲတော်ဈေး၌ ကုန်မျိုးစုံကြောင်း၊ ဘုရင်၊ မိဖုရားတို့ ကိုယ်တိုင် ကြွရောက်သောပွဲဖြစ်ကြောင်း၊ ရင်ပြင်တော်ပေါ်တွင် ရွှေချထားသော တန်ဆောင်းထဲ၌ ခေါင်းလောင်းကြီး တစ်ခုကိုလည်း တွေ့ရကြောင်းတို့ကို မှတ်တမ်းတင်ထားခဲ့သည်။

အီတလီပြည်၊ ဗင်းနစ်မြို့သား ဗာလဗီနှင့် တစ်ချိန်တည်းလိုလိုတွင် ရောက်ရှိခဲ့သော အင်္ဂလိပ်အမျိုးသား ရပ်ဖစ်(ချ်)ကလည်း ပဲခူးမှ နှစ်ရက်ခရီးသွားရသော ဒဂုန်ဘုရားကြီးအကြောင်းကို မှတ်တမ်းတင်ခဲ့သည်။ ရပ်ဖစ်(ချ်)က ပဲခူးသားတို့ ဘုရားဖူးသွားရာဖြစ်သော ဒဂုန်ဟုခေါ်သည့် ဘုရားကြီးသည် အံ့သြလောက်အောင် ကြီးမားသည်။ အထက်မှ အောက်ခြေအထိ ရွှေချထားသည်။ ၎င်းအနီးတွင် ဘုန်းကြီးများ တရားဟောရာဖြစ်သော အိမ်တစ်အိမ်(ဇရပ်) ရှိသည်။ အနီးအနားတွင် ဘုရားဖူးများ လဲလျောင်းနားနေနိုင်သော လှပသည့်အိမ်များရှိသည်။ တရားဟောရန် အခြား အိမ်ကောင်းများလည်း ရှိသေးသည်။ ၎င်းတို့အထဲတွင် ယောကျ်ားရုပ်၊ မိန်းမရုပ်အားလုံး ရွှေချထားသည်။ ကျွန်ုပ်၏ အထင်အားဖြင့် ကမ္ဘာပေါ်တွင်ရှိသမျှ နေရာဒေသများ အနက် အလှပဆုံးဖြစ်သည်။ ၎င်းသည် အလွန်လည်းမြင့်မားသည်။ ဘုရားကြီးသို့တက်ရန် လမ်းလေးသွယ်ရှိရာ လမ်းများတစ်လျှောက်တွင် သီးစားပင်များ တန်း၍စိုက်ထားသဖြင့် နှစ်မိုင်ခရီးကို အရိပ်ထဲမှလျှောက်သွားနိုင်သည်ဟူ၍ ရေးသားထားခဲ့လေသည်။

ခရစ်နှစ်(၁၇၉၅)ခုနှစ်၊ ဧပြီလတွင် ရောက်ရှိလာသော အင်္ဂလိပ် မိုက်ကယ်ဆိုင်းက စေတီတော်ကြီး၏ ကြီးကျယ်ခမ်းနားပုံကို မှတ်တမ်းတင်ခဲ့ရာတွင်မူ ရန်ကုန်မြို့၏မြောက်ဘက် နှစ်မိုင်ခွဲခန့်တွင် ခံ့ညားတင့်တယ်သော အဆောက်အအုံကြီးဖြစ်သည့် ရွှေတိဂုံစေတီ တည်ရှိ၏။ စေတီတော်အား ရှုချင်စဖွယ်ဖြစ်အောင် လှပတင့်တယ်စွာ အမျိုးမျိုး မွမ်းမံထားသည်။ ရင်ပြင်တော်တွင် ကျောက်ပြားခင်းပြီးသည့်



www.burmeseclassic.com

www.burmeseclassic.com

ခင်းထားသည်။ တောင်ကုန်းသည် ထိုနေရာတွင် အမြင့်ဆုံးဖြစ်သည်။ ကုန်းကိုတက်ရန် ကျောက်လှေကားထစ်(၁၀၀)ကို ပြုလုပ်ထားသည်။ ထီးတော်ကို ရွှေအပြည့်ချထားသဖြင့် နေရောင်တွင် တဝင်းဝင်းနှင့် ရှုမောဖွယ်ဖြစ်သည်။ ကုန်းတော်ပေါ်မှ မြင်ရသော ပတ်ဝန်းကျင်ရှုခင်းကား လှပ၏။ ဆိပ်ကမ်းမှ စေတီတော်သို့သွားသော လမ်းမကျယ်ကြီးကို မိုးရေမဝင်စေရန် အလယ်ကမြင့်ထားပြီး ဘေးတစ်ဖက်စီတွင် ဆင်ခြေလျှောပြုပြီး သေချာစွာဖောက်လုပ်ထား၏။ လမ်းဘေးနှစ်ဖက်တွင် မရေမတွက်နိုင်သော စေတီငယ်များ အပြင် ဘုန်းကြီးကျောင်းများရှိ၏ စသည်ဖြင့် မှတ်တမ်းတင်ခဲ့လေသည်။

မိုက်ကယ်ဆိုင်း၏နောက် ခရစ်နှစ်(၁၇၉၆)ခုနှစ်၊ နိုဝင်ဘာလတွင် ရောက်ရှိခဲ့သော အင်္ဂလိပ်သံ ဟီရမ်ကောက်ကလည်း ရွှေတိဂုံစေတီတော်၏အကြောင်းကို မှတ်တမ်းရေးခဲ့ဖူးသည်။ ဟီရမ်ကောက်သည် ရွှေတိဂုံဘုရားပွဲနေ့နှင့် ကြုံကြိုက်သဖြင့် ပွဲစားတစ်ဦး၏ စီစဉ်ပေးချက်အရ ဘုရားကြီးခြေရင်းရှိ ဇရပ်တစ်ဆောင်ရှေ့မှထိုင်၍ ဘုရားဖူးများ ဆင်းကြတက်ကြသည်ကို သွား၍ကြည့်ခဲ့သည်။

ဟီရမ်ကောက်၏ မှတ်တမ်းထဲတွင် ယောကျ်ား,မိန်းမ ဗရိသတ်များ အလွန်တရာများပြားလှသည်ကို နေထွက်သည်မှ (၁၀)နာရီထိုးသည့်တိုင်အောင် တွေ့ရသည်။ လူတိုင်းတွင် စေတနာသဒ္ဓါတတ်အားရှိသမျှ လှူဖွယ်ဝတ္ထုများကို ကိုင်ဆောင်သွားကြသည်။ အချို့မှာ အဝတ်အထည်၊ ထွမ်းသီးနှင့် ဘုန်းတော်ကြီးများအတွက် လိုအပ်သောအသုံးအဆောင်များကို ပဒေသာပင်သီး၍ ယူဆောင်သွားကြသည်။ အချို့မှာကား ဆင်ရုပ်၊ မိကျောင်းရုပ်၊ ဘီလူးရုပ်များကို စက္ကူဖြင့် ပုံချိုး၍ သယ်ဆောင်သွားကြသည်။ ထိုထိပ်ချွန်းပုံအရုပ်များကို ရောင်စုံစက္ကူဖြင့် ပြုလုပ်ထားပြီး မီးအိုးမီးပန်းများ၊ အဝတ်များ၊ သစ်သီးများကို သပ်ရပ်စွာ ချိတ်ဆွဲထားကြသည်။ အစိုးရအရာရှိများနှင့် ငွေကြေးတတ်နိုင်သောသူတို့မှာ တီးဝိုင်းအဖွဲ့များကို ရှေ့ကထား၍ တက်ကြသည်။ အားလုံးမှာ ဝတ်ကောင်းစားလှနှင့်ဖြစ်သည်။ ပြည်တွင်းဖြစ် ပိုးထည်များကို ဝတ်ဆင်ထားကြသည်။ ထိုအထည်များသည် မည်သည့်ဂုဏ်သရေရှိ အသိုင်းအဝိုင်းတွင်မဆို ဝင်ဆံ့ပေလိမ့်မည်။ ထိုသူအားလုံးကို ကြည့်ရသည်မှာ တိုင်းကြီးပြည်ကြီးသား ပီသလှသည်။ တိုးဝှေ့ခြင်း၊ နောက်ပြောင်ခြင်းမရှိ။ အားလုံးသည် ကြည်သာရွှင်ပျ၍ ဣန္ဒြေ သိက္ခာရှိသည်ဟု သူမြင်သမျှကို ရေးသားမှတ်တမ်းတင်ခဲ့သည်။ ဟီရမ်ကောက်သည် ညနေချမ်းတွင်တစ်ကြိမ် သွားရောက်ကြည့်ရှုသောအခါ ဖယောင်းတိုင်ထုပ်ကိုယ်စီကိုင်၍ ဘုရားကိုတက်ကြသော မနက်ပိုင်းကထက် များပြားသည့် ဘုရားဖူးများကို တွေ့ခဲ့ပေသည်။

မြန်မာနိုင်ငံသို့ ခရစ်နှစ်(၁၈၅၂)ခုနှစ်၊ ဇူလိုင်လက ရောက်ရှိလာသော အိန္ဒိယဘုရင်ခံချုပ် လော့(ဒ်)ဒါလဟိုဇီ၏ မှတ်တမ်းတစ်ခုတွင် ကျွန်ုပ်ရောက်ရှိဖူးသမျှ အိန္ဒိယပြည်အနှံ့တွင်ရှိသော အဆောက်အအုံများတွင် တာ့ဂျ်မဟာမှလွဲ၍ သွားရောက်ကြည့်ရှုရန် အကောင်းဆုံးသောနေရာ ဖြစ်ပေသည်ဟု ရွှေတိဂုံစေတီတော်ကို ရည်ညွှန်း၍ ပြောဆိုထားလေသည်။

မြန်မာနိုင်ငံအားလုံးကို အင်္ဂလိပ်တို့သိမ်းပြီးစ ခရစ်နှစ်(၁၈၈၆)ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရုရှားပါဠိပညာရှင် မိနေယဲ့ ဆိုသူသည် မြန်မာနိုင်ငံသို့ရောက်ရှိ၍ ရွှေတိဂုံစေတီတော်ကို အဖူးအမြော်တက်သည်။ မိနေယဲ့၏ ရေးသားချက်တစ်ရပ်တွင် ရထားစီးသွားလျှင် ကုန်းတော်ခြေရင်းသို့ ရောက်၏။ လှပဆန်းကြယ်စွာ ထုလုပ်ထားသော စောင်းတန်းတစ်လျှောက်တွင် လူမျိုးစုံတွေ့ရ၏။ ကျစ်ဆံမြီးနှင့် တရုတ်များ၊ ပန်ချာပီစစ်သားများ၊ အင်္ဂလိပ်သင်္ဘောသားများ၊ သီလရှင်များ စသည်တို့ကို တွေ့ရ၏။ ရင်ပြင်တော်တွင် ပါဠိဘာသာ၊ အင်္ဂလိပ်ဘာသာကို ကောင်းစွာတတ်သော သီဟိုဠ်ဘုန်းကြီးသုံးပါးနှင့် စကားလက်ဆုံကျ၏။ အရုပ်ဆိုးသည်ကား ကုန်းတော်အနောက်ခြမ်းကို ခံတပ်ပြုလုပ်ထားခြင်းဖြစ်သည်ဟူ၍ ရေးသားခဲ့လေသည်။

ဤသို့လျှင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ကြသော နိုင်ငံခြားသားအများအပြားက ရွှေတိဂုံစေတီတော်အကြောင်းကို ချီးမွမ်းထောပနာ၍ ရေးသားခဲ့ကြသည်။ ရှေးခေတ်က မြန်မာပြည်ကို ရောက်ခဲ့ဖူးသူများသာမဟုတ်။ အင်္ဂလိပ်လက်အောက်သို့ ရောက်ပြီးနောက် ခေတ်သစ်ပိုင်း(၂၀)ရာစုနှစ်များသို့ အဝင်တွင် ရောက်ရှိလာကြသူများကလည်း အလားတူ မှတ်ချက်မှတ်တမ်းများ ရေးထားခဲ့ကြသည်။ ပိုးသားလွှမ်းသော အရှေ့တိုင်းဟူသော အမည်ဖြင့် မြန်မာနိုင်ငံအကြောင်းကို ခရစ်နှစ်(၁၉၀၄)ခုနှစ်က စာအုပ်ထုတ်ဝေခဲ့သော ဗြိတိသျှအမျိုးသား စကော့အိုကော်နာဆိုသူက မြန်မာနိုင်ငံတွင် ရှိသမျှအခြားအရာဝတ္ထုပစ္စည်းများ အကယ်၍ ပျက်စီးဆုံးပါးသွားသည့်တိုင်အောင် ရွှေတိဂုံစေတီကိုသာ



www.burmeseclassic.com


www.burmeseclassic.com

အထင်အရှားကျန်ရစ်အောင် ထိန်းသိမ်းထားနိုင်မည်ဆိုပါက မြန်မာလူမျိုးတို့၏ ဓလေ့စရိုက် အမူအရာများအကြောင်းကို ကမ္ဘာသို့ ပြောပြရန် လုံလောက်သောအရာများ ကျန်ရစ်နေပေလိမ့်မည်ဟု ဆိုခဲ့လေသည်။

ခရစ်နှစ်(၁၉၀၆)ခုနှစ်၊ အောက်တိုဘာလတွင် ထုတ်ဝေသော အမေရိကန်ပြည်မှ အမျိုးသားပထဝီဝင်အသင်း မဂ္ဂဇင်း၌ သောမတ်ဘာဘာဆိုသူ ခရီးသွားတစ်ဦးက ဆောင်းပါးတစ်စောင်တွင် မြန်မာပြည်အကြောင်းမှတ်စုများ အမည်ဖြင့် ရေးသားထားရာ၌ ကမ္ဘာလှည့်ခရီးသည်တစ်ဦးသည် အိန္ဒိယပြည်ဘက်မှတစ်ဆင့် မြန်မာပြည်သို့ကူးရာ၌ သပ်ရပ်ရှင်လန်းသော မြန်မာလူမျိုးများကို တွေ့လိုက်ရလျှင် စိတ်မကြည်လင်ဘဲ မနေနိုင်ပါ။ အထူးသဖြင့် ထင်ရှားသည့် အပြောင်းအလဲမှာ ရွှေတိဂုံစေတီတော်ကို ဦးစွာတက်ရောက်ဖူးမြော်ရသောအခါ ဖြစ်ပေသည်ဟု ဆိုပါသည်။

ထိုပုဂ္ဂိုလ်ကပင် ရွှေတိဂုံစေတီတော်အကြောင်းကို ရေးသားရာတွင် စိမ်းလန်းသော တောင်ကုန်းငယ်အထက်၌ အေးချမ်းသည့် သစ်ရိပ်ဆာယာအောက်တွင် ဗုဒ္ဓဘာသာဝင်တို့ တည်ထားသော အထိမ်းအမှတ် အဆောက်အအုံများအနက် ကြီးကျယ်ခမ်းနားသည့် အဆောက်အအုံတစ်ခု ရှိသည်။ ယင်းသည် အင်ဒိုချိုင်းနားဒေသတစ်ခွင်တွင် တန်ခိုးအကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။ မြန်မာနိုင်ငံ၏ အနုပညာနှင့် ဗိသုကာလက်ရာများတွင် အဆင့်အတန်း အလွန်မြင့်မားသော လက်ရာတစ်ခု ဖြစ်ပေသည်ဟု ဆိုခဲ့ပေသည်။ ထိုစေတီအထုအထည်၏အထွက်မှာ လန်ဒန်မြို့ရှိ စိန့်ပေါဘုရားရှိခိုးကျောင်းကြီးထက်ပင် မြင့်သေးသည်ဟုလည်း ဖော်ပြခဲ့လေသည်။

ဗုဒ္ဓဘာသာဝင်မဟုတ်သော နိုင်ငံခြားသားတို့၏အမြင်တွင်ပင် ဤမျှညွှတ်နူးကြည်ညိုဖွယ် ရှိနေကြပါသည်။ ရှေးခေတ်မှသည် ယနေ့ယခုတိုင် နိုင်ငံခြားသားခရီးသွားများနှင့် စာပေသုတေသီများစွာတို့က အံ့ဖွယ်ထူးခြားသော ဖြစ်ရပ်ဆန်းများစွာကို မိမိတို့ မြင်တွေ့သိရှိသလို သမိုင်းမှတ်တမ်းဂန္ထဝင်စာတင်ထားခဲ့ကြပါသည်။ မြန်မာအိမ်နီးချင်း နိုင်ငံခြားသားများကလည်း မိမိတို့အမြင်စုံ ရှုထောင့်အသီးသီးတို့မှ ရေးသားခဲ့ကြသည်။ မြတ်ဘုရားရွှေတိဂုံစေတီတော်ကြီး၏ ထူးမြတ်လှသောဂုဏ်ပုဒ်ကို ဖော်ထုတ်ကြရာတွင် အမြင်၊ အသိ၊ အတွေး၊ အရေး ကွာခြားသွားကြသည်။ သို့သော်လည်း တောင်းဆုပြည့်စုံ ရွှေတိဂုံ၏ ဘုန်းတော်



အနန္တ၊ တန်ခိုးတော်အနန္တ၊ ဂုဏ်တော်အနန္တများစွာတို့ကား ကမ္ဘာကျေသော်လည်း မပျောက်မပျက် တည်ရှိနေမည်ဖြစ်သည်။ ဤကဲ့သို့သောဂုဏ်ပြည့်စုံမှုကို ဗုဒ္ဓဘာသာဝင်ဖြစ်သော မြန်မာတိုင်းရင်းသား အများစုအတွက်မူကား အထူးဆိုဖွယ်ရာမရှိပေ။

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ခေတ်အဆက်ဆက်မှစ၍ ဖူးမြင်ရသူတို့၏ စိတ်နှလုံးကို ယူကျုံးသွေးဆောင်စေသည့် တင့်တယ်သပ္ပါယ်မှု အသွင်သဏ္ဌာန်ကို အမြဲထာဝရဆောင်ခဲ့သည်သာ ဖြစ်ပါတော့သတည်း။

**နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ**

**ယောနကဘိုးထောင်**

**ကျမ်းကိုး**

၁။ ရန်ကုန်ရာဇဝင်သမိုင်း [သတင်းစာဆရာဦးသိမ်းမောင်၊ ဖွဲ့စာပေရိပ်မြုံ၊ ရန်ကုန်၊ ၁၉၆၂-ခုနှစ်။

၂။ ရွှေတိဂုံသမိုင်းပေါင်းချုပ်နှင့် ထီးတော်ကြီးအကြောင်း သိကောင်းစရာ [ရတနာဦးသွင်(ရန်ကုန်)၊ ၁၉၇၁-ခုနှစ်]။

၃။ မြတ်ဘုရားရွှေတိဂုံ [မောင်ဆုရှင်(စာပေဗိမာန်)၊ ၁၉၇၂-ခုနှစ်]။



www.burmeseclassic.com


www.burmeseclassic.com

စာရေးသူတို့ စမ်းချောင်းယောဂီအဖွဲ့သည် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများအား ဖူးမြော်ရန် ရန်ကုန်မြို့မှ ည(၉)နာရီအချိန်တွင် စတင်ခရီးထွက်ခဲ့သည်။ ပထမဦးစွာ တောင်စွန်းစံပြကျေးရွာရှိ မြို့ဦးပရဟိတ မိဘမဲ့ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်ဦးဇဋိလအား ဖူးမြော်ပြီး အလှူငွေများလှူဒါန်းခဲ့ပါသည်။

ထိုမှတစ်ဆင့် ကေလာသတောင်ရှိ ကေလာသဆံတော်

# ကေလာသဆံတော်ရှင်စေတီတော် နှင့် မြသပိတ် စေတီတော် သို့ ဘုရားဖူးခရီးစဉ်

ရိရိဌေး



ကေလာသဆံတော်ရှင်စေတီတော်မြတ်



ကေလာသဆံတော်ရှင်စေတီတော်အား
အတက်လမ်းမှ ဖူးမြော်ရပုံ



www.burmeseclassic.com

www.burmeseclassic.com

နှင့် မြသပိတ်စေတီတော်သို့ သွားရန် ခရီးစတင်ခဲ့ပါသည်။ နံနက်(၈)နာရီခန့်အချိန်တွင် ကေလာသတောင်ခြေသို့ ရောက်ရှိခဲ့သည်။ ကေလာသတောင်တော်သို့တက်ရန် တောင်တက်ကားများ စီစဉ်ထားသဖြင့် တောင်တက်ကားများဖြင့် တက်ရောက်ခဲ့သည်။ ကေလာသဆံတော်ရှင်နှင့် မြသပိတ်စေတီတော်သို့ တောင်တက်ကားခမှာ အသွားအပြန်(၂၅၀၀)ကျပ် ဖြစ်ပါသည်။

ကျွန်မတို့ ယောဂီ(၃)ဦးမှာ ကားခေါင်းခန်းမှ စီးနင်းလိုက်ပါလာခဲ့သည်။ တောင်တက်ကားလမ်းမှာ ကွန်ကရစ်ကားလမ်းဖြစ်၍ တောင်တက်ရာတွင် အလွန်အဆင်ပြေပါသည်။ ကျွန်မသည် ငယ်စဉ်က ကေလာသဆံတော်ရှင်စေတီအား မိဘများနှင့်အတူ သွားရောက်ဖူးမြော်ခဲ့ဖူးပါသည်။ ထိုစဉ်က ဤသို့တောင်တက်ကားလမ်း မဖြစ်မြောက်သေးသဖြင့် တောလမ်းမှ တက်ခဲ့ရာ အသွားအပြန် တစ်နေကုန်ပြီး လွန်စွာပင်ပန်းလှပါသည်။

'တောင်တက်ကားလမ်းတွေ ဖောက်ထားတော့ အချိန်ကုန် လူမပင်ပန်းဘဲ သက်သောင့်သက်သာနဲ့ သက်ကြီးရွယ်အိုတွေပါ ဘုရားဖူးနိုင်တာပေါ့'

'ဟုတ်ပါတယ်။ ဒီတောင်တက်လမ်းကို ကျိုက်ထီးဆောင်းဆရာတော်ကြီးက ဖောက်ပေးခဲ့တာ အခုဆိုရင် (၁၄)နှစ်ရှိပြီ'


'သြော်··ကျိုက်ထီးဆောင်းဆရာတော်ကြီး ဖောက်ပေးခဲ့တာကိုး။ အခုလို အဆင်ပြေပြေ သွားရတဲ့အတွက် ဆရာတော်ကြီးကို ကျေးဇူးတင်ပါတယ်'


ကျွန်မသည် ကားမောင်းသူနှင့် စကားပြောရာမှ ဆရာတော်ကြီး၏ ကျေးဇူးကြီးမားပုံကို လက်တွေ့ သိလိုက်ရသည်။ တောင်တက်ကားလမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင်ရှိသည့် တောတောင်ရှုမျှော်ခင်းများကို ကြည့်ရင်း အေးချမ်းသော အထိအတွေ့ကို ခံစားခဲ့ရသည်။

'သြော်··ဒီနေရာဟာ သုဝဏ္ဏဘူမိအရပ်ဖြစ်ပြီး သာသနာတော် စတင်ရာ နယ်မြေပါလား'ဟူသော အတွေးများ ရောက်ရှိလာခဲ့သည်။

တောင်ပေါ်သို့ မကြာမီ ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ကေလာသဆံတော်ရှင်စေတီတော်ကြီး တည်ထားရာနေရာသို့ လှေကားထစ်များအတိုင်း တက်လာခဲ့သည်။

ယော··ကျွန်မ ဖူးတွေ့ရပါသည်။ ကေလာသဆံတော်


...လာသဆံတော်ရှင်စေတီတော်သို့ အတက်တောင်တက်ကားလမ်း


ကေလာသ [illegible]

www.burmeseclassic.com

ရှင်စေတီတော်ကြီး၊ စေတီတော်တစ်ခုလုံး ရွှေသင်္ကန်းကပ်လှူပူဇော်ထားသည့်အတွက် နေရောင်ခြည်နှင့်အောက်တွင် ရွှေတောင်ကြီး ပေါ်ထွက်လာသကဲ့သို့ ဖူးတွေ့ရပါသည်။

ကေလာသဆံတော်ရှင်စေတီတော်ကြီး၏ သမိုင်းကြောင်းကို တင်ပြရသော် မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်ကာလအချိန်က ဝါတော်(၆)ဝါမြောက်တွင် ဂဝံပတိမထေရ်မြတ်ကြီး၏ ပင့်လျှောက်ချက်အရ သုဝဏ္ဏဘုမ္မိတိုင်းရှိ မဟာကေလာသတောင်တော်မြတ်သို့ ခြေတော်အစုံ ချတော်မူကာ မြန်မာပြည်၌ သာသနာကို အစပြုတော်မူခဲ့သည်။

မြတ်စွာဘုရားရှင်သည် ဤနေရာ ဤဒေသသို့ ကြွရောက်တော်မူစဉ် မြကိုးမြနွယ်ဝင်များက မြတ်စွာဘုရားရှင်အား မြသပိတ်တော်ဖြင့် ဆွမ်းကပ်လှူပူဇော်ခဲ့ပါသည်။ ကြွရောက်လာသည့် မင်းပရိသတ်၊ လူပရိသတ်၊ ရသေ့များ၊ နတ်များ၊ ဘီလူးများကို ဘုရားရှင်က ၄င်း၏ ဆံတော်အဆူဆူ ဝေငှခဲ့ပါသည်။ ဘုရားရှင်သည် ဆံတော်များကို လှူဒါန်းပြီးစီးသော်လည်း ရှင်အနုရုဒ္ဓါ အမှူးပြုသော ရဟန္တာ(၆)ပါးသည် သုဝဏ္ဏဘုမ္မိသို့ သာသနာပြုရန် လျှောက်ထားသောအခါ ခွင့်ပြုတော်မူခဲ့ပြီးလျှင် ဘုရားရှင်သည် ဦးခေါင်းတော်မှ ဆံတော်(၆)ဆူကို ထပ်မံပေးသနားတော်မူပါသည်။


ထိုအခြင်းအရာကို ရှင်အာနန္ဒာ မြင်သောအခါ ဘုရားရှင်အား မေးမြန်းလျှောက်ထားခဲ့သည်။

ထိုအခါ မြတ်စွာဘုရားရှင်သည်-

'မြတ်စွာဘုရားရှင် ပေးသနားတော်မူသော ဆံတော်ရှင်စေတီများသည် သာသနာနှစ်(၂၅၀၀) ကျော်လွန်သောအခါမှသာ ထင်ရှားစွာပေါ်ထွန်းပြီး လူအများ ပူဇော်လာပေမည်။ ဟောင်းနွမ်းပြိုပျက်သော စေတီတော်များနေရာတွင် အသစ်,အသစ်သော စေတီတော်များ ပေါ်လာပြီး လူအများက ပူဇော်ကြပေမည်ဟု ဗျာဒိတ်စကား ဟောကြားတော်မူခဲ့သည်။

ယခုအခါ သာသနာ(၂၅၅၅)ခုနှစ် ရှိလာပြီဖြစ်၍ ဗျာဒိတ်တော်နှင့် ကိုက်ညီနေပြီ ဖြစ်ပါသည်။

ဆံတော်များဝေငှရာတွင် ကေလာသတောင် (ခေါ်)



ကေလာသစေတီတော် အတက်ရှိ သူငယ်တော်


ကေလာသစေတီတော် အတက်ရှိ သူငယ်တော်




www.burmeseclassic.com

www.burmeseclassic.com



မြသပိတ်ဆံတော်ရှင်စေတီ၏ စိန်ဖူးတော်



မြသပိတ်ဆံတော်ရှင်စေတီတော်မြတ်ကြီး

ဦးခလွန်းတောင်(ပေ ၁၀၀၀)ပေါ်တွင် ကေလာသဆံတော်ရှင်စေတီတော်ကို တိဿရသေ့ကြီးနှင့် သထုံပြည့်ရှင် သီပေါမင်းတို့က သက္ကရာဇ်(၁၁၇)ခုနှစ်၌ တည်ထားတော်မူပါသည်။

ကေလာသစေတီတော် ရင်ပြင်ပေါ်၌ မနုသီဟရုပ်တုများကို တွေ့ရှိရသဖြင့် မေးမြန်းရာ ရေစောင့်ရက္ခိုက်ဘီလူးများ၏ အန္တရာယ်မှ ကာကွယ်တွန်းလှန်ခဲ့သည့် မနုသီဟများကို အမှတ်ရသောကြောင့် ထုလုပ်ထားခြင်းဖြစ်ပါသည်။ ထိုနေရာတစ်ဝိုက်တွင် ဂဝံလှေကားထစ်များ၊ ဂဝံတိုင်များကို တွေ့ရှိရပါသည်။ ထို့နောက် မယ်တော်ကြီးနတ်နန်း၌ ဆေးကျောက်ပျဉ်ကြီးကို တွေ့ရှိရပါသည်။ ထိုဆေးကျောက်ပျဉ်ကြီးမှာ ဆန်ကောကြီးလောက်ကြီးမားပြီး မျက်နှာပြင်ပေါ်တွင် ဆေးမြစ်စုံများစွာကို တွေ့ရှိရပါသည်။

ကေလာသရင်ပြင်ပေါ်တွင် ဂဝံဖြင့် ထုလုပ်ထားသည့် ဆေးထောင့်ပန္နက်ခုံ၌ ဇာတ်ကြီးဆယ်ဘွဲ့ ရုပ်လုံးရုပ်ကြွများ ထုလုပ်ထားပြီး စေတီတော်များ တည်ထားသည်မှာလည်း ညီသည့်စေတီတော်များ၌မျှ မတွေ့ရသော ထူးခြားသော စေတီတော်များ ဖြစ်ပါသည်။ စေတီတော်၏ နံဘေးတွင် မျောက်များစွာ နေထိုင်သည့် မျောက်ရွာသဖွယ်ဖြစ်နေသည့် ဝါးတောကြီးကိုလည်း တွေ့ရှိရပါသည်။ ကေလာသဆံတော်ရှင်စေတီတော်ကို ဖူးမြော်ပြီးနောက် မြသပိတ်ဆံတော်ရှင်စေတီတော်သို့ ဆက်လက်ဖူးမြော်ရန် တောင်တက်ကားဖြင့် သွားရောက်ခဲ့ပါသည်။

မကြာမီ မြသပိတ်တောင်တော်၌ တည်ထားသည့် မြသပိတ်ဆံတော်ရှင်စေတီတော်သို့ ရောက်ရှိလာခဲ့ပါသည်။

စေတီတော်၏ အဝင်၌ မြေဆီမြေနှစ်၊ မြေသားအစစ်၊ မြသပိတ်စေတီတော်ဟု စာတန်းရေးထိုးထားသည့် ဂဝံကျောက်ပြားနီညိုညိုကြီးကို တွေ့ရှိရသည်။ ထိုနေရာနှင့် မနီးမဝေးတွင် ထီးဒီပံဟု ရေးထိုးထားသည့် ဂဝံဆိုင်းဘုတ်ကိုလည်း တွေ့ရှိရပါသည်။ စေတီတော်ရင်ပြင်တော်ပေါ်သို့ စောင်းတန်းတိုလှေကားအတိုင်း တက်လာရာ အဆောင်တစ်ခုတွင် မြတ်စွာဘုရားရှင်အား မြသပိတ်ကပ်လှူပူဇော်နေသော မယ်တော်ကြီးကို တွေ့ရှိရပါသည်။

မြန်န်းဒေဝီမြသပိတ်မယ်တော်ဟူ၍ စာတန်းရေးထိုးထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

မြသပိတ်ဆံတော်ရှင်စေတီတော်၏ သမိုင်းကြောင်းကား-

မြတ်စွာဘုရားရှင်သည် ကေလာသတောင်မဟာသို့ ရဟန္တာငါးရာနှင့် ကြွလာတော်မူစဉ် ဆွမ်း,ကွမ်း လိုရာ အသုံး အဆောင်အဖြာဖြာတို့ကို စိတ်၌ကြံဆပါက လို တိုင်းတ,ရသည့် မနောမယဏ္ဏစ္စိတံ မြသားမြသပိတ်တော် နှင့် ခရီးဦးကြိုပြုကာ ကန်တော့ပန်းဆင်ခဲ့ကြပါသည်။

ထိုသို့ပူဇော်ရာတွင် ဘုမ္မိရာဇာအမျိုးမျိုး၊ သိုက်နန်း ရှင်များ၊ လူပုံ့များ၊ လူဝင်စားများ ပါဝင်ခဲ့ကြပါသည်။ ထို့အပြင် မြကိုးမြ အနွယ်ဝင်များလည်း ပူဇော်သက္ကာမှုပြု ခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် မူရင်းဌာနေသို့ ပြန်ကြွ အံ့ဆဲဆဲတွင် ဘုမ္မိယမယ်တော်မှ လျှောက်ထားတောင်းပန် သဖြင့် မဟာကရုဏာတော် ငဲ့ညှာထောက်ထား၍ မြသပိတ် တော်ကို ကိုယ်စားပြုပူဇော်ကိုးကွယ်ရန် အမွေပေးထားတော် မူပါသည်။

မြသပိတ်ဆံတော်ရှင်စေတီတော်ကို ကေလာသဆံ တော်ရှင် တည်ထားကိုးကွယ်သည့် သထုံဘုရင် သီပေါ မင်းနှင့် တိုင်းသူပြည်သားများက တည်ထားကိုးကွယ်ခဲ့ပါ


မြသပိတ်စေတီတော်အဝင်ရှိ ဇံကျောက်မှတ်တိုင်


မြို့နွယ်ဝင် မြသပိတ်မယ်တော်ကြီး

သည်။ မဟာသက္ကရာဇ်(၂၃၅)ခုနှစ်တွင် ရှင်သောဏနှင့် ရှင်ဥတ္တရ မထေရ်နှစ်ပါးက ဤစေတီတော်ကို ပြန်လည် ပြုပြင်ခဲ့ပါသည်။

ဘုရားသို့အဝင် ဘုရားတန်ဆောင်းတစ်နေရာ၌ ပို စတာတစ်ခု ချိတ်ဆွဲထားပါသည်။ ပုံတော်မှာ ထူးခြားလွန်း ၍ သေသေချာချာ မှတ်တမ်းတင်မိပါသည်။

ဆကေသမဟာဓာတုဝင် မြသပိတ်ဆံတော်ရှင်စေတီ တော်မြတ်ကြီးတွင် ဆက်ကပ်တင်လှူပူဇော်မည့် ရတနာ စိန်ဖူးတော်၏ ပုံတော်ဗီနိုင်းပင် ဖြစ်ပါသည်။ ထိုပုံ၌ ပါရှိ သော စိန်ဖူးတော်သည် ကျွန်မတို့ မြင်နေကျ စိန်ဖူးတော်နှင့် မတူဘဲ သပိတ်ပုံတော်ဖြစ်ပြီး သပိတ်အဖုံးပေါ်၌ စေတီ တော်ကြီးနှင့် အရံစေတီတော်များကို ပြုလုပ်ထားပါသည်။ ထိုစေတီတော်များ၌ ကျောက်မျက်ရတနာများ စီခြယ်ထား သည်မှာ လွန်စွာသပ္ပာယ်လှပါသည်။

မြန်နန်းဒေဝီ မြသပိတ်မယ်တော်အား မြတ်စွာဘုရားရှင် သည် ပြန်မကြွမီ အမွေအဖြစ် မြသပိတ်တော်အား ပေးအပ် ရာတွင် မယ်တော်မှ "အရှင်ဘုရား··ကိုးကွယ်ရန် မြသပိတ် တော် ရရှိသော်လည်း တရားမမွှနာကြားရန် မည်သူ့ကို



www.burmeseclassic.com

www.burmeseclassic.com

လျှောက်ထားရမည်နည်း’

ဟု လျှောက်ထားရာ မြတ်စွာဘုရားရှင်မှ-


‘မပူလင့် ချစ်သမီး၊ ငါ မရှိသည့်အခါ ငါ့ကိုယ်စား ဟောကြားမည့် ရဟန်းသံဃာတော်များ၊ ထေရ်မဟာများ ပေါ်ထွန်းလာလိမ့်မည်’ဟု ဗျာဒိတ်တော်စကား မြွက်ကြားခဲ့ပါသည်။

မြတ်စွာဘုရားရှင်၏ ဗျာဒိတ်တော်အတိုင်း ရှင်သောမနှင့် ရှင်ဥတ္တရမထေရ်နှစ်ပါး ရောက်ရှိလာပြီး ဗြဟ္မာဇာလသုတ္တန်ဒေသနာတရားတော်ကို ဦးစွာဟောတော်မူခြင်း၊ ရှင်မဟာဗုဒ္ဓဃောသနှင့် ရှင်အရဟံ စသည့်ပုဂ္ဂိုလ်များ ပေါ်ထွက်လာခြင်းတို့ကြောင့် သာသနာအစ သုဝဏ္ဏဘူမိက ဟူသော အဆိုများသည် မြသပိတ်တောင်တော်မှ အခြေအမြစ် စတင်ပေါ်ထွန်းလာကြောင်း မှတ်တမ်းများအရ သိခဲ့ရပါတော့သည်။

ရီရီဌေး

<u>ကျမ်းကိုး</u>

*ကေလာသဆံတော်ရှင်စေတီတော်သမိုင်းနှင့် ကိုယ်တွေ့ အတွေ့အကြုံ။*



မြသပိတ်စေတီတော်ရှိ မော်ကွန်းကျောက်စာ




မှတ်ပုံတင်ပြီး

‘အမေ့ဆေး’

အမှတ်တံဆိပ်

ဆီးချို သွေးချို

သောက်ဆေး

သုံးစွဲရန် ဆေးပမာဏ

နံနက် အစာမစားမီ (၃) ပြား

နေ့လယ် အစာမစားမီ (၃) ပြား

ည အစာမစားမီ (၃) ပြား

ဆိုင်ခွဲ - အမှတ် (၃၀)၊ (၀၂၂)လမ်း၊
ရေတွင်းတုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း - ၀၁ - ၃၇၆၇၀၁၊ ၀၁ - ၃၇၆၇၀၂၊ ၀၉ - ၇၃၂၀၀၉၇၀

အမြို့မြို့အနယ်နယ်ရှိသော


ဆေးမျိုးစုံဆိုင်များတွင် ရရှိနိုင်ပါသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင်အမှတ်- ၂/၂၀၁၃ တဆဆလ (၂၃၉၈)
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-TMR ၀၁၀၀၇မ(၁၁၁၄)
ကြော်ငြာခွင့်ပြုချက်အမှတ်- တ၁၀၀၀(ရာနယ်စပ်)၀၁၃/၀၁၁၃

www.burmeseclassic.com

# ပုပ္ပားမြို့က
## ရှေးဟောင်းသမိုင်းဝင်
# ဆုတောင်းပြည့်စေတီတော်မြတ်ကြီး

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)



ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်စေတီတော်

ကျွန်ုပ်စာရေးသူသည် (၂၀၁၄)ခုနှစ်၊ စက်တင်ဘာလတွင် ပုပ္ပားမြို့သို့ ဒုတိယအကြိမ် ရောက်ရှိခဲ့ပါသည်။ လွန်ခဲ့သော သုံးလကျော်ခန့်က ပုပ္ပားတောင်မကြီးနှင့် တောင်ကလပ်သို့ ရောက်ရှိခဲ့သည်။ ပုပ္ပားမြို့သို့ ဖြတ်သွားသော်လည်း ကားပေါ်မှသာ ဆုတောင်းပြည့်စေတီကို လှမ်းဖူးခဲ့ရသည်။

ယခု(၆၂)ကြိမ်မြောက် အဘအောင်မင်းခေါင်ထွက်ပွဲ၊ အောင်ပွဲ၊ ပူဇော်ပွဲသို့ ရောက်သောအခါ မမွေမိတ်ဆွေဖြစ်သူ ဆရာအောင်ကျော်စွာ(ဘန်ကောက်)က တော်သလင်းလပြည့်ကျော်(၁)ရက်၊ အင်္ဂါနေ့ မွန်းလွဲ(၂)နာရီတွင် သံဃာတော်အပါး(၁၈၀)တို့အား ဆုတောင်းပြည့်စေတီဝင်းအတွင်းတွင် အလှူဒါနပြုလုပ်မည်ဟုဆို၍ ကြိုတင်ရောက်ရှိသွားသည်။

အလှူဒါနပွဲမစတင်မီ အဘဘိုးမင်းခေါင်ဓာတ်နန်းတွင် အနားယူစောင့်ဆိုင်းနေကြရသည်။ စာရေးသူလည်း အနီးရှိ ဆုတောင်းပြည့်ဘုရားကြီးတွင် ပုတီးသွားစိပ် ဘုရားရှိခိုး အလှူဒါနပြုလိုရာ ဆုတောင်းမှုပြုသည်။ ထို့နောက် စေတီတော်နှင့် အနီးပတ်ဝန်းကျင်ရှိ စေတီဘုရားများကို ဓာတ်ပုံရိုက် ပူဇော်သည်။ အညာနေမှာ ပူပြင်းလျက် ရှိပါသည်။ ကျွန်ုပ်ကလည်း လက်လှမ်းမီသလောက်သာ ပူဇော်ခဲ့မိပါသည်။ တစ်နည်းအားဖြင့် ခရီးသွားဟန်လွှဲပုံစံနှင့် တူနေ၏။

ဘုရား၊ စေတီ ဓာတ်ပုံရိုက် ပူဇော်ပြီး ဆောင်းပါး ရေးရန် သမိုင်းမှာ အဓိကအရေးကြီးသည်။ သမိုင်းအုပ်

www.burmeseclassic.com

တော့ မရနိုင်ပေ။ ဂေါပကလူကြီးဟု ယူဆရသော အလျှုခံ ပုဂ္ဂိုလ် ဘကြီးတစ်ဦးထံ မေးကြည့်သောအခါ သမိုင်း အကျဉ်း စာရွက်တစ်ရွက် ရှာပေးပါသည်။

**မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြို့ ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီး သမိုင်းအကျဉ်း**

**မူလတည်ထား ဘုရားဒါယကာ**

၁။ ပုပ္ပားမြို့ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ကိုးတိုင်း ကိုးဌာန သာသနာပြုရှင် ဘုရင်သီရိဓမ္မာအသောကမင်းကြီး တည်ထားခဲ့ကြောင်း၊ ဘုရားဌာပနာ ငွေကမ္ပည်းစာမှတ်တမ်းနှင့် ဘိုးဘွားမိဘ သားစဉ်မြေးဆက်အဆင့်ဆင့် ယုံကြည်ကိုးကွယ်ချက်အရ သမိုင်းအထောက်အထားအခြေခံ သိရှိရပါသည်။

**သဘာဝဘေးဒဏ်အရ ပျက်စီးမှုကို ပြုပြင်ခြင်း**


၂။ အထက်တွင် ဖော်ပြချက်အရ ဆုတောင်းပြည့်စေတီတော်မြတ်ကြီး တည်ထားခဲ့သည်မှာ နှစ်ပရိစ္ဆေဒကြာမြင့်ပြီဖြစ်သည့်အလျောက် သဘာဝရာသီဥတုဘေးဒဏ်ကြောင့် ပြိုကျပျက်စီးနေသည့် စေတီတော်မြတ်ကြီးကို (၁၂၅၈) ခုနှစ်၊ တပို့တွဲလဆန်း (၅)ရက်နေ့တွင် ပုပ္ပားညောင်ဖျားဂိုဏ်းအုပ်ဆရာတော် ဦးသီရိ ဦးဆောင်မှုဖြင့် တပည့်ရဟန်းသံဃာများ ညီနိုင်းတိုင်ပင်ကာ ရပ်သူရွာသား စုပေါင်းအားဖြင့် ပထမအကြိမ် ပြုပြင်ခဲ့ပါသည်။ ထိုစဉ်က အုတ်ချပ်ရေ(၁၀၀၀၀)နှင့် ငွေသား(၁၅၇၆)ကျပ် ကုန်ကျခဲ့ကြောင်း ဘုရားဌာပနာ ငွေကမ္ပည်းစာမှတ်တမ်းအရ သမိုင်းအထောက်အထား ရှိခဲ့ပါသည်။


**ထပ်မံပြုပြင်မွမ်းမံခြင်း**

၃။ (၁၂၆၅)ခုနှစ်၊ နယုန်လဆုတ် (၈)ရက်နေ့တွင် ဗိုလ်မင်းဦးပန်းခိုင်မှ စေတီတော်မြတ်ကြီးအား ထပ်မံပြုပြင်မွမ်းမံခဲ့ကြောင်း စေတီတော်ကြီး အောက်ဆုံးပစ္စယာတွင် ရေးသားထားသည့် ကမ္ပည်းမှတ်တမ်းအရ သိရှိရပါသည်။

**မိုးကြိုးခပြိုကျပျက်စီးမှုကို ပြုပြင်ခြင်း**


၄။ (၁၂၉၁)ခုနှစ်၊ ပထမဝါဆိုလဆုတ်(၅)ရက် (၂၅-၆-၁၉၂၉)ရက်နေ့တွင် စေတီတော်မြတ်ကြီး မိုးကြိုးခ ပြိုကျပျက်စီးသဖြင့် ဆရာတော်ဦးကုန္တကနှင့် ဆရာတော် ဦးကေသရတို့ ဦးစီးကာ ပုပ္ပားမြို့မိမြို့ဖများနှင့် ရပ်သူရွာသား


ဆုတောင်းပြည့်စေတီတော်မြတ်ကြီးနှင့် အရံစေတီတစ်ဆူ


စေတီတော်ကြီးအနီးရှိ ဆုတောင်းပြည့်စေတီတစ်ဆူ

www.burmeseclassic.com





စုပေါင်းအားဖြင့် ဒုတိယအကြိမ် ပြန်လည်ပြုပြင်ခဲ့ရာ (၁၂၉၃)ခုနှစ်၊ နယုန်လဆန်း (၇)ရက်နေ့တွင် ပြီးစီးခဲ့ကြောင်း မှတ်တမ်းအထောက်အထားများအရ သိရှိရပါသည်။

<u>လျှင်ဒဏ်သင့် ပျက်စီးမှုကိုပြုပြင်ခြင်း</u>

၅။ (၁၉၇၅)ခုနှစ်တွင် ပြင်းထန်သည့် လျှင်ဒဏ်ကြောင့် ပုဂံဘုရားအများအပြား ပြိုကျပျက်စီးခဲ့ရာ ပုပ္ပားဆုတောင်းပြည့်စေတီတော်မြတ်ကြီးမှာ လုံးဝပြိုကျမသွားခဲ့သော်လည်း ကိုယ်လုံးတော်ပတ်လည်တွင် အက်ကွဲကြောင်းများ ဖြစ်ပေါ်ကာ တိမ်းစောင်းသွားခဲ့ပါသည်။



၆။ စေတီတော်မြတ်ကြီး ပျက်စီးမှုကို ပြုပြင်ရန်အတွက် မိမိတို့ဒေသခံများအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဦးစီးဆောင်ရွက်နိုင်မည့် အနယ်နယ်အရပ်ရပ်ရှိ သာသနာရေးဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များထံ ဆက်သွယ်ချဉ်းကပ်၍ အမျိုးမျိုးကြိုးစားခဲ့ပါသော်လည်း နှစ်(၃၀)ကျော်ကြာသည်အထိ မပြုပြင်နိုင်ခဲ့ကြပေ။ (၁၉၇၅+၃၀=၂၀၀၅)ခုနှစ်တိုင်အောင် မပြုပြင်နိုင်ဟု ဆိုရပေမည်။



www.burmeseclassic.com

www.burmeseclassic.com



ရတနာစုံဦးစေတီတော်



စေတီတော်အနောက်တောင်အကၡိ နဂါးရုံဘုရား

(၂၀၀၈)ခုနှစ်သို့ ရောက်သည့်အခါမှသာ ပုပ္ပားမြို့ ခြံကျောင်းဆရာတော် ဘဒ္ဒန္တကုမာရာဘိဝံသ(အဂ္ဂမဟာ တ နိုင်ငံတော်သြဝါဒါစရိယ)နှင့် ပုပ္ပားတောင်ကလပ် မာရာ,ရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပညာသာမိ ဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသည့် ဆရာတော်၊ ဃာတော်များ၏ သြဝါဒကို ခံယူ၍ ဒေသခံရပ်သူရွာသား နှင့် ရပ်ဝေးရပ်နီး သာဝကအလှူရှင်များ၏ ဒါနစုပေါင်း ဖြင့် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို (၁၃၇၀) ပြည့်နှစ် နှစ်ဆန်းပိုင်း (၂၀၀၉-ခုနှစ်)တွင် အောင်မြင်စွာ လည်ပြုပြင်နိုင်ခဲ့ပါသည်။

ယင်းသို့ပြုပြင်ရာတွင် ဉာဏ်တော်(၆၃)ပေရှိ မူလ သက်န်းစေတီတော်ကြီး၏ ပျက်စီးယိုယွင်းမှုများကို ငှက် ဖူးတော်မှ အောက်ကြေးဝိုင်းအထိ (၃၂)ပေဖယ်ထုတ်ခဲ့ ကြေးဝိုင်းအောက်ကျန်ရှိသည့် (၃၁)ပေကို ဌာပနာသွင်း အပေါ်မှငုံ၍ ယခုဖူးတွေ့ရသည့် ဉာဏ်တော်(၇၂)ပေ ရွှေရောင်သင်္ကန်းစေတီတော်မြတ်ကြီးကို ရှေးဟောင်း သနဌာန၏ အကြံပြုချက်ဖြင့် ဗြဟ္မာ၊ နတ်၊ လူ ကြည်ညိုဖွယ်ရာ တင့်တယ်သပ္ပာယ်စွာ အဆင်မြင့် တည်ဆောက်နိုင်ခဲ့ပါသည်။ ဆုတောင်းပြည့်စေတီတော် မြတ်ကြီး ဘက်စုံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကုန်ကျငွေ သိန်းတစ်ထောင်ကျော် ဖြစ်ပါသည်။

စေတီတော်ကြီး၏ ရှေ့၊ နောက်၊ တောင်၊ မြောက် လေးဖက်လေးတန်တွင် တန်ဆောင်းလေးခု မုခ်လေးဝပုံစံ ပြုလုပ်ထားပါသည်။ ပွင့်တော်မူပြီး ဘုရားလေးဆူ ဖူးတွေ့ ရသည်။ ဂြိုဟ်ရှစ်ခွင်၊ ထောင့်ရှစ်ထောင့်ရှိသည်။ စေတီ တော်မြတ်ကြီးအနီးတွင် မတိမ်းမယိမ်း စေတီတော်တစ်ဆူ လည်း ဖူးတွေ့ရပါသည်။ အရံစေတီများလည်း တည်ထား သည်။

**ရွှေထီးတော်တင်လှူခြင်း**

၉။ (၁၃၇၁)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ (၈-၅-၂၀၀၉)ရက်နေ့တွင် ပုပ္ပားမြို့ ရှေးဟောင်းသမိုင်းဝင် ဆု တောင်းပြည့်စေတီတော်မြတ်ကြီးကို ရဟန်း၊ ရှင်၊ လူ ပြည်သူအများ စုပေါင်းအားဖြင့် စည်ကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ရွှေထီးတော်ကြီးတင်လှူပူဇော်နိုင်ခဲ့ ပါသည်။

စာရေးသူလည်း စေတီတော်မြတ်ကြီးကို ဦးစွာပထမ




www.burmeseclassic.com

www.burmeseclassic.com




မြောက်ဘက်မုခ်တန်ဆောင်းရှိ
ရှေးဟောင်းရုပ်ပွားတော်မြတ်



စေတီတော်မြောက်ဘက်တန်ဆောင်း

ရှိခိုးပူဇော်ပြီး လက်ယာရစ် လှည့်ပတ်ပူဇော်လိုက်သည်။ အနောက်တောင်ထောင့်တွင် နဂါးရုံဘုရားတစ်ဆူတည်ထားတာ ဖူးတွေ့ရသည်။ ဇရပ်ကြီးတစ်ခုတွင် ဘုရားဖူးများ တည်းခိုနေကြသည်။ ကြီးမားသော မန်ကျည်းပင်ကြီးလည်း တွေ့ရသည်။ ဇရပ်တစ်ခုအနီးတွင် လောကဓာတ်ရတနာစံဦးစေတီတော်တစ်ဆူ တည်ထားသည်။ ရှေးယခင်က ဤစေတီတွင် အဘဘိုးမင်းခေါင် အဓိဋ္ဌာန်ဝင်ခဲ့ဖူးသည်ဟု ကြားသိရသည်။ ရတနာစံဦးစေတီတော်ကို အဘဘိုးတော်အောင်မင်းခေါင်၊ မူလထီးအလှူရှင်တို့နှင့် ဦးပညာသာမိ၊ အဘဦးစံဖေ၊ ဦးလူမင်းခေါင်၊ ဦးမာဃတို့မှ အမွန်မြတ်စွာဖြင့် မူလထီးတော်ကြီးအား တည်ထားပူဇော်သည်ဟု ကမ္ပည်းကျောက်စာ ဖတ်ရသည်။ လွန်ခဲ့သော(၄)နှစ်က တည်ထားခြင်းဖြစ်သည်။



အဘအောင်မင်းခေါင်ဓာတ်နန်း

တံခွန်တိုင်နှစ်တိုင် တွေ့ရသည်။ ကမ္ဘာလုံးတံခွန်တိုင်နှင့် အသောကတံခွန်တိုင်တို့ဖြစ်သည်။ အသောကတံခွန်တိုင်အနီးတွင် အဘအောင်မင်းခေါင်ဓာတ်နန်း တည်ဆောက်ထားသည်။ အဘ၏ ဆုံးမသြဝါဒစာများလည်း အုတ်နံရံမှာ ရေးထားသည်။ အရှေ့ဘက်နားတွင် မြတ်စွာဘုရား ပဉ္စဝဂ္ဂီငါးဦး တရားဟောနေပုံ၊ ရှင်ဥပဂုတ္တ၊ ထီးတော်စေတီအနီးတွင် ရှင်သီဝလိရုပ်ပွား စသည်တို့ ဖူးတွေ့ရသည်။ ဘုရား



www.burmeseclassic.com

www.burmeseclassic.com

ကောင်ကလပ်နှင့် ပုပ္ပားမြို့သို့ သွားရောက်ကြသူများ ပုပ္ပား ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ဝင်ရောက်ဖူးမြော်ကာ ကုသိုလ်ကောင်းမှုပြု လိုရာဆန္ဒ ဆုတောင်းမှုများ ပြုလုပ်သင့်ပါသည်။

ကျွန်ုပ်လည်း ဆရာအောင်ကျော်စွာ(ဘန်ကောက်) အမေများနှင့်သား သာသနာပြုအဖွဲ့ အလှူဒါနမှတ်တမ်းများ ဓာတ်ပုံရိုက်ရင်း အချိန်ပိုင်း လေ့လာမိသလောက် ပူဇော်ချင်ရခြင်း ဖြစ်ပါသည်။

ထိုဆုတောင်းပြည့်စေတီသည် အာဘအောင်မင်းခေါင် အမိဋ္ဌာန်ဝင်ဖူးသောနေရာဖြစ်ခြင်း၊ ရှေးဟောင်းစေတီဖြစ်ခြင်း၊ ဆုတောင်းပြည့်ခြင်းဟူသော အကြောင်းအရာကို ကြားရပါသည်။ သမိုင်းစာရွက်အနောက်တွင် ရေးသားပူဇော်ထားသော ကဗျာတစ်ပုဒ်ကို ဖော်ပြပေးလိုက်ပါသည်။

- စကားဝါဖူးငုံပွင့်၊ အထူးဂုဏ်တင့်ပုပ္ပားမြေ၊
  စိမ့်စမ်းရေ စီးသွယ်ကျ အေးမြစိုပြည်။
- လှမ်းခဲ့ပါချစ်မိတ်ဆွေ၊ စကားဝါမြေရွှေပုပ္ပား၊
  ကောင်းကျိုးတွေ တိုးတက်ပွားအောင်၊
  မြို့လယ်ကောင်စေတီထူး ဖူးကြစို့လား။

* မြို့ပုပ္ပားနယ်တစ်ခွင် သမိုင်းဝင် ဤဘုရား၊
  ဖူးမြင်သူ အထူးဘဝင်အေးတယ် တွေးကုသိုလ်ပွား။
* သမိုင်းဝင်ရွှေပုထိုး ဘုန်းတန်ခိုးရောင်ခြည်ဖြာ
  တောင်းဆုပြည့်တာ။
* သားသမီးမြတ်ရတနာ ရလိုပါဆုပန်သလျှင်လ
  ခဏမကြာ လိုရာပြည့်ပါဘိ ထုံးရှိတကား။
* စိုက်ပျိုးထားသီးဝလံ ဖြစ်ထွန်းသည် အမြန်ရောင်း
  ဈေးကောင်းရလို၊
  တောင်းဆုဆိုအလိုရှိ ပြည့်ကြဆုများ။
* ရှေးဘိုးဘွားစဉ်ဆက်အမွေ၊
  ရွှေစေတီမြတ်ဘုရား နှစ်မပျက်ပြားပါဘူး
  ခေတ်အဆက်ဆက်ပူဇော်လို့
  ကုသိုလ်တော် ယူတဲ့ပွဲ နွှဲကြစို့လား။

စာဖတ်ပရိသတ်များ ပုပ္ပားမြို့သို့ ဘုရားဖူးရောက်ကြပါက မသိသူကျော်သွား မဖြစ်ရအောင် ဆုတောင်းပြည့်စေတီတော်မြတ်ကြီးကို ဝင်ရောက်ဖူးမြော် ကောင်းမှုပြုကာ လိုရာဆန္ဒ ဆုတောင်းမှုပြုကြပါဟု တိုက်တွန်းအပ်ပါသည်။

**ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)**


ချက်ချင်းသောက်-လက်ငင်းပျောက်



ဩ အမှတ်တံဆိပ်

အစာအိမ်လေနိုင်သောက်ဆေး

နှစ်ပေါင်း(၂၀)ကျော် အစာအိမ် လေထိုးလေအောင့် ဝေဒနာရှင်များအတွက် အထူးဖော်စပ် လှူဒါန်းကုသပြီး ဝေဒနာရှင် ရဟန်း၊ ရှင်လူ၊ ပြည်သူများ၏ ပျောက်ကင်းထောက်ခံတောင်းဆိုမှုကြောင့် စေတနာ၊ ဝါသနာကို အရင်းခံ၍ ထုတ်လုပ်ဖြန့်ချိလိုက်သော 'အစာအိမ်ရောဂါ လေနာ ရောဂါဝေဒနာရှင်များအတွက် အထူးသင့်လျော်သော ဆေးစွမ်းကောင်းတစ်လက်' ဖြစ်ခြင်းကြောင့် သုံးစွဲသူများအတွက် တန်ဖိုးလုံးဝဆုံးရှုံးခြင်း မရှိစေရ။

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010697

ပျောက်ကင်းနိုင်သော ရောဂါများ

အစာအိမ်ရောဂါ၊ လေထိုးလေအောင့်၊ အစားများအစားမှား၍ မအီမလည်ဖြစ်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းပျက်ခြင်း၊ လေနှင့်ဝမ်း မကျွဲခြင်း၊ အစာအိမ်နှင့်ပတ်သက်သော ရောဂါများအတွက် ယုံကြည်စိတ်ချစွာဖြင့်သုံးစွဲနိုင်ပါသည်။

ပင်ရင်း - ဦးမြသွေး၊ အမှတ်(၆၈၉)၊ ဘယသကြိန်လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

၀၉ ၃၁ ၃၅ ၁၅ ၉၆ ၊ ၀၉ ၃၁ ၀၅ ၉၉ ၃၂

www.burmeseclassic.com

# နှစ်စဉ် ကျင်းပပြုလုပ်သော ကက္ကူသယဆုတောင်းပြည့်စေတီ၏ ပန်းပေါင်း(၈၄၀၀၀)ပူဇော်ပွဲ

ကိုမိုး(ရွှေပြည်သာ)

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူသွားခဲ့ပြီ ဖြစ်သော်လည်း ဘုရားအဖြစ် အမြတ်တနိုး ကိုးကွယ်ရန် စေတီများကို ခွင့်ပြုတော်မူခဲ့ပါသည်။ ဖတ်မှတ်သိရှိရသမျှ ကိုးကွယ်ပူဇော်ထိုက်သော စေတီများကို အောက်ပါအတိုင်း ခွဲခြားထားပါသည်။

**သရီရိကစေတီ(ဓာတုစေတီ)** - မြတ်စွာဘုရားကိုယ်တော်မှဖြစ်သော ဓာတ်တော်,မွေတော်များ၊

**ပရိဘောဂစေတီ** - မြတ်စွာဘုရားရှင်၏ အသုံးအဆောင် သပိတ်၊ သင်္ကန်း စသည်များ၊

**ဥဒ္ဒိသက(ဥဒ္ဒိဿကစေတီ)** - ဘုရားရှင်၏ကိုယ်စား ရုပ်ပွားဆင်းတုတော်များ..ဟူ၍ ဖြစ်သည်။

ယခုခေတ်ကာလတွင်ကား ဆိုခဲ့ပြီးသော ကျမ်းဂန် အရပ်ရပ်၌လာသော စေတီအမျိုးအစားများကို စုပေါင်း၍-

(၁) ပရိဘောဂစေတီ၊
(၂) ဥဒ္ဒိဿကစေတီ၊
(၃) ဓာတုစေတီ (သရီရိကစေတီ)၊
(၄) ဓမ္မစေတီ(မြတ်စွာဘုရား၏ တရားဓမ္မများ၊ ပိဋကတ်တော်များ)..ဟူ၍ (၄)မျိုးပြဆိုခဲ့ကြသည်။

အထက်ဖော်ပြပါ စေတီအမျိုးအစား(၄)မျိုးထဲတွင်မှ မြတ်စွာဘုရားရှင်၏ ဓာတ်တော်,မွေတော်များကို ဌာပနာ တည်ထားကိုးကွယ်ရသော ဓာတုစေတီဆိုသည်ကို ထုတ်နုတ်တင်ပြလိုပါသည်။

ဓာတုနှင့်ပတ်သက်၍ ဓာတုပရိနိဗ္ဗာန်ဟူသည် သုံးမျိုး သုံးစား သုံးပါးအပြားရှိသည်ဟု တိကာပရိနိဗ္ဗာနာနိနာမ အဋ္ဌကထာဆရာမြတ်က ဖွင့်ဆိုပြထားပါသည်။

ထို(၃)မျိုးမှာ-

(၁) ကိလေသပရိနိဗ္ဗာန်၊
(၂) ခန္ဓပရိနိဗ္ဗာန်၊
(၃) ဓာတုပရိနိဗ္ဗာန်..ဟူ၍ ဖြစ်သည်။

အပရာဇိတပလ္လင် မဟာဗောဓိပင်အရင်း၌ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်နှစ်တန်ကို ထိုးထွင်းသိ၍ ရွှေဉာဏ်တော်အလင်း ရရှိတော်မူခဲ့သည့်အချိန်မှစ၍ ကိလေသာတို့သည် ဝါသနာဗီဇနှင့်တကွ အမြစ်ပါပြုတ်၊ အမျိုးပါပြုတ်၊ အားလုံးကုန်ကွယ်ချုပ်၍ နောက်ထပ်တစ်ဖန် ဖြစ်ပေါ်မလာခြင်းကို ကိလေသပရိနိဗ္ဗာန်ဟု ခေါ်ပါသည်။


ကက္ကူသယ ဆုတောင်းပြည့်စေတီ

အကြောင်းအကျိုးဆက်စပ်သော အမျိုးအစားငါးမျိုးကွဲသည့် ခန္ဓာကိုယ်အတ္တဘော ဖြစ်စဉ်ကြီးသည် အသစ်တစ်ဖန် ဖြစ်ပေါ်မလာတော့ဘဲ ခိဏာဇာတိတာလ ဝတ္ထုကထာ အနာဘာဝံကထာ အာပေတတိ အနုပ္ပာဒ ဓမ္မတာဟု ဆိုအပ်သော ဆီနှင့်မီးစာကင်းပြတ်၍ မီးတောက်မီးလျှံကြီး မပေါ်ပေါက် ငြိမ်းပျောက်ခြင်းသို့ ရောက်ရှိချုပ်ငြိမ်းသွားခြင်းကို ခန္ဓပရိနိဗ္ဗာန်ဟု ခေါ်ပါသည်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်၏ တေဇောဓာတ် လောင်ကျွမ်းမှုအဆုံး၌ အလုံးစုံသော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား ပြည်ခေမာ အမတသို့ လှမ်းကြွဝင်ရောက်နိုင်ရန် အကူအညီ အထောက်အပံ့အဖြစ် ကရုဏာတော်ကြီးမားလှစွာ အဓိဋ္ဌာန်ထားရှိ ချန်ထားတော်မူခဲ့သော အသမ္ဘိန္နဓာတ်တော်ပေါင်းမှာ စွယ်တော်လေးဆူ၊ နဖူးသင်းကျစ်တော် တစ်ဆူ၊ ညှပ်ရိုးတော် နှစ်ဆူအားဖြင့် ခုနစ်ဆူ၊ သမ္ဘိန္နဓာတ်တော်တို့သည်ကား လူ့ပြည်၊ နတ်ပြည်၊ ဂဠုန်ပြည်၊ အလီလီအဝဝ စကြဝဠာ အနန္တတို့တွင် ဖူးမြော်ကြည်ညို ပူဇော်ထိုက်သူ နတ်၊ လူ၊ ဗြဟ္မာတို့အတွက် ပျံ့နှံ့တည်နေ ကိန်းဝပ်တော်မူလျက် ရှိတော်မူခဲ့ပါ၏။

ထိုသို့ အရပ်ရပ်၌ တည်နေကိန်းဝပ်တော်မူကြသော သရီရဓာတ်သား၊ ဘုရားရှင်၏ကိုယ်တော်ပွား သမ္ဘိန္နဓာတ်တော်အများသည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ရှိရှိသမျှသော အလုံးစုံဓာတ်တော်တို့ မည်သူတစ်ဦးတစ်ယောက်ကမျှ မည်သို့ မယူမဆောင် ပင့်တော်မမူဘဲ အလိုအလျောက် ကိလေသပရိနိဗ္ဗာန်ပြုခဲ့သော အပရာဇိတ မဟာဗောဓိအောင်မြေဌာနသို့ စုဝေးကြွရောက်တော်မူလာကြ၍ ပွင့်တော်မူစ ရှင်တော်မြတ်ဘုရား၏ အသွင်တော်ပုံကဲ့သို့ ဖြစ်တော်မူခဲ့ကာ ရောင်ခြည်တော်ခြောက်သွယ်တို့ ကွန့်မြူးစံပယ်လျက် ဒေသနာတော် ဓမ္မစကားတို့ အဘယ်ကဲ့သို့မျှ ဟောမြွက်တော်မမူဘဲ အထုမြူမှုန်ပင် မကြွင်းကျန်ရအောင် ဓာတ်ပေါင်းစုကိုယ်တော်မြတ်ကြီး ကွယ်ပပျောက်ဆုံး ဆိတ်သုဉ်းတော်မူခြင်းကို ဓာတုပရိနိဗ္ဗာန်ဟု ခေါ်ပါသည်။

ရာဇဂြိုဟ်ပြည်ကြီး၌ မင်းကြီးဖြစ်တော်မူသော အဇာတသတ်ရှင်ဘုရင်သည် မြတ်စွာဘုရားရှင်၏ ဓာတ်တော်များကို ကိုယ်တိုင်ဦးဆောင်၍ ပင့်တော်မူလာခဲ့ပြီး အဖိုးအနဂ္ဃထိုက်တန်လှသော ရတနာအမျိုးမျိုးတို့ဖြင့် ဓာတ်တော်ပူဇော်ပွဲသဘင်ကြီးကို ကြီးကျယ်ခမ်းနားလှစွာ ကျင်းပတော်မူခဲ့ပါသည်။

ထိုအချိန်တွင် မထင်မရှား အမျိုးသမီးတစ်ဦးက မိမိဆေတနာအလျောက် သဒ္ဓါဇောပေါက်၍ ရွှေရောင်အဆင်းဝါဝင်းလှသော ခဝဲပွင့်လေးပွင့်ကို ယူဆောင်၍ ပူဇော်လှူဒါန်းတော်မူရန် ဓာတ်တော်ပွဲသို့ ဝမ်းမြောက်ဝမ်းသာလှစွာ အရောက်လာခဲ့ပါသည်။ ထိုသို့သွားရာလမ်းခရီးမှာပင် နွားမတစ်ကောင် အတွေ့ခံခဲ့ရပါ၍ သေလွန်ခဲ့ရကာ တာဝတိံသာနတ်ပြည်၌ နတ်သမီးဘဝ ခံစားရရှိခဲ့ပါသည်။

လူ့ပြည်မှ စုတေခဲ့ပြီး နတ်သမီးဘဝ ရှင်သန်ခွင့်ရစဉ်



ပထမကျောင်းတိုက် ဆရာတော်ကြီး အရှင်ပညာသိရီ

www.burmeseclassic.com



ဆရာတော်အဒ္ဓသေဝရ

တစ်နေ့ နတ်အပေါင်းတို့စုဝေးသော ဥယျာဉ်ပွဲသဘင်တစ်ခုသို့ ပါဝင်ဆင်နွှဲခွင့်ရခဲ့ပါသည်။ ထိုပွဲတွင် နတ်သား၊နတ်သမီးတို့ စုံလင်လှစွာ နတ်ဝတ်တန်ဆာ အလှအပတို့နှင့် လာရောက်ခဲ့ကြရာ ရွှေစင်အတိပြီးသော ရွှေရထားကို စီးနင်းလျက် ကျက်သရေမင်္ဂလာအပေါင်း စုံလင်လှစွာဖြင့် ပွဲသို့ လာရောက်သော နတ်သမီးတစ်ပါးကို သိကြားမင်း တွေ့မြင်ခွင့်ရခဲ့သည်။

'အသင်နတ်သမီး…ဤကဲ့သို့သော ကျက်သရေမျိုးပြည့်ဖြိုးစုံလင်လှစွာ ရွှေအဆင်းတန်ဆာတို့ကို ပိုင်ဆိုင်ရခြင်းသည် လူ့ပြည်ဌာန၌ မည်ကဲ့သို့သော ကောင်းမှုများကို ပြုလုပ်ခဲ့၍ ရရပါသလဲ' ဟု မေးမြန်းလိုက်သည်။

'နတ်တို့ကို အစိုးရတော်မူသော သိကြားမင်းကြီး… အကျွန်ုပ်သည် လူ့ပြည်ဌာနက ဘုရားရှင်၏ဓာတ်တော်ပူဇော်ပွဲ ကျင်းပရာသို့ စေတနာသဒ္ဓါတရားအလျောက် ရွှေဝါရောင်အဆင်းလှပသော ခဝဲပွင့်လေးပွင့်ကို ယူဆောင်ခဲ့၍ ဓာတ်တော်များကို ပူဇော်ရန်အသွား နွားတွေ့ခြင်း ခံခဲ့ရကာ စုတိမနေ သေလွန်ခဲ့ရပါသည်။ သေလွန်ခဲ့ပြီးနောက် ဤသို့ နတ်ပြည်တွင် နတ်စည်းစိမ်များ ခံစားခွင့်ရပါသည်' ဟု ရှင်းလင်းပြခဲ့ပါသည်။

ထိုသို့ ထူးကဲမွန်မြတ်လှစွာသော ဘုရားရတနာမည်ထိုက်သော ဓာတ်တော်အစုအဝေးကို လူ၊ နတ်၊ ဗြဟ္မာသတ္တဝါတို့၌ရှိအပ်သော အလွန်ထက်သန်သည့် ခေတ္တသမ္မာတ္တိစေတနာသည် စိတ္တသမ္မာတ္တိအဖြစ် ပြည့်စုံခဲ့လျှင် ကြီးကျယ်မြင့်မြတ်သော အကျိုးဖလမဟာသုခကို ရရှိခံစားရနိုင်ပေသည်။

သို့ပါ၍ မြတ်စွာဘုရားရှင်၏ဂုဏ်ရည်ကို အောက်မေ့ကြည်နူး ဂါရဝအထူးတို့ဖြင့် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ဓာတ်တော်၊မွေတော်များအား ရှိခိုးပူဇော်ခြင်း၊ ပန်းနံ့သာ၊ ဆီမီးအသီးသီးတို့နှင့်တကွ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွားတို့ကို မြတ်နိုးစွာပူဇော်ဆက်ကပ်နိုင်ကြရန် ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ပညာဝတီလမ်း၌ ဣစ္ဆာသယ ဆုတောင်းပြည့်စေတီတော်ကို ဆရာတော်အရှင်ပညာသီရိမှ ဦးဆောင်၍ ကောဇာသက္ကရာဇ်(၁၃၂၅)ခုနှစ်၊ နတ်တော်လပြည့်နေ့တွင် စတင်တည်ထား ကိုးကွယ်ခဲ့ပါသည်။



ဆရာတော်ကြီးနှင့် ပန်းအစ်ပူဇော်ရန် လာရောက်ကြသူများ

**<u>ပညာဝတီကျောင်း မူလအစ</u>**

သာသနာနှစ်(၂၅၀၆)ခုနှစ်၊ ကောဇာသက္ကရာဇ်(၁၃၂၄)ခုနှစ်၊ ခရစ်နှစ်(၁၉၆၂)ခုနှစ်တွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်စောင်းတန်း ဆင်နှစ်ကောင်သက်န်တိုက်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ရိုက်တိုက်တော်အတွင်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတု

ပိုင်ရှင် ဦးသိန်းမောင်၊ ဒေါ်စောမြ တို့က ပညာဝတီဆရာတော်ကြီး အရှင်ပညာသီရိအား သာသနာ့ ဗိမာန်နှင့် ကျောင်းတိုက် ဆောက် လုပ်ရန် မြေနေရာကို လှူဒါန်းတော် မူခဲ့သည်။ ပြီးနောက် ဓမ္မဝိဟာရ ကျောင်းတိုက်ကြီးကိုပါ ဆောက် လုပ်လှူဒါန်းခဲ့သည်။

နတ်ဗိမာန်အလား ကျောင်း တော်ကြီးကို တည်ဆောက်လှူဒါန်း ပြီးသောအခါ ဆရာတော်ကြီးမှ တပည့်ရဟန်းရှင်လူ ဒကာ၊ဒကာမ များအား ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ စသောဒေသနာတော် မြတ်တရားတို့ကို ရုပ်၊ နာမ်၊ ဓမ္မသင်္ခါရ ဖြစ်ပျက်သဘော အမှန်သိအောင် ဟောကြားဆုံးမပေးခဲ့ပြီး ကိုယ်တိုင်လည်း ဝိပဿနာဘာဝနာကမ္မဋ္ဌာန်း ကြိုးပမ်းအားထုတ်ခဲ့ပါသည်။

ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ် သတင်း ကာ အရပ်လေးမျက်နှာသို့တိုင် ထုံမွှမ်းခဲ့ပြီး ကျောင်းတိုက် ကြီး၏ သာသနာတော်အကျိုး ပါဝင်လှူဒါန်းသူများ များ ပြားလာခဲ့သည်။

တစ်နေ့သော နံနက်ခင်းတစ်ခု၌ ဆရာတော်ကြီး ကျောင်းတိုက်ဝင်း မြေမျက်နှာပြင်၌ လမ်းလျှောက်ထွက် တော်မူစဉ် ကျောင်းမြေနေရာ၏အပြင်ဘက် အရှေ့အရပ်ရှိ သရက်ပင်တစ်ပင်မှ ချိုသာသောအသံနှင့် မြည်တွန်သော ထူးဆန်းသော ကျီးငှက်တစ်ကောင်ကို ဆန်းကြယ်လှစွာ တွေ့မြင်ခဲ့ရသည်။ ထိုကျီးငှက်က မြည်တွန်နေခဲ့ပြီး ဆရာ တော်၏ ညာဘက်လက်ရုံးတော်ပေါ်သို့ ဝင်ရောက်နားခိုကာ ဆက်လက်မြည်တွန်နေခဲ့သည်။ ထိုသို့ သရက်ပင်မှ ပျံသန်း လာသောကျီးငှက် ညာလက်ရုံးသို့ ရပ်နားတည်နေချိန်တွင် ဆရာတော်ကြီး၏ စိတ်သန္တာန်၌ ကြည်လင်ရွှင်ပြုံး နှလုံး သားအက်ဝယ် ပီတိလှိုင်းများ ရိုက်ခတ်၍လာခဲ့သည်။


သို့နှင့်ပင် မေတ္တာဘာဝနာတရားတို့နှင့် ဆင်ခြင်စဉ်း စားမိသည်မှာ ဤသရက်ပင်နှင့် အဝန်းအဝိုင်းနေရာတွင် သာသနာအတွက် များစွာအကျိုးဖြစ်မည့် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ အကျိုးစီးပွား ချမ်းသာခြင်းကို ဆောင်ကြဉ်းပေးနိုင်သော ဘုရားရှင်၏ ဓာတ်တော်ပေါင်း ရှစ်သောင်းလေးထောင်နှင့် ရဟန္တာအရှင်သူမြတ်များ၏ ဓာတ်တော်များကို ဌာပနာထား စေတီတစ်ဆူ တည်ထား ကိုးကွယ်ခွင့်ရလျှင် ကောင်းပေလိမ့်မည်ဟု တွေးမိခဲ့ပါ သည်။

ဆရာတော်ကြီးသည် နံနက်ဦးပိုင်း ထိုသို့ဖြစ်ပျက်ခဲ့ရ ပြီး ညဦးအခါ ဘာဝနာကမ္မဋ္ဌာန်းစီးဖြန်း၍ အနားယူကျိန်း စက်တော်မူခဲ့ပါသည်။ အရုဏ်တက် လင်းလုလုအချိန်တွင် မနောဒွါရစိတ်အစဉ်၌ ကကုသန်မြတ်စွာဘုရား၊ ကောဏာဂုံ မြတ်စွာဘုရား၊ ကဿပမြတ်စွာဘုရား၊ ဂေါတမမြတ်စွာ ဘုရားတို့၏ ဓာတ်တော်,မွေတော်စစ်များနှင့်တကွ ရဟန္တာ အရှင်သူမြတ်များတို့၏ ဓာတ်တော်,မွေတော်များ ပူဇော်ရရှိ တော်မူကြောင်း အိပ်မက်တော် မြင်မက်ခဲ့ပါသည်။

ဆက်၍ နံနက်ကျောင်းတိုက်ပေါ်မှဆင်း၍ အရုဏ်ဦး မေတ္တာဘာဝနာ စီးဖြန်းတော်မူစဉ် ထူးဆန်းသော ရွှေကျီးက မြည်တွန်ရင်း ညာလက်ရုံးတော်ပေါ် ခိုနားခဲ့ပြန်ပါသည်။ ထိုကျီးက လက်ရုံးတော်ပေါ်မှ သရက်ပင်ဆီသို့ လူးလာပြေး လွှား ပျံသန်းပြနေခဲ့သည်။ ဤသို့ပင် ဆရာတော်ကြီးမှ သုံးညဆက်တိုက် အိပ်မက်တော်မြင်မက်ခြင်း၊ ရွှေကျီးလာ ရောက်နားခိုခြင်း ဖြစ်စဉ်တို့ ဖြစ်ခဲ့ပါသည်။

အဆိုပါ ကောင်းမြတ်သော အတိတ်နိမိတ်လက္ခဏာ များကို ထင်လာမြင်လာခဲ့ပြီးနောက် သုံးရက်မြောက်နေ့ တွင် မကြုံစဖူး ထူးကဲလှသော လူတို့ မဖူးမြော်ဖူးကုန်သော ဘုရားရှင်တို့၏ ဓာတ်တော်,မွေတော်တို့နှင့်တကွ လက်ဆံ,

www.burmeseclassic.com




ကျောင်းဧရိယာ၏ အရှေ့ဘက် သရက်ပင်နှင့် ဝန်းကျင်တစ်ဝိုက်ရှိ အိမ်ခြေအချို့တို့ကို မြေနေရာအစားပေး လျော်ကြေးများပေး၍ ဝယ်ယူခဲ့ပြီး ကျောင်း၊ စေတီတော်၊ ဘုရားဝတ္ထုကံမြေအဖြစ် လှူဒါန်းပေးခဲ့ပါသည်။

ယခုအခါ ဤစေတီတော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်း ဘုရားရှင်နှင့် ရဟန္တာအရှင်တို့၏ နှစ်သိန်းငါးသောင်းနှစ်ထောင်သော ဓာတ်တော်၊ မွေတော်များ ကိန်းဝပ်တည်နေတော်မူခဲ့ပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်ကြီးများကိုပါ ဖူးတွေ့ခွင့်ရမည် ဖြစ်ပါသည်။


လက်ယာတော်ရံ အဂ္ဂသာဝက၊ မဟာသာဝကတို့၏ ဓာတ်တော်၊ မွေတော်တို့ကို ရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ်အများတို့က ဆရာတော်အရှင်ပညာသီရိထံ ဝမ်းမြောက်ဝမ်းသာလှစွာ လာရောက်လှူဒါန်းခဲ့ကြပြီး အောင်ရာအောင်ကြောင်း ဆုမွန်ကောင်းများ တောင်းဆိုလျက် အလိုရှိရာ အရပ်များဆီ ပြန်လည်ထွက်ခွာသွားကြပါသည်။

သို့နှင့်ပင် ကျောင်းတိုက်၏ အရှေ့ဥပစာမြေနေရာတွင် ဘုရားရှင်များ၏ ဓာတ်တော်ရှစ်သောင်းလေးထောင်နှင့်တကွ ရဟန္တာအရှင်တို့၏ ဓာတ်တော်များကို ဌာပနာတော်မူ၍ စေတီတည်ထားကိုးကွယ်ရန် အကြောင်းဖြစ်ပေါ်ခဲ့ရပါသည်။

ဆရာတော်ကြီး၏ ဘုရားဒကာမကြီး ဒေါ်မမကြီးက

ကျောင်းတိုက်ကြီးနှင့် စေတီတော်တို့ကို တည်ထားကိုးကွယ်ခဲ့သည်မှာ ကောဇာသက္ကရာဇ်(၁၃၂၄)ခုနှစ်မှ စတင်တွက်ချက်မည်ဆိုလျှင် ယခုအခါ နှစ်(၅၀)ကျော်လွန်ခဲ့ပြီဖြစ်ပါသည်။ ယခင်ဆရာတော်ကြီး အရှင်ပညာသီရိ လက်ထက်မှာပင် စတင်ကျင်းပပူဇော်ခဲ့သော ပန်းပေါင်း ရှစ်သောင်းလေးထောင်ပူဇော်ပွဲသည် ယခုနှစ် (၂၀၁၄)ခုနှစ်တွင် (၃၆)ကြိမ်တိုင် အောင်မြင်စွာပူဇော်နိုင်ခဲ့ပြီဖြစ်သည်။

ဆရာတော်အရှင်ပညာသီရိ ပျံလွန်တော်မူသွားခဲ့ပြီး ယခုအခါ ပညာဝတီရိပ်သာကျောင်းတိုက်ကို ဆရာတော်ဘဒ္ဒန္တဇာဂရ ဆရာတော်ကြီးက ဆက်လက်တာဝန်ယူ အုပ်ချုပ်တော်မူနေခဲ့ပါသည်။




**ဆရာတော်ဘဒ္ဒန္တဇာဂရ၏ ထေရုပ္ပတ္တိအကျဉ်း**

ပညာဝတီကျောင်းတိုက်(ရန်ကင်း)၏ ပဓာနနာယက ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဇာဂရကို မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ယုံတိုးအုပ်စု၊ ရွာသစ်ရွာနေ ခမည်းတော် ဦးမော်၊ မယ်တော် ဒေါ်စိန်တင်တို့မှ (၁၂၉၁)ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄)ရက် အင်္ဂါနေ့တွင် ဖွားမြင်ခဲ့သည်။ (၁၄)နှစ်သား အရွယ်တွင် ရွာသစ် သာသနာ့



www.burmeseclassic.com

www.burmeseclassic.com

ဗိမာန်ကျောင်း ဆရာတော် ဘဒ္ဒန္တသုခထံ၌ ရှင်သာမဏေပြုခဲ့ပြီး ပရိယတ္တိစာပေများ သင်ကြားခဲ့သည်။ သက်တော်(၉)တွင် မြင်းခြံမြို့နယ်၊ လယ်သစ်အုပ်စု၊ သစ်ပင်ရှည်ရွာဦးဘညွန့်၊ ဒေါ်ဖွားကြိုင်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍(၁၃၁၂)ခုနှစ်၊ စမ်းကျပဏ္ဏသိမ်၌ စမ်းကျဆရာတော် ဘဒ္ဒန္တဒေ်နှကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘဝ ရောက်ရှိခဲ့သည်။ ရွှေလေး မစိုးရိမ်တိုက် မြောက်ပြင်၌ ဒလဘုပ္ပတိုက်တွင် သီတင်းသုံးလျက် ပရိယတ်၊ ပရိပတ်စာပေများကို လေ့လာသင်ကြားအားထုတ်ခဲ့ပါသည်။

ဆက်လက်၍ မြင်းခြံမြို့နယ်၊ ရွာသစ်သာသနာ့ဗိမာန်ကျောင်းတိုက်ဆရာတော်၊ မြို့နယ်သံဃာ့နာယကအဖွဲ့ဝင်၊ မြို့နယ်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်နေခဲ့ပြီး ထိုတာဝန်ထမ်းဆောင်ဆဲ ကာလများတွင် ရဟန်း၊ ကိုရင်၊ ကျောင်းသားများကို ပရိယတ်၊ ပရိပတ်၊ သမထဝိပဿနာဘာဝနာ တရားများကို သင်ကြားပြသပေးနေခဲ့ပါသည်။

ထိုမှတစ်ဖန် ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်သော ပညာဝတီဆရာတော် ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ၊ မြို့နယ်ဩဝါဒါစရိယ)နှင့် ညီနောင်ဖွဲ့ကာ (၁၃၃၈)ခုနှစ်တွင် မြင်းခြံမြို့နယ် ရွာသစ်ကျောင်းနှင့် ပညာဝတီကျောင်းတိုက်(ရန်ကင်း)ကို နှစ်ဦးပိုင်အဖြစ် စာချုပ်ချုပ်ဆိုခဲ့သည်။ ယခုအခါ ပညာဝတီကျောင်းတိုက်ကို စာချုပ်ပါအမှတ်များနှင့် ကျောင်းနေသံဃာတော်များ၏ သဘောတူညီချက်အရ ပဓာနနာယက ဆရာတော်အဖြစ် သီတင်းသုံးနေထိုင်တော်မူခဲ့ပြီး ကုဿာသယဆုတောင်းပြည့်စေတီတော်၏ ပြုပြင်ထိန်းသိမ်းမှု အရပ်ရပ်များကိုလည်း ကြီးကြပ်တော်မူခဲ့၍ ဝေနေယျအပေါင်းတို့အပေါ် မေတ္တာကရုဏာ ရှေ့ထားကာ ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး၏ တာဝန်များကို ဆောင်ရွက်တော်မူလျက် ရှိနေပါသည်။

ပညာဝတီရိပ်သာကျောင်းတိုက်၌ တပို့တွဲလပြည့်တွင် ထမနဲပွဲကျင်းပပြုလုပ်ပါသည်။ တော်သလင်းလပြည့်နေ့တွင်မူ ပန်းပေါင်း(၈၄၀၀၀)၊ ဆီမီး(၁၀၀၀)၊ သစ်သီး(၁၀၀၀)တို့ကို ဓာတ်တော်များ ထားရှိရာ ကုဿာသယစေတီတော်၏ ဂန္ဓကုဋီတိုက်ရှေ့ဘက်တွင် ပူဇော်ဆက်ကပ်သည့်ပွဲကို ကျင်းပဆောင်ရွက်လေ့ရှိပါသည်။ နှစ်စဉ်မပျက် ပန်းပေါင်း(၈၄၀၀၀)ပူဇော်ပွဲကို ကျင်းပခဲ့ရာ တပို့တွဲလပြည့်မတိုင်မီ(၁)ရက်တွင် ပန်းပေါင်းစုံစေတီကို တပည့်ဒါယကာ၊ဒါယိကာမများမှ ပါဝင်ကူညီလုပ်ဆောင်ပေးခဲ့ကြပြီး သစ်သီး၊



ပန်းပွင့်ပေါင်း(၈၄၀၀၀)တို့ ပူဇော်ထားရှိစဉ်



ပန်း၊ သစ်သီး လှူဒါန်းကြသူများ
ပန်း(၈၄၀၀၀)စေတီနှင့် အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com

ပန်း၊ ဝတ္ထုငွေကြေးတို့ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းမှုပြုခဲ့ကြပါသည်။

ဗုဒ္ဓဘုရားရှင်၏ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀)ရှိသည်ဟု ဗုဒ္ဓဘာသာဝင်တိုင်း သိရှိနားလည်ကြသည်။ ဤကုဏ္ဍာသယဆုတောင်းပြည့်စေတီတော်ကို ပညာဝတီဆရာတော်ကြီးမှ ရှေးဘုရားရှင်တို့၏ ဓာတ်တော်ပေါင်း(၈၄၀၀၀)ဖြင့် တည်ထားကိုးကွယ်တော်မူခဲ့သည်။

သို့ပါ၍ သုတ္တန်ပိဋကတ် ဓမ္မက္ခန္ဓာပေါင်း(၂၁၀၀၀)၊ ဝိနည်းပိဋကတ် ဓမ္မက္ခန္ဓာပေါင်း(၂၁၀၀၀)၊ အဘိဓမ္မာပိဋကတ် ဓမ္မက္ခန္ဓာပေါင်း(၄၂၀၀၀)တို့ကို ဓမ္မက္ခန္ဓာတစ်ဆူလျှင် ပန်းတစ်ပွင့်ကျ ရည်မှန်း၍ ပန်းပေါင်း(၈၄၀၀၀) ဆက်ကပ်လှူဒါန်းခဲ့ကြခြင်း ဖြစ်ပါသည်။

**ပန်းတစ်ပွင့်မှ လှူရကျိုး**

*တစ်ပွင့်မျှပန်း၊ လှူဒါန်းရလျှင်၊*
*လူတွင်နတ်ရပ်၊ ထပ်ထပ်ဖြစ်လာ၊*
*ကမ္ဘာကုဋေ၊ ထောင်ချီနေ၍၊*
*စံပေပျော်စွာ၊ ဆုံးဘဝါ၌၊*
*ချမ်းသာမြတ်ထား၊ နိဗ္ဗာန်သွားသည်၊*
*မှတ်သားပန်းတစ်ပွင့် လှူကျိုးတည်း။*

*(ဘဒ္ဒန္တဓာဂရ)*

(၂၀၁၄)ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့က ပညာဝတီရိပ်သာကျောင်း၊ ကုဏ္ဍာသယဆုတောင်းပြည့်စေတီပရိဝုဏ်အတွင်း ပန်းပေါင်း(၈၄၀၀၀)၊ သစ်သီး(၁၀၀၀)၊ ဆီမီး(၁၀၀၀)ပူဇော်ပွဲသို့ ရောက်ရှိခွင့်ရခဲ့ပြီး သိရှိရသမျှကို ဆောင်းပါးအဖြစ် ရေးသားတင်ဆက်လိုက်ရပါသည်။

နှစ်စဉ် တော်သလင်းလပြည့်မတိုင်မီ(၁)ရက်၌ ပန်းများနှင့် သစ်သီးများကို လှူဒါန်း၍ လိုရာဆုတောင်း ပူဇော်နိုင်ကြရန် ဖော်ပြပေးလိုက်ရပါသည်။ ပညာဝတီကျောင်းတိုက် ကုဏ္ဍာသယဆုတောင်းပြည့်စေတီသည် ရန်ကင်းဈေးသစ်အနီး ပညာဝတီရိပ်သာလမ်း၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်တွင် တည်ရှိပါသည်။

ကိုမိုး(ရွှေပြည်သာ)

**စာကိုး**

ရွာမဆရာတော်ကြီး အရှင်တိလောကာဘိဝံသ၏ ကိုးကွယ်မှုဆိုင်ရာ သိစရာစာတမ်း အရှင်ကုသလာစာရပြုစုသော ပညာဝတီကုဏ္ဍာသယ ဗုဒ္ဓါဘိသေက။

---


# ဆရာကြီးဦးအောင်ထွန်း

## [အကြောပြင်ပညာရှင်]

အကြောပြင်ပညာဆိုတာ ဝေဒနာခံစားနေရတဲ့ အကြောကို အားသုံးဖိနှိပ်ပြီး နာကျင်တဲ့ဝေဒနာအဖြစ်အာရုံပြောင်းကုသရတဲ့ပညာ မဟုတ်သလို မလိုအပ်ဘဲ ဆေးပူတွေလိမ်း၊ ပတ်တီးစည်းပြီး လူနာရဲ့စိတ်ကိုလှည့်စားရတဲ့ ပညာလည်း မဟုတ်ပါဘူး။ ဝေဒနာရှင်ရဲ့ ခံစားရတဲ့ အကြောလေးတွေကို မနာကျင်စေဘဲ အချိန်တိုမိနစ်ပိုင်းအတွင်း သက်သာအောင် ပြုပြင်ပေးတဲ့ပညာ ဖြစ်ပါတယ်။

ကျွန်တော် ဒီနည်းတွေကို အသုံးချပြီး-

- ❖ ခါးနာ၊ ဒူးနာ၊ ကြီးပေါင်းတက်၊ လက်ကိုက်၊ လက်ကပ်နဲ့ ထုံနာကျင်နာတွေကို (၁၅)မိနစ်အတွင်း၊
- ❖ အခြားအကြောရောဂါတွေကို မိနစ်ပိုင်းအတွင်း၊
- ❖ လေဖြတ်စ (၂၄ နာရီအတွင်း) လူနာတွေကို တစ်ပတ်အတွင်းကောင်းအောင် ကူညီနေပါတယ်။
- ❖ လေဖြတ်ခံရပြီး ပုံမှန်ခြေ၊လက် မလှုပ်ရှားနိုင်သူများအား အမြန်ဆုံးကောင်းမွန်အောင် ပြုပြင်ပေးသည်။
- ❖ ဝေဒနာကို ပျောက်ကင်းနိုင်ခြင်းရှိ/မရှိ၊ ပျောက်ကင်းမည့်အချိန်ကိုပါ တစ်ပါတည်း ခန့်မှန်းပေးပါမည်။

တွေ့ချိန် - နေ့စဉ် (၉)နာရီ မှ ညနေ(၅)နာရီအတွင်း

အမှတ်(၅၇)၊ (၄)လမ်း၊ မာလာမြိုင်ရပ်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(ပါရမီလမ်းမကြီးနှင့် ကျောချင်းကပ်လမ်း) ဖုန်း - ၀၉ ၇၃ ၂၄၂၄၄၂ ၊ ၀၉ ၂၅၀ ၁၅၄၇၅၉




www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111 YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009–တသတလ/တိုး(1024)

# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်း ချမ်းသာစေရမည် ကိန္နရီ

# ထိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

ကယားပြည်နယ် လွိုင်ကော်မြို့ ကြက်လည်ဆံ ဆီးဆေးပြား LOIKAW

ကိန္နရီတံဆိပ် လွိုင်ကော်

လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော်စာရေးဆရာများ ဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းဆွေက 'လာ··ထိုင်··ကိုဇော်ရဲနိုင်၊ မတွေ့ရတာကြာပြီ။ ခုပဲ ခင်ဗျားအကြောင်း ပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ'

'ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့အကူအညီပေးဖို့ အသင့်ပါပဲဗျာ'

'ဒီလိုပါ·· ကျွန်တော်တို့သုံးယောက် ဆီးနဲ့ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ နည်းနည်းကွဲပြားနေတယ်ဗျ'

'ဒါဖြင့် ကျွန်တော် ဆီးရောဂါနဲ့ပတ်သက်တဲ့ ဖြစ်စဉ်နဲ့ လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေရှိတယ်ဆိုတာ ကျွန်တော်ကိုပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင် သွားတဲ့သူတွေ၊ အပူအစပ်,အဖန်ချိုပ်စာတွေ လွန်ကဲစွာစားတဲ့သူတွေ၊ မေထုန်မှုလွန်ကဲသူတွေ၊ အညောင်းထိုင်မှုများတဲ့သူတွေဟာ ဆီးပူညောင်းကျရောဂါ ဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရှစ်,ရှစ်ဖြစ်ပြီး ယားတတ်တယ်။ တစ်ပတ်လောက်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူတွေ၊ ဆီးသွားချင်လျှက် ဆီးအောင့်ထားသူတွေ၊ နေပူမိုးရွာထဲ အမိုးအကာမပါဘဲသွားသူတွေ၊ ပြီးတော့ ဆေးဝါးအကူအညီနဲ့ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါ ဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီးမကြာခဏသွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွားအားမရခြင်း၊ ဆီးတွန့်ခြင်း၊ ကျင်ချောင်းယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့်,ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေခါးသန္ဓစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုတ်ဓာတ်တွေဟာ ကျောက်ကပ်ကစပြီး ဆီးအိမ်တိုင်အောင် ကော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါ ဖြစ်တော့မယ့်သူရဲ့ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ခါးဆိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့လက္ခဏာတွေ ရှိနေတတ်တယ်။ ကဲ··ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ'

ကိုမင်းဆွေက ဆီးပူညောင်းကျလက္ခဏာနဲ့တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့တူကြောင်း ပြောပြကြပြီး–

'ကဲ··ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး'

'ခုလောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးပြားကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ။ ကန္တရဝတီဆေးတိုက်ကထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးပြားဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးခါ,ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ်,ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန်ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ပြီးတော့ မင်းမကိုင်ရွှေချို၊ ဆီးချို သောက်ဆေးကိုလည်း တစ်ဆင့်မြှင့်သုံးစွဲရင် ရနိုင်ပါတယ်။ ကျွန်တော့်မိတ်ဆွေ ဆရာဦးလှိုင်မြင့်က ကြက်လည်ဆံဆီးဆေး ထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ ဆရာဦးလှိုင်မြင့်ရှိတဲ့ ကန္တရဝတီဆေးတိုက်ကိုသွားပြီး ဆရာနဲ့ တိုင်ပင် ဆေးစား၊ ဆေးကုသရင် ခင်ဗျားတို့ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့။ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ..တဲ့ဗျ'

**ပင်ရင်းဌာန – ကန္တရဝတီဆေးတိုက်**

အမှတ်(၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း– ၀၉ ၅၁ ၄၀၃၈၉



www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်ချစ်ဦး(မုံရွာ)

## ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့အဝင်က

# ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်

**ကြံ့တိုင်းခံဆောင်သည့် ရန်တိုင်းအောင်**

မန္တလေးမြို့မှနေ၍ လားရှိုးမြို့သို့အဝင်မုခ်ဦးကို ကျော်လိုက်သည်နှင့် ကားလမ်း၏လက်ဝဲဘက် တောင်ကုန်းပေါ်တွင် ရွှေရောင်တဝင်းဝင်းဖြင့် သပ္ပာယ်စွာ စံပယ်နေသည့် စေတီတော်ကြီးတစ်ဆူကို ဖူးတွေ့လိုက်ရပါသည်။ အဆိုပါ စေတီတော်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့၏ ကျက်သရေဆောင် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီးပင် ဖြစ်ပါသည်။

ဤကြံ့တိုင်းခံဆောင်သည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီးသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီပုံနှင့် ပုဂံအာနန္ဒာဘုရားပုံတို့ကို ပေါင်းစပ်ဖွဲ့စည်းတည်ထားသော ခေတ်သစ်ထူးခြားဆန်းကြယ် တန်ခိုးကြွယ်ဝသော ဘုရားတစ်ဆူပင်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်သော နေပြည်တော် ရာဇဌာနီလမ်းမကြီးပေါ်ရှိ ဥပ္ပါတသန္တိစေတီတော် (ဖြစ်ပေါ်ကြုံတွေ့လာသည့် ဘေးအန္တရာယ်အားလုံး ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်တို့ကို ငြိမ်းအေးစေသည့်စေတီတော်)နှင့်လည်း ပုံစံတူ တည်ထားပါသည်။ သို့သော်လည်း ကွာခြားချက်တစ်ခုမှာ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်၏ လိုဏ်အတွင်း အလယ်တွင် ကန့်လန့်ဖြတ်ဖြင့် ဗုဒ္ဓ၏ အတ္တုပ္ပတ္တိ(ဗုဒ္ဓဝင်)ကို အင်္ဂတေရုပ်ကြွ ပန်းချီကားချပ်(၄၈)ကားဖြင့် တန်ဆာဆင်ထားသည်မှာ လွန်စွာထူးခြားချက်ပင် ဖြစ်ပါသည်။

အဆိုပါ အင်္ဂတေရုပ်လုံးကြွ ပန်းချီကားများသည် ဘုရားလောင်း သုမေဓာရှင်ရသေ့ဘဝမှ ဘုရားဖြစ်ပြီး ပရိနိဗ္ဗာန်စံသည်အထိ ဖော်ပြထားသော ရုပ်လုံးကြွပန်းချီကားများပင် ဖြစ်ကြသည်။ ထိုပန်းချီကားချပ်(၄၈)ချပ်မှာ ဇာတ်ကြီး(၁၀)ဘွဲ့၊ အောင်ခြင်း(၈)ပါး၊ ဘုရားဖြစ်စဉ်တော်(၃၀) ကားပင် ဖြစ်ကြသည်။


ရွှေရောင်တဝင်းဝင်းဖြင့် ဖူးတွေ့ရသည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်

ဤကဲ့သို့ ထူးခြားသော အင်္ဂတေရုပ်လုံးကြွ ပန်းချီကားများနှင့် အတူ ထူးခြားဆန်းကြယ်ပုံစံဖြင့် တည်ထားကိုးကွယ်သမှု ပြုထားသည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီးသည်ကား လားရှိုးမြို့၏ ကျက်သရေဆောင် ကြံ့တိုင်းခံဆောင်သည့် ရန်တိုင်းအောင်စေတီတော်ကြီးပင် ဖြစ်ပါသည်။

**စေတီတော်၏ မူလအစ**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြို့တော်ဖြစ်သည့် လားရှိုးမြို့ဒေသ



www.burmeseclassic.com

www.burmeseclassic.com



အဝေးမှ မြင်တွေ့ရသော ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်
(ရွှေသင်္ကန်းကပ်လှူရန် ငြမ်းဆင်ထား [illegible])

သည်လည်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသော ရှမ်းမျိုးနွယ်စုများအပါအဝင် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့ နေထိုင်ကြသည့် တိုင်းရင်းသားမြို့တော်ဖြစ်သဖြင့် ဗုဒ္ဓဘာသာ ရောင်ဝါထိန်လင်း ပြန့်ပွားစည်ပင်စေရန်အလို့ငှာ မြို့လူထုသည် လားရှိုးမြို့၏ ကျက်သရေဆောင်အဖြစ် မြို့အဝင်တွင် ဘုရားတစ်ဆူ တည်ထားကိုးကွယ်ကြရန် စိတ်ကူးစိတ်သန်းများ ဖြစ်ပေါ်၍ လာပါသည်။

အဆိုပါ စိတ်ကူးစိတ်သန်းကို အကောင်အထည်ဖော်ရန်အတွက် လားရှိုးမြို့အဝင် ဝိဇယဘူမိမဟာအောင်မြေ မင်္ဂလာကုန်းတော်ကို ရွေးချယ်ကာ (၂၀၀၃)ခုနှစ်၊ ဒီဇင်ဘာလ (၅)ရက်နေ့တွင် စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ကြရန် စတင်၍ ပရိကမ္မ မြေသန့်မင်္ဂလာ ပြုလုပ်ခဲ့ကြပါသည်။

**စေတီတည်ပြီ**

စေတီတော်တည်ထားကိုးကွယ်ကြရန်အတွက် ရွေးချယ်ခဲ့သော ကုန်းတော်၏ အမည်နာမမှာ ဝိဇယဘူမိမဟာအောင်မြေမင်္ဂလာ ကုန်းတော်ဖြစ်ပြီး ၎င်း၏အဓိပ္ပာယ်မှာ ရပ်ခပ်သိမ်းတို့ကို အထူးအောင်မြင်သော၊ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံ၍ ကြီးမြတ်သော ကုန်းတော်ဟူ၍ ဖြစ်ပါသည်။

အဆိုပါကုန်းတော်ပေါ်တွင် လားရှိုးမြို့၏ ကျက်သရေ ဆောင် စေတီတော်တစ်ဆူကို (၅-၁၂-၂၀၀၃)ရက်နေ့တွင် မြေသန့်မင်္ဂလာ ပြုလုပ်၍တည်ခဲ့ရာ မြန်မာသက္ကရာဇ်(၁၃၆၇)ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆)ရက်၊ ခရစ်နှစ် (၂၀၀၆)ခုနှစ်၊ မတ်လ (၁၉)ရက်နေ့တွင် ရွှေထီးတော်တင်မင်္ဂလာ အခမ်းအနားကို ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ စေတီတော်၏ဉာဏ်တော်မှာ (၁၃၅)ပေရှိပါသည်။

စေတီတော်ကြီး၏ ဘွဲ့နာမကိုလည်း နိုင်ငံတော်တစ်ဝန်းလုံးရှိ ရဟန်း၊ ရှင်၊ လူ တိုင်းရင်းသား ပြည်သူလူထုအပေါင်းတို့ ဘေးဘယာခပ်သိမ်း ကင်းငြိမ်း၍ ရန်အပေါင်းကို အောင်မြင်နိုင်စိမ့်သောငှာ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်ဟူသော ဘွဲ့နာမဂုဏ်ထူးဆောင်၍ ရွှေတိဂုံပုံစံတူ လိုဏ်စနစ်ဖြင့် တည်တော်မူခြင်းပင် ဖြစ်ပါသည်။

**မင်္ဂလာအခမ်းအနားများ**

ထူးခြားဆန်းကြယ်သော ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီးကို ဓမ္မကွန်ကျမ်းဂန်များလာ




ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်အတွင်းရှိ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ရန်ကိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော်အနားမှ

သာသနာတော် ထုံးထမ်းစဉ်လာနှင့် မြန်မာ့ရိုးရာ ထုံးထမ်းစဉ်လာမပျက် ခေတ်အဆက်ဆက် လက်ခံယုံကြည် လိုက်နာခဲ့ကြသော ကျမ်းဂန်စာပေများနှင့်အညီ နဝမဟာမင်္ဂလာကမ္မဟူသော အောက်ဖော်ပြပါ မင်္ဂလာအခမ်းအနား(၉)မျိုးနှင့် ပရိဝါရ(အရံ)မင်္ဂလာအခမ်းအနားများကို ယှဉ်တွဲပါ နေ့ရက်များတွင် သတ်မှတ်မင်္ဂလာအချိန်အတိုင်း စနစ်တကျ ကျင်းပပြုလုပ်ခဲ့ပါသည်။

က။ ပရိကမ္မမြေသန့်မင်္ဂလာ (၅-၁-၂၀၀၄)။

ခ။ ပန္နက်တော်တင်နှင့် တွင်းတော်ဝန်းမဟာမင်္ဂလာ (၈-၁-၂၀၀၄)။

ဂ။ ရတနာအုတ်မြစ်တော်စီမင်္ဂလာ (၁၈-၄-၂၀၀၄)။

ဃ။ သတ္တဌာန မူလဌာပနတော်သွင်းမင်္ဂလာ (၅-၁၂-၂၀၀၄)။

င။ အလယ်ဌာပနာတော်သွင်းမင်္ဂလာ (၁၅-၃-၂၀၀၆)။

စ။ ပန်းလည်တိုင်စိုက်ထူခြင်းမင်္ဂလာ (၁၅-၃-၂၀၀၆)။

ဆ။ အထက်ဌာပနာတော်သွင်းမင်္ဂလာ (၁၅-၃-၂၀၀၆)။

ဇ။ ရွှေထီးတော်တင် မဟာမင်္ဂလာ၊ ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ မြသပိတ်တော်၊ ရွှေကြာသကင်္န်း ကပ်လှူခြင်းမင်္ဂလာ (၁၉-၃-၂၀၀၆)။

စ။ ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာ (၁၉-၃-၂၀၀၆)။

<u>တည်ဆောက်မှုဆိုင်ရာ အချက်အလက်များ</u>

စေတီတော်တည်ဆောက်မှုဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

က။ စေတီတော်ပုံစံဒီဇိုင်း - စေတီပေါက်ဂူဘုရား၊ ရွှေတိဂုံစေတီတော်ပုံစံ၊ အောက်ခြေလိုဏ်။

ခ။ စေတီတော်အမျိုးအစား - သံကူကွန်ကရစ်တိုင်ရက်မနှင့် အုတ်စီ။

ဂ။ စေတီတော်ဉာဏ်တော်အမြင့် - (၁၃၅)ပေ။

ဃ။ လိုဏ်တော်အကျယ်- အချင်း(၁၈၀)ပေ၊ အချင်းဝက်(၉၀)ပေ။

င။ လိုဏ်အမြင့် - (၃၂)ပေ။



ရန်ကိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော် အဝင်မုခ်ဦးတော်

စ။ ပန်းတင်ခုံအမြင့် - (၁၆)ပေ (၈)လက်မ။

ဆ။ ရင်ပြင်တော်အကျယ် - (၄၅)ပေ။

ဇ။ အရံစေတီ - (၈)ဆူ။

ဈ။ သရက်ကင်းလှေကား - (၄)စင်း။

ည။ မဟာရံတံတိုင်း - (၂၇၀)ပေ။

ဋ။ ဖိနပ်တော်အကျယ် - (၁၈၀)ပေ။

ဌ။ ဒီဇိုင်းပုံ - လိုဏ်ပုံစံဖျောက်



www.burmeseclassic.com

www.burmeseclassic.com

သံကူကွန်ကရစ်။

၃။ ကြေးသွန်းခေါင်းလောင်း

တော်ကြီး - ကြေးပိဿာချိန် (၅၂၀)ပိဿာ။

၁။ တံခွန်တိုင်တော်အမြင့် - (၁၀၈)ပေ။

**တည်ဆောက်ရေးကော်မတီများ**

ယခုကဲ့သို့ ကြီးကျယ်ခမ်းနား ဆန်းကြယ်သပ္ပာယ်လှ စွာသော ရန်တိုင်းအောင် ဆုတောင်းပြည့်မြို့ဦးစေတီတော် ကြီးကို တည်ထားကိုးကွယ်ကြရာတွင် ဩဝါဒါစရိယဆရာ တော်ကြီးများ၊ နာယကဆရာတော်များ၊ စေတီတော်တည် ဆောက်ရေးကော်မတီများ၊ လုပ်ငန်းအလိုက်တာဝန်ခံများ၊ ဗိသုကာဒီဇိုင်းပညာရှင်များ၊ မြန်မာ့ဗိသုကာပညာရှင်များနှင့် သာသနာရေးထုံးတမ်းစဉ်လာ အခမ်းအနားဆောင်ရွက်ရေး ကော်မတီဝင်များမှ စုစုစည်းစည်း ညီညီညွတ်ညွတ်နှင့် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသဖြင့် အချိန်တိုတို အတွင်းမှာပင် အောင်အောင်မြင်မြင် ပြီးမြောက်ခဲ့ခြင်းပင် ဖြစ်ပါသည်။


**တည်ဆောက်ရေးကုန်ကျစရိတ်**

ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး ကို (၁၈-၄-၂၀၀၄)ရက်နေ့မှ (၁၉-၃-၂၀၀၆)ရက်နေ့ ကာလအတွင်း တည်ဆောက်ပြီးစီးခဲ့ပြီး မြန်မာမှုလက်ရာ များအပါအဝင် တည်ဆောက်မှုလုပ်ငန်းတစ်ခုလုံး၏ ကုန် ကျငွေမှာ ကျပ်သိန်းပေါင်း(၁၆၀၀၀)ခန့်ဖြစ်ကြောင်း သိရှိ ရပါသည်။


**သာသနိကအဆောက်အအုံများ**

ဤကဲ့သို့ စေတီတော်ကြီးကို သာသနာတော်ဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်များ ပြည့်စုံစွာဆောက်တည်လှူဒါန်းမှု ပြုခဲ့ရာ လှူဒါန်းပြီးစီးခဲ့သည့် သာ သနိက အဆောက်အအုံများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- ပင်မစေတီတော်ကြီးနှင့် အရံ စေတီ(၈)၊
- တံခွန်တိုင် အမြင့်(၁၀၈)ပေ၊
- ပင်မစေတီတော်အဝင် မုခ်ဦး တော်၊
- ကြေးသွန်းခေါင်းလောင်းတော် ကြေးချိန်(၅၂၀)ပိဿာနှင့် ပြာသာဒ်တော်၊


ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်၏ ရင်ပြင်တော်ပေါ်ရှိ ကြေးသွန်းခေါင်းလောင်းတော်

* အဘယသုခသိမ်တော်၊
* ဇေယျသုခမင်္ဂလာ နှစ်ထပ်ကျောင်းဆောင်၊
* သုခမင်္ဂလာဆင်း ရွှေလီသာသနာ့ဗိမာန်တော်၊
* မုဋ္ဌလိန္ဒာရေကန်၊
* သဘာဝကျောက်ဥယျာဉ်နှင့် သဘာဝကျောက်ရေကန်၊
* ရှင်ဥပဂုတ္တကျောင်းပြာသာဒ်တော်၊


ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် အဝင်ဝ



www.burmeseclassic.com

www.burmeseclassic.com



ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်၏
ရင်ပြင်တော်ပေါ်ရှိ တံခွန်တိုင်

* မဟာဗောဓိညောင်ပင်၊
* ဆွမ်းချက်အဆောင်များ ဖြစ်ကြပါသည်။

**ဂေါပကအဖွဲ့**

စေတီတော်မြတ်ကြီးအား အစွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် အနီးကပ်ပြုပြင်ထိန်းသိမ်း စောင့်ရှောက်နိုင်ရန်အတွက် ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး (၁)ဦးစီးနှင့် အဖွဲ့ဝင်(၅)ဦးအပါအဝင် ဂေါပကအဖွဲ့ဝင်(၉) ဦးကို (၂-၈-၂၀၀၆)ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည်။

**ပွဲတော်များ**

ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်ကျော် (၁)ရက်နေ့တွင် သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်အတူ ကျင်းပပြုလုပ်ခဲ့ပြီး ကဆုန်ညောင်ရေသွန်းပွဲတော်၊ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲတော်တို့ကိုလည်း အခါအားလျော်စွာ ကျင်းပပြုလုပ်လျက် ရှိပါသည်။



အဝေးမှမြင်ရသော တံခွန်တိုင်

**ဖိတ်ခေါ်ပါသည်**

ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်မြတ်ကြီးသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ကျက်သရေဆောင်စေတီတော်တစ်ဆူအဖြစ် တည်ထားကိုးကွယ်နိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဝတ္ထုအလှူ၊ ကာယဉာဏအားအလှူ၊ ဝေယျာဝစ္စအလှူ စသည်ဖြင့် အများပြည်သူတို့၏ နှလုံးအိမ်တွင် ပြန့်ပွားစည်ပင်လျက် သားစဉ်မြေးဆက် ကမ္ဘာတည်သရွေ့တိုင် ဘုရားဒါယကာ၊ ဒါယိကာမများအဖြစ် ခံယူကြပြီး ပြုပြင်မွမ်းမံ ထိန်းသိမ်းစောင့်ရှောက်ကြပါရန် တိုက်တွန်းနှိုးဆော်လျက် တစ်ခါတစ်ခေါက် အရောက်လာ ဖူးမြော်လှည့်ကြစမ်းပါဟူ၍ နှိုးဆော်တိုက်တွန်း ဖိတ်ခေါ်လိုက်ရပါသည်။

**မောင်မောင်ချစ်ဦး(မုံရွာ)**

**ကျမ်းကိုး**

(၁) ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် ဂေါပကအဖွဲ့၊ ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော်။
(၂) စာရေးသူကိုယ်တိုင် ကွင်းဆင်းလေ့လာမှု။



www.burmeseclassic.com

www.burmeseclassic.com

# ကပိလဝတ္ထုမှ ကပိလဝတ်

နန္ဒာမောင်(သံဖြူဇရပ်)

**ရည်ညွှန်းနိဒါန်း**

(၂၁-၉-၂၀၁၄)ရက်နေ့ထုတ် အမှတ်စဉ်(၃၈)၊ အတွဲ (၁) ဧရာဝတီဂျာနယ်တွင် စာရေးဆရာနှင့် ရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်သူ နီပေါသူ ဆူ(ရှ်)မာ့ဂျိုရှီ(Sushma Jashi)က ဘုရားရှင်ဖွားတော်မူရာ လုမ္ဗိနီသည် မိမိတို့ နီပေါနိုင်ငံတွင်း၌ ခိုင်ခိုင်မာမာရှိနေပြီး နိုင်ငံတကာ ဘုရားဖူးများလည်း နေ့စဉ်နှင့်အမျှ လာရောက်လည်ပတ်နေပါလျက် အိန္ဒိယနိုင်ငံ၊ ရှေးယခင် သက္ကတိုင်း၌သာရှိကြောင်း ထိုးနှက်ပြောဆိုလာခြင်းကို သူ၏ နယ်စည်းမခြားသော ဗုဒ္ဓကိုရှာဖွေခြင်း ခေါင်းစဉ်အရ ဖြေရှင်းထားသည်ကို ဖတ်ရှုရသည့်အတွက် အချင်းချင်းရင်းနှီးသော စာနာစိတ်ဖြင့် ဤကပိလဝတ္ထုကြောင်းကို ရေးသားရခြင်း ဖြစ်၏။

မိမိသည် ရှေးဟောင်းသမိုင်းပညာရှင်တစ်ဦး မဟုတ်သလို သုတေသီတစ်ဦးလည်း မဟုတ်ပါ။ သို့သော် ဗုဒ္ဓဘာသာတို့ အထွတ်အမြတ်ထားရာ သံဝေဇနီယလေးဌာန အပါအဝင် ရှေးဦးတစ်ဌာနဖြစ်သော ဖွားတော်မူရာ လုမ္ဗိနီသည် ရှေးက သက္ကတိုင်း၊ နီပေါ၌ တည်ရှိဖူးမြော်ခဲ့ရသည်ကို အပြောင်းအလဲမဖြစ်စေလို၍ ဖြစ်၏။ မည်သို့ဆိုစေ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်များ အားလုံးသည်လည်း ဖွားတော်မူရာ ဖြစ်တည်ခြင်းအပေါ် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်၌သာလျှင် အစစ်အမှန်ဖြစ်ကြောင်း မိမိနှင့်အတူ သဘောထား တူမျှကြမည် ထင်၏။

**ရှေးဦး ကပိလဝတ်၏ပုံရိပ်**

ကပိလဝတ်(Kapila) သည် ဘုရားလက်ထက်တော်အခါက သက္ကတိုင်း၏ မြို့တော်ဖြစ်၏။ သာကီဝင်များ နေထိုင်ကြ၏။ ရှေးအခါက မလ္လတိုင်းကို အစိုးရသော ဩက္ကာကမင်း၏ သားတော်၊ သမီးတော် (၉)ပါးတို့သည် ကပိလရသေ့၏ ကပိလဝတ္ထုကျောင်းနေရာတွင် မြို့တည်ထောင်ကြသဖြင့် ကပိလဝတ္ထု (ခေါ်) ကပိလဝတ်မြို့ဟု အမည်တွင်လေ၏။

သက္က၊ သကျ၊ သာကိယဟူ၍ သုံးမည်ရသော သာကီဝင် မင်းသား၊ မင်းသမီးတို့သည် မောင်နှမအချင်းချင်း စုံဖက်ကြသဖြင့် ခမည်းတော်မင်းကြီးက သက္ကဝတဘော ကုမာရဟု အံ့ဩချီးပ ပြောဆိုရသည့် စကားအရ ထိုသားတော်၊ သမီးတော်တို့ကို သက္ကမင်းသား၊ သက္ကသားဟု ခေါ်လေ၏။ ထိုမှ သင်းတို့နေထိုင်သော တိုင်းပြည်ကိုလည်း သက္ကတိုင်းဟူ၍ တွင်လေ၏။ နောက် သက္က သကျဟု ပြောင်းလဲလာ၏။ ထို့ပြင် မင်းသားများသည် ဟိမဝန္တာကျွန်းတောအနီး နေထိုင်ခြင်းကြောင့် သာကိယ၊ သာကီဝင်ဟု အဆင့်ဆင့် အမည်တွင်လာ၏။

**မြို့တည်ရာနှင့် ထူးခြားသော နေရာဌာနအချို့**

မြို့ကပိလ၏ နယ်နိမိတ် အရှေ့ဘက်လုမ္ဗိနီအနီး ရှေ



လုမ္ဗိနီဥယျာဉ်တော်အတွင်းရှိ [illegible] အသောကမင်းကြီး၏ အထိမ်းအမှတ်ကျောက်တိုင်



www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားရာ လုမ္ဗိနီဒေသရှိ ညောင်ပင်ကြီးနှင့် ရေကန်တော်

မြစ်၊ အရှေ့တောင်ဘက် မလ္လတိုင်း၊ တောင်ဘက် ကောသလတိုင်း၊ အနောက်ဘက် အစိရဝတီ(ရာပတိ) မြစ်၊ မြောက်ဘက် ဟိမဝန္တာ တောင်ခြေတို့ ဖြစ်၏။ ကပိလဝတ် အနီးကိုဖြတ်၍ ရောဟိဏီ(Rohini)မြစ် စီးဆင်းနေ၏။ ရောဟိဏီ မြစ်သည် ကပိလဝတ်နှင့် ကောလိယပြည်နယ် ဒေသကို အလယ် ဖြတ် ပိုင်းခြားထား၏။ ရောဟိဏီ မြစ်၏ အရှေ့ဘက်တွင် ကပိလမြို့ ရှိ၏။ မြို့အနီးတွင် မဟာဝနတော ရှိ၏။ ကပိလနှင့် ဒေဝဒဟာအကြား လုမ္ဗိနီဥယျာဉ် ရှိ၏။ ဘုရားရှင် နှစ်သက်မွေ့လျော်တော်မူသော ညောင်တော (ခေါ်) နိဂြောဓစခန်းလည်း ရှိ၏။ ထိုတော၌ ကာလာခေမသည် ဘုရားရှင်အတွက် ကျောင်းဆောက်လုပ် လှူဒါန်းရာ နိဂြောဓာရာမ နိဂြောရုံကျောင်းဟု အမည်တွင်၏။


ထို့ပြင် ယခင်က ဘုရားရှင်နှင့် သီတင်းသုံးဖော်ဆောင်း ဖြစ်ခဲ့ဖူးသော ဘရဏ္ဍုကာလာမ ရသေ့ကျောင်းလည်း ရှိသေး၏။ အခါအားလျော်စွာ ဘုရားရှင်သည် သံဃာအစည်းအဝေးကြီးများကို ကပိလသန္ထာဂါရ (ခေါ်) သာကီဝင်တို့၏ တိုင်းပြည်ရေးရာ အစည်းအဝေးခန်းမဆောင်၌ ကျင်းပလေ့ရှိ၏။ ယင်းတို့သည် ယခုအခါ နီပေါ၏ ကပိလမြို့ပြဒေသ အပိုင်းအစများ ဖြစ်လေ၏။

**<u>သာကီဝင်သားတို့၏ ဘဝအချိုးအကွေ့</u>**

ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး နတ်ရွာစံသော အခါ ကပိလဝတ်၏ နန်းတော်ကို ဘုရားရှင်၏အစ်ကို ဝမ်းကွဲတော်သူ မဟာနာမ်မင်းက ဆက်လက်အုပ်ချုပ်၏။ ထိုမင်းလက်ထက်တွင် ကပိလဝတ်မှာ ကောသလတိုင်း၏ လက်အောက်ခံ နိုင်ငံအဖြစ် ကျရောက်လေ၏။

တစ်နေ့ ကောသလတိုင်းဘုရင် ပသေနဒီမင်းက ဘုရားနှင့် ဆွေမျိုးစပ်လို၍ လက်အောက်ခံ မဟာနာမ်မင်းထံ သမီးတစ်ပါး ဆက်သရန် အာဏာဖြင့် တောင်း၏။ ထိုအခါ မဟာနာမ်မင်းသည် သာကီဝင်မင်းသမီးကို မပေးဘဲ ကျွန်မတစ်ဦးက မွေးသောသမီးကို သာကီဝင်မင်းသမီးလေး အမှတ်ဖြင့် ဆက်သလိုက်လေ၏။

ထိုမင်းသမီးနှင့် ကောသလမင်းတို့မှရသော ဝိဋ္ဋူဘ ဆိုသော မင်းသားလေးတစ်ဦး ဖွားမြင်လေ၏။ မင်းသားလေး အရွယ်ရောက်သည့်အခါ ဘိုးတော်မဟာနာမ်မင်းကို ဂါရဝပြုဖူးမြော်လို၍ ကပိလဝတ်သို့ သွား၏။ ကပိလဝတ်



ဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်

www.burmeseclassic.com



နီပေါနိုင်ငံရှိ ကပိလဝတ္ထု(မြို့ဟောင်း)နေရာ

နန်းတော်သို့ ရောက်ရှိသည့်အခါ မိမိထက် ငယ်ရွယ်သူများအား မတွေ့ရဘဲ ကြီးသူများကိုသာ တွေ့ဆုံရပြီး သူချည်းသာ နဖူးလက်က မချရလောက်အောင် လက်အုပ်ချီမိုးရှိခိုးကန်တော့ရလေ၏။ နောက်ကပိလဝတ်နန်းတော်မှ ပြန်သောအခါ သူကိုယ်တိုင် ယာယီသီတင်းသုံးခဲ့သည့် နန်းဆောင်နေရာကို နို့ရည်ဖြင့် ဆေးကြောသည်ကို သိရပြန်၏။

ကောသလနန်းတော်သို့ ပြန်ရောက်သည့်အခါ မယ်တော်ထံမှ အကြောင်းစုံသိရသဖြင့် ထိုအခါမှစ၍ ဝိဋူဍဘမင်းသားသည် အမျိုးမာန်ကြီးသော သာကီဝင်တို့အပေါ် ရန်ငြိုးကြီးစွာထားလေ၏။ ယင်းဖြစ်ရပ်ကြောင့် ဝိဋူဍဘသည် ခမည်းတော်ပသေနဒီကို ဖယ်ရှားပြီးနောက် ကောသလတိုင်း ဘုရင်ဖြစ်လာသောအခါ သူ့မိခင်နှင့် သူ့အားကျွန်မသားဟု စော်ကားမော်ကားပြုထားသည့် သာကီဝင်မင်းမျိုးအားလုံးကို သွေးချောင်းစီးမျှ မျိုးတုံးသတ်ဖြတ်ရာ ကပိလဝတ်လည်း ပျက်လေ၏။

## နှစ်မြို့ဖြစ်လာသော ကပိလဝတ်

ယခုအခါ ကပိလဝတ်သည် နှစ်မြို့ဖြစ်နေ၏။ မြို့ဟောင်းသည် နီပေါနိုင်ငံ တိလောရာကုတ်(Tilaurakot) အရပ်တွင် တည်ရှိ၍ မြို့သစ်သည် အိန္ဒိယနိုင်ငံ ပိပရဝါး (Piprahwa) တွင် တည်ရှိလေ၏။ ဝိဋူဍဘမင်းသားက ကပိလဝတ်မြို့ကို ဖျက်ဆီးပစ်၍ ထွက်ပြေးလွတ်မြောက်သွားသော သာကီဝင်များသည် နေရာပြောင်း၍ မြို့သစ် တည်ကြသဖြင့် ထိုသို့ မြို့နှစ်မြို့ ဖြစ်လေ၏။

တကယ်တမ်း ဘုရားလက်ထက်တော်အခါက ကပိလဝတ်မြို့သည် အနောက်ဘက်ကောသလတိုင်း၊ အရှေ့ဘက် မလ္လတိုင်းအကြား တည်ရှိသည်ဟု အတိအကျတိုင်းကာ ပြသနိုင်၏။ ယင်းမှာ ရှေးက အနောက်မဇ္ဈိမဒေသ အင်ပါယာတွင်း၌သာ ရှာဖွေဖော်ထုတ်နိုင်မည် ဖြစ်သော်လည်း ယနေ့ကဲ့သို့ အိန္ဒိယနှင့် နီပေါ နှစ်နိုင်ငံ တည်ရှိလာသောအခါ ရှေးက တစ်ခုတည်းသော သက္ကတိုင်းသည် နှစ်ပိုင်းကွဲသလို ကပိလမြို့သည်လည်း နှစ်မြို့ဖြစ်လာ၏။ ယင်းဖြစ်စဉ်ကြောင့် အိန္ဒိယနှင့် နီပေါနှစ်နိုင်ငံတို့ ကပိလဒေသရှိ ဖွားတော်မူရာဌာနကို သူပိုင်သည်၊ ကိုယ်ပိုင်သည်ဟူ၍ အငြင်းပွားကြသည်မှာ ပိုင်ဆိုင်လိုသော ဆန္ဒတစ်ခုတည်းကို ရှေ့တန်းတင်လိုခြင်းကြောင့် ဖြစ်တန်ရာ၏။



အိန္ဒိယနိုင်ငံရှိ ကပိလဝတ္ထု(မြို့သစ်)နေရာ

## တကယ်တမ်း လေ့လာစိစစ်မည်ဆိုလျှင်

ယေဘုယျဆန်ဆန် အပေါ်ယံပြော၍မရ။ အစစ်အမှန် ကို အစစ်အမှန်ဖြစ်သော ကာလဒေသပယောဂအရ တူးဖော်တွေ့ရှိသည့် မြို့ပြရုပ်ကြွင်းများကသာ သက်သေခံမည် ဖြစ်လေ၏။ ယခုအခါ သက္ကတိုင်းဒေသသည် အိန္ဒိယနိုင်ငံအတွင်း အစိတ်အပိုင်း အတော်များများ တည်ရှိရာ ဥတ္တရာပ ဒေ့(ရှ်)ပြည်နယ်၊ ဗာဆတီခရိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com


အယုဒ္ဓယ(သာကေတ)နယ် အရှေ့ပိုင်းတို့ ပါဝင်သည် မှန်၏။

သို့သော် သီရိဓမ္မာသောက မင်းလက်ထက် မင်းတရားကြီးသည် နီပေါနိုင်ငံ၊ ကပိလဝတ်မြို့သို့သွားသော ခရီးစဉ်မှတ်တမ်း ရှိသော်လည်း အိန္ဒိယနိုင်ငံ၊ ကပိလဝတ်မြို့သို့ သွားခဲ့ကြောင်း မှတ်တမ်းဟူ၍ မရှိပေ။

(၁၉၇၈)ခုနှစ်က ရှေးဟောင်းသုတေသနဌာနက ကပိလဝတ်နှစ်မြို့လုံးကို တူးဖော်လေ့လာမှုပြုလေ၏။ အိန္ဒိယဘက်ခြမ်းတွင် ကျောက်သေတ္တာကြီးတစ်လုံးကို တွေ့၏။ ယင်းကျောက်သေတ္တာထဲ၌ ပန်းအိုးငယ်များ၊ ကြုတ်ငယ်လေးများနှင့် ခေါင်းခဲစရာအငြင်းပွားဖွယ်ရာစာများကို တွေ့ရသည်ဟု ဆိုလေ၏။ စာသားအချို့တွင် ဒီဃသရ မပါခြင်း၊ လက်ရေးပုံစံ ညံ့ဖျင်းခြင်း၊ အသောကကျောက်စာများရှိ စကားအသုံးအနှုန်းတွေခြင်း စသည့်ချို့ယွင်းချက်များကို တွေ့ရှိရ၏။

နောက်တစ်ခု ကမ္ပည်းကျောက်စာမှာ ဘီစီ(၂)ရာစုခန့်ကမှ ရေးထိုးခဲ့သည်ဟု ယူဆကြ၏။ အသောကခေတ်ထက် နှစ်ပေါင်း(၁၀၀)ကျော်ပင် နောက်ကျ၏။ ယင်း၏ဘန်ဖိုးမှာ သီရိဝစတု(Srivastava) ဟူ၍ ဆိုရမည်လား၊ ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က ရှေးဟောင်းအမွေအနှစ်ပစ္စည်းကို ရှာဖွေရင်း ထူးထူးခြားခြား ဖြစ်စေလို၍ ကျောက်စာရေးထိုးသွားဟန်ရှိ၏ဟူ၍ ယူဆကြဖွယ် ရှိလေ၏။

သို့သော် နီပေါနှင့်စပ်၍ တရုတ်ရဟန်းတော် ဟိယုန်ဆန် (Hiuen Tsang) မှ ဗြိတိသျှ ကျောက်စာဝန် မူခေး(ရ်)ဂျီ (Mukherjee) တို့ နီပေါနိုင်ငံ တိလောရာကုတ်၌ တွေ့ရှိသည့် မြို့သည် ဘုရားရှင်နှင့် သာကီဝင်ဆွေတော်မျိုးတော်များ နေထိုင်ခဲ့သော ကပိလဝတ်မြို့ဖြစ်သည်ဟု မှတ်တမ်းတင်ရေးသားခဲ့ကြောင်း အထောက်အထားရှိလေ၏။



ဘုရားအလောင်းတော် ဖွားမြင်တော်မူရာ လုမ္ဗိနီသာမော အင်ကြင်းတော (သံဝေဇနိယဌာန)

**နီပေါ၏ ကပိလဝတ်အပိုင်းအစများ**

ယခုအခါ နီပေါနိုင်ငံရှိ ရှေးကပိလဝတ်မြို့သည် တိလောရာကုတ်၏ မြောက်ဘက်အစပ်နားတွင် တည်ရှိ၏။ တူးဖော်တွေ့ရှိထားသည့် အမွေအနှစ်ပစ္စည်းများ၏ အစောဆုံးအချိန်မှာ ဘီစီ(၆)ရာစုကဖြစ်၍ နောက်ဆုံးအချိန်မှာ ဆုန်ဂ(Sunga) ခေတ်၊ ကုသျှန(Kushna) ခေတ်နှင့် ပဉ္စာလ (Pancala) မင်းများခေတ်တို့ ဖြစ်၏။

တွေ့ရှိသော ပစ္စည်းများအနက် ဆေးရောင်ခြယ်ထားသည့် အနီရောင်ဖန်ထည်ပစ္စည်းများနှင့် ပိုက်ဆံစေ့များ ပါဝင်၏။ အေဒီ(၁)ရာစုရောက်လောက်တွင် ပျက်စီးသွားခဲ့




နီပေါနှင့် အိန္ဒိယရှိ ကပိလဝတ် နှစ်မြို့နှင့် ဖွားတော်မူရာ လုမ္ဗိနီ အခြေပြ

သည့် ကပိလဝတ်မြို့ဟောင်း အဆောက်အအုံ အကြွင်းအကျန်များ အားလုံးသည် (၄၉.၅)ကေမျှ ကျယ်ဝန်းသော မြေပြင်ကို ဖြန့်ကြက်ဖုံးအုပ်ထားလျက်ရှိရာ နီပေါဘက်ရှိ ခိုင်မာသော ပြယုဂ်များပင် ဖြစ်လေ၏။


ကျောက်သေတ္တာထဲမှ တွေ့ရှိသော ဓာတ်တော်ကြုတ်များ

ယခုတင်ပြချက်များသည် စာရေးသူ မိမိတစ်ဦးတည်း၏ အတ္တနောမတိ ဆန္ဒမျှ မဟုတ်။ သာဝတ္ထိမြန်မာကျောင်းဆရာတော်၏ မဇ္ဈိမဒေသမြို့ရွာများမှ သမိုင်းရပ်ကြွင်းပုံရိပ်လွှာများအရ မြို့ကပိလနှစ်ဌာန၏ သုတေသနပြုချက်အပေါ် အထောက်အထားပြုတင်ပြခြင်း၊ မိမိကိုယ်တိုင်လည်း ဘုရားဖူးရောက်ရှိ လေ့လာထားခြင်း အပါအဝင်ဖြစ်ရာ အဘယ်ကပိလဝတ်မြို့ပြဟူသည် ဘုရားရှင် ဖွားတော်မူရာ သံဝေဇနီယမူလဒေသ အစစ်အမှန်ဖြစ်သည်ကို စာရှုသူတို့ ကိုယ်ပိုင်ဆင်ခြင်ဉာဏ်ဖြင့် ပိုင်းဖြတ်ရယူကြရန်သာ ဖြစ်ပါကြောင်း ဆန္ဒပြုတင်ပြလိုက်ရပေသတည်း။

နန္ဒာမောင်(သံပြူဇရပ်)




# မိုးကုတ်ဦးသန်းမောင်



# နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်




## အဆောင်ကောင်း

၁။ ကျွန်ုပ်တွင် သားသမီးသုံးဦး ထွန်းကားခဲ့ရာ ရတနာအဆောင်တစ်မျိုးကို ဝတ်ဆင်စေခဲ့သည်။ သုံးဦးလုံးမှာ ဆရာဝန် ဖြစ်သွားကြသည်။ ကျွန်ုပ်ကမူ 'နဝရတ်ကိုးပါး'ကိုသာ ဝတ်ဆင်၏။



၂။ ကျန်းမာရေး လက်တွေ့ကောင်းမွန်စေသည့် 'အာယုဗြိုဟ်ကျောက်'ဖြင့် စီမံပြုလုပ်သော 'ကျန်းမာရေးလက်စွပ်' နေသိဒ္ဓိနက္ခတ်၌ ပွဲတင်စီမံပြုလုပ်သည်။





မိုးကုတ် ဦးသန်းမောင်
နေလနှစ်ပါး သိဒ္ဓိရတနာဆိုင်
အခန်း(B 2)၊ ကျောက်မျက်ပြတိုက်၊ ကမ္ဘာအေးဘုရားလမ်း။
☎ (၀၁)၇၀၅၀၇၀ ၊ ၀၉ ၅၁ ၃၀၉၇၄ ၊ ၀၉ ၇၃ ၂၀ ၅၀ ၂၈

www.burmeseclassic.com

# ကမ္ဘာ့အံ့ဖွယ်ခုနစ်သွယ်

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

<u>ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါး</u>

ရှေးဟောင်းဂရိနဲ့ ရောမအကြောင်း လေ့လာစူးစမ်းသူတွေက ရှေးခေတ်အခါက သာမန်ထက် ပိုမိုထူးကဲပြီး အနုပညာနဲ့ ဗိသုကာလက်ရာမြောက်တဲ့ အရာတွေကို ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးအဖြစ် သတ်မှတ်ယူဆခဲ့ကြတာပါ။

ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးထဲက အီဂျစ်က ပိရမစ်တွေဟာ ယနေ့တိုင် တည်ရှိနေဆဲပါ။ အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့အနီးနိုင်းမြစ်ကမ်းပါး အနောက်ဘက်ခြမ်းက ဂီဇာ(Giza) အရပ်မှာတော့ ပိရမစ်တွေဟာ မူရင်းအခြေအနေနဲ့ မကွဲပြားလှတဲ့ ပုံသဏ္ဌာန်တစ်ခုနဲ့ ရှင်သန်နေဆဲရှိပါတယ်။ ပိရမစ်သုံးခုထဲမှာ အကြီးဆုံးကတော့ ကူဖူမဟာပိရမစ်ကြီး(the Great Pyramid of Khufu) လို့ အမည်ရပြီး တစ်ခုချင်းစီကလည်း (၂.၅)တန်လောက်လေးတဲ့ ကျောက်ဘလောက်တုံး(blocks of stone) (၂.၃)သန်းလောက်နဲ့ တည်ဆောက်ထားတာပါ။ ပိရမစ်တွေဟာ အချိန်တိုင်းရဲ့ အံ့ချီးဖွယ်ရာ အင်ဂျင်နီယာလက်ရာတစ်ခုအဖြစ် ကျန်ရစ်နေမှာပါ။

ရှေးဟောင်းမြေထဲပင်လယ် (Mediterranean) နဲ့ အရှေ့အလယ်ပိုင်းမှာ အမျိုးမျိုးသော စူးစမ်းလေ့လာသူတွေ စာရင်းတင်ထားသလို အလွန်ထူးခြားပြီး ပြိုင်ဘက်ကင်းတဲ့ ဗိသုကာဆိုင်ရာနဲ့ ပန်းပုဆိုင်ရာ အောင်မြင်မှုတွေ ဖြစ်ထွန်းခဲ့ပါတယ်။ ရှေးလက်ရာတွေထဲက ထုတ်နုတ်ထားတဲ့ ကမ္ဘာ့အံ့ဖွယ်စာရင်းတွေဟာလည်း အများအပြား ထွက်ရှိလာပါတယ်။ အဲဒီအံ့သြဘနန်း လက်ရာစာရင်းတွေထဲမှာ ဒီနေ့သိရှိနေကြတဲ့ အထင်ရှားဆုံးစာရင်းဟာ ဒုတိယရာစုဘီစီက စူးစမ်းလေ့လာရေးသမား စာရေးသူတစ်ဦးရဲ့ ခရီးသွားစာပေ(Antipater of Sidon) မှာ ဖော်ပြထားတာတွေပါ။ ဘယ်သူရယ်လို့ မသိကြပေမယ့် နောက်ပိုင်းမှာတော့ ဘိုင်ဇင်းတီးယမ်း သင်္ချာပညာရှင်(Philon of Byzantium) ဖြစ်မယ်လို့ ကျိန်းသေပေါက် ယူဆကြပါတယ်။

ဒီဒုတိယရာစုဘီစီက ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးစာရင်းထဲမှာ အစဉ်အလိုက်ရှိနေတဲ့ ကမ္ဘာ့အံ့ဖွယ်တွေ အားလုံးကို ပိရမစ်တွေမှတစ်ပါး မြေထဲပင်လယ်ရဲ့ အရှေ့ဘက်ကမ်းရိုးတန်းအနီးမှာ (၆၀၀)ဘီစီလောက်က ရာစုနှစ်(၄)ခုအတွင်း ရှေးလူတို့ တည်ဆောက်ခဲ့ကြတာပါ။

အဲဒီစာရင်းထဲမှာပါတဲ့ နောက်ဆုံးသော အံ့ဖွယ်တွေဖြစ်တဲ့ အရာတွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

၁။ ဂင်ဇာက ပိရမစ်တွေ(Pyramids of Giza) - ဒါတွေဟာ အံ့သြစရာတွေထဲမှာ ရှေးအကျဆုံး ဖြစ်ပါတယ်။ ပြီးတော့ ယနေ့ထက်တိုင် ပြောရလောက်အောင် မည်မည်ရရ တည်ရှိနေဆဲ တစ်ခုတည်းသောအရာလည်း ဖြစ်ပါရဲ့။

၂။ ဘေဘီလုံ(Babylon) က ချိတ်ဆွဲထားတဲ့ဥယျာဉ် (Hanging Gardens) - ဒါဟာ အစီအစဉ်တကျ၊ မြေယာပြုပြင်ထားမှုလို့ တွေးဆရပါတယ်။ အဆင့်ဆင့် အစီအရီရှိနေတဲ့ မြေသားပစ္စယာ(terraces) တွေကို နေရာအတိအကျလည်း မသိနိုင်တော့ပါဘူး။ ယေဘုယျအားဖြင့်တော့ မိဖုရား(Queen Sammuramat)၊ ဘုရင်(King Nebuchadrezzar II) (သို့မဟုတ်) (the Assyrian) ဘုရင်၊ (Sennacherib) တို့ရဲ့ လုပ်ဆောင်မှုတွေအဖြစ် မှတ်ယူရပါတယ်။

၃။ အိုလံပီယာ(Olympia) က ဇီးယပ်ရုပ်တု(Statue of Zeus) - (၄၃၀)ဘီစီခေတ်လောက်က Phidias of Athens ပြုလုပ်ခဲ့တဲ့ နတ်ဘုရားရဲ့ အဆင်တန်ဆာအပြည့် ဆင်ယင်ပြီး သူ့ပလ္လင်တော်ပေါ်မှာ စံမြန်းနေတဲ့ ကြီးမားလှသော ရုပ်တုကြီးပါ။

၄။ အက်ပီးစပ်စ်(Ephesus) မှာရှိတဲ့ Temple of Artemis နတ်ဘုရားကျောင်း - အဆောက်အအုံရဲ့ ကြီးမားထည်ဝါလှတဲ့ အရွယ်အစားနဲ့ အဲဒီမှာ တန်ဆာဆင်ထားတဲ့ အနုပညာရုပ်တွေကြောင့် ထင်ရှားကျော်ကြားတဲ့ အဆောက်အအုံကြီးတစ်ခုပါ။

၅။ ဟာလီကာနက်ဆပ်စ်ဗိမာန်(Mausoleum of Halicarnassus)-အနာတိုလီယန်ဘုရင်မူဆိုလပ်(the Anatolian



www.burmeseclassic.com

www.burmeseclassic.com

King Mausolus) ရဲ့ သင်္ချိုင်းဂူ(tomb) အဆောက်အအုံ ဖြစ်ပြီး သူ့ရဲ့ ကျန်ရစ်သူမုဆိုးမ အာတီမစ်ရှား(Artemisia) က အောက်မေ့ဖွယ် တည်ဆောက်ပေးခဲ့တာပါ။

၆။ ရိုးဒတ်စ်ရှေမရုပ်တုကြီး(Colossus of Rhodes) - အလွန်တရာကြီးမားလှတဲ့ ကြေးရုပ်တု(bronze statue) ဖြစ်ပြီး ရိုးဒတ်စ်ဆိပ်ကမ်း(the harbour of Rhodes) မှာ တည်ဆောက်ခဲ့တာပါ။ (၃၀၅-၃၀၄)ဘီစီက ရိုးဒတ်စ် (Rhodes) ကို စစ်သည်ဗိုလ်ပါတွေနဲ့ ဝိုင်းဝန်းထားခဲ့ခြင်း အား အမှတ်တရအထိမ်းအမှတ်အဖြစ် တည်ဆောက်ခဲ့တာ ပါ။

၇။ အလက်ဇန္ဒြီးယားက ဖာရိုး(Pharos of Alexandria)- ရှေးဟောင်းကမ္ဘာရဲ့ အထင်ရှား၊ အကျော်ကြားဆုံး မီးပြ တိုက်(lighthouse) ကြီးပါ။ အီဂျစ်က ဒုတိယမြောက် တော်လမီ(Ptolemy II) အတွက် (၂၈၀)ဘီစီလောက်က တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ အလက်ဇန္ဒြီးယား (Alexandria) က (the island of Pharos) ကျွန်းမှာ တည် ဆောက်ထားခဲ့တာပါ။

အချို့သော အစောပိုင်း ကမ္ဘာ့အံ့ဖွယ်ရာ စာရင်းတွေ မှာ ဘေဘီလုံကတံတိုင်း(the Walls of Babylon) တွေ လည်း ပါဝင်နေပါတယ်။ ဒါမှမဟုတ် အထက်မှာ ဖော်ပြ ထားတဲ့ နေရာတစ်ခုခုမှာ တည်ရှိခဲ့တဲ့ (the Palace of King Cyrus of Persia) နန်းဆောင်တွေလည်း ပါဝင်ပါ တယ်။

ဂရိ-ရောမ ရှေးဟောင်းအနုသတ်ရာ(Greco-Roman antiquity)ရဲ့ အံ့ဖွယ်ခုနစ်ဖြာကို ဆက်တက်ဆက်ခံတဲ့ မျိုးဆက်တွေက စုပေါင်းစာရင်းပြုစုထားတဲ့ များစွာသော အခြားစာရင်းတွေလည်း ရှိပါတယ်။ အဲဒါတွေထဲမှာ စိတ်ဝင်စားဖွယ်ရာ ဆွဲဆောင်နေတဲ့ သဘာဝအတိုင်း တည်ရှိတာတွေနဲ့ လူတွေ လုပ်ခဲ့ (man-made) တာတွေ နှစ်မျိုးစလုံး ပါဝင်နေကြတယ်။ အချို့သော စာရင်းတွေမှာတော့ အားလုံးထဲက သတ်မှတ်ထားတဲ့ အံ့ဖွယ်ခုနစ်ဖြာဟာ အလယ်ခေတ် (the Middle Ages)ရဲ့ ဗိသုကာဆိုင်ရာ အံ့သြဖွယ်ရာတွေ၊ ကမ္ဘာ့သဘာဝ အံ့သြဖွယ်ရာတွေ၊ အမေရိကန်ပြည်ထောင်စုရဲ့ သဘာဝ အံ့သြဖွယ်ရာတွေ၊ ယနေ့ခေတ်သစ်ရဲ့ ဗိသုကာဆိုင်ရာ အံ့သြဖွယ်ရာတွေနဲ့ အမေရိကန် အင်ဂျင်နီယာအတတ်ပညာရဲ့ အံ့သြဖွယ်ရာတွေလည်း ပါဝင်နေကြပါတယ်။

၁။ **အီဂျစ်ပိရမစ်များ (the Pyramids of Egypt)**

ဒီပိရမစ်တွေကို နိုင်းလ်မြစ်ရဲ့ အနောက်ဘက်ကမ်း ပါး ဂီဇာ(Giza) အရပ်မှာ စတုတ္ထမြောက်မင်းဆက်(the 4th Dynasty)(၂၅၇၅ ကနေ ၂၄၆၇-ဘီစီလောက်အထိ) အတွင်း တည်ဆောက်ခဲ့ကြပါတယ်။ အံ့ဖွယ်ခုနစ်ပါးထဲက အဟောင်းအိုဆုံးဖြစ်တဲ့ ပိရမစ်တွေဟာ ယနေ့အခါမှာတော့ တစ်ခုတည်းသော ခြေရာလက်ရာမပျက် ကျန်ရစ်နေဆဲ အရာများပါ။ ပိရမစ်တွေရဲ့ မျက်နှာစာကို ပုံဖော်ခဲ့တဲ့ အဖြူ ရောင်ကျောက်တုံးတွေကို နောက်ပိုင်းမှာတော့ ကိုင်ရိုမှာ ဆောက်လုပ်ရေးပစ္စည်းတွေအဖြစ်သုံးဖို့ ယူဆောင်သွားပြီး ဖယ်ရှားပစ်ခဲ့ကြပါတယ်။

ပိရမစ်တွေထဲက အကြီးဆုံးဟာ ခုဖူ(King Khufu) ရဲ့ ပိရမစ်ဖြစ်ပြီး အဲဒါကို တစ်ခါတစ်ရံမှာ မဟာပိရမစ် ကြီး(the Great Pyramid) အဖြစ်လည်း သိကြရဲ့။ အဲဒါ ဟာ (၄.၈)ဟက်တာ(၁၂-ဧက)ကျော်လောက်သော ဧရိ ယာတစ်ခုကို လွှမ်းမိုးထားပေ့ါ။ ဂရိသမိုင်းပညာရှင် ဟီရို



www.burmeseclassic.com


ဒိုးတပ်စ်(Herodotus) အဆိုအရ ဆိုရင်တော့ နေရာကို ပြင်ဆင်ဖို့ချည်း (၁၀)နှစ်လောက် လိုမှာပါ။ ဒါ့အပြင် အဲဒီအထဲမှာ ဘုရင့်ရဲ့ သင်္ချိုင်းဂူရှိနေတဲ့ ဒီပိရမစ်ကြီး အပြီး သတ်နိုင်ဖို့ လုပ်သားတစ်သိန်းလောက်က နှစ်(၂၀)လောက် တည်ဆောက်ခဲ့ကြရပါသတဲ့။ အခြားသော ကမ္ဘာ့အံ့ဖွယ် စာရင်းတွေမှာလည်း အခြားသော ပိရမစ်တွေထက်စာရင် မဟာပိရမစ်ကြီးကိုတော့ ပါအောင် ထည့်တတ်ကြရဲ့။

ဒီပုံဟာ ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးထဲက တစ်ခုဖြစ်ပြီး အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့အနီး Giza အရပ်မှာ တည်ရှိတဲ့ ပိရမစ်တွေထဲက အကျော်ကြားဆုံး တစ်ခုပါ။ ဒါဟာ အကောင်းအတိုင်း ကျန်ရှိနေဆဲ တစ်ခုတည်းသော ကမ္ဘာ့ အံ့ဖွယ်ရာလည်း ဖြစ်ပါတယ်။ ဒီမှာ သရုပ်ဖော်တင်ပြထားတဲ့ ပိရမစ်တွေဟာ (၁၆)ရာစု ဒတ်ချ်အနုပညာရှင် (Maarten van Heemskerck) ရဲ့ ပုံထွင်းပြီး ဘလောက်တုံးနဲ့ ကူးထားတဲ့ ပုံထွင်း(engraving) လက်ရာတစ်ခုပေါ့။

## ၂။ ဘေဘီလုံက ချိတ်ဆွဲထားတဲ့ဥယျာဉ် (the Hanging Gardens of Babylon)

ဒီဘေဘီလုံက ချိတ်ဆွဲထားတဲ့ဥယျာဉ်(the Hanging Gardens of Babylon) ပုံဟာ (၆၀၀)ဘီစီလောက်က ဘုရင်(King Nebuchadnezzar II) တည်ဆောက်ခဲ့တာ ဖြစ်နိုင်ပါရဲ့။ ဒါဟာ တောင်တစ်ခုလို (a mountainlike) စီကာစဉ်ကာ စိုက်ပျိုးထားတဲ့ လှေကားထစ်အဆင့်ဆင့် (series of planted terraces) ပါ။ ရှေးဟောင်းသမိုင်းပညာရှင်တွေ အစီရင်ခံ တင်ပြထားတဲ့ အဲဒီအချိန်ကာလက ဘေဘီလုံဟာ အဲဒါရဲ့ ခမ်းနားထည်ဝါလှတဲ့ နန်းဆောင်တွေ၊ နတ်တုရားကျောင်း အဆောက်အအုံတွေ၊ ခံတပ်တံတိုင်းနံရံ (fortification walls) တွေ၊ ကျောက်ပြားတွေ ခင်းထားပြီး စီတန်းလျှောက်သွားလို့ရတဲ့ လမ်းတွေနဲ့ ညှို့ယူဖမ်းစားနေပါတယ်။ ချိတ်ဆွဲထားတဲ့ဥယျာဉ်(the Hanging Gardens) တွေမှာ များစွာသော အထပ်ထပ်အဆင့်ဆင့်နဲ့ လှေကားထစ်ပလက်ဖောင်းတွေ ရှိနေရဲ့။ အဲဒီပေါ်မှာ ကျော်ခွထားတဲ့ အမိုးခုံးတွေ ပါဝင်နေပြီး တော်တော်မြင့်တဲ့အထိ ဆန့်ထွက်လွှမ်းမိုးနေပါတယ်။ မှတ်တမ်းတွေအရ အမိုးခုံးတွေရဲ့ အမြင့်တွေဟာ (၂၄)မီတာ(ပေ ၈၀)လောက်ကနေ ခန့်မှန်းခြေအရ မယုံကြည်လောက်အောင်ဘဲ မီတာ(၉၀)(ပေ ၃၀၀) ကျော်တောင် ရှိရဲ့။ လှေကားထစ်အဆင့်တွေမှာ သစ်ပင်တွေ၊ အရောင်စုံလှတဲ့ အပင်နဲ့ ပန်းတွေကို ယူဖရေးတီးမြစ်(the Euphrates River) ကနေ သွယ်ယူထားတဲ့ မြောင်းတွေက ရေတွေနဲ့ စိုက်ပျိုးထားခဲ့တယ်။ ရှေးဟောင်းသုတေသနပညာရှင်တွေဟာ ယူဖရေးတီးမြစ်တစ်လျှောက်မှာ ကြွင်းကျန်တည်ရှိနေတဲ့ ချိတ်ဆွဲထားတဲ့ ဥယျာဉ်တွေမှာ အပါအဝင်ဖြစ်နိုင်တဲ့ တံတိုင်းတွေကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြတယ်။

ဒီပုံဟာ ၁၆ရာစု ဒတ်ချ်အနုပညာရှင်(Maarten van Heemskerck) လက်ရေး အရောင်သွင်းကာ ပုံဖော်ရေးထွင်းထားတဲ့(hand-colored engraving) ပါ။ ကမ္ဘာ့အံ့ဖွယ် ခုနစ်ပါးထဲက တစ်ခုဖြစ်တဲ့ ဘေဘီလုံက ချိတ်ဆွဲထားတဲ့ ဥယျာဉ်(the Hanging Gardens of Babylon) ပုံ ဖြစ်ပါတယ်။ နည်းပညာအရ ဥယျာဉ်တွေဟာ ချိတ်ဆွဲထားတာ မဟုတ်ပေမယ့် ဘေဘီလုံရဲ့ တော်ဝင်နန်းတော်က အမိုးတွေနဲ့ ပစ္စယာ(terraces) အဆင့်ဆင့်မှာ စိုက်ပျိုးထားတာပါ။ (၆၀၀) ဘီစီလောက်မှာ (the Chaldean king) ဘုရင် (Ne-buchadnezzar II) က သူ့မ ဇာတိမြေရဲ့ သဘာဝပတ်ဝန်းကျင်တွေကို လွမ်းဆွတ်သတိရနေတဲ့ သူ့ရဲ့ (Median wife) မယားကို ဖြေသိမ့်စရာအဖြစ် အစားထိုးအလျှော်ပေးဖို့ ဒီ


Encarta Encyclopedia, THE BETTMANN ARCHIVE



www.burmeseclassic.com

www.burmeseclassic.com

ဥယျာဉ်တွေကို တည်ဆောက်ထားခဲ့တာ ဖြစ်နိုင်ရဲ့။

**ရှေးဟောင်းမြို့ကြီး ဘေဘီလုံ**

**(Babylon-ancient city)**

ယနေ့ခေတ် ဘဂ္ဂဒက်(Baghdd) မြို့အနီး ယူဖရေး တီးမြစ် အရှေ့ဘက်မှာ တည်ရှိခဲ့တဲ့ ဘေဘီလုံ(Babylon) မြို့တော်ကြီးဟာ ခုတော့ ရှေးဟောင်းမြို့ကြီး ဘေဘီလုံရဲ့ အပျက်အစီးတွေအဖြစ်သာ ရှိနေပေါ့။ ဘေဘီလုံဟာ အဆင့် ဆင့် တိုးတက်ဖွံ့ဖြိုးလာပြီး သူ့ရဲ့ ကျယ်ပြန့်ခြင်းအထွတ် အထိပ်ကို ရောက်ရှိလာခဲ့တယ်။ ဘုရင် (Nebuchadnezzar II) မင်းကြီးရဲ့လက်အောက် (နီယို-ဘေဘီလိုနီးယမ်းနန်း ဆက်) (the Neo-Babylonian dynasty) ကာလအတွင်းမှာ တော့ မြို့ကြီးဟာ အာရှအနောက်တောင်ပိုင်းရဲ့ ကြီးမားတဲ့ အပိုင်းတစ်ခုကို ဝန်းပတ်လွှမ်းခြုံနေတဲ့ မင်းနိုင်ငံရဲ့ မြို့ တော်နဲ့ ကမ္ဘာကြီးရဲ့ အကြီးဆုံးမြို့တော်အဖြစ် သိထားလာ ကြရဲ့။

ရှေးဟောင်းမြို့ကြီး ဘေဘီလုံ(Babylonian Bb-ilim) ဒါမှမဟုတ် Babil ဟာ ရှေးဟောင်းကမ္ဘာရဲ့ အရေးအပါ ဆုံး မြို့ကြီးတွေထဲက တစ်ခုဖြစ်ခဲ့ပါတယ်။ နတ်ဘုရားရဲ့ ဂိတ်ပေါက်ဝ(gate of God) လို့လည်း ထင်ရှားခဲ့ပါတယ်။ အဲဒါရဲ့ တည်နေရာဟာ အီရတ်(Iraq) နိုင်ငံ၊ ဘဂ္ဂဒက်မြို့ ကြီးရဲ့တောင်ဘက် ကီလိုမီတာ(၉၀)(၅၆-မိုင်)အကွာ ယူ ဖရေးတီးမြစ် အရှေ့ဘက်လေးမှာပါ။ ယနေ့မှာတော့ ကျယ် ပြန့်တဲ့ အပျက်အစီးဧရိယာတစ်ခုအဖြစ်သာ အမှတ်အသား ပြုရာတစ်ခု ဖြစ်နေပေါ့။

ဒါဟာ ဒုတိယနဲ့ ပထမ ထောင်စုနှစ်ဘီစီမှာ ဘေဘီ လိုနီးယားတွေရဲ့မြို့တော်(the capital of Babylonia) ပါ။ ဒီအခါကတော့ အဲဒါရဲ့ တည်နေရာပေါ်မှာ မြို့ကြီးဟာ အကျိုးအမြတ်ရှိခဲ့ပြီး ပါရှင်းပင်လယ်ကွေ့(the Persian Gulf) တိုင် ဆန့်ထုတ်နိုင်ကာ မြေထဲပင်လယ်ကိုဖြတ်ပြီး ဆက်သွယ်ထားတဲ့ အဓိကကုန်းလမ်း ကုန်သွယ်ရေးလမ်း ကြောင်း (overland trade route) ကို ပွင့်စေခဲ့တယ်။

**ဘေဘီလုံရဲ့ အစောပိုင်းသမိုင်း**

သမိုင်းမတင်မီကာလ(prehistoric times) မှာတည်း က အခြေချနေထိုင်ခဲ့ရာဖြစ်သော်လည်း ဘေဘီလုံကို မှတ် တမ်းမှတ်ရာတွေမှာ ပထမဆုံးဖော်ပြခဲ့တာကတော့ တတိယ ထောင်စုနှစ် နောက်ပိုင်းမှသာလို့ ဖြစ်ပါတယ်။ (၂၂၀၀)ဘီစီ ကာလမှာ အဲဒါကို နတ်ဘုရားကျောင်း(temple) တစ်ခုရဲ့ နေရာအဖြစ် သိခဲ့ကြတယ်။ (၂၁)ရာစုဘီစီမှာတော့ ဒါဟာ အနီးအပါးက (city of Ur) ဖြစ်ဖွယ်ရှိတယ်လို့ ယူဆခဲ့ ကြတယ်။ ဘေဘီလုံဟာ (၁၈၉၄)ဘီစီမှာတော့ (the Amorite Sumu-abum) က မင်းဆက်(dynasty) တစ်ခုကို အဲဒီနေရာမှာ ထူထောင်လိုက်တဲ့အခါ လွတ်လပ်တဲ့ မြို့ပြ နိုင်ငံ(city-state) ဖြစ်လာခဲ့ပါတယ်။ ဒီနန်းဆက်ဟာ သူ့ရဲ့ အမြင့်ဆုံးနေရာကို (Hammurabi) လက်အောက်မှာ ရောက် ရှိသွားခဲ့ပါရဲ့။

(၁၅၉၅)ခုဘီစီမှာ မြို့တော်ဟာ (Hittites) ရဲ့ သိမ်း ပိုက်ခြင်းကို ခံရပါတယ်။ အဲဒီနောက် သိပ်မကြာခင်လေးမှာ ဒါဟာ (the Kassite dynasty) (၁၅၉၀-၁၁၅၅ ဘီစီ) နန်းဆက်ရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်သွားပြန်တယ်။ (the Kassites) တွေက ဘေဘီလုံမြို့ပြနိုင်ငံကို ဘေဘီလုံ သား(Babylonia) တွေရဲ့ နိုင်ငံအဖြစ် ပြောင်းလဲစေခဲ့တယ်။ မက်ဆိုပိုတေးမီးယား မြောက်ပိုင်းတစ်ခုလုံးကိုပါ သိမ်းသွင်း ပြီး ဘေဘီလုံကို အဲဒါရဲ့ မြို့တော်လုပ်ခဲ့တယ်။ အဲဒါကြောင့် မြို့ကြီးဟာ ကြီးမားတဲ့ မင်းနိုင်ငံတစ်ခုရဲ့ အုပ်ချုပ်ရေးဌာန ဖြစ်လာပါတယ်။ နောက်ပိုင်း (၁၂)ရာစုဘီစီမှာ ဖြစ်နိုင်မယ် ထင်ရဲ့။ ဒါဟာ ဘာသာရေးဌာန ဖြစ်လာတယ်။ အဲဒါရဲ့ အဓိက အခြေခံနတ်ဘုရား(Marduk) ကို ချီးမြှောက်မြှင့် တင်ပြီး မက်ဆိုပိုတေးမီးယားဘုရားကျောင်း(the Mesopotamian pantheon) အားလုံးရဲ့ နတ်ဘုရားအချုပ် ဖြစ်စေခဲ့တယ်။

အရှေ့ဘက်က (the Elamites) တွေရဲ့ ဖိအားအောက် မှာ (the Kassite) နန်းဆက် ကျဆုံးသွားပြီးတဲ့နောက် ဘေဘီလုံဟာ များစွာသော သက်တမ်းတို နန်းဆက်တွေရဲ့ အုပ်ချုပ်မှုကို ခံခဲ့ရတယ်။ (၈)ရာစုဘီစီ နောက်ပိုင်းကနေ (the Assyrians) တွေကို (Nabopolassar) က နှင်ထုတ် လိုက်နိုင်တဲ့တိုင်အောင် မြို့တော်ဟာ (၆၂၆)နဲ့ (၆၁၅)ဘီစီ အကြားမှာ (the Assyrian Empire) အင်ပါယာရဲ့အပိုင်း ဖြစ်လာပြန်တယ်။

**နီယို ဘေဘီလိုနီယမ်း(the Neo-Babylonian) မြို့တော်နဲ့ အဲဒါရဲ့ ကျဆုံးခန်း**

နီယို ဘေဘီလိုနီယမ်းနန်းဆက်(the Neo-Babylonian dynasty) ကို (Nabopolassar) က တည်ထောင်ခဲ့ပြီး သူ့သား Nebuchadnezzar II က ဘုရင့်နိုင်ငံကို အနောက် တောင်အာရှ နေရာအများစုကိုပါ သိမ်းပိုက်နိုင်တဲ့ အင်ပါ



www.burmeseclassic.com

www.burmeseclassic.com

ယာတစ်ခု ဖြစ်လာစေတဲ့ထိ ကျယ်ပြန့်စေခဲ့တယ်။ ဘောဘီလုံက အင်ပါယာမြို့တော်ကိုလည်း နတ်ဘုရားကျောင်းအသစ်နဲ့ နန်းဆောင်တွေ၊ ကျယ်ပြောလှတဲ့ ခံတပ်နံရံတံတိုင်းတွေ၊ ဂိတ်တံခါးတွေ၊ ပွဲတော်စီတန်း ကျင်းပနိုင်အောင် ကျောက်ပြားခင်းလမ်းကြောင်းတွေနဲ့အတူ ပြုပြင်မွမ်းမံခဲ့တယ်၊ ဒါဟာ အဲဒီအချိန်တုန်းက ဟက်တာ(၁၀၀၀) (၂၅၀၀ ဧကခန့်)ကျော်ကျော်လောက် နေရာယူခဲ့တယ်လို့ သိထားကြတဲ့ ကမ္ဘာကြီးရဲ့ အကြီးဆုံးမြို့တော်ပါ။

နီယို ဘောဘီလိုနီယမ်းအင်ပါယာ (the Neo Babylonian Empire) ဟာ ကာလတိုလှပါတယ်။ (၅၃၉)ဘီစီမှာ (Cyrus the Great) က ဘောဘီလုံကို သိမ်းလိုက်တယ်။ တရားဝင် ပေါင်းစည်းလိုက်တဲ့ ဘောဘီလုံသား (Babylonia) တွေက အသစ်ထူထောင်ထားတဲ့ ပါရှင်းအင်ပါယာ (Persian Empire) ထဲကို ဝင်သွားကြတယ်။ ပါရှင်းတွေအောက်မှာ ဘောဘီလုံဟာ အချိန်ကာလတစ်ခုအထိ အိမ်ရှေ့မင်းသား(the crown prince) တရားဝင် စံမြန်းရာအဖြစ် ထမ်းဆောင်ခဲ့တာ (၄၈၂)ခုနှစ်မှာ (Xerxes I) ဦးဆောင်ပြီး နတ်ဘုရားကျောင်းတွေနဲ့ ဘုရားကျောင်း မျှော်စင် (ziggurat) တွေကို လုံးလုံးလျားလျား ဖြိုချပစ်ခဲ့တဲ့ ဒေသတွင်း အုံကြွတော်လှန်မှုအထိပေါ့။ အစောင့်အရှောက် နတ်ဘုရား (the patron god)-(Marduk) ရုပ်တုကိုလည်း ပျောက်ကွယ်သွားစေခဲ့တယ်။

(၃၃၀)ဘီစီမှာ မဟာအလက်ဇန္ဒား(Alexander the Great)ဟာ မြို့ကို သိမ်းပိုက်ပြီး အဲဒါကို ပြန်လည်တည်ဆောက်ဖို့ စီမံကိန်းတွေ ဆွဲခဲ့တယ်။ ဒါကို သူ့ရဲ့ ကျယ်ပြောတဲ့အင်ပါယာရဲ့မြို့တော် ဖြစ်စေခဲ့ပေမယ့် သူ့စီမံကိန်းတွေကို အကောင်အထည်မဖော်နိုင်ခင်မှာဘဲ သူ သေဆုံးသွားခဲ့တယ်။ (၃၁၂)ဘီစီနောက်ပိုင်း ဘောဘီလုံကို အလက်ဇန္ဒားကို ဆက်ခံသူတွေ ထူထောင်ခဲ့တဲ့ (the Seleucid dynasty) နန်းဆက်ရဲ့ မြို့တော်တစ်ခုအဖြစ်လည်း ကာလတစ်ခုအတွက် အသုံးပြုခဲ့ကြပါတယ်။ တိုက်ဂရစ်(the Tigris) ပေါ်မှာ (the Seleucia) ရဲ့ မြို့တော်သစ်တစ်ခုကို (၃)ရာစုဘီစီ အစောပိုင်းမှာ တည်ဆောက်ခဲ့တုန်းကပေါ့။

ပသို့ဆိုစေ ဘောဘီလုံရဲ့ လူဦးရေအများစုဟာ အဲဒီကို ရွှေ့ပြောင်းခဲ့ကြတယ်။ နတ်ဘုရားကျောင်းတော်တွေကို အချိန်ကာလတစ်ခုအတွက် ဆက်လက်သုံးခဲ့ကြပေမယ့် မြို့ကြီးဟာ မထင်ရှားလာဘဲ အစွလာမ်တွေ ရောက်လာတဲ့ (၇)ရာစုအေဒီ မတိုင်ခင်မှာ အားလုံးနီးပါးဟာ ပျောက်ကွယ်သွားပါတော့တယ်။

<u>ဘောဘီလုံက ချိတ်ဆွဲထားတဲ့ ဥယျာဉ်ရဲ့ မြေမျက်နှာသွင်ပြင် (Topography)</u>


ဒုတိယကမ္ဘာစစ် မတိုင်မီကလေးကတင် (Robert Koldewey) နဲ့ အခြား ဂျာမန်ရှေးဟောင်းသုတေသနပညာရှင်တွေ တူးဖော်ခဲ့တော့ နီယို-ဘောဘီလိုနီယမ်းနန်းဆက် (the Neo-Babylonian dynasty) အုပ်ချုပ်စဉ်ကာလက ဘောဘီလုံရဲ့ မြေမျက်နှာသွင်ပြင်ကို ကောင်းစွာသိရှိနိုင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ယူဖရေးတီး(the Euphrates) က မြို့ကို နှစ်ပိုင်း,ပိုင်းခဲ့တယ်။ ညီမျှတဲ့ အပိုင်းတွေအဖြစ် အရှေ့ဘက်ကမ်းပါးပေါ်က များစွာသော နန်းဆောင်နဲ့ ဘုရားကျောင်းတော်တွေရှိရာ မြို့ဟောင်းပိုင်း (the old quarter) နဲ့ အနောက်ဘက်ကမ်းပါးပေါ်က မြို့သစ် (the New City) တို့ပေါ့။ မြို့ကြီးရဲ့ ဗဟိုချက်အနားက ထင်ရှားတဲ့ နေရာတစ်ခုမှာ (Marduk) နတ်ဘုရား ကျောင်းက နေရာယူထားတယ်။ အဲဒါရဲ့ မြောက်ဘက်ကပ်လျက်နားလေးမှာတော့ ခုနစ်ထပ်ရှိတဲ့ (Etemenanki)-(the ziggurat) ဗိမာန် (edifice) ရှိပါတယ်။ အဲဒီက ဘေဘယ်မျှော်စင် (the Tower of Babel) နဲ့အတူ ဆက်နွယ်ပြီး ခေတ်စားလှတဲ့ ဒဏ္ဍာရီတစ်ခုကိုလည်း သိရတယ်။ နန်းဆောင်တွေနဲ့ ခံတပ်တွေ စုဝေးနေတဲ့ အဝန်းအဝိုင်းတစ်ခုကိုလည်း မြို့ဟောင်းရဲ့ အနောက်မြောက်ဘက် ထောင့်မှာ တွေ့ရတယ်။ ဂျာမန်တူးဖော်ရေးသမား(excavators) တွေဟာ ဒီဧရိယာမှာဘဲ ချိတ်ဆွဲထားတဲ့ ဥယျာဉ်တွေရဲ့ အခြေခံအုတ်မြစ်တွေနဲ့အတူ အပျက်အစီးတစ်ခုကိုလည်း သတ်မှတ်ဖော်ထုတ်နိုင်ခဲ့တယ်။

အနီးအပါးမှာ တည်ရှိနေတဲ့ အစ်ရှ်တာဂိတ်တံခါး(The Ishtar Gate)ဟာ အဲဒါရဲ့ တောက်ပ အရောင်အသွေးတွေနဲ့ စဥ့်သုတ် အုတ်ချပ်တွေ၊ ခြင်္သေ့(lions) နဲ့ နဂါး(dragons) ရုပ်တွေနဲ့ပါ။ အဲဒါကို ဖြတ်သွားတဲ့အခါ အဓိကကျတဲ့ ကိုးကွယ်ယုံကြည်မှုအရ စီတန်းလှည့်လည်ရာလမ်း (Processional Way) ပေါ့။ အယူဝါဒသမားတွေနဲ့ နိုင်ငံ့အရေး ခေါင်းဆောင်ရသူတွေ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွေ အတွက် လှမ်းကြွချီတက်ရာ ဖြစ်လိမ့်မယ်။ အလွန်ကြီး မားလှစွာသော အတွင်းပိုင်း ခံတပ်တံတိုင်းတွေရဲ့ အဓိက ဂိတ်တံခါး(၉)ခုကိုဖြတ်ပြီး လမ်းတွေကို ဖြတ်သန်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com


Encarta Encyclopedia, Gian Berto Vanni/Art Resource, NY

ဆုံးခဲ့ရင်တော့ ဘေဘီလုံသားတွေအဓိက အခြေချ နေထိုင်သွားရာ နေရာတွေပေါ့။

**အစ်ရှ်တာဂိတ်တံခါး (Ishtar Gate)**

(၅၇၅)ဘီစီလောက်က ဘေဘီလုံမှာ (Nebuchad-nezzar) ဘုရင် တည်ဆောက်ထားခဲ့တဲ့ (the temple to Bel) နတ်ဘုရားကျောင်းရဲ့ မူလအစိတ်အပိုင်းပါ။ စဥ့်သုတ်အုတ်ချပ်၊ အုတ်ကြွပ်ပြားတွေနဲ့ ပြုလုပ်ထားတဲ့ ဒီဂိတ်တံခါးကို အပြည့်အစုံ ပြန်လည်ထိန်းသိမ်းထားနိုင်ခဲ့ပါတယ်။ အလှဘလိုက်ရှိနေတဲ့ အုတ်ကြွပ်ချပ်တွေကိုသုံးပြီး (the bull of Adad) နွားသိုးရုပ်ပုံတွေနဲ့ (Marduk) နတ်ဘုရားရဲ့ နဂါးပုံတွေကို မျက်နှာပြင်ကိုဖြတ်ပြီး တစ်လှည့်စီ ဖန်တီးထားရဲ့။ ပြန်လည်ထိန်းသိမ်းထားတဲ့ ဂိတ်တံခါးပုံဟာ အခု ဘာလင်က (the Staat-liche Museen) ပြတိုက်ရဲ့ စုဆောင်းမှုတစ်စိတ်တစ်ပိုင်းပါ။

**ဘေဘီလုံသားတွေရဲ့ လနတ်ဘုရား ဆင်း (Babylonian Moon God Sin)**

အမြဲလိုဘဲ မုတ်ဆိတ်ရှည်ရှည်နဲ့ ပညာရှိအဘိုးအိုအဖြစ် ပုံဖော်ထားတဲ့ လနတ်ဘုရား ဆင်း(the moon god Sin) ဟာ အရေးအပါဆုံး ဘေဘီလုံသားတွေရဲ့ နတ်ဘုရားတွေထဲက တစ်ပါးပါ။ သူ့ရဲ့ အဓိကနတ်ဘုရားကျောင်းဟာ (Ur) နဲ့ (Harran) မှာ တည်ရှိပါတယ်။ (၂၃၀၀)ဘီစီလောက်က ဒီရုပ်ကြွပုံမှာ တတိယမြောက် (the third dynasty of Ur)နန်းဆက်ရဲ့ ပထမဆုံးဘုရင်ဖြစ်တဲ့ (Ur-Nammu) ကို ဖော်ပြထားပါတယ်။ ဘုရင်မင်းကြီးဟာ လနတ်ဘုရား Sin ရဲ့ ရှေ့မှာ ယဇ်ပူဇော်မှုတစ်ခုကို ပြုနေလေရဲ့။

**ဘေဘီလုံဘုရင် ဟမ်မူရာဘီ (Hammurabi)**

ဘေဘီလုံဘုရင် ဟမ်မူရာဘီ (Hammurabi)ဟာ မက်ဆိုပိုတေးမီးယား(Mesopotamia) မှာ အကွဲကွဲအပြားပြား ဖြစ်နေကြတဲ့ မျိုးနွယ်စုတွေရဲ့ ဒေသနယ်မြေတွေကို နည်းဗျူဟာကျကျ အောင်နိုင်စွာ သိမ်းပိုက်ခဲ့ပြီး စုစည်းပေးခဲ့ပါတယ်။ သူ့ရဲ့ အုပ်ချုပ်ရေးကာလ (၁၇၉၂ ခုကနေ ၁၇၅၀ ခုဘီစီ)အတွင်း သူဟာ စစ်မိုလ်ချုပ်ကြီး တစ်ယောက်အနေနဲ့သာမက အုပ်ချုပ်ရေးသမားကောင်းအဖြစ်ပါ တတ်စွမ်းတယ်ဆိုတာကို သက်သေပြခဲ့ပါတယ်။ တရားဥပဒေ စည်းမျဥ်းအစုံလိုက်ဖြစ်တဲ့ 'ဟမ်မူရာဘီရဲ့ ကိုဓဥပဒေ'(the Code of Hammurabi)ဟာ တစ်ဦးချင်းစီနဲ့ လူမှုအသိုင်းအဝန်းတို့ ပြုမူနေထိုင်ဖို့ သူ စနစ်တကျ စီစဥ်ပေါင်းစုထားတာပါ။ ဒါဟာ ပထမဆုံးသော ရေးသားဖော်ပြ စုစည်းထားတဲ့ တရား


ဘေဘီလုံသားတွေရဲ့လနတ်ဘုရား ဆင်း



www.burmeseclassic.com

www.burmeseclassic.com


ဘေဘီလုံဘုရင် ဟမ်မူရာဘီ
Encarta Encyclopedia, THE BETTMANN ARCHIVE

ဥပဒေတွေထဲက တစ်ခုဖြစ်ပါတယ်။

**ဘေဘီလုံရဲ့ အပျက်အစီးများ (Ruins of Babylon)**

ရှေးဟောင်းမြို့တော် ဘေဘီလုံဟာ ယနေ့ခေတ်


Encarta Encyclopedia, ဘေဘီလုံရဲ့ အပျက်အစီးများ

ဘဂ္ဂဒက်မြို့အနီးမှာရှိပြီး ယူဖရေးတီးမြစ် (the Euphrates River) အရှေ့ဘက်ကမ်းမှာ တည်ရှိပါတယ်။ ဒီမြို့ကြီးဟာ အဆင့်လိုက် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး နီယိုဘေဘီလိုနီယမ်း နန်းဆက်(the Neo-Babylonian dynasty) အတွင်း (Nebuchadnezzar II) မင်းရဲ့လက်အောက်မှာ ကျယ်ပြန့်မှုရဲ့ အထွတ်အထိပ်ကို ရောက်ရှိသွားပါတယ်။ ဘေဘီလုံမြို့ကြီးဟာ မင်းနေပြည်တော်ရဲ့ မြို့တော်အဖြစ် အနောက်တောင်အာရှရဲ့ ကြီးမားတဲ့ အပိုင်းတစ်ခုကိုပါ လွှမ်းမိုးနိုင်ခဲ့ပြီး ကြားသိထားတဲ့ ကမ္ဘာမှာ အကြီးဆုံးသော မြို့တော်ကြီးလည်း ဖြစ်ခဲ့ပါရဲ့။

**၃။ အိုလံပီယာက ဇီးယပ်ရုပ်တု (the Statue of Zeus at Olympia)**

အိုလံပီယာက ဇီးယပ်ရုပ်တုကို (၅) ရာစုအလယ်မှာ ဂရိပန်းပုဆရာ(Phidias) က ထုလုပ်ပေးခဲ့တာဖြစ်ပါတယ်။ ဒီကြီးမားလှတဲ့ရုပ်တုကြီး(the colossal statue) ဟာ အိုလံပစ်အားကစားပွဲတွေ ကျင်းပရာ ဂရိအထွတ်အမြတ်နေရာ အိုလံပီယာ (Olympia) မှာရှိတဲ့ ဇီးယပ်စ်နတ်ဘုရားကျောင်း(the Temple of Zeus) ရဲ့ ဗဟိုအချက်အချာကျတဲ့ ရုပ်တုကြီးပါ။ ဂရိနတ်ဘုရားများရဲ့ဘုရင် ဇီးယပ်စ် (Zeus) ထိုင်နေဟန် ဒီအရုပ်ကို (၄၃၅)ဘီစီမှာ ဂရိပန်းပုဆရာ Phidias က ဆင်စွယ်နဲ့ ရွှေတွေသုံးပြီး အမြင့်(၁၂)မီတာ (ပေ ၄၀) ဖန်တီးလုပ်ယူပေးခဲ့ပါတယ်။ ဒါကို Phidias ရဲ့ အကောင်းဆုံးလက်ရာလို့ ယူဆခဲ့ကြပြီး သူက နတ်ဘုရားရဲ့ ဝတ်ရုံနဲ့ အဆင်တန်ဆာတွေကို ရွှေနဲ့လုပ်ခဲ့ပြီး ခန္ဓာကိုယ်ကိုတော့ ဆင်စွယ်ကနေ ထုလုပ်ယူခဲ့ပါတယ်။ ငလျင်တစ်ခုက (၆)ရာစုအေဒီမှာ နတ်ဘုရားကျောင်းကို ပြားပြားဝပ်သွားစေတာ ဖြစ်နိုင်ရဲ့။




www.burmeseclassic.com

www.burmeseclassic.com

ကို နောက်ပိုင်းမှာ ကွန်စတင်တီနို (Constantinople) ကို ယူသွားခဲ့ အဲဒီမှာ မီးလောင်ပြီး ပျက်စီး ခဲ့ပါတယ်။

တစ်ဖက်ပါပုံဟာ အိုလံပီယာမှာ ခဲ့တဲ့ ဇီးယပ်ရုပ်တုကြီးကို (၁၆)ရာစု က ဒတ်ချ်အနုပညာရှင် (Maarten van skerck)က ရေးထွင်း(engraving) ပြခဲ့တာပါ။ ဒါဟာ ရှေးဟောင်းဂရိ မှာ အထင်ရှား ကျော်ကြားဆုံး ပန်းပု ရာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါရဲ့။




## အက်ဖီးစပ်စ်(Ephesus) က အာတီးမစ် နတ်ဘုရားကျောင်းတော်ကြီး (The Temple of Artemis at Ephesus)

အာရှမိုင်နာ(Asia Minor)ရဲ့ Ephesus မှာရှိတဲ့ အာ မစ်ရဲ့ နတ်ဘုရားကျောင်းတော်ကြီး(The Temple of Artemis) ကို (၃၆၅)ဘီစီမှာ တည်ဆောက်ခဲ့ပါတယ်။ ဒီမှာ ကြီးမားလှတဲ့ အရွယ်အစားအပြင် ဆန်းပြားထူးခြား တဲ့ အဆင်တန်ဆာတွေ(elaborate ornamentation) တွေ ည်း ပေါင်းစပ်ပါဝင်နေပါတယ်။ ရောမတွေအတွက် င်းယားနာ(Diana to the Romans) လို့လည်း သိကြတဲ့ အာတီးမစ်(Artemis) ဟာ နတ်ဘုရားမ(goddess of the hunt) ပါ။ သူမကို ဂုဏ်ပြုတဲ့အနေနဲ့ ကြီးမားထည်ဝါလှတဲ့ နတ်ဘုရား ကျောင်းတော်ကြီး(temple) တစ်ခုကို [အခု တူရကီ(Turkey)] မှာ ရှိနေတဲ့ အာရှမိုင်နာက Ephesus မှာ (၆) ရာစုဘီစီက တည်ဆောက်ခဲ့ပါတယ်။ (၃၅၆)ဘီစီမှာ ကျောင်းတော်ကြီး မီး လောင်သွားပြီးတဲ့နောက် ပြန်လည် တည်ဆောက်ခဲ့ရပြန်တယ်။

ရှေးဟောင်းသုတေသနပညာရှင် တွေ ခန့်မှန်းတိုင်းတာချက်အရ အဲဒီ နတ်ဘုရားကျောင်းတော်ကြီးဟာ အရှည်(၁၀၄)မီတာ(၃၄၂ ပေ)နဲ့ (၅၀) မီတာ(၁၆၄ ပေ)အကျယ် ရှိပါတယ်။ အဲဒါရဲ့ (၁၂၇)ခုသော ကျောက်သားတိုင်လုံး (columns) တွေဟာ အရှည်(၁၈) မီတာ(ပေ ၆၀)ကျော်နဲ့ မြင့်မားစွာ ရပ်တည်နေကြတယ်။ ဒီနတ်ဘုရားကျောင်းတော်ကြီးဟာ အေဒီ(၂၆၂)ခုမှာ the Goths တွေကြောင့် ပျက်စီးသွားခဲ့ပါတယ်။

အီတာလျံဉာဏ်သစ်လောင်းကာလ ဘုရားရှိခိုးကျောင်း တစ်ခု(Italian Renaissance church) ကို အခြေပြုပြီး ပြန်လည်တည်ဆောက်ထားတဲ့ (a fanciful reconstruc-






www.burmeseclassic.com

www.burmeseclassic.com

tion) တစ်ခုမှာ အာတီးမစ်ရဲ့ နတ်ဘုရားကျောင်းတော်ကြီး (The Temple of Artemis) ကို ပုံဖော်ရေးဆွဲထားတာ ရှိပါတယ်။ အဲဒါကတော့ ဒတ်ချ်အနုပညာရှင်(Maarten van Heemskerck) ရဲ့ ပုံထွင်းပြီး လက်ရေးဆေးရောင်စုံ သွင်းထားတဲ့ (hand-colored engraving) ပါ။ အာရှမိုင်နာက (Ephesus) မှာရှိပြီး (၃၆၅)ဘီစီက တည်ဆောက်ခဲ့တဲ့ ဒီမဟာနတ်ဘုရားကျောင်းတော်ကြီး(the Greek temple) ကိုလည်း ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးထဲက တစ်ခုလို့ ယူဆခဲ့ကြပါတယ်။

## ၅။ ဟာလီကာနက်ဆပ်ရဲ့ဂူဗိမာန် (The Mausoleum of Halicarnassus)

ဒီ ဟာလီကာနက်ဆပ်ရဲ့ ဂူဗိမာန်(The Mausoleum of Halicarnassus)စကျင်ကျောက်သားသင်္ချိုင်းဂူအဆောက်အအုံကြီးဟာ အာရှမိုင်နာမှာ ရှိနေပြီး (၃၅၃)ဘီစီမှာ ကွယ်လွန်အနိစ္စရောက်ခဲ့တဲ့ ကာရီယာဘုရင် မူဆိုလပ်စ်(King Mausolus of Caria) အတွက် တည်ဆောက်ခဲ့တဲ့ ဂူဗိမာန်ပါ။ မိဖုရား အာတီမစ်ရှား(Queen Artemisia) က သူ့အစ်ကိုတော်လည်းဖြစ်၊ ခင်ပွန်းလည်းဖြစ်တဲ့ မူဆိုလပ်စ် (Mausolus) ကို အမှတ်တရဖြစ်စေသောငှာ အခုအခါမှာ တူရကီ(Turkey) အနောက်တောင်ပိုင်းမှာရှိနေတဲ့ ဟာလီကာနက်ဆပ်(Halicarnassus) အရပ်မှာ တည်ဆောက်ထားခဲ့တာပါ။ အဲဒါကို အဲဒီခေတ်ကာလရဲ့ ဦးဆောင်ပန်းပုဆရာက တန်ဆာဆင်ပေးခဲ့ပါတယ်။ ဒီဂူဗိမာန်အဆောက်အအုံကို ငလျင်တစ်ခုက ဖြိုချဖျက်ဆီးခဲ့တာ ဖြစ်နိုင်ပါရဲ့။




အဲဒီလို ပျက်စီးသွားပြီးတဲ့နောက်မှာတော့ အဲဒီက ပစ္စည်းတွေကို အဆောက်အအုံတွေ တည်ဆောက်ရာမှာ ဆောက်လုပ်ရေးပစ္စည်းတွေအဖြစ် သုံးလိုက်ကြပါတော့တယ်။ ဒီသင်္ချိုင်းဂူကြီးရဲ့ ကြွင်းကျန်နေရစ်တဲ့ အမှတ်ရစရာ အပိုင်းအစလေးကတော့ ဂူဗိမာန် မူဆိုလီယံ (mausoleum) ဆိုတဲ့ ဝေါဟာရစကားလုံးလေးသာပဲ ဖြစ်ပါရဲ့။

ဒတ်ချ်အနုပညာရှင် Maarten van Heemskerck ပုံဖော်ရေးထွင်းပြီး လက်ရေးဆေးရောင်စုံ သွင်းပြထားတဲ့ ဟာလီကာနက်ဆပ်ရဲ့ ဂူဗိမာန်(The Mausoleum of Halicarnassus)ဟာ (၃၅၃)ခုနှစ်မှာ တည်ဆောက်ခဲ့တာပါ။ ဘုရင် (King Mausolus of Caria) အတွက် တည်ဆောက်ခဲ့တဲ့ အဲဒီကြီးမားလှတဲ့ စကျင်ကျောက်သားသင်္ချိုင်းဂူကြီးကိုလည်း ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးထဲက တစ်ခုလို့ ယူဆခဲ့ကြပါတယ်။

## ၆။ ရိုဒတ်က ရှေးရုပ်တုကြီး (The Colossus of Rhodes)

ဂရိနေနတ်ဘုရား ဟယ်လီရိုစ်(the Greek sun god Helios)ရဲ့ ဒီကြီးမားလှတဲ့ ကြေးရုပ်တုကြီးကို (၂၈၀)ဘီစီလောက်က ထုထောင်စိုက်ထူခဲ့ပါတယ်။ အာရှမိုင်နာကမ်းရိုးတန်း(the coast of Asia Minor) က ဂရိကျွန်းတစ်ကျွန်းမှာရှိတဲ့ ရိုဒတ်စ်ဆိပ်ကမ်း(the harbor at Rhodes) ရဲ့ ဆိပ်ကမ်းအဝင်ကို စောင့်ရှောက်ဖို့ တည်ထားခဲ့တာပါ။ ရုပ်တုကြီးဟာ အရှည်(၃၂)မီတာ(၁၀၅ ပေ)နဲ့ မြင့်မားစွာ ရပ်တည်နေခဲ့ပါတယ်။ ဒဏ္ဍာရီတွေအရ ရုပ်တုကြီးဟာ ဆိပ်ကမ်းကို ခွလျက် မိုးမိုးမားမားကြီး ရပ်တည်နေကာ စောင့်ရှောက်ထားပါသတဲ့။ ဒီရုပ်တုကြီးကိုလည်း (၂၈၀)ဘီစီမှာတော့ ငလျင်တစ်ခုက ဖျက်ဆီးပစ်လိုက်ပါတော့တယ်။

ဒတ်ချ်အနုပညာရှင်(Maarten van Heemskerck) ပုံဖော်ရေးထွင်းပြီး လက်ရေးဆေးရောင်စုံ သွင်းပြထားတဲ့ (The Colossus of Rhodes (၂၈၀)ဘီစီလောက်က တည်ဆောက်ခဲ့တဲ့ ရုပ်တုကြီးကိုလည်း ရှေးခေ



www.burmeseclassic.com




ဂရိနဲ့ ရောမတွေက ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးထဲက တစ်ခုလို့ ယူဆခဲ့ကြပါတယ်။

## ၇။ အလက်ဇန္ဒြီးယားက ဖာရို (The Pharos of Alexandria)

အလက်ဇန္ဒြီးယားက ဖာရို(The Pharos of Alexandria)ဟာ ရှေးဟောင်းမီးပြတိုက်တစ်ခုဖြစ်ပြီး အီဂျစ်နိုင်ငံ၊ အလက်ဇန္ဒြီးယားဆိပ်ကမ်း(the harbor of Alexandria) က ကျွန်းတစ်ကျွန်းပေါ်မှာ တည်ရှိနေခဲ့ပါတယ်။ ဒီမီးပြတိုက်ကို ဒုတိယမြောက် တော်လမီ(Ptolemy II) အုပ်စိုးစဉ်ကာလအတွင်း (၂၈၀)ဘီစီလောက်မှာ တည်ဆောက်ခဲ့ကြပါတယ်။ (၁၃၄)မီတာ(၄၄၀ ပေ)အရှည်ထက်ပိုတဲ့ အထပ်(၄၀)မျှ မြင့်မားစွာနဲ့ ရပ်တည်နေခဲ့တဲ့ မီးပြတိုက်အဆောက်အအုံကြီးပါ။

အဲဒါရဲ့ ထိပ်ပိုင်းမှာ သင်္ဘောသားတွေကို ကြိုဆိုနေတဲ့ မီးအလင်းရောင်ကို မြင်တော်ကောက်အောင် ထွန်းညှိထားခဲ့ပါတယ်။ မုန်တိုင်းတွေနဲ့ ငလျင်တစ်ခုက (၉၅၅)အေဒီမှာ မီးပြတိုက်ကြီးကို ပျက်စီးစေခဲ့ကြတယ်။ (၁၄)ရာစုအတွင်းမှာတော့ ငလျင်တစ်ခုက လုံးဝဥဿုံ ဖျက်ဆီးပစ်လိုက်ပါတော့တယ်။

ဒတ်ချ်အနုပညာရှင် Maarten van Heemskerck က ရှေးဟောင်းမီးပြတိုက်တစ်ခုဖြစ်တဲ့ အလက်ဇန္ဒြီးယားက ဖာရို (The Pharos of Alexandria) ကို ခုလို ပုံဖော်ရေးထွင်းပြီး လက်ရေးဆေးရောင်စုံ သွင်းပြထားခဲ့ပါတယ်။ ဒါကိုလည်း ကမ္ဘာ့အံ့ဖွယ်ခုနစ်ပါးထဲက တစ်ခုလို့ ယူဆခဲ့ကြတယ်။

ခေတ်တွေ ပြောင်းလာတာနဲ့အမျှ ကမ္ဘာ့ရဲ့ အံ့သြဖွယ်တွေဟာလည်း သူ့ထက်သူ လူစွမ်းကောင်းချည်းပဲမို့ ပြောင်းလဲလာပါတယ်။

အလျဉ်းသင့်ရင်ဖြင့် ထပ်မံပေါ်ပေါက်လာတဲ့ ကမ္ဘာ့အံ့ဖွယ်တွေကိုလည်း ဆက်လက်တင်ပြချင်ပါသေးတယ်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)

**ကိုး**

* "Seven Wonders of the World," Encyclopedia Britannica, 2013.
* Microsoft ® Encarta ® 2009.



ဗုဒ္ဓရှင်တော်မြတ်စွာဘုရားသည်(၃၈)ဖြာမင်္ဂလာတရားတော်ကို ဟောကြားတော်မူရာ၌ ကာလေနဓမ္မသာကစ္ဆာ မင်္ဂလာတွင် အချိန်အခါအခွင့်သင့်လေတိုင်း တရားစကားတို့ကို ဆွေးနွေးမေးမြန်းကြလျှင် မင်္ဂလာကုသိုလ်ဖြစ်စေသည်ဟု ဟောကြားပြီးနောက် မထင်ရှားသော နတ်သားအား အမှတ်စဉ်အားဖြင့် (၃၁)ဟုဆိုရမည့် တပေါစမင်္ဂလာတရားတော်များ၏ အနက်အဓိပ္ပာယ်များကို ဆက်လက်ဟောကြား ဆုံးမတော်မူပြန်ပါသည်။

# အစဉ်တစ်သက်တာ ကျင့်စဉ်တရားများ

## မင်္ဂလာတရားတော် အမှတ်(၃၁)



တပေါစဗြဟ္မစရိယဉ္စဟူသော မင်္ဂလာပုဒ်၌ (၁) ခြိုးခြံစွာ ကျင့်ရခြင်း၊ (၂) မြတ်သောအကျင့်ကို ကျင့်ရခြင်း၊ (၃) အရိယသစ္စာတို့ကို သိမြင်ရခြင်း၊ (၄) နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းဟူ၍ လေးပိုင်းခွဲ၍ ဟောကြားပါသည်။

ဒေဝပုတ္တနတ်သား၊ ယောတပေါစ- အကြင်တပ ခေါ် အကျင့်ကို ကျင့်ခြင်းသည်လည်းကောင်း၊ ယံဗြဟ္မစရိယ၊ အကြင်ဗြဟ္မစရိယ ခေါ် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် လည်းကောင်း၊ အရိယ

www.burmeseclassic.com

သစ္စာနံ-အရိယသစ္စာတို့ကို၊ ယံဒဿနဥ္စ-သိမြင်ခြင်းသည် လည်းကောင်း၊ ယာနိဗ္ဗာန သစ္ဆိကိရိယာစ-အကြင်နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းသည်လည်းကောင်း၊ အတ္ထိ-ရှိ၏။ ဧတံ-ဤလေးပါးကား၊ ဥတ္တမံ-ကောင်းမြတ်သော၊ မင်္ဂလံ-မင်္ဂလာပေတည်းဟု မိန့်တော်မူခဲ့ပါ၏။

ယင်းတို့ကို ခြုံငုံ၍ တပေါစမင်္ဂလာ၏ အဓိပ္ပာယ်ကို ပေါင်းရုံးဖော်ပြရလျှင် တပေါစမင်္ဂလာဆိုသည်မှာ အဘိဇ္ဈာ၊ ဗျာပါဒ စသောအကုသိုလ်တရားများကို ဖျက်ဆီးတတ်သော ဣန္ဒြိယသံဝရသီလဖြစ်သည့် အမှတ်သတိကိုလည်းကောင်း၊ ကိလေသနာဘာဝနာတရားများကို အားမထုတ်လိုဘဲ ပျင်းရိ ဆုတ်ယုတ်အောင်ပြုတတ်သော ကောသဇ္ဇတရားတို့ကို ဖယ်ရှားသည့် သတ္တိ၊ ဝီရိယကိုလည်းကောင်း အသုံးပြု၍ ဣန္ဒြေ ခြောက်ပါးကို လုံခြုံအောင် ပိတ်ဆို့ကျင့်ကြံနိုင်ကြလျှင် မင်္ဂလာကုသိုလ်ဖြစ်သည်ဟူသော အဓိပ္ပာယ်ဖြစ်ပါတော့သည်။

**ဒွါရခြောက်ပေါက် ဝင်လာသမျှ**

ဘုရားရှင်၏ (၃၈)ဖြာမင်္ဂလာတရားတော် အမှတ်(၃၁) ဖြစ်သော တပေါစမင်္ဂလာ တရားတော်အရ ဣန္ဒြေ(၆)ပါး တို့ကို သတိ၊ ဝီရိယနှင့် စောင့်ထိန်းရန် ဖြစ်သည့်အတွက် ယင်းဣန္ဒြေဆိုသည်မှာ မည်သည့်အရာတွေကို ဆိုပါသနည်း။

ယနေ့သက်ရှိထင်ရှား လူသားတို့တွင် (၁) စက္ခုဣန္ဒြေဆို သော မျက်စိ၊ (၂) သောတဣန္ဒြေဆိုသော နား၊ (၃) ဃာနဣန္ဒြေ ဆိုသော နှာခေါင်း၊ (၄) ဇိဝှါဣန္ဒြေဆိုသော လျှာ၊ (၅) ကာယဣန္ဒြေဆိုသော ကိုယ်၊ (၆) မနဣန္ဒြေဆိုသော စိတ်ဟူသည့် ဒွါရ(၆)ပေါက်ရှိ ကြသည်ချည်း ဖြစ်ပါ၏။

ယင်းတို့ကိုပင် ဣန္ဒြေ(၆)ပါး၊ တံခါး(၆)ပေါက်ဟု ဆိုခြင်းဖြစ်သည်။ ထိုတံခါး(၆)ပေါက်သည် အမြဲဖွင့်ထား သည်ဖြစ်၍ ဒွါရတစ်ပေါက်မဟုတ် တစ်ပေါက်မှ ကုသိုလ် (သို့မဟုတ်) အကုသိုလ်တရားတို့ ဝင်လာစမြဲဖြစ်တော့၏။ သို့သော် သတိ၊ ဝီရိယတို့ကို အသုံးမပြုသူတို့အဖို့မူ ကုသိုလ် ထက် အကုသိုလ်တရားတို့ကို ပိုမိုဝင်လာစေရန် ရာနှုန်းများ ပါတော့၏။

ထိုဒွါရ(၆)ပေါက်မှ ကုသိုလ် (သို့မဟုတ်) အကုသိုလ် တို့ ဝင်လာကြပုံကို မကျဉ်းမကျယ် ဖွင့်ဆိုရလျှင်-

**(၁) မျက်စိ(အဆင်း)**

စက္ခုဝတ္ထုရုပ်ဟုခေါ်သော မျက်စိသူငယ်အိမ်အတွင်း၌ နှမ်းနှင့်တူသော စက္ခုအကြည်ဓာတ် ရှိပါ၏။ အာလောက ခေါ်သော အလင်းရောင်ရှိနေချိန်တွင် မျက်စိကို ပိတ်မထား ခဲ့လျှင် သူ၏ရှေ့တွင်ရှိသော သက်ရှိ၊ သက်မဲ့ အဆင်းရုပ် သဏ္ဌာန် ရူပါရုံတို့သည် မျက်စိသူငယ်အိမ်ထဲတွင်ရှိနေသော အကြည်ရုပ်ဓာတ်နှင့် ရုပ်ရုပ်ချင်း၊ ဓာတ်ဓာတ်ချင်း တွေ့ဆုံ ထိခိုက်ကြသဖြင့် မြင်တာကို သိသောစိတ်ဆိုသည့် စက္ခု ဝိညာဏ် ဖြစ်ပေါ်လာရပါ၏။ ဤတွင် လှပသော နှစ်သက် ဖွယ်အဆင်းတို့ကို မြင်တွေ့လာရလျှင် လိုချင်တပ်မက်သော လောဘစိတ် ဖြစ်ပေါ်လာရ၏။ မကြိုက်မနှစ်သက်သော အနိဋ္ဌာရုံတို့ကို မြင်ရပြန်လျှင်လည်း ပဋိဃဆိုသော ကြမ်း တမ်းသည့် စိတ်ဆိုးစိတ်ညစ် ဒေါသစိတ်တို့ ဖြစ်ပေါ်လာ ရပြန်၏။ ထိုနှစ်ရပ်လုံးသည် အကုသိုလ်တရား၌ အကျုံး ဝင်ကြသည်ချည်းဖြစ်၏။ သို့သော် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ကိုယ်ပွားဖြစ်သည့် ရုပ်ပွားတော်၊ ဆင်းတုတော်၊ စေတီတော် တို့ မိမိမျက်စိထဲ အရိပ်ထင်လာခြင်း၊ ရှုမြင်ပူဇော်ရခြင်းတို့ ကြောင့် မိမိအာရုံတွင် သဒ္ဓါကြည်ညိုသောစိတ်များ တဖိတ် ဖိတ်ပေါ်လာခဲ့ခြင်းမျိုးတွင်မူ အကုသိုလ်စိတ်ပျောက်၍ ကု သိုလ်စိတ်များ ဖြစ်ပေါ်လာရတတ်ပြန်ပါသည်။

ဤသည်မှာ စက္ခုဣန္ဒြေဆိုသော တံခါးပေါက်နှင့်ပတ် သက်သော အကြောင်းတရားပါပေတည်း။

**(၂) နား(အသံ)**

သောတဝတ္ထုဟုခေါ်သော နားအတွင်း ကြေးနီကွင်း သဏ္ဌာန် အမွေးနုများ ပေါက်နေသောနေရာ၌ သောတ အကြည်ဓာတ်ရုပ် ရှိပါသည်။ ထိုအကြည်ဓာတ်သည် အာ ကာသဟူသော ဟင်းလင်းပေါက်နားကို ပိတ်မထားခဲ့လျှင် လေလှိုင်းနှင့် လွင့်ပါလာသော အသံပေါင်းစုံနှင့် တွေ့ဆုံ ထိခိုက်မိကြသောအခါ ကြားစိတ်ဆိုသော သောတဝိညာဏ် ဖြစ်ပေါ်လာတော့၏။ သဒ္ဒဆိုသော ထိုအသံနှင့် ထိတွေ့ သောအခါ သာယာနာပျော်ဖွယ်ရှိလျှင် တဏှာလောဘစိတ် ဖြစ်ပေါ်လာ၏။ မနှစ်သက်ဖွယ်သော အသံများနှင့် ထိတွေ့ ပြန်လျှင်လည်း ပဋိဃမည်သော ဒေါသစိတ်ဖြစ်ပေါ်စေ၏။ ထိုနှစ်ရပ်လုံးသည် အကုသိုလ်တရား၌ အကျုံးဝင်ကြသည် ချည်း ဖြစ်၏။ သို့သော် ဘုရားဝတ်တက်သံ၊ ဂုဏ်တော် ရွတ်ဖတ်သံ၊ ဗြောစည်ရိုက်၍ အလှူဒါနပြုနေသံ၊ ကြေးစည် ထု အမျှဝေသံ စသော ကောင်းသောအသံများနှင့် ထိတွေ့ ရသောအခါမျိုးတွင်လည်း မိမိတို့စိတ်သည် ကြည်လင်ရွှင် သဒ္ဓါကုသိုလ်စိတ်တို့ ဖြစ်ပေါ်လာရတတ်ပြန်ပါ၏။ ဤ သည်မှာ သောတဣန္ဒြေဆိုသော တံခါးပေါက်နှင့်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com

သည့် အကြောင်းတရားများပါပေတည်း။

**(၃) နာခေါင်း(အနံ့)**

ဃာနပသာဒရုပ်ဟုခေါ်သော နှာခေါင်းအတွင်း၌ ဆိတ်ခွာသဏ္ဍာန်ရှိသောနေရာတွင် ဃာနအကြည်ဓာတ်ရုပ် ရှိပါသည်။ ထိုဃာနအကြည်ဓာတ်သည် ဝါတဆိုသော နှာခေါင်းမှ ရှူလေရှိုက်လေထဲတွင် လွင့်ပါလာသော အနံ့အသက်ပေါင်းစုံနှင့် ထိတွေ့မိသောအခါ အနံ့ကိုသိလာသော ဃာနဝိညာဏ် ဖြစ်ပေါ်လာလေသည်။ ထိုအချိန်၌ သင်းပျံ့သောမွှေးရနံ့တို့ကို ရှူရှိုက်ရသောအခါ သာယာနှစ်သက်သောလောဘစိတ် ဖြစ်ပေါ်လာပါ၏။ မနှစ်သက်ဖွယ်သောအပုပ်နံ့၊ မစင်နံ့ စသည်တို့နှင့် ထိတွေ့ရလျှင်လည်း ပဋိဃ-ကြမ်းတမ်းသောစိတ် ဖြစ်ပေါ်လာပြန်ပါ၏။ ထိုနှစ်ရပ်လုံးသည် အကုသိုလ်တရားတွင် အကျုံးဝင်ကြသည်ချည်း ဖြစ်ကြပေသည်။

**(၄) လျှာ(အရသာ)**

ဇိဝှာပသာဒရုပ်ဟုခေါ်သော လျှာတွင် လျှာလယ်၊ လျှာရင်း ကြာရွက်သဏ္ဍာန်ရှိသောနေရာ၌ ဇိဝှာ အကြည်ဓာတ်ရုပ် ရှိပါသည်။ ထိုဇိဝှာအကြည်ဓာတ်သည် အာပဆိုသော စိုစွတ်သည့် တံတွေးလျှာ အရည်မခြောက်သွေ့ခဲ့လျှင် ပါးစပ်ပေါက်ထဲ ဝင်လာသမျှသော အရသာရုပ်များနှင့် ထိတွေ့ကာ လျှာကို သိမ်းယူတိုင်း,သိမ်းယူတိုင်း အရသာကို သိတတ်သော ဇိဝှာဝိညာဏ် ဖြစ်ပေါ်လာပါသည်။ ယင်းသို့ဖြစ်ပေါ်စဉ်၌ အချို၊ အဆိမ့် အစရှိသော အရသာတို့ကို သာယာနှစ်သက်သော တဏှာလောဘစိတ်နှင့် မကြိုက်မနှစ်သက်သောအခါ အချဉ်၊ အငန်တို့နှင့် ထိတွေ့ရလျှင် ပဋိဃဒေါသစိတ်တို့ တစ်မျိုးမဟုတ်တစ်မျိုး ဖြစ်ပေါ်လာကြ၏။ ထိုနှစ်မျိုးလုံးသည်လည်း အကုသိုလ်တရားတွင် အကျုံးဝင်ကြသည်ချည်း ဖြစ်ပါသည်။

**(၅) ကိုယ်(အတွေ့အထိ)**

ကာယပသာဒရုပ် အကြည်ဓာတ်ဟူသည် ဆံပင်ဖျား၊ လက်သည်း၊ ခြေသည်းမှလွဲ၍ လူတစ်ကိုယ်လုံးတွင် ဆိတ်ကြည့်၍နာသော နေရာမှန်သမျှ သွေးကြော,လေကြောလျှောက်သော နေရာမှန်သမျှတို့၌ ရှိနေကြသည်ချည်းဖြစ်သည်။ ထိုကာယအကြည်ဓာတ်သည် ထဒ္ဓဟူသောခက်မာသည့် ဖောဋ္ဌဗ္ဗသဘောနှင့် ထိမိတိုက်မိသောအခါဖြစ်စေ၊ ပိုးဖဲကတ္တီပါစသော နူးညံ့သိမ်မွေ့သော အထိအတွေ့ဖြစ်စေ၊ ဆန့်ကျင်ဘက် ဖိုဓာတ်နှင့် မဓာတ်တို့ ထိတွေ့သောအခါဖြစ်စေ တဏှာလောဘစိတ်တို့ ဝင်ရောက်လာပြီး အကုသိုလ်တရားကို ပွားစေပါတော့သည်။ သို့မဟုတ်ဘဲ နာကျင်စူးရှသော အထိအတွေ့ဆိုလျှင်လည်း ပဋိဃဟူသော ကြမ်းတမ်းသည့် ဒေါသစိတ်တို့ ဝင်ရောက်လာကာ အကုသိုလ်တရားကိုပင် ပွားစေသည်ပဲဖြစ်ပြန်၏။ ထို့ကြောင့် ထိတွေ့မှုတွင် သာယာခြင်းသည်လည်းကောင်း၊ မနှစ်သက်ဆန့်ကျင်ခြင်းသည်လည်းကောင်း အကုသိုလ်တရား၌ အကျုံးဝင်ကြသည်ချည်းဟု ဆိုရမည် ဖြစ်ပါသည်။

**(၆) မနော(တွေးကြံစိတ်)**

ဓမ္မာရုံဆိုသော မနောစိတ်နှင့်ပတ်သက်လျှင် လူတို့သည် ပဉ္စာရုံဟုခေါ်သော ရှေ့ကဖော်ပြခဲ့သည့် အာရုံငါးပါးနှင့် မထိတွေ့ဘဲရှိသည့်တိုင် တစ်စုံတစ်ခုကို တွေးတောကြံစည်နေတတ်ကြသော သဘောရှိလေသည်။ ထိုသို့တွေးတောကြံစည်နေရာ၌ ကောင်းသောအာရုံကို တွေးတောကြံစည်လျှင် ကုသိုလ်ဖြစ်နိုင်သော်လည်း မကောင်းသောအာရုံတို့ကို တွေးတောကြံစည်မိလျှင်မူ ထိုကြံစည်တွေးတောမှုမှ အခြေခံကာ မနောကံမှသည့် ကာယကံမြောက်သည်အထိ အဆင့်ဆင့်တိုး၍ လုပ်ကိုင်ကျူးလွန်လာမှုကြောင့် အကုသိုလ်တရားသို့ ဆိုက်ရောက်ကြရလေတော့၏။ ထို့ကြောင့် မြတ်စွာဘုရားရှင်က လူ၊ နတ်၊ ဗြဟ္မာ ဝေနေယျတို့ကို ပဋိစ္စသမုပ္ပါဒ် စက်မလည်ရအောင် ဤဒွါရခြောက်ပေါက်မှ ဖြစ်ပေါ်လာသမျှ အာရုံတို့ကို ဣန္ဒြိယသံဝရသီလဆိုသော သတိ၊ ဝီရိယတို့ဖြင့် စောင့်ထိန်းကြစေလိုသည့်အတွက် ဤတပေါ်စ မင်္ဂလာအနေဖြင့် မြိုးမြိုးမြိုးစွာကျင့်ကြံဖို့ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

**<u>ဒွါရခြောက်ပေါက်မှ အကုသိုလ်မဖြစ်အောင် တားဆီးပုံ</u>**

ဤနေရာတွင် မြတ်စွာဘုရားရှင်သည် ထိုဒွါရခြောက်ပေါက်မှ ဝင်လာသော အာရုံတို့ကြောင့် အကုသိုလ်မဖြစ်ရအောင် တားဆီးနိုင်သည့် နည်းလမ်းကိုလည်း ညွှန်ပြဆုံးမထားတော်မူခဲ့ပါ၏။ ဓမ္မယောဂီများအနေဖြင့် ဘုရားရှင်ပေးခဲ့သော ထိုဆေးနည်းကောင်းအတိုင်းသာ လိုက်နာကျင့်ကြံကြဖို့ လိုပေ၏။

မည်သို့သော ဆေးနည်းကောင်းများပါနည်းဟု အဖြေရှာကြည့်ကြမည်ဆိုလျှင်-

(၁) မျက်စိနှင့်ပတ်သက်လျှင် ကောင်းသည့်အဆင်းဖြစ်စေ၊ ဆိုးသည့်အဆင်းဖြစ်စေ ယင်းတို့သည် ရုပ်များသာ ဖြစ်ကြပါသည်။ ထိုရုပ်များနှင့် မျက်စိအကြည်ဓာတ်ရုပ်တို့ တိုက်



www.burmeseclassic.com

www.burmeseclassic.com

ကိုက်မိသည်နှင့် ငါ သူတစ်ပါး ယောကျ်ား မိန်းမဟူသော သညာခွဲ၊ နာမ်စွဲတို့ ဝင်မလာစေဘဲ မြင်တာကို မြင်တယ်ဟု ရှုမြဲ ယသံဝရသီလဖြစ်သော သတိ၊ ဝီရိယနှင့် စွဲမှတ်လိုက်သည်နှင့် ထိုရုပ်တရား၊ နာမ်တရားတို့ ဖြစ်ပျက်ချုပ်ပျောက်သွားသည်ကို သိရှိလာမည်ဖြစ်၏။ ဤသို့ယောနိသောမနသိကာရအနေဖြင့် နှလုံးသွင်းမှန်စွာ ထားရှိနိုင်ခဲ့လျှင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်မလည်နိုင်တော့သဖြင့် အကုသိုလ်တရားတို့ ဖြစ်ပေါ်လာကြတော့မည် မဟုတ်တော့ပေ။

(၂) နားနှင့်ပတ်သက်လျှင်လည်း ကောင်းသောအသံ၊ ဆိုးသောအသံ မည်သည့်အသံပင်ကြားကြား လေလှိုင်းထဲမှာ ပါသော အသံရုပ်များနှင့် နားအတွင်းရှိ အကြည်ရုပ်တို့ ရုပ်ရုပ်ချင်း၊ ဓာတ်ဓာတ်ချင်း တွေ့ဆုံတိုက်ခိုက်ပြီးသည်နှင့် ဖြစ်ပေါ်ချုပ်ပျောက်သွားကြသည့်သာဟု နှလုံးသွင်းရန် လိုအပ်ပေသည်။ ဤသို့ရှုမှတ်လိုက်သည်နှင့် ကောင်းသောအသံ၊ ဆိုးသောအသံဆိုသည့် ဖြစ်စဉ်သို့ မရောက်တော့ဘဲ ရုပ်နာမ်တရားတို့ကိုသာ နှလုံးသွင်းရာရောက်သည့်အတွက် အကုသိုလ်တရားတို့ ဖြစ်ပေါ်မလာနိုင်ကြတော့ပေ။

(၃) နှာခေါင်းနှင့်ပတ်သက်၍လည်း မည်မျှကောင်းသော မွှေးရနံ့၊ ပန်းရနံ့ဖြစ်စေ မည်မျှဆိုးရွားသော မစင်ဘင်ပုပ်အနံ့ ဖြစ်စေ၊ အနံ့ရုပ်နှင့် နှာခေါင်းတွင်းမှာရှိသော အကြည်ရုပ်တို့ တိုက်ခိုက်မိခြင်းသာဖြစ်သည်။ နောက်တစ်ခဏအတွင်းမှာပင် မွှေးခြင်း၊ နံခြင်း စသည့်ရုပ်နာမ်တို့ ချုပ်ပျောက်သွားကြလိမ့်မည်ဟု အနံ့ရဆဲအခိုက် သတိနှင့် နှလုံးသွင်းလိုက်လျှင် အကုသိုလ်တရားတို့ ဖြစ်ပေါ်လာနိုင်ကြတော့မည် မဟုတ်ပါ။

(၄) လျှာနှင့်ပတ်သက်၍လည်း မည်သို့သောချို၊ ချဉ်၊ စပ်၊ ငန်၊ ခါး အရသာအပြားပြားနှင့် ထိတွေ့ရသည်ဖြစ်စေ လျှာတွင်ရှိသော အကြည်ဓာတ်ရုပ်နှင့် စားသောက်လက်စ အစားအစာထဲမှ အရသာရုပ်တို့ တစ်ခဏမျှ ထိတိုက်မိကြခြင်းသာဖြစ်သည်။ ထိုအရသာတို့အပေါ်တွင် ချိုသည်၊ ခါးသည်၊ ချဉ်သည်၊ ငန်သည်၊ ဖန်သည်၊ စပ်သည် စသဖြင့် ခံစားဖြတ်ကာ ဒေါသစိတ်၊ လောဘတဏှာစိတ်တို့ ဝင်မလာအောင် သတိနှင့်ထိန်းချုပ်ကာ အရသာများ၏ ဖြစ်ပြီး ချုပ်ပျောက်သည့်သဘောကို နှလုံးသွင်းထားခဲ့ပါလျှင် အကုသိုလ်တရားတို့ ဖြစ်ပေါ်လာနိုင်တော့မည် မဟုတ်ပါ။ အစားအသောက်နှင့်ပတ်သက်၍ သမထကမ္မဋ္ဌာန်းအနေဖြင့် အာဟာရေ ပဋိကူလသညာဆိုသော စားသောက်ဖွယ်တို့ကို ရွံရှာဖွယ်အနေဖြင့်လည်း အားထုတ်ယူနိုင်ကြပေသည်။

(၅) ကိုယ်နှင့် ပတ်သက်၍လည်း နူးညံ့သိမ်မွေ့သည်ဖြစ်စေ၊ ကြမ်းတမ်းခက်ထန်သည်ဖြစ်စေ ထိတွေ့နေခိုက်တွင် တစ်ကိုယ်လုံးတွင်ရှိသော အကြည်ဓာတ်ရုပ်နှင့် ဖောဋ္ဌဗ္ဗဆိုသော အကြည်ဓာတ်ရုပ်တို့ ထိခိုက်မိကြခြင်းသာဖြစ်သည်။ ထိုထိခိုက်ခြင်းမှတစ်ဆင့် တဏှာ၊ ရာဂ၊ ဒေါသ၊ လောဘစိတ်တို့ ဝင်မလာစေဘဲ ထိလျှင်ထိသည်ဟု သိသောအသိမှာပင် ဖြတ်တောက်နှလုံးသွင်းပါက အကုသိုလ်တရားတို့ ဖြစ်ပေါ်လာကြတော့မည် မဟုတ်ပါ။

(၆) မနောတည်းဟူသော စိတ်အကြံနှင့် ပတ်သက်၍လည်း ကောင်းသည့်အကြံဖြစ်စေ၊ ဆိုးသည့်အကြံဖြစ်စေ ဖြစ်ပေါ်လာသည်နှင့် စိတ္တာနုပဿနာအရ ရှေ့စိတ်ကလေးပျက်ပြီး နောက်စိတ်အသစ် ဆက်၍ဖြစ်ပေါ်လာပုံကို သတိနှင့်ကပ်၍ ရှုမှတ်ရပါမည်။ ထိုအခါ ရှေ့ကဖြစ်ပြီး ပျက်သွားခြင်း အနိစ္စ၊ ထိုသို့ပျက်သွားခြင်းကို သိလိုက်သည့် မဂ္ဂ(ရှေ့က ဖြစ်ပျက်-နောက်ကမဂ်)ဟု ကိုက်ညီမှုရှိသွားပါလျှင် မကောင်းသောကြံစည်မှု စိတ်ရိုင်းစိတ်မိုက်တို့ ပျောက်ကွယ်သွားပြီး အကုသိုလ်တို့ ဖြစ်ပေါ်လာနိုင်တော့မည် မဟုတ်ပါ။ သို့မဟုတ် အကုသိုလ်ကြံစည်စိတ်များကို သိလိုက်သည်နှင့် ကုသိုလ်စိတ်နှင့် အစားထိုးဖလှယ်ပေးလိုက်ခြင်းဖြင့်လည်း အကုသိုလ်တို့ ချုပ်ကွယ်သွားကြမည် ဖြစ်ပါသည်။

ဤနေရာတွင် ထိုသို့ ဣန္ဒြေတို့ကို စောင့်ထိန်းနိုင်ရန်အတွက် မြတ်စွာဘုရားရှင်ကိုယ်တိုင် မာဂဏ္ဍိယပရိဗိုဇ်ကို ဟောကြားဆုံးမတော်မူခဲ့သော သုတ္တန်ဒေသနာတစ်ခုကိုလည်း ယခုတင်ပြနေသော ဤတပေါ်စ မင်္ဂလာတရားတော်နှင့် တိုက်ရိုက်အကျုံးဝင်နေသောကြောင့် ဖော်ပြလိုပါသေးသည်။ ထိုသာကေဝဂ္ဂမှာ မဇ္ဈိမပဏ္ဏာသပရိဗ္ဗာဇကဝဂ် မာဂဏ္ဍိယသုတ်တော်မှ ဖြစ်ပါ၏။

**<u>မာဂဏ္ဍိယပရိဗိုဇ်ချုတ်ခန်း</u>**

အခါတစ်ပါး၌ မြတ်စွာဘုရားရှင်သည် ကုရုတိုင်း၊ ကမ္မာသဒမ္မနိဂုံးရွာ၌ သီတင်းသုံးနေတော်မူပါ၏။ ထိုကာလ၏ တစ်ခုသောနေ့ဝယ် ထိုရွာရှိ ဘာရဒွါဇဂေါတ္တဆိုသော ပုဏ္ဏား၏ မီးတင်းကုပ်သို့ မာဂဏ္ဍိယအမည်ရှိသော တစ်ရွာတည်းနေ ပရိဗိုဇ်တစ်ဦး ဝင်ရောက်လာလေသည်။ ဘာရဒွါဇဂေါတ္တသည် သူ၏ မီးတင်းကုပ်အတွင်းဝယ် ဘုရားရှင်ကြွလာလျှင် သီတင်းသုံးရန် မြက်ဖျာတစ်ချပ်ကို ခင်းကျင်းထားနှင့်၏။

www.burmeseclassic.com

မာဂဏ္ဍိယပရိဗိုဇ်သည် ထိုမြက်ဖျာကို မြင်သည်နှင့် "ဒီမြက်ဖျာခင်းထားတာဟာ ဘယ်သူ့အတွက်လဲ၊ ဘယ်သူ့နေရာလဲ"ဟု မေးမြန်း၏။

ပုဏ္ဏားက မြတ်စွာဘုရားရှင်အတွက် ခင်းထားခြင်းဖြစ်ကြောင်း ပြန်ပြောပါသည်။

ဤတွင် မာဂဏ္ဍိယသည် ထိုမြက်ဖျာကိုကြည့်ကာ "ဒီမြက်ဖျာအခင်းနေရာဟာ တယ်လည်းညံ့ပါကား။ အမြင်ဆိုးပါလား။ သင်တို့ ဂေါတမဘုရားရှင်ဟာ တယ်ပြီးအညွန့်တုံးပါလား"ဟု ကဲ့ရဲ့ပြောဆိုလေတော့၏။

တပိုင်ရှင် ဘာရဒွါဇပုဏ္ဏားက ဤသို့မပြောဆို မကဲ့ရဲ့သင့်ကြောင်း တားမြစ်ပါ၏။

ထိုအခိုက်အတန့်မှာပင် ဘုရားရှင်သည် ဘာရဒွါဇ၏ မီးတင်းကုပ်သို့ အချိန်ကိုက် ကြွရောက်လာခဲ့ပါတော့၏။ ပုဏ္ဏားနှင့် မာဂဏ္ဍိယတို့နှစ်ဦး ပြောဆိုနေကြသည့်စကားတို့ကို မေးမြန်းပြီးသောအခါ ဘုရားရှင်သည် ဣန္ဒြေနှင့်ပတ်သက်၍ မာဂဏ္ဍိယကို ဟောကြားတော်မူရတော့၏။

"မာဂဏ္ဍိယ..မျက်စိသည် ရူပါရုံဆိုတဲ့ အဆင်းတွင်လည်းကောင်း၊ နားသည် သဒ္ဒါရုံဆိုတဲ့ အသံတွင်လည်းကောင်း၊ နှာခေါင်းသည် ဂန္ဓာရုံဆိုတဲ့ အနံ့တွင်လည်းကောင်း၊ လျှာသည် ရသာရုံဆိုတဲ့ အရသာတို့တွင်လည်းကောင်း၊ ကိုယ်ခန္ဓာသည် ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အထိအတွေ့တွင်လည်းကောင်း၊ စိတ်သည် ဓမ္မာရုံဆိုတဲ့ တွေးတောကြံစည်မှုတွင်လည်းကောင်း၊ မွေ့လျော်ပျော်ပိုက်တတ်ကြမြဲဖြစ်တယ်။ ငါဘုရားသည် ထိုအာရုံ(၆)ခြောက်ပါး တံခါးခြောက်ပေါက်ကို လုံခြုံအောင် ပိတ်ဆို့ထားပြီးသူ ဖြစ်ပါလျက်နဲ့ သင်က ဂေါတမရဟန်းသည် အညွန့်တုံးနေသူပဲလို့ ဆိုလိုနိုင်ပါသလား။ လောကမှာ လူအချို့သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့မှ ဝင်ရောက်လာတဲ့ ကာမဂုဏ်တရားတွေကို ကောင်းစွာခံစား၊စံစားလာခဲ့ဖူးသော်လည်း ထိုကာမဂုဏ်တရားတွေရဲ့ဆိုးကျိုးမှ လွတ်မြောက်ရာ လမ်းကြောင်းတွေကို ဟုတ်တိုင်းမှန်ရာ သိရှိခဲ့တယ်။ ထို့ကြောင့် ထိုအာရုံ(၆)ပါး တံခါးခြောက်ပေါက်ကို လုံခြုံအောင် ခြိုးခြံပိတ်ဆို့ထားနိုင်ခဲ့လျှင် ထိုသူကို အပြစ်ဆိုစရာရှိပါဦးမလား မာဂဏ္ဍိယ"

ထိုအခါ မာဂဏ္ဍိယက အပြစ်ဆိုဖွယ် မရှိပါကြောင်း လျှောက်ထားရပါတော့၏။

ထိုသောအချိန်တွင်မှ ဘုရားရှင်က မာဂဏ္ဍိယပရိဗိုဇ်ကို ဥပမာပေး၍ ဆက်လက်ဟောကြား ဆုံးမတော်မူပါသည်။

"မာဂဏ္ဍိယ..ဥပမာတစ်ခုကို ငါဘုရား ပေးပါအံ့။ ကောင်းစွာနာယူမှတ်သားပါလော့။ လူတစ်ယောက်သည် ကုဋ္ဌနူနာစွဲသော အနာတို့၏ ယားယံမှုကြောင့် သွေးစိမ်းရှင်ရှင်ထွက်အောင် လက်သည်းတို့နှင့် ကုတ်ခြစ်ရတယ်။ ပြီးမှ ရဲရဲတောက်မီးကျီစုမှာ ကင်ရတယ်။ သည်လိုမှပဲ ယားယံခြင်းဝေဒနာက ပျောက်ကင်းသက်သာတယ်လို့ အထင်အမြင် စွဲနေသလိုပဲ လူတို့သည်လည်း ထိုနူနာသည်ကဲ့သို့ အလားတူသော ကာမဂုဏ်တရားတွေနဲ့ ထိတွေ့နှစ်မွှန်းပြီး ကောင်းတယ်လို့ ထင်မြင်နေကြတယ်။ ကုဋ္ဌနူနာစွဲနေသူဟာ ဆရာသမားကောင်းနဲ့ကုသလို့ ရောဂါပျောက်ကင်းသွားတဲ့အခါ မူလနူနာစွဲနေတုန်းကလို ကုတ်ဖဲ့ပြီး မီးကျီစုမှာ မီးကင်ရအောင်ခေါ်လျှင် ရနိုင်ပါဦးမလား"

"မရနိုင်တော့ပါဘုရား"

"မှန်ပါတယ်။ ဘယ်လိုမှခေါ်လို့မရတော့တာက မီးအပူ မခံနိုင်တော့လို့ဖြစ်တယ် မဟုတ်လား။ ထိုဥပမာလိုပဲ ကာမဂုဏ်တို့ရဲ့ အပြစ်တွေကို မသိသေးသူတွေဟာ လွတ်မြောက်ရာလမ်းကြောင်းကို မသိကြသေးတော့ အနူဟာ မီးကျီစုကို ကြိုက်နှစ်သက်သလို လူတွေကလည်း ကာမဂုဏ်တွေကို နှစ်သက်နေကြခြင်းဖြစ်တယ်။ ကာမဂုဏ်တရားတွေကို မလိုက်စားဘဲ ဣန္ဒြေကို ခြိုးခြံစောင့်ထိန်းနေနိုင်ကြတဲ့သူတွေမှာတော့ တပ်မက်ခြင်းတဏှာ၊ လိုချင်မှု လောဘတွေ မရှိကြတော့ဘူး။ အဲဒီတဏှာနဲ့ လောဘမရှိတော့တဲ့အတွက် ဥပါဒါန်ဆိုတဲ့ စွဲလမ်းမှုလည်း မရှိကြတော့ဘူး။ ဥပါဒါန်မစွဲလမ်းတော့ ဘဝဆိုတာ မဖြစ်ရတော့ဘဲ ဇာတိဆိုတာ မရှိလာတော့ဘူး။ ဇာတိမရှိတော့တဲ့အတွက် အိုခြင်း ဇရာ၊ သေခြင်း မရဏ၊ နာခြင်း ဗျာဓိ၊ ပူဆွေးငိုကြွေးခြင်း ပရိဒေဝ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဆိုတဲ့ ဒုက္ခဒေါမနဿ၊ ပြင်းစွာပူပန်ရတဲ့ ဥပါယာသဆိုတဲ့ မီးတွေဟာ ဘယ်မှာတောက်လောင်လာနိုင်ပါတော့မလဲ။ ဒါ့ကြောင့် သင်လည်း သူတော်ကောင်းတရားတွေကို နာကြားပြီး ကျင့်ကြံပွားများအား ထုတ်ပေတော့ မာဂဏ္ဍိယ"

ဘုရားရှင်၏ ဟောကြားဆုံးမမှုတွင် နာယူကျေနပ်သွားသောအခါ မာဂဏ္ဍိယပရိဗိုဇ်သည် မြတ်စွာဘုရားထံ၌ ရဟန်းအဖြစ်ကို ရလိုပါကြောင်းဖြင့် လျှောက်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခါ ဘုရားရှင်က "အယူတစ်ပါးရှိနေတဲ့သူဟာ ငါဘုရား၏ သာသနာတော်သို့ ဝင်လိုလျှင် လေးလပတ်လုံး ပရိဝါသ်နေပြီးမှသာလျှင် အခွင့်ပြုနိုင်မည်"ဟု မိန့်ကြားတော်မူပါ၏။

မာဂဏ္ဍိယလည်း "ဘုရားရှင် အဆုံးအမအတိုင်း နေပါမည်"ဟု ဝန်ခံပြီးနောက် ရဟန်းဘဝ ရပြီးသောအခါ ဝိပဿနာတရားတို့ကို ကြိုးစားအားထုတ်သည့်အတွက် မကြာမီတောင်မှာပင် ရဟန္တာတစ်ဆူဖြစ်တော်မူသွားခဲ့ပါတော့သည်။

**လောကီရေး ချိုးခြံကျင့်သုံးစေလို**

အထက်တွင် စာရေးသူ ရေးသားဖော်ပြခဲ့သည်တို့မှာ တပေါစမင်္ဂလာတရားတော်နှင့်ပတ်သက်၍ လောကုတ္တရာရေးဘက်မှ သက်ဆိုင်ရာအကြောင်းတို့သာ ဖြစ်ပါသည်။ ထို့ကြောင့် လောကီရေးအနေနှင့် ချိုးခြံချွေတာ ကျင့်သုံးကြရမည့် အရေးတို့ကိုလည်း ထည့်သွင်းဖော်ပြလိုပါသေး၏။

ယနေ့ခေတ် လောကီရေးအနေနှင့် ဆန်းစစ်ကြည့်လျှင် လူထုစဉ်တို့သည် စားဝတ်နေရေးအတွက် မိမိတို့အစွမ်းရှိသလောက် ရှာဖွေရှန်းကန်ကြရပါသည်။ သို့သော် အများစုကြီးမှာ ထိုသို့ရှာဖွေရုန်းကန် ရရှိလာသော ဥစ္စာပစ္စည်းတို့ကို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော ဒွါရခြောက်ပေါက်မှ ဝင်လာသမျှသော ကာမဂုဏ်အာရုံတို့အတွက် အလိုလိုက် အကြိုက်ပေးပြီး လွယ်လွယ်သုံး လွယ်လွယ်ဖြုန်းပစ်တတ်ကြသည်ကသာ များနေပေသည်။ ချွေတာချိုးခြံခြင်းမပြု၊ ဣန္ဒြေတို့ကို မစောင့်ဘဲ သုံးဖြုန်းပျော်ပါးနေထိုင်လာခြင်းသည် မကျန်းမမာဖြစ်လာချိန်၊ အိုမင်းမစွမ်းဖြစ်လာချိန်တို့တွင် စုဆောင်းထားခြင်း မရှိခဲ့သည့်အတွက် ကိုယ်၊ စိတ် ဆင်းရဲရခြင်းဒုက္ခနှင့် ရင်ဆိုင်တိုးမည်မှာ ဓကန်ဖြစ်လေတော့၏။

ချိုးခြံချွေတာသောအကျင့်၏ ဆန့်ကျင်ဘက်မှာ လျှပ်ပေါ်လော်လီမှု ဖြစ်ပါသည်။ ထို့ကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့ စိတ်ကူးသာယာမှု အဝဝတို့၌ လျှပ်ပေါ်လော်လီခြင်းကင်းစေရန် သတိ၊ ဝီရိယတို့ဖြင့် ချိုးခြံချွေတာသောအကျင့်ကို ကျင့်သုံးရမည်ဖြစ်သည်။

**အလှူကြီးပေးခဲ့ကြသော တစ်ဆုပ်ဆန်**

ရှေးရှေးမြန်မာဘုရင်များနှင့် ရှေးလူကြီးသူမများသည် ချိုးခြံချွေတာသောအကျင့်ကို ကျင့်သုံးခဲ့ကြသော အစဉ်အလာရှိခဲ့ပါသည်။ ရှေးအခါက သာလွန်မင်းတရားကြီးသည် မိမိ၏ တိုင်းသူပြည်သားတို့ကို နေ့စဉ် ထမင်းချက်သော ဆန်များထဲမှ တစ်ကြိမ်လျှင် တစ်ဆုပ်ကျ၊ တစ်ဆုပ်ကျ နှုတ်ယူပြီး စုဆောင်းစေခဲ့ပါသည်။ ဤသို့ အိမ်တိုင်း၊ အိမ်တိုင်းက စုဆောင်းခဲ့ကြသော တစ်ဆုပ်ဆန်များကို တစ်လပြည့်သော နေ့ရက်တိုင်း၌ မြို့ပြင်လေးရပ်၌ မဏ္ဍပ်ကြီးများထိုးကာ အလှူကြီးများ ပေးစေခဲ့ပါ၏။

ဤကား ရှေးလူကြီးသူမတို့၏ တပေါစမင်္ဂလာကို လိုက်နာကျင့်သုံးခဲ့ကြပုံဖြစ်ပါသည်။ လွန်စွာအတုယူထိုက်သော အစဉ်အလာကောင်းတစ်ခုအဖြစ် တင်ပြရခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဘုရားရှင်ဟောကြားသော (၃၈)ဖြာမင်္ဂလာတရားတော်မှ ဤတပေါစမင်္ဂလာအရ လောကီရေးအနေနှင့်ရော လောကုတ္တရာရေးအနေနှင့်ပါ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် စသောတံခါးခြောက်ပေါက်မှ အာရုံကာမဂုဏ်တို့ကို သတိ၊ ဝီရိယဆိုသော ဣန္ဒြိယသံဝရသီလဖြင့် ချိုးခြံချွေတာထိန်းသိမ်း စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။

နိဂုံးချုပ်အားဖြင့် စာရေးသူသည် မြတ်စွာဘုရားရှင်ဟောကြားတော်မူသော (၃၈)ဖြာမင်္ဂလာတရားတော်များကို-

(၁) ဘုရားရှင်၏ အဆုံးအမသာသနာတော်ကြီး စည်ပင်ပြန့်ပွားစေလိုခြင်း၊

(၂) သိရှိလိုက်နာ ကျင့်သုံးကြစေလိုခြင်း၊

(၃) မြတ်နိုးစွာ ထိန်းသိမ်းစောင့်ရှောက်ကြစေလိုခြင်း၊

(၄) အခွန့်ရှည်ကြာ ဘည်တံ့စေလိုခြင်း၊

(၅) ယနေ့မျက်မှောက်လောကရှိ ကမ္ဘာ့သူကမ္ဘာ့သားများ မေတ္တာဗြဟ္မစိုရ်တရားများ ခန်းခြောက်မသွားကြဘဲ ပွားများအားထုတ်ကြစေလိုခြင်း စသောရည်ရွယ်ချက်များဖြင့် လက်လှမ်းမီသမျှ ကြိုးစားရေးသားရပါကြောင်း လေးစားစွာ တင်ပြလိုက်ရပါသတည်း။

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု

ဉာဏ်ပွန့်တင်(တညောင်-ကန်ဆွယ်)

**ကျမ်းကိုး**

* (၃၈)ဖြာမင်္ဂလာ အကျယ်ဟောပြောကျမ်း (ဆရာတော် အဂ္ဂဝံသ)။
* ပရိတ်ကြီးနိဿယသစ် (အရှင်ဝါသေဋ္ဌာဘိဝံသ)။
* သမ္ဗုဒ္ဓဆယ်စောင်တွဲ။
* မင်္ဂလသုတ်၊ ကိုယ်တိုင်သင်ယူ ဆည်းပူးခဲ့ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



# ဒေါက်တာမတင်ဝင်း

(ပညာရေးတက္ကသိုလ်)

# ကျိန်စာတိုက်ခြင်းသည် သူတော်ကောင်းတို့၏ အကျင့်မဟုတ်

ကျွန်မတို့ မြန်မာနိုင်ငံတွင် သားသမီးများ၏ အမူအရာ၊ အပြောအဆိုများသည် မိဘများ၏ စရိုက်အတိုင်း လိုက်တတ်ကြသည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် အသိအလိမ္မာရှိသော မိဘများသည် မိမိတို့၏ သားသမီးများကို မှားယွင်းသော အမူအရာ၊ အပြောအဆိုများ မရှိစေခြင်းငှာ သတိထား၍ သွန်သင်ကြသည်။ အမိယုတ်သော် နှုတ်ကြမ်းသည်၊ အဖယုတ်သော် ကိုယ်အမူအရာကြမ်းတမ်းသည် ဟူသော ဆိုရိုးစကားလည်း ရှိပေရာ အမိ,အဖများသည် သားသမီးဖြစ်သူက ကြမ်းတမ်းသောစကားကို ပြောဆိုတတ်ပါမူ 'သမီးရယ်..သမီးပြောပုံဆိုပုံကို ပြင်ပါဦးကွယ်။ နို့မဟုတ်ရင် အမိယုတ်အဖြစ်ကို မေမေ ရောက်သွားမှာပေါ့' ဟု ချော့မော့ သွန်သင်တတ်ကြသည်။ အနေအထိုင်မတတ်သဖြင့် ရိုင်းစိုင်းသော အမူအရာများကို မြင်လျှင်လည်း သားအမူအရာတွေကိုမြင်ပြီး 'ကျေးရွာရှင်ဖခင်ကြီးကို အထင်အမြင်သေးကုန်ကြမှာပေါ့။ တကယ်တော့ အဲသည်လိုနေပြီး အဲသည်လို ပြောကြရင် သားတို့,သမီး တို့မှာ နောက်နောင်ဘဝအဆက်ဆက်အထိ ပျက်စီးရာ ပျက် စီးကြောင်းတွေ ဖြစ်ကုန်တော့မယ်။ အဲသည်လို မပြော သင့်ဘူး။ အဲသည်လို မနေသင့်ဘူး' စသည်ဖြင့် သွန်သင် တတ်ကြပါသည်။

အထူးသဖြင့် ယဉ်ကျေးသော ဘာသာတရား၏ သွ သင်ဆုံးမမှု၏ အကျိုးကျေးဇူးကို ရစေခြင်းငှာ ဆရာ၊ မိဘ တို့သည် ဇာတ်တော်များ၊ ပုံပြင်များဖြင့် ငယ်ရွယ်သူများကို ပုံပမာပြကာ ဆုံးမတတ်ကြသည်။ စကားပြောဆိုရာတွင် ဝေါဟာရအသုံးအနှုန်းကို မှန်ကန်စွာသုံး၍ အေးဆေးပျော ပျောင်းစွာ ပြောသင့်သည်။ ဆိုခဲ့စေ မြဲစေဟူသော စကား အတိုင်း သစ္စာရှိ၍ ကတိတည်သူလည်း ဖြစ်သင့်သည် မဟုတ်မှန်သည့်စကားကို ပျော်စေပျက်စေ သဘောဖြင့် မပြောသင့်ပေ။ ပျော်စေပျက်စေဟုဆိုသည့် စကားသည်



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းတရားရော အကျိုးတရားပါ ပါဝင်သည့်စကား ဖြစ်ပေသည်။

ကျွန်မ၏ မိခင်သည် စာရေးသူကို သူငယ်ငယ်က အကြောင်းများကို ပြောပြလေ့ရှိပါသည်။ သူငယ်ချင်းများက 'မယ်ရင်ရယ်..ညည်းကို တစ်ခုပြောချင်တယ်'ဟု ဆိုပါက မေမေက 'ပြောလေ၊ နားထောင်ပေးမှာပေါ့'ဟု ဖြေတတ်သည်။ သူငယ်ချင်းက 'ဘယ်သူ့ကိုမှ မပြောမှဖြစ်မယ်။ ညည်းမပြောပါဘူးဆိုတာ ကျိန်ပြောလေ'ဟု ပြောတတ်သည်။ မေမေဖြစ်လာမည့် မယ်ရင်ကလေးက 'ငါ မပြောဘူးလို့ဆိုရင် ဆိုခဲ့စေ မြဲစေပဲ။ ဘယ်သူ့ကိုမှ မပြောမှာသေချာတယ်။ နို့ပေမယ့် ကျိန်စာတော့ မဆိုနိုင်ဘူး။ ကျိန်စာဆိုတာဟာ သူတော်ကောင်းတို့ရဲ့ ဓလေ့စရိုက်မဟုတ်ဘူး'ဟု ပြန်၍ပြောခဲ့သည်ဟု ဆိုပါသည်။ ထိုစကားသည် ကျွန်မ၏နားမှဝင်ကာ စိတ်အစဉ်တွင် စွဲမြဲသွားခဲ့သည်။

ကျွန်မတွင် သူငယ်ချင်းတစ်ယောက်ရှိသည်။ စကားကို လွယ်လွယ်ပြောတတ်သည်။ မှန်ချင်မှ မှန်မည်။ သူ ထိမ်ထားသည့်အကြောင်း မပေါ်သမျှ သူ ဟန်ကျနေမည်။ ပေါ်သွားလျှင်ရော သူက ဝန်ခံမည်မဟုတ်။ ဒါ နောက်တာပဲ၊ အပျော်ပြောတဲ့စကားပဲဟု ခပ်တင်းတင်း ပြောတတ်သေးသည်။ ထို့ပြင် သူ့အတွက် ထွက်ပေါက်မရှိအောင် ပိတ်မိနေပြီဆိုပါက ပြင်းထန်သော ကျိန်စာများကိုဆို၍ သူ့စကားမှန်ကြောင်း သက်သေထူတတ်သည်။ ကျွန်မသည် သူ၏ ကျိန်စာများကို မမေ့သည့်တိုင် ပြန်၍ပြောရမည်ပင် ခက်သဖြင့် မတင်ပြတော့ပါ။

ထိုမျှရှည်လျားသော အချီစကားကို ပြောနေရသည်မှာ သူတစ်ပါးကို ကျိန်စာတိုက်သဖြင့် မိမိကိုယ်ကို ပြန်၍ ပြင်းထန်စွာ ဒုက္ခရောက်စေခဲ့သော အမျိုးသမီးပြိတ္တာ၏ အကြောင်းကို တင်ပြလိုသောကြောင့် ဖြစ်ပါသည်။ ထိုအကြောင်းမှာ မဟာပေသကာရပေတီမည်သော ဝတ္ထုတွင် ပါပါသည်။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် သီတင်းသုံး၍ နေတော်မူစဉ် ယောကျ်ားကို ကျိန်စာတိုက်သဖြင့် ပြိတ္တာအဖြစ်ဖြင့် ဆင်းရဲဒုက္ခရောက်ရရှာသော ရက်ကန်းသည်မကြီးတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူခြင်းဖြစ်သည်။

တစ်ခုသော ဝါဆိုဦးတွင် ရဟန်း(၁၂)ပါးတို့သည် မြတ်စွာဘုရားထံမှ သူတို့နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းတရားကို တောင်းခံ၍ တစ်ဝါတွင်းလုံး တရားအားထုတ်နိုင်ရန်၊ ဝါဆိုရန်၊ နေရာရှာရန် ရည်ရွယ်ချက်ဖြင့် ထွက်ကြွသွားတော်မူကြသည်။ ထိုခေတ်က မဇ္ဈိမတွင် ဝါဆိုချိန်နီးသည့်အခါ ရဟန်းတို့သည် မိမိတို့နှင့် သင့်လျော်မည်ထင်သည့် နေရာများကို ရှာတတ်ကြသည်။ သင့်လျော်မည့်နေရာသည် ရေမိုးအဆင်ပြေရမည်။ အသင့်အတင့်အားဖြင့် ဆွမ်းခံ၍ရနိုင်သောနေရာ ဖြစ်ရမည်။ ကမ္မဋ္ဌာန်းတရားအားထုတ်ရာတွင် နေရာထိုင်ခင်းအဖြစ် အသုံးပြုနိုင်သော အရိပ်ရအပင်များလည်း ရှိရမည်။ ထိုသို့သော နေရာများသို့ သွားရောက်သီတင်းသုံး၍ တစ်ဝါတွင်းလုံး သီတင်းသုံးကာ တရားအားထုတ်တော်မူတတ်ကြပါသည်။

ရဟန်း(၁၂)ပါး ရောက်ရှိသွားသောနေရာတွင် ရေမိုးမှစ အရိပ်ရသည့်နေရာလည်းဖြစ်သည်။ အေးဆေးသာယာသည်။ ဆွမ်းခံနိုင်မည့်အိမ်ခြေ (၁၁)အိမ်ရှိသော ရွာငယ်ကလေးလည်းရှိသည်။ ထိုနေရာကို ရဟန်း(၁၂)ပါးက ရွေးချယ်လိုက်ပြီးနောက် စတည်းချလိုက်ကြသည်။ နောက်တစ်နေ့နံနက်တွင် ရဟန်း(၁၂)ပါး ဝါစဉ်အတိုင်းတန်းစီကာ အနီးရှိ ရက်ကန်းသည်များ နေထိုင်သော အိမ်ခြေ(၁၁)အိမ်သာရှိသည့် ရွာဘက်သို့ ဆွမ်းခံထွက်ခဲ့လေသည်။

ဝါတွင်းကာလ ရောက်သည့်အချိန်တွင် လှူဒါန်းချင်ပါသော်လည်း အလှူခံပုဂ္ဂိုလ်မရှိက မလှူနိုင်ရာ။ အလှူခံပုဂ္ဂိုလ်များ မခေါ်ပင့်ဘဲ ကြွရောက်တော်မူလာသဖြင့် ရက်ကန်းသည်အကြီးအမှူးဖြစ်သူသည် အင်မတန်မှ ဝမ်းမြောက် ဝမ်းသာဖြစ်သွားလေသည်။ ကျန်သောရက်ကန်းသည်များကလည်း ဝမ်းမြောက်ကြသည်။ ထို့ကြောင့် ဆွမ်းခံကြွလာသော ရဟန်းများကို ဝိုင်းဝန်းကြိုဆိုကာ ဝမ်းမြောက်ဝမ်းသာဖြင့် တပည့်တော်တို့၏အထံတွင် ဝါဆိုလများအတွင်း သီတင်းသုံးတော်မူပါဘုရားဟု လျှောက်ထားကြသည်။ ရဟန်းမြတ်များကလည်း သီတင်းသုံးပါမည်ဟု ဝန်ခံသည်။ ရက်ကန်းသည်များသည် အရှင်များ သီတင်းသုံးရန် ရွေးချယ်ထားသော တောတွင်းတွင် ဝါဆိုသည့်အချိန်အတွင်း သီတင်းသုံးရန် ဝါဆိုအိမ်ဟုခေါ်သော ယာယီကျောင်းကလေးကို တကဲတက်ကြွကြွ ဆောက်လုပ်ပေးကြသည်။ ရက်ကန်းသည် အကြီးအမှူးဖြစ်သူက ရဟန်းနှစ်ပါး၏ ဆွမ်းပြည့်စုံရေးကို တာဝန်ယူလိုက်သည်။ ကျန် (၁၀)အိမ်က တစ်အိမ်လျှင် တစ်ပါးကျ တာဝန်ယူကြသည်။ ထိုသို့ဖြင့် အလှူပေးချင်သည့် သူရော အလှူခံများအတွက်

www.burmeseclassic.com

ပါ အဆင်ပြေသွားခဲ့သည်။

ထိုသို့ အစစအရာရာအဆင်ပြေကာ ရက်ကန်းသည်ကြီးက ကောင်းရာကောင်းကြောင်း ဆွမ်းများကိုချက်ကာ လှူဒါန်းနေသည်ကို ရက်ကန်းသည်၏ဇနီးဖြစ်သူက မကျေမနပ် ဖြစ်နေသည်။ ကုန်ခန်းသည်ဟုထင်နေသည်။ ထို့ကြောင့် ရဟန်းတော်များကိုလည်း မရှိမသေပြုသကဲ့သို့ လင်ဖြစ်သူအားလည်း ငြူစူစောင်းမြောင်းနေလေသည်။ ရက်ကန်းသည်ကြီးသည် ဇနီးသည်၏ ညီမဖြစ်သူကို အိမ်သို့ ခေါ်ကာ သူ့တွင်ရှိသမျှ ပစ္စည်းများကိုအပ်၍ အလှူအတွက် တာဝန်ယူခိုင်းလေသည်။ ဤနည်းဖြင့် ရက်ကန်းသည်ကြီးက အလှူဝတ်မပျက်အောင် ကြိုးစားခဲ့သည်။

ဤသို့ အလှူဝတ်မပျက်ဘဲ ဝါကျွတ်သည့်အချိန်သို့ ရောက်လာသည်တွင် ရက်ကန်းသည်ကြီးက ရဟန်းတော်တစ်ပါးလျှင် တစ်ထည်ကျဖြင့် သင်္ကန်းချုပ်ရန် သင်္ကန်းလျာ ပုဆိုးကို ကပ်လှူလိုက်သည်။ ရဟန်းတော်များ ပြန်ကြွသွားသည့်အချိန်တွင် ကုသိုလ်,အကုသိုလ်တို့၏ အကြောင်းအကျိုးကို မသိသဖြင့် ရက်ကန်းသည်ကြီး၏ ဇနီးသည်က ကြောက်မက်ဖွယ်ကောင်းသော ကျိန်စာများကိုတိုက်၍ ဆဲရေးလေတော့သည်။

ကုသိုလ်၏အကျိုးကို မသိသဖြင့် 'သင်ဟာ သင်ပြုတဲ့ ဆွမ်းကုသိုလ်ကြောင့် အကျိုးရမယ်ဆိုရင်လည်း ရလာတဲ့ စားစရာများဟာ ကျင်ကြီး,ကျင်ငယ်နဲ့ ပြည်များ၊ သွေးများ ဖြစ်ပါစေ။ သင်္ကန်းများအတွက် အကျိုးကျေးဇူးရမယ်ဆိုရင်လည်း မီးလျှံများတောက်နေတဲ့ သံပြားများသာ ဖြစ်ပါစေ' ဟူသော ကြားရ၊ ဖတ်ရရုံဖြင့်ပင် ကြောက်ရွံ့ထိတ်လန့်စရာကောင်းသည့် ကျိန်စာများကို ဆိုလေသည်။

ဝန်တိုခြင်းကြောင့် ဖြစ်ပေါ်နေသည့် ဒေါသများက ဦးဆောင်နေသဖြင့် ထိုကဲ့သို့သော စကားများကို ပြော၍ ထွက်နိုင်ခြင်း ဖြစ်သည်။

ရက်ကန်းသည်ကြီးသည် အသက်အတိုင်းနေ၍ သေလွန်သည့်အခါ တစ်ခုသောတောအုပ်အတွင်းတွင် ရုက္ခစိုးနတ်မင်းကြီး ဖြစ်ခဲ့သည်။ သူ၏ ကြမ်းကြုတ်သော ဇနီးသည်မှာလည်း တောတစ်ခုတည်းတွင်သွားပြီး ပြိတ္တာဖြစ်နေလေသည်။ ပြိတ္တာမကြီးသည် အဝတ်မဝတ်နိုင်၊ အစားလည်း မစားရသဖြင့် ဆင်းရဲဒုက္ခရောက်တိုင်း ဘဝဟောင်းက သူ၏ခင်ပွန်းဖြစ်သူ ရုက္ခစိုးနတ်မင်းကြီးသို့လာ၍ စားဖွယ်သောက်ဖွယ်တို့ကို ပေးပါဟု တောင်းလေ့ရှိသည်။

ရုက္ခစိုးနတ်မင်းကြီးကလည်း သနားသဖြင့် စားစရာ၊ ဝတ်စရာများကို ပေးကမ်းခဲ့သည်။

သို့သော် အကြောင်းမထင်သဖြင့် အကျိုးမရခဲ့ချေ။ အဝတ်တို့ကို ဝတ်လိုက်သည်နှင့် ကိုယ်ပေါ်တွင် မီးတောက်များ ထလာကာ ပူလောင်သဖြင့် ချွတ်ပစ်ရလေသည်။ ဆာလောင်သောကြောင့် ရုက္ခစိုးပေးလိုက်သော အစားအစာများကို စားသောက်မည်ဟု ပြင်သည့်အခါတွင်လည်း ကျင်ကြီး,ကျင်ငယ်များ၊ သွေးပြည်များ ဖြစ်ကုန်ကြသည်။ မစားရလျှင် မဖြစ်လောက်အောင် ဆာသည့်အခါ မသတီစရာ ဤစားစရာများကိုသာ' စားရသည်။ သူ၏နှုတ်မှ ကြမ်းကြုတ်စွာ တိုက်ခဲ့သော ကျိန်စာသည် သူ့ကိုသာ ပြန်၍ ထိနေခြင်းဖြစ်သည်။

ထိုသို့ဖြင့် နှစ်တစ်နှစ်၏ ဝါကျွတ်သည့်အချိန်တွင် ဝါဆိုရွာမှပြန်မည့် ရဟန်းတစ်ပါးသည် လှည်းကုန်သည်များက ပင့်ဖိတ်သဖြင့် ထိုသူတို့နှင့်အတူ ခရီးထွက်တော်မူခဲ့လေသည်။ ညချမ်းအခါတွင် လှည်းများကိုဖြုတ်၍ ရေမိုးအဆင်ပြေသော တောအုပ်တစ်ခုအတွင်း၌ စခန်းချကြသည်။ ညချမ်းအခါတွင် လူသူများနှင့် ရောနှောအိပ်စက်ရန် မသင့်သဖြင့် ရဟန်းတော်သည် လှည်းဝိုင်းမှထွက်ကာ တစ်ပါးတည်း ကျိန်းစက်တော်မူလေသည်။ ပင်ပန်းလွန်းလှသဖြင့် မနက်ခင်းတွင် အရုဏ်မလာမီအချိန် လှည်းများ ထွက်မည်ကို သိလျက်နှင့် မနိုးဘဲ အိပ်ပျော်နေခဲ့လေသည်။ လှည်းသမားများကလည်း သုတ်သီးသုတ်ပျာပြင်ဆင်ကာ ထွက်ကြရသဖြင့် ရဟန်းတော်ကိုရှာရန် မေ့သွားလေသည်။ ရဟန်းတော်သည် ကျိန်းစက်ရာမှ နိုးလာသည့်အချိန်တွင် လှည်းသမားများ မရှိတော့သဖြင့် တစ်ပါးတည်း ကြွတော်မူခဲ့ရလေသည်။

ထိုသို့ တစ်ပါးတည်း ကြွသွားတော်မူသော အရှင်သည် ရက်ကန်းသည်ဘဝမှ ရုက္ခစိုးနတ်မင်း ဖြစ်လာသူနေထိုင်သည့်အရပ်သို့ ရောက်သွားလေသည်။ လူ့ဘဝကတည်းက ရတနာသုံးပါးကို ကြည်ညိုသော စိတ်ထားကောင်းသူဖြစ်သဖြင့် ရုက္ခစိုးနတ်မင်းသည် လူ့အသွင်ကိုယူကာ ရဟန်းတော်ကို ဆီး၍ကြိုခဲ့သည်။ ပဋိသန္ဓာရစကားများဖြင့် လျှောက်ထားပြီးနောက် သူ၏ ဘုံဗိမာန်သို့ ပင့်ဆောင်ကာ ခြေထောက်ကို လိမ်းနယ်သောဆီတို့ဖြင့်လိမ်း၍ နှိပ်နယ်ပေးခဲ့သည်။

ဤနေရာတွင် လူငယ်များ သိသင့်သော ဧည့်ဝတ်ရ

www.burmeseclassic.com

www.burmeseclassic.com

များကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါသည်။ ပဋိသန္ဓာရစကားဆိုသည်မှာ အချင်းချင်းပြောလိုသောစကား ပြောနိုင်အောင်၊ တစ်ဦးအကြောင်း တစ်ဦးသိနိုင်အောင် အဆက်အစပ်စကားအဖြစ် ပြောတတ်ကြသော ယဉ်ကျေးဖွယ်ရာစကားဖြစ်သည်။

စကားအဆက်အစပ် ရပြီးနောက်မှသာ ရဟန်းတော်သည် တစ်ပါးတည်း ကာလရှည်ကြာစွာ ခရီးနှင်လာသူဖြစ်သဖြင့် ခြေထောက်များ နာနေမည်။ ခြေဖဝါးများ ကွဲကောင်း ကွဲနေမည်ဟုဆိုကာ ဘုံဗိမာန်တွင်းသို့ ပင့်ဖိတ်၍ ခြေနယ်ဆီဟု သီးသန့်ထားသောဆီဖြင့်လိမ်းကာ နှိပ်ပေးခြင်းဖြစ်သည်။ ရုက္ခစိုးဘဝတွင် လိုမည်မဟုတ်သော်လည်း လိုအပ်သော လူသားရဟန်းတော်အတွက် သုံးရန် နတ်တို့၏တန်ခိုးဖြင့် ဖန်ဆင်းပေးခြင်း ဖြစ်နိုင်သည်။ မဇ္ဈိမဒေသတွင် ခြေကျင်ခရီး သွားရသောသူများ ခြေဖဝါးကွဲတတ်သဖြင့် "ခြေနယ်ဆီကို သုံးလေ့ရှိသည်။

ရုက္ခစိုးနတ်များကို ကာတွန်းဆရာများ ပုံဖော်သကဲ့သို့ သစ်ပင်ခွကြားတွင် နေသူအဖြစ် မယူဆကြစေလိုပါ။ တတ်သိနားလည်သောဆရာတော် သမားတော်ကြီးများ၏ အမေး,အဖြေ စာအုပ်များတွင် စောင့်ရှောက်နေထိုင်သော သစ်ပင်အနီး အမြင့်တစ်နေရာတွင် ဘုံဗိမာန်ဖြင့် နေထိုင်ကြသည်ဟု သိရသည်။ အထက်နတ်ကြီးများ မဟုတ်ကြသော်လည်း သီတင်းသီလစင်ကြယ်သူများ ဖြစ်ကြသည်ဟု သိရပါသည်။ နတ်တို့တွင်လည်း ကုသိုလ်ကံအကျိုးပေးကောင်းသူ၊ ညံ့သူ စသည်ဖြင့် ကွဲပြားခြားနားမှု ရှိနေပါသည်။ ရက်ကန်းသည် ရုက္ခစိုးကြီးမှာမူ နတ်ဘဝတစ်ခုတည်းမှာပင် ကောင်းမှုအကျိုးကို ခံစား,စံစားရမည်မှာ သေချာပါသည်။

လာဇာဒေဝဓီတာ ဝတ္ထုတွင် နတ်သမီးဖြစ်သော်ငြားသည်း မမေ့သောသတိဖြင့် ကုသိုလ်ကို ဖြည့်ဆည်းသည့်အနေဖြင့် အရှင်မဟာကဿပ၏ ကျောင်းအာရာမ်တွင် အမှိုက်လှည်းပေးသည်ကို သတိရသင့်သည်။ သိကြားမင်းနှင့် အခြားသော်နတ်များလည်း လူ့အသွင်ကိုယူကာ အရှင်မဟာကဿပ နိရောဓသမာပတ်မှအထတွင် လှူဒါန်းနိုင်ရန် စောင့်တတ်ကြသည်။ အကြောင်းမှာ စဉ်ဆက်မပြတ်ကုသိုလ်မှုကို ပြုနေသောသူသည် မိမိရပြီးအဆင့်ထက် မည်သည့်အခါမျှ လျော့မကျဘဲ ပိုမိုတိုးတက်နိုင်သော အနေအထားသို့ပင် တက်လှမ်းနိုင်ကြောင်း ဤကဲ့သို့သော သာဓကများကိုထောက်၍ ယုံကြည်ကြရန် လိုအပ်ပါသည်။

ရဟန်းတော်ကို ရုက္ခစိုးနတ်မင်းက ပြုစုနေစဉ် ပြိတ္တာမကြီးကလည်း ဆာလောင်မွတ်သိပ်သောကြောင့် အစားအစာကို လာရောက်တောင်းခံနေပါသည်။ အပူအအေးမှ ကာကွယ်ရန် အဝတ်ကိုလည်း တောင်းပါသည်။ ရုက္ခစိုးနတ်မင်းသည် ပြိတ္တာမကြီးအား အစားကိုလည်း ပေးပါသည်။ အဝတ်ကိုလည်း ပေးပါသည်။ ထိုအရာတို့သည် ပြိတ္တာမကြီး၏လက်သို့ ရောက်သည်နှင့် မသတီဖွယ်ရာအရာများ ဖြစ်ကုန်ကြသည်။ အဝတ်တို့မှာလည်း မီးတောက်မီးလျှံများ ထနေသည့် သံပြားများ ဖြစ်ကုန်ကြလေသည်။

ရဟန်းတော်သည်လည်း ထိုအဖြစ်ကို မျက်ဝါးထင်ထင် မြင်ခဲ့သဖြင့် လွန်စွာထိတ်လန့်ကာ သံဝေဂဖြစ်ခဲ့လေသည်။ ထို့ကြောင့် ဤမိန်းမကား ဘယ်သူနည်း။ ဘာကြောင့် ဤသို့ခံစားနေရသနည်းဟု ရုက္ခစိုးနတ်ကို မေးမြန်းလေသည်။

ရုက္ခစိုးနတ်ကလည်း အစမှအဆုံး ဇာတ်ကြောင်းပြန်ရှုံသာမက "ဤပြိတ္တာမသည် လှူဒါန်းရာတွင် စေတနာထက်သန်နေသော တပည့်တော်ကို စိတ်ဆိုးပါသည်။ ငွေကုန်ကြေးကျ များမှာကိုလည်း စိုးရိမ်ပါသည်။ ထိုသို့သော မစ္ဆရိယအရင်းခံသော ဒေါသစိတ်ကြောင့် တပည့်တော်ကို သူက ကျိန်ဆဲပါသည်။ သင်သည် အလှူ၏ အဖို့အစုကို ခံစားရသည်ဟုဆိုပါက ကျင်ကြီး,ကျင်ငယ်၊ သွေးနှင့် ပြည်တို့ကို စားရသူ ဖြစ်ပါစေ။ မီးဆူးများ ပေါက်နေသော သံပြားများကို ဝတ်ရပါစေဟု ကျိန်ဆဲခဲ့ပါသည်။ ထို့ကြောင့် သူသည် သေလွန်သည့်အချိန်တွင် ပြိတ္တာဖြစ်ကာ တပည့်တော်အား ကျိန်ဆိုခဲ့သည့်အတိုင်း သူက ခံစားနေရပါသည် ဘုရား" ဟု ရှိသေစွာလျှောက်ထားခဲ့သည့်ပြင် "အရှင်ဘုရား..တပည့်တော်အား သနားချီးမြှင့်သောအားဖြင့် ဤပြိတ္တာမကို ကယ်ဆယ်ရန် နည်းများရှိပါက ပေးတော်မူပါဘုရား" ဟု လျှောက်ထားလေသည်။

ရဟန်းတော်က "ဒကာရုက္ခစိုး..အကုသိုလ်ကြောင့် ဒုက္ခရောက်နေသော တစ်ယောက်သောသူအား ကုသိုလ်ဖြင့် ကယ်ဆယ်နိုင်ပါသည်။ မြတ်စွာဘုရားအားဖြစ်စေ၊ သံဃာတော်အားဖြစ်စေ တစ်ပါးတည်းသော ရဟန်းအားဖြစ်စေ ထိုပြိတ္တာမကို ရည်စူး၍ ထမင်း၊ အဖျော် စသည်တို့ဖြင့် လုပ်ကျွေး၍ ထိုကောင်းမှုကုသိုလ် အဖို့အစုကို အမျှပေးပါက၊ အကယ်၍ ထိုပြိတ္တာမကလည်း သာဓုခေါ်နိုင်ပါက

www.burmeseclassic.com

မကောင်းသောဘဝဆိုးမှ လွတ်မြောက်နိုင်ပါသည်’ဟု မိန့်တော်မူခဲ့သည်။

ဤနေရာတွင် အယူမှား အသိမှားဖြင့် ပြောတတ်ကြသည့်သူများ၏စကားကို အမှန်မထင်မှတ်ကြရန် သတိပေးလိုပါသည်။ လူပုံလယ် ဟောပြောပွဲတစ်ခုတွင် အရက်သောက်ထား၍ ရီဝေနေသော စာရေးဆရာတစ်ယောက်က ‘ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများသည် မင်းတို့ ငါ့ကိုလှူငါက စားရင် မင်းတို့ ကုသိုလ်ရမယ်ဟု ပြောတတ်သည်’ ဟု မရှိမသေပြောကြားသည်ကို စာရေးသူကိုယ်တိုင် နားနှင့်ဆတ်ဆတ်ကြားခဲ့ရဖူးပါသည်။

စာရေးသူ အင်မတန်စိတ်ဆင်းရဲစွာဖြင့် မိမိ၏ ကိုယ်၊ စိတ်၊ နှလုံး သုံးပါးကို ချုပ်ထိန်းထားခဲ့ရပါသည်။ မည်သည့်ရဟန်းကောင်း ရဟန်းမြတ်ကမှ ထိုသို့ပြော၍ အလှူမခံပါ။ မိမိတို့သည်လည်း တစ်စုံတစ်ရာ လှူဒါန်းမည်ဟုဆိုပါက ရဟန်းကောင်း ရဟန်းမြတ်များကို တွေ့အောင်ရှာကာ လှူတတ်ရပါမည်။ ထိုသို့သော ရဟန်းကောင်းကိုရှာမတွေ့နိုင်တော့သည့်အဆုံးတွင် သံဃာမှန်ကိုသာ ရည်စူး၍ လှူဒါန်းသင့်ပါသည်။

သံဃာ့ဂုဏ်တော်ကိုးပါးတွင် လယ်ယာမြေကောင်းသဖွယ်ဖြစ်သော ကုသိုလ်မျိုးစေ့ကို ချနိုင်သောဂုဏ်လည်းပါသည်ဖြစ်ရာ အလှူပေးသူကလည်း ရည်မှန်းချက်ကောင်း၍ စိတ်ထားဖြူက အလှူ့အကျိုးကို ရနိုင်ပါသည်။ ရဟန်းသံဃာများသည် ဆွမ်း၊ သင်္ကန်း အစရှိသော လှူဖွယ်များကိုလက်ခံပြီးနောက် အနုမောဒနာတရားများကို ဟောကြားခြင်းသည် အလှူရှင်များအနေဖြင့် မိမိတို့၏ အလှူ့အကျိုးကိုကောင်းစွာသိရှိနားလည်အောင် ဆောင်ရွက်တော်မူကြခြင်းဖြစ်ပါသည်။

ခေတ်လူငယ်များ အပြောအဆိုရဲတင်း၍ အာဝဇ္ဇန်းရွှင်သောသူများ ဟောပြောတိုင်း မယုံကြည်သင့်ပါ။ ပြန်လည်ဆန်းစစ်သင့်ပါသည်။ ယခု စာရေးသူရေးနေသောစာကို ဖတ်ပြီးနောက်တွင်လည်း ဆန်းစစ်လေ့လာသင့်ပါသည်။ ပြောတိုင်း မယုံရန် မြတ်စွာဘုရားကိုယ်တော်တိုင် ကာလာမသုတ်တွင် ဟောကြားတော်မူခဲ့ပါသည်။

ရက္ခစိုးနတ်ကလည်း ဖြစ်ခဲ့ဖူးသောဘဝမှ ဇနီးသည်ကိုကယ်တင်လိုသော စေတနာဖြင့် သူ့ကိုရည်စူးကာ ရဟန်းတော်မြတ်အား ခဲဖွယ်၊ ဘောဇဉ်များကို လှူဒါန်းခဲ့ပါသည်။ သင်္ကန်းကိုလည်း လှူဒါန်းခဲ့ပါသည်။ ထို့နောက် ပြိတ္တာမကြီးအား အလှူ၏ အဖို့အစုကို အမျှပေးဝေခဲ့ပါသည်။ ပြိတ္တာမကြီးကလည်း သာဓုခေါ်နိုင်သည်ဖြစ်၍ မွန်မြတ်သော အစားကောင်းများကို စားရပါသည်။ စားနိုင်သည့်အနေအထားသို့လည်း ရောက်ပါသည်။ အဝတ်များကိုလည်းကောင်းစွာဝတ်ဆင်နိုင်ခဲ့ပါသည်။

ရက္ခစိုးနတ်မင်းသည် ရဟန်းတော်ကို နတ်တို့၏တန်ခိုးဖြင့် သာဝတ္ထိပြည်သို့ တစ်နေ့ချင်းဖြင့်ရောက်အောင် ပို့ဆောင်ပေးခဲ့ပါသည်။ ရဟန်းတော်ကလည်း သူ့အား ရက္ခစိုးနတ်မင်းပေးလှူခဲ့သော သင်္ကန်းလျာပုဆိုးကို မြတ်စွာဘုရားအားကပ်လှူ၍ တွေ့ကြုံခဲ့ရသည်ကို ပြန်လည်လျှောက်ထားခဲ့ပါသည်။ မြတ်စွာဘုရားရှင်ကလည်း ရဟန်းလျှောက်ထားသည့်အကြောင်းကို အခြေခံထားကာ တရားနာပရိသတ်တို့ကို တရားချီးမြှင့်တော်မူခဲ့ရာ များစွာသော ပရိသတ်များသည် ကုသိုလ်,အကုသိုလ်တို့၏ အကြောင်းခံနှင့် အကျိုးဆက်ကို ကောင်းစွာနားလည်၍ သတိတရားပွားများနိုင်သော အကျိုးကို ရကြလေသည်။

ရက်ကန်းသည်မကြီးသည် ရတနာသုံးပါး၌ မမိုက်မသုန် ယုံကြည်သော ခင်ပွန်းကောင်းကိုရပါလျက် ထိုသူနှင့်အတူ အလှူဒါန၏ အကျိုးကျေးဇူးတွင် သက်ဝင်ခြင်းမရှိဘဲကုသိုလ်ဖြစ်ပွားရာနေရာ ကုသိုလ်ဖြစ်ပွားရာ အချိန်တို့တွင် အကုသိုလ်များကို ကျိုးကာ,ကျိုးကာ ယူမိသဖြင့် ဖော်ပြခြင်းငှာ မကောင်းလှသည့် အခြေအနေသို့ရောက်အောင် ပြိတ္တာဘဝဖြင့် ဒုက္ခရောက်ခဲ့ရလေသည်။ သို့သော် ခင်ပွန်းဖြစ်ခဲ့သူသည် ဘဝပြောင်းသော်လည်း ကလျာဏမိတ္တ ဖြစ်နေသည်ကတစ်ကြောင်း၊ သူ၏ကုသိုလ်စိတ်ကြောင့် ရဟန်းတစ်ပါး လမ်းမှားနေသည်ကို ကယ်ဆယ်ပြုစုနိုင်ခဲ့သည်ကတစ်ကြောင်း စသည့်ကလျာဏမိတ္တ၏ ကုသိုလ်အကျိုးကိုမှီကာ ပြိတ္တာမကြီးသည် ဆင်းရဲတွင်းမှ လွတ်မြောက်ခဲ့သည်။

ထို့ကြောင့် ရတနာသုံးပါးတွင် သက်ဝင်ယုံကြည်သော ကံနှင့် ကံ၏အကျိုးကို ကောင်းစွာယုံကြည်သောသူများဖြစ်ရန် မိမိတို့ကိုယ်ကိုမိမိတို့ ကောင်းစွာဆောက်တည်သင့်ကြပါကြောင်း သတိပေးရာရောက်သည့် ဤဆောင်းပါးဖြင့် ကုသိုလ်ပြုလိုက်ရပါသည်။

ဒေါက်တာမတင်ဝင်း
(ပညာရေးတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး

တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တာဆတလ (တိုး)-၁၃၀၂




အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆသတ (တနယ်ဖင်း) ၁၃၀/၀၀၀၇

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်အကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား"

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းသွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး၊ အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ၊ ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး၊ ဝမ်း၊ လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ၊ တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံသာ တိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး တလေးတွင် လေနာကင်းသာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ ဗွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ ညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

မုံရွာမြို့ မန္တလေးမြို့နှင့် မုံရွာမြို့ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးဆိုင်များနှင့် ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ထုတ်လုပ်သူ - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း

၁၅၆၊ ဗဟိုလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၀-၈၈၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၃၀ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)


www.burmeseclassic.com

ဗုဒ္ဓဘာသာသူတော်စင်များ သရဏဂုံဆိုသောစကားကို သိထားကြပြီဖြစ်ပါ၏။ ဗုဒ္ဓဘာသာဝင်ဝန်းကျင်၌ သရဏ ဆိုသောစကားကို နေရာတကာမှာ ကြားသိရ၏။ ရှင်ပြုပွဲ၊ အလှူပွဲ၊ ဆွမ်းကျွေးပွဲ စသည့်ဘာသာရေးနှင့်ပတ်သက်သော အခမ်းအနားမှန်သမျှ၌ သရဏ မပါလျှင်မပြီး။ သရဏသည် ဗုဒ္ဓဘာသာဝင်တို့၏ အမှတ်တံဆိပ်ဖြစ်၏။ သရဏ မဖြစ်လျှင် ဗုဒ္ဓဘာသာမဟုတ်။ အဘယ်ကြောင့်ဆိုလျှင် သရဏ ဟူသော အမည်သည် ရတနာသုံးပါး၏ အမည်ဖြစ်သော ကြောင့်ဖြစ်၏။ ရတနာသုံးပါးသည် ဘုရား၊ တရား၊ သံဃာ ဖြစ်၏။ မိမိသည် ရတနာသုံးပါးအနက်က သံဃာရတနာကို ရေးသားရန် ခေါင်းစဉ်တည်ခဲ့ခြင်းဖြစ်၏။

သရဏသည် ရတနာသုံးပါး၏ အမည်ဆိုလျှင် သံဃာ ရတနာသည် အဘယ်ကြောင့် သရဏမည်သနည်း ဆိုသည်

ဗုဒ္ဓဘာသာက

## ကိုးကွယ်ထိုက်စွာ မြတ်သံဃာ



www.burmeseclassic.com

ဆင်ခြင်ရန် လိုအပ်၏။ ထိုသို့မဆင်ခြင်မီ သရဏဆို စကားကို ဦးစွာလေ့လာသင့်သည်ထင်၏။ သရဏကို ားလည်အောင် လိုရင်းတိုရှင်း မြန်မာပြန်သည့်အခါ ကွယ်ဆည်းကပ် ပုန်းအောင်းမှီခိုရာဖြစ်၏။ သတ္တဝါတို့ အန္တရာယ်တစ်ခုခုကို ရှောင်လွှဲလိုသောအခါ ပုန်း င်းမည့်နေရာကို ရှာတတ်ကြ၏။ သေနတ်သမားတစ် က်သည် တွေ့သမျှလူအား သေနတ်နှင့် ပစ်သတ်နေ ထိုအခါမျိုးတွင် ကျည်မရောက်နိုင်သောနေရာ၊ ကျည် က်နိုင်သော နေရာတို့သည် ပုန်းအောင်းရာဖြစ်၏။ ရာတို့၌ ကျည်မဖောက်နိုင်သော စွမ်းရည်၊ ကျည် က်နိုင်သော စွမ်းရည် ရှိ၏။ ထိုစွမ်းရည်တို့ဖြင့် ကျည် က်ခြင်း၊ ကျည်ရောက်ခြင်းတို့ကို ညှဉ်းဆဲ၏။ နှိပ်စက် ဖျက်ဆီး၏။

အစာငတ်မွတ်ခေါင်းပါးနေသော လူတစ်ယောက်သည် ထိုလူမှာ အစားအစာရရှိနိုင်သော စွမ်းရည်သည်မရှိ။ ယောက်သည် ကြွယ်ဝချမ်းသာ၏။ စားသောက်၍ နိုင်သော ပစ္စည်းဥစ္စာရှိ၏။ ထိုသူကြွယ်သည် လူဆင်း အစားအသောက်များ ထောက်ပံ့ပေး၏။ လူဆင်းရဲ က် သူကြွယ်သည် မှီခိုရာဖြစ်၏။ မှီခိုရာဖြစ်၍ သွား မှီခိုခြင်းသည် ဆည်းကပ်ခြင်းဖြစ်၏။ ကိုးကွယ်ခြင်း ပုန်းအောင်းရာဖြစ်၍ သွားရောက်ပုန်းအောင်းခြင်း ဆည်းကပ်ခြင်းဖြစ်၏။ ကိုးကွယ်ခြင်းဖြစ်၏။ ကိုး ဆည်းကပ်ခြင်းနှင့် ပုန်းအောင်းမှီခိုခြင်းကို ဤသို့အပြန် မှတ်သားနိုင်၏။ ဤသည် သရဏမည်၏။

ကိုးကွယ်ဆည်းကပ်ထိုက် ပုန်းအောင်းမှီခိုထိုက်သော တွင် ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးတတ်သော ဂုဏ် ၏။ ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးတတ်သည့် ဂုဏ်သတ္တိ အရာတို့သည် သရဏမမည်။ သရဏပုဒ်ကို ဟိံသ သရဏံဟု ဖွင့်ထား၏။ ညှဉ်းဆဲနှိပ်စက် ဖျက်ဆီး သောကြောင့် သရဏမည်၏ဟု အဓိပ္ပာယ်ရ၏။ ဤ လေ့လာတွေ့ရှိရသော သရဏစကား၏ အဓိပ္ပာယ် ရတနာသုံးပါးကို သရဏဟု ဆိုထား၏။ ရတနာ တွင်လည်း ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးတတ်သော ရှိ၍ သရဏမည်ခြင်းဖြစ်၏။ သို့ဆိုလျှင် သံဃာ ည် အဘယ်ကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးပါ ကျည်ဖောက်ခြင်းကို ကျည်ရောက်ခြင်း စသည်ကို နှိပ်စက် ဖျက်ဆီးပါသလား။ ဤအဖြေကို ရှာတွေ့လျှင် သံဃာရတနာ၏ သရဏမည်ရခြင်း အကြောင်းကို လည်း လေ့လာပြီးသား ဖြစ်သွားပြီ ဖြစ်ပါ၏။

အပ္ပကာနမ္ပိကာရာနံ ဝိပုလဖလပဋိလာဘ ကရဏေန သံဃောဟု သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ စာမျက်နှာ(၂၀၆)၌ ဆို ထား၏။ သံဃာသည် အနည်းငယ်သော ကောင်းမှုတို့၏ လည်း ပြန့်ပြောသောအကျိုးကိုပြုခြင်းဖြင့် သတ္တဝါတို့၏ ဘေးအန္တရာယ်ကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးတတ်၏။ သံ ဃာရတနာမှာ ဤသို့ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးခြင်း ဂုဏ် သတ္တိရှိ၍ သံဃာရတနာသည် သရဏမည်ခြင်းဖြစ်၏။

ရှင်းရပါဦးမည်။ သံဃာသည် သတ္တဝါတို့၏ သံသရာ ဒုဂ္ဂတိဘေးတို့ မရောက်ရအောင် ကာကွယ်စောင့်ရှောက် ပေး၏။ သံဃာတော်အား အနည်းငယ်မျှသော ဆွမ်း၊ ပစ္စည်း တစ်ခုခုကို လှူလိုက်ခြင်းဖြင့် သံသရာခရီး၌ များစွာသော ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိတို့ကို ရကြ၏။ သံဃာတော်တို့ အား ဆွမ်းစသည် ပေးလှူခြင်းသည် ဒါနဖြစ်၏။ ဒါန၏ အကျိုးပေးသည် ကောင်းသောဘုံဘဝသို့ ရောက်ခြင်း ဟူသော ဘဝသမ္ပတ္တိ၊ ကောင်းသောစည်းစိမ်ဥစ္စာတို့ကို ပိုင် ဆိုင်နိုင်ခြင်းဟူသော ဘောဂသမ္ပတ္တိဖြစ်၏။ ဒါန၏ အကျိုး သဘာဝကိုက ဤနှစ်မျိုးကို ဖြစ်စေ၏။

သံဃာတော်များကို ပေးကမ်းစွန့်ကြဲ လှူဒါန်းလျှင် လည်း ဤအကျိုးနှစ်မျိုးကို ရ၏။ အခြားသော အထီးကျန် သူ၊ ဖုန်းတောင်းယာစကာတို့ကို ပေးကမ်းစွန့်ကြဲ လှူဒါန်း လျှင်လည်း ဤအကျိုးနှစ်မျိုးကို ရ၏။ သံဃာတော်သည် အနည်းငယ်သော ကောင်းမှုတို့၏ များသောအကျိုးကို ဖြစ် စေခြင်းဖြင့် သတ္တဝါတို့၏ဘေးကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီး သည်ဆိုလျှင် အခြားသော အလှူခံပုဂ္ဂိုလ်များသည်လည်း သတ္တဝါတို့၏ဘေးကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးသည်ဟု ဆိုရမည်ဖြစ်၏။

ထိုသို့ သတ္တဝါတို့၏ဘေးကို ညှဉ်းဆဲနှိပ်စက် ဖျက်ဆီး သည်၌ သံဃာတော်တို့သည် အခြားသော အလှူခံပုဂ္ဂိုလ် များထက် မြောက်မြားစွာ ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးပေး ၏။ အဘယ်ကြောင့်ဆိုလျှင် သံဃာတော်တို့မှာ အခြားသော အလှူခံပုဂ္ဂိုလ်များထက် သာလွန်ထက်မြက်သော စွမ်းရည် ကိုးမျိုးကို ပိုင်ဆိုင်ထားသောကြောင့်ဖြစ်၏။

(၁) အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟုဆိုအပ်သော သိက္ခာ သုံးရပ် ပဋိပတ်ဂုဏ်မြတ်စွမ်းရည်နှင့် ပြည့်စုံတော်မူခြင်း၊

(၂) သိက္ခာသုံးရပ် ဖြောင့်မတ်သော ပဋိပတ်ဂုဏ်မြတ်

www.burmeseclassic.com

စွမ်းရည်နှင့် ပြည့်စုံတော်မူခြင်း၊

(၃) သိက္ခာသုံးရပ် သင့်မြတ်လှစွာသော ပဋိပတ်ဂုဏ်မြတ် စွမ်းရည်နှင့် ပြည့်စုံခြင်း၊

(၄) သိက္ခာသုံးရပ် ရှိသေအပ်သော ပဋိပတ်ဂုဏ်မြတ် စွမ်းရည်နှင့် ပြည့်စုံခြင်း၊

(၅) လက်ဆောင်ယူလာသော အလှူဝတ္ထုမျိုးကို ခံယူခြင်း၌ ထိုက်တန်စွာသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စွမ်းရည်နှင့် ပြည့်စုံတော်မူခြင်း၊

(၆) ဧည့်သည်များအား ရည်၍ထားသော အလှူဝတ္ထုမျိုးကို ခံယူခြင်း၌ ထိုက်တန်စွာသော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စွမ်းရည်နှင့် ပြည့်စုံတော်မူခြင်း၊

(၇) နောက်နောက်ဘဝ အကျိုးရဖို့ ပျိုးချတုံလတ် အလှူမြတ်ကို ခံယူခြင်း၌ ထိုက်တန်စွာသောသီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စွမ်းရည်နှင့် ပြည့်စုံတော်မူခြင်း၊

(၈) လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စွမ်းရည်နှင့် ပြည့်စုံတော်မူခြင်း၊

(၉) လူအပေါင်း၏ အတုမရှိ မြတ်သောကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်ခြင်း စွမ်းရည်ဂုဏ်နှင့် ပြည့်စုံတော်မူခြင်း။

ဒါန၏သဘောသည် ခွေးတစ်ကောင်ကို ပေးကမ်းစွန့်ကြဲတာထက် လူတစ်ယောက်ကို ပေးကမ်းစွန့်ကြဲတာက ပို၍အကျိုးကြီး၏။ သူခိုး၊ ဓားပြ၊ အရက်သောက် ရမ်းကားသော လူတစ်ယောက်ကို ပေးကမ်းစွန့်ကြဲတာထက် မိဘကို လုပ်ကျွေး၊ သူတစ်ပါးအကျိုးကိုဆောင်ရွက်၊ စိတ်ကောင်းသော လူတစ်ယောက်ကို ပေးကမ်းစွန့်ကြဲတာက ပို၍အကျိုးကြီး၏။ သီလမရှိသူတစ်ယောက်ကို ပေးကမ်းစွန့်ကြဲတာထက် သီလရှိသူတစ်ယောက်ကို ပေးကမ်းစွန့်ကြဲတာက ပို၍အကျိုးကြီး၏။ သံဃာသည် သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံ၏။ သံဃာ၏ ကိုးပါးသောစွမ်းရည်တို့ကို ခြုံငုံကြည့်သောအခါ သီလစွမ်းရည်၊ သမာဓိစွမ်းရည်၊ ပညာစွမ်းရည် တို့ကိုရ၏။ ထို့ကြောင့် သံဃာအားလှူဒါန်းခြင်းသည် ပို၍ ပို၍အကျိုးရှိ၏။ သံဃာသည် သတ္တဝါတို့၏ဘေးကို ပို၍၊ ပို၍ ညှဉ်းဆဲနှိပ်စက် ဖျက်ဆီးနိုင်၏။

မြတ်စွာဘုရားသည် ခုနစ်ဝါမြောက်ကို တာဝတိံသာ နတ်ပြည်မှာ ဆိုတော်မူခဲ့၏။ တာဝတိံသာနတ်ပြည်တွင် ကြီးစွာသော ပင်လယ်ကသစ်ပင်တစ်ပင်ရှိ၏။ ပင်လယ်ကသစ်ပင်ရင်း၌ ကြီးစွာသောကျောက်ဖျာတစ်ချပ်ရှိ၏။ ကျောက်ဖျာ၏အမည်သည် ပဏ္ဍုကမ္ဗလာဖြစ်၏။ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် အလျား ယူဇနာခြောက်ဆယ်ရှိ၏။ အနံ ယူဇနာငါးဆယ်ရှိ၏။ အထု ယူဇနာတစ်ဆယ့်ငါးယူဇနာ ရှိ၏။ မြတ်စွာဘုရားသည် ထိုပဏ္ဍုကမ္ဗလာကျောက်ဖျာ ထက်၌ သီတင်းသုံးဝါ ဆိုတော်မူခဲ့၏။ မြတ်စွာဘုရား ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ သီတင်းသုံးရန် ထိုင်တော်မူသည့်အခါ တစ်သောင်းသော စကြဝဠာတိုက်က နတ်၊ ဗြဟ္မာများ တရားနာရန် စုဝေးရောက်လာကြ၏။ ထိုစည်းဝေးပွဲ၌ ပထမဆုံး ရောက်လာကြသူတို့မှာ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား၊ ဣန္ဒကနတ်သား၊ အင်္ကုရ နတ်သားတို့ ဖြစ်၏။ သန္တုသိတနတ်သားနှင့် ဣန္ဒကနတ်သားတို့သည် မြတ်စွာဘုရား၏ လက်ယာနံပါး၌ နေရာယူကြ၏။ အင်္ကုရနတ်သားသည် မြတ်စွာဘုရား၏ လက်ဝဲနံပါး၌ နေရာယူ၏။

အခြားသော နတ်၊ ဗြဟ္မာများ တစ်စ,တစ်တစ ရောက်လာကြ၏။ အင်္ကုရနတ်သားသည် ရောက်လာကြသော နတ်၊ ဗြဟ္မာများအား နေရာပေးရင်း မြတ်စွာဘုရားနှင့် တစ်ဆယ့်နှစ်ယူဇနာ ဝေးသွား၏။ သန္တုသိတနတ်သားနှင့် ဣန္ဒကနတ်သားတို့သည် နေရာမဖယ်ပေးကြ၍ ယူထားမြဲ နေရာ၌သာ ထိုင်လျက်ရှိ၏။ နတ်ပြည်လောက၌ နေရာပေးမှုတွင် ဦးသူထိုင်စနစ်သည် မရှိ။ တန်ခိုးအရှိန်အဝါ ကြီးမားသူတို့အား ဦးစားပေးရသည့် စနစ်သာရှိ၏။ တန်ခိုးအရှိန်အဝါကြီးမားသော နတ်၊ ဗြဟ္မာများ ရောက်လာလျှင် တန်ခိုးအရှိန်အဝါနိမ့်ပါးသော နတ်၊ ဗြဟ္မာများသည် ရှေ့မှာ မနေနိုင်ကြဘဲ အလိုလို နောက်သို့ ရောက်သွားတတ်ကြ၏။ တန်ခိုးအရှိန်အဝါသည် အတိတ်က ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံ၏ အစွမ်းဖြစ်၏။ အတိတ်ဘဝက အစွမ်းထက်သော ကောင်းမှုကုသိုလ်ကံကို ပြုလုပ်ခဲ့လျှင် တန်ခိုးအရှိန်အဝါ မြင့်မား၏။ အတိတ်ဘဝက အစွမ်းနည်းသော ကောင်းမှုကုသိုလ်ကံကို ပြုလုပ်ခဲ့လျှင် တန်ခိုးအရှိန်အဝါ နိမ့်ပါး၏။

အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သားတို့ ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်ကံသည် တူ၏။ အင်္ကုရနတ်သား နတ်ပြည်သို့ရောက်အောင် ပို့ပေးလိုက်သော ကောင်းမှုကုသိုလ်ကံမှာ ဒါနဖြစ်၏။ ဣန္ဒကနတ်သား၏ နတ်ပြည်သို့ ရောက်အောင် ပို့ပေးလိုက်သော ကောင်းမှုကုသိုလ်ကံ လည်း ဒါနဖြစ်၏။ ကုသိုလ်ကံချင်း တူနေသည့်ဖြစ်၍ တ

www.burmeseclassic.com



တန်ခိုးအရှိန်အဝါချင်းလည်း တူညီသင့်၏။

ယခု အင်္ကုရနတ်သားသည် မြတ်စွာဘုရားနှင့် တစ်ဆယ့်နှစ်ယူဇနာဝေးသောအရပ်သို့ ရောက်သွားရ၏။ ဣန္ဒကနတ်သားသည် ထိုင်မြဲတိုင်းသော နေရာဖြစ်သည့် မြတ်စွာဘုရား၏ လက်ယာနံပါး၌ ထိုင်နေရ၏။ ဤအခြေအနေအရ ဣန္ဒကနတ်သားသည် အင်္ကုရနတ်သားထက် တန်ခိုးအရှိန်အဝါကြီးကြောင်း ထင်ရှား၏။ ကုသိုလ်ကံချင်းတူလျက် အရှိန်အဝါချင်းမတူခြင်း၌ ထူးခြားမှု တစ်စုံတစ်ရာရှိရမည်ဖြစ်၏။

ကုသိုလ်ပြုလုပ်ခဲ့ကြသော နတ်သားနှစ်ယောက်၏ ပြုလုပ်ခဲ့သော ဒါနဝတ္ထုအနည်း,အများကိုကြည့်လျှင် အင်္ကုရနတ်သားပြုလုပ်ခဲ့သော ဒါနဝတ္ထုသည် များပြား၏။ ဣန္ဒကနတ်သား ပြုလုပ်ခဲ့သော ဒါနဝတ္ထုသည် နည်းပါးလှ၏။ အင်္ကုရနတ်သားသည် မြတ်စွာဘုရားပွင့်တော်မမူသေးသော လူတို့သက်တမ်း တစ်သောင်းတန်းတွင် အင်္ကုရအမည်ဖြင့် လူဖြစ်ခဲ့၏။ အင်္ကုရသည် သူ့အသက်ရှင်သမျှ ကာလပတ်လုံး စားမကုန်သော ပစ္စည်းဥစ္စာတို့ကို လှူဒါန်းပေးခဲ့၏။ အင်္ကုရ၏အလှူသည် အံ့သြဖွယ်ကောင်းလှ၍ စရာဖြစ်၏။ တစ်ဆယ့်နှစ်ယူဇနာရှိသော ဖိုခုံလောက်အစဉ်ကိုပြုလုပ်ပြီး အလှူကြီးပြုခဲ့၏။ တောင်သူလယ်သမားတို့သည် အလုပ်မလုပ်ကြတော့ဘဲ အင်္ကုရအလှူဒါနသော စားကြတော့၏။ ဤမျှလောက် ပေးလှူခဲ့၏။

ဣန္ဒကနတ်သားသည် မြတ်စွာဘုရားပွင့်တော်မူသောကာလ၌ လူဖြစ်ခဲ့၏။ ရွာတွင်းသို့ ဆွမ်းခံကြွလာသော အရှင်အနုရုဒ္ဓါမထေရ်အား ဆွမ်းတစ်ဇွန်း လောင်းလှူခဲ့၏။ ဣန္ဒကနတ်သားသည် ဤမျှဆွမ်းတစ်ဇွန်းသာ လောင်းလှူခဲ့၏။ အင်္ကုရနတ်သားလှူခဲ့သောအလှူနှင့်ယှဉ်လျှင် ဣန္ဒကနတ်သား၏အလှူသည် သမုဒ္ဒရာထဲက ရေတစ်ပေါက်သာဖြစ်၏။ အင်္ကုရနတ်သား၏အလှူသည် သမုဒ္ဒရာရေပြင်ဖြစ်၏။ အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သား တန်ခိုးအရှိန်အဝါကွာခြားခြင်း၏ အဓိကအကြောင်းရာမှာ အလှူခံပုဂ္ဂိုလ်ဖြစ်၏။ အင်္ကုရနတ်သား လှူဒါန်းခဲ့သမျှသောအလှူ၌ အလှူခံပုဂ္ဂိုလ် သံဃာတစ်ပါးမှ မရှိခဲ့ပေ။ ဣန္ဒကနတ်သား လှူဒါန်းခဲ့သော တစ်ခုတည်းအလှူ၌ တစ်ယောက်တည်းသော အလှူခံပုဂ္ဂိုလ်သည် သံဃာဖြစ်ခဲ့၏။ တခြားသောအလှူခံပုဂ္ဂိုလ်များအား အနှစ်တစ်သောင်းပတ်လုံး အကြီးအကျယ်အကုန်အကျခံကာ ပြုခဲ့သောအလှူထက် သံဃာအား ဆွမ်းတစ်ဇွန်းလှူခဲ့သောအလှူက အကျိုးကြီးနေပေ၏။ အင်္ကုရအလှူပြုလုပ်ခဲ့သကဲ့သို့ သံဃာတော်များအား အလှူပေးနေမည်ဆိုလျှင် အကျိုးအဘယ်မျှ ရနိုင်လိမ့်မည်နည်း။

ယခုခေတ်၌ အရိယာသံဃာသည် ရှာမှရှားသွားပြီဖြစ်၏။ သမုတိသံဃာများ များစွာရှိနေ၏။ ဤသမုတိသံဃာတို့သည်လည်း သံဃာဖြစ်၏။ သောတာပန်အစ ရဟန္တာအဆုံး ကိုရင်များ၊ အရိယာလူပုဂ္ဂိုလ်များသည် ပုတုဇဉ်မျှသာဖြစ်သော၊ တစ်နည်း သမုတိသံဃာမျှသာဖြစ်သော ရဟန်းအား အရိုသေပေးရ၏။ ရှိခိုးရ၏။ ဤသဘောကို ကြည့်လျှင် သမုတိသံဃာသည်လည်း ကိုးကွယ်ထိုက်၏။ ပုန်းအောင်းမှီခိုရာဖြစ်၏။ သတ္တဝါတို့၏ဘေးကို ညှဉ်းဆဲပေး၊ နှိပ်စက်ပေး၊ ဖျက်ဆီးပေး၏။ သံဃာအား ကိုးကွယ်ဆည်းကပ်ရာ၌ သံဃာ့ဂုဏ်ကို စိတ်ဝယ်ထွေးပိုက်ထားရမှာ အရေးတကြီး ပြုလုပ်ရမည့်အရာ ဖြစ်ပါ၏။

မေတ္တာဖြင့်

ဓမ္မဃောသက-အရှင်သြဘာသ

<u>ကျမ်းကိုး</u>

* သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ၊ သာမညဖလသုတ်။
* ဓမ္မပဒအဋ္ဌကထာ၊ ဗုဒ္ဓဝဂ်၊ ဒေဝေါပဟရဏဝတ္ထု။



www.burmeseclassic.com

www.burmeseclassic.com

အနောက်အရပ်၊ မြောက်အရပ်၊ အောက်အရပ်နှင့် အထက် အရပ် စသည့်များစွာသောအရပ်တို့ကို ရှိခိုး၏။

ထိုစဉ် မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကို ပြင်ဝတ်၍ သပိတ်၊ သင်္ကန်းကိုယူလျက် ရာဇဂြိုဟ်ပြည်သို့

# ကိုရွှေမြသန်း (သမိုင်း)

## အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၏ အဓိပ္ပာယ်



အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း တော်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ သူကြွယ်သား သိင်္ဂါလသည် စောစောထ၍ ရာဇဂြိုဟ်ပြည်မှထွက်ပြီးလျှင် စိုသောအဝတ်၊ စိုသောဆံ ပင်တို့ဖြင့် လက်အုပ်ချီလျက် အရှေ့အရပ်၊ တောင်အရပ်၊

ဆွမ်းခံကြွတော်မူ၏။

ဤတွင် စောစောထ၍ ရာဇဂြိုဟ်ပြည်မှထွက်ပြီး များ စွာသောအရပ်တို့ကို ရှိခိုးနေသော သူကြွယ်သား သိင်္ဂါလ မြင်တော်မူသော်-

'သူကြွယ်သား..သင်သည် စောစောထ၍ ရာဇဂြိုဟ် ပြည်မှထွက်ပြီး စိုသောအဝတ်၊ စိုသောဆံပင်တို့ဖြင့် လ

www.burmeseclassic.com

...လျက် အရပ်မျက်နှာတို့ကို အဘယ်ကြောင့်ရှိခိုးဘိ ...ည်း' ဟု မိန့်တော်မူ၏။

'မြတ်စွာဘုရား..ကျွန်ုပ်၏ဖခင်သည် သေခါနီးလတ် ...် ချစ်သား..သင်သည် အရပ်မျက်နှာတို့ကို ရှိခိုးလော့ ...ာခဲ့ပါ၍ အကျွန်ုပ်သည် ဖခင်၏စကားကို အရိုအသေ ...လျက်၊ အလေးပြုလျက်၊ မြတ်နိုးလျက်၊ ပူဇော်လျက် ...သောထကာ ရာဇဂြိုဟ်ပြည်မှထွက်ပြီးလျှင် စိုသော ...တ်၊ စိုသောဆံပင်ရှိအောင်ပြု၍ လက်အုပ်ချီလျက် များ ...သောအရပ်တို့ကို ရှိခိုးပါ၏' ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက-

'သူကြွယ်သား.. အရိယာတို့၏ သာသနာ၌ အရပ် ...ခြောက်ပါးတို့ကို ဤသို့မရှိခိုးအပ်' ဟု မိန့်တော်မူ၏။

'မြတ်စွာဘုရား..ထိုသို့မရှိခိုးအပ်သော် အဘယ်သို့ ...ျှင် အရိယာတို့၏သာသနာ၌ အရပ်ခြောက်ပါးတို့ကို ရှိခိုး ...ပါသနည်း။ မြတ်စွာဘုရား..အကျွန်ုပ် တောင်းပန်ပါ ...၏ မြတ်စွာဘုရားသည် အရိယာတို့၏သာသနာ၌ ရှိခိုးအပ် ...သော အရပ်ခြောက်ပါးတို့ကို ဟောတော်မူပါလော့' ဟု ...လျှောက်၏။

'သူကြွယ်သား..သို့ဖြစ်လျှင် နာလော့။ ကောင်းစွာ ...သွင်းလော့။ ဟောပေအံ့'. ဝန်ခံ၏။

ဤတွင် မြတ်စွာဘုရားသည်-

'သူကြွယ်သား..အရိယာသာဝကသည် အရပ်ခြောက် ...တို့ကို အဘယ်သို့လျှင် ရှိခိုးအပ်သနည်းဟုမူ..' ဟု အစ ...၍ ဤသို့သောတရားစကားတော်တို့ကို မိန့်တော်မူခဲ့လေ ...၏။

♦ ♦ ♦

သူကြွယ်သား..အရပ်ခြောက်ပါးတို့ကို သိအပ်ကုန် ...၏။

... အမိ,အဖတို့ကို အရှေ့အရပ်၊
... ဆရာသမားတို့ကို တောင်အရပ်၊
... သား,မယားတို့ကို အနောက်အရပ်၊
... ချစ်သောအဆွေခင်ပွန်းတို့ကို မြောက်အရပ်၊
... အစေအပါး အလုပ်သမားတို့ကို အောက်အရပ်၊
... သမဏဗြာဟ္မဏတို့ကို အထက်အရပ်ဟူ၍ သိအပ် ...၏။

... သူကြွယ်သား..သားသမီးသည် အရှေ့အရပ်မည်သော ...အဖတို့ကို-

(က) ငါ့ကို ငါ့မိ,ငါ့ဖတို့သည် မွေးမြူအပ်၏။ ငါ သည် ထိုမိဘတို့ကို ပြန်၍မွေးမြူအံ့။

(ခ) ထိုမိဘတို့၏ အမှုကိစ္စကို ပြုအံ့။

(ဂ) မိဘတို့၏ဥစ္စာကို မပျက်အောင် စောင့်ထိန်းခြင်း၊ အစဉ်အဆက်မှလာသော ကုသိုလ်တော်ကိုပြုခြင်းဖြင့် အမျိုး အနွယ်ကို တည်စေအံ့။

(ဃ) အမွေခံထိုက်အောင် မိဘတို့၏ အဆုံးအမကို ကျင့်ကြံလိုက်နာအံ့။

(င) ထိုမှတစ်ပါး ကွဲကွာသေလွန်သော မိဘတို့၏ အလို့ငှာ အလှူပေးအံ့ဟူသည့် ဤငါးပါးသောအကြောင်း တို့ဖြင့် ပြုစုလုပ်ကျွေးအပ်ကုန်၏။

ဤသို့ ပြုစုလုပ်ကျွေးအပ်ကုန်သည်ရှိက အရှေ့အရပ် မည်သော မိဘတို့သည်-

(က) မကောင်းမှုမှ တားမြစ်ကုန်၏။

(ခ) ကောင်းမှု၌ သက်ဝင်စေကုန်၏။

(ဂ) အတတ်ကို သင်စေကုန်၏။

(ဃ) လျှောက်ပတ်သောမယားဖြင့် ထိမ်းမြားပေးကုန် ၏။

(င) လျှောက်ပတ်သောအချိန်၌ အမွေဥစ္စာကို အပ်နှင်း ကုန်၏ဟူသည့် ဤအကြောင်းငါးပါးတို့ဖြင့် သားသမီးတို့ကို စောင့်ရှောက်ကုန်၏။

သူကြွယ်သား..သားသမီးသည် ငါးပါးသောအကြောင်း တို့ဖြင့် မိဘတို့ကို ဝတ်ပြုအပ်၏။ အရှေ့အရပ်မည်သော မိဘတို့သည် ဤငါးပါးသောအကြောင်းတို့ဖြင့် သားသမီးကို စောင့်ရှောက်ကုန်၏။ ထိုသားသမီးသည် ဤသို့ လုပ်ကျွေး သည်ရှိသော် ထိုအရှေ့အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏။ ဘေးကင်း၏။

၂။ သူကြွယ်သား..တပည့်သည် တောင်အရပ်မည်သော ဆရာတို့ကို-

(က) နေရာမှထ၍ ခရီးဦးကြိုဆိုခြင်းဖြင့်လည်းကောင်း၊

(ခ) ခစားဆည်းကပ်ခြင်းဖြင့်လည်းကောင်း၊

(ဂ) စကားကို နာယူခြင်းဖြင့်လည်းကောင်း၊

(ဃ) အရိုအသေ လုပ်ကျွေးခြင်းဖြင့်လည်းကောင်း၊

(င) အတတ်ပညာကို ရိုသေစွာ သင်ကြားလေ့ကျက် ခြင်းဖြင့်လည်းကောင်း စသည့် ဤငါးပါးသောအကြောင်း တို့ဖြင့် ပြုစုအပ်ကုန်၏။

ဤသို့ပြုစုအပ်ကုန်သည်ရှိက တောင်အရပ်မည်သော



www.burmeseclassic.com

www.burmeseclassic.com

ဆရာတို့သည်-

(က) ကောင်းစွာဆုံးမသင့်သောအရာတို့ကို ဆုံးမကုန်၏။

(ခ) ကောင်းစွာ သင်သင့်သောအရာကို သင်စေကုန်၏။

(ဂ) အလုံးစုံသောအတတ်ကို ပြောကြား၊ သင်ကြားကုန်၏။

(ဃ) ကောင်းသောအဆွေခင်ပွန်းတို့ထံ၌ အပ်နှင်းကုန်၏။

(င) ခပ်သိမ်းသောအရပ်တို့၌ အစောင့်အရှောက်ကို ပြုကုန်၏ဟူသည့် ငါးပါးသောအကြောင်းတို့ဖြင့် တပည့်ကို အစဉ်စောင့်ရှောက်ကုန်၏။

သူကြွယ်သား··တပည့်သည် ငါးပါးသောအကြောင်းတို့ဖြင့် ဆရာကို လုပ်ကျွေးအပ်ကုန်၏။ တောင်အရပ်မည်သော ဆရာတို့သည် ဤငါးပါးသောအကြောင်းတို့ဖြင့် တပည့်ကို စောင့်ရှောက်ကုန်၏။ ထိုတပည့်သည် ဤသို့လုပ်ကျွေးသည်ရှိသော် ထိုတောင်အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏။ ဘေးကင်း၏။

၃။ သူကြွယ်သား··လင်သည် အနောက်အရပ်မည်သော မယားကို-

(က) အမြတ်တနိုးခေါ်ဆိုခြင်းဖြင့်လည်းကောင်း၊

(ခ) နှိမ့်ချ၍ မခေါ်ဆိုခြင်းဖြင့်လည်းကောင်း၊

(ဂ) မိမိမယားကိုလွန်၍ အခြားမိန်းမတို့၌ မပျော်ပါးခြင်းဖြင့်လည်းကောင်း၊

(ဃ) စားဖိုဆောင် အုပ်စိုးမှုကို လွှဲအပ်ခြင်းဖြင့်လည်းကောင်း၊

(င) အဝတ်တန်ဆာကို ပေးခြင်းဖြင့်လည်းကောင်း စသည့်ငါးပါးသောအကြောင်းတို့ဖြင့် ပြုစုအပ်ကုန်၏။

ဤသို့ပြုစုအပ်ကုန်သည်ရှိက အနောက်အရပ်မည်သော မယားသည်-

(က) အမှုကြီးငယ်တို့ကိုလည်း ကောင်းစွာစီရင်၏။

(ခ) နှစ်ဖက်သောဆွေမျိုးကိုလည်း ချီးမြှောက်၏။

(ဂ) မိမိလင်မှတစ်ပါး အခြားယောက်ျား၌ လွန်ကျူးသောအကျင့်မှ ကင်း၏။

(ဃ) ရှာဖွေစုဆောင်းခဲ့သောဥစ္စာကို ထိန်းသိမ်းစောင့်ရှောက်၏။

(င) အလုံးစုံသောကိစ္စတို့၌ လိမ္မာ၍ ပျင်းရိခြင်းကင်း၏ဟူသည့် ငါးပါးသောအကြောင်းတို့ဖြင့် လင်ဖြစ်သူကို စောင့်ရှောက်၏။

သူကြွယ်သား··ဤငါးပါးသောအကြောင်းတို့ဖြင့် လင်သည် မယားအား ပြုစုအပ်၏။ အနောက်အရပ်မည်သော မယားသည် ဤငါးပါးသောအကြောင်းတို့ဖြင့် လင်ကို စောင့်ရှောက်၏။ ဤသို့ပြုစုသည်ရှိသော် ဤအနောက်အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏။ ဘေးကင်း၏။

၄။ သူကြွယ်သား··အမျိုးကောင်းသားသည် မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့ကို-

(က) ပေးကမ်းစွန့်ကြဲခြင်းဖြင့်လည်းကောင်း၊

(ခ) ချစ်ဖွယ်သောစကားကို ပြောဆိုခြင်းဖြင့်လည်းကောင်း၊

(ဂ) အကျိုးစီးပွားကို ကျင့်ဆောင်ခြင်းဖြင့်လည်းကောင်း၊

(ဃ) မိမိနှင့် ထပ်တူညီမျှ ဆက်ဆံခြင်းဖြင့်လည်းကောင်း၊

(င) မချို့မယွင်း ပြောဆိုပေးကမ်းခြင်းဖြင့်လည်းကောင်း စသည့် ငါးပါးသောအကြောင်းတို့ဖြင့် ပြုစုအပ်ကုန်၏။

ဤသို့ပြုစုအပ်သည်ရှိက မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့သည်-

(က) မူးယစ်သောမိတ်ဆွေကို စောင့်ရှောက်ကုန်၏။

(ခ) မူးယစ်သောမိတ်ဆွေ၏ ပစ္စည်းဥစ္စာကို စောင့်ရှောက်ကုန်၏။

(ဂ) ကြောက်ရွံ့သောမိတ်ဆွေ၏ အားကိုးရာဖြစ်ကုန်၏။

(ဃ) ဘေးရန်ဖြစ်လတ်သော် မစွန့်ပစ်။

(င) ထိုမိတ်ဆွေ၏ သားမြေးအဆက်ဆက်တို့ကိုလည်း တုန့်ပြန်ချီးမြှောက်ကုန်၏ဟူသည့် ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။

သူကြွယ်သား··ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်၏။ မြောက်အရပ်မည်သော အဆွေခင်ပွန်းတို့သည် ဤငါးပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။ ဤသို့ပြုစုသည်ရှိသော် ထိုမြောက်အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏။ ဘေးကင်း၏။

၅။ သူကြွယ်သား··အရှင်သခင်သည် အောက်အရပ်မည်သော



www.burmeseclassic.com

www.burmeseclassic.com

သော အစေအပါးအလုပ်သမားတို့ကို-

(က) ခွန်အားအလျောက်သာ အလုပ်ကိစ္စကို ခိုင်းစေခြင်းဖြင့်လည်းကောင်း၊

(ခ) ထမင်းရိက္ခာပေးခြင်းဖြင့်လည်းကောင်း၊

(ဂ) မကျန်းမာသောအခါ ပြုစုခြင်းဖြင့်လည်းကောင်း၊

(ဃ) ထူးဆန်းသောအရသာများကို ခွဲဝေပေးခြင်းဖြင့်လည်းကောင်း၊

(င) အခါအားလျော်စွာ အားလပ်ခွင့်ပေးခြင်း၊ အဝတ်တန်ဆာ စသည်ပေးခြင်းဖြင့်လည်းကောင်း စသည့် ငါးပါးသောအကြောင်းတို့ဖြင့် ပြုစုအပ်ကုန်၏။

ဤသို့ပြုစုသည်ရှိက အောက်အရပ်မည်သော အစေအပါး အလုပ်သမားတို့သည်-

(က) အရှင်၏ ရှေးဦးစွာ အိပ်ရာမှထလေ့ရှိကုန်၏။

(ခ) အရှင်အိပ်သည့်နောက်မှ အိပ်လေ့ရှိကုန်၏။

(ဂ) ပေးသည်ကိုသာ ယူလေ့ရှိကုန်၏။

(ဃ) အမှုကိစ္စကို ကောင်းစွာပြုလုပ်ကုန်၏။

(င) အရှင်၏ဂုဏ်သတင်းကို ဆောင်ကုန်၏ဟူသည့် ငါးပါးသောအကြောင်းတို့ဖြင့် အရှင်ကို စောင့်ရှောက်ကုန်၏။

သူကြွယ်သား… ဤငါးပါးသောအကြောင်းတို့ဖြင့် အရှင်သခင်သည် ပြုစုအပ်ကုန်၏။ အောက်အရပ်မည်သော အစေအပါး အလုပ်သမားတို့သည် အရှင်သခင်ကို စောင့်ရှောက်ကုန်၏။ ဤသို့ ကောင်းစွာပြုစုသည်ရှိသော် ထိုအောက်အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏။ ဘေးကင်း၏။

၆။ သူကြွယ်သား… အမျိုးကောင်းသားသည် အထက်အရပ်မည်သော သာမဏဗြာဟ္မဏတို့ကို-

(က) မေတ္တာနှင့်ယှဉ်သော ကာယကံမှုဖြင့်လည်းကောင်း၊

(ခ) မေတ္တာနှင့်ယှဉ်သော ဝစီကံမှုဖြင့်လည်းကောင်း၊

(ဂ) မေတ္တာနှင့်ယှဉ်သော မနောကံမှုဖြင့်လည်းကောင်း၊

(ဃ) အမြဲမပြတ် လှူဒါန်းလိုသော အလောဘတံခါးကို ဖွင့်၍ထားခြင်းဖြင့်လည်းကောင်း၊

(င) ဆွမ်း စသော အာမိသတို့ကို ပေးလှူခြင်းဖြင့်လည်းကောင်း စသည့် ငါးပါးသောအကြောင်းတို့ဖြင့် ပြုစုအပ်ကုန်၏။

ဤသို့ပြုစုအပ်ကုန်သည်ရှိက အထက်အရပ်မည်သော သာမဏဗြာဟ္မဏတို့သည်-

(က) မကောင်းမှုမှ တားမြစ်ကုန်၏။

(ခ) ကောင်းမှု၌ သက်ဝင်စေကုန်၏။

(ဂ) ကောင်းသောစိတ်ဖြင့် စောင့်ရှောက်ကုန်၏။

(ဃ) မကြားဖူးသောတရားစကားကို ဟောကြားကုန်၏။

(င) ကြားဖူးသောတရားစကားကို ဖြူစင်စေကုန်၏။

(စ) နတ်ပြည်ခရီးကို ပြောကြားကုန်၏ဟူသည့် ဤခြောက်ပါးသောအကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။

သူကြွယ်သား… ဤငါးပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားသည် ပြုစုအပ်ကုန်၏။ အထက်အရပ်မည်သော သမဏဗြာဟ္မဏတို့သည် ဤခြောက်ပါးသော အကြောင်းတို့ဖြင့် အမျိုးကောင်းသားကို စောင့်ရှောက်ကုန်၏။ ဤသို့ ပြုစုသည်ရှိသော် ဤအထက်အရပ်သည် လုံခြုံ၏။ ငြိမ်းချမ်း၏။ ဘေးကင်း၏။

◆◆◆

ဤသို့ဖြင့် ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားသည် ဤကဲ့သို့သောတရားစကားတို့ကို မိန့်တော်မူပြီးမှ ဤဂါထာစကားကိုလည်း မိန့်တော်မူခဲ့လေ၏။

အမိ၊အဖတို့သည် အရှေ့အရပ် မည်ကုန်၏။ ဆရာတို့သည် တောင်အရပ် မည်ကုန်၏။ သားမယားတို့သည် အနောက်အရပ် မည်ကုန်၏။ အဆွေခင်ပွန်းတို့သည် မြောက်အရပ် မည်ကုန်၏။ အစေအပါး အလုပ်သမားတို့သည် အောက်အရပ် မည်ကုန်၏။ သာမဏဗြာဟ္မဏတို့သည် အထက်အရပ်မည်ကုန်၏။ အိမ်ကိုအုပ်စိုး၍နေထိုင်သော အမျိုးကောင်းသားသည် ဤအရပ်ခြောက်ပါးတို့ကို ရှိခိုးရာ၏။

အကြင်သူသည် အရပ်မျက်နှာတို့ကိုရှိခိုးခြင်း၌ အလိမ္မာရှိ၏။ သီလနှင့်ပြည့်စုံ၏။ သိမ်မွေ့နက်နဲသော ပညာဉာဏ်ရှိ၏။ နှိမ့်ချခြင်းရှိ၏။ ခက်ထန်ခြင်းမရှိ။ ထိုသို့သောသူသည် အကျော်အစောကိုရ၏' ဟူ၍ ဖြစ်ပါချေ၏။

သို့ဖြစ်ပါ၍ မိမိတို့သည်လည်း အရပ်မျက်နှာတို့ကို ရှိခိုးခြင်း၌…။

**ကိုရွှေမြသန်း(သမိုင်း)**

ကျမ်းကိုး ✱ သိင်္ဂါလသုတ်၊ ဒီဃနိကာယ်၊
ပါထိကဝဂ်ပါဠိတော် (မြန်မာပြန်)



www.burmeseclassic.com

www.burmeseclassic.com

# လှသည်၊ ချောသည် ရက်စက်သည် မုံရှာ-နေဇာ

**မုဆိုးတစ်ပိုင်း မိန်းမရှိင်း**

စလေဦးပုညကတော့ ရှုဋ္ဌသုဘဒ္ဒါမိဖုရားကို မုဆိုးတစ်ပိုင်း မိန်းမရှိင်းဟု မုဆိုးနှင့် တင်စားခဲ့သည်။ မုဆိုးဆိုတာ လေး၊ မြား၊ လှံ၊ ဓား လက်နက်တွေ ကိုင်ဆောင်ကာ တောတိရစ္ဆာန်တွေ၊ တောကောင်တွေကို ပစ်ခတ် စားသောက် ရောင်းချနေသူ မဟုတ်လော။

ရှုဋ္ဌသုဘဒ္ဒါသည် ခါချဉ်ကောင်ထွေးရှိသော အင်ကြင်းပန်း အကိုင်းကို သူ့ဘက်သို့ ကျအောင် လုပ်ခဲ့သူ အဖြစ် အလောင်းတော် ဆဒ္ဒန်ဆင်မင်းကို ရန်ငြိုးထားခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

အာဃာတဖွဲ့ခဲ့သည်။ ဆဒ္ဒန်ဆင်မင်း၏ အစွယ်နှစ်ဖက်ကို ရယူပန်ဆင်လိုဝါသည်ဟု မောင်တော်ဘုရင်ကို ပူဆာသဖြင့် သောနုတ္တရ-သောနုတ္တိုရ်ရဲ ခေါ် တောကျွမ်းသည့် မုဆိုးကြော်ကို စေလွှတ်ခဲ့သည်။

မုဆိုးက ဆင်မင်းလာရာလမ်းမှာ တွင်းကြီးတူးကာ တွင်းပေါ်တွင် အခင်းခင်းကာ မြေပြင်ပမာ ထင်ရအောင် သစ်ရွက်သစ်ခက်ခြောက်များ ဖြန့်ကြဲထားလိုက်သည်။ သူကတော့ အဝါရောင်ဝတ်စုံ(သင်္ကန်း)ကို ဝတ်ဆင်ကာ တွင်းထဲမှာအောင်းကာ ဆင်မင်းအလာကို ချောင်းမြောင်းပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ သောနုတ္တိုရ်မုဆိုး ပစ်လွှတ်လိုက်သောမြားသည် ဘုရားအလောင်းတော် ဆင်မင်း၏ ဝမ်းဗိုက်နံပါးထဲသို့ စူးဝင်သွားသည်။ ဆင်မင်းကလည်း ရန်သူရှိရာကို သိသည်။ သစ်ရွက်၊ သစ်ခက်များကို နှာဖြင့် လှပ်တိုက်သောအခါ အဝါရောင်ဆင်မြန်းကာ သူတော်ကောင်းယောင်ဆောင်ထားသည့် မုဆိုးကိုတွေ့သည်။ ခြေဖြင့် နင်းပေါက်၍ သတ်နိုင်သော်လည်း ဘုရားအလောင်းတော်ပီပီ အရဟဒ္ဓဇ-ရဟန္တာအရိယာပုဂ္ဂိုလ်တို့ တံခွန်သဖွယ်ဖြစ်သော သင်္ကန်းကို ရှိသေလေးစားသောအားဖြင့် မုဆိုးကို အသက်ချမ်းသာပေးခဲ့ဖူးလေ၏။

<u>**မိန်းမချော မာဂဏ္ဍီ**</u>

အနီ့ စူဠသုဘဒ္ဒါမိဖုရားကဲ့သို့ မုဆိုးတစ်ပိုင်း ရိုင်းစိုင်းသော မိဖုရားတစ်ဦး ရှိပါသည်။ သူသည်ကား မာဂဏ္ဍီမိဖုရားပင် ဖြစ်သတည်း။

မာဂဏ္ဍီသည် ပုဏ္ဏားမျိုးမိဘနှစ်ပါးမှ ဖွားမြင်သော ပုဏ္ဏေးမလည်းဖြစ်သည်။ အပျိုအရွယ် နုနယ်လှပ လှသွေးကြွယ်သူဖြစ်၍ မာနကြီးခဲ့သည်။ အလှမာန်တက်ခဲ့သည်။ လှသည်၊ ချောသည်၊ ပျိုမျစ်နုနယ် အရွယ်ကောင်းချိန်ဖြစ်၍ ဖခင်မာဂဏ္ဍီပုဏ္ဏားကြီးကလည်း သူ့သမီးနှင့် လက်ထပ်ပေးမည့် သမက်လောင်း၊ သမက်မောင် အလိမ္မာ ပညာတတ် ရှာဖွေ၍ မတွေ့နိုင်ဘဲ ဖြစ်နေခဲ့သည်။

မာဂဏ္ဍီတို့ မိသားစုက မှတ်၍လွယ်သည်။ အဖေ မာဂဏ္ဍီ၊ အမေ မာဂဏ္ဍီ၊ သမီးဖြစ်သူကလည်း မာဂဏ္ဍီ။ အနောက်တိုင်းသားတို့ကလည်း ဖခင်နာမည်ကိုစွဲ၍ မှည့်ခေါ်ကြသည်။ သူဌေးကြီး ကနေဒီ၊ သား ဂျွန်အက်(ဖ်)ကနေဒီ၊ ရောဘတ်ကနေဒီ၊ အက်ဒွပ်ကနေဒီ စသည့် အမေရိကန်သမ္မတ ကနေဒီ၏ ဇနီးမယားမှာလည်း ဂျက်ကလင်းကနေဒီ ဖြစ်သွားရသည်။ မိဘတို့၏နာမည်ကို အရင်းခံ၍ အစဉ်အဆက် နာမည်မှည့်ခေါ်ကြသလို လင်ယောကျ်ား၏ အမည်ကို အရင်းခံ၍လည်း နာမည်ပေးခေါ်ဝေါ်ကြသည်။ ဥပမာ-ဟီလာရီကလင်တန် စသည်··။

မာဂဏ္ဍီတို့ နာမည်ကတော့ နှစ်ပေါင်း(၂၅၀၀)ကျော်ခဲ့ပါပြီ။ ထိုအချိန်က မြတ်ဗုဒ္ဓသည် ကောသမ္ဗီပြည် ဃောသကသူဌေး ဆောက်လုပ်လှူဒါန်းသော ဃောသိတာရုံကျောင်းတွင် သီတင်းသုံးတော်မူလျက်ရှိ၏။ ကောသမ္ဗီပြည်ကိုအုပ်ချုပ် မင်းလုပ်နေသူကတော့ ဥတေနဘုရင်ဖြစ်သည်။ (ဥဒေနဟုလည်း အချို့စာများတွင် ရှိသည်။)

ဥတေနဘုရင်တွင် မိဖုရားခေါင်ကြီး သုံးဦးရှိ၏။ သာမာဝတီမိဖုရား၊ ဝါသုလဒတ္တာမိဖုရားနှင့် မာဂဏ္ဍီမိဖုရားတို့ဖြစ်သည်။

သာမာဝတီမိဖုရားသည် မြတ်စွာဘုရားကို ကိုးကွယ်၏။ ရတနာသုံးပါးကို ဆည်းကပ်၏။ သို့သော် မာဂဏ္ဍီမိဖုရား၏စနက်ကြောင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ ဆည်းကပ်ခွင့် မရ၊ ပူဇော်ခွင့် မရရှာပေ။ အဘယ်ကြောင့်ဆိုသော် မာဂဏ္ဍီမိဖုရားသည် မိဖုရားမဖြစ်ခင် အပျိုစင်ဘဝတွင် ဖခင်ပုဏ္ဏားကြီးက မြတ်စွာဘုရားကို တွေ့မြင်စဉ် ဤပုဂ္ဂိုလ်ဟာဖြင့် ယောကျ်ားကောင်း ယောကျ်ားမြတ် လက္ခဏာအပြည့်အဝရှိသည်။ ချောလည်းချော၊ အရွယ်လည်းကောင်းသည်ဟု သဘောကျပြီး သမီးပေးကာ သမက်လောင်းတော်ချင်ခဲ့သည်။ သမက်ဖမ်းခဲ့သည် ဆိုပါစို့။

သို့ဖြင့် သူ့သမီးမာဂဏ္ဍီ အချောအလှကို လက်ထပ်ယူပါရန် ဘုရားရှင်ကို ကမ်းလှမ်းခဲ့သည်။

ဘုရားရှင်က-

"ငါသည် ဘုရားဖြစ်စ မာရ်နတ်၏ သမီးချောများဖြစ်ကြသော တဏှာ၊ အရတိ၊ ရာဂါတို့က သူတို့၏ အလှမာယာ ဝဇ္ဇနာပညာ အသွယ်သွယ်ဖြင့် မြူဆွယ်ဖြားယောင်းခဲ့သော်လည်း ငါ မတုန်လှုပ်ခဲ့ပါ။ သင့်၏သမီးလို အပုပ်ကောင်ကို ရုပ်ဆောင်ထားသဖြင့် လှသည်၊ ချောသည်ဟု ထင်ကြသော ဖြင်ပဗဟိဒ္ဓအလှအပကို ငါ မမက်မောပါ။ ကုန်ဆုံးအောင် ပြောရလျှင် ငါ၏ ခြေထောက်တွင် မစင်အညစ်အကြေးတွေ လူးပေးနေသည်ဖြစ်စေ၊ အဲသည် ခြေထောက်ဖြင့်ပင် သင်၏သမီး မာဂဏ္ဍီကို မထိချင်၊ မတို့ချင်ပါဟူ၍ နှင့်နှင့်သီးသီး ပြောဆိုကာ ပယ်ချတော်မူခဲ့ဖူးလေသည်။

ဤကိစ္စနှင့်ပတ်သက်၍ မာဂဏ္ဍီ မကျေမနပ်ခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

ဘုရားကို အငြိုးအတေး အာဃာတထားခဲ့သည်။ အခွင့်သာသောတစ်ချိန်ချိန် ဗုဒ္ဓမြတ်စွာကို လက်စားချေရန် မှတ်စွဲထားသည်။ ဤသို့ မိမိကို စော်စော်ကားကား ပြောခဲ့သဖြင့် မကျေနပ်ခဲ့သော ပုဂ္ဂိုလ်ကို အဆင့်တူ၊ ရာထူးတူ သာမာဝတီက လိုလိုလားလား ကိုးကွယ်ဆည်းကပ်သူ ဖြစ်နေသဖြင့် သာမာဝတီကိုပါ ရန်ရှာလေတော့သည်။

'မိမိရန်သူရဲ့ မိတ်ဆွေဟာ မိမိရဲ့ရန်သူပဲ မဟုတ်ပါလား'

## မာဂဏ္ဍီ၏ လုပ်ကြံမှုများ

ဤသို့သော အခြေအနေရှိပေရာ သာမာဝတီမိဖုရားနှင့် မောင်းမငါးရာတို့မှာ ဘုရားရှင် မြို့တွင်းသို့ ကြွလာရာတွင် ဖူးမြင်နိုင်ရန် သူတို့နေသော အဆောင်တိုက်ခန်းများမှာ အပေါက်ငယ်ကလေးများ ဖောက်ထားရ၏။

တစ်နေ့သ၌ မာဂဏ္ဍီမိဖုရားသည် အပြင်သို့ထွက်ရင်း သာမာဝတီတို့ အဆောင်ဝင်ရာနံရံမှ အပေါက်ငယ်များကို တွေ့ရှိသွားသည်။ သာမာဝတီက အကျိုးအကြောင်း ရှင်းပြသည်။ ဤတွင် မာဂဏ္ဍီအတွက် အကွက်ဆင်ရန် အကွက်တစ်ခွင် ရရှိသွားသည်။

ဤကိစ္စနှင့်ပတ်သက်၍ မာဂဏ္ဍီကဘုရင် ဥတေနကို ဤသို့လျှောက်တင် ရွှေနားတော်သွင်းလေသည်။

'ဘုရင်မင်းမြတ်··သာမာဝတီဟာ အရှင်မင်းကြီးထက် ပြင်ပရှိ ရဟန်းဂေါတမကို မြတ်နိုးဘိ၏။ သူ၏တိုက်ခန်းဆောင်နံရံများတွင် အပေါက်များ ဖောက်ထားကာ ရဟန်းဂေါတမ လာလျှင် ချောင်းကြည့်နေကြပါသည်'ဟု ကုန်းတိုက်၏။ ဥတေနမင်းကတော့ မာဂဏ္ဍီ၏ ကုန်းတိုက်စကား လျှောက်တင်ချက်ကို အလေးအနက်မပြုခဲ့ပါ။ ဤကား မိန်းမရိုင်း မာဂဏ္ဍီ၏ ပထမတိုက်ကွက်ဖြစ်သည်။

ဒုတိယ ကြက်အရှင်များကို ချက်ပြုတ်၍ ဘုရင်အား ပွဲတော်တည်ရန် မာဂဏ္ဍီက သာမာဝတီထံသို့ ပို့လိုက်၏။ ငါးပါးသီလကို ခါးဝတ်ပမာ မြဲမြဲစွာစောင့်ထိန်းသော သာမာဝတီ သတ်ဖြတ်ချက်ပြုတ်၍ ဘုရင့်ပွဲတော်အတွက် ဟင်းလျာတစ်ခွက်အဖြစ် မပို့မဆက်ဖြစ်ပါ။ နောက်တစ်ခါ ကြက်အသေ လေး,ငါးကောင်ကို ပို့ခိုင်းလိုက်သောအခါတွင် ရှင်မသာမာဝတီသည် မောင်းမများနှင့်အတူ ချက်ပြုတ်ကာ မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းကြလေသည်။

ဤအချက်ကို ကောက်ယူ၍ မာဂဏ္ဍီက ပြဿနာဆင်လေတော့သည်။

မာဂဏ္ဍီက ဥတေနဘုရင်ကြီးအား-

'အရှင်မင်းမြတ်··သတိချပ်တော်မူပါ။ သာမာဝတီတို့ဟာ အရှင်မင်းကြီးအတွက် ချက်ပြုတ်ဆက်သရန် ကြက်တွေ ပေးလိုက်စဉ်က ဟင်းလျာတစ်ခွက် မဆက်မပို့ခဲ့ပါ။ နောက်တစ်ခါ ကြက်များ ပို့လိုက်တဲ့အခါမှာ မြတ်စွာဘုရားဆွမ်းခံကြွအလာ လောင်းလှူလိုက်ကြတယ်။ သာမာဝတီမိဖုရားဟာ မင်းကြီးနဲ့ ရဟန်းဂေါတမ နှစ်ဦးအနက် ဘယ်ဘက်မှာ အလေးသာ အကဲပိုနေတယ်ဆိုတာ အရှင်မင်းကြီးအလေးအနက် စဉ်းစားတော်မူပါ'

ဤကား မာဂဏ္ဍီ၏ ဒုတိယတိုက်ကွက်။

နောက်တစ်ခါ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီး မာဂဏ္ဍီလုပ်ပုံကား အပြစ်ကြီးလေးလှပါဘိ။ ဒီတစ်ခါတိုက်ကွက်မှာ မြတ်စွာဘုရားထံဘက် လှည့်သွားလေပြီ။

ဖြစ်ရပ်ကား ဤသို့တည်း။

## ချီးမွမ်း(၇)ရက်၊ ကဲ့ရဲ့(၇)ရက်

မာဂဏ္ဍီသည် မိုက်တိမိုက်ကန်း လူငယ်လူရွယ်များအား လာဘ်လာဘပေးပြီး မြတ်စွာဘုရားနှင့် ရဟန်းသံဃာများ မြို့တွင်းသို့ ကြွလာတဲ့အခါ မကြားဝံ့မနာသာ စကားများနှင့် ဆဲဆိုကြိမ်းမောင်းထုတ်ရန် စီမံချက်ဖြစ်ပေသည်။

မာဂဏ္ဍီ၏ ခိုင်းစေချက်အတိုင်း လူမိုက်၊ လူရမ်းကားတို့သည် မြတ်စွာဘုရားရှင်နှင့် ရဟန်းသံဃာများ ကြွလာကြသောအခါ ဆဲဆိုကြိမ်းမောင်းကြလေပြီ။ ကဲ့ရဲ့ရှုတ်ချကြလေပြီ။

ထိုအခါ အရှင်အာနန္ဒာက မြတ်စွာဘုရားကို-

'မြတ်စွာဘုရား··တခြားမြို့သို့ သွားကြပါကုန်'ဟု လျှောက်ထား၏။

မြတ်စွာဘုရားက-

'အဲဒီတခြားမြို့က ဆဲဆိုကြိမ်းမောင်းကြရင်ကော'ဟု ပြန်မေးတော်မူ၏။

'နောက်တစ်မြို့သို့ သွားကြပါမည်ဘုရား'ဟု အရှင်အာနန္ဒာက လျှောက်ထားပြန်၏။

ဤတွင် မြတ်ဗုဒ္ဓ၏ မိန့်တော်မူချက် (သို့မဟုတ်) ပြဿနာဖြေရှင်းနည်းမှာ မှတ်သားစရာ၊ လိုက်နာစရာကောင်းပါ၏။

မြတ်စွာဘုရားရှင်က-

'အာနန္ဒာ··တစ်နေရာမှာ အဓိကရဏ်း(အထိကရဏ်းမဟုတ်ပါ) တွေ့ကြုံလျှင် ထိုအဓိကရဏ်းကို ငြိမ်းအေးစေ

www.burmeseclassic.com

www.burmeseclassic.com

ပြီးသော နောက်တစ်မြို့၊ နောက်တစ်နေရာသို့ သွားသင့်၏။ သီတာခဲ့သော လူမိုက်၊ လူယုတ်မာတို့၏ ဆဲရေးခြင်းကို သည်းခံကြပါ။ သည်းခံခြင်းတရားကား ငါတို့ဘုရားရှင်တို့၏ ကျင့်စဉ်(လမ်းစဉ်)ပေတည်း။ အာနန္ဒာ··မစိုးရိမ်လင့်။ ဤလူတို့သည် (၇)ရက်အတွင်းသာ ဆဲရေးနိုင်ကုန်လတ္တံ့။ (၈)ရက်မြောက်နေ့မှာ ဆိတ်ငြိမ်သွားလတ္တံ့'ဟူ၍ မိန့်တော်မူလိုက်လေသတည်း။

(ချီးမွမ်းခုနစ်ရက် ကဲ့ရဲ့ခုနစ်ရက်ဟူသော စကား အစ်ရပ် ထွက်ပေါ်လာသည်။)

**စောင်းကောက်ထဲက မြွေဟောက်**

မာဂဏ္ဍီတိုက်ကွက်သည် သာမာဝတီတို့ထံသို့ လှည့်လာပြန်သည်။

ဥတေနမင်းသည် စောင်းတီးလေ့ရှိသော စောင်းကြိုက်ဘုရင်တစ်ပါးဖြစ်၏။ မင်းကြီးသည် မိဖုရားခေါင်ကြီး သုံးဦးတို့၏ အဆောင်များသို့ အလှည့်တကျ လှည့်ပတ်နေထိုင်လေ့ရှိ၏။ ဤတွင် မိဖုရားအသီးသီးတို့၏ အဆောင်တော်တွင် မင်းကြီး တီးခတ်ရန် စောင်းကောက်တစ်လုံးစီ ထားရှိရသည်။

ဤစောင်းကောက်သည် မာဂဏ္ဍီ၏ စီမံချက်တွင် အကွက်ဝင်လာသည်။ ကြိုတင်စီစဉ်ပုံမှာ သာမာဝတီအဆောင်သို့ မင်းကြီးမကြွမီ သုံးရက်လောက်အလိုတွင် မြွေဟောက်တစ်ကောင်ကို စောင်းအိုးထဲသို့ ထည့်ခိုင်းထားလိုက်သည်။

သာမာဝတီအဆောင်တော်သို့ မင်းကြီးကြွရောက်လာသောအခါ တိတ်တဆိတ် ဝင်ရောက်နေသူ တစ်ယောက်က စောင်းပေါက်ကို ဖွင့်လိုက်သည်။ ထိုအခါ သုံး,လေးရက် အစာရေစာ မစားမသောက်ရသဖြင့် ဒေါသထွက်နေသော မြွေဟောက်က မာန်ဖီကာ ထွက်လာသည်။ မင်းကြီးကသည်း စောင်းတီးရန် စောင်းကောက်ကို ကောက်ကိုင်မည်အလုပ် ဤဖြစ်ရပ်ကြောင့် မင်းကြီးမှာ ကြောက်လန့်ကာအခုန်မိလေ၏။ ကြောက်လည်းကြောက်၊ ဒေါသလည်းထွက်ကာ သာမာဝတီအပေါ် အမျက်တော်ရှလေသတည်း။ အချစ်တော် မဝင်ဘဲ အပြစ်တော် မြင်မိလေပြီတည်း။

ငါက အချစ်ကြီးသလောက် ဒင်းက ငါ့အပေါ် ကြံစည်ရက်လေခြင်းဟူ၍ သာမာဝတီကို အမုန်းကြီးမုန်းသွားခဲ့သည်။

ဤပြစ်မှုကြောင့် ဥတေနဘုရင်သည် သာမာဝတီကို လေးဖြင့် ပစ်ခတ်ခဲ့သည်။ သို့သော် သာမာဝတီ၏ မေတ္တာစိတ်ကြောင့် အသက်မသေခဲ့ပေ။ လေးမှပစ်လွှတ်လိုက်သော မြားသည် သာမာဝတီထံသို့ မရောက်ဘဲ ဥတေနထံ ပြန်လာသည်အထိ မေတ္တာဓာတ်ကြီးမားမှုကို တွေ့ရလေ၏။

ဥတေနမင်းကြီးက သာမာဝတီကို လေးစားသွားပြီး ဂုဏ်ပြုသောအားဖြင့် လိုရာဆုတောင်းခွင့်ပေးရာ သာမာဝတီက ဘုရားအမှူးပြုသော ရဟန်းသံဃာအပေါင်းတို့အား (၇)ရက်အလှူကြီးပေးခွင့်ပြုရန် တောင်းဆိုခဲ့လေသည်။ ဆက်လက်၍ ဘုရားရှင်နှင့်တကွ ရဟန်းများ နန်းတော်တွင်းသို့ကြွပြီး တရားဟောခွင့်ဆုကိုပါ တောင်းဆိုခဲ့ပြန်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ဘုရားရှင်က အရှင်အာနန္ဒာကို တာဝန်ပေးတော်မူခဲ့၏။

**မာဂဏ္ဍီ ကျဆုံးခန်း**

မာဂဏ္ဍီမိဖုရားသည် ရန်ငြိုးထားခဲ့သော ဘုရားရှင်အပေါ် တုံ့ပြန်မှုလည်း မအောင်မြင်၊ သူ ရန်ငြိုးထားခဲ့သော ဘုရားရှင်(ရန်သူ)ကိုမှ ကိုးကွယ်ဆည်းကပ်သော ကိုးကွယ်ရုံမျှမက နန်းတော်တွင်းသို့ပါ ကြွခွင့်ရသည်အထိ ဆောင်ရွက်သော သာမာဝတီ ဆုံးရှုံးပျက်စီးရေး တိုက်ခိုက်မှုလည်း မအောင်မြင်ခဲ့လေသဖြင့် နောက်ဆုံးအနေဖြင့် သာမာဝတီနှင့်တကွ မောင်းမငါးရာအားလုံး တစ်ပြုံလုံး သေကျေပျက်စီးရေးစီမံကိန်းကို စီမံလေတော့သည်။

ယင်းသည်ကား သာမာဝတီတို့အားလုံး အဆောင်ထဲမှာ ရှိနေခိုက် မီးတိုက်ပစ်ရန်ဖြစ်၏။ ဤစီမံချက်ကို ဘထွေးဖြစ်သူ စူဠမာဂဏ္ဍီကို တာဝန်ပေး၏။ ဤကိစ္စ၊ ဤစီမံချက်ကြီး အောင်မြင်ခဲ့ပါလေ၏။

သာမာဝတီနှင့်တကွ မောင်းမငါးရာတို့အားလုံး မီးလောင်တိုက်သွင်းပြီး အသတ်ခံခဲ့ကြရသည်။ ဤအကုသိုလ်ကံသည် အတိတ်ဘဝက ပစ္စေကဗုဒ္ဓါတစ်ပါးကို မီးရှို့သတ်ဖြတ်ခဲ့ခြင်းကြောင့် ခံရခြင်းဖြစ်သည်။

**သမက်ရှာပုံတော်ဖွင့်ခဲ့သောဖခင်**

မာဂဏ္ဍီမိဖုရားသည် သူ၏အလှအပနှင့်ပတ်သက်၍ နင့်နင့်သီးသီး ပစ်ပစ်ခါခါ ပြောဆိုခဲ့သော မြတ်ဗုဒ္ဓကို ရန်ငြိုးအာဃာတထားခဲ့သည်။ ကောသမ္ဗီတစ်မြို့လုံးမှာ အလှဆုံးဟုပင် သတ်မှတ်ချင်ကြသော အချောအလှ မာဂဏ္ဍီအဖို့ ရှုတ်ချပြောဆိုခံရခြင်းအတွက် ဘယ်မှာကျေနပ် နှစ်သက်နိုင်ပါ့မည်နည်း။

ဖခင်ကြီး မာဂဏ္ဍီပုဏ္ဏားၐ၏ သမီးနှင့် လက်ဆက်ရန်

www.burmeseclassic.com

ကမ်းလှမ်းချက်ကို လက်မခံချင်လျှင် သာမန်ငြင်းပယ်ရုံမျှဖြင့် လုံလောက်ပါသည်။ ခုတော့ မစင်ပေကျံနေတဲ့ ခြေထောက်နှင့်ပင် မာဂဏ္ဍီရဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းကို မတို့မထိချင်ဘူးတဲ့လေ။ ပြောရက်လိုက်တာ။

ဤကဲ့သို့ ရန်ငြိုးရှိခဲ့သော ရဟန်းဂေါတမကိုမှ စင်ပြိုင်မိဖုရားဖြစ်သည့် ဘုရင်ဥတေနကလည်း လေးစားမြတ်နိုးသည်နှင့်အမျှ အရေးပေးခြင်းခံရသည့် သာမာဝတီမိဖုရားကိုလည်း မာဂဏ္ဍီရန်သူလို သဘောထားလိုက်၏။

သို့ဖြင့် ဘုရားရှင်အရှက်ရရေး၊ သာမာဝတီ ကျဆုံးရေး စီမံချက်များကို မာဂဏ္ဍီ လုပ်ခဲ့သည်။ ကုန်းတိုက်ခြင်း၊ စောင်းကောက်ထဲတွင် မြွေဟောက်ထည့်ခြင်း စသော တိုက်ကွက်များကို မအောင်မြင်ခဲ့ပါ။ နောက်ဆုံး တစ်ဆောင်လုံးရေနံပတ်တွေပတ် မီးရှို့သတ်သောအခါကျမှ သာမာဝတီချေမှုန်းရေးစီမံကိန်း အောင်မြင်မှုရခဲ့သည်။

မေတ္တာရှင်ဖြစ်သော သာမာဝတီမိဖုရားတို့ အဖွဲ့ကတော့ မေတ္တာဖြင့်သာ အောင်နိုင်ခဲ့လေသည်။ နောက်ဆုံး မီးရှို့အသတ်ခံရခြင်း ကိစ္စမှာတော့ အတိတ်ဘဝက ပစ္စေကဗုဒ္ဓါတစ်ပါး ကောက်ရိုးပုံမှာ သမာပတ်ဝင်စားနေစဉ် ရေချိုးပြီး မီးလှုံချင်ကြသော သာမာဝတီတို့က မီးရှို့မီးလှုံခဲ့ကြသော ကိစ္စကြောင့်ဖြစ်သည်။ အစပထမ ပစ္စေကဗုဒ္ဓါ တစ်ပါးရှိမှန်းမသိ။ ရှိမှန်းသိတော့ မီးလောင်နေပြီ။ လွန်သွားပြီ။ မင်းစိုးရာဇာ ကိုးကွယ်ဆည်းကပ်တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့် ရာဇဝတ်အပြစ်ပါ ဖြစ်မှာစိုးရိမ်ပြီး လက်စဖျောက်မီးရှို့ခဲ့သော အကုသိုလ်အပြစ်၏ဆိုးကျိုးကို ခံသွားကြရခြင်းပေတည်း။

သို့ရာတွင် သာမာဝတီတို့အဖွဲ့သည် မေတ္တာပွားများ၍နေလေ့ရှိကြသော မေတ္တာရှင်များပီပီ မေတ္တာပွားများခြင်းကမ္မဋ္ဌာန်းတရား ရှုမှတ်ပြီး သေဆုံးသွားကြလေရာ တချို့ကသကဒါဂါမ်၊ တချို့က အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်သွားကြလေ၏။ ပစ္စေကဗုဒ္ဓါကို မီးတိုက်ခဲ့သော အကုသိုလ်ကံသည် ယခုဘဝမှာသာ ဆိုးကျိုးတန်ပြန်ပေးခြင်းမဟုတ်။ မီးလောင်ပြီး သေခဲ့ကြရသော ဘဝပေါင်းတစ်ရာကျော်ခဲ့ပြီတည်း။ အကုသိုလ်မကောင်းမှုကို ဝေးဝေးကပင် ရှောင်ကြဉ်သင့်ကြပါ၏။ ဘယ်သူမပြု မိမိမှုပေပဲ။

<u>ဘုရင်ဥတေန၏ ရက်စက်စွာတုံ့ပြန်မှု</u>

မာဂဏ္ဍီအတွက် ပြိုင်ဘက်ရန်သူတစ်ယောက် ရှင်းသွားသော်လည်း နောက်ဆက်တွဲ ကိစ္စရပ်များ ဆက်လက်ဖြစ်ပေါ်လာလေသည်။

ဘုရင်ဥတေနသည် သာမာဝတီတို့အဆောင် မီးလောင်သည်ကို ကြားလျှင်ကြားချင်း လာခဲ့သော်လည်း သူ ရောက်ရှိချိန်တွင် ပြာသာဒ်ဆောင်မှာ ပြာပုံအတိ ဖြစ်နေပေပြီ။ ဥတေနမင်းကြီးသည် ချစ်လှစွာသော မိဖုရား သာမာဝတီနှင့် အခြွေအရံ မောင်းမမိသံများ သေဆုံးသွားကြသည့်အတွက် နှလုံးစိတ်ဝမ်း မချမ်းမြေ့မှုကို ခံစားရလေသည်။

ဤကိစ္စသည် မာဂဏ္ဍီ၏ လက်ချက်ဖြစ်ကြောင်း သိသွားပြီး ဥပါယ်ပရိယာယ်သုံးကာ မာဂဏ္ဍီမိဖုရားကို ခေါ်ဆောင်လိုက်၏။

မင်းကြီးက-

'သာမာဝတီဟာ ငါပျက်စီးအောင် အမြဲအခွင့်ကောင်းကို စောင့်နေခဲ့သူဖြစ်သည်။ ယခု သူ မရှိတော့သဖြင့် ငါစိတ်ချမ်းသာရပေပြီ။ ဤကိစ္စကို ဘယ်သူဆောင်ရွက်သလဲ။ ဤကိစ္စဆောင်ရွက်သူသည်သာ ငါ့ကို အမှန်တကယ် ချစ်မြတ်နိုးသူ ဖြစ်ရမည်'ဟု မိန့်ဆို၏။

ထိုအခါ မင်းကြီး၏ အနီးအပါးတွင် ခစားရောက်ရှိနေသော မာဂဏ္ဍီက ဝမ်းသာအားရဖြင့်-

'ဒီကိစ္စကို ယောဒီက ဘုရားနှမ ဆောင်ရွက်လိုက်တာပါ'ဟု လျှောက်တင်၏။

'မာဂဏ္ဍီ⋯သင့်ကို ငါမြတ်နိုး၏။ ယုံကြည်၏။ ဆုချီးမြှင့်ပေးသနားရန် သင်၏ ဆွေမျိုးများအားလုံးကို ခေါ်လိုက်ပါဘိ'

မင်းကြီး၏ မိန့်ကြားချက်အရ မာဂဏ္ဍီမိဖုရားသည် စူဠမာဂဏ္ဍီ စသော ဆွေတော်မျိုးတော်များကို နန်းရင်ပြင်ပေါ်သို့ ခေါ်လိုက်၏။

မာဂဏ္ဍီ၏ ဆွေမျိုးများအားလုံး စုရုံးရောက်ရှိလာကြသောအခါ ဥတေနမင်းကြီးက သူတို့အားလုံးကို ဖမ်းဆီး... အမိန့်ပေးလိုက်လေသည်။ ပြီးလျှင် မင်းရင်ပြင်တွင် ကျင်း... များတူးစေပြီး မာဂဏ္ဍီမိဖုရားနှင့် ဆွေမျိုးအားလုံးကို ချ... အထိမြှုပ်အောင် ထားနိုင်းလိုက်သည်။ သူတို့ကိုယ်တွေပေါ်မှာ ကောက်ရိုးများ ဖုံးအုပ်စေပြီး မီးတိုက်ခိုင်းလေတော့... အရေထူ၊ အရေပါးတွေ လောင်ကျွမ်းပြီး မည်းနက်နေသော... ကိုယ်များကို သံထွန်သွားဖြင့် တိုက်ပစ်လေ၏။ ကိုယ်ခန္ဓာ... တွေ အပိုင်းပိုင်းပြတ်ကာ နန်းရင်ပြင်မှာ မရှုမလှဖြစ်နေ... သည်။

ဥတေနမင်းကြီးကလည်း သက်ဦးဆံပိုင်ပီပီ အာဏာ...



www.burmeseclassic.com

www.burmeseclassic.com

ရက်ရက်စက်စက် အလုပ်ခိုင်း၏။ မင်းချင်းတို့ကလည်း ...ရှင့်အမိန့်တော်အတိုင်း ဆောင်ရွက်ကြလေ၏။ မင်းများ ...စက်ပြီဆိုတော့လည်း ဘာကိုမျှ မငဲ့ကွက်တော့ချေ။

မာဂဏ္ဍီမှာ ကိုယ့်မကောင်းမှုကံ၏ဆိုးကျိုးကို တန်ပြန် ...ရလေပြီ။ ရက်စက်ကြမ်းတမ်းစွာ ပြုလုပ်တတ်သော ...တို့၏ သဘာဝအတိုင်း မင်းကြီးက မာဂဏ္ဍီ၏ ခန္ဓာ ...ယ်မှ အသားများကို လှီးခွာကာ မီးအိုးကင်ပေါ်မှာ ကြော် ...ခိုင်းပြီး မာဂဏ္ဍီကို အစားခိုင်းလေ၏။ မာဂဏ္ဍီ၏ ...ဆုံးနေ့ကား လွန်စွာကြမ်းတမ်းခက်တရော်လှပေ၏။ ...တွေက တိရစ္ဆာန်တွေကို ရက်ရက်စက်စက် ညှဉ်းဆဲ ...တ်ဖြတ်ကြသလို မာဂဏ္ဍီတို့ ခံကြရလေသည်။

**...ဘုရား၏ ဒေသနာတော်**

တရားသဘင်၌ ရဟန်းတို့သည် သာမာဝတီမိဖုရား ...ရှိသော မောင်းမငါးရာတို့ မီးလောင်သေဆုံးရခြင်း အကြောင်း မာဂဏ္ဍီမိဖုရားနှင့်တကွ ဆွေမျိုးအားလုံး မြေ ...ပ်၊ မီးရှို့၊ သံထွန်ဖြင့်တိုက်၊ အသားကိုပင် အစားခိုင်း ကြောင်းများကို ပြောဆိုနေကြလေသည်။

ဤဖြစ်ရပ်နှစ်မျိုးတို့တွင် အဘယ်သူတွေက အသက် ရှည်သည် မည်ကြပြီး ဘယ်ပုဂ္ဂိုလ်တွေကတော့ အသက် သေသည် မည်ကြကြောင်းကိုလည်း ပြောကြားနေကြလေ သည်။

ထိုအခါ မြတ်စွာဘုရားရှင်က 'ရဟန်းတို့..မာဂဏ္ဍီ တို့ကဲ့သို့ ကုသိုလ်ကောင်းမှု မေ့လျော့နေသူတို့သည် အသက် တစ်ရာပင် နေရသော်လည်း သေသူတွေ ဖြစ်ကုန်၏။

သာမာဝတီမိဖုရားကဲ့သို့သော ကုသိုလ်ကောင်းမှု၌ မမေ့မလျော့ဘဲ မွေ့လျော်နေကြသူတို့သည်ကား သေလွန် သွားသော်လည်း အသက်ရှင်သည်၊ အသက်ရှည်သည် မည် ကုန်၏'ဟူ၍ ဂါထာသုံးပုဒ်ဖြင့် မိန့်တော်မူလိုက်လေသတည်း။

* မကောင်းမှုကံ ကိုယ်သာခံ တန်ပြန်လာတတ်သည်။
* မကောင်းမှုရှောင် ကောင်းမှုဆောင် ခုနောင်လွန်ကောင်း သည်။

နမော သမ္မာသမ္ဗုဒ္ဓဿ
မုံရွာ-နေဇာ

**ကိုးကားမှု**

*ဓမ္မပဒအဋ္ဌကထာ၊ ဒုတိယအုပ်၊ အပ္ပမာဒဝဂ်၊ သာမာ ဝတီ ဝတ္ထုကို ခြယ်မှုန်းပါသည်။*


"လိမ်းဆေးအပူနဲ့ မပျောက်တဲ့ ရောဂါမှန်သမျှ ဒီဆေးကိုသာ လိမ်းကြည့်ပါ။"



စန်းသော်တာ

အမှတ်တံဆိပ်

ကွမ်းရွက်ဆီလိမ်းဆေး (အအေး)



- အကိုက်အခဲပျောက်လိမ်းဆေး၊
- ရင်လူးဆေး၊
- အနာကျက်ဆီ၊ အဖြစ် သုံးနိုင်သည်။

(ကွမ်းရွက်အဆီထုတ်၍ သိပ္ပံနည်းကျ ဖော်စပ်ထားသည်)

- အဆစ်ရောင်ကိုက်၊ လေးဖက်နာ၊ ကျီးပေါင်း၊ အကြောတက်ခေါင်းအုံ၊ ဇက်လေး၊ မျက်ကြောကိုက်တို့ကို အကိုက်အခဲ ပျောက်ဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- ကလေးချွဲကျပ်၊ ချောင်းဆိုး၊ အစာမကြေ လေထိုးလေအောင့် စသည်တို့ကို ရင်လူးဆေး အဖြစ် သုံးစွဲနိုင်ပါသည်။
- အပူနာ၊ Bed Sores ၊ အပူကျိတ်၊ အပူလောင်၊ နှုတ်ခမ်းကွဲ၊ ခြေကွဲနာ၊ လိပ်ခေါင်း၊ စသည်တို့ကို အနာကျက်ဆီ အဖြစ် သုံးစွဲနိုင်ပါသည်။

(3in1) ဆေးအစွမ်းဖြင့် သုံးစွဲသူတိုင်း လန်းဆန်းစေမည်။

ဖြန့်ချိရေး- ကိုဝင်းမြင့်+မဘောဘီ ၁၅လမ်းနှင့်ကမ်းနားလမ်းထောင့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၆၃၈၂
...ဆိုင်ခွဲ- စန်းသော်တာဆေးတိုက်၊ R-1 (102) မန်းလိုင်အိမ်ရာ၊ ရွှေသံလွင်၊ ဟုမ်းလမ်းရပ်ကွက်၊ ဝမ်းချောင်းမြို့နယ်၊ ဖုန်း-၇၀၉၃၀၆။




www.burmeseclassic.com

www.burmeseclassic.com

# မူးပေမယ့် ထူးတဲ့ ပုဂ္ဂိုလ်

# တွန်းအားရှင်

မြတ်ဗုဒ္ဓ၏ သာသနာတော်တွင် လူဝတ်နှင့် အရဟတ္တဖိုလ်ရ၍ ထိုနေ့မှာပင် လူအဖြစ်နှင့် ပရိနိဗ္ဗာန်စံသွားကြသူ ငါးဦးရှိ၏။ ဥဂ္ဂသေနသူကြွယ်၊ ဝီတသောကလုလင်၊ ဒါရုစီပရိဗိုဇ်၊ သုဒ္ဓေါဒနမင်းကြီးနှင့် သန္တတိ အမတ်ကြီးတို့ ဖြစ်ကြသည်။ ၎င်းတို့အနက် သန္တတိအမတ်ကြီး၏ လူဝတ်နှင့်ပင် ရဟန္တာဖြစ်သွားပုံကား ထူးခြားလှ၏။ သန္တတိမှာ ပသေနဒီ ကောသလမင်းကြီး၏ အမတ်ကြီးတစ်ဦးဖြစ်၏။

အခါတစ်ပါး၌ သာဝတ္ထိပြည် အစွန်အဖျား ရွာတွင် သောင်းကျန်းသူတို့က ပုန်ကန်ထကြွလျက်ရှိ၏။ ထို့ကြောင့် ကောသလမင်းကြီးသည် အမတ်ကြီး သန္တတိကို နှိမ်နင်းစေရန် ထိုရွာသို့ စေလွှတ်လိုက်၏။ သန္တတိအမတ်ကြီးသည် စစ်သည်ဗိုလ်ပါ အလုံအလောက်ဖြင့် နေပြည်တော်မှ ထွက်ခွာ၍ လူဆိုးများကို သွားရောက်နှိမ်နင်းရာ မကြာမီ သောင်းကျန်းမှုရန် ငြိမ်းအေးသွားလေသည်။

ကောသလမင်းကြီးသည် အောင်ပွဲခံ၍ ပြန်လာသည့် သန္တတိ အမတ်ကြီးအား ကျေနပ်နှစ်သက်လှသောကြောင့် ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ကို ခံစားခွင့်ပေးလေသည်။ ထိုအခါ အမတ်ကြီးသည် စားဖွယ်သောက်ဖွယ် အမျိုးမျိုးဖြင့် ခုနစ်ရက်ပတ်လုံး ပျော်ပွဲကြီးခံလျက် မင်းစည်းစိမ်ကို ခံစားနေ၏။ လှပတင့်တယ် ရှုချင်စဖွယ်ကောင်းလှသော ကချေသည် အမျိုးသမီးများကလည်း အမတ်ကြီး၏ စိတ်အလို





www.burmeseclassic.com

www.burmeseclassic.com

ပျော်အောင် အဆို၊ အက အမျိုးမျိုးဖြင့် ဖျော်ဖြေပြုစုကြရသည်။

ခုနစ်ရက်မြောက်သောနေ့တွင် အမတ်ကြီးသည် ရေချိုးဆိပ်သို့ သွားရန်အတွက် မင်္ဂလာဆင်တော်ကို စီးကာ သာဝတ္ထိမြို့မှ ထွက်လာ၏။ ထိုအချိန်တွင် ဗုဒ္ဓရှင်တော်မြတ်သည်လည်း ဆွမ်းခံလှည့်လည်ရန် ရဟန်းသံဃာများစွာနှင့်အတူ မြို့တွင်းသို့ ဝင်လာ၏။ သန္တတိအမတ်ကြီးမှာ ဘုရားရှင်နှင့် မြို့အဝင်တွင် ဆုံမိ၏။ ယစ်ရွှေရည်ထွေထွေဖြင့် အမတ်ကြီးက ဘုရားရှင်ကို ဆင်ထက်မှပင် ဦးခေါင်းညွတ်၍ ရှိခိုးလိုက်၏။

သန္တတိ အမတ်ကြီး ဆင်ထက်မှ ရှိခိုးလိုက်သည်ကို တွေ့မြင်ရသော မြတ်စွာဘုရားက ပြုံးတော်မူလိုက်သည်။ ဘုရားရှင်နှင့်အတူ လိုက်ပါလာသော အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား အဘယ်ကြောင့် ပြုံးတော်မူရပါသနည်းဟု မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားက-

'ချစ်သားအာနန္ဒာ..အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော သန္တတိ အမတ်ကြီးသည် ယနေ့ပင်လျှင် အလုံးစုံသော တန်ဆာတို့ကို ဆင်ယင်ဝတ်စားလျက် ငါဘုရားထံမှောက်သို့ လာရောက်ချဉ်းကပ် တရားတော်မြတ်ကို နာရသဖြင့် လေးပါဒရှိသော ဂါထာ၏အဆုံး၌ အလုံးစုံသော ကိလေသာတို့ကို ပယ်သတ်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင် ထန်းခုနစ်ဆင့်ခန့် ပမာဏရှိသော အထက်ကောင်းကင်၌ထိုင်ပြီး ပရိနိဗ္ဗာန်ပြုလတ္တံ့'ဟု မိန့်တော်မူ၏။

'သန္တတိအမတ်ကြီး..အရဟတ္တဖိုလ်သို့ ရောက်လိမ့်မည်'ဟူ၍ ဗုဒ္ဓက မိန့်ကြားသည့် သတင်းမှာ သာဝတ္ထိမြို့တစ်ခွင်တွင် လျင်မြန်စွာပျံ့နှံ့သွားလေသည်။

ထိုသတင်းကို ယုံကြည်သူများ ရှိကြသကဲ့သို့ မယုံကြည်သူများလည်း ရှိကြ၏။ နဂိုကပင် ဗုဒ္ဓအား ဆန့်ကျင်ဘက် လုပ်နေကြသည့်လူများက ဂေါတမဟာ သူ့စိတ်ထင်ရာ လျှောက်ပြောနေတာပါ။ မယုံကြပါနဲ့ဟူ၍ ဝေဖန်ကြသည်။ ဗုဒ္ဓ၏ တန်ခိုးစွမ်းရည်ကို သိမြင်သူတို့ကမူ ဒီနေ့တော့ ထူးခြားဆန်းကြယ်တဲ့ တရားဓမ္မကို နာကြားရပေတော့မည်ဟူ၍ မျှော်လင့်နေကြသည်။

သန္တတိ အမတ်ကြီးသည် ရေချိုးဆိပ်၌ တစ်နေကုန် ပျော်ပါးပြီး ညပိုင်းတွင် ဥယျာဉ်တော်သို့သွား၍ သေသောက်ကြူးကြီးကို ကျင်းပလေသည်။ မင်းစည်းစိမ်ကို နောက်ဆုံးခံစားရသည့်နေ့ ဖြစ်သည့်အတိုင်း မီးကုန်ကမ်းကုန် ပျော်ပါးယစ်မူးနေစဉ် သူ့အား ဖြေဖျော်နေသည့် ကချေသည်မလေးသည် လေရောဂါဖြင့် ရုတ်တရက်လဲကျ၍ အမတ်ကြီး၏ ရှေ့မှောက်၌ပင် သေဆုံးသွားလေသည်။

ထိုကချေသည်မကလေးကား အမတ်ကြီး နှစ်သက်စွဲလမ်းအောင် အစွမ်းကုန် ပြုစုဖျော်ဖြေခဲ့သူ ဖြစ်ပေသည်။ သူမ ရုတ်တရက်သေဆုံးသွားသည်ကို မြင်ရလျှင် အမတ်ကြီးမှာ လွန်စွာတုန်လှုပ်သွားတော့သည်။ တစ်နေကုန် သောက်ထားခဲ့သော အရက်တန်ခိုးမှာလည်း ချက်ချင်းပျက်ပြယ်သွားလေသည်။ အလွန်ပူပြင်းသော သောကဝေဒနာကို မရှုမလှ ခံစားရလေသည်။

ထိုအခါ သန္တတိ အမတ်ကြီးသည် သောကဝေဒနာကို မည်ကဲ့သို့ ဖြေဖျောက်ရပါမည်နည်းဟု တွေးတောစဉ်းစားလိုက်ရာ နံနက်က မြို့တံခါးဝတွင် တွေ့မြင်ခဲ့သော ဗုဒ္ဓရှင်တော်မြတ်ကို သွား၍သတိရလေသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်ရှိရာ ဇေတဝန်ကျောင်းတော်သို့ နောက်လိုက်ပရိသတ်များနှင့်အတူ ချက်ချင်းထွက်ခွာခဲ့လေသည်။

ကျောင်းတော်သို့ရောက်လျှင် မြတ်စွာဘုရားအား ရှိခိုးဦးချပြီးလျှင်-

'အရှင်ဘုရား..တပည့်တော် အလွန်ချစ်ခင်မြတ်နိုးသော ကချေသည်မလေး ရုတ်တရက် သေဆုံးသွားသည့်အတွက် ပြင်းပြသောစိတ်ဝေဒနာကို ခံစားနေရပါကြောင်း၊ ယင်းဝေဒနာကို ပျောက်ကင်းရန်အတွက် အရှင်ဘုရားထံ လာရောက်ရခြင်းဖြစ်ပါကြောင်း' လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် အမတ်ကြီးအား အောက်ပါ တရားဒေသနာတော်ကို ဟောကြားတော်မူလေသည်။

'အမတ်ကြီး..သင်သည် ရှေးကရှိနေခဲ့သော စိုးရိမ်ကြောင့်ကြမှုများ ကင်းစင်အောင် ဖြတ်တောက်ပစ်ပါ။ နောက်ထပ်စိုးရိမ်ကြောင့်ကြမှုများ ဖြစ်မလာအောင်လည်း စောင့်စည်းထိန်းချုပ်ပါ။ ယခုလောလောဆယ်ကာလအတွင်း၌လည်း ဘာကိုမျှ မစွဲလမ်းပါနဲ့။ ဤသို့ အားထုတ်လျှင် သင်၏ သောကဝေဒနာများ ငြိမ်းအေးသွားပါလိမ့်မည်'

ဤတရားဒေသနာတော် အဆုံး၌ သန္တတိ အမတ်ကြီးမှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားသည်။ သောကဝေဒနာများလည်း ငြိမ်းအေးသွားသည်။ ထိုအခါ အမတ်ကြီးသည် မိမိ၏ အသက်အပိုင်းအခြားကို ဆင်ခြင်ရာ သက်တမ်းကုန်ဆုံးလုနီး ဖြစ်နေသည်ကို သိမြင်လေသည်။

ထို့ကြောင့် သန္တတိ အမတ်ကြီးသည် ဘုရားရှင်အား-



www.burmeseclassic.com

www.burmeseclassic.com

'အရှင်ဘုရား..တပည့်တော်အား ပရိနိဗ္ဗာန်ပြုရန် ခွင့်ပေးတော်မူပါဘုရား'ဟု လျှောက်ကြားသည်။

ထိုအခါ ဘုရားရှင်က 'ချစ်သားသန္တတိ..ပရိနိဗ္ဗာန်မပြုမီ ရှေးဘဝက သင်ပြုခဲ့သည့် ကောင်းမှုကံကို ထုတ်ဖော်ပြောခဲ့ပါဦး။ ထိုသို့ပြောကြားသောအခါ၌လည်း မြေကြီး၌ ရပ်တည်လျက် မပြောကြားဘဲ ထန်းခုနစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်ထက်၌ တည်နေလျက် ပြောကြားပါလော့'ဟု မိန့်တော်မူ၏။

ထိုအခါ သန္တတိအမတ်ကြီးသည်-

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား..ကောင်းလှပါပြီ'

ဝန်ခံလျှောက်ထား၍ မြတ်စွာဘုရားကို ရှိခိုးပြီးသော် ထန်းတစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့တက်၍ သက်ဆင်းပြန်လာပြီးသော် တစ်ဖန် မြတ်စွာဘုရားကို ရှိခိုးပြီး၍ ထန်းနှစ်ဆင့် ပမာဏရှိသော ကောင်းကင်ထက်သို့ တက်ပြန်လျက် ဤသို့ အစဉ်အတိုင်းအားဖြင့် သက်၍, သက်၍ အဆင့်ဆင့်တက်ပြီးသည့်ကာလ ထန်းခုနစ်ဆင်ခန့် ပမာဏရှိသော ကောင်းကင်ထက်၌ တင်ပျဉ်ဖွဲ့ခွေခြင်းဖြင့် ထိုင်နေပြီး 'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား..တပည့်တော်၏ ရှေး၌ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံကို နာကြားတော်မူပါလော့'ဟု လျှောက်ထား၏။

'ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရား ထင်ရှားပွင့်တော်မူသောအခါ တပည့်တော်သည် ဗန္ဓုမတီမည်သော မြို့ဝယ် တစ်ခုသောအမျိုးအိမ်၌ဖြစ်၍ သူတစ်ပါးတို့အား သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်းတို့ကို မပြုကြောင်းဖြစ်သော အမှုကား အဘယ်အမှုပါနည်းဟု စူးစမ်းဆင်ခြင်သောအခါ တရားနာကြားရန် ကြွေးကြော်နှိုးဆော်သောအမှုကို တွေ့မြင်ရသဖြင့် ထိုအချိန်အခါမှစ၍ ထိုအမှုကိုပြုလျက် လူအများတို့အား ကောင်းမှုကုသိုလ်တို့ကို ပြုကြကုန်လော့။ ဥပုသ်နေ့တို့၌လည်း ဥပုသ်သီလကို ဆောက်တည်ကြကုန်လော့။ အလှူပေးကြကုန်လော့။ တရားနာကြားကြကုန်လော့။ ဘုရားရတနာ အစရှိသည်တို့နှင့်တူသော အခြားတစ်ပါးသော ရတနာမည်သည် မရှိ။ ရတနာမြတ်သုံးပါးတို့အား ပူဇော်သက္ကာရအမှု ပြုကြကုန်လော့ဟု ကြွေးကြော်နှိုးဆော်ကာ သွားလာလှည့်လည်ပါသည်ဘုရား။ ထိုတပည့်တော်၏အသံကို ကြားရလေလျှင် ဝိပဿီဘုရားရှင်၏ ခမည်းတော်ဖြစ်သော ဗန္ဓုမတီမင်းကြီးသည် တပည့်တော်ကို ခေါ်စေ၍ 'အမောင်..အဘယ်အမှုကိုပြုလျက် လှည့်လည်သွားလာဘိသနည်း'ဟု မေးသဖြင့် 'အရှင်မင်းကြီး..ရတနာမြတ်သုံးပါးတို့၏ ဂုဏ်တော်၊ ကျေးဇူးတော်ကို ထင်ရှားစွာပြုလျက် လှည့်လည်သွားလာနေပါသည်'ဟု လျှောက်ထား၏။

ထိုအခါ မင်းကြီးက တပည့်တော်အား မည်သည့်ယာဉ်ဖြင့် လှည့်လည်သွားလာသနည်းဟု မေးမြန်း၏။

တပည့်တော်က ခြေကျင်သွားကာ လှည့်လည်ပါသည်ဟု လျှောက်ထားသောအခါ မင်းကြီးက တပည့်တော်အား ဤပန်းကုံးကို ဆင်မြန်းလျက် မြင်းကျောက်ကုန်းထက်၌ နေလျက် လှည့်လည်သွားလာချေပါလော့ဟု ပုလဲကုံး၊ ပုလဲဆိုင်းနှင့် ပန်းကုံးကိုပေး၍ ယဉ်ကျေးသောမြင်းကို ပေးပါသည်ဘုရား။

ထိုအခါ မင်းကြီးသည် ပေးအပ်သော အဆောင်အယောင်ဖြင့် ရှေးနည်းအတူပင် ကြွေးကြော်နှိုးဆော်လျက် လှည့်လည်သွားလာသော တပည့်တော်ကို တစ်ဖန် ခေါ်စေပြန်ကာ 'အမောင်..အဘယ်ကိုပြုလျက် လှည့်လည်သွားလာပါသနည်း'ဟု မေးမြန်းပြန်သောကြောင့် 'အရှင်မင်းကြီး..ရှေးပြုတိုင်းသော ထိုအမှုကိုသာလျှင် ပြုလုပ်လျက် လှည့်လည်သွားလာပါသည်ဘုရား'ဟု လျှောက်တင်လတ်သော် 'အမောင်..မြင်းသည်လည်း သင့်အား မသင့်လျော် မလျောက်ပတ်သေး။ ဤရထားပေါ်၌ ထိုင်လျက် လှည့်လည်ချေလော့'ဟု ဆိုကာ သိန္ဓောမြင်းလေးစီး က,သော ရထားကို ပေးပြန်ပါသည်ဘုရား။

သုံးကြိမ်မြောက်၌လည်း မင်းကြီးသည် တပည့်တော်၏အသံကို ကြားရပြန်လေလျှင် ခေါ်စေကာ 'အမောင်..အဘယ်အမှုကိုပြုကာ လှည့်လည်ပါသနည်း'ဟု မေးပြန်လေသောကြောင့် 'အရှင်မင်းကြီး..ရှေးပြုတိုင်းသော ထိုအမှုကိုသာ ပြုလုပ်လျက် လှည့်လည်သွားလာပါသည်ဘုရား'ဟု လျှောက်တင်ပြန်လေသည်ရှိသော် 'အမောင်..ရထားသည်လည်း သင့်အား မသင့်လျော် မလျောက်ပတ်သေး'ဟုဆိုလျက် တပည့်တော်အား များစွာသော စည်းစိမ်ဥစ္စာနှင့် ကောင်းမွန်ထိုက်တန်သော အဆင်တန်ဆာအဖြာဖြာတို့ကိုပေးကမ်းကာ ဆင်တစ်စီးကိုလည်း ပေးပြန်ပါသည်ဘုရား။

တပည့်တော်သည် အလုံးစုံသော အဆင်တန်ဆာ[illegible] တန်ဆာဆင်လျက် ဆင်ကျောက်ကုန်းထက်၌ တက်ထိုင်



www.burmeseclassic.com

www.burmeseclassic.com

[...]ကာ အနှစ်ရှစ်သောင်းကာလပတ်လုံး တရားနာကြားရန် [...]ကြောင်းကြော်နိုးဆော်မှုကို ပြုခဲ့ပါသည်ဘုရား။ ထိုတပည့် [...]တော်၏ကိုယ်မှ ဤမျှလောက်သော ကာလပတ်လုံး စန္ဒကူး [...]ည် ကြိုင်လှိုင်ပါ၏။ ခံတွင်းမှ ကြာညိုနံ့လည်း ကြိုင် [...]ိုင်ခဲ့ပါ၏။ တပည့်တော်သည် ဤကောင်းမှုစုကို ပြုခဲ့ဖူး [...]သည်ဘုရား။

ဤသို့နှစ်ပေါင်းရှစ်သောင်းပတ်လုံး နိဗ္ဗာန်ဆော်လုပ် [...]သည့် ကောင်းမှုကြောင့် တပည့်တော်သည် ယခုဘဝ၌ [...]ရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်ခြင်းဖြစ်ပါသည်ဘုရား’

သန္တတိ အမတ်ကြီးသည် ဤသို့ လျှောက်ကြားပြီး [...]တ် ကောင်းကင်၌ပင် ရပ်တည်လျက် တေဇောကသိုဏ်း [...] ဝင်စားကာ ပရိနိဗ္ဗာန်ပြုသွားလေသည်။ အမတ်ကြီး၏ [...]ယ်ခန္ဓာ၌ မီးတောက်မီးလျှံများထ၍ အသားအသွေးများ [...] လောင်ကျွမ်းသွားသည်။ စံပယ်ပန်းအခက်ရှိသော အရိုး [...]တ်များ မြေပေါ်သို့ ကျလာလေသည်။

ဗုဒ္ဓရှင်တော်မြတ်သည် ထိုအရိုးဓာတ်များကို ဖြူစင် [...] အဝတ်စတစ်ခုဖြင့် ခံယူပြီး ခရီးလမ်းဆုံအနီးတွင် [...]တီတစ်ဆူ တည်ထားရန် ညွှန်ကြားတော်မူလေသည်။

တစ်နေ့တွင် တရားသဘင်၌ စုဝေးမိကြသော ရဟန်းတို့သည် သန္တတိ အမတ်ကြီးအကြောင်းကို ပြောဆိုနေကြလေသည်။

‘ငါ့ရှင်တို့··သန္တတိ အမတ်ကြီးသည် မင်းဝတ်တန်ဆာများ ဝတ်ဆင်လျက်နှင့်ပင် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုခဲ့ပေသည်။ ဤသို့ လူဝတ်ကြောင်ဘဝဖြင့် ပရိနိဗ္ဗာန်ပြုသူကို သမဏရဟန်းဟု ဆိုထိုက်ပါမည်လော’

ထိုအချိန်တွင် ဗုဒ္ဓမြတ်စွာ ကြွလာတော်မူပြီး အောက်ပါ ဒေသနာဖြင့် ထိုရဟန်းတို့၏ သံသယကို ဖြေရှင်းတော်မူလေသည်။

‘ရဟန်းတို့··အကြင်သူသည် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးညီညွတ်စွာ ကျင့်၏။ ကိလေသာအပူ ငြိမ်းအေး၏။ ဣန္ဒြေကို စောင့်ထိန်း၏။ ကာမဂုဏ်အကျင့်မှ ရှောင်ကြဉ်၏။ သတ္တဝါတို့အား ညှဉ်းပန်းခြင်းမပြု။ ထိုသူကို မင်းဝတ်တန်ဆာများ ဆင်ထားသော်လည်း သမဏရဟန်းဟူ၍ ဆိုထိုက်ပေသည်။

တွန်းအားရှင်

__ကျမ်းကိုး__ * ဓမ္မပဒ၊ ဒဏ္ဍဝဂ် သန္တတိအမတ်ကြီး၏ ဝတ္ထု။

ကြယ်ပါမြူမင်း
အမှတ်တံဆိပ်
ဆီးချို၊ သွေးချိုဆေး



ဆီးချိုသွေးချိုကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့်၊ ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင်ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။

ပင်ရင်း ကြယ်ပါမြူမင်း ဆေးဆိုင်
အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်မြေလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉-၇၃၀၁၄၀၄၄ ✆ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊တဆထလ၊(၂၃၈၅)

ဖြန့်ချိရေး (ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (ဘောက်ကူမြို့ - ရွှေမင်းလောင်းဆေးဆိုင်) (ပုသိမ်မြို့ - မြို့မြွှင့်ဆေးဆိုင်)၊ (ပဲခူးမြို့ - တသောတုန်းထူးသန့်ဆေးဆိုင်၊ တသောတုန်းသမင်းစတိုး)



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

အရုဏ်တက်ချိန်သို့ နီးကပ်လာပြီဖြစ်သည်။ တိတ်ဆိတ်စွာအိပ်မောကျနေသော မြို့တော်ကြီးသည် မကြာခင် အသံများဖြင့် လှုပ်ရှားလာတော့မည်ဖြစ်သည်။ စောရ ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ တိမ်ထုများကြား၌ မှုန်ရီဝိုးတဝါး အလင်းတန်းအချို့ကို မြင်ရသည်။ အရုဏ်တက်တော့မည်မှာ သေချာနေချေပြီ။ တချို့တချို့သော ကြက်များသည် နိုးစက်မြည်လာသကဲ့သို့ တွန်ကျူးလာကြသည်။ အိပ်တန်းဝင်ငှက်ကလေးများ လှုပ်လှုပ်ရွရွ နိုးထစပြုလျက်။ လမ်းကြိုလမ်းကြားခွေးများကလည်း အရိပ်တွေ့ရာ လိုက်ဟောင်လျက်။ မြို့တော်ကြီး၏ တံခါးအနီးသို့ စောရ ရောက်လာသည်။ စောရသည် မြို့တော်ကြီး၏ တံခါးအနီး၌ တည်ဆောက်ထားသော ဇရပ်တစ်ဆောင်အား မျက်မှောင်ကြုတ်လျက် ကြည့်လိုက်သည်။

'ငါ ဒီအတိုင်း လျှောက်သွားနေလို့ မဖြစ်သေးဘူး။ မကြာခင် အရုဏ်တက်တော့မယ်။ လူတွေ ငါ လျှောက်သွားနေတာကို တွေ့သွားရင် အခက်ဖြစ်နေဦးမယ်။ ငါ့အတွက် ကိုယ်ယောင်ဖျောက်



ဒေါ်သဖြိုင့်

# လမ်းလျှောက်ခြ

ဓမ္မာစရိယ-သန်းထွ

www.burmeseclassic.com

www.burmeseclassic.com

သွားတဲ့အချိန်ရောက်ပြီ။ ဒီဇရပ်ဟာ ဒီနေ့အဖို့ ငါရဲ့ဗိမာန်ပဲ'

ဇရပ်မှာ နံရံအကာ မရှိ။ တက်စရာလှေကား မရှိ။ စောရသည် လမ်းနှင့်နီးသောဘက်ကနေ ဇရပ်ပေါ်သို့ တက်လိုက်သည်။ စောရအတွက် နေရာသန့်ရှင်းစရာမလို။ ကျောချရာကလေးတစ်ခုရလျှင် ညစ်ပတ်နေစေကာမူ အဆင်ပြေသည်။ ဇရပ်ပေါ် ရောက်သည်နှင့် စောရ လှဲချလိုက်သည်။ စောရသည် တစ်ညလုံး အလုပ်လုပ်နေခဲ့ရ၍ အလွန်အမင်း အိပ်ချင်နေပြီဖြစ်သည်။ ရွှံ့အလိမ်းလိမ်းကပ်နေသော ခြေထောက်တို့ကိုတောင် သန့်ရှင်းရေးမလုပ်ဖြစ်တော့။ ဖန်ရည်ရှိသော အဝတ်ကို ခြေထောက်များကိုချန်ကာ ဦးခေါင်းနှင့်တကွ တစ်ကိုယ်လုံးလုံအောင် ခြုံလိုက်သည်။ မျက်လုံးများကိုမှိတ်ကာ အိပ်ပျော်အောင် ကြိုးစားနေလိုက်သည်။ အလွန်အမင်း အိပ်ချင်နေသောစိတ်သည် မျက်လုံးမှိတ်ကာမှ အိပ်မရဖြစ်နေသည်။ စိတ်ထဲသို့ အလုပ်ကိစ္စဝင်လာသည်။ ယနေ့အလုပ်ကိစ္စသည် လုံးလုံးအဆင်မပြေ။ အဆင်မပြေ၍ စိတ်မကောင်းဖြစ်ရသည်။ ကုန်ဆုံးသွားသောညကို မကျေနပ်သောစိတ်က အိပ်ချင်စိတ်ကို ဖျက်ဆီးပစ်သလို။

'ဒီလူ့ခြေထောက်တွေမှာ ရွှံ့ညွန်အလိမ်းလိမ်းကပ်နေတယ်။ ဒီလူဟာ ညဥ့်မှာ သွားလာနေတာဖြစ်မယ်။ ဒါကြောင့် ဒီမှာ အိပ်နေတာထင်တယ်'

စောရသည် အိပ်တစ်ချက် မအိပ်တစ်ချက်ဖြင့် အိပ်ပျော်ခါနီးအချိန်တွင် စကားတစ်ခွန်းကို ဝိုးတဝါးကြားလိုက်သည်။ ကြားရသောစကားသည် စောရ၏ စိတ်နှလုံးကို ရွှင်ပျစေ။ အိပ်ချင်မှု၊ မကျေနပ်မှုတို့ မင်းမူထားသော စောရ၏ စိတ်နှလုံးကို နှောက်ကျူစေသည်။ စောရသည် ကြားရသောစကားကြောင့် ဒေါသထွက်သွားသည်။ ထိုဒေါသသည် အိပ်ပျော်ခါနီးစိတ်ကို ဖျက်ဆီးပစ်သည်။ စောရ ခြုံထားသောအဝတ်ကို ခေါင်းက ချွတ်လိုက်သည်။ မျက်လုံးကို မဖွင့်ချင်ဖွင့်ချင် ဖွင့်လိုက်သည်။ စကားလာရာဘက်သို့ကြည့်သည်။ ပြောဆိုသွားသော စကားပိုင်ရှင်ကို စောရမြင်သည်။ စကားပိုင်ရှင်ကို စောရ ကောင်းကောင်းသိသည်။ စကားပိုင်ရှင်၏အမည်မှာ သုမင်္ဂလဖြစ်သည်။

## အခန်း(၂)

သုမင်္ဂလသည် မြို့တော်ကြီး၌ သူဌေးတစ်ယောက်ဖြစ်သည်။ သူဌေးဆိုသည်မှာ စားနိုင်သောက်နိုင်၊ ဖြုန်းနိုင်လောက်အောင် ချမ်းသာသော သာမန်သူဌေးတစ်ယောက်မဟုတ်။ စား၍မကုန် သောက်၍မကုန် ဖြုန်း၍မကုန်နိုင်သော ပစ္စည်းဥစ္စာများကို ပိုင်ဆိုင်ထားသည့် ဘုန်းရှင်ကံရှင် သူဌေးတစ်ယောက်ဖြစ်သည်။ သုမင်္ဂလသူဌေးသည် ဗုဒ္ဓဘာသာဝင်တစ်ယောက်ဖြစ်သည်။ သာသနာတော်အား အလွန်တရာ ကြည်ညိုလှသည်။ မကြာသေးခင်က သုမင်္ဂလသူဌေးသည် ကဿပမြတ်စွာဘုရား သီတင်းသုံးနေထိုင်ရန်အတွက် ကျောင်းဆောင်ကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျောင်း၏ အကျယ်အဝန်းသည် ဥသဘနှစ်ဆယ် အတိုင်းအရှည်ရှိသည်။ အုံသြစရာကောင်းသည်မှာ ကျောင်းဆောက်ရာတွင် ရွှေအုတ်တို့ကို အသုံးပြု၍ ဆောက်လုပ်ခြင်းပင်။ ကျောင်းဆောင်အား ရေစက်ချရာ၌လည်း ပစ္စည်းဥစ္စာများ မြောက်မြားစွာ အကုန်အကျခံကာ ပူဇော်သက္ကာရပြုသည်။

သုမင်္ဂလသူဌေးအား မြို့သူမြို့သားများ မသိသူ ခပ်ရှားရှား။ ကျောင်းဆောင်လှူဒါန်းခြင်းက သုမင်္ဂလသူဌေးအား လူများစွာသိစေခဲ့သည်။ သုမင်္ဂလသူဌေးသည် စိတ်နှလုံးကောင်းသည်။ သဒ္ဓါတရားရှိသည်။ ပေးကမ်းစွန့်ကြဲမှုကို အခါအားလျော်စွာ ပြုလုပ်လေ့ရှိသည်။ ပုထုဇဉ်တစ်ယောက် စောင့်သုံးအပ်သော သီလနှင့်လည်း ပြည့်စုံသည်။ သုမင်္ဂလသူဌေးသည် ကျောင်းတစ်ခါမဟုတ် ကျောင်းဒကာဖြစ်သည်။ ကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းပြီးကတည်းက ကျောင်းဆောင်နှင့်ပတ်သက်၍ မေ့လျော့မှုမရှိခဲ့။ ကျောင်းဆောင်နှင့်ပတ်သက်သော ဝေယျာဝစ္စ မှန်သမျှကို မလစ်ဟင်းရအောင် ပြုလုပ်သည်။ အရဏ်တက်တိုင်း ကဿပမြတ်စွာဘုရားဆီသို့ ချဉ်းကပ်လေ့ရှိသည်။ နံနက်စောစော မြို့တံခါးက ပထမဦးဆုံး ထွက်သူမှာ သုမင်္ဂလသူဌေးဆိုလျှင် မှားလိမ့်အံ့မထင်။ သုမင်္ဂလသူဌေးသည် ကဿပမြတ်စွာဘုရားကျောင်းတော်သို့ အသွားတွင် စောရအား တွေ့ခြင်းဖြစ်သည်။

'ကျုပ်ဟာကျုပ်သွားတာ သူဌေးနဲ့ ဘာဆိုင်လဲ။ သူဌေးအပူပါလို့လား။ သူဌေးဟာ ကျုပ်ကို အပြစ်ဆိုတာပဲ။ နေပါစေဦး။ ကျုပ်ကို အပြစ်ဆိုတဲ့သူဌေး ကျုပ်အကြောင်းကို ကောင်းကောင်းသိစေရမယ်'

စောရသည် ဤစကားတို့အား သုမင်္ဂလသူဌေးကြားအောင် ပြောဆိုလိုက်ခြင်းမဟုတ်၊ ရင်ထဲကနေ ပြောဆိုလိုက်ခြင်းဖြစ်သည်။ ရင်ထဲက ပြောလိုက်သော စကားကို ဦးနှောက်ထဲမှာ သွင်းမှတ်ထားလိုက်သည်။ တကယ်ဆိုလျှင် စောရသည် ရင်ထဲက ဒေါသကို ထိုနေရာမှာပင် ဖောက်ခွဲ



www.burmeseclassic.com

www.burmeseclassic.com

ပစ်ချင်သည်။ ဒေါသသည် ပြင်းထန်လွန်းသည်။ ဖောက်ခွဲလိုက်ပါက သုမင်္ဂလသူဌေးအား အသေသတ်မည်ဖြစ်သည်။ အသေသတ်လိုက်လျှင် အမှုသည် မည်သို့မှ အစမပျောက်နိုင်။ လူထက်က လူတစ်ယောက်၊ လူပေါ်လူကျော်တစ်ယောက်ဖြစ်၍ အမှုကို သဲကြီးမဲကြီး လိုက်ကြမည်သာ။ စောရ ဘယ်လောက်ထိ ရှောင်ပုန်းနိုင်မှာလဲ။ အမှုပေါ်သွားလျှင် စောရ အသက်အာမခံချက် ရှိတော့မည်မဟုတ်။ မရဏာပါမစ်ကျပြီးသား ဖြစ်သွားမည်ဖြစ်သည်။ ဤအတွေးဝင်၍ စောရသည် ဒေါသကို အံကြိတ်မျိုသိပ်လိုက်ခြင်းဖြစ်သည်။

## အခန်း(၃)

'မီးလောင်နေတယ်ဟေ့..မီး..မီး'

စူးနစ်သောအော်သံကြောင့် အလုပ်သမားများ အပြေးအလွှား ရောက်လာကြသည်။

'ဘယ်မှာလဲမီး။ ဘယ်မှာ လောင်တာလဲ'

'ဟိုမှာ သူဌေးလယ်ကွင်းမှာ လောင်နေတာ'

သုမင်္ဂလသူဌေးလယ်ကွင်းမှာ မီးလောင်နေခြင်းဖြစ်သည်။ လယ်ကွင်း၌ ရိတ်သိမ်းပြီးစ ကောက်လှိုင်းတို့ စီရရီတန်းထား၊ ပုံထားသည့် ကောက်လှိုင်းတန်း၊ ကောက်လှိုင်းပုံများရှိသည်။ ပြင်းလွန်းသော မီးရှိန်သည် ကောက်လှိုင်းများအား ဝါးမျိုနေလေသည်။ ဟိန်းဟိန်းတောက်လောင်နေသော မီးတောက်၊ မီးညွန့်များ၊ တဖောင်းဖောင်းကွဲနေသော စပါးသံများဖြင့် ဝန်းကျင်သည် ထိတ်လန့်စရာဖြစ်နေသည်။ လယ်ကွင်းထဲ စပါးလာစားကြသော ငှက်များသည် အသက်လုကာ သဲကြီးမဲကြီး ထွက်ပြေးနေကြသည်။ အလုပ်သမားတို့သည် မည်သူမှ အနီးသို့ မကပ်ရဲကြ။ မှင်တက်စွာ ငေးကြည့်နေကြသည်။

'ငါတို့ ဒီလိုနေလို့ မဖြစ်ဘူး။ မီးတောက်မီးညွန့်က အတော်မြင့်သေးတယ်။ ဒီလောက်နဲ့ မီးငြိမ်းမှာမဟုတ်ဘူး။ လေအောက်မှာရှိတဲ့ လယ်ကွက်တွေဆီ မကူးရအောင် ငါတို့ တားမှဖြစ်မယ်။ လာ..ငါတို့ ရေသွားယူကြရအောင်'

အလုပ်သမားတို့သည် ဤသို့တိုင်ပင်ကြကာ ရေရှိရာသို့ အပြေးအလွှား သွားကြသည်။ ရေများယူကြပြီး လယ်ကွက်ထဲသို့ လောင်းထည့်ကြသည်။ အလုပ်သမားတို့သည် ပြေးလိုက်လွှားလိုက် အလုပ်များနေကြရသည်။

'ဟား..ဟား..ဟား..သူဌေးကြီး၊ အခုတော့ ဘာတတ်နိုင်သေးလဲ။ ဒါ သူဌေးကြီးစကားအတွက် ကျုပ်ပေးတဲ့လျော်ကြေးပဲ။ ဆုံးရှုံးမှုတွေများလို့ ဒေါသပုန်ထ သောကရောက်နေတဲ့ သူဌေးကြီးမျက်နှာကို မြင်ချင်လိုက်တာဗျာ။ ဟား..ဟား..ဟား'

စောရသည် ဒေါသဖြင့် ခြေလှမ်းစတင်လိုက်ခြင်းဖြစ်သည်။ သူသည် ကြွက်မနိုင်၍ ကျီကိုမီးရှို့ခြင်း နည်းလမ်းကို အသုံးပြုလိုက်ခြင်းဖြစ်သည်။ လယ်ကွင်းအား သူမီးရှို့သည်ကို ဘယ်သူမှ မမြင်လိုက်ပေ။ သူသည် မီးရှို့ပြီးသည်နှင့် လူမမြင်နိုင်သော နေရာတစ်ခုကို ရှာခဲ့သည်။ ထိုနေရာ၌ သူ ပုန်းအောင်းလျက် သူ့လုပ်ရပ်၏ အောင်မြင်မှုကို အရသာခံနေခဲ့သည်။ ဟိန်းဟိန်းတောက်နေသော မီးတောက်များကို ကြည့်လျက် ပီတိဖြာခဲ့သည်။ တဖောင်းဖောင်းပေါက်ကွဲနေသော စပါးသံများကို သံစဉ်ကောင်းတစ်ပုဒ်အဖြစ် နားထောင်နေခဲ့သည်။ ပြေးလွှားနေကြသော အလုပ်သမားများကို ကစားသမားအဖြစ် သတ်မှတ်ခဲ့သည်။ ကုန်ဆုံးသွားသော စပါးများ၏တန်ဖိုးကို ခန့်မှန်းလျက် ကျေနပ်ခဲ့သည်။ ဆုံးရှုံးသွားသော စပါး၏တန်ဖိုးသည် မနည်း။ သာမန်သူဌေးများအတွက်ဆို ကြီးကျယ်သောဆုံးရှုံးမှုဖြစ်သည်။ အထက်တန်းစား သူဌေးများအတွက်ဆို ဖြေသိမ့်မရလောက်အောင် သောကရောက်နိုင်သည့် ဆုံးရှုံးမှုဖြစ်သည်။

သုမင်္ဂလသူဌေးကြီး ဧကန် သောကရောက်မည်ဟု စောရ ယုံကြည်သည်။

## အခန်း(၄)

'သူဌေးကြီး..သူဌေးကြီးပိုင်တဲ့ လယ်ကွင်းများစွာကို မီးလောင်သွားပါတယ်။ လယ်ထဲမှာရှိတဲ့ ကောက်လှိုင်းတွေ အားလုံး မီးလောင်သွားပါတယ်။ ဒါ ကျွန်တော်မျိုးတို့အပြစ်ပါ။ ကျွန်တော်မျိုးတို့ စောင့်ရှောက်မှုညံ့ဖျင်းလို့ အခုလိုဖြစ်သွားတာကို ခွင့်လွှတ်တော်မူပါ'

သူဌေးကြီး၏ ကျွန်ဖြစ်သော အလုပ်သမားတို့သည် လယ်မီးလောင်သည့်အကြောင်း ကြားလျှောက်ကြသည်။ သူတို့မျက်နှာ မကောင်းကြ။ အခြေအနေရဆိုလျှင် အပြစ်မကင်းသော ကျွန်တို့သည် သေပွဲဝင်ဖို့သာရှိသည်။ သေမည်ဘေးကို သူတို့အားလုံး ကြောက်လန့်နေကြသည်။

သုမင်္ဂလသူဌေးကြီးထံမှ ထွက်လာမည့် အမိန့်စကားကို သည်းထိတ်ရင်ဖို စောင့်မျှော်နေကြသည်။

'ဘယ်သူရှို့တာလဲ။ သင်တို့ သိကြလား'

'မသိလိုက်မိပါ သူဌေးကြီး'

သုမင်္ဂလ သူဌေး၏ အသံသည် တည်ငြိမ်နေ



www.burmeseclassic.com

www.burmeseclassic.com

ဘက် ကျွန်ဖြစ်သော အလုပ်သမားတို့၏ လျှောက်တင်သောအသံသည် တုန်ယင်လုံးထွေးနေသည်။ သုမင်္ဂလသူဌေးသည် မေးရမည့်ဝတ္တရားရှိသည့်အတိုင်း မေးလိုက်ခြင်းဖြစ်သည်။ မီးရှို့သောသူအား သိလျှင်လည်း မည်သို့သော အပြစ်ကိုမှ ပေးလိမ့်မည်မဟုတ်ပေ။ ဆုံးမဩဝါဒဖြင့် ပြီးဆုံးသွားမှာဖြစ်သည်။ ပစ္စည်းဥစ္စာများ ဆုံးရှုံးသွား၍လည်း သုမင်္ဂလသူဌေး၏စိတ် မည်သို့မှဖြစ်မသွား။ စိတ်ထိခိုက်မှု တစ်စုံတစ်ရာသည် မရှိ။ ပကတိကြည်လင်သောစိတ်သည် ကြည်လင်လျက်ဖြစ်သည်။ သုမင်္ဂလသူဌေးသည် ပုထုဇဉ်တစ်ယောက်ဖြစ်သော်လည်း တခြားပုထုဇဉ်ပုဂ္ဂိုလ်များနှင့်မတူ။ တခြားပုဂ္ဂိုလ်ပုထုဇဉ်များထက် မြင့်မြတ်သောစိတ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ လောကသည် အာဝရတည်ရှိခြင်းသဘော မရှိ။ ဖြစ်ပြီးလျက် ပျက်သွားကြသည်ချည်းဖြစ်သည်။ မမြဲသော သင်္ခါရလောက၌ ဘယ်အရာတစ်ခုသည် ထာဝရတည်ရှိပါသနည်း။

အသက်၊ ခန္ဓာကိုယ်၊ ပစ္စည်းဥစ္စာ ဘယ်အရာမှ ထာဝရ မတည်နိုင်။ ရပ်ခြင်းသဘောမရှိ အမြဲတမ်း ရွေ့လျားခြင်းသဘောရှိသော ကာလတစ်ခုအဆုံးတွင် ပျက်သွားကြသည်ချည်းမဟုတ်လား။ ဤသဘောကို သုမင်္ဂလသူဌေး နားလည်သားထဲ၌ စွဲထားသည်။ ဤအသိတရားကို ဦးနှောက်ထဲ၌ အမြဲတမ်းတေးမှတ်ထား၍ ပစ္စည်းဥစ္စာ၌ တပ်မက်မှု သံယောဇဉ်မရှိ။ တပ်မက်မှုနည်းပါး၍ စိတ်ထိခိုက်မှုမရှိခြင်းဖြစ်သည်။ ပစ္စည်းဥစ္စာဆုံးရှုံးမှု၌ သောကရောက် ဒေါသဖြစ်ခြင်းသည် ပစ္စည်းဥစ္စာအပေါ်ထားသော တပ်မက်မှု၊ အနည်းအများနှင့် ဆိုင်သည်။ သုမင်္ဂလသူဌေးသည် မည်သူ့ကိုမှ အပြစ်မဆို။ အားလုံးကို နေမြဲတိုင်း နေခိုင်းလိုက်သည်။

'တောက်‥သူဌေးကြီး၊ ခင်ဗျား တော်တော်ချမ်းသာနေတယ်ပေါ့။ အဲဒီလောက်ဆုံးရှုံးသွားတာတောင် သောကရောက်ဘူး။ သူဌေးကြီးကပဲ တင်းခံနိုင်မှာလား၊ ကျုပ်ကပဲ ချက်ဆီးနိုင်မှာလား ကြည့်ကြသေးတာပေါ့'

သူဌေး၏အကြောင်းကို နားစွင့်နေသော စောရသည် သုမင်္ဂလသူဌေး စိတ်မထိခိုက်သည်ကို ကြားရသည့်အခါ ဒေါသဖြင့် လျှောက်သောလမ်းကို မရပ်ဘဲ ဆက်တိုးဖို့ ဆုံးဖြတ်လေသည်။

## အခန်း(၅)

တိတ်ဆိတ်ငြိမ်သက်နေသော မြို့တော်ကြီး၏ နံနက်ခင်းကို ခွေးဟောင်သံများဖြင့် စတင်လှုပ်နှိုးလိုက်သည်။

'ဝေါင်း‥ဝေါင်း‥ဝေါင်း'

သုမင်္ဂလသူဌေး၏ အလုပ်သမားတစ်ယောက် ခွေးဟောင်သံကြောင့် နိုးသွားသည်။ နံနက်ခင်းဆိုသော်လည်း နေရောင်သည် ကမ္ဘာမြေထဲသို့ မသက်ရောက်သေး။ အရုဏ်တက် အလင်းရောင်မှုန်ဝါးဝါးသာ ရှိသေးသည်။ ဝန်းကျင်တစ်ခုလုံး နှင်းများ ပိတ်ဖုံးလျက်။ မည်သည့်အရာကိုမှ သဲသဲကွဲကွဲမမြင်ရ။ ခွေးဟောင်သံများက အဆက်မပြတ်။ အလုပ်သမား လှဲနေရာမှ ကုန်းထလိုက်သည်။ သတိကြီးစွာဖြင့် ခွေးဟောင်သည့်ဘက်သို့ ချဉ်းကပ်သွားသည်။ ခွေးဟောင်သံသည် နွားခြံဘက်ကဖြစ်သည်။ အလုပ်သမားသည် စိုးရိမ်ကြီးစွာဖြင့် နွားခြံထဲသို့ ပြေးဝင်လေသည်။

'တောက်‥လုပ်လိုက်ပြန်ပြီကွာ။ ဒီကောင် တော်တော်ဒုက္ခပေးတဲ့ကောင်ပဲ။ တွေ့လို့ကတော့ ပွဲချင်းပြီး သတ်ပစ်မှာ'

နွားခြံထဲတွင် သွေးရည်များဖြင့် ကြည့်မကောင်းသည့်မြင်ကွင်း။ နွားများ၏ အသံများသည် ခြံတစ်ခုလုံး ကျယ်လောင်လျက်။ နွားတို့၏ မျက်နှာတို့သည် သနားစရာဖြစ်သည်။ နွားအများစုတွင် ခြေထောက်များ မရှိကြတော့ပေ။ ဤသို့ နွားများ ခြေထောက်အဖြတ်ခံရခြင်းသည် တစ်ကြိမ်မဟုတ်၊ ခုနစ်ကြိမ်ရှိနေပြီ။ ဘာမှမကယ်ဆယ်နိုင်လိုက်သော အလုပ်သမားသည် နွားများ ခြေထောက်ဖြတ်ခံရသည့် အကြောင်းကိုသာ သုမင်္ဂလသူဌေးဆီ လျှောက်တင်ရတော့သည်။ သုမင်္ဂလသူဌေးသည် ဤသို့ပြုလုပ်နေသောသူမှာ တစ်ယောက်တည်းဟု ခန့်မှန်းသည်။ ဤထက်အပို သုမင်္ဂလသူဌေး ဘာမှမလုပ်။

စောရ၏ လုပ်ရပ်သည် တရားလွန်လွန်းနေပြီဖြစ်သည်။ သုမင်္ဂလသူဌေး၏ လယ်ကွင်းအား ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ခဲ့သည်။ သုမင်္ဂလသူဌေး သောကမရောက်။ ဒေါသမဖြစ်သည့်အခါ တစ်ဖက်လှည့်ပြီး နွားများ၏ ခြေထောက်တို့ကို ဖြတ်ခြင်းဖြစ်သည်။ နွားခြေထောက်တို့ကို ဝင်ဖြတ်သည်မှာလည်း ခုနစ်ကြိမ်ရှိချေပြီ။ သုမင်္ဂလသူဌေး စိတ် ဘာမှမဖြစ်၊ ဘာမှမခံစားရ။ ဤအကြောင်းကို ကြားရတိုင်း ဒေါသဖြစ်ရသည်။ ဒေါသဖြစ်တိုင်း သုမင်္ဂလသူဌေး၏ စီးပွားရေးပျက်စီးရာပျက်စီးကြောင်းကို ကြံလာသည်။

စောရသည် နောက်ထပ်ခြေလှမ်းသစ်အဖြစ် သုမင်္ဂလသူဌေးနေသောအိမ်ကို ခုနစ်ကြိမ်မီးရှို့သေးသည်။ သုမင်္ဂလသူဌေးသည် မည်သို့မှတုံ့ပြန်မှုမရှိ။ စောရသည် သုမင်္ဂလသူဌေး တန်ဖိုးအထားဆုံးသောအရာကို သိချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးတန်ဖိုးထားသော အရာကို ဖျက်ဆီးလိုက်လျှင် သုမင်္ဂလသူဌေး ဇောက်စိတ်ထိခိုက်နိုင်သည်ဟု စောရ ယုံကြည်သည်။ စောရသည် သုမင်္ဂလသူဌေးအိမ်က အလုပ်သမားတစ်ယောက်နှင့် ရင်းနှီးအောင် မိတ်ဖွဲ့သည်။

ရင်းနှီးသောအခါ 'သင့်သူဌေးကြီး ဘာကိုမြတ်နိုးတန်ဖိုးထားလဲ' ဟု မေးလေသည်။

အလုပ်သမားကလည်း ဤသို့ဖြေကြားလေသည်။

'သူဌေးကြီးဟာ ဂန္ဓကုဋီကျောင်းကို မြတ်နိုးတန်ဖိုးထားတယ်'

အခန်း(၆)

နံနက်စောစောကပင် စောရသည် ကဿပမြတ်စွာဘုရားသီတင်းသုံးရာ ဂန္ဓကုဋီကျောင်းအနီးသို့ ရောက်နှင့်နေသည်။ ဂန္ဓကုဋီကျောင်းအခြေအနေကို စောင့်ကြည့်နေသည်။ ဂန္ဓကုဋီကျောင်းသည် သုမင်္ဂလသူဌေး မြတ်နိုးတန်ဖိုးထားသောအရာဖြစ်သည်။ သုမင်္ဂလသူဌေး တန်ဖိုးထားသောအရာဖြစ်၍ ဂန္ဓကုဋီကျောင်းအား မီးရှို့ရန်အတွက် စောရ စောင့်ကြည့်နေခြင်းဖြစ်သည်။ ဂန္ဓကုဋီကျောင်း၌ မြတ်စွာဘုရားနှင့်တကွ ရဟန်းများရှိနေ၍ စောရ ရုတ်တရက် မီးဝင်မရှို့ရဲ၊ မီးဝင်ရှို့၍ ထွက်ပြေးသွားလျှင် လွတ်သည်။ သို့သော် ဂန္ဓကုဋီကျောင်းသည် မီးလောင်လိမ့်မည်မဟုတ်။ ရဟန်းများ မီးငြိမ်းကြမည်ဖြစ်သည်။

စောရ စောင့်မျှော်နေသောအချိန် ရောက်လာသည်။ ဆွမ်းခံဝင်ချိန်သို့ ရောက်သောအခါ၌ ကဿပမြတ်စွာဘုရားနှင့်တကွ ရဟန်းတော်များ မြို့တော်ကြီးထဲသို့ ဆွမ်းခံကြွသွားကြလေသည်။ ကျောင်းထဲ၌ မည်သူမှမရှိတော့။ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ စောရ ကျောင်းခြံထဲသို့ ဝင်သွားသည်။ ရဟန်းများ သောက်ရေ၊ သုံးဆောင်ရေအတွက် တည်ထားသော ရေအိုးများကို ရိုက်ခွဲသည်။ ဂန္ဓကုဋီကျောင်းကို မီးတိုက်သည်။

ဂန္ဓကုဋီကျောင်းကို မြို့တော်ကြီးနှင့် မနီးမဝေးတွင် တည်ထားခြင်းဖြစ်သည်။ သစ်ပင်၊ ပန်းပင်များဖြင့် ကာရံထား၍ ကျောင်းမီးလောင်နေသည်ကို လူများ မတွေ့ကြ။ မီးတောက်မီးညွန့်များ သစ်ပင်များထက် ကျော်တက်လာသည့်အခါမှ လူများ ကျောင်းမီးလောင်နေသည်ကို တွေ့ကြသည်။ လူတချို့တစ်ဝက် မီးငြိမ်းကြပြီး လူတချို့က ကျောင်းမီးလောင်နေသည့်အကြောင်းကို သုမင်္ဂလသူဌေးအား သွားပြောကြသည်။ သုမင်္ဂလသူဌေး ရောက်လာသည့်အချိန်တွင် ကျောင်းသည် မီးလောင်ကျွမ်းနေလေပြီဖြစ်သည်။ ကျောင်းမီးလောင်ကျွမ်းနေသည်ကို ကြည့်လျက် သုမင်္ဂလသူဌေးသည် လက်ခမောင်းခတ်လေသည်။

သုမင်္ဂလသူဌေး၏ အပြုအမူသည် ထူးဆန်းနေပါသည်။ သုမင်္ဂလသူဌေးသည် ဤကဲ့သို့ တစ်ခါမှမပြုလုပ်ခဲ့။ ဖြစ်နေသောအခြေအနေနှင့် စပ်ဟပ်ကြည့်က သုမင်္ဂလသူဌေးသည် စိတ်ဖောက်ပြန်သွားသကဲ့သို့ ဖြစ်နေသည်။ ဂန္ဓကုဋီကျောင်းသည် သုမင်္ဂလသူဌေး မြတ်နိုး တန်ဖိုးအထားဆုံးသောအရာ ဖြစ်သည်။ ပတ်ဝန်းကျင်မှ ရောက်ရှိလာကြသော လူတို့သည် သုမင်္ဂလသူဌေးအား စူးစူးစိုက်စိုက် ကြည့်နေကြသည်။ သုမင်္ဂလသူဌေးအား ရူးသွားပြီလားဟု အတွေးများဖြင့်ဖြစ်သည်။

'အရှင်သူဌေးမင်း..မြောက်မြားစွာသော ပစ္စည်းဥစ္စာတွေကို စွန့်လွှတ်ဆောက်လုပ်ထားတဲ့ ကျောင်းမီးလောင်တဲ့အခါ ဘာကြောင့် လက်ခမောင်းခတ်ရပါသလဲ'

'အမောင်တို့..ငါဟာ ဒီလောက်ရှိတဲ့ ကောင်းမှုကံကို ပြုပြီး မီးစတာတွေနဲ့ မဆက်ဆံတဲ့ ဘုရားရှင်ရဲ့ သာသနာမှာ ဥစ္စာကို မြှုပ်နှံသိုမှီး သိမ်းဆည်းရပြီ။ နောက်ထပ်တစ်ဖန် ဒီလောက်ရှိတဲ့ဥစ္စာကိုစွန့်ပြီး မြတ်စွာဘုရားအတွက် ဂန္ဓကုဋီကို ဆောက်လုပ်ခွင့်ရတော့မယ်လို့ နှစ်သက်ဝမ်းမြောက်စိတ်ရှိသောကြောင့် လက်ခမောင်းခတ်တာဖြစ်တယ်'

သုမင်္ဂလသူဌေးသည် ဤသို့ဖြေဆိုသည်ဖြစ်၍ လူများစွာတို့ သံသယကင်းသွားကြသည်။

အခန်း(၇)

သုမင်္ဂလသူဌေးသည် ဂန္ဓကုဋီကျောင်း မီးလောင်ပြီးသည့်နောက်ပိုင်းတွင် ကျောင်းဆောင်အသစ်ပြုလုပ်ဖို့ ပြင်ဆင်တော့သည်။ မီးလောင်ထားသည်တို့ကို ရှင်းလင်းသည်။ ပထမကျောင်းဆောင် တည်ဆောက်စဉ်ကကဲ့သို့ ဥသဘနှစ်ဆယ်အတိုင်းအရှည်ရှိသော မြေအရပ်ကို ရွှေအုတ်တို့ဖြင့် ခင်းသည်။ ကျောင်းဆောင်သစ်ကို တည်ဆောက်သည်။

သုမင်္ဂလသူဌေး ကျောင်းဆောင်သစ်ကို ပြုလုပ်နေသော ကာလတစ်လျှောက်လုံး စောရသည် သုမင်္ဂလသူဌေးအား သတ်ရန် ကြံစည်နေခဲ့သည်။ ဓားမြှောင်ကို ခါးမှာထိုးပြီး လူအလစ်ကို စောင့်မျှော်ခဲ့သည်။ ဤတစ်ကြိမ်၌ စောရအတွက် အခွင့်ရေးမသာခဲ့ပေ။ ကျောင်းဆောင်ဆောက်လုပ်ပြီး၍ ရေစက်ချပွဲသို့ ရောက်လာသည်။ ရေစက်ချပွဲ၌ သုမင်္ဂလသူဌေးသည် မြတ်စွာဘုရားနှင့်တကွ ရဟန်းသံ



www.burmeseclassic.com

တ်တို့အား ခုနစ်ရက်လုံးလုံး အလှူကြီးပေးလှူလေသည်။ ရသည်လည်း အားမလျော့။ ရေစက်ချသည့်အချိန်ထိ ကြည်လျက် သုမင်္ဂလသူဌေးနောက်သို့ လိုက်လာခဲ့သည်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား..ယောကျ်ား စ်ယောက်ဟာ ခုနစ်ကြိမ်တိုင်တိုင် တပည့်တော် လယ် င်းကို မီးတိုက်ပါတယ်။ ခုနစ်ကြိမ်တိုင်တိုင် နွားခြံက းတွေရဲ့ ခြေထောက်ကို ဖြတ်ပါတယ်။ ခုနစ်ကြိမ်တိုင်တိုင် မ်ကို မီးတိုက်ပါတယ်။ အခု ဂန္ဓကုဋီကျောင်းကို မီးတိုက် မှာ သူသာဖြစ်မယ်ဘုရား။ တပည့်တော်ရဲ့အလှူကို ရှေး ာ ထိုယောကျ်ားအား အမျှပေးဝေပါတယ်ဘုရား'

သုမင်္ဂလသူဌေး အမျှပေးဝေသံကို စောရ ကြားသည်။ ကြားရသောစကားကြောင့် စောရရင်ထဲ၌ ကြာမြင့်စွာလွှမ်း ထားခဲ့သော ဒေါသစိတ်တို့ ပျောက်သွားသည်။ ဒေါသ စိတ်ပျောက်သွားသည်နှင့် အသိတရားတို့ စောရ ဦးနှောက် ထဲသို့ ဝင်ရောက်လာသည်။ စောရ နောင်တ,ရလေပြီ။ ဒေါသကြောင့် သူသည် မိုက်တွင်းနက်အောင် မှားခဲ့သည်။ သူ မှားခဲ့သမျှ သုမင်္ဂလသူဌေးသည် သူ့အား ဒေါသမဖြစ် ခဲ့ မေတ္တာမပျက်ခဲ့။ သုမင်္ဂလသူဌေး၏ ခွင့်လွှတ်တတ်သည် များ မလေးစားဘဲ မနေနိုင်တော့ပေ။ သုမင်္ဂလသူဌေး၏ ခြေရင်းသို့သွား၍ သူ တောင်းပန်လေသည်။ သုမင်္ဂလသူ ဌေးက အကြောင်းစုံကိုမေးပြီး ခွင့်လွှတ်ကြောင်းပြောသည်။

'အရှင်သူဌေးမင်း..ကျွန်တော့်ကို တကယ်ခွင့်လွှတ် တယ်ဆိုရင် သားမယားနဲ့တကွ ကျွန်တော့်ကို အိမ်မှာ ကျွန် ပြုတော်မူပါ'

'အမောင်..ငါ ဘာမဟုတ်တဲ့ စကားကို ပြောတာ တောင် သင် ဒီလိုဖျက်ဆီးခဲ့တယ်။ အိမ်မှာ အတူနေရင် စကားတွေ များမယ်။ စကားများရင် သင်သည်းခံနိုင်မှာ မဟုတ်။ သင့်ကို ငါ မလိုအပ်။ သင့်ကို ငါ သည်းခံပါ တယ်။ ခွင့်လွှတ်ပါတယ်။ သွားပါတော့'

လူမိုက်သည် မကောင်းဘက်သို့ကြည့်သည်။ သူတော် ကောင်းသည် အကောင်းဘက်သို့ကြည့်သည်။ စောရသည် သူဌေး ခွင့်လွှတ်၍ အပြစ်မှ လွတ်ခဲ့သည်။ သံသရာတွင် သူပြုလုပ်ခဲ့သော မကောင်းမှုကံသည် သူ့အား ခွင့်လွှတ်ပါ မည်လော။

ဓမ္မာစရိယ-သန်းထွန်း

ကျမ်းကိုး * ဓမ္မပဒအဋ္ဌကထာ ဒုတ္တဝဂ်။


"အသက်ရှည်ရှည် နေလိုလျှင် ဆေးပင်စိုက်ပါ"

ဆေးပင် ► လေငန်းလိမ်းဆေးမှုန့်

တိုင်းဆေးဝါးမှတ်ပုံတင်အမှတ် - 0711 YR 009099

ဖြန့်ချိရေး ။ ။ ဦးမြင့်ဆွေနှင့် သားများဆေးဆိုင်၊ သိမ်ကြီးဈေး (D) ရုံ

ဖုန်း - ၀၁ - ၂၄၀၆၀၀ လိုင်းခွဲ (၄၆၀၂)

www.burmeseclassic.com



# စာဂါနုသသတိ

## ဘက်အရာရှိပေါင်းတစ်ဦး

ဈေးကုသိုလ်က ထောက်မ,သဖြင့် ရရှိ၍လာသော ယခုဘ၀ နေဥစ္စာကလေးတွင် စားသုံး၍ ပစ်လိုက်ရသမျှ မစင်ကျင်ကြီးဖြစ်၍သွားရတော့သည်။ သိမ်းဆည်းစုဆောင်း၍ ထားသမျှသည်လည်း ခေတ္တကလေးသာ အသုံးကျသည်။ လှူဒါန်းသမျှကလေးသည်သာလျှင် အပင်စိုက်၍ ထားသလို မပျောက်မပျက် ရှိတော့သည်။

လှူဒါန်းခြင်းသည် ကိုယ်ပိုင် ကိုယ့်ဥစ္စာ ဖြစ်သည်။ မလှူဒါန်းဘဲ သိမ်းဆည်း၍ထားသမျှဥစ္စာသည် မိမိတစ်ဦးတည်းသာ ဆိုင်သည်မဟုတ်၊ အများဆိုင်သော ဘုံပစ္စည်းဖြစ်သည်။ ထိုက်ရာလူကယူ၍ ထိုက်ရာမှာ နားလိမ့်မည်။

သတ္တ၀ါတို့သည် ခေတ္တနားသည့် ခရီးသွားဧည့်သည်များသာ ဖြစ်ကြသဖြင့် ထ၍သွားသောအခါ ကိုယ်ပိုင်ဥစ္စာသာလျှင် ကိုယ့်နောက်သို့ ပါလိမ့်မည်။

အရာရာမှာ တွယ်တာခင်မင်သော သံယောဇဉ်အမျှင်ကိုလည်း ကြိုးစား၍ ဖြတ်ကြရမည်။ ထိုအမျှင်ကို ဉာဏ်အမြင်သန်မှ ဖြတ်နိုင်မည်။ ဉာဏ်မျက်စိက အလွဲလွဲအချော်ချော် ထင်များကုန်လိမ့်မည်ဟု ဒီပဲယင်းဆရာတော်ဘုရားက ဩ၀ါဒပေးခဲ့ပါသည်။

အလောင်းတော်မြတ်များသည် အလှူခံပုဂ္ဂိုလ်ကို မရ အရှာပြီး လှူကြပါသည်။

သာ၀တ္ထိမှာ မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်များကို ၀ိသာခါကျောင်းအမကြီးက ဆွမ်းဆက်ကပ်လှူဒါန်းပြီးနောက် ဘုရားရှင်ထံမှာ ဆု(၈)မျိုးတောင်းခဲ့ပါသည်။

* သံဃာတော်များအား ရေလဲသင်္ကန်း၊ ၀ါဆိုသင်္ကန်း၊ မိုးရေခံသင်္ကန်းကို ရာသက်ပန် လှူခွင့်ပေးပါရန်။

* ဧည့်သည်သံဃာတော်များကို ရာသက်ပန် ဆွမ်းကပ်ပါရစေ။

* ခရီးသွားသံဃာတော်များကို ရာသက်ပန် ဆွမ်းကပ်ပါရစေ။

* နေမကောင်းဖြစ်နေသော ဂိလာနကိုယ်တော်များကို ရာသက်ပန် ဆွမ်းကပ်ပါရစေ။

* သူနာပြုရဟန်းများကိုလည်း ရာသက်ပန် ဆွမ်းကပ်ပါရစေ၊

* သံဃာတော်များကို ရာသက်ပန် ဆေးအလှူပြုပါရစေ။

* ဘိက္ခုနီ ရဟန်းမများကို ရေသနုပ်၊ ရေလဲသင်္ကန်း အလှူပြုပါရစေ။

* သံဃာတော်များကို ယာဂုဆွမ်း ရာသက်ပန် လှူပါရစေဟု ဤတောင်းဆိုမှု(၈)ခုကို တောင်းခဲ့ပါသည်။

ဘုရားရှင်က ၀ိသာခါအား 'အဘယ်သို့သော ရည်ရွယ်ချက်နှင့် တောင်းဆိုပါသနည်း' ဟု မေးပါသည်။

၀ိသာခါက 'တပည့်တော်မသည် စာဂါနုသသတိကို ပွားလိုသောကြောင့် တောင်းဆိုပါသည်' ဟု ဖြေဆိုပါသည်။

၀ိသာခါက သံဃာတော်များကိုတွေ့လျှင် 'အရှင်ဘုရား သာ၀တ္ထိကို ရောက်ဖူးပါသလား' ဟု မေးလျှောက်သည်။

သံဃာတော်က ရောက်ဖူးပါသည်ဖြေလျှင် ၀ိသာခါ ကပ်သော ဆွမ်း၊ ယာဂုကို ဘုဉ်းပေးပြီးသူဟုသိပြီး ပီတိတဖွားဖွားဖြစ်ကာ စာဂါနုသသတိကို ပွားနိုင်ပါမည်။

ထိုမှ ၀ိပဿနာဉာဏ်များကို ပို၍တိုးစေပါမည်။ မြဲမြဲ ပင်ပန်းခံ၍ ပင်ပန်းခံနိုင်ပါပြီ။

အရိယာတို့၏ အလှူ,လှူသောအခါမှာ-

* ရိုရိုသေသေ ပေးလှူလေ့ရှိပါသည်။

* အချင်းချင်း ကျွေးမွေးသောအခါ လေးလေးစားစား ပေးလှူလေ့ရှိပါသည်။

* ငြိုကပ်သောစိတ် မရှိဘဲ လှူပါသည်။

* သူတစ်ပါးကို ရှုတ်ချသောစိတ်နှင့် မလှူပါ။

* ကံ,ကံတရားကို ယုံကြည်ပြီး ပေးလှူလေ့ရှိပါသည်။

ဒါနပြုသောအခါ ဒါနနှင့်တူအောင် ပြုတတ်ရန် လိုပါသည်။

မိမိအိမ်ရှေ့မှာ သီလရှင်ဆရာလေးများ အလှူခံလာသောအခါ အလှူခံကလည်း မိုးမလင်းသေးဘူး၊ ဝေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဒေါသစိတ်နှင့် ပွစိ,ပွစိပြောပြီး နှစ်ဆယ်တန်တစ်ရွက် ပေးလိုက်လျှင် ဒါနပြုပုံနည်းမကျ အကျိုးပေးမှု ထိထိ ရောက်ရှိမှာ မဟုတ်ပါ။

ဒါန၏ သဘောကား ကြီးပွားခြင်း၊ တိုးတက်ခြင်း သဘောရှိပါသည်။ လှူလို့ရှိ၊ ရှိလို့လှူပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်မြင့်သွားပါသည်။

တရားဗဟုသုတရှိပြီး နှလုံးသွင်းမှန်ရန် အရေးကြီးပါသည်။

စာဂါနုဿတိ ကမ္မဋ္ဌာန်းကို မည်သူမဆို ပွားနိုင်ပါသည်။

ကိုယ်လုပ်ခဲ့သောအလှူကို ပြန်ပြီး ဆင်ခြင်ခြင်း၊ နေ့စဉ် မိမိအိမ်မှာ ဆွမ်းခံကြွသော ရဟန်းများကို ဆွမ်းလောင်းလှူခြင်း၊ ဆွမ်းကပ်ခြင်း၊ အာရုံဆွမ်းလောင်းလှူခြင်း စသဖြင့် ဒါန်းမှုအစုစုကို အဖန်တလဲလဲ အောက်မေ့ရှုပွားနိုင်ပါသည်။ ထိုသို့ရှုပွားခြင်းသည် စာဂါနုဿတိကမ္မဋ္ဌာန်း စီးနေသည်ဟု ဆိုပါသည်။

စာဂါနုဿတိ ကမ္မဋ္ဌာန်းကို ပွားလိုသောပုဂ္ဂိုလ်သည် သဘောအားဖြင့် စွန့်ကြဲခြင်း၌ ညွတ်သောစိတ် ရှိသည်ဖြစ်၍ အမြဲပင်ပေးလှူခြင်း၊ ဝေဖန်ခွဲခြမ်းခြင်း ရှိရသည်။ ဘာဝနာကို အားထုတ်လိုသူသည် ဤနေ့မှစ၍ ခံလာသူရှိသော် အနည်းဆုံး တစ်လုတ်တစ်ဆုပ်မျှသော်လည်း မလှူဒါန်းဘဲ မစားပါဟု ဆောက်တည်ခြင်း ပြု၍ တတ်အားသမျှ ပေးလှူရမည်။

ပေးလှူခြင်း၊ ဝေဖန်ခွဲခြမ်းခြင်း၌ မွေ့လျော်၍နေကာ သည်စ်အကြေးကင်းသောဂုဏ်၏အစွမ်းဖြင့် မိမိ၏ စွန့်ကြဲခြင်းကို အဖန်တလဲလဲ အောက်မေ့အပ်၏။

အညစ်အကြေးကင်းခြင်း စသောဂုဏ်၏ အစွမ်းဖြင့် ၏ စွန့်ကြဲခြင်းဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သော ဂ္ဂိုလ်အား ထိုအခါကာလ၌ ရာဂ၊ ဒေါသ၊ မောဟတို့ ကြွသောင်းကျန်းသောစိတ်သည် မဖြစ်။ စိတ်သည် ဖြောင့်တ်၏။ နီဝရဏတို့ ကွာကုန်၏။ ဈာန်အင်္ဂါတို့ ဖြစ်ကုန်၏။ စွန့်ကြဲပေးကမ်းခြင်းဂုဏ်ကို အဖန်တလဲလဲ အောက်မေ့သည့် အစွမ်းဖြင့် ဖြစ်သောကြောင့် စာဂါနုဿတိကမ္မဋ္ဌာန်း ဆိုပါသည်။

**ရနိုင်သော အကျိုးတရားများ**

စာဂါနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်သောသူသည်-

- အတိုင်းထက်အလွန် စွန့်ကြဲပေးကမ်းခြင်း၌ စိတ်ညွတ်၏။

* တစ်စုံတစ်ရာသော အာရုံကိုမျှ မတပ်မက်သော အ,လောဘအဇ္ဈာသယ ရှိ၏။

* မေတ္တာဘာဝနာနှင့် လျော်သည်ကို ပြုလေ့ရှိ၏။

* နှစ်သက်ဝမ်းမြောက်ခြင်း များ၏။

* နတ်ရွာသုဂတိသို့ ရောက်၏။

* ဝိပဿနာဉာဏ်ကိုတင်ပြီး ရှုမှတ်လျှင် အထက်မဂ်ဖိုလ်ကိုထွင်း၍ သိမြင်နိုင်သည်။

အ,လောဘဦးဆောင်၍ ပြုရသော ကုသိုလ်သည် ငါခံစားဖို့ဟူသော လောဘဦးဆောင်၍ပြုသည့် ကုသိုလ်ထက် ပိုမိုအစွမ်းထက်မြက်ခြင်းကို လယ်တီဆရာတော်၏ဖြစ်စဉ်၌ တွေ့ရ၏။

တစ်နှစ်တွင် ဟသ်ာတ၌ နောက်မိုးခေါင်ပြီး စပါးတွေ ပျက်မလိုဖြစ်နေ၏။ ထိုအခါ ဘာသာခြားဖြစ်သော အင်္ဂလိပ်ဘုရင်ခံကပင် လယ်တီဆရာတော်ကို ရအောင်ပင့်ပါ။ မိုးရွာလိမ့်မည်ဟု အကြံပေးသဖြင့် သဘော်ဖြင့်ရအောင် ပင့်ကြ


လယ်တီဆရာတော်ဘုရား



www.burmeseclassic.com

www.burmeseclassic.com

၏။ လယ်တီဆရာတော်သည် ဟသ်ာတသို့လာသော ရေလမ်းခရီးတစ်လျှောက်လုံး မိမိနှစ်(၂၀)ကျော်ပြုခဲ့သည့် ရေအလှူဒါနကို အာရုံပြုကာ ငါးရံ့မင်းပရိတ်ကို ရွတ်လျက်ပါလာ၏။ ဆရာတော်ကို ပင့်လာသောသင်္ဘော ဟသ်ာတဆိပ်ကမ်းသို့ကပ်သည်နှင့် မိုးတိမ်များတက်လာကာ ချက်ချင်းမိုးရွာချလေသည်။

ဆရာတော်သည် နှစ်(၂၀)ကျော် ရေလှူဒါန်းခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်းသည် စာဂါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းခြင်းပင် ဖြစ်ပေသည်။

ပညာသင်ကြားပေးခြင်းဖြင့် တပည့်များကို ပညာများတတ်စေချင်၊ တော်စေချင်သောစိတ်သည် ပညာကို ဒါနပြုသော မေတ္တာစိတ်ဖြစ်သည်။ အစားအသောက်လှူကာ စားသုံးသူကို အာဟာရဖြစ်၊ အင်အားဖြစ်စေ လိုသည်။ ဆေးလှူကာ ရောဂါဘယကို ပျောက်စေလိုသည်။ အဝတ်အထည်ပေးလှူကာ အပူအအေး ရာသီဥတုဒဏ်ကို ကာကွယ်စေလိုသည်။ နေရာထိုင်ခင်း၊ အဆောက်အအုံများ ပေးကာ လုံခြုံမှုကို ဖြစ်စေလိုသည်။ စိတ်ချမ်းသာစွာ နေထိုင်စေလိုသည်။ ဤသို့သောဆန္ဒနှင့် ပေးလှူခြင်းသည် အလှူခံပုဂ္ဂိုလ်၏အကျိုးကို လိုလားသောကြောင့်ဖြစ်သည်။ အကျိုးကို လိုလားသောစိတ်သည် မေတ္တာစိတ်ဖြစ်သည်။ စာဂါနုဿတိကမ္မဋ္ဌာန်းကို ကျင့်သူသည် မေတ္တာဘာဝနာနှင့် လျော်သည်ကို ပြုတတ်လေ့ရှိပါသည်။

မိမိ၏လှူမှုအတွက် အောက်မေ့ဆင်ခြင်ပြီး ဝိပဿနာသို့ရောက်အောင် မရှုပွားနိုင်သော်လည်း အထက်မဂ်ဖိုလ်သို့ ထိုးထွင်း၍ မသိနိုင်သော်လည်း သေသည့်နောက် နတ်ရွာသုဂတိသို့ ရောက်ရပေမည်။

လှူဒါန်းမှုအစုစုအတွက် ပီတိများ တဖွားဖွားဖြစ်မည်။ ဝမ်းမြောက်ဝမ်းသာဖြစ်မည်။

ဒါနပြုသောအခါမှာလည်းကောင်း၊ ပြုပြီးပြန်ဆင်ခြင်သောအခါမှာလည်းကောင်း ဝမ်းသာစိတ်ကလေး ဖြစ်တတ်ပါသည်။ ဤဝမ်းသာစိတ်ကို အာရုံပြုပြီး ဝမ်းသာသည်ဟုပြန်ရှုလျှင် ဝိဿနာရှုမှတ်နေခြင်းပါပဲ။ ဝိပဿနာဘက်ကိုကူးသွားရင်း ဉာဏ်များ မြင့်တက်လာပေမည်။

ဒါနကတစ်ဆင့် ဝိပဿနာကိုကူးသွားလျှင် ဘဝသည်တကယ့်ကို အဓိပ္ပာယ်ရှိသွားမှာပါ။

ဘဏ်အရာရှိဟောင်းတစ်ဦး








www.burmeseclassic.com

www.burmeseclassic.com

မောင်ထည်ဝါ (ပျော်ဘွယ်)

## တောင်တန်းသာသနာပြုဆရာတော်ကြီး

# ဦးဥတ္တမသာရ၏

# ဘဝဖြစ်စဉ်နှင့် မေတ္တာအခြေခံသော ဩဝါဒများ

တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရဟုဆိုလျှင် ဗုဒ္ဓဘာသာတိုင်း မကြားဖူးသူ မရှိသလောက်ပင်။ လူကိုယ်တိုင် မတွေ့ဖူးသော်လည်း ဆရာတော်ကြီး၏ တရားတော်များကို နာယူဖူးကြမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာတော်ကြီး၏ မေတ္တာပို့တရားတော်များနှင့် ဂုဏ်တော်ကွန်ချာ တရားတော်များကို မြန်မာ့ရုပ်မြင်သံကြားမှ နံနက်တိုင်းနီးပါး ထုတ်လွှင့်ပေးနေသောကြောင့်ပင်ဖြစ်သည်။

ဆရာတော်ကြီး၏ တောင်တန်းသာသနာပြုလုပ်ငန်းများမှာ ချင်းတောင်တန်းဒေသ၌ အထူးပင် အောင်မြင်လျက်ရှိနေပါသည်။ အပင်ပန်းအဆင်းရဲခံကာ ချင်းမျိုးနွယ်တိုင်းရင်းသားလူထုအတွက် ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးကို စွဲ၊ လုံ့လ ကြီးမားစွာဖြင့် ကြိုးပမ်းထမ်းဆောင်ခဲ့သော မေတ္တာစွမ်းအားကြီးမားသည့် သူတော်စင်ပုဂ္ဂိုလ်မြတ်ကြီးတစ်ပါး ဖြစ်သည်။

ဆရာတော်ကြီး၏ အတ္တုပ္ပတ္တိကိုလည်း စာရှုသူများကြည်ညိုနိုင်ရန် အနည်းငယ်တင်ပြပါမည်။

ဆရာတော်လောင်းလျာကို သက္ကရာဇ်(၁၂၇၂)ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁)ရက် တနင်္ဂနွေနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့၊ ငွေတွင်းကုန်းကျေးရွာ၌ ခမည်းတော် ဦးဘိုးညိုနှင့် မယ်တော် ဒေါ်သေးတာတို့မှ မွေးဖွားခဲ့သည်။

ငယ်စဉ်က ဆရာတော်လောင်းလျာကို ငွေတွင်းကုန်းရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသထံတွင် အပ်နှံ၍ ပညာသင်ကြားစေခဲ့သည်။ (၁၂၈၄)ခုနှစ်တွင် ဘဒ္ဒန္တဝိလာသကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေဘဝသို့ ကူးပြောင်းခဲ့သည်။

ရှင်သာမဏေဘဝတွင် မုံရွာမြို့ ရွှေသိမ်တော်ကျောင်းတိုက်၌ (၃)နှစ်၊ စစ်ကိုင်းတောင်ရိုးရှိ မဟာသမယချောင်၌ (၁၂)နှစ်ခန့် ပရိယတ္တိစာပေများ လေ့လာသင်ယူခဲ့သည်။ (၁၂၉၂)ခုနှစ် အသက်(၁၉)နှစ် (၃)လကျော်တွင် ငွေတွင်းကုန်းကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသကိုပင် ဥပဇ္ဈာယ်ဆရာပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ကူးပြောင်းရောက်ရှိခဲ့သည်။

ရဟန်းဘဝဖြင့် မန္တလေးမြို့အနောက်ပြင် ချမ်းသာကြီးမြောက်တိုက် ရတနာပုံပရိယတ္တိကျောင်း၌ (၄)နှစ်ကျော်မျှ ပိဋကစာပေကျမ်းဂန်များကို လေ့လာသင်ယူကြိုးစားအားထုတ်ခဲ့ပြီး အစိုးရပထမပြန်စာမေးပွဲများကို ဝင်ရောက်ဖြေဆိုခဲ့သည်။ သက္ကရာဇ်(၁၂၉၇)ခုနှစ်တွင် မန္တလေးမြို့မှ တောင်တန်းဒေသများသို့ ခြေကျင်ခရီးဖြင့် သွားရောက်၍ သာသနာပြုလုပ်ငန်းများကို စွမ်းနိုင်သမျှ စတင်ဆောင်ရွက်ခဲ့သည်။ ၎င်းမှ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာဒေသသို့ သွားရောက်၍ ဗုဒ္ဓဝင်ဌာနများကို လှည့်လည်ဖူးမြော်ခဲ့သည်။

သက်တော်(၂၇)နှစ်အရွယ်တွင် ဆရာတော်သည် အိန္ဒိယနိုင်ငံမှ ပြန်ကြွလာပြီးသော် မုံရွာမြို့၊ လယ်တီတိုက်တွင် ခေတ္တနေထိုင်၍ သက္ကတဘာသာကို ဆက်လက်လေ့လာ သင်ယူခဲ့သည်။ ထို့နောက်မှာတော့ ပခုက္ကူမြို့သို့ ကြွရောက်၍ မဟာဝိသုတာရာမတိုက်၌ (၄)နှစ်ခန့်မျှ ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာပါတွဲပြီး သင်ယူဆည်းပူးခဲ့သည်။ စစ်ကြိုခေတ်တွင် ပခုက္ကူမှ အမရပူရသို့ ပြောင်းရွှေ့လာပြီး တူးမောင်းတိုက်၊ မင်္ဂလာတိုက်ဟောင်း ဆရာတော်များထံ၌ ပဋ္ဌာန်း၊ ညဝါကျမ်းစာများ လေ့လာသင်ယူခဲ့သည်။

စစ်ပြီးခေတ်တွင် ဆရာတော်သည် ရန်ကုန်၊ ကမာရွတ် ဥသြခြံ ဝါဆိုကျောင်းနှင့် လှိုင်မြစ်လမ်း၊ အောင်ချမ်းသာကျောင်းတို့၌ စာပေပို့ချခြင်း၊ စာစစ်ခြင်းနှင့် မြို့နယ်ဝိနည်းဓိုရ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ယင်းနောက် ဆရာတော်သည် မြန်မာပြည်အနှံ့ တောင်တန်းဒေသများသို့ တစ်ခါး




www.burmeseclassic.com

www.burmeseclassic.com

တည်းကြွချီ၍ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ အိန္ဒိယနိုင်ငံ၊ အာသံ၊ မဏိပူရ ပြည်နယ်များသို့ သာသနာပြုခရီး ကြွချီတော်မူခဲ့သည်။ ထို့အပြင် မြန်မာပြည် တစ်နံ့တစ်လျားသို့ လှည့်လည်ကြွချီ၍ သာသနာပြုတော်မူခဲ့သည်။

ဆရာတော်သည် အင်္ဂလိပ်စာ၊ ချင်းစာပေနှင့် ချင်းဘာသာစကားတို့ကိုလည်း လေ့လာသင်ယူ၍ တတ်ကျွမ်းခဲ့သူဖြစ်၏။ ဆရာတော်၏ အခြေစိုက်ထားသောကျောင်းမှာ ချင်းပြည်နယ်၊ ဟားခါးမြို့မှ ခန္တီတောကျောင်းဖြစ်သည်။ ထိုကျောင်း၌ သီတင်းသုံးနေစဉ် ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်တို့ကြောင့် တောတောင်စောင့်နတ်များ၊ ဟိမဝန္တာမှ ဝိဇ္ဇာဓိုရ်များနှင့် တွေ့ဆုံစကားပြောခွင့်ရရှိခဲ့သည်။



(၁၉၉၁)ခုနှစ်တွင် ဆရာတော်အား နိုင်ငံတော်မှ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်တော်မူခဲ့သည်။ တစ်ဖက်တစ်လမ်းမှ သာသနာပြုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နေသကဲ့သို့ ဆရာတော်သည် စာပေကျမ်းစာများကိုလည်း ရေးသားပြုစုခဲ့သည်။ ချင်းရာဇဝင်၊ ချင်းဖတ်စာ၊ တောင်တန်းတရားကိုယ်တွေ့မှတ်တမ်း၊ ရဟန်းဘဝချမ်းသာ၊ ချမ်းမြေ့စွာ ဘဝနေနည်း၊ ကိုယ်တွေ့ခရီးသွားမှတ်တမ်း၊ မေတ္တာစွမ်းအား လက်တွေ့အကျိုးများ၊ ရိုးမတောင်ကြီးသာ ဖြိုလိုက်ချင်တော့၊ ဘဝတံခွန် အောင်လမ်းညွှန် စသည့် စာအုပ်စာပေများကို ရေးသားပြုစုခဲ့သည်။

ဆရာတော်ကြီးသည် သတ္တဝါအပေါင်းတို့အပေါ် မေတ္တာစိတ်ကြီးမားစွာထားရှိခြင်း၊ ခက်ခဲကြမ်းတမ်းသော တောတောင်ခရီးကို ပင်ပင်ပန်းပန်း ဖြတ်သန်းသွားလာ၍ သာသနာပြုနိုင်ခြင်း၊ သူတစ်ပါးစိတ်ဝင်စားအောင် တရားဓမ္မဟောကြားပြသနိုင်ခြင်း၊ စိတ်ဝင်စားဖွယ်ကောင်းအောင် စာရေးသားမှုကျွမ်းကျင်ခြင်း၊ ဥပဓိရုပ်ကောင်းမွန်ခြင်း၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ ပြည့်စုံကြီးမြတ်ခြင်း စသည့်အရည်အသွေးတို့ကြောင့် ရဟန်း၊ ရှင်၊ လူ၊ ပြည်သူ အပေါင်းတို့ရဲ့ လေးစားကြည်ညိုခြင်းကို ခံယူရရှိတော်မူခဲ့သည်။

ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဆရာတော်ကြီး၏ ကောင်းသတင်းဂုဏ်ရည်တို့ကား ထုံကြည်မွှေးပျံ့နေဆဲဖြစ်သလို ဆရာတော်ပြုစုရေးသားခဲ့သော ကျမ်းဂန်စာပေတို့ကလည်း ရဟန်း၊ ရှင်၊ လူ၊ ပြည်သူတွေကို ကောင်းကျိုးပြုနေဆဲပင်ဖြစ်သည်။



www.burmeseclassic.com

ရဟန်း၊ ရှင်လူတိုင်း နှလုံးသွင်းမှတ်သားလိုက်နာရသည့် ဆရာတော်ကြီး၏ ဩဝါဒများထဲမှ အချို့ကို ကောက်နုတ်တင်ပြရမည်ဆိုပါလျှင်-

- ကံတရားဆိုတာ မိမိတို့စိတ်ရင်းထဲမှ ဖြစ်ပေါ်လာသည့် စေတနာပင်ဖြစ်၏။
- စေတနာကောင်းရင် ကံကောင်းပါမည်။
- စေတနာဆိုးရင် ကံဆိုးပါမည်။
- စေတနာဖြောင့်ရင် ကံဖြောင့်ပါမည်။
- စေတနာကောက်ရင် ကံကောက်ပါမည်။
- စေတနာဖြူရင် ကံဖြူပါမည်။
- စေတနာမည်းရင် ကံမည်းပါမည်။

**<u>မေတ္တာဆောင်မှ အောင်ပါမည်</u>**

မေတ္တာတရားကို လက်ကိုင်ထားပြီး အထုံရနေသော ပုဂ္ဂိုလ်သည် လောကကြီးတစ်ခုလုံးကို မေတ္တာဖြင့် လွှမ်းမိုးအုပ်စိုးနေနိုင်၏။ မည်သို့ပင်ဖြစ်စေ တွေ့ကြုံလာရတဲ့ လောကဓံမှန်သမျှကို မေတ္တာစွမ်းအားဖြင့် ကျော်လွှားသွားနိုင်ရသည်ဖြစ်၏။ ပြဿနာမှန်သမျှကို မေတ္တာစိတ်ဖြင့် ပြေငြိမ်းသက်သာသွားစေရ၏။ ရန်သူကိုပင် ကြည်လင်အေးမြတဲ့ မေတ္တာစိတ်ဖြင့် မိတ်ဆွေကောင်းအဖြစ်သို့ ရောက်ရှိစေနိုင်ပါသည်။

အကယ်၍ အကြောင်းအမျိုးမျိုးကြောင့် တစ်စုံတစ်ယောက်က ရန်မူလာဖို့ရှိရင် ရန်မူလာသူကို စိတ်အာရုံညွတ်ပြီး 'သူဟာ ငါ့ကို ရန်မူနေတဲ့အတွက် စိတ်နှလုံးပူလောင်နေရှာမှာပဲ' ဟု ကရုဏာစိတ်ကို ဦးစွာဖြစ်စေပါ။ သနားထိုက်သနားစရာကောင်းတဲ့ သတ္တဝါအဖြစ် ကရုဏာစိတ်သက်ဝင်ပြီး တကယ်ချမ်းသာ ကောင်းစားစေလိုတဲ့ စေတနာဖြင့် လှိုက်လှိုက်လှဲလှဲ မေတ္တာပို့လွှတ်ပေးရမည်၊ မေတ္တာပို့နေတဲ့အခိုက်မှာ လှိုက်လှိုက်လှဲလှဲ စေတနာထက်သန်မှုရှိနေရမည်။ ထက်သန်မှုရှိမှလည်း ထိရောက်မှုရှိပြီး တန်ခိုးထက်မြက်မှုရှိသည်။

အထူးသတိပြုရမှာက စိတ်ညွတ်လို့ မေတ္တာပို့နေတဲ့အချိန်တွင် စိတ်ထဲ ဒေါသဝင်မလာစေရန် ထိန်းချုပ်ထားရသည်။ တစ်ဖက်သားကို ပျက်စီးစေလိုခြင်း၊ ဒုက္ခရောက်သွားအောင်လိုခြင်း စတဲ့ ရန်ငြိုးစိတ်၊ နာကြည်းစိတ်ဝင်လာတတ်သည်။ ထိုသို့ဝင်လာလျှင် လက်မခံဘဲ ဖယ်ထုတ်ပစ်ရမည်။ ဒီလို ဒေါသစိတ်ကင်းအောင် ဖယ်ထုတ်ပစ်နိုင်လျှင် ရန်သူအပေါ် မိမိက အောင်နိုင်ပြီဟု မှတ်ယူနိုင်၏။

**<u>ရေမေတ္တာနည်း သုံးကြည့်ပါ</u>**

ဆရာတော်ကြီး၏ ရေမေတ္တာပို့နည်းက စိတ်ဝင်စားဖွယ်ကောင်းပါသည်။ လက်တွေ့စမ်းသပ် သုံးကြည့်စေချင်ပါသည်။ ဖန်ခွက်တစ်ခုကို သန့်စင်အောင် ဆေးကြောပြီး ရေသန့်သန့်ထည့်ထားပါ။ အမှိုက်သရိုက်မကျအောင် အဖုံးဖုံးပြီး ဘုရားဆောင်တွင် တင်ထားပါ။ ရန်သူကိုယ်စားရည်မှတ်ပြီး ကျောက်ခဲလေးဖြစ်စေ၊ တုတ်ချောင်းလေးဖြစ်စေ ဖန်ခွက်ထဲချပြီး စိမ်ထားပါ။ သူ့ကို အေးချမ်းသွားစေရန် မေတ္တာရေ စိမ်ထားလိုက်ပြီဟု စိတ်အာရုံသွင်းပြီး မေတ္တာပို့လွှတ်ပေးနေရမည်။

ရန်သူကို ကြီးပွားချမ်းသာစေလိုတဲ့စိတ်ဖြင့် မေတ္တာစိတ် ပို့လွှတ်နေရင်း ခုနစ်ရက်ခန့်ကြာသောအခါ ရန်သူ၏စိတ် မှုပြောင်းလာလိမ့်မည်။ ထူးခြားတာက သူ့မှာ ဒေါသမရှိရင်၊ ဒေါသနည်းလာရင် ချစ်ခင်ကြင်နာမှုကို ပြသလာလိမ့်မည်။ ကိုယ့်အပေါ် သနားကရုဏာစိတ် ဝင်လာလိမ့်မည်။ သူ ပြောမှားဆိုမှားရှိသမျှ ဝန်ချတောင်းပန်လာလိမ့်မည်။ လူကိုယ်တိုင် လာရောက်မတောင်းပန်သော်လည်း ရန်မူခြင်းမရှိတော့ဘဲ မီးကို ရေနှင့်ငြိမ်းသတ်လိုက်သကဲ့သို့ ငြိမ်းအေးသွားလိမ့်မည်။ သူ့မှာ မကျေနိုင် ၎ အေးနိုင် ဒေါသရှိနေသေးလျှင် အဝေးအရပ်သို့ ရှောင်ခွာသွားလိမ့်မည်ဖြစ်၏။

မည်သည့်ကိစ္စမဆို တွေ့ကြုံရတဲ့ နှောင့်ယှက်မှုကိုဖြစ်စေ၊ နေထိုင်စားဝတ်ရေးမှာ တွေ့ကြုံရတဲ့အခက်အခဲကိုဖြစ်စေ ဖော်ပြပါနည်းအတိုင်း လိုက်နာဆောင်ရွက်ကြည့်ပါ။ မေတ္တာစိတ်ဓာတ်ခိုင်မြဲတဲ့ အဆောင်တန်ခိုးကြောင့် နှလုံးစိတ်ဝမ်း အေးချမ်းကြည်လင်မှုကို ဖြစ်စေပါလိမ့်မည်။ အမှန်ပင် အောင်မြင်မှုကို ရရှိနိုင်မည်ဖြစ်သည်။ အိမ်မှ စိတ်ကောက်ပြီး ထွက်သွားသူကိုလည်း ရေမေတ္တာနည်းဖြင့် လုပ်ဆောင်ကြည့်ပါက အိမ်ပြန်လာသည်ကို တွေ့ရပါလိမ့်မည်။ မေတ္တာစွမ်းအား၏ အကျိုးတရားပင်ဖြစ်၏။

သူတော်ကောင်းဆိုတာ မေတ္တာကို အမြဲလက်ကိုင်ထားသူသည် လောကမှာ မေတ္တာထက်ကောင်းသောအရာ ဘာမှ မရှိပေ။

မေတ္တာရေချမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

မောင်ထည်ဝါ(ပျော်ဘွယ်)

<u>ကျမ်းကိုး</u> ＊ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ဩဝါဒတရားတော်များ (အရှင်ဥက္ကဋ္ဌ)။

www.burmeseclassic.com

(၁)

လူ့လောကကြီးကို ကြည့်မြင်တတ်ပါက လူတိုင်း နေ့စဉ် ကံတရားတွေ ကိုယ်စီဖန်တီးနေကြပုံကို တွေ့မြင်ကြရပေလိမ့်မည်။ အချို့က ကောင်းကျိုးအတွက် ကုသိုလ်ကံတွေ ဖန်တီးနေကြသလို အချို့က မကောင်းကျိုး အတွက် အကုသိုလ်ကံတွေ ဖန်တီးလျက်ရှိနေကြသည်။ အချို့ကျပြန်တော့ ကုသိုလ်၊ အကုသိုလ် နှစ်မျိုးစလုံး ရောထွေးယှက်ကာ ဖန်တီးလျက် ရှိနေကြပြန်သည်။

စိုက်ပျိုးထားသော သစ်ပင်တို့သည် သူ့အချိန်တန်လျှင် သီးပွင့်လာကြသကဲ့သို့ ကံတရားတို့၏ သဘာဝသည်လည်း ထို့အတူပင်ဖြစ်၏။ ထိုကံတရားနှင့် သစ်ပင်တို့၏ သဘာဝသည် အထူးစိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

ဥပမာ-လူတစ်ဦးအဖို့ ပထမအရွယ်က ပြုထားမိသောကံသည် သူ့အား ဒုတိယအရွယ်တွင် အကျိုးပေးလာတတ်ရာ မိုးဦးက

# အရွယ်ပြု အိုနာတို့၏ ကံတရား





www.burmeseclassic.com

www.burmeseclassic.com

စိုက်ပျိုးထားသော သစ်ပင်သည် မိုးလယ်တွင် သီးပွင့်လာသကဲ့သို့ပင်ဖြစ်၏။ အချို့က ဒုတိယအရွယ်၌ အကျိုးမပေးသေးဘဲ တတိယအရွယ် လူ့အိုပိုင်းရောက်လာမှ အကျိုးပေးတတ်သည်ဖြစ်ရာ မိုးဦးက စိုက်ထားသောသစ်ပင်သည် မိုးနှောင်းမှ သီးပွင့်သကဲ့သို့ပင် ဖြစ်ပေ၏။

ကောင်းကံဖြစ်စေ၊ ဆိုးကံဖြစ်စေ ထိုအချက်များကို သတိထားလေ့လာကြည့်တတ်လျှင် များစွာမြင်တတ်လာကြပါလိမ့်မည်။ ဒုတိယအရွယ်၌ ပြုထားသောကံကား ထိုဒုတိယအရွယ်၌လည်းကောင်း၊ တတိယအရွယ်၌လည်းကောင်း အကျိုးပေးတတ်ကြ၏။ ကံကြမ္မာရှင်တို့သည် အများအားဖြင့် ဒုတိယအရွယ် နောက်ပိုင်းမှစ၍ တတိယအရွယ်တွင် ထင်ရှားစွာ အကျိုးပေးလေ့ရှိကြသည်။

အရွယ်မပျိုတော့ဘဲ ယိမ်းယိုင်ကာ ပြိုကျလာသည့် ဓမ္မဘာဝ တတိယအရွယ်ရောက်မှ ကုသိုလ်ကောင်းမှု ပြုသည့်ပါက ချက်ချင်းအကျိုးမပေးသော်လည်း လူကြည်ညိုလေးစားခြင်း၊ ချီးမွမ်းခြင်း ခံရ၏။ စေတနာကြောင့် စိတ်ကြည်လင်ချမ်းမြေ့စွာ နေရ၏။ ထိုကံ၏ အကြောင်းပြုချက်ကြောင့် သေခါနီးကာလ၌ အသန္တကံလည်း ကြည်လင်နေသည်။ စိတ်ကြည်လင်ချမ်းမြေ့စွာ စုတေရလျှင် ကောင်းရာသုဂတိ ဘဝသို့ရောက်ရန် သေချာလှပေသည်။

◆◆◆

အထက်တွင် ရေးသားဖော်ပြခဲ့သော တတိယအရွယ် ကံတရားနှင့်စပ်လျဉ်း၍ ပထမအရွယ်တွင် ပြုမှားခဲ့မိသော အကုသိုလ်ကံက တတိယအရွယ်၌ အကျိုးပေးခြင်း ဒုက္ခအများ ခံစားရသော ဆရာတော်တစ်ပါး၏အကြောင်းကား ထိုက်သင့်ဖွယ်ရာဖြစ်စေကာ သံဝေဂရစရာပင်။ ထိုဆရာတော်၏ ဘွဲ့တော်ကား ဦးတေဇဝန္တ မည်တွင်လေသည်။

တစ်ချိန်က ရွှေဘိုခရိုင်၊ ဒီပဲယင်းတောင်လက်နယ် ရှိ ရွာသစ်အမည်ရှိသော ရွာကြီး၌ ဘုန်းကြီးကျောင်းသုံးကျောင်း တောင်မြောက်စဉ်၍ တည်ထားကိုးကွယ်ကြသည်။ မြောက်ဘက်၌ သိမ်ကျောင်း၊ ရွာအရှေ့ဘက်၌ ဘုရားဦးကျောင်းရွာ အရှေ့တောင်၌ ဦးမေဓာကျောင်း၊ ကျောင်းအလယ်၌ သိမ်ရှိသည်ကို အစွဲပြု၍ မြောက်ဆုံးကျောင်းကို သိမ်ကျောင်းဟု ခေါ်မည်တွင်၏။ ထိုကျောင်း၌ ဆရာတော် ဦးတေဇဝန္တ သီတင်းသုံး ကျောင်းထိုင်သည်။ ရှေးမူစနစ်အတိုင်း ဘုန်းကြီးသုံးပါးသည် ရိုးသား၍ ညီညွတ်အေးချမ်းစွာ ပိုက်တော်မူကြသည်။

◆◆◆

ဆရာတော်ဦးတေဇဝန္တသည် သူ၏ ပထမအရွယ်ပိုင်းဖြစ်သော လူငယ်ဘဝ တစ်လျှောက်လုံးတွင် အလွန်မိုက်မဲပေတေခဲ့သူ ဖြစ်လေသည်။ ထိုစဉ်က ထိုအရပ်ဒေသ တောကျေးလက်အားလုံး ဘုန်းကြီးကျောင်းတစ်မျိုးတည်းသာရှိရာ ဘုန်းကြီးကျောင်း၌ မနေလို၊ မိဘများက လိုက်ပို့လျှင် ခေတ္တသာနေသည်။ ဘုန်းကြီးကျောင်းမှ ထွက်ပြေးကာ တောထဲ၌ တစ်ယောက်တည်း လူသူမမြင်ရာ ပုန်းလျှိုးပြီး ညအိပ်နေရသည်။ မိဘအိမ်မှ ဆန်၊ ဆီ၊ ဆား စသည်တို့ကိုခိုး၍ တောထဲ၌ ချက်စားသည်။ သူတစ်ပါး ထန်းရည်ချိုပင်များကို တက်၍ ခိုးသောက်သည်။ အိပ်ချိန်၊ စားချိန်မှလွဲ၍ ကျန်သောအချိန်များတွင် ယုန်လိုက်၊ ဖွတ်ရှာ၊ ပဒတ်တွင်းတူး၊ ငှက်ပစ်ကာ တောမှုဆိုးလုပ်နေသည်။

သူရှာဖမ်းရသမျှ တိရစ္ဆာန်များကို ရက်စက်စွာ သတ်ဖြတ်စားသည်။ တစ်နေ့စာမှ ကြွင်းသမျှကို ထွက်မပြေးနိုင်ရန် ခြေချိုး၊ မျက်လုံးထိုးဖောက်သည့်အပြင် အချို့ကို အမြီးချင်း ချည်ထားတတ်သည်။ သနားကြင်နာစိတ် လုံးဝမရှိ။ ကိုယ်ချင်းစာတရား ကင်းမဲ့စွာ ရက်စက်လွန်းလှသည်။ မိဘ,ဆွေမျိုးများက တောထဲ လိုက်လံရှာကြတိုင်း အတွေ့မခံ။ တွေ့မြင်ပြန်ကလည်း မည်သူ့ကိုမျှ အနားကပ်မခံ။ ကြမ်းကြုတ်သော အမူအရာပြပြီး ရှောင်တိမ်းထွက်ပြေးသွားတော့သည်။

အကြိမ်ကြိမ်ကြိုးစားကြသော်လည်း မရသည့်အဆုံးတွင် လက်လျှော့ထားကြရသည်။ ထိုအခါ မိဘဆွေမျိုးများနှင့် ရပ်ရွာသားတို့စိတ်တွင် ဘုရားရှင်လက်ထက်တော်က အင်္ဂုလိမာလသူခိုးကြီး ဟိသကကဲ့သို့ မည်သူမျှမတားမြစ်နိုင်သော တောတွင်းလူဆိုးလူကြမ်းကြီး ဖြစ်သွားတော့မည်လောဟု အလွန်စိတ်မချမ်းမြေ့စွာ တွေးတောပြောဆိုနေကြရလေ၏။

◆◆◆

'သို့ရာတွင် သူ၏ အတိတ်ကံပါရမီသည် ဆိုးပိုင်း၊ ကောင်းပိုင်း နှစ်ကဏ္ဍရှိခဲ့ဖူးဟန်ကြောင့်လားဟုပင် ဆိုရပေမည်။ ငယ်စဉ်က သုံးမရအောင် မိုက်ခဲ့သော်လည်း ကျွတ်ချိန်တန်တော့ အလွယ်ပင် သံဝေဂရ၍ ရဟန်းအဖြစ်အထိ တက်ရောက်နိုင်ခဲ့သည်။ အသက်(၂၀)ကျော်ပြီးမှ ရဟန်းဖြစ်ခဲ့ရာ မွန်းလွဲမှ လှန်းသောစပါး နာနာမွှေဟူသကဲ့သို့ သူ၏ကြိုးစားမှုကြောင့် သာမန်ပုဂ္ဂိုလ် မဟုတ်တော့ဘဲ ဝိနည်း



www.burmeseclassic.com

www.burmeseclassic.com

အရာ၌ သိပ်သည်းကျစ်လျစ်စွာသော ကျမ်းဂန်တတ်ဝိနည်းဓိုရ် ပုဂ္ဂိုလ်ကြီးတစ်ပါးဖြစ်ကာ ကျော်ကြားလာလေ၏။

သူ၏ ဝါသနာသည် အကြောင်းတစ်ခု ဖြစ်ပေါ်လာလျှင် အကျိုးတစ်ခုကို မဖြစ်မနေ ဖွဲ့ကြီးစွာ ကြိုးစားတတ်သည်။ ရဟန်းဖြစ်ခါစတွင် သူ၏ဦးရီးတော် ဆရာဘုန်းကြီးထံပါး၌ အခြားရဟန်းတို့နှင့်အတူ အခြေခံကျမ်းဂန်စာပေများကို သင်ယူရလေသည်။

ထိုစဉ် တစ်ခါသော် သေးငယ်သော အပြစ်တစ်ခုကို မသိနားမလည်၍ ပြုမှုမိသည်။ စားရေးသောက်ရေးကိစ္စဖြစ်၏။ ဝိနည်းကို အထူးလေးစားလေ့ရှိသော သူ၏ ဆရာတော်ကြီး သိလေလျှင် မနှစ်သက်သောကြောင့် များစွာဆိုဆုံးမခြင်း ခံရသည်။ အတူနေ သီတင်းသုံးဖော်များရှေ့တွင် ဖြစ်၍လည်း သူ့အဖို့ ဆောက်တည်ရာမရလောက်အောင် တုန်လှုပ်ခြင်း၊ ရှက်ခြင်း ရောထွေးကာ သံဝေဂကြီးစွာ ဖြစ်သွားလေသည်။ ထိုအချိန်မှစ၍ ဝိနည်းနှင့်မလျော်သောအရာ ဘာတစ်ခုမျှ မပြုမှားစေရ။ ဝိနည်းကျင့်ဝတ်ကိုလည်း နားမလည်သောအချက် မရှိစေရ။ လုံးဝတတ်ကျွမ်းသည်အထိ သင်ယူရမည်ဟု စိတ်ကို ခိုင်မြဲပြင်းပြစွာ ချမှတ်လိုက်လေတော့သည်။ သို့နှင့် မကြာမီကာလအတွင်းမှာပင် ဥပဇ္ဈာယ်ဆရာတော်ထံ ခွင့်ပန်ပြီး စာသင်ယူရန် မန္တလေးနှင့် စစ်ကိုင်းသို့ ထွက်ခွာသွားလေ၏။

ဝိနည်းကို အထူးသင်ကြားပေးလေ့ရှိသော တိုက်တာနှင့် ဆရာတော်များ သတင်းကို စုံစမ်း၍ ကျေနပ်လောက်သော ဆရာတော်များထံ ချဉ်းကပ်ပြီးလျှင် ကြိုးကြိုးစားစားသင်ယူလေသည်။ ထိုစဉ်ကာလက စစ်ကိုင်းတောင်ရိုး၌ ကျမ်းဂန်တတ်အကျော်အမော်များ၊ အကျင့်ကောင်းအကျော်အမော်များ သီတင်းသုံးလျက်ရှိကြသော မြန်မာဘုရင်များခေတ် ဖြစ်သည်။ ထို့ကြောင့် ဦးတေဇဝန္တသည် မန္တလေး၌ သင့်ရုံနေခဲ့ပြီး နှစ်များစွာ စစ်ကိုင်းတောင်ရိုး၌ နေလေသည်။

ဝိနည်းကို သိပ်သည်းကျနစွာ သင်ယူတတ်မြောက်ပြီးနောက် ရပ်ရွာမှဒကာများ လိုက်လံပင့်ကြ၍ လိုက်ပါကာ အဆိုပါ ရွာသစ်သိမ်ကျောင်း၌ ကျောင်းထိုင်ရလေသည်။ တစ်ခါတစ်ရံ တပည့်များကို ခပ်ကြမ်းကြမ်း ရိုက်နှက်ဆုံးမတတ်ရာ ငယ်မူစရိုက် မပျောက်သေးပေလောဟု ဒကာများက စိုးရိမ်လျက်ရှိကြသည်။ သို့ရာတွင် ကရုဏာဒေါသောအလျောက်ဖြစ်ရာ သတိမလွတ်။ ဝိနည်းအရာ၌ သိပ်သည်းစွာ ကျင့်ကြံနေထိုင်တတ်သည်။ ကျောင်းထိုင်ဘုန်းကြီးချင်းစကားစပ်မိကြလျှင်လည်း ဝိနည်းနှင့်စပ်သော စကားကိုသာ အလေးထားပြောလေ့ရှိသည်။ နှုတ်ရအာဂုံလည်း များသည် ထို့ကြောင့် တစ်စ,တစ်စနှင့် ပတ်ဝန်းကျင်နယ်မှစ၍ ဝိနည်း အရာ နာမည်ကျော်တစ်ပါးအဖြစ် ထင်ရှားသွားလေသည်။ ဤသို့ဖြင့် ဒုတိယအရွယ်တစ်လျှောက်လုံး ကျန်းမာလျက် ကိုယ်,စိတ်ချမ်းမြေ့စွာ သီတင်းသုံးနေထိုင်တော်မူခဲ့ရလေသည်။

♦♦♦

ဆရာတော်ဦးတေဇဝန္တသည် တတိယအရွယ်သို့ကူးရန် ဒုတိယအရွယ်၏ နောက်ပိုင်းအချိန်သို့ရောက်သော ကျန်း မာရေးတစ်စွန်းတစ်စ ချို့ယွင်းလာ၏။ ခါးနာသည်။ ဒူးနာ သည်။ မျက်စိနာသည်။ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲ မှု များလာသည်။ မကြာခဏဖျားနာတတ်သဖြင့် နီးစပ်ရာ ဆေးဆရာများက ကုသပေးကြရသည်။ ကောင်းနိုးရာရာ ဆေးမျိုးစုံကို တစ်မျိုးပြီးတစ်မျိုး ကိုယ်တိုင်စီမံဖော်စပ် စား ၏။ ခဏသာသက်သာပြီး ဖြစ်မြဲနာမြဲပင်။

သက်တော်(၅၀)ကျော်၍ တတိယအရွယ်တွင်း သက် ဆင်းရောက်လာသောအခါ ရောဂါများက ပိုကဲထူပြောလာ ကြသည်။ ဒူးကိုက်နာသည် ဒူးကျိုးသွားသကဲ့သို့ ပို၍ဆိုး လာရာ မသွားလာနိုင်တော့ချေ။ ထို့အတူ မျက်စိနာကလည်း ပိုဆိုးလာပြီး တဖြည်းဖြည်းနှင့် လုံးဝကွယ်သည့် အဖြစ်ဆိုး သို့ ရောက်ရှိသွား၏။ ဒူးကျိုး၍မသွားနိုင်။ မျက်စိကွယ်ခဲ့၍ သာမျှမမြင်ရတော့။ အခြား ကိုယ်လက်အင်္ဂါအစိတ်အပိုင်း တို့ကလည်း ဟိုကနာ၊ သည်ကနာနှင့် ခန္ဓာကိုယ်တစ်ခုလုံး ဘယ်နေရာမှ ကောင်းလှသည်မရှိတော့။ သက်တော်က လည်း တစ်နှစ်ပြီးတစ်နှစ် ကြီးခဲ့လေပြီ။ ကြီးရာမှ အို၍ အို၍လာနေပြီ။ မမြင်ရမည့်အတူတူမို့ နေ့ညမခြား အိပ်၍ သာ နေတော့သည်။ တကယ်ပင် သူ့အဖို့ နေ့,ညဟူ၍ မခြားတော့ပါ။

ဝိနည်းကျမ်းဂန်တတ်အကျော် ဆရာတော်ကြီးဘဝသို့ ရောက်နေပြီးကာမှ မမြင်အပ်သော ကံတရားလက်ချက်ဖြင့် ခံရချက် ဒုက္ခဝေဒနာကား မသက်သာလှပေ။ တရားရှင်မို့ သာ အောင့်အည်းသည်းခံတော်မူနိုင်ရှာသည်။ ဝတ်ကြီး, ဝတ်ငယ် ပြုစုလုပ်ကျွေးကြရသော တပည့်များက တာဝန် ကျေပွန်စွာ ပြုစုကြရှာ၏။ တစ်လလည်းမဟုတ်၊ တစ်နှစ် လည်းမဟုတ် အသက်ရှင်သမျှ ကာလပတ်လုံး ဒုက္ခိတလုံး လုံး ဖြစ်နေရှာသော ဆရာတော်ကြီးကို စေတနာနှင့်အ



www.burmeseclassic.com

www.burmeseclassic.com

[illegible]နေကြရသည်က မသက်သာကြပေ။

နေ့ရက်ရှည်ကာ အိပ်ရာထက်၌သာ ဝဋ်ခံ၍ နေတော်မူ[illegible] သီတင်းသုံးဖော်များကိုလည်းကောင်း၊ တပည့်ကြီး[illegible]ကိုလည်းကောင်း သူ့ကိုယ်သူ နောင်တ,ရစွာဖြင့်-

"အိုနာကျိုးကန်းဆိုတာ ငါမှ အစစ်ပဲ။ အိုလည်း အိုခဲ့[illegible] နာလည်းနာနေပြီ၊ ကျိုးလည်း ကျိုးနေပြီ၊ ကန်းလည်း [illegible]ခဲ့ပြီ။ ငယ်စဉ်ဘဝက ငါ ဝဋ်ခံရလိမ့်မည်ဟု လုံးဝ [illegible]ဆမိဘဲ ကိုယ်ချင်းစာတရားမရှိ မိုက်မဲရက်စက်စွာ [illegible]များခဲ့မိသော အကုသိုလ်ကံတို့က ဘဝမခြား ငါ့ကိုယ်၌ [illegible]ပြန်ခဲ့လေပြီ။ ငါ့ကိုသာကြည့်၍ သတိသံဝေဂယူကြ[illegible]တော့။ နောင်ဘဝတော့ဖြင့် ဘယ်လိုနေရမည် မသိသေး" [illegible] ညည်းတွားမိန့်တော်မူလေ့ရှိ၏။

◆ ◆ ◆

မိုးဦးကစိုက်ခဲ့သောသစ်ပင်သည် မိုးနှောင်းတွင် သီး[illegible]ကြသကဲ့သို့ ဆရာတော်ဦးတေဇဝန္တအား ပထမ[illegible]ယ်က မှားခဲ့သောကြမ္မာသည် တတိယအရွယ်၌ ငြိုပြတ်[illegible]ကြရ၏။ သေချင်၍လည်း မသေနိုင်၊ နေရပြန်က[illegible] မချမ်းသာ။ ဝဋ်ကြီးလှပေသည်။ မိုက်မဲဆိပ်တက်နေစဉ်က နောင်အခါ ငါ့ကိုပြန်၍ ဒဏ်ခတ်ခံရလိမ့်မည်ဟု စိုးစဉ်းမျှ သတိမထားမိ။ ကမ္ဘာ့သကကာကံသာလျှင် မိမိဥစ္စာ ရှိကြကုန်၏။ သားမှုဆိုး၊ ငှက်မှုဆိုး ဘဝတုန်းက ရက်စက်ခဲ့မိသော သတ်ဖြတ်မှုကံတို့ကြောင့် ဘုရားရှင်လက်ထက်တော်က ပူတိဂတ္တတိဿ မထေရ်ကြီး၏ နာတာရှည်ရောဂါဖြစ်ပုံမျိုးနှင့်မခြား ကြောက်မက်ဖွယ်ကောင်းလှသည်။

ဝိနည်းကျမ်းဂန်တတ်အကျော် ဆရာတော်ကြီး ဖြစ်နေသော်လည်း ကြွေးတင်နေသော ဝဋ်တရားကား ရှေဆေး၍ မရနိုင်တော့ပေ။ အကယ်၍သာ မကောင်းမှု မပြုခဲ့ဘဲ ကုသိုလ်ကောင်းမှုတွေသာ ပြုစုဖန်တီးခဲ့မည်ဆိုပါက ကောင်းကျိုးချမ်းသာချည်းများသာ ခံစားနိုင်မည် ဖြစ်ပေတော့သတည်း။

**ကောင်းကျိုးချမ်းသာ ပြည့်ဝကြပါစေ**

**ရွှေတာလေး(လှယ်လင်)**

__ကျမ်းကိုး__
၁။ (၁၃၂၉)ခုနှစ်၊ တော်သလင်းလပြည့်နေ့ထုတ် မဗ္ဗဇျူဟာစာစောင်။
၂။ မမ္မာစရိယဦးဌေးလှိုင်၏ ဓမ္မဒူတ ဒုတိယတွဲ။


**ရွှေကျောက်ဖား**



ဂန္ထိရကျောက်ဖားဆရာကြီးမှ

ထုတ်လုပ်သော အထူးဆေးစွမ်းကောင်းများ

၁။ အကြောပြေဒက်ကြေလိမ်းဆေး
၂။ အာရုံကြောအားတိုးဆေး
၃။ နှလုံးသည်းခြေဆေး

(နှိပ်ထုံးဆောင်သူအားလုံး ကျန်းမာချမ်းသာကြပါစေ။)

[illegible]ဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။
[illegible]ဒိန်းတစ်ရာဆေးဆိုင် (မြို့မဈေး၊ နေပြည်တော်)
[illegible]အာရောဂျဆေးဆိုင် (မြို့မဈေး၊ နေပြည်တော်)
[illegible]ပြည့်စုံအောင်ဆေးဆိုင် (မြို့မဈေး၊ နေပြည်တော်)
[illegible]နေမားဆေးဆိုင် (သဲကျွန်း၊ ပျဉ်းမနား)

နံနက်(၁၀:၀၀)နာရီမှ ညနေ(၃:၀၀)နာရီထိ
(တနင်္လာနေ့တိုင်း ပိတ်သည်)

ရွှေကျောက်ဖားဆေးတိုက်

အမျိုးသမီးတို့၏ ဦးနှောက်နှင့် အသည်းနှလုံး



**ဆရာမ ဒေါ်လွင်လွင်ထား**

B.A (Psycho:)

အမျိုးသမီးတို့၏ အကြံအစည်၊ အမျိုးသမီးတို့၏ ခံစားချက်တို့မှာ တစ်မျိုးတစ်ဘာသာ ဖြစ်ပါသည်။ အမျိုးသမီးတို့၏ "ကံသင်္ကေတ"တို့သည်လည်း တစ်သီးတခြား ဖြစ်ပါသည်။ မနောဗေဒပညာရှင် ဆရာမဒေါ်လွင်လွင်ထားနှင့် အမျိုးသမီးတိုင်း ဆွေးနွေးကြည့်လိုက်ပါ။ ဘဝ၏ မိုးကုပ်စက်ဝိုင်းသစ်တစ်ရပ်ကို တွေ့ကြရပါလိမ့်မည်။ ယနေ့ ပညာခေတ်ကြီးတွင် ဘဝသည် ပဟေဠိ တွေချည်း မဟုတ်တော့ပါ။

**(အမျိုးသမီးသီးသန့် ဗေဒင်ဟောခန်း)**

နံနက်(၁၀:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ
(တနင်္လာနေ့တိုင်း ပိတ်သည်)

ဆိုင်အမှတ်(၃)၊ မဟာဝိဇယဘုရား အရှေ့ဘက်ဘက်မုခ် (လိပ်ကန်၊ ငါးကန် အနီး)။
☎ [illegible]




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်နှင့် ဘုန်းမြင့်မှာ တစ်ရွာတည်းသား ကျောင်းနေဖက်သူငယ်ချင်းများဖြစ်သည်။ ထိုအတူ အနုပညာဝါသနာပါသူများလည်း ဖြစ်ကြသည်။ ငယ်စဉ်ကပင် အတူသွား အတူစားခဲ့ကြသူများဖြစ်သည့်အပြင် နှစ်ဖက်သော မိဘ,ဆွေမျိုးအသိုင်းအဝိုင်းမှာလည်း ဆွေနီးမျိုးစပ်များ ဖြစ်ကြသောကြောင့် ပို၍သွေးနီးကာ ပို၍ခင်မင်ခဲ့ကြရသူများဖြစ်သည်။ ကျောင်းပညာတွင်လည်း နှစ်ယောက်သား ဆယ်တန်းအတူကျသူများဖြစ်၍ ကျောင်းမှထွက်ကာ မိဘလက်ငုတ်လက်ရင်းဖြစ်သော လယ်ယာလုပ်ငန်းများတွင်သာ ဝင်ရောက်လုပ်ကိုင်နေခဲ့ကြသူများဖြစ်သည်။

'တင်မောင်ရေ..တို့အိမ်က ဒီနွေမှာ ငါ့ကို ရဟန်းခံပေးမယ် ပြောတယ်ကွ။ မင်းရော ငါနဲ့အတူတူ ရဟန်းဝတ်ပါလား။ ဘယ့်နှယ်လဲ'

'အေး..ကောင်းသားပဲ။ ဒါပေမဲ့ ငါတို့အိမ်ကို ပြော ကြည့်လိုက်ဦးမယ်။ အိမ်က သဘောတူရင်တော့ ပိုကောင် တာပေါ့ကွာ'

'အေး..အေး..အဲဒါဆို ငါ့အဖေနဲ့ အမေကိုလည်း မင်းအတွက် မင်းတို့အိမ်ကို ဝိုင်းပြီး ပြောပေးခိုင်းမယ်။ သိလား'

ကျွန်ုပ်နှင့် ဘုန်းမြင့်မှာ အလွန်ချစ်ခင်သော ငယ်ပေါင်း သူငယ်ချင်းများ ဖြစ်ကြရာ

# ထူးဆန်းသော တောင်ဝှေးတစ်ချောင်း

# ချစ်မင်းသူ





www.burmeseclassic.com

www.burmeseclassic.com

လုပ်လုပ် မခွဲမခွာ လုပ်ချင်ကိုင်ချင်သူများဖြစ်ကြောင်း တ်မိသားစုများက သိထားကြပြီးဖြစ်သည်။ ထို့ကြောင့် ဘုန်းမြင့်မိဘများက ဘုန်းမြင့်ကို ရဟန်းပြုပေးရာတွင် ည်း ကျွန်ုပ်ကိုပါရော၍ ရဟန်းပြုပေးရန် နှစ်ဖက်မိဘများက သဘောတူကြည်ဖြူခဲ့ကြခြင်းဖြစ်သည်။

သည်လိုနှင့် နွေရာသီ တပေါင်းလတွင် ဘုန်းမြင့်မိဘများက ဦးဆောင်ပြီး ကျွန်ုပ်၏မိဘများနှင့် ရွာထဲမှအလှူရှင်အချို့ ပါဝင်သော ရဟန်းခံရှင်ပြု စုပေါင်းအလှူပွဲကြီးကို ကျွန်ုပ်တို့ ရွာဦးကျောင်းတွင် စည်ကားသိုက်မြိုက်စွာကျင်းပပေးသည်။ ဘုန်းမြင့်ကား ပဋ္ဌာန်းဆက်ပါလာသည်ဟုပင် ပြောရမည်ထင်သည်။ ရဟန်းဝတ်ပြီးသည့်အချိန်မှစ၍ ရွာဦးကျောင်းဆရာတော်ကြီး ခိုင်းစေသမျှ စာပေပရိယတ္တိ သင်ကြားခြင်းနှင့် တရားဘာဝနာပွားများအားထုတ်ခြင်းကို အလေးထားဆောင်ရွက်တော့သည်။

ကျွန်ုပ်မှာကား ဒုလ္လဘရဟန်း (၉)ရက်ဝတ်ပြီး လူထွက်လာခဲ့သည့်တိုင် ဘုန်းမြင့်မှာ ရဟန်းဘဝမှ မထွက်တော့ဟု ကြေညာကာ ဦးပဍ္ဍင်း ဦးပညာသီရိအဖြစ် သာသနာ့ဆောင်တွင် နေရစ်ခဲ့သည်။ ကျွန်ုပ်မှာ ငယ်သူငယ်ချင်း ဘုန်းမြင့်နှင့် ယခုလို ခွဲနေရခြင်းမျိုး မရှိခဲ့သဖြင့် စိတ်မကောင်းဖြစ်ရုံမှတစ်ပါး ဘာမျှမတတ်နိုင်ခဲ့ပါချေ။ ငယ်သူငယ်ချင်း ဘုန်းမြင့်တစ်ဖြစ်လဲ ဦးပဍ္ဍင်း ဦးပညာသီရိမှာ သာသနာ့နယ်၌ နေကျန်ရစ်ရင်း သာသနာ့အကျိုးများကို ပိုးထမ်းဆောင်နေမည့်သူဖြစ်၍လည်း ကျွန်ုပ်မှာ စိတ်မကောင်းဖြစ်နေလျက်မှ တစ်ဖက်မှတွေး၍ ဂုဏ်ယူမိရပါသည်။

'တင်မောင်ရေ'

'ဦးပဍ္ဍင်း၊ ပြော'

'ဗုဒ္ဓိုလ်တွေက ငါ့ကို အိပ်မက်ထဲမှာ မကြာခဏ လာလျှောက်ကြတယ်ကွ'

'ဘယ်လိုများ လျှောက်ဖို့လဲဘုရား'

'သြော်..ငါ့ကို ဂန္ဓာရီခရီးထွက်ပြီး တရားကျင့်ဖို့၊ အင်းသင်ဖို့ မကြာခဏ လာပြောကြတယ်ကွ။ အဲဒါ..'

'အရှင်ဘုရားက ဘယ်လိုများ ဆန္ဒရှိနေလို့လဲဘုရား'

'ငါ အဓိဋ္ဌာန်တစ်ခု ဝင်နေတယ်ကွ။ အဲဒီအဓိဋ္ဌာန်ပြည့်တော့ ငါ သူတို့ပြောတဲ့အတိုင်း ဂန္ဓာရီခရီးထွက်မယ်'

ကျွန်ုပ်မှာ ဦးပဍ္ဍင်း ဦးပညာသီရိ ပြောသည်များကို နားမလည်သည်ဖြစ်ရာ အသာနှုတ်ပိတ်၍နေခဲ့သည်။

နောက်ပိုင်း နှစ်ပတ်မျှကြာသောအခါတွင် ဦးပဍ္ဍင်း ဦးပညာသီရိတစ်ယောက် ရွာကျောင်းမှ ပျောက်ခြင်းမလှ ပျောက်သွားတော့သည်။ ရွာဦးကျောင်းဆရာတော်ကြီး မိန့်သည်မှာကား ဦးပဍ္ဍင်း ဦးပညာသီရိမှ ဂန္ဓာရီခရီးစခန်း ဝင်ရန်အတွက် ခွင့်ပြုရန် လျှောက်ထားပြီး ထွက်သွားကြောင်း၊ ဘယ်နေရာ ဘယ်ဒေသသို့သွားမည် မသိကြောင်းပင် ဖြစ်လေသည်။

ကျွန်ုပ်မှာ ထိုသတင်းကို ကြားရစဉ်က အလွန်ပင်စိတ်မကောင်းဖြစ်ခဲ့မိသော်လည်း ရက်အတန်ကြာသောအခါ နေသားတကျပြန်ဖြစ်၍ တစ်ခါတစ်ရံ ဘုန်းမြင့် (ခေါ်) ဦးပညာသီရိကို မေ့၍ပင်နေသည်။ သို့ရာတွင် တစ်ခါတစ်ရံ ကျွန်ုပ်၏ အိပ်မက်ထဲတွင် ဦးပဍ္ဍင်း ဦးပညာသီရိနှင့် နီးနီးကပ်ကပ် စကားပြောရသည်များကို မြင်မက်ရလေ့ရှိရာ ကျွန်ုပ်၏စိတ်ထဲတွင် ဦးပဍ္ဍင်းဦးပညာသီရိကို မည်သို့မျှ မေ့ပျောက်၍ မရလောက်အောင် ရှိတော့သည်။

သို့ရာတွင် ဦးပဍ္ဍင်း ဦးပညာသီရိမှာ ကျွန်ုပ်တို့ရွာနှင့် အဆက်အသွယ်ပြတ်သွားသည်မှာ ဘာလိုလိုနှင့် ငါးနှစ်ခန့်ရှိသွားသည်။ သေသည်၊ ရှင်သည်ပင် မသိကြလေရာ သူ၏မိသားစုများကပင် သူ့အကြောင်း အပြောနည်းလာကြသည်နှင့်အမျှ ကျွန်ုပ်တို့ ရွာသူရွာသားတချို့မှာလည်း မေ့ပျောက်နေကြတော့သည်။

ထိုသို့မေ့ပျောက်နေသည့်ကာလ တစ်နေ့တွင် ရွာသို့ ဦးပဍ္ဍင်း ဦးပညာသီရိ တစ်ပါးတည်း ကြွရောက်လာသည်။ တစ်ရွာလုံး အံ့သြသွားကြသည်။ ကျွန်ုပ်မှာ ငယ်သူငယ်ချင်းဖြစ်သူကို ပြန်တွေ့ရခြင်းကြောင့် စိတ်ထဲမှာ ဝမ်းသာ၊ ဝမ်းနည်း ဖြစ်ရသည်။

ဦးပညာသီရိကား ပုံစံမပြောင်း ရွာကျောင်းမှာ သုံး၊ လေးည တည်းပြီးနောက် ပြန်ကြွရန်ဖြစ်သည်။ ရွာဦးကျောင်း ဆရာတော်ကြီးက ရွာကျောင်း၌ ဆက်လက်သီတင်းသုံးနေထိုင်ရန် မိန့်သည်ကိုပင် ငြင်းဆန်၍ ဂန္ဓာရီခရီးဖြင့်သာ နေလိုကြောင်း ပြန်လျှောက်ထားသည်။

ဦးပညာသီရိတောင်းဆိုသည်မှာ တစ်ခုပဲရှိသည်။ ထိုတစ်ခုမှာ ကျွန်ုပ်နှင့် လုံးဝသက်ဆိုင်နေလေသည်။

'ကဲ..ဘာဘတို့၊ အရီးလေးတို့ကို ကျုပ်တောင်းဆိုချင်တာ တစ်ခုကတော့ အခု ကျုပ် သာသနာပြုနေတဲ့နေရာမှာ အဖော်မိတ်ဆွေကောင်းတစ်ယောက် လိုတယ်။ အဲဒါ ကျုပ်ဒီကောင် တင်မောင်ကို ကျုပ်နဲ့တစ်ပါတည်း ခေါ်သွားချင်

www.burmeseclassic.com

တယ်။ အဲဒါကို ခွင့်ပြုပေးကြဖို့ပါပဲ။ တင်မောင်ကရော ငါနဲ့ လိုက်နိုင်ပါ့မလား'

ဦးပဉ္စင်း ဦးပညာသီရိက ကျွန်ုပ်၏ မိခင်၊ဖခင်တို့ထံတွင် ခွင့်ပြန့်ပြီးသည့်နောက် ကျွန်ုပ်ထံသို့လည်း ဆန္ဒတောင်းခံနေလေရာ ကျွန်ုပ်က အလျင်စလိုပင် ခေါင်းညိတ်လက်ခံလိုက်မိသည်။ ကျွန်ုပ်၏ မိခင်၊ဖခင်တို့မှာလည်း ဘုန်းမြင့် (ခေါ်) ဦးပညာသီရိကို ဟိုးငယ်စဉ်ကတည်းကပင် ကျွန်ုပ်နှင့်ထပ်တူ ချစ်ခင်လာခဲ့သူများဖြစ်လေရာ သာသနာ့အကျိုးအတွက် ခေါင်းညိတ်လက်ခံ ကူညီခဲ့ကြလေသည်။

ဤသို့ဖြင့် ကျွန်ုပ်မှာ ဦးပဉ္စင်း ဦးပညာသီရိ ခေါ်ဆောင်ရာနောက်သို့လိုက်ရင်း ဂန္ဓာရီစခန်းတစ်ခုဖြစ်သည့် ကြပ်ပြင်သာသနာ့နယ်မြေသို့ ရောက်ခဲ့ရတော့သည်။ ကြပ်ပြင် သာသနာ့နယ်မြေကား ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်၊ ကွင်းကောက်ခြောက်ရွာအနီးဝန်းကျင်ရှိ တောရနယ်မြေဖြစ်သည်။ ထိုနယ်မြေတွင် ရှေးက ထွက်ရပ်ပေါက် ဆရာတော်ကြီးများနှင့် သဘာဝိုးမင်းခေါင်တို့မှအစ ဂန္ဓာရီစခန်း ကျင့်ခဲ့သော နေရာဌာနဖြစ်သည်။ လျှိုမြောင်ချောက်ကမ်းပါးတို့ တည်ရှိပြီး သစ်ပင်ချုံနွယ်တို့ထူထပ်ရာ အရပ်ဒေသဖြစ်သည်။

ရခိုင်ရိုးမနှင့် တစ်ဆက်တစ်စပ်တည်းရှိပြီး ရခိုင်ရိုးမတောင်စွယ်များက ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့ကို စည်းခြားထားသကဲ့သို့ တည်ရှိသည်။ ကျောက်တောင်စွယ်များ၊ ဂူများပေါများ တည်ရှိနေခြင်းကြောင့် တရားပွားများအားထုတ်ရန် အလွန်သင့်မြတ်ကောင်းမွန်သော နေရာဖြစ်သည်။ တောနက်နေရာတစ်ပိုက် သားရဲတိရစ္ဆာန်တချို့ရှိတတ်သည်။

ဦးပညာသီရိ သီတင်းသုံးရာ ကြပ်ပြင်တောရ သာသနာ့နယ်မြေစခန်းသည်ကား တောနက်သောနေရာမဟုတ် ချုံနွယ်ပိတ်ပေါင်းများ၊ တောင်စောင်းတောင်စွယ်များနှင့် ကျောက်လိုဏ်ဂူများရှိသော်လည်း ဦးပညာသီရိက ရှင်းလင်းခုတ်ထွင်ထားသောကြောင့် သွားရလာရ၊ နေရထိုင်ရ အဆင်ပြေသော နေရာဖြစ်ကြောင်း တွေ့ရသည်။ ဦးပညာသီရိမှာ ကျောက်လိုဏ်ဂူထဲမှာ သီတင်းသုံးနေထိုင်သည်။ ထိုကျောက်လိုဏ်ဂူထဲတွင် သဘာဝအလျောက် ဖြစ်ပေါ်နေသည့် ကျောက်စတင်တစ်ခု ရှိသည်။

ကျောက်ဂူပေါက်မှာ လူတစ်ယောက် ဝင်ဆံ့ရုံသာရှိသော်လည်း အတွင်းဘက်ပိုင်း၌မူ လူတစ်ရပ် မတ်တတ်ရပ်၍ရသည်။ အတွင်း၌ ခြောက်ပေခန့်ကျယ်ဝန်းရာ နှ... ယောက်ကောင်းကောင်းနေ၍ရသည်။ ထိုကျောက်လိုဏ်ဂူမှာ ယခင်က အပြင်မှ ချုံနွယ်ပိတ်ပေါင်းများ ဝိုင်းရံထားသောကြောင့် ကျောက်ဂူမှန်း မသိသာချေ။ ဦးပညာသီရိမှ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းပြီးပါမှ ကျောက်လိုဏ်ဂူ ပေါ်လာခြင်းဖြစ်သည်။ လိုဏ်ဂူအပြင်ဘက် ကျောက်နံရံများတွင် ဘုရားရုပ်တုများနှင့် ရဟန္တာရုပ်တုများကို ထွင်းထု ထားသည်ကို တွေ့ရသည်။

'ဒီကျောက်လိုဏ်ဂူမှာ ဟိုရှေးရှေးက ပိန္နဲကွင်းဆရာ တော်ကြီး ဦးကလျာဏအပါအဝင် ဆရာတော်တွေ တရား အားထုတ်သွားတယ်လို့ သိရတယ်။ ပိန္နဲကွင်းဆရာတော်ကြီး အပါအဝင် ဒုတိယ၊ တတိယ ဆရာတော်သုံးပါးလုံးဟာ မပုပ်မသိုးဆရာတော်ကြီးများအဖြစ် ယနေ့တိုင် ပိန္နဲကွင်း ကျေးရွာမှာ ရှိနေတယ်လေ။ အဲဒီဆရာတော်ကြီးသုံးပါးလုံး ဟာ ဒီကြပ်ပြင်တောရဒေသမှာ တောရဆောက်တည်သွားခဲ့ ကြတာပေါ့။ တောင်ကုန်းပေါ်မှာရှိနေတဲ့ ကျောက်ပုံစေတီ ဟာလည်း ဒီဆရာတော်ကြီးတွေ တည်သွားတာလို့ ယူဆနိုင် တယ်။ တကယ်တော့ကွာ၊ ဒီကြပ်ပြင်တောရဟာ တကယ် ကို သာသနာပြုဖို့ အကောင်းဆုံးဌာနတစ်ခုလို့ ငါမြင်တယ် ငါ့စိတ်ကလည်း ဒီနေရာမှာပဲကျတယ်'

ကျွန်ုပ်ကား ဦးပညာသီရိ ပြောသမျှ နားထောင်ရင်း လေ့လာမှတ်သားနေရသည်။ လူသူမရှိသော တောကြီးမျက် မည်းထဲတွင် ကျွန်ုပ်အတွက် အားကိုးစရာမှာ ဦးပညာသီရိ တစ်ပါး မရှိချေ။ ဦးပညာသီရိအနေဖြင့်လည်း ကျွန်ုပ်မှာ သူ၏ ကပ္ပိယတစ်ဦးဖြစ်ကာ သူ တရားအားထုတ်ကျင့်ကြံ နေစဉ် ကာလအတွင်း ကျွန်ုပ်မှ ဆေးပေးမီးယူဖြင့် ဆွမ်း... အစ ချက်ပြုတ်ကပ်လှူရန် ဖြစ်သည်။

ဦးပညာသီရိမှာလည်း အချိန်ရှိခိုက် လုံ့လစိုက် ဆိုသ... သို့ ပုတီးကို လက်ကမချ။ ကျောက်ခုတင်၌လည်းကောင်း ကျောက်လိုဏ်ဂူအပေါ်ပိုင်း တောင်ကုန်းမြင့်ပေါ်ရှိ ကျောက် စေတီ၌လည်းကောင်း ပုတီးစိပ် တရားထိုင်နေသည်... ဆွမ်းစားချိန်မှလွဲ၍ အချိန်တိုင်းပင် ဖြစ်လေသည်။ ကျွန်... မှာကား ဆွမ်းချက်ရခြင်း၊ နီးစပ်ရာဝန်းကျင်သို့သွား၍ သ... သီးသစ်ဥရှာ၍ ဟင်းစားအဖြစ် ဖန်တီးရခြင်းနှင့် သုံးဆ... သောက်ရေ ခပ်ရခြင်းများဖြင့် နေ့စဉ် အချိန်ကုန်နေရ... ဖြစ်သည်။ တစ်နေ့၊တစ်နေ့ အချိန်မည်မျှ ကုန်ဆုံးသွား... ကိုပင် သတိမထားမိခဲ့ချေ။ ညနေပိုင်း နေဝင်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com

လာမှသာ ညရောက်ပြီမှန်း သတိပြုမိတော့သည်။

ကျွန်ုပ်အတွက် ညရောက်သည်နှင့် စိတ်ဂနာမငြိမ်ဖြစ် ည်မှာ နေ့စဉ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ာက်ဂူထဲ၌ နေထိုင်ရသည်ဖြစ်ရာ ဖယောင်းတိုင်မရှိ မှောင်မှောင်မည်းမည်းထဲမှာပင် ထိုင်နေ၊ အိပ်နေ သောကြောင့်ဖြစ်သည်။ တရားရှုမှတ်သော်လည်း ကျင့် ရသေးသောကြောင့် ဂနာမငြိမ်ဖြစ်ကာ တိတ်ဆိတ် မည်းမှောင်ခြင်းများက ကျွန်ုပ်အား ကြောက်စိတ် ဖြစ်ပေါ်စေသည်။ ဦးပညာသီရိကား အမြဲတမ်း ရှုမှတ် ပွားများအားထုတ်နေကျဖြစ်လေရာ ပတ်ဝန်း ကို မေ့ထားသလို ရှိလေသည်။

ထိုသို့ပင်ဖြစ်စေ ညပေါင်းများစွာကို ကြောက်စိတ် ဖြတ်သန်းရင်း နောက်ဆုံး၌ အိပ်ပျော်သွားခဲ့သည်ချည်း ဖြစ်သည်။ နံနက်ရောက်လျှင် ကျွန်ုပ်မှာ ကြပ်ပြင်တောရ ကျင်ရှိ သုံး,လေးမိုင်ခန့်ဝေးသော သံပုကုန်း၊ ပဒတ် ကြက်ပေါင်ကုန်း စသည့်ရွာများသို့သွားကာ ဆန်၊ ဆား၊ ငရုတ်၊ ကြက်သွန်တို့ကို အလှူခံရင်း ညပိုင်း ထွန်းရန် ဖယောင်းတိုင်ကိုလည်း သတိတရဝယ်ယူလေ့ ည်။ ညပိုင်းတွင် ဂူထဲ၌ ဖယောင်းတိုင်မီးထွန်းထားပါမှ ၏ကြောက်စိတ်မှာ လွင့်ပြယ်တတ်လေ့ရှိရာ ကျွန်ုပ် တွက် ဖယောင်းတိုင်သည် အဓိကပစ္စည်းဖြစ်သည်။

'တင်မောင်··မင်းကိုကြည့်ရတာ ပင်ပန်းတယ်ကွာ။ ဆို မင်းလည်း ငါနဲ့လာနေတာ တစ်လကျော်သွားပြီ။ ဖြစ်ဖြစ် တရားအားထုတ်ဖို့တော့ လိုလာပြီ။ အဲဒီလိုမှ လုပ်ရင် အလကားနေ မင်းကြောက်နေမှာပဲ။ လောက မြင်အပ်,မမြင်အပ်တဲ့ သတ္တဝါတွေက အနန္တရှိတယ်ကွ။ ကလည်း ဒီအတိုင်း ဟောထားတယ်။ အဲဒါကြောင့် သတ္တဝါတွေခများလည်း မင်းတို့ ငါတို့ရဲ့ ဝန်းကျင်မှာ လာကျက်စားနေကြရတာပေါ့။ တကယ်တော့ အဲဒီ ဝါတွေဟာ ဒုက္ခတွေခံစားနေကြရသူတွေပါ။ သနား တွေပါ။ မင်းတို့၊ ငါတို့ ပို့သတဲ့မေတ္တာနဲ့ ကုသိုလ်အဖို့ တွေကို မျှော်လင့်စောင့်စားနေကြတာကွ။ အဲဒါကြောင့် င်းမှုကုသိုလ်တွေ များများလုပ်ပြီး သူတို့တစ်တွေကို ဝေ အမျှပေးပို့ရင် သူတို့ အရမ်းဝမ်းသာကြတယ်။ ဆိုရင် တို့ပေးဝေတဲ့ ကုသိုလ်ကောင်းမှု အဖို့ဘာဂကို ပြီး ဘဝပြောင်းသွားကြတာတွေ အများကြီးပဲရှိတယ်။ အဲဒီလိုတွေ လုပ်ဖို့လိုတယ်'

ဦးပညာသီရိက ကျွန်ုပ်၏ အနေအထားကိုကြည့်၍ ဆုံးမတော်မူသည်။ ကျွန်ုပ်က ခေါင်းညိတ်လက်ခံခဲ့သော်လည်း တရားအလုပ်ကိုကား တော်တော်နှင့် မလုပ်ဖြစ်ခဲ့ချေ။

တစ်နေ့ ကျွန်ုပ် ညဘက်အိပ်ပျော်သွားစဉ် အိပ်မက်ထဲတွင် ရဟန်းတစ်ပါးက ကျွန်ုပ်၏အနီးသို့ ကြွရောက်လာကာ တရားဘာဝနာပွားများအားထုတ်ရန် လာ၍တိုက်တွန်းလေသည်။ ထိုရဟန်း၏ ရုပ်ဆင်းသဏ္ဌာန်မှာ အလွန်ကြည်ညိုဖွယ်ရှိကာ ကျွန်ုပ်၏ မျက်ဝန်းထဲ၌ စွဲထင်ကျန်ခဲ့သည်။ ထိုအကြောင်းကို ဦးပညာသီရိအား ပြောပြရာတွင် ဦးပညာသီရိက ခေါင်းတညိတ်ညိတ်ပြုရင်း ကျွန်ုပ်အား ပြန်၍ရှင်းပြသည်။

'အင်း··ဒါဆိုရင် မင်းလည်း ပဋ္ဌာန်းဆက်ရှိနေပြီ။ ငါပြောသလို တရားအားထုတ်ဖို့ လိုနေပြီ။ တကယ်တော့ကွာ၊ ခုလို လူသူမနီးတဲ့ တောကြီးမျက်မည်းထဲမှာ လာနေရတာကိုက တရားဘာဝနာ ပွားများအားထုတ်ဖို့ဟာ အဓိကပဲကွ။ တရားအားမထုတ်ချင်မှတော့ လူသူနီးတဲ့ ဘုန်းကြီးကျောင်းတွေမှာ နေမှာပေါ့။ မဟုတ်ဘူးလား'

ကျွန်ုပ်က ဦးပညာသီရိ၏စကားကို ခေါင်းညိတ်အဖြေပေးလိုက်ရာ ဦးပညာသီရိက ကျွန်ုပ်ကို စိုက်ကြည့်လျက် စကားဆက်ပြောပြန်သည်။

'ပိန္နဲကွင်းဒုတိယဆရာတော်ကြီး ဦးဝါယမဟာလည်း ဟောဒီတောတောင်တစ်ဝိုက်မှာ တရားအားထုတ်သွားတယ်လို့ စာပေမှတ်တမ်းတွေမှာ ငါဖတ်ခဲ့ရတယ်။ ဟိုစဉ်က ဒီနေရာတွေမှာ ဆင်ရိုင်း၊ ကျားရိုင်းအပြင် ကျွဲ၊ နွားတွေကို ကိုက်သတ်စားသောက်နိုင်တဲ့ မြွေဆိုးကြီးတွေပါ ပေါများတယ်လို့ဆိုတယ်။ ဒါပေမဲ့ ဆရာတော်ကြီး ဦးဝါယမဟာ မေတ္တာဘာဝနာကို အမြဲအားထုတ်တော်မူတာကြောင့် ဘာအန္တရာယ်မှ မကြုံတွေ့ရဘူးလို့ သိရတယ်'

'ဟာ··ဒါဆို အတော်အံ့သြဖို့ကောင်းတာပေါ့'

'ဒါတင်ဘယ်ကမလဲကွ၊ ဒီထက်ထူးဆန်းတာတွေရှိသေးတယ်။ တစ်ခါက ဆရာတော် ကျွဲမသနားတောင်မှာ သီတင်းသုံးစဉ် လူအများလာရောက်ဖူးမြော်ကြရာမှာ အလိုလို စမ်းရေထွက်သောကန်(နတ်ရေကန်)မှာ ဒကာမတစ်ဦး ရေချိုးပြီးနောက် ချက်ချင်း ရေတွေ ခန်းခြောက်သွားခဲ့တယ်။ အဲဒီအခါမှာ ဆရာတော်က မေတ္တာပို့လိုက်တာနဲ့ ခန်းခြောက်သွားတဲ့ စမ်းရေကန်ထဲမှာ ရေတွေက အလိုလိုပြန်ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တယ်။ တစ်ခါ ကမ်းပြိုတောင်မှာ နေစဉ်ကလည်း ညဘက် သန်းခေါင်ယံကျော်တာနဲ့ ကောင်းကင်က တူရိယာသံတွေ ကြားရတဲ့အကြောင်း အနီးအနားကလူတွေက ပြောကြတယ်။ နောက်တစ်ခု ဆရာတော်ထံ နေ့စဉ် ဆွမ်းလာလှူတဲ့သူ သုံး,လေးဆယ်ရှိတယ်။ လာတဲ့လူတိုင်း ဆရာတော်ကို အခန်းထဲမှာရော အပြင်မှာပါ မဖူးတွေ့ကြရဘူး။ အေး··ဒါပေမဲ့ ဆွမ်းစားတုံးခေါက်လို့ အချက်ပေးပြီဆိုရင် လူတွေရှေ့မှာ ဘုန်းကြီးက ရောက်နေတာ တွေ့ကြရတယ်တဲ့'

'ဒါဆိုရင် ဘုန်းကြီးက ရဟန္တာဖြစ်လို့နေမှာပေါ့'

'အေးလေ··ဒါကတော့ ကိုယ့်ဘာသာ တွေးကြည့်ဆင်ခြင်ကြပေါ့။ ဘုန်းကြီးကတော့ သူ့ကိုယ်သူ ရဟန္တာလို့ ဘယ်ပြောပါ့မလဲကွာ။ ပိုပြီးထူးဆန်းတာက နံကသူဂူနဲ့ အခု တို့နေတဲ့ဂူတွေမှာ သီတင်းသုံးတဲ့အခါ နဂါးလိုလို၊ မြွေလိုလို သတ္တဝါတွေကို ဒကာက ရှေ့တိုး၊ ဒကာမက နောက်ဆုတ် စတဲ့စကားတွေမိန့်ပြီး တရားဟောလေ့ရှိတယ်လို့ ဆရာတော်ကြီးနဲ့ အတူနေခဲ့တဲ့ ကပ္ပိယကြီးက ပြန်ပြောပြတာကို မှတ်သားခဲ့ရဖူးတယ်ကွာ။ အဲဒါကြောင့် ဒီနေရာတွေဟာ ဂမ္ဘီရနယ်မြေတွေဖြစ်တယ်။ အမြဲထာဝရ မေတ္တာစိတ်မွေးပြီး ကုသိုလ်ဆက်နေမှ အန္တရာယ်ကင်းကင်းနဲ့ နေလို့ရမှာ။ မင်းလည်း ဒီနေ့ကစပြီးတော့ တရားရှုမှတ်ပွားများအားထုတ်ခြင်းကို လုပ်ပေတော့။ ကြားလား'

'တင်ပါ့ဘုရား။ တပည့်တော် ဒီနေ့ကစပြီး ကြိုးစားလုပ်ဆောင်ပါမယ်ဘုရား'

ကျွန်ုပ်မှာ ဦးပညာသီရိကို အားတက်သရော ပြန်ဖြေရင်း အားထုတ်ရန် တကယ်ပင် သန္နိဋ္ဌာန်ချလိုက်မိပါတော့သည်။ ထိုညတွင် မှောင်မည်းသောဂူထဲ၌ထိုင်ရင်း ပုတီးကိုးပတ်ကို အရဟံဂုဏ်တော်အား ရည်စူး၍ စိပ်ပြီး အိပ်ခဲ့သည်။ ဦးပညာသီရိကား မိုးလင်းသည်ထိ ပုတီးစိပ် တရားထိုင်မပျက်ကြောင်း အံ့သြစွာ တွေ့ရှိရလေသည်။

နံနက်လင်းအားကြီး ရောက်သည့်အချိန်တွင် ဦးပညာသီရိမှာ ကျွန်ုပ်ကိုခေါ်ကာ ဂူတွင်းမှ ထွက်လိုက်သည်။ တောင်ကမူရှိ ကျောက်စေတီရှေ့၌ ထပ်မံဝပ်တွား ရှိခိုးကန်တော့ ဆုတောင်းပြီးနောက် ကျောက်စေတီ၏ အရှေ့တောင်ဘက် လိုဏ်ထဲသို့ ကျွန်ုပ်ကိုပါ ခေါ်ဆောင်၍ ဆင်းသွားလေသည်။ လှိုဏ်အောက်ခြေတွင် မြေပြန့်ဖြစ်ကာ သစ်ပင်ကြီးငယ်မျိုးစုံဖြင့် ရောယှက်နေရာ တစ်ခါတစ်ရံ ပါလာသည့် ကိုင်းခုတ်ဓားဖြင့် နွယ်ပင်တချို့ကို ခုတ်ထွင်ရှင်းလင်းရသည်။

ဤသို့ဖြင့် နှစ်မိုင်ခန့် လျှောက်သွားပြီးသည့်တွင် ဝါးရုံချုံတစ်ခုကို တွေ့ရသည်။ ဦးပညာသီရိက ကျွန်ုပ်အား ဝါးရုံပင်နားအထိ လာခိုင်းပြီး ဝါးပင်တစ်ပင်နှစ်ပင်ကို ဖယ်ရှားကာ ကျန်ဝါးပင်များထဲမှ ဝါးနှစ်ပင်ကို ခုတ်ပေးရန် ကျွန်ုပ်အား ညွှန်ကြားလေသည်။ ကျွန်ုပ်က ဦးပညာသီရိ ခုတ်ခိုင်းသော ဝါးပင်နှစ်ပင်အား လူတစ်ရပ်စာအရှည်ခန့် ခုတ်ပေးပြီး ဝါးရွက်များကိုပါ သန့်စင်ကာ ဦးပညာသီရိ လက်သို့ အပ်လိုက်သည်။

'ဂလောက်··ဂလောက်··ဂလောက်'

ဦးပညာသီရိက သူ၏လက်ထဲမှ ဝါးလုံးနှစ်ခုကို တစ်ခုစီ လှုပ်ယမ်းကြည့်ရာတွင် ဝါးပင်တစ်ပင်ထဲမှာ အသံမြည်လာသံကို ကြားလိုက်ရသည်။ ကြားရသည့်အသံမှာ ဝါးလုံး၏ အဆစ်ပိုင်းများအတွင်းမှဖြစ်ကြောင်း သိရသည်။

'အေး··အဲဒါ ဘိုးတော်ပေးတဲ့ ဆေးတောင်ဝှေးပဲကွ ရှေ့··မင်း ဟောဒီဝါးလုံးကို သေချာလှုပ်ပြီး နားထောင်ကြည့် ဒီဝါးလုံးကတော့ အထဲမှာ ဘာမှမရှိဘူး။ သွားတော့'

ဦးပညာသီရိက ကျွန်ုပ်အား အသံမြည်သည့်ဝါးလုံးကို လှမ်းပေးရင်း ကျန်ဝါးလုံးတစ်လုံးအား ဝါးရုံပင်ခြေသို့ ပစ်ချထားလိုက်သည်။ ကျွန်ုပ်မှာ ဦးပညာသီရိ လှမ်းပေးသည့် ဝါးလုံးကို ကြိမ်ဖန်များစွာ လှုပ်ခတ်ကြည့်ရာ ဝါးလုံးထဲမှ တစ်ခုခုလှုပ်ခတ်သံကို အတိုင်းသား ကြားရပါတော့သည်။

'ဘယ့်နှယ်လဲ တင်မောင်၊ ဒါ မထူးဆန်းဘူးလား'

'ထူးဆန်းတာပေါ့ဘုရား၊ တပည့်တော်တစ်သက် ဒါမျိုး တစ်ခါမှမတွေ့ဖူးဘူး။ ဝါးပင်ထဲမှာ အလုံးတွေ ရှိနေတာတော့ ကျိန်းသေတယ်။ ဒါကြောင့် အသံမြည်နေတာပေါ့'

'အင်း··ခုမှ မင်းကို ရှင်းပြရမယ်။ တကယ်တော့ ညက တစ်ညလုံး ငါ အဓိဋ္ဌာန်ပုတီးစိပ်နေခဲ့တယ်။ အဲဒီမှာ ငါ့ဆီကို ဝတ်ဖြူစင်ကြယ်နဲ့ တောင်ဝှေးတစ်ချောင်း ကိုင်ထားတဲ့ ဘိုးတော်တစ်ပါး ကြွလာတယ်။ အဲဒီဘိုးတော်က သူ့လက်ထဲကတောင်ဝှေးကို လှုပ်ပြတယ်။ အခု ဒီဝါးလုံးနဲ့ တူတယ်။ အသံကလည်း ဒီအတိုင်းပဲ။ ပြီးတော့ ငါ့ကို အဲဒီတောင်ဝှေး လှမ်းပေးပြီး မင်း အဲဒီတောင်ဝှေးနဲ့ သတ္တဝါတွေရဲ့အသက်ကို ကယ်လို့ ပြောပြီး ပျောက်သွားတယ်ကွ

www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ငါ မင်းကိုခေါ်လာပြီး ဝါးရုံတောမှာ လာစမ်းသပ်ကြည့်တာ။ ခုတော့ ဘိုးတော်ပေးတဲ့ ဆေးတောင်ဝှေး ရပြီ။ ဒါဟာ ငါ့ရဲ့ အကျင့်စရဏစစ်တမ်းပဲ။ ကဲ··သွား ကြရအောင်'

ဦးပညာသီရိက ကျွန်ုပ်၏လက်ထဲမှ အသံမြည်သော ဝါးလုံးကို လှမ်းယူရင်း ရှေ့က ဦးဆောင်ကြွသွားသဖြင့် ကျွန်ုပ်လည်း နောက်မှ လိုက်ခဲ့ရတော့သည်။ ခရီးတစ်ဝက် ခန့်အရောက်တွင် လူတစ်ယောက်၏ ညည်းတွားသံတစ်သံ ကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့ ခြေလှမ်းများ တုံ့ဆိုင်း သွားရသည်။

'အား··အား··ဟင်း··ဟင်း'

အသံလာရာဘေးဘီသို့ ဝေ့ဝဲကြည့်ရာတွင် ကျွန်ုပ်တို့ နှင့် မလှမ်းမကမ်းတွင် လူကြီးတစ်ယောက် လဲကျရင်း ညည်းတွားနေသည်ကို တွေ့ရသည်။ ထိုလူကြီးမှာ အသက် ငါးဆယ်ဝန်းကျင်ခန့်ရှိပြီး သူနှင့် မလှမ်းမကမ်းတွင် ထင်း ထမ်းတုတ်တစ်ခုကို တွေ့ရသည်။ ထိုလူကြီးမှာ သူ၏ ခြေ ထောက်တစ်ဖက်ကိုကိုင်၍ ညည်းတွားနေသည်ဖြစ်ရာ ဦး ပညာသီရိက ထိုလူကြီးအနားသို့သွား၍ လေ့လာကြည့်ပြီး နောက် သူ၏လက်၌ အသင့်ကိုင်ထားသော ဝါးလုံးတောင်ဝှေး ထိပ်ဖြင့် သုံး,လေးချက် ထိုးပေါက်လိုက်သည်။

ထိုအခါ ခြေထောက်တစ်နေရာမှ သွေးမည်းများယိုစီး ထွက်ကျလာကာ လူကြီးမှာလည်း ချက်ချင်းပင် ထထိုင်လာ သည်ကို တွေ့ရသည်။ ကျွန်ုပ်မှာ ထိုမြင်ကွင်းကို ကြည့် ပြီးနောက် အံ့အားသင့်ကာ ငေးကြည့်နေမိသည်။

'တင်မောင်ရေ··သူ့သွေးတွေကို တစ်ခုခုနဲ့ သုတ်ပေး လိုက်ပါကွာ။ ပြီးရင် အဲဒီသွေးပုပ်တွေ ကုန်အောင်လည်း ညှစ်ထုတ်လိုက်ပါဦး'

ဦးပညာသီရိ စကားအတိုင်း ကျွန်ုပ်က လိုက်လုပ်ပေး နေသည်ကို လူကြီးက ကျွန်ုပ်တို့အား ငေးကြောင်၍ကြည့် နေရှာသည်။ အတန်ကြာမှ ထိုလူကြီးက ရောဂါပျောက် ကင်းသွားသည့်အလား ဦးပညာသီရိခြေရင်း၌ ဝပ်တွား၍ လက်အုပ်ချီကန်တော့ရင်း ပြောလေသည်။

'တပည့်တော်ရဲ့ အသက်ဟာ အရှင်ဘုရားကယ်တဲ့ အသက်ပဲ ရှိပါတယ်ဘုရား။ တပည့်တော်က ကြက်ပေါင် ကုန်းရွာကပါ။ ထင်းခွေလာရင်း ပိုးထိခံရတာပါဘုရား။ အရှင်ဘုရားနဲ့တွေ့လို့ တပည့်တော် အသက်ချမ်းသာရ ရတာပါဘုရား။ တပည့်တော်ကို အရှင်ဘုရားတစ်သက် ခိုင်းချင်ရာ ခိုင်းပါဘုရား။ တပည့်တော် ကျေးဇူးဆပ်ပါရစေ ဘုရား'

'ကဲ··ကဲ··ဒကာကြီး၊ ဒကာကြီး ခုလိုကျန်းမာသွား တာကိုပဲ ဦးပဉ္စင်းက ဝမ်းသာလှပါပြီ။ တကယ်တော့ လူ တွေက ကံနဲ့ ဖြစ်ပျက်နေကြတာလေ။ ဒကာကြီးကံကိုက ကျုပ်နဲ့တွေ့ဖို့ ပါလာသလို ကျုပ်ကလည်း ဒကာကြီးကို ခုလို ကူညီခွင့်ရဖို့ အကြောင်းပါလာတာကိုး။ ဒကာကြီး ကျေးဇူးဆပ်ချင်ရင်တော့ နတ်ကောင်းနတ်မြတ်တွေနဲ့ ဘိုး တော်တွေကို မေတ္တာပို့ပေး၊ ကြားလား။ အိမ်ရောက်ရင်တော့ ဆေးမြီးတိုလေးဘာလေး လိမ်းထား။ ကြားလား။ မသက် သာရင်တော့ ကျုပ်ဆီ ပြန်လာခဲ့။ ကဲ··တင်မောင်၊ သွား ကြရအောင်'

ဦးပညာသီရိက ဝါးတောင်ဝှေးကို အဖော်ပြု၍ ရှေ့က လျှောက်သွားနေသဖြင့် ကျွန်ုပ်မှာလည်း ဦးပညာသီရိကို မီအောင် နောက်မှ အားကုန်လိုက်လျှောက်ရတော့သည်။ ထိုနေ့မှစ၍ ဦးပညာသီရိသည် မည်သည့်ခရီးကို သွားသည် ဖြစ်စေ ထိုတောင်ဝှေးကိုကိုင်၍ သွားသည်။ ထိုဝါးတောင် ဝှေးမှာ ဦးပညာသီရိ၏ အဖော်ဖြစ်သည်။

ထိုဝါးတောင်ဝှေးနှင့်ပင် အခက်အခဲပေါင်းတချို့နှင့် အသက်ပေါင်းများစွာတို့ကို ကယ်တင်ပေးနိုင်ခဲ့သည်။ ထို ဝါးတောင်ဝှေးမှ ညဥ့်ဦးယံ တစ်ခါတစ်ရံတွင် တူရိယာသံ များကဲ့သို့ အသံလွင်လွင်တို့ကို ကြားရသည်များလည်းရှိ သည်။ ထိုတောင်ဝှေးကို မသမာသူတချို့က ခိုးယူသွားခဲ့ သော်လည်း ထိုတောင်ဝှေးမှာ ဦးပညာသီရိထံသို့သာ ပြန် လည်ရောက်ရှိလာခဲ့သည်။ ထိုတောင်ဝှေးကား ယခုထိတိုင် ကြပ်ပြင်တော်ရ သာသနာ့ နယ်မြေ၏ သာသနာပြုဆရာတော် ဦးပညာသီရိ လက်ထဲ၌ ရှိနေဆဲပင် ဖြစ်ပါသတည်း။

**ချစ်မင်းသူ**





www.burmeseclassic.com

www.burmeseclassic.com

လောကသိပ္ပနေမိတ္တကကျမ်းထဲတွင် ရှေးဆရာကြီးများ၏ ဝိဇ္ဇာ(၁၂)ပါးတို့အကြောင်းကို ရှင်းလင်းတင်ပြထားသည်။ ဝိဇ္ဇာအတတ်ကို လေ့လာလိုက်စားသိရှိလိုသူများအတွက် မိတ်ဆက်ပေးချင်ပါသည်။

ဝိဇ္ဇာ(၁၂)ပါးတွင် အင်္ဂဝိဇ္ဇာ၊ ဝတ္ထုဝိဇ္ဇာ၊ ခတ္တဝိဇ္ဇာ၊ သိဝဝိဇ္ဇာ၊ ဘူတဝိဇ္ဇာ၊ ဘူရိဝိဇ္ဇာ၊ အဟိဝိဇ္ဇာ၊ ဝိသဝိဇ္ဇာ၊ ဝိစ္ဆကဝိဇ္ဇာ၊ မူသိကဝိဇ္ဇာဟု ရှိသည်။

(၁) အင်္ဂဝိဇ္ဇာဆိုသည်မှာ လက်ချောင်း၊ ခြေချောင်း၊ မျက်နှာပြင်တို့ကိုကြည့်၍ ဟောပြောရခြင်းဖြစ်သည်။ လူပုဂ္ဂိုလ် အသီးသီးတို့တွင် သွားလာနေထိုင်မှုအမျိုးမျိုးရှိနေတတ်ကြသည်။ ယခုခေတ်အလိုအရ စတိုင်ဟု ခေါ်ဆိုရပေမည်။

# ဝိဇ္ဇာ(၁၂)ပါးသိဒ္ဓိ(၁၀)ပါးနှင့် ရသေ့ဦးအောင်၏ မဟာဂန္ဓာရီကျင့်စဉ်

## ဂမ္ဘီရ-ရွှေသိမ်



www.burmeseclassic.com

www.burmeseclassic.com

...လက်တို့မှာ မည်သို့ပြုမူတတ်လျှင်၊ မည်သို့ခြေချောင်း၊ ...ချောင်းများ ရှိနေလျှင် မည်သည့် အသက်အပိုင်းခြားသို့ ...ကသောအခါ မည်သို့အပြောင်း အလဲရှိတတ်သည် ...ည်ဖြင့် ဟောပြောကြရခြင်းပညာပင် ဖြစ်သည်။

(၂) ဝတ္ထုဝိဇ္ဇာဆိုသည်မှာ အိမ်နှင့် အိမ်ခြံအတွင်း အပြစ် ...ကျိုးဟောသော ပညာရပ်ပင်ဖြစ်သည်။ မြေအနေအထား ...ကြည့်၍ ဤမြေအောက်တွင် မည်သည့်ပစ္စည်းရှိသည်၊ ဤမြေကြီး၌ အဆောက်အအုံဆောက်လုပ်သဖြင့် အကျိုး ...ရှိကို ခန့်မှန်းဟောကြားနိုင်သော အတတ်ပညာပင် ဖြစ်သည်။

(၃) ခတ္တဝိဇ္ဇာဆိုသည်မှာ ဆိတ်သတ္တဝါတို့၏ ကြန်အင်္ဂါ၊ ...သတ္တဝါတို့၏ ကြန်အင်္ဂါ၊ မြင်းသတ္တဝါတို့၏ ကြန်အင်္ဂါ ...တို့ကိုသိသော အတတ်ပညာပင် ဖြစ်သည်။

(၄) သိဝဝိဇ္ဇာဆိုသည်မှာ သုသာန်ဇရပ်၊ သင်္ချိုင်းထဲ၌ ဂါထာ ...မန္တရားမန်းမှုတ်၍ လိုအပ်သောအရာများကို ဆောင်ယူသော ...ပညာပင် ဖြစ်သည်။

(၅) ဘူတဝိဇ္ဇာဆိုသည်မှာ မြေဖုတ်ဘီလူးများကို ဂါထာ ...မန္တရားဖြင့် ခေါ်ယူသော မန္တန်အတတ်ပညာပင်ဖြစ်သည်။

(၆) ဘူရိဝိဇ္ဇာဆိုသည်မှာ မြေအိမ်၌ မန်းမှုတ်သော အတတ် ...ပညာပင်ဖြစ်သည်။

(၇) အဟိဝိဇ္ဇာဆိုသည်မှာ အဆိပ်ပြင်းသော မြွေများကို ...နိုင်နင်းသော ဂါထာမန္တရားအတတ်ပညာပင် ဖြစ်သည်။

(၈) ဝိသဝိဇ္ဇာဆိုသည်မှာ အဆိပ်ပြင်းသောမြွေများ ကိုက် ...ခြင်းကို ကုသပေးနိုင်သောပညာပင် ဖြစ်သည်။

(၉) ဝိစ္ဆိကဝိဇ္ဇာဆိုသည်မှာ အဆိပ်ပြင်းသောမြွေများနှင့် ...တစ်ဖန် ဆေးကုသပေးနိုင်သောပညာပင် ဖြစ်သည်။

(၁၀)မူသိကဝိဇ္ဇာဆိုသည်မှာ ကြွက် စသောသတ္တဝါတို့ ...ကိုက်ခဲသောအခါ ကုသပေးနိုင်သောပညာပင် ဖြစ်သည်။

(၁၁)သကုဏဝိဇ္ဇာဆိုသည်မှာ အတောင်ရှိ၊ မရှိသော ငှက် ...သတ္တဝါများဉာဏ်ကို သိသောအတတ်ပညာပင် ဖြစ်သည်။

(၁၂)ဝါသယဝိဇ္ဇာဆိုသည်မှာ ကျီး၊ ခင်ပုတ် စသော ငှက် ...များ၏အသံကို သိသောပညာပင် ဖြစ်သည်။

တစ်နည်းအားဖြင့် အထက်ဖော်ပြပါ ဝိဇ္ဇာ(၁၂)မျိုး ...တို့ကို လောကီဝိဇ္ဇာအတတ်ပညာများဟု သတ်မှတ်ရပေ ...သည်။ ဤပညာရပ်များနှင့်ပတ်သက်၍ ပိဋကတ်ကျမ်းဂန်ထဲ ...၌ သက်သေသာဓကထား တင်ပြရမည်ဆိုပါလျှင် သီလက္ခန် ...ကျမ်း စာမျက်နှာ(၈၉)တွင် အောက်ပါအတိုင်း ဖော်ပြထား ကြောင်း တွေ့ရှိခဲ့ရပါသည်။

အဆောက်အအုံများ ဆောက်လုပ်ရာ၌ လက်သမား ဆရာတစ်ဦးသည် ဖွတ်ရုပ် စသည်တို့ကို အဆောက်အအုံ လှပစေရန်အလို့ငှာ ပြုလုပ်ကြကုန်၏။ ယင်းအရုပ်များသည် ထိုအဆောက်အအုံ၌ နေသောသူတို့ကို အကျိုးအပြစ်ဖြစ်စေ ကုန်၏။ ရှေးကဖြစ်ဖူးသော အကြောင်းတစ်ခုမှာ ဤသို့ဖြစ် ၏။

လက်သမားဆရာကြီးတစ်ယောက်သည် ကျောင်းတစ် ကျောင်းကို ဆောက်လုပ်ရာ၌ ဖွတ်ရုပ်တစ်ခုကို ထုလုပ် လိုက်၏။ ထိုဖွတ်ရုပ်သည် မီးကိုမှုတ်နေပုံဖြစ်၏။ ထို့ကြောင့် ထိုကျောင်းပေါ်၌ နေကြကုန်သော ရဟန်းသံဃာများသည် အမြဲလိုလို ခိုက်ရန်ဒေါသ ဖြစ်ကြကုန်၏။ ဝိဇ္ဇာပညာကျွမ်း ကျင်သော ရဟန်းတစ်ပါး ရောက်လာသည့်အခါ ထိုဖွတ် ကောင်ရုပ်က မီးမှုတ်နေပုံကို မြင်တွေ့သွားသည်။ ထို့ ကြောင့် အမြန်ဆုံးဖျက်ဆီးပစ်လိုက်သည်။ ထိုအခါမှစ၍ ထိုဘုန်းကြီးကျောင်း၌ နေကြကုန်သော ရဟန်းသံဃာများ အချင်းချင်း ခိုက်ရန်ဒေါသဖြစ်ပွားမှု မရှိတော့ကြောင်း ပိဋ ကတ်ကျမ်းဟောင်းများတွင် ဖော်ပြခဲ့လေသည်။

မြွေရုပ်၊ နဂါးရုပ်၊ ခြင်္သေ့ရုပ်များ ထုလုပ်သောအခါ အစဉ်အလာစည်းကမ်း များစွာရှိ၏။ ထိုစည်းကမ်းများကို ဖောက်ဖျက်၍ ထုလုပ်ပါက တစ်မျိုးမျိုးကို ထိခိုက်တတ် သည်ဟူသော အယူအဆသည် ယခုခေတ်မှ အယူအဆ မဟုတ်။ ရှေးအစဉ်အလာ အယူအဆပင် ဖြစ်သည်။ ထို့ အပြင် သုတ်သီလက္ခန်ဗြဟ္မဇာလသုတ် မဟာသီလအခန်း၌ နိမိတ်နှင့်စပ်သော အယူအဆများ၊ ဂါထာမန္တရားနှင့်စပ် သော အယူအဆများတို့ကို အပြည့်စုံဆုံး ဖော်ပြထားသည် ကို တွေ့ရပေမည်။

ဤမည်သောနက္ခတ်သည် မည်သည့်အချိန်၌ ထွက် လတ္တံ့။ ဤမင်းသည် စစ်မြေပြင်သို့ ထွက်တိုက်က အနိုင်ရ အံ့။ ဤနေ့၌ လငပုပ်ဖမ်းလတ္တံ့။ လကြတ်လတ္တံ့။ ဤနေ့၌ နက္ခတ်ကောင်းနေသဖြင့် လူအများ ညီညွတ်လတ္တံ့။ ဤဂါ ထာကို မန်းမှုတ်၍ တရားရုံး၌တရားဆိုင်က အနိုင်ရလတ္တံ့။ ကြေးမုံမှန်ပြင်သို့ နတ်များကိုသက်စေ၍ လိုရာကိုမေးခြင်း၊ သတို့သမီးကိုယ်သို့ နတ်များပူးစေ၍ လိုရာကိုမေးခြင်း၊ မန္တန်မန်းမှုတ်၍ ခံတွင်းမှမီးကို ထွက်စေခြင်း၊ မြေကြီး၌ အိပ်၍ မန္တန်မန်းမှုတ်လျက် သင်ယူရသောအတတ် စသည် တို့ဖြင့် အတတ်ပေါင်းများစွာတို့ကို သုတ်သီလက္ခန်၌(၈၂)

www.burmeseclassic.com

တွင် ဖော်ပြထားသည်။

ထိုသို့အစွမ်းထက်မြတ်သော ဝိဇ္ဇာအတတ်ပညာရပ်များကို မည်ကဲ့သို့သင်ယူတတ်မြောက်နိုင်ပါသလဲဟု ကျွန်ုပ်အား စာဖတ်ပရိသတ်တစ်ဦးက မေးမြန်းခဲ့ဖူးသည်။ ဂေါတမမြတ်စွာဘုရားလောင်း သိဒ္ဓတ္ထမင်းသားပင် ဘုရားစင်စစ် ဧကန်ဖြစ်မည်ဟု ကောဏ္ဍညပုဏ္ဏားမှ ဗေဒင်အဟောထွက်ထားသော်လည်း (၆)နှစ်တာကာလ ကျင့်ကြံအားထုတ်ခဲ့ရသေးသည်။ ထို့ကြောင့် ဝိဇ္ဇာအတတ်ပညာရှင်ဖြစ်လိုသော ရဟန်း၊ ရသေ့၊ လူသားတို့လည်း အကျင့်သီလနှင့် သိဒ္ဓိပြည့်စုံမှသာလျှင် ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာကြီးများ ဖြစ်လာနိုင်ကြပေသည်။ ဝိဇ္ဇာအတတ်ပညာများကို ပေါက်မြောက်အောင် တဖြည်းဖြည်းကျင့်ကြံအားထုတ်ကြရသည်။ အကြိမ်ကြိမ်အခါခါ ထုံယူကြရသည်ဟုလည်း ဆိုကြပေသည်။

မြတ်စွာဘုရားရှင်သည် ဘဝပေါင်းများစွာ ပါရမီဖြည့်၍ ဘုရားဆုပန်ခဲ့ရသကဲ့သို့ လောကီဝိဇ္ဇာအတတ်နှင့် ဝိဇ္ဇာစခန်းမှ အရှင့်အမာပုဂ္ဂိုလ်များ၊ တိဟိတ်ပုဂ္ဂိုလ်များသည် ဘဝအဆက်ဆက် ပေါက်မြောက်အောင်မြင်ရန် ကြိုးစားကြရသည်။ သာမန်ပုထုဇဉ်များ၊ ဒွိဟိတ်ပုဂ္ဂိုလ်များသည် ဝိဇ္ဇာပညာရပ်ကို လိုက်စားသော်လည်း ပေါက်မြောက်အောင်မြင်ရန် မလွယ်ကူချေ။ ပဒပရမပုဂ္ဂိုလ်များ ဤဘဝတွင် တရားပေါက်မြောက်ခြင်း မရှိဘိသကဲ့သို့ ဖြစ်ချေသည်။

မည်သို့ပင်ဖြစ်စေ လူ၏သဘာဝသည် ကြီးပွားချမ်းသာချင်သည်။ အောင်မြင်ကျော်ကြားချင်သည်။ အသက်ရှည်ချင်သည်။ အနာမဲ့ချင်သည်။ ရုပ်အဆင်းအင်္ဂါ နုပျိုချင်ကြသည်။ သို့သော် ဝိဇ္ဇာအတတ်ပညာ မှန်သမျှမှာ ရုပ်နှင့်ဆိုင်သော သဘောသဘာဝထက် စိတ်နှင့်ဆိုင်သော သဘာဝရှိသည်။ ထို့ကြောင့် ပိုပြီးနက်ရှိုင်းရှုပ်ထွေးသည်။ သိပ္ပံအတတ်သည် ရုပ်သဘာဝကို ရှာဖွေ၍ ဝိဇ္ဇာအတတ်သည် စိတ်သဘာဝ (သို့မဟုတ်) နာမ်သဘာဝကို ရှာဖွေသည်။

ထို့ကြောင့် ဝိဇ္ဇာအတတ်သည် သိပ္ပံအတတ်ထက်သာလွန်ကြောင်း ဆိုချင်ပေသည်။ ဝိဇ္ဇာအတတ်ပညာများကို လေ့လာလိုက်စားလိုသောသူတို့သည် ပုဂ္ဂိုလ်သဘာဝအားဖြင့်လည်း သာလွန်၍မြင့်မြတ်ကြသည်။ ဝိဇ္ဇာအတတ်သည် စရဏအကျင့်ဖြင့်ယှဉ်၍ အားထုတ်မှုယူမှ ရနိုင်သည်။ သာမန် လေ့လာလိုက်စားရုံနှင့် မရနိုင်ချေ။

ဈာနလာဘီပုဂ္ဂိုလ်သည် နိဝရဏတရားများကြောင့် ငြိမ်းအေးကြရသည်။ ဝိဇ္ဇာမဟိဒ္ဓိပုဂ္ဂိုလ်များသည်လည်း နိဝရဏတရားတို့ဖြင့် ငြိမ်းအေးစေရသည်။ သို့မှသာ သိဒ္ဓိများကို ရရှိစေနိုင်သည်။ စရဏအကျင့်မရှိသော ပုဂ္ဂိုလ်သည် ဝိဇ္ဇာအတတ်ပညာတို့နှင့် မတန်ရာချေ။

ဝိဇ္ဇာအတတ်ပညာတို့ကို လေ့လာလိုက်စားလိုသူတို့သည် သီလစောင့်ထိန်းခြင်း၊ သက်သတ်လွတ်စားခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားအားထုတ်ခြင်း အမှုတို့ကို လုံ့လသန်သန်၊ ဖွဲသန်သန်ဖြင့် ပြုလုပ်ရတော့သည်။ သို့မှသာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိဖြစ်မည်။ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိဖြစ်မှ ဝိဇ္ဇာအတတ် တန်ခိုးသိဒ္ဓိများကို ရရှိစေနိုင်သည်။ ထို့ကြောင့် ဝိဇ္ဇာအတတ်ကို လေ့လာလိုက်စားလိုသော ရဟန်း၊ ရှင်၊ လူပုဂ္ဂိုလ်တို့သည် ပါရမီအားဖြင့် ရင့်မာကြ၍ စရဏအကျင့်များဖြင့် မြင့်မြတ်ကြရသည်။

ထွက်ရပ်ပေါက်တန်ခိုးရှင်၊ သိဒ္ဓိရှင်ကြီးများသည် မိမိတို့နှင့် ပဋ္ဌာန်းဆက်ရှိသည့် ပုဂ္ဂိုလ်တို့အား လောကီဓနသိဒ္ဓိများ၊ ထွက်ရပ်သိဒ္ဓိနည်းလမ်းများကို ပေးကမ်းတတ်ကြသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ပညာရပ်များ ပွားများလာရသည်။ ထို့ကြောင့် ယခုရသေ့ကြီးဦးအောင်၏ လက်ယာမဟိဒ္ဓိ မဟာဂန္ဓာရီကျင့်စဉ်နည်းများကို (ကျင့်စဉ်မူရင်းအတိုင်း) တင်ပြပေးချင်ပါသည်။

ထွက်ရပ်ပေါက်သိဒ္ဓိရှင်ကြီးများ လောကတွင် အောင်လေးအောင်နှင့် ခေါင်လေးခေါင်တို့မှာ လူသိထင်ရှား ကျော်ကြားလှပေသည်။ ထိုအောင်လေးအောင်ထဲမှ ဤရသေ့ကြီးဦးအောင်သည် အနန္တသိဒ္ဓိမဟိဒ္ဓိ ဗလစိန္တာစကရေယျဟုသော ဘွဲ့အမည် ရရှိထားသူပင်ဖြစ်သည်။

ဤနေရာတွင် သိဒ္ဓိ(၁၀)ပါးအကြောင်းကိုလည်း ရှင်းလင်းတင်ပြပေးချင်ပါသည်။ ထွက်ရပ်ပေါက်လောကတွင် သိဒ္ဓိ(၁၀)ပါးမှာလည်း အရေးကြီးသော အခန်းကဏ္ဍ၌ ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

**သိဒ္ဓိ(၁၀)ပါး၏သရုပ်**

(၁) အာရောဂျသိဒ္ဓိ - အနာရောဂါကင်းခြင်း၊
(၂) ယောဗ္ဗနသိဒ္ဓိ - အိုသောအဖြစ်မှ ပျို၍လာခြင်း၊
(၃) အာယုသိဒ္ဓိ - အသက်ရှည်ခြင်း၊
(၄) ကာယသိဒ္ဓိ - ဓား၊ လှံ၊ သေနတ်၊ လက်နက်၊ ရှိမ်းဆာယာ ပြီးခြင်း၊
(၅) ပီယသိဒ္ဓိ - သူတစ်ပါးမျက်နှာမြင်လျှင် ချစ်ခင်စေတတ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com

(၆) နေသိဒ္ဓိ - ရွှေ၊ ငွေ ဖြစ်ခြင်း၊
(၇) ပထဝီသိဒ္ဓိ - မြေကြောရှုံ့ခြင်း၊
(၈) ဥဒကသိဒ္ဓိ - ရေပေါ်၌ သွားလာနိုင်ခြင်း၊
(၉) အာကာသသိဒ္ဓိ - ကောင်းကင်ခရီး၌ သွားလာနိုင်ခြင်း၊
(၁၀) ဣန္ဒိဝိဓသိဒ္ဓိ - အထူးထူးအပြားပြားကို တန်ခိုးဖြင့် ဖန်ဆင်း၍ ပြနိုင်ခြင်းတို့ပင် ဖြစ်သည်။

**ကျင့်စဉ်ကျမ်းဖြစ်ပေါ်လာရခြင်း သမိုင်းအကျဉ်း**

မြန်မာနိုင်ငံအထက်ပိုင်း၌ မင်းတရားရွှေထီး တောင်ငူတွင် စိုးစံနေချိန်မှာ ပြည်မြို့တွင် နရပတိမင်း ဘုန်းတောက်နေချိန်ပင်ဖြစ်သည်။ အင်းဝ၌ သိုဟန်ဘွားကို မင်းကြီးရန်အောင်တို့ ကောဇာသက္ကရာဇ်(၉၀၄)ခုနှစ်တွင် လုပ်ကြံသောအချိန်၊ ရှမ်းအမတ်ညီနောင်ဖြစ်သော ဦးစောမောင်နှင့် ဦးစောအောင်တို့သည် ပြည်မြို့ဘက်သို့ ဧရာဝတီမြစ်ကြောင်းအတိုင်း လှေဖြင့် စုန်ဆင်းထွက်ပြေးခဲ့ကြရလေသည်။

ပြည်ခရိုင်၊ မှော်ဘီကြီးရွာ၌ ရှမ်းအနွယ်ဖြစ်သော ဆရာတော်ဦးပညာထံတွင် ခိုလှုံနေကြရသည်။ (၂)နှစ်ခန့်အကြာတွင် အစ်ကိုဦးစောမောင်မှာ မှော်ဘီရွာ၌ အိမ်ထောင်ကျခဲ့သည်။ ညီဖြစ်သူ ဦးစောအောင်မှာ ဆရာတော်ဦးပညာထံ၌ ရဟန်းဝတ်နှင့် နေလေသည်။

အောက်ဖော်ပြပါ စာမျက်နှာမှ မဟာဂန္ဓာရီကျင့်စဉ်နည်းများကို ဆရာတော်၏ပေစာထုပ် မှတ်စုများမှ တွေ့ရှိရသဖြင့် သက်တော်(၄၇)နှစ်၊ သိက္ခာတော်(၅)ဝါအရတွင် ပြည်မြို့ တစ်ဖက်ကမ်းရှိ ဖိုလ်ဦးတောင်သို့ သွားရောက်၍ ရဟန်းသိက္ခာချပြီးလျှင် တစ်ကိုယ်တည်း ဤမဟာဂန္ဓာရီကျင့်စဉ်တို့ကို အားထုတ်ခဲ့လေရာ သက်တော်(၆၃)နှစ်တွင် ဓာတ်သိဒ္ဓိမြောက်၍ သိဒ္ဓိပေါက်တော်မူသဖြင့် လူ၊ ရှင်၊ ရဟန်းအားလုံးပင် ကျင့်စဉ်ဝင်နိုင်ရန် ဆင့်ပွားတင်ပြလိုက်ရခြင်းဖြစ်ပေသည်။

**ကျင့်စဉ်အားထုတ်ပုံအစီအစဉ်**

မည်သည့်လတွင်မဆို အမြိတ္တစုတ်ရသောနေ့၌ နံနက်အချိန်ဖြစ်ပါက (၆း၂၁)နာရီအတွင်း၊ ညနေဖြစ်ပါက (၆း၃၀) နာရီအတွင်းလည်းကောင်း၊ မိမိနေအိမ်,ကျောင်း သင့်လျော်သောနေရာတွင် သာသနာပွဲငါးဖီးတစ်ပွဲ၊ ပန်းအိုးသုံးအိုး ထွန်းညှိ၍၊ ရဟန်းတော်များအတွက် ဆွမ်းပွဲ(၃၇)ပွဲ၊ ယို(၃)မျိုး၊ သစ်သီး(၉)မျိုး၊ မုန့်(၃)မျိုး သက်သတ်လွတ် ဆွမ်းကျွေးတင် ပူဇော်ပြီးလျှင် ဘုရားပင့်၊ နတ်ပင့်တို့ကို ပရိတ်ပြုကာ အဓိဋ္ဌာန်ဝင် အားထုတ်ရပါမည်။

ရှေးဦးစွာ မြတ်စွာဘုရားကိုပင့်၍ ဆွမ်းပွဲများလျှုဒါန်း ရှိခိုးပူဇော်ပြီး ဝိဇ္ဇာဓိုရ်များ၊ နတ်များပင့်ဖိတ်၍ မိမိတတ်စွမ်းသမျှ ပရိတ်တော်များ ရွတ်ဆိုမေတ္တာပို့သရမည် ဖြစ်ပါသည်။ ထို့နောက် ကုသိုလ်အဖို့ကို အမျှပေးဝေပြီးလျှင် ကျင့်စဉ်ကို အားထုတ်ရပါမည်။

**မှတ်ချက်**-တောစောင့်နတ်၊ တောင်စောင့်နတ်၊ နယ်တော်ရှင်၊ ပယ်တော်ရှင်၊ မြို့တော်ရှင်များ၏ပွဲတွင် လက်ဖက်စိုအနည်းငယ်စီ ထည့်ပေးရပါမည်။ ကျင့်စဉ်အားထုတ်နေချိန်အတွင်း ၄င်းပုဂ္ဂိုလ်များကို အထူးပြု၍ မေတ္တာပို့သပေးနေရမည်ဖြစ်သည်။

**အင်းချနည်းစည်းကမ်းချက်**

အင်းဘောင်တားခြင်း၊ အင်းဆံသွင်းခြင်း၊ စမရေးသွင်းခြင်းများကို ပြုလုပ်ရာ၌ အောက်ဖော်ပြပါ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရမည်။

၁။ ရှေးဦးစွာ အစက်ငယ်(ဝ) အင်းပန္နက်ချသောအခါ (ကပ္ပဗိန္ဒုကရော၊ မ)ဟု ဆိုရမည်။
၂။ အလျားလိုက်မျဉ်း ဆွဲသောအခါ သတ္တတိံသဗောဓိပက္ခိယဓမ္မာ နဘာဝေနဟု ဆိုရမည်။
၃။ ဒေါင်လိုက်မျဉ်း ဆွဲသောအခါ စတုရာသီတိသဟဿာနိ ဓမ္မက္ခန္ဓာ နဘာဝေနဟု ဆို၍ မျဉ်းဆွဲပါ။
၄။ (က၊ ဃ၊ ဏ၊ ဋ) ကြီးလေးကြီးအက္ခရာများ ရေးသွင်းသောအခါ နဝလောကုတ္တရဓမ္မာနဘာဝေနဟု ဆိုပြီး ဟိန်းပြီး သွင်းပါ။
၅။ (စ၊ ခ၊ ဗ၊ ဝ) စမလေးလုံးအက္ခရာများ ရေးသွင်းသောအခါ စက္ခုမာစရမာ စိဋ္ဌော၊ ဓမ္မည္ဏ ဓမ္မသာမိကော ဗလူပေတော ဗလဒဋ္ဌော၊ ဝရဒေါ ဒေတုမေ ဝရံ ဂါထာ တစ်ပုဒ်လုံး ဆုံးအောင်ရွတ်ဆိုပြီးမှ သွင်းရမည်။
၆။ (ခ၊ ဂ၊ င)ဗ မဂ္ဂဖလဉာဏ နဘာဝေနဟု ရွတ်ဆိုပြီး သွင်းရမည်။
၇။ (ဆ၊ ဇ၊ ဈ၊ ည) သီလ၊ သမာဓိ၊ ပညာ၊ နဘာဝေန၊
၈။ (ဋ္ဌ၊ ဌ၊ ဍ၊ ဎ၊ တ၊ ထ၊ ဒ၊ န) သတ္တဗောဇ္ဈင်္ဂ နဘာဝေန၊
၉။ (ပ၊ ဖ၊ ဗ၊ ဘ၊ မ) ပဉ္စဂုဏ နဘာဝေန၊
၁၀။ (ယ၊ ရ) အဋ္ဌသမာပတ္တိယာ နဘာဝေန၊
၁၁။ (လ၊ ဝ) စတုသစ္စ ဉာဏနဘာဝေန၊



www.burmeseclassic.com

www.burmeseclassic.com

၁၂။ (သ၊ ဟ) ဆဋ္ဌာဘိညာနုဘာဝေန ဆဲအသာဓာရဏာ ဉာဏာ နုဘာဝေန၊

၁၃။ (အ၊ အာ၊ အိ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) သဗ္ဗညုတဉာဏာ နုဘာဝေန။

<u>**အက္ခရာများလျှင် ဖျက်ရန်**</u>

အင်းမျဉ်းဘောင် ရေးဆွဲသောအခါ မျဉ်းလွန်သွားလျှင် နိရောဓ ဓမ္မံခမတိဟု ရွတ်ဆိုပြီး အင်းဆံမှားသွား၍ ဖျက်လိုသောအခါ အက္ခရာမေတံဝိဒ္ဓံသေတိဟု ရွတ်ဆိုရမည်။ ထိုသို့ အင်းကွက်ကို အောင်မြင်စွာချပြီးသောအခါ အင်းကို ကိုင်ပြီး ဖယောင်းတိုင်(၃)တိုင်နှင့် အမွှေးတိုင်(၃)တိုင်တို့ကို ဘုရားစင် (သို့မဟုတ်) သာသနာပွဲရှေ့တွင် ထွန်းညှိပူဇော်ထားလျက်။

ဝိဇ္ဇာ သိပ္ပံ မမ ကိစ္စံ သီဃံ သမိဇ္ဈတု..ကို (၉)ကြိမ်ထက်မနည်း ရွတ်ဆိုပေးရမည်။ နောက်ထပ်တစ်မျိုး ရွတ်ဆိုရမည့်ဂါထာမှာ အက္ခရာ မေတဥ္စ ဗုဒ္ဓရူပံဖြစ်ပြီး ဤဂါထာကိုလည်း (၉)ကြိမ်ထက်မနည်း ရွတ်ဆိုရမည်။ နှစ်မျိုးစလုံးမှာ သိဒ္ဓိတင်ဂါထာတို့ပင် ဖြစ်သည်။

လက်ယာမဟိဒ္ဓိ မဟာဂန္ဓာရီကျင့်စဉ်အင်းများကို ချသောအခါတွင် အဟိန်းမန္တန် ရွတ်ဆိုဆုံးပြီးမှ ခဲတံကို ကြွရပါမည်။ အင်းချနေသောအချိန်တွင် စကားလုံးဝ မပြောဆိုရပါ။ ဥပမာ-ဆောင့်ကြောင့်ထိုင်လျက် ချမိလျှင် ဆောင့်ကြောင့်ထိုင်ဖြင့် ပြီးဆုံးအောင် အင်းကို ချရပါမည်။



<u>**ဆွမ်းတော်ပွဲများ**</u>

၁။ ဘုရားပန်း(၃)အိုး၊

၂။ ဆွမ်းတော်ပွဲ(၃၇)ပွဲ၊

၃။ သစ်သီး(၉)မျိုး၊

၄။ ယို(၃)မျိုး၊

၅။ မုန့်(၃)မျိုး၊

၆။ သာသနာပွဲ။

<u>**ဆွမ်းတော်ပွဲများ လှူဒါန်းရန်**</u>

၁။ ဘုရား၊

၂။ ရှင်ဥပဂုတ္တ၊

၃။ ရှင်သီဝလိ၊

၄။ ဝိဇ္ဇာဓိုရ်ဆရာတော်များ၊

၅။ သူရဿတီဒေဝီပွဲများ၊

၆။ သိုက်များနှင့် ပဋ္ဌာန်းဆက်များ၊

၇။ မိမိတို့နေထိုင်သော မြို့ရွာ၊ နယ်ပယ်တို့နှင့် သက်ဆိုင်သော နတ်များ၊ ရွာတော်ရှင်များ။

<u>**သာသနာပွဲတွင်**</u>

၁။ အုန်းသီး(၁)လုံး၊

၂။ ငှက်ပျော(၅)ဖီး၊

၃။ ကွမ်းကတော့ (၅)ခု၊ (၅)ယာ၊

၄။ လဖက်ဖက်ကတော့(၅)၊

၅။ ဖယောင်း (၅)တိုင်၊

၆။ အမွှေးတိုင် (၅)တိုင်၊

၇။ အောင်သပြေ(၅)ခက်ထက်မနည်း (အောင်အိုးတစ်လုံး)၊

၈။ နံ့သာရည်ကို ပန်းကန်ဖြင့် ထည့်ထားပြီး အောင်သပြေပန်းဖြင့် ပက်ဖျန်းပေးရန် ဖြစ်သည်။

ထို့နောက် နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ အစရှိသဖြင့် ဘုရားပင့်ကို ရွတ်ဆိုရမည်။ ပြီးလျှင် သစ္စာပြုဆုတောင်းရမည်။ နတ်ပင့်ရမည်။ ဆောင်းပါးရှည်မည်စိုး၍ အသေးစိတ်မဖော်ပြတော့ပါ။

အောက်တွင် အဓိဋ္ဌာန်ဆောက်တည်ပုံနှင့် နတ်တို့အားအစောင့်အရှောက်ပြုစေရန်ကိုမူ ဖော်ပြပေးပါမည်။ အကယ်၍ မဟာဂန္ဓာရီကျင့်စဉ်နည်းများကို အသေးစိတ်သိလိုပါက စာရေးသူထံ သီးသန့်မေးမြန်းနိုင်ပါသည်။

<u>**အဓိဋ္ဌာန်ဆောက်တည်ပုံ**</u>

အကျွန်ုပ်(...)နေ့သားဖြစ်သူ (...)သည် ဤနေ့ ဤအချိန်မှစ၍ လာလတ္တံ့သော (၂၇)ရက်တိုင်တိုင် လက်ယာမဟိဒ္ဓိ မဟာဂန္ဓာရီကျင့်စဉ်ကို စတင်ကျင့်သုံးဆောက်တည်



www.burmeseclassic.com

www.burmeseclassic.com

... ၄င်းကျင့်စဉ်မှ ချမှတ်ထားသော အင်းများကို ...ခြင်း၊ မီးတိုင်တို့ ထွန်းညှိပူဇော်ခြင်း၊ ပုတီးစိပ်ခြင်း ... နေ့စဉ် ကျင့်သုံးဆောက်တည်သွားပါမည်။

**...ာင်း**

အကျွန်ုပ်သည် ကုန်း၌ကျက်စား သတ္တဝါတို့၏ အသား ... အရှင်းရှောင်ကွင်းရသော ကုသိုလ်ကံစေတနာတို့ ...ကြောင့် အာဇာတာဝေဟင် ကောင်းကင်စခန်းကဲ့သို့ ကျယ် ...သော ဘုန်းသမ္ဘာကံ၊ ပညာဂုဏ်တို့ ပြည့်စုံပါလို၏ ...ဘုရား။

**...တို့အား စောင့်ရှောက်ရန် တောင်းပန်ပုံ**

နိမန္တိတာ-အကျွန်ုပ်ပင့်ဖိတ်၍ ကြွရောက်လာကြကုန် ... ဒေဝတာ-နတ်အပေါင်းတို့သည်လည်းကောင်း၊ ဒေ ...ဘာစ-နတ်ဒေဝီအပေါင်းသည်လည်းကောင်း၊ ဝိဇ္ဇာဓရ ...ဘာစ-သိဒ္ဓိရှင်ဝိဇ္ဇာအပေါင်းတို့သည်လည်းကောင်း၊ ဒေ ...ဂါစ-နတ်၊ နဂါးတို့သည်လည်းကောင်း၊ တေသဗ္ဗေ- ...လုံးစုံများစွာ ဝိဇ္ဇာ သိကြား နတ်အများတို့နှင့် သိဒ္ဓိရှင် ...ပေါင်းသည်၊ မမ-အကျွန်ုပ်အား၊ ခိပ္ပမေဝ-လျင်မြန်စွာ ... ပဋိရက္ခန္တု-သိဒ္ဓိမြောက် မဟိဒ္ဓိမြောက် မဟိဒ္ဓိပေါက် အောင် ကြပ်မတ်စောင့်ရှောက်ပေးတော်မူကြပါစေကုန် သတည်း။

ဤကျင့်စဉ်ကို သောတဇနေ ရဟန်းတော်တို့သည် (၈၁) ရက်။ (၉)ကြိမ်အောင်မြင်ပါက သာသနာပြုစခန်းသို့ ကူး ပြောင်း၍ ဘုရားတည်ခြင်း၊ ခုနစ်ရက်သားသမီးတို့ကို ကယ် တင်ခြင်းဖြင့် စခန်းသွားရပါမည်။ လူပုဂ္ဂိုလ်ဖြစ်ပါက ဤ ကျင့်စဉ်ကို (၈၁)ရက် (၃)ကြိမ်ပေါက်မြောက်အောင်မြင် ပြီးပါက ဆရာတစ်ဆူဖြစ်လာပြီး သတ္တဝါတို့အား မဟိဒ္ဓိ ပညာဖြင့် ကူညီကယ်ဆယ်မ,စနိုင်စွမ်း ရှိလာပါမည်။ ကိုး ကြိမ်ကိုးခါ အောင်မြင်ပြီးပါက ကျင့်စဉ်လမ်းဆုံးပြီး ထွက် ရပ်စခန်းသို့ ထိုက်သင့်ရာမန္တန်၊ အင်း၊ ဓာတ်တို့ဖြင့် ကူး ပြောင်းသွားနိုင်ကြလေသည်။

သဗ္ဗေသတ္တာ ကမ္မသကာ

ဂမ္ဘီရ-ရွှေသိမ်

**မှတ်ချက်**

ပြည်၊ ရွှေတောင်မြို့၊ နတ်မော်ရွာမှ ဆရာသာကီဆွေ မှတ်စုများမှ ရရှိလာခြင်းဖြစ်၍ ကျေးဇူးတင်ရှိပါသည်။


# တောင်တွင်းကြီးမဟာတံခွန်

**နိုင်ငံကျော် ဝိဇ္ဇာ မဟိဒ္ဓိ သိဒ္ဓိ ဂမ္ဘီရ [အကြားအမြင်] ပညာရှင်**

**အမှတ်-၄၃၇(၇-လွှာ) ကျိုက္ကဆံလမ်း၊ အခွန်လွှတ်ဈေးရှေ့၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

☎ ၇၀၈၆၂၁၊ 📱 ၀၉ ၅၀ ၆၉၇၆၄၊ ☎ (၀၁) ၄၀၁၁၆၅

အပိုမပြောလိုပါ။ တစ်ကြိမ်တစ်ခါ ဆွေးနွေးကြည့်ရှုမှုဖြင့် စိတ်ကျေနပ်မှုရစေမည်။ အိမ်ထောင်ရေးမပြေလည် သူများ ဆရာကြီးနှင့် အမြန်ဆုံးဆက်သွယ်ဆွေးနွေးပါ။ ထီပေါက်ကိန်းရှိ/မရှိ ပြတ်ပြတ်သားသားသိရမည်။ ...သစဉ်အလိုက် ထိုးသင့်သော အက္ခရာစိုးမိုးဂဏန်းများကို စနစ်တကျ စိစစ်တွက်ချက်၍ တိကျစွာလမ်းညွှန်ပေးမည်။ ...ရာထူးအတက်အကျ၊ နိုင်ငံခြားသွားရကိန်းရှိ/မရှိ၊ သွားရမည့်နိုင်ငံ၊ ပညာရေးအခြေအနေ (စာမေးပွဲအောင်/ရှုံး).. ...သည်ဖြင့် တိတိကျကျ ဟောကိန်းထုတ်ပေးမည်။ ဘဝကံကြမ္မာမကောင်း၍ ဆင်းရဲဒုက္ခများနှင့် တွေ့ကြုံနေရ သူများအား မြန်မာ့ရိုးရာအင်္ဂဝိဇ္ဇာ ဓာတ်ယတြာပညာရပ်များဖြင့် ကံကြမ္မာမြင့်တင် ပါရမီဖြည့် ကူညီပေးနေသည်။ ဟောကိန်းတိကျမှန်ကန်မှုအတွက် ရာနှုန်းပြည့်တာဝန်ယူသည်။





www.burmeseclassic.com

www.burmeseclassic.com

(၁)

တစ်သက်တာက နှလုံးသားထဲ၌ စွဲမြဲတည်ဆောက်ခဲ့ရသော စိတ်ကူးယဉ်ချစ်ဗိမာန်ကြီးသည် မိမိမျက်စိအောက်မှာပင်တသိမ့်သိမ့် တဝုန်းဝုန်း ပြိုကျသွားသည်ကို မြင်လိုက်ရသလိုပါပဲလားဟု နန္ဒလုလင် မှတ်ထင်လိုက်မိသည်။ ဤကိစ္စ၊ ဤအဖြစ်အပျက်သည် ဘယ်သောအခါမျှ ဖြစ်ပွားပေါ်ပေါက်လာနိုင်ဖွယ်မရှိဟု အိပ်မက်မျှပင် ယောင်၍ မမက်ခဲ့ဖူးသောကြောင့် ယခုကဲ့သို့ မျက်ဝါးထင်ထင် မြင်တွေ့လာရချိန်၌ ပါးစပ်အဟောင်းသားဖြင့်ပင် အံ့သြတကြီး ငေးမောကြည့်ရှုကာ နာကျင်ကြေကွဲနေမိရလေတော့သည်။

ဟုတ်ပါသည်။ သူ့အမြင်တွေ လုံးဝမမှားယွင်းခဲ့ပါ။ ကြည့်ပါ။ ဦးကြီးတော်၏ အိမ်တော်ဝင်းမှသည် အမှုလုပ်အခြွေအရံ မိန်းမငယ်များ ခြံရှေ့လျှက် ထွက်ရှိလာသော ဝေါယာဉ်တစ်စီးသည် အထမ်းယောကျ်ား အိမ်တော်အမှုလုပ်(၄)ဦး၏ ပခုံးများထက်ဝယ် တငြိမ့်ငြိမ့် တလှုပ်လှုပ်ဖြင့် လမ်းမ





www.burmeseclassic.com

www.burmeseclassic.com



# မညှိုးနွမ်းသော ပဒုမ္မာ

## (၁)

ကြီးအတိုင်း တရွေ့ရွေ့ စီးမျောရွေ့လျားလာသည်မှာ တ်မဟုတ်။ လက်ငင်း တပ်အပ်ကြီး မြင်နေရသော ငွင်းစစ်စစ်ကြီး ဖြစ်တော့သည်။

နန္ဒလုလင်သည် လမ်းမကျယ်၏ရှေ့ဘက် တစ်နေရာမှရပ်ကာ မိမိတို့ဘက်ဆီသို့ လျားလာနေသော ဝေါယာဉ်ကို ငေးကြည့် ၏။ ထိုအချိန်တွင် သူ့ရင်ထဲ၌ က်လောင်လာသော အပူမီးက ငွေ့ငွေ့ သွေ့ဖြိုက်တတ်သော မာ ရင်တစ်ပြင်လုံးသို့ ဘက် ပျံ့နှံ့လာနေ၏။ မ်းလုလင်တို့၏ များထက်မှ ယာဉ်သည် က်လေးတန် ာ မျက်နှာစာ ၌ ဇာပဝါဖြူ းထိမ် စသည် ကာရံထား၏။ အတွေ့တွင် န်လွန့် တ်လွင့်ဝဲနေသော ါဖြူတင်းထိမ် း မျက်နှာ၏ ွင်းဘက်ထဲက က်အိစက်သော ါဖုံအခင်းဖြင့် ခုံပေါ်မှာတော့ နေသော လူရိပ် ပ်ကို ဗိုးတဝါး ာက်မြင်နေရသည်။

ထိုလူရိပ်ကလေးသည် တစ်ပါးသောသူ၏ မဟုတ်။ ခပ်ရေးရေးဝိုးတဝါးဖြင့် ါဖြူကို ထိုးဖောက်မြင်နေရသည့်တိုင် အလှပဆုံး ပ်တုကလေးတစ်ခုကို မြင်တွေ့နေရသလို အလှပကြီး တဲ့ နောက်မှာတော့ ထိုပုံရိပ်ပိုင်ရှင်သည် အစ်မတော် ဥပ္ပလဝဏ္ဏာပဲ ဖြစ်ရပေလိမ့်မည်ပေါ့။ တကယ်တော့ ထို အချက်ကို မိမိတစ်ယောက်တည်းသာ သိနေသည် မဟုတ် ပါ။ ဟောဒီ သာဝတ္ထိမြို့တော် တစ်မြို့တော် လုံးက ကျားကျား,မမ၊ ဖိုဖို,အိုအို အများစု ကြီးကလည်း သိနေကြမည်သာဖြစ် သည်။ ဟုတ်သည်လေ။ ဥပ္ပလ ဝဏ္ဏာဆိုတာ ဟောဒီသာ ဝတ္ထိမြို့တော်က အကျော် ကြားဆုံး အလှပိုင်ရှင်။ မြင်သူ တိုင်း ငေးကြရသလို ငေးသူ တိုင်းလည်း တမေ့တမော ဆွံ့အ သွားကာ မည်သည့်စကား မျှ မပြောနိုင်တော့ဘဲ အိပ်မွေ့ချထားခြင်း

www.burmeseclassic.com

ခံလိုက်ရသကဲ့သို့ ဖမ်းစားညှို့ငင်နိုင်စွမ်းသော အလှတရားတို့ စုဝေးဖွဲ့တည်ရာ သက်ရှိပန်းပုရုပ်တု။ သာဝတ္ထိမြို့တော်မှာ ဥပ္ပလဝဏ္ဏာကို မသိသူ မရှိပါ။ မငေးချင်၊ မကြည့်ချင်၊ မမြင်ချင်သူဟူ၍လည်း ရှိမည်မထင်ပါ။

အဘယ်ကြောင့်နည်း။ လူတိုင်းသည် အလှအပတရားကို နှစ်သက်မြတ်နိုးတတ်ကြသည်ချည်းဖြစ်၏။ ထိုနှစ်သက်မြတ်နိုးဖွယ် အလှအပတို့သည် ဥပ္ပလဝဏ္ဏာဆိုသော သတို့သမီး၌ ပြည့်စုံစွာတည်ရှိနေ၏။ အဖြေက ရှင်းရှင်းကလေးဖြစ်ပါသည်။

ဥပ္ပလဝဏ္ဏာသည် ပဒုမ္မာကြာပွင့်၏ အတွင်းသားနှင့်တူသော နူးညံ့ဝင်းမွတ်စိုလဲ့သော အသားအရေရှိ၏။ ထီးသုံးနန်းသုံး၊ မင်းသုံးပန်းပု ပညာရှင်တို့၏ အံ့မခန်းပညာကုန်ထုလုပ်ခြယ်မှုန်းအပ်သော ရုပ်တုတစ်ခုနှယ်သော မိန်းမမြတ်မိန်းမလှတို့၏ အပြစ်ကင်းသည့် ခန္ဓာကိုယ် အလှကောက်ကြောင်းတို့ ရှိ၏။ ပိတုန်းတို့၏ မာကျောသော အခွံမာကဲ့သို့နက်မှောင်တောက်ပသော ဆံကေသာ၏ ကောင်းခြင်းကလည်း ရာနှုန်းပြည့်။ ပန်းချီကျော်တို့ ဆေးရေးထားသကဲ့သို့ရှိသော နဖူး၊ ပါးပြင်၊ နှာတံ၊ နှုတ်ခမ်း၊ လုံးဝန်းသောမေးဖျားတို့ဖြင့် ဖွဲ့စည်းအပ်သော လှတစ်မျက်နှာကလည်းပြစ်မျိုးမဲ့မထင်။ ကောင်းခြင်းငါးဖြာ ကြန်အင်လက္ခဏာတို့သည် ဤသတို့သမီး၏ ခန္ဓာကိုယ်၊ အသားအရေ၊ အရိုးအဆစ်၊ အရပ်အမောင်း၊ အသက်အရွယ်တို့ အားလုံးတွင်အချိုးအဆညီမျှစွာ စုဝေးဖွဲ့တည်လျက်။

စင်စစ်၌ သူ၏အလှသည်သာမက သူ၏ ရရှိဖြစ်တည်ခဲ့သော ဘဝကလည်း အများအားကျဖွယ် ဖြစ်ခဲ့သည်။ အကျိုးပေးကောင်းတယ်၊ ဆုတောင်းကောင်းတယ်ဆိုတာသူလို မိန်းကလေးကို ပြောတာဟု အများစုကြီးက ချီးမွမ်းခဲ့ကြရ၏။ အဘယ်ကြောင့်ဆိုသော် သူမသည် စတင်မွေးဖွားလာခဲ့လေကတည်းက ဆင်းရဲနွမ်းပါးခြင်း၊ အလိုမပြည့်ခြင်း ဆိုသည်တို့ကို နားဝယ် လေသံမျှ မကြားဖူးခဲ့ရလေသောကြောင့်ဖြစ်သည်။ သူမ၏ ဖခင်ကြီးသည် သာဝတ္ထိမြို့တော်၏ ထင်ရှားသော သူဌေးကြီးများတွင် စာရင်းဝင်သူဌေးကြီးတစ်ဦး ဖြစ်လေသောကြောင့် ဘဝတစ်သက်တာတွင် ရွှေပင်ပေါ်ဖွားသော ရွှေကျေးကလေးအဖြစ် လိုတ,ရတောင့်တ,တိုင်းပြည့် နေထိုင်ရှင်သန်ခွင့်ရခဲ့သူတစ်ဦးလည်းဖြစ်နေပြန်ပါသေး၏။

ထိုသို့သော အရာရာပြီးပြည့်စုံခြင်းဖြင့် ဥပ္ပလဝဏ္ဏာသည် အရွယ်ရောက်လာခဲ့ခြင်းဖြစ်သည်။ ငယ်စဉ်ကတည်းက ဖခင်သူဌေးကြီးက လိုလေသေးမရှိ ဖြည့်ဆည်းပေးထားသော အထိန်းအယများ၊ အချော့တော်များ၊ အခြွေအရံအသင်းအပင်းများ အလယ်တွင် ငြိမ်းချမ်းပျော်ရွှင်စွာ ကြီးပြင်းလာခဲ့ရခြင်း ဖြစ်၏။

အရွယ်ရောက်လာသောအခါတွင်မူ သူမသည် အများသူငါ၏အမြင်တွင် တစ်ခိုင်လုံးရွှေ၊ တစ်ထွေလုံးပန်း၊ တစ်နန်းလုံးစိန်ဟု ဆိုရလောက်အောင် အပျိုစင်အပျိုသွေးတို့ဖြင့် လှရေးကြွယ်သူကလေး ဖြစ်လာလေတော့၏။ သူမ၏ အလှဂုဏ်သတင်းသည် သာဝတ္ထိမြို့သူမြို့သားတို့၏ နှုတ်ဖျားတွင်သာမက သာဝတ္ထိမြို့တော်၏ နယ်မြေဧရိယာကို ကျော်လွှားကာ ပတ်ဝန်းကျင် ဝေးနီးရပ်ခြားဒေသများ၊ မြို့ရွာကျေးလက်များသို့တိုင် ပျံ့နှံ့ထင်ရှားလေတော့သည်။

လောကဓမ္မတာကိုကလည်း သမီးချောတော့ ဝိုင်းပြောကြရသည် မဟုတ်ပါလား။ သာဝတ္ထိသူဌေးကြီးအဖို့ ချောမောလှပလွန်းသော ချစ်သမီး ဥပ္ပလဝဏ္ဏာနှင့်ပတ်သက်၍များစွာဂုဏ်တက်ပါ၏။ အရပ်ရှစ်မျက်နှာရှိ မြို့ရွာကျေးလက်ဒေသအသီးသီးမှ မြို့စား၊ ရွာစား၊ မင်းသား၊ သူဌေး၊ သူကြွယ်၊ ပုဏ္ဏားအစရှိ အဆင့်မြင့် အမျိုးကောင်းသားများစွာတို့သည် ကျော်ကြားလှသော ဥပ္ပလဝဏ္ဏာသတို့သမီးကို လက်ဆက်လိုကြ၏။ သူ့ထက်ငါဆိုသလို အောင်ဘမန်များ၊ နားဖောက်စေ့စပ် တောင်းရမ်းရေးအဖွဲ့များကို သူဌေးကြီးထံ စေလွှတ်ကြ၏။ များစွာတန်ဖိုးကြီးသော လက်ဆောင်ပဏ္ဏာများ ပို့ဆက်သကြကာ မိမိတို့၏သားနှင့် လက်ဆက်ခွင့်ပြုပါရန် ပန်ကြားကြ၏။ သာဝတ္ထိတစ်မြို့တည်းတွင် အတူနေထိုင်ကြသော ဂုဏ်ရည်တူ သူဌေးသူကြွယ်များ၊ မှူးကြီးမတ်ကြီး အစရှိသော ရာထူးဂုဏ်သိန်ကြီးမြင့်သူများ၏ ကမ်းလှမ်းမှုကိုလည်း နေ့စဉ် တစ်ယောက်တစ်မျိုးမရိုးရအောင် ရင်ဆိုင်လာရ၏။

ကောင်းပြီ။ သည်လိုဆိုတော့ ဥပ္ပလဝဏ္ဏာ သတို့သမီး၏ မေတ္တာပန်းကုံးသည် မည်သည့်သတို့သား၏ လည်တိုင်တွင် စွပ်မည်နည်း။ ထိုပြဿနာသည် အများက စောင့်ကြည့်အဖြေရှာနေသော ပြဿနာတစ်ခု ဖြစ်လာနေသည်။ သမီးချောအတွက် ဂုဏ်တက်ခဲ့ရသော သူဌေးကြီးအဖို့မှာတွင်လည်း ထိုအဖြေသည် ရှာဖွေရခက်ခဲသော အဖြေဖြစ်လာခဲ့တော့သည်။ သမီးချောကို နားဖောက်စေ့စပ် တောင်းရမ်းလာကြသူများကလည်း သူ့ထက်သူ လူစွမ်းကောင်းတွေ

www.burmeseclassic.com

ဖြစ်နေ၍ မည်သူ့ကို ရွေးချယ်ရကောင်းမှန်းမသိ။ ...တွင် တစ်စုံတစ်ဦးကို ခေါင်းညိတ်လက်ခံ ရွေးချယ် ...ိုက်ပါလျှင်လည်း ကျန်လူအများက ငြိုငြိုငြင်ငြင် ...မြင်ကာ အန္တရာယ်ပြုလာကြမည် သေချာသလောက် ...သည်။ မိမိတို့မိသားစု ရှေ့ရေးအတွက် ရန်သူရှာသလို ...တော့မည်မှာ ကေန်မုချပေတည်းဟု သိမြင်လာရ ... သူဌေးကြီး ဦးနှောက်ခြောက်ရလေတော့သည်။

ချစ်သမီး ဥပ္ပလဝဏ္ဏာကို အကဲခတ်ကြည့်တော့ မည် ...မှ မေတ္တာသက်ဝင်ပုံမရ။ စိတ်ဝင်စားဟန်လည်းမရှိ။ ...၏ အခြေအရံများနှင့်အတူ မြတ်စွာဘုရားရှင် သီတင်း ...တော်မူရာ ဇေတဝန်ကျောင်းတော်သို့သာ ပုံမှန်သွား ... ဘုရားရှင် ဟောကြားတော်မူသော တရားဓမ္မတို့နှင့်သာ ...လျော်နေသည်ကို တွေ့နေရ၏။ သို့ရာတွင် ချစ်သမီး၏ ...ရေးကိစ္စသည် တစ်စုံတစ်ခုသော အဖြေကို မရှာဘဲ ...အတိုင်း အီလေးဆွဲနေ၍ ပြီးမည်မဟုတ်။ တစ်ခုခု ... အမြန်ဆုံးဖြတ်ချက်ချကြမှ ဖြစ်တော့မည့်အခြေအနေ ... သူဌေးကြီးက သိမြင်နေ၏။ ထို့ကြောင့် ကာဖယက်ရှင် ...သော သမီးချောနှင့်သာ ပွင့်ပွင့်လင်းလင်း တိုင်ပင်အဖြေ ...ရန် ဆုံးဖြတ်ချက်ချရ၏။

'ကဲ‥ချစ်သမီးရေ၊ အဖေ့အနေနဲ့ကတော့ ကိုယ့်သမီး ... ပွင့်ပွင့်လင်းလင်း မေးမြန်းမှ ဖြစ်ပေတော့မယ်။ သမီး ... အလိုရှိလို့ လက်ထပ်ထိမ်းမြားပေးဖို့အရေး လာပြီး ...ာက်တောင်းရမ်း ကမ်းလှမ်းကြတဲ့ သူဌေးသူကြွယ် ...တွေ၊ မှူးမတ်၊ ပုဏ္ဏားတွေရဲ့ သားတွေကတော့ အများ ... အဲဒီအထဲက ချစ်သမီး သဘောကျနှစ်သက်နိုင် ...များရှိခဲ့ရင် အဖေ့ကို ပွင့်ပွင့်လင်းလင်းသာ ဖွင့်ပြော ...တော့။ သမီးရဲ့ သဘောထားကို သိရမှဖြစ်ပေတော့မယ်'

'သမီးကတော့ ဘယ်သူ့ကိုမှ သဘောမကျမိပါဘူး ...'

ဥပ္ပလဝဏ္ဏာ၏ အဖြေက ရှင်းသည်။ သည်လိုဆိုပြန် ... ဤလည်း တစ်ဒုက္ခဆိုသောကိန်းသို့ ဆိုက်ပြန်၏။

'ဒီလိုတော့လည်း မဟုတ်သေးပြန်ဘူး သမီးရဲ့။ ဘယ် ...မှ အဖြေမပေးဘဲ ဒီအတိုင်းနေပြန်တော့လည်း နေ့စဉ် ... တပူဆာဆာလုပ်နေကြပြန်တော့ တစ်နည်းခက်သေး ...။ တစ်စုံတစ်ဦးကို ခေါင်းညိတ်ပြန်ရင်လည်း ကျန်တဲ့ ...တွေက ဝိုင်းဝန်းအပြစ်တင် ငြိုငြင်ပြီး အန္တရာယ်ပြုလာ ...ကြောင့် ခက်ရပြန်တယ်။ ဒီအခက်အခဲအစွန်းနှစ်ရပ်က လွတ်မြောက်နိုင်တဲ့နည်းကတော့ ဘယ်သူကမှ အပြစ်မတင် သာဘဲ လက်လျှော့သွားကြရတဲ့ အလယ်အလတ်နည်းလမ်း ဖြစ်တဲ့ သူတို့နဲ့ ဘဝချင်း မတူနိုင်တော့တဲ့ ဘဝတစ်ခုကို ပြောင်းလဲပစ်လိုက်တဲ့ နည်းလမ်းကိုပဲ ရွေးချယ်ရလိမ့်မယ်'

'ဘယ်လိုနည်းလမ်းမျိုးပါလဲ အဖေ'

'တခြားမဟုတ်ဘူး ချစ်သမီး၊ သူတို့နဲ့ ဘဝချင်းခြား နားတဲ့ ရသေ့ရဟန်းဘဝ၊ ဘိက္ခုနီမဘဝကို ကူးပြောင်းနိုင် မယ်ဆိုရင်တော့ အခက်အခဲအစွန်းနှစ်ပါးက လွတ်မြောက် သွားမှာပဲ။ ဘယ်သူကမှလည်း ဆက်လက်တောင်းဆိုမှာ မဟုတ်တော့သလို ဘယ်သူကမှလည်း အပြစ်တင်အန္တရာယ် ပြုကြတော့မှ မဟုတ်တော့ဘူး။ ဒီတော့ ချစ်သမီးအနေနဲ့ ဘိက္ခုနီမဘဝကို ပြောင်းလဲနိုင်ပါ့မလားဆိုတာ စဉ်းစားပေ တော့'

ဖခင်သူဌေးကြီး၏ အကြံသည် တကယ်ပင် အစွန်း နှစ်ဖက်လွတ်သောအကြံပင်။ ဝမ်းမြောက်ဖို့ကောင်းသည် ကား ထိုအကြံကို ဥပ္ပလဝဏ္ဏာကလည်း နှစ်သက်စွာ လက် ခံဆောင်ရွက်ဖို့ အသင့်ရှိနေခြင်းပင် ဖြစ်တော့သည်။ ငြင်း ပယ်ရန်စေးစွ သူမကပါ ဖခင်နှင့် တစ်သဘောတည်း ထပ် တူရှိနေပေသေး၏။

'သိပ်ကိုသင့်မြတ်တဲ့ အကြံပါပဲ အဖေ။ သမီးရဲ့ဆန္ဒ ရှိတိုင်း ပြောရမယ်ဆိုရင် သမီးဟာ မြတ်စွာဘုရားရှင်ရဲ့ တရားဓမ္မတွေကို ဇေတဝန်ကျောင်းတော်မှာ စတင်နာကြား ခဲ့ရပြီးတဲ့ အချိန်ကတည်းက ဝတ်ကြောင်ကို စွန့်လွှတ်ပြီး ဘိက္ခုနီမအဖြစ်ကို ကူးပြောင်းချင်ခဲ့ပါတယ်။ သို့ပေမယ့် အဖေ့ကို ထောက်ထားငဲ့ညှာရမှာမို့ ဒီဆန္ဒကို ထုတ်ဖော် မပြောဘဲ ရင့်နေခဲ့ရတာပါ။ အခု အဖေကိုယ်တိုင်က ကြည်ဖြူခွင့်ပြုမယ် ပြောလာတော့ အတိုင်းထက်အလွန်ပါပဲ အဖေ။ သမီး ဝမ်းမြောက်ဝမ်းသာ ရဟန်းပြုပါ့မယ်'

'သာဓု‥သာဓု‥သာဓုပါ သမီးရယ်။ သမီးကမှ အဖေနဲ့ သဘောညီမယ်ဆိုရင် အဖေက သာဝတ္ထိတစ်မြို့လုံး သိအောင် ကြွေးကြော်ကြေညာပြီး ဘိက္ခုနီကျောင်းတော်ကို အရောက် ချစ်သမီးကို အခမ်းအနားနဲ့ ပို့ဆောင်ပေးမယ်ဗျာ'

သူဌေးကြီးမှာ သည်တော့မှ ပင့်သက်ချနိုင်လိုက်ရ တော့သည်။ သတို့သမီး အတောင်းအရမ်း လာရောက်ကြ မည့်သူများကိုလည်း အထူးတလည် ဖြေရှင်းပြနေစရာ မလို တော့ပြီ။

သူဌေးကြီးသည် သမီးချောထံမှ သဘောတူညီချက်ကို



www.burmeseclassic.com

www.burmeseclassic.com

ရသည်နှင့် ဥပ္ပလဝဏ္ဏာ သတို့သမီးသည် သူမ၏ ဆန္ဒအရ ဘိက္ခုနီကျောင်းသို့ သွားရောက်ကာ ရဟန်းပြုတော့မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်တော့၏။ ထိုသတင်းထွက်ပေါ်လာသည်နှင့် သာဝတ္ထိတစ်မြို့လုံး အကြီးအကျယ်ဥက္ကောဗေယျဖြစ်သွား၏။ မည်သူကမျှ မယုံကြည်နိုင်ကြ။ သူတို့မြို့၏ အကျော်ကြားဆုံးသော အလှပိုင်ရှင် သတို့သမီးသည် လူဝတ်ကြောင်ဘဝကိုစွန့်ကာ ဘိက္ခုနီမအဖြစ် ရဟန်းပြုတော့မည်ဆိုသောကြောင့် အံ့အားတသင့်ဖြစ်ကုန်ကြ၏။ သတို့သမီးကို မျှော်လင့်နေကြသောသူအပေါင်းကတော့ နှမြောတသ တဖွဖွဖြင့် မဟုတ်နိုင်ပါဘူး၊ မဖြစ်နိုင်ပါဘူးဟု ငြင်းဆန်ကြ၏။ အချို့ကလည်း သူဌေးကြီးသည် သူ့ဂုဏ်၊ သူ့ဒြပ်ဖြင့် မြို့တော်တစ်ခွင်သို့ မဟုတ်မမှန်သတင်းကို မလွှင့်တန်ရာ။ ဤသတင်းသည် အမှန်ဖြစ်ရမည်ဟု ဆင်ခြင်၍ သူတို့၏ မျှော်လင့်ချက်တို့ကို စွန့်လွှတ်လိုက်ကြလေသည်။ ကြားရသည့်သတင်းအတိုင်း အမှန်တကယ်ဖြစ်ကာမှ ဖြစ်လာရော တို့ကတော့ မျှော်လင့်ချက်ကို မစွန့်နိုင်သေးဘူး။ ဟုတ်၊မဟုတ် စောင့်ကြည့်ရဦးမှာပဲဟု သူ့ဘက် ငါးဆယ်ရာနှုန်း၊ ကိုယ့်ဘက် ငါးဆယ်ရာနှုန်း ဆန္ဒမျှော်လင့်ချက် လွန်ဆွဲနေကြသူတွေကလည်း အများအပြားဖြစ်သည်။

ထိုသို့ ဆန္ဒလွန်ဆွဲကာ စောင့်ကြည့်နေကြသူများထဲတွင် နန္ဒလုလင်သည်လည်း တစ်ဦးအပါအဝင်ပင်ဖြစ်သည်။ နန္ဒလုလင်သည် စင်စစ်၌ ဥပ္ပလဝဏ္ဏာ သတို့သမီး၏ မောင်တစ်ဝမ်းကွဲတော်စပ်သေးသူဖြစ်သည်။ ဦးကြီးတော်ဖြစ်သော သူဌေးကြီး၏ အိမ်တော်သို့လည်း အဝင်အထွက်ရှိသူ နှမတော် ဥပ္ပလဝဏ္ဏာနှင့်လည်း အဆက်အဆံရှိသူဖြစ်သည်။ သို့ရာတွင် အရွယ်ရောက်လာသည်နှင့် အပျိုစင်အပျိုသွေးတို့ဖြင့် မြင်သူတိုင်း ငေးရလောက်အောင် ဖွံ့ဖြိုးလှပလာသော ဥပ္ပလဝဏ္ဏာ၏ အလှကွန်ရက်မှ ရုန်းမထွက်နိုင်ဘဲ တပ်မက်ခြင်း တဏှာရာဂဖြင့် အစွဲလမ်းကြီး စွဲလမ်းမိခဲ့ရလေသည်။ ဥပ္ပလဝဏ္ဏာကသာ ဆွေမျိုးတော်စပ်သော မောင်အဖြစ် ရိုးဖြောင့်စွာ ဆက်ဆံခဲ့သော်လည်း နန္ဒလုလင်အနေဖြင့်မူ နှမအဖြစ် မမြင်နိုင်ဘဲ တိတ်တခိုး ချစ်ခင်စုံမက်ခြင်းဖြင့် ဟိုဘက်က ရိုးသမျှ ကိုယ့်ဘက်က ဆန်းနေခဲ့သူဖြစ်တော့၏။

မည်သို့ပင်စွဲလမ်းလှပါသည်ဆိုသော်လည်း နန္ဒလုလင်တို့မိသားစုအနေဖြင့်ကြည့်လျှင် သူတို့က အခြေအနေ နိမ့်ပါးနေ၏။ ဦးကြီးတော်က သူဌေးကြီးဖြစ်သော်လည်း နန္ဒလုလင်၏ မိဘများမှာမူ သာမန်မရှိမရှား လူတန်းစား စာရင်းဝင်မျှသာ ဖြစ်ကြ၏။ ထို့ကြောင့် အခြားသော သူဌေးသူကြွယ်သားများ၊ မှူးမတ်၊ ပုဏ္ဏားတို့၏ သားများက ဝိုင်းဝိုင်းလည်အောင် ကမ်းလှမ်းတောင်းရမ်းနေကြချိန်တွင် နန္ဒလုလင်မှာ ၎င်းတို့နှင့်ယှဉ်ပြိုင်၍ မတောင်းဆိုဝံ့၊ မကမ်းလှမ်းဝံ့ဘဲ အုံ့ပုန်းပူလူမသိ ဘဝဖြင့်သာ အနီးဆုံးမှာရှိလျက် အဝေးဆုံးလူ ဖြစ်နေခဲ့ရလေသည်။

ယနေ့တော့ဖြင့် သာဝတ္ထိတစ်မြို့လုံးသို့ ကြွေးကြော်ကြေညာခဲ့သော ဦးကြီးတော် သူဌေးကြီး၏ ကြေညာချက်သည် အမှန်တကယ်ဖြစ်ကြောင်း ဘွားဘွားကြီးထင်ရှားခဲ့ပါပြီကောလားဟူသောအသိဖြင့် နန္ဒလုလင်မှာ မြို့လယ်လမ်းမကြီးအတိုင်း တရွေ့ရွေ့နှင့်လာသော ချစ်နှမ ဥပ္ပလဝဏ္ဏာ၏ ဝေါယာဉ်ကိုငေးကြည့်ရင်း တသိမ့်သိမ့်ပူဆွေးနေမိရလေပြီ။ ဦးကြီးတော်သည် သူ၏သမီးတော် အလှသရဖူပိုင်ရှင်ကို သူကြေညာချက်အတိုင်း ဘိက္ခုနီမတို့၏ကျောင်းသို့ အခမ်းအနားဖြင့် သိုက်မြိုက်စွာ ပို့ဆောင်ခဲ့ပါပြီကော။ ထို့ကြောင့်လည်း သူ့နှလုံးသားထဲမှ စိတ်ကူးယဉ် ချစ်ဗိမာန်ကြီးသည် တစ်စတစ်မျှင်မျှ မကြွင်းကျန်တော့အောင် ပြိုကျသွားချေပြီဟု ကြေကွဲရခြင်း ဖြစ်လေတော့သည်။

◆◆◆

(၂)

ဥပ္ပလဝဏ္ဏာထေရီအရှင်မ။

သာဝတ္ထိမြို့တော်၏ အလှဘုရင်မကလေး၏ ဘိက္ခုနီမကျောင်းသို့ရောက်ရှိကာ ရဟန်းပြုပြီးချိန်တွင် အသစ်ထပ်မံရရှိခဲ့သော အမည်ပင်ဖြစ်သည်။ ဥပ္ပလဝဏ္ဏာထေရီသည် အသစ်ထပ်မံ ရရှိလာသော ထိုအမည်ကိုလည်းကောင်း၊ အသစ်ထပ်မံ ရရှိလိုက်သော ဘိက္ခုနီရဟန်းအဖြစ် ဘဝသစ်ကိုလည်းကောင်း များစွာကျေနပ်၏။ မြို့တော်တွင် ကျော်ကြားခဲ့သော အလှဘုရင်မ ဘဝသည် လမ်းတစ်ဆစ်ချိုး ခုလတ်၌ ကျန်ရစ်နေခဲ့ပေပြီ။

သူမသည် သာမန်လူဝတ်ကြောင် သူဌေးသမီးဘဝတုန်းကလည်း ရရှိပိုင်ဆိုင်ခဲ့သော အလှဘုရင်မဟူသည့် ကျော်ကြားမှုကို နှစ်သက်သာယာခဲ့သူ မဟုတ်။ ဇေတဝ ကျောင်းတော်တွင် သီတင်းသုံးနေတော်မူသည့် ဂေါတမ မြတ်စွာဘုရားရှင်၏ ဟောကြားဆုံးမတော်မူသော ဓမ္မတို့၌သာ ဝင်စားမွေ့လျော်ခဲ့သည်သာဖြစ်၏။ ယခုတော့



www.burmeseclassic.com

www.burmeseclassic.com

ပေါင်းအဖွဲ့ကင်းသော ဘိက္ခုနီရဟန်းမဘဝကို ပြောင်းလဲ ခံယူခဲ့ရပြီမို့ ဘုရားရှင်၏ အဆုံးအမအတိုင်း သူတော် ကောင်းတရားတို့ကို ကျင့်ကြံအားထုတ်ခွင့်ရရှိပြီဖြစ်၍ ဝမ်း မြောက်ဖွယ်အတိပါပေ။

ဥပ္ပလဝဏ္ဏာထေရီ အရှင်မသည် မိမိ ရဟန်းပြုခဲ့ရာ ဘိက္ခုနီမကျောင်းမှာပင် သီတင်းသုံးနေထိုင်၍ ရက်ပိုင်းမျှ အတွင်းမှာပင် ထိုကျောင်းအတွက် ထမ်းဆောင်ဖြည့်ဆည်း ရန် တာဝန်တစ်ခု ပေးအပ်ခြင်းခံရလေသည်။ အခြားမဟုတ် ပါ။ ဘိက္ခုနီကျောင်းတော်သို့ နောက်ဆုံးမှ ဝင်ရောက် ရဟန်းမ ပြုလာသော ဝါစဉ်အငယ်ဆုံး ရဟန်းမတိုင်း ထမ်း ဆောင်ရလေ့ရှိသော ကျောင်းတော်၏ ဝေယျာဝစ္စတာဝန်သာ ဖြစ်လေသည်။ ဥပ္ပလဝဏ္ဏာထေရီ၏ နောက်တွင်မှ ဤ ကျောင်းတော်သို့ ရောက်ရှိလာကာ ရဟန်းမ ပြုသော ထေရီ တစ်ပါးပါလည်း ဝါစဉ်အငယ်ဆုံးထေရီမ ဖြစ်လာမည်ဖြစ်သော ကြောင့် ထိုဝေယျာဝစ္စတာဝန်ကို လက်ဆင့်ကမ်း၍ ထမ်း ဆောင်ရမည်ပင် ဖြစ်သည်။ ဤကား ဘုရားရှင် သတ်မှတ် ထားသော စည်းကမ်းဥပဒေတစ်ရပ်ပင်တည်း။

ဥပ္ပလဝဏ္ဏာထေရီ အရှင်မသည်လည်း ကျရောက်လာ သော ထိုဝေယျာဝစ္စ တာဝန်အရ ကျောင်းဝင်းအတွင်းရှိ ဥပုသ်ပြုရန် သိမ်အပြင် ပုဗ္ဗကိစ္စများကို ဆောင်ရွက်ရလေ သည်။ ဥပုသ်ကံပြုရန် လာရောက်ကြမည့် ဝါစဉ်ကြီးသည့် အခြားရဟန်းမများ မလာသေးမီတွင် ကြိုတင်၍ ဥပုသ်သိမ် အပြင်၌ တံမြက်စည်းလှည်းကျင်းကာ အမှိုက်သရိုက်များကို ရှင်းလင်းထားရ၏။ ရဟန်းမအများ အလိုရှိလာလျှင် အသင့် သုံးစွဲနိုင်ရန် သုံးရေအိုးများ၊ အသင့်သောက်သုံးနိုင်ရန် သောက်ရေအိုးများ ဖြည့်တင်းကာ တည်ထားရ၏။ ရဟန်းမ များ ထိုင်နိုင်ရန် အခင်းဖျာများလည်း ကြိုတင်ခင်းကျင်းပြင် ဆင်ထားရ၏။ နေဝင်မိုးချုပ်စပြုလာ၍ အမှောင်ဘက်သို့ ကူးလာသည်နှင့် ဆီမီးများကို လင်းထိန်အောင် ထွန်းညှိထား ရ၏။

ဥပ္ပလဝဏ္ဏာထေရီ အရှင်မသည် နေ့စဉ်ပင် ထိုဝတ် များကို ပြုလုပ်ဖြည့်ဆည်းရ၏။ တစ်ခုသော ညချမ်းအဦး အတွင် အရှင်မသည် သီတင်းသုံးဖော် အခြားအရှင်မများ ရောက်မလာသေးမီ၌ ဥပုသ်သိမ်အတွင်း ဆီမီးများ ထွန်းညှိ ပြီးနောက် မိမိတစ်ပါးတည်းပင် ထွန်းညှိထားသော ဆီမီး၏ တောက်မီးလျှံကို စူးစိုက်ကြည့်ရှုကာ တေဇောကသိုဏ်း ရှုပွားများလေသည်။ တဖျစ်ဖျစ် တဟုတ်ဟုတ် တောက် လောင်နေသော မီးလျှံ၏ ထိပ်ဖျားအထက်ပိုင်းမှ မီးညွန့် ကလေးသည် ဟုတ်ခနဲ ခုန်တောက်ပြီးနောက် ဟုတ်ခနဲ ပျောက်သွား၏။ ထိုသို့ပျောက်သွားသော မီးညွန့်ကလေး၏ နေရာတွင် နောက်ထပ် မီးညွန့်ကလေးတစ်ခုက ဖျတ်ခနဲ အစားထိုး ဝင်ရောက်လာပြန်၏။ ထိုမီးညွန့်ကလေးသည် လည်း လျှပ်တစ်ပြက် လက်ဖျစ်တတွက် မျက်တောင်တစ် ခတ်စာမျှ အချိန်ပိုင်းအတွင်းမှာပင် လွင့်ခနဲ တောက်၍ ပျောက်ရှသွားပြန်၏။

အရှင်မသည် မီးညွန့်ကလေးများ၏ ဖြစ်ခြင်း၊ ပျက် ခြင်း၊ ချုပ်ပျောက်ခြင်း ဖြစ်စဉ်တို့ကို စူးစူးစိုက်စိုက် ဉာဏ် အမြင်ဖြင့် ရှုပွားနေလျက်မှ သမာဓိရင့်လာကာ ဈာန်သမာ ပတ်များ ရရှိလာခဲ့တော့၏။ ထိုဈာန်သမာပတ်တို့ကို အခြေခံ ပြုလျက် မြတ်စွာဘုရား ဟောကြားဆုံးမစဉ်က နာကြားမှတ် သားခဲ့ဖူးသော ဝိပဿနာကမ္မဋ္ဌာန်းဘက်သို့ ကူးပြောင်း၏။ တေဇောကသိုဏ်းမှ ရရှိလာသော သမထ၊ သမာဓိဈာန် သမာပတ်မှသည် ဖြစ်ခြင်း၊ ပျက်ခြင်းသဘောတို့ကို အခြေခံ ရှုမှတ်ပွားများသည့် ဝိပဿနာကမ္မဋ္ဌာန်းသို့ကူးလျက် ဆက် လက်စီးဖြန်းအားထုတ်လေရာ ရှေးဘဝအစဉ်က ပါလာခဲ့ သော ပါရမီ၏ထောက်ပံ့မှုဖြင့် ထိုညချမ်းမှာပင် အရဟတ္တ ဖိုလ်သို့ ဆိုက်ရောက်လေတော့သည်။

ရဟန်းပြုပြီး၍ လတစ်ဝက်မကျိုးမီ တစ်ဆယ့်ငါးရက် အတွင်းမှာပင် သာဝတ္ထိ၏အလှဘုရင်မ ဖြစ်ခဲ့ဖူးသော ဥပ္ပလ ဝဏ္ဏာထေရီ အရှင်မသည် ရဟန္တာအရှင်မအဖြစ်သို့ ကူး မြောက်ခဲ့ခြင်းပါပေတည်း။

◆ ◆ ◆

(၃)

ဥပ္ပလဝဏ္ဏာထေရီ အရှင်မသည် ရဟန္တာအရှင်မအဖြစ် သို့ ရောက်ရှိခဲ့ပြီးချိန်တွင် ပုထုဇဉ်ဘိက္ခုနီမများ သီတင်းသုံး ရာ ကျောင်းတော်မှ ခွဲခွာခဲ့လေသည်။ အဘယ်ကြောင့်ဆို သော် မိမိရရှိခဲ့ပြီးသော မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာဖြင့် တစ်ပါးတည်း စံနေတော်မူလိုသောကြောင့်ဖြစ်၏။ ထိုစဉ်က မြတ်စွာဘုရားရှင်ကလည်း ဘိက္ခုနီရဟန်းမတို့အား တောရ ဆောက်တည်ခွင့်ပြုထားတော်မူ၏။ ထို့ကြောင့် အရှင်မသည် ဇေတဝန်ကျောင်းတော်နှင့် အလှမ်းမဝေးလှသော နန္ဒဝန် တောအုပ်ထဲ၌ ကျောင်းသင်္ခမ်းကလေးတစ်ဆောင်ဖြင့် တစ် ပါးတည်း တောရဆောက်တည်ကာ မဂ်ဖိုလ်ချမ်းသာဖြင့် သီတင်းသုံးနေတော်မူလေသည်။

www.burmeseclassic.com

စင်စစ်တော့ ဥပ္ပလဝဏ္ဏာ အရှင်မသည် ရဟန္တာအဖြစ်သို့ ရောက်တော်မူပြီးဖြစ်၍ မဂ်ဖိုလ်ချမ်းသာဖြင့် စံနေတော်မူလို၍ ဤသို့ တစ်ပါးတည်း ခွဲထွက်ကာ တောရဆောက်တည်နေတော်မူခြင်းဖြစ်သည်။ သို့ရာတွင် ထိုသို့ တစ်ပါးတည်း သီတင်းသုံးတော်မူခြင်းကပင် မမျှော်လင့်သော အန္တရာယ်အတွက် အခွင့်အလမ်းတစ်ရပ် ဖြစ်သွားစေခဲ့လေသည်။ ထိုအန္တရာယ်ကို သယ်ဆောင်လာမည့်သူက အဆင်သင့် ရှိနေပါ၏။ အခြားသူ မဟုတ်၊ မောင်တစ်ဝမ်းကွဲတော်စပ်ခဲ့သော နန္ဒလုလင်ပင် ဖြစ်ပါတော့သည်။

နန္ဒလုလင်သည်ကား ကိလေသာ၌ နစ်မွန်းပျော်ပါးတောင့်တ,နေဆဲဖြစ်သော ပုထုဇဉ်မျှသာဖြစ်သည်။ သူသည် နှမတော် ဥပ္ပလဝဏ္ဏာဟူသော အလှပိုင်ရှင်သတို့သမီးကို တဏှာရာဂဖြင့် တပ်မက်စွဲလမ်းခဲ့သူဖြစ်သည်။ ဘဝချင်း အလှမ်းကွာလွန်းလှ၍ အိမ်ထောင်ဖက်အဖြစ် မကမ်းလှမ်းဝံ့သဖြင့် ကြိတ်မှိတ်နေခဲ့ရသည်။ သူ၏ စွဲလမ်းတပ်မက်မှုကား ပျောက်ကွယ်မသွားခဲ့။ ထိုမျှမက မရတာကိုမှ ပို၍လိုချင်တတ်သော အန္ဓပုထုဇဉ်တို့၏ ဓလေ့အတိုင်း လက်လွတ်ဆုံးရှုံးခဲ့ရပြီဆိုတော့မှ ပို၍ပိုင်ဆိုင်လိုသော အတ္တဆန္ဒမီးက ပို၍တောက်လောင်လာခဲ့သူ ဖြစ်သည်။

ဥပ္ပလဝဏ္ဏာ သတို့သမီးသည် ဘိက္ခုနီရဟန်းမဘဝသို့ ကူးပြောင်းသွားခဲ့ပြီဆိုသောအခါ အခြား,အခြားသော စေ့စပ်တောင်းရမ်းခဲ့သူများက လက်လျှော့ ခွင့်လွှတ်သွားခဲ့ကြသည်။ ဤသည်ကို နန္ဒလုလင်က မိမိ၏ ယှဉ်ပြိုင်ဘက်များ ကင်းရှင်းသွားခဲ့ပေပြီဟု ရှုမြင်သုံးသပ်ကာ ကျေနပ်နေခဲ့၏။ ဥပ္ပလဝဏ္ဏာ သတို့သမီးကို ပြိုင်ဘက်ကင်းစွာ ပိုင်ဆိုင်ခွင့်ရပေတော့မည်ဟု နီးစပ်ရန် အခွင့်အလမ်းကို ချောင်းမြောင်းနေခဲ့၏။

ကိလေသာရမ္မက်ဖုံးလွှမ်းနေသော နန္ဒလုလင်၏ အမြင်မှာတော့ ဥပ္ပလဝဏ္ဏာသည် ဘိက္ခုနီရဟန်းမ ဖြစ်သွားခဲ့သည်မှလွဲ၍ လူသာမန် သူဌေးသမီးဘဝကကဲ့သို့ပင် လှပနေဆဲ။ ကြာညိုပဒုမ္မာပန်းတစ်ပွင့်ကဲ့သို့ လန်းစွင့်ရွှန်းစိုနေဆဲ။ ကာမဂုဏ်ချမ်းသာကို ခံစားမွေ့လျော်နေကြသော ရပ်ထဲရွာထဲက အမျိုးသမီးများကဲ့သို့ပင် ဥပ္ပလဝဏ္ဏာအသားအရေတို့သည် ဝင်းမွတ်စိုပြည်နေဆဲ။ ခန္ဓာကိုယ်အချိုးအဆစ်တို့သည် ပြည့်တင်းကြွရွနေဆဲ။ ဤသို့သော အသွေးအသား၊ အသက်အရွယ်နှင့် ပျိုမျစ်လန်းဆန်းနေဆဲဖြစ်သော အမျိုးသမီးသည် ညို့ငင်ဆွဲဆောင်အား ကြီးမားလှသော ကာမဂုဏ် အတွေ့အထိအာရုံတို့နှင့် ရင်ဆိုင်ရလျှင် နှစ်သက်ပျော်မွေ့သွားရမည်သာ။ ကြမ်းတမ်းသော ရေစီးအလျဉ်နောက် ကောက်ကောက်မျောပါရသော ပန်းတစ်ပွင့်အဖြစ်သို့ ကူးပြောင်းရောက်ရှိသွားရမည်သာဟု ကိုယ့်အလိုဆန္ဒဘက် ကိုယ်ယက်ကာ တွေး၏။ ထိုအတွေး၏နောက်တွင် အကြံက ကပ်ပါလာ၏။ မကြံကောင်းမစည်ရာပါလားဟူသော အသိမှန် အမြင်မှန်ကို ကိလေသာတဏှာရမ္မက်မှောင်က ဖုံးလွှမ်းကွယ်ဖျောက်ထား၏။

ယခုအခါတွင် အခြေအနေက ပေးလာခဲ့ပြီ။ ဥပ္ပလဝဏ္ဏာသည် နန္ဒဝန်တောအုပ်ထဲတွင် တစ်ကိုယ်တည်းခွဲ၍ ကျောင်းသင်္ခမ်းငယ်ကလေးနှင့် နေထိုင်နေပေပြီ။ မိမိ၏ ကျူးလွန်မှုကို နှောင့်ယှက်ဟန့်တားမည့် အဖော်များလည်း မရှိပြီ။ မိမိကသာ ကာမဂုဏ်အတွေ့ဖြင့် ဆွဲဆောင်နိုင်လျှင် မိမိနောက်သို့ ကောက်ကောက်ပါလာရမည်မှာ ဧကန်မလွဲ။ ဖို,မတို့၏ သဘာဝသည် ဆိတ်ကွယ်ရာတွင် ဖောက်လွှဲတတ်ကြသည်ပင် မဟုတ်ပါလော။ ထို့အပြင် မိမိ၏ အားသာချက်မှာ ဥပ္ပလဝဏ္ဏာနှင့် မိမိက သူစိမ်းပြင်ပြင်ကြီးတွေ မဟုတ်၊ ယခင်ကတည်းက ဝင်ထွက်ဆက်ဆံ ရင်းနှီးမှုအခံ ရှိသူများ ဖြစ်ခဲ့ကြသည်ပဲ။

နန္ဒလုလင်သည် ထိုသို့သော အတွေးအကြံတို့ဖြင့် တစ်ခုသောနေ့ရက်တွင် ကျောင်းသင်္ခမ်းကလေးရှိရာ နန္ဒဝန်တောအုပ်သို့ ချဉ်းကပ်လာခဲ့၏။ ပြီးနောက် အခွင့်အခါကို ချောင်းမြောင်းနေခဲ့၏။ အရှင်မ ဥပ္ပလဝဏ္ဏာထေရီ သပိတ်ကိုပိုက်ကာ သာဝတ္ထိမြို့တော်ဘက်ဆီသို့ ဆွမ်းခံဝင်ရန် ထွက်ခွာသွားတော့မှ သူက ကျောင်းသင်္ခမ်းထဲသို့ အသင့်ဝင်ကာ ပုန်းခိုစောင့်ဆိုင်းနေလိုက်သည်။ ယနေ့အဖို့တော့ ဥပ္ပလဝဏ္ဏာဆိုသော အလှနတ်မိမယ်သည် သူ ပိုင်ဆိုင်ခွင့်ရရှိတော့မည့် အလှဘုရင်မသာ ဖြစ်ရပေမည်ဟု စိတ်တုံးတုံးချ ဆုံးဖြတ်ချက်ချလိုက်လေသည်။

ကျောင်းသင်္ခမ်းကလေးကတော့ ပီဘိတောရကျောင်းကလေးဖြစ်သည်။ ပတ်ဝန်းကျင်တစ်ခိုတွင် လူသူလေးပါး အသွားအလာလည်းမရှိ၊ အသံဗလံဆို၍လည်း သစ်ပင်သစ်ရွက်တို့ကို လေတိုးသံနှင့် ကျေးငှက်သာရကာတို့၏ တီတီ တာတာ သဘာဝအလျောက် တွန်ကျူးသံများလောက်သာ ရှိ၏။ ထိုသို့ လူသူပြတ်လပ် ကင်းဆိတ်ခြင်းကပင် နန္ဒလုလင်၏ ရမ္မက်လွှမ်းသော ဆုံးဖြတ်ချက်ကို ပို၍ခိုင်မာလာအောင် ကူညီအားဖြည့်ပေးနေသယောင် ရှိတော့၏



www.burmeseclassic.com

www.burmeseclassic.com

'ဟော..သူ ပြန်လာပြီ'

စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနေခဲ့သော နန္ဒလုလင် နှုတ်ဖျားမှ တီးတိုးစကားသံတစ်ခု လွင့်ထွက်ကျသွား၏။ ထွက်ပါသည်။ ဆွမ်းသပိတ်ကိုပိုက်ပွေ့လျက် တည်ငြိမ်သော ခြေလှမ်းများဖြင့် ကျောင်းသင်္ခမ်းဆီသို့ လျှောက်လှမ်းလာနေသော ဥပ္ပလဝဏ္ဏာအရှင်မကို ကျောင်းအတွင်းမှ လှမ်းမြင်နေသည်။ ကြည့်စမ်း၊ သစ်ခေါက်ဆိုးဆေးရောင် သင်္ကန်းကို ဝတ်ဆင်ထားသည်ကလွဲလျှင် သူမသည် သူ အစွဲလမ်းကြီး စွဲလမ်းခဲ့ရသော တစ်ချိန်က မိန်းမလှကလေး ဥပ္ပလဝဏ္ဏာ ပင်။ ပြည့်တင်းစိုပြည်သော ခန္ဓာကိုယ် အလှကောက် ကြောင်းတွေက သစ်ခေါက်ဆိုးအဝတ်အဆင်ထဲမှပင် ရှန်း ကြအောင်ဟပ်နေဆဲ။ နန္ဒလုလင် ခန္ဓာကိုယ်ထဲမှ သွေးတို့သည် ကာမရာဂမျက်ဖြောအဟုန်ကြောင့် ပူနွေးဆူပွက်လာကြသည်။

တစ်ဆက်တည်းပင် မိမိကို ရုတ်တရက်မြင်တွေ့သွား ပါက ကျောင်းသင်္ခမ်းထဲသို့ ဝင်မလာတော့ဘဲ ပြန်လှည့် ထွက်ပြေးသွားမည်ကို စိုးရိမ်စိတ်ဝင်လာ၏။ ထို့ကြောင့် ကျောင်းသင်္ခမ်းအတွင်းရှိ တစ်ခုတည်းသော အိပ်စက်ရာ ညောင်စောင်း၏အောက်သို့ ဝင်ရောက်ပုန်းအောင်းနေလိုက် လေသည်။ ညောင်စောင်းအောက်တွင် မလှုပ်မရှား တိတ် ဆိတ်ငြိမ်သက်နေသည်ဆိုသော်လည်း နန္ဒလုလင်၏ ခန္ဓာ ကိုယ်အတွင်းတွင်ကား ရမ္မက်မီးတို့ ဟုန်းဟုန်းတောက် လောင်နေခဲ့လေပြီ။

ဥပ္ပလဝဏ္ဏာ အရှင်မသည် ကျောင်းသင်္ခမ်းအတွင်းသို့ ဆွမ်းဝင်လာခဲ့ပြီးနောက် ဆွမ်းသပိတ်ကို အမြင့်တစ်နေရာ၌ တင်ထားလိုက်၏။ ပြီးနောက် ကျောင်းအပြင်ဘက်ရှိ အခင်း ခင်းပျဉ်ပေါ်သို့ သွားရပ်ကာ သန့်သက်ရေအိုးမှ ရေကို ခပ်ယူ၍ ခြေ၊ လက်တို့ကို သန့်စင်အောင် ဆေးကြောသန့် စင်ပြီးမှ ကျောင်းထဲသို့ ပြန်ဝင်လာကာ ဆွမ်းသပိတ်ကို ပြတ်လှမ်းယူ၏။ နန္ဒလုလင်သည် ညောင်စောင်းအောက် ဆီမှာ လဲလျောင်းနေရင်းကပင် အရှင်မ၏ လှုပ်ရှားမှုတို့ကို ငြိမ်၍ကြည့်နေ၏။ ထိုအခိုက်မှာပင် အရှင်မသည် ကြမ်းပြင် အခင်းတစ်နေရာ၌ ကျုံ့ယုံ့စွာ ပုဆစ်တုပ်ထိုင်၍ သူ၏ ရှေ့ဘက်သို့ ရိုသေစွာ ဦးသုံးကြိမ်ချ၍ ရှိခိုးကန်တော့လိုက် လေသည်။ အရှင်မ ဦးချရှိခိုးရာအရပ်သည် မြတ်စွာဘုရား ရှင် သီတင်းသုံးနေတော်မူသော ဇေတဝန်ကျောင်းရှိရာအရပ် ဖြစ်သည်ကို နန္ဒလုလင် မသိ။

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား..သလုံး မြင်းခေါင်းတို့၏ အထောက်အပံ့စွမ်းအားဖြင့် တပည့်တော်မ အိမ်စဉ်လှည့် ခံယူရရှိခဲ့သော ဤသပိတ်အတွင်းမှ ဆွမ်း၊ ခဲဖွယ်တို့ကို အရှင်ဘုရားအား ရိုသေစွာ ကပ်လှူပူဇော်ပါ၏ အရှင်ဘုရား'

အရှင်မသည် ဆွမ်းသပိတ်ကို လက်နှစ်ဖက်နှင့် မ,ချီ ၍ သူ၏ဦးခေါင်းအထက်သို့ တင်မြှောက်လိုက်လေသည်။ ထိုအပြုအမူနှင့် အရှင်မ၏နှုတ်ဖျားမှ ထွက်ပေါ်လာခဲ့သော တီးတိုးရေရွတ်စကားသံကို ကြားလိုက်ရတော့မှသာ မြတ်စွာ ဘုရားသို့ ရည်စူးအာရုံပြု၍ ဆွမ်းဆက်ကပ်နေခြင်းဖြစ် ကြောင်း နန္ဒလုလင် သိရှိရတော့၏။ အကယ်၍သာ သူတော် ကောင်းစိတ် ဝင်နေသူဖြစ်ခဲ့လျှင် နန္ဒလုလင်အဖို့ အရှင်မ၏ အပြုအမူကိုကြည့်ကာ သာဓုအနုမောဒနာ ခေါ်လိုက်ဖို့သာ ရှိ၏။ သို့သော် ကိလေသာရမ္မက်ဖောတို့ လွှမ်းထန်နေသော နန္ဒလုလင်အနေဖြင့် သူ့ကို ကျောပေး၍ ကျုံ့ကျုံ့ကလေး ပုဆစ်တုပ်ထိုင်နေသော ဥပ္ပလဝဏ္ဏာအရှင်မ၏ ပန်းပုရုပ် တုသဖွယ် အချိုးအဆစ်ပြေပြစ်နေသည့် ခန္ဓာကိုယ်နောက် ဘက် ကောက်ကြောင်းများကို အာသာငမ်းငမ်းရှုကြည့်ရင်း ပြင်းထန်သော ပြစ်မှားစိတ်တို့သာ အရှိန်မြင့်တိုးပွားလာနေ လေသည်။

အရှင်မသည် ဦးခေါင်းအထက်တွင် လက်နှစ်ဖက်ဖြင့် တင်မြှောက်ထားသော ဆွမ်းသပိတ်ကို အချိန်အတန်ကြာမှ ပြန်ချလိုက်ကာ ကျုံ့ကျုံ့ထိုင်နေရာမှ ထသည်။ ထို့နောက် ထိုဆွမ်းသပိတ်ကို စောစောက တင်ထားခဲ့သော စင်မြင့် ကလေးပေါ်သို့ ရိုသေစွာ ပြန်တင်ထားလိုက်၏။

ဤအချိန်မှာပင် နန္ဒလုလင်သည် လဲလျောင်းပုန်း အောင်းနေရာ ညောင်စောင်းအောက်မှ အလျင်အမြန် လိမ့် ထွက်လိုက်၏။ သူ့လှုပ်ရှားမှုကြောင့် ကြမ်းအခင်းပေါ် လူး လိမ့်လိုက်သော အသံသည် ကျောင်းသင်္ခမ်းငယ်အတွင်းမှ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်လေသည်။ ထိုအသံကြောင့် ဥပ္ပလဝဏ္ဏာ အရှင်မက ခန္ဓာကိုယ်ကို ဖျတ်ခနဲလှည့်၍ကြည့် လိုက်ချိန်တွင် နန္ဒလုလင်သည် မတ်တတ်ရပ်လိုက်ပြီး ဖြစ် နေပေပြီ။

ကျောင်းသင်္ခမ်းအတွင်းမှာ ရှိနေသော မျက်လုံးနှစ်စုံမှ အကြည့်များ အချင်းချင်း ထိပ်တိုက်တိုးသွားကြသည်။ အား ပြိုင်နေကြသော အကြည့်နှစ်ခု၊ မျက်ဝန်းနှစ်စုံတို့မှ ထုတ် လွှတ်နေကြသော အဓိပ္ပာယ်များချင်းကတော့ အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်ဆိုသကဲ့သို့ ဆန့်ကျင်ဘက်။

www.burmeseclassic.com

အရှင်မ၏ မျက်ဝန်းအစုံကတော့ ပကတိအေးမြငြိမ်းချမ်းခြင်း၊ နန္ဒလုလင်၏ မျက်ဝန်းအစုံကတော့ ရမ္မက်ဇောဖြင့်ပူလောင်ကျွမ်းမြည့်ခြင်း အရိုးအငွေ့များ လွှမ်းကဲနေကြ၏။

'ထိတ်လန့်တုန်လှုပ်သွားသလား ချစ်နှမ။ ရုတ်တရက်မို့ ထိတ်လန့်တုန်လှုပ်သွားခဲ့တယ်ဆိုရင်လည်း မောင်ကြီးကတောင်းပန်ပါတယ်နော်'

နန္ဒလုလင်ကပင် ဧတင်၍ ချော့မြှူသောလေသံဖြင့် တောင်းပန်စကားဆိုလိုက်၏။ ဥပ္ပလဝဏ္ဏာထေရီ အရှင်မကတော့ အထူးတလည် တုန်လှုပ်ချောက်ချားသွားဟန်မရှိ ပကတိအေးချမ်းတည်ငြိမ်သော လေသံဖြင့်သာ ပြန်လည်ပြောကြားမေးမြန်းလိုက်လေသည်။

'သြော်··ဒကာတော် နန္ဒလုလင်ကိုး။ မင်္ဂိုလ်ချမ်းသာနဲ့ နေထိုင်ကြသူတွေမှာ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်တုန်လှုပ်ခြင်းဆိုတဲ့ ခံစားမှုတွေ ကင်းစင်ပြီးဖြစ်ပါတယ်။ နန္ဒလုလင်··အသင်ကတော့ အရှင်မရဲ့ ကျောင်းသင်္ခမ်းအတွင်းကို ဘယ်အချိန်က ရောက်ရှိနေခဲ့ပါသလဲ။ ဘယ်ကိစ္စအတွက် လာရောက်ခဲ့ခြင်း ဖြစ်ပါသလဲ'

'ချစ်နှမ··မောင်ကြီးဟာ ချစ်နှမကို လူဝတ်ကြောင်ဘဝကတည်းက တိတ်တခိုးစွဲလမ်းမိခဲ့ရသူပါ။ အခွင့်မသာလို့ မဖွင့်ဟသာဘဲ မျိုသိပ်နေခဲ့ရပေမယ့် ချစ်နှမအပေါ် ချစ်တဲ့စိတ်ကတော့ ပျက်ယွင်းမသွားခဲ့ဘူးလေ။ တကယ်တော့ ချစ်နှမရဲ့ အသက်အရွယ်ဟာ နုနယ်ပျိုမျစ်နေပါသေးတယ်။ ကာမဂုဏ်အာရုံတွေကို ခံစားပျော်မွေ့နိုင်သေးတဲ့ အရွယ်ပါ။ အဲဒါကြောင့် ချစ်နှမဆီကို မောင်ကြီး အရောက်လာခဲ့တာပါ။ ဒီလောက်ဆိုရင် မောင်ကြီး ရောက်လာရတဲ့ အကြောင်းကို သဘောပေါက်နိုင်ရောပေါ့'

နန္ဒလုလင်၏ ချော့မော့မြှူဆွယ်ခြင်းသည် နှစ်ဦးအလိုတူဖြစ်စေဖို့ အပျော့ဆွဲဆွဲနေခြင်းဖြစ်ကြောင်း သိသာလှသည်။ သို့ပေမယ့် ဥပ္ပလဝဏ္ဏာထေရီ၏ တည်ငြိမ်မှုသည်ကား လေပြည်မျှ မသက်သော ကန်ရေပြင်နှယ်ရှိ၏။

'ဒကာတော် နန္ဒလုလင်··မစော်ကား မပြစ်မှားထိုက်တဲ့ အမှုကို မကျူးလွန်ချင်ပါနဲ့။ အရှင်မဟာ ကိလေသာဟူသမျှကို ဖြတ်တောက်အောင်မြင် ကင်းစင်ခဲ့ပြီးသူသာဖြစ်တယ်။ ကာမဂုဏ်နွံမှာ မနစ်တဲ့ ကြာတစ်ပွင့်သာ ဖြစ်တယ်။ ဒါကြောင့် လာရာလမ်းကိုသာ လှည့်ပြန်ပါလို့ မေတ္တာရပ်ခံပါတယ်'

ဥပ္ပလဝဏ္ဏာထေရီ၏ ပန်ကြားမှုကား အချည်းနှီးပင်။ နန္ဒလုလင်သည် အပျော့ဆွဲဆွဲကာ စည်းရုံးသွေးဆောင်ချော့မြှူ၍ မရနိုင်တော့မှန်း သိလိုက်သည်နှင့် သားကောင်ကို အလွတ်မပေးနိုင်သည့် ကျားတစ်ကောင်နှယ် အသွင်ပြောင်းသွားတော့သည်။ ရမ္မက်ဇောဖြင့် သွေးဆာနေသော အကြည့်များဖြင့် အရှင်မ၏ တစ်ကိုယ်လုံးကို သိမ်းကျုံးကြည့်ကာ ခပ်မြန်မြန်ပင် အနီးသို့ တိုးကပ်လာ၏။

'ဒီအခြေအနေ အခွင့်အလမ်းကို ရောက်နေပြီးမှတော့ မောင်ကြီး နောက်မဆုတ်နိုင်တော့ဘူး ချစ်နှမ။ ကိုယ်အလို ရှိရာကို ရအောင် ယူရတော့မှာပဲ'

ကျားရိုင်းတစ်ကောင်၏ မာန်ဖီသကဲ့သို့ရှိသော ထိုစကားသံ၏အဆုံးတွင် နန္ဒလုလင်၏ သန်မာသောလက်အစုံက အရှင်မ၏ လုံးဝန်းသော ပခုံးနှစ်ဖက်ပေါ်သို့ ဖျတ်ခနဲ ရောက်ရှိလာတော့သည်။ တုန့်ငြင်းယှဉ်ပြိုင်နိုင်ဖွယ်မရှိသော အင်အား၏ ဆွဲငင်မှုကြောင့် အရှင်မ၏ ခန္ဓာကိုယ်သည် နန္ဒလုလင်၏ ရင်ခွင်ဆီသို့ လဲပြိုကျသွား၏။ ထိုနောက်တွင်မူ ရုပ်နာမ်ခန္ဓာကို စက်ဆုပ်ရွံရှာမုန်းတီးလှသဖြင့် အဖန်ဖန် ပဋိသန္ဓေနေခြင်း ဇာတိမှသည် မရဏ-သေဆုံးရခြင်း သံသရာကို မမြားသွားဖြင့် အပြီးတိုင်ဖြတ်တောက်ခဲ့ပြီးသူ တစ်ဦးနှင့် ထိုရုပ်ခန္ဓာ၏ အပေါ်ယံ အဆင်းအလှအပကို ချစ်ခင်နှစ်သက်ဖွယ်အတိဟု ရူမြင်သုံးသပ်စွဲလမ်းသူတစ်ဦး တို့၏ ပဋိပက္ခသည် ကျောင်းသင်္ခမ်းကလေးအတွင်း၌ ဖြစ်ပွားပေါ်ပေါက်ခဲ့ပေတော့သည်။

နန္ဒလုလင်သည် မိမိ၏အလိုဆန္ဒ ပြည့်ဝသွားသည်နှင့် ကာလတာရှည် မျှော်လင့်ခဲ့ရသော အောင်ပွဲကြီးတစ်ခု ဆုလာဘ်ကို ရရှိခဲ့ပြီးဟု ဝမ်းမြောက်ကျေနပ်သွား၏။ အနိ အထက် အင်အားသုံး၍ ယုတ်မာကျူးလွန်မိသော ပြစ်မှား ကြီးပါကလားဟု စိုးစဉ်းမျှ နောင်တတစ်ဖန် ပူပန်ခြင်းမရှိ ထို့အပြင် အစရှိ အနောင်နောင် ဆိုသကဲ့သို့ အရှင်မ ပိုင်ဆိုင်ခွင့်ရရန်အတွက် အခွင့်အလမ်းတံခါးကြီးကို ရှိ ချိုးဖွင့်လှစ်နိုင်ခဲ့ပြီးဟုပင် တလွဲဂုဏ်ယူနေပြန်သေး၏။

ဥပ္ပလဝဏ္ဏာထေရီကို ကြည့်လိုက်တော့ အရှင်မသ သစ်ခေါက်ဆိုးသင်္ကန်းတို့ဖြင့် ခန္ဓာကိုယ်အရက်ကို လုံ စေပြီးနောက် အမျိုးသားရဟန်းတော်များကဲ့သို့ တင်ပျဉ်ခွ ထိုင်လျက် ထိုတင်ပျဉ်ခွေထားသော ခြေဖဝါးနှစ်ခုတို့ ရာ အထက်တွင် လက်ဖဝါးနှစ်ခုကို ပူးထပ်ထားလျ အရှင်မ၏ မျက်လုံးအစုံကလည်း မျက်တောင်ေ အနားသတ်ထားသည့် မျက်ခွံတို့ဖြင့် စေ့စေ့ပိတ်ထားလျ



www.burmeseclassic.com

www.burmeseclassic.com

အသက်ရှူနေသဖြင့် ဝင်သက်,ထွက်သက်နှင့်အညီ အရှင်မ၏ ရင်အစုံက ညင်သာစွာ နိမ့်ချည်,မြင့်ချည် လှုပ်ရှားသွက်။

နန္ဒလုလင်သည် ငြိမ်သက်နေသော အရှင်မ၏ အသွင်သဏ္ဌာန်ကိုကြည့်ကာ ဒိန်းခနဲရင်ခုန်တုန်လှုပ်သွား၏။ ကြည့်စမ်း ဒါ..ဒါဟာ ရဟန်းတော်တွေ တရားထိုင်ကြ၊ ဓမ္မဟောတဲ့ အားထုတ်ကြတဲ့အခါ ထိုင်တော်မူကြတဲ့ ပုံသဏ္ဌာန် နန္ဒလုလင်သည် တဖွဖွသော စည်းရုံးသွေးဆောင် စကားကို တတွတ်တွတ်ပြော၏။ သို့သော် အရှင်မသည် သူ့စကားသံတို့ကို မကြားမသိယောင်တကား။ မည်သည့်စကားကိုမှ တုံ့ပြန်ပြောဆိုခြင်း မပြုတော့ဘဲ သက်မဲ့ရုပ်တုတစ်ခုပမာသာ ငြိမ်သက်စွာ ဈာန်သမာပတ် ဝင်စားနေလေတော့သည်။

နန္ဒလုလင်သည် အရှင်မ၏ တည်ငြိမ်မှုဣန္ဒြေကို ကြည့်ရင်း,ကြည့်ရင်း အချိန်ကြာလာလေလေ ချောက်ချားလာလေလေ ဖြစ်လာ၏။ နောက်ဆုံးတွင် မိမိရင်ထဲ၌ တစ်စ,တစ်စ အင်အားကြီးထွားလာလေသော တုန်လှုပ်ချောက်ချားမှု၏ တိုက်ခိုက်မှုကို ဆက်လက်သည်းမခံနိုင်တော့သည့်အလား ကျောင်းသခ်မ်းအတွင်းမှ သွေးရူးသွေးတန်း ပြေးထွက်ခဲ့မိလေသည်။

သို့သော် နန္ဒလုလင်မှာ ဝေးဝေးသို့ ပြေးချိန်မရလိုက် ကျောင်းသခ်မ်းနှင့် ခပ်လှမ်းလှမ်းသို့ အရောက်မှာပင် သူ၏ ရှေ့ဘက်မှ မဟာပထဝီမြေပြင်သည် ကြီးစွာသော အက်ကွဲကြောင်းကြီး ရုတ်ခနဲ ပေါ်လာ၏။ ထိုအက်ကွဲကြောင်းကြီးထဲမှ ရဲရဲတောက်နေသော မီးလျှံများ တစ်ခဲနက်ထွက်လာ၏။ တစ်ဆက်တည်းပင် မီးလျှံများသည် သတ္တဝါကြီးတစ်ကောင်၏ နီရဲနေသော လျှာကြီးတစ်ချောင်းပမာ နန္ဒလုလင်၏ တစ်ကိုယ်လုံးကို ရစ်ပတ်ဆွဲယူလိုက်၏။ မပြစ်မှားထိုက်သော ရဟန္တာအရှင်မကို ယုတ်မာရင့်သီးစွာ စော်ကားပြစ်မှားခဲ့သော နန္ဒလုလင်သည် မီးလျှံများ တိုးထွက်လာခဲ့သော မြေပြင်၏ အက်ကွဲကြောင်းကြီးမှတစ်ဆင့် အဝီစိငရဲသို့တိုင် ရောက်သည်အထိ ဝါးမျိုခြင်း ခံယူလိုက်ရပေပြီတကား။

◆◆◆

(၄)

'အို..မကြားဝံ့မနာသာ အဖြစ်ဆိုးကြီးပါလား။ ဖြစ်မှဖြစ်ရလေ အရှင်မရယ်'

ဥပ္ပလဝဏ္ဏာထေရီ အရှင်မသည် မိမိ၏အဖြစ်သနစ်တို့ကို လျှို့ဝှက်ဖုံးကွယ်ထားခြင်း မရှိ။ လျှို့ဝှက်ဖုံးကွယ်ထားခဲ့လျှင် မိမိကိုယ်တိုင်ကပါ ပြစ်မှားစော်ကားသူ နန္ဒလုလင်နှင့် အလိုတူအလိုပါ ဖြစ်ခဲ့သယောင် ကဲ့ရဲ့ပြစ်တင်ချင်စဖွယ် ဖြစ်နေပေလိမ့်မည်ဟု ဆင်ခြင်သုံးသပ်မိ၏။ ထို့ကြောင့်ပင် မိမိ၏ သီတင်းသုံးဖော် ရဟန်းမများရှိရာ ဘိက္ခုနီကျောင်းသို့ သွားရောက်ပြီးနောက် မိမိကြုံခဲ့ရသော အဖြစ်တို့ကို မကွယ်မဝှက် အသိပေး လျှောက်ထားလိုက်လေသည်။

အရှင်မ၏ လျှောက်ထားမှုကို ကြားနာသိရှိလိုက်ရသည်နှင့် သီတင်းသုံးဖော် ရဟန်းမအများမှာ ဖြစ်မှဖြစ်ရလေခြင်းဟု တုန်လှုပ်ထိတ်လန့်သွားကြ၏။ နန္ဒလုလင်ဆိုသူဟာ အတော်မိုက်မဲ ယုတ်မာတဲ့သူပါလား။ မပြစ်မှားထိုက်သူကိုမှ အနိုင်အထက် စော်ကားပြစ်မှားခဲ့လို့လည်း မဟာပထဝီမြေကြီးကပင် သည်းမခံနိုင်တော့ဘဲ ဝါးမျိုပစ်လိုက်ခဲ့တာပေါ့။ ဘုရား..ဘုရား..ကြောက်စရာကောင်းလိုက်တာဟု မှတ်ချက်ချသူကချသည်။ သို့ရာတွင် ဝါစဉ်ရင့်ကျက်ပြီးဖြစ်သော ဘိက္ခုနီရဟန်းမကြီးများကမူ ဥပ္ပလဝဏ္ဏာ အရှင်မကို မည်သို့မျှ အပြစ်မတင် မကဲ့ရဲ့ကြ။ သူတို့သည် ရဟန္တာပုဂ္ဂိုလ်များ၏ စိတ်ထားခိုင်မာ တည်ကြည်မှုကို အကြွင်းမဲ့ယုံကြည် သိရှိထားကြပြီးဖြစ်၍ ဥပ္ပလဝဏ္ဏာ အရှင်မ၏ သီလသိက္ခာသည် ကျိုးပေါက်ခဲ့ခြင်းရှိမည် မဟုတ်။ ထိုကိလေသာအမှု၌ မျက်တောင်တစ်ခတ်စာမျှ အချိန်ပိုင်းကလေးမျှပင် သာယာခဲ့လိမ့်မည်မဟုတ်ဟု ယုံကြည်ကြ၏။

ထို့အပြင် ဘိက္ခုနီရဟန်းဖြစ်စေ၊ ဘိက္ခုနီမ ရဟန်းမဖြစ်စေ မည်သူမဆို မိမိ၏ သီလ၊ သိက္ခာနှင့်ပတ်သက်၍ သံသယဝင် အပြစ်တင်ဖွယ် တစ်စုံတစ်ရာသော အမှုကိစ္စဖြစ်ပေါ်ခဲ့ပါက မိမိတို့ ရဟန်းတော်အချင်းအချင်း၊ ရဟန်းမအချင်းချင်းကို ဖွင့်ဟဝန်ခံကြရမည်။ ထိုသံသရာတို့ကို ရှင်းလင်းခြင်းဖြင့် အာပတ်ဖြေကြရမည်ဟူသော ဘုရားရှင် ချမှတ်ထားသော ဥပဒေစည်းကမ်းချက်နှင့်အညီ ဥပ္ပလဝဏ္ဏာထေရီ အရှင်မက ဖွင့်ဟလျှောက်ထားလာခဲ့ခြင်း ဖြစ်ကြောင်းကိုလည်း နားလည်နိုင်ကြ၏။ ထို့ကြောင့် အရှင်မ၏ သီလ၊ သိက္ခာစင်ကြယ်မှုနှင့် ပတ်သက်၍ မည်သို့မျှ သံသယ မဝင်ကြ။

သို့ရာတွင် ဝါစဉ်နုနယ်သေးသော ပုထုဇဉ်ရဟန်းငယ်များနှင့် ဘိက္ခုနီရဟန်းမငယ်များအကြား၌မူ ထိုအကြောင်းအရာသည် သံဝေဂယူစရာမဟုတ်ဘဲ သို့လော,သို့လောနှင့်

www.burmeseclassic.com

သံသယပွားစရာသာ ဖြစ်လာလေသည်။

'ဥပ္ပလဝဏ္ဏာထေရီ အရှင်မဟာ ရဟန်းတရား ပြီးစီးတယ်လို့သာ ပြောကြတယ်။ အပြင်ပုံပန်းအသွင်သဏ္ဌာန် အရဆိုရင်တော့ နုနယ်ပျိုမျစ်လှပနေဆဲပဲ။ သူ့အသွေးအသားတွေကလည်း ရပ်ရွာထဲက ကာမဂုဏ်ချမ်းသာကို ခံစားနေကြတဲ့ အမျိုးသမီးတွေလို စိုပြည်နေဆဲပဲ။ ဒီလိုအသက်အရွယ်၊ အသွေးအသားတွေ ရှိနေပါလျက်နဲ့ ကာမဂုဏ်အာရုံ ခံစားမှုတွေမှာ မသာယာပါဘူးလို့ဆိုတာ ဟုတ်နိုင်ပါ့မလား။ ဖြစ်မှားသူက တစ်ဖက်သတ် အနိုင်အထက်ပြုတယ် ဆိုဦးတော့ အတွေ့အထိ ဖောဋ္ဌဗ္ဗအာရုံမှာ တဒင်္ဂကလေးမှ မသာယာဘဲ သက်မဲ့ငုတ်ပျောတုံး၊ လက်ပံတုံးလို စိတ်ထားမျိုးနဲ့ ဥပေက္ခာပြု လျစ်လျူရှုခြင်းငှာ တတ်စွမ်းနိုင်ပါ့မလား။ တဒင်္ဂမျှကလေးပဲ သာယာလိုက်မိတယ် ဆိုရင်ပဲ အရှင်မရဲ့ သီလ၊ သိက္ခာက ကျိုးပေါက်သွားခဲ့ပြီပေါ့'

ဤသို့လျှင် ဝေဖန်စောကြောစကားသံများ ထွက်လာ၏။ ဘုရားရှင်၏ အလိုတော်အရ ရဟန်း၊ ရဟန်းမတို့အဖို့ ကာမဂုဏ်ချမ်းသာ ဖို,မကိစ္စကို ခံစားခြင်းသည် ကြီးမားသောအပြစ်ကြီးဖြစ်သည်။ ရဟန်း၊ ရဟန်းမ ဘဝအဖြစ်မှ ရာသက်ပန် အပြီးတိုင် နှတ်ထွက်ပြီးဖြစ်သည်အထိ ဒဏ်ထိုက်၏။ ထို့ကြောင့်လည်း ဥပ္ပလဝဏ္ဏာထေရီ အရှင်မ၏ ကိစ္စသည် ရဟန်းနှင့် ဘိက္ခုနီရဟန်းမတို့အကြားဝယ် ဝေဖန်စောကြောချင်စရာ ကိစ္စကြီးဖြစ်နေသဖြင့် တဖြည်းဖြည်း ကျယ်ပြန့်လာကာ နောက်ဆုံးတွင် ဘုရားရှင်ထံတော်အထိ ပေါက်ရောက်သွားလေတော့သည်။

ဤတွင် မြတ်စွာဘုရားရှင်သည် ဘိက္ခု၊ ဘိက္ခုနီ၊ သံဃာနှစ်ရပ်လုံးကို ဆင့်ခေါ်စုဝေးတော်မူစေရ၏။ ရဟန္တာတစ်ပါး၏ သီလ၊ သိက္ခာတို့အပေါ် သံသယအဖုံဖုံဖြင့် ပြောဆိုကဲ့ရဲ့ ရှုတ်ချနေခြင်းကြောင့် ထိုသို့ပြောဆိုမိသူ ရဟန်းငယ်၊ ရဟန်းမငယ်များတွင် နေရင်းထိုင်ရင်း အပြစ်ဖြစ်နေကြရမည်ကို မလိုလားသောကြောင့် ဤသို့ဆင့်ခေါ်စုဝေးစေခြင်း ဖြစ်လေသည်။

ရဟန်းတို့ စုဝေးမိကြလျှင် ဘုရားရှင်က-

'ဘိက္ခု၊ ဘိက္ခုနီမ အစရှိ နှစ်ရပ်သော သံဃာအပေါင်းတို့..ငါ၏ချစ်သမီး ဥပ္ပလဝဏ္ဏာထေရီသည် သင်တို့ သံသယပွား ပြောဆိုနေကြသကဲ့သို့ သီလ၊ သိက္ခာ ကျိုးပေါက်ခဲ့သူ မဟုတ်ပါ။ ထိုအကြောင်းကို အတိတ်ဖြင့် ဆောင်၍ ပြောပြဟောကြားရမည်ဆိုလျှင် ပွင့်တော်မူခဲ့ပြီးသော ကဿပမြတ်စွာဘုရားရှင်၏ လက်ထက်တော်၌ ကဿပမြတ်စွာဘုရားရှင်ကို လုပ်ကျွေးပြုစုခဲ့သည့် ဒါယကာရင်းဖြစ်သည့် ကိကီအမည်ရှိ ဗာရာဏသီမင်းကြီး၏ သမီးတော်တစ်ပါး ဖြစ်ခဲ့ဖူးသူ ဖြစ်တယ်'ဟု အစချီကာ ဥပ္ပလဝဏ္ဏာထေရီ၏ အတိတ်ကြောင်းကို ဟောကြားတော်မူ၏။

ကဿပမြတ်စွာဘုရားရှင်၏ ဒကာရင်းဖြစ်သော ကိကီမင်းကြီးတွင် သမီးတော်(၇)ဦးတိတိ ရှိခဲ့၏။ ထို(၇)ဦးတို့ အမည်များမှာ သမဏီ၊ သမဏဂုတ္တာ၊ ဘိက္ခုနီ၊ ဘိက္ခုဒါယကာ၊ ဓမ္မာ၊ သုဓမ္မာနှင့် သံဃာဒါယိကာတို့ ဖြစ်ကြ၏။ ထိုညီအစ်မ(၇)ဖော်သည် ကဿပဘုရားရှင်၏ သာသနာတော်ကို လွန်စွာကြည်ညိုကြ၏။ ညီအစ်မ(၇)ဖော်လုံးပင် ကဿပဘုရားရှင်၏ သာသနာတော်၌ ရဟန်းမ ပြုရန် စိတ်အားထက်သန်ကြသဖြင့် ဖခင်မင်းကြီးထံ ရဟန်းပြုခွင့်ပေးပါရန် ပန်ကြားကြ၏။ သို့ရာတွင် ကိကီမင်းကြီးက ခွင့်မပေးသဖြင့် သာသနာတော်သို့ ရဟန်းမအဖြစ် ဝင်ရောက်ခွင့် မရခဲ့ကြချေ။

ရဟန်းမအဖြစ် ဝင်ရောက်ခွင့် မရကြသော်လည်း ၎င်းတို့ ညီအစ်မတစ်တွေမှာ ကံတရားက မျက်နှာသာပေးထား သော အချက်ရှိ၏။ အခြားမဟုတ်၊ ၎င်းတို့မှာ ဘုရင့်သမီးတော်များ ဖြစ်ကြသဖြင့် သာမန်လူအများကဲ့သို့ စားဝတ် နေမှုအတွက် ကြောင့်ကြစိုးရိမ်ပူပန်စရာမရှိဘဲ ဘဝတ သက်တာကို အေးချမ်းစွာ နေထိုင်ကျော်ဖြတ်နိုင်ခွင့် ရှိ ကြသောအချက်ဖြစ်သည်။ ညီအစ်မ(၇)ဦးသည် ထိုအချက် ကို အခွင့်အလမ်းတစ်ခုအဖြစ် ပိုင်နိုင်စွာ အသုံးချခဲ့ကြ၏။ အသုံးချခဲ့ပုံမှာ သူတို့သည် အိမ်ထောင်မပြုဘဲ မေထုန်အမှု ရှောင်ကြဉ်ကာ မြတ်သောအကျင့် တရားဓမ္မတို့ကို နှ ပေါင်းနှစ်သောင်းတိုင်တိုင် ကျင့်ကြံအားထုတ်ခဲ့ကြခြင်း ဖြ ပေသည်။

ထိုကောင်းမှုကုသိုလ်တို့ကြောင့် ညီအစ်မ(၇)ဦး သည် ထိုဘဝမှ ကွယ်လွန်ကြပြီးသောအခါ နတ်ဘုံ ရောက်ကြ၍ နတ်စည်းစိမ်ချမ်းသာတို့ကို ခံစားကြရ လူ့ဘုံသို့ ရောက်သောအခါများတွင်လည်း လူ့အထက်တ လွှာ ချမ်းသာတို့ကို ခံစားခဲ့ကြရသည်။ ဤသို့ဖြင့် လူ့ နတ်ဘုံတို့၌ အဖန်ဖန်ကျင်လည်ခဲ့ကြပြီးနောက် ညီအ (၇)ဦးအနက် (၆)ဦးသည် ယခု ဂေါတမဗုဒ္ဓမြတ်စွာ ရှင် လက်ထက်တော်တွင် ရဟန္တာထေရီ အရှင်မ



www.burmeseclassic.com

www.burmeseclassic.com

ပရိနိဗ္ဗာန်သို့ စံဝင်တော်မူကြမည်ဖြစ်သည်။

နှစ်ပါတ်(၇)မြောက် အငယ်ဆုံးသမီးတော် သံဃာ့ဒါယိကာ ... စ်ဦးသာလျှင် ကျောင်းအမကြီး ဝိသာခါအမည်ဖြင့် ... ပန်ဘဝနှင့် စုတေပြီးနောက် နတ်ပြည်(၆)ထပ်ထဲမှ ... မြောက်ဖြစ်သော နိမ္မာနရတိနတ်ပြည်၌ သုနိမ္မိတနတ် ... ကြီး၏ နတ်မိဖုရားကြီး ဖြစ်လိမ့်မည်။ ထိုနတ်ပြည်၌ပင် ... ပါ်အဆင့်သို့ရောက်၍ စုတေသည့်အခါ သုဒ္ဓါဝါသ ... ၌ အစဉ်အတိုင်းစံစားကာ နောက်ဆုံး အကနိဋ္ဌဘုံ ... ကော်သောအခါတွင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်သို့ စံဝင် ... တော်မူပေမည်။

ယခု ဥပ္ပလဝဏ္ဏာထေရီ အရှင်မသည် ထိုညီအစ်မ(၇) ... ယောက်မှ ဒုတိယမြောက်ဖြစ်ခဲ့သော သမဏဂုတ္တာ အမည် ... ရှိသော သမီးတော်ပင် ဖြစ်လေသည်။ ကဿပမြတ်စွာ ... ဘုရားရှင် လက်ထက်တော်ကတည်းက ကာမဂုဏ် မေထုန် ... အမှုကို ရှောင်ကြဉ်ကာ မြတ်သောအကျင့်ကို နှစ်ပေါင်း ... သောင်းတိုင်တိုင် ကျင့်ကြံအားထုတ်လာခဲ့သူပင်တည်း။

မြတ်စွာဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ကွန်ရက် ... ဖြန့်ကြက်တော်မူ၍ ဥပ္ပလဝဏ္ဏာထေရီအရှင်မ၏ လာခဲ့ ... သောနောင်းကြောင်း အတိတ်ပေါင်းတို့ကို ရှင်းလင်းတော်မူပြီး ... နောက်-

"ရဟန်းတို့..အကြင်ပုဂ္ဂိုလ်သည် ပန်းပွတ်သမား၏ ... တော်မြပါးလွှာလှစွာသော ဆောက်အဖျား၌ မုန်ညင်းစေ့တို့ ... တည်နိုင်သကဲ့သို့လည်းကောင်း၊ ပကတိမျက်လုံးများဖြင့် ... မမြင်နိုင်လောက်အောင် သေးငယ်သည့် မွေးညင်းတို့ဖြင့် ... ယှက်ညီအပ်သော ကြာဖက်မျက်နှာပြင်ပေါ်၌ ရေတစ်စက် ... တစ်ပေါက်မျှ မတည်နိုင်သကဲ့သို့လည်းကောင်း ကာမဂုဏ် ... ၌ ကပ်ငြိလိမ်းကျံခြင်း မရှိ။ ထိုပုဂ္ဂိုလ်ကို သူတော်သူမြတ် ... ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။ ဥပ္ပလဝဏ္ဏာသည် ... ဗြာဟ္မဏစင်စစ်ပါပေတည်း" ဟု ဓမ္မဒေသနာတော်ကို ဟော ... ကြားအဆုံးသတ်တော်မူလေသည်။

ဤအခါတွင်မှ ဘိက္ခု၊ ဘိက္ခုနီမ ရဟန်းတို့၏ သံ ... သယမျှတို့ ကင်းစင်သွားကြကာ ညှိုးနွမ်းသလိုလို ဖြစ်နေ ... သော အရှင်မ ဥပ္ပလဝဏ္ဏာ၏ ဂုဏ်သတင်းသည် ယခင်က ... ထက် ပိုမိုကျော်စော ထင်ရှားလာခဲ့ရကာ ကြည်ညိုကိုးကွယ် ... ဆည်းကပ်ကြသော ဒါယကာ၊ ဒါယိကာမ ပရိသတ်များ ... ပိုများလာခဲ့ရလေသည်။

သို့ရာတွင် အရှင်မသည် ထိုကျော်စောမှုများ၌ သာယာနေသည်မဟုတ်။ သာသနာတော်၏ အကျိုးကို ဆောင်ရွက်နိုင်ရန်အတွက် ယခင်က ရရှိခဲ့ပြီးသော ဈာန်အဘိညာဉ်တို့ကို အထပ်ထပ်ကြိုးစားပွားများ၏။ အဓိကဦးစားပေး၍ ကြိုးစားပွားများသည်မှာ ဣဒ္ဓိဝိဓအဘိညာဉ်ဖြစ်၏။ ထိုအဘိညာဉ်သည် မိမိအလိုရှိရာ တန်ခိုးပြာဋိဟာ အမျိုးမျိုးတို့ကို ပြသနိုင်သော အဘိညာဉ်ဖြစ်လေသည်။ အရှင်မအဖို့မူ ကြိုးစားပွားများသည့်အတိုင်း ပေါက်ရောက်တော်မူလေသည်။ သို့သော်လည်း ဥပ္ပလဝဏ္ဏာထေရီ အရှင်မ၏ ဣဒ္ဓိဝိဓအဘိညာဉ် မည်မျှပေါက်ရောက်၍ တန်ခိုးအရှိန်အဝါအရာ၌ မည်မျှကြီးမားနေပြီဆိုသည်ကို ဘုရားရှင်မှတစ်ပါး မည်သူမျှ မသိ၊ မည်သူမျှ မသိခဲ့ကြပါလေ။

◆◆◆

(၅)

အိမ်ခြေပေါင်း ရှစ်သောင်းရှိသော သာဝတ္ထိမြို့တော်ကြီးသည် ယနေ့အဖို့ ထူးကဲစွာပင် တစ်မြို့တော်လုံး တလှုပ်လှုပ် တရွရွဖြင့် အုတ်အော်သောင်းတင်းဖြစ်နေ၏။ ရုတ်ရုတ်သဲသဲဖြစ်နေ၏။ သာမန်အခြေခံလူတန်းစားအလွှာများသာမဟုတ်၊ မြို့တော်တွင် အထင်ကရ စာရင်းဝင်ကြသော သူဌေးသူကြွယ်များ၊ မင်းခစားပညာရှိဘွဲ့ခံ ပုဏ္ဏားတော်ကြီးများ၊ မှူးကြီးမတ်ကြီး၊ စစ်သူကြီး အစရှိ အထက်တန်းလွှာများလည်း ဂနာမငြိမ်ဖြစ်နေကြသည်။ ထိုဂယက်သည် သာဝတ္ထိမြို့တော်တွင် အခြေခံလူတန်းစားများမှသည် အုပ်ချုပ်သူ ကောသလမင်းကြီးထံ ရောက်သည်အထိ ပျံ့နှံ့လေသည်။

ဤသို့ဖြစ်ရခြင်း၏ အကြောင်းရင်းအခြေခံကို စတင်လိုက်ကြသူများမှာ သာဝတ္ထိမြို့တော်နေ တိတ္ထိများဖြစ်ကြသည်။ ၎င်းတို့မှာ မြတ်စွာဘုရားရှင်နှင့် ဝါဒအပြိုင်များဖြစ်ကြကာ ဘုရားရှင်နှင့် တပည့်သံဃာများကြောင့် လာဘ်လာဘ ဆုတ်ယုတ်လာရသည်ဟူသော အယူအဆကြောင့် တန်ခိုးပြာဋိဟာ ပြိုင်ဆိုင်မည်ဟု ကြွေးကြော်ကြနေလေသည်။ ထို့ကြောင့် တန်ခိုးပြာဋိဟာ ပြသဆုံးမတော်မူမှုသာဖြစ်တော့မည့် အခြေအနေသို့ ဆိုက်လာရ၏။ မလွဲမရှောင်သာတော့သဖြင့် မြတ်စွာဘုရားရှင်လည်း သာဝတ္ထိမြို့တော်အနီးရှိ ကဏ္ဍမည်သော သရက်ဖြူပင်အနီး၌ တန်ခိုးပြာဋိဟာများ ပြသတော်မူမည်ဟု ကြေညာလိုက်ရတော့၏။ ထိုကြေညာချက်အတိုင်းပင် မြတ်စွာဘုရားရှင်သည် သာဝတ္ထိမြို့တော်အနီးရှိ ဥယျာဉ်သို့ ကြွရောက်လာခဲ့ပြီဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် သာဝတ္ထိတစ်မြို့တော်လုံး သောသောအုတ်အုတ် ဖြစ်နေကြခြင်းပင်တည်း။

တိတ္ထိတို့သည် သာဝတ္ထိမြို့တော်အနှံ့ရှိ သရက်ပင်တို့ကို လိုက်လံဖျက်ဆီး တားနှင့်ကြ၏။ ဘုရားရှင် ကြွလာတော်မူသောအခါ မြို့တော်ရှိ လူတန်းလွှာ အစုံစုံအသီးသီးတို့သည် ဘုရားရှင်ပြသတော်မူမည့် တန်ခိုးပြာဋိဟာတို့ကို ကြည့်ရှုပူဇော်ကြရန် ရောက်ရှိစုဝေးလာကြသဖြင့် ပရိသတ်များမှာ ရာထောင်ချီ ပြည့်နှက်နေ၏။ လူပရိသတ်သာမက နတ်၊ ဗြဟ္မာ ပရိသတ်အများလည်း စုဝေးရောက်ရှိလာကြကုန်၏။ ဣဒ္ဓိဝိဓအဘိညာဉ်ကို အထူးကြိုးစား အားထုတ်ခဲ့သဖြင့် တန်ခိုးအရှိန်အဝါတို့ ပေါက်မြောက်ကြီးမားနေပြီဖြစ်သော ဥပ္ပလဝဏ္ဏာထေရီ ရဟန္တာအရှင်မသည်လည်း ဤသတင်းကို ကြားသိရသောကြောင့် ထိုပွဲသို့ ကြွရောက်လာခဲ့လေသည်။*

သို့ရာတွင် အရှင်မ ကြွရောက်လာခဲ့ခြင်းမှာ အများသူငါကဲ့သို့ ဘုရားရှင်ပြသမည့် တန်ခိုးပြာဋိဟာကို ကြည့်ရှုရန်မဟုတ်။ ဘုရားရှင်၏ သာသနာတော်အတွက် အနှောင့်အယှက်တို့ကို ကာကွယ်ရန်ဟူသော ကြီးမားသော ရည်ရွယ်ချက်နှင့် သာသနာတော်နှင့်ပတ်သက်၍ မိမိတတ်စွမ်းနိုင်သည့် တာဝန်တစ်ရပ်ကို ထမ်းဆောင်ရန် ဖြစ်လေသည်။

ဥပ္ပလဝဏ္ဏာထေရီ ရဟန္တာအရှင်မသည် အခြေလေးထောင့်ရှိသော ဘုံနန်းပြာသာဒ်ကြီးကို ဖန်ဆင်းလျက် ထိုပြာသာဒ်ကြီးပေါ်၌ စီးနင်းပျံသန်းလာကာ ဘုရားရှင်၏ ခြေတော်ရင်းသို့ ဆင်းသက်ဦးခိုက်သည့်ပုံစံဖြင့် ကြွရောက်လာခြင်းဖြစ်သည်။

လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်အများစုကြီးသည် အရှင်မ ကြွရောက်လာပုံကို အံ့ဩတကြီး ချီးမွမ်းစုတ်သပ် ငေးမောကြည့်ရှုကြရလေသည်။ အရှင်မသည် ဘုရားရှင်၏ ခြေတော်ရင်းသို့ ဆိုက်ရောက်သည်နှင့် ရိုသေစွာရှိခိုးကန်တော့၍ မိမိအတွက် ထမ်းရွက်ရန် တာဝန်ပေးတော်မူပါရန် လျှောက်ထားလေတော့သည်။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား..တပည့်တော်မအား အရှင်မြတ်စွာဘုရားကိုယ်စား တိတ္ထိတို့အား တန်ခိုးပြာဋိဟာများ ပြသခြင်းဖြင့် ယှဉ်ပြိုင်ဆုံးမခွင့် ပေးတော်မူပါဘုရား။ ဤကိစ္စအတွက်မျှလောက်ဖြင့် မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် အပင်ပန်းခံတော်မမူပါနှင့်ဘုရား"

အရှင်မ၏ ရဲရဲတောက် တောင်းဆိုမှုကို ကြားသိကြရသောအခါ လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်အများတို့က ဝမ်းမြောက်ရွှင်လန်းစွာ ကောင်းချီးသြဘာပေးကြလေသည်။

အရှင်မ၏ နာမည်ဂုဏ်သတင်း ကျော်စောမှုသည်လည်း တစ်ရှိန်ထိုး မြင့်မားသွားပေတော့၏။ သို့သော်လည်း ဘုရားရှင်က ထိုတောင်းဆိုမှုကို ခွင့်ပြုတော်မမူခဲ့ပေ။

"ချစ်သမီး ဥပ္ပလဝဏ္ဏာထေရီ..သင်သည် ငါ၏ကိုယ်စား သာသနာတော်အတွက် တာဝန်ထမ်းရွက်လိုခြင်းအတွက် ငါ ချီးကျူးပါ၏။ သို့သော် ဤအမှုသည် ငါဘုရားရှင်နှင့်သာ တိုက်ရိုက်သက်ဆိုင်သောကြောင့် ငါဘုရားရှင် ကိုယ်တိုင်သာ ပြောကြားထားသည့်အတိုင်း ဆောင်ရွက်တော်မူအံ့"

ထို့နောက် မြတ်စွာဘုရားရှင်သည် လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်တို့ကို ရေအစုံ၊ မီးအစုံ စသောတန်ခိုးပြာဋိဟာတို့ကို မိမိကိုယ်တိုင်သာ ပြသတော်မူ၏။ သရက်စေ့ကို ကိုယ်တိုင်စိုက်၍ လက်ဆေးရေဖြင့် သွန်းလောင်းကာ ခက်မငါးဖြာသော အကိုင်း၊ အခက်၊ အရွက်တို့ဖြင့် ကြီးထွားလာစေကာ အဖူး၊ အပွင့်၊ အသီးတို့ သီးလာသည့် ပြာဋိဟာကိုလည်း ပြသတော်မူ၏။ ထို့ကြောင့် ဘုရားရှင်အား တန်ခိုးပြာဋိဟာ ပြိုင်ဆိုင်ရန် တိုက်ခိုက်စိန်ခေါ်ခဲ့ကြသော တိတ္ထိအများတို့ လည်း မရှုမလှရှုံးနိမ့်ကြရလေသည်။

ဘုရားရှင်သည် ထိုပြိုင်ပွဲပြီးဆုံးသွားပြီးသော နောင် ပိုင်းကာလဝယ်-

"အချင်းတို့..ဥပ္ပလဝဏ္ဏာထေရီ၏ တန်ခိုးအရှိန်အဝါ ကြီးမားထက်မြက်သောအကြောင်းကို လူ၊ နတ်၊ ဗြဟ္မာ ပရိသတ်အများကို လက်တွေ့မျက်မြင် မြင်တွေ့ခဲ့ကြ ဖြစ်ပေသည်။ ထို့ကြောင့် ဘိက္ခုနီရဟန်းမတို့အနက်တွ တန်ခိုးကြီးသော အရာဌာနတွင် ချစ်သမီး ဥပ္ပလဝဏ္ဏာထေ သည် ဧတဒဂ်ဂုဏ်ထူးထိုက်ပေသည်ဟု ငါ ချီးမြှောက်ေ မူသည်ဟု ဖွင့်ဟမြွက်ကြား ဂုဏ်ပြုတော်မူခဲ့ပေသည်။

ပဒုမ္မာကြာပွင့်၏ အတွင်းသားနှင့်တူသော အသ အရေပိုင်ရှင်ဖြစ်၍ ဥပ္ပလဝဏ္ဏာထေရီအရှင်မဟု ကျော်ကြ ခဲ့သော ရဟန္တာအရှင်မသည် ဘုရားရှင်၏ သာသနာတေ တွင် အမှန်ပင် မညီုးနွမ်းသော ပဒုမ္မာကြာတစ်ပွင့်သဖွ ထင်ရှားရပ်တည်ပြီးမှ ပရိနိဗ္ဗာန်သို့ စံဝင်တော်မူခဲ့ပေသ တကား။

**နန္ဒာစိုး(ဆင်ဖြူကျွ**

__ကျမ်းကိုး__

* ထေရီအပဒါန် ဝတ္ထုတော်ကြီး (အရှင်မမွှေသပါဝိစ

www.burmeseclassic.com




# ဆရာဦးရဲမြင့် (အဆင့်မြင့်နက္ခတ်ဗေဒင်ပညာရှင်)

B.Sc (Physics), B.A (Astrology) Kolkata India

(မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့)

## တြိစက္ကဇာတာ–သီရိပတိဇာတာ–ဟောစာတမ်း

ပညာရေး၊ ကလေးအမည်ပေး၊ ကုမ္ပဏီအမျိုးမျိုး၊ ဆိုင်အမျိုးမျိုး နာမည်ကောင်းရွေးပေးခြင်း၊ နိုင်ငံခြားပညာသင်၊ ကျန်းမာရေး ကောင်းမွန်တိုးတက်ရန် အစီအရင် ပြုလုပ်ပေးခြင်း၊ ကား၊ တိုက်ခန်း၊ အိမ်ခြံမြေ ရောင်း/ဝယ် ကောင်းစေရန် စီမံပေးခြင်းနှင့် (အမျိုးသား/အမျိုးသမီး)သီးသန့်၊ မိမိအပေါ်တွင် သစ္စာရှိရန်၊ ကတိတည်ရန်၊ အမြန်ပြန်လာရန်၊ စီးပွားရေး မနာလိုဝန်တို အတိုက်အခိုက်၊ အန္တရာယ်ကင်းစေရန် မေတ္တာ၊ သစ္စာ၊ စေတနာ၊ သမာဓိ၊ ပညာတို့ဖြင့် အောင်မြင်ရန် ဆောင်ရွက်ပေးပါသည်။

ဖုန်း – ၀၉ ၂၅၄၁၀၈၆၆၃

မဟာဝိဇယစေတီတော် မြောက်ဘက်မုခ်၊ အခန်း(၄)။

နံနက်(၈း၀၀)နာရီမှ ညနေ(၆း၀၀)နာရီအထိ ပိတ်ရက်မရှိ ဟောကြားပေးပါသည်။

မန္တလေး–နေပြည်တော် ဆရာလှ၏ မြေးတပည့်

# ဆရာမကြီး ဒေါ်စောဦးစံ (ရှမ်းပြည်)

B.A (History)

ဗေဒင် လက္ခဏာ ဝေဒပညာရှင်

စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စအဝဝကို ရှမ်းပညာစစ်စစ်၊ အံ့ဖွယ်နက်နဲဆန်းကြယ်သော အထူးယတြာများဖြင့် ထက်မြက်စွာ ဆောင်ရွက်ပေးသည်။

ပူပြင်းလှသည့် နှလုံးသားခံစားချက်ရှိသူများ အေးချမ်း၊ ပျော်ရွှင်၊ တည်ငြိမ်၊ သာယာသော ဘဝအလှ ရရှိစေရန် ဆရာမကြီးထံ လာရောက်ဆွေးနွေးနိုင်ပါသည်။

(တနင်္ဂနွေ၊ တနင်္လာ)နေ့များမှအပ နေ့စဉ် ဟောခန်းဖွင့်ပါသည်။

ဟောခန်း – အမှတ်(၁၆)၊ အနောက်ဘက်မုခ်၊ ကျိုက်ဝိုင်းဘုရား၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၀၉၇၃၂၄၀၇၉၆




www.burmeseclassic.com

www.burmeseclassic.com



ပုရောဟိတ်-ဆရာဦးမြတ်စံ

# ကံပွင့် လာဘ်ပွင့် ထီပေါက်စေသောဂါထာ

တစ်နေ့သောနံနက်ခင်း နိစ္စဓူဝလုပ်ငန်းများဖြစ်သော ဘုရားညောင်ရေအိုးပန်းလဲခြင်း၊ သောက်တော်ရေကပ်ခြင်း၊ နံ့သာတိုင်၊ အလင်းတိုင်များ ဆက်ကပ်နေစဉ် လူခေါ်ခေါင်းလောင်းသံကြားသဖြင့် ဧည့်သည်ထင်၍ တံခါးမကြီးကို အလွယ်တကူပင် ဖွင့်ပေးလိုက်ပါသည်။

'ဆရာ..မင်္ဂလာပါ။ ပုပ္ပားက ပြန်လာတာဆိုတော့ အဘဆီက ဂဏန်းလေးဘာလေးရရင် သမီးကို ပေးပါလား ဆရာ'ဟု အမျိုးသမီးတစ်ဦးက နံနက်ခင်းကို ဆောက်နှင့်ထွင်း၍ ဖျက်ဆီးလိုက်ပါသည်။

ထိုအမျိုးသမီးမှာ စာရေးသူ တက္ကသိုလ်ကျောင်းသားဘဝတွင် အခမဲ့စေတနာကျူရှင် ဖွင့်စဉ်က တပည့်ဖြစ်ခဲ့ဖူးပါသည်။ နဝမတန်းကျောင်းသူ ဖြစ်ခဲ့ဖူးပါသည်။ ဆယ်တန်းမအောင်မြင်ဘဲ ဘဝတက္ကသိုလ်တက်ကာ သားသမီးနှစ်ဦး ထွန်းကားကြောင်း သိရပါသည်။

ကျွန်ုပ်ကပင် 'ဒီလိုရှိတယ် သမီးရဲ့။ ဆရာက အဘဘိုးတော်အောင်မင်းခေါင်ရဲ့ ထွက်ပွဲအောင်ပွဲကို ပုပ္ပားမှာ သွားပြီး အခမ်းအနားပြုလုပ်ဒါန်းတာပါ။ အခြားဘာအကြောင်းမှ အရင်းမခံတဲ့အတွက် သမီးပြောသလို ဘာဂဏန်းမှ မရခဲ့ပါ။ ဆရာကိုယ်တိုင်ကလည်း လောင်းကစား စိတ်မဝင်စားတာလည်း မပါပါတယ်'ဟု ရှင်းပြလိုက်ပါသည်။

အဘဘိုးမင်းခေါင်ကလည်း လောင်းကစားဘိုးတော် မဟုတ်ပါ။

အလျဉ်းသင့်လို့ ပြောရလျှင် နာမည်အရင်းမှာ မန္တဲ့ ဖြစ်ပြီး အဘိုး,အဘွားနှင့် ကြီးပြင်းရသော မိတဆိုးကလေး ဖြစ်ပါသည်။ နဂိုကတည်းက ကျောင်းစာကို စိတ်ဝင်စားမှု အားနည်းသဖြင့် စောစီးစွာ လက်သမားဆရာတစ်ဦးနှင့် အိမ်ထောင်ကျခဲ့ခြင်း ဖြစ်ပါသည်။ လက်သမားဆရာကလည်း လောင်းကစားတွင် ဝါသနာပါသဖြင့် ရသမျှ ချဲထီ၊ နှစ်လုံးထီ လောင်းကစားခြင်းဖြင့် ဘဝကို အချိန်ကုန်စေခဲ့ပါသည်။

သူတော်ချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ ဆိုသလို မောင်မင်းကြီးသား ကိုမြဖေနှင့် မန္တဲ့တို့ ချဲချင်းထားချဲချင်းထိဆိုသလို ချဲတွက်ရင်း ငြိတွယ်ကြခြင်း ဖြစ်ပါသည်။ မန္တဲ့က ပျံကျဈေးတွင် ဘဲဥရောင်းနေရာမှ ဘဲဥသည် လာဘ်မကောင်း၊ ဝလုံး၊ သုည ဝင်ငွေမရှိ နိမိတ်မကောင်းဟုဆိုကာ ကန်တော့ပွဲတွင် စိုက်ထူသော တံခွန်သာသနာ့အလံတွေ ဖောက်သည်ယူရောင်းလေ့ရှိပါသည်။ အောင်မြင်ရန် ရည်ရွယ်၍ အောင်အိုးများ ရောင်းလေ့ရှိပါသည်။

ချဲဂဏန်းများကို အတိတ်ကောက်လျှင် အတိတ်စိမ်းများကို ဂဏန်းနံပါတ်ဖော်ရာတွင် ဗျည်းအက္ခရာများကို လွယ်လင့်တကူ အဓိပ္ပာယ်ပြန်နိုင်သဖြင့် မန္တဲ့အမည်ပျောက် ဗျည်းနွဲ့ ဟူသတတ်။

အလားတူ မန္တဲ့၏ ခင်ပွန်းကိုလည်း ရှေ့သွား နောက်လိုက် ညီသော ချဲလင်မယားစုံတွဲကို အသိမှတ်ပြုကာ မောင်မင်းကြီးသား ကိုမြဖေကို ဗညားနွဲ့ဟု အမည်သညာ ခေါ်ကြပါသည်။

လင်မယားနှစ်ယောက်စလုံး စီးချင်းထိုးကြပါသည်။ မျက်စိလည်၊ နားမလည် ဖြစ်မသွားပါနှင့် စာရှုသူ။ မောင်မင်းကြီးသား ကိုမြဖေ (ခေါ်) ဗညားနွဲ့က စက်ဘီး တစ်စီးဖြင့် ချဲသတင်းကို ရပ်ကွက်ထိပ်မှ ရွာတော်ရှင်နှင့်ကွ မလွှကုန်းဘူတာတစ်ဝိုက်တွင် စက်ဘီးစီး၍ ချဲထိုးလေ့



www.burmeseclassic.com

www.burmeseclassic.com

ဖြင့် ဗညားနွဲ့ကို စီးချင်းထိုးသည်ဟု အများက လျှောင်ကြခြင်း ဖြစ်ပါသည်။

နောက် ဇနီးဖြစ်သူ မနွဲ့(ဗျည်းနွဲ့)ကတော့ ဆိုက်ကားတစ်စီးဖြင့် ဘဝတူ နတ်မောက်ရပ်ကွက်မှ ကိုဇော်ဝင်း(ခေါ်) ကိုဇော်၊ ၄င်းနှင့် တွဲဖက်ကစားသမား ဘိုးတော်ဇော်သန်းတို့ထံ ချဲအတိုင်ပင်ခံ ဝင်ကြပါသည်။ ယခု ဘိုးတော်ဇော်သန်းကတော့ နှစ်လုံး(နှလုံး)ရပ်၍ ထွက်ရပ်လမ်းနေထာခရီးသို့ အပြီးပိုင်ထွက်သွားလေပြီ။ ဗျည်းနွဲ့က ချဲအားကိုးမရှိသဖြင့် ကျွန်ုပ်ထံသို့ အားကိုးတကြီးဖြင့် ရောက်လာခြင်း ဖြစ်ပါသည်။

မနွဲ့က 'ဆရာရယ်..သမီးဆိုလိုချင်တာက အဓိကပေါက်စေမည့် လာဘ်ခေါ်အဆောင်၊ ဂါထာ၊ အင်း စသည်ဖြင့်ပေါ့။ သမီးနဲ့သင့်လျော်မယ့်ဟာလေးတော့ ချီးမြှင့်ပေးပါ ဆရာရှင်။ အခု သမီးတို့မိသားစုက အလုပ်ကလည်းကောင်း၊ ဈေးရောင်းလည်း ဈေးဦးမပေါက်တော့ သမီးတို့အကြွေးပတ်လည်ဝိုင်းနေပါတယ်။ တပည့်တစ်ယောက်အနေနဲ့ ဆရာက လမ်းညွှန်ကူညီပါ ဆရာ'ဟု လက်အုပ်ချီ၍အားငယ်သောမျက်နှာဖြင့် တောင်းဆိုလာပါသည်။

'မနွဲ့ အကူအညီတောင်းလို့ ဆရာပြောရဦးမယ်။ ဗေဒဝလက်ာကို ရေးစပ်ခဲ့တဲ့ မန်လည်ဆရာတော်ဘုရားကြီးရဲ့ ကံကိုယုံသော လူသားများအတွက် အောက်ပါအတိုင်း ကဗျာတစ်ပုဒ်ကို လေ့လာကြည့်စေချင်ပါတယ်။

ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောကြားသည်မှာ၊ အရင်းသာမြင်၊ ဥစ္စာဘောဂ၊ ဓိတိတတွင်၊ ဉာဏ်,ဝီရိယာ၊ ပယောဂနည်းဟု ဖြစ်ပါတယ်။ ဒါကြောင့် ကံသာလျှင်အမိ ကံသာလျှင်အဖဟု ဆိုသော်ငြားလည်း ချဲထီလောင်းကစားတဲ့ကံကိုပြောတာမဟုတ်ဘဲ မိမိအလုပ်သည် ကံဟု နားလည်ရပါမယ်။

ရွှေပုစွန်ဖခင်ကြီး ဦးပွင့်ကောင်းက အလုပ်ကောင်းမှ ကံကောင်းမည်ဟု ဖြစ်ပါတယ်။' မိမိကိုယ်တိုင်ကလည်း အလုပ်ကို ဝီရိယဖြင့် ကြိုးစားအားထုတ်စေချင်ပါတယ်။ ဆရာတို့ ဗေဒင်ဆရာဆိုလျှင် အမြဲတမ်း စရဏကျင့်စဉ်တွေ၊ အဓိဋ္ဌာန်တွေ မပြတ်ဆောင်ရွက်နေတာဟာ Intellectual ဉာဏအလုပ်တွေ လုပ်လုပ်နေတာပါ။ သမီးတို့ ဈေးရောင်းတာ လက်သမားလုပ်တာ Physical ကာယလုပ်ငန်း ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်မှ ကာယဉာဏလုပ်သားတွေရဲ့ ဘဝစွမ်းရည်ကို မြှင့်တင်ရမယ်လို့ မူဝါဒတွေ ချမှတ်ထားခြင်း ဖြစ်ပါသည်။

ဒါကို မနွဲ့နဲ့ ခင်ပွန်းဖြစ်သူ ကိုမြဖေတို့က မိမိရဲ့ တတ်သိနားလည်တဲ့ လက်မှုပညာ၊ နှုတ်မှုပညာတွေကို အကျိုးရှိရှိ အသုံးချပြီး မိသားစုဘဝကို ထူထောင်စေချင်ပါတယ်'ဟု ကျွန်ုပ်က ရှင်းပြလိုက်ပါသည်။

မနွဲ့ကပင် 'ဒီတော့ ဆရာရယ်..သမီး လောလောဆယ် ဈေးရောင်းကောင်းအောင် အဆောင်ယတြာတစ်ခု စီရင်ပေးပါလား ဆရာ။ ဒါမှ ဆရာပြောသလို သမီးရဲ့ ဘဝအိမ်ထောင်ရေး၊ စားဝတ်နေမှု အဆင်ပြေမှာပါ'ဟု ပြောပါသည်။

ကျွန်ုပ်ကပင် 'တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ဆရာပေးတဲ့ လာဘ်ပွင့်သိဒ္ဓိဂါထာတော်ကို နေ့,ည အိပ်ရာဝင် အိပ်ရာထမှာ ရွတ်ပါ။ မရွတ်ခင် ဘုရားသောက်တော်ရေ ဆက်ကပ်ပါ။ အလင်းတိုင်၊ နံ့သာတိုင် ပူဇော်ပါ။ ပြီးလျှင် အောက်ပါလာဘ်ပွင့်သိဒ္ဓိဂါထာကို (၉)ခေါက်ရွတ်ပါ'ဟု အကြံပေး၍ ဂါထာကို ချရေးပေးလိုက်ပါသည်။

ပါဠိအသံထွက် အားနည်းသဖြင့် သုံးခါတိုင်ပေးပြီး 'သုံးလွန်းတင်မှကြိုးကွယ့်၊ ဒါကြောင့် ဆရာက သုံးခါတိုင်ပေးတာပါ'ဟု ပြောလိုက်ပါသည်။

**ထီပေါက်စေသောဂါထာတော်နှင့် အင်း**

| | | | | | | |
|---|---|---|---|---|---|---|
| ဇ | တ | ဒ | ဂ္ဂံ | ဘိ | ကွ | ဝေ |
| ဋ္ဌိ | ဏှာ | နံ | ယ | ဒိ | ဒံ | စ |
| ဋ | ဇ္ဇိ | နု | တ | ထာ | ဍ္ဍ | စ |
| ဋ | ဝ | ဓိ | ဠ | ဓိ | ဍ္ဍ | ဋ္ဌ |
| ဋ | ဓိ | ဣ | ဝ | ဋ္ဌ | ဒ | ဝ |
| ဒ | ဣ | မှ | ယဒ | ဓ | ဋ္ဌ | ဋ္ဌ |
| ဂု | ထ | ဂ | နှ | ။ဃ | ငွ | -၈- |

<u>**လာဘ်ပွင့်သိဒ္ဓိဂါထာတော်**</u>

*အတ္တခေမွ သမ္ဗိဒါစ၊*
*နိရုတ္တိ ပဋိဘာဏကာ၊*


www.burmeseclassic.com

www.burmeseclassic.com

*စတုသဋ္ဌိဒ ပဋ္ဌာနံ၊*
*အဂ္ဂပဋ္ဌံ ဇိနံ နမေ။*
(၉)ခေါက်ရွတ်ပါ။

မိမိရောင်းလိုသောကုန်ကို ဈေးဆိုင်ကောင်တာ၊ ဈေးခုံ၊ ဈေးဗန်းတို့ကို မျက်နှာမူ၍ မန်းလျှင်လည်း ရပါသည်။ (သို့မဟုတ်) ကြေးဖလားတွင် ရေအနည်းငယ် ထည့်၍ အထက်ပါဂါထာကို (၉)ခေါက်ရွတ်၍ ရောင်းမည့်ကုန်ကို ပက်ဖျန်းပေးပါ။ ဝယ်သူလာ၍ အမြန်ရောင်းထွက်ပါသည်။

**အင်းဟိန်း**

*အကာလိကော ဧဟိပဿိကော*
*တေဒဂ္ဂံဘိက္ခဝေ၊ မမသာဝကာနံ ဘိက္ခုနံ၊*
*ပထမံ သလာကံ ကဏှန္တာနံ၊*
*ယဒိဒံ ကုဏ္ဍာဓာနော၊*
*ဧတေန သစ္စာ ဝဇ္ဇေန၊*
*တထာ မေ ဟောတု သဗ္ဗဒါ။*

ရွှေပြား၊ ငွေပြား၊ ကြေးကမ္ဗဝါတွင် အင်းစီရင်ပါ။ စနေဆန်းသောလတွင် စီရင်ပါ။ ပွဲစုံပါစေ။ နံ့သာတိုင်၊ အလင်းတိုင်ဖြင့် ပူဇော်စီရင်ပါ။ ထီထိုးထားသော အောင်ဘာလေသိန်းဆုဌာနမှ ထီလက်မှတ်ကို ထိုအင်းအောက်တွင်ထား၍ အပေါ်မှ မီးထွန်း၍ အင်းဟိန်းဂါထာဖြင့် တစ်နေ့လျှင် နံနက်၊ ည (၉)ခေါက်ရွတ်ပါ။ စာရေးသူ ကိုယ်တွေ့ပေါက်သဖြင့် ဗုဒ္ဓဂယာသို့ ဘုရားဖူးရောက်သွားပါသည်။

ယခု မန္တဲ့ (ခေါ်) ဗျည်းနွဲ့ကိုလည်း အလားတူ အင်းနှင့် အင်းဟိန်းဂါထာကို ပေးလိုက်ပါသည်။ ထီဂဏန်းရွေးခြင်း၊ ထီပေါက်ကံဇာတာပါ,မပါ ဆောင်ရွက်ခြင်းက သိန်းချီကုန်ပါသည်။ ယခုကဲ့သို့ ဆောင်ရွက်ခြင်းက မိမိ၏ ကံဇာတာကို နည်းမှန်လျှင် ကံမရွေး အောင်မြင်ပါသည်။

ထီထိုးသောပုဂ္ဂိုလ်သည် ပဋ္ဌာန်းရွတ်နိုင်လျှင် ပိုကောင်းပြီး ထိရောက်မှုရှိပါသည်။ ၄င်းအပြင် ရပ်ကွက်အတွင်း ပဋ္ဌာန်းပွဲ အသံမစဲကျင်းပလျှင် အလှူငွေ ထည့်ဝင်ပါ။ ရပ်ကွက် စာရေးတံမဲပွဲနှင့် ကထိန်အလှူများတွင်လည်း အလှူငွေ ထည့်ဝင်ရပါမည်။ သို့မှသာ ဓမ္မဒိဋ္ဌ တူသော အကျိုးပေး ခံစားရပါမည်။ ယုံကြည်စွာဖြင့် ဆောင်ရွက်လျှင် ကံ,ကံ၏အကျိုးကို ရရှိခံစားရမည်မှာ မုချမလွဲပါ။

မေတ္တာရည်၍
**ပုရောဟိတ်-ဆရာဦးမြတ်စံ**



www.burmeseclassic.com

# သူခိုးဖမ်းနည်းနှင့်ဖော်နည်း

ပုရောဟိတ်=ဆရာဦးမြတ်စံ

(၁၉၇၀)ပြည့်နှစ်လောက်က ဖြစ်မည်ထင်ပါသည်။ စာရေးသူ၏ အစ်ကိုဝမ်းကွဲတစ်ယောက် သူ၏ဖခင်(စာရေးသူ၏ဦးလေး)နှင့် စကားပြောအဆင်မပြေဖြစ်သဖြင့် စိတ်လေကာ အိမ်မှထွက်သွားခဲ့ဖူးပါသည်။ မိခင်ဖြစ်သူက ယောက်မအေးဖြစ်ကာ စာရေးသူ၏မိခင်အကူအညီရယူကာ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက် ဗေဒဝိဇ္ဇာဆရာ သောင်းထံသို့ (၂)ယောက်သား လူပျောက်ဗေဒင် သွားမေးကြပါသည်။

လမ်းတွင် စာရေးသူ၏မိခင်က ယောက်မဖြစ်သူအား ငါ့အထင်တော့ နင့်သား ကြည်ဝင်းက တနင်္လာသားလည်း ဖြစ်ပြန် တနင်္လာနေ့ကပျောက်သွားတော့ (ကြာကန်သူဝနေ) တောကိုများသွားလား၊ ထိုစဉ်က ဖခင်၏ဇာတိမှာ ဒေးဒရဲ ဇာတိကို ဆိုလိုပါသည်ဟု အမေကလည်း ပစ္စည်းပျောက် သင်္တာကိုရွတ်၍ အဟောထုတ်လိုက်ပါသည်။ ထိုစဉ်က ဘတ်(စ်)ကားများမှာ ပုစွန်၊ လခြမ်း၊ မြင်းကျား စသည်ဖြင့် တိရစ္ဆာန်အကောင်ရုပ်များဖြစ်ရာ တာမွေရောက်သော မြင်းကားစီး၍ ရောက်လာကြပါသည်။

ဗေဒဝိဇ္ဇာဆရာသောင်း ထိုစဉ်က ခွေးလေးဗေဒင်ထံ ရောက်သောအခါ တိုကင်နံပါတ်မှာ နောက်ဆုံးဖြစ်နေပါသည်။ ညဏ်ပူဇော်ခ ငါးကျပ်မျှသာဖြစ်ပါသည်။ ထိုစဉ်က နေ့စားဝန်ထမ်းတစ်ဦး၏ လစာမှာ (၃)ကျပ် (၁၅)ပြား (သုံးကျပ်ဆယ့်ငါးပြား) ဖြစ်ပါသည်။ ထိုစဉ်က ခွေးလေး ဗေဒင်ဦးသောင်း၏ ဝင်ငွေကို ခန့်မှန်းနိုင်ပါသည်။

ဆရာ့ရှေ့သို့ ရောက်သောအခါ မိခင်ဖြစ်သူနာမည် ပြောပါဟု လာမေးသူမိခင်၏ နာမည်ကို မေးပါသည်။ ပျောက်သွားတဲ့လူနာမည်ပြောပါဟု ဆရာထပ်မေးပါသည်။ မိခင် ဒေါ်တင်မေက မောင်ကြည်ဝင်း၊ တနင်္လာသားပါ။ အသက်က (၂၂)နှစ်ပါဟု ပြောပါသည်။ ဆရာသောင်းက သေချာစွာတွက်ချက်ပြီး ပဲခူးမြို့ကိုထွက်သွားတာပါ။ မြို့ပေါ် တော့မဟုတ်၊ ပဲခူးမြို့နားက ရွာလေးတစ်ရွာပါ။ ဂုံမင်းကန် ဟု အတိအကျပြောလိုက်ပါသည်။

အပြန်ကျတော့ မိခင်က အငြိမ်မနေ။ 'မတင်မေ ငါ မပြောဘူးလား။ တောကို ထွက်သွားတာ။ ပဲခူးနဲ့ ဒေးဒရဲ ပဲ ကွာတာ'ဟု နှုတ်က တဖွဖွပြောရင်း အိမ်ပြန်လာခဲ့ကြပါသည်။

ချက်ချင်းပင် ရန်ကုန်ဘူတာကြီးမှ ပဲခူးလော်ကယ် (Locomotive မီးရထားခေါင်း ကျောက်မီးသွေးဖြင့် မောင်းသည်)စီးကာ ပဲခူးဘူတာမှတစ်ဆင့် ဂုံမင်းကန်သို့ ခရီးဆက်ပြီး ကိုကြည်ဝင်းကို သူ့သူငယ်ချင်းအိမ်မှ ပြန်ခေါ်လာခဲ့ပါသည်။

ဆရာဦးသောင်း (ခွေးလေးဗေဒင်)၏ ပညာအစွမ်းကို အတော်အံ့သြမိပါသည်။ အရမ်းတတ်ချင်ပါသည်။ လက်ဆန်းဗေဒင်အကျော်အမော် ဆရာတစ်ဦးထံမှ (၁၉၈၀)ပြည့်နှစ်လောက်က ဗေဒဝိဇ္ဇာ ဆရာသောင်း၏ မှတ်စုတချို့ တစ်ဝက်ကို သူရထားသလောက် ပေးခဲ့ပါသည်။

(၂၀၀၀)ပြည့်နှစ် ရောက်သောအခါ ကျန်နေသော မှတ်စုတစ်စိတ်တစ်ပိုင်းကို မိတ်ဆွေဗေဒင်ဆရာတစ်ဦးမှ လက်ဆင့်ကမ်းသဖြင့် မှတ်စုက စုံသလောက်ရှိနေပြီး စာရေးသူက Lost and Found ပျောက်လျှင်ပြန်တွေ့ ကျမ်းစာစောင် ပြုစုလျက်ရှိပါသည်။

အတုလဆရာအောင်၏ ပစ္စည်းပျောက်ရှာ ငါးဆရာ စာအုပ်ကို ထပ်မံလေ့လာပြီး ဖြည့်စွက်ရေးသားကာ Ready Reckoner အလွယ်ရှာဇယား တီထွင်နေပါသည်။ ပျောက်သောနေ့ ပျောက်သောပစ္စည်းအမျိုးအစား ဓာတု၊ မူလ၊ ဇီဝကိုခွဲခြား၍ အလွယ်တွက်နည်းကို ပြုစုနေပါသည်။

သိပ်မကြာခင်လိုက်ပါ၊ စာရေးသူ၏အိမ်နားတွင် ရတနာရောင်းသော ပန်းထိမ်ဆရာတစ်ဦး ရှိပါသည်။ သားများမှာ ကိုကြီး၊ ကိုလတ်၊ ကိုငယ်ဟူ၍ ဖြစ်ပါသည်။ စိန်မိုက်ကယ် ကျောင်းထွက်များ ဖြစ်ပါသည်။ စာတော်ပြီး ဆယ်တန်းအောင်ပြီး ထွက်ရခြင်းမဟုတ်ပါ။ စာမလိုက်နိုင်၊ ကျောင်းပြေး၍ ကျောင်းမှ စောစီးစွာထွက်သွားရခြင်းဖြစ်ပါသည်။ စာရေးသူနှင့် သက်တူရွယ်တူ ကျောင်းနေဖက်မှာ ကိုလတ်ဖြစ်ပါသည်။ ကိုလတ်က လေ့ကျင့်ခန်း(Exercise)မလုပ်၊ အိမ်စာ(Home Work)မလုပ်ဘဲ စာရေးသူထံမှ ကူးယူလို့



www.burmeseclassic.com

www.burmeseclassic.com

ရှိပါသည်။ စာရေးသူကိုလည်း စိုစိုပိုပို စားချင်ရာစား၊ ရုပ်ရှင်ကို မြို့ထဲ President, Globe, Pladium စသည့် ရုံကြီးများတွင် နိုင်ငံခြားရုပ်ရှင်ဇာတ်လမ်းများ ဒကာခံပြသ လေ့ရှိပါသည်။ အပြန်ရှားမီးမုန့်တိုက်တွင် ရေခဲမုန့်ကျွေးပါ သည်။

တစ်နေ့တော့ ကိုလတ်၏ဖခင်ဖြစ်သူက စာရေးသူထံ သို့ နံနက်အစောကြီး ရောက်လာပါသည်။

ရောက်ရောက်ချင်းပင် 'မင်းသူငယ်ချင်းကိုလည်း ကြည့်ပြောပါဦးကွာ။ ငါ့ကို လာအပ်ထားတဲ့ စိန်လက်စွပ် ပျောက်သွားတယ်ကွာ။ နောက်ပြီး ငါက အလုပ်စားပွဲပေါ် တင်ပြီး အိမ်သာဝင်နေတုန်း စိန်လက်စွပ်ကို မ,သွားတာကွ။ အိမ်ကို သူစိမ်းတစ်ရုံဆံလည်း မလာပါဘူးကွာ။ နောက် ခက်တာက ဗေဒင်ဆရာ သွားမေးတော့ အိမ်တွင်းသူခိုးလို့ ပြောတယ်။ မေးတော့ ညီအစ်ကို(၃)ယောက်စလုံးက တစ် ယောက်မှ မယူဘူးလို့ ဘုရားခံပြီး ငြင်းနေကြတယ်'ဟု ကိုလတ်၏ဖခင်က ပြောပြောဆိုဆို ညည်းညူနေပါသည်။

ထိုဖြစ်စဉ်ကိုကြားသွားသော စာရေးသူ၏ ဖခင်က မနေသာတော့ဘဲ ကိုလတ်၏ ဖခင်ဘက်လှည့်ကာ 'ကိုလှ မောင်··ကျွန်တော် အကြံတစ်ခုပေးမယ်။ လက်ခံပြီး အကောင်ထည်ဖော်မယ်ဆိုရင် ကျွန်တော် ကူညီပါ့မယ်။ ကိုလှမောင်ပျောက်သွားတဲ့ စိန်လက်စွပ် ပြန်ရစေရမယ်'ဟု စာရေးသူ၏ဖခင်က ရဲရဲကြီးအာမခံလိုက်ပါသည်။

ဖခင်ဖြစ်သူက Logic ယုတ္တိဗေဒဆန်သော ယတြာ အစီရင်ကို ဦးလှမောင်အား နောက်ရက်တွင် ချိန်းဆိုပြီး ဆောင်ရွက်ပေးလိုက်ပါသည်။

ယခုတင်ပြမည့် အစီအရင်မှာ ဆရာကြီးဒဂုန်ရွှေမျှား ရေးသားသောဝတ္ထုတွင် ဖော်ပြထားသော သူခိုးဖော်နည်း နှင့် ဆင်တူပါသည်။

သိပ်မကြာလိုက်ပါ။ ဦးလှမောင်(ပန်းထိမ်ဆရာ)၏ အိမ်ရှေ့တွင် သားဖြစ်သူ ကိုလတ်တစ်ယောက် သရက်ပင်၌ ကြိုးတုပ်၍ နေလှန်းခံနေရပါတော့သည်။

ဖခင်၏ ယတြာအစွမ်းကို သိလို၍ 'အဖေ့ယတြာက စွမ်းတယ်နော်။ သားလည်း သိချင်ပါတယ်။ သားကိုလည်း သင်ပေးနော်'ဟု ယတြာနည်းကို ဖခင်ထံမှ သင်ယူလိုက် ပါသည်။

ပထမဦးစွာ ဖခင်က ဩဝါဒခြွေရာတွင် ဗေဒင်ပညာ ဆိုတာ ကိန်းချည်းသက်သက်ပေါ် အခြေမခံဘဲ Logic ယုတ္တိဗေဒကိုလည်း တတ်သိနားလည်ရမှာဖြစ်ကြောင်း ခြုံ ယူယုတ္တိဗေဒ၊ ပတ်ဝန်းကျင်၏ အခြေအနေကိုလည်း သိ ထားရမှာဖြစ်ကြောင်း ကိန်းကိုပဲ မျက်စိစုံမှိတ်၍ ဟောပြော နေ၍ မရကြောင်း၊ ဝိဇ္ဇာနည်း၊ သိပ္ပံအတွေးအခေါ် Ideol- ogy ကိုလည်း တတ်ထားရမှာဖြစ်ကြောင်း ရှင်းပြပါသည်။

ရတနာခိုးသူကို ဖော်ထုတ်ရာတွင် ကုလားအုပ်၏အမြီး ကို ဆွဲခိုင်း,ပွတ်ခိုင်းသကဲ့သို့ လူတစ်ယောက်ချင်းစီအား အမြီးကိုဆွဲခိုင်းရာ ရတနာမခိုးသူက ရဲတင်းစွာ ကုလား အုပ်အမြီးကို ကိုင်ဆွဲပွတ်သပ်ကြပါသည်။ ရတနာသူခိုးက ကတော့ အဖြစ်မှန်ပေါ်သွားမည်စိုး၍ ကုလားအုပ်၏ အမြီး ကို ကိုင်တွယ်ခြင်း၊ ပွတ်သပ်ခြင်း မပြုပါ။ ထို့ကြောင့် ကုလားအုပ်အမြီးကို ပွတ်ဆွဲသူတိုင်း၏လက်ကို နမ်းကြည့် ရာ ခိုးသူ၏လက်တွင် ဘာအနံ့မှ မရရှိသဖြင့် ဖော်ထုတ်နိုင် ပါသည်။

အကြောင်းမှာ ကုလားအုပ်၏အမြီးတွင် သစ်မွှေးဆီ ဆွတ်ထားသဖြင့် အမြီးကိုင်သူတိုင်း လက်တွင် သစ်မွှေး ဆီအနံ့ ရရှိနေပါသည်။ ခိုးသူကတော့ အဖြစ်မှန်ပေါ်သွား မည်စိုး၍ ကုလားအုပ်အမြီးကို မကိုင်သဖြင့် လက်တွင် သစ်မွှေးဆီအနံ့ မရရှိသောကြောင့် ရတနာခိုးသူကို အမြန် ဆုံးနှင့် အမှန်ကန်ဆုံး ဖော်ထုတ်နိုင်ခဲ့ပါသည်။ ဆရာကြီး

**သူခိုးက ဝန်ခံစေသော အင်းနှင့်ဂါထာ**

| | | | | |
|---|---|---|---|---|
| သူ | ဥ | အာ | ဗ္ဗ | ခိုး |
| ရော | သ | ခိုး | အ | ရော |
| မိ | စေ | ၁၂၃၄<br>၅၆၇ | သူ | အာ |
| နွေ | တ္တိ | ပေါ် | စေ | ဟံ |
| စေ | ယာ | ဘ | ပ | မိ |

ဥ··အဟံ ဘန္တေ
သဗ္ဗ အာပတ္တိရော
အာရောစေယာမိ။
(၇-အုပ် ရွတ်ပါ။)



www.burmeseclassic.com

www.burmeseclassic.com

အလှန်ရွေများ၏ဝတ္ထုမှ ကောက်နုတ်တင်ပြခြင်းဖြစ်ပါသည်။

ဖခင်က ပန်းထိမ်ဆရာဦးလှမောင်အား သူခိုးက ဝန်ခံဆသော အင်းအစီအရင် ဖယောင်းတိုင်တစ်ခုကို စီရင်ပေးလိုက်ပါသည်။ ထိုဖယောင်းတိုင်ကို ပစ္စည်းပျောက်သွားနေရာတွင်ထွန်း၍ နှုတ်မှလည်း 'ခိုးသူ အမြန်ဝန်ခံပါစေ'ဟု (၇)ခေါက်ရွတ်ရပါသည်။ အင်းအစီအရင်မှာ တစ်ဖက်ပါအတိုင်း ဖြစ်ပါသည်။

ထို့နောက် ဦးလှမောင်၏သား(၃)ဦးအားခေါ်၍ အဖေကတော့ စိန်လက်စွပ်ကို ခိုးသွားတဲ့လူကို လာဝန်မခံရင်တော့ ဒီဖယောင်းတိုင်ကိုထွန်းပြီး ကျိန်စာရိုက်ရပါလိမ့်မယ်ဟု ပြောပြောဆိုဆို ဖယောင်းတိုင်ကို မီးညှိလိုက်ပါသည်။

'တကယ်လို့ မင်းတို့(၃)ယောက်ထဲက ယူရင်ပဲဖြစ်စေ၊ ယူတဲ့လူကို သိလို့ပဲဖြစ်စေ ပြောပြနိုင်ရင် ဆုငွေမုန့်ဖိုးငါးထောင် ထပ်ပေးမယ်'ဟု ပြောပြလိုက်ပါသည်။

ထိုစဉ်က ဆိုက်ကားတစ်စီး၏တန်ဖိုးမှာ (၃၀၀၀)ကျပ်သာ ရှိပါသည်။

နာရီပိုင်းလောက်အကြာတွင် ဖယောင်းတိုင်မီး ငြိမ်းသွားသောအခါ ကိုလတ်တစ်ယောက် ဂနာမငြိမ်ဖြစ်လာပြီးဖခင်ဦးလှမောင်အား-

'အဖေက သူခိုးဖော်ရင်၊ ဝန်ခံရင် (၅၀၀၀)ကျပ်တကယ်ပေးမှာလား'

ဆိုပြီးမေးရာ ဦးလှမောင်က လက်ပွေ့အိတ်ထဲမှ ပိုက်ဆံများထုတ်ကာ-

'ဟောဒီမှာ (၅၀၀၀)ကျပ်၊ တစ်ပြားမှ မလျော့ဘူး။ မင်းသိရင် ပြော'ဟု ခပ်ငေါက်ငေါက်ကလေး ပြောလိုက်ပါသည်။

ကိုလတ်က 'ဒါဆို အဲဒီငါးထောင်ကျပ် ကျွန်တော့်ကိုပေးပါ။ လက်စွပ်က ကျွန်တော်ယူပြီး (၂၀၀၀)ကျပ်နဲ့ ပေါင်ထားပါတယ်'ဟု ဝန်ခံလိုက်ပါသည်။

ထိုအခါ ဦးလှမောင်က ကိုလတ်အား ကြိုးဖြင့်တုပ်ကာ အိမ်ရှေ့ရှိသရက်ပင်တွင် အကျီချွတ် နေလှန်းပါတော့သည်။

ပစ္စည်းပျောက်လျှင် သူခိုးဝန်ခံပြီး သူခိုးဖော်သောနည်းကို အကျိုးရှိမည်ဟု ယုံကြည်၍ ရေးသားလိုက်ပါသည်။

မေတ္တာရည်၍

ပုရောဟိတ်-ဆရာဦးမြတ်စံ





0910Y008631
ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝတ/စာနယ်ဇင်း ၀၄၇/၀၉၀၉

စားချင်တာ စားလို့ရအောင်

၀၉-၅၁ ၁၈၄၇၆
၀၉-၄၃ ၀၄ ၄၃ ၆၀

ရွှေသဇင်
အမှတ်တံဆိပ်
ဆီးချို၊ သွေးချိုကျဆေးကိုဆောင်

ဆေးအာနိသင် နစ်ကြိုက်မှုမရှိပါက
ဤဆေးဘူးနှင့်အတူ (၇)ရက်အတွင်း
မိမိဝယ်ယူသည့် ဆေးဆိုင်တွင် ဆေးဖိုးငွေ
ပြန်လည်ထုတ်ယူနိုင်ပါသည်။

ရွှေသဇင် ပင်ရင်း - အမှတ်(၆၀၅)၊ အေရုံ ကုန်စျေးတန်းလမ်း၊ ဝန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အမြို့မြို့အနယ်နယ်ရှိ ဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။

www.burmeseclassic.com



ကီပညာဆိုသည်မှာ ကွမ်းမန်းဆရာတော်ကြီး မိန့်ကြားသလို မသိသူကျော်သွား သိသူဖော်စားသဘောပင်ဖြစ်သည်။ ယခုကြာသပတေးသားသမီး ကံစွမ်းမြှင့်အမိဋ္ဌာန် မရေးသားမီ (၅)တွင် ရာဟုသားသမီးများ ကာမာဝစရ ကုသိုလ်ကံစွမ်းမြှင့်ပုံ ဖော်ပြထားပါသည်။

(၅) ရာဟုသားသမီးများ ကာမာဝစရကုသိုလ်ကံစွမ်းမြှင့် အဓိဋ္ဌာန်

တနင်္ဂနွေနေ့ (၁၀)နာရီ (၁၀)မိနစ်အချိန်တွင် စတင်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြပါ။

သပိတ်တွင် ဆွမ်းကို ရဟန်းတစ်ပါးစာမှန်းပြီး ဖွန်းကြီးဆိုလျှင် (၁၀)ဖွန်း (သို့မဟုတ်) ပန်းကန်လုံးဖြင့် ထည့်ပါက (၅)ခွက်ထည့်ပါ။ သစ်သီးစိတ်(၅)မျိုး၊ အကြော်စုံ (၁၀)ခု၊ မရွှေးမုန့်(၅)ခုထည့်၍ ဇွန်း၊ ခက်ရင်းပါ ထည့်ကပ်ပါ။ သောက်တော်ရေ(၅)ခွက်၊ ဆီမီး(၅)တိုင်၊ ကံပွင့်အမွှေးနံ့သာတိုင်(၁၀)တိုင်လှူပါ။ ပန်းအိုးဖြင့် ကန်စွန်း(၁၅)ညွှန့်၊

# သစ်တံခါးဆရာတော် ချီးမြှင့်သော
## (၇)နေ့သားသမီးများကုသိုလ်
# ကာမာဝစရကံစွမ်းမြှင့်ရန် အဓိဋ္ဌာန်

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc)

ယခင်လက ကံစွမ်းမြှင့်ရန် အဓိဋ္ဌာန်၊ ကံစွမ်းဖွင့်ပုံဖွင့်နည်းအကြောင်း ဗုဒ္ဓဟူးသားသမီးအထိ ရေးသားဖော်ပြပေးခဲ့ပါသည်။ ဤယတြာသည် အထက်ဆောင်ပန်းဟူသော အင်္ဂဝိဇ္ဇာပညာရပ်နှင့် ကံပွင့်လာဘ်ပွင့်ဂါထာ တွဲဖက်ဆောင်ရွက်ရသောနည်းဖြစ်၍ သဘာဝကျပါသည်။ ကျွန်ုပ်သည် ယတြာနှင့် ဂါထာကို တွဲဖက်ဆောင်ရွက်ခိုင်းရာ အကြိအစည်အောင်မြင်သူ မနည်းတော့ပေ။ အချို့ကလည်း ပုတီးစိပ်ဂါထာရွတ်နေတာပဲ ဘာယတြာမှချေစရာ မလိုပါဘူး။ ယုံလည်း မယုံပါဘူးဟု တစ်ယူသန် တစ်ဇွတ်ထိုးပြောဆိုလေ့ရှိသည်။ ဂမ္ဘီရဆရာကြီးတစ်ဦးမှ လောကီယတြာပြုလုပ်ရာတွင် ယုံကြည်မှုသည် (၆၀)ရာခိုင်နှုန်းပါဝင်ကြောင်း၊ ယုံကြည်မှသာ သက်ဝင်(လှုပ်ရှား)မည်ဖြစ်ကြောင်း ပြောဆိုဖူးသည်။

ဆရာကြီးမင်းသိခ်ကတော့ ယုံကြည်တဲ့လူကို ပြောပြပေး။ ပြုလုပ်ပေးလိုက်ပေါ့ကွာ။ မယုံတဲ့လူကို လေကုန်ခံပြီး ရှင်းပြမနေနဲ့ဟု အပြတ်ပြောဖူးသည်။ အမှန်တော့ လော

အုန်း(၆)ညွှန့်လှူပါ။ အိမ်ရှိ ဘုရားကျောင်းဆောင်မှာလှူ ဘုရားကျောင်းဆောင်ကျဉ်းနေပါက စားပွဲဖြင့် လှူဒါန်းပြီး အဓိဋ္ဌာန်ဆောင်ရွက်ပါ။

**လှူဒါန်းပြီးပါက ဆုတောင်းပုံ**

တပည့်တော်၊ တပည့်တော်မတို့တွင် ပိတ်ဆို့နေသော ကံဆိုးကံညံ့များ လွင့်ပျောက်ပြယ်၍ ကောင်းသော လာဘ်လာဘ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများ ပြီးမြောက်အောင်မြင်ပါစေသား အရှင်မြတ်ကြီးဘုရားဟု ဆုတောင်းပြီး တပည့်တော် ရာဟုနေ့ဖွား သားသမီးမိသားစု ဤဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်အရသာကို ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူပြီးကြကုန်သော မြတ်စွာဘုရားရှင်အနန္တတို့နှင့် ဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးကြကုန်သော ကကုသန်၊ ကောဏာဂုဏ်၊ ကဿပ၊ ဂေါတမ ဘုရားလေးဆူတို့နှင့်တကွ ဖြစ်သော ပစ္စေကဗုဒ္ဓါ ရဟန္တာအရှင်မြတ်အပေါင်းတို့မှ ရောက်တော်မူ၍ အလှူခံတော်မူပါဘုရား။

ဤကဲ့သို့ ဆက်ကပ်လှူဒါန်းပြီးပါက (၁၂)နာရီ



www.burmeseclassic.com

www.burmeseclassic.com

...နှံပြီးတော့ သုံးဆောင်ပါ။ မိသားစု စားသုံးကြပါ။ ...လမ်း (သို့မဟုတ်) မြေလွတ်နေရာတွင်လည်း ကုန်း...ပါတွေ ရည်မှန်းပြီး စွန့်လှူပါ။ ရေသတ္တဝါတွေကို ... အမျှဝေပြီးစွန့်လှူနိုင်ပါက အထူးကောင်းမွန်ပါ...။

ရာဟုနေ့ဖွား ပြုလုပ်ရမည့်အဓိဋ္ဌာန်ကား-

(၁) လိုတရ လာဘသိဒ္ဓိ လာဘ်ရွှင်ဂါထာတော်
အတ္တ ဓမ္မသမ္ဘိဒါ၊ နိရုတ္တိ ပဋိဘာဏဏ
တေ့ သမ္ဘိဒ ပတ္တာနံ အဂ္ဂ ပတ္တံ ဖိန် နမေ။
ပုတီးဖြင့် (၃)ပတ်စိပ်ပွားပါ။

(၂) ပိသရ လောပု သဗုဆိုပြီး ပုတီးဖြင့် (၁၀)ပတ်အဓိဋ္ဌာန်စိပ်ပါ။

(၃) လာဘ်ခေါ်ဂါထာကို ပုတီးဖြင့် (၁၀)ပတ်စိပ်ပွားပါ။
အရဟံ ဗုဒ္ဓေါ အရဟံ၊
အရဟံ ဗုဒ္ဓေါ ဗုဒ္ဓသဿ၊
ဂုဏ တေဇသာ သဗ္ဗသိဒ္ဓိ၊
လာဘံ မေ ဘဝိဿတိ၊
(၁၀)ပတ်စိပ်ပါ။

အဓိဋ္ဌာန်ပုတီးစိပ် ပွားများပြီးပါက မိမိပြုသောကုသိုလ်ကောင်းမှုကို အမျှပေးဝေပါ။ ဘဝသံသရာ အဆက်ဆက်မှ ...စပ်ခဲ့ဖူးကြကုန်သော ဆွေတော်မျိုးတော်အပေါင်း မြင်...မမြင်အပ်သော ပုဂ္ဂိုလ်အပေါင်း၊ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်အပေါင်းတို့အား အမျှအတန်းပေးဝေပါ။

ဤကုသိုလ်ကာမာဝစရ ကံစွမ်းဖွင့် အဓိဋ္ဌာန်လှူသောနေ့တိုင်း အိမ်တွင်ကိုးကွယ်ထားသော ဆရာတော်ကြီးများ၊ ဘိုးတော်,မယ်တော်များနှင့် ရိုးရာဒေဝတာများ ရှိပါကလည်း ပန်း၊ ရေချမ်း ကပ်လှူပါ။ အပြောမဟုတ်ဘဲ အလုပ်နှင့် သက်သေထူလိုက်ပါ။ ထူးခြားလာပါမည်။

ဤကုသိုလ် ကာမာဝစရ ကံစွမ်းဖွင့်ပုံ၊ အဓိဋ္ဌာန်ပုံကို အနည်းဆုံး (၁၀)ရက်လောက် အဓိဋ္ဌာန်၍ ကြိုးစားလုပ်ဆောင်ကြည့်လိုက်ပါ။ အောင်မြင်မှုကို ထူးခြားစွာရရှိမှာ အမှန်ဖြစ်သည်။

ဤတွင် ရာဟုသားသမီးများ ကုသိုလ်ကာမာဝစရကံစွမ်းဖွင့် အဓိဋ္ဌာန်ဝင်ပုံပြီး၏။

**(၆) ကြာသပတေးသားသမီးများ ကာမာဝစရကုသိုလ်ကံဖွင့်ကံစွမ်းမြင့်ရန်အဓိဋ္ဌာန်**

တနင်္လာနေ့ (၁၀)နာရီ (၁၀)မိနစ်အချိန်တွင် စတင်ပါ။ သပိတ်တွင် ဆွမ်းထည့်ပါ။ မရွေးမုန့်နေရာတွင် ဆီကြော်မုန့် (သို့မဟုတ်) ဆီထမင်း(၅)ခု ပြားပြားပြီး ထည့်ပါ။ ပန်းအိုးတွင် ကံ့ကော်(၁၅)ညွန့်၊ ဆီးညွန့်(၈)ညွန့် ထိုးလှူပါ။

လှူဒါန်းပြီးပါက ဆုတောင်းပုံ အထက်ပါအတိုင်းဖြစ်သည်။

ကြာသပတေးနေ့ဖွား ပြုလုပ်ရမည့်အဓိဋ္ဌာန်ကား-

(၁) ဝိဇ္ဇာစရဏဂါထာ၊
သုဂတော သုဂတဋ္ဌာနံ၊
သုဂတော သုန္ဒရမ္ပိစ၊
နိဗ္ဗာနံ သုဂတော ယာတိ၊
သုဂတော တေ နမောနမာ။
(၃)ပတ်စိပ်ပါ။

(၂) ပိသရ လောပု သဗု ဆိုပြီး ပုတီးဖြင့် (၁၀)ပတ်အဓိဋ္ဌာန်စိပ်ပါ။

(၃) လာဘ်ခေါ်ဂါထာကို ပုတီးဖြင့် (၁၀)ပတ်စိပ်ပွားပါ။
အရဟံ ဗုဒ္ဓေါ အရဟံ၊
အရဟံ ဗုဒ္ဓေါ ဗုဒ္ဓသဿ၊
ဂုဏ တေဇသာ သဗ္ဗသိဒ္ဓိ၊
လာဘံ မေ ဘဝိဿတိ။
ပုတီး(၁၀)ပတ်စိပ်ပါ။

အဓိဋ္ဌာန်ပုတီးစိပ်မှတ်ပွားများပြီး ဆောင်ရွက်ရမည့်အချက်များမှာ ဗုဒ္ဓဟူး၊ ရာဟုသားသမီးနှင့် အတူတူပင်ဖြစ်သည်။ အနည်းဆုံး (၁၀)ရက် မပျက်မကွက်ဆောင်ရွက်ပါ။

**(၇) သောကြာသားသမီးများ ကာမာဝစရကုသိုလ်ကံစွမ်းဖွင့် အဓိဋ္ဌာန်ပုံ**

**ကံစွမ်းမြင့်ရန် အဓိဋ္ဌာန်နည်း**

အင်္ဂါနေ့ (၁၀)နာရီ (၁၀)မိနစ်အချိန်တွင် 'ဆယ်မ,တော်မူပါဘုရား' ဟုဆို၍ စတင်ပါ။ အကောင်းဆုံးဖြစ်အောင် လုပ်လိုက်ပါ။ စိတ်အေးချမ်းမှု ရှိပါစေ။

သပိတ်တွင် ဆွမ်းလှူပုံတွင် ရာဟုသားသမီး မရွေးမုန့်နေရာတွင် ရေမုန့်(၅)ခု (သို့မဟုတ်) မုန့်လုံးကြီးမုန့်တို့ကို ထည့်ရမည်။ (၆)ကြာဂြိုဟ်၏ ဆပွတ်ငှဟူးကို ယူထားခြင်းဖြစ်သည်။ ထို့ကြောင့် ပညာသတောသိပါက လမုန့်၊ ရေမုန့်၊ မုန့်လုံးကြီး၊ မုန့်လုံးရေပေါ် စသည်ဖြင့် ဗုဒ္ဓဟူးနေ့ မုန့်တစ်ခုခုထည့်၍ရသည်။ ပန်းအိုးတွင် ဆီးညွန့် (သို့မ



www.burmeseclassic.com

www.burmeseclassic.com

ဟုတ်) စိန်ခြယ်(၈)ညွှန့် အင်္ဂါနံတစ်မျိုး၊ ရွက်လှ(၁၇)ညွှန့် ထိုးပြီးလှူပါ။ အထက်ဆောင်ပန်း

၃ ဆီးညွှန့် ┐
၀ │ အထက်ဆောင်ပန်း
၄ ရွက်လှ │
၆ ကြာနံ ┘
၂
၅
၁

သောကြာဂြိုဟ်နေ့နံ၏ အထက်ဆောင်ပန်းများ အင်္ဂါ၊ စနေ၊ ဗုဒ္ဓဟူးတို့ ဖြစ်ပါသည်။ ထို့ကြောင့် နှင်းဆီ၊ ဆီးညွှန့်၊ စိန်ချယ် တစ်မျိုးမျိုး၊ ရွက်လှ၊ ဝါး၊ ရွှေပန်း တစ်မျိုးမျိုး လှူဒါန်းနိုင်သည်။

အဓိကမှာ ပဥ္စပွတ်၊ ဆပွတ် တွဲ၍လှူနိုင်းကြောင်း သိရှိရပါသည်။ လှူဒါန်းဆက်ကပ်ပြီးပါက ဆုတောင်းပုံ အတူတူဖြစ်သည်။ အဓိဋ္ဌာန်အမှတ်(၁) ကွဲသည်။ ကျန် ဂါထာနှစ်ခု အတူတူဖြစ်နေပါသည်။ (၂)၊ (၃) ရှေ့က အတိုင်း။

<u>သောကြာနေ့ဖွား ပြုလုပ်ရမည့်အဓိဋ္ဌာန်</u>

၁။ ရှင်သီဝလိဂါထာတော်
သီဝလိ နာမယောတေရော
လာဘာကော လာဘာ ဒါယကော
ဧတေန သစ္စဝဇ္ဇေန
သဒါ လာဘံ ဒဒါတုမေ။
(၃)ပတ်စိပ်ပါ။
၂။ (၁၀)ပတ်၊
၃။ (၁၀)ပတ်တူသည်။

ကုသိုလ်အမျှဝေနည်းလည်း အထက်ပါအတိုင်း ဖြစ်ပါသည်။ ရာဟုသားသမီးတွင် ဖော်ပြပြီးဖြစ်သည်။

လွန်ခဲ့သောသုံးလက ရွှေပေါက္ကံမှ သဘော်သားတစ်ဦး နဝင်းလာချေပြီးသောအခါ (၃)ပတ်ကြာသည်အထိ မထူး သေးဟု ပြောသဖြင့် ထိုအစီအစဉ် (၁၀)ရက်ထပ်လုပ်ခိုင်း သည်။ (၁၀)ရက်ပြီးသည်နှင့် သတင်းကောင်းကြားရသည် ဟု ဆိုသည်။ လွန်ခဲ့သော(၇)လပိုင်း လဆန်းက သဘော် တက်သွားရသည်။ ထို့ကြောင့် ထူးခြားသောအောင်မြင်မှု ရရှိသည်မှာ လက်တွေ့ပင်ဖြစ်သည်။

(၈) <u>စနေသားသမီးများ ကာမာဝစရကုသိုလ်ကံစွမ်းဖွင့် အဓိဋ္ဌာန်ပုံ</u>

**ကံစွမ်းမြှင့်ရန်အဓိဋ္ဌာန်**

ဗုဒ္ဓဟူးနေ့ (၁၀)နာရီ (၁၀)မိနစ်အချိန်တွင် "ဆယ်မ တော်မူပါဘုရား"ဟုဆို၍ ကုသိုလ်ကံစွမ်းဖွင့်ခြင်းကို စတင် ဆောင်ရွက်ပါ။

သပိတ်တွင် ဆွမ်းထည့်ပုံတွင် မရွေးမုန့်(၅)ခုနေရာ၌ ပြောင်းဖူးမုန့်၊ ပဲမုန့် တစ်မျိုးမျိုး (၅)ခုတို့ကို ဖွန်း၊ ခက်ရင်း တစ်စုံပါထည့်၍ လောင်းလှူပါ။ ပန်းအိုးတွင် ပျဉ်းမ၊ ပိန်း ပန်း၊ ပေါက်ပန်းဖြူ တစ်မျိုးမျိုး (၁၉)ညွှန့်၊ ရွက်လှ(၁၇)ညွှန့် ထည့်ပြီး အိမ်ရှိ ဘုရားကျောင်းဆောင်တွင်လည်းကောင်း၊ ဘုရားကျောင်းဆောင် ကျဉ်းပါက ရှေ့တွင် စားပွဲလေးဖြင့် လှူဒါန်းပြီး အဓိဋ္ဌာန်ပြုပါ။ လှူဒါန်းဆက်ကပ်ပြီးပါက ဆုတောင်းပုံမှာ ရေးနည်းအတိုင်းဖြစ်သည်။ ရာဟုသားသမီး တွင် ရေးပြထားသကဲ့သို့ ဖြစ်ပါသည်။

**စနေနေ့ဖွားသားသမီး ပြုလုပ်ရမည့်အဓိဋ္ဌာန်**

၁။ သာတာဂိရိ၊ နမော ယက္ခော
တဿဇ အသုရိန္ဒကော။
ဘဂဝတော မဟာရာဇာ၊
သက္ကော အရဟာတော တထာ။
သမ္မာသမ္ဗုဒ္ဓဿ ဗြဟ္မာစ
ဧတေ ပဥ္စ နမဿန္တိ။

ပုတီး(၃)ပတ်စိပ်ပါ။ (၂)၊ (၃)မှာ အထက်ပါအတိုင်း ဖြစ်သည်။ ပုတီးပတ်ရေလည်း တူသည်။ စုစုပေါင်း ပုတီး (၂၃)ပတ်စိပ်ရမည်။ (၁၀)ရက်ပြည့်လျှင် ကံပွင့်လာဘ်ပွင့် လာမည်မှာ သေချာပါသည်။ အဓိဋ္ဌာန်ပုတီး စိပ်ပြီးပါက မိမိပြုသော ကုသိုလ်ကောင်းမှု အမျှပေးဝေပါ။ ကြေးစည် ရှိလျှင် အမျှဝေပြီး ကြေးစည်တီးပါ။

ပုတီးစိပ်ရာတွင် အခက်အခဲရှိပါက အချိန်ခွဲ၍ စိပ်နိုင် ပါသည်။ နံနက်အရုဏ်တက်မှ မွန်းတည့်(၁၂)နာရီအတွင်း ပြုလုပ်ခြင်း အကောင်းဆုံးဖြစ်သည်။ အချို့အလုပ်လျှောက် ထား၊ ရာထူးတိုးတင်သွားတာ အဆင်ပြေသွားသည်။ နဝင်း စီးယတြာချေပြီး ပုတီးစိပ်အဓိဋ္ဌာန် ပြုလုပ်ခြင်းသည် ယတြာ နှင့် ဂါထာ တွဲဖက်ဆောင်ရွက်ခြင်းဖြစ်၍ မည်သည့်ကိစ္စ မဆို အောင်မြင်မှုရရှိ၊ လိုရာဆန္ဒပြည့်ဝ ကံပွင့်ကံမြှင့်စေ ပါသည်။

ဂမ္ဘီရ-ဆရာလှမျိုး(B.Sc



www.burmeseclassic.com

www.burmeseclassic.com

# (၂၀၁၅)ခုနှစ်၊ နက္ခတ်ဗေဒင်ဟောစာတမ်း

## နက္ခတ်တာရာများက ဖော်ပြနေတဲ့ သင့်ဘဝရဲ့ တစ်လတာကံကြမ္မာ

❤ ❤ ❤ ဆရာကံထူး(ဝေဒသုတေသီ) ★ ★ ★

နက္ခတ်တာရာများနှင့် ယှဉ်တွဲမွေးဖွားလာကြတဲ့ လူသားတို့ပင် ဦးထိပ်ရွက်တင်ကာ သယ်ဆောင်လာခဲ့ကြသဖြင့် လူ့ဘဝအား ခြယ်လှယ်ခွင့်ရနေကြတဲ့ ကောင်း,ဆိုးနှစ်တန် ကုသိုလ်၊ အကုသိုလ်လောကဓံကို အနီးစပ်ဆုံးမှန်ကန်အောင် တွက်ထုတ်ပေးနိုင်သော ပညာကား ဗေဒင်ပညာပင်ဖြစ်ပါသည်။ အတိတ်ကံကောက်ကြောင်းပန်းချီကို ဤသို့ဤပုံဟု သိမြင်မထားဘဲ ပစ္စုပ္ပန်ကို အလှဆင်လျှင် ကြည်လင်လှပ၊ နူးကြွရွှတဲ့ ဘဝပန်းချီ ဖြစ်မလာနိုင်သည့်အပြင် မလှစီးပွား၊ ရေနစ်ဆားသို့ ပျက်ပြားသွားရတတ်ပါသည်။ သင့်ကြိုးစားမှုက နွားချိုကို နို့ညှစ်မိသကဲ့သို့ ခုတ်ရာတခြား ရှရာတခြား အလွဲလွဲအမှားမှား ဖြစ်နေတတ်ပါသည်။ ဆရာချစ်တဲ့ ဂမ္ဘီရပရိသတ်များ ထိုသို့ဖြစ်မသွားစေလိုပါ။ ထို့ကြောင့် ဘဝနှင့်ဆန္ဒ ထပ်တူကျနိုင်စေဖို့ရာ အတွေးသစ်များ လင်းလက်လာစေရေးအတွက် နက္ခတ်ဗေဒင်ဖြင့် ကူညီဖေးမ လမ်းပြပေးလိုက်ပါသည်။

မသိသူတွေ ကျော်သွားပြီး သိသူတွေ ဖော်စားကြမည့် ဤကဏ္ဍမှာပါ ဇယားများကို ကမ္ဘာ့မဒီရီယံမျဉ်းဖြတ်တဲ့ ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ အရှေ့လောင်ဂျီတွဒ်(၉၇ံ ၃၂')၊ မြောက်လတ္တီတွဒ်(၁၆ံ ၂၁')ကို အခြေခံကာ လ,အလိုက် နေထွက်,နေဝင်ချိန်များဖြင့် တွက်ထုတ်ထားပါသည်။ မိမိ မွေးလ၊ မွေးရက် ပါရှိရာ ဇယားကွက်၌ မွေးချိန်ကို ရှာကြည့်ရုံဖြင့် ဘေးတွင်ယှဉ်တွဲပြထားသော ရာသီလဂ်ကို အလွယ်တကူသိနိုင်ပေသည်။ ဂမ္ဘီရချစ်သူများအနေဖြင့် မိမိရာသီလဂ်ကို အတိအကျသိထားလိုပါက ဖုန်း-၀၉ ၄၀ ၁၅၃ ၄၄၉၉ သို့ ဆက်သွယ်ပါ။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပြီး မိနစ်(၂၀)အတွင်းမှာ ပြန်လည်ဖြေကြားပေးပါမည်။ ရာသီလဂ်သိရုံသက်သက်ဆိုပါက ဇာတာဖွဲ့ခ ပိုက်ဆံလုံးဝပေးစရာမလိုပါ။ အသင့်ဖွဲ့ပြီးဇာတာ ရှိနေပါက ထိုဇာတာပါ လဂ်အတိုင်းပင် ဟောကွက်တွင် ဖတ်ရှုနိုင်ပါသည်။

ဇန်နဝါရီလ (၁၄)ရက်မှ ဖေဖော်ဝါရီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

ဖေဖော်ဝါရီလ (၁၃)ရက်မှ မတ်လ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၄၀ - ၈း၄၀ | မကာရ |
| ၈း၄၀ - ၁၀း၄၀ | ကုမ် |
| ၁၀း၄၀ - ၁၂း၄၀ | မိန် |
| ၁၂း၄၀ - ၁၄း၄၀ | မိဿ |
| ၁၄း၄၀ - ၁၆း၄၀ | ပြိဿ |
| ၁၆း၄၀ - ၁၈း၄၀ | မေထုန် |
| ၁၈း၄၀ - ၂၀း၄၀ | ကရကဋ် |
| ၂၀း၄၀ - ၂၂း၄၀ | သိဟ် |
| ၂၂း၄၀ - ၂၄း၄၀ | ကန် |
| ၂၄း၄၀ - ၂း၄၀ | တူ |
| ၂း၄၀ - ၄း၄၀ | ဗြိစ္ဆာ |
| ၄း၄၀ - ၆း၄၀ | ဓနု |

မတ်လ (၁၄)ရက်မှ ဧပြီလ (၁၂)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၆း၁၀ - ၈း၁၀ | မိန် |
| ၈း၁၀ - ၁၀း၁၀ | မိဿ |
| ၁၀း၁၀ - ၁၂း၁၀ | ပြိဿ |
| ၁၂း၁၀ - ၁၄း၁၀ | မေထုန် |
| ၁၄း၁၀ - ၁၆း၁၀ | ကရကဋ် |
| ၁၆း၁၀ - ၁၈း၁၀ | သိဟ် |
| ၁၈း၁၀ - ၂၀း၁၀ | ကန် |
| ၂၀း၁၀ - ၂၂း၁၀ | တူ |
| ၂၂း၁၀ - ၂၄း၁၀ | ဗြိစ္ဆာ |
| ၂၄း၁၀ - ၂း၁၀ | ဓနု |
| ၂း၁၀ - ၄း၁၀ | မကာရ |
| ၄း၁၀ - ၆း၁၀ | ကုမ် |

ဧပြီလ (၁၃)ရက်မှ မေလ (၁၃)ရက်အတွင်း

| မွေးချိန် | လဂ် |
|---|---|
| ၀၅း၄၅ - ၀၇း၄၅ | မိဿ |
| ၀၇း၄၅ - ၀၉း၄၅ | ပြိဿ |
| ၀၉း၄၅ - ၁၁း၄၅ | မေထုန် |
| ၁၁း၄၅ - ၁၃း၄၅ | ကရကဋ် |
| ၁၃း၄၅ - ၁၅း၄၅ | သိဟ် |
| ၁၅း၄၅ - ၁၇း၄၅ | ကန် |
| ၁၇း၄၅ - ၁၉း၄၅ | တူ |
| ၁၉း၄၅ - ၂၁း၄၅ | ဗြိစ္ဆာ |
| ၂၁း၄၅ - ၂၃း၄၅ | ဓနု |
| ၂၃း၄၅ - ၀၁း၄၅ | မကာရ |
| ၀၁း၄၅ - ၀၃း၄၅ | ကုမ် |
| ၀၃း၄၅ - ၀၅း၄၅ | မိန် |



www.burmeseclassic.com

www.burmeseclassic.com

| မေလ (၁၄)ရက်မှ ဇွန်လ (၁၄)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| [illegible] - ၇:၂၅ | ပြိဿ |
| [illegible] - ၉:၂၅ | မေထုန် |
| [illegible] - ၁၁:၂၅ | ကရကဋ် |
| [illegible] - ၁၃:၂၅ | သိဟ် |
| [illegible] - ၁၅:၂၅ | ကန် |
| [illegible] - ၁၇:၂၅ | တူ |
| [illegible] - ၁၉:၂၅ | ဗြိစ္ဆာ |
| [illegible] - ၂၁:၂၅ | ဓနု |
| [illegible] - ၂၃:၂၅ | မကာရ |
| [illegible] - ၁:၂၅ | ကုမ် |
| [illegible] - ၃:၂၅ | မိန် |
| [illegible] - ၅:၂၅ | မိဿ |

| ဇွန်လ (၁၅)ရက်မှ ဇူလိုင်လ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀ - ၇:၂၀ | မေထုန် |
| ၇:၂၀ - ၉:၂၀ | ကရကဋ် |
| ၉:၂၀ - ၁၁:၂၀ | သိဟ် |
| ၁၁:၂၀ - ၁၃:၂၀ | ကန် |
| ၁၃:၂၀ - ၁၅:၂၀ | တူ |
| ၁၅:၂၀ - ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀ - ၁၉:၂၀ | ဓနု |
| ၁၉:၂၀ - ၂၁:၂၀ | မကာရ |
| ၂၁:၂၀ - ၂၃:၂၀ | ကုမ် |
| ၂၃:၂၀ - ၁:၂၀ | မိန် |
| ၁:၂၀ - ၃:၂၀ | မိဿ |
| ၃:၂၀ - ၅:၂၀ | ပြိဿ |

| ဇူလိုင် (၁၆)ရက်မှ ဩဂုတ်လ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀ - ၇:၃၀ | ကရကဋ် |
| ၇:၃၀ - ၉:၃၀ | သိဟ် |
| ၉:၃၀ - ၁၁:၃၀ | ကန် |
| ၁၁:၃၀ - ၁၃:၃၀ | တူ |
| ၁၃:၃၀ - ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀ - ၁၇:၃၀ | ဓနု |
| ၁၇:၃၀ - ၁၉:၃၀ | မကာရ |
| ၁၉:၃၀ - ၂၁:၃၀ | ကုမ် |
| ၂၁:၃၀ - ၂၃:၃၀ | မိန် |
| ၂၃:၃၀ - ၁:၃၀ | မိဿ |
| ၁:၃၀ - ၃:၃၀ | ပြိဿ |
| ၃:၃၀ - ၅:၃၀ | မေထုန် |

| ဩဂုတ်လ (၁၇)ရက်မှ စက်တင်ဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀ - ၇:၄၀ | သိဟ် |
| ၇:၄၀ - ၉:၄၀ | ကန် |
| ၉:၄၀ - ၁၁:၄၀ | တူ |
| ၁၁:၄၀ - ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀ - ၁၅:၄၀ | ဓနု |
| ၁၅:၄၀ - ၁၇:၄၀ | မကာရ |
| ၁၇:၄၀ - ၁၉:၄၀ | ကုမ် |
| ၁၉:၄၀ - ၂၁:၄၀ | မိန် |
| ၂၁:၄၀ - ၂၃:၄၀ | မိဿ |
| ၂၃:၄၀ - ၁:၄၀ | ပြိဿ |
| ၁:၄၀ - ၃:၄၀ | မေထုန် |
| ၃:၄၀ - ၅:၄၀ | ကရကဋ် |

| စက်တင်ဘာလ (၁၇)ရက်မှ အောက်တိုဘာလ (၁၆)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| [illegible] - ၇:၅၀ | ကန် |
| [illegible] - ၉:၅၀ | တူ |
| [illegible] - ၁၁:၅၀ | ဗြိစ္ဆာ |
| [illegible] - ၁၃:၅၀ | ဓနု |
| [illegible] - ၁၅:၅၀ | မကာရ |
| [illegible] - ၁၇:၅၀ | ကုမ် |
| [illegible] - ၁၉:၅၀ | မိန် |
| [illegible] - ၂၁:၅၀ | မိဿ |
| [illegible] - ၂၃:၅၀ | ပြိဿ |
| [illegible] - ၁:၅၀ | မေထုန် |
| [illegible] - ၃:၅၀ | ကရကဋ် |
| [illegible] - ၅:၅၀ | သိဟ် |

| အောက်တိုဘာလ (၁၇)ရက်မှ နိုဝင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅ - ၇:၅၅ | တူ |
| ၇:၅၅ - ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅ - ၁၁:၅၅ | ဓနု |
| ၁၁:၅၅ - ၁၃:၅၅ | မကာရ |
| ၁၃:၅၅ - ၁၅:၅၅ | ကုမ် |
| ၁၅:၅၅ - ၁၇:၅၅ | မိန် |
| ၁၇:၅၅ - ၁၉:၅၅ | မိဿ |
| ၁၉:၅၅ - ၂၁:၅၅ | ပြိဿ |
| ၂၁:၅၅ - ၂၃:၅၅ | မေထုန် |
| ၂၃:၅၅ - ၁:၅၅ | ကရကဋ် |
| ၁:၅၅ - ၃:၅၅ | သိဟ် |
| ကန် ၃:၅၅ | ၅:၅၅ |

| နိုဝင်ဘာလ (၁၆)ရက်မှ ဒီဇင်ဘာလ (၁၅)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၅၅ - ၈:၅၅ | ဗြိစ္ဆာ |
| ၈:၅၅ - ၁၀:၅၅ | ဓနု |
| ၁၀:၅၅ - ၁၂:၅၅ | မကာရ |
| ၁၂:၅၅ - ၁၄:၅၅ | ကုမ် |
| ၁၄:၅၅ - ၁၆:၅၅ | မိန် |
| ၁၆:၅၅ - ၁၈:၅၅ | မိဿ |
| ၁၈:၅၅ - ၂၀:၅၅ | ပြိဿ |
| ၂၀:၅၅ - ၂၂:၅၅ | မေထုန် |
| ၂၂:၅၅ - ၂၄:၅၅ | ကရကဋ် |
| ၂၄:၅၅ - ၂:၅၅ | သိဟ် |
| ၂:၅၅ - ၄:၅၅ | ကန် |
| တူ ၄:၅၅ | ၆:၅၅ |

| ဒီဇင်ဘာလ (၁၆)ရက်မှ ဇန်နဝါရီလ (၁၃)ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၅၅ - ၈:၅၅ | ဓနု |
| ၈:၅၅ - ၁၀:၅၅ | မကာရ |
| ၁၀:၅၅ - ၁၂:၅၅ | ကုမ် |
| ၁၂:၅၅ - ၁၄:၅၅ | မိန် |
| ၁၄:၅၅ - ၁၆:၅၅ | မိဿ |
| ၁၆:၅၅ - ၁၈:၅၅ | ပြိဿ |
| ၁၈:၅၅ - ၂၀:၅၅ | မေထုန် |
| ၂၀:၅၅ - ၂၂:၅၅ | ကရကဋ် |
| ၂၂:၅၅ - ၂၄:၅၅ | သိဟ် |
| ၂၄:၅၅ - ၂:၅၅ | ကန် |
| ၂:၅၅ - ၄:၅၅ | တူ |
| ၄:၅၅ - ၆:၅၅ | ဗြိစ္ဆာ |

## (၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလအတွက် နက္ခတ်ဗေဒင်ဟောစာတမ်း

### [illegible]လဂ် (Aries)



အလုပ်အကိုင် အဆင်ပြေမည်။ ရာထူးတိုးမြှင့်ခြင်း ခံရတတ်သည်။ စာပေနှင့် စာနယ်ဇင်းသမား၊ သတင်းမီဒီယာသမားများ လုပ်ငန်းခွင်တွင် ဆန့်ကျင်ဘက်များ ကြုံတွေ့ရတတ်၏။ သို့သော် (၁၂)ရက်နောက်ပိုင်းတွင် အဆင်ချောသွားပေမည်။ နိုင်ငံ့ဝန်ထမ်းများ လက်အောက်ငယ်သားဆိုလျှင် အလုပ်ပြုတ်ခြင်း၊ ရပ်တန့်ခြင်းများ၊ ဆုံးရှုံးနစ်နာခြင်းများ တွေ့ရတတ်၏။ ပညာရေးနှင့် ပတ်သက်ဆက်နွယ်တဲ့ လုပ်ငန်းရှင်များ၊ ဝန်ထမ်းများ၊ ဆရာ,ဆရာမများ (၁၄)ရက်မှ (၂၈)ရက်အတွင်း ဝင်ငွေလာဘ်လာဘ ရှင်နေမည်။ ကိုယ်ကျင့်တရား၊ ကိုယ်ပိုင်


www.burmeseclassic.com

www.burmeseclassic.com

စည်းကမ်း ကောင်းနေ၍ မျှော်လင့်မထားတဲ့ လက်ဆောင်များ ရလာတတ်၏။ အနုပညာရှင်၊ အလှဖန်တီးရှင်များ (၁၆)ရက်အတွင်း အလွန်ကောင်းသည်။ အချစ်နှင့် အလုပ်အကိုင်၊ အချစ်နှင့် ဝင်ငွေ တစ်ပြိုင်တည်း အဆင်ပြေနေ၍ စိတ်ချမ်းသာရလိမ့်မည်။ သတိထားရမှာက ဤလအတွင်း အိမ်ထောင်မပြုသင့်ပါ။ သင့်အတွက် ကံအကောင်းဆုံးနေ့ရက်များက (၅၊ ၆၊ ၇)နှင့် (၁၅၊ ၁၆)ရက်များပါ။

**ယတြာ**

(၁၃)ရက်နောက်ပိုင်း မွေးနေ့တစ်နေ့နေ့တွင် ဆန်၊ ဆီ၊ ဆား (၃)မျိုးပါဝင်စေလျက် မိမိနိုင်သလောက် အင်္ဂါသားရဟန်းတော်တစ်ပါးအား လှူလိုက်ပါ။ ဘေးရန်ကင်းကွာ ချမ်းသာလာပါလိမ့်မည်။

## ပြိဿလက် (Taurus)



ဂုဏ်သိက္ခာ တိုးတက်မြင့်မားပြီး ဝင်ငွေကောင်းနေမည်။ အချစ်ရေး၊ ပညာရေးများ လဆန်းပိုင်းတွင် မပြေတပြေရှိနေပြီး လကုန်ခါနီးမှ ပြေလည်သွားမည်။ စားသောက်ဆိုင်များ၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ ဆီကုန်သည်များ အစကောင်းသော်လည်း အနှောင်းမသေချာနိုင်၍ ဆုံးရှုံးခြင်းနှင့် ရင်ဆိုင်ရတတ်၏။ သစ်သီးရောင်းဝယ်သူများ၊ သစ်လုပ်ငန်းရှင်များ၊ သစ်တောဝန်ထမ်းများ အရာရာအဆင်ပြေမည်။ မည်သူမဆို အချစ်ရေးတွင် မိုက်ရူးရဲဆန်နေတတ်၏။ ချစ်သူစုံတွဲများ အိမ်ထောင်ပြုလိုလျက် ရတက်မအေးနိုင် ဖြစ်နေရတတ်၏။ အကယ်၍ မဖြစ်မနေ အိမ်ထောင်ပြုတော့မည်ဆိုပါက (၁၃၊ ၁၄)ရက်များကို ရွေးဖြစ်အောင် ရွေးပါလေ။ ကျန်းမာရေး ဂရုစိုက်ပါ။ အိမ်ထောင်ရှင်များ အတိတ်ကိုလှန်ပြီး အနာဟောင်းကို မထိုးဆွမိအောင် သတိပြု၍ ရှောင်ပါလေ။ မရှောင်နိုင်က မောင်နှင့်မယ် လမ်းခွဲရတတ်ပါသည်။ ဆွေမျိုးသားချင်းများကိစ္စကို စေတနာမပေါက်လေနှင့်။ ဝေဒနာ ကိုယ့်ထံ ပြန်ရောက်ရတတ်ပါသည်။

**ယတြာ**

မိမိနေအိမ်မှ အနောက်တောင်ထောင့်ကျသော အရပ်ရှိ ဘုရား၊ ပုထိုး၊ စေတီ တစ်ခုခုတွင် သန့်ရှင်းရေး ပြုလုပ်ပေးပါ။ ရှင်းထုတ်လိုက်သော အညစ်အကြေးများနှင့်အတူ သင့်ကံကြမ္မာဆိုးများ ပါသွားပေလိမ့်မည်။

## မေထုန်လက် (Gemini)



ဂုဏ်သိက္ခာအား ထိပါးလာ၍ စကားများရတတ်၏။ အထူးအားဖြင့် ဈေးဆိုင်များတွင် ဈေးဝယ်စဉ် မိမိလွယ်အိတ်ကို ထိန်းသိမ်းပါလေ။ အိမ်ထောင်ရှင်များ ခေတ္တခဏ ဝေးကွာနေရတတ်၏။ အချစ်ရေးကတော့ တုံ့နှေးနေမှာ သေချာ၏။ မရေမရာလုပ်လျှင် ပညာရေး၊ ငွေကြေးအစစအရာရာ ထိခိုက်ပြီး နှောင်တပူပန်နေရမည်။ ဖခင်နှင့်တစ်အိမ်တည်း အတူနေလျှင် သင့်ကြောင့် အဖေ့ ကျန်းမာရေးထိခိုက်နိုင်၍ သတိပြုပါ။ သို့မဟုတ် ကိုယ်တိုင် ဖျားနာတတ်ပါသည်။ ဌာနဆိုင်ရာအကြီးအကဲများ ဆိုပါက လက်အောက်ငယ်သားများနှင့် ပြဿနာတက်တတ်၏။ အိမ်ခြံ၊ မြေ ပွဲစားများ၊ ရောင်းဝယ်သူများ အဆင်မပြေနိုင်ပါ။ သာသနာရေး၊ ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များ၊ ဝန်ထမ်းများ၊ ဘာသာရေးပစ္စည်း ရောင်းဝယ်သူများ ပြဿနာမဖြစ်စေအောင် အထူးသတိထားရမည်။ (၁၃၊ ၁၄)နှင့် (၂၅၊ ၂၆)ရက်များကို ရှောင်ပြီး (၁၀၊ ၁၁၊ ၁၂)နှင့် (၁၉၊ ၂၀)ရက်များကို ဆောင်ပါလေ။ အတတ်ပညာ သင်ယူနေသူများ ဗုဒ္ဓဟူးနေ့တိုင်း ဆီမီးပူဇော်ရန် မမေ့ပါနှင့်။

**ယတြာ**

မကျန်းမာတဲ့ ဘိုးဘွား (သို့မဟုတ်) ဘိုးဘွားအရွယ်ရှိသူအား မိုင်လို(၉)ထုပ် လှူလိုက်ပါ။ သင့်လိုရာဆန္ဒများ ပြည့်ဝသွားလိမ့်မည်။

## ကရကဋ်လက် (Cancer)



မိန်းမယူဖို့ အားခဲပြီး ပိုက်ဆံစုလာသူများ ယခုလ အောင်မြင်ပြီ။ သို့သော် စိုးရိမ်ပူပန်မှုလေးတော့ ရင်ထဲ တထိတ်ထိတ်ရှိနေမည်။ အကြံပေးချင်တာက လကုန်ထိ စောင့်မနေပါနှင့်။ အောင့်သက်သက်ဖြစ်သွားတတ်လို့ပါ။ ပထမပတ်၊ ဒုတိယပတ်လောက် အပြတ်စီး... ပါ။ အိမ်ထောင်ရှင်များဆိုပါက အိမ်ထောင်ရေးပူလောင်မှုလေး ဖြစ်တတ်ပါသည်။ အချစ်ရေး စတင်ဖန်တီး... ဆိုရင် မဖန်တီးတာဘဲ ကောင်းပါတယ်။ မမြင်နိုင်... အကြောင်းတရားက ခေါင်းပေါ် တက်နင်းလာလိမ့်မည်... သူတစ်ပါးလက်ထဲရှိ မိမိဥစ္စာ ရရှိရေးအတွက် နှလုံး...



www.burmeseclassic.com

www.burmeseclassic.com

တတ်၏။ အကျိုးတူပူးပေါင်းသည့် ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းရှင်များ အလုပ်ရပ်တန့်ခြင်း၊ (သို့မဟုတ်) ကြွေးမြီတင်ခြင်းများ ကြုံတွေ့ရတတ်၏။ ရွှေ၊ ငွေ၊ ရတနာကုန်သည်များ ရှေ့တစ်လှမ်းတိုးရန် နောက်တစ်လှမ်း ဆုတ်ထားပါ။ သို့မဟုတ်ပါ အရင်းပြုတ်လုမတတ် ဖြစ်သွားတတ်ပါသည်။ စာအုပ်စာပေ၊ ဗေဒင်နှင့် ရှေ့နေ၊ ပွဲစားများ ရက်နောက်ပိုင်းမှ ကောင်းလာမည်။ ပွဲရုံလုပ်ငန်းရှင်များ ဝဲနှင့် အမြတ်ရလိမ့်မည်။ (၃၊ ၄၊ ၁၇၊ ၁၈)ရက်များကို မမေ့ပါနှင့်။ လက်တွေ့ အကျိုးပေးလိမ့်မည်။

ယတြာ

သစ်သီးဆွမ်း(၆)မျိုး ကပ်လှူပါ။ သောက်တော်ရေခွက် ကပ်လှူပါ။ သိသိသာသာ အောင်မြင်လာပေလိမ့်မည်။

## သိဟ်လဂ် (Leo)



မနာလိုသူတို့ရဲ့ မလိုမုန်းထား ပြောစကားကြောင့် အနှောင့်အယှက် ဖြစ်နေရတတ်၏။ မတုံ့ပြန်ပါနှင့်။ ဒုတိယပတ်လောက် ရပ်သွားပါလိမ့်မည်။ သူ ရပ်သွားသည်နှင့် ဓာတာရှင် အမြတ်အစွန်းမျိုးစုံ ရလာပေလိမ့်မည်။ တနင်္ဂနွေနံသင့်ပစ္စည်း ထုတ်လုပ်ဖြန့်ချိ ရောင်းဝယ်သူများ၊ အလှကုန် ရောင်းဝယ်သူများ လုပ်ရင်း၊လုပ်ရင်း လုပ်ငန်းတွင်းကလူနှင့် အိမ်ထောင်ကျသွားတတ်၏။ စုမိဆောင်းမိဖို့ကား သိပ်မလွယ်လှပါ။ ကိုယ့်ကိုယ်ကိုယ် အချစ်ရဲကောင်း၊ အကြင်နာနှလုံးသားပိုင်ရှင်ဟု ထင်မှတ်နေသူ လူငယ်များ မာယာချောက်ထဲကျ၍ ပညာရေးကမောက်ကမ ဖြစ်ရတတ်၏။ ဂုဏ်ရည်ပြိုင်သည့် အိမ်ထောင်ရှင်များ ကွဲပြတတ်၏။ လင်ရော မယားပါ ဆိတ်ဆိတ်နေ ဆောင်တန်ဆိုတဲ့ စကားပုံကို အာရုံရအောင် နှလုံးသွင်းပါ။ နိုင်ငံတော်အဆင့် အကြီးအကဲများ အတိုက်အခံများ အများအယွင်းအတွက် ခေါင်းစားနေရတတ်၏။ (၃၊ ၄၊ ၂၁၊ ၂၂)ရက်များတွင် နှုတ်ချိုသူစကား နားထောင်မိ၍ ရထားတဲ့ငါး လွတ်သွားသည်မျိုး ကြုံတွေ့ရတတ်၏။ လုပ်ငန်းသစ် စတင်မည့်သူများ (၂၄၊ ၂၅၊ ၂၆)ရက်များကို ရွေးပါ။

ယတြာ

မြေပဲပြုတ်(၃)ဘူး ဝယ်ပြီး မိသားစုနှင့်အတူ စားပါလေ။ အခွံကို အိမ်အနောက်ဘက်သို့ စွန့်လိုက်ပါ။ မဖြစ်နိုင်ဟု ထင်မှတ်ထားသည်များ ဖြစ်လာလိမ့်မည်။

## ကန်လဂ် (Virgo)



ကျန်းမာရေး အညံ့ကြုံတတ်၏။ (၁၇)ရက်နောက်ပိုင်းတွင် ကြွေးမြီတင်သွားတတ်ပါသည်။ အထူးအားဖြင့် ဦးခေါင်းကို ဒုက္ခပေးတတ်၏။ ဦးနှောက်နှင့် အာရုံကြောကို လေဖြန်း၍ မေ့လျော့ခြင်းဝေဒနာ ဖြစ်တတ်ပါသည်။ ဖြစ်ခဲ့ပါက အာနာပါနဘာဝနာကို လေ့ကျင့်ခန်းသဖွယ် နေ့စဉ် ပုံမှန်လုပ်သွားလိုက်ပါ။ သက်သာပျောက်ကင်းသွားပါလိမ့်မည်။ စက်တပ်လှေဖြင့် လုပ်ကိုင်စားသောက်သူများ ဘေးရောက်တတ်၏။ ဆိုင်းဘုတ်တွင် 'ရွှေ'ဆိုတဲ့ စကားလုံးပါတဲ့ လုပ်ငန်းရှင်များအားလုံး ကသိကအောက် ဖြစ်ရတတ်၏။ အနည်းနှင့်အများသာ ကွာပေမည်။ မေတ္တာ၊စေတနာဖြင့် သက်မွေးဝမ်းကျောင်းပြုသူများ၊ ပရဟိတလုပ်ငန်း လုပ်ဆောင်သူများ (၂၆၊ ၂၇)ရက်များတွင် အကျိုးထူးခံစားရမည်။ ဘာသာရေးဆိုင်ရာ ဝန်ထမ်းများ၊ ဘာသာရေး စာရေးဆရာများ လုံ့လအကျိုးကို ပေါ်ပေါ်ထင်ထင် ခံစားရမည်။ မုသာဝါဒကို အရင်းအနှီး လုပ်တတ်သူများ ဒုတိယပတ် ပြီးဆုံးလျှင် ဘဝထဲသို့ မုန်တိုင်းဝင်လာတတ်ပါသည်။ စည်းရုံးရေးနှင့် ကြော်ငြာလုပ်ငန်းဆိုင်ရာများအားလုံး ပြိုးပြခဲ့ရခြင်း၏ ရလဒ်ကို မှတ်မှတ်ရရ ခံစားရလိမ့်မည်။

ယတြာ

မွေးနေ့တွင် ဘဲဥကြော်၍ ဆွမ်းခံကိုယ်တော်(၅)ပါးကို ဆွမ်းဟင်းလောင်းလှူပါ။ သင့်အတွက် ဘဲဥမှ ဥဘဲ ဖြစ်သွားလိမ့်မည်။

## တူလဂ် (Libra)



ကိုယ်ရေးကိုယ်တာကိစ္စများ၊ ဘဝရည်ရွယ်ချက်၊ ရည်မှန်းချက်များ ဘေးကျပ်နံကျပ် ဖြစ်နေတတ်၏။ ကျန်းမာရေးလည်း မသိမသာညံ့နေတတ်၏။ အတန်းပညာ၊ အသိပညာ ဆည်းပူးနေသူများ (၁၅)ရက်အထိ အဆင်တပြေ တက်ကြွနေပြီး (၁၆)ရက်ကစပြီး ကျန်းမာရေးကို အကြောင်းပြုကာ စိတ်ဓာတ်ကျဆင်းသွားတတ်၏။ ကာမဂုဏ်အာရုံဆိုင်ရာ စီမံခံလုပ်ငန်းရှင်များ ရှေ့ဆက်

www.burmeseclassic.com

လောက် အလွန်ဝင်ငွေကောင်းပြီး နောက်ပိုင်းတွင် အတိုက်အခံ၊ ရန်ဆန်တဲ့ ပြဿနာများ တွေ့ကြုံရတတ်ပါသည်။ ဆေးဝန်ထမ်းများ၊ ဆေးပစ္စည်း ရောင်းဝယ်သူများ၊ စစ်သည်တော်များ၊ အားကစားသမားများ လသာတုန်း ဗိုင်းငင်၊ မိုးရွာတုန်း ရေခံရမည့် ကာလပါ။ သို့သော် ထာဝရပဲဟု ထင်မှတ်နေပါက စိတ်ဒုက္ခ၊ ကိုယ်ဒုက္ခ ကြုံတွေ့ရတတ်၏။ နိုင်ငံရပ်ခြား ထွက်ခွာသွားဖို့ ပြင်ဆင်နေပါက အဆင်တပြေ ထွက်ခွာဖြစ်မည်။ လုပ်ငန်းခွင်တွင် ပြဿနာတစ်ခုမဟုတ်တစ်ခု ဖြစ်နေတတ်၏။ အလုပ်အကိုင်ကောင်းပြီး ပုံမှန်ဝင်ငွေလေးတော့ ရှိနေမည်။ (၁၀၊ ၁၁၊ ၁၂)နှင့် (၂၃၊ ၂၄)ရက်များကို အောင်နေ့ အောင်ရက်အဖြစ် သတ်မှတ်ထားပါ။

**ယတြာ**

နွားနို့နှင့် အရက်ကို ရောင်ပြီး ယောဂီတစ်ဦးအား ထီးတစ်လက် လှူလိုက်ပါ။

## ဗြိစ္ဆာလဂ် (Scorpio)



မှန်းတိုင်း မပေါက်၍ စိတ်နောက်နေတတ်ပါသည်။ အလုပ်တွင် ဖွဲ၊ လုံ့လ ထက်သန်နေတတ်၏။ ဝင်ငွေလည်း အသင့်အတင့် ကောင်းပါသည်။ သို့သော် ဝင်ငွေမှန်သည့်တိုင် စုငွေမကျန်တတ်ပါ။ အပြောင်းအလဲကြားက အိမ်ထောင်ပြုလိုစိတ် ပြင်းပြနေတတ်၏။ အိမ်ထောင်ရှင်များဆိုပါက သားသမီးအကြောင်းကြောင့် စကားများရတတ်၏။ ဂုဏ်သိက္ခာပိုင်းကို ငဲ့လွန်း၍ အချစ်ရေးမှာ နောက်ပြန်ဆုတ်သွားတတ်၏။ ဘဝအတွက် အဓိကကျတဲ့ သင်တန်းတစ်ခုခု တက်ရောက်ရတတ်၏။ လူငယ်များ သံယောဇဉ်များကြောင့် ခိုက်ရန်စကား ပြောရတတ်သည်။ အဝတ်အထည်နှင့် အလှကုန် ရောင်းဝယ်သူများ အဆင်တပြေ ဝင်ငွေရှင်နေမည်။ ပါးစပ်ဖြင့် ရင်းနှီးလုပ်ကိုင်ရသူများ (၁၂)ရက်နောက်ပိုင်းမှ အဆင်ပြေမည်။ မဟုတ်မခံစိတ်နှင့် တရားမျှတလိုမှုကို လျှော့နိုင်သမျှ လျှော့ပါလေ။ မလျှော့နိုင်ပါက ကြီးသူကြောင့် မျက်ရည်ကျရလိမ့်မည်။ စာပေအနုပညာရှင်များ အခက်အခဲပေါင်းများစွာ ကြုံတွေ့ရတတ်ပါသည်။ ပင်လယ်ရေကြောင်းနှင့် ပတ်သက်သမျှ လုပ်ငန်းရှင်များ ဂုဏ်သိက္ခာရော စည်းစိမ်ဥစ္စာပါ တိုးပွားမည်။ (၂၁၊ ၂၂)နှင့် (၂၅၊ ၂၆)ရက်များကို မင်္ဂလာရှိတဲ့နေ့ရက်များအဖြစ် မှတ်ထားပါ။

**ယတြာ**

ထီးဟောင်း၊ ဖိနပ်ဟောင်း ရှိနေပါက စွန့်ပစ်ပြီး အောင်သပြေထိုးထားတဲ့ ပန်းအိုးရေဖြင့် သင့်လက်ကို ဆေးလိုက်ပါ။

## ဓနုလဂ် (Sagittarius)



ကျန်းမာရေး အနည်းငယ်ချူချာနေတတ်၏။ ဘဝရည်ရွယ်ချက်များ စိတ်တိုင်းကျ မဖြစ်နိုင်ပါ။ ယခင်ထက် လောဘပိုတက်နေမည်။ စုငွေက စုရင်း,စုရင်းပင် ပြည့်ခါနီး လျော့လျော့သွားတတ်၏။ လုပ်ငန်းခွင် အမှားအယွင်းများ ကြုံတွေ့ရတတ်၏။ အိမ်ထောင်ဖက်အပေါ် စိတ်တိုင်းမကျ ဖြစ်နေတတ်သည်။ ပညာသင်အရွယ်များဆိုပါက ဆုံးခန်းတိုင်အောင် မသင်ယူချင်စိတ် ဖြစ်နေတတ်ပါသည်။ အချစ်ရေးမှာ ရှေ့တိုးနောက်ဆုတ် ဖြစ်နေတတ်၏။ (၁၇၊ ၁၈)ရက်များတွင် မိဘနှစ်ပါးထံမှ စိတ်ချမ်းသာစရာစကား ကြားရတတ်၏။ ဖက်စပ်လုပ်ငန်းရှင်များ ဒုတိယပတ်လောက်မှ အခြေအနေကောင်းလာမည်။ အလုပ်တွင် စိတ်မဝင်စားဘဲ လေလွင့်လိုစိတ်ပေါက်နေတတ်၏။ ဟင်‥ဆိုလျှင် လည့်မကြည့်ချင်စိတ် မကြာခဏ ဖြစ်နေတတ်၏။ အိမ်အလှဆင်ပစ္စည်း ရောင်းဝယ်သူများ အတိုက်အခံကြားက အောင်မြင်နေမည်။ အနုပညာ၊ စာပေနှင့်ပတ်သက်တဲ့ လုပ်ငန်းရှင်များဆိုပါက နှစ်ကြိမ်နှစ်ခါ ပြန်ပြန်လုပ်နေရတတ်ပါသည်။ မည်သူမဆို (၅၊ ၆၊ ၇၊ ၂၃၊ ၂၄)ရက်များကို အာရုံစိုက်ပါ။ မိမိဆန္ဒထူးကို ထိုနေ့များတွင် အကောင်အထည်ဖော်ပါလေ။

**ယတြာ**

မွေးနေ့ သုံးပတ် ဆီထမင်းဆွမ်းကပ်ပါ။ လိုအင်ဆန္ဒ ပြည့်ဝပါလိမ့်မည်။

## မကာရလဂ် (Capricon)



ရပ်တန့်ခြင်း၊ ဆုံးရှုံးနစ်နာခြင်း၊ ဆ... ကျေပျက်စီးခြင်းဆိုင်ရာ သတင်းတစ်... ကြားလာရတတ်၏။ မိမိထက် အသ... သိက္ခာ၊ ဂုဏ်ဝါကြီးကဲ့သူ၏ အပူသော... တစ်ခုကို ဖြေရှင်းနေရတတ်ပါသည်။ ကိုယ့်ကိုယ်... ယုံကြည်ချက်ကင်းမဲ့နေသလို ခံစားနေရတတ်၏။ ခရီး...



www.burmeseclassic.com

www.burmeseclassic.com

သွားရတတ်၏။ နိုင်ငံခြားခရီးလည်း ဖြစ်သွားနိုင်ပါသည်။ ဝိုးတဝါးအိပ်မက်ဆိုးများလည်း ခဏ,ခဏဆိုသလို မက်နေတတ်ပါသည်။ မည်သို့ပင်ဖြစ်စေ အကြံအစည်အောင်မြင်ပြီး ဝင်ငွေ,လာဘ်လာဘ ကောင်းနေလိမ့်မည်။ ဘာသာရေးကျင့်စဉ်တစ်ခုခု ကျင့်လာလိမ့်မည်။ အိမ်ထောင်ပြုလိုစိတ်အနည်းငယ် နောက်ဆုတ်သွားတတ်၏။ သို့သော် ပြုလိုကပြုဖြစ်သွားပေမည်။ ပင်ပန်းခံပြီး တဖွတ်ထိုးလုပ်လိုစိတ်ပြင်းပြနေတတ်၏။ (၈၊ ၉) နှစ်ရက်တွင် ငွေကြေး၊ အချစ်ရေးဆိုင်ရာများ မလုပ်ဆောင်ပါလေနှင့်။ ပြဿနာရှုပ်ထွေးတတ်ပါသည်။ (၂၅၊ ၂၆)ရက်များတွင် ထိုကိစ္စများကိုဆောင်ရွက်ပါ။

ယတြာ

ပထမပတ် အင်္ဂါ၊ ဗုဒ္ဓဟူး တစ်နေ့နေ့တွင် မိခင်၊ မိခင်နှင့်တူသူအား ကြံရည် အဝလှူလိုက်ပါ။ သင့်ဆန္ဒများ အောင်မြင်လာပေလိမ့်မည်။

## ကုမ်လဂ် (Aquarius)



ဖျားနာခြင်း၊ ဆေးရုံ,ဆေးခန်း သွားရခြင်းများ ရှိနေမည်။ အိမ်ထောင်ဆိုမကြားချင်လောက်အောင် နာကြည်းနေတတ်၏။ အချိုရှာ သကာမတွေ့ဘဲ အချိုရှာ တမာတွေ့နေတဲ့ ဘဝမို့ ကံကြမ္မာကို မကျေနပ်ချင် ဖြစ်နေတတ်၏။ သည်းခံလိုက်ပါ။ (၁၄)ရက်ကစပြီး အိမ်ထောင်ရေး သာသာယာယာ ရှိလာပေလိမ့်မည်။ သို့သော် မိမိစိတ်ထဲမှာတော့ အပူငွေ့စဉ်နေပေဦးမည်။ အတိုက်အခံ၊ အနှောင့်အယှက်ကြောင့် အိမ်လာ ယာဆုတ် လုပ်ဆေးရင်း ရည်မှန်းချက်များ ရှေ့မတိုးနိုင် ရှိနေတတ်၏။ သောကြာနံသင့်ပစ္စည်း ရောင်းဝယ်သူများ ပစ္စည်းဟောင်း၊ အဆိပ်ဟောင်းများက ပိုအလုပ်ဖြစ်နေတတ်ပါသည်။ မည်သည့်လုပ်ငန်းရှင်မဆို စကားတွင် အမှားများပြီး အောင်မြင်ခါနီး ပျက်စီးတတ်ရာ စကားကို လိုအပ်မှ ပြောပါလေ။ မူးယစ်ဆေးဝါး၊ အဆိပ်လက်နက် ထုတ်ဝေဖြန့်ဖြူး ရောင်းဝယ်သူများ ကြွေးမြီတင်ခြင်း၊ ရပ်တန့်ခြင်း၊ ဆုံးရှုံးနစ်နာခြင်းများ မလွဲမသွေ ကြုံတွေ့ရမည်။ ဂုဏ်သိက္ခာကျဆင်းခြင်း၊ စည်းစိမ်ဥစ္စာ လျော့ပါးခြင်းများ တွေ့ရတတ်၏။

ယတြာ

(၁၀၊ ၁၁၊ ၁၂) သုံးရက် တစ်ရက်ရက်တွင် အရက်တစ်ပုလင်း၊ နွားနို့တစ်ပုလင်း ဝယ်ပြီး ခြံတံခါး (သို့မဟုတ်) အိမ်တံခါးဝတွင် ဘယ်ဘက်ကို အရက်လောင်း၍ ညာဘက်ကို နွားနို့လောင်းလိုက်ပါ။ ပြီးလျှင် ဆေးကြောသန့်စင်ပြီး ရေမွှေးပက်ဖျန်းပေးလိုက်ပါ။

## မိန်လဂ် (Pisces)



ဝမ်းဖောဝမ်းရောင်၊ အစာမကြေတဲ့ရောဂါ အနည်းငယ်ခံစားရတတ်၏။ ကိုယ့်လူ သူ့ဘက်သား ဖြစ်သွား၍ နှလုံးသားရေးရာတွင် အမှားကြုံပြီး ဆုံးရှုံးလိုက်ရတတ်၏။ မိုက်ရူးရဲဆန့်ဆန့် ပြုမူနေတတ်၏။ မည်သူမဆိုငါးမရ ရေချိုးပြန်ကိန်း ဆိုက်နေတတ်၏။ ရယူပိုင်ဆိုင်လိုစိတ်ကို လျှော့ချနိုင်မှ စိတ်ချမ်းသာရာရပေလိမ့်မည်။ ယခင်ရပ်တန့်ထားရသည်များ ပြန်လုပ်ဖြစ်ပြီး ဆုံးရှုံးထားသည်များ ပြန်ရလာမည်။ ကျောင်းသူကျောင်းသား၊ ပညာသင်များ အနည်းငယ် နောက်ပြန်သွားနေရတတ်၏။ အချစ်ရေးမှာ သိမ်မွေ့နိုင်မှ အဆင်ပြေမည်။ စာပေနှင့် ဆက်နွယ်ပတ်သက်တဲ့လုပ်ငန်း၊ အရောင်းအဝယ်များ ပထမပိုင်းတွင် အဆင်မပြေချင်သော်လည်း နောက်ပိုင်း အဆင်ပြေသွားမည်။ ဇွဲမလျှော့ပါနှင့်။ ပါတီစည်းရုံးရေး၊ ဘာသာရေးဆွဲဆောင်မှု မလုပ်ပါလေနှင့်။ မရှောင်လျှင် ဘေးဒဏ်သင့်မည်။ ခရီးသွားရင်း ဝင်ငွေရနေတတ်၏။ အထည်အလိပ်နှင့် အလှကုန် ရောင်းဝယ်သူများ အရင်းမရှုံး အမြတ်မထွက်ဖြစ်နေမည်။ (၃၊ ၄၊ ၁၃၊ ၁၄)ရက်များတွင် အမိကမျှော်လင့်ထားသည်များကို အကောင်အထည်ဖော်ဆောင်ပါ။

ယတြာ

စာသင်သား ရဟန်းသံဃာ တစ်ပါးပါးအား ဆီတစ်ပုလင်း၊ ဆန်တစ်ပြည် လှူလိုက်ပါ။ အညံ့အဆိုးများ ကင်းဝေးသွားပေလိမ့်မည်။

**ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ**

**ဆရာကံထူး(ဝေဒသုတေသီ)**

ပျော်ဘွယ်ကြီးကျောင်း၊ ကျောင်းကြီးတိုက်၊
ရုံးကြီးလမ်း၊ အိုးဘိုရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉ ၄၀ ၁၅၃ ၄၄ ၉၉



www.burmeseclassic.com

www.burmeseclassic.com





ဆရာကံထူး(ဝေဒသုတေသီ)

# မမကျောင်းလေး ဇာတာရှင်များ

လူကြီးမိဘများ အပြောများတဲ့ ရှေးစကားတစ်ခု ရှိပါသည်။ အိမ်ထောင်ပြု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုး၊ ဤသုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်နိုင် ခက်သည့်အမျိုးတဲ့။ အရိုအသေ ကိုးကွယ်ရတဲ့ ဘုရားရုပ်တု၊ စေတီ,ပုထိုးများ တည်ထားပြီးလျှင် ဖျက်ရ အတော်ခက်၏။ ဖျက်လျှင် မရှိသေရာရောက်မှာစိုးရ၏။ ခန္ဓာကိုယ်အရေပြားပေါ်၌ ဆေးမင်ကြောင် ထိုးပါကလည်း လွယ်လွယ်နှင့် ဖျက်မရတော့။ အတင်းအဓမ္မ မရမကဖျက်လျှင် အမာရွတ်တွေ ထင်ကျန်ရစ်သဖြင့် ပိုပြီးအရုပ်ဆိုးသွားတတ်ပါသည်။ နှစ်ကိုယ့်တစ်စိတ်၊ နှစ်သွေးတစ်သား ပေါင်းစပ်ရတဲ့ အိမ်ထောင်ပြုခြင်းကား စိတ်ဆန္ဒသွေးသားများနှင့် ဆက်နွှယ်ပတ်သက်သည့်အတွက် ပို၍,ပို၍ ပြင်ရခက်ပေသည်။

ပုထုဇဉ်သဘာဝအားဖြင့် သံယောဇဉ်က မြဲအောင်ချည်နှောင်ရစ်ပတ်ထားသလို ဘာသာဓလေ့ ယဉ်ကျေးမှုထုံးတမ်းစဉ်လာနှင့် ဆိုင်ရာ,ဆိုင်ရာ ဥပဒေများကလည်း ခိုင်မြဲအောင် ပံ့ပိုးပေးထားလေရာ ရုန်းထွက်ရ၊ ပြင်ဆင်ရ အင်မတန်ခက်ပါသည်။ နောင်ပြင်ရန် ခက်သည့်အမျိုး ဆိုရိုးစကားအတိုင်း ပြင်ဆင်ရခက်သည့် အိမ်ထောင်ရေးကို ပြင်ဆင်စရာ မလိုတော့လောက်အောင် တစ်ခါတည်းအပြီး ပြင်ဆင်နိုင်ပါမှ ဘဝမှာ ဣန္ဒြေရနိုင်ပါသည်။ တည်ငြိမ်သောဘဝတစ်ခု တည်ဆောက်ရန် အိမ်ထောင်ရေး တည်ငြိမ်မှဖြစ်နိုင်၏။ ဣန္ဒြေသိက္ခာ၊ အရှက်အကြောက်၊ သမုဒယသံယောဇဉ်၊ သားရေး,သမီးရေး၊ မိရေး,ဖရေး၊ ကျောင်း၊ကန်၊ ဘုရားသွားရေး စတဲ့ရှုထောင့်မျိုးစုံ အကုန်ထည့်စဉ်းစားပါက အိမ်ထောင်ရေးမှာ ပြုပြင်ရခက်ကြောင်း သိသာလှပါ၏။

ပြုပြင်ရခက်တဲ့ အိမ်ထောင်ရေးဆိုတာ တကယ်တော့ အချစ်က စတင်လာခဲ့တာပါ။ အချစ်ကို တစ်ရစ်နှောင်ဖွဲ့ခွင့် ရအောင်လို့ အိမ်ထောင်ပြုကြခြင်းသာ ဖြစ်ပါသည်။ အချစ် ရေးကာလ၌ ချစ်သူတိုင်းဆန္ဒအရ အတိတ်ကံကို မသိကျိုး ကျွန် ပြုချင်လာတတ်ပါသည်။ အတိတ်ကံကို ဘဝရဲ့အနှစ် ဧကန်ဟု ဉာဏ်ဖြင့် မမြင်နိုင်သူများက ဗေဒင်ဆရာအကြ ဟုပင် ထင်မှတ်တတ်ကြပါသည်။ ထိုသို့ထင်မှတ်ပြီး ဖွတ် အတင်းရှေ့တိုးရန် အဝိဇ္ဇာ၊ တဏှာတို့က တွန်းပို့ပေးနေသည် ကို ကာယကံရှင်များကိုယ်တိုင် မသိနိုင်ခြင်းက ဘဝ အမှောင်လွှမ်းသွားစေပါသည်။ မိမိထက် အသက်ကြီးသူနှ ညားရမည့် ဘဝကံဇာတာ ပါလာနေသူသည် ကံကြမ္မာ သတိပေးနေသည်ကို သိမထား၍ တဒင်္ဂတစ်ခဏမှာ သ တူရွယ်တူ (သို့မဟုတ်) ငယ်ရွယ်သူတစ်ဦးရဲ့ ကြင်နာပြု ယုယမှုလေးကို ပျားရည်စက်ပမာ ချိုမြသွားသည် ဆိုပါစို့ ဒါသည်ပင်လျှင် ငါ့ဘဝဟု ထင်မှတ်နေစဉ်မှာပင် အချိန်တ တော့ နွားပိန်ကန်သွားတတ်၏။

ထိုအခါ ချစ်နောင်တ,ရလျက် သောကကို ပွေ့ ၏။ ရှေ့ဆက်မည့် အိမ်ထောင်ရေးတွက်လည်း အဲ့အထ



www.burmeseclassic.com


www.burmeseclassic.com

လေးတစ်ခု ဖြစ်သွားပေသည်။ အကယ်၍သာ အထုပ် ည်ကျန်နေခဲ့ပြီးဆိုလျှင် လောကတွင် နေချင်စရာရှိမည် ဟုတ်တော့ပေ။ အရင်းစစ်တော့ အမြစ်မြေက ဆိုသကဲ့သို့ အိမ်ထောင်ရေးဟူသမျှ အချစ်နှင့် စတင်လာရ၏။ အချစ် သည် အိမ်ထောင်ရေး၏ ရင်းမြစ်ဖြစ်ပေသည်။ ထို့ကြောင့် ောင်ချစ်ကြစဉ်ကပင် သိထားလျှင် ပိုကောင်း၏။ ချစ်ရေး ချစ်ခွင့်ပန်တဲ့အခါ ဘယ်သူက ဗေဒင်ဆရာခေါ်လာနိုင် ။ ပြီးတော့ အဲဒီလူဇာတာက ဘယ်လိုနေမှန်းမှမသိသေး ။ မချစ်ခင်ကပင် သူ့ဘဝဖြစ်စဉ်ကို အကုန်လျှောက် လို့ သင့်ပါ့မလား။ တော်ကြာ သူ့ကို စိတ်ဝင်စားနေပြီလို့ င်သွားရင် ဒုက္ခ။ အချို့ကျတော့ ကိုယ့်မွေးသက္ကရာဇ် ောင် အတိအကျသိတာ မဟုတ်ဘူး။ ဘယ်လိုလုပ် သွား လဲ စသည်ဖြင့် အတွေးကိုယ်စီ တွေးသွားနိုင်ပါသည်။ လည်း တွေးစရာပါ။

သို့သော် ထိုမျှလောက် ပင်ပန်းခံပြီး တွေးမနေစေချင် ။ သူများအကြောင်း ခေါင်းထဲ ထည့်စဉ်းစားရသည်က ယာနှယ်မှာ အရုပ်ဆွဲကြည့်တာနှင့် တူပါသည်။ ဒါ ကြောင့် ကိုယ့်အကြောင်း ကိုယ့်ဘဝကိုပဲ သိအောင်လုပ်ပါ။ ကိုယ့်ဘဝကို သိနေလျှင် ဆင်ခြင်တုံတရား အားလုံးအတွက် လုံလောက်ပါသည်။ ဆင်ခြင်တုံတရားတွက် လုံလောက် လျှင် ပြင်ဆင်ရန်အတွက်လည်း မခက်ပေ။ ထို့ကြောင့် ငါ့ဘဝကံဇာတာက ငယ်သူနှင့် ညားရမည့် ဇာတာလား၊ (သို့မဟုတ်) ရွယ်တူနှင့် ညားရမည့် ဇာတာလား၊ (သို့ မဟုတ်) ကြီးသူနှင့် ညားရမည့် ဇာတာလား။ ဤသုံးမျိုး ထဲက တစ်မျိုးပဲဖြစ်နိုင်၍ ငါက ဘယ်ဇာတာလို့ တစ်ခု တည်း သိထားရုံနှင့် အကုန်လုံလောက်ပါသည်။ အခြား ဇာတာများက ယခင်တင်ပြပြီးဖြစ်၍ ပြန်လည်တင်ပြမနေ တော့ပါ။

မမမောင်လေး ဇာတာကိုသာ နမူနာဇာတာ (၃)ခု ထုတ်ပြပြီး ရှင်းလင်းစွာ တင်ပြပေးပါမည်။

ပထမဆုံး တင်ပြချင်တဲ့ နမူနာဇာတာရှင်ကတော့ မနှင်းဝေဦး၊ ဘားအံတက္ကသိုလ် ဒုတိယနှစ်ကျောင်းသူလေး ပါ။ Viber ကနေ လှမ်းပို့တဲ့သူ့ မွေးသက္ကရာဇ် (၂၆-၄-၁၉၉၇)ခုနှစ်၊ မွေးချိန် ည(၁၀)နာရီကို ဘားအံမြို့ရဲ့ လတ္တီ ကျုဒ်၊ လောင်ဂျီကျုဒ်များဖြင့် ကွန်ပျူတာဇာတာဖွဲ့လိုက် သောအခါ ရာသီစက်ဇာတာ ဤသို့ထွက်ပေါ်လာပါသည်။




ဇာတာတွင် အင်္ဂါဂြိုဟ်(၃)ဂဏန်းသည် တနင်္ဂနွေဂြိုဟ် (၁)ဂဏန်းပိုင် သိဟ်ရာသီ၌ ရပ်တည်နေပါသည်။ ထို့ ကြောင့် မိန်းမတို့မူဇာတာမှာ ဂြိုဟ်သီဟာ ခြင်္သေ့၊ ကျား မင်းနှင့် ရွှေဂဠုန်၊ နန်းရိပ်ဘုံမြူး ပျော်စံမွေ့ ဆိုတဲ့ ဥပဒေသ နှင့် ကိုက်ညီနေပါသည်။ ထိုဥပဒေသနှင့်ညီလျှင် သည်ကိန်း နှင့်ဆုံပါမူ မှန်နုံ့သာမသွေ့၊ စိတ်တိုင်းကျ အလိုပြည့်၊ လင် ကလေ့ ကြင်ဖော် ဆိုတဲ့ ဥပဒေသအရ သူ့ဘဝမှာ မိမိထက် အသက်ငယ်ရွယ်သူ မောင်လေးနှင့် အိမ်ထောင်ကျရမည့် ကံဇာတာ ပါလာနေပြီးသား ဖြစ်ပါသည်။ ဤသို့သိထား ပါက ရွယ်တူယောကျ်ားလေးတွေ အစ်ကိုကြီး၊ ဦးလေးကြီး တွေ ချစ်ရေးဆိုလာလျှင် ချစ်ပင် ချစ်ချင်သော်လည်း 'ဟင့်··ငါနဲ့ မညားနိုင်ပါဘူး။ ငါ့မှာက မောင်လေးနဲ့ပဲ ညားရမယ့် ဇာတာပါ'လို့ ဆင်ခြင်နိုင်ပါသည်။ ဆင်ခြင် လိုက်ရုံနှင့် အချစ်ရေးအတွက်ရော အိမ်ထောင်ရေးအတွက် ပါ ပြင်ဆင်ပြီးသား ဖြစ်သွားပေသည်။

ပထနီဘာဝသခင်လည်းဖြစ်ပြီး ကာမဘာဝသခင်လည်း ဖြစ်တဲ့ ဗုဒ္ဓဟူး(၄)ဂြိုဟ်သည် အချစ်ရေး၊ ပညာရေး ကိုယ် စားပြု ပုတ္တရာဘာဝ၌ သုဘဘာဝသခင် တနင်္ဂနွေ(၁)နှင့် တွဲကာ ဗုဒ္ဓါဒိတ္တယယုဂ် ရလျက်ရှိရာ သူ့ချစ်သူဟာ ငယ်ပင် ငယ်သော်လည်း ပညာရေး၊ ငွေကြေး၊ ဂုဏ်သိက္ခာအား ဖြင့် ပြည့်စုံသူ ဖြစ်လိမ့်မည်။ ဓနလဂ်ဇာတာရှင်မို့ မွေးရပ် ခွာ၍ ဝေးရာ၌ အခြေချနေထိုင်လိုစိတ်ရှိတတ်ရာ သူ့ချစ်သူ ဟာ တစ်နယ်တစ်ကျေးသားဖြစ်ဖို့ရာ များပါသည်။ အချစ် ရေး၊ ငွေကြေး၊ မိခင်၊ စိတ်ကူးစိတ်သန်း ကိုယ်စားပြုတဲ့ တနင်္လာဂြိုဟ်(မရဏဘာဝသခင်)သည် လဂ်မှ (၁၂)တန့် ဗျယဘာဝ၌ နိစ်မူလျက်ရှိသည်ကို ထောက်ဆလျှင် တစ် ယောက်စီ တစ်နယ်စီ တစ်မြေစီ ဝေးကြတဲ့အခါ ခွဲခွာခြင်း

www.burmeseclassic.com

ဆိုသည်မှာ ကျန်ရစ်သူလည်း လွမ်း..လွမ်းရတယ်။ ချန်ခဲ့သူလည်း လွမ်းလွမ်းရမယ်ဆိုတဲ့ သီချင်းစာသားလို ခဏ၊ ခဏ ခွဲခွာရ၍ အချစ်သည် ခဏ၊ခဏ ရပ်စဲပြတ်တောက်သကဲ့သို့ ခံစားရပေမည်။ သို့သော် ထိုအခြေအနေကပင် အတူတူ ယှဉ်တွဲနေထိုင်လိုစိတ် ဖြစ်ပေါ်လာအောင် တွန်းအားပေးလာပေမည်။ ထို့ကြောင့် မဝတစ်ဝချစ်ရေးမှ ဝဝလင်လင် ချစ်ချင်တဲ့ အိမ်ထောင်ရေးအသွင်သို့ ပြောင်းသွားပေလိမ့်မည်။


အားလုံးကိုခြုံ၍ အနှစ်သာရထုတ်လျှင် (တစ်) မိမိထက် အသက်ငယ်ရမည်။ (နှစ်) တစ်နယ်တစ်ကျေးသားဖြစ်ရမည်။ (သုံး) ပညာရေး၊ ငွေကြေး၊ ဂုဏ်သိက္ခာမြင့်သူဖြစ်ရမည်။ ဤအင်္ဂါညီပါက ငါ့ဘဝရဲ့ အိမ်ထောင်ဖက်ဟုတွက်လို့ရ၏။ မညီလျှင် ချစ်လို့ရပေမယ့် အိမ်ထောင်ရှင်၊ အိမ်ထောင်ဖက် ဖြစ်မလာနိုင်၍ ချစ်စဉ်ကာလ၌ ဘဝကိုပုံမအပ်မိစေရန် ဆင်ခြင်နိုင်ပေသည်။ တကယ်ဆင်ခြင်နိုင်ပါက အချစ်နှင့် အိမ်ထောင်ရေးတွက် ပြင်ဆင်ပြီးသားဖြစ်သွားပေမည်။ နောင်ပြင်စရာလည်း မလိုတော့၍ နောင်ပြင်နိုင်ခက်သည့်အမျိုးဆိုတဲ့ အခက်ကြီးကိုလည်း ကျော်လွှန်နိုင်ပြီးသား ဖြစ်သွားပေမည်။ ချစ်နောင်တ၊ရနေစရာအကြောင်းမရှိတော့ပါ။

ညားပြီး အမှန်တကယ် တည်မြဲနေသော မမမောင်လေး ဇာတာတစ်စုံကို ထုတ်ပြပါဦးအံ့။


လင်ရော မယားပါ ရေဝတီတိုင်း၊ ဒေးဒရဲမြို့နယ်မှာ မွေးဖွားလာခဲ့ကြပါသည်။ ယောကျ်ားနာမည်က ကိုမြင့်ဦး၊ မွေးသက္ကရာဇ်က (၇-၇-၁၉၆၆)ခုနှစ်၊ နံနက်(၅း၃၀)နာရီမှာ မွေးဖွားပါသည်။ ဇနီးနာမည်က ဒေါ်အေးအေးဝင်း၊ (၁၃-၆-၁၉၆၅)ခုနှစ် နံနက်(၈း၃၀)နာရီမှာ မွေးဖွားပါသည်။

စာရေးသူဆီ ဗေဒင်လာမေးတော့ ကိုမြင့်ဦးဇာတာကို ဖွဲ့လိုက်တာနှင့် သောကြာဂြိုဟ်(၆)ဂဏန်းသည် မိမိပိုင်ပြိဿရာသီ၌ ကသစ်စံလျက် ရှိသည်ကို တွေ့ရ၏။ ထို့ကြောင့် ဥဒ္ဓုရစကက်နဂိရ်၊ ပူးဘရဂုခိ၊ ရွယ်ကြီးတဲ့ အမေအိုကို၊ မျိုးမလို ချစ်ရလိမ့်လေးဆိုတဲ့ တေးထပ်ကို ရွတ်ပြလိုက်ပါတယ်။ မမနှင့်ညားရမည့် မောင်လေးပါလို့။ ဟုတ်တဲ့အကြောင်း ခပ်ပြုံးပြုံးလေး ဝန်ခံပြောရင်း ဇနီးဇာတာကို တွက်နိုင်း၏။ ဇနီးဇာတာတွင် အင်္ဂါဂြိုဟ်(၃)ဂဏန်းသည် သိဟ်ရာသီ၌ ရပ်တည်နေသည်ကို တွေ့ရပြန်၏။

ထို့ကြောင့် မှန်နှံ့သာမသွေ့၊ စိတ်တိုင်းကျအလိုပြည့်၊ လင်ကလေ့ ကြင်ဖော် ဆိုတဲ့တေးထပ်ကို အပြည့်အစုံရွတ်ပြပြီး မောင်လေးနှင့်ညားရမယ့် မမဇာတာလို့ ပြောလိုက်ပါသည်။ ယခုအခါ ဇနီးသည် ကုန်းမာရေးချူချာပြီး စီးပွားရေးလုံးလည်လိုက်နေ၏။ သို့သော် မပစ်ရက်နိုင်တာမဟုတ်။ ပစ်ကို မပစ်ချင်တာပါ။ ထာဝရမြဲနေကြသည်မှာ ဆိုရပေမည်။ အင်္ဂါညီသကိုး။ လေ့လာလိုသူများအတွက် ဇာတာနှစ်စောင်ကို ယှဉ်တွဲဖော်ပြလိုက်ပါသည်။




ကျားဇာတာ




မဇာတာ

ညားလည်းညား၊ မြဲလည်းမြဲ ဘဝလက်တွဲဖော် အမှန်တကယ်မို့ သည်အကြောင်း ကောင်းစွာနားလည်ထားသင့်၏။ နားလည်ထားပါမှ နောင်ပြင်စရာကို မလိုတော့ဘဲ အဆင်ပြေနေပါလိမ့်မည်။ ထို့ကြောင့်ဟုဆိုလျှင် စာရေးသူ၏ စေတနာကို နားလည်နိုင်လိမ့်မည်ထင်ပါသည်။

အားလုံးရွှင်လန်းချမ်းမြေ့ကြပါစေဗျာ။

ဆရာကံထူး(ဝေဒသုတေသီ)
☎ ၀၉ ၄၀ ၁၅၃ ၄၄၉၉



www.burmeseclassic.com

www.burmeseclassic.com



ဆရာကံထူး(ဝေဒသုတေသီ)

# ဖြူစင်မွေးသို့ ဗေဒင်မေတ္တာစာ

ခေါင်းစီးစာသားများကို တစ်ခုစီတင်ပြရလျှင် ဖြူစင်မွေးဆိုတာ စာရေးသူထံ ဖုန်းဖြင့် ဗေဒင်ကြည့်ဖူးတဲ့ ကရင်ပြည်နယ်က ကျုံဒိုးမြို့သူလေးပါ။ E မေဂျာဖြင့် ဘားအံတက္ကသိုလ်မှာ တက်ရောက်သင်ယူနေတဲ့ ပထမနှစ်ကျောင်းသူလေး ဖြစ်ပါသည်။ အခု စာမေးပွဲဖြေပြီး၍ ဇာတိမြို့သို့ ပြန်သွားပါပြီ။

ဗေဒင်ဆိုတာကတော့ အများသိပြီး ဖြစ်တဲ့အတိုင်း အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်အားဖြင့် ကာလသုံးပါးနှင့်စပ်တဲ့ ဘဝဖြစ်စဉ်တွေကို သိမြင်နိုင်သော လူသားကောင်းကျိုးပြု ပညာရပ်တစ်ခုပါ။ ဟုတ်ပါသလားလို့ မေးချင်သူများ၊ တွေးထင်သူများကို ဆောင်းပါးပြီးဆုံးတဲ့အခါ အဖြေတွေ့ပါလိမ့်မည်ဟု စာရေးသူက ပြန်လည်ပြောကြားပါရစေ။

မေတ္တာစာ ဆိုတာက အကျိုးလိုလား၍ အက္ခရာဖြင့် ရေးသားပြောဆိုတဲ့ စာ၊ စကားပါပဲ။ မေတ္တာစိတ်ဖြင့်ရေးတဲ့စာပါ။ မေတ္တာတရားက မေတ္တာသက်ဝင်ခံရသူရဲ့ အကျိုးစီးပွားမဲ့စေမည့် ဆိုးကျိုးများ ဖြစ်ပေါ်လာမှာကို မလိုလားနိုင်လို့ ယင်းဆိုးကျိုးများ မကျရောက်ရအောင် ဖယ်ရှားပေးခြင်း အလုပ်ကိုလည်း လုပ်ပါသည်။ ထိုသို့လုပ်ဆောင်သော မေတ္တာတရားကို အဟိတာ ပနယန မေတ္တာလို့ ဗုဒ္ဓစာပေမှာ ဆိုပါသည်။ အဟိတ-အကျိုးစီးပွားမဲ့ဆိုတဲ့ စကားလုံးနှင့် ပနယန-ဖယ်ရှားခြင်းဆိုတဲ့ စကားလုံးကို တပေါင်းတည်းစပ်ပြီး ဆိုထား၍ အဖတ်ရ အနည်းငယ်ခက်နေတတ်ပါသည်။ အဟိတာဟု စဉ်းငယ်ဖြတ်ပြီး ပနယနဟု ဆက်ဆိုပါ။ မခက်ပါဘူး။


ထို့အပြင် မေတ္တာတရားက မေတ္တာသက်ဝင်ခံရသူရဲ့ အကျိုးစီးပွား ဖြစ်သင့်သည်များ ဖြစ်လာအောင်၊ ဖြစ်နေသည်များ ပိုတိုးပွားအောင်၊ ဆက်လက်တည်တံ့အောင်လည်း လုပ်ဆောင်ပေးတတ်ပါသည်။ ထိုသို့လုပ်ဆောင်ပေးသောအခါ ယင်းမေတ္တာကို ဟိတာဓိဂမာဓိပ္ပာယမေတ္တာလို့ သတ်မှတ်ခေါ်ဝေါ်ပါသည်။ ဟိတ-အကျိုးစီးပွား၊ အဓိဂမ-ရခြင်း၊ အဓိပ္ပာယ-လိုလားမှုဆိုတဲ့ စကားသုံးလုံးကို ပေါင်းစပ်ထားတဲ့ နာမည်ပါ။ ဟိတာ-ဓိဂမာ၊ ဓိပ္ပာယ-မေတ္တာဟု စဉ်းငယ်စီဖြတ်ပြီးရွတ်ပါက ခက်လှသည်တော့ မဟုတ်ပါ။ မေတ္တာသည် အကျဉ်းချုပ်အားဖြင့် ဤသို့နှစ်မျိုးပဲ ရှိပါသည်။ ဆိုးကျိုးမဖြစ်စေလိုတဲ့ မေတ္တာနှင့် ကောင်းကျိုးဖြစ်စေလိုတဲ့ မေတ္တာပါ။

စာရေးသူထံ ဖုန်းဆက်သွယ်ပြီး သမီး ဂမ္ဘီရပရိသတ်ပါဆရာလို့ မိတ်ဖွဲ့လာစဉ်က ဆယ်တန်းအောင်ပြီးခါစလေးပါ။ တက္ကသိုလ်တက်ရန် တာစူစောင့်နေချိန်မှာ ဗေဒင်မေးလာခြင်း ဖြစ်ပါသည်။ မွေးသက္ကရာဇ်၊ လ၊ ရက်တွေပြောပါဆိုတော့ (၁၀-၇-၁၉၉၇)ရက်နေ့ပါတဲ့။ သမီးလေး မွေးချိန်နှင့် မွေးဒေသ ပြောပါဦးဆိုတော့ မနက်ဆယ့်တစ်နာရီအချိန်၊ ကျုံဒိုးမြို့မှာပဲ မွေးတာပါ ဆရာတဲ့။ ကွန်ပျူတာဖြင့် ဇာတာဖွဲ့လိုက်သောအခါ အောက်ပါအတိုင်း ထွက်ပေါ်လာပါသည်။

ဇာတာအရ ဘဝဖြစ်စဉ်များကို ဟောပြရာ မှန်ကန်ပါကြောင်း ပြောကြားပြီး ဉာဏ်ပူဇော်ခ ငါးထောင်ကျပ်ကို ကားဂိတ်က လွှဲလိုက်ပါသည်။ စာရေးသူလည်း ကားဂိတ်ကပင် ဟောစာတမ်းကို လွှဲပို့ပေးလိုက်ပါသည်။ မည်သို့ဟော၍ မည်သို့မှန်သည်ကို ဤနေရာတွင်ပြလိုရင်း မဟုတ်ပါ၍ ချန်လှပ်ခဲ့ပါမည်။

ဗေဒင်ဟောပြီး အတော်ကြာမှ အမှတ်မထင် တစ်နေ့တွင် ဖြူစင်မွေး စာရေးသူထံ ဖုန်းဆက်သွယ်လာပါသည်။

www.burmeseclassic.com




ဖုန်းနံပါတ်မှာ ဖြူစင်မွေးဆိုတဲ့ နာမည်လေးပါ တွဲပေါ်နေ၍ 'ဟဲလို..ဖြူစင်မွေး၊ သမီးလေး နေကောင်းလား'လို့ နှုတ်ဆက်လိုက်ရာ 'ဆရာ..မင်္ဂလာပါ။ သမီး နေကောင်းပါတယ်ဆရာ။ ဆရာရော နေကောင်းရဲ့လား ဆရာ'လို့ ယဉ်ကျေးသိမ်မွေ့စွာ ပြန်လည်နှုတ်ဆက်ပါသည်။

'ကဲ..သမီးလေး ကိစ္စပြောပါဦး'ဆိုတော့ 'ဆရာ.. သမီးလေ အကူအညီတောင်းတဲ့သဘောနဲ့ ဆရာ့ကို တစ်ခုလောက် မေးချင်ပါတယ် ဆရာ။ ရလား။ တိုင်ပင်တဲ့ သဘောပါ ဆရာ'လို့ စကားချီလာပါသည်။

စာရေးသူက ဉာဏ်ပူဇော်ခတော့ မပေးတော့ဘူး ဆရာ။ အရင်လည်း ကြည့်ဖူးထားတဲ့အတွက် ဆရာ့တပည့် သဘောထားပြီး ခွင့်တောင်းတာ၊ တိုင်ပင်တာလို့ သူ့စကားကို စိတ်ထဲက ဘာသာပြန်လိုက်ပါသည်။

တက္ကသိုလ်တက်နေသူဆိုတော့ ကိုယ်ပိုင်လုပ်အားခ လည်း မရှိသေး။ မိဘပေးတဲ့ မုန့်ဖိုးလောက်ပဲ ရှိမှာကိုး။ မုန့်ဖိုးလေးကဖဲ့ပြီး ဆရာ့ကို ငါးထောင်ကန်တော့ပြီးပြီ။ ခုတော့ မရှိတော့ဘူး။ ဒါကြောင့် ဆရာ့ကို အကူအညီ တောင်းတာလို့လည်း အတွေးထဲက သဘောပေါက်သွား၏။ ဆရာသမားလို သဘောထားပြီး တလေးတစား တိုင်ပင်လာတဲ့ သမီးလိမ္မာလေးလို့လည်း မှတ်ချက်ချနေမိပါသည်။ ထို့ကြောင့် စေတနာပိုမိပါသည်။

'ကဲ..ပြော သမီး၊ ပြော'လို့လည်း ခွင့်ပြုစကား ဆိုလိုက်ပါရော သူ့ဘဝနှင့် သူ့ဆန္ဒကို စီကာပတ်ကုံး ပြောပြရင်း မေးခွန်းထုတ်ပါသည်။

'သမီး..မြဝတီ မဲဆောက်ဘက်သွားပြီး အလုပ်သွားလုပ်ချင်တယ် ဆရာ။ အဲဒါ အဆင်ပြေပါ့မလား ဆရာ။ သမီးကို ကူညီတဲ့သဘော ကြည့်ပေးပါဦး။ တိုင်ပင်တာပါ ဆရာ'တဲ့။

ဗေဒင်ပညာသင်စဉ်က ဆရာပြောဖူးတဲ့ နက္ခတ္တဝေဒမှာ အောင်မြင်တဲ့ ဗေဒင်ဆရာဖြစ်ချင်ရင် နေ့စဉ် ဂြိုဟ်သွား ဂြိုဟ်လာကို အမြဲသိနေရမယ် ဆိုတဲ့စကားကို ဦးထိပ်ထားလျက် မနက် ကော်ဖီသောက်ရင်း ဂြိုဟ်သွားဂြိုဟ်လာကို အမြဲကြည့်ပါသည်။

ကျုံ့ဒိုးသူလေး ဖြူစင်မွေး ဖုန်းဆက်လာတဲ့အခါ အင်္ဂါဂြိုဟ်သည် ကန်ရာသီ၌ Retro သွားနေပါသည်။ အတည့်ရော အပြန်ရော ရက်ပေါင်းအတော်များများ သွားနေပါသည်။ ဖုန်းမဆက်ခင်ကပင် ကန်ရာသီသို့ အင်္ဂါဂြိုဟ်ရောက်နေ၏။ ဖုန်းဆက်စဉ်လည်း ရှိနေသေးပါသည်။ (၁၆-၇-၂၀၁၄)ရက်နေ့မှ တူရာသီသို့ အပြီးပိုင် ပြောင်းသွားပေမည်။

ဖြူစင်မွေးဇာတာတွင် ရာသီစက်၌ အင်္ဂါဂြိုဟ်သည် ကန်ရာသီတွင် လဂ်နှင့်ပူးလျက်ရှိပါသည်။ လိုတိုရှင်း ပြောရပါက လဂ်ကို အင်္ဂါစီးထားသလို အင်္ဂါချင်းလည်း စီးနင်းထားပါသည်။

ထို့ကြောင့် စာရေးသူက ဒေသစာ ခင်းကြွလို့ မင်



www.burmeseclassic.com

www.burmeseclassic.com

ခြံသေ့ ကေသရာ၊ တစ်ဂူတည်း စံပါလျှင်၊ ရန်ဆိုတာမလွဲ၊ သွေးလေကြောင့် ဖြေမသာတယ်၊ ဝေဒနာစွဲငြိလေမြဲဆိုတဲ့ ဆေးဒင်ဆရာ၊ စာဆိုတော် စလေဦးပုညရဲ့ ဗေဒင်တေးထပ်လေးကို ဖျတ်ခနဲ သတိရသွားပါသည်။

တစ်ဂူတည်း အောင်းလေ့မရှိတဲ့ ကေသရာဇာခြင်္သေ့မင်းတို့ တစ်ဂူတည်းမှာ အတူတွေ့လာလျှင် ကိုက်ကြ၊တိုက်ကြသကဲ့သို့ အင်္ဂါချင်း စီးနင်းခံရတဲ့ ဇာတာရှင်လည်း ထို ကာလတွင် ခိုက်ရန်ဒေါသ ဖြစ်ရတတ်ပါသည်။ ခိုက်ရန်ဒေါသ မဖြစ်ခဲ့ပါက သွေးလေကြောင့်ဖြစ်တဲ့ ဝေဒနာတစ်မျိုးမျိုး ခံစားရတတ်၏။ နှစ်မျိုးလုံးလည်း ဖြစ်နိုင်ပါသည်။ ယခုအခါ ဖြူစင်မွေးမှာ ထိုကိန်းဆိုက်နေပါသည်။

ပူသောကနှောင့်ဗျာပါ၊ ကြောင့်ကြရာတကွဲ၊ ထောင့်ပါပဂြိုဟ်မွေးမို့၊ အိုဆဲဖို့ဖန်လာ၊ ပွေပလေ ဖြေမရနိုင်ဘု၊ နေတမျှ ကဲမောက်လို့သာ ဆိုတဲ့အတိုင်း တစ်စုံတစ်ခုအတွက် ပူပန်ကြောင့်ကြ သောကဗျာပါဒ များနေရချိန်လည်း ဖြစ်ပါသည်။

အဘယ်အကြောင်းကြောင့် ပူပန်သောကများရ၊ ခိုက်ရန်ဖြစ်ရနိုင်မလဲလို့ တစ်ဆင့်တက် တွေးပါက အင်္ဂါက (၄)တန့် (ပညာရေး)ဘာဝကို (၄)တန့်အမြင်ဖြင့် အထူးမြင်ထားသလို စနေကလည်း (၃)တန့်အမြင်ဖြင့် ပညာရေးဘာဝကို အထူးမြင်ထားပါသည်။ ထို့အပြင် အင်္ဂါက မရဏဘာဝ (မိဿရာသီ)ကို (၈)တန့်အမြင်ဖြင့် အထူးမြင်ထားသလို စနေက ၄င်းဘာဝကို (၇)တန့်အမြင်ဖြင့် အားကောင်းစွာမြင်ထားပါသည်။ ထို့ကြောင့် ပညာရေးကို အခြေခံပြီး မိသားစုဆွေးနွေးတိုင်ပင်ရင်း စကားများခဲ့ရမည်။ ပညာရေးရပ်တန့်လုလုဖြစ်လာ၍ ပိုက်ဆံအတွက် မခံချင်စိတ်နှင့် အလုပ်ထွက်လုပ်လိုစိတ် ပေါက်လာခြင်း ဖြစ်ပေမည်။

ထိုသို့တွေးတောမိ၍ သူမေးတဲ့ မေးခွန်းကို မဖြေသေးဘဲ 'ဒီအတောအတွင်းမှာ သမီးမိသားစုထဲက တစ်ယောက်ယောက်နဲ့ စကားများခဲ့တယ်မဟုတ်လား' လို့ မေးခွန်းထုတ်လိုက်ပါသည်။

ချက်ချင်းပင် 'ဟုတ်ပါတယ် ဆရာ။ သမီးအမေနဲ့ စကားများရပါတယ်' လို့ တန်းဖြေပါသည်။

ဗေဒင်ပညာက စာရေးသူအား မိမိအထင် မှန်ကန်အောင် ကူညီပေးခဲ့ပါသည်။ အထင်မှန်လျှင် အမြင်ကို ပြောလိုက်ပါက ဗေဒင်မေးသူ ဖြူစင်မွေးအား ကူညီပေတော့မည်။

ထို့ကြောင့် ဖြူစင်မွေးအား မေတ္တာ၊ စေတနာထားပြီး 'သမီး မသွားနဲ့။ ဆရာ့စကား နားထောင်နော်။ (၁၆-၇-၂၀၁၄)ရက်နေ့ဆိုရင် အဲဒီစိတ်တွေ အလိုလိုပြေပျောက်သွားမှာပါ။ အင်္ဂါချင်း စီးနင်းလို့ ခိုက်ရန်စကားများရတာပါ။ သွားရင် သမီးပညာရေး ရပ်တန့်သွားလိမ့်မယ်။ မသွားနဲ့နော်' လို့ ပြောပြလိုက်ပါသည်။

'ဟုတ်ကဲ့ ဆရာ၊ သမီး မသွားတော့ပါဘူး။ ဆရာ့စကား နားထောင်ပါ့မယ်။ ကျေးဇူးတင်ပါတယ် ဆရာ' ဆိုပြီး ဖုန်းချသွားပါသည်။

ဗေဒင်ပညာစွမ်းအားကို ယူပြီးပြောတဲ့ စာရေးသူစကားကို နားထောင်၍ ယခုအခါ ပထမနှစ် ပြီးသွားခဲ့ပါပြီ။ ဆရာပြောတဲ့ ဂြိုဟ်သွားဂြိုဟ်လာကို သိရမယ်ဆိုတဲ့ ဥပဒေသအရ အင်္ဂါဂြိုဟ် ဖြူစင်မွေးလဂ်ပေါ်ရော အင်္ဂါဂြိုဟ်ပေါ်ပါ စီးနင်းထားသည်ကို ချက်ချင်းသိ၏။ (၁၅-၇-၂၀၁၄)ရက်နေ့ထိ ရှိနေမည်ကို သိ၏။ (၁၆-၇-၂၀၁၄) ရက်နေ့မှာ လွတ်မည်ကို သိ၏။ ထိုအသိတွင် မွေးလိုက်တဲ့ဂြိုဟ် ဒုက္ခငယ်၊ အို…ဆုတ်ခွာသူဆင်းမှ၊ လောင်ပူပြင်း ဝေဒနာ၊ ကင်းပျောက်မည့်တာ၊ ရှေ့ခြင်္သေ့မူ နှစ်ဖြာမှာ၊ တစ်ဂူသာ စံခိုက်မို့လေး ဆိုတဲ့ တေးထပ်ကို ရောစွက်ပြီး ကြည့်ပါက (၁၆-၇-၂၀၁၄)ရက်နေ့ဆိုလျှင် ဖြူစင်မွေး တစ်ယောက် ဆိုက်ရောက်နေသော ထိုဒုက္ခမှ လွတ်တော့မည်ဟု အတိအကျ သိလိုက်ပါသည်။ ထို့ကြောင့် ထိုသို့ အခြေအနေကို ပြောပြပြီး တားလိုက်ခြင်း ဖြစ်ပါသည်။ ထိုသို့ မတားနိုင်ခဲ့ပါက ခုလောက်ဆို ပညာရေးရပ်တန့်သွားသည့်အပြင် မြဝတီ မဲဆောက်မှာ ဒုက္ခရောက်နေပေရော့မည်။ အခန့်မသင့်က ဘဝပင် ပျက်သွားနိုင်၏။

ဤအထိ မေတ္တာ၊ စေတနာ ပါသော်လည်း ဗေဒင်မေတ္တာစာ မမည်သေးပေ။ အတိတ်အခြေအနေကို ပြန်ပြောင်းပြောသည့်သဘောသာ သက်ဝင်၏။ ဗေဒင်မေတ္တာစာ ဆိုတဲ့စကားနှင့် အံဝင်ခွင်ကျဖြစ်စေရန် အကျိုးစီးပွားမဲ့ဖြစ်တော့မည့် ဆိုးကျိုးဆိုးပြစ်များ ဖယ်ရှားပေးခြင်း၊ အဟိတာပနယန မေတ္တာစကားကို အလျှင်ဦးစွာဆိုရလျှင် (၁၅-၇-၂၀၁၄)ရက်နေ့မှစ၍ (၃၁-၁-၂၀၁၆)ရက်နေ့အထိ (၁) နှစ်၊ (၆)လအတွင်းမှာ ရာဟုဂြိုဟ်သည် ကန်ရာသီ၌ ရပ်တည်လျက် ရှိပေသည်။ လဂ်ကို ရာဟုစီးလျက် ရှိပေသည်။ ရာဟုသည် အမှောင်၊ အမှား၊ အဆိပ်အတောက်၊ မိုက်မဲခြင်း၊ မိုက်ရဲသတ္တိများကို ကိုယ်စားပြု၏။ လဂ်သည် ဘာဝအား

www.burmeseclassic.com

ဖြင့် တနင်္ဂနွေဘာဝဖြစ်၍ ပင်ကိုဦးနှောက်ဉာဏ်များ အရည်အသွေး နိမ့်ကျသွားခြင်း၊ လေရောဂါများနှင့် ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း ဝေဒနာများ ခံစားလာရတတ်ပါသည်။ ကျန်းမာရေးညံ့တတ်၏။ အကြံအစည်၊ ဘဝရည်ရွယ်ချက်၊ ရည်မှန်းချက်များ ဆုံးရှုံးပျက်ပြားရတတ်၏။

သို့မဟုတ် အဆိပ်ရှိသတ္တဝါများ ကိုက်ခံရတတ်၏။ အဆိပ်သောက်လိုခြင်း စတဲ့ တဇွတ်ထိုး မိုက်ရူးရဲဆန်ဆန် လုပ်လာတတ်ပါသည်။ နိုင်ငံရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာတွင် စည်းရုံးလှုံ့ဆော်ခြင်းပြုပါက အချုပ်အနှောင်၊ အဖမ်းအဆီး ခံရတတ်ပါသည်။ အထူးသတိထားရမှာက မှားယွင်းစွာ အိမ်ထောင်ကျခြင်း (ခိုးရာလိုက်ပြေးခြင်း) စသည်မျိုး ဖြစ်လာတတ်ပါသည်။ လောလောဆယ်တွင် ပထနီဘာဝသခင် ကြာသပတေးသည် စည်းကမ်း၊ ကိုယ်ကျင့်တရားဆိုင်ရာ လာဘဘာဝ၌ (၁၅-၇-၂၀၁၅)ရက်နေ့အထိ ရပ်တည်နေ၍ အဆိုးကြီးတော့ မဖြစ်လောက်ပေ။

နက္ခတ္တဝေဒအမြင်၌ လက်ဆန်းဗေဒင်ပညာကို ပေါင်းစပ်ကြည့်ပါက ရွှေဝ-ကာလသုံးပါး ဆိုသည့်အတိုင်း ရာဟုဂြိုဟ်သည် အစ၊ အလယ်၊ အဆုံး ကာလသုံးပါးလုံး၌ အကျိုးပေးတတ်လေရာ လာမည့်(၂၀၁၆)ခုနှစ်၊ ဇွန်လ (၃၁) ရက်နေ့ထိ မည်သည့်ကာလ၌မဆို ဖော်ပြပါဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ပေသည်။ ဖြူစင်မွေးနှင့် အလားတူစွာ ကန်လဂ်ဇာတာရှင်များအားလုံး ထိုသို့ကြုံတွေ့ရတတ်ပါသည်။

ကန်ရာသီ၌ စန်း (ခေါ်) တနင်္လာဂြိုဟ် (၂)ဂဏန်းရှိသူများကား အချစ်ရေး၊ ငွေကြေး၊ မိခင်ကျန်းမာရေး တစ်ခုခုကြောင့် စိတ်မွန်းကျပ်နေရတတ်ပါသည်။ ထိုကန်ရာသီ၌ ရာဟုဂြိုဟ် (၈)ဂဏန်းရှိသူများကား ရာဟုကို ရာဟုစီးနင်းထားခြင်း ခံရသူများ ဖြစ်ပါသည်။ သိကြားမှ မတားသာတယ်၊ ဘုရားလျှာ တိမ်းရှောင်ရသေး ဆိုသည့်အတိုင်း ရာထူးဌာနန္တရ၊ နေရာဒေသနှင့် အလုပ်အကိုင် အပြောင်းအလဲ ဖြစ်ရတတ်ပါသည်။ ပျက်စီးခြင်း၊ ဆုံးရှုံးခြင်း၊ မှားယွင်းခြင်းများ ကြုံတွေ့ရတတ်၏။

ကြမ္မာစ အပေါင်းဆိုမယ်၊ မကောင်းကို အကုန်ဟောပါတော့လေးလို့ ဆိုသည့်အတိုင်း မကောင်းတဲ့ ဆိုးကျိုးဆိုးပြစ်များ အကုန်ဖြစ်ခွင့်ရနေတဲ့ ကာလဟု ဆိုရပေမည်။ ကန်စန်းဇာတာရှင်များကို မတွက်ဖူးသူများအတွက် အလွယ်တကူ သိသာနိုင်အောင် မဖော်ပြနိုင်ပေ။ ကန်လဂ်ဇာတာရှင်များကိုမူ ဤဂမ္ဘီရမဂ္ဂဇင်း၌ ဖော်ပြထားသော လ,အလိုက်၊ အချိန်အခါနှင့် လက်ဇယားကို ကြည့်ခြင်းအားဖြင့် သိနိုင်သည်ဟု ညွှန်ပါရစေ။ အတိအကျသိလိုပါက ဖော်ပြထားတဲ့ စာရေးသူ ဖုန်းနံပါတ်သို့ ဆက်သွယ်ပါ။

ကန်ရာသီ၌ ရာဟုဂြိုဟ်ရပ်တည်သော ဇာတာရှင်များကိုမူ ခုနှစ်၊ လ၊ ရက်အားဖြင့် အတိအကျဖော်ပြပါမည်။

၁။ ၂၇-၉-၁၉၅၈)ရက်နေ့မှ (၁၄-၄-၁၉၆၀)ပြည့်နှစ် အတွင်း မွေးသူများ၊

၂။ (၄-၅-၁၉၇၇)ရက်နေ့မှ (၂၀-၁၁-၁၉၇၈)ရက်နေ့ အတွင်း မွေးဖွားသူများ၊

၃။ (၉-၁၂-၁၉၉၅)ရက်နေ့မှ (၂၆-၆-၁၉၉၇)ရက်နေ့ အတွင်း မွေးဖွားလာသူများ အားလုံးသည် ကန်ရာသီ၌ ရာဟုရပ်တည်စဉ် မွေးဖွားလာခဲ့ကြသူများဖြစ်ပါသည်။

ထိုဇာတာရှင်အားလုံး ရာဟုကို ရာဟုစီးနင်းထားခြင်း ခံနေရသူများပင် ဖြစ်ပါသည်။ ထို့ကြောင့် ဇာတာရှင်များအားလုံး ကန်လဂ်၊ ကန်စန်း ဇာတာရှင်များအားလုံး အထက်တွင် ဖော်ပြခဲ့သော ဆိုးကျိုးများနှင့် တစ်ခုမဟုတ် တစ်ခု ရင်ဆိုင်ရတတ်ပါသည်။ ထို့ကြောင့် သတိသမ္ပဇဉ်၊ ဉာဏ်အမြင်ဖြင့် မိမိဘဝကို နေ့စဉ် ရှုမြင်သုံးသပ်လျက် အမှားအယွင်းကင်းအောင်၊ မှားယွင်းသောကြံစည်ခြင်းများ မပြုလုပ်မိစေရေး အထူးသတိပြုအပ်ပေသည်။ သတိရှိလျှင် အသိဖြစ်ပေါ်၍ ထိုအသိက ဘဝကို ဦးဆောင်လျှင် အမှားအယွင်း ကင်းနိုင်ပါသည်။ အမှားအယွင်းကင်းပါက ဆိုးကျိုးဆိုးပြစ်များမှ ကင်းဝေးသွားပေမည်။ ဤကား ဘာသာရေးအမြင်ဖြင့် သုံးသပ်ပြခြင်း ဖြစ်ပါသည်။

လောကီလမ်းစဉ်အရ ဗေဒင်ပညာဖြင့် အကြံပေးရပါမူကား သက်ဆိုင်နေသူများအားလုံး တစ်လလျှင် တစ်ပတ်၊ တစ်ပတ်လျှင် မွေးနေ့တစ်ရက်စီ လစဉ်လတိုင်း နီးစပ်ရာဘုရားသွားပြီး ရာဟုထောင့်ဂြိုဟ်တိုင်ဘုရားတွင် ဖယောင်းတိုင် (၁၂)တိုင်ကို တပေါင်းတည်း ထွန်းညှိပူဇော်ပါ။ အမှောင်ခွင်း အလင်းဆောင်နိုင်ပြီဟု စိတ်တွင် ယုံကြည်လျက် မိမိမွေးနံဂြိုဟ်တိုင်ဘုရားတွင် ရေသက်စေ့သပ္ပာယ်လိုက်ပါ။ ဘေးဘယာဝေးကွာ၍ လိုအင်ဆန္ဒများ ပြည့်ဝလာပေလိမ့်မည်။

အားလုံးရွှင်လမ်းချမ်းမြေ့ကြပါစေဗျာ။

ဆရာကံထူး(ဝေဒသုတေသီ)

☏ ၀၉ ၄၀ ၁၅၃ ၄၆၁၆



www.burmeseclassic.com

www.burmeseclassic.com

# (၇)နေ့သားသမီး သိုက်ဖွားများအတွက်ယတြာ

ဦးတိုး(ဘဏ္ဍာသီလ)

ကျန်းမာရေးဌာန ဝန်ထမ်းများနှင့် ဆရာဝန်၊ ဆရာ၊ ဆရာမများသည် မိမိတို့မိသားစု မကျန်းမမာဖြစ်လျှင် ဆေးဝါးကုသမပေးကြဘဲ အခြားဆရာဝန်များဆီသို့ ဆေးကုသခံယူရန် စေလွှတ်လေ့ရှိကြပါသည်။ ကျွန်တော်ကိုယ်တိုင်သည် ဗေဒင်ယတြာများကို အတော်အသင့် တတ်မြောက်ထားသော်လည်း ဘုရားယတြာကိုသာ အားကိုးသူဖြစ်၍ တကူးတက ဗေဒင်ဆရာ၊ ဆရာမများထံသို့ သွားရောက်မေးမြန်းလေ့မရှိပေ။

ဆွေမျိုးသားချင်းများမှ လက်ဝါးဖြန့်၍ လက္ခဏာကြည့်ပေးရန် ပြောလာသောအခါတွင်လည်း "ဓိနမာန်အောင်ဘုရားမှာ ဆရာဦးစိုးဝင်းရှိတယ်။ သွားမေးကြည့်ပါ။ စာရေးဆရာမ ဇင်ဝေဝေနှင်းဆီ သွားမေးပါလား။ ယတြာကောင်းကောင်းပေးနိုင်ပါတယ်"ဟု ညွှန်လေ့ရှိပါသည်။

ကျွန်တော်တို့၏မြို့နယ် သာကေတတွင် စာရေးဆရာ၊ ဗေဒင်ဆရာ၊ ဂမ္ဘီရမောင်လှမျိုး၊ ဆရာမဇင်ဝေဝေနှင်းအပြင် ထက်အိန္ဒြာဝန်း၊ ဆုလှဲ့ဝတီနွယ်၊ ဆရာလပြည့်ဝန်းအောင်ကျော်၊ ဆရာမင်းသိမ်း စသည့် စာရေးဆရာ၊ ဆရာမ ဗေဒင်ဆရာ၊ ဆရာမများ ရှိနေကြပါသည်။

တစ်နေ့တွင် စာပေရေးရာကိစ္စနှင့် ဆရာမဇင်ဝေဝေနှင်းထံ ရောက်သွားပြီး စကားလက်ဆုံကျရာမှနေ၍ ကျွန်တော့်ကို ဗေဒင်ဟောပါလေရော။ အကြောင်းရင်းက ဒီလိုပါ။

ကျွန်တော်သည် (၁၂၉၈)ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၁)ရက်နေ့ ကြာသပတေးနေ့ မွေးသူဖြစ်၍ သိုက်ဖွားဖြစ်ပါသည်။ ဘဘတိုးက သိုက်ဖွားမို့လို့ အလွဲလွဲအချော်ချော် ဖြစ်တတ်တာကလွဲလို့ စိတ်ကောင်းစေတနာရှိသူပါ။ ပညာတတ်ပြီး ဘာသာရေးလိုက်စားသူဖြစ်လို့ အန္တရာယ်ကြီးကြီးမားမား မရှိနိုင်ပါဘူးလို့ ဟောပြောခဲ့ဖူးပါသည်။ ယခုနှစ်တွင် စက်တင်ဘာလ (၁၀)ရက်သည် ဗုဒ္ဓဟူးနေ့ဖြစ်၍ ယတြာချေရန် ရွှေတိဂုံဘုရားသို့ မသွားဖြစ်ခဲ့ဘဲ သုံး,လေးရက်ကျော်မှ ဂြိုဟ်အိပ်ရာ အင်္ဂါထောင့်မှာ ရေသပ္ပာယ်၊ ပုတီးစိပ်လှူတာတို့ဘာတို့ လုပ်ပြီးအပြန် ကျောင်းနေဖက်သူငယ်ချင်း ဒေါ်စောကြိုင်မိသားစုနှင့်တွေ့၍ သမီးလေးနှင့်အတူ ကျောင်းနေဖက် သူငယ်ချင်းတို့က ဘဘတိုးမွေးနေ့မှာ လိုချင်တာရှိရင် သုံးဖို့ဆိုပြီး ငွေ(၂) သောင်းလှူလိုက်ပါသည်။ ဤအကြောင်းကို ဗေဒင်ဆရာမ မဇင်အား ပြောပြလိုက်သောအခါ မဆိုင်းမတွ ဘောပင်ကိုင်ပြီး တွက်ချက်ဟောပါတော့သည်။

ကြာသပတေးသား သိုက်ဖွား အသက်(၇၈)နှစ်၊ (၇၉) နှစ်အဝင် အင်္ဂါမှာ (၂)နှစ်ဂြိုဟ်အိပ်နေပါမယ်။ ယမန်နှ ကော ယခုနှစ်မှာပါ ကောင်းဖို့အတွက် သိုက်ဖွင့်ပေးရမှ မို့ မောင်းတီးပါ။ ပုတီးစိပ်ပါ။ ပိတုန်းဆောင်ပါ။ ဗိုလ် တထောင်ဘုရားမှာလှူပါ။ မြနန်းနွယ်ကျောင်းဆောင်မှ ပိတောက်သားနဲ့ ပုတီးစိပ် ကုသိုလ်ယူပါလို့ပြောရင်း ယတြာ လုပ်ခိုင်းပါသည်။

မဇင်တွက်ချက်ပုံမှာ ကျွန်တော့်အသက် (၇၈)နှစ် (၈)နှင့်စားလျှင် (၆)ကြွင်း၊ (၇၉)နှစ်ကိုစားလျှင် (၇)ကြွင်း အဋ္ဌလက်ခွင်မှလှည့်ရင် အင်္ဂါမှာ ဂြိုဟ်အိပ်ပါမည်။ ကြာ ပတေးမွေးနံသည် တန်းစည်း၌ရှိပြီး စနေနံသည် တိုင်ထိ ရောက်၍ ယခုနှစ်တွင် ထီပေါက်သလို ဝင်ငွေကောင်း မည်။ သိုက်ဖွားများအနေဖြင့် သိုက်မဖွင့်လျှင် အကျိုးပေး သင့်သလောက် အကျိုးမပေးတတ်၍ သိုက်ဖွင့်ပေးပါမည် ဟောပါသည်။

ဤအဟောများကို ကြားဖူးနားဝရှိသော်လည်း သေချာချာမသိသေး၍ မဇင်ထံမှရရှိခဲ့သည့်အတိုင်း မ မချန် အသေးစိတ်တွက်ချက်၍ တစ်ဆင့်ဖောက်သည်ချ ရပါသည်။

မည်သူမဆို (၇)ရက်သားသမီး သိုက်ဖွားများသ အသက်(၂၂)နှစ်၊ (၃၀)နှစ်၊ (၃၈)နှစ်၊ (၄၆)နှစ်၊ (၅၄) (၆၂)နှစ်၊ (၇၀)နှစ်နှင့် (၇၈)နှစ်၊ ကြာသပတေးသိုက် (၇၈)နှစ်၊ (၇၉)နှစ်တို့တွင် (၈)နှင့်စားသော် (၆) (၇)ကြွင်း ဖြစ်သောကြောင့် မိမိတို့၏မွေးနံသည် တန်း သို့ ရောက်ပါသည်။ အဆိုပါနှစ်တွင် သိုက်ဖွင့်ပေး လျှင် ပိုမိုထူးခြားမှုပေးပါလိမ့်မည်။ သို့သော်လည်း





www.burmeseclassic.com

www.burmeseclassic.com

…သမီးများအနေဖြင့် (၆)နှစ်စောင့်မှ ဤသို့ကြုံတွေ့နိုင်ခြင်းဖြစ်၍ ကာလကြီး(၈)ပိုင်းနှင့် နေ့စဉ် မိမိတို့၏မွေးနံ တန်းစည်းရောက်ချိန်တွင်လည်း ယတြာပြုနိုင်မည်ဖြစ်၍ အသေးစိတ်ဖော်ပြပေးလိုက်ရပါသည်။

တနင်္ဂနွေသိုက်ဖွား အသက်(၂၂)နှစ်၊ (၃၀)နှစ်၊ (၃၈) …(၄၆)နှစ်၊ (၅၄)နှစ်၊ (၆၂)နှစ်၊ (၇၀)နှစ်နှင့် (၇၈)နှစ်တို့ …(၈)ဖြင့်စားလျှင် (၆)ကြွင်းရ၍ အဋ္ဌလက်ခွင်တွင် လှည့်… (၅)တေး ကြာသပတေးထောင့်တွင် ကြုံဟ်အိပ်ပါသည်။




**မဟာဘုတ်ခွင်**

၁နွေ-တနင်္ဂနွေမွေးနံသည် တန်းစည်းပေါ်ရောက်၍ …ဂါ(အင်္ဂါနံ)သည် တိုင်ထိပ်တွင် ရပ်တည်နေသည်။ ဩဇာ၊ အောင်မဲညို၊ အောက်ချင်းစာ စသည့် တနင်္ဂနွေနှင့် အင်္ဂါနံများပါသည့် ပန်းများကို ဘုရားတွင်ကပ်လှူနိုင်ပြီး အိုးစည်ကိုလည်း ပေးလှူနိုင်ပါသည်။ သိုက်ပွင့်သွားပြီဖြစ်၍ အညွှန့်များပျောက်ပြီး ကံကောင်းမှုများဖြင့် ကြုံတွေ့နိုင်ပါသည်။ ယတြာကို အချိန်မရွေးပြုလုပ်လိုလျှင် မိမိမွေးနံ တန်းစည်းရောက်ချိန်သည် နေ့စဉ် ကြုံနိုင်သဖြင့် ဖော်ပြပါဇယား အတိုင်းကြည့်၍ ယတြာပြုလုပ်နိုင်ပါသည်။ ကျန်နေ့သားသမီးများအနေဖြင့်လည်း ဇယားပါအတိုင်းကြည့်၍ ဆောင်ရွက်နိုင်ကြပါသည်။ (ကမှ ဆနှင့် ဧ ဇယားတွင် ရှုကြည့်ပါ။)

**သိုက်ဖွားနေ့နံ- တနင်္ဂနွေသား(၁)**

**နေ့စဉ်ယတြာလုပ်ရန်အချိန်**

တနင်္ဂနွေနေ့ - ညနေ(၃း၀၀) နာရီမှ ညနေ(၄း၃၀)နာရီ၊

**တန်းစည်းရောက်ချိန် အခါတိုင်**

ဝ
၄
၁
၃ ဘောမ
၆
၂
၅
ဘောမအခါ

တနင်္လာနေ့ - နံနက်(၁၀း၃၀) နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ၊

အင်္ဂါ - (က) နံနက်(၆း၀၀) နာရီမှ နံနက်(၇း၃၀)နာရီ၊

(ခ) ညနေ(၄း၃၀)နာရီမှ ညနေ(၆း၀၀)နာရီ၊


ဗုဒ္ဓဟူးနေ့ - မွန်းတည့်(၁၂း၀၀) နာရီမှ မွန်းလွဲ(၁း၃၀) နာရီ၊


ကြာသပတေးနေ့ - နံနက်(၇း၃၀)နာရီမှ နံနက်(၉း၀၀)နာရီ၊

သောကြာနေ့ - မွန်းလွဲ(၁း၃၀) နာရီမှ ညနေ(၃း၀၀)နာရီ၊

စနေနေ့ - နံနက်(၉း၀၀)နာရီမှ နံနက်(၁၀း၃၀)နာရီ။

**ယတြာပြုလှူရန်**




ဩဇာ၊ အိုးစည်၊ အောင်မဲညို၊ အောက်ချင်းစာ၊ ကြာသပတေးသက်ရောက်ချိန်။

**တွက်နည်းဥပမာ**

၈ | ၂၂ | ၂
၁၆
၆ ကြွင်း

အသက်(၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈)။

၅တေးသက်ရောက်။

**သိုက်ဖွားနေ့နံ- တနင်္လာသား(၂)**

**နေ့စဉ်ယတြာလုပ်ရန်အချိန်**

တနင်္ဂနွေနေ့ - နံနက်(၉း၀၀)နာရီမှ နံနက်(၁၀း၃၀)နာရီ၊


www.burmeseclassic.com

www.burmeseclassic.com

**တန်းစည်းရောက်ချိန်**
**အခါတိုင်**

၁
၅
၂
၄ ဗုဒ္ဓ
၀
၃
၆
ဗုဒ္ဓအခါ

တနင်္လာနေ့ - ညနေ(၃း၀၀)နာရီမှ ညနေ(၄း၃၀)နာရီ၊

အင်္ဂါနေ့ - နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ၊


ဗုဒ္ဓဟူးနေ့ - (က) နံနက်(၆း၀၀)နာရီမှ နံနက်(၇း၃၀)နာရီ၊ (ခ) ညနေ(၄း၃၀)နာရီမှ ညနေ(၆း၀၀)နာရီ၊

ကြာသပတေးနေ့ - မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီ၊

သောကြာနေ့- နံနက်(၇း၃၀)နာရီမှ နံနက်(၉း၀၀)နာရီ၊

စနေနေ့ - မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီ။

**ယတြာပြုလုပ်ရန်**




ကလော၊ ကလော့၊ ကြေးလံ၊ ကလက်၊ ကလံ၊ ကလိန်၊ ဂုန်လျှော်၊ ငရုတ်၊ ခြံဝါး။

အသက်(၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈)။

ရာဟုသက်ရောက်။

<u>**သိုက်ဖွားနေ့နံ- အင်္ဂါသား(၃)**</u>

**နေ့စဉ် ယတြာလုပ်ရန်အချိန်**

တနင်္ဂနွေနေ့ - မွန်းလွဲ(၁း၃၀) နာရီမှ ညနေ(၃း၀၀)နာရီ၊

**တန်းစည်းရောက်ချိန်**
**အခါတိုင်**

၂
၆
၃
၅ ဂုရု
၁
၄
၀
ဂုရုအခါ

တနင်္လာနေ့ - နံနက်(၉း၀၀)နာရီမှ နံနက်(၁၀း၃၀)နာရီ၊

အင်္ဂါနေ့ - ညနေ(၃း၀၀)နာရီမှ ညနေ(၄း၃၀)နာရီ၊


ဗုဒ္ဓဟူးနေ့ - နံနက်(၁၀း၃၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီ၊

ကြာသပတေးနေ့ - (က)နံနက်(၆း၀၀)နာရီမှ နံနက်(၇း၃၀)နာရီ၊ (ခ) ညနေ(၄း၃၀)နာရီမှ ညနေ(၆း၀၀)နာရီ၊

သောကြာနေ့ - မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီ၊

စနေနေ့ - နံနက်(၇း၃၀)နာရီမှ နံနက်(၉း၀၀)နာရီ။

**ယတြာပြုလုပ်ရန်**




ဆီးဖြူ၊ ဆူးပန်း၊ စိန်ပန်း၊ စံပယ်၊ စပါး၊ ဆယ်တော်မှ ဘုရားပုံတော်ကိုးကွယ် ငှင်းဂါထာရွတ်။

အသက်(၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈)။

(၆)ကြာသက်ရောက်။

<u>**သိုက်ဖွားနေ့နံ- ဗုဒ္ဓဟူးသား(၄)**</u>

**နေ့စဉ် ယတြာလုပ်ရန်အချိန်**

တနင်္ဂနွေနေ့ - နံနက်(၇း၃၀) နာရီမှ နံနက်(၉း၀၀)နာရီ၊

တနင်္လာနေ့ - မွန်းလွဲ(၁း၃၀) နာရီမှ ညနေ(၃း၀၀)နာရီ၊



www.burmeseclassic.com

www.burmeseclassic.com

တန်းစည်းရောက်ချိန်
အခါတိုင်
၃
၀
၄
၆ သောကြာ
၂
၅
၁
သောကြာအခါ

အင်္ဂါနေ့ - နံနက်(၉:၀၀)နာရီမှ နံနက်(၁၀:၃၀)နာရီ၊


ဗုဒ္ဓဟူးနေ့ - ညနေ(၃:၀၀)နာရီမှ ညနေ(၄:၃၀)နာရီ၊

ကြာသပတေးနေ့ - နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီ၊

သောကြာနေ့ - (က) နံနက်(၆:၀၀)နာရီမှ နံနက်(၇:၃၀)နာရီ၊ (ခ) ညနေ(၄:၃၀)နာရီမှ ညနေ(၆:၀၀)နာရီ၊

စနေနေ့ - မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီ။

ယတြာပြုလုပ်ရန်




ရှောက်သီး၊ ရှောက်ချိုသီး၊ လက်ထုတ်သိန်၊ ဝါးသိုက်၊ ရေသန့်၊ ရှင်သီဝလီဂါထာရွတ်။

အသက်(၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈)။

၁နေ့သက်ရောက်။

## ဒိတ်ဖွားနေ့နံ - ကြာသပတေးသား(၅)

နေ့ဥ် ယတြာလုပ်ရန်အချိန်

တနင်္ဂနွေနေ့ - မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီ၊

တန်းစည်းရောက်ချိန်
အခါတိုင်
၄
၁
၅
၀ သောရီ
၃
၆
၂
သောရီအခါ

တနင်္လာနေ့ - နံနက်(၇:၃၀)နာရီမှ နံနက်(၉:၀၀)နာရီ၊

အင်္ဂါနေ့ - မွန်းလွဲ(၁:၃၀)နာရီမှ ညနေ(၃:၀၀)နာရီ၊


ဗုဒ္ဓဟူးနေ့ - နံနက်(၉:၀၀)နာရီမှ နံနက်(၁၀:၃၀)နာရီ၊

ကြာသပတေးနေ့ - မွန်းလွဲ(၃:၀၀)နာရီမှ ညနေ(၄:၃၀)နာရီ၊

သောကြာနေ့ - နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီ၊

စနေနေ့ - (က) နံနက်(၆:၀၀)နာရီမှ နံနက်(၇:၃၀)နာရီ၊ (ခ) ညနေ(၄:၃၀)နာရီမှ ညနေ(၆:၀၀)နာရီ။

ယတြာပြုလုပ်ရန်




ပိတောက်သားပုတီးစိပ်ပါ။ ဗုဒ္ဓေါစိပ်ပါ။ ဗိုလ်တထောင်ဘုရား မြနန်းနွယ်တွင်လှူပါ။ ဘုရားဝတ်ပြု ပုတီးစိပ်ပါ။

ကြာသပတေး၊ စနေ ဦးတိုးအတွက်ကောင်း၊ ရာထူး၊ ဗေဒင်၊ လူမျိုးခြား၊ ဘာသာပြန်အလုပ်အကိုင်နှင့် အပ်စပ်မိ။

ဘိုးတော်၊ မယ်တော် မ,စမည်။ မောင်းလှူပါ။ မောင်းတီးပါ။

အသက်(၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈)။

(၆)ကြွင်း အင်္ဂါဂြိုဟ်အိမ်၊

(၇)ကြွင်း ဗုဒ္ဓဟူးဂြိုဟ်အိမ်။


www.burmeseclassic.com

www.burmeseclassic.com

## သိုက်ဖွားနေ့နံ- သောကြာသား(၆)

**တန်းစည်းရောက်ချိန်**

| အခါတိုင် | နေ့စဉ် ယတြာလုပ်ရန်အချိန် |
|---|---|
| ၅<br>၂<br>၆<br>၁ သူရဿ<br>၄<br>၀<br>၃<br>သူရဿအခါ | တနင်္ဂနွေနေ့ - (က) နံနက်(၆:၀၀)နာရီမှ နံနက်(၇:၃၀)နာရီ၊ (ခ) ညနေ(၄:၃၀)နာရီမှ ညနေ(၆:၀၀)နာရီ၊<br>တနင်္လာနေ့ - မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၇:၃၀) နာရီ၊<br>အင်္ဂါနေ့ - နံနက်(၇:၃၀)နာရီမှ နံနက်(၉:၀၀)နာရီ၊ |


ဗုဒ္ဓဟူးနေ့ - မွန်းလွဲ(၁:၃၀)နာရီမှ ညနေ(၃:၀၀)နာရီ၊


ကြာသပတေးနေ့ - နံနက်(၉:၀၀)နာရီမှ နံနက်(၁၀:၃၀)နာရီ၊


သောကြာနေ့ - ညနေ(၃:၀၀)နာရီမှ ညနေ(၄:၃၀)နာရီ၊

စနေနေ့ - နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီ။

**ယတြာပြုလုပ်ရန်**





အိုးထဲ သဲထည့်၊ အုန်းသီးထည့်လှူ၊ သိမ်အဝင်လမ်း သဲခင်း၊ သပြေအုပ်၊ သစ်အယ်ပန်းကပ်။

အသက်(၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈)။ စနေသက်ရောက်။

## သိုက်ဖွားနေ့နံ- စနေသား(၀)

**တန်းစည်းရောက်ချိန်**

| အခါတိုင် | နေ့စဉ် ယတြာလုပ်ရန်အချိန် |
|---|---|
| ၅<br>၂<br>၆<br>၁ သူရဿ<br>၄<br>၀<br>၃<br>သူရဿအခါ | တနင်္ဂနွေနေ့ - နံနက်(၁၀:၃၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီ၊<br>တနင်္လာနေ့ - (က) နံနက်(၆:၀၀)နာရီမှ နံနက်(၇:၃၀)နာရီ၊ (ခ) ညနေ(၄:၃၀)နာရီမှ ညနေ(၆:၀၀)နာရီ၊<br>အင်္ဂါနေ့ - မွန်းတည့်(၁၂:၀၀)နာရီမှ မွန်းလွဲ(၁:၃၀)နာရီ၊ |


ဗုဒ္ဓဟူးနေ့ - နံနက်(၇:၃၀)နာရီမှ နံနက်(၉:၀၀)နာရီ၊


ကြာသပတေးနေ့ - မွန်းလွဲ(၁:၃၀)နာရီမှ ညနေ(၃:၀၀)နာရီ၊


သောကြာနေ့ - နံနက်(၉:၀၀)နာရီမှ နံနက်(၁၀:၃၀)နာရီ၊

စနေနေ့ - ညနေ(၃:၀၀)နာရီမှ ညနေ(၄:၃၀)နာရီ။

**ယတြာပြုလုပ်ရန်**





နန်းကြီးသုပ်၊ တံခွန်လှူ၊ တခေါင်းခါး၊ တရုတ်စံကား

တောမန်ကျည်း။

အသက်(၂၂၊ ၃၀၊ ၃၈၊ ၄၆၊ ၅၄၊ ၆၂၊ ၇၀၊ ၇၈)။

၂င်္လာသက်ရောက်။



www.burmeseclassic.com

www.burmeseclassic.com

နေ့စဉ် ယတြာလုပ်ရန် အချိန်ဇယား

| ကာလကြီး (၈)ပိုင်း | (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | |
|---|---|---|---|---|---|---|---|---|---|
| သိုက်ဖွား နေ့နံ | နံနက်(၆း၀၀)မှ နံနက်(၇း၃၀) | နံနက်(၇း၃၀)မှ နံနက်(၉း၀၀) | နံနက်(၉း၀၀)မှ နံနက်(၁၀း၃၀) | နံနက်(၁၀း၃၀)မှ မွန်းတည့်(၁၂း၀၀) | မွန်းတည့်(၁၂း၀၀) မှ မွန်းလွဲ(၁း၃၀) | မွန်းလွဲ(၁း၃၀)မှ ညနေ(၃း၀၀) | ညနေ(၃း၀၀)မှ ညနေ(၄း၃၀) | ညနေ(၄း၃၀)မှ ညနေ(၆း၀၀) | ယတြာ လှူရန် |
| တနင်္ဂနွေ သားသမီး | အင်္ဂါနေ့ | ကြာသပတေး နေ့ | စနေနေ့ | တနင်္လာနေ့ | ဗုဒ္ဓဟူးနေ့ | သောကြာနေ့ | တနင်္ဂနွေနေ့ | အင်္ဂါနေ့ | အိုးစည်၊ သြဇာ၊ အောင်မဲညို၊ အောက်ချင်းစာ |
| တနင်္လာ သားသမီး | ဗုဒ္ဓဟူးနေ့ | သောကြာနေ့ | တနင်္ဂနွေနေ့ | အင်္ဂါနေ့ | ကြာသပတေး နေ့ | စနေနေ့ | တနင်္လာနေ့ | ဗုဒ္ဓဟူးနေ့ | ဂုံလျှော်၊ ငရုတ်၊ ခြံဝါး၊ ကလော့၊ ကြေးလံ၊ ကလက်၊ ကလံ၊ ကလိန် |
| အင်္ဂါ သားသမီး | ကြာသပတေး နေ့ | စနေနေ့ | တနင်္လာနေ့ | ဗုဒ္ဓဟူးနေ့ | သောကြာနေ့ | တနင်္ဂနွေနေ့ | အင်္ဂါနေ့ | ကြာသပတေး နေ့ | ဆီးဖြူ၊ ဆူးပန်း၊ စိန်ပန်း၊ စံပယ်၊ စပါး၊ ဆယ်တော်မှုပုံ ကိုးကွယ်၊ ဂါထာရွတ် |
| ဗုဒ္ဓဟူး သားသမီး | သောကြာနေ့ | တနင်္ဂနွေနေ့ | အင်္ဂါနေ့ | ကြာသပတေး နေ့ | စနေနေ့ | တနင်္လာနေ့ | ဗုဒ္ဓဟူးနေ့ | သောကြာနေ့ | ရှောက်သီး၊ ရှောက်ချိုသီး၊ လက်ထုတ်သိန်၊ ဝါးသိုက်၊ ရေသန့်၊ ရှင်သီဝလိဂါထာရွတ် |
| ကြာသပတေး သားသမီး | စနေနေ့ | တနင်္လာနေ့ | ဗုဒ္ဓဟူးနေ့ | သောကြာနေ့ | တနင်္ဂနွေနေ့ | အင်္ဂါနေ့ | ကြာသပတေး နေ့ | စနေနေ့ | ပိတောက်၊ ပုတီး၊ ပိတုန်း၊ မောင်းတီး၊ ပဒိုင်း၊ ဗုဒ္ဓေါစိပ်၊ ဗိုလ်တထောင် မြနန်းနွယ် |
| သောကြာ သားသမီး | တနင်္ဂနွေနေ့ | အင်္ဂါနေ့ | ကြာသပတေး နေ့ | စနေနေ့ | တနင်္လာနေ့ | ဗုဒ္ဓဟူးနေ့ | သောကြာ | တနင်္ဂနွေနေ့ | အိုးထဲ သဲ၊ အုန်းသီး၊ သိမ်အဝင် သဲခင်း၊ သပြေအုပ်၊ သစ်အယ်ပန်း၊ |
| စနေ သားသမီး | တနင်္လာနေ့ | ဗုဒ္ဓဟူးနေ့ | သောကြာနေ့ | တနင်္ဂနွေနေ့ | အင်္ဂါနေ့ | ကြာသပတေး နေ့ | စနေနေ့ | တနင်္လာနေ့ | တံခွန်၊ နန်းကြီးသုပ်၊ တဖောင်းခါး၊ တရုတ်စကား၊ တောမန်ကျည်း |

မှတ်ချက် - သိုက်ဖွား သားသမီးများ၏ အသက်(၂၂)နှစ်၊ (၃၀)နှစ်၊ (၃၈)နှစ်၊ (၄၆)နှစ်၊ (၅၄)နှစ်၊ (၆၂)နှစ်၊ (၇၀)နှစ်၊ (၇၈)နှစ်ကို (၈)ဖြင့်စား၊
[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကိုကိုမောင်(အင်းလေး)

# လာဘောလောကစံနှင့် သမ္မာသက်ပွဲမဂ္ဂင်



ဂမ္ဘီရမဂ္ဂဇင်းတိုက်နှင့် ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်းတိုက်သို့ ပေးပို့ရန်ရှိသည့်စာမူများ မှတ်ပုံတင်စာဖြင့် ပေးပို့ရန် သာယာဝတီစာတိုက်တွင် စာရေးသူ ရောက်ရှိနေသည်။ ဂမ္ဘီရမဂ္ဂဇင်းတိုက်သို့ ပေးပို့သည့် စာအိတ်တွင် စာမူ (၂)စောင် ပေါင်းထည့်ထားသဖြင့် မှတ်ပုံတင်စာပို့ခ(၇၀၀) ကျပ် ကျသင့်ပြီး ဖြစ်ရပ်မှန်စုံထောက်မဂ္ဂဇင်းသို့ ပေးပို့သည့်စာမှာ စာမူတစ်ပုဒ်သာ ပါရှိသဖြင့် (၄၀၀)ကျပ်သင့်ခဲ့သည်။

မှတ်ပုံတင်စာပို့ခ ငွေရပြေစာဖြတ်ပိုင်းကို လှမ်းယူပြီး ကျသင့်ငွေ(၁၁၀၀)ကျပ်ကို ရှင်းပေးကာ လှည့်ထွက်မည် အပြုတွင် စာတိုက်ဝန်ထမ်းဖြစ်သူ ဒေါ်ဥမ္မာမှ စက်ရုံလိပ်စာဖြင့် ရောက်ရှိနေသည့် မှတ်ပုံတင်စာ၊ ရုံးစာနှင့် ရိုးရိုးစာများ အကြိုယူသွားရန် လှမ်းပေးနေသဖြင့် မှတ်ပုံတင်စာများကို လက်မှတ်ထိုး လက်ခံရင်း စစ်ကြည့်လိုက်သည်။ စာရေးသူအမည်နှင့် စာတစ်စောင် ပါနေသဖြင့် ပေးပို့သူ၏ လိပ်စာကို ဖတ်ကြည့်လိုက်ရာ ကုလားအိုးပေပင်ရွာ၊ သလဲဦးတိုက်နယ်၊ အင်းလေးဟု တွေ့ရှိလိုက်ရသဖြင့် စာတိုက်ရှေ့တွင်ပင် ဖွင့်ဖောက်၍ ဖတ်ကြည့်လိုက်သည်။

*ကိုမောင်..*

*ကျေးဇူးတင်စကားပြောချင်လို့ စာရေးလိုက်တာပါ။ ကိုမောင့်ဖုန်းကို ခေါ်သေးတယ်။ ခေါ်လိုက်တဲ့အခါတိုင်း ပအို့ဝ်သံဝဲဝဲနဲ့ ဖုန်းမှားနေပါတယ်လို့ပဲ ပြန်ပြန်ဖြေနေတာနဲ့ စာနဲ့ပဲ ရေးဖြစ်သွားတာပါ။ မိသားစုတွေအားလုံး နေကောင်းကြတယ်မဟုတ်လား။ လင်မယားနှစ်ယောက်စလုံး ဝန်ထမ်းတွေဖြစ်လို့ အလုပ်အကိုင်တော့ အဆင်ပြေကြမှာပါ။ ကျွန်တော်တို့ မိသားစုလည်း နေထိုင်ကောင်းကြပါတယ်။ အလုပ်အကိုင်လည်း အခု အတော်လေးအဆင်ပြေနေတယ်။*

*ခွန်နဲ့ အားနဲ့ စိုက်ထုတ်ပြီးလုပ်ရတဲ့ အလုပ်ဖြစ်လို့ ပင်ပန်းတာ တစ်ခုပါပဲ။ ကိုယ့်ကိုယ်ကိုယ် ငယ်သေးတယ်လို့ ထင်ထားပေမယ့် အသက်က (၆၀)နားကပ်လာပြီလေ။ မိသားစုဘဝ ရှင်သန်ရပ်တည်ရေးအတွက်ဆိုတော့လည်း စိုင်းထီးဆိုင် သီချင်းထဲကလို မောတော့ မောတာပေါ့ ဒါပေမဲ့ မမောဘူးပေါ့ ကိုမောင်ရယ်။*

*ကိုမောင်တို့ ပြန်သွားပြီးနောက်ပိုင်း ကျွန်တော်လည်း ကိုမောင် အကြံပေးတဲ့အတိုင်း မွေးမြူရေးလုပ်ငန်းနှစ်ခုစလုံး ရပ်ပစ်လိုက်တယ်။ လက်သမားအလုပ်ကိုပဲ အဓိကထား လုပ်ပြီး လယ်နဲ့ ကြက်သွန်စားစိုက်ခင်းကိုတော့ မိသားစုနဲ့ လွှဲထားလိုက်တယ်။ ဝမ်းစာအတွက် အထောက်အပံ့ပေးမယ့် လယ်လုပ်ငန်းနဲ့ သလဲဦးတိုက်နယ်ရဲ့ အဓိကစိုက်ပျိုးရေး လုပ်ငန်းတစ်ခုဖြစ်တဲ့ ကြက်သွန်ခါးစိုက်ပျိုးရေးလုပ်ငန်းက လည်း ပစ်ပယ်ထားလို့မရတဲ့ လုပ်ငန်းဖြစ်တော့ မိသားစု ကိုပဲ တာဝန်လွှဲထားရတယ်။ ကိုမောင်လည်း ပင်စင်ယူပြီး သွားလို့ သလဲဦးကျေးရွာမှာလာပြီး အခြေချဖြစ်ရင် ကြက် သွန်ခါးစိုက်ဖြစ်မှာပါ။ ကြက်သွန်ခါးစိုက်ပျိုးရေးလုပ်ငန်း က ဈေးကွက်အတွက် ပူစရာမရှိသလို တွက်ခြေကိုက်တဲ့ လုပ်ငန်းလည်း ဖြစ်တယ်လေ။*

*ကိုမောင်တို့မိသားစု ပြန်သွားပြီး သိပ်မကြာလိုက်ဘူး ကျွန်တော်တို့ သလဲဦးတိုက်နယ် တစ်ခုတည်းကိုကွက်ပြီး လေဆင်နှာမောင်း ဝင်မွှေသွားတာ အိမ်ခြေ(၁၀၀)ကျော် လောက် ပျက်စီးသွားတယ်။ အမိုးတွေ၊ အကာတွေ ကွာ အိမ်ကကွာ၊ မြေကြီးပေါ် ဖုံးဖုံးလဲကျတဲ့အထိ ကျိုးတဲ့အိမ် ကျိုးနဲ့ ကိုမောင် သတင်းကြားမိမှာပါ။ မြို့နယ်က လေ ကယ်ဆယ်ရေးအဖွဲ့တွေလည်း အတော်လေးကို အလုပ် သွားကြတယ်။ မုန်တိုင်းပြီးသွားတော့ ဆိုင်ကယ်နဲ့ လိုက်*



www.burmeseclassic.com

www.burmeseclassic.com

ကြည့်တာ မြင်ရတွေ့ရတဲ့မြင်ကွင်းက တကယ်ကို စိတ်ချမ်းသာစရာကြီး။ သော့ခတ်ထားခဲ့တဲ့ ကိုမောင်တို့အိမ်ကို အိမ်နီးချင်း မငဲဆီက သော့ယူပြီး ကိုကျော်ဖေနဲ့အတူ သွားစစ်ကြည့်လိုက်သေးတယ်။ အိမ်က ဘာမှမဖြစ်ပေမယ့် စိတ်ပူနေတဲ့ ကိုမောင့်ညီမ မငဲက နောက်တစ်ခါ အခုလို ဆောင်းနှာမောင်းထပ်မွှေရင် ကိုမောင်တို့အိမ် အမိုးကွာမှာစိုးလို့ အမိုးသံတွေ လောင်းပေးပါဦးဆိုလို့ ကျွန်တော်နဲ့ ကျည့်တွေ သွပ်ရိုက်သံတစ်ပိဿာခွဲဝယ်ပြီး သေချာပြန် ရိုက်ပေးခဲ့သေးတယ်။

လက်သမားအတတ်ပညာနဲ့ အဓိကလုပ်ကိုင်စား သောက်ကြတဲ့ ကျွန်တော်တို့ နန်းပန်ကျေးရွာအုပ်စုမှာသာ လက်သမားဆရာတွေပေါတာ။ စိုက်ပျိုးရေးကို အဓိကထား တဲ့ ဒီသလဲဦးတိုက်နယ်မှာတော့ လက်သမားပညာ တတ် ကျွမ်းတဲ့သူတွေက အရှားသား ကိုမောင်ရဲ့။ ကျွန်တော်တို့လို ရွာများက ပြောင်းရွှေ့လာပြီး ဒီရွာမှာလာ အခြေချလုပ်ကိုင် တဲ့ လက်သမားဆရာ အနည်းအကျဉ်းလောက်ပဲရှိတာ။ အခုလို တစ်ချိန်တည်းမှာ အိမ်တွေ ပြိုပျက်ကုန်တော့ လက် သမားအတတ်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့ ကျွန် တော်တို့အတွက် အလုပ်တွေက လက်မလည်အောင်ပါဘဲ။ ထိုးထငှားလိုက်၊ ဒီကခေါ်လိုက်နဲ့ ကိုယ် အလုပ်ဖြစ်ပေမယ့် အားရသာနိုင်ပါဘူး ကိုမောင်ရယ်။ သူများတကာတွေ ဒုက္ခ ကြုံမှ ကိုယ်အလုပ်ဖြစ်ရတဲ့ အဖြစ်မျိုးမဟုတ်လား။ ဒါနဲ့ ဒုက္ခရောက်နေတဲ့သူတွေကို ကိုယ်တတ်ထားတဲ့ပညာနဲ့ ကူ ညီခွင့်ရတာပဲလေ။ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အလုပ် မို့တွေးပြီး ကိုယ့်စိတ်ကို ဖြေရတယ်။

အဲဒီအချိန်ကစပြီး အလုပ်တွေ အဆင်ပြေလာတာ အချိန်ထိအောင်ပါပဲ။ ကျွန်တော်တော့ ကိုမောင်ပြောခဲ့သလို အသောလောကဓံကြုံပြန်နဲ့ ကြုံခိုက်မှာ မိစ္ဆာအာဇီဝအလုပ် ဖြစ်တဲ့ ဝက်၊ ငါး မွေးမြူရေးတွေကို စွန့်လွှတ်ပြီး သမ္မာ အာဇီဝ အသက်မွေးမှုစစ်စစ်ဖြစ်တဲ့ လက်သမားအလုပ်နဲ့ စိုက်ပျိုးရေးအလုပ်တွေကို ပြောင်းလုပ်ခဲ့လို့ အခုလို အဆင် ပြေလာတာလို့ ယုံကြည်နေမိတယ်။ ကိုမောင်ပြောသလို ကုသိုလ်ကောင်းမှုလည်း ပြုဖြစ်ပါတယ်။ အလှူအတန်း ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး။ မုန်တိုင်းကြောင့် ပြို လဲသွားတဲ့ အိမ်အချို့ မြို့နယ်လေဘေးကယ်ဆယ်ရေးရဲ့ အကူအညီနဲ့ ပြန်ပြီး အိမ်မဆောက်နိုင်တာတွေ ရှိတယ်။ အဲဒီလို မတတ်နိုင်တဲ့သူဆိုရင် ကျွန်တော်တို့အဖွဲ့ လုပ်အားခ မယူဘဲ လုပ်အားဒါန ပြုဖြစ်ခဲ့ပါတယ်။ စိတ်ချမ်းသာမှု ကိုယ်စီရရှိသွားကြတဲ့ သူတို့တွေရဲ့ မျက်နှာကိုကြည့်ပြီး ပီတိဖြစ်ရတဲ့ စိတ်ချမ်းသာမှုက ဘာနဲ့မှကို မလဲနိုင်အောင် ပါဘဲ ကိုမောင်။

ကဲ··စာလည်း အတော်လေးရှည်သွားပြီ။ ကိုမောင် ထိန်းကျောင်းပေးခဲ့လို့ လမ်းကြောင်းမှန်ပေါ် ရောက်ပြီး အဆင်ပြေပြေဖြစ်နေတဲ့ ကျွန်တော့်သတင်းကို ကြားရရင် ကိုမောင်လည်း ကျွန်တော် အခကြေးငွေမယူဘဲ စေတနာ နဲ့ ကူညီဆောက်လုပ် ပြုပြင်ပေးလိုက်လို့ နေရေးထိုင်ရေး အဆင်ပြေသွားကြတဲ့ မိသားစုတွေရဲ့ မျက်နှာကိုကြည့်ပြီး ပီတိသုခ ခံစားရသလို ကိုမောင်လည်း ခံစားရမယ် ယုံ ကြည်လို့ ဒီစာလေးကို အချိန်ယူပြီး ရေးပို့လိုက်တာပါ။ ကိုမောင်ပြောခဲ့သလို ရှေ့မှာ ကြုံတွေ့ရဦးမယ့် အယသော ဒုက္ခ၊ နိန္ဒာ၊ အလာဘောဆိုတဲ့ လောကဓံဆိုး(၄)ခုကို ကြံ့ကြံ့ခံနိုင်ဖို့ မိုးရွာတုန်း ရေခံလိုက်ဦးမယ် ကိုမောင်ရေ။

ကျေးဇူးများစွာဖြင့်

ကုလားအို

စာဆုံးသွားပြီဖြစ်သော်လည်း စာရေးသူ၏ အတွေး များက အဆုံးမသတ်နိုင်ခဲ့။ စာတိုက်မှအပြန် လမ်းတစ် လျှောက်လုံးတွင် စာရေးသူ သကြီန်ရုံးပိတ်ရက် အင်းလေး သို့ အလည်ပြန်ရောက်စဉ်က ဖော်တွန်း (ခေါ်) ကုလားအို နှင့် ဆုံဖြစ်ခဲ့ပုံများကို ပြန်လည်တွေးတော မြင်ယောင် နေမိသည်။

ဖော်တွန်းသည် စာရေးသူနှင့် တစ်ရွာတည်းသား ဖြစ် ၏။ စာရေးသူထက် (၅)နှစ်ခန့်ငယ်သဖြင့် ညီအစ်ကိုကဲ့သို့ ခင်မင်ကြသည်။ နာမည်ရင်း ဖော်တွန်းဖြစ်သော်လည်း ရုပ် က ကုလားရုပ်ပေါက်နေသဖြင့် သူ့ကို တစ်ရွာလုံးက အယ် ဖော်ကုလားဟုလည်းကောင်း၊ အပေါင်းအသင်းသူငယ်ချင်း များက ကုလားအိုဟုလည်းကောင်း ခေါ်ကြသည်။ ကုလား ရုပ်ပေါက်နေသော်လည်း အင်းသားလူမျိုး မိဘနှစ်ပါးမှ မွေးဖွားသည့် အင်းသားလူမျိုးစစ်စစ်ဖြစ်သည်။ စာရေးသူ နှင့် စာပေဝါသနာပါပုံချင်း တူညီကြသဖြင့် ပို၍ရင်းနှီး ခင်မင်ခဲ့ကြသည်။ ကျောင်းပညာကို (၁၀)တန်းအထိသာ သင်ကြားခဲ့ရသော်လည်း ဝါသနာနှင့် လေ့လာလိုက်စားမှု ကြောင့် အင်္ဂလိပ်လို အတော်လေး ပြောနိုင်ဆိုနိုင်သည်။ စာရေးသူနှင့် တွေ့သည့်အခါတိုင်း သူတစ်ပါး မသိစေလို သည့် အကြောင်းအရာများကို အင်္ဂလိပ်လို ပြောဆိုတတ်သူ

www.burmeseclassic.com

ဖြစ်သည်။

(၁၉၇၅)ခုနှစ် စာရေးသူ ဂျီတီအိုင်ပထမနှစ်သင်တန်းတက်ရောက်သင်ကြားနေစဉ်က ဦးသန့်အရေးအခင်းနှင့်ကြုံပြီး မကြာခဏ ကျောင်းပိတ်ရလေ့ရှိ၏။ ကျောင်းတစ်ခါပိတ်လျှင်လည်း ရက်အကန့်အသတ်မရှိ ပိတ်တတ်သဖြင့် ကျောင်းပိတ်ထားသည့်ကာလတွင် ကျောင်းစရိတ်ကာမိစေရန် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာသည့်အနေဖြင့် အပ်ထည်များကို လက်ခံ၍ စက်ချုပ်အလုပ်ကို လုပ်ကိုင်ခဲ့သည်။ (၉)တန်း၊ (၁၀)တန်း ကျောင်းသားဘဝကပင် စက်ချုပ်အလုပ်ကို စာရေးသူ တတ်ကျွမ်းပြီးဖြစ်ရုံမျှမက နာမည်လည်း အတော်အသင့်ရထားပြီးဖြစ်သဖြင့် ကျောင်းပိတ်၍ စာရေးသူ ရွာပြန်ရောက်သည်နှင့် အထည်အပ်မည့်သူများ ဝိုင်းလာတတ်ကြသည်။ လာအပ်သည့် လူငယ်များ၏ စိတ်တိုင်းကျ ပုံဖော်ချုပ်လုပ်ပေးတတ်သဖြင့်လည်း စာရေးသူ၏ လက်ရာကို သဘောကျခြင်းဖြစ်သည်။

သီတင်းကျွတ်လဆန်းသည်နှင့် နာမည်ကြီး အင်းလေးဖောင်တော်ဦးရပ်ပွားတော်မြတ် လှည့်လည်ပူဇော်ပွဲကို အင်းဝဲယာအနှံ့ ခြိမ့်ခြိမ့်သဲကျင်းပလေ့ရှိရာ ဘုရားပွဲအမီ ရှီးလုပ်ချင်ကြသည့် လူငယ်လူရွယ်များ သူ့ထက်ငါ အပြိုင်အဆိုင် အဝတ်အစားသစ်များ ချုပ်လုပ်လေ့ရှိသည်။ ထိုအခါများတွင် လူငယ်ကြိုက် စက်သမားဖြစ်သည့် စာရေးသူ လက်မလည်အောင် ချုပ်ရသည်။ လသာတုန်း ဗိုင်းငင်ဆိုသော ရှေးပညာရှိလူကြီးများ၏ ဆိုရိုးစကားနှင့်အညီ လာအပ်သမျှ အထည်များကို မလွှတ်တမ်းလက်ခံပြီး အချိန်မီပြီးနိုင်ရန် အတွက် မအိပ်မနေ ချုပ်လုပ်ရသည်။ ထိုအခါများတွင် စာရေးသူကို အဖော်ပြုပြီး ရယ်စရာမောစရာ စကားလေးများပြောကာ မိုးအလင်းနေပေးတတ်သည်မှာလည်း ကုလားအိုတို့လူစုပင်ဖြစ်သည်။ ရယ်လိုက်မောလိုက် စကားပြောလိုက်နှင့် ငိုက်ချိန်ပင်မရလိုက်၊ အချိန်ကုန်မြန်သလောက် အလုပ်လည်း တွင်ကျယ်လှသည်။ စာရေးသူနှင့် ကုလားအို (ခေါ်) ဖော်ထွန်းမှာ ဤမျှထိ ရင်းနှီးခင်မင်ခဲ့ကြသည်။

စာရေးသူ ကျောင်းပြီးသွားပြီး နိုင်ငံ့ဝန်ထမ်းအလုပ်လျှောက်ထားစောင့်ဆိုင်းလျက်ရှိစဉ် စက်ချုပ်သည့်အလုပ်ကို ဆက်လုပ်ဖြစ်သည်။ ထိုအချိန်တွင် ကုလားအိုမှာ (၁၀)တန်းနှင့် ကျောင်းထွက်ပြီး လက်သမားအလုပ်ကို စတင်လုပ်ကိုင်နေပြီဖြစ်သည်။ စာရေးသူမှာ အိမ်မြဲသူဖြစ်သဖြင့် အလုပ်အားရက်နှင့် ညဘက်များတွင် ကုလားအိုတို့လူစု စာရေးသူ၏အိမ်တွင် အမြဲလိုလိုရှိနေတတ်သည်။ နိုင်ငံ့တာဝန်ထမ်းဆောင်ရန် အောက်ပြည်အောက်ရွာသို့ စာရေးသူထွက်ခွာလာချိန်တွင် ကုလားအိုလည်း ရွာစဉ်လှည့်ပြီး လက်သမားအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရာက သလဲဦးတိုက်နယ်တွင် ပါဝင်သည့် ပေပင်ရွာသူနှင့် အိမ်ထောင်ကျပြီး နန်းပန်မှ ပေပင်ရွာသို့ ပြောင်းရွှေ့အခြေချနေထိုင်ခဲ့သည်မှာ ခုချိန်ထိပင်ဖြစ်သည်။

စာရေးသူ ဝန်ထမ်းဘဝမှ အငြိမ်းစားအနားယူသောအခါ ကုန်းပိုင်းတွင် ပြောင်းရွှေ့နေထိုင်လိုသဖြင့် ဇနီးသည်ဘက်မှ ဆွေမျိုးများရှိသည့် သလဲဦးကျေးရွာတွင် အိမ်တစ်လုံး ဝယ်လိုက်သည်။ သလဲဦးနှင့် ပေပင်ရွာမှာ မော်တော်ဆိုင်ကယ်နှင့်သွားလျှင် (၁၀)မိနစ်ခန့်သာ သွားရသဖြင့် သလဲဦးတွင် အခြေချနေထိုင်ရန် အိမ်ဝယ်လိုက်သည့် သတင်းကို ဝမ်းပန်းတသာကြိုဆိုသူမှာ ကုလားအိုဖြစ်သည်။ သို့သော်လည်း နိုင်ငံ့ဝန်ထမ်းဘဝမှ အနားယူပြီး လက်ရှိစက်ရုံတွင်ပင် ကုမ္ပဏီဝန်ထမ်းဘဝဖြင့် ဆက်လက်လုပ်ကိုင်လျက်ရှိသဖြင့် ငယ်သူငယ်ချင်းနှစ်ဦး ပြန်ဆုံနိုင်မည့် မျှော်လင့်ချက်သည် မပီပိုးတဝါး ဖြစ်သွားခဲ့ရပြန်ပါသည်။

ပြီးခဲ့သည့်နွေရာသီ သင်္ကြန်ရုံးပိတ်ရက်တွင် စာရေးသူတို့မိသားစု ဇာတိမြေအင်းလေးသို့ အလည်အပတ်ရောက်ခဲ့သည်။ သင်္ကြန်ကာလတစ်လျှောက်လုံး စာရေးသူတို့မိသားစု အလိုတော်ပေါက်ဘုရားနှင့် အလိုတော်ပေါက် မြောက်ကျောင်းတွင် ဒါနမှု၊ သီလမှု၊ ဘာဝနာ ကုသိုလ်ကောင်းမှု အလုပ်တွေလုပ်ရင်း နှစ်သစ်ကို ကြိုခဲ့ကြသည်။

သင်္ကြန်ရက် ပြီးသွားသောအခါ ဇနီးဘက်မှ ဆွေမျိုး များကို ကန်တော့ရန်နှင့် ဝယ်ပြီးပစ်ထားခဲ့ရသည့် အိမ်အခြေ အနေကို စစ်ဆေးကြည့်ရှုရန် သလဲဦးကျေးရွာသို့ ညအိပ် သွားရောက်ဖြစ်ခဲ့သည်။ မယားညီအစ်ကိုများဖြစ်သည့် ဆရာကိုကျော်ဖေ၊ မငဲအိမ်တွင် တစ်ည၊ ကျေးရွာအုပ်ချုပ် ရေးမှူး ကိုညီတင်၊ မဖွဲ့အိမ်တွင် တစ်ည အိပ်ဖြစ်ခဲ့သည်။ ကိုကျော်ဖေ၊ မငဲအိမ်တွင် စာရေးသူ ရောက်ရှိနေစဉ် ကုလားအို အလည်ရောက်ရှိလာပြီး ရှေးဟောင်းနှောင်းဖြစ် များ ပြောမကုန်အောင် ရှိခဲ့ကြသည်။

'ကိုမောင်က ဝန်ထမ်းဘဝနဲ့ အေးအေးသက်သာ ထိုင်ခဲ့ရလို့လားမသိဘူး အရွယ်သိပ်မကျဘူး။ ကိုမော ထက် (၅)နှစ်လောက်ငယ်တဲ့ ကျွန်တော်ကတော့ အလ ပင်ပန်းလို့လားမသိဘူး အရင်ရုပ်မျိုး မရှိတော့ဘူး။



www.burmeseclassic.com

ချုပ် ပေါက်နေပြီ'

'ဒီလောက်ထိအောင်လည်း မဟုတ်သေးပါဘူး ကုလား ... ကိုယ့်အမြင်မှာတော့ အရင် နှစ်အစိတ်၊ သုံးဆယ် ... ကုလားအိုကလည်း ဒီရုပ်ပါပဲ။ နည်းနည်းလေး ...ကျက်သွားတာတော့ ရှိတာပေါ့'

စာရေးသူ၏စကားကို အားပေးနှစ်သိမ့်နေသည့်စကား ... သိသည်ဆိုသည့်သဘောဖြင့် ကုလားအို တစ်ချက်ပြုံး ...လိုက်သည်။ ပြုံးလိုက်ချိန်တွင် အမှတ်မထင်တွေ့မြင်လိုက် ...သည့် ကျိုးနေသောသွားအချို့က ကုလားအို ဇရာသဘော ... ပြောပြနေသယောင်။

'ကိုမောင်ကလည်း ကျွန်တော့်ကို နှစ်သိမ့်နေပြန်ပါပြီ။ ကျွန်တော့်ကိုကျွန်တော် သိတာပေါ့ ကိုမောင်ရဲ့။ ကိုယ့်ရုပ် ... မှန်ထဲမှာမြင်တွေ့ရရင် စိတ်ဓာတ်ကျမှာစိုးလို့ မှန်မကြည့် ...တာတောင် အတော်ကြာသွားပြီ။ ဟဲ..ဟဲ..တကယ် ပြောတာ ကိုမောင်'

ကုလားအို၏ ဟဲ..ဟဲ..ရယ်သံက မချိသွားဖြဲဆန် ... သတိထားလိုက်မိသည်။

'လက်သမားအလုပ်က အမြဲလှုပ်ရှားနေရတဲ့ အလုပ် ...လို့ ကျန်းမာရေးနဲ့တောင် ညီညွတ်ပါသေးတယ်။ ကိုယ် ... ရုံးသမားတွေက ကိုယ့်ကိုယ်ကိုယ် စာအုပ်တွေ၊ ဖိုင်တွေ ...ထဲမှာ တစ်ချိန်လုံး နှစ်မြုပ်ထားရတော့ ရှုံ့မှာရှိုက်ကုန်း ...တွေ ဖြစ်ကုန်မှာစိုးရတယ်ကွ။ တကယ်ကို ကျန်းမာ ...ရေးနဲ့ မညီညွတ်တာ'

'အဟဲ..လှုပ်လှုပ်ရှားရှားလုပ်ရတဲ့ အလုပ်ဖြစ်လို့ ကျန်းမာရေးအတွက် အထောက်အကူပြု၊မပြုတော့မသိဘူး ကိုမောင်ရေ၊ လက်လှုပ်မှ ပါးစပ်လှုပ်တာကတော့ အမှန်ပဲ။ ကျွန်တော်တို့ အင်းသားတွေပြောတဲ့စကား ရှိပါတယ်။ ကောင်းခါရှာ နာခါကို့ ဆိုတဲ့စကားလေ။ ဒီခေတ် ဒီအခြေ အနေမှာတော့ ကျွန်တော်က အဲဒီဆိုရိုးစကားကို ကောင်း ခါရှာ နာခါငတ်လို့ ပြင်လိုက်ချင်တယ်။ တကယ်ပြောတာ ကိုမောင်၊ ဘယ်လောက်ကုန်းရုန်းပြီးရှာရှာ အပိုအလျှံမှမရှိ တာ ဘယ်လိုလုပ်ပြီး စုနိုင်ဆောင်းနိုင်မှာတဲ့လဲ။ ဒါကြောင့် ကျွန်တော်တို့ဘဝက လက်လှုပ်မှ ပါးစပ်လှုပ်တဲ့ဘဝလို့ ကျွန်တော်ပြောခဲ့တာပေါ့'

ကုလားအို၏စကားကို ပြန်ချေပရန် စကားစ ရှာမရ သဖြင့် စာရေးသူ မသိမသာ သက်ပြင်းချနေမိပါသည်။

နှစ်ယောက်သား စကားကောင်းလျက်ရှိစဉ် မငဲသမီး ပိုးလုံးမှ ရေနွေးကြမ်း၊ မုန့်ကြွပ်နှင့် လက်ဖက်များ လာချပြီး ရေနွေးကြမ်းများကို ငှဲ့ပေးနေသဖြင့်–

'ကဲ..ကုလားအို၊ စကားလည်းပြော ရေနွေးကြမ်း လည်း သောက်လိုက်ဦး။ လက်ဖက်မှာဆမ်းထားတဲ့ ပဲဆီနဲ့ အင်းရိုးရာအစားအစာ မုန့်ကြွပ်ကို တို့မြုပ်တွဲဖက်ပြီး စား ရတာလောက် တို့အင်းသားတွေမှာ လျှာတွေ့တာ မရှိဘူး။ ဘယ်အချိန်စားစား၊ ဘယ်နှစ်ကြိမ်စားစား မရိုးနိုင်တဲ့ အင်း ရိုးရာ အစားအစာတစ်ခုပါပဲ။ အင်းလေးနဲ့ ဝေးလံတဲ့ဒေသ မှာ ရောက်နေရတဲ့အချိန်မှာ အင်းသားတွေ အတမ်းတဆုံး အရှာဟာ ဒီအင်းရိုးရာ မုန့်ကြွပ်ပဲ'

'ဟုတ်တယ် ကိုမောင်၊ အရသာလည်း သိပ်ထူးထူး ခြားခြားမရှိ၊ စားလို့ကလည်း ဗိုက်ပြည့်တာမဟုတ်ဘဲနဲ့ အမြဲတမ်း စားချင်နေတတ်တဲ့၊ စားလိုက်ပြီဆိုရင်လည်း မကုန်မချင်း နားလို့မရတဲ့ မုန့်တစ်မျိုးပါပဲ။ ကိုမောင် စား ပါ။ ကိုမောင်တို့က အင်းလေးကို ရောက်တုန်းရောက်ခိုက် လေးမှ စားရတာ။ ကျွန်တော်တို့က အမြဲတမ်းစားရတယ်'

စာရေးသူ မုန့်ကြွပ်တစ်ချပ်ကို လှမ်းယူကာ တစ်ကိုက် စာဖဲ့၍ လက်ဖက်ဆီဆမ်းနှင့်တို့ပြီး ပါးစပ်ထဲထည့်ကာ အရသာခံဝါးလိုက်ပြီးမှ ကုလားအိုကို မေးလိုက်သည်။

'ကုလားအိုတို့ လက်သမားအလုပ်က အဆင်ပြေတယ် မဟုတ်လား။ အလုပ်ပေါလား'

'ခါတိုင်းနှစ်နဲ့စာရင် ဒီနှစ် အလုပ်ပါးတယ် ကိုမောင်၊ ကျွန်တော်တို့အလုပ်က ရွာရဲ့ စီးပွားရေးနဲ့ ဆက်စပ်နေတယ် လေ။ ရွာသားတွေ အလုပ်အကိုင်အဆင်ပြေလို့ လက်ထဲမှာ ငွေပိုငွေလျှံလေး စုနိုင်ဆောင်းနိုင်ရင် အိမ်ပြင်ဖို့၊ အိမ် ဆောက်ဖို့၊ အိမ်အလှဆင်ဖို့ သတိရတတ်ကြတယ်။ ဒီအခါ မျိုးမှာ ကျွန်တော်တို့ လက်သမားဆရာတွေလည်း အလုပ် အဆင်ပြေတာပေါ့။ ဒီရွာကလူတွေက တစ်ရွာလုံးလိုလို ကြံနဲ့ ကြက်သွန်ဖြူ ၊ ကြက်သွန်ခါးကိုပဲ စိုက်ပျိုးကြတာ များတယ်။ ကြံနဲ့ ကြက်သွန် အထွက်ကောင်းပေမယ့် ဈေး ကျတော့ ဈေးကောင်းမရကြဘူး။ စိုက်ပျိုးစရိတ် ကျေဖို့ တောင် မနည်းလုပ်ကြရတယ်။ ရွာသားတွေရဲ့လက်ထဲ ငွေ မရှင်တော့ ကျွန်တော်တို့ လက်သမားဆရာတွေလည်း အလုပ်လက်မဲ့တွေ ဖြစ်ကုန်တာပေါ့'

'ဟုတ်တာပေါ့'

'ပိုဆိုးတာက အခုတစ်လောမှ ပြောင်းလာတဲ့ အိမ် ဆောက်နည်းပညာ အပြောင်းအလဲပဲ။ အခု ဒီသလဲဦးတို့ကို



www.burmeseclassic.com

www.burmeseclassic.com

နယ်တစ်ဝိုက်မှာ နိုင်ငံတော်က ဟိုတယ်ဇုန်(အင်းလေး) အဖြစ် မြေရာကွက်တွေချပေးပြီး ဟိုတယ်တည်ဆောက်မှုတွေ အပြိုင်လုပ်နေကြတယ်။ ဒီလိုဆောက်လုပ်တဲ့နေရာမှာ သစ်အစား သံထည်ပစ္စည်းတွေကို တိုင်၊ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားအဖြစ် အသုံးပြုပြီး ဆောက်လုပ်တာတွေ့ရတော့ ဒီက ဒေသခံလက်သမားတွေကလည်း သံဂဟေနဲ့တွဲဖက်ပြီး သံထည်ပစ္စည်းနဲ့ အိမ်ဆောက်တဲ့လုပ်ငန်းကို အတုမြင် အတတ်သင်နဲ့ လိုက်ပြီး ပြောင်းလဲဆောက်လုပ်ကြတယ်။ ကျွန်တော်တို့မှာက သံဂဟေဆော်တဲ့စက်ကလည်းမရှိ၊ ဒီနည်းပညာကိုလည်း အသုံးမပြုတတ်၊ သစ်လက်သမားရိုးရိုးဆိုတော့ သိပ်မငှားကြတော့ဘူး'

'ဟုတ်တယ် ကုလားအိုး၊ မြို့တွေမှာလည်း ဒီလိုပါပဲ။ သစ်က ဝယ်ရတာ ခက်ခဲတဲ့အပြင် ဈေးကလည်းကြီးတော့ ဈေးလည်းသက်သာ ဝယ်ရတာလည်း လွယ်ကူပြီး ရေရှည်ခိုင်ခံ့မှုအတွက်ပါ စိတ်ချရတဲ့အပြင် အလေအလွင့်လည်း သက်သာတဲ့ သံကိုပဲ သုံးကြတော့တယ်'

'ကလေးတွေ အတန်းကြီးလာလို့ ကျူရှင်ခတို့၊ ကျောင်းစရိတ်တို့လိုတဲ့ အချိန်ကျမှ အလုပ်က အဆင်မပြေတော့ စိတ်ညစ်ရတယ်။ ဒါတောင် သားလတ်ကို သူ့အဒေါ်တွေဆီ ပို့ထားသေးတယ်'

'တခြားစီးပွားရေးလုပ်ငန်းတွေရော ရှိသေးလား'

'အရင်နှစ်တွေတုန်းကတော့ ဒီလက်သမားအလုပ်တစ်ခုပါပဲ။ အမျိုးသမီးကတော့ ဒီအရပ်သူဆိုတော့ ကြက်သွန်ဖြူတို့၊ ကြက်သွန်ခါးတို့ သူ့တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားတယ်။ မီးဖိုဆောင်အတွက် အထောက်အကူဖြစ်တဲ့အပြင် ပိုတာလေးတွေရောင်းတော့ အိမ်စရိတ် နည်းနည်းပါးပါးလေး ကာမိတာပေါ့။ ဒီနှစ်တော့ လက်သမားအလုပ်သိပ်မဖြစ်တာနဲ့ အသားစားငါးခူနဲ့ ဝက်နည်းနည်းပါးပါး စမ်းမွေးထားကြည့်တယ်။ ဒါကလည်း သူ့ဆီက ဘယ်အချိန်မှာ ဘယ်လောက်ပမာဏ ပြန်ရမယ်ဆိုတာ မသိနိုင်ပေမယ့် လက်ငင်းကုန်နေတဲ့ အစာဖိုးက မသက်သာလှဘူး ကိုမောင်ရဲ့'

'ငွေစုတဲ့သဘောပေါ့'

'ငွေစုတဲ့သဘောဆိုပေမယ့် ကျွန်တော့်စုဘူးတွေက သက်ရှိစုဘူးတွေဖြစ်နေတော့ စုဘူးလေး ကွဲမသွားဖို့လည်း ဆုတောင်းရသေးတယ်။ ကိုမောင်တို့ ဝန်ထမ်းအလုပ်ပဲ ကောင်းပါတယ်'

'ဝန်ထမ်းအလုပ်ကလည်း ကိုယ့်ဝင်ငွေလေးနဲ့ လောက်ငအောင် နေတတ်စားတတ်မှ ကုလားအိုရဲ့။ ကြွေးတင်သွားရင် ဘဝပျက်တဲ့အထိ ဖြစ်သွားနိုင်တယ်။ ကိုယ့်ညီတို့ အလုပ်ကမှ အခြေအနေပေးရင် သူဌေးဖြစ်နိုင်သေးတယ်'

'သူဌေးဖြစ်,မဖြစ်တော့ မသိဘူး ကိုမောင်ရေ၊ လောလောဆယ်မှာတော့ ထမင်းနပ်မှန်ဖို့၊ သူများတွေထက် အောက်တန်းနောက်တန်းမကျဖို့ မနည်းကို ရုန်းကန်နေရတယ်'

'ဒါနဲ့ ကုလားအိုရဲ့အသက်က အခု (၅၅)နှစ်ထဲမှာလား၊ (၅၆)နှစ်ထဲ ရောက်သွားပြီလား။ မွေးနေ့က အင်္ဂါနော်'

'ဘာလဲ၊ ကိုမောင်က ကျွန်တော် သူဌေးဖြစ်,မဖြစ် ဗေဒင်တွက်ပေးဦးမလို့လား။ မွေးလကျော်ခဲ့ပြီဆိုတော့ (၅၆) နှစ်ထဲ ရောက်ပြီပေါ့။ မွေးနေ့ကတော့ အင်္ဂါဟုတ်ပါတယ်'

'အင်္ဂါသား၊ (၅၆)နှစ်ဆိုတော့ တနင်္လာသက်ရောက်ပဲ။ လောကဓံ(၈)ပါး သင်္ချတ်ပညာအရဆိုရင် လာဘောလောကဓံပေါ့'

'လာဘောလောကဓံထဲ ရောက်နေလို့ပဲ ကိုမောင်ရေ၊ အလာဘောလောကဓံထဲများ ရောက်နေလို့ကတော့ ကျွန်တော်တို့ မိသားစုတွေ လှူပေါ်မှာ မြက်ပေါက်လောက်တယ်'

'လာဘောလောကဓံဆိုတဲ့ တနင်္လာဂြိုဟ်ဟာ လောကီရေးရာအရ အကောင်းဆုံးဂြိုဟ်ပါပဲ။ ဒီဂြိုဟ်သက်ရောက်ကြုံတဲ့ကာလမှာ ကိုယ်,စိတ်ချမ်းသာသုခ နှစ်ပါးစလုံးနဲ့ ပြည့်စုံစေနိုင်တယ်လို့ ဆိုတယ်။ ဒါပေမဲ့ လူတိုင်းတော့ မဟုတ်ဘူး။ ရိုးသားဖြူစင်မှုရှိပြီး သမ္မာအာဇီဝနည်းနဲ့ အသက်မွေးဝမ်းကျောင်းတဲ့သူတွေသာ ဒီအခွင့်အရေးကို ပြည့်ပြည့်ဝဝ ရနိုင်ကြတာ။ ကိုယ်ကျင့်တရား ပျက်စီးနေတဲ့သူ၊ လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းပြီး အကြောင်းနဲ့ အကျိုး အကောင်းနဲ့ အဆိုး ခွဲခြားသိတတ်မှု မရှိတဲ့သူ၊ ဣဿာမစ္ဆရိယစိတ် ကြီးမားတဲ့သူ၊ မိစ္ဆာအာဇီဝဆိုတဲ့ ဖြူစင်သန့်ရှင်းမှုမရှိတဲ့ အလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့သူ ဆိုရင်တော့ ဒီအခွင့်အရေးမျိုး မရနိုင်တဲ့အပြင် ပြောင်းပြန်အကျိုးသက်ရောက်မှုကိုတောင် ခံစားသွားရနိုင်တယ်လို့ အဆိုရှိတယ်'

'အစ်ကိုဆိုလိုတဲ့သဘောက ဥပမာ-ငွေကြေးချမ်းသာတဲ့လူတစ်ယောက် ဆိုပါတော့။ သူ့လက်ထဲမှာရှိတဲ့ ငွေ



www.burmeseclassic.com

www.burmeseclassic.com

အကျိုးရှိတဲ့ နေရာတွေမှာ မှန်မှန်ကန်ကန် အသုံးပြုရင် သူ့အတွက်ရော လောကအတွက်ပါ ကောင်းကျိုးဖြစ်စေနိုင်ပေမယ့် ဒီငွေကြေးဥစ္စာဓနတွေကို မကောင်းမှုမှာ တလွဲသုံးမိခဲ့ရင် သူ့အတွက်ရော သူနဲ့ပတ်သက်ဆက်နွယ်မှုရှိနေတဲ့ လူ့ဘောင်လူ့လောကကြီးကိုပါ ထိခိုက်မှု ဖြစ်စေနိုင်တဲ့ သဘောပေါ့နော်'

'မှန်တယ် ကုလားအို၊ ဒီသဘောပါပဲ။ နောက်တစ်ခု လာဘောလောကဓံဂြိုဟ်ဟာ တနင်္လာဂြိုဟ် ဖြစ်တဲ့အတွက် တနင်္လာဂြိုဟ်တိုင်ရဲ့ သဘောသဘာဝနဲ့ တနင်္လာဂြိုဟ်တိုင်ရဲ့ ဥပဒေသတွေကိုလည်း လိုက်နာဖို့လိုပါတယ်'

'ဟုတ်ကဲ့ ကိုမောင်၊ အသေးစိတ် ဆက်ပြီးရှင်းပြပေးပါဦး'

စာရေးသူ စာရွက်လွတ်တစ်ရွက်ပေါ်တွင် တနင်္လာဂြိုဟ်တိုင်ကို ဦးစွာရေးချလိုက်ပြီးမှ-

| | | | |
|---|---|---|---|
| အကျိုးတရား | နဝင်း | ၆ | (စကား) |
| | အညွန့် | ၃ | (စိတ်) |
| | ဆပွတ် | ၀ | (ထင်ပေါ်၊ လောဘ) |
| | | ၂ | တနင်္လာဂြိုဟ် |
| အကြောင်းတရား | စတုရန်း(နှာ) | ၅ | အတွေးအခေါ်၊ ပညာ |
| | အမြစ်(ခိုက်) | ၁ | အိုးအိမ်၊ အုပ်စု၊ အလုပ် |
| | တြိရန်း(ထွက်) | ၄ | လူ |

## တနင်္လာဂြိုဟ်တိုင်

'အမြစ်၊အညွန့် မတွန့်စေနဲ့ဆိုတဲ့ ဗေဒင်ပညာအယူအဆ ပြောဆိုလေ့ရှိတဲ့စကားကို ကိုယ့်ညီကြားဖူးမှာပေါ့။ သစ်ပင်တစ်ပင် ရှင်သန်ကြီးထွားဖို့၊ တည်တံ့ခိုင်မြဲဖို့ အမြစ်က မြေကြီးထဲမှာ အခိုင်အမာ ခြေကုပ်ယူပြီး ပင်စည်ကို အစာရေစာတွေ အမြစ်ကတစ်ဆင့် ပို့ပေးရတဲ့ သဘာဝ၊ အမြစ်မခိုင်ရင် ပင်စည်အတွက် လိုအပ်တဲ့ အစာအာဟာရတွေကို အမြစ်ကတစ်ဆင့် ထောက်ပံ့မပေးနိုင်ရင် ဒီသစ်ပင်ဟာ ရှေ့ဆက်ရှင်သန်ကြီးထွားဖို့၊ လေဒဏ်မိုးဒဏ်ကို ကြံ့ကြံ့ခံရပ်တည်နိုင်ဖို့ မဖြစ်နိုင်တဲ့သဘာဝ သစ်ပင်တွေမှာ ရှိတယ်။ လူတွေမှာလည်း ဒီလိုပါပဲ။ အခု ကိုယ်ရေးပြထားတဲ့ တနင်္လာဂြိုဟ်တိုင်မှာကြည့်ရင် အမြစ်နေရာမှာ ရပ်တည်နေတာက အလုပ်အကိုင်ဆိုတဲ့ စီးပွားရေးလုပ်ငန်းတွေကို ကိုယ်စားပြုတဲ့ တနင်္ဂနွေဂြိုဟ်၊ အညွန့်နေရာမှာ ရောက်ရှိနေတာက စိတ်၊ စိတ်ချမ်းသာမှုကို ကိုယ်စားပြုတဲ့ အင်္ဂါဂြိုဟ်။ ဒါကြောင့် ဒီကာလအပိုင်းအခြားအတွင်းမှာ ကိုယ်အပါအဝင် ကိုယ့်မိသားစု စိတ်ချမ်းချမ်းသာသာနဲ့ နေနိုင်၊ စားနိုင်ဖို့ ကိုယ်လုပ်ကိုင်နေတဲ့အလုပ် တစ်နည်းအားဖြင့် ကိုယ့်ရဲ့ စီးပွားရေးလုပ်ငန်းဟာ မှန်မှန်ကန်ကန်ရှိဖို့၊ သမ္မာအာဇီဝဖြစ်ဖို့၊ မိစ္ဆာအာဇီဝမဖြစ်ဖို့ လိုအပ်တယ်'

'ဒါဆိုရင် ကိုမောင် ဒီနှစ်ထဲမှာ အလုပ်အကိုင်အဆင်မပြေတာနဲ့ စုပြီးဆောင်းပြီး အပိုဝင်ငွေလေးများ ရမလားလို့ မွေးမြူရေးဖြစ်တဲ့ သားစားငါးခူတို့၊ ဝက်တို့ မွေးထားတာတွေက သမ္မာအာဇီဝ မဟုတ်တဲ့အတွက် ကျွန်တော့်ရဲ့ မူလလုပ်ငန်းကို ပြန်ပြီးထိခိုက်မှုတွေ ဖြစ်စေတာပေါ့နော်'

'ဟုတ်တယ် ကုလားအို၊ အလုပ်အကိုင်အဆင်မပြေလို့ မွေးမြူရေးလုပ်၊ မွေးမြူရေးလုပ်လို့ အလုပ်အကိုင်အဆင်မပြေ ဒီသဘောမျိုးဖြစ်နေတယ်။ လောကဓံ(၈)ပါး သက္ကတ်ဗေဒင်ပညာ အယူအဆဟာ လောကဓံ(၈)ပါးဆိုတဲ့ တစ်ဖက်မှာ ယသော၊ သုခံ၊ ပသံသာ၊ လာဘောဆိုတဲ့ ကောင်းတဲ့လောကဓံ(၄)ပါး တစ်ဆက်တစ်စပ်တည်း တည်ရှိနေသလို အခြားတစ်ဖက်မှာလည်း အယသော၊ ဒုက္ခံ၊ နိန္ဒာ၊ အလာဘောဆိုတဲ့ မကောင်းတဲ့ လောကဓံ(၄)ပါး တစ်ဆက်တစ်စပ်တည်း ရှိနေပြန်တယ်။ အခု ကိုယ့်ညီ ရောက်နေတဲ့ လာဘောလောကဓံဟာ ကောင်းကျိုးခံစားရတဲ့ လောကဓံ(၄)ပါးရဲ့ နောက်ဆုံးလောကဓံပဲ။ ဒါကြောင့် ရှေ့နှစ်တွေမှာ ကြုံတွေ့ရနိုင်တဲ့ ဆိုးကျိုးတွေကို ကြံ့ကြံ့ခံနိုင်ဖို့ လာဘောလောကဓံ သက်ရောက်ကာလမှာ အကောင်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင် စုဆောင်းထားနိုင်ဖို့ လိုအပ်တယ် ကုလားအို'

'ဒါဆို ကျွန်တော် ဘာဆက်လုပ်ရမလဲ ကိုမောင်'

မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်မှာထားဆိုတဲ့ အဆူဆူသောဗုဒ္ဓတွေရဲ့ အဆုံးအမနဲ့အညီ နေထိုင်ကျင့်ကြံပြီး သမ္မာအာဇီဝကျတဲ့ အသက်မွေးဝမ်းကျောင်းမှုတွေကိုပဲ ရွေးပြီးပြုပေါ့ကွာ။ အကုသိုလ်တရားတွေ တိုးပွားစေနိုင်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတရားနဲ့ ကင်းအောင်နေပြီး ကုသိုလ်ဆရာတွေ ပွားများစေတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရား (၄)ပါးကို လက်ကိုင်ထား မိစ္ဆာအာဇီဝအလုပ်တွေကိုရှောင်



www.burmeseclassic.com

www.burmeseclassic.com

ရင် လာဘောလောကခံရဲ့ ပင်ကိုသတ္တိအရ အစစအရာရာ အဆင်ပြေသွားမှာပါ'

'ဟုတ်ကဲ့ ကိုမောင်'

'ကိုယ့်ညီ အခုလုပ်နေတဲ့ လက်သမားအလုပ်ဟာ ကိုယ်တတ်ထားတဲ့ပညာနဲ့ သူများတကာတွေ နေရေးထိုင်ရေး အဆင်ပြေအောင် အဆင့်အတန်းမြင့်မြင့် နေထိုင်နိုင်အောင် ကူညီပံ့ပိုးပေးရာရောက်လို့ စိတ်ထားတတ်ရင် ဝမ်းဝရုံမက ကုသိုလ်ပါရတဲ့ အလုပ်ပါ။ ကိုယ့်ညီရဲ့အမျိုးသမီး လုပ်ကိုင်နေတဲ့ စိုက်ပျိုးအလုပ်ကလည်း လူတွေရဲ့ စားရေးသောက်ရေးကို ကူညီပံ့ပိုးပေးတဲ့အလုပ်မို့ ကိုယ့်ရဲ့ လုပ်အားပေါ်မှာ စေတနာလေးထည့်လိုက်ရင် တကယ်မွန်မြတ်ပြီး ဝမ်းဝရုံမက ကုသိုလ်ပါရနိုင်တဲ့ အလုပ်ပါ။ ဒါကြောင့် သတ္တဝါတွေရဲ့ အသက်နဲ့ရင်းရတဲ့ သားစားငါးချမွေးတာတို့၊ ဝက်မွေးတာတို့ ကိုရပ်လိုက်ပြီး လက်သမားအလုပ်နဲ့ စိုက်ပျိုးရေးအလုပ်ကိုပဲ အာရုံစိုက်ပြီး လုပ်စေချင်တယ်'

'ဟုတ်ကဲ့ ကိုမောင်၊ ကိုမောင် အကြံပေးတဲ့အတိုင်း ကျွန်တော်လိုက်နာပါ့မယ်။ တခြားသတိထားရမယ့်အချက်တွေ ရှိရင်လည်း ပြောပြပေးပါဦး'

'စောစောက ရေးပြထားတဲ့ တနင်္လာတိုင်မှာ ပြန်ကြည့်ရင် နဝင်းနေရာမှာ သောကြာဂြိုဟ်ရပ်တည်နေပြီး အခိုက်ဖြစ်တဲ့ အမြစ်နေရာမှာ တနင်္ဂနွေဂြိုဟ် ရပ်တည်နေတာ ကိုယ့်ညီ တွေ့လိမ့်မယ်။ ဒီဂြိုဟ်ခွင်(၂)ခုဟာ ဆက်စပ်မှု၊ ဆက်သွယ်မှုရှိနေတဲ့ ဂြိုဟ်(၂)ခုပဲ။ နဝင်းခွင်မှာရှိတဲ့ ဂြိုဟ်ကို လှုပ်နှိုးလိုက်တာနဲ့ အခိုက်မှာရပ်တည်နေတဲ့ဂြိုဟ်ရဲ့ သတ္တိတွေ ပြတော့တာပဲ။

ဒီနေရာမှာ ကိုယ့်ညီသိထားရမှာက ပုံမှာ ကိုယ်ရေးပြထားတဲ့အတိုင်း သောကြာဂြိုဟ်ရဲ့ ပရိယာယ်က ခရီး၊ စကား၊ လှုပ်ရှား၊ တနင်္ဂနွေဂြိုဟ်ရဲ့ ပရိယာယ်က အိုးအိမ်၊ အုပ်စု၊ အလုပ် ဒါကြောင့် အလုပ်အကိုင်၊ တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်း အဆင်ပြေချင်ရင် ကိုယ့်ရဲ့အိမ်ထောင်၊ ကိုယ်ပါဝင်နေတဲ့ အုပ်စုအဖွဲ့အစည်းတွေထဲမှာ အဆင်ပြေပြေ ရှိစေချင်ရင် စကားအပြောအဆိုတို့၊ ခရီးသွားလာမှုတို့ကို ဆင်ခြင်ဖို့၊ သတိထားဖို့ လိုလိမ့်မယ်။ ကိုယ့်ရဲ့နှုတ်က ထွက်တဲ့စကားဟာ ကောင်းသောစကား၊ အကျိုးရှိတဲ့စကားမျိုး ဖြစ်သင့်သလို ကိုယ့်ရဲ့ လှုပ်ရှားသွားလာမှုတိုင်းဟာလည်း ကောင်းသောသွားလာမှု၊ အပြစ်ကင်းသော သွားလာလှုပ်ရှားမှုမျိုး ဖြစ်ဖို့လိုတယ်'

'ကိုမောင်ရေးပြထားတဲ့ တနင်္လာတိုင်မှာ အပေါ်(၃)ခွင်ကို အကျိုးတရား၊ အောက်ဘက်(၃)ခွင်ကို အကြောင်းတရားလို့ ဖော်ပြထားတာ သတိထားမိတယ်။ ဒီသဘောကိုလည်း ရှင်းပြပေးပါဦး'

'အကြောင်းကြောင့် အကျိုးဖြစ်တယ် ဆိုတဲ့စကား ကိုယ့်ညီ ကြားဖူးမှာပေါ့။ ပုံမှာကြည့်ရင် နာလို့ရေးပြထားတဲ့ စတုရန်းခွင်ဟာ တနင်္လာတိုင်ရဲ့ အောက်(၃)ခွင်ဖြစ်တဲ့ အကြောင်းတရား နယ်မြေထဲမှာ ပါနေတာ တွေ့လိမ့်မယ်။ အဲဒီ နာဆိုတဲ့ စတုရန်းခွင်မှာ ရပ်တည်တဲ့ဂြိုဟ်က ပညာ၊ အတွေးအခေါ်ကို ကိုယ်စားပြုတဲ့ ကြာသပတေးဂြိုဟ်၊ ဒီလို အတွေးအခေါ်နဲ့ဆိုင်တဲ့ ကြာသပတေးဂြိုဟ် စတုရန်းမှာ ခိုနေတဲ့ကာလ ဖြစ်တဲ့အတွက် သဘာဝအားဖြင့် လွဲမှားတဲ့ အတွေးအခေါ်တွေ၊ အကြံအစည်တွေကို တွေးခေါ်ကြံစည်မိလိမ့်မယ်။ ဒီအကြောင်းတရားကြောင့်၊ ဒီလွဲမှားတဲ့ အတွေးအခေါ်တွေကြောင့် တနင်္လာဂြိုဟ်ဖြစ်တဲ့ လာဘောလောကခံဟာ ပျက်တော့တာပဲ။ လာဘောလောကခံ ပျက်ပြီဆိုမှတော့ အခွင့်အလမ်းကောင်းတွေ လာဘ်လာဘတွေ ဆုံးရှုံးပြီး စီးပွားရေးလည်း နာလန်မထူနိုင်တော့ဘူးပေါ့။ ဒါကြောင့် လောကခံ(၈)ပါး သက္ကတ်ပညာရှင်တွေက လာဘောလောကခံကို ထိန်းသိမ်းစောင့်ရှောက်ချင်ရင် ကောင်းစွာကြံစည်ဆုံးဖြတ်ခြင်းဆိုတဲ့ သမ္မာသင်္ကပ္ပဉာဏ်နဲ့ ထိန်းရမယ်လို့ ဆိုတယ်။

ဆက်ကြည့်ရင် ထွက်၊ ပျက်ဆိုတဲ့ တိုင်ခြေတြိဂုဏ်နေရာမှာ ဗုဒ္ဓဟူးဂြိုဟ်ရပ်တည်နေတာ တွေ့ရမယ်။ ဒါကြောင့် ဒီကာလမှာ ဒုက္ခရောက်လာတဲ့ လူတစ်ဦးတစ်ယောက်ကို အိမ်မှာ ခေါ်ထားမိရင် ဒီအကြောင်းကြောင့် လာဘောလောကခံရဲ့ ပင်ကိုသဘာဝပျောက်ကွယ်ပြီး ငွေကြေးကိစ္စ အဆင်မပြေတာတို့၊ ကျန်းမာရေးထိခိုက်တာတို့၊ ဂုဏ်သတင်းထိခိုက်တာတို့ စတဲ့မကောင်းကျိုးတွေ တွေ့ရတော့တာပဲ'

'ဒီနေ့ ကိုမောင်နဲ့ ပြန်ဆုံဖြစ်တာ ကျွန်တော့်အတွက်တော့ မှတ်စရာသားစရာတွေ အများကြီးရလိုက်တယ်။ ကျေးဇူးပါပဲ ကိုမောင်'

'လာဘောလောကခံနဲ့ပတ်သက်တဲ့ မှတ်သားစရာတွေ ရှိသေးတယ်။ လာဘောလောကခံဟာ တနင်္လာသက်ရောက် ဖြစ်တဲ့အတွက် တနင်္လာရဲ့ အတွင်းရန်ဖြစ်တဲ့ သော



www.burmeseclassic.com

www.burmeseclassic.com

...မီး အိမ်မှာ အတူနေထိုင်တာရှိရင် အိမ်ထောင်ရေး ...တဲ့တာတို့၊ အုပ်စုအတွင်း၊ အဖွဲ့အစည်းအတွင်းမှာ ...ထားကွဲလွဲတာတို့၊ ကျန်းမာရေးညံ့နေတတ်ပြီး ခွဲ ...သမှု ခံယူရတဲ့အဖြစ်မျိုး ကြုံတွေ့ရတာတို့ ဖြစ်တတ် ...။ အတူနေ မိသားစု ၃ထဲမှာ အပြင်ရန်ဘက်ကျတဲ့ ...ပတေးသားသမီး ရှိခဲ့ရင်လည်း အမှုအခင်းရင်ဆိုင် ...ခရီးသွားရင်း မတော်တဆထိခိုက်မှု ဖြစ်တာ ...တွေ ကြုံတွေ့ရတတ်တယ်။ သတိ၊ ဝီရိယနဲ့ နေသင့်တဲ့ ...ပါပဲ။ မြန်မာ့ရိုးရာဗေဒင်ပညာမှာ အဓိကအခန်းက ...ဝင်နေတဲ့ မဟာဘုတ်နည်းနဲ့ ကြည့်ရင်လည်း (၆)ကြွင်း ...ဘုတ်သမားရှိခဲ့ရင် တနင်္လာဂြိုဟ် မရဏခွင်မှာ ကျ ...တ်ခိုက်ဖြစ်တဲ့အတွက် အဲဒီနှစ်အတွင်းမှာ ကျန်းမာရေး ...ာတာတို့၊ ငွေရေးကြေးရေးကိစ္စ အဆင်မပြေတာတို့ ...ကြုံရတတ်တယ်လို့ ဆိုထားတယ်။ ကုလားအိုတို့ မိသား ...ထဲမှာ ဒီလိုလူမျိုးတွေ မရှိဘူး မဟုတ်လား'

'မရှိဘူး ကိုမောင်။ ဒါကြောင့် ဒီအတွက်တော့ ပူစရာ ...တော့ဘူး။ ဒါနဲ့ ကိုမောင်တို့မိသားစုတွေ သာယာဝတီ ...ကြသေးဘူးမဟုတ်လား။ အချိန်ရရင် အိမ်အလည်ဖိတ်ပြီး ထမင်းကျွေးချင်လို့'

'နေပါစေ ကုလားအို။ ဒီညက ကိုကျော်ဖေ၊ မငဲတို့ တာဝန်ယူပြီးသား။ မနက်ဖြန်ကျတော့ ကိုညိုတင်၊ မခွဲ တို့ကို အလှည့်ပေးရဦးမယ်လေ။ ရောက်တုန်းရောက်ခိုက် ညီအစ်မတွေ အားရအောင် တွေ့ပါစေဦး။ ကိုယ့်ညီ ကျွေး မယ့်ထမင်းကိုတော့ ကိုယ်တို့ ဒီသလဲဦးကို အခြေချဖို့ ပြောင်းလာမှပဲ သလဲဦးသားအဖြစ် ခံယူပြီးမှပဲ စားတော့ မယ်'

အတွေးများအဆုံးတွင် စက်ရုံထိပ် အင်းရွာလမ်းခွဲသို့ ရောက်ရှိလာသဖြင့် ရှေ့နောက်ယာဉ်ကြောရှင်း၊မရှင်း သတိ ထား ကြည့်လိုက်ပြီး အချက်ပြမီးကိုဖွင့်ကာ ဆိုင်ကယ်ကို အရှိန်လျှော့၍ ဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။ ဂိတ်ရှေ့ သို့အရောက်တွင် စက်ရုံတွင်းမှ ဝန်ထမ်းများ ထွက်လာနေ သည်ကို တွေ့သဖြင့် လက်မှနာရီကို အမှတ်တမဲ့မြှောက် ကြည့်လိုက်ရာ (၁၁)နာရီခွဲ နေ့ခင်းထမင်းစားဆင်းချိန်သို့ ရောက်ရှိနေမှန်း သိလိုက်ရသဖြင့် ဆိုင်ကယ်ကို ညာဘက်သို့ ချိုးကွေ့ကာ အိမ်ဘက်သို့ ဘီးလိမ့်ရုံ မောင်းလာမိသည်။

ကိုကိုမောင်(အင်းလေး)


နှလုံးတုန်၊ ရင်ခုန်၊ မူးမောသူများအတွက်

# နန်းထိပ်တင်



နှလုံးခုန်နှုန်း မမှန်ခြင်း၊ နှလုံးသွေးကြော ကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှစ်ခြိုက်စွာ အိပ်မရခြင်း၊ အိပ်ရာမှ နိုးစတွင် ရင်တဒိတ်ဒိတ်ခုန်ခြင်း၊ ဦးခေါင်းမကြည်မလင် မူးဝေခြင်း၊ စိတ်မကြည်မလင် ထိုင်းမှိုင်း ခြင်း၊ အသားအရေ မွဲခြောက်ပိန်လှီခြင်း၊ မအီမသာဖြစ်ခြင်း၊ အသက်ရှူမမှန်ခြင်း၊ နှလုံးနှင့်ပတ်သက် သော ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။ ဤဆေးကို နေ့စဉ်မှန်မှန် သောက်သုံးပါက အသားအရေ စိုပြေကြည်လင် လှပနုပျို ကျန်းမာသက်ရှည်ပါမည်။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၉/၂၀၁၀ တဆထလ(၂၀၂၆)
ယာယီဆေးဝါးမှတ်ပုံတင်အမှတ် - ၀၂၁၃ Y ၀၁၀၁၇၈
ကြော်ငြာခွင့်ပြုချက် - ၂၃၁/၁၀၁၃ [တဆထက(တနယ်ဖင်း)]

နှလုံးအားတိုးဆေး

မင်ရင်း နန်းထိပ်တင်ဆေးဆိုင် - တိုက်(၅)၊ အခန်း(၁၀၁)၊ သီရိမင်္ဂလာအိမ်ရာ၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၂၀၀၀၉၉၇၊ ☎ (၀၁)၂၁၁၈၈၃
ရန်ကုန် ပြည့်ခြမြန်မာဆေးမျိုးစုံဆိုင် - ဆိုင်အမှတ်(B-50. 51) ရွှေပြည့်စုံဈေး (ဒုတိယထပ်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
☎ ၀၉၄၂၁၀၀၇၇၈၃၊ ၀၉၄၂၀၁၈၀၂၃၀
မန္တလေး ဦးအေးမြင့် မြန်မာဆေးမျိုးစုံဆိုင် - ရောင်းဝယ်ရေး/E ရုံ (သဇင်ရုံ)၊ အမှတ်-၉၆(မြေညီထပ်)၊ ဈေးချို၊ မန္တလေးမြို့ ☎ (၀၂)၃၁၀၈၀

www.burmeseclassic.com



မင်းနေထွန်း(ကာန္တာရှု)

# နှစ်ကာံပြိုင်ပွဲစာ

တစ်ရက် ညနေ(၄း၃၀)နာရီ ဝန်းကျင်လောက်မှာ အသက်(၃၀)ဝန်းကျင်ခန့် မိန်းကလေးနှစ်ယောက် ကျွန်တော့်အိမ်ကို ရောက်လာကြပါတယ်။ ဒီအချိန်ဟာ ဗေဒင်မေးချိန်မဟုတ်လို့ အခြားကိစ္စတစ်ခုခုနဲ့ ရောက်လာကြသူတွေပဲ ဖြစ်မယ်ဆိုပြီး အေးဆေးပဲ စာဖတ်နေရာက ထပြီး ခရီးဦးကြို မပြုလိုက်မိဘူး။ ကျွန်တော့်ဇနီးနဲ့ပဲ အိမ်ရှေ့မှာ စကားပြောနေကြပါတယ်။

အတန်ကြာတော့မှ-

'ဗေဒင်တွက်ချင်လို့တဲ့။ မနက်ဖြန်မှပဲ မနက်(၉း၀၀)နာရီက ညနေ(၃း၀၀)နာရီအတွင်း လာကြပါလားဆိုတော့ အခု မွေးသက္ကရာဇ်တွေ ပေးထားခဲ့ချင်ပါတယ်တဲ့။ လက်ထပ်လို့ဖြစ်,မဖြစ် မနက်ဖြန်မှပဲ တွက်ပေးပါတဲ့'လို့ ဇနီးသည်က စကားရှေ့နေလုပ်ပြီး မိန်းကလေးနှစ်ယောက်ကို အိမ်ထဲ ခေါ်လာပါတယ်။

မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်ကတော့ ကြည်ကြည်လင်လင် ပြုံးပြုံးရွှင်ရွှင်ပါပဲ။ ကျန်တစ်ယောက်ကတော့ မျက်နှာညှိုးညှိုးငယ်ငယ် သုန်သုန်မှုန်မှုန် ဖြစ်နေပါတယ်။

ကျွန်တော့်ရှေ့ ဝင်ထိုင်ထိုင်ချင်း မျက်နှာသုန်သုန်မှုန်မှုန်နဲ့ မိန်းကလေးက-

'ကျွန်မနဲ့ ကျွန်မအမျိုးသားရဲ့ မွေးသက္ကရာဇ်တွေပါ ဆရာ။ ကျွန်မတို့ချင်း လက်ထပ်လို့ဖြစ်,မဖြစ် တိတိကျကျ သိချင်လို့ပါ။ နှစ်ဖက်လူကြီးတွေနဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကတော့ နင်တို့ဟာ မွှာကျနေသတဲ့။ ဆရာ့ မဂ္ဂဇင်းမှာ ရေးထားတဲ့ မွှာ၊ သောက၊ အင်းဝ၊ ရာဇာ တွက်နည်းနဲ့လည်း တူညီနေသတဲ့။ အဲဒါ..'ဆိုပြီး ရေးမှတ်ထားတဲ့ စာရွက်လေးတစ်ရွက်ကို ရိုရိုသေသေ လက်နှစ်ဖက်နဲ့ကိုင်ပြီး ကျွန်တော့်ဆီ ပေးလာပါတယ်။

ဩော်..ဒါကြောင့် မျက်နှာသုန်သုန်မှုန်မှုန် ဖြစ်နေရှာတာကိုး။

ကျွန်တော်က ထိုးပေးလာတဲ့ စာရွက်လေးကို လှမ်းယူရင်း သူ့ကို ပြုံးပြလိုက်ပါတယ်။ သဘောကတော့ အားတက်သွားစေချင်လို့ပါ။

ပြုံးပြရုံတင်မဟုတ်ဘဲ ကျွန်တော့်နှုတ်ကလည်း-

'သမီးရယ်..တကယ် မွှာ၊ သောက၊ အင်းဝ၊ ရာဇာ ကျနေလည်း အခြား,အခြားနည်းတွေနဲ့ စိစစ်ကြည့်ရင် ရပါသေးတယ်။ လူနှစ်ဦး လက်ထပ်ပေါင်းသင်းရာမှာ အဲဒီ မွှာ၊ သောက၊ အင်းဝ၊ ရာဇာ တစ်ခုတည်းပဲ အရေးကြီးတာမှမဟုတ်ဘဲ။ အခြား ဂြိုဟ်၊ နက္ခတ်၊ စန်း၊ လဂ်တွေ ရှိသေးတာပဲ။ စိစစ်ကြည့်သေးတာပေါ့။ မနက်ဖြန်လာခဲ့၊ ဆရာ စိစစ်ပေးမယ်။ ကြားလား'လို့ အားပေးလိုက်ပါသေးတယ်။

'ကျွန်မက ရုံးဝန်ထမ်းဆိုတော့ ဆရာ ဗေဒင်ဟောပေးချိန်အတွင်း မလာနိုင်လို့ ခွင့်လွှတ်ပါ ဆရာ။ ခွင့်ယူရင်တော့ ရပါတယ်။ ဒါပေမဲ့ ကျွန်မ ကိုယ်ရေးကိုယ်တာ ကိစ္စလေးတစ်ခုနဲ့ နိုင်ငံတော်တာဝန် ရုံးကိစ္စကို မလစ်ဟင်းစေချင်လို့ပါ။ ဖြစ်နိုင်ရင် ဟောစာတမ်းမျိုးပဲ ရေးပေးပါဆရာ'တဲ့

ကောင်းလိုက်တဲ့ စိတ်ထားလေး။ ရှာမှရှားတဲ့ မိန်းကလေးပါပဲ။ ကျွန်တော့်စိတ်ထဲက ချီးကျူးရင်း လေးစားသွားမိပါတယ်။

ဒါကြောင့်လည်း-

'စိတ်ချ သမီး၊ ဟောစာတမ်း ရေးပေးမယ်။ မနက်ဖြန် သမီးရုံးဆင်းချိန်ကျမှ လာယူ။ ဟုတ်ပြီလား'ဆိုတော့ အပြုံးလေး လှစ်ခနဲပွင့်လာပြီး ခေါင်းညိတ်ပါတယ်။

သူတို့နှစ်ယောက် ကျွန်တော့်ရှေ့က ထွက်ခွာသွားတော့ ညနေ(၄း၄၀)နာရီရှိပြီ။ အဲဒီနေ့က အင်္ဂါနေ့ဆိုတော့ ပညာရပ်အခေါ် ဘောမအချိန်။ အရပ်အခေါ် အင်္ဂါချိန်၊ အင်္ဂါအခါ။ အင်း..လင်ယောကျ်ား ခင်ပွန်းသည်လို့ အနက်အဓိပ္ပာယ်ပရိယာယ်ရှိတဲ့ အင်္ဂါနံအတွက် အကျဉ်းအကျပ်ကာလပဲပေါ့။

www.burmeseclassic.com

နောက်တစ်နေ့ မနက်(၉း၀၀)နာရီကျော်ကျော်မှာပဲ မုန့်စားပွဲမှာထိုင်ပြီး သူတို့နှစ်ယောက်ရဲ့ ကံဇာတာခွင်များကို ဗေဒင်နည်းနဲ့ ဖွေရှာကြည့်မိပါတယ်။ ဟုတ်တယ်၊ သူတို့နှစ်ယောက် ဓမ္မာစစ်စစ်မိနေတာ မှန်တယ်။

အမျိုးသားလေးက စနေသားဖြစ်တဲ့အပြင် မူလမဟာဘုတ် (၀)ကြွင်းသမား၊ ကလေးမက ကြာသပတေးသမီးဖြစ်တဲ့အပြင် မူလမဟာဘုတ် (၅)ကြွင်းသူ။ နှစ်ဦးစလုံး ဘုတ်အိမ်မှာချည်း မွေးနံ့တွေရှိသူ။ ဒီတော့ ပက္ခသဘောအရ စနေနဲ့ ဘင်္ဂဟာ ပက္ခပေါ့။ စနေနဲ့ ကြာသပတေး ဓမ္မာ တည့်ကြီးပေါ့။


ရှတ်တရက်တော့ ကျွန်တော်လည်း စိတ်မကောင်းဖြစ်သွားပါသေးတယ်။ ညှိုးညှိုးငယ်ငယ် သုန်သုန်မှုန်မှုန် မျက်နှာလေးကိုလည်း ကွက်ခနဲမြင်ယောင်လာမိပါတယ်။ ဒါနဲ့ နက္ခတ်ဇာတာ ဖွဲ့ကြည့်လိုက်တော့ အမျိုးသားလေးက ဗြိစ္ဆာလက်ဖြစ်နေပြီး ကလေးမလေးကိုယ်တိုင်က တူလက်ဖြစ်နေတာကို တွေ့လိုက်ရတယ်။

မြန်မာ့ရိုးရာဗေဒင်ပညာရပ်မှာ လက်ထပ်လိုကြတဲ့ မောင်နှံလောင်းနှစ်ဦးရဲ့ လဂ်အနေအထားတွေကိုကြည့်ပြီး လက်ထပ်သင့်၊ လက်မထပ်သင့်ဆိုပြီး သတ်မှတ်ပေးထားခဲ့ကြတဲ့ ရှေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့် သတ်မှတ်ချက်တွေ ရှိပါတယ်။


အဲဒါတွေကတော့ မိဿလဂ်နဲ့ မေထုန်လဂ် ဖြစ်တယ်ဆိုရင်၊ ပြိဿလဂ်နဲ့ ကန်လဂ်ဆိုရင်၊ ကရကဋ်လဂ်နဲ့ ဗြိစ္ဆာလဂ် ဖြစ်တယ်ဆိုရင်၊ တူလဂ်နဲ့ ဓနုလဂ် ဖြစ်တယ်ဆိုရင်၊ မကာရလဂ်နဲ့ မိန်လဂ် ဖြစ်တယ်ဆိုရင် လက်ဆက်ထိမ်းမြားခြင်းကြတယ်ပေါ့။

အဲဒီလိုမှမဟုတ်ဘဲ မိဿလဂ်နဲ့ ကန်လဂ် ဖြစ်နေကြတယ်ဆိုရင်၊ မေထုန်လဂ်နဲ့ မကာရလဂ် ဖြစ်မယ်ဆိုရင်၊ ဒါမှမဟုတ် မေထုန်လဂ်နဲ့ ဓနုလဂ် ဖြစ်မယ်ဆိုရင်၊ ကရကဋ်လဂ်နဲ့ ကုမ်လဂ် ဖြစ်မယ်ဆိုရင်တော့ ဇာတာလက်စန်းချင်း မသင့်တဲ့အတွက် ဟန့်တားတတ်ကြပါတယ်။


အခုဟာက ဗြိစ္ဆာလဂ်နဲ့ တူလဂ်ဆိုတော့ မိတ်ဖက်ချင်း မဟုတ်သလို ရန်ဆန့်ကျင်လဂ်တွေလည်း မဟုတ်ကြလေတော့ လက်ထပ်ကြမယ်ဆိုရင် ဘာပြဿနာမှမရှိတဲ့လဂ်တွေ ဖြစ်နေကြတယ်။ လဂ်ဆိုတာက ဇာတာမှာ ရာသီအိမ်တစ်ခုအတွင်း မှတ်သားထားတဲ့ (လ)အမှတ်အသားလေးကို ခေါ်တာပါ။




(ရာသီခွင်)




(အမျိုးသား)




(အမျိုးသမီး)

အဲဒီတော့ မိတ်လည်းမကျ၊ ရန်လည်းမဟုတ်တဲ့ ဥဒါသိန်လဂ်တွေ ဖြစ်နေတဲ့အတွက် လက်ဆက်ထိမ်းမြားလို့ရတယ်လို့ ကျွန်တော် ကောက်ချက်ဆွဲလိုက်ပါတယ်။ ဒါက နက္ခတ်ဗြိဟ်၊ စန်း၊ လဂ်အရပေါ့။

နောက်တစ်နည်းကတော့ တိုင်းခြားသားဖြစ်တဲ့ ကချင်



www.burmeseclassic.com

www.burmeseclassic.com

လူမျိုးတွေရဲ့ ဖူးစာဖက်ရှာနည်းနဲ့ တွက်ချက်စစ်ဆေးကြည့်ပါတယ်။ ဒီနေရာမှာ တရုတ်နည်းဆိုလို့ တရုတ်ကို ကိုးကွယ်ဆည်းကပ် အလေးထားတဲ့သဘော မဟုတ်ပါဘူး။ နှိုင်းယှဉ်လို့ရအောင် ဖော်ပြတဲ့သဘောသက်သက်ပါလို့ တင်ပြထားလိုပါတယ်။

တရုတ်နည်းဆိုတော့ တိရစ္ဆာန်ပုံရိပ်တွေပါပဲ။ ကြက်၊ ဝက်၊ ကြွက်၊ ကျား၊ မြွေ၊ ဆိတ် စတဲ့တိရစ္ဆာန်(၁၂)မျိုးနဲ့ ဖော်ပြထားပါတယ်။ တရုတ်တိုင်းရင်းသားတွေရဲ့အခေါ်ကတော့ ဝမ့်နျဲန်းလိ(Wang Nian Li) လို့ခေါ်တဲ့ ပြက္ခဒိန်မှာ ဖော်ပြထားပါတယ်။

ဥပမာ-ယောကျ်ားလေးဖြစ်သူက ကြွက်ပုံရိပ်ဖြစ်တယ်ဆိုပါတော့။ ကြွက်ပုံရိပ်အမျိုးသမီးနဲ့ လက်ထပ်ရင် ကောင်းတယ်။ နွားပုံရိပ်အမျိုးသမီးနဲ့ဆို အလွန်ကောင်းတယ်။ ကျားပုံရိပ်အမျိုးသမီး ဖြစ်မယ်ဆိုရင်တော့ ညံ့တယ်။ ယုန်ပုံရိပ်အမျိုးသမီး ဖြစ်မယ်ဆိုရင်တော့ အလွန်ညံ့တယ်ဆိုတာမျိုးပါပဲ။

အမျိုးသမီးဆိုရင်လည်း မိမိက နွားပုံရိပ် ဖြစ်မယ်ဆိုရင် ကြွက်ပုံရိပ်အမျိုးသားနဲ့ လက်ထပ်ရင် အလွန်ကောင်းပါတယ်။ ခွေးပုံရိပ်အမျိုးသား ဖြစ်မယ်ဆိုရင်တော့ အလွန်ညံ့တယ် ဆိုတာမျိုးပါပဲ။ တွက်နည်းက ရှည်လျားတဲ့အတွက် ဒီဆောင်းပါးမှာ မဖော်ပြပေးနိုင်တာ ခွင့်လွှတ်ပါ။

အခု ကျွန်တော် တွက်ချက်စစ်ဆေး နှိုင်းယှဉ်ကြည့်နေတဲ့ အမျိုးသားနဲ့ အမျိုးသမီးလေးတွေအဖို့ ကံကောင်းတယ်လို့ ဆိုရမှာပါပဲ။ အမျိုးသားလေးက ဝက်ပုံရိပ် ဖြစ်ပါတယ်။ အမျိုးသမီးလေးက ကျားပုံရိပ် ဖြစ်ပါတယ်။

အမျိုးသားဝက်ပုံရိပ်က အမျိုးသမီးပုံရိပ်တွေဖြစ်တဲ့ နွား၊ မြွေ၊ မြင်းနဲ့ မျောက်ကို ရှောင်ရပါမယ်။ ကျားပုံရိပ်အမျိုးသမီးနဲ့ဆိုရင် သင့်အနေအထားမှာ ရှိပါတယ်။

အမျိုးသမီး ကျားပုံရိပ်က အမျိုးသားပုံရိပ်တွေဖြစ်တဲ့ ကြွက်၊ နွား၊ ကျား၊ ယုန်၊ ဆိတ်နဲ့ ကြက်တွေကို ရှောင်ရပါမယ်။ ဝက်ပုံရိပ် အမျိုးသားနဲ့ဆိုရင် ကောင်းဆိုတဲ့ အနေအထားမှာ ရှိပါတယ်။ ဒီတော့ ကျွန်တော့်ကာယကံရှင်နှစ်ဦးကို လက်ထပ်ကြမယ်ဆိုရင် ရဲရဲဝံ့ဝံ့လက်ထပ်ကြပါလို့ အကြံပေးလို့ ရသွားပါပြီ။ နက္ခတ်ဂြိုဟ်စန်း၊ လဂ်အရကောင်း၊ တရုတ်နည်းအရကောင်း အဆင့်ရနေမှတော့ မရှော၊ သောက၊ အင်း၀၊ ရာဇာကို စိတ်ထဲမှာ မထားသင့်တော့ပါဘူး။ မရှော၊ သောက၊ အင်း၀၊ ရာဇာကို လုံး၀ဥပက္ခာပြု ဆန့်ကျင်ရမလားဆိုတော့လည်း အဲဒီလိုတော့ မဟုတ်ပါဘူး။ ရှေးထုံးရှေးနည်းတွေပဲဗျာ။ လုံး၀ဥပက္ခာပြုလို့ ဖြစ်မတဲ့လား။ ဒီတော့ ဘာလုပ်ကြရဦးမှာလဲဆိုတော့ အနှာသိရင် ဆေးရှိရမှာပေါ့။

ရှေးဘိုးဘောဘီဘင် ဗေဒင်ပညာရှင်ကြီးတွေဟာ မျက်စိတစ်ဖက်ကန်း လှေနံဓားထစ် ဝါဒသမားကြီးတွေ မဟုတ်ကြဘူးဗျ။ အနှာနဲ့ဆေး တည့်အောင်ပေးတဲ့ နည်းတွေလည်း ဖော်စပ်ပေးထားခဲ့ကြပါတယ်။ ဒီဆောင်းပါးရဲ့ အဓိကပေးဆပ်ချင်တဲ့ စေတနာက အဲဒီအနှာနဲ့ဆေး တည့်အောင်ပေးနည်းလေးကို လက်ဆင့်ကမ်း မျှဝေပေးချင်တာပါပဲ။

အဲဒီနည်းကတော့ ဓာတ်နံသား ဘုရားရုပ်ပွားကို အိမ်ထောင်ဦးရုပ်ပွားဆင်းတုတော်အဖြစ် ကိုးကွယ်ပူဇော်တဲ့နည်းပါပဲ။ ယောကျ်ားလေးဆိုရင် ဝဲယာနမက္ခရတိုင်က လက်ယာဘက်အထက်သုံးလုံး နံဂြိုဟ်တစ်ခုခုကို ဓာတ်ဘုရား ထုလုပ်ကိုးကွယ်ရပါမယ်။ မိန်းကလေးဆိုရင် ဝဲဘက်အထက်သုံးလုံး နံဂြိုဟ်တစ်ခုခုကို ဓာတ်ဘုရား ထုလုပ်ကိုးကွယ်ရမယ်လို့ ဆိုပါတယ်။

ဒီတော့ ကျွန်တော် ကာယကံရှင်နှစ်ဦးရဲ့ ဝဲ,ယာနာမက္ခရတိုင်ကို လေ့လာတဲ့အခါမှာ ဗုဒ္ဓဟူးနံဂြိုဟ် ဓာတ်သားဘုရားကို အိမ်ထောင်ဦးရုပ်ပွားတော်အဖြစ် ကိုးကွယ်ပူဇော်လို့ ရတာပေါ့။ အပူဇော်ခိုင်းရမှာပေါ့။

| | (၆) | |
|---|---|---|
| ၅ | (၉)* | |
| ၃ | (၂) | |
| ၁ | ၀ | |

(အမျိုးသား)

| | (၉)* | |
|---|---|---|
| ၃ | (၂) | |
| ၁ | (၀) | |
| ၆ | ၅ | |

(အမျိုးသမီး)

ဗုဒ္ဓဟူးနံဂြိုဟ် ဓာတ်သားရုပ်ပွားဆိုတော့ ယ-ယမနေ သစ်ကောင်းပေ ဆိုတဲ့အတိုင်း ယမနေသားကို ဓာတ်ဘုရားရုပ်ပွား ကိုးကွယ်ခိုင်းရမှာပေါ့။ အဲဒီလိုဆိုရင် စနေသားနဲ့ ကြာသပတေးသမီးတို့ရဲ့ မရှောကျရောက်မှု ရောဂါဘေးဆိုးကြီးဟာ ဆေးတိုးပြီး လုံး၀(လုံး၀)ပျောက်ကင်းကျန်းမာ ချမ်းသာသွားပြီလေ။

ကလေးမလေး ဟောစာတမ်း လာယူရင် ပျော်ရွှင်သွားအောင် ဟောစာတမ်း ရေးလိုက်ပါဦးမယ်ခင်ဗျာ။

**ပညာရှင်အပေါင်းကို မညောင်းသော်ရဝဖြင့်**

**မင်းနေထွန်း(ဘန့်ဘလူး)**



www.burmeseclassic.com

www.burmeseclassic.com



ဂမ္ဘီရပရိသတ်မေး၍

ဆရာရန်အောင်ဟိန်း ဖြေသည့်

## ဂမ္ဘီရမဂ္ဂဇင်း (ဗေဒင် အမေး-အဖြေ ကဏ္ဍ)

ဂမ္ဘီရမဂ္ဂဇင်း၏ ဗေဒင် အမေး-အဖြေကဏ္ဍတွင် မေးမြန်းလိုပါက မေးလိုသောအချက်ကို အတိအကျ(လိုတိုရှင်း) ရေးသား၍ အောက်ဖော်ပြပါလိပ်စာအတိုင်း လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ဂမ္ဘီရ မဂ္ဂဇင်း

အမှတ်-၁၈၂(က)(မြေညီထပ်)၊ ၃၃-လမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

- မေးသူ၏အမည် ------------------------------
- မွေးနေ့ (နှစ်၊ လ၊ ရက်) ------------------------------
- မွေးဖွားရာ မြို့/ရွာ ------------------------------
- အချိန်နာရီ (နေ့/ည) ------------------------------

**မေးခွန်းများ**

(၁) ------------------------------


(၂) ------------------------------

(၃) ------------------------------




www.burmeseclassic.com

www.burmeseclassic.com



**တောင်မာဝင်း**

**([illegible]-၅-၁၉၈၅၊ ည ၁၂း၃၀ နာရီ၊ လင်းခေးမြို့)**




၁။ *မည်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်သင့်ပါသလဲ။*

(၁၀)တန့်သခင်ဂြိုဟ် အင်္ဂါ (၄)တန့်ဘာဝတွင် (၇)တန့်သခင် ၁နွေဂြိုဟ်၊ (၅၊ ၈)တန့်သခင် ၄ဟူးဂြိုဟ်တို့နှင့် ယှဉ်ရပ်တည်နေသည်ကို (၂၊ ၁၁)တန့်သခင်ဂြိုဟ် ၅တေး (၁၂)တန့်ဘာဝမှ (၅)တန့် အထူးမြင်ထား၏။ သို့ဖြစ်၍ အိုးရဝန်ထမ်းထက် စီးပွားရေးလမ်းကြောင်းဘက် လုပ်သင့်၏။ (၁၀)တန့်တွင် စနေရပ်၍ အင်္ဂါ၊ ၁နွေ၊ ၄ဟူးတို့ (၄)တန့်မှ အမြင်ကြုံနေကြ၏။ စိုက်ပျိုးရေးထွက်ကုန်၊ ဓာတ်မှုလုပ်ငန်း၊ ဆေးဝါးပစ္စည်း၊ ဖိနပ်လုပ်ငန်းများထဲမှ လုပ်ကိုင်သင့်၏။

၂။ *လက်ရှိအလုပ် ရာထူးတိုးကိန်း ရှိ/မရှိ။*


လက်ရှိ ဝန်ထမ်းဆိုပါက ရာထူးတိုးရန် ရှိ၏။ သို့သော် ဝန်ထမ်းအဖြစ် လုပ်သက်ပြည့်သည်အထိ မလုပ်ဖြစ်တတ်ကြောင်း တွေ့နေရ၏။ (၂၀၁၅)ခုနှစ်၊ မတ်လမှ မေလအတွင်း ရာထူးတိုးနိုင်၏။

၃။ *ဘဝအဆင့်အတန်း။ ကြီးပွားမည့်ကာလ။*

လဂ်သခင် (၁၀)တန့်ရပ်၍ ဘဝအဆင့် မနိမ့်တတ်ပါ။ ယင်းသည် စနေဂြိုဟ်ဖြစ်နေခြင်းက သက်လတ်ပိုင်းလွန်ပြီးမှ ဘဝအဆင့် တိုးမြှင့်မှု ကြုံရစေတတ်၏။ (၅-၃-၂၀၂၅)နောက်ပိုင်း စားဝင်မည့် ရာဟုထူလဒသာသည် (၂၊ ၃၊ ၄၊ ၁၀)တန့်ဘာဝများအတွက် အကျိုးဆောင်၍ ယင်းကာလတွင် ဘဝတိုးမြှင့်မှု ကြုံပေမည်။

**မစုသန္တာ**

**(၂၅-၇-၁၉၈၉၊ ၉း၅၅ နာရီ၊ မုံရွာမြို့)**




၁။ *ဘဝတွင် အောင်မြင်မည့်ကာလ။*

ဇာတာတွင် (၂)တန့်ဘာဝသခင်ဂြိုဟ် ၆ကြာသည် (၁၂)တန့်တွင် ရပ်ပြီး (၁၁)တန့်ဘာဝသို့ ပြောင်းလဲရပ်တည်သော ကိတ်၊ အင်္ဂါဂြိုဟ်တို့နှင့် ပူးယှဉ်၏။ ကိတ်ပိုင်နက္ခတ်ကို စီးထား၏။ (၁၀)တန့်တွင် ၅တေးဂြိုဟ် ရပ်တည်၏။ ဘဝတွင် ငွေကြေးအောင်မြင်၍ ဘဝအဆင့် မြင့်ပေမည်။ (၂၀၂၁)ခုနှစ်မှ (၂၀၃၁)ခုနှစ်ထိ စားဝင်မည့် ၂လ်ာထူလဒသာတွင် ၂လ်ာဂြိုဟ်၏ (၁၁)တန့်၊ (၇)တန့် ဘာဝအတွက် အားကောင်းစွာ အကျိုးဆောင်မှုကြောင့် ဘဝအဆင့် မြင့်မားကာ ငွေကြေးဆိုင်ရာ အောင်မြင်မှုများ ကြုံတွေ့ခံစားရပေလိမ့်မည်။

၂။ *အိမ်ထောင်ကံ၊ ကာလ။*

(၇)တန့်သခင် ၅တေးဂြိုဟ် (၁၀)တန့်ဘာဝတွင် ရပ်

www.burmeseclassic.com

www.burmeseclassic.com


တည်ပြီး (၂)တန့်ဘာဝအား အမြင်ကြုံ၏။ အိမ်ထောင်ကျနိုင်ကိန်း ရှိသော်လည်း မမြဲတတ်ခြင်း၊ နောက်ကျတတ်ခြင်းများရှိ၍ အိမ်ထောင်မပြုသင့်ပါချေ။ အထက်တွင်ဆိုခဲ့သော (၇၊ ၁၁)တန့် အကျိုးဆောင် ၂လ်ာဒသာတွင် အိမ်ထောင်ကျတတ်၏။

၃။ *မည်သည့်လုပ်ငန်းဖြင့် ဘဝတိုးတက်မလဲ။*

(၁၀)တန့်သခင် ဗကြာ (၁၂)တန့်တွင် (၁၁)တန့်ရပ် အင်္ဂါ၊ ကိတ်တို့နှင့် ပူး၏။ ၅တေး (၁၀)တန့် ရပ်၏။ စက်မှုလုပ်ငန်း၊ စက်ပစ္စည်း၊ ပညာရေးလုပ်ငန်း၊ စာပေသင်ကြားခြင်း(ဆရာ)၊ ဘဏ်ဝန်ထမ်း စသည်တို့ လုပ်ရတတ်၏။ အကျိုးပေးကာလကား (၂၀၂၁)ခုနှစ်နောက်ပိုင်းဖြစ်၏။

## မောင်အောင်မြင့်ထွန်း

**(၁၁-၁၁-၁၉၉၈၊ နံနက် ၅း၄၅ နာရီ၊ ရန်ကုန်မြို့)**




၁။ *(၂၀၁၅)ခုနှစ် တက္ကသိုလ်ဝင်တန်း ထူးချွန်စွာ အောင်မြင်မည်လား။*

(၄)တန့်သခင် စနေဂြိုဟ်သည် (၆)တန့်ဘာဝသို့ ပြောင်းလဲရပ်တည်ပြီး (၄)တန့်ဘာဝအား ပြန်မြင်ထား၏။ ယင်းကို (၁၁)တန့်သခင် ၁နေ့နှင့် (၁၊ ၈)တန့်သခင် ဗကြာတို့ တူရာသီမှ လှမ်းမြင်ထား၏။ ပညာရေး ထူးချွန်တတ်ပါသည်။ သို့သော် ထစ်ငေါ့နှောင့်နှေးမှုများ ကြုံရတတ်၏။ (၂၀၁၅)ခုနှစ်၊ မတ်လ စာမေးပွဲကာလတွင် ကိတ်ထူလ၊ ဗကြာဘုတ္တိ၊ ၅တေးအန္တရဒသာ စားဝင်နေ၏။ ကိတ်သည် (၄)တန့်တွင် (၃၊ ၆)သခင် ၅တေးနှင့် ပူးယှဉ်ရပ်တည်၏။ ဘုတ္တိဒသာသခင် ဗကြာသည် (၃၊ ၆)တန့်သခင် ၅တေးပိုင်နက္ခတ်ကို စီး၏။ ၅တေးကား (၃၊ ၆)တန့်သခင်ဖြစ်သည်။ ထူးချွန်စွာ အောင်မြင်နိုင်သော်လည်း အချို့ဘာသာရပ်တွင် အားနည်းဖွယ် ရှိ၏။

၂။ *အကျိုးပေးလုပ်ငန်း၊ အောင်မြင်မည့်ကာလ။*


(၁၀)တန့်သခင် ၂လ်ာဂြိုဟ် (၁၀)တန့်တွင်ပင် ရပ်တည်၏။ (၂)တန့်ရပ် (၉၊ ၁၂)တန့်သခင် ၄ဟူးပိုင်နက္ခတ်ကို စီးထား၏။ ရေကြောင်းခရီး၊ သင်္ဘောသား၊ ရေ၊အရည်နှင့် ပတ်သက်သော လုပ်ငန်း(ဥပမာ-အချိုရည်၊ လက်ဖက်ရည်ဆိုင်၊ ရေသန့်)မျိုးထဲမှ လုပ်ကိုင်သင့်၏။ ဘဝအောင်မြင်မှုကိုကား အသက်(၃၅)နှစ်ကျော် ၁နေ့ထူလဒသာ (၁၁-တန့်သခင် လဂ်ရပ်)တွင် ကြုံတွေ့ရပေမည်။

၃။ *အိုဇာတာ ကောင်း/မကောင်း။*

အသက်(၅၈)နှစ်နောက်ပိုင်း (၇၆)နှစ်ထိ ရာဟုဒသာကာလဖြစ်၏။ ရာဟုသည် (၁၀၊ ၁၁၊ ၂၊ ၇)တန့်များအတွက် အကျိုးဆောင်ပေရာ အိုဇာတာကောင်းပါသည်။ ပူစရာမရှိပါ။

## မဟာန်နီထွန်း

**(၁-၆-၁၉၉၀၊ ၁၀း၀၀ နာရီ၊ နောင်ချိုမြို့)**




၁။ *မည်သည့်အလုပ်မျိုး အကျိုးပေးမလဲ။*

ဝန်ထမ်း၊ ကိုယ်ပိုင်လုပ်ငန်း နှစ်မျိုးလုံး အကျိုးပေ… ၏။ (၁၀)တန့်သခင် အင်္ဂါဂြိုဟ်သည် (၉)တန့်မှနေ၍ (… ၉)တန့်သခင် ၅တေးအား (၄)တန့် အထူးမြင်သကဲ့သို့ (၇… တန့်သခင် စနေဂြိုဟ်ကလည်း ယင်းအင်္ဂါအား (၇)တန့်… နေ၍ (၃)တန့်အထူးမြင်ကြုံ၍ ဖြစ်၏။ စားသောက်ကု… မွေးမြူရေး၊ အထည်၊ စိုက်ပျိုးရေးထွက်ကုန်၊ စက်မှုလု… ငန်း၊ စက်ပစ္စည်းဆိုင်ရာလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း… ညှိလမ်းညွှန် စသည်တို့ အကျိုးပေး၏။ လက်ရှိတွင် (၇-… ၄-၂၀၁၄)မှ စတင်စားဝင်နေသော ရာဟုဒသာသည် (… ၇၊ ၂၊ ၁)တန့် ဘာဝများအတွက် အကျိုးဆောင်၍ လုပ်င… ပိုင်း အကျိုးပေးကောင်းစေပါမည်။

၂။ *အိမ်ထောင်ကံ၊ ပြုသင့်သောကာလ။*



www.burmeseclassic.com

www.burmeseclassic.com


(၇)တန့်သခင် စနေ (၇)တန့်တွင် ရာဟုနှင့် ပူးသော် ဘာဝစက်တွင် (၆)တန့်သို့ ပြောင်းလဲသွား၏။ သို့ (၁၁)တန့်ရပ် (၂)တန့်သခင် ၁နွေပိုင်နက္ခတ်ကို စီး၏။ င်ကျ နောက်ကျတတ်ခြင်း၊ အိမ်ထောင်ဖက်နှင့် ကြောင့်) ခွဲနေရခြင်းများ ကြုံတတ်၏။ အိမ်ထောင် သင့်သည်။ (၂၀၁၇-၁၈)တွင် အိမ်ထောင်ပြုသင့်ပါ

*ထီပေါက်ကိန်း၊ ကာလ။*

(၁)တန့်သခင် ၄ဟူးဂြိုဟ် (၁၀)တန့်တွင် (၉)တန့်သို့ လဲရပ်တည်သော (၄၊ ၁၁)တန့်သခင် ၆ကြာဂြိုဟ်နှင့် ။ ထီပေါက်ကိန်းရှိသော်လည်း အားနည်း၏။ ဆုကြီး ခဝင်တတ်ပါ။ (၂၀၁၅)ခုနှစ်အတွင်း ထီကံ စမ်းကြည့်

## ိုင်မြဲအောင်

**-၉-၁၉၇၁၊ ၉း၁၅ နာရီ၊ ဆင်ဖြူကျွန်းမြို့)**




*နိုင်ငံခြားအလုပ်ကိန်း၊ ကာလ။*

(၁၀)တန့်သခင် ၂လ်ာဂြိုဟ် (၆)တန့်တွင် ရပ်တည် (၁၂)တန့်ကို မြင်၏။ ယင်းကို (၃၊ ၆)တန့်သခင် ဂြိုဟ်က (၂)တန့်ဘာဝမှနေ၍ (၅)တန့်အထူးမြင်ကြုံ သို့အတွက် နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်နိုင် ရှိ၏။ ကိတ်ထူလ၊ ၄ဟူးဘုတ္တိဒသာသည် (၂၉-၃- ၅)ထိ စားဝင်ပေမည်။ နှစ်ခုလုံး (၁၀၊ ၉၊ ၁၂)တန့် များအတွက် အကျိုးဆောင်သောကြောင့် ကြိုးစားပေး ယင်းကာလအတွင်း အခွင့်အရေးကောင်းများ ပေါ်ပေ ည်။

*လက်ရှိထက် ဘာဝအဆင့်မြင့်မည်လား။*


လဂ်သခင် ၆ကြာဂြိုဟ် (၁၁)တန့်ဘာဝတွင် (၁၁)တန့် ခင် ၁နွေဂြိုဟ်နှင့် ပူးယှဉ်ရပ်တည်၏။ (၁၀)တန့်သခင် ၂လ်ာဂြိုဟ် (၆)တန့်ဘာဝတွင် ရပ်တည်ကာ (၂)တန့်ရပ် (၃၊ ၆)တန့်သခင် ၅တေးပိုင်နက္ခတ်ကို စီးထား၏။ လက်ရှိ ဘာဝထက် ပိုမိုမြင့်မားလာဖို့ ရှိပါသည်။ ကြိုးစားပါလေ။

၃။ *ကျန်းမာရေးသတိပြုရမည့်ကာလ။*

လက်ရှိစားဝင်နေသော ကိတ်ထူလမှာ (၅)တန့်ရပ် (၁၀)တန့်သခင် ၂လ်ာဂြိုဟ်အား ကိုယ်စားပြုထား၏။ ကျန်းမာရေး မည့်နိုင်ပါ။ (၂၉-၃-၂၀၁၅)နောက်ပိုင်း စားဝင်မည့် ၆ကြာထူလမှာ (၁၁၊ ၁၊ ၈)တန့် အကျိုးဆောင်၏။ ကျန်းမာရေးထက် ထိခိုက်အနာတရ(accident) မျိုးသာ သတိပြုရပေမည်။

## မောင်မိုးသူအောင်

**(၃၀-၁၀-၁၉၉၆၊ ည ၁၀း၁၅ နာရီ၊ ချောက်မြို့)**




၁။ *တိုးတက်ကြီးပွားမည့် အလုပ်။*

(၁၀)တန့်သခင် ၅တေးဂြိုဟ် (၇)တန့် မိမိပိုင်ဘာဝ တွင်ပင် ရပ်တည်ပြီး (၁၀)တန့်တွင် စနေ၊ ကိတ် ရပ်တည် သည်ကို ၆ကြာ၊ ရာဟု မြင်ထား၏။ ပရိဘောဂလုပ်ငန်း၊ သားရေလုပ်ငန်း၊ စားသောက်ကုန်၊ လျှပ်စစ်(ကွန်ပျူတာ) ပစ္စည်း၊ ဆက်သွယ်ရေးသုံးပစ္စည်းဆိုင်ရာ လုပ်ငန်းများ လုပ်နိုင်၏။ (၁၇-၉-၂၀၁၆)နောက်ပိုင်းတွင် (၂)တန့်သခင် ၂လ်ာဂြိုဟ်ကို (၇)တန့်မှ ရပ်ကာ အမြင်ကြုံနေသော ၅တေး ထူလဒသာ စားဝင်မည်။ ယင်းကာလများတွင် ကြီးပွား တိုးတက်ရန် ရှိပါသည်။

၂။ *ဖူးစာဖက်ပုံသဏ္ဌာန်၊ အိမ်ထောင်ကံ ကောင်း/ မကောင်း။*

(၇)တန့်သခင် ၅တေးဂြိုဟ် မိမိပိုင် ခေနှ(မိး)ရာသီ တွင် ရပ်တည်၏။ အရပ်မြင့်မည်။ ကိုယ်ခန္ဓာ အလတ်စား ဖြစ်မည်။ မျက်နှာပြည့်မည်။ အမျိုးသမီးများတွင် ထွား သည်ဟု ဆိုနိုင်သော အနေအထားတွင် ရှိမည်။ အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com


ကံ ကောင်းပါသည်။

၃။ *မိဘကို အလုပ်အကျွေးပြုနိုင်မည်လား။*

(၄)တန့်သခင် ၄ဟူး (၅)တန့်ရာသီ (၄-တန့်ဘာဝ) တွင် ရပ်တည်သည်ကို (၃)တန့်သခင် ၁နွေ ပူးယှဉ်နေ၏။ (၉)တန့်သခင် စနေဂြိုဟ် (၁၀)တန့်ရာသီ (၉-တန့်ဘာဝ) တွင် ရပ်တည်သည်ကို ရာဟု၊ ကိတ် ကျပ်ထား၏။ မိခင် အား ပိုမိုအလုပ်အကျွေးပြုနိုင်လိမ့်မည်။

## မောင်ဝင်းမိုး

**(၂၇-၁၁-၁၉၉၅၊ နံနက် ၅း၁၀ နာရီ၊ တောင်သာမြို့)**




၁။ *လက်ရှိအလုပ်တွင် ရာထူးတိုးကိန်း ရှိ/မရှိ၊ ကာလ။*

လက်ရှိတွင် (၆)တန့်ဘာဝ (၇-တန့်ရာသီ)ရပ်၊ ရာဟု ထူလ (၁)တန့်ဘာဝ (၂-တန့်ရာသီ)ရပ်၊ ၄ဟူးဘုတ္တိဒသာ သည် (၁၀-၁၀-၂၀၁၅)ထိ စားဝင်နေ၏။ (၃၊ ၆)တန့် သခင် ၅တေးအန္တရဒသာ စားမည့် (၁၂-၁-၂၀၁၅)မှ (၁၄-၅-၂၀၁၅)တွင်း ရာထူးတက်၊ နေရာပြောင်းကိန်း တွဲ၍ပေါ်ဖို့ ရှိ၏။

၂။ *အိမ်ထောင်ကံ၊ ပြုသင့်သောကာလ။*


(၇)တန့်သခင် အင်္ဂါဂြိုဟ်သည် (၂)တန့်သခင်လည်း ဖြစ်ကာ (၁၂)တန့်ရာသီ (၁၁-တန့်ဘာဝ)တွင် ရပ်တည် ၏။ အိမ်ထောင်ကျကိန်း ရှိသော်လည်း ပူညံ့ပူညံ့နိုင်သော အိမ်ထောင်ရေးမျိုး ဖြစ်တတ်၏။ အိမ်ထောင်ကံ သင့်ရုံသာ ရှိ၏။ ရာဟုထူလ (၂၊ ၇)တန့် ၁နွေဘုတ္တိ (၁၁-တန့်) ဒသာကာလဖြစ်သော (၂၀၁၉-၂၀၂၀)ခုနှစ်တွင် အိမ်ထောင် ပြုသင့်ပါသည်။

၃။ *မိဘကို စိတ်ချမ်းသာစွာ ထားနိုင်မည်လား။*

(၄)တန့်သခင် (၂)တန့်ရပ်၍ (၄)တန့်တွင် ၅တေးဂြိုဟ် ရပ်၏။ (၉)တန့်သခင် ၄ဟူး (၂)တန့်တွင်ပင် ရပ်၏။ ထို့ ကြောင့် မိဘကို ထောက်ပံ့ ကျွေးမွေးနိုင်ပါမည်။ စိတ် ချမ်းသာစွာ ထားနိုင်ပေမည်။

## မသဉ္ဇာလှိုင်

**(၂၀-၆-၁၉၈၀၊ ည ၁၁း၄၅ နာရီ၊ ဒိုက်ဦးမြို့)**




၁။ *ဘဝအဆင့်အတန်း။*

လဂ်သခင် စနေဂြိုဟ် (၇)တန့်တွင် ရပ်တည်ပြီး (၂၊ ၁၁)တန့်သခင်ဂြိုဟ် ၅တေး (၃၊ ၁၀)တန့်သခင်ဂြိုဟ် အင်္ဂါ တို့နှင့် ပူးယှဉ်၏။ ဘဝအဆင့်မှာ မိမိ မူလပေါက်ဖွားသော မိသားစုထက် မြင့်မားဖို့သာ ရှိပါသည်။ (၂၊ ၁၁)တန့်သခင် ၅တေးဂြိုဟ်၏ ထူလဒသာသည် (၁၈-၄-၂၀၁၆)နောက် ပိုင်းတွင် (၁၆)နှစ်တိုင်တိုင် စားဝင်မည်ဖြစ်ရာ ယင်းကာလ တွင် ဘဝအဆင့် တိုးမြင့်မှု ကြုံပေမည်။

၂။ *အိုဇာတာ။*

အသက်ကြီးပိုင်းတွင် စနေထူလ၊ ဗုဒ္ဓဟူးထူလဒသာ များ စားဝင်ပေမည်။ စနေသည် အင်္ဂါ၊ ၅တေးဂြိုဟ်များ နှင့် ပူးခြင်း၊ ၄ဟူးသည် (၅)တန့်တွင် ရပ်တည်ကာ (၂၊ ၁၁)တန့်သခင် ၅တေးပိုင်နက္ခတ်တို့ကို စီးနင်းနေခြင်းကြောင့် အိုဇာတာကောင်းပါသည်။

၃။ *အလှူကြီး ပေးရကိန်း။*

စနေသည် (၁၊ ၁၂)တန့်သခင်အဖြစ် (၇)တန့်တွင် ရပ်တည်၍ (၈)တန့်ဘာဝသန္ဓိအား (၃)တန့်အထူးမြင် ကြ ပေရာ (၂၀၃၂)ခုနှစ်မှ (၂၀၅၁)ခုနှစ်အတွင်း အလှူကြီး ပေးနိုင်ခွင့် ကြုံပေမည်။

**ဆရာရန်အောင်ဟိန်း(B.Sc**
**(ခရစ်ရှနားမူတီးပဒ္ဓတိ ရှေ့ဆောင်နက္ခတ်ပညာရှင်**
**အမှတ်-၂၂၁/၂၂၃(ပ-ထပ်)၊ ၃၁-လမ်း(အထက်**
**(စင်ထရယ်ဟိုတယ်အနီး) ပန်းဘဲတန်းမြို့**
**ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၅၂၀ ၃**

www.burmeseclassic.com

www.burmeseclassic.com




ဆရာရန်အောင်ဟိန်း(B.Sc)

## (၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

# နေ့သိဒ္ဓိနက္ခတ်နယ်ပယ်ပေါ် လက်နှင့်မွန်းတည့်မျိုးဖြစ်ချိန်ဇယား

(၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နေ့သိဒ္ဓိနက္ခတ်၏ နယ်ပယ်ပေါ် လက်နှင့် မွန်းတည့်မျိုး ဖြစ်ကျော်မည့် အချိန်ဇယားကို အထူးတွက်ချက် ဖော်ပြပေးထားပါသည်။

ယင်းကာလများတွင် လာဘ,နေ့ဆိုင်ရာ ဂါထာ,မန္တန်များ ရွတ်ပွားခြင်း၊ ယတြာအစီအရင်များ လုပ်ဆောင်ခြင်းဖြင့် အကျိုးထူးများ ကေန်မုချ ခံစားရပါလိမ့်မည်။

အထူးမှာ (၂၆-၂-၂၀၁၅) ည(၇း၁၆း၄၃)နာရီမှ (၂၇-၂-၂၀၁၅) ည(၈း၃၃း၁၆)နာရီအတွင်း၌ စန်း (ခေါ်) တနင်္လာဂြိုဟ်သည် နေ့သိဒ္ဓိနက္ခတ်နယ်ပယ်ပေါ်သို့ ကောဇာသွားခြင်းဖြင့် ဖြတ်ကျော်စီးနင်းမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ လက်ဖြတ်ကျော်ခြင်းအတွက် (၂၇-၂-၂၀၁၅) နံနက်(၅း၁၇း၄၅)နာရီမှ (၆း၀၃း၄၇) နာရီအတွင်းနှင့် မွန်းတည့်မျိုးဖြတ်ကျော်ခြင်းအတွက် (၂၇-၂-၂၀၁၅) နံနက်(၁၀း၅၇း၂၆)နာရီမှ (၁၁း၄၉း၀၄)နာရီအတွင်းတို့တွင် လာဘ,နေ့ဆိုင်ရာများကို အထူးစီမံ ဆောင်ရွက်နိုင်ပါသည်။

ဆရာရန်အောင်ဟိန်း(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

(၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၆း၅၉း၅၉ | ၇း၄၆း၀၀ |
| ၂ | ၆း၅၆း၀၃ | ၇း၄၂း၀၄ |
| ၃ | ၆း၅၂း၀၇ | ၇း၃၈း၀၉ |
| ၄ | ၆း၄၈း၁၁ | ၇း၃၄း၁၃ |
| ၅ | ၆း၄၄း၁၅ | ၇း၃၀း၁၇ |
| ၆ | ၆း၄၀း၁၉ | ၇း၂၆း၂၁ |
| ၇ | ၆း၃၆း၂၃ | ၇း၂၂း၂၅ |
| ၈ | ၆း၃၂း၂၈ | ၇း၁၈း၂၉ |
| ၉ | ၆း၂၈း၃၂ | ၇း၁၄း၃၃ |
| ၁၀ | ၆း၂၄း၃၆ | ၇း၁၀း၃၇ |
| ၁၁ | ၆း၂၀း၄၀ | ၇း၀၆း၄၁ |
| ၁၂ | ၆း၁၆း၄၄ | ၇း၀၂း၄၅ |
| ၁၃ | ၆း၁၂း၄၈ | ၆း၅၈း၄၉ |
| ၁၄ | ၆း၀၈း၅၂ | ၆း၅၄း၅၄ |
| ၁၅ | ၆း၀၄း၅၆ | ၆း၅၀း၅၈ |
| ၁၆ | ၆း၀၁း၀၀ | ၆း၄၇း၀၂ |
| ၁၇ | ၅း၅၇း၀၄ | ၆း၄၃း၀၆ |
| ၁၈ | ၅း၅၃း၀၉ | ၆း၃၉း၁၀ |
| ၁၉ | ၅း၄၉း၁၃ | ၆း၃၅း၁၄ |
| ၂၀ | ၅း၄၅း၁၇ | ၆း၃၁း၁၈ |
| ၂၁ | ၅း၄၁း၂၁ | ၆း၂၇း၂၂ |
| ၂၂ | ၅း၃၇း၂၅ | ၆း၂၃း၂၆ |
| ၂၃ | ၅း၃၃း၂၉ | ၆း၁၉း၃၀ |
| ၂၄ | ၅း၂၉း၃၃ | ၆း၁၅း၃၅ |
| ၂၅ | ၅း၂၅း၃၇ | ၆း၁၁း၃၉ |
| ၂၆ | ၅း၂၁း၄၁ | ၆း၀၇း၄၃ |
| ၂၇ | ၅း၁၇း၄၅ | ၆း၀၃း၄၇ |
| ၂၈ | ၅း၁၃း၅၀ | ၅း၅၉း၅၁ |

(၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း

[illegible]

| ရက် | စဝင်ချိန် | ထွက်ခွာချိန် |
|---|---|---|
| ၁ | ၁၂း၃၉း၃၉ | ၁၃း၃၁း၁၈ |
| ၂ | ၁၂း၃၅း၄၃ | ၁၃း၂၇း၂၂ |
| ၃ | ၁၂း၃၁း၄၇ | ၁၃း၂၃း၂၆ |
| ၄ | ၁၂း၂၇း၅၂ | ၁၃း၁၉း၃၀ |
| ၅ | ၁၂း၂၃း၅၆ | ၁၃း၁၅း၃၄ |
| ၆ | ၁၂း၂၀း၀၀ | ၁၃း၁၁း၃၈ |
| ၇ | ၁၂း၁၆း၀၄ | ၁၃း၀၇း၄၂ |
| ၈ | ၁၂း၁၂း၀၈ | ၁၃း၀၃း၄၆ |
| ၉ | ၁၂း၀၈း၁၂ | ၁၂း၅၉း၅၁ |
| ၁၀ | ၁၂း၀၄း၁၆ | ၁၂း၅၅း၅၅ |
| ၁၁ | ၁၂း၀၀း၂၀ | ၁၂း၅၁း၅၉ |
| ၁၂ | ၁၁း၅၆း၂၄ | ၁၂း၄၈း၀၃ |
| ၁၃ | ၁၁း၅၂း၂၈ | ၁၂း၄၄း၀၇ |
| ၁၄ | ၁၁း၄၈း၃၃ | ၁၂း၄၀း၁၁ |
| ၁၅ | ၁၁း၄၄း၃၇ | ၁၂း၃၆း၁၅ |
| ၁၆ | ၁၁း၄၀း၄၁ | ၁၂း၃၂း၁၉ |
| ၁၇ | ၁၁း၃၆း၄၅ | ၁၂း၂၈း၂၃ |
| ၁၈ | ၁၁း၃၂း၄၉ | ၁၂း၂၄း၂၇ |
| ၁၉ | ၁၁း၂၈း၅၃ | ၁၂း၂၀း၃၂ |
| ၂၀ | ၁၁း၂၄း၅၇ | ၁၂း၁၆း၃၆ |
| ၂၁ | ၁၁း၂၁း၀၁ | ၁၂း၁၂း၄၀ |
| ၂၂ | ၁၁း၁၇း၀၅ | ၁၂း၀၈း၄၄ |
| ၂၃ | ၁၁း၁၃း၀၉ | ၁၂း၀၄း၄၈ |
| ၂၄ | ၁၁း၀၉း၁၄ | ၁၂း၀၀း၅၂ |
| ၂၅ | ၁၁း၀၅း၁၈ | ၁၁း၅၆း၅၆ |
| ၂၆ | ၁၁း၀၁း၂၂ | ၁၁း၅၃း၀၀ |
| ၂၇ | ၁၀း၅၇း၂၆ | ၁၁း၄၉း၀၄ |
| ၂၈ | ၁၀း၅၃း၃၀ | ၁၁း၄၅း၀၈ |



www.burmeseclassic.com

www.burmeseclassic.com




## (၂၀၁၅)ခုနှစ်၊ ဖေဖော်ဝါရီလအတွက် စျေးကွက်ခန့်မှန်းချက်


ဒနေ့ဂြိုဟ် မိန်ရာသီတွင် ရှိနေသဖြင့် သစ်မြစ်၊ သစ်ဥ၊ သစ်ဖု၊ သစ်သီးတို့ကို အရောင်းအဝယ် ပြုအပ်၏။ ပုလဲ၊ ပတ္တမြား စသော ရတနာပစ္စည်းတို့ စျေးတက်၍ အမြတ်အစွန်း ရနိုင်သည်။ ၅တေးဂြိုဟ် ကရကဋ်၌ ရှိနေသဖြင့် သူတော်ကောင်းတို့ ငြိမ်းအေးချမ်းသာကြလိမ့်မည်။ ကန်ရာသီတွင် ရာဟုရှိနေခြင်းကြောင့် ကဗျာဆရာ၊ ပန်းချီဆရာ၊ အဆိုတော် အနုပညာသမားများ ပျက်စီးထိခိုက်ကိန်း ရှိနေသဖြင့် ဘာသာတရား ပွဲများအားထုတ်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်းများ ပြုလုပ်၍ ယတြာချေသင့်သည်။

### ၁-၂-၂၀၁၅ (တနင်္ဂနွေနေ့)
### (၁၃၇၆)ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက်




အထက်မြှော်နက္ခတ် ရရှိသဖြင့် ယနေ့ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ နတ်ကွန်းတည်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်၊ မုခ်ဦးပြာသာဒ်ဆောက်လုပ်ရန်၊ အဆောက်အအုံအတွက် အိမ်တိုင်ထူရန်၊ အုတ်မြစ်ချ,အုတ်စီရန်၊ ကျောက်သွေးလောင်းရန်၊ အိမ်ပြောင်း,အိမ်တက်ရန်၊ လှေကားထောင်ရန်၊ ဆိုင်းဘုတ်တင်၍ ဆိုင်သစ်ဖွင့်ရန်၊ လယ်ယာ,ဥယျာဉ်ခြံ သစ်သီးဆွတ်ခူးရန်၊ အထက်လူကြီးများထံ အစီရင်ခံစာ တင်သွင်းရန်၊ အလုပ်တင်ဒါလျှောက်ရန်၊ ငွေချေးငှားအပ်နှံရန်၊ အိမ်,ခြံ,မြေ,အဆောက်အအုံ ရောင်းဝယ်ရန်၊ မော်တော်ယာဉ်ကား ရောင်းဝယ်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အောင်စိုးကျော်၊ မအိဇွန်ခိုင်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် ကုက္ကိုညွှန့် ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အနောက်အရပ် ဖြစ်သည်။ အနက်ရောင်အင်္ကျီ (သို့မဟုတ်) လက်ကိုင်ပဝါကို ဆောင်သွားနိုင်သည်။

### ၃-၂-၂၀၁၅ (အင်္ဂါနေ့)
### (၁၃၇၆)ခုနှစ်၊ တပို့တွဲလပြည့်နေ့



ဂုဏ်သရေတိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ဘုရား,စေတီ တည်ရန်၊ ကျောင်း,ဇရပ်,မုခ်ဦး,မဏ္ဍပ် တည်ဆောက်ရန်၊ ရှင်ပြု,နားသရန်၊ ဆံသနှင့် ဗျူတီပါလာလုပ်ငန်း ဆောင်ရွက်ရန်၊ သီးနှံမျိုးစေ့ ကြဲပက်စိုက်ပျိုးရန်၊ စပါးရိတ်သိမ်းရန်၊ ဥယျာဉ်ခြံလုပ်ငန်း ဆောင်ရွက်ရန်၊ အစွမ်းထက်ဆေးဝါး ဖော်စပ်ရန်၊ လုပ်ငန်းသစ် စတင်ရန်၊ ကုမ္ပဏီထူထောင်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အထည်ဒီဇိုင်းသစ် ထုတ်ရန်၊ လေကြောင်းခရီး သွားလာရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဇော်အောင်စိုး၊ မဆွေအိမ်စည်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် ဝါးညွှန့် ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ တောင်အရပ်ဖြစ်သည်။ အဝါရောင်အင်္ကျီ (သို့မဟုတ်) အဝါရောင်လက်ကိုင်ပဝါကို ဆောင်သွားနိုင်သည်။

### ၅-၂-၂၀၁၅ (ကြာသပတေးနေ့)
### (၁၃၇၆)ခုနှစ်၊ တပို့တွဲလဆုတ် (၂)ရက်



ရက်ရာဇာနှင့် ရက်တံခွန် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ဆည်မြောင်း,တာတမံနှင့် ရေတွင်း,ရေကန် တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့,ဓာတ်သတ္တုများ ရှာစမ်းရှာဖွေရန်၊ အဆို,အက,ပန်းချီလုပ်ငန်းနှင့် ဗီဒီယို,ရုပ်ရှင်လုပ်ငန်းများ ဆောင်ရွက်ရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ ချစ်မှုရေးရာကိစ္စများ ဆောင်ရွက်ရန်၊ စာပေဖြန့်ချိရေးလုပ်ငန်း ဆောင်ရွက်ရန်၊ အောင်ဘာလေထီ ကံစမ်းရန်၊ ဆေးခန်းဖွင့်ရန်၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန်၊ ဘာသာရေးအဓိဋ္ဌာန်လုပ်ငန်းတို့ ဆောင်ရွက်ရန် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း



www.burmeseclassic.com

www.burmeseclassic.com

ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မြတ်အောင်ကျော်၊ မမြအင်ကြင်း..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သီးညွန့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အရှေ့အရပ်ဖြစ်သည်။ အဖြူရောင်အင်္ကျီ (သို့မဟုတ်) အဖြူရောင်ပဝါကို ဆောင်သွားနိုင်သည်။

**၈-၂-၂၀၁၅ (တနင်္ဂနွေနေ့)**

**(၁၃၇၆)ခုနှစ်၊ တပို့တွဲလဆုတ် (၅)ရက်**



ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ နာမည်ပေးကင်ပွန်းတပ်ရန်၊ ရှင်ပြု၊နားသရန်၊ လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ဆံရိတ်၊ဆံသရန်၊ လက်ဝတ်ရတနာ ဝတ်ဆင်ရန်၊ ဗျူတီပါလာအလှပြင်လုပ်ငန်း ဆောင်ရွက်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေနှင့် ယာဉ်စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံပွဲနှင့် ညှိခံပွဲ ကျင်းပရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ မေတ္တာရေးရာစကားပြောရန်၊ အောင်ဘာလေထီထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အုပ်စိုးကျော်၊ မအိဇွန်ခိုင်..ဟု ပေးနိုင်သည်။ အဆောင်ပန်းအဖြစ် ကြာပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ တောင်အရပ်ဖြစ်သည်။ အနီရောင်အင်္ကျီ (သို့မဟုတ်) အနီရောင်ပဝါကို ဆောင်သွားနိုင်သည်။

**၁၀-၂-၂၀၁၅ (အင်္ဂါနေ့)**

**(၁၃၇၆)ခုနှစ်၊ တပို့တွဲလဆုတ် (၇)ရက်**



ဘေးနှစ်ဖက်မြင်နက္ခတ်ရရှိပြီး အမြိတ္တစုတ်၊ ရက်ရာဇာတို့ပါ ရရှိသောကြောင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရှင်ပြု၊နားသ၊လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်၊ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆင်ရန်၊ ခရီးသွားလာရန်၊ မိတ်ဆုံပွဲ၊ညှိခံပွဲများ ကျင်းပရန်၊ စာအုပ်စာပေဖြန့်ချိရန်၊ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန်၊ သိပ္ပံ၊ဝိဇ္ဇာ ပညာရပ်များ သင်ကြားရန်၊ စာပေကျမ်းဂန်များ ရေးသားဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အထွန်းဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၃း၀၀)

နာရီမှ (၄း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်စိန်အုပ်စိုး၊ မဆွေသဇင်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် ဝါညွန့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အနောက်အရပ်ဖြစ်သည်။ အပြာရောင်အင်္ကျီ (သို့မဟုတ်) အပြာရောင်ပဝါကို ဆောင်သွားနိုင်သည်။

**၁၁-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၆)ခုနှစ်၊ တပို့တွဲလဆုတ် (၈)ရက်**



တိထိရက်မြတ်ယုဂ် ရရှိသဖြင့် ယနေ့တွင်လည်း ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ ရှင်ပြု၊နားသ၊လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်ဆံသ ပြုလုပ်ရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်၊ဝတ်ဆက်ရန်၊ ဗျူတီပါလာ အလှပြင်ရန်၊ အဆောက်အအုံ ပန္နက်ရိုက်ရန်၊ အိမ်၊ခြံ၊မြေ၊ယာဉ်၊စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း၊ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံပွဲ၊ညှိခံပွဲများ ကျင်းပရန်၊ စာအုပ်စာပေ ဖြန့်ချိရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝေစိုးအောင်၊ မလင်းဆုအိမ်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သပြေညွန့် ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ တောင်အရပ်ဖြစ်သည်။ အဖြူရောင်အင်္ကျီ (သို့မဟုတ်) အဖြူရောင်ပဝါကို ဆောင်သွားနိုင်သည်။

**၁၂-၂-၂၀၁၅ (ကြာသပတေးနေ့)**

**(၁၃၇၆)ခုနှစ်၊ တပို့တွဲလဆုတ် (၉)ရက်**



ဂဏ်သရေတိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ၊ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရှာဖွေရန်၊ ရေတွင်း၊ရေကန်၊အဝီစိတွင်း တူးဖော်ရန်၊ လယ်ယာသီးနှံများ ဆွတ်ခူးရိတ်သိမ်းရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ အဆို၊အက၊ဂီတ အနုပညာဆိုင်ရာကိစ္စ ဆောင်ရွက်ရန်၊ သရုပ်ဆောင်၊ပွဲသဘင်၊ ရုပ်ရှင်၊ဗီဒီယိုလုပ်ငန်း ဆောင်ရွက်ရန်တို့တွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)

www.burmeseclassic.com

နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မိုးအောင်ကျော်၊ မမြတ်အေးခိုင်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သီးညှပ် ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အနောက်အရပ်ဖြစ်သည်။ အနက်ရောင်အင်္ကျီ (သို့မဟုတ်) အနက်ရောင်ပဝါ ဆောင်သွားနိုင်သည်။

**၁၄-၂-၂၀၁၅ (စနေနေ့)**

**(၁၃၇၆)ခုနှစ်၊ တပို့တွဲလဆုတ် (၁၁)ရက်**



ဘေးနှစ်ဖက်မြင်နက္ခတ် ရရှိသဖြင့် ယနေ့ သိပ္ပံ,ဝိဇ္ဇာ ပညာရပ်များ သင်ယူရန်၊ စာပေကျမ်းဂန် ရေးသားပြုစုရန်၊ ပန်းချီ,ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်,ခြံ,မြေ,ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ အချစ်ရေး,မေတ္တာရေးရာကိစ္စ ဆောင်ရွက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ထိုးရန်၊ မျိုးနှုတ်,ကောက်စိုက်ရန်၊ လယ်ယာမြေ ထွန်ယက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေဇော်ဦး၊ မထက်နေခြည်ဦး..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် ဩဇာညှပ်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ မြောက်အရပ်ဖြစ်သည်။ အဝါရောင်အင်္ကျီ (သို့မဟုတ်) အဝါရောင်ပဝါကို ဆောင်သွားနိုင်သည်။

**၁၅-၂-၂၀၁၅ (တနင်္ဂနွေနေ့)**

**(၁၃၇၆)ခုနှစ်၊ တပို့တွဲလဆုတ် (၁၂)ရက်**



အလုံးစုံထမြောက်သောယုဂ် ရရှိသဖြင့် ယနေ့ အစိတ္တန်လုပ်ငန်း စတင်ရန်၊ ပွဲတော်ထိုး ကိုးကွယ်ရန်၊ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း,ရေကန်,အဝီစိတွင်း တူးဖော်ရန်၊ ပန်းချီ,ပန်းပု စသော ပန်း(၁၀)မျိုးလုပ်ငန်း စတင်ရန်၊ ရုပ်ရှင်,ဇာတ်သဘင်နှင့် ဗီဒီယိုလုပ်ငန်းကိစ္စ ဆောင်ရွက်ရန်၊ လယ်ယာမြေ ထွန်ယက်စိုက်ပျိုးရန်၊ မျိုးကြဲရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်၊ အိမ်သစ်တက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အုပ်စိုးခိုင်၊ မအေးဇွန်ကြိုင်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် ကြာပန်း ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အရှေ့အရပ်ဖြစ်သည်။ အပြာရောင်အင်္ကျီ (သို့မဟုတ်) အပြာရောင်ပဝါကို ဆောင်သွားနိုင်သည်။

**၁၈-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၆)ခုနှစ်၊ တပေါင်းလဆန်း (၁)ရက်**



မင်းချီးမြှောက်ခံရသောယုဂ် ရရှိသဖြင့် ယနေ့ ကျောင်းကန်ဘုရား တည်ဆောက်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဦးခေါင်းတွင် ရတနာဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချရန်၊ အုတ်စီ၍ ကျောက်သွေးလောင်းရန်၊ အိမ်တိုင်ထူရန်၊ လှေကားထောင်ရန်၊ အိမ်တက်,အိမ်ပြောင်းရန်၊ လယ်ယာခြံမြေတွင် မျိုးစေ့ချအပင်စိုက်ရန်၊ အထက်လူကြီးများထံ အစီရင်ခံစာတင်ရန်၊ အလုပ်သစ်လျှောက်ရန်၊ အောင်ဘာလေထီ ထိုးရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းတည့်(၁၂း၀၀)နာရီမှ မွန်းလွဲ(၁း၃၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ဝေမိုးအောင်၊ မလေးစံအိမ်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် မေမြို့ပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ တောင်အရပ်ဖြစ်သည်။ အနီရောင်အင်္ကျီ (သို့မဟုတ်) အနီရောင်ပဝါကို ဆောင်သွားနိုင်သည်။

**၁၉-၂-၂၀၁၅ (ကြာသပတေးနေ့)**

**(၁၃၇၆)ခုနှစ်၊ တပေါင်းလဆန်း (၂)ရက်**



ဂုဏ်သရေတိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ ရဟန်းခံ,ရှင်ပြုရန်၊ ကုမ္ပဏီနှင့် ဆိုင်ခန်းအသစ်ဖွင့်၍ ကြော်ငြာဆိုင်းဘုတ် တင်ရန်၊ သာသနာ့အလံလွှင့်ထူ၍ ထီးတော်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူမဏ္ဍပ်,မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ,အုတ်စီ,ကျောက်သွေးလောင်း,တိုင်ထူရန်၊ အိမ်ပြောင်း,အိမ်တက်ရန်၊ လယ်ယာမြေတွင် မျိုးစေ့

www.burmeseclassic.com

www.burmeseclassic.com

ချ စိုက်ပျိုးရန်၊ သီးနှံများ ရိတ်သိမ်းခြွေတ်ချွေရန်၊ လေကြောင်း ခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ (၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်မိုးအောင်ကျော်၊ မမြအေးခိုင်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သီးညှပ်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အနောက်အရပ်ဖြစ်သည်။ အပြာရောင်အင်္ကျီ (သို့မဟုတ်) အပြာရောင်လက်ကိုင်ပဝါကို ဆောင်သွားနိုင်သည်။

**၂၁-၂-၂၀၁၅ (စနေနေ့)**

**(၁၃၇၆)ခုနှစ်၊ တပေါင်းလဆန်း (၄)ရက်**



အထက်မျှော်နက္ခတ် ရရှိသဖြင့် ယနေ့ ဘုရားတည်ရန်၊ အနေကဇာတင်ရန်၊ သာသနာ့အလံ လွှင့်ထူ၍ ထီးတော်တင်ရန်၊ အလှူမဏ္ဍာပ်,မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ရတနာရောင်းဝယ်,ဝတ်ဆင်ရန်၊ အဆောက်အအုံအတွက် အုတ်မြစ်ချ,အုတ်စီရန်၊ ကျောက်သွေးလောင်း,တိုင်ထူရန်၊ အိမ်တက်,အိမ်ပြောင်းရန်၊ သီးနှံမျိုးစေ့ စိုက်ပျိုးရန်၊ ပန်းချီ,ပန်းပု လုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်ထက်ဇော်ဦး၊ မနေခြည်အောင်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သြဇာညှပ်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ မြောက်အရပ်ဖြစ်သည်။ အနက်ရောင်အင်္ကျီ (သို့မဟုတ်) အနက်ရောင်လက်ကိုင်ပဝါကို ဆောင်သွားနိုင်သည်။

**၂၂-၂-၂၀၁၅ (တနင်္ဂနွေနေ့)**

**(၁၃၇၆)ခုနှစ်၊ တပေါင်းလဆန်း (၅)ရက်**



ဂုဏ်သရေတိုးပွားသောယုဂ် ရရှိသဖြင့် ယနေ့ နာမည်ပေးကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသ ပြုလုပ်ရန်၊ ရဟန်းခံ,ရှင်ပြုရန်၊ နေ့စပ်,လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ ဗျူတီပါလာနှင့် အလှပြင်လုပ်ငန်း ဆောင်ရွက်ရန်၊ ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ ပြည်တွင်း,ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံ,ဧည့်ခံပွဲ ကျင်းပရန်၊ လုပ်ငန်းသစ် စတင်ရန်၊ အလုပ်လျှောက်ရန်၊ အချစ်ရေးကိစ္စ ဆောင်ရွက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသောကလေးမှာ အဓိပတိဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော ညနေ(၄း၃၀)နာရီမှ (၆း၀၀)နာရီ အတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်အုပ်စိုးကျော်၊ မအိဖွန့်ခိုင်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် ကြာပန်းကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ မြောက်အရပ်ဖြစ်သည်။ အနီရောင် အင်္ကျီ (သို့မဟုတ်) အနီရောင်လက်ကိုင်ပဝါကို ဆောင် သွားနိုင်သည်။

**၂၅-၂-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

**(၁၃၇၆)ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်**



အလုံးစုံထမြောက်အောင်မြင်သောယုဂ် ရရှိသဖြင့် ယနေ့ ကျောက်မျက်ရတနာ တူးဖော်ရန်၊ ရေနံ,ဓာတ်ငွေ့နှင့် ဓာတ်သတ္တု တူးဖော်ရန်၊ ရေတွင်း,ရေကန်နှင့် အဝီစိတွင်း တူးဖော်ရန်။ အားကစားဆိုင်ရာကိစ္စ ဆောင်ရွက်ရန်၊ စာပေ,ဂီတ,ရုပ်ရှင်,သဘင် အနုပညာလုပ်ငန်းများ ဆောင်ရွက်ရန်၊ လယ်ယာသီးနှံများ ပျိုးကြဲစိုက်ပျိုးရန်၊ စပါးများ ရိတ်သိမ်း၍ ကျီသွင်းရန်၊ အိမ်,ခြံ,မြေ ရောင်းဝယ်ရန်တို့ အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ဘင်္ဂဖွားဖြစ်ပြီး ရာဟုကာလဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးနိုင်လျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်လူဇော်အောင်၊ မဝင်းဆုအေး..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် မေမြို့ပန်း ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ တောင်အရပ်ဖြစ်သည်။ အဖြူရောင်အင်္ကျီ (သို့မဟုတ်) အဖြူရောင်လက်ကိုင်ပဝါကို ဆောင်သွားနိုင်သည်။

**၂၇-၂-၂၀၁၅ (သောကြာနေ့)**

**(၁၃၇၆)ခုနှစ်၊ တပေါင်းလဆန်း (၁၀)ရက်**




ဘုန်းကံထက်မြက်သောယုဂ် ရရှိသဖြင့် ယနေ့ ဂမ္ဘီရအစိဋ္ဌာန်လုပ်ငန်းများ စတင်ဆောင်ရွက်ရန်၊ ဘုရားတည်၍ အနေကဇာတင်ရန်၊ အမည်ကင်ပွန်းတပ်ရန်၊ ဆံရိတ်,ဆံသရန်၊ ရဟန်းခံ,ရှင်ပြုနှင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပရန်၊ လက်ဝတ်ရတနာပစ္စည်း ရောင်းဝယ်,ဝတ်ဆင်ရန်၊ ဗျူတီပါလာနှင့် အလှပြင်လုပ်ငန်း ဆောင်ရွက်ရန်၊ အိမ်,

www.burmeseclassic.com

ခြံ,မြေနှင့် ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း, ပြည်ပ ခရီးသွားရန်၊ မိတ်ဆုံပွဲနှင့် ညှိနှိုင်းပွဲ ကျင်းပရန်၊ အချစ်ရေးရာကိစ္စ ဆောင်ရွက်ရန်၊ စာအုပ်စာပေ ဖြန့်ချိရန်၊ အောင်ဘာလေထီ ကံစမ်းရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ ပုတိဖွားဖြစ်ပြီး ရာဟုကာလ ဖြစ်သော မွန်းလွဲ(၁း၃၀)နာရီမှ ညနေ(၃း၀၀)နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည် ပေးလိုပါက မောင်မိုးအောင်ခိုင်၊ မမြတ်အိမ်ကြည်..ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သီးညွန့်ကို ဆောင်နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ တောင်အရပ်ဖြစ်သည်။ အနီရောင် အင်္ကျီ (သို့မဟုတ်) အနီရောင်လက်ကိုင်ပဝါကို ဆောင် သွားနိုင်သည်။

<u>၂၈-၂-၂၀၁၅ (စနေနေ့)</u>

<u>(၁၃၇၆)ခုနှစ်၊ တပေါင်းလဆန်း (၁၁)ရက်</u>




အထက်မျှော်နက္ခတ် ရရှိသဖြင့် ယနေ့ ဘုရားထီးတော်တင်ရန်၊ နတ်ကွန်းတည်ရန်၊ အုတ်တံတိုင်းနှင့် ဝင်းထရံခတ်ရန်၊ အလှူ မင်္ဂလာပ်နှင့် မုခ်ဦးပြာသာဒ် ဆောက်လုပ်ရန်၊ အိမ်တိုင်ထူရန်၊ အုတ်မြစ်ချ,အုတ်စီရန်၊ အိမ်တက်,လှေကား ထောင်ရန်၊ ကြော်ငြာဆိုင်းဘုတ်တင်ရန်၊ လယ်ယာဥယျာဉ် သီးနှံများ ဆွတ်ခူးရန်၊ အထက်လူကြီးထံ အစီရင်ခံစာ တင်ရန်၊ အလုပ်လျှောက်လွှာတင်ရန်၊ ကုမ္ပဏီသစ် ထူထောင် ရန်၊ အိမ်,ခြံ,မြေနှင့် ယာဉ်,စက်ပစ္စည်း ရောင်းဝယ်ရန်၊ ပြည်တွင်း,ပြည်ပသို့ လေကြောင်းခရီးသွားရန်တို့အတွက် ကောင်းသည်။ ယနေ့မွေးဖွားသော ကလေးမှာ မရဏဖွား ဖြစ်ပြီး ရာဟုကာလဖြစ်သော နံနက်(၉း၀၀)နာရီမှ (၁၀း၃၀) နာရီအတွင်း ရှောင်မွေးလျှင် ကံကောင်းမည်။ ဤကလေးကို နာမည်ပေးလိုပါက မောင်နေဇော်အောင်၊ မနေခြည်အေး.. ဟု ပေးနိုင်သည်။ အဆောင်အဖြစ် သြဇာညွန့်ကို ဆောင် နိုင်ပြီး လာဘ်ပွင့်ရာအရပ်မှာ အနောက်အရပ် ဖြစ်သည်။ အဝါရောင်အင်္ကျီ (သို့မဟုတ်) အဝါရောင်လက်ကိုင်ပဝါကို ဆောင်သွားနိုင်သည်။

ဝေဒ-တပသီ

မင်းမဟော်ညွန့်

(လှုထုအောင်မြေ-အခါတော်ပေး)


## ဆရာဦးသိန်းဝင်း

B.A (Geog:), ဒ.ဘ.န.ဝ (တ.ဆ-၁၄၃၂)

## ပြည်တော်စံ

တိုင်းရင်းဆေးကုခန်း

နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အာရုံကြော အားနည်း၊ လေငန်း/လေဖြတ်၊ ကိုယ်ခံအားကျခြင်း၊ အကြောနှင့်ပတ်သက်သော ရောဂါများ ကုသပေးပါသည်။

❖ လေဖြတ်ရောဂါ ဝေဒနာရှင်များ အထူးကုသပေးပါသည် ❖

## လေဖြတ်ခြင်းကို

## ကြိုတင်ကာကွယ်ပါ

လေဖြတ်မည့် လက္ခဏာများ

* ဦးခေါင်းနောက်စေ့တွင် ခေါင်းကိုက်ခြင်း
* မျက်ခွံနှင့် မျက်စိကြွက်သားတို့ ဆတ်ခနဲ လှုပ်ရှားခြင်း
* ပစ္စည်းများ ကိုင်လျှင် မကြာခဏ လွတ်ကျခြင်း
* ခြေ,လက်များ ထုံကျဉ်ခြင်း
* လမ်းလျှောက်လျှင် ခြေဆွဲနေခြင်း
* စကားပြော လေးခြင်း

စသည့် လက္ခဏာများ တွေ့ရှိခံစားရလျှင် ကြိုတင်၍ ဆေးစားခြင်း၊ အကြောဖွင့်ခြင်းတို့ကို ပြုလုပ်ပါက လေဖြတ်ခြင်းကို ကြိုတင်ကာကွယ်နိုင်ပါသည်။

ဆေးခန်းဖွင့်ချိန် - နံနက်(၁၁း၀၀)နာရီမှ ညနေ(၄း၃၀)နာရီထိ (တနင်္ဂနွေနေ့ ပိတ်သည်)

အမှတ်(၁၉)၊ (၁၁၂)လမ်း၊ (မိုလ်မင်းရောင်လမ်းမ)၊ မင်္ဂလာတောင်ညွန့်မြို့နယ် (ရဲစခန်းနေ့)။

☎ (၀၁)၈၆၁၉၀၈၃ ၊ ၀၉ ၃၁ ၆၅၂ ၇၂၄




www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘုန်းပွင့်မှ ဆရာမမြင့်ခင်ခင်

## NIRAYANA OR SIDEREAL SYSTEM






ဗေဒင်ပညာဟူသည် ဝိဇ္ဇာ,သိပ္ပံ နှစ်ရပ်လုံးနှင့် ပါဝင်ပတ်သက် နက်ရှိုင်းလှသော ပညာရပ် ဖြစ်ပါတယ်။ နက်ရှိုင်းသော အတိတ်၊ ပစ္စုပ္ပန်နဲ့ ဘဝအတွက် အရေးအပါဆုံးသော အနာဂတ်ကို ကြိုတင်မြင်နိုင်စွမ်းရှိသော ဘဝရှေ့ဆောင်လမ်းပြ မီးပြတိုက်ပါ။ ဘုရား မပွင့်ခင်ကတည်းကပင် အတိုင်ပင်ခံ ပညာရပ်အဖြစ် ထင်ရှားခဲ့တဲ့ ပညာရပ်လည်း ဖြစ်တယ်။ သို့သော် ဗေဒင်မေးသည် ဆိုကြရာဝယ် မိမိကလည်း ကံကောင်းနေမှသာ ပညာရှင်အစစ်အမှန်နဲ့ တွေ့ရတတ်တာမျိုးပါ။ ပညာရှင်ဆိုရာမှာ သိပ္ပံ Computer တွေ၊ တွက်ကိန်းတွေ ဘယ်လောက်ပဲ တိကျအောင် တွက်တတ်လို့ ပါရဂူပင် ဖြစ်နေပါစေ ဗေဒင်ဆရာ၊ ဆရာမ၏ မူလဇာတာ၌ ပင်ကို အဟော skill တွေ ပါလာပါမှ၊ လက္ခဏာ (ဂြိုဟ်မဟုတ်) ဇာတာမှာ Intuition အလိုလို ကြိုသိမြင်နိုင်စွမ်းရှိတဲ့ အကြားအမြင်အားတွေ ပါနေပါမှလည်း အတိတ်ထက် အနာဂတ်ကို ဟောဆိုရာမှာ ပိုမိုအားရှိနေနိုင်သလို Intuition ဆိုတာက သမာဓိနှင့် နွယ်နေတာမို့ ယတြာလည်း အစွမ်းထက်တတ်ပါတယ်။ စာရေးသူက ရွှေဘုန်းပွင့်ဘက်ရောက်တော့ တစ်ချိန်က လူတွေ တန်းစီနေခဲ့ပါတယ်ဆိုတဲ့ ဆရာမတစ်ယောက် ထိုင်နေတာကို တွေ့ရတယ်။ ခုတော့ လူတွေ ပါးနေပါလား၊ ကံများ ကျနေရော့သလားလို့ သံသယဖြစ်လို့ မေးကြည့်လိုက်တော့ ဆရာမ ဖုန်းမှာ ဖုန်းကတ်တင် (၂)သိန်းဖိုးလောက် သွင်းထားသလို မကြာ,မကြာ ဖုန်းဝင်နေတာကိုလည်း သိလိုက်ရတယ်။ ဆရာမက ဖုန်းနဲ့ နိုင်ငံတကာကို ဟောပေးနေကြောင်း၊ ဖုန်းကတ်ဖိုးတွေကို လည်း ပြည်တွင်း,ပြည်ပမှ ပရိသတ်တွေက လုမ်းထည့်ပေးနေကြကြောင်း ပြောပြပါတယ်။ **"မနက်ကနေ ည(၇)နာရီလောက်အထိ ဟောပေးပါတယ်။ အဲလို ဆက်တိုက်ဟောနေတာက ပိုက်ဆံတော့ ရပါတယ်ရှင်။ ဒါပေမဲ့ သမာဓိအား ကျလာတယ်။ သမာဓိအား နည်းရင်လည်း အမှားပါသွားတတ်သလို အဓိက ယတြာပေးရင် အစွမ်းမထက် ဖြစ်တတ်ပါတယ်။ ပိုက်ဆံရလိုက် ပေမယ့် ပရိသတ်တွေကို ထိခိုက်သွားနိုင်တာမို့ ခုတော့ တစ်နေ့ (၉)ယောက်ပဲ ဟောပေးသလို ကျန်အချိန်တွေမှာ အခဝေးဆုံးက အခက်အခဲရှိနေတဲ့ လူတွေအတွက် ဦးစားပေးပြီး ဖုန်းနဲ့ ဟောပြောပေးတယ်။ လိုအပ်ရင်တော့ ယတြာပေးပါတယ်။ တကယ်ဒုက္ခရောက်သူ၊ ဆေးရုံတက် ခွဲစိတ်ရမယ့် လူနာတွေဆိုရင် စေတနာထားပြီး အခကြေးငွေ လုံးဝမယူဘဲ ဟောပေး ပါတယ်"** ဇာတာလေးကို တောင်းကြည့်လိုက်တော့ ဆရာမမြင့်ခင်ခင် ဇာတာမှာ ဗေဒင်ဆရာယုဂ်ကို အားအပြည့် ရထားတာကို တွေ့ရပါတယ်။ ကန်လဂ်မှာ စန်းယှဉ်နေပြီး လဂ်,စန်း နှစ်ပါးစလုံးရဲ့ (၂)တန့်မှာ ဗုဒ္ဓဟူး+သောကြာ+Neptune နဲ့ ဥစ်စနေ ပူးယှဉ်နေသလို (၁၁)တန့်မှာ ဂုရုကြာသပတေး ရပ်တည်နေတာကို တွေ့ရပါတယ်။ Combination တစ်ခုကပင် Intuition သမာဓိနဲ့ ယတြာစွမ်းနိုင်တဲ့ အားကောင်းတဲ့ ဗေဒင်ဆရာ ယုဂ်ကို ရထားတာမို့ ဆရာမမြင့်ခင်ခင်ဆီ မေးလာတဲ့ ပရိသတ်တိုင်း (၉၀%)လောက်ကတော့ ကျေနပ်အားရကြမှာလို့ ယုံကြည်ရပါတယ်။ ဗေဒင်မေးသူတွေကလည်း မည်မျှပူလောင်နေရတဲ့အဖြစ်နဲ့ ကြုံနေပါစေ၊ ဆရာမအရှေ့ ရောက်နေတဲ့အချိန်မှာ မိမိရင်ထဲ အကြည်ဓာတ်တစ်ခု ကိန်းအောင်းနေနိုင်မည်ဆိုပါက မိမိအတွက် အကောင်းအဟောတွေကလည်း ကွက်တိမှန်လာနိုင်မှာဖြစ်သလို ဆရာမ ပေးလိုက်သော ယတြာကလည်း အစွမ်းထက်နေမှာ အမှန်ပင်။ ဗေဒင်မေးသူတိုင်း ဆရာအစစ်အမှန်တို့နှင့် ကြုံတွေ့လို့ လူမှုစီးပွား ကျန်းမာရေးတို့ ဘက်စုံ အောင်မြင်နိုင်ကြပါစေ။

သုတေသီတစ်ဦး

(March 26, 2014)

## ဒေါ်မြင့်ခင်ခင်(ထားဝယ်)

**အခန်း(၃)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း။ ဖုန်း – ၀၉ ၅၀ ၅၉၄၂၉ ၊ ၀၉ ၅၁ ၈၆၅၁၈**



www.burmeseclassic.com

www.burmeseclassic.com

ဆရာရန်အောင်ဟိန်း(B.Sc)

## ကမ္ဘာကျော် ဟာသ,သရုပ်ဆောင်


# ရော်ဘင်ဝီလီယမ်၏ ဇာတာအား

## ဝေဖန်သုံးသပ်ခြင်း

ရော်ဘင်မက်လောရင်း ဝီလီယမ်(Robin Mac Laurin Williams) သည် အမေရိကန်ပြည်ထောင်စု ဟောလီးဝုဒ်မှ ကမ္ဘာကျော် ဟာသ,သရုပ်ဆောင်၊ ရုပ်ရှင်ထုတ်လုပ်သူ၊ ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဆုများစွာ ဆွတ်ခူးထားခဲ့သူဖြစ်သည်။ ရုပ်ရှင်သရုပ်ဆောင်(actor) အဖြစ်အပြင် ဟာသ သရုပ်ဆောင်(comedian) အဖြစ်ပါ ထင်ရှားခဲ့သူဖြစ်သည်။ ရုပ်ရှင်လောကအတွက် မမေ့ပျောက်နိုင်ဖွယ် အမှတ်တရများစွာကို ဖန်တီးပေးထားနိုင်ခဲ့သူဖြစ်သည်။

(၁၁-၈-၂၀၁၄) နံနက်(၁၁း၀၀)နာရီတွင် သူနေထိုင်ရာ ကယ်လီဖိုးနီးယားပြည်နယ် တီဗျူရွန်တွင် သတိမေ့မျောနေသည်ကို တွေ့ရှိခဲ့ရပြီး မွန်းလွဲ(၁၂း၀၂)နာရီ သေဆုံးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်ကို ကြားသိခဲ့ကြရသည်။

Robin McLaurin Williams




အမေရိကန်ရှိ ရုပ်ရှင်သရုပ်ဆောင်များမှ အချို့ကဲ့သို့ နာမည်ကျော်ကြားသူ၊ အိမ်ထောင်ဆက်များ(၃-ဆက်)သူ၊ ရုပ်ရှင်ဆုများရှင်၊ အိမ်ထောင်ရေးဖောက်ပြန်သူ၊ လိင်ရောဂါရသူ၊ အရက်နှင့် ဆေးစွဲနေသူ၊ စိတ်ကျရောဂါရနေသူ။ သူ၏ဖြစ်ရပ်သည် သွေးရိုးသားရိုး သေဆုံးမှုလော၊ မူးယစ်ဆေးကြောင့်လော၊ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းလော..ဟု လောပေါင်းများစွာဖြင့် စိတ်ဝင်စားဖွယ် ဖြစ်နေပေရာ သူ၏ ဖွားဇာတာမှတစ်ဆင့် သုံးသပ်ကြည့်ပြပါမည်။

ရော်ဘင်ဝီလီယမ်အား (၂၁-၇-၁၉၅၁) မွန်းလွဲ(၁း၃၄)နာရီတွင် အမေရိကန်ပြည်ထောင်စု၊ အီလီနွိုက်ပြည်နယ်၊ ချီကာဂိုမြို့ (၄၁° ၅၁' မြောက်၊ ၈၇° ၃၉' အနောက်) တွင် မွေးဖွားခဲ့သည်။

www.burmeseclassic.com

ဇာတာမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

**ရုပ်ရှင်သရုပ်ဆောင်**

(၅)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် (၅၊ ၁၁)တန့်ဘာဝများအတွက် အကျိုးဆောင်ပြီး အနုပညာ ... ဂြိုဟ် ဖြကြာနှင့် ဆက်သွယ်ပါသော် ရုပ်ရှင်သရုပ်ဆောင်အဖြစ် အောင်မြင်ကျော်ကြားမည်ဟု ကေ·ပီစနစ်က ...ထားပါသည်။

အထက်ပါ ဇာတာတွင် (၅)တန့်သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ရာဟုဖြစ်ပြီး (၄)တန့်ဘာဝတွင် (၁၀)တန့်သခင် ၂လ်ာဂြိုဟ်ဖြင့် ပူးယှဉ်ရပ်တည်၏။

(၅)တန့်ရပ် (၃၊ ၅၊ ၆)တန့်သခင် ၅တေးဂြိုဟ်အား ...တန့်အထူးမြင်ကြို၏။

(၁၀)တန့်တွင် ရပ်တည်သော ဖြကြာဂြိုဟ် (၁၊ ၈ တန့်သခင်)နှင့် ကိတ်ဂြိုဟ်တို့အား လှမ်းမြင်ထား၏။

ထို့ကြောင့် အနုပညာရှင်အဖြစ်၊ ရုပ်ရှင်သရုပ်ဆောင်အဖြစ် နိုင်ငံရပ်ခြားသို့ပါ ကျော်ကြားအောင်မြင်ရပါသည်။

**...သ,သရုပ်ဆောင် ဖြစ်ရခြင်း**

သောကြာဂြိုဟ်သည် ဟာသဉာဏ်ကို ဖော်ပြသည့်အပြင် အနုပညာတွင် ဖန်တီးနိုင်စွမ်းရှိခြင်းကိုလည်း ဖော်ပြ၏။ ယင်း ဖြကြာဂြိုဟ်သည် (၅)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ်ဖြစ်သော ရာဟုဂြိုဟ်နှင့် အပြန်အလှန် အမြင်ကြိုထား၏။

ထို့ပြင် (၁၀)တန့်(အလုပ်)ဘာဝ သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ် စနေသည် (၁၁)တန့်တွင် ရပ်တည်သည်။ (၄)တန့်သခင်ဖြစ်ပြီး (၉)တန့်ရပ် ၁နွေပိုင်နက္ခတ်အား စီးထား၏။

စနေဂြိုဟ်သည် (၃၊ ၅၊ ၆)တန့်သခင် ၅တေးဂြိုဟ်နှင့်လည်း အပြန်အလှန် အမြင်ကြိုနေ၏။

ဤအချက်ကလည်း ရုပ်ရှင်သရုပ်ဆောင်အဖြစ် အယှဉ်အပြိုင်များကို ရင်ဆိုင်ကျော်လွှားကာ ကျော်ကြားအောင်မြင်ရခြင်းကို ဖော်ပြနေ၏။

ယင်း(၁၀)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ် စနေသည် (၉၊ ၁၁)တန့် အကျိုးဆောင်ခြင်းက နာမည်ကျော်ကြားကာ ရုပ်ရှင်ဆုများစွာ ရခြင်းကိုလည်း ပေးဆောင်ပေ၏။

**အိမ်ထောက်ဆက် များရခြင်း**

(၇)တန့်ဘာဝ သန္တိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် ရာဟုပင်ဖြစ်ပြီး (၉)တန့်(နောက်အိမ်ထောင်) ဘာဝသန္တိအား (၅)တန့် အထူးမြင်၏။ စနေပိုင် ကုံရာသီတွင်ရပ်၍ (၉၊ ၁၁)တန့် အကျိုးဆောင်၏။ ၂လ်ာ(၁၀-တန့်သခင်)နှင့်



www.burmeseclassic.com

အတူ (၄)တန့်တွင် ရပ်၏။ (၉)တန့်သန္ဓိသည် မေထုန်ရာသီ (ဒွေးဒသာ)တွင် ကျရောက်၏။ သို့ဖြစ်၍ အိမ်ထောင်ကွဲခြင်း၊ နောက်အိမ်ထောင်ပြုခြင်းများကို ဖော်ပြ၏။

**အိမ်ထောင်ရေး ဖောက်ပြန်ခြင်း**

(၅)တန့်နှင့် (၇)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်များက ဖော်ပြ၏။ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ယင်းတို့သည် (၈)တန့်(လိင်ကိစ္စ)၊ (၁၁)တန့်(ပေါင်းသင်းဆက်ဆံရေး)၊ (၄၊ ၁၀)တန့်(မပျော်ရွှင်ရသော အိမ်ထောင်ရေးဘာဝ)တို့နှင့် ပတ်သက်နေ၏။

ထို့ပြင် အင်္ဂါ· (၂၊ ၇-တန့်သခင်၊ ၈-တန့်ရပ်)နှင့် ၅တေး(၃၊ ၅၊ ၆-တန့်သခင်၊ ၅-တန့်ရပ်)တို့နှင့်လည်း ပတ်သက်နေ၏။

ဤအချက်က အိမ်ထောင်ရေးပြင်ပတွင် အခြားအမျိုးသမီးများနှင့် ရှုပ်ပွေခြင်းကို ဖော်ပြ၏။ အိမ်ထောင်ရေးဘာဝ မသာယာခြင်းပေါ် အရင်းခံ၍ဖြစ်၏။

**အရက်၊ မူးယစ်ဆေးစွဲခြင်း**

လင်္ဂဘုတ္တိနက္ခတ်သခင်ဂြိုဟ် အင်္ဂါသည် (ဆေးစွဲ၊ အရက်စွဲ)၊ (၂၊ ၇)တန့်သခင်အဖြစ် (၅)တန့်(စွဲလမ်းပြုလုပ်၊ ဓိမ်ခံ)ဘာဝတွင် ရပ်တည်၏။ ယင်းအင်္ဂါကို စနေဂြိုဟ် (မူးယစ်ဆေးဝါးနှင့် အရက်စွဲခြင်း)က (၁၀)တန့်အထူးမြင်ကြုံနေ၏။ နေလဂ်ဖြစ်သော တူလဂ်တွင် စနေသည် (၁၁)တန့်(ဘာဓကေ)တွင် ရပ်တည်ပြီး (၂)တန့်(အဆိပ်သင့် စားစရာများ စားသောက်သောအကျင့်)ကို (၃)တန့်အထူးမြင်ကြုံထား၏။

ဤအချက်က အရက်နှင့် မူးယစ်ဆေးဝါးကို စွဲလမ်းအသုံးပြုခြင်းကို ညွှန်ပြ၏။

**စိတ်ဓာတ်ကျခြင်း**

(၆)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် စနေ (ဝမ်းနည်း၊ ညှိုးမှိုင်၊ စိတ်ဓာတ်ကျ)ဖြစ်ပြီး (၄)တန့်သခင်အဖြစ်ဖြင့် (၁၁)တန့်(ဘာဓကေဘာဝ)တွင် ရပ်တည်၏။ ယင်းစနေသည် (တဇွတ်ထိုး၊ မဆင်ခြင်ခြင်း)ကို ဖော်ပြသော အင်္ဂါဂြိုဟ်နှင့် (၁၀)တန့်၊ (၄)တန့် အပြန်အလှန်အမြင်ကြုံထား၏။

အင်္ဂါသည် (၈)တန့် (ပြင်းထန်စွာရောဂါရ၊ စိတ်ပျက်ရ)တွင် ရပ်တည်၏။ စနေဂြိုဟ်အား ၅တေးဂြိုဟ် (၅)တန့်(ဓိမ်ခံ၊ စွဲလမ်း)မှ လှမ်းမြင်ခြင်းက ယင်းကိစ္စများကို ပို၍အားပြင်းစေ၏။

*လင်္ဂ(ဦးခေါင်း၊ ဦးနှောက်၊ စိတ်အာရုံ တည်ငြိမ်မှု) ဘုတ္တိနက္ခတ်သခင်ဂြိုဟ်သည် အင်္ဂါ(မဆင်ခြင်၊ တဇွတ်ထိုး) ဂြိုဟ် ဖြစ်ခြင်းနှင့် ရာဟု၊ စနေတို့၏ လွှမ်းမိုးမှု ခံရခြင်းက စိတ်ကျရောဂါရစေကာ သေဆုံးရသည်ထိဖြစ်စေသော အဓိကအချက်ဖြစ်၏။*

**သေဆုံးရခြင်း အကြောင်းရင်း**

သေဆုံးရခြင်း အကြောင်းရင်းကို (၈)တန့်ဘာဝက ဖော်ပြ၏။ (၈)တန့်ဘာဝ သန္ဓိဘုတ္တိနက္ခတ်သခင်ဂြိုဟ် ၄ဟူးသည် (၉၊ ၁၁၊ ၁၂)တန့် (ဘာဓကေ ပါဝင်နေ)သခင်ဂြိုဟ်ဖြစ်ပြီး မိမိပိုင်နက္ခတ်ကိုစီးကာ (၁၀)တန့်သန္ဓိနှင့် အံသာပြိုင် ပူးယှဉ်၏။

ယင်း ၄ဟူးသည် စနေပိုင် ဘုတ္တိနက္ခတ်ကို စီး၏။ သို့ဖြစ်၍ စနေ၏ (၄၊ ၉၊ ၁၁)(ဘာဓကေ)နှင့် အင်္ဂါ၏ (စနေနှင့် အပြန်အလှန်မြင်) (၂၊ ၇၊ ၈)တန့် (မာရက၊ အသေဆိုး) ဘာဝများအတွက်ပါ အကျိုးဆောင်၏။

(၄)တန့်(နေအိမ်)၊ မာရက၊ ဘာဓကေ (၂၊ ၇၊ ၁၁) ကိုယ့်ကိုယ်ကိုယ်သတ်သေ၊ အသေဆိုး (၈)တန့်၊ အင်္ဂါ၊ စနေ ပတ်သက်မှုတို့က မူးယစ်ဆေး အလွန်အကျွံသုံးကာ မိမိကိုယ်ကို သတ်သေခြင်းဖြစ်နိုင်ကြောင်း ညွှန်ပြနေ၏။

သေဆုံးသည့် (၁၁-၈-၂၀၁၄) မွန်းလွဲ(၁၂:၀၂)နာရီသည် ကိတ်ထူလ၊ ၄ဟူးဘုတ္တိ၊ ဖြကြာအန္တရ၊ အင်္ဂါသုခုမဒသာကာလတွင် ကျရောက်နေ၏။

ထူလသခင် ကိတ်သည် ၁နွေပိုင် သိဟ်ရာသီတွင် ရပ်တည်၍ ရာဟုဂြိုဟ်၏ အမြင်ခံရသောကြောင့် (၁၁)တန့်(ဘာဓကေ)အပြင် (၂)တန့်(မာရက)အတွက်ပါ အကျိုးဆောင်၏။ ဘုတ္တိဒသာသခင်ဂြိုဟ် ၄ဟူးသည် (၁၁)တန့်(ဘာဓကေ) အကျိုးဆောင်၏။ အန္တရဒသာသခင် ဖြကြာသည် (၁၊ ၈) တန့်သခင်ဖြစ်ပြီး ရာဟုအမြင်ခံထားရ၍ (၂)တန့်(မာရက)၊ (၁၁)တန့်(ဘာဓကေ) အကျိုးဆောင်၏။ သုခုမဒသာသခင် အင်္ဂါသည် (၂၊ ၇)(မာရက)သခင်ဖြစ်ပြီး ရာဟုအမြင်ခံထားရ၏။

ယင်းကာလကား သေဆုံးရခြင်းကို ဖော်ပြပေသည်။

*သို့ဖြစ်၍ ကေ·ပီစနစ်က ဖော်ပြနေသည်မှာ အိမ်ထောင်ရေးမသာယာမှု၊ အရက်,မူးယစ်ဆေး စွဲလမ်းမှုများပေါ် အကြောင်းခံ၍ စိတ်ဓာတ်ကျကာ မိမိကိုယ်ကို သတ်သေခြင်းဖြစ်နိုင်ကြောင်း ဖြစ်ပါ၏။*

**ဆရာရန်အောင်ဟိန်း(B.Sc)**

www.burmeseclassic.com

www.burmeseclassic.com

ဆင်းရဲသားဘဝမှ ချမ်းသာလာသော

ရွှေတာလေး(လွယ်လင်)

# မောင်းထောင်သူဌေး ဦးမြရာ၏

# စေတနာ၊ ဒါန၊ ကုသိုလ်ကံတရားများ

(၁)

မြန်မာနိုင်ငံတွင် တစ်ခေတ်တစ်ချိန်က ဆင်းရဲသားဘဝမှ ချမ်းသာ၍ သူဌေးဖြစ်သွားကြသော မြတောင်မြို့မှ မြတောင်သူဌေးမင်း ဦးစီ၊ မော်လမြိုင်မြို့မှ ဦးဖိုးနှစေတီတော်ကို တည်ထားကိုးကွယ်နိုင်ခဲ့သော မော်လမြိုင်သူဌေး ဦးဖိုးနှ၊ မောင်းထောင်သူဌေး ဦးဆုရ၊ ဧရာဝတီသင်္ဘောကုမ္ပဏီကို တည်ထောင်နိုင်ခဲ့သော ကတိုးကော့နပ်သူဌေး မွန်လူမျိုး ဦးနာအောက်၊ ပဲခူးသူဌေး ဦးစိန်ဝင်း စသည်ဖြင့် ကျော်ကြားထင်ရှားသည့်သူဌေးများ ရှိသည့်အပြင် စိတ်စေတနာပြည့်ဝစွာဖြင့် ကုသိုလ်ရေးတွင် စံထားလောက်သော မောင်းထောင်သူဌေး ဦးမြရာဟူ၍လည်း ပေါ်ပေါက်ထင်ရှားခဲ့ဖူးလေသည်။

ဦးမြရာသည် မောင်းထောင်မှ သူဌေးဟုဆိုသော်လည်း အခြေခံငယ်စဉ်ဘဝကတည်းက မျိုးနှင့်ရိုးနှင့် ကြွယ်ဝချမ်းသာလာခဲ့သူ မဟုတ်၊ ဆင်းရဲနွမ်းပါးလှသည့် ဘဝခရီးကို ခက်ထန်ကြမ်းတမ်းစွာဖြင့် ဖြတ်သန်းခဲ့ရသူတစ်ဦးဟု ဆိုရပေမည်။

သို့သော် တစ်ချိန်သောအခါတွင် သူ၏ ရိုးသားဖြူစင်သောစေတနာ၊ ကုသိုလ်ကံတရားတို့ကြောင့် အိပ်မက်ပမာ တစ်မုဟုတ်ချင်း ချမ်းသာကြွယ်ဝလာသည်နှင့်အမျှ လှူဒါန်းခြင်း ဒါနအားများက သူမတူအောင် အံ့ဖွယ်ရာကောင်းလှသည်ဖြစ်ရာ ဦးမြရာ၏ ကြမ်းတမ်းသော ဘဝအစိတ်အပိုင်းနှင့် ထူးခြားသောကုသိုလ်ဒါန ဆောင်ရွက်ချက်များကို ဆက်လက်ရေးသားဖော်ပြလိုက်ရပေ၏။

◆ ◆ ◆

**စေတနာကောင်းတဲ့ အကြော်သည်ဘဝ**

'ရှင်ဖွားရှင်ရေ.. ဟိုမှာ မြကွမ်းတောင်ဘုရားဆီက လှည်းအုပ်ကြီး လာနေတယ်။ ရေနွေးအိုးကလေးဆူအောင် မီးဖိုနား ကပ်လိုက်ပါဦး'

ကိုမြရာသည် ဘူးသီးကြော် ကြော်နေသော ဇနီးအား လှမ်း၍ပြောရင်း ခရီးသည်များ မီးလှုံရန် ထင်းမီးဖိုကို ကပျာကယာ ပြင်ဆင်လိုက်၏။ မဖွားရှင်သည် အကြော်ကြော်ရင်း မြောက်ဘက်သို့ လှမ်းမျှော်ကြည့်ရာ နှင်းမှုန်ဖွဲဖွဲတွင် ရွာဆီသို့ လာနေသော လှည်းအုပ်ကြီးကို မသဲမကွဲ မြင်နေရ၏။

'တော်ကလည်း..အဲဒါ ထားပါဦး၊ ဒီမှာ ဘူးသီးကူလှီးပေးပါဦး။ လှည်းတွေက အများကြီးနေမှာတော့'

ကိုမြရာသည် 'အေးပါဟာ' ဟု ပြောပြောဆိုဆို ခနော်ခနဲ့ ယိုင်နဲ့နေသော စားပွဲတစ်ခု၌ထိုင်ကာ ဘူးသီးလှီးရန် ဟန်ပြင်လိုက်သည်။ မြေထည်ရေနွေးကရားအိုးကိုလည်း အကြော်ကြော်နေသော မီးဖိုအနီးမှ ဆွဲယူလိုက်၏။ မီးလှုံရန် ဖိုထားသောမီးဖိုသို့ ပြောင်းရွှေ့တည်ရန် ထိပ်၌ သွပ်နန်းဖြင့် နဖားဖောက်တုပ်ချည်ထားသော သုံးချောင်းထောက်ကလေးကို မီးဖိုပေါ်၌ ခွ၍ချကာ အဆင်သင့်ပြင်လိုက်သည်။ ပြီးလျှင် ရေနွေးကရားကို သုံးချောင်းထောက်အပေါ်ပိုင်းရှိ သံချိတ်တစ်ခု၌ ချိတ်တွဲလိုက်ရင်း မီးဖိုကို ကုန်း၍မှုတ်လိုက်၏။

'ယောက်ျားသားတွေဆိုတာ ရေနွေးကျကျနှင့် လက်ဖက်ရည်ပူပူကလေးတစ်ခွက်လောက် သောက်ရရင် အ[illegible] မတန် သဘောကျတာ ရှင်မရဲ့။ ရေနွေးပွက်ပွက်ဆူဖို့ အ[illegible] ကြီးတယ်။ တချို့ရောင်းတဲ့လူတွေက ရေနွေးဆိုပြီး[illegible] ဆူဆူ၊မဆူဆူ ထည့်ပေးတတ်ကြတယ်။ စေတနာမပါ[illegible] ဘူး။ မလှူတတ် ဈေးရောင်း ဆိုတာလို လက်ဖက်ရည်[illegible] ကလေးတစ်ခွက်လောက် စေတနာပါပါနှင့် ခရီးသွား[illegible] ကို တိုက်ရတဲ့ ကုသိုလ်လည်း မနည်းပါဘူးကွာ'

ကိုမြရာတို့ ဇနီးမောင်နှံသည် အိမ်ခြေတစ်ထောင်[illegible] မောင်းထောင်ရွာကြီး၏ မြောက်ဘက်အပေါက်၌ [illegible] ကြော်ရောင်းချခြင်းဖြင့် အသက်မွေးကြသူ[illegible]



www.burmeseclassic.com

www.burmeseclassic.com

...မရှိ၍ ဆိုင်ကြီးကနားကြီးနှင့်လည်း မရောင်း ...ယာမိုးမြေမရှိ၍ အများနည်းတူ တောင်သူလယ် ...ည်း မလုပ်နိုင်။ သို့ရာတွင် ရေနွေးကြမ်းကလေးတစ် ...၍ သူ့စိတ်ထားကို မြင်နိုင်၏။ ယုတ်စွအဆုံး စဥ့် ...တ် လက်ဖက်ရည်မြေပန်းကန်လုံးကလေးများကိုပင် ... တိုက်ချွတ်ဆေးကြောပေး၏။ ရွာအဝင် လှည်း ... စတည်းချရာ မန်ကျည်းပင်ဝိုင်းကြီးအောက်ရှိ ဇရပ် ...ည်း နေ့စဥ် တံမြက်လှည်းလေ့ရှိ၏။ သစ်ပင်ကြီးများ ...တွင် ခရီးသည်များ၊ နွားများ စွန့်ပစ်ချထားခဲ့သော ...သရိုက်၊ အညစ်အကြေးများကိုလည်း နေ့စဥ် တံမြက် ...ဖြင့် လှည်းကျင်းသိမ်းလေ့ရှိ၏။

ထို့မျှမက-

"ရှင်မရေ..သူများနည်းတူ အလှူကြီးမပေးနိုင်ပေမယ့် ...နဲ့ကွာ။ ဒီမန်ကျည်းပင်ကြီးအောက် ရေချမ်းစင်မှာ ...င်း၊ နွေ၊ မိုး ရေခပ်ထည့်ရတဲ့အလှူလည်း မနည်းပါ ...။ ရေအကျိုး(၁၀)ပါးတဲ့" ဟု မကြာခဏပြောလေ့ရှိကာ နေ့စဥ် (၃)ဖာလုံခန့်ဝေးသောရေကန်မှ မောင်းထောင်ဖြင့် ...စ်ဆေးပလုံး ရေခပ်ပုံးနှစ်လုံးဖြင့် ကိုယ်တိုင်ထမ်းပြီး ထည့် ...လေ့ရှိပြန်သေးသည်။

ကိုမြရာတို့ ဇနီးမောင်နှံ၌ ဆင်းရဲသော်လည်း အတုယူ ...ရာတွေ များစွာရှိ၏။ ပထမဦးဆုံးချသော အိုးကင်းမှ အကြော်အနည်းငယ်ကို ဦးစွာဖယ်ထားပြီးမှ ရောင်းချသည်။ ထိုအကြော်ဦးကိုမူ ဆွမ်းခံဗျပ်ဆိုင်းထမ်းလာကာ မောင်း ထောင်ကျောင်းသား ရွာတွင်းသို့ ဆွမ်းခံအလာတွင် ဦးစွာ လောင်းလှူကြသည်။

မည်သူ့ကမှဟောပြော၍ စေခိုင်း၍လုပ်ရခြင်းမဟုတ်။ ...င်ကိုအသိဉာဏ်၊ ကိုယ်ပိုင်စေတနာအရ ဆောင်ရွက်ခြင်း ဖြစ်၍ တံမြက်လှည်း၊ ရေခပ်ရတာကအစ ပင်ပန်းသည်မရှိ။ ကျေနပ်၍ပင်နေကြ၏။ ထိုကျေနပ်မှုသည် သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်၊ အသင်္ခါရိက မဟာကုသိုလ် စိတ်ကြီးပင်တည်း။

ကိုမြရာ၏ဇနီး မဖွားရှင်သည် ဘုတလင်မြို့သူဖြစ်၏။ ကိုမြရာကဲ့သို့ပင် သမ္မာအာဇီဝ ကျရာမရွေး လက်လုပ်လက် စား လုပ်ကိုင်စားသောက်ရဲသော အိမ်ရှင်မတစ်ဦးဖြစ်သည့် အပြင် ကျေးလက်သုံး မြန်မာ့ရိုးရာ မုန့်မျိုးစုံကိုလည်း လုပ် တတ်၏။ ရုံဖန်ရံခါ ရာသီအလိုက် ဟင်းသီးဟင်းရွက်မှအစ အထည်အလိပ်များအထိ ပခုံးထမ်းရွာစဥ်လျှောက်၍လည်း ရောင်းချတတ်သည်။

ဘူးသီးကြော်နှင့် မုန့်ပျားသလက်မှစခဲ့သော ထိုဇနီး မောင်နှံမှာ အတွဲညီ ဖွဲ့ညီသဖြင့် မကြာမီကာလအတွင်းမှာ ပင် လယ်ဧကအနည်းငယ်ဝယ်ယူနိုင်၍ ဇာယ်ယာသမား ဇနီးမောင်နှံ ဖြစ်လာကြ၏။

လယ်လုပ်ငန်းအားလပ်ချိန်တွင် မုန့်လုပ်ရောင်းချခြင်း ကိုလည်း လက်မလွှတ်။ အကြော်သည်၊ မုန့်သည်ဘဝတွင် သူတကာနှင့်မတူသော ပြောစမှတ်ကလေးများ ရှိသကဲ့သို့ တစ်ဆင့်တက်လာသော ကိုမြရာတို့ ဇနီးမောင်နှံ၏ လယ် သမားဘဝမှာလည်း ပြောစရာ၊ အတုယူစရာ၊ အစဥ်အလာ လယ်သမားတို့နှင့်မတူ တစ်မူထူးခြားသော လုပ်ကွက် ကလေးများကို တွေ့မြင်ကြရသည်။

**အများနှင့်မတူ တစ်မူထူးတဲ့ လယ်ယာသမား**

"ဟော့..မောင်မြရာ၊ မောင်းထောင်းနေသလား။ မိုး တွေရွာလို့ ထွန်ရေးအရေးကြီးနေချိန်မှာ မုန့်လုပ်နေကြပြန်ပြီ လား။ သူများတွေ ပျိုးတောင် ထောင်ကုန်ကြပြီ"

မဖွားရှင်က မောင်းဆုံအနီး၌ထိုင်ကာ ကိုမြရာကိုယ် တိုင် နောက်ပိုင်းက မောင်းထောင်းပေးနေသည်ကိုမြင်၍



မောင်းထောင်သူဌေး ဦးမြရာ



www.burmeseclassic.com

www.burmeseclassic.com

အိမ်နီးချင်းဦးလေးကြီးတစ်ဦးက ခနဲ့တဲ့တဲ့ နှုတ်ဆက်လိုက်ခြင်းပင်ဖြစ်သည်။

'မုန့်မှုန့်ထောင်းတာမဟုတ်ဘူး ဦးလေးရေ၊ ဒီမှာ ဦးလေး တူက မျိုးစပါးကလေးတစ်ဆုံလောက် ထောင်းကြရအောင်ဆိုလို့'

'ဟဲ့··ဆန်မရှိလည်း ပြောရောပေါ့။ မျိုးကိုတောင် ပြုတ်စားနေကြရပြီလား'

ထိုအခါ အစဉ်အလာမရှိသော အလုပ်တစ်ခုဖြစ်နေ၍ ကိုမြရာကိုယ်တိုင်ပင် ဝင်၍ အဖြေပေးရတော့သည်။ ပျိုးမထောင်မီ မျိုးစပါးထဲမှ တစ်ဆုံစာ ဆန်ဖွပ်ပြီး ဆွမ်းတော်လည်းကပ်၊ သံဃာတော်များအားလည်း ဆွမ်းလောင်းရန် စိတ်ကူးပေါက်၍ ပြုလုပ်ကြောင်း ရိုးရိုးစင်းစင်းပင် ဝန်ခံဖြေကြားလိုက်ရရာ အိမ်နီးချင်း ဦးလေးကြီးမှာ-

'ဟေ··မင်းလက်ထက်ရောက်မှပဲ မျိုးကိုချက်ပြီး လှူရတယ်လို့ ကြားဖူးရသကွာ။ ကောင်းပါတယ်လေ၊ အလှူပဲဟာ'ဟုသာ ပြောနိုင်တော့၏။

ကိုမြရာလက်ထက်ကျမှ ကြားရဖူးသော အလှူထူးများကား ထိုမျှမကသေးချေ။ ကိုမြရာ၏အကြော်သည် သူတကာအကြော်နှင့် မတူသကဲ့သို့ ကိုမြရာ၏ လယ်သမားဘဝသည်လည်း သူတကာလယ်သမားဘဝနှင့် မတူလေပြီ။ စပြီး ထွန်ရေးငင်သည်မှ ကျီထဲ သိုနှံသွင်းရသည်အထိ ရသမျှပရိတ်များ၊ ဂုဏ်တော်များ ရွတ်ဖတ်ကာ ငါတို့လင်မယားစားဖို့ဟူသော သေးသိမ်သည့် ရည်ရွယ်ချက်မထား။ တိုင်းပြည်အတွက်ဟူသော ရည်ရွက်ချက်ကြီးကြီးမားမားလည်း မထားတတ်။

'ငါတို့ကိုယ်တိုင် နွားနှင့်ရုန်းပြီး လုပ်ရတဲ့စပါး အကျိုးရှိအောင် ဦးဦးဖျားဖျား ရတနာသုံးပါးလှူပြီးမှ စားမယ်'

- ကိုမြရာသည် ဆင်းရဲလေလေ သံဝေဂရလေလေပင်။ နေ့စဉ် အိမ်ရှေ့တွင် ဆွမ်းခံကြွနေသော သံဃာတော်တန်းကြီးအား ကိုယ်တိုင်လုပ်တဲ့ စပါးနှင့် ဆွမ်းလောင်းရတော့မယ်ဟု ပျော်နေ၏။ သူ့စပါးခင်းမှာ အထူးကောင်းမွန်လာသဖြင့် မှည့်ရွှမ်းစ စပါးများကို ရိတ်ဖြတ်ကာ ကောက်ဦးဆွမ်းလှူရသည်ကို သူ အကျေနပ်ကြီး ကျေနပ်နေတော့သည်။

ကောက်ဦးဆွမ်းအလှူအကြောင်း တရားစာထဲမှာ ကြားနာဖတ်ဖူးကြသော်လည်း လက်တွေ့လုပ်မိသူက ရှားလှပေသည်။

စပါးရိတ်သိမ်းသောအခါတွင်လည်း ကိုမြရာ၏ အိမ်နီးချင်းများအဖို့ ကိုမြရာ၏ လက်ထက်ကျမှ မကြားဖူးတာ ကြားရရုံမျှမက မမြင်ဖူးတာကိုလည်း မြင်ကြရ၏။

ကိုမြရာသည် စပါးကောက်လှိုင်းစည်းများကိုနယ်ရန် အိမ်ရှေ့ကွင်းပြင်၌ ခေါင်းချင်းဆိုင် လှည်းဝိုင်းချထား၏။ ညနေ ထမင်းစားပြီး ကောက်ပြန့်ပေါ်တွင် မိမိနွားနှစ်ကောင်နှင့် လှူပါတက်၍ ဝိုင်းကြီးပတ်ပတ် နင်းချေလျက် စပါးနယ်ရန် နွားနှစ်ကောင်၏နှုတ်သီး၌ နဖားခြင်း စွပ်နေ၏။ ပြီးလျှင် နွားနှစ်ကောင်အား သေးတည်၊ ချေးတည်ထားခိုက် ကောက်ပြန့်ပေါ်မတက်မီ ကိုမြရာတစ်ယောက် ကောက်ပြန့်လှိုင်းများကို ဦးသုံးကြိမ်ချနေသည်ကို အမှောင်ပျိုးစလရောင်ဝိုးတဝါးတွင် အိမ်နီးချင်းများ မြင်နေကြရသည်။

အိမ်နီးချင်းများ တအံ့တသြကြည့်နေကြစဉ် ကိုမြရာသည် နွားနှစ်ကောင်၏ တင်ပါးကို လက်ဝါးနှင့်ပွတ်သပ်ကာ 'ကဲ··ဖွေသားကြီးတို့၊ စပါးနယ်ကြဦးစို့'ဟုဆိုကာ စပါးနယ်လေတော့သည်။ စပါးနယ်ရင်းလည်း ပါးစပ်က တတွတ်တွတ်ရွတ်ဆိုနေလေ၏။

အိမ်နီးချင်းများအဖို့ အထူးအဆန်းဖြစ်ကာ ကိုမြရာ ခေတ္တခဏနားနေခိုက် ညမဆိုင်းဘဲ လာရောက်ဝိုင်းအုံမေးကြလေသည်။ အူကြောင်ကြောင်လုပ်နေတာပါဟု ထင်သူက ထင်ကြ၏။ မည်သို့ပင်ဖြစ်စေ ကိုမြရာကမူ ရှက်စရာဟုသဘောမထား၊ စိတ်ထဲရှိသည့်အတိုင်း ပြောပြလိုက်သည်။

'ဒီဘဝ ဆင်းရဲလွန်းလို့ဗျို့၊ ကြံဖန်ပြီး ကုသိုလ်ရအောင် နှလုံးသွင်းရတာ။ ရူးတယ်ထင်လည်း မတတ်နိုင်ဘူး။ ဟုတ်တယ်လေဗျာ၊ ဒီ ယခု ကျုပ်ခြေထောက်နဲ့ နင်းချေနယ်ဖတ်နေတဲ့ ကောက်လှိုင်းက ရလာတဲ့ စပါးတွေ၊ ဆန်တွေဟာ ဘုရားဆွမ်းတော် ဖြစ်ချင်လည်းဖြစ်မယ်။ ရဟန်းသံဃာတော်တွေရဲ့ ဆွမ်းဖြစ်ချင်လည်းဖြစ်မယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးလှူတဲ့ မုန့်ပဲသရေစာ ဖြစ်ချင်လည်း ဖြစ်မယ်။ မပြောနိုင်ဘူးလေဗျာ'

ကိုမြရာသည် အညာဒေသထုံးစံအတိုင်း စပါးများကို ကျီထဲသွင်းပြီးသောအခါ ပုန်းမကြည် (ခေါ်) လယ်ယာကိုင်းကျွန်းသီးနှံ ဖြစ်ထွန်းစေတတ်သော လယ်သမားနတ်အား သားလွတ်ထမင်း၊ ဟင်းမျိုးစုံ၊ မုန့်ဖြူ မုန့်နီမျိုးစုံဖြင့် အများနည်းတူ ပ,သခြင်းကိုလည်းပြုသည်။

**မှတ်ချက်**

ပုန်းမကြည်နတ်ဟူသည် ဓမ္မပဒအဋ္ဌကထာလာ ကာ



www.burmeseclassic.com

www.burmeseclassic.com

ယက္ခိနီ (ခေါ်) သောတာပန်ယက္ခနတ်မယ်တစ်ဦးဖြစ်၏။ (စာရေးသူ)

ကိုမြရာသည် မီးဖိုချောင်၊ မောင်းဆုံတဲ၊ နွားတဲပါ မကျန် တစ်အိမ်လုံး ဆီမီး၊ ဖယောင်းတိုင်များထွန်းညှိပြီး မိမိနွားများအနီးသို့သွားကာ ကျောသပ်၊ ခေါင်းသပ်ပွတ်သပ်ပြီးလျှင် -

'ကဲ..ကျုပ်နဲ့ လုပ်ဖော်ကိုင်ဖက် ကျေးဇူးရှင်များဗျား.. မင်းတို့ကိုလည်း ဘုရားကိုလှူဖို့ ဒီမီးများကို ပေး ါတယ်။ မင်းတို့နဲ့ငါ အတူတူရှန်းပြီး ရတဲ့ဖယောင်းတိုင်ပါ။ ကဲ.. ဘုရားလှူကြ၊လှူကြ။ အလုပ်ခွင်မှာ မောင်တို့ကို ငေါက်ငမ်းရိုက်နှက်မိတာများရှိလျှင်လည်း ခွင့်လွှတ်ကြပါ' ဟု နွားများအနီးတွင် မီးထွန်းပေးပြီး တောင်းပန်နေတတ်၏။

အခြားသူများက ရူးသည်ဟု ဆိုချင်ဆိုကြပါစေ။ ထိုသို့ ပြုလုပ်လိုက်ရသည့်အတွက် ကိုမြရာစိတ်ထဲတွင် ရှင်းသွား၏။ သံသရာခရီးဖော် တစ်ဦးအပေါ်တစ်ဦး ခဇိပတ်တင်မည်ကို မလိုလား။ လူကိုမဆိုထားဘိ ကိုယ်နှင့်စပ်သော တိရစ္ဆာန်များအပေါ်ကိုပင် ကြွေးမတင်စေလို။ မကျေမချမ်းရန်တုံ့လှည့်လည်း မရှိစေချင်။ အာဃာတ အငြိုးကြီးကာ ဘဝများစွာ ရန်တုံ့ရန်လှည့် မငြိမ်းခဲ့သော ကာဠီယက္ခနီ (ပုန်းမကြည်)ကို ဟောသောတရားနှင့် ကိုမြရာ၏ ပုန်းမကြည် ပ,သပွဲမှာ တစ်သဘောတည်း ကိုက်ညီနေတော့သည်။ သူနှင့် ရောင်းဝယ်ဆက်ဆံရသော လူသားများအပေါ် ကိုမြရာ မည်သို့သဘောထားမည်ကို မြင်သာလှပေ၏။

ထိုသောမနဿသဟဂုတ်၊ ဉာဏသမ္ပယုတ်၊ အသင်္ခါရိက မဟာကုသိုလ်စိတ်ထားသည့် မုန့်သည်ဆင်းရဲသား ကိုမြရာအား မောင်းထောင်သူဌေးဦးမြရာအဖြစ်သို့ နှစ်ကာလ အနည်းငယ်အတွင်းမှာပင် တင်ပို့ပေးလိုက်လေတော့သည်။

**မှတ်ချက်**

သောမနဿသဟဂုတ်-ဝမ်းမြောက်နှစ်သက်မှုနှင့် တကွဖြစ်သော၊ ဉာဏသမ္ပယုတ်-အသိဉာဏ်နှင့်ယှဉ်သော၊ အသင်္ခါရိက-မည်သူကမျှ မတိုက်တွန်းရသော မဟာကုသိုလ်စိတ်၊ ကြီးကျယ်မြင့်မြတ် ကောင်းကျိုးပေးတတ်သော ဖြူစင်သောအသိ။ (စာရေးသူ)

<u>ကုသိုလ်ဒါန များပြားလှသည်</u>

မောင်းထောင်ရွာ အဖ ဦးအောင်တော်၊ အမိ ဒေါ်အိုမယ်တို့မှ (၁၂၃၁)ခုနှစ်တွင် မွေးဖွားခဲ့သော ဦးမြရာနှင့် ဒေါ်ဖွားရှင်တို့၌ သားသမီးသုံးယောက်ထွန်းကားရာ သားဦးရောင်နီမှာ (၅)နှစ်သားကပင် ကွယ်လွန်ခဲ့၏။ သမီးကြီး မမေချစ်၊ သားငယ် မောင်ဘချစ်တို့နှင့် နေထိုင်ခဲ့ရာ လယ်ယာများ တစ်နေ့တခြား တိုးပွားလာ၏။

အထည်အလိပ်နှင့် ငါးပိ၊ ငါးခြောက် စသောကုန်မျိုးစုံလည်း မိမိအိမ်မှာပင် တည်ခင်းရောင်းချလေရာ ဦးမြရာ၏ သမ္မာအာဇီဝ ရိုးဖြောင့်မှန်ကန်သောစိတ်ထားကြောင့် အရောင်းအဝယ်လုပ်ငန်းတွင်လည်း ဒီရေအလား တစ်နေ့တခြား တိုးပွားလျက်ရှိခဲ့၏။

တစ်နေ့တာရောင်းဝယ်၍ ရလာသောငွေများကို သစ်သားဇလားကြီးနှင့် ထည့်ထားရသည်။ ငွေများ အဆမတန်များပြားလာသောအခါ နှစ်တင်းခန့်ဆံ့သော ကြေးအိုးကြီးများတွင် ထည့်ပိတ်၍ မြေ၌ မြှုပ်နှံသိမ်းဆည်းလေ့ရှိ၏။

မည်မျှပင် ချမ်းသာကြွယ်ဝလာသော်လည်း တောင်သူလယ်ယာလုပ်ငန်းကို လုပ်မြဲလုပ်၏။ အနေအထိုင်၊ အဝတ်အစားလည်း မပြောင်းလဲ။ ပုဆိုးခါးပုံချနှင့် အတွင်းခံအင်္ကျီမပါ။ ပင်နီတိုက်ပုံအင်္ကျီ ရင်ကွဲကြီးနှင့်သာ တွေ့ရတတ်သည်။ လူစည်ကားသော လမ်းမကြီးဘေးရှိ သူ၏အိမ်တွင် သစ်ပင်အောက်ရှိ ခုံတန်းလျားရှည်ပေါ်၌သာ အခါရာသီမရွေး နားနေအိပ်စက်သည်ကို တွေ့ရတတ်၏။ ခိုးဆိုးလုယက်မည့်ဘေးကြောင့် ပုန်းလျှိုးကွယ်လျှိုးနေရသည် မရှိချေ။ မိမိ၏ စေတနာကိုလည်း ယုံကြည်ထားပုံရ၏။

ဦးမြရာသည် ကိုယ်တိုင်လုပ်၍ရသော လယ်ဧက (၅၀၀)မှထွက်သော စပါးများနှင့် ဝယ်ယူထားသော စပါးများအတွက် သိုလှောင်ရန် စပါးကျီကြီး(၁၁)လုံး ဆောက်ထားရ၏။ မောင်းထောင်၌ (၉)လုံး၊ သုံးခန်းကျီ(၄)လုံး၊ ငါးခန်းကျီ(၃)လုံး၊ ခုနစ်ခန်းကျီ(၂)လုံး၊ လွဲတဲရွာနှင့် ဘုတလင်မြို့၌လည်း (၂)လုံးဆောက်ထားရသေး၏။

၁။ (၃)ခန်းကျီတစ်လုံးရှိ စပါးဖြင့် မောင်းထောင်ရွာဦး၌ ခြောက်ဧကခန့်ရှိ ဘလ္လာတိယကန်တော်ကြီးကို နှစ်စဉ် တူးဖော်ပြင်ဆင်၏။

ကန်တော်ကြီးဆွမ်းကြီးလောင်းပွဲတွင် ပင့်သံဃာ (၂၀၀)ခန့်ကို နှစ်စဉ်ပင်တိုင် ဆွမ်းကျွေး၍ ဇာတ်၊ ရုပ်သေးစသည့် ရပ်ရွာက ငှားရမ်းလိုလျှင် ဦးမြရာက တစ်ဝက်ကျခံ၏။

၂။ မောင်းထောင်မြောက်ရပ်၊ မိမိအိမ်အနီးရှိ မာရ်အောင်မြင်ဘုရား နှစ်စဉ်ပွဲတော်ကျင်းပရာ ရပ်ရွာက တာဝန်ပေး



www.burmeseclassic.com

သမျှ အကုန်ယူ၏။ မည်သည့်အခါမျှ မငြင်းဆန်။

၃။ မရှိဆင်းရဲသူများ၏ သားမြေးများကို ရှင်ပြုပေးလေ့ရှိ၏။ ရှင်ပြုသောအခါ အရပ်လေးမျက်နှာမှ လာလာသမျှ စိမ်းကျက်မရွေး စတုဒိသာကျွေးမွေး၏။

၄။ မောင်းထောင်ရွာ၏မြောက်ဘက်ရှိ မိမိပိုင်ယာခင်းထဲ၌ ရပ်ရွာနယ်သူ အများသုံးစွဲရန် အဝီစိလက်ရေတွင်းတူးဖော်၍ ကမ္ပည်းကျောက်စာထိုးလျက် အုတ်ကန်နှင့်တကွ ပြုလုပ်လှူဒါန်း၏။

၅။ မာန်အောင်မြင်ဘုရား လျှပ်စစ်အင်ဂျင်မီးစက် လိုသမျှငွေ စိုက်ထုတ်လှူဒါန်း၍ မာရ်အောင်မြင်ဘုရားနှင့် လေတင်ကျောက်ဘုရား နှစ်ဆူအကြား (၁၂၉၁)ခုနှစ်က အရဏ်ခံအုတ်တိုက်ကြီးတစ်လုံး ကျောက်ဆင်းတုရုပ်ပွားတော်ကြီးတစ်ဆူ၊ (၁၂၈၉)ခုနှစ်တွင် မာရ်အောင်မြင်ဘုရား အရှေ့မြောက်တွင် တံခွန်တိုင်တစ်ခု လှူဒါန်းနိုင်ခဲ့သည်။

၆။ မောင်းထောင်အနောက်မြောက်ဘက်ရှိ ကုန်းသာကျောင်းတိုက်အတွင်း၌ သစ်သားကျောင်းတစ်ဆောင်၊ သိမ်အသစ်တစ်လုံး၊ (၁၃၀၅)ခုနှစ်တွင် သိမ်အုတ်တိုက်တစ်လုံး။

၇။ (၁၂၉၂)ခုနှစ်တွင် ကုန်းသာကျောင်းတိုက်ရှိ မိမိလှူထားသော သစ်သားကျောင်းရှေ့တွင် လင်းတတစ်ကောင် အစာချီ၍ သက်ဆင်းရာ နိမိတ်မကောင်းဟုယူဆကာ သံချိုဦးကျော်လှ၏မြေး ကိုရင်ကြီးဦးစံညွှန့်သည် ထိုကျောင်းမှ ရွှေဓားကန်ကျောင်းသို့ ပြောင်းရွှေ့သွား၏။ မကြာမီ ဦးမြရာသည် သစ်သားကျောင်းကိုဖျက်၍ အုတ်တိုက်ကြီးအသစ်တည်ဆောက်၍လှူသည်။

ယင်းအုတ်တိုက်ကြီးမှာ ကျောင်းဦးပြာသာဒ်ဆောင်ပါ (၈)ခန်း၊ (၄)ခန်း နှစ်ထပ်တိုက်ကြီးဖြစ်ရာ ထိုခေတ်က ကာလတန်ကြေး အနည်းဆုံး သုံး,လေးသိန်းဟု ခန့်မှန်းကြလေသည်။ ဦးမြရာနှင့် ဒေါ်ဖွားရှင်တို့၏ ကုသိုလ်ဒါနများကား ဤသို့ပင် များပြားလှသည်ဟု ဆိုရပေမည်။

ဦးမြရာသည် ဘုရားကျောင်းကန်များကို ထိုမျှကြီးမား ခံ့ညားစွာ ဆောက်လှူထားသော်လည်း မိမိအတွက် နေရန် အိမ်မှာ သာမန်သစ်သားအိမ် အလတ်စားမျှသာဖြစ်၏။ ထိုအိမ်ရှင်က ထိုကျောင်းတိုက်ကြီးကို ဆောက်လုပ်လှူပါသည်ဟုဆိုပါလျှင် ယုံဖွယ်မရှိချေ။ သို့ရာတွင် မိမိအိမ်၌ ကိုးကွယ်ရန် ရုပ်ပွားဆင်းတုကိုမူ သစ်သားဆင်းတု၊ ငွေဆင်းတု၊ ရွှေဆင်းတု၊ စိန်ဆင်းတုများကို ထုလုပ်ပူဇော်ထားလေသည်။

<u>လယ်ယာ၊ ဥစ္စာပစ္စည်းများ ပြန်လည်အပ်နှံပေးလှူ</u>

(၁၃၀၀)ပြည့်နှစ်ပတ်ဝန်းကျင်လောက်ကဖြစ်သည်။

အရောင်းအဝယ်၊ အပေါင်အနှံ အခြွေအရံအလုပ်သမားများဖြင့် စည်ကားလျက်ရှိနေခဲ့သော ဦးမြရာအိမ်ကြီးသည် ဇနီးနှင့် သားသမီးများ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားကြလေရာ တဖြည်းဖြည်း ခြောက်သွေ့လာ၏။ ဦးမြရာလည်း အသက်(၆၀)ကျော်ဝန်းကျင်သို့ ရောက်ရှိလာသဖြင့် အရောင်းအဝယ်နှင့် လယ်ယာအလုပ်အကိုင်များကို ရပ်သင့်တာရပ်၊ လျှော့သင့်တာလျှော့ကာ ကုသိုလ်အာရုံနှင့်သာ နေလေတော့သည်။

တစ်နေ့တွင် ထိုနေ့ကား ဦးမြရာအိမ်၌ ထူးထူးခြားခြား လူစည်ကားလျက်ရှိနေ၏။ ရွာနီးချုပ်စပ်မှ ဦးမြရာနှင့် ဆက်စပ်ခဲ့ဖူးသော မိတ်ဆွေများ အယောက်(၅၀)ခန့် ဖိတ်ခေါ်ထားသဖြင့် စုဝေးရောက်ရှိလာကြခြင်းဖြစ်၏။ လာသမျှ မိတ်ဆွေများအား တစ်သုတ်ပြီးတစ်သုတ် အထူးတလည် ကောင်းမွန်စွာ ချက်ပြုတ်ကျွေးမွေးဧည့်ခံ၏။ မိမိတစ်ဦးတည်းကိုသာ ခေါ်သည်ဟုထင်ကာ အသီးသီး လာရောက်ကြရာ ဧည့်သည်များ စုံစုံညီညီတွေ့ရှိရကာမှ အချင်းချင်း အံ့အားသင့်ကုန်ကြသည်။ စားသောက်ပြောဆိုနေကြသော်လည်း အကြောင်းကိစ္စ မည်သို့ဟု မည်သူမျှမသိကြ။ အလှူပွဲများသို့ လာရောက်နေကျဖြစ်၍ အလှူဟုသာ ထင်နေကြ၏။

ဧည့်သည်များကို ထမင်းကျွေးနေခိုက် ဦးမြရာသည် အိမ်ပေါ်တက်သွားပြီး သားဖြစ်သူ မောင်ဘချစ်အား မိမိအနီးသို့ ခေါ်၍-

'လူလေး..လာဦး၊ အိမ်ပေါ် အဖေ့ခေါင်းရင်းဗီရိုထဲက စာရင်းစာအုပ်တွေ အဖေ့ဆီယူခဲ့စမ်း'ဟု ခိုင်းလိုက်၏။

ယင်းနောက် သားလက်ထဲမှ စာရင်းစာအုပ်များကို လှမ်းယူရင်း-

'ကဲ..လူလေး၊ ခဏထိုင်ဦး။ ဒီကနေ့ အဖေတို့ သားအဖ သူတကာမလှူဖူးတဲ့ အလှူတစ်ခု ပေးကြရအောင်။ မိတ်ဆွေတွေအားလုံး ထမင်းစားပြီးရင် အိမ်ပေါ်ကို လူကလေးက ခေါ်ခဲ့။ ခဏနေဦး၊ တစ်နေ့က လူလေးကို အဖေပြောတဲ့အတိုင်း အဖေ့ပစ္စည်းတွေဟာ လူလေးတစ်သက်မပြောနဲ့၊ သုံး,လေးသက် စားလို့မကုန်ပါဘူးကွာ။ အဖေ လုပ်တာ၊ လှူတာကို လူလေး မတွန့်တိုနဲ့။

လူလေးလည်း သိပါတယ်။ အဖေတို့ဟာ ဂုဏ်များ

www.burmeseclassic.com

သလက်အကြော် ရောင်းရာက လယ်ကလေးတစ်ဧက လောက်ကစပြီး လယ်ယာလုပ်ခဲ့ရတယ်။ လူလေးတို့လို မိဘလက်ငုတ်ဆိုလို့ ဘာမှပါမလာဘူး။ ခုဆို လယ်ဧက (၅၀၀)ကျော်၊ ယာမြေတွေလည်း အများကြီး။ လူလေး ဒီလယ်တွေ၊ ယာတွေကို အကုန်လုပ်နိုင်မလား။ လူလေး ဒီအလုပ်တွေကို လုပ်ဖို့လည်း မလိုတော့ဘူး။

ဒီလယ်ယာတွေဟာ မိဘလက်ငုတ် အမွေရထားတာ တွေမဟုတ်ဘူး။ ခများများ မရှိဆင်းရဲလို့ ပေါင်နှံရောင်းချ ထားကြလို့ ရထားတဲ့လယ်ယာတွေ။ ဒီလယ်ယာတွေ ပေါင်နှံဝယ်ယူတဲ့ငွေ ကျေရုံမကဘူး။ အဖေတို့ နှစ်ပေါင်းများစွာ လုပ်ကိုင်စားသောက်ခဲ့ကြရတာ အမြတ်တွေ အများကြီး ရခဲ့ပြီ။

အဲဒီတော့ လူလေး··လယ်ယာချောင်းမြောင်းမရှိလို့ မည်မည်ရရ အလုပ်အကိုင်မရှိလို့ စားရမဲ့သောက်ရမဲ့ မရှိ ဆင်းရဲသားများကို ဒီကနေ့ သူတို့မြေ သူတို့ ပြန်ပေးလှူ ကြရရင် မကောင်းဘူးလား လူလေး'

ထိုအခါ သားဖြစ်သူ မောင်ဘချစ်မှာ မိဘစကား နားထောင်တတ်သူ၊ ရတနာသုံးပါးကိုင်းရှိုင်း၍ လှူချစ်လှူ ခင် ပေါ်သူ၊ တစ်ဖက်သားအပေါ် ကူညီတတ်သူဖြစ်သည့် အတိုင်း မဆုတ်မဆိုင်းဘဲ-

'အဖေ့သဘောအတိုင်းလုပ်ပါ။ ကျွန်တော်လည်း ဝမ်း သာပါတယ်။ ဘာမှနှမြောတွန့်တိုစရာ မလိုပါဘူး အဖေ။ လှူသာလှူပါ' ဟုဆို၍ မိတ်ဆွေညှို့သည်များအားလုံး အိမ် ပေါ်သို့ ကြွကြရန် သွား၍ဖိတ်ခေါ်ခိုင်းလိုက်၏။

ပရိသတ်များ စုံညီသောအခါ ဦးမြရာသည် မိတ်ဆွေ များအား အကျိုးအကြောင်းကို ရှင်းပြရာ အားလုံး အံ့အား သင့်ကုန်ကြ၏။ ရှိရှိသေသေ စားပွဲခင်းထားသော စားပွဲ ခင်းပေါ်မှ အပေါင်အနှံ၊ အရောင်းအဝယ်စာချုပ်စာတမ်း များကို တစ်ခုပြီးတစ်ခုကောက်ယူပြီး ပေါင်နှံရောင်းသူ၏ အမည်၊ မြေဧက၊ ပေါင်နှံရောင်းဝယ်ရင်း တန်ဖိုးငွေများကို မောင်ဘချစ်အား ဖတ်ပြစေ၏။

စာချုပ်များအရ ရပ်ရွာ၊ နာမည်များအလိုက် တစ်ဦး ချင်းခေါ်ယူကာ ပြန်လည်အပ်နှံ ပေးလှူလိုက်လေသည်။ တစ်မိသားစု ချောင်ချောင်လည်လည် လုပ်ကိုင်စားသောက် နိုင်လောက်အောင်ဧက၊ တန်ဖိုးများပြားသော စာရင်းများ အများအပြား ပါရှိလေရာ ပြန်လည်လက်ခံရရှိသူများမှာ တစ်သက်နှင့်တစ်ကိုယ် ထိပေါက်ခြင်းပင်ဖြစ်၍ အတိုင်း မသိ ဝမ်းမြောက်ကြည်နူးသွားကြလေတော့သည်။

ထိုအချိန်မှ နောက်(၁၀)နှစ်ခန့်ကြာသောအခါ ဒုတိယ ကမ္ဘာစစ်ကာလကြီးသို့ ရောက်ရှိသွားလေသည်။ ထိုစစ် အတွင်းကာလတွင် ကျေးလက်တောရွာများ၌ မြို့များမှာကဲ့ သို့ ဗုံးဒဏ်မခံရသော်လည်း တောသူဌေးများသည် ဗုံးဒဏ် ထိမှန်သည်ထက် နာသောအဖြစ်ဆိုးများနှင့် ရင်ဆိုင်ကြရှာ ၏။

အကြောင်းမှာ အင်္ဂလိပ်ခေတ်က ငွေနှစ်ဆယ်၊ အစိတ်၊ တစ်ရာ၊ နှစ်ရာနှင့် ပေါင်နှံလက်ခံရရှိထားသော လယ်ယာ များကို ဂျပန်ငွေစက္ကူဖြင့် ပိုင်ရှင်များက ပြန်လည်ရွေးယူ ကြရာ သူဌေးများ မချိမဆံ့ လက်လွှတ်ခဲ့ကြရလေသည်။

ဦးမြရာသည် ထိုခေတ်ပြောင်းမည်ကို ကြိုတင်မသိ သော်လည်း ဖြူစင်သော သူ့စေတနာအရ လူသာမန်တို့ လုပ်နိုင်ခဲသော နှစ်ဦးနှစ်ဝ ချမ်းသာကြည်နူးရသော ကု သိုလ်ထူးကို ဆည်းပူးရယူနိုင်ခဲ့၏။

ဦးမြရာသည် လုံခြုံမှုမရှိသော ဂျပန်ခေတ်နှင့် လွတ် လပ်ရေးခေတ်ဦးကာလတွင် သူပုန်သူကန်နှင့် ခိုးသားဓားပြ များ အနယ်နယ်အရပ်အရပ် ထကြွသောင်းကျန်းနေသော် လည်း ပုန်းအောင်းအိပ်ရသည်မရှိ။ ပင်နီတိုက်ပုံရင်ကွဲနှင့် လမ်းမကြီးဘေး သစ်ပင်အောက်ရှိ သူ၏ ခုံရှည်ကလေးမှာ ပင် ထာဝစဉ် နှစ်ခြိုက်စွာအိပ်ကောင်းခြင်း အိပ်စက်နေထိုင် ခဲ့ရ၏။ သူ၏ စေတနာနှင့် မေတ္တာသည် ထိုခေတ်ပျက် ကာလကြီးတွင်မှ ပို၍သိသာပေါ်လွင်စေတော့သည်။

သူ၏ ပစ္စည်းဥစ္စာများ ရန်သူမျိုးငါးပါးကြောင့် မည် သည့်အခါကမျှ ဆုံးပါးလေလွင့်ခြင်းမရှိ။ ဒါနအရာတွင် အလွန်စင်ကြယ်ခဲ့၏။ ပစ္စုပ္ပန်ယခုဘဝမှာလည်း စင်ကြယ် နေ၏။ ပြတ်သားသူဖြစ်၏။ ပတ်ဝန်းကျင်အပေါ်၌ ထားရှိ သောသူ၏ မေတ္တာကရုဏာလည်း ကြီးမားလှပေ၏။ အနီ ဦးမြရာဟူသော ပုဂ္ဂိုလ်ထူးကြီးသည် လွတ်လပ်ရေးမရမီ၊ လွတ်လပ်ရေးခေတ်ဦးဖြစ်သော (၁၃၀၉)ခုနှစ်၊ အသက် (၇၈)နှစ်အရွယ်သို့ရောက်သော် လူကြီးရောဂါဖြင့် သူ၏ နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားလေတော့သည်ဟူ သတည်း။

သုခီအတ္တာနံ ပရိဟရန္တု

ရွှေတာလေး(လွယ်လင်)

<u>ကျမ်းကိုး</u>

* မဟာစရိယဦးဌေးလှိုင်၏ ဓမ္မဒူတ (ပ+ဒု)တွဲ စာအုပ်။



www.burmeseclassic.com

www.burmeseclassic.com



ဟိန်း(ဘူမိ)

# သင့်ကိုယ်တွင်းမှ အဆိပ်ဓာတ်ထုတ်ဖို့ လျှော့သောက်ကြစို့

ရှေ့လများက အူမကြီးဆေးကြောခြင်းနှင့် ပတ်သက်၍ သိသင့်သည်များကို ဖော်ပြခဲ့ပါသည်။ ယခု အူမကြီးဆေးကြောခြင်း အစီအစဉ်ကို လုပ်ဆောင်စဉ်တွင် လိုက်နာကျင့်သုံးရမည့် စားသောက်မှုပုံစံ(Menu Plan) ကို ဆက်လက်ဖော်ပြပေးသွားပါမည်။

**စားသောက်ရန်ပုံစံ (Menu Plan)**

**နံနက်စောစော နိုးထချိန်**

နံနက်(၇း၀၀)နာရီတွင် အမျှင်ဓာတ်ပါသော ဖိုက်ဘာရှိတ်ခ်(Fiber Shake) တစ်ခွက် သောက်သုံးပေးရမည်။ (နောက်ပိုင်းတွင် အကျယ်တဝင့် ဖော်ပြပေးပါမည်။)

**နံနက်စာ (Breakfast)**

နံနက်(၈း၀၀)နာရီတွင် နံနက်စောစောစာကို အောက်ဖော်ပြပါများထဲမှ ရွေးချယ်စားသုံးပေးနိုင်သည်။

၁။ ဗာဒံစေ့ (သို့မဟုတ်) မက်မွန်သီး ပါဝင်သော ဟင်းရွက်စုံဖျော်ရည်ပျစ်ပျစ်၊ (သို့မဟုတ်)

၂။ ထောပတ်သီးနှင့် ခရမ်းချဉ်သီး ရော၍ ဖျော်ရည်ပျစ်ပျစ်၊ (သို့မဟုတ်)

၃။ ဟင်းရွက်စုံဖျော်ရည်များ (နောက်ပိုင်း အကျယ်ဖော်ပြပေးမည်) ကဏ္ဍတွင် ပါဝင်သော ဖျော်ရည်ပျစ်ပျစ်များ။

**နံနက်(၉း၀၀)နာရီ (Probiotic)**

ပရိုဘိုင်အိုတစ်(Probiotic) (ခေါ်) ဒိန်ချဉ်မှထုတ်သော ဆေးတောင့်ကို သောက်ရန်ဖြစ်သည်။

**နံနက်(၁၀း၀၀)နာရီ**

အူမကြီးဆေးသော ကော့တေးလ်(the Color Cleanse Cocktail) (သို့မဟုတ်) ဟင်းရွက်စုံဖျော်ရည် တစ်မျိုးမျိုးကို လတ်လတ်ဆတ်ဆတ် ပြုလုပ်သောက်သုံးရန် ဖြစ်သည်။ (ယင်းတို့ ပြုလုပ်နည်းများ နောက်ပိုင်းတွင် ဖော်ပြပေးပါမည်။)

**နံနက်(၁၁း၀၀)နာရီ**

ဖိုက်ဘာရှိတ်ခ်(Fibre Shake) သောက်ရန် ဖြစ်သည်။

**နေ့လယ်စာ(Lunch) မွန်းတည့်(၁၂း၀၀)နာရီ**

အောက်ဖော်ပြပါများထဲမှ တစ်ခုခု ရွေးချယ်သောက်သုံးရန် ဖြစ်သည်။

၁။ ဟင်းရွက်စုံသုပ်များများနှင့် စွတ်ပြုတ်ရည်ကြမ်း (raw soup) တစ်ခွက်။ (နောက်ပိုင်းတွင် ပြုလုပ်နည်းများ ဖော်ပြပေးပါမည်။)

၂။ ဟင်းရွက်စုံသုပ်များများကို ထောပတ်သီး ဖြည့်စွက်၍ စားသုံးရန်။ ယင်းနှင့်အတူ ဆန်လုံးညိုထမင်းကို ခွက်တစ်ဝက်စာမျှ တွဲဖက်စားသုံးပေးရန် ဖြစ်သည်။ (ဆန်လုံးညိုထမင်းအစား ပြောင်းဆန်၊ ဘာလီဆန်တို့ကို ချက်၍လည်း စားပေးနိုင်သည်။)

၃။ ဂေါ်ဖီပန်းအစိမ်းရောင်(brocoli)၊ ပန်းဂေါ်ဖီ၊ ငရုတ်ပွသီး(အစိမ်းရောင်နှင့် အနီရောင်)၊ တရုတ်နံနံ၊ သခွားသီး၊ မုန်လာဥနီ၊ ခရမ်းချဉ်သီး၊ မုန်လာဥဝါ စသည်တို့ကို အယ်လ်ဖာဖာစပရောက် (စီတီးမတ်တွင် ဝယ်၍ရ)၊ (သို့မဟုတ်) နေကြာစေ့ (သို့မဟုတ်) မုန်လာရွက် ရောစပ်၍ ဟင်းရွက်စုံသုပ် ပြုလုပ်စားသုံးပေးနိုင်သည်။

ဟင်းရွက်သုပ်ရာတွင် သံလွင်ဆီစစ်စစ် ခွက်တစ်ဝက် (extra virgin olive oil)၊ သံပုရာရည် ဟင်းစားဇွန်း(၃)ဇွန်း၊ ရေ ဟင်းစားဇွန်း(၃)ဇွန်း ရော၍ သမစေပြီး ဖန်ခွက်တစ်ခွက်ထဲတွင် ကောင်းစွာလှုပ်ခါ ရောနှောပေးရမည်။ ထို့နောက် ကြက်သွန်ဖြူအနည်းငယ် ထုချေ၍ဖြစ်စေ၊ ကြက်သွန်ဖြူအမှုန့် အနည်းငယ်ဖြစ်စေ ရောပေးနိုင်၏။

**မွန်းလွဲစာ (Afternoon)**

**ညနေ(၃း၀၀)နာရီ**

ဖိုက်ဘာရှိတ်ခ် သောက်ပေးရန် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

**ညနေ(၄း၀၀)နာရီ**

ဟင်းရွက်စုံဖျော်ရည်ပျစ်ပျစ်ဖြစ်စေ၊ သကြားနည်းသော ဘယ်ရီသီး (သို့မဟုတ်) ပန်းသီးစိမ်းဖြစ်စေ ဖျော်ရည်ပျစ်(smoothie) ပြုလုပ်၍ သောက်သုံးပေးနိုင်သည်။

**ညစာ (Dinner)**

**ညနေ(၆း၀၀)နာရီ**

ရှေ့ပိုင်းတွင် ဖော်ပြပေးထားသော ကျန်းမာရေးလမ်းညွှန်ချက်များအရဖြစ်စေ၊ နေ့လယ်စာအတွက် အကြံပေးချက်များအရဖြစ်စေ၊ (သို့မဟုတ်) ဟင်းသီးဟင်းရွက်များကို ဟင်းရွက်သုပ်အဖြစ် ဖန်တီး၍ဖြစ်စေ စားသုံးပေးနိုင်ပါသည်။

ဟင်းရွက်များကို စုံလင်အောင်ထည့်၍ အကြမ်းအတိုင်းဖြစ်စေ၊ မနွမ်းအောင် ရေနွေးဖျော၍ဖြစ်စေ ဟင်းရွက်သုပ်အဖြစ် စားပေးနိုင်သည်။ သင့်အနေနှင့် အရသာအတွက် ကြက်သား (သို့မဟုတ်) ကြက်ဆင်သား၊ (သို့မဟုတ်) ငါးကို အရေခွံမပါစေဘဲ (၂)ကျပ်သားခန့် ထည့်စားပေးနိုင်သည်။ ဖြစ်နိုင်လျှင် အသားလုံးဝမထည့်ဘဲ စားပါလေ။ အသားပါလျှင် အူမကြီးဆေးကြောမှု နည်းစဉ်ကို ကြန့်ကြာနှောင့်နှေးစေတတ်၏။ အူမကြီး အမြန်သန့်စင်လိုပါက အသားမပါဘဲ စားသုံးပေးရမည်။ တစ်ပတ်၊ နှစ်ပတ်မျှ အသားမစားရုံဖြင့် သင့်ကြွက်သားများ(muscles) လျော့ပါးဆုံးရှုံးမသွားနိုင်ပါချေ။

**ညစာနောက်ပိုင်း (After Dinner)**

ဆေးဖက်ဝင် အပင်များကို ပေါင်းစပ်အသုံးပြုပေးနိုင်သည်။ အပင်ထွက် ဆေးဝါး၊ ဆေးတောင့်များ (အညွှန်းကြည့် ဝယ်ပါ)ကို နှစ်လုံးမျှ သောက်ပေးနိုင်၏။

**ည(၈း၀၀)နာရီ**

အပင်ထွက်ဆေးစိမ်ရည်(Herbal Tea) နှင့် ပရိုဘိုင်အိုတစ်ဆေးတောင့်(Probiotic)။

**ည(၉း၀၀)နာရီ**

ဖိုက်ဘာရှိတ်ခ်(Fiber Shake) သောက်သုံးပေးရန်ဖြစ်၏။

**ဆေးကြောမှုပြုစဉ်ကာလအတွင်း**

အူမကြီးဆေးကြောမှု နည်းလမ်းကို လိုက်နာကျင့်သုံးနေစဉ် ကာလအတွင်းတွင် တစ်နေ့တာအတွက် ဖိုက်ဘာရှိတ်ခ်(Fiber Shake) လေးခွက်မျှ သောက်သုံးပေးနေရမည်။ ညစာစားအပြီးတွင် အနည်းဆုံး ဆေးဖက်ဝင်အပင်များ တွဲ၍ ဖျော်ရည်ပြုလုပ် သောက်သုံးခြင်း တစ်ကြိမ်မျှ ပြုပေးရမည်။ အစာစားချိန် တစ်ခုနှင့် တစ်ခုကြားတွင် ရေများစွာ သောက်သုံးပေးရမည်။ တစ်နေ့တာအတွက် နှစ်ကွာတခွဲခန့်ထိ သောက်ပေးရမည်။ သို့ဖြစ်၍ တစ်နေ့တာအတွက် ရေကို ဖန်ခွက်(၈)ခွက်မှ (၁၀)ခွက်ထိ သောက်ပေးရမည်။ တစ်နေ့တာအတွင်း ဆေးဖက်ဝင်အပင် ရေနွေးစိမ်ရည်(herbal tea) သောက်ပေးခြင်းကို ရေသောက်ခြင်းပမာဏတွင် ထည့်သွင်းတွက်ချက်ပေးနိုင်ပါသည်။

ပန်းသီးစိမ်းကဲ့သို့ အချိုနည်းသော သစ်သီးဖျော်ရည်သောက်သုံးပေးခြင်းမျိုး ပြုပေးနိုင်၏။ (သကြား၊ ပျားရည် မထည့်ရပါ။) အစောပိုင်းရက်များတွင် (နှစ်ရက်၊ သုံးရက်မျှ) လက်ဖက်စိမ်း(green tea) နှစ်ခွက်မျှ သောက်ပေးနိုင်၏ သို့သော် နောက်ပိုင်းရက်များတွင်မူ သွေးတွင်း သကြားဓာတ်ကျခြင်း (သို့မဟုတ်) အက်ဒရီနယ်ဂလင်း လုပ်ဆောင်မှု ဆုတ်ယုတ်ခြင်း ဖြစ်တတ်၍ ရပ်ပစ်ရမည်။





www.burmeseclassic.com

www.burmeseclassic.com

**ဖိုက်ဘာရှိတ်ခ် (Fibre Shake)**

ရှေ့တွင် ဖိုက်ဘာရှိတ်ခ်အကြောင်း ဖော်ပြပေးမည်ဟု ရေးသားခဲ့၏။ အူမကြီးဆေးကြောမှု နည်းစဉ်အတွင်း အမျှင်ဓာတ် လုံလောက်စွာ ရရှိရေးမှာ အရေးကြီးပါသည်။ သို့မှသာ အူမကြီးတွင်းမှ ခိုအောင်းနေသော အညစ်အကြေးများ စွန့်ထုတ်ရေးကို အထောက်အကူရစေပါမည်။ အမျှင်ဓာတ်များ(fibres) သည် အူမကြီးနံရံများကို လှည်းကျင်းပေးပြီး အဆိပ်ဓာတ်များနှင့် စွန့်ပစ်စရာများကို ရေမြှုပ်များကဲ့သို့ စုပ်ယူကာ ဝမ်းစွန့်ခြင်းနှင့်အတူ အပြင်သို့ ထွက်သွားစေပါသည်။

အူမကြီးဆေးကြောရာတွင် ဂုန်လျှော် (ဝါ) နှမ်းကြပ်အမျှင်(flax fibre) (သို့မဟုတ်) ဂုန်လျှော်စေ့အမှုန့်များကို အသုံးပြုပေးနိုင်သည်။ ပန်းသီး (သို့မဟုတ်) ရှောက်၊ သံပုရာမှ ပက်တင်(citrus pctin) နှင့် ဂွဂ္ဂလု(guar gum) ရပါက ထည့်ပေးနိုင်၏။ မီးသွေးသန့်သန့်ကို အမှုန့်ပြုထည့်ပေးပါက အဆိပ်ဓာတ်များကို စုပ်ယူရန် ပို၍အထောက်အကူပြုပေးပါ၏။

ကျန်းမာရေးစာ အရောင်းဆိုင်များတွင် အမျှင်ဓာတ်ဖြည့်စွက်စာများကို တံဆိပ်အမျိုးမျိုးဖြင့် ရနိုင်၍ ဖြည့်စွက်





ပေးနိုင်၏။

**အိမ်လုပ် ဖိုက်ဘာရှိတ်ခ်**

* ဂုန်လျှော်စေ့ ခွက်တစ်ဝက်။
* ဘန်တိုနိုက်ကလေး(bentonite clay) ခွက်တစ်ဝက်။
* မီးသွေးမှုန့်သန့်သန့် ဟင်းစားဇွန်း(၂)ဇွန်း။
* ပန်းသီး (သို့မဟုတ်) သံပုရာသီးမှ ထုတ်သော ပက်တင်ဓာတ် ဟင်းစားဇွန်း(၃)ဇွန်း (မထည့်လည်းရ၏)။

ယင်းတို့ကို သမအောင်ရော၍ ပလတ်စတစ်ခွက် (သို့မဟုတ်) ဖန်ခွက်ဖြင့်ထည့်ကာ ရေခဲသေတ္တာတွင် ထားပေးရမည်။

ယင်းအမျှင်ဓာတ်အရောကို ရေပေါင်ဝက်(ဖန်ခွက်တစ်ခွက်) (သို့မဟုတ်) ဟင်းသီးဟင်းရွက်ဖျော်ရည် တစ်ဖန်ခွက်နှင့် ဆတူသမအောင်ရော၍ သောက်သုံးပေးရမည်။ အနံ့အတွက် သံပုရာ (သို့မဟုတ်) ရှောက်ရည် အနည်းငယ် ဖြည့်စွက်သုံးဆောင်ပေးနိုင်သည်။


ဟိန်း(ဘူမိ

www.burmeseclassic.com

www.burmeseclassic.com

# ရန်နိုင်

## ရုပ်တုအမှတ်တရ




နန်းစဉ်မင်းရုပ်ကို ရွှေဖြင့် ထုလုပ်ကိုးကွယ်သည့် အကြောင်း ရှေးကျမ်းစာပေများတွင် တွေ့ရသည်။ ဖြစ်စဉ်၏ မူလအစမှာ အဇာတသတ်မင်းသည် ခမည်းတော်အား ပြစ်မှားမိသည်။ ပဋ္ဌာနန္တရိယကံ ထိုက်လေသောကြောင့် ခမည်းတော် အရုပ်ကို ရွှေဖြင့် ထုလုပ်ပူဇော်ကန်တော့သည်မှ စတင် သည်ဟု မှတ်သားရသည်။

နောင်တဆိုသည်မှာ နောင်မှတ,ရသည်မျိုး။ ,သတိ တရားကို နောက်ကျမှရသည်။ ထိုအခါတွင် အရာရာ သည် လွန်မြောက်ခဲ့ပြီးဖြစ်သည်။ မှားမိသည့် ဝန်တာကို ခံစားရသူက နောင်းတမြေ့မြေ့။ သည်အခါ ကွင် ဝန်ချတောင်းပန် ပူဇော်ကန်တော့ရုံမှ တစ်ပါး အခြားမရှိတော့။

တကယ်တမ်းအားဖြင့် အဇာတသတ်မင်းသား သည် ဆရာတင် မှားသည်၊ လူပေါင်း မှားသည်။ ဒေဝဒတ်ကိုမှ အားကိုးမိသည်။ ဇာတ်တော်လာ ဖြစ်စဉ်အရလည်း ဒေဝဒတ်ကိုယ်တော်က အကြံ ကြီးသည်။ အတွေးအခေါ်ပက်စက်သည်။ ဘုရားကို အန်တုရန်ပြုလိုသည့် အစီအစဉ်။

ခမည်းတော် နတ်ရွာစံ ကံတော်ကုန်လေမှ အဇာတသတ်မင်းက ဘုရားကို သတိရသည်။ မိုက်နောင်တမှတစ်ပါး အခြားမရနိုင်။ ခမည်း တော်ကိုယ်စား ရွှေရုပ်တုကို ဦးချပူဇော်နေရုံမျှ ဖြင့် အပြစ်များ ကျေနိုင်ပါမည်လော။ သည် ဇာတ်တော်ကို ရင်သို့ဖွဲ့သွားသော လူငယ် တစ်ယောက်သည် လူပေါင်းမှားခြင်း၏ အပြစ်ကို သတိထားမိသွားစေနိုင်ပါက အတိုင်းထက်အလွန်။

* * *

အလောင်းစည်သူမင်းကြီးလက်ထက် သဗ္ဗညာယရာဇမာန်တက်၍ 'ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့သည် ငါကဲ့သို့ ဘုန်း အာဏာမရှိ'ဟု ပြစ်မှားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

မကြာခင် မျက်လုံးတော်မကြည်မလင် အမြင်ပျက်ပြား သည့်အခါ ပညာရှိသမား ဟူးရားတို့ကို တွက်ချက်လေ့လာ စေသည်။ ဘေးတော်၊ဘိုးတော်တို့အား စော်ကားမိသဖြင့် မျက်လုံးတော်မကြည်မလင်ဖြစ်ရသည်။ ဘေးတော်၊ဘိုး တော် အရုပ်များကို ရွှေဖြင့် ထုလုပ်ပူဇော် ပြုစုတော်မူပါမှ သန့်ရှင်းကြည်လင်မည့်အကြောင်း ဟောပြောကြသည်။ ပုဂံပြည့်ရှင်မင်းအဆက်ဆက်၏ ရုပ်တုတော်များအား ချက် ချင်းထုလုပ်စေသည်။

မင်းရုပ်တုများကို တန်ဆောင်းသုံးထပ် ကာရံသည်။ ကြာယပ်နှင့် လေးမျက်နှာ သံကွန်ရက်ရွှေချပိတ်ကာ ထား သည်။ တံခါးကို သော့ခတ်စေသည်။ ဇေတဝန်ဆောင်တော် ရှိ ကွန်းစင်အတွင်း၌ အနောက်သို့ မျက်နှာပြု၍ ခင်းကျင်း ကိုးကွယ်ပူဇော်သည်ဟု လေ့လာတွေ့ရှိရသည်။

'မျက်မြတ်စီစဉ်၊ ပေါင်းဖျင်ရတနာ၊ မင်းတန်ဆာနှင့်၊ စဉ်လာရေးတီး၊ နတ်ပြည်မှီးသား၊ ဘုန်းကြီးမင်းပေါင်း၊ ဘေးလောင်းမင်းကျော်၊ ဘိုးတော်မင်းချစ်၊ မြတ်စစ်သည် ကြီး၊ ခမည်းတော်တိုင်၊ မယ်တော်ပြိုင်လျက်၊ ရောင်စိုင်ရွှေ၊ မင်းရုပ်တုကို၊ သာဓုကော်ရော်၊ ပူဇော်သက္ကာ၊ ကြည်ညွတ်စွာမှ'ဟု ရှေးစာဆိုများ ရေးစပ်ခဲ့သည်။

သည်သမိုင်းကြောင်းကလေးက - ဖြစ်ရပ်မှန်။ ပုဂံမှ ကန်တော့ပလ္လင်နှင့်အဆက်အစပ်။ အောင်မြင်မှုဒဏ်ကို မခံ နိုင်သည့်အခါ ဖြစ်တတ်သော လူ့သဘာဝ။ နောင်းသူတို့ သတိထားရမည့် သာဓက။ မိမိကိုယ်ကို အထင်ကြီးစိတ် လွှမ်းကဲသည့်အခါ ဆင်ခြင်ရမည့် အနေအထား။

* * *

နရသီဟပတေ့မင်းလက်ထက် မြင်းခံပြေည့်နှင့် အောင် စွာအမတ်တို့၏ ဖြစ်စဉ်သည်လည်း အလားတူသည်။

ဘုရင်၏ အလိုတော်မပြည့်မှု စိတ်တိုင်းမကျမှုကြောင့် တာဝန်ကျေပွန်သော်လည်း ကွပ်မျက်ခံရရှာသော မြင်းသည် တော် ငပြည့်။ ဘုရင့်ဘက်က ကတိပျက်ကွက်သည်က ပထမ။ ထိုပျက်ကွက်မှုအပေါ် စိတ်လိုက်မာန်ပါ ပြောမှား ဆိုမှား မှားမိသူက အမတ်အောင်စွာ။ အဆိုပါ မင်းမှုထမ်း နှစ်ဦးကို ဘုရင်က သတ်စေသည်။

မှားသည်၊ မှန်သည်ကို ပြည်သူက မဝေဖန်။ သို့သော် ငပြည့်နှင့် အောင်စွာဘက်က ဝင်ရောက်ခံစားကြသည်။ မရှင်မပျ စိတ်ထိခိုက်ကြသည်။ သူတို့ချစ်သော ငပြည့်ကို မြင်းဖြူကြီးနှင့်အတူ မြင်းဖြူရှင်ဟု ရုပ်တုထုလုပ် ကိုးကွယ် ကြသည်။ အလားတူ အောင်စွာအမတ်ကိုလည်း အောင်စွာ မကြီးဟူ၍ ရုပ်တုထုထွင်း နတ်စာရင်းသွင်းကာ ကိုးကွယ် ကြသည့်အခါ ဘုရင်ကြီး ဘာမျှမတတ်နိုင်။ ပြည်သူ၏ သဘောထားကို သိသာမြင်သာစေသည်။ အုပ်ချုပ်သူအား အမှားကို ထောက်ပြလိုက်သည့်နှယ် အထင်အရှား။

နတ်သမိုင်းကလေးများက သင်ခန်းစာများစွာပေး သည်။ စိတ်လိုက်မာန်ပါ စိတ်အလိုဆန္ဒကို လွှတ်ပေးတတ် သော ဘုရင်တစ်ပါး၏ အမှားများကို ထောက်ပြသည်။ မိမိတစ်ယောက်၏ အဆုံးအဖြတ်မှားယွင်းမှုကြောင့် တစ် ပါးသူတို့ ပျက်စီးစေခြင်းသည် မည်သို့မျှ မသင့်လျော်ဟု သတိထားမိလျှင် ကျေးဇူးတင်စရာ။

* * *

ရုပ်တုအထိမ်းအမှတ်ဆိုင်ရာ နောက်ဖြစ်စဉ်တစ်ခုက မင်းတုန်းမင်းကြီးလက်ထက်တော်ကာလ။

မင်းတုန်းမင်းကြီးသည် စံနန်းတော်ဆောင်ဘုရားခန်း အတွင်း၌ ဆွေတော်မျိုးတော်တို့၏ ရုပ်တုတော်များကို ထု လုပ်ပူဇော်သည်။ လစဉ်လဆန်းတစ်ရက်နေ့တိုင်း စကြာဒေ ဝီမိဖုရားကြီးနှင့်အတူ ပူဇော်ကန်တော့နေကျ။ အလောင်း မင်းတရားကြီးမှစ၍ မိဘဘိုးဘွား ဆွေတော်မျိုးတော် ရွှေ ရုပ်တု(၁၆)ရုပ်ကို ထုလုပ်ပူဇော်ပွဲအား သက္ကရာဇ်(၁၂၁၅)ခု တပို့တွဲလဆန်း (၉)ရက်နေ့မှ စတင်ခဲ့သည်။

လစဉ်လဆန်း (၁)ရက်နေ့တိုင်း ရုပ်တုပူဇော်ပွဲကို ကျင်းပသည်။ မင်းကြီးနှင့်အတူ စကြာဒေဝီမိဖုရားခေါင် ကြီးတစ်ဦးသာ ပါဝင်ခွင့်ရှိသည်။ ဆီမီးထွန်းညှိလျက် ဂါထာ ရွတ်ဆို၍ ပူဇော်သည်။ ဂါထာတစ်ပုဒ်ဆုံးတိုင်း ကြေးစည် ကို ထုလေ့ရှိသည်ဟု မှတ်သားဖူးသည်။ ဂါထာကို ပုဏ္ဏား များက ရေးစပ်သီကုံးပေးသည်။

ကုန်းဘောင်မင်းဆက် (၁၁)ဆက်တွင် ရုပ်တုပူဇော်ရာ ၌ မင်းသုံးဆက် ကျန်ခဲ့သည်။ မြေဒူးမင်း၊ ဖောင်းကားစား နှင့် ပုဂံမင်းတို့ကို မိဖုရားများနှင့်အတူ ချန်ထားခဲ့သည်။ အဆိုပါ မင်းသုံးပါးအပေါ် မင်းတုန်းမင်းကြီး၏ သဘော ထားကို သိသာမြင်သာသည်။

စကြာဒေဝီမိဖုရားကြီးက ဦးစွာနတ်ရွာစံသည်။ ထို အခါ မင်းကြီးက စကြာဒေဝီရုပ်ကို ရွှေဖြင့် [illegible] သည်။ မင်းကြီးက မိမိပြုသမျှ ကုသိုလ်နှင့်[illegible] မိဖုရားခေါင်ကြီးအား အမျှပေးဝေလေ့ရှိသည်။

သည်အထောက်အထားက [illegible]

www.burmeseclassic.com

ကို မမေ့မလျော့ မှတ်မှတ်ထင်ထင် ပူဇော်ကန်တော့လေ့ရှိကြသည့် မြန်မာ့ရိုးရာနန်းတွင်းအစဉ်အလာ။ ရုပ်တုအထိမ်းအမှတ် ပြုလုပ်ကြသည့်ဓလေ့က ထင်ထင်ရှားရှား။ ရှိသေထိုက်သူ ကြည်ညိုထိုက်သူကို အစဉ်ထာဝရ အမှတ်ရနေခြင်းအားဖြင့် အလွန်ဂုဏ်မြောက် တင့်တယ်စေသည့် လေးစားစရာသရုပ်ကို ဖော်ပြသည်။

* * *

နောက်ထပ်အထောက်အထားတစ်ခုက မင်းကြီးစွာစော်ကဲ လက်ထက်တော်အခါသမယ။

သက္ကရာဇ်(၇၃၀)ပြည့်နှစ်တွင် မိတ္ထီလာကန်ပေါက်သဖြင့် မင်းကြီးစွာကိုယ်တော်တိုင် ကန်ဆယ်တော်မူသည်။ ထိုစဉ် မြေသားထဲမှ ရွှေသားရုပ်တုများ တူးဖော်ရရှိသည်။ အနီးရှိ ဝန်ဇင်းသူကြီးကို မင်းကြီးခေါ်ယူမေးမြန်းစုံစမ်းတော်မူသည်။ အဖြေမရ။ အသည်သားတစ်ယောက် စာပေဗဟုသုတပြည့်စုံကြောင်း မင်းကြီးသိလျှင် ခေါ်ယူမေးမြန်းသည်။ ကျွန်တော်မျိုးကြားဖူးပါသည်။ ဘေးလောင်းတော် အလောင်းစည်သူမင်းကြီး မိတ္ထီလာကန်တော်ကို ဆယ်တော်မူခိုက်နောက်တော်ပါ မင်းသမီးမင်းသားတို့ ကံတော်ကုန်သောကြောင့် ရုပ်တုများ ထုလုပ်မြှုပ်နှံတော်မူခဲ့ကြောင်း ယုတ္တိရှိရှိ လျှောက်ထားသည်။

ထိုမှစ၍ ဝန်ဇင်းအသည်သားသည် ပညာရှိအမတ်ကြီးဝန်ဇင်းမင်းရာဇာဖြစ်လာသည်။

သည်ဖြစ်စဉ်ကလေးကလည်း ရှေးမင်းများ ချစ်ခင်မြတ်နိုးသော မင်းသား၊ မင်းသမီးများ သေလွန်သည့်အခါ ရုပ်တုများ ထုလုပ်၍ အထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ထားရစ်တတ်ကြောင်းသာဓက။

မြန်မာတို့သည် မိမိတို့ချစ်ခင်သော အားကိုးယုံကြည်သောသူများနှင့် ပတ်သက်၍ သေလွန်သည့်အခါ မေ့မေ့ပျောက်ပျောက် မထားကြ။ အမှတ်တရ တမ်းတမ်းတတရည်မှန်းကြသည်။ အထိမ်းအမှတ် ရုပ်တုများ၊ ဂါထာများ၊ တေးသီချင်းများဖြင့် ဂုဏ်ပြုမှတ်တမ်းတင်တတ်ကြသည့် အလွန်ချစ်ခင်စရာ အလေ့အထ။ သည်ဖြစ်ရပ်တွင် ရုပ်တုကို ချစ်ခင်လေးစားလေ့လာ ပညာရှာသင့်ကြောင်း လမ်းပြသည်။ ပညာရှိတစ်ယောက်ဖြစ်စေရန် လေ့လာနည်းပညာက အရေးပါကြောင်း ပြဆိုသည်။

* * *

မွန်ဘုရင် သုရှင်ရာဇာဓိရာဇ်သည် တိုက်ပွဲတွင် ကျဆုံးခဲ့လေသော မွန်သူရဲကောင်း လဂွန်းအိမ်ကို မကြာခဏအိပ်မက်မြင်မက်သည်။ သမားဟူးရားတို့အား ဟောစေသည်။

လဂွန်းအိမ်သည် တစ်နေ့နေ့ သူ့ထံ ပြန်လာလိမ့်မည်ဟူသော ကိုယ်တိုင်မျှော်လင့်ထင်မြင်ချက်။ ယခု အသူရကာယဘုံဘဝဖြင့် လဂွန်းအိမ်လာရောက်၍ မိမိအား စောင့်ရှောက်နေသည်ဟူသော အစွဲအလမ်း။ သူ့ကို အချိန်နှင့်အမျှ မေ့မရ။ ထို့ကြောင့် လဂွန်းအိမ်အား ကောင်းစွာကျွေးမွေးပြုစုစေ။ လဂွန်းအိမ်အတွက် နတ်ကွန်းတစ်ခု တည်ဆောက်စေ။ လဂွန်းအိမ်ရုပ်တုကို ရွှေဖြင့်သွန်းလုပ်စေ၊ လဂွန်းအိမ်နတ်ကို နေ့စဉ် ဗလိနတ်စာ ကျွေးမွေးစေ စသည်ဖြင့် အမိန့်တော်များ။ (ဗလိနတ်စာဆိုသည်မှာ နတ်ပူဇော်မှုဆိုင်ရာ ပစ္စည်းများကို ဆိုလိုသည်။)

ဤမျှ သူရဲကောင်းတို့အပေါ် ချစ်ခင်စွဲလမ်းသောစိတ်၊ သူရဲကောင်းအား ဂုဏ်ပြုလိုသောစိတ်။

ထိုကာလမှစ၍ လဂွန်းအိမ်နတ်ရုပ်တု ပေါ်ပေါက်လာရသည်။ သည်ဇာတ်လမ်းကလေးကို အမှတ်ရနေခြင်းအားဖြင့် လူငယ်တို့သည် လဂွန်းအိမ်ကဲ့သို့သော စစ်သည်ကောင်းတစ်ယောက် (သို့မဟုတ်) သုရှင်ရာဇာဓိရာဇ်ကဲ့သို့သော ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လိုစိတ်ပေါ်လာလျှင် အကျိုးမယုတ်။

* * *

အချို့နတ်သမိုင်းများတွင် နတ်ကွန်းပေးခြင်း၊ နတ်ပွဲသဘင် ဆင်ယင်ကျင်းပပေးခြင်း၊ နယ်မြေအပိုင်စား သတ်မှတ်ထားရှိခြင်း စသည်တို့ကို တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့ကိုယ်တိုင်က ဦးဆောင်ဦးရွက်ပြုခဲ့သည့်သာဓကများရှိခဲ့သည်။

အိမ်တွင်းမင်းမဟာဂီရိအကြောင်း သိရှိကြပြီးဖြစ်သည်။

မင်းပရိယာယ်၊ တေင့်တယ်၊ နားဝယ်မလည်ရှာ ကဝိလက္ခဏာ သတ်ပုံကျမ်းလာ သံပေါက်တစ်ခုဖြစ်သည်။ အဆိုပါ စာပေအထောက်ထားက ဦးတင့်တယ်၏ ဖြစ်စဉ်ဇာတ်လမ်းကို ထောက်ခံနေသယောင်။

တကောင်းပြည်တွင် မောင်တင့်တယ်ဆိုသူသည် ခွန်အားဗလ ကြီးမားသည်။ ပန်းပဲလုပ်ငန်းဖြင့် အသက်မွေးသည်။ ကျော်စောထင်ရှားသည်။

ထိုစဉ်က ပြည်သူများသည်လည်း မောင်တင့်တယ်၏ ခွန်အားဗလကို အားကျအားကိုးကြသည်။ အထင်ကြီးလေး



www.burmeseclassic.com

www.burmeseclassic.com

စားကြသည်။ သည်ဇာတ်လမ်းကလေးအပေါ် လူအများ၏ စိတ်တွင် ထိထိခိုက်ခိုက်။ ဘုရင်ကိုလည်း မပြောရဲ မဆိုရဲ၊ မဝေဖန်ရဲ။ မောင်တင့်တယ်မောင်နှမအားသတ်သော စံကားပင်ကိုမြင်တိုင်း ရင်ထုမနာ မချိမဆံ့ သေဆုံးကြရရှာသော ဒုက္ခသည်မောင်နှမကို မျက်စိထဲမှမပျောက်။ မြင်ယောင်လျက် သတိတရ။ ပြည်သူတို့ စိတ်ပင်ပန်းရှာကြသည့်အဖြစ်ဆိုး။

ဖြစ်နိုင်သည်က တကောင်းပြည်သူတို့ကြား ခံစားနေရသည်ကို ပုဂံပြည့်ရှင်လည်း ကြားသိနေပါလိမ့်မည်။ မိမိ၏ တိုင်းပြည်မှ ပြည်သူများအထိ စိမ့်ဝင်ပျံ့နှံ့လာသော ဇာတ်လမ်း။ တကောင်းပြည်သူတို့ကိုသာမက မိမိပုဂံပြည်သူများ၏ ခံစားချက်ကိုပါ စိတ်ဖြေပေးလိုသည်က ပုဂံပြည့်ရှင်၏ ဆန္ဒ။ ဧရာဝတီမြစ်ကြောင်းအတိုင်း မျောလာသည့်ထိုစံကားပင်အားဆယ်ယူကာ နတ်မောင်နှမရုပ်တုထုလုပ်လျက် ပုပ္ပားတောင်တွင် နတ်ကွန်းပေးအပ် ကိုးကွယ်စေသည်။

ဇာတ်လမ်းကလေးက စိတ်ဝင်စားစရာ။ ရင်သို့ထိခိုက်စေသည်။ စိတ်တွင်မခံချိမခံသာ။ ထိုစဉ်က တစ်ဖက်တွင် ပဒေသရာဇ်ခေတ်စနစ်၏ ဘုရင်မင်းမြတ်။ ပြည်သူသည် ဘုရင်အားလည်း မဝေဖန်ရဲ။ သူတို့ချစ်သော မတရားခံစားရသူအတွက်လည်း ရတက်မအေး။ တစ်နည်းအားဖြင့် တအုံနွေးနွေး။ သည်အခြေအနေကို သတိထားမိသော အုပ်ချုပ်သူမင်းများက ပြည်သူတို့အား မျက်ဖြေနတ်ကွန်းကလေးများ တည်ထောင်ပေးသည်။ ပွဲလမ်းသဘင် ဆင်ယင်စေသည်။ ပြည်သူတို့ စိတ်သက်သာရာရစေသည်။

တိုင်းသူပြည်သားများ၏ ရင်တွင်းခံစားချက်ကို အုပ်ချုပ်သူတို့ သတိပြုအလေးအနက်ထားမှုက လေးစားဖွယ်။ ပီတိဖြစ်ဖွယ်။ ပြည်သူတို့၏ စိတ်ထိခိုက်ကြေကွဲမှုများကို ဖြေသိမ့်ပေးရန် နည်းလမ်းများစွာအနက်တစ်ခု။ နိုင်ငံရေးရာနည်းဟုလည်း မှတ်ယူနိုင်သည်။ ပြည်သူကို လှည့်စားလိုသော ပရိယာယ်မျိုးမဟုတ်။ ပြည်သူတို့၏ ခံစားချက်ကိုနားလည်အလေးထားလိုခြင်းသရုပ်။

လူငယ်သည် လူကြီးဖြစ်လာသည့်အခါ သည်ဖြစ်ရပ်ကလေးကို အတုယူ အသုံးချနိုင်သည်။ ပြည်သူ၏ သဘောဆန္ဒကို အလေးထား ဦးစားပေးတတ်သော အုပ်ချုပ်သူတစ်ယောက်၊ လွှတ်တော်ကိုယ်စားလှယ်ကောင်းတစ်ယောက် ဖြစ်လာအောင် လမ်းညွှန်ပေးနိုင်လိမ့်မည် မကန်မလွဲ။

* * *



မည်သို့ပင်ဖြစ်စေ ရုပ်တုဆိုသည်မှာ အထိမ်းအမှတ် အမှတ်အသား မှတ်တမ်းမှတ်ရာ သမိုင်းသက်သေအနေဖြင့် တန်ဖိုးမဖြတ်နိုင်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံ တစ်ခုအနေဖြင့်လည်း မြတ်နိုးစရာ။

မြန်မာနိုင်ငံတွင်သာမက အရှေ့တိုင်းနိုင်ငံတိုင်းလိုလို အထိမ်းအမှတ်ရုပ်တုများ အမှတ်တရထုလုပ်ကြသည်။ မမေ့အပ်သော သမိုင်းဝင်နိုင်ငံခေါင်းဆောင်ကြီးများ၊ လေးစားဖွယ်ရာ ထူးခြားသောပုဂ္ဂိုလ်ကြီးများ၊ အမြဲတမ်း ယုံကြည်ကိုးကွယ်ထိုက်သော ဘာသာရေးစွမ်းဆောင်ရှင်များ၊ ကျေးဇူးတင်ထိုက်သူများကို အမှတ်တရ အထိမ်းအမှတ်ရုပ်တုများ ထုလုပ်မှတ်တမ်းတင် ထားရှိကြသည်။

ရုပ်တုရုပ်ပုံများကို နောင်လာနောက်သားတို့သည် တစိမ့်စိမ့်ကြည့်လျက် အမှတ်ရနေစေလိုသည်။ သူတို့ကဲ့သို့သောလူမျိုး ဖြစ်လိုသည်။ အတုယူ အားကျစေလိုသည်။ သူတို့၏အကြောင်းကို လေ့လာ၍ ထူးခြားသည့် အခြေအနေအချက်အလက်များကို စူးစမ်းရှာဖွေစေလိုသည်။ သူတို့၏ စိတ်ဓာတ်၊ သူတို့၏ အကျင့်စာရိတ္တ၊ သူတို့၏ ဓလေ့၊ သူတို့၏ ကြိုးစားမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယ အားသန်မှုတို့သည် လူငယ်တို့အတွက် နည်းပေးလမ်းပြ မီးရှူးတန်ဆောင်။

လူငယ်များအား သတိထားလေ့လာ အတုယူပြုပြင် လမ်းပြနိုင်သော ပုဂ္ဂိုလ်တို့၏ ရုပ်တုများ။

လူငယ်တို့က ကောက်နုတ်ကြည့်ရှုတတ်ရန်သာ လိုအပ်သည်။

ရှုထောင့်မှန်လျှင် အဖိုးတန်သည်။

ရန်နိုင်

<u>ကျမ်းကိုးစာရင်း</u>


၁။ မြန်မာ့စွယ်စုံကျမ်း [အတွဲ(၆)၊ အတွဲ(၁၃)]။
၂။ ရွှေဘုံနိဒါန်း (ဇေယျာသင်္ခယာ)။
၃။ မှန်နန်းမဟာရာဇဝင်တော်ကြီး။
၄။ ကုန်းဘောင်ရှာပုံတော် (ဆရာညိုမြ)။
၅။ (၃၇)မင်း (အမျိုးသားပညာဝန် ဦးဖိုးကျား)။
၆။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်း (ဆရာနိုင်ပန်းလှ)။




www.burmeseclassic.com

www.burmeseclassic.com

ကျောင်းကထိန်မို့ မမောနိုင် မပန်းနိုင်။

ကျွန်ုပ်ရယ်၊ ဖိုးတာ (ခေါ်) ခင်မောင်စိုးရယ်၊ ကိုကိုနိုင်တို့ သုံးဦးမှာ မော်လမြိုင်စက်မှုကျောင်း ပိတ်လို့ ရွာကိုပြန်အကဲကြီး ကဲနေကြတယ်။ ရွာကျောင်းကထိန်ကလည်း နီးနေပြီမို့ မိန်းကလေးတွေက ကထိန်လှည့်ဖို့ အဝတ်အစားအပြိုင်ချုပ်ကြ၊ ကျောင်းသန့်ရှင်းရေးလုပ်ကြနဲ့ နေ့ပိုင်းတွင်သူမတို့မှာလည်း မအားလပ်ကြချေ။

ကျွန်ုပ်တို့ လူငယ်၊ လူလတ်ပိုင်းတို့ကလည်း ကျောင်းကထိန် ချက်ပြုတ်ရန်နဲ့ သံဃာတော်များ မိုးတွင်းသုံးရန် ထင်းဖြတ်ကြ၊ ထင်းပေါက်ကြနဲ့ မမောမပန်းနိုင်ရှိကြတယ်။ ဆိုရိုးစကားတစ်ခုရှိတယ် မဟုတ်လား။ တစ်မူးရလို့ တစ်ပဲလျှူ တို့ရှမ်းတောင်သူ တူနိုင်ရိုးလားလေ။ အခုတော့ တို့ရှမ်းတောင်သူကို ပြောင်းရမယ်။ တို့မွန်မြန်မာ တူနိုင်လို့လားပေါ့။

အမေ၊ အစ်မ၊ အဒေါ်တို့က ကထိန်အကြိုနေ့မှာ ကျွေးမွေးဖို့၊ ကထိန်ခင်းတဲ့နေ့မှာ ကျွေးမွေးဖို့ကို စီစဉ်နေကြသလို ကျောင်းဒကာကြီးများကတော့ ကျောင်းကထိန်ပွဲတော် စည်

# မောင်လှုယဉ်
(မော်လမြိုင်)
## ဂမုန်းများနဲ့ ဟင်းလေးအိုးကြီး ဘအောင်စိန်



www.burmeseclassic.com

www.burmeseclassic.com

ကားရန် ကျောင်းပေါ်တွင် ဆရာတော်နဲ့ တိုင်ပင်နေကြလို့ ကျွန်ုပ်တို့ ညစဉ်ဆုံပြီး ရေနွေးကြမ်းသောက်၊ ရှေးဟောင်း ပုစ္ဆည်းတွေရဲ့ အမှတ်တရစကားတို့ကို နားထောင်မို့ အခွင့် အရေးမရနိုင်တာ သုံးညရှိသွားပြီ ဖြစ်တယ်။

ဒီညတော့ ဘိုးရွှေလေးရဲ့မြေး ဆရာမလေး မိနှင်းနှင်း ညိုက ဘအောင်စိန်တို့ကို ခေါ်ထားတယ်။ သူမ လက် ဆောင်ရလာတဲ့ သစ်ပင်တစ်ပင်ကိုမေးဖို့ ကျွန်ုပ်တို့ သိထား ကြတယ်။ ဒါကြောင့် ဒီညတော့ လူစုံမှာ ကျိန်းသေပါ တယ်။ ကျွန်ုပ်တို့လည်း ထင်းပေါက်ကြတာ သုံးနာရီမထိုးမီ အားလုံးပြီးစီးသွား၍ တာဝန်ပေါ့သွားကြပါတယ်။

မိန်းကလေးများကတော့ စောစောကတည်းက ပြန် သွားကြပါပြီ။ ကျွန်ုပ်တို့သုံးဦးကတော့ ဘအောင်စိန် ဆင်း အလာကို ကျောင်းအောက်တွင် ထိုင်စောင့်နေပါတယ်။ ဘအောင်စိန်တို့ ဆရာတော်ကို ဝတ်ဖြည့်နှုတ်ဆက်နေသံ ကြားရလို့ ကျွန်ုပ်တို့သုံးဦးလည်း ကျောင်းပေါ်တက်ပြီး ဆရာတော်ကို ဝတ်ဖြည့်ကာ ပြန်ဆင်းလာတော့ ဘအောင် စိန်က လေ့ကားရင်း ရောက်နေပြီဖြစ်လို့ အမြန်လိုက်၍ မေးရတယ်။

'ဘအောင်စိန်နဲ့ ဘသူတော်တို့ကို ဆရာမလေးက ခေါ် ထားတယ် မဟုတ်လားဟင်။ ဘတို့ လာမှာမဟုတ်လား'

'တို့ လာ၊မလာ မင်းနဲ့ဘာဆိုင်လို့လဲ။ တို့ မရောက် လည်း မင်း အမြဲရောက်နေတာပဲမဟုတ်လား ငလှရာ'

'ဘအောင်စိန်ကတော့ လုပ်ပြီ။ ဆရာမ ကြားသွားပါ ဦးမယ်ဗျာ။ ဘိုးရွှေလေး ခိုင်းစရာရှိလို့ သွားလုပ်ပေးနေတာ ပါ ဘတို့ရာ'

'အေးလေ‥ငါက မင်းရောက်နေတာကိုသာ ပြောတာ ပါကွာ။ ငါပြောတာက ရိုးရိုးပါ။ မင်းကသာ အိုးမလုံ ခုံမှင့်နေပြီကိုးကွ။ ဒါ မရိုးသားမှုဘဲ ငနိုင်ရ'

'ဟာ‥ဘအောင်စိန်ကလည်း ပြောလေဆိုးလေ ဖြစ် လာပါပြီဗျာ။ ကျွန်တော် သွားတော့မယ်'

ကျောင်းလှေကားရင်း ရောက်နေပြီဖြစ်သော ကျွန်ုပ် က ရှက်ရှက်နဲ့ ဘအောင်စိန်ကို နှုတ်ဆက်ပြီး တစ်ချိုးတည်း ပြေးတော့တယ်။ ဘအောင်စိန်နဲ့ တို့နှစ်ကောင်တို့ အသံက နောက်က ကပ်ပါလာသေးတယ်။

'ဟေ့‥တင်လှနိုင်၊ မလာဘဲ မနေနဲ့နော်။ ဆရာမလေး ညှော်ခံကျွေးမွေးတာကို မစားလိုက်ရဘဲ နေဦးမယ်ကွ'

'ဟေ့ကောင်‥တို့ကိုလည်း စောင့်ပါဦးကွ။ ဆရာမ လေးအိမ်က မပြေးပါဘူးကွ'

'ဟား‥ဟား‥ဟား'

ကျွန်ုပ် ထမင်းစားပြီးချိန်မှာ ရပ်ကွက်မီးများ လာနေ ပြီဖြစ်တယ်။ ကျွန်ုပ်လည်း အမေ့ကို ဘိုးရွှေလေးအိမ် သွား မယ်လို့ ပြောပြီး လက်ဖက်ရည်ဆိုင်မှာ ဖိုးတာနဲ့ ကိုနိုင် စောင့်ဖို့ ထွက်လာတော့တယ်။ ကိုနိုင်နဲ့ ဖိုးတာတို့ ရောက် လာတော့ ဘိုးရွှေလေးတို့အိမ်ကို စကားတပြောပြောနဲ့ လျှောက်လာတော့တယ်။

ကျွန်ုပ်အဖေကတော့ ရွာမှာမရှိပေ။ သူ့သားကြီးမှာ လို့ ရန်ကုန်မြို့ကို သွားနေပါတယ်။ ဒီမှာ ကျွန်ုပ်တို့ ဘီလူး ကျွန်းသားတို့ရဲ့ အလုပ်အကိုင်ကို အနည်းအကျဉ်း ပြောပြ ချင်ပါတယ်။ အခုနောက်ပိုင်း ကျွန်ုပ်တို့လို လူငယ်များ ဟာ မိရိုးဖလာ လယ်လုပ်ငန်းကို မလုပ်ချင်ကြတော့တာ အကြောင်းရှိပါတယ်။

ဘီလူးကျွန်းလယ်တွေက မိုးကွင်း တစ်သီးစားသာ စိုက်ပျိုးရတဲ့ လယ်များသာ ဖြစ်ပါတယ်။ ပင်လယ်ပိုင်းနီးတဲ့ လယ်တွေဆိုလျှင်တော့ ပင်လယ်ရေ တိုးလို့ကတော့ လှိမ့် အောင် ခံကြပေတော့။ တစ်ဧကအထွက်နှုန်း ဟိုတုန်းက (၆၀)ကျော်ကျော်လောက် ထွက်တဲ့လယ်။ အခုအချိန်မှာ သုံးဆယ်၊ လေးဆယ် ထွက်ဖို့ အနိုင်နိုင်ပါ။ ဒါတွေကြောင့် လည်း လယ်မလုပ်ချင်ကြတာလည်း ပါတာပါ။

မိဘလက်ငုပ်လက်ရင်းကို မစွန့်ချင်တဲ့ လူငယ်တွေ လည်း ရှိပါသေးတယ်။ ဒါက အနည်းစုပါ။ နောက်ပိုင်း လူငယ်တော်တော်များများ ပညာရေးစွန့်လွှတ်ပြီး ဆယ့်သုံး လေးနှစ်ဆိုတာနဲ့ နီးစပ်ရာ ဘော်ဒီရုံသွား ပညာသင်ကြ တော့တာပါ။ ကျွမ်းကျင်လာပြီး မိတ်များလာတော့ ကိုယ် ပိုင်ရုံ ထောင်ကြတာပါပဲ။

ကျွန်ုပ်တို့အစ်ကိုလည်း ပညာသင်၊ တတ်တော့ ဆရာ့ ကို ဆယ်နှစ်ဆယ်မိုး ကျေးဇူးဆပ်ပြီး ဆရာ့ရဲ့ခွင့်ပြုချက်နဲ့ ရုံခွဲထောင်လိုက်တာ အခုဆို လုပ်ငန်းရှင်အသေးစားလေး ဖြစ်နေပါပြီ။ ကိုယ်ပိုင်အိမ်နဲ့၊ ကိုယ်ပိုင်ကားနဲ့ အခြေချနေ နိုင်ပါပြီ။ ရန်ကုန်မြို့နဲ့ မြန်မာပြည်အနှံ့မှာရှိတဲ့ ကားဘော် ဒီရုံတွေကိုကြည့်ရင် ကိုးဆယ်ရာခိုင်နှုန်း ဘီလူးကျွန်းသား ချည်းပဲ ဖြစ်နေတာပါ။

**ဘအောင်စိန်ပြောတဲ့ ဂမုန်းအကြောင်း**

ကျွန်ုပ်တို့သုံးဦး အဘိုးရွှေလေးအိမ် ရောက်တော့ ဘအောင်စိန်၊ ဘသူတော်ပါ ရောက်နေကြပြီး စကားဝိုင်



www.burmeseclassic.com

www.burmeseclassic.com

ပြောနေပြီဖြစ်တယ်။ သူတို့ရှေ့မှာ ပန်းအိုးတစ်အိုးနဲ့ အပင်ပေါက်တစ်ပင်ကိုပါ တွေ့ရပါတယ်။

'ဂမုန်းဆိုတိုင်း အိမ်မှာစိုက်လို့ မကောင်းတဲ့ ဂမုန်း၊ စိုက်လို့ကောင်းတဲ့ ဂမုန်းဆိုတာတွေ ရှိကြတယ် ဆရာမလေး။ ဂမုန်းတိုင်း ကောင်းတာမဟုတ်ပါဘူး။ အကျိုးရှိတဲ့ ဂမုန်းရှိသလို ကိုယ့်ကို အန္တရာယ်ပြုတဲ့ ဂမုန်းလည်း ရှိတယ်ကွယ့်။ ဒါတွေကို သိနားလည်ထားမှ စိုက်ပျိုးတာ ကောင်းပါတယ်။ ဂမုန်းက အတော်လေး ဂမ္ဘီရဆန်တယ် ဆရာမ။ သူများပေးတိုင်း စိုက်ထားလို့က အကျိုးပေးရင်တော်ရဲ့၊ အကျိုးမပေးရင် ကိုယ်လည်း ဒုက္ခရောက်၊ ပေးသူလည်း မကောင်းဖြစ်တာပေါ့ကွယ်'

ဘအောင်စိန် စကားပြောရပ်ပြီး ကန်စွန်းဥကြီးတစ်လုံးကို အခွံနွှာပြီး ဆီနဲ့ တို့စားနေတယ်။ ကန်စွန်းဥက ဆရာမလေးနဲ့ အဘိုးရွှေလေးတို့ရဲ့ စေတနာပါလို့လား မသိဘူး ချိုလည်းချို၊ စီးလည်းစီးလိုက်တာ။

'စားဗျ ဦးသူတော်၊ ဟိုကောင် သုံးကောင်လည်း စားလေကွာ။ ဒါမှ ဆရာမလေးတို့ရဲ့ စေတနာမြောက်မှာပေါ့ကွ'

'သရဲရှ၊ မင်းက စားကောင်းအောင် မြှောက်နေတာ မဟုတ်လား'

ကျွန်ုပ်က ဘအောင်စိန်ပြောတာကို မကြားဘဲ အိမ်မှာ စိုက်ထားတဲ့ ဂမုန်းနှစ်မျိုးကိုသာ စိတ်ရောက်နေတယ်။ ကျွန်ုပ် နားလည်လို့ စိုက်တာတော့ မဟုတ်ပါဘူး။ မယ်တော်ကြီးဂမုန်းက အရွယ်ကကြီးကြီး၊ အရောင်က စိမ်းမြမြနဲ့မို့ လှလွန်းလို့ စိုက်ထားတာပါ။ နောက် ဆင်စွယ်ဂမုန်းဆိုတဲ့ အဖြူကျား အချောင်းလေးတွေပါ။ ဘာအာနိသင်ရှိမှန်းတော့ မသိပါဘူး။

'မောင်အောင်စိန်…မင်းသိသလောက် ဂမုန်းအကြောင်းတွေကို ပြောပြပါဦးကွယ့်။ အဘိုးတို့လည်း သိရတာပေါ့။ စားလည်းစား၊ ပြောလည်းပြောပေါ့။ သမီးရေ…ကန်စွန်းဥ ထပ်ထည့်ပါဦး။ မြေးတို့လည်း စားကြနော်'

အဘိုးရွှေလေး စကားမဆုံးမီ ဆရာမ မနှင်းနှင်းရည်က ကန်စွန်းဥပန်းကန်အမောက်ကြီး ကိုင်လာပြီး ချပေးလာပါတယ်။ ကျွန်ုပ်အနားတွင် လာထိုင်လို့ သူမထံမှ ရှင်မတောင်သနပ်ခါးအနံ့သင်းသင်းလေးက ကျွန်ုပ်နှားခေါင်းကို လာလို့ ကလူကျီစယ်နေတယ်။ ဆရာမလေးရဲ့ မျက်နှာလေးကလည်း ကြည်ရွှင်ဝင်းပနေလို့ ကြည့်မဝနိုင်ဘဲ တိတ်

တခိုးသက်ပြင်းချလိုက်ရပါတယ်။ ကျွန်ုပ် သက်ပြင်းချသံကျယ်သွားလို့ထင့် ဆရာမလေးက ကျွန်ုပ်ကို ကြည့်လာလို့ မျက်လုံးချင်း ဆုံသွားပြီး မျက်လွှာချလိုက်သူက ကျွန်ုပ်ရယ်ပါ။

'ဘအောင်စိန်၊ ဘသူတော်တို့ အဝစားနော်။ ချိုကချိုနဲ့ အိုးထဲမှာ ရှိသေးတယ်။ ကိုတင်လှနိုင်တို့၊ ကိုဖိုးတာတို့၊ ကိုနိုင်တို့လည်း ယူစားလေ။ အားမနာနဲ့'

'ဆရာမလေးရေ…ဒီကောင်တင်လှနိုင်က သူ့အိမ်မှာ စားရတာမဟုတ်ဘူး။ သူ့အမေက ကပ်စီးနဲ့ကော်တစ်ရာ၊ နှပ်ချေးကို ငါးပိလုပ်စားနေတာ။ သူ့အဖေကို ကြည့်ပါလား၊ ပိန်ခြောက်နေတာ။ ငါးနှပ်ခြောက်ကတောင် အဖေခေါ်ရဦးမယ်။ တင်လှနိုင်ပုံကလည်း ကြည့်လေ၊ ငါးဖောင်ရိုးလို ဖြူဖပ်ဖြူရော်နဲ့။ စား ငလှ၊ အိမ်မှာ ငတ်သမျှ အတိုးချပြီး သာစား'

'ဟာ…ဘအောင်စိန်ကတော့ ပြောတော့မယ်'

'အို…ဘအော[illegible]န်ကလည်း ကိုတင်လှနိုင် ရှက်နေပါဦးမယ်။ မနောက်ပါနဲ့တော့။ စား ကိုတင်လှနိုင်။ ဂမုန်းအကြောင်း ဆက်ပါဦး ဘရယ်'

ဆရာမ နှင်းနှင်းရည်က ကျွန်ုပ် အရှက်ပြေစေရန် ဖာဖာထေးထေး ပြောရှာပြီး ဂမုန်းဘက်ကို စကားလှည့်ပေးလိုက်တာ ကျွန်ုပ် သိပါတယ်။

'ဪ…ဘအောင်စိန် သိသလောက် ပြောပါမယ်၊ ဘအောင်စိန်ငယ်ငယ်က ဘကြီးဘာ ပြောပြ၊ သင်ပြထားလို့ သိသင့်သလောက် သိထားတာပါ။ အခု လူတွေစိုက်ပျိုးကြတဲ့ ဂမုန်းတွေက အလွန်အစွမ်းသတ္တိရှိကြတဲ့ ဂမုန်းတွေ မဟုတ်သေးဘူးကွယ့်။ အလွန်အစွမ်းထက်တဲ့ ဂမုန်းတွေက လူတွေနဲ့မထိုက်လို့ နတ်တွေ ဝှက်ထားကြတယ်လို့ ဂမုန်း ပညာရှင်တွေ ပြောကြတယ်ကွယ့်။ ဂမုန်းအမျိုးပေါင်းက တော့ အများကြီးပေါ့။ ဥပမာ–နန္ဒင်းဖြူ၊ နန္ဒင်းနက်တို့လည်း ဂမုန်းမျိုးနွယ်ထဲ ပါတယ်။ ဘအောင်စိန်တော့ မမြင်ဖူးဘူး ကွယ့်။ ဘဘုန်းနဲ့ ဘကြီးဘာတို့ ဂန္ဓာရီထွက်တုန်းက တော တောင်နက်တွေမှာတွေ့ရတဲ့ ဂမုန်းနက်၊ ဂမုန်းနီ၊ ဂမုန်း[illegible] ဂမုန်းဝတိုင်၊ ဂမုန်းကြက်သွတ်၊ ဂမုန်းဝက်လာ၊ ဂမုန်း[illegible] လိပ်ပြာ၊ ဆေးငါပြေမဂမုန်းတို့ကို တွေ့ဖူးတယ်လို့ ပြော[illegible] တယ်။ အရွယ်၊ ပုံသဏ္ဌာန်နဲ့ အရောင်အဆင်းတွေ [illegible] ပြခဲ့ပေမယ့် ကြာတော့လည်း မေ့ကုန်ပြီပေါ့ အဘိုး[illegible] အဲဒီဂမုန်းတွေက အလွန်သိဒ္ဓိဝင်တယ်လို့ ပြောခဲ့[illegible]



www.burmeseclassic.com

www.burmeseclassic.com

သမီး။

ဂမုန်းနီဆိုရင် အရွက်၊ အရိုး၊ အပွင့်၊ အမြစ် အားလုံး ဟသ်ာပြဒါးလို နီရဲနေတယ်ကွယ့်။ လေညှာက ပွင့်တဲ့အခါ ဆိုရင် လေအောက်တစ်မိုင်ခရီး အကွာလောက်ကို မွှေးကြိုင် နေပါတယ်။ နောက် ဂမုန်းနီက ရွေးသားလောက်ကို ဆန် တစ်ပြည်ချက်ထဲ ထည့်ပြီးနှပ်ရင် ထမင်းအားလုံး နီရဲပြီး အစိမ်းသရဲ၊ ဘီလူးတို့ကို နိုင်နင်းစေတယ်။ အမြစ်ကို ဂဝံ ရုပ် ထုပြီး ဆောင်ထားရင် ရှိန်းဆာယာမိုးမောက် ကိုယ် ပျောက်စေတယ်လို့ ဆိုပါတယ်'

'ဟာ··ဘအောင်စိန်၊ ဒီဂမုန်းဥသာ ရလို့ကတော့ ရှယ် ပဲ။ နောက်တစ်ခု ဘပြောသလို ဂဝံရုပ် ထုပြီး ဆောင်ထား ချင်လိုက်တာ ဆရာ'

ကိုနိုင်က ကန်းစွန်းဥ ပလုတ်ပလောင်းစားရင်း ဝင် ပြောလိုက်လို့ အားလုံး ဝိုင်းရယ်ကြပါတယ်။

'တို့ဆီမှာ စိုက်ပျိုးနေတဲ့ ထင်ရှားတဲ့ဂမုန်းတွေ ဘယ် နှစ်မျိုးလောက် ရှိလဲကွယ့်။ ရှိရင်ပြောပြပါဦး မောင်အောင် စိန်'

'ဩော်··အခု စားလို့ဝမှ မေးဖော်ရတော့တယ်နော်။ ကန်စွန်းဥတစ်ပန်းကန်လုံးလည်း ဦးသူတော်နဲ့ တင်လှနိုင်တို့ စားတာ ကုန်လုလုဖြစ်နေပြီ။ ဝကြပြီလား။ အိမ်မှာ မစား ရတိုင်း အဝစားကြနော်'

'ဟာ··အလှူရှင်တွေ ဒါနမြောက်အောင် စားပေးနေ တာကွ။ မင်းက ကြားထဲက ပြိတ္တာ မဖြစ်ချင်ပါနဲ့ မောင် အောင်စိန်လေးရယ်။ သရဲဘဝနဲ့ပဲ နေပါ။ ပြိတ္တာအကြီးစား ဖြစ်ရင် မကောင်းဘူးနော်။ မင်း ပေတဝတ္ထုတွေ ဖတ်ဖူး တယ် မဟုတ်လားကွ။ ကဲ··ဆက်ပြောပါဦး ဆရာလေး ရယ်'

ဘအောင်စိန်ရဲ့ ကလိထိထိစကားကို ဘသူတော် ဂရု မစိုက်ဘဲ ပြန်နောက်ကာ ဂမုန်းအကြောင်းကို ဆက်ပြောခိုင်း ပါတယ်။ ဘအောင်စိန်ကတော့ အေးဆေးပါပဲ။ ကန်စွန်းဥ အခွံနွှာ၊ ဆီနဲ့တို့စား၊ ရေနွေးသောက်လိုက်နဲ့ ဖိမ်ကျနေတယ်။ ဒါကိုကြည့်ပြီး ဘသူတော်က မျက်လုံးကြီးပြူးပြီး အံ တကြိတ်ကြိတ်နဲ့ရှိနေတယ်။ သူတို့နှစ်ဦးကိုကြည့်ပြီး ကျွန်ုပ် တို့မှာ ရဲရဲမရယ်ရဲကြ။ ဘသူတော် မြွားဦးကို ကြောက်ရ သေးတယ်လေ။ ပြုံးရုံသာပြုံး၍ တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်နေပြီး မျက်လုံးနဲ့ စကားပြောနေကြတယ်။ ကန်စွန်းဥတစ်လုံးကုန် ရေနွေးသောက် အာရှင်းပြီးမှ အဟမ်း ဆိုပြီး စကားဆက်လာတော့တယ်။

'ဂမုန်းဝါသနာအိုးတွေရဲ့ အိမ်တိုင်းမှာ စိုက်ပျိုးနေကြ တဲ့ ဂမုန်းတွေကို ကျွန်တော်သိသလောက် ပြောရရင် ပြည် လုံးချမ်းသာဂမုန်းလို့ ခေါ်နေကြတဲ့ ဂမုန်းတစ်မျိုးရှိတယ်။ ဒီဂမုန်းကို တစ်ရွာတစ်ပုဒ်ဆန်း ခေါ်နေကြတဲ့ နာမည်တွေက အမျိုးမျိုးရှိကြတယ် ဦးသူတော်ရေ။ ခေါ်ကြတဲ့ နာမည် တွေက မယ်တော်ကြီးဂမုန်း၊ သူရဿတီဂမုန်း၊ သိဒ္ဓိရှင် ဂမုန်း၊ ရှင်အရဟံဂမုန်းဆိုပြီး ခေါ်ကြတဲ့အပြင် နောက် ကျွန်တော် မသိသေးတဲ့ နာမည်တွေလည်း ရှိပါသေးတယ်။

ဂမုန်းဝါသနာအိုးတွေ အများအပြားစိုက်ပျိုးနေကြတဲ့ ဂမုန်းပင်တွေကတော့ အိမ်တွင်းမင်္ဂလာဂမုန်း၊ ရှင်သူငယ် ဂမုန်း(အဝါ)၊ ငှက်ပျောရှင်သူငယ်ဂမုန်း(အပင်သေး)၊ ငှက် ပျောရှင်သူငယ်ဂမုန်း(အပင်ကြီး)၊ ရှင်သူငယ်ဂမုန်း(အဖို၊ အမ)၊ ပတ္တမြားဂမုန်း၊ သဘော်ာဂမုန်း(အဖို၊ အမ)၊ ချိုး(ဂျိုး) ဂမုန်း၊ ငုံးဂမုန်း၊ သူတော်ကြီးဂမုန်း၊ ဂမုန်းပလ္လင်၊ သူရ သတီဂမုန်း၊ ရှင်သီဝလိဂမုန်း၊ မယ်တော်ကြီးဂမုန်း၊ ခတ္တာ ဖြူဂမုန်း၊ ကျီးဂမုန်း(အဖို၊ အမ)၊ ဣစ္ဆာသယကျီးမင်းဂမုန်း တို့က လူတို့ စိုက်ပျိုးသင့်တဲ့ ဂမုန်းတွေပဲ ဦးသူတော်ရေ'

ဘအောင်စိန် မောသွားလို့ ရေနွေးငှဲ့သောက်နေပါ တယ်။ ကန်စွန်းဥတွေကိုတော့ ကျွန်ုပ်တို့ ဝိုင်းစားလိုက်လို့ ကုန်သလောက် ဖြစ်သွားပါပြီ။ အနည်းငယ်ကျန်နေတာတွေ လို့ ဦးသူတော်နဲ့ ကျွန်ုပ်ကို နောက်နေပြန်တယ်။

'ဦးသူတော်နဲ့ တင်လှနိုင်၊ ဘာလို့ နည်းနည်းလေးချန် ထားသေးလဲ။ ကုန်အောင်စားလိုက်။ ဒါမှ မင်းနဲ့ ဦးသူတော် တို့ ဝမှာ။ ရှက်မနေနဲ့ကွာ'

'ဟေ့··သရဲ၊ တို့နှစ်ယောက်တည်းစားတာ မဟုတ်ဘူး ကွ။ ဟိုနှစ်ကောင်လည်း ပါသေးတယ်'

'သူခိုး သေဖော်မညှိပါနဲ့ ဘသူတော်ရယ်။ ကျွန်တော် နဲ့ ကိုနိုင် စားတာက တစ်ယောက် နှစ်လုံးတည်းပါ။ ဘသူ တော်နဲ့ ဟိုကောင်ငနိုင် ငတ်ကြီးကျလက်တွေပဲ မဟုတ် လား'

'ထားပါတော့ တောရယ်။ သရဲ··မင်းက စိုက်ပျိုးသင့် တဲ့ ဂမုန်းတွေလို့ဆိုတော့ မစိုက်သင့်တာရော ရှိသေးတာ ပေါ့ ဟုတ်လား'

'ဟုတ်တယ်ဗျ၊ အများကြီးပါပဲ'

ဘအောင်စိန်က ရေနွေးပန်းကန်ချပြီး ဆေးလိပ်မီးညှိ သောက်နေပြန်တယ်။ ကျွန်ုပ်တို့က ဘအောင်စိန် ဆက်ပြော



www.burmeseclassic.com

www.burmeseclassic.com

လာမယ့် စကားကို စောင့်စားနေကြပါတယ်။

'ဆက်ပြောပါဦး မောင်အောင်စိန်ရယ်။ သိထားတော့ ကြုံလာရင် ရှောင်ရတာပေါ့'

'ဟုတ်ကဲ့ အဘိုးရွှေလေး။ အိမ်တွေမှာ မစိုက်သင့်တဲ့ ဂမုန်းပင်တွေကတော့ နန်းထိုင်ဘီလူးဂမုန်း၊ ဆင်ဂမုန်း၊ ကုမုဒြာကြာဂမုန်း၊ ဒီကုမုဒြာကြာဂမုန်းကတော့ ကျွန်တော်တို့ ဘုန်းကြီးကျောင်းမှာတောင် ရှိသေးတယ်မဟုတ်လား။ အရွက်ရှည်ရှည်ကြီးတွေလေ။ အရွက်ကပဲ အပွင့်ထွက်လာတာမဟုတ်လား။ သူက လရောင်ရမှ အပွင့်ပွင့်လာတာဗျ'

'အင်း..သိပြီကွ၊ ဆက်ပြောရဦး'

'နောက် ဇော်ဂမုန်း၊ မြွေဂမုန်း၊ ဗေဒါဂမုန်း၊ ဆင်စွယ်ဂမုန်းတို့ပါပဲ ဦးသူတော်ရေ။ ဒါနဲ့ တင်လှနိုင်..မင်းအိမ်မှာ ဆင်စွယ်ဂမုန်း တွေ့မိသလိုပဲ။ ဟုတ်တယ် မဟုတ်လား။ နုတ်ပစ်လိုက်ကွ။ အိမ်မှာစိုက်လို့မကောင်းဘူး။ လာဘ်ပိတ်တယ်။ အနှောင့်အယှက်များတယ်ကွ'

'ဟုတ်ပါတယ် အဘရေ။ ဒီဆင်စွယ်ဂမုန်းစိုက်ပြီးမှပဲ အမေလည်း ခဏခဏနေမကောင်း၊ ကျွန်တော်လည်း ဒုက္ခရောက်၊ အစ်ကိုဝယ်ပေးထားတဲ့ ဆိုင်ကယ်လည်း လူခိုးခံရနဲ့ အဘရေ။ ဒီကပြန်ရင် မနက်ရောက်တာနဲ့ နုတ်ပစ်လိုက်ပါ့မယ်။ အဘကို မသိလို့ မေးပါရစေနော်။ ဒီဂမုန်းတွေကို စိုက်တဲ့အခါမှာ ဒီအတိုင်း စိုက်ပျိုးထားလို့ ဘာမှထူးခြားလာမှာ မဟုတ်ဘူးလို့ ဆိုကြတာ ကြားဖူးတယ် အဘ။ အဲဒါ ဟုတ်လားဟင်။ ကောင်းကျိုးမရှိဘဲ ဆိုးကျိုးသာ ပေးတယ်ဆိုတာ လက်တွေ့ပါပဲ ဘရေ'

ကျွန်ုပ်သိချင်လို့ ဘအောင်စိန်ကို မေးလိုက်ပါတယ်။

'ဟုတ်တယ် တင်လှနိုင်။ ရိုးရိုးစိုက်ရင် ရိုးရိုးသစ်ပင်စိုက်သလို ဖြစ်မှာပေါ့။ ကျမ်းတွေမှာတော့ သူတို့နဲ့ဆိုင်တဲ့ ဂါထာ၊ မန္တန်တွေ ရွတ်ပေးရမယ်။ အမွှေးတိုင်၊ ဖယောင်းတိုင် ထွန်းပေးရမယ်။ မေတ္တာသုတ်ပရိတ်တော်ကတော့ အဓိကပေါ့ကွာ။ နောက် ဂမုန်းပင်တွေကို မပြတ်ကြည့်ရှုလှေ့လာပေးနေရမယ်ကွယ့်။ ဒါဆို ဂမုန်းတွေက အကျိုးတကယ်ထူးတယ်လို့ ဆိုကြတယ်'

'မောင်အောင်စိန်ရဲ့ ကိုယ်တွေ့စိုက်ပျိုးနည်းလေးများ ရှိရင် ပြောပြပါဦးကွယ်။ ဗဟုသုတပေါ့'

အဘိုးရွှေလေးက စိုက်ပျိုးနည်းကို မေးလာရပါတယ်။ ကျွန်ုပ်လည်း ကြားချင်နေလို့ နားစွင့်နေမိတယ်။

'ဟုတ်ကဲ့ အဘိုး၊ ကျွန်တော့်ကိုယ်တွေ့ကတော့ ရှင်သူငယ်ငှက်ပျောအကြီးဂမုန်းအနွယ်ဝင် စိုက်ပျိုးနည်းကို ပြောပြပါ့မယ်။ ဘကြီးဘာ စိုက်ပျိုးတဲ့နည်းပါ။ ဒီရှင်သူငယ်ငှက်ပျောဂမုန်းက အဖူးထွက်လာရင် ရိုးရိုးငှက်ပျောလို ခေါင်းအောက်စိုက်မနေဘူး။ အပေါ်ကိုထောင်ပြီး ဖူးနေတာတွေ့ရပါတယ်။ သူ့အသီးမှည့်လာရင် အခွံနွှာပြီး ပျားရည်နဲ့ မြေထဲမှာ စဉ့်အိုးနဲ့ထည့်ပြီး သုံးနှစ် မြှုပ်ထားရမယ်တဲ့။ သုံးနှစ်ပြည့်လို့ ဖော်စားရင် အသက်ရှည်တယ်၊ နုပျိုတယ်၊ ကျန်းမာသက်ရှည်တယ်လို့ ဘကြီးဘာက မိန့်ကြားခဲ့ပါတယ်'

'တချို့က ရှင်သူငယ်ငှက်ပျောအကြီးကို သူငယ်စာငှက်ပျောလို့လည်း ခေါ်ကြတာ များတယ်ဗျ။ သူငယ်စာငှက်ပျောဆိုတာ ရှင်သူငယ်ငှက်ပျောပါပဲ အဘိုးရွှေလေး။ ဒီသူငယ်စာငှက်ပျောနဲ့ တောစာငှက်ပျောတို့ အလုံးချင်း အတူတူလောက်ပဲ ရှိတယ်ဗျ။ ဒီနှစ်ပင်ကို ခွဲခြားဖို့က တောစာငှက်ပျောရွက်က ကျောရိုးစိမ်းပြီး အဖူး၊ အခိုင်တွေက မိုးပေါ် မထောင်ဖူးဘဲ မြေစိုက်ကျနေတယ်။ ရှင်သူငယ်ငှက်ပျောဖူးအခိုင်တို့က မိုးပေါ်ထောင်ဖူးပြီး အရွက်ကျောရိုးက အညိုရောင်သန်းနေတယ်ဗျ။

ဒီရှင်သူငယ်ငှက်ပျောတစ်ခိုင်လုံးမှာ အာယုဝဍ္ဍနေသိဒ္ဓိ ပေါက်နေတဲ့ အသီးတစ်လုံးသာ ပါတယ်လို့ ရှေးကျမ်းတွေမှာ ဆိုထားပါတယ်'

'ဘာ..တစ်ခိုင်လုံးမှာ တစ်လုံးသာပါတယ်ဆိုတော့ တို့လိုလူတွေ ဘယ်လိုလုပ်သိမှာလဲ သရဲရာ'

'မပူပါနဲ့ ဦးသူတော်ရယ်၊ ဒါကို ဦးသူတော်တို့လို လူ့ဗာလတွေ ဘယ်သိပါ့မလဲ။ ကျွန်တော်တို့လို ဂန္ထ လိုက်စားတဲ့သူတွေမှ သိနိုင်ကြတာဗျ'

'ဟုတ်ကဲ့..ပညာတတ် မှိုတက်ကြီးရယ်၊ ကျွန်တော် တို့ မလိမ္မာ မသိသူတွေကို ရှင်းပြပေးပါ မသာကြီးရယ်'

'စိတ်ဆိုးတဲ့ မျက်နှာကြီးက ကြည့်လို့မကောင်းပါဘူး ဦးသူတော်ရယ်။ ပြောပြပါ့မယ်။ နောက်စရာဆိုလို့ ဦးသူ တော်တစ်ယောက်ပဲ ရှိတာမဟုတ်လားဗျ။ ကဲ..နားထော ဦး။ ဝိဇ္ဇာယနအစီအရင်နဲ့ စိုက်ပျိုးတတ်ရင် သီးလာ အသီးတွေဟာ အားလုံး အာယုဝဍ္ဍနေပေါက်တဲ့ အသီးတွေ သီးလာတာပေါ့ဗျာ'

ဘအောင်စိန်က စကားပြောရပ်ပြီး ရေနွေးငှဲ့သော ဆေးလိပ်ကို ဖိမ်ခံဖွာနေပြန်တယ်။ အားလုံးက ဘအောင် ဆက်ပြောလာမယ့်စကားကို မျှော်လင့်နေပေမယ့် တော်



www.burmeseclassic.com

www.burmeseclassic.com

ဆက်လာလို့ ဘသူတော်က မစောင့်နိုင်ဘဲ ဆော်ဩ တယ်။

'ကဲပါ ဒေါင်စိန်ရယ်၊ စိုက်ပျိုးရမယ့် အစီအရင်ကို သိရင် ဆက်ပြောပါကွာ။ တို့လည်း ရှာကြံပြီး စိုက် ချင်လို့ပါ။ တို့ရွာမှာတော့ ဒီသူငယ်စာငှက်ပျော မရှိ ကွ။ ရွာသစ်မှာတော့ ရှိတယ်လို့ ကြားထားတယ်ကွ'

'ဒီလိုပါ ဦးသူတော်။ စီရင်နည်းစီရင်ပုံတွေက ငွေ ပေါ်မှာ ဒီလိုအင်းကွက်ကို ချရမယ်။ (အင်းကွက်ကို ပြပါတယ်။) ဒီအင်းကွက်ထဲမှာ (မွ၊ က၊ သ၊ ဥ)ဆိုတဲ့ ရာစမလေးလုံးကို ရေးသွင်းပေးရမယ်။ အင်းဆံသွင်း ကြည်းက မြင်းသွား,သွားရမယ်ဗျ။ ဒီအင်းကို တွင်းအောက် ဆုံးမှာထည့်ပြီး သူငယ်စာငှက်ပျောပင်ကို စိုက်ပျိုးထား ရမယ်လို့ မိန့်ဆိုထားတယ်ဗျ။ အင်းရေးတဲ့အခါမှာလည်း အင်းစည်းကမ်းအတိုင်း ရေးချရမယ်'

'မင်းဟာက မလွယ်ပါလားကွ။ ဒါဆို ပြီးရောလား'

'မပြီးသေးဘူး ဦးသူတော်ရေ။ ဒီလောက်လွယ်ရင် ခက်ကုန်မှာပေါ့ဗျာ။ ဂါထာ(၇)ခေါက် ဆိုပေးပြီး ရေ လောင်းပေးရမယ်တဲ့ဗျ။ ဂါထာက ဒီလို။

*သိသေ ပတိဋ္ဌိတော နေ့ာသိ၊*
*ဗုဒ္ဓေါ ခမ္မော ဒွိလေ စနေ။*
*သံဃော ပတိဋ္ဌိတော မယ့်၊*
*ဥရေ သဗ္ဗဂုဏာ ကရော။*

ရေလောင်းပေးတိုင်း ဒီဂါထာကို ရွတ်ဆိုပေးပါ။ ဒါမှ မဟုတ် ကျွန်တော်တို့ငယ်ငယ်က ဘုန်းတော်ကြီးကျောင်းမှာ သင်ခဲ့ရတဲ့ ရတနာရွှေချိုင့်ဂါထာကိုလည်း ရွတ်ပြီး ရေ လောင်းပေးလည်း ရတယ်လို့ မိန့်ကြားသေးတယ်။ ရှင်းတဲ့ရေတော့ ဖြစ်ရမယ်နော်'

'ရတနာရွှေချိုင့်ဂါထာက ရှည်တယ်ကွ'

'ဈေးက ဆစ်နေရသေးတယ်နော်။ ရတနာရွှေချိုင့် မရွတ်နိုင်ရင် ရှင်သူငယ်ပရိတ်လည်း ရွတ်ပေးလို့ ရသေး တယ်ဗျ။ ဒီပရိတ်က လူတော်တော်များများရတဲ့ ပရိတ် တော်လေ။ သီရသွိ အစချီတဲ့ ဂါထာပရိတ်လေ။

ဒီဂါထာပရိတ်နဲ့လည်း ရှင်သူငယ်ငှက်ပျော (ခေါ်) သူငယ်စာငှက်ပျောအဖူးက ကွာကျလာတဲ့ အခွံဖတ်များ၊ အပွင့်၊ ဝတ်ဆံတို့ကို အခြောက်လှန်း၊ မီးရှို့ပြာချပြီး ပျားရည် စိမ်ထားဗျာ။ ဒီပျားရည်ပုလင်းကို ဘုရားရှေ့မှာ ရှင်သူငယ် ပရိတ်(၁၀၀၀)ရွတ်ဆိုပြီး မနက်တစ်ဇွန်း၊ ညတစ်ဇွန်း စား ပေးဗျ။ သိဒ္ဓိသုံးပါး ပြီးတယ်လို့ ဆရာမြတ်တွေက မိန့်ဆို သံလို ဘဩဘာကလည်း ပြောခဲ့ဖူးပါတယ်။ ဂါထာရွတ် ပြပေးမယ်ဗျာ။

*သီရသွိ မေ ဗုဒ္ဓသေဋ္ဌော သာရိပုတ္တော စ ဒက္ခိဏော။*
*ဝါမအံသေ မောဂ္ဂလာနော ပုရတော ပိဋ္ဌကတ္တယံ၊*
*ပစ္ဆိမေ မမ အာနန္ဒော စတုဒ္ဒိတာ ခိဏာသဝါ။*
*သမန္တာ လောကပါလာ စ ဣန္ဒာဒေဝါ သမြဟ္မကာ။*
*စေတသံ အာနုဘာဝေန၊ သဗ္ဗေဘယာ ဥပဒ္ဒဝါ။*
*အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။*

နောက်ဆုံးအနေနဲ့ ဒီရှင်သူငယ်ငှက်ပျော (ခေါ်) သူ ငယ်စာငှက်ပျောကို အိမ်ရဲ့ အနောက်မြောက်အရပ်၊ အိမ် ရဲ့ တောင်ဘက်အရပ်၊ အိမ်ရဲ့ ခြေရင်းဘက်အရပ်နဲ့ အိမ် နောက်ဖေးဘက်တို့ကိုရှောင်ပြီး စိုက်ပျိုးပေးရမယ်ဗျ။ အိမ် ဦးခေါင်းရင်းဘက် အရပ်မှာသာ စိုက်ပျိုးရမယ်လို့ ညွှန်း ထားပါတယ် ဦးသူတော်။ အိမ်ဦးက တောင်အရပ်ဘက်မှာ ရှိနေရင် အိမ်ရဲ့ အရှေ့မျက်နှာစာမှာ စိုက်ပျိုးပေါ့ဗျာ။ ဘုန်း ကြီးကျောင်းတွေမှာစိုက်လည်း ဒီအရပ်အတိုင်း စိုက်ပျိုး ရမယ်နော်။ စိုက်တဲ့အခါမှာလည်း မြေသန့်ကိုယူပြီး ကုန်း မြင့်သဖွယ် ပြုလုပ်ပြီးမှ စိုက်ပျိုးပေတော့ ဦးသူတော်ရေ။

ကဲ..(၁၀)နာရီလည်း ကျော်သွားပြီ။ အဘိုးရွှေလေးနဲ့ ဆရာမလေးလည်း နားချင်ရောပေါ့။ လူစုခွဲကြစို့ဗျာ။ ဟို ကောင် သုံးကောင်က ခတ်ဘူးတို့၊ ပန်းကန်တို့ ဝိုင်းသိမ်း ပေးကြကွာ'

**ဘအောင်စိန်ဆွဲပြတဲ့အင်း**

| | | | |
|---|---|---|---|
| သ | က | မွ | က |
| ဥ | သ | ဥ | မွ |
| | က | သ | |

**ကောင်းကျိုးလိုရာပြည့်ပါစေ**
**မောင်လှယဉ်(မော်လမြိုင်)**



www.burmeseclassic.com

www.burmeseclassic.com

# ကိုမောင်သန်းဝင်း

## သံယောဇဉ် ဆိုတာမျိုးကလည်း

လေးလံနေတဲ့ ကျုပ်ရဲ့ မျက်လွှာအစုံကို အားယူဖွင့် ကြည့်လေတော့ ဖြူဖွေးနေတဲ့ အုတ်နံရံမျက်နှာကြက်ကို စတင်တွေ့လိုက်ရတယ်။ ဆေးရနံ့တွေက နှာစဆီ တိုးဝင်လာတယ်။ ဒါဆို ကျုပ်ရောက်နေတာ ဆေးရုံတစ်ရုံထဲမှာလား။ ဘေးဘီကို ဝေ့ဝဲကြည့်မိလေတော့ အမှန်တကယ်ပင် ဆေးရုံ၊ဆေးခန်းထဲ ရောက်နေမှန်း သိရတော့တယ်။ ဘာကြောင့် ဘယ်လိုရောက်နေတာလဲ။ ကိုယ်လက်တွေလည်း ကိုက်ခဲနေလေရဲ့။ ရင်ထဲမှာလည်း ပူလောင်နေပါဘိ။ ရေသောက်ချင်လိုက်တာ။ ရေ··ရေ··ရေ။





www.burmeseclassic.com

www.burmeseclassic.com

သူနာပြုဆရာမ ရောက်လာတယ်။ 'ရှင်သတိရလာပြီလား'လို့ မေးတယ်။

ရေသောက်ချင်စိတ်က အငမ်းမရဖြစ်နေပေါ့။ ရေ..ရေ..ရေ။

တစ်ခဏအကြာ သူနာပြုဆရာမက ရေတစ်ဘူး ယူလာပေးတယ်။ ကျုပ် ရေကို အလျှင်စလိုသောက်လိုက်တယ်။ ရင်တွင်းအပူ အေးသွားဘိသို့ရှိတယ်။ ဦးခေါင်းက မူးနောက်နောက်ရှိနေသေးတာမို့ ခေတ္တပြန်မှေးလိုက်တယ်။

ခြေသံတွေနဲ့ တီးတိုးပြောသံတွေ ကြားရတယ်။ မျက်လုံးအစုံကို ဖြည်းညင်းစွာ ဖွင့်ကြည့်လေတော့ သူနာပြုဆရာမနဲ့အတူ ဆရာဝန်တစ်ယောက်။ ပြီးတော့ လူစိမ်းတစ်ဦးကို တွေ့ရတယ်။

ဆရာဝန်ဖြစ်သူက-

'ကိုသက်မောင်မောင်..ခင်ဗျား ဒီဆေးရုံရောက်နေတာ သုံးရက်ရှိသွားပြီ။ ကားအက်စီးဒင့်ဖြစ်ပြီး ရောက်လာတာ။ ခေါင်းမှာ ဒဏ်ရာရထားတယ်။ ကုသမှုတွေအားလုံး လုပ်ထားပြီးပါပြီ'

ဝဲဘက်မှာရှိတဲ့ လူစိမ်းတစ်ဦးကို ညွှန်ပြပြီး-

'ဒါက ဦးစောနောင်ပါ။ ဒီတောင်ကြီးမြို့ထဲကပါပဲ။ သူ့ကားနဲ့ တိုက်မိတာဆိုတော့ ခင်ဗျားအတွက် အစစအရာရာ တာဝန်ယူထားတယ်။ ရက်အနည်းငယ်လောက်တော့ နေရဦးမယ်။ ပိုပြီးကျန်းမာသွားအောင်လို့ပေါ့ဗျာ'

ကျုပ်ကို ဆရာဝန်က သက်မောင်မောင်တဲ့။ ကျုပ်နာမည် သက်မောင်မောင်လား၊ မဖြစ်နိုင်ဘူး။ ဒါဆို ကျုပ်နာမည်က ဘာလဲ။ ဒါလည်း မသိပြန်ဘူး။ ကျုပ် ဘယ်သူလဲ ဘယ်ကလဲ၊ ကျုပ် မသိဘူး။ ဘာဆိုဘာမှ မသိတော့ဘူး။

ဦးစောနောင် ဆိုသူကတော့ နေ့စဉ် ကျုပ်ကို လာကြည့်တယ်။ လိုအပ်တာတွေကို ပံ့ပိုးပေးတယ်။ သူ့ကားနဲ့ တိုက်မိတာတဲ့။ ဘယ်မှာလဲ၊ ဘာကြောင့်လဲ ကျုပ် စဉ်းစားရခက်လှပါဘိ။ တစ်ရက်၊ နှစ်ရက်လောက်ပဲအကြာ ကျုပ် ဆေးရုံက ဆင်းခွင့်ရတယ်။ အဲဒီမှာ ကျုပ် ဘယ်ကိုသွားရမှန်းမသိ ဖြစ်ပြန်ရော။ စိတ်ထဲ ယောင်ချာချာဖြစ်နေတုန်း ကျုပ်ကို အစစအရာရာကူညီနေသူဆိုတဲ့ ဦးစောနောင်ကပဲ တည်းခိုခန်းတစ်ခုမှာ အခန်းတစ်ခန်းငှားပေးတယ်။ ရေ,မီး ပြည့်အစုံပါပဲ။

ဦးစောနောင်က ကျုပ်ကို မကြာ,မကြာ လာကြည့်ပါတယ်။ သူ့ကြောင့်ဖြစ်ရတာဆိုတော့ သူက စိတ်မကောင်းပါကြောင်း ပြောတယ်။ ကျုပ်က ကျေးဇူးတင်ကြောင်း ပြန်ပြောခဲ့တယ်။

ဖြစ်စဉ်တွေကို ကျုပ် အထပ်ထပ်အခါခါ စဉ်းစားတယ်။ စဉ်းစားရခက်ကြီးဖြစ်နေတယ်။ စဉ်းစားမရ၊ ခေါင်းကိုက်,ခေါင်းခဲတာပဲ အဖတ်တင်ပေါ့။ သင်းပျံ့တဲ့ ရေမွှေးနံ့ကြောင့် ခေါင်းထဲ ကြည်လင်လာသလိုရှိတယ်။ ရေမွှေးနံ့နဲ့အတူ ရောပါလာတဲ့ မိန်းမပျိုလေးတစ်ဦးကို အမှတ်မထင် ဖြုန်းခနဲ တွေ့လိုက်ရတယ်။ အချိန်က ညနေစောင်း နေဝင်ရီတရောအချိန်။

သူမက ဘယ်လိုကနေဘယ်လို ကျုပ်ရဲ့ အခန်းထဲ ရောက်လာခဲ့တာလဲ။ အခန်းတံခါးတွေလည်း တသေတချာ ပိတ်ထားလျက်ကယ်နဲ့။ ဒီကဝန်ထမ်းဆိုတာလည်း ဟုတ်မယ်မထင်။ သူ့ကြည့်ရတာ ထူးတော့ထူးတယ်။ သူ့မျက်နှာက ပြုံတော့မည့်မိုးလို ညိုရီမှိုင်းနေတယ်။ မျက်ဝန်းတစ်ခိုမှာ ကြွေလုဆဲမျက်ရည်စတွေနှင့်။ ကျုပ်ဘဝကတော့ ထူးတာတွေနဲ့ပဲ တွေ့နေရတယ်။ သူမက ပြောလာတယ်။

'မောင်ကြီးက အတိတ်မေ့နေတာ။ တဖြည်းဖြည်း ပြန်စဉ်းစားကြည့်ပါလေ။ ပြန်သတိရလာရင် ကျွန်မကိုလည်း မောင်ကြီး တရင်းတနှီးရှိနေသူဖြစ်ကြောင်း သိလာပါလိမ့်မယ်'

သူမကို ကျုပ် တစူးတစိုက် ကြည့်လိုက်တယ်။ ပြီးတော့ သူမ ပြောသလို ကျုပ်က အတိတ်မေ့နေသူပေပဲလား။ ကျုပ်ကတော့ ဘာဆိုဘာမှ မသိချေတော့။ များသောအားဖြင့် ကျုပ် အခန်းအောင်းနေလေ့ရှိတယ်။ တစ်ယောက်တည်း အထီးကျန်မဖြစ်တော့ဘူး။ အံ့ဖွယ်မိန်းကလေး ရှိနေတယ်။ သူကလည်း စကားအတော်ပြောတယ်။ ကျုပ်လည်း ကိုယ့်အတွေးနဲ့ကိုယ်မို့လို့ သူမရဲ့ ပြောစကားတွေကို ကြားတစ်ချက် မကြားတစ်ချက်။

အခန်းထဲမှာ မွန်းကျပ်လာရင် တစ်ခါ,တစ်ခါ ကျုပ် အပြင်ထွက်တယ်။ အံ့ဖွယ်မိန်းကလေးလည်း လိုက်ပါလာတတ်တယ်။ သူမနဲ့ စကားစမြည်ပြောတဲ့အခါ အများအမြင်မှာက ကျုပ်တစ်ယောက်တည်း စကားပြောနေသလို။ သူရူးတစ်ယောက်ပမာနှယ်။

'ကားအက်စီးဒင့်ဖြစ်ပြီး ဦးနှောက်ပျက်သွားတာလေ။ သနားစရာပါကွယ်'

ကျုပ်ကို ပြောနေကျ စကားသံတွေလေ။ ကြား...



www.burmeseclassic.com

www.burmeseclassic.com

ရိုးတောင်နေပြီ။

'မောင်ကြီး··ရှမ်းတိုဟူးနွေးစားတာ မတွေ့ရဘူး။ အဲဒါ မောင်ကြီး သိပ်ကြိုက်တယ်ဆိုတဲ့ တိုဟူးနွေးလေ'

ကျုပ် တိုဟူးနွေးကို ကြိုက်ခဲ့ဖူးသလား။ ကျုပ် လုံးဝ နားမလည်ဘူး။ ကျုပ် ခြေဦးတည့်ရာ လျှောက်နေမိတယ်။ နံဘေးမှာ အံ့ဖွယ်မိန်းကလေးလည်း ပါလေရဲ့။

အံ့ဖွယ်မိန်းကလေးက သူ့ရဲ့အမည်နာမဟာ စောမူလို့ ပြောတယ်။ ပြီးတော့ သူက သာမန်လူတစ်ယောက် မဟုတ်ဘူး။ မကြာသေးခင်ကမှ သေခဲ့ပြီးတဲ့သူ။ အဲဒီလိုစကားတွေလည်း ပြောလေ့ရှိတယ်။

ကြာတော့ ကျုပ်နောက် တကောက်ကောက်လိုက်ပါနေတဲ့ သူမကို စိတ်ပျက်လာတယ်။ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေပြီး လွတ်လွတ်လပ်လပ် တွေးပါရစေလို့ ပြောတော့ သူ့ရဲ့မျက်နှာက ပြုံးတော့မယ့်မိုးလို။

'မောင်ကြီးရယ်··စောမူကို နှင်မထုတ်ပါနဲ့။ မောင်ကြီးကို သံယောဇဉ်ရှိလို့ လိုက်နေရတာပါ။ မောင်ကြီးလည်း ကျွန်မစောမူကို ချစ်နေတယ်။ စဉ်းစားပါ မောင်ကြီးရယ်။ စဉ်းစားလို့ အဖြေပေါ်ရင် စောမူ ပြန်ပါတော့မယ် မောင်ကြီးရယ်'

'ငါက မိင်းကို ချစ်နေတယ်၊ ဟုတ်စ။ မဖြစ်နိုင်တာ။ မင်းနဲ့တွေ့တာ ဘာကြာသေးလို့လဲ။ ပြီးတော့ မင်းနဲ့ငါက ကဲကွာ··မင်း ဘာအလိုရှိသလဲပြော။ ငါဘာလုပ်ပေးရမလဲ ပြောကွာ၊ ပြော··ပြော'

'စောမူက မောင်ကြီးကို ကူညီချင်တာသက်သက်ပါ။ မောင်ကြီး သတိတွေ ပြန်ရအောင်လို့ပါ။ ဒီနေ့ မောင်ကြီး အနားယူလိုက်ဦး။ မနက်ဖြန် စောမူနဲ့လိုက်ခဲ့၊ ဟုတ်လား' ဟု ဆိုပြီး စောမူ ပျောက်သွားတယ်။

ကျုပ်ရှိရာ တည်းခိုခန်းကို ဦးစောနောင် ရောက်လာတယ်။ မကြာ,မကြာလာနေကျပါ။ အခုတော့ သူ့မိသားစုတွေ ပါလာတယ်။ မိတ်ဆက်ပေးလို့ သိရတာပါ။ စားသောက်ဖွယ်ရာတွေနဲ့ အားဆေးတွေပါ ယူလာခဲ့ကြတယ်။ ကျုပ်လည်း ဦးစောနောင်တို့မိသားစုကို လွန်စွာအားနာလှပါကြောင်း၊ မိမိဘဝအမှန်ကိုသိဖို့ ကြိုးစားနေပါကြောင်း ပြောမိတယ်။

'ရပါတယ် မောင်ရင်၊ မောင်ရင့်ကို ဦးတို့က တာဝန်ယူထားတာလေ။ ဦးတို့မှာ တာဝန်ရှိတယ်။ အားမနာနဲ့။ မောင်ရင်က ရန်ကုန်ဇာတိလို့ သိထားတယ်။ ဒါလောက်ပဲ သိထားတာပါ။ မောင်ရင်ပါလာတဲ့ လက်ကိုင်ဖုန်းက ကားအက်စီးဒင့်ဖြစ်စဉ်က ကြေမွပျက်စီးသွားတာမို့ မှတ်တမ်းမှတ်ရာတွေ မသိရဘူးပေါ့။ ဘာမှစိတ်ပူမနေနဲ့။ ဒီမှာရှိတုန်း ဦးတို့ ပြုစုပါရစေ'

ဦးစောနောင်ရဲ့ သမီးဆိုသူက နန်းဥမ္မာတဲ့။ အတော်ချောသားပဲ ကောက်ချက်ပြုမိတယ်။ သူမက တောင်ကြီးမြို့လယ် ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဘဏ်ကြီးတစ်ဘဏ်က ဝန်ထမ်းလို့ ဆိုတယ်။ လေးလေးကို ဘဏ်မှာ တွေ့ဖူးသလိုရှိတယ်လို့ဆိုတော့ ကျုပ် အတွေးပွားရပြန်ရော။ ကျုပ် အဲဒီဘဏ်ကြီးကို ရောက်ဖူးခဲ့သလား။ အတွေးကတော့ ရှေ တေးတေးပါပဲ။ အဲဒီနေ့က ဦးစောနောင်က ကျုပ်ကို လက် ကိုင်ဖုန်းတစ်လုံး ပေးသွားတယ်။ လိုအပ်ရင်သုံးဖို့တဲ့လေ ဦးစောနောင်ကလည်း ကျုပ်အပေါ် ဘာကြောင့် ဒီလောက် တောင် ကောင်းနေရတာလဲ။ ဘာပဲဖြစ်ဖြစ် ကျေးဇူးတင် စရာပါ။

စောမူခေါ်တဲ့နောက်ကို လိုက်ပါခဲ့တယ်။ တောင်ကြီ မြို့စွန်နေရာလေး လမ်းတွေက ကွေ့ဝိုက်သွားရတယ်။ စိတ် ထဲ ရောက်ဖူးသလိုလို။

'အဲဒါ စောမူနေတဲ့အိမ်လေ'

စောမူ ညွှန်ရာကို အကြည့်ရောက်တယ်။ သိပ်မ သလို ခံစားမိတယ်။ အိမ်က ချိပ်ပိတ်ထားတယ်။ ဝန်း ကိုပဲ လှေ့လာနေမိတယ်။

'စောမူကို လူတစ်ယောက်က သတ်သွားတာ။ သူ လုံးဝမသိဘူး။ မြင်လည်း မမြင်လိုက်ရဘူး။ စောမူ သေ မှုးမှူးအချိန်မှာ မျက်လုံးဖွင့်ကြည့်မိတယ်။ မြင်ကွင်းထဲမှာ ဟောဒီမောင်ကြီးရဲ့မျက်နှာ။ မောင်ကြီးမှတ်မိရဲ့လား

'ဘာ··ဘယ်လို၊ မင်းသေခါနီးမှာ ငါ့ကိုတွေ့တ ဟုတ်လား။ ငါ··ငါ ဘာမှမသိဘူး။ ငါ မင်းကို သတ် တော့ မဟုတ်ပါဘူးနော်'

'မောင်ကြီးသတ်တယ်လို့ စောမူ စွပ်စွဲနေတာမဟု ပါဘူး။ မောင်ကြီး စဉ်းစားနိုင်ဖို့၊ အမှတ်ရနိုင်ဖို့ ပြော တာပါ။ စောမူကိုသတ်တဲ့လူ ဘယ်သူဆိုတာကိုတော့ လုံးဝမသိတာ အမှန်ပဲ။ မောင်ကြီး သိများသိလေ လို့ပါ'

စောမူရဲ့ အိမ်ဝန်းကျင်ကို လေ့လာအကဲခတ်

မိတယ်။

'ဟေ့လူ··ဘာလုပ်နေတာလဲ။ ခင်ဗျား ဒီနေ



www.burmeseclassic.com

www.burmeseclassic.com

ရှိမနေသင့်ဘူး'

လူစိမ်းတစ်ယောက်ရဲ့ ပြောသံကြားလိုက်ရတာမို့ အတွေးတွေ လွင့်စဉ်သွားတယ်။ ပြောတဲ့လူစိမ်းက မနီးမဝေးမှာ ရှိနေတယ်။ ခပ်လှမ်းလှမ်းမှာ လူတစ်ယောက် ရပ်ကြည့်နေတယ်။ သူတို့က ဘယ်သူတွေလဲ၊ ဘယ်ကလဲ ဆိုတာကိုတော့ စဉ်းစားမနေတော့ပါဘူး။

နောက်တစ်နေ့ ရဲစခန်းကခေါ်လို့ ဦးစောနောင်နဲ့အတူ သွားရတယ်။

ရဲအရာရှိတစ်ဦးက ကျုပ်ကို-

'ခင်ဗျား သေဆုံးသွားခဲ့တဲ့ အမျိုးသမီးတစ်ဦးရဲ့ အိမ်အပေါက်ဝကို ရောက်ခဲ့တယ်ပေါ့နော်။ ဘာရည်ရွယ်ချက်နဲ့ ရောက်ခဲ့တာလဲ' လို့ မေးတယ်။

ကျုပ်လည်း မကွယ်မဝှက်ပါဘဲ-

'ဟုတ်တယ်၊ ရောက်ခဲ့ပါတယ်။ တစ်စုံတစ်ယောက်က အတင်းခေါ်လို့ ရောက်ခဲ့တာ။ ခေါ်တဲ့သူက မိန်းမပျိုတစ်ယောက်ပါ။ သူက ဘယ်လိုပြောရမလဲ လူစင်စစ်တော့ မဟုတ်ဘူး'

ကျုပ်ပြောစကားကြောင့် ရဲအရာရှိဦးခေါင်းကို တဖျင်းဖျင်းကုတ်တယ်။ ဦးစောနောင်လည်း ခေါင်းတခါခါ လည်တယမ်းယမ်းနဲ့။

'ဦးစောနောင်..သူ့ကို ကူညီလက်စနဲ့ ကူညီထားပါဦး။ ခင်ဗျားနဲ့လည်း တွေ့ဆုံညှိနှိုင်းစရာတွေရှိသေးတယ်။ နောင်မှ တွေ့ကြတာပေါ့' လို့ ရဲအရာရှိက ဦးစောနောင်ကို ပြောတာ ကြားလိုက်ရတယ်။

ကျုပ်စိတ်ထဲ စောမူကို တွေ့ချင်နေမိတယ်။

ကျုပ် တည်းခိုဆောင်အခန်းပြန်ရောက်တော့ စောမူကို တွေ့တယ်။

တွေ့တွေ့ချင်းပါပဲ-

'မင်းကွာ၊ ငါ့ကို ဒုက္ခပေးသလို ဖြစ်မနေဘူးလား။ ငါ အခု ရဲစခန်းက ပြန်ခဲ့တာလေ။ အဲဒါ သိလား'

'စိတ်မရှိပါနဲ့ မောင်ကြီးရယ်။ မောင်ကြီး မှတ်မိတာ၊ မမှတ်မိတာထားတော့ စောမူရှင်းပြတာကိုတော့ နားထောင်ပေးပါ။ စောမူနဲ့မောင်ကြီး စတွေ့ကြတာက တောင်ကြီးက ငါးရက်ဈေးနေ့မှာပါ။ ရှမ်းပြည်တောင်ပိုင်းမှာက ငါးရက်ဈေးနေ့တွေကို တောင်၊ တောင်၊ ညောင်၊ ညောင်၊ ဟိုး ဆိုပြီး လှည့်လည်ပြီး လုပ်တယ်။ တောင်ကြီး၊ တောင်နီ၊ ညောင်ရွှေ၊ ရွှေညောင်၊ ဟဲဟိုး စသည်ဖြင့်ပေါ့လေ။ ငါးရက်ဈေးဆိုပြီး အလှည့်ကျလုပ်တာ။ အဲဒီနေ့တွေက အတော်လေး စည်ကားတယ်။ စောမူက အဲဒီဈေးနေ့တွေကို လှည့်ရောင်းတယ်။ ရှမ်းထမင်းချဉ်၊ ငါးပေါင်း၊ ရှမ်းတို့ဟူးစုံနဲ့ ပရဆေးတွေရောင်းတယ်။ မောင်ကြီးက စောမူရဲ့ တို့ဟူးနွေးကို ကြိုက်လှချည်ရဲ့ဆိုပြီး ငါးရက်ဈေး နေ့တွေတိုင်းကို မောင်ကြီးက လိုက်လံစားသောက်လေ့ရှိတယ်။ မောင်ကြီးရဲ့ မိတ်ဆွေတစ်ယောက်လည်း အမြဲပါတယ်။

ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ မိန်းမကြိုက်တော့ မျှော်လိုက်တာ ဆိုတဲ့စကားကို စောမူ နားလည်ပါတယ်။ ငါးရက်ဈေးနေ့တွေရောက်တိုင်း မောင်ကြီး လာမယ့်လမ်းကို စောမူရဲ့ ချစ်အာရုံကနေပြီး မျှော်နေမိတယ်။ မျှော်တိုင်းလည်း မောင်ကြီး ရောက်လာစမြဲပါ။ အဲဒါကို မှတ်မိလားဟင်'

ကျုပ် ခေါင်းယမ်းခေါင်းခါပြုတယ်။ ဒါပေမဲ့ အတွေးထဲမှာတော့ မပီဝိုးတဝါး မြင်ကွင်းတွေက ခပ်ရေးရေး။

ကျုပ်စိတ်ထဲ မွန်းကျပ်ကျပ်ဖြစ်နေမိတယ်။ စိတ်အပန်းပြေရာပြေကြောင်း တစ်နေရာရာကို သွားလိုစိတ်ရှိတယ်။ ဘယ်သွားရင်ကောင်းမလဲဆိုတာက ဝေခွဲမရ။ ဂျစ်ကားလေးတစ်စီး ရှေ့ဆီကို ရောက်လာတယ်။ မောင်းလာသူက ဘယ်သွားမလဲ၊ ဘယ်ပို့ပေးရမလဲလို့ မေးတယ်။ ကျုပ် မဖြေမိ၊ တုံ့ဆိုင်းနေတယ်။ မွေတော်ဆီကိုလား၊ ဟုတ်ကဲ့၊ ပို့ပေးပါ့မယ်။ ကျုပ် ဘာမှမဖြေမိ။ သူ့အပြောနဲ့ ကျုပ် ခေါင်းညိတ်မိတယ်။ ကျုပ် မွေတော်ဆီသွားမယ်လို့ မပြောမိတာကတော့ သေချာတယ်။ နံဘေးမှာ စောမူရှိနေရဲ့။ သူကတော့ မခို့တရို့အပြုံးနဲ့။

ဒီလိုနဲ့ မွေတော်ဆီ ရောက်ခဲ့တယ်။ မွေတော်ဟာ တောင်ကြီးနဲ့ မိုင်(၂၀)ခန့်ဝေးတယ်လို့ ကားဆရာလေးက ပြောတယ်။ ဘုရားတွေဆီ လှည့်ပတ်ဖူးတယ်။ ရှေးဟောင်းဘုရားတွေ၊ ပုဂံဘုရားတွေထက် ရှေးကျတယ်တဲ့။ မွေတော်ကက္ကူဘုရားလို့ဆိုတယ်။ ဒီနေရာဟာ ကျုပ်နဲ့ မစိမ်းသလို ရှိနေတယ်။

မွေတော်ကက္ကူဘုရားဝင်း ဝင်ပေါက်မုခ်ဦး ဝဲဘက်ဆိုင်ခန်းတွေမှာ အနားယူရင်း တို့ဟူးကြော်သုပ် စားဖြစ်တယ်။ ပြီးတော့ ကွမ်းစားချင်စိတ် ဖြစ်တည်လာတာကြောင့် ဆိုင်နဲ့မနီးမဝေး ညောင်ပင်ကြီးအောက် ကွမ်းယာဆိုင်ကို သွားတယ်။

'ဆရာ..မတွေ့တာကြာပြီနော်' လို့ ကွမ်းရောင်းသမား



www.burmeseclassic.com

www.burmeseclassic.com

လေးကပြောပြီး ကွမ်းယာပေးတယ်။ သူ ကျုပ်ကို သိနေသလား၊ ဘယ်တုန်းက သိနေတာလဲ။ အတွေးမှာ ဇဝေဇဝါ။ လူတစ်ယောက် အပြေးတစ်ဝက်နဲ့ ရောက်လာတယ်။

'သက်မောင်မောင်··ကျန်းမာရေး ကောင်းသွားပြီလား။ ငါ့ကိုရော မှတ်မိလား။ မင်း စောမူရဲ့ အိမ်ရှေ့ကို ရောက်တုန်းက ငါ အဝေးက ကြည့်နေတာလေ။ အဲဒါ သိလား'

ကျုပ် လူစိမ်းကို ခေါင်းခါပြတယ်။

လူစိမ်းက 'ဒါလည်း ကောင်းပါတယ်ကွာ' လို့ ပြောပြီး ထွက်သွားတယ်။

ကျုပ် ကွမ်းယာဝယ်စားနေတဲ့ဆိုင် ပြန်ရောက်လေတော့ စောမူက-

'မောင်ကြီးကို လာတွေ့၊ လာပြောတဲ့သူက အောင်သူလေ။ မောင်ကြီးရဲ့ မိတ်ဆွေပေါ့။ သူက မကောင်းတာမှန်သမျှ အကုန်လုပ်တယ်။ မူးယစ်ဆေးလုပ်တယ်။ ငွေလိုရင် ဖောက်ထွင်းတာတွေလုပ်တယ်။ မောင်ကြီးက ရိုးလွန်းလို့ သူ့ကို ပေါင်းသင်းတာ။ သူက တောင်ကြီးမှာ နာမည်ပျက်ရှိတဲ့လူ မောင်ကြီးရဲ့'

ကျုပ် အတွေးပွားရပြန်ပြီ။ လာတွေ့၊ လာပြောသူက ကျုပ်မိတ်ဆွေ အောင်သူတဲ့လား။ သူက မကောင်းတာတွေ လုပ်တဲ့သူပါတဲ့။ ကျုပ်စိတ်ထဲ သရိုးသရီ။ သိသလို မသိသလို။

စိတ်အပန်းဖြေဖို့ ထွက်လာပါတယ်၊ စိတ်ရှုပ်ထွေးစရာတွေက တွေ့လာရပြန်ရော။ အပန်းဖြေခရီးဟာ မလန်းဆန်းပါတကား။ အောင်သူဆိုတဲ့သူရဲ့မျက်နှာဟာ ကျုပ်ရဲ့အမြင်မှာ စိမ်းသလို မစိမ်းသလို ရှိနေပြန်ရော။

ဦးစောနောင်ကတော့ ကျုပ်ဆီ မကြာခဏဆိုသလို ရောက်လေ့ရှိတယ်။ ကျန်းမာရေးအခြေအနေမေးတယ်။ လိုအပ်တာရှိရင် ပြောဖို့လည်း ပြောတယ်။ ကျုပ်က စောမူနဲ့ မွေတော်ကို ရောက်တဲ့အကြောင်း၊ လူတစ်ယောက်နဲ့တွေ့ကြောင်း၊ အဲဒီလူကို မှတ်မိသလိုရှိနေကြောင်း ပြောမိတယ်။ ဦးစောနောင်က သိပ်ပင်ပင်ပန်းပန်း မစဉ်းစားဖို့ပြောတယ်။ ဦးစောနောင်ခေါ်လို့ အပြင်ကို လမ်းလျှောက်ထွက်တယ်။ ရဲစခန်းကိုရောက်တယ်။ အလည်သဘောနဲ့ ဝင်ခဲ့ကြတာပါ။ ရဲအရာရှိနဲ့ ဝန်ထမ်းတွေနဲ့ကလည်း ကျုပ်နဲ့ ခင်မင်နေတယ်။ ရဲအရာရှိဧည့်ခံတာကို စားသောက်ဖြစ်ခဲ့ကြတယ်။ ထွေရာလေးပါး ပြောဖြစ်ကြတယ်။

ရဲအရာရှိက ကျုပ်ကို မှတ်တမ်းဓာတ်ပုံတစ်ပုံပြတယ်။ သူ့ကို သိသလားပေါ့။ ကျုပ် တခုတ်တရကြည့်တယ်။ စဉ်းစားတယ်၊ တွေ့ဖူးသလိုလို။

'ဟုတ်ပြီ၊ မှတ်မိပြီ။ သူ··သူ··အောင်သူ မဟုတ်လား' လို့ ပြောလေတော့ ရဲအရာရှိက 'ဟုတ်ပါရဲ့ဗျာ' တဲ့ ဒါပဲ ပြောတယ်။

ဦးစောနောင်က ညနေစာကို ဆိုင်တစ်ဆိုင်မှာ ကျွေးတယ်။ စားသောက်နေတုန်း စောမူရောက်လာတယ်။ စောမူကို လက်ခံစကားပြောရတယ်။ ဦးစောနောင် ခေါင်းကုတ်နေတာ ရိပ်စားမိလိုက်တယ်။ သူ့အထင်တော့ ကျုပ်ရဲ့စိတ် ပုံမှန်အနေအထား မရှိသေးလို့ တွက်ဆမိမှာ အမှန်။

'အန်ကယ်··ကျွန်တော့်အပေါ် စိတ်ညစ်မသွားပါနဲ့ ကျွန်တော့်စိတ်တွေ ပုံမှန်ပြန်ဖြစ်အောင် ကူညီနေတာ စောမူပါ။ စောမူဆိုတာက လွန်ခဲ့တဲ့ တစ်ပတ်၊ ဆယ်ရက်လောက်က အသတ်ခံရသူပါ။ သတ်တဲ့သူကို ကျွန်တော် ဝိုးတဝါး မှတ်မိနေတယ်။ အဲ··အဲဒါ အောင်သူ။ တစ်စ,တစ် အတွေးပုံရိပ်တွေက ဝိုးတဝါးအနေအထားကနေ ပီပီပြင် ပြင် ဖြစ်လာတယ်။

ကျုပ် စောမူကိုစတွေ့တာ တောင်ကြီးဈေး (၅)ရက် ဈေးနေ့မှာတွေ့တာ။ စောမူက ရှမ်းရိုးရာစားသောက်ဖွယ် တွေရော ပရဆေးတွေပါ ရောင်းတဲ့သူ။ စောမူရောင်းတဲ့ တိုဟူးနွေးကိုစားရင်း စောမူကို ရင်ထဲ စွဲငြိသွားခဲ့တယ် ဖွင့်ပြောမယ်လို့ ရည်ရွယ်ထားတယ်။ ခင်မင်မှုရင့်သန်လာ တော့ သူ့မွေးနေ့ဖိတ်တယ်။ နေအိမ်လိပ်စာ ပေးတယ်။

မွေးနေ့ပွဲမရောက်ခင် တစ်ရက်ကြိုပြီး စောမူရဲ့နေအိမ် သိရအောင်လို့ ဟိုမေးသည်စမ်းနဲ့ သွားတယ်။ နေအိမ် မရောက်ခင် လမ်းခုလတ်မှာ ခင်မင်ရင်းစွဲရှိခဲ့တဲ့ အောင်သူ တွေ့တယ်။ သူက အိမ်တစ်အိမ်ကို သူနဲ့လိုက်ခဲ့ဖို့ခေါ်တယ် ကျုပ် ငြင်းပါသေးတယ်။ သူက အတင်းအကျပ်ခေါ်တာ အားနာပါးနာ လိုက်ဖြစ်ခဲ့တယ်။

သူခေါ်တဲ့အိမ်ရောက်တော့ သူက သော့ဖွင့်ဝင်တယ် ကျုပ်လည်း လိုက်ဝင်ခဲ့တယ်။ အောင်သူက အခန်းတွေ ဟိုဝင်သည်ထွက်နဲ့ အလုပ်ရှုပ်နေသလိုရှိလေရဲ့။ နံရံမှာရှိ တဲ့ ဓာတ်ပုံတစ်ပုံကို အမှတ်မထင် ကျုပ်တွေ့လိုက်တယ် စောမူရဲ့ဓာတ်ပုံ။ ဒီတော့ စောမူရဲ့အိမ်ဖြစ်မှန်း သိလိုက် တယ်။ ကျုပ် စောမူရဲ့ဓာတ်ပုံကို မမှိတ်မသုန်ကြည့်နေ အပြင်က ခြေသံကြားရတယ်။ ပြီးတော့ တံခါးပွင့်သံ



www.burmeseclassic.com

www.burmeseclassic.com

အောင်သူ တစ်နေရာကို ပြေးကပ်တယ်။ ကျုပ်လည်း တစ်နေရာ ဝင်ပုန်းရပြီပေါ့။ ဘာတွေမှန်းမသိ။ ဝင်လာသူက စော..စောမူ။ ကျုပ်ရဲ့စောမူ။ ကျုပ် တအံ့တသြဖြစ်နေတုန်း မထင်မှတ်တဲ့ မြင်ကွင်းတစ်ခု။ စောမူရဲ့နောက်ကျောကို အောင်သူက ပြေးဖက်လိုက်ပြီး စောမူကို ဓားနဲ့ထိုးလိုက်တယ်။ ကျုပ်မျက်စိထဲ ပြာခနဲဖြစ်သွားတယ်။ စောမူ လဲကျသွားတယ်။ သွေးတွေလည်း အိုင်ထွန်းနေပေါ့။

'မင်း ဘယ်သူ့မှမပြောနဲ့။ ပြောရင် အသိပဲ' ဆိုပြီး အောင်သူ အပြင်ကို ပြေးထွက်သွားတယ်။

ကျုပ်ရင်ထဲ ဘယ်ချိုပါ့မလဲ။ စောမူကို ပြေးပွေ့မိတယ်။ နောက်တော့ ထရပ်ပြီး ကြေကွဲစိတ်နဲ့ အတန်ကြာကြည့်တယ်။ နောက် ပြေးထွက်လာခဲ့မိတယ်။ လမ်းတွေက ကွေ့ကွေ့ဝိုက်ဝိုက်ရှိတာမို့ ကွေ့ကွေ့ဝိုက်ဝိုက် ပြေးနေမိရင်း လမ်းကွေ့တစ်နေရာမှာ ကားတစ်စီးနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး အမှောင်ကျခဲ့တယ်။ နောက်တော့ ဆေးရုံကို ရောက်နေမှန်း သိရတော့တယ်။

'ဒါ..ဒါဆိုရင် စောမူကိုသတ်တာ အောင်သူပေါ့နော်'

'ဟုတ်..ဟုတ်ပါတယ် အန်ကယ်'

'အောင်သူ ကျက်စားလေ့ရှိတဲ့နေရာကို အန်ကယ် ပြပေးမယ် ဆိုရင်ပေါ့နော် မောင်ရင်ကိုယ်တိုင် အောင်သူကို ဖမ်းပေးနိုင်စွမ်း ရှိပါ့မလား'

'စိန်လိုက် အန်ကယ်။ ဖမ်းပေးနိုင်စွမ်း ရှိပါတယ်'

♦♦♦

တောင်ကြီးမြို့ အေးသာယာဂေါက်ကွင်းအနီး စားသောက်ဆိုင်ကို ကျုပ်ရောက်လေတော့ ညနေ(၄)နာရီ။ ဘီယာတစ်ပုလင်း မှာသောက်တယ်။

နံဘေးမှာ စောမူ ရှိနေတယ်။ စောမူက အလျှင်စလိုမလုပ်ဖို့ ကျုပ်ကို မှာသေးဗျာ။ မကြာလှပါဘူး၊ ကိုယ်တော်ချော အောင်သူ ရောက်လာတယ်။ ကျုပ်ကို တွေ့လိုက်ရတော့ သူက တအံ့တသြနဲ့။

ဒါပေမဲ့ မသိဟန်ပြုပြီး တစ်နေရာကို သွားထိုင်မယ် လုပ်တုန်း ကျုပ်ကပဲ စတင်ပြီး-

'ဟေ့ကောင် အောင်သူ..ငါ မင်းကို လာပြီးစောင့်နေတာ။ မင်း ပြေးရှောင်ပုန်းနေရတာ ပင်ပန်းလှပါတယ်။ ပွင့်ပွင့်လင်းလင်းပြောပြီး စောမူကို သတ်ခဲ့တဲ့အကြောင်း ဝန်ခံပြီး အဖမ်းခံလိုက်စမ်းပါကွာ'

'မင်း ဘာတွေပြောနေတာလဲ သက်မောင်မောင်။ မင်းက စောမူကိုသတ်ပြီး အတိုတ်မွေ့ချင်ယောင်ဆောင်နေတာ ငါ မသိဘူး ထင်နေသလား'


'အောင်သူ..မင်းဟာ ယောက်ျားပီပီ ဝန်ခံစမ်းပါကွာ။ ငါ့ကို လာပြီး လွှဲချမနေနဲ့'

ထိုစဉ် လူစိမ်းနှစ်ယောက် ရောက်လာပြီး-

'ကဲ..မောင်ရင်တို့ တစ်ယောက်ကိုတစ်ယောက် လွှဲချမနေပါနဲ့တော့' လို့ ပြောပြီး ကျုပ်နဲ့အောင်သူ နှစ်ယောက်စလုံး အဖမ်းခံရပါတော့တယ်။

ကျုပ်ရောက်နေတဲ့ အချုပ်ခန်းထဲကို စောမူ ရောက်လာပါသေးတယ်။

'မောင်ကြီးရယ်..ဆန္ဒမစောပါနဲ့လို့ စောမူ ပြောထားတဲ့ဟာကို' လို့ ကြေကွဲသံနဲ့ ပြောဆိုပြီး ပျောက်သွားပါတော့တယ်။ အဆုံးစွန် ပျောက်သွားခဲ့တာပါ။



www.burmeseclassic.com

ကျုပ် အကျဉ်းထောင်ထဲမှာ တစ်လနီးပါး နေခဲ့ရပါတယ်။ ရဲအရာရှိတို့ရဲ့ စစ်ဆေးနည်းဗျူဟာကိုတော့ အောင်သူ လက်လျှော့ခဲ့ရပြီး စောမူကို သတ်ခဲ့ပါကြောင်း ကိုယ်တိုင် ဝန်ခံကတိပြုခဲ့ရတယ်လို့ ဆိုပါတယ်။ ပြီးတော့ ကျုပ် အကျဉ်းထောင်က လွတ်မြောက်ခဲ့ရပါတယ်။

သေဆုံးသူ စောမူက ဦးစောင်နောင်နဲ့ သွေးသားတော်စပ်သူပါ။ ဦးစောနောင်က စောမူသတ်တဲ့အမှုကို ဖော်ထုတ်လိုသူ ရဲအရာရှိပောင်းတစ်ဦး။ ဦးစောနောင်က ကျုပ် သက်မောင်မောင်ရဲ့ ဘိုင်အိုဂရပ်ဖီကို စုံစမ်းရယူထားခဲ့ပြီး ကျုပ် ရန်ကုန်ကနေ တောင်ကြီးရှိ မိတ်ဆွေအချို့နဲ့ ကျောက်အရောင်းအဝယ်လုပ်ခဲ့ကြောင်း၊ ညောင်ရွှေတည်းခိုဆောင်မှာ ကျုပ်တည်းခိုနေထိုင်ကြောင်း သိထားခဲ့သူ။ သက်ဆိုင်ရာနဲ့အတူ ကျုပ်ကို သံသယနဲ့ စောင့်ကြည့်ပစ်မှတ်ထား စုံစမ်းနေသူပါ။

'အရင်ကတော့ မောင်ရင့်ကို သံဗယနဲ့ စောင့်ကြည့်ခဲ့တာပါ။ အခုတော့ သံသယတွေက ကင်းရှင်းသွားပြီလေ။ ထပ်ပြီးကျေးဇူးတင်ရမှာက မောင်ရင်ကပဲ ဒီအမှုကြီးကို ဖော်ထုတ်ပေးခဲ့တာကြောင့်ပဲ'

အမှုဖော်ထုတ်သူ အစစ်အမှန်က စောမူပါလို့ မပြောလိုတော့ပြီ။ ပြောမိဆိုမိရင် တစ်မျိုးတစ်မည် ထင်မှတ်ကြဦးမယ်လေ။ ထားပါတော့၊ ကျုပ် တစ်ရက်၊ နှစ်ရက် နေပြီးရင် ရန်ကုန်ပြန်ဆင်းမယ်လို့ တင်ကြိုနှုတ်ဆက်မိတယ်။

နံဘေးမှာရှိနေတဲ့ ဦးစောနောင်ရဲ့သမီး ဘဏ်မှာအလုပ်လုပ်နေတယ်ဆိုတဲ့ နန်းဥမ္မာက 'ဘဏ်မှာ လေးလေးနာမည်နဲ့ ငွေလွှဲပို့ထားတာရှိတယ်။ ရန်ကုန်မပြန်ခင် ငွေထုတ်သွားပါဦး။ ဒါကြောင့် လေးလေးကို မြင်ဖူးတယ်ရှိတယ်လို့ ပြောတာ မှတ်မိလား။ လေးလေးက ဘဏ်ကို လာနေကျပဲ'

နန်းဥမ္မာကို တခုတ်တရကြည့်မိလေတော့ စောမူနဲ့တူသလိုလိုရှိတယ်။ စောမူကတော့ ကျုပ်ကို အပြီးအပိုင်ခွဲခွာထားရစ်ခဲ့လေပြီ။ သို့သော်ငြားလည်း စောမူနဲ့ တူသလိုလိုရှိတဲ့ နန်းဥမ္မာရှိရာ တောင်ကြီးမြို့သို့ရောက်အောင် လာရပေဦးမည်ထင့်။

ကိုမောင်သန်းဝင်း

<u>မှတ်ချက်</u>

အငြိမ်းစားရဲအရာရှိကြီးတစ်ဦး၏ ပြောပြချက်ကို ခံစားဖွဲ့သီ၍ ဇာတ်လမ်းပြုသည်။

မြန်မာ့နည်းပညာ၊ ကမ္ဘာ့နည်းပညာဖြင့် ဟောပြောနေပါပြီ

ဆရာမဒေါ်ဝေဝေမင်း

ချစ်သူ၊ မုန်းသူ၊ အိမ်ထောင်ဖက်၊ စီးပွားဖက်၊ ရန်ဘက်တို့၏ နာမည်၊ ရုပ်ဆင်းသဏ္ဌာန်တို့ကို ဒေဝစက္ခု၊ မနောစက္ခုဖြင့် လက်တွေ့ပုံဖော် ဟောပြောပေးနေပါပြီ။

ထီကံ၊ ငွေကြေးကံ၊ အမွေကိစ္စ

အလုံးစုံကို တိကျပြတ်သားစွာ အမည်နှင့်တကွ ဟောပြောနေပါပြီ။ ယခုပင် ကြွခဲ့ပါ။ လာရကျိုး နပ်စေရမည်။

ထီကံ အထူးဟောနေပြီ

သင့်မှာ ထီပေါက်ကိန်းရှိပါက မုချလက်ငင်း ထီပေါက်မည်။

တစ်ဘဝစာဟောစာတမ်း

အမည်၊ မွေးနေ့သက္ကရာဇ် အတိအကျ၊ မွေးရပ်၊ မွေးချိန်နှင့် နေရပ်လိပ်စာတို့ကို ဖော်ပြပြီး ငွေ(၂၅၀၀)ကျပ် (နှစ်ထောင့်ငါးရာကျပ်)ကို စာတိုက်မှ (M.O) ဖြင့် ပေးပို့ပါက တစ်ဘဝစာဟောစာတမ်းကို စာတိုက်မှ မှတ်ပုံတင်စာဖြင့် အမြန်ဆုံးပြန်လည်ပေးပို့ပေးပါမည်။

(မှတ်ချက်-စာအိတ်အတွင်း ငွေထည့်ပို့ခြင်း လုံးဝတာဝန်မယူပါ။ မပို့ပါနှင့်)

ဆရာမဒေါ်ဝေဝေမင်း

ဆိုင်အမှတ်-၂၉၊ ကမ္ဘာအေးဘုရားစောင်းတန်း၊ ရန်ကုန်မြို့

နံနက်(၁၁း၀၀)နာရီမှ ညနေ(၅း၀၀)နာရီအထိ (ပိတ်ရက်-လပြည့်/လကွယ်)



www.burmeseclassic.com

www.burmeseclassic.com

**ဆရာကျော် မဟာဒွိတိုင်းရင်းဆေး (ထုတ်လုပ်ရေး) မြစ်ပွားနာ ရင်သား၊ သားအိမ်၊ ဆီးကျိတ်၊ လည်ပင်း အကျိတ်အဖုများအတွက် နာမည်ကျော် တပင်တိုင်မြနန်းအနီ၊ နေ့ဆေး ညဆေး သုံးမျိုးတွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၀၁၁ YR ၃၇၀၉

မဟာဒွိဆေး

## ဆရာကျော် ဆေးသုံးမျိုးတွဲ ကြိုတင်ကာကွယ် သောက်သုံးပါ။



မသမာလုပ်ငန်းနာတာရှည်ကိုက်ခဲ ကျောက်ရင်းနာများ ခေါင်းနောက်နာ၊ ကိုးပေါင်ဘား လေပြတ် လေငန်း၊ ကိုယ်တစ်ခြမ်းသေခြင်းများနှင့် ခေါင်းကိုက်ခေါက်ကြောတက်ခြင်းများ ဖြစ်နေရင်

မဟာဒွိဆေး ရှူဆေး၊ လိမ်းဆေး အထူးထုတ်

[illegible]

"ဘိုးဘိုးရေ ... ဘိုးဘိုး"

"သဲသဲပါလား၊ မတွေ့တာတောင်ကြာပြီနော်"

"မတွေ့သို့ သမီးရဲ့ဖေဖေမှာ အဖုအကျိတ်တွေထွက်နေလို့ ဘိုးဘိုးရဲ့ သမီးတို့မိသားစု စိတ်တွေပူနေကြတယ်"

"အဖုအကျိတ်တွေထွက်တိုင်း စိတ်မပူပါနဲ့ကွယ်၊ အဖုအကျိတ် မြစ်ပွားနာနိုင်တဲ့ဆေး မဟာဒွိဆေးတိုက်မှာ့ဘာယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ့မယ်"

ကျွန်မလည်း ဖေဖေ့ကိုခေါ်ပြီး မဟာဒွိဆေးတိုက်သို့သွားရာ ထိုဆေးတိုက်တွင် ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ဌေးကြည်တို့ကို တွေ့ရှိရပါသည်။ ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီးနောက် ဆေးများပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ 'ဒီဆေးကတော့ အဖုအကျိတ် မြစ်ပွားနာ၊ သားအိမ်အလုံး ရင်သားအကျိတ်အနာဆိုးအနာဆွေး၊ ဝက်ခြံကြီးများ၊ ကိုယ်တွင်းနာများကို အနိုင်ဆုံးဖြစ်တဲ့ တပင်တိုင်မြနန်းနီ ဆေးပင်ဆေးဥ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်ပါတယ်။ တပင်တိုင်မြနန်းဆေးပင်ဟာ အဖြူ၊ အနီနှစ်မျိုးရှိတဲ့အနက် အနီမျိုးက ပိုမိုဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကိုပင် ပျောက်ကင်းကြောင်း၊ ကျန်းမာရေးဌာနကထုတ်တဲ့ "လက်တွေ့အသုံးချဆေးဖက်ဝင်အပင်များ"မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကျိတ်အနာတွေကို သွေးလိမ်းပေးရုံနဲ့ ပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖုအကျိတ်မြစ်ပွားနာ ဝေဒနာရှင်တွေဟာ တပင်တိုင်မြနန်းအနီဆေးနဲ့အတူ ဆရာကြီးတို့ ဆေးတိုက်ကထုတ်လုပ်တဲ့ ရုပ်လုသွေးသန့်ဆေးအေး၊ ဝမ်းပျော့အကြောပြေ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် အချိန်တိုအတွင်း ထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း တွေ့ရှိရပါလိမ့်မယ်"

"ဟုတ်ကဲ့ ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီးရှင့်"

တပင်တိုင်မြနန်းက အဖုအကျိတ်အနာကို ချေဖျက်ပေးတယ်၊ အခိုးတွေကို ဖွင့်ပေးတယ်။ ရုပ်လုသွေးသန့်ဆေးအေးက သွေးသားကို သန့်စင်စေပြီး ခန္ဓာကိုယ်အပူအအေးကို ထိန်းညှိပေးတယ်။ ဝမ်းပျော့အကြောပြေလေဆေးက (မလ)အညစ်အကြေးတွေဖြစ်တဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်၊ လေပုပ်တွေကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ ဒီဆေးသုံးမျိုးကို အဖုအကျိတ် မြစ်ပွားနာ မဖြစ်ရလေအောင် ကာကွယ်ဆေး (အသက်ရှည်နုပျိုဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် မှီဝဲသုံးဆောင်ပေးနိုင်ရန် အကောင်းဆုံးပါပဲ။ မြစ်ပွားနာအဖုအကျိတ်အပြင် နှလုံးလေးဖက်နာရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဝမ်းလျှောဝမ်းပျက်၊ လိပ်ခေါင်း၊ အသည်းရောဂါ၊ ဆီးချိုရောဂါ အမျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

"မဟာဒွိဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်"

"ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်မြနန်းအနီစစ်စစ် ဆေးပြား၊ လတ်ဆတ်တဲ့ ဆေးနီဥစစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှပနုပျိုစေတဲ့ သိဒ္ဓိဝုနရုပ်လှ သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျော့အကြောပြေ အဆီကျပြီး လေမဖြတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျော့အကြောပြေလေဆေး၊ အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှူဆေး (Roll On) သွေးတိုးကိုသာ ကျစေပြီး သွေးပေါင်ထိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါပျောက်ဆေး၊ ဝမ်းလျှောဝမ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး နှလုံးအားတိုးဆေး၊ မျက်စိကြည်ဆေး၊ ရှားပါးသစ်ခေါင်းပျားရည်၊ ရိုးမပျားရည်၊ ရခိုင်ပန်းမြောင်ပုံညှင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

"သိပ်ကောင်းတဲ့ဆေးတွေပဲ။ ဒါပေမဲ့ ဆရာကြီးသီကို မလာနိုင်တဲ့သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး"

ပင်ရင်းဆိုင်ကတော့ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း။ ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟာဒွိဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ။ သိမ်ကြီးဈေး၊ City Mart ရန်ကုန်–မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန်မြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင် ၂၄ လမ်း၊ သိမ်ကြီးဈေး။ ကိုဝင်းမြင့်+မဘောဘီ ၁၅ လမ်း၊ ရွှေညာသားဆေးဆိုင်တို့မှ အဓိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်မြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင်၊ ကိုလှစိုးဆေးဆိုင်၊ စိန်စိန်မြန်မာ ၁၃ လမ်း၊စေတနာဆေးဆိုင်၊ ရွှေပါဝမ်းကုန်တိုက်၊ စိန်ဂေ ဟာရူပါစင်တာ– ဗစ်တိုးရီးယားကုန်တိုက်၊ ရွှေဘုံသာလမ်း ကိုမောင်စိန်၊ ဆေးကမ္ဘာ၊ ဆေးရာဇာ(ဦးလှမြင့်)၊ ရွှေမိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည်စတိုး၊ အောင်ရတနာဆေးဆိုင်၊ ဈေးချိုမှာရှိတဲ့ ပင်မ ဆေးဆိုင်၊ ပတ္တမြားဆေးဆိုင်၊ ပြင်ဦးလွင်နာရီစင်အနီး အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေရာဇ်၊ မြစ်ကြီးနားမှာ တစ်ဦးတည်ကိုယ်စားလှယ် ဆရာရန်နိုင်ဘုန်းမြင့်ဆေးကုခန်း၊ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘဌေး၊ ဖိုးခွားလေးဆေးဆိုင်၊ ပုသိမ်မှာ ရွှေစွန်ညို၊ ရွှေဖီးကွက်၊ အေး ချမ်းဆေးဆိုင်၊ လောကနတ်ဆေးဆိုင်တို့ ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း–၅၅၇၁၃၇ ကို ဆက်လိုက်ပါ။ မေတ္တာဖြင့် တိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

**ဆရာကျော်. မဟာဒွိတိုင်းရင်းဆေးထုတ်လုပ်ရေး ၂၀၁/၃၊ ရန်ရှင်းလမ်း၊ ရန်ကင်းမြို့နယ်။**

**ဖုန်း ၀၁- ၅၅၇၁၃၇**

www.burmeseclassic.com

www.burmeseclassic.com

ပြုံးမောင်သည် ဖြူးမြို့နယ်အတွင်းရှိ ဒေယျဝတီမြို့တွင် နေထိုင်လျက်ရှိသည်။ ဒေယျဝတီမြို့တွင် တောင်ပိုင်း၊ ဈေးပိုင်း၊ ဖဆပလကွက်သစ်၊ အနောက်ပိုင်း၊ မြောက်ပိုင်းဟူ၍ ရပ်ကွက်အပိုင်းများ ခွဲခြားထားရာ ပြုံးမောင်တို့နေထိုင်သည်က ဒေယျဝတီမြို့ မြောက်ပိုင်းရပ်ကွက်တွင် ဖြစ်လေသည်။

# တင့်ထူး (ဒေယျဝတီ)

# ကိုယ်တွေ့ကြုံလာသောအခါ

ပြုံးမောင်တို့ မိသားစု၌ မိဘနှစ်ပါး၊ အစ်ကိုတစ်ယောက်၊ ဆယ်နှစ်အရွယ် ခုနစ်တန်းကျောင်းသူ ညီမလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တို့ ရှိ၏။ အစ်ကိုကြီးဖြစ်သူ စံမင်းက စက်ဘီး၊ ဆိုက်ကား ပြုပြင်ရေးဆိုင်ကလေးကို ကားလမ်းဘေးတွင် တစ်ဖက်ရပ် တဲကလေးထိုးကာ ပြုပြင်ပေးနေသည်။

'ဆရာစံမင်း··ကျွန်တော့်စက်ဘီးကို ကြည့်ပေးပါဦး ဗျာ'

'စက်ဘီးက ဘာဖြစ်နေလို့လဲကွ'

'အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ဘရိတ်ဆွဲလို့ မရလို့ ဗျ'

စံမင်းလည်း ထိုစက်ဘီး၏ဘရိတ်ကို ဆွဲကြည့်သည်။ သည်နေသောဘီးက ဘရိတ်ဆွဲသော်လည်း လုံးဝတန့်မသွား ပေ။ ထို့ကြောင့် ဘရိတ်ရော်ဘာတုံးများကို စစ်ဆေးကြည့် သည်။

'ဟင်··မင်းစက်ဘီး ဘရိတ်ဖမ်းမမိတာလည်း မပြော နဲ့လေ။ ဘရိတ်တုံးတွေက ပါးနေကြပြီပဲကွ။ အဲဒါ ဘရိတ် တုံးအသစ် ဝယ်ထည့်မှရမှာပဲကွ'

'ဒါဆိုရင်လည်း ဘရိတ်တုံးအသစ် လဲထည့်ပေးဗျာ'

စံမင်းက စက်ဘီး၊ ဆိုက်ကားပြင်ဆိုင် ဖွင့်ထားသည် ဆိုပေမယ့် အပြင်သက်သက်ချည်း မဟုတ်ပေ။ ဆိုင်ဝတွင် မှန်ဗီရိုကလေးတစ်လုံးနှင့် စက်ဘီးအပိုပစ္စည်းပါ ရောင်း ထားသည်။ သူ့ဆိုင်ထဲမှ ဘရိတ်တုံးအသစ်တစ်စုံကိုယူ၍ လဲတပ်ပေးလိုက်သည်။

'ကဲ··မင်းစက်ဘီး ဘရိတ်ကောင်းသွားပါပြီကွာ'

စက်ဘီးလာပြင်သူလည်း ကျသင့်ငွေကို ပေးချေကာ စက်ဘီးစီး ထွက်သွားတော့သည်။

'ဆရာ··ကျွန်တော့်စက်ဘီး ကုန်းချောင်တယ်။ ခေါင်း လည်း နည်းနည်းချောင်နေတယ် ဆရာ'

'ခဏလေးစောင့်ကွာ၊ ဒီဆိုက်ကားဘီးပေါက်ကို ဖာ ပေးလိုက်ဦးမယ်ကွ။ သူစောင့်နေတာ တော်တော်ကြာသွား ပြီလေ'

'ဟာ··ပြုံးမောင် ရောက်လာတာနဲ့ အတော်ပဲကွာ။ ဟောဒီစက်ဘီးက ခေါင်းကို ခွရှင်နဲ့ လှည့်ကျပ်ပေးပြီး ကုန်းချောင်နေတာကိုလည်း ကျပ်ပေးလိုက်ပါကွာ'

'အစ်ကိုစံမင်း···နေ့လယ်စာ ထမင်းမစားရသေးဘူး ဟုတ်လား'

'အေး··ဟုတ်တယ်။ မင်း ဆိုင်ကို ပြန်ရောက်အလာ ကို စောင့်နေတာလေကွာ။ မင်းရောက်လာမှ မင်းနဲ့အတူ စားမလို့ကွ'

'ဒီလိုဆိုရင် ဒီအလုပ်ကလေးတွေ လက်စသတ်ပြီးရင် စားကြမယ်လေဗျာ'

စံမင်းက စက်ဘီး၊ ဆိုက်ကားပြုပြင်ပေးသောအလုပ် ကို လုပ်၍ သူ့ညီ ပြုံးမောင်က ဆိုက်ကားနင်းလေသည်။ သူတို့မိသားစုတွင် မိဘနှစ်ပါးက အသက်အရွယ်တွေ ကြီး ကြပြီဖြစ်၍ ဘာအလုပ်မှ မလုပ်နိုင်ကြတော့ပေ။ ပြုံးမောင် လည်း အစက ကျောင်းနေခဲ့သေး၏။ ဆယ်တန်းတွင် မအောင်မြင်သဖြင့် ကျောင်းဆက်မတက်တော့ဘဲ အိမ်တွင် ဟိုလိုလို ဒီလိုလို ယောင်ခြောက်ဆယ်ဖြစ်နေ၍ အစ်ကို စံမင်းက သူ့ညီအား အလုပ်တစ်ခုခုလုပ်ရန် ပြောလာခဲ့ သည်။

'ပြုံးမောင်ရေ··မင်း ကျောင်းဆက်မနေတော့ဘူးဆိုရင် ဟိုဒီလျှောက်သွားနေလို့ ဘာအကျိုးရှိမှာလဲကွာ။ အိမ် အတွက် ဝင်ငွေတစ်ခုခုရနိုင်အောင် အလုပ်လုပ်ပါလား ငါ့ ညီရာ။ အိမ်အတွက် မင်းရဲ့ဝင်ငွေပါ ရလာခဲ့ရင် ပိုပြီးအဆင် ပြေနိုင်တာပေါ့။ ပြီးတော့ ဝင်ငွေရခဲ့ရင် မင်းလည်း ဝယ်ချင် တာ၊ သုံးချင်တာ ရနိုင်တာပေါ့လေ'

'အလုပ်တော့ လုပ်ချင်ပါတယ် အစ်ကိုရာ။ ဒါပေမဲ့ ကျွန်တော်က ဘာမှမလုပ်တတ်တာပဲဗျ'

'ဟာ··ဘယ်သူမှ မွေးလာကတည်းက တတ်လာကြ တာ မဟုတ်ဘူးလေကွာ။ လုပ်တတ်ကိုင်တတ်ရှိအောင် သင် ယူရတာပဲကွ'

'မင်းသာမိသားစုအတွက် ဝင်ငွေရအောင် အလုပ်လုပ် မယ်ဆိုရင် မင်းကို အစ်ကို ဆိုက်ကားတစ်စီး ထောင်ပေး မယ်။ စမ်းပြီး နင်းကြည့်ပေါ့ကွာ'

'ဟင်··ကျွန်တော်က စက်ဘီးပဲ စီးတတ်တာ။ ဆိုက် ကားမှ မနင်းတတ်တာပဲ'

'မင်း နင်းတတ်အောင် သင်ယူရမှာပဲပေါ့ကွာ'

'အေးလေ··ဒီလိုဆိုရင်လည်း ဆိုက်ကားနင်းမယ်လေ။ ညဘက်မှာ အနင်းသင်မယ်။ အစ်ကိုကသာ ဆိုက်ကားတစ် စီးထောင်ပေးဖို့ အကောင်ထည်ဖော်ပေးပါ'

အလုပ်မရှိ အကိုင်မရှိ တစ်ရှာကိုးတစ်ရှာ့တစ်ဆယ် ဖြစ်နေသော သူ့ညီ ပြုံးမောင်အား ဆိုက်ကားနင်းသော အလုပ်လုပ်ရန် တိုက်တွန်းမိကာ သူ့ညီက ဆိုက်ကားနင်း မည် ဆိုလာသဖြင့် စံမင်း ဝမ်းသာခဲ့မိသည်။

'ငါ့ညီသာ ဆိုက်ကားနင်းရင် ငါတို့မိသားစုမှာ ဝင်ငွေ ပိုရလာမှာဖြစ်လို့ မိသားစုစားဝတ်နေရေး အတန်အသင့်

www.burmeseclassic.com

ပြေလည်လာနိုင်တော့မှာပါလား'

တကယ်တော့ လူ့လောကထဲသို့ လူတစ်ယောက်အဖြစ် ရောက်လာခဲ့ရပြီဆိုလျှင် မည်သည့်အလုပ်မှမလုပ်ဘဲ ယောင်ခြောက်ဆယ် လုပ်နေ၍မရ။ မွေးကတည်းကပါလာသော ပါးစပ်က မစားမသောက်ဘဲ မနေနိုင်ကြ။ စားချိန်ရောက်လျှင် ဆာလောင်လာသည်။ ဆာလောင်ခဲ့လျှင် အစာစား သောက်ရမည်ပင်။ စားစရာအစားအစာက ဥုံဖွမန်းမှုတ်၍ ရောက်မလာပေ။ တန်ခိုးဣဒ္ဓိပါဒ်မရှိ၍ လက်ညှိုးညွှန်၍လည်း ရေဖြစ်မလာနိုင်။ စားစရာရအောင် လုပ်ကိုင်ရှာဖွေကြရလေသည်။ နောက်ဆုံးတော့ လူရယ်လို့ ဖြစ်လာလျှင် တစ်နေ့တစ်နေ့ ဥစ္စာမရလျှင် ပညာရအောင် ရှာရမည်။ ပညာမရလျှင် ကုသိုလ်တော့ ရနိုင်ရမည်။ တစ်ခုခုကို ရနိုင်အောင် လုပ်ပါမှ လူပီသမည်ပင်။

ထိုအသိ၊ ထိုအတွေးဖြင့် စံမင်းလည်း ပြုံးမောင်အတွက် တစ်ပတ်ရစ်ဆိုက်ကားတစ်စီးရှာဖွေကာ ဆိုက်ကားထောင်ပေးခဲ့လေသည်။

'ငါ့ညီက စက်ဘီးစီးတတ်ပေမယ့် ဆိုက်ကားက စက်ဘီးလို မဟုတ်ဘူးကွ။ စက်ဘီးက နှစ်ဘီးတည်းဆိုတော့ လက်ကိုင်ကို သိပ်ထိန်းစရာ မလိုပေမယ့် ဆိုက်ကားမှာက စပယ်ယာဘီးပါနေလေတော့ တစ်ဖက်ကို အမြဲဆွဲနေတယ်လေ။ အဲဒီဆွဲတဲ့ဘက်ကလက်ကိုင်ကို တောင့်ထိန်းပေးထားရင် ရှေ့ကို ဖြောင့်ဖြောင့်နင်းသွားနိုင်တယ်ကွ။ မင်း အဲဒီလို ဆွဲတဲ့ဘက်ကို တောင့်ထိန်းထားပြီး နင်းကြည့်စမ်း'

ပြုံးမောင်လည်း သူ့အစ်ကို ပြောပြသင်ပေးသည့်အတိုင်း နင်းကြည့်လေသည်။

'အေး··ဟုတ်ပြီ၊ ရှေ့ကို နင်းလေ'

'မင်း ရှေ့ကို ဖြောင့်ဖြောင့်နင်းနိုင်သွားပြီကွ'

'အစ်ကိုပြောသလို ဆိုက်ကားက တစ်ဖက်ကို ဆွဲပေမယ့် ဆွဲတဲ့ဘက်က လက်ကိုင်ကို တောင့်ထိန်းထားတော့ ရှေ့ဘက်ကို တစ်ဖြောင့်တည်းသွားတာပဲ အစ်ကိုရာ'

'အေး··မင်း ဆိုက်ကားရဲ့အကြောင်းကို သိလာပြီပဲ။ ပါစင်ဂျာ တင်နင်းရင်လည်း ဒီလိုပဲ ထိန်းနင်းရတာပဲလေ။ ဘာခက်တာမှတ်လို့ကွာ'

ညဘက် လသာသာတွင် သူတို့အိမ်ရှေ့လမ်းကြားထဲတွင် လူရှင်းနေသဖြင့် ဆိုက်ကားအနင်းလေ့ကျင့်ခဲ့ကြသည်။ ပြုံးမောင်က နဂိုကတည်းက စက်ဘီးနင်းတတ်နေသဖြင့် ဆိုက်ကား၏အထာကို သိသောအခါ နင်းတတ်ခဲ့လေတော့သည်။

'မင်း နောက်နေ့မှာ မြို့ပေါ်မှာပဲ ခေါက်တုံ့ခေါက်ပြန် ခရီးတိုတွေ စပြီးနင်းကြည့်ပေါ့ကွာ။ နောက် တော်တော် ကျွမ်းကျင်လာခဲ့တော့မှ ခရီးဝေးကို လိုက်နင်းပေါ့'

ပြုံးမောင် ဈေးသွားဈေးပြန် ခရီးသည်တို့ကို ခေါက်တို့ခရီးဖြင့် နင်းခဲ့၏။

'ဘယ့်နှယ်လဲ ပြုံးမောင်၊ ဆိုက်ကားနင်းလို့ အဆင်ပြေလား'

'ပြေတယ် အစ်ကို၊ ဒီနေ့ ကျွန်တော် ဆိုက်ကားခေါက်တိုလိုက်နင်းခဲ့တာ နင်းခသုံးထောင်ရခဲ့တယ်ဗျ'

သူ၏ ပထမဆုံးလုပ်အားနှင့် ရခဲ့သော လုပ်ခငွေအတွက် ပြုံးမောင် လွန်စွာဝမ်းသာနေသည်။

'ဒါက မင်း မကျွမ်းကျင်သေးမီမှာ အစမ်းသဘောနင်းလို့ရတဲ့ ဝင်ငွေပဲကွ။ နောက် ကျွမ်းကျင်တဲ့ ဆိုက်ကားသမားတစ်ယောက်ဖြစ်လာရင် ဒီထက်ပိုပြီး ရလာမှာပေါ့ကွာ'

'ဟုတ်ကဲ့ အစ်ကို၊ ကျွန်တော် ကျွမ်းကျင်တဲ့ဆိုက်ကားဆရာတစ်ယောက်ဖြစ်အောင် ပိုပြီးကြိုးစားပါ့မယ် အစ်ကို'

ညီဖြစ်သူက ဆိုက်ကားနင်း၊ အစ်ကိုဖြစ်သူက စက်ဘီး၊ ဆိုက်ကားပြင်ဆိုတော့ ဆိုက်ကားတစ်ခုခု ချို့ယွင်းခဲ့လျှင် တခြားဆိုက်ကားသမားတွေလို အခကြေးငွေပေး၍ ပြင်စရာမလိုဘဲ အစ်ကိုစံမင်းက ပြင်ပေးခဲ့၏။ ပြင်ခ မကုန်သဖြင့် နင်းရသမျှဝင်ငွေမှာ သူတို့မိသားစုအတွက် အသားတင်ဝင်ငွေ ဖြစ်လာခဲ့လေသည်။

◆◆◆

ပြုံးမောင် ဆိုက်ကားနင်းသက်ကြာလာတော့ ကျွမ်း ကျွမ်းကျင်ကျင် ဖြစ်လာခဲ့တော့သည်။ မြို့ထဲ ဟိုနားဒီနားလည်း လိုက်ပို့ပေး၏။ ခရီးဝေးသို့ ငှားလာပါကလည်း လိုက်ပါပို့ဆောင်ပေးလေသည်။ သူတို့မိသားစုမှာလည်း ညီအစ်ကိုနှစ်ယောက်၏ လုပ်အားဝင်ငွေကြောင့် ချောင် ချောင်လည်လည် ရှိလာခဲ့သည်။

'အစ်ကိုပြုံးမောင်··ညီမလေးက ဆယ်တန်းအောင်လို့ ဒီနှစ် တက္ကသိုလ်ဆက်တက်ရမှာလေ။ တက္ကသိုလ်ကျောင်းသူ ဖြစ်လာမှာဆိုတော့ ငွေတော့ တော်တော်ကုန်မယ်နော်။ အဲဒါ အစ်ကို တာဝန်ယူပေးမှာလား'

'ကုန်ချင်သလောက် ကုန်ပါစေ။ အစ်ကို ဆိုက်ကားနင်းပြီး ရအောင်ရှာပေးပါ့မယ်။ ငါ့ညီမလေးက ဘွဲ့ရ



www.burmeseclassic.com

www.burmeseclassic.com

အထိ ကြိုးစားသင်ယူပါကွယ်'

'ဝမ်းသာလိုက်တာ အစ်ကိုလေးရယ်၊ ညီမလေး ဘွဲ့ရတဲ့အထိ ကြိုးစားပါ့မယ် အစ်ကိုလေး'

တက္ကသိုလ်ကျောင်းသူတစ်ယောက် ဖြစ်လာခဲ့သော သူ့ညီမလေး မျက်နှာမငယ်ရအောင် လိုအပ်သမျှငွေကြေးကို အစ်ကိုငယ် ပြုံးမောင်က ဆိုက်ကားနင်းကာ ရှာဖွေပေးခဲ့လေသည်။

'တခြားတက္ကသိုလ်တက်တဲ့ ကျောင်းသူလေးတွေဟာ တစ်နေ့တစ်မျိုး မရိုးရအောင် အဝတ်အစားတောက်တောက်ပြောင်ပြောင်လေးတွေ ထည်လဲနဲ့ဝတ်ဆင်ပြီး တက်လာကြတယ်။ ငါ့ရဲ့ ညီမလေးကိုလည်း အဲဒီလိုဝတ်ဆင်နိုင်အောင် ငါ ကြိုးစားရှာဖွေပေးရမှာပဲ။ ငါတို့မှာ ဒီညီမလေးတစ်ယောက်တည်း ရှိတာပဲ'

ထို့ကြောင့် ပြုံးမောင်လည်း နေ့ဘက်တွင်သာ ဆိုက်ကားနင်းရုံမျှ အားမရသေးဘဲ ညဘက်ကိုပါ နင်းခဲ့လေသည်။

'အစ်ကို··ကျွန်တော့်ဆိုက်ကားကို ရှေ့မီးနဲ့ ရောင်ပြန်မီးတွေ တပ်ပေးပါ အစ်ကို'

'ဘာလဲ၊ မင်းက ညဘက်ပါ နင်းမလို့လား'

'ဟုတ်တယ် အစ်ကို၊ ညဘက်မှာ နင်းမှာဆိုတော့ ရောင်ပြန်မီးတို့၊ ရှေ့မီးတို့ ကောင်းမှဖြစ်မှာလေ'

'မင်းကလည်း လောဘကြီးလှချည်းလားဟ။ ဘာလဲ၊ မင်း မိန်းမယူတော့မှာမို့ ဒီလောက်လောဘတက်နေတာလားကွ'

'မဟုတ်ရပါဘူး အစ်ကိုကြီးရာ၊ ညီမလေး တက္ကသိုလ်ကျောင်းသူဖြစ်နေလေတော့ တခြားကျောင်းသူတွေလို တန်းတူ ဝတ်စားဆင်ယင်နိုင်အောင်ပါ အစ်ကိုကြီး'

'အေးပေါ့ကွာ၊ မင်း ညဘက်နင်းတာတော့ အစ်ကို မတားမြစ်ပေမယ့် ခရီးဝေးကိုတော့ မလိုက်နဲ့ကွ။ ခရီးသည်ဆိုတိုင်းလည်း သိပ်ယုံစားလို့ရတာမဟုတ်ဘူး။ တချို့က ဆိုက်ကားကိုလည်း ငှားစီးကြတယ်၊ လူကိုပါ အန္တရာယ်ပေးတတ်သေးကြတာကွ'

အစ်ကိုစံမင်းက သူတွေ့ကြုံကြားသိထားသမျှကို သူ့ညီကို ပြောဆိုသတိပေးနေလေသည်။

'မင်း ညဘက်မှာ ဖြူးတို့၊ လင်းယောခင်၊ ပြောင်သေစတဲ့နေရာတွေကို တစ်ယောက်တည်း ဆိုက်ကားတစ်စီးတည်းဆိုရင် မလိုက်နဲ့။ ဆိုက်ကားအဖော်ရှိမှ လိုက်ကွ'

'ဟင်··ဖြူးတို့၊ ဇေယျဝတီရဲ့မြောက်ဘက် လင်းယောခင်၊ ပြောင်သေဘက်ကို ဘာကြောင့်မလိုက်စေချင်ရတာလဲ အစ်ကို။ ဒီရွာတွေက ကားလမ်းဘေးတင်ရှိတဲ့ ရွာတွေပဲ။ ညဘက်သွားလည်း အန္တရာယ်မရှိနိုင်ပါဘူး။ ဈေးလည်းပိုရတာပဲဥစ္စာ အစ်ကိုရာ'

ဇေယျဝတီမြို့၏ တောင်ဘက်နှင့် မြောက်ဘက်တို့၏ လမ်းကြောအတွေ့အကြုံ မရှိသေးသော သူ့ညီပြုံးမောင်ကို စံမင်းက ကြိုတင်ပြောပြထားမှ ဖြစ်တော့မည်ဟု တွေးမိလာသည်။

'မင်းက အခုမှ ဆိုက်ကားနင်းခဲ့တာဆိုတော့ ဇေယျဝတီနဲ့ ဖြူးလမ်းကြော၊ ဇေယျဝတီနဲ့ လင်းယောခင်၊ ပြောင်သေ လမ်းကြောတွေကို ဘယ်သိနိုင်ဦးမှာလဲကွာ'

'အဲဒီလမ်းကြောတွေက ဘယ်လိုရာဇဝင်ရှိထားလို့လဲ အစ်ကိုရဲ့'

'အေး··ဒါဆိုတော့လည်း မင်း ကြိုတင်သိထားအောင် ပြောပြထားရမှာပေါ့ကွာ'

ပြုံးမောင်လည်း သူ့အစ်ကို ပြောပြလာမည့် ထိုလမ်းကြောတို့၏ ရာဇဝင်ကို စိတ်ဝင်စားခဲ့သဖြင့် အသေအချာနားထောင်နေလေသည်။

'ဒီလိုကွ··ဒီဇေယျဝတီကနေ တောင်ဘက် ဖြူးမြို့ကိုရောက်သည့်တိုင်အောင် လမ်းမှာ နာမည်ကြီးတံတားနှစ်ခုရှိတယ်လေ။ နတ်စင်တံတားနဲ့ တံတားမည်းလေ'

'အင်း··အဲဒီတံတားတွေကိုသိတယ် အစ်ကို။ ဘာပြုလို့လဲဗျ'

'နတ်စင်တံတားက ညဘက် အချိန်မတော်သွားရင် တံတားအုတ်ခုံပေါ်မှာ မည်းမည်းအကောင်ကြီး ထိုင်ထိုင်ပြပြီး လူအနားရောက်ရင် ရုတ်တရက်ပျောက်ပျောက်သွားလို့ တွေ့ခဲ့ကြတဲ့သူတွေ လန့်ကြပြီး သေသူသေ၊ အကြမ်းဆရာတွေနဲ့ ကုယူရတဲ့လူတွေ ရှိခဲ့တယ်လေကွာ'

'အဲ··နောက်တံတားတစ်စင်းကတော့ နာမည်ကြီးတံတားမည်းပဲဟေ့။ ဒီတံတားက ကုန်းလည်း တော်တော်မြင့်တယ်။ တံတားကလည်း ကျဉ်းတယ်လေ။ ညဘက်မောင်းတဲ့ကားတွေဟာ တံတားအုတ်ခုံနဲ့တိုက်ကြပြီး ကားမှောက် သေကြ၊ လမ်းဘေးဘက်အမြင့်မှ ကားထိုးကျပြီးသေကြလို့ မကျွတ်မလွတ် ဖြစ်နေကြသူတွေဟာ မကြာခဏဆိုသလို ခြောက်လှန့်ပြတတ်ကြတယ်ကွ။ အစ်ကိုတို့ကျောင်းသားအရွယ်က လွတ်လပ်ရေးနေ့ ပျော်ပွဲရှင်ပွဲမှာ

www.burmeseclassic.com

တာဝေးအပြေးပြိုင်ပွဲဝင်ဖို့ မနက်လေးနာရီလောက် ထပြီး ဖြူးအရောက် အပြေးလေ့ကျင့်ခဲ့ဖူးတယ်။ တစ်ညမှာတော့ အစ်ကိုနဲ့ အစ်ကို့သူငယ်ချင်း ကိုကိုနဲ့ နှစ်ယောက်ယှဉ်ပြီး ပြေးလာခဲ့ကြတာ တံတားမည်းနားလည်း ရောက်လာရော လားလား..ရောမအရပ်အမြင့်ကြီးနဲ့ မည်းမည်းအကောင်ကြီးဟာ တံတားထိပ်နားကနေပြီး ကားလမ်းကိုခွပြီး ရပ်ပြနေခဲ့တာကွ။ အစ်ကိုတို့ ပြေးလာရင်း အနားရောက်တော့ အဲဒီရပ်ပြနေတဲ့ မည်းမည်းအကောင်ကြီးလည်း တွေ့မြင်ရော အစ်ကိုတို့နှစ်ယောက် ကြောက်ကြောက်လန့်လန့်နဲ့ လှည့်ပြီး ပြန်ပြေးလာခဲ့ကြတာလေ။ ဘယ်လောက်မြန်လည်း မပြောနဲ့၊ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ဆိုပြီး အသားကုန်ပြေးလာခဲ့ကြတာ ဇေယျဝတီမြို့အဝင်ကို မိနစ်နှစ်ဆယ်လောက်နဲ့ ပြန်ရောက်လာခဲ့ကြတယ်။ လူတွေလည်း မောလွန်းလို့ မြို့အဝင်က ကင်းတဲလေးမှာ ပိုးလိုးပက်လက်တွေ ဖြစ်နေခဲ့ရဖူးတယ်ကွ။ နောက်ရက်တွေမှာတော့ ဖြူးဘက်ကို အပြေးမလေ့ကျင့်ကြတော့ဘူးကွ'

'ဒါနဲ့ အစ်ကို၊ ဇေယျဝတီမြောက်ဘက်ကရော ဘာထူးခြားတာ ရှိနေလို့လဲဗျ'

'ထူးပြီလားကွာ။ ဇေယျဝတီနဲ့ လင်းယောခင်ကြားမှာ ကျောက်ကြီးချောင်းကားလမ်း တံတားတစ်စင်းရှိတယ် မဟုတ်လား'

'ရှိတယ်လေ အစ်ကို'

'အေး..အဲဒီတံတားကလည်း အခြောက်ကြမ်းလို့ ညဘက်ဆို လူတွေဖြတ်သွားဖို့ မဝံ့ကြလို့ ရှောင်ထားကြတာကွ'



'ဘာကြောင့် ဒီလိုတွေခြောက်လှန့်ပြတာလဲ အစ်ကို'

'အို.. အဲဒီတံတားက မကြာ,မကြာ တောတွင်း သောင်းကျန်းသူတွေ မိုင်းခွဲလို့ လူတွေ သေကြတယ်။ ကား တွေလည်း မကြာ,မကြာ မှောက်ခဲ့ပြီး သေခဲ့ကြတော့ မကျွတ်မလွတ်သူတွေက ခြောက်လှန့်ပြကြတာနေမှာပေါ့ ကွာ'

သူ့အစ်ကို ပြောပြသဖြင့် ပြုံးမောင် သိခဲ့ရသော်လည်း ကြောက်တတ်သူ မဟုတ်သဖြင့် သူမကြောက်ခဲ့ပေ။ သူ့ အနေနဲ့ သရဲတစ္ဆေဆိုတာ လူတွေ သေလွန်ပြီးမှ ဖြစ်လာ ကြတဲ့ ဝိညာဉ်တွေသာဖြစ်လို့ ခြောက်လှန့်ပြရုံလောက်သာ စွမ်းကြသည်ဟု သူကြားဖူးခဲ့၏။ ခြောက်လှန့်ခံရလျှင် မကြောက်ပါက ပြဿနာမရှိနိုင်ဟုလည်း တွေးထားခဲ့ပေ သည်။

◆◆◆

'ဟော့..ဆိုက်ကားဆရာ။ အားသလားကွ'

'အားပါတယ် နောင်ကြီး၊ ဘယ်ကိုသွားချင်လို့ပါလဲ ခင်ဗျာ'

'ကျုပ်သွားချင်တာကတော့ ဇေယျဝတီမြို့ရဲ့ မြောက် ဘက်မှာရှိတဲ့ လင်းယောခင်ရွာကိုပါ။ သိတယ်မဟုတ်လား'

'သိပါတယ် နောင်ကြီးရယ်၊ ဒါပေမဲ့ သိပ်ညဉ့်နက် နေပြီဗျ'

'ငါက ညတွင်းချင်း မသွားလို့ မဖြစ်လို့ပါကွာ။ လိုက် ပို့ပေးနိုင်ရင် ပို့ပေးပါလား။ ဈေးပိုပေးမှာပေါ့'

ပုံမှန်ဈေးထက် ဈေးပိုပေးမည် ပြောလာသဖြင့် ပြုံး မောင် စိတ်ဝင်စားသွားခဲ့သည်။

'ပုံမှန်တောင်းတဲ့ဈေးကတော့ ညဘက်ဆိုရင် နှစ် ထောင်ရမှ လိုက်ပါတယ် နောင်ကြီး။ နောင်ကြီးက ဘယ် လောက်ပိုပေးမှာလဲဗျ'

'မင်းကို ငါးထောင်ပေးမယ်ကွာ'

'ဒီလိုဆိုရင် ပို့ပေးပါ့မယ်ဗျာ'

ပြုံးမောင်လည်း ပုံမှန်တောင်းဈေးထက် တစ်ဆမက ရသောကြောင့် လိုက်ပို့ပေးရန် တင်နင်းလာခဲ့တော့သည်။ ဆိုက်ကားရှေ့မီးဖွင့်ကာ နင်းလာခဲ့၏။ နာရီဝက်သာသာတွင် လင်းယောခင်ရွာသို့ ရောက်လာခဲ့သည်။

'ရော့ဟော့..မင်းလိုက်ပို့ပေးတာ ကျေးဇူးပဲကွာ'

ပြုံးမောင်လည်း ဆိုက်ကားခငါးထောင်ကို အိတ်ထဲ ထည့်ကာ လေကလေးချွန်ကာ ပြန်နင်းလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

တဖြည်းဖြည်းနှင့် ကျောက်ကြီးချောင်းတံတားအဆင်းသို့ ရောက်လာကာ နင်းဆင်းလာနေသည်။

'ဟင်'

'ဟာ'

'ငါ့ဆိုက်ကားလက်ကိုင်ကို တစ်စုံတစ်ယောက်က ဆွဲသွားလို့ ဆိုက်ကားလက်ကိုင် လှည့်တင်လို့ မရတော့ပါလား။ ဟာ..ဆိုက်ကား လမ်းဘေးချောက်ထဲ ထိုးကျပြီ'

'အား'

'ဗျို့..ကိုစံမင်း၊ ဒီမှာ ခင်ဗျားညီပြုံးမောင် ကျောက်ကြီးချောင်းတံတားအဆင်းက ချောက်ထဲထိုးကျပြီး သတိမေ့နေလို့ ကျုပ်တို့ ဆိုက်ကားနဲ့တွေ့ပြီး တင်ခေါ်လာခဲ့တယ်ဗျ'

မကြာမီအချိန်မှာပင် ပြုံးမောင်လည်း တိုက်နယ်ဆေးရုံပေါ်ရောက်ကာ ခေါင်း၊ လက်၊ ခြေတို့တွင် ပတ်တီးများနှင့် သတိရလာခဲ့တော့သည်။

'မင်း ဘယ်လိုဖြစ်ရတာလဲ ပြုံးမောင်ရာ'

'ကျွန်တော် ညဘက် လင်းယောခင်သွားမယ့် ခရီးသည်ကို ဈေးပိုရတာနဲ့ လိုက်ပို့ပေးပြီး အပြန်မှာ တံတားကလည်းဆင်းရော ကျွန်တော့်ဆိုက်ကားလက်ကိုင်ကို တစ်စုံတစ်ယောက်က လမ်းဘေးချောက်ထဲဘက် ဆွဲချခဲ့လို့ ဘယ်လိုမှ ထိန်းမရဘဲ ချောက်ထဲထိုးကျခဲ့တာပဲ သိခဲ့တော့တယ် အစ်ကိုရဲ့'

'အေး..မင်း အဲဒီလိုထိုးကျပြီး ဆိုက်ကားမှောက်နေတာတွေ့ကြတဲ့ တခြားဆိုက်ကားသမားတွေက သတိမေ့နေတဲ့ မင်းကိုတင်ပြီး ခေါ်လာလို့ သိရတာကွ။ အစ်ကိုလည်း မင်းကို တိုက်နယ်ဆေးရုံ တင်ခဲ့တာလေ။ မသေကောင်း မပျောက်ကောင်းကွာ။ ဒါကြောင့် မင်းကို ညဘက်မှာ ဒီခရီးတွေကို ဆိုက်ကားမလိုက်ဖို့ သတိပေးခဲ့တာပေါ့ကွ။ မင်းက နားမဝင်ဘဲ လိုက်ခဲ့တော့ အခုလိုဖြစ်ခဲ့တာပဲလေ'

'ကျွန်တော်လည်း သတိတော့ထားပြီး နင်းလာတာပဲ အစ်ကို။ ဆိုက်ကားလက်ကိုင်ကို ဆွဲချခံရတော့ ဘယ်လိုမှ လမ်းပေါ် ပြန်တည့်လို့မရခဲ့ဘဲ ချောက်ထဲ ထိုးကျခဲ့ရတာပါပဲဗျာ'

ပြုံးမောင်လည်း ထိုအဖြစ်အပျက်ကို ကြုံတွေ့ခဲ့ပြီး နောက်တွင် ညဘက်၌ ဘယ်လောက်ပင်ဈေးရရ ဆိုက်ကား မလိုက်တော့ရန် ဆုံးဖြတ်ခဲ့လေတော့သည်။

တင့်ထူး(ဇေယျဝတီ)


**သင်၏လက်ဝါးပြင်သည် သင့်ဘဝ၏ ကြေးမုံပြင်ဖြစ်သည်...**

**ဒါတွေကို ဆောင်ရွက်ပေးနေပါတယ်။**



(၁) ဗေဒင်/လက္ခဏာ ဟောပြောခြင်း။
(၂) အကျိုးပေးသော ကလေးအမည်၊ စီးပွားရေးလုပ်ငန်းအမည်များ ရွေးချယ်ပေးခြင်း။
(၃) ကွန်ပျူတာဖြင့် ဇာတာဖွဲ့ပေးခြင်း၊ မင်္ဂလာရက်များ ရွေးပေးခြင်း။
(၄) ဗေဒင်/လက္ခဏာပညာ သင်ကြားပေးခြင်း။
(၅) ဓာတ်ရိုက်၊ ဓာတ်ဆင် ယတြာများ ပြုလုပ်ပေးခြင်း။
(၆) နယ်မှ ပရိသတ်များကို ဖုန်းဖြင့်ဟောခြင်း၊ ဟောစာတမ်းပို့ပေးခြင်း။

နယ်မှ မေးလိုပါက ဉာဏ်ပူဇော်ခကို ဘဏ်မှ လွှဲပေးရမည်။
(ချမ်းသာသုခ ပြည့်ဝကြပါစေ)

**လက္ခဏာဆရာကြီး**

မူလ-**ဆရာနေရောင်** (ဧဉ္ဇဝတီ)

အမှတ်-၂၇(B) (ပထမထပ်)၊ သတိပဋ္ဌာန်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
ရန်ကုန်မြို့။ (ကားပွဲစားတန်းအနီး) 09 420 718130 sirnayrung@gmail.com

www.burmeseclassic.com



တောင်ပြုံးစိညာဉ်

(၁)

ဝါဆိုမိုးက သဲကြီးမဲကြီး ရွာသွန်းနေ၏။

ကောင်းကင်တစ်ခွင်တွင် မိုးသားတို့ မည်းမှောင်ကာ လျှပ်စီးများ မကြာခဏ လက်လျက်နေ၏။ ညကတည်းက ရွာသွန်းသောမိုးသည် ယခုထိ မတိတ်သေးချေ။

အိမ်ရှေ့လမ်းမပေါ်တွင် ကားများသည် ဥဒဟိုသွား လာနေကြ၏။ ရုံးတက်ချိန်ဖြစ်၍ လူများသည်လည်း မိုးရွာ ထဲတွင် ထီးဆောင်း၍ဖြစ်စေ၊ မိုးကာအင်္ကျီများ ဝတ်လျက်

www.burmeseclassic.com

www.burmeseclassic.com

သွားလာနေကြ၏။

…စီးခင်မောင်လတ်သည် ဤရှုခင်းကို အိမ်အပေါ် …တာမှ မတ်တတ်ရပ်လျက် ငေးကြည့်နေမိ၏။ …ဘာလိုလိုနှင့် တောင်ပြုံးပွဲတော် ကျင်းပရန် …ပါပြီကောဟု တွေးမိလေသည်။ ခင်မောင်လတ် …နှစ်က တောင်ပြုံးပွဲတော်သို့ ပျော်ပျော်ပါးပါး သွား …ကို ပြန်လည်မြင်ယောင်မိလေသည်။

ခင်မောင်လတ်သည် မန္တလေးသားဖြစ်လေသည်။ ဘွဲ့ရ …အခါ ရန်ကုန်တွင် မော်ဒယ်သင်တန်း လာတက်ရင်း … နတ်ကိုးကွယ်သူ အပေါင်းအသင်းများနှင့် ပေါင်းမိ … ခုတော့ ကနားစီးအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်လေ …။

(၂)

…နှစ်က မေမေသည် ခင်မောင်လတ်ထံ အလည်လာ … တောင်ပြုံးသို့ သွားသည့်အခါ သူမပါ လိုက်ပါပြီး …သို့ပြန်မည် ဖြစ်လေသည်။ မေမေက ပုပ္ပားတောင် … ဘုရားဖူးမရောက်သည်မှာ ကြာပြီဖြစ်၍ ပုပ္ပားတောင် … တက်၍ ဘုရားများဖူးရန်အတွက် ပုပ္ပားမှ လှည့်သွား …ဖြစ်ကြောင်း ပြောလေသည်။

ပုပ္ပားသို့ ဝင်ရဦးမည်ဖြစ်၍ ရန်ကုန်မှ ထွက်သည့်ရက် … ခါတိုင်းနှစ်ထက်စော၍ ဝါခေါင်လဆန်း (၁၀)ရက် …တွင် ထွက်ရန် သတ်မှတ်ကြ၏။

ထိုနေ့တွင် နံနက်(၃)နာရီမှစ၍ အိမ်မှ ထွက်ခွာခဲ့ရာ …မ်းမတော်တွင် ခင်မောင်လတ်၏မိတ်ဆွေ ခင်မောင်နိုင် … ဝင်ခေါ်ခဲ့လေသည်။ မေမေသည် ကားရှေ့ခန်းတွင်ထိုင် …က် ခင်မောင်လတ်၏ တပည့်ကလေးက ကားမောင်း …သည်။ ခင်မောင်လတ်သည် သူ၏ ပါပလေကာကား …လေးဖြင့် ထွက်ခွာလာခဲ့လေသည်။

သူတို့သည် ပြည်မြို့၌ ခေတ္တနားကာ ပြည်ရွှေဆံတော် ဘုရား၊ ဆယ်ထပ်ကြီးဘုရားများသို့ ဝင်ရောက်ဖူးမြော်ကြ ၏။ ထို့နောက် နံနက်စာ ထမင်းစားပြီး ဆက်လက်ထွက်ခွာ လာကြရာ အောင်လံ၊ တောင်တွင်းကြီးမြို့များကိုဖြတ်လျက် ပုပ္ပားသို့ ည(၈)နာရီခန့်တွင် ရောက်ရှိကြရာ အချိန်မရှိတော့ သဖြင့် တောင်ခြေရှိ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း တွင် ညအိပ်လိုက်ကြလေသည်။

နံနက်မိုးလင်းသောအခါ မေမေဦးဆောင်၍ ပုပ္ပား တောင်ပေါ်သို့တက်ကာ ဘုရားများဖူးကြ၏။ တောင်ပေါ်မှ ပြန်ဆင်းလာသောအခါ (၃၇)မင်းနတ်နန်းသို့ဝင်ကာ ကန် တော့ကြလေသည်။

သူတို့သည် မန္တလေးသို့ ညနေပိုင်းတွင် ရောက်ရှိ ကြရာ ခင်မောင်လတ်တို့အိမ်တွင် ခေတ္တနားကာ ရေချိုး၊ အဝတ်အစားလဲပြီး တောင်ပြုံးသို့ ရောက်ပန်းဆက်ရန် ဆက် လက် ထွက်ခွာခဲ့ကြလေသည်။ မေမေမူကား မန္တလေးတွင် ကျန်ခဲ့လေသည်။

တောင်ပြုံးသည် ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်တွင် ရှိ၏။ ရွှေဖျဉ်းကြီး၊ ရွှေဖျဉ်းငယ် နတ်ညီနောင်နှစ်ပါးကို အကြောင်းပြု၍ နှစ်စဉ် ဝါခေါင်လတွင် နတ်ပွဲကြီးကျင်းပ သောရွာ ဖြစ်လေသည်။

တောင်ပြုံးရောက်သောအခါ ကားကိုအပ်နှံပြီး ရောက် ပန်းဆက်ရန် ပန်းများဝယ်ယူကာ မင်းနှစ်ပါးနန်းတော်သို့ သွားကြလေသည်။

ပွဲတော်လာ ပရိသတ်များမှာ အလွန်များပြားရကား သူတို့သည် မင်းနှစ်ပါးနန်းတော်သို့ရောက်အောင် မသွားနိုင် တော့ချေ။ နန်းတော်ကို မြင်နိုင်သောနေရာမှနေကာ ရောက် ပန်းဆက်ရလေသည်။

ပရိသတ်အချို့သည် မင်းနှစ်ပါးအား ကန်တော့ရန် အုန်းသီး၊ ငှက်ပျောသီးနှင့် ပန်းများ ထိုးစိုက်ထားသော ကန်တော့ပွဲများကို ခေါင်းပေါ်တွင် ရွက်လာကြ၏။

အချို့မှာ မိမိတို့ရိုးရာအလိုက် တန်ဆာပလာနှင့် အဝတ် အစားများကိုဝတ်ဆင်ကာ ဆွေတော်၊မျိုးတော်များ ခြံရံ လျက် ရှေ့ဆုံးမှ အသက်အရွယ်ကြီးရင့်သော အဘိုး၊အဘွား တို့က ဦးဆောင်ကာ ကန်တော့ပွဲကိုရွက်လျက် လာကြလေ သည်။

သူတို့ လက်များ၊ ဦးခေါင်းများမှာ တဆတ်ဆတ်တုန် ယင်နေသဖြင့် ရိုးရာအလိုက်နတ်များ ဝင်ရောက်ပူးကပ်နေ သည်ဟု ယူဆရလေသည်။

အချို့သည် ကန်တော့ပွဲကိုရွက်ကာ လာကြသော်လည်း မင်းနှစ်ပါးနန်းတော်မရောက်မီ လမ်းတွင် လူပျော်လူနောက် များ၏ လုယူခြင်းကို ခံလိုက်ရသဖြင့် မင်းနှစ်ပါးကို ကန် တော့ပွဲ မဆက်သနိုင်တော့ဘဲ ကန်တော့ပွဲပြင်သည့် တောင်း ကလေးကိုသာ ဆက်သလိုက်ရသည်များ ရှိလေသည်။

လူပျော်လူနောက်များက မည်သို့ပင် စကြနောက်ကြ သော်လည်း စိတ်ဆိုးခြင်း မရှိကြချေ။ ရိုးရာဖြစ်နေ၍လည်း ကောင်း၊ ထုံးစံဖြစ်နေ၍လည်းကောင်း စိတ်မဆိုးကြခြင်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေသည်။

ပွဲတော်လာသူများသည် အနယ်နယ်အရပ်ရပ်မှဖြစ်ကာ ခြေချစရာနေရာ မရှိအောင်ပင် စည်ကားလေသည်။

ခင်မောင်လတ်တို့သည် မယ်တော်ကြီးပွဲတွင်လည်းကောင်း၊ ချိုးရေတော်သုံးပွဲတွင်လည်းကောင်း အသုံးတော်ခံရန်အတွက် ကြိုတင်စာရင်းပေးသွင်းထားပြီးဖြစ်၍ မနက်ဖြန် မယ်တော်ကြီးပွဲတွင်မှ တစ်ခေါက်လာတော့မည်ဟု စီစဉ်ကာ မန္တလေးသို့ ပြန်လာကြလေသည်။

မန္တလေးသို့ မပြန်မီတွင် ခင်မောင်နိုင်မှာ ကျန်းမာရေး ဖောက်ပြန်လာခြင်းဖြစ်၏။

မန္တလေးသို့မပြန်မီ သူတို့သည် မင်းနှစ်ပါး ဒိုးကစားသည့်နေရာနှင့် ပုပ္ပားမယ်တော်ကြီးနန်းသို့ သွားရောက်ကန်တော့ကြလေသည်။

ပုပ္ပားမယ်တော်ကြီးနန်းတော်အရောက်တွင် ခင်မောင်နိုင်မှာ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့်ကိုင်ကာ-

'ငါ ဘယ်လိုဖြစ်တယ်မသိဘူး၊ ခေါင်းတစ်အားကိုက်တယ်ကွာ။ ပရုတ်ဆီကလေးဘာလေးပါရင် ပေးကြစမ်းပါ'

ခင်မောင်လတ်သည် ခင်မောင်နိုင်အား တိုင်တစ်လုံးတွင် မှီထိုင်စေကာ နားထင်ကို ပရုတ်ဆီလူးပေးလေသည်။ ထို့နောက် အနီးရှိ ကွမ်းယာဆိုင်မှ ခေါင်းကိုက်ပျောက်ဆေး ဝယ်ကာ တိုက်လေသည်။

ခင်မောင်နိုင် နေသာထိုင်သာ ရှိလာသောအခါတွင် သူတို့အားလုံးသည် မန္တလေးသို့ ပြန်လာကြခြင်း ဖြစ်လေသည်။

နောက်တစ်နေ့တွင် မယ်တော်ကြီးပွဲရှိရာ ခင်မောင်လတ်နှင့် ခင်မောင်နိုင်တို့သည် နံနက်စောစောပင် တောင်ပြုံးသို့ ထွက်ခွာခဲ့ကြသည်။

ပွဲတော်လာပရိသတ်ကြီးသည် ကြိတ်ကြိတ်တိုးမျှ စည်ကားလှလေသည်။ ခင်မောင်လတ်တို့သည် မယ်တော်ကြီးအခမ်းအနားကို ကောင်းစွာဆင်နွှဲကြ၏။ ကပြရမည့်အလှည့်တွင် ကောင်းစွာကပြကြ၏။

ခင်မောင်နိုင်သည် သူ ကပြရမည့်အလှည့်တွင် ပြီးအောင်မကနိုင်ဘဲ ခေါင်းကိုက်သည်ဟုဆိုကာ ခေါင်းကို လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်ကာ တစ်နေရာတွင် ထိုင်နေရ၏။

အချို့ပရိသတ်များသည် ရောက်ရှိလာသော ပုပ္ပားမယ်တော်ကြီး ဝင်ပူးနေသည့် နတ်ကတော်ကို အချိုပွဲ၊ အချဉ်ပွဲများ ဆက်သကာ လိုသောဆုများ တောင်းနေကြ၏။

အချို့သည် လက်ထဲတွင် ငွေစက္ကူများကိုင်ကာ ပရိသတ်အတွင်းသို့ ကြဲချနေကြလေသည်။ လုပ်ငန်းရှင်များသည် လုပ်ငန်းအောင်မြင်ပါလျှင် လာရောက်ဆက်သ,ပါမည်ဟု ကတိပေးထားသည့်အတိုင်း ပုပ္ပားမယ်တော်ကြီးပူးကပ်နေသော နတ်ကတော်၏ ဦးခေါင်း၊ ရင်ဘတ်ရှိ ပဝါများအတွင်းသို့ ငွေစက္ကူများ ထိုးထည့်လှူဒါန်းလျက် ရှိကြလေသည်။

ခင်မောင်နိုင် ခေါင်းကိုက်သည်မှာ မသက်သာချေ။ မည်မျှပင် ဆေးများသောက်၊ ဆေးများလူးသော်လည်း သက်သာသလိုရှိ၍ ခဏကြာသော် ပြန်ကိုက်လာပြန်လေသည်။

ထို့ကြောင့် သူတို့အဖွဲ့သည် မယ်တော်ကြီးပွဲကို ဤမျှလောက်သာ ပါဝင်ဆင်နွှဲကာ မန္တလေးသို့ ပြန်လာကြလေသည်။

နောက်နေ့တွင် ချိုးရေတော်သုံးပွဲကျင်းပမည်ဖြစ်၍ ခင်မောင်လတ်တို့အဖွဲ့သည် နံနက်စောစောထကာ တောင်ပြုံးသို့ လာခဲ့ကြလေသည်။

ချိုးရေတော်သုံးရန် အချိန်ကျသည်တွင် မင်းနှစ်ပါးအား ဝေါယာဉ်ဖြင့် ပင့်ဆောင်ကာ ချိုးရေတော်သုံးမည့်နေရာသို့ ခေါ်ဆောင်လာကြလေသည်။

ဝေါယာဉ်ဖြင့် ပင့်ဆောင်လာသည့် လမ်းတစ်လျှောက်တွင် ပွဲတော်လာပရိသတ်မှာ ကြိတ်ကြိတ်တိုးမျှ စည်ကားလေသည်။

ချိုးရေတော်သုံးပြီး ဝတ်လဲတော်အသစ်များ ဝတ်ဆင်ပေးကာ မင်းနှစ်ပါးအား ဝေါယာဉ်ဖြင့် ပြန်လည်ပင့်ဆောင်ကာ မင်းနှစ်ပါးစံမြန်းသည့်နန်းတော်သို့ ပြန်လည်ပို့ဆောင်သည့် အခမ်းအနားသည်လည်း ပရိသတ်များ ကြက်ပျံမကျစည်ကားလေသည်။

ခင်မောင်နိုင်က-

'ငါ ဘယ်လိုဖြစ်တယ်မသိဘူး ကိုလတ်ရယ်၊ ခေါင်းက တစ်အားကိုက်တယ်ဟာ။ တို့ ချိုးရေတော်သုံးပြီးရင် ပြန်ကြရအောင်'

'အေးလေ နိုင်နိုင်၊ မတတ်နိုင်ရင်လည်း မကနဲ့တော့ပေါ့။ ခဏကလေး သည်းခံစောင့်ပါဦး။ ပြီးတော့ ပြန်ကြတာပေါ့'

ခင်မောင်နိုင်၏ ခေါင်းကိုက်သောရောဂါမှာ သက်သာခြင်းမရှိသဖြင့် နောက်နေ့များတွင် ကျင်းပသည့်ယုန်တော်



www.burmeseclassic.com

www.burmeseclassic.com

ဆက်ပွဲနှင့် ထိန်ပင်ခုတ်ပွဲ အခမ်းအနားများကို ဝင်ရောက်မဆင်နွှဲတော့ဘဲ ရန်ကုန်သို့ ပြန်လာခဲ့ကြလေသည်။

ပြီးခဲ့သောနှစ်က တောင်ပြိုးပွဲကို ဤနည်းဖြင့် ဆင်နွှဲခဲ့ကြခြင်း ဖြစ်လေသည်။

ခင်မောင်နိုင်သည် တောင်ပြိုးမှ ပြန်လာပြီးသည်မှစပြီး ကောင်းစွာနေကောင်းသည်ဟူ၍မရှိဘဲ ဦးခေါင်းကိုက်သည့် ရောဂါမှာ မကြာ,မကြာ ပေါ်လာလေသည်။

ရန်ကုန်ပြန်ရောက်သောအခါ ဆရာဝန်နှင့် ပြကြည့်၏။ ဆရာဝန်က ဆေးရုံတက်ခိုင်းလေသည်။

ခင်မောင်နိုင် ဆေးရုံတက်နေစဉ်အတွင်း ခင်မောင်လတ်မှာ ဆေးရုံသို့ တစ်ခေါက်သာ ရောက်လေ၏။ အဘယ်ကြောင့်ဆိုသော် ပွင့်လင်းရာသီတွင် နတ်ကနားပွဲများ ပြုလုပ်ကြသောကြောင့် ဖြစ်လေသည်။

ကနားစီးခင်မောင်လတ်တို့အဖွဲ့မှာ နာမည်ရပြီးသည်နှင့် ရန်ကုန်မြို့တွင်း,မြို့ပြင် ဒေသများသို့ နားရက်မရှိ လိုက်လံကပြနေရသောကြောင့် ဖြစ်လေသည်။

ကနားစီးခင်မောင်လတ်မှာ မူတစ်ခုထားရှိ၏။ သယ်ယူပို့ဆောင်ခ သက်သာစေရန် မြို့တစ်မြို့တွင် ပွဲငှားသူ(၁၀)ဦးရှိမှ လိုက်လံကပြလေ့ရှိလေသည်။ ပွဲစဉ်ကိုလည်း မည်သူ့အိမ်တွင် မည်သည့်နေ့ ကပြရမည်ကို သူကိုယ်တိုင် ပွဲစဉ်လေ့ရှိ၏။

ပွဲကရာတွင် ရက်ဆက်ဖြစ်နေပါက နတ်ပစ္စည်းများဖြစ်သော ကားလိပ်၊ ဆက်တင်အခမ်းအနား၊ မီး စသည်တို့ကို (၂)ပွဲစာပြင်ဆင်ထားလေ့ရှိ၏။ နောက်ကူးရမည့်ပွဲရှိသောအိမ်သို့ အပို(၁)ပွဲစာ ပစ္စည်းများကို ကြိုတင်ပေးပို့ပြင်ဆင်ထားလေ့ရှိလေသည်။ ဤသို့ဖြင့် အချိန်မကုန်စေဘဲ ပွဲကူးနိုင်လေသည်။

ခင်မောင်လတ်မှာ နတ်သီချင်းများ သီဆိုရာတွင်လည်း သဘာဝကျအောင် သီဆိုနိုင်၏။ နတ်သံနှောရန် လိုအပ်သည့် နေရာများတွင်လည်း နတ်သံနှောသည်မှာ ပွဲကြည့်ပရိသတ်က ချီးမွမ်းရလောက်အောင် တော်လေ၏။

သူတို့အဖွဲ့ မော်ဘီမှ ပြန်လာသောအချိန်မှာ ခင်မောင်နိုင်မှာ ဆေးရုံမှ ဆင်းနေလေပြီ။ ခင်မောင်လတ်သည် နားရက်ရသဖြင့် လူနာမေးသွားရာ ခင်မောင်နိုင်မှာ အရင်လိုမဟုတ်တော့ဘဲ ပိန်ချုံးကျကာ စကားကို အားယူ၍ ပြောနေရလေသည်။ စကားသံမှာလည်း တိုးတိတ်ညင်သာလျက် တစ်လုံးနှင့်တစ်လုံး လေဆက်အောင် ကြိုးစားပြောနေရလေသည်။

'နိုင်နိုင်ရယ်··ဘယ်လိုဖြစ်ရတာလဲ။ နိုင်နိုင့်ကို ကြည့်ရတာ အားမရလိုက်တာဟယ်'

'အေးလေ··ဘယ်တတ်နိုင်မလဲ။ ဒီနှစ်ပွဲခွင်တွေတော့ လွတ်လိုက်ရပြီ'

'နေပြန်ကောင်းလာတော့ ပြန်ကပေါ့ဟယ်။ နင့်ကို ပရိသတ်ကလည်း မျှော်ကြပါတယ်'

'ပွဲငှားတွေလာသမျှ ကိုလတ်ဆီကိုပဲ လွှတ်နေရတယ်'

ခင်မောင်နိုင်မှာ ခေါင်းကိုက်သက်သာသည်ဟူ၍မရှိဘဲ တစ်ရက်၊ နှစ်ရက်လောက်သာ သက်သာလိုက်၊ တိုး၍ကိုက်လာလိုက် ဖြစ်နေလေသည်။ ဤတစ်ခေါက် ဆေးရုံတက်ရာတွင် ဦးခေါင်းအား ဓာတ်မှန်ရိုက်ကြည့်ရာ ဦးနှောက်တွင် အကျိတ်တည်နေကြောင်း ဆရာဝန်က ပြောလေသည်။

ထို့ကြောင့် ခင်မောင်နိုင်သည် ဆေးရုံပြန်တက်ရပြန်လေသည်။

ခင်မောင်လတ်သည် နယုန်လဆုတ်လောက် ရောက်သည်အထိ နတ်ကနားပွဲများကို လက်ခံပြီးနောက် ဝါဆိုလမှစ၍ လက်မခံတော့ဘဲ ရပ်နားထားလိုက်လေ့သည်။

သို့နှင့် သူသည် ခင်မောင်နိုင်အနားတွင် အချိန်ပြည့်နီးပါး နေ၍ရသွားလေသည်။ မနက်ပိုင်းတွင် ဆေးရုံသွားကြည့်ခြင်း၊ တပည့်ကလေးမှ ထမင်းချိုင့်လာပို့လျှင် ထမင်းစားခြင်း၊ ညနေပိုင်းတွင်မှ အိမ်သို့ပြန်လာခြင်း စသောအလုပ်များကို နေ့စဉ်လုပ်ကိုင်ရင်း တဖြည်းဖြည်း တောင်ပြိုးပွဲတော်ရက် နီးကပ်လာလေသည်။

'ဒီနှစ် တောင်ပြိုးကို ကိုယ်တော့ လိုက်နိုင်တော့မယ် မထင်ဘူး ကိုလတ်ရယ်။ မင်းတို့ပဲ သွားကြပါ။ ဟိုကျတော့ ငါ့အတွက် ပိုပြီးလှူခဲ့ကြပေါ့ဟယ်'

ခင်မောင်နိုင်သည် စကားပြောပြီး မောနေလေသည်။

'ငါတို့လည်း နှစ်စဉ် ဝတ္တရားမပျက် သွားရမှာမို့ သွားသာ သွားရတယ်၊ နင့်ကို စိတ်မချပါဘူး နိုင်နိုင်ရယ်'

ခင်မောင်လတ် ဆေးရုံသို့ ရောက်လာရာတွင် တစ်ခါတစ်ရံ ခင်မောင်နိုင်၏ မိခင်နှင့်လည်းကောင်း၊ တစ်ခါတစ်ရံ ညီမများနှင့်လည်းကောင်း တွေ့ဆုံရ၏။ ခင်မောင်နိုင်၏ အဒေါ်တစ်ယောက်ကား ဆေးရုံတွင် အမြဲစောင့်လေသည်။

သူတို့မိသားစုသည် ရန်ကုန်တွင် အိမ်တစ်လုံး ရှိသေးရာ ခင်မောင်နိုင် ဆေးရုံခဏ,ခဏတက်နေရသဖြင့် စိတ်မချ၍ မော်လမြိုင်မှ ပြောင်းလာခဲ့ခြင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ခင်မောင်နိုင်၏မိခင်မှ ပြောလေသည်။

'ပထမတော့ ထမင်းနည်းနည်း ဝင်သေးတယ်ကွယ်။ ခုတော့ မဝင်တော့ဘူး။ ဆန်ပြုတ်ကလေး၊ စွပ်ပြုတ်ကလေးလောက်ပဲ ဝင်တော့တယ်'

ခင်မောင်လတ်တို့သည် ယခုနှစ် တောင်ပြုံးပွဲသို့ သွားရာတွင် ခင်မောင်နိုင်အတွက် စိတ်မအေးပေ။ သို့ရာတွင် နှစ်စဉ် ရောက်အောင်လာပါမည်ဟူ၍ ကတိပေးပြီးဖြစ်၍ အချိန်တန်သောအခါ တောင်ပြုံးသို့ ခရီးထွက်ရန် ပြင်ဆင်ရလေသည်။

'နိုင်နိုင်..တို့ သွားလိုက်ဦးမယ်နော်။ နင်လည်း ဒီကနေ ပူပွားမယ်တော်ကြီးကိုလည်း အာရုံပြု၊ ကိုယ်တော်ကြီး၊ ကိုယ်တော်လေး မင်းနှစ်ပါးတို့ကိုလည်း အာရုံပြုပေါ့ဟယ်။ တို့လည်း ဟိုကျရင် နင့်အတွက်ပါ ပိုပြီးလှူခဲ့ပါ့မယ်။ ကဲ..ပြန်လာမှ တွေ့မယ်နော်'

ခင်မောင်နိုင်သည် ခင်မောင်လတ်လက်ကို ဆွဲထားလေသည်။ ပြီးတော့ စကားတစ်ခွန်းမျှ မပြောတော့ချေ။ ခေါင်းကိုသာ ညိတ်ပြလိုက်လေသည်။

(၃)

ခင်မောင်လတ်တို့ တောင်ပြုံးသို့ ရောက်သောအခါ ပထမဦးစွာ ရောက်ပန်းဆက်ကြလေသည်။ သူတို့ ရောက်ပန်းဆက်နေသောအချိန်တွင် ရန်ကုန်တွင် ကျန်ခဲ့သော ခင်မောင်နိုင်သည် သတိလစ်သွားလေသည်။ သူ အလွန်သွားချင်နေသော တောင်ပြုံးပွဲကို စိတ်ကူးရင်း သတိလစ်သွားခြင်း ဖြစ်လေသည်။

ခင်မောင်လတ်သည် ရောက်ပန်းဆက်နေသော ပွဲတော်လာ ပရိသတ်ကြားထဲတွင် ခင်မောင်နိုင်ကို ရိပ်ခနဲတွေ့လိုက်ရ၏။

ခင်မောင်လတ် အမြင်မှားခြင်း ဖြစ်ပေလိမ့်မည်ဟု တွေးနေလေသည်။ လူတူမရှား နာမည်တူမရှား ဆိုတဲ့စကားရှိသားပဲဟု စိတ်ကို ဖြေသိမ့်နေမိလေသည်။

မယ်တော်ကြီးပွဲတွင်လည်း ခင်မောင်လတ်သည် ခင်မောင်နိုင်ကို တစ်နေရာတွင် မြင်လိုက်ရ၏။

မြင်လိုက်ရသောနေရာသို့ ရောက်အောင် သွားရှာသော်လည်း ခင်မောင်နိုင်ကို မတွေ့ရချေ။

ခင်မောင်လတ်သည် စိတ်ထဲတွင် တထင့်ထင့်ဖြစ်နေရာ ညတွင် အိပ်မပျော်ချေ။

ချိုးရေတော်သုံးပွဲတွင်လည်း ခင်မောင်နိုင်ကို လူအုပ်ကြီးထဲတွင် တိုးဝှေ့နေသည်ကို မြင်လိုက်ရ၏။ မြင်လိုက်ရသောနေရာမှာ ခင်မောင်လတ်နှင့် မဝေးသည်မို့ အော်ခေါ် လိုက်မိလေသည်။

'ဟေ့..နိုင်နိုင်၊ နိုင်နိုင် ဟုတ်ပါတယ်နော်။ ကြည့်စမ်း၊ မင်း ဘယ်သူနဲ့ လာသလဲ'

သို့သော် ခင်မောင်နိုင်သည် မည်သို့မျှ ပြန်လည်ဖြေကြားခြင်း မရှိဘဲ လူအုပ်ကြီးထဲတွင် တိုးဝှေ့ကွယ်ပျောက်သွားလေသည်။



ခင်မောင်လတ်သည် ခင်မောင်နိုင်ကို နေရာအနှံ့တွင် တွေ့နေရသဖြင့် ထိုအကြောင်းကို တပည့်ကလေးအား ပြောပြရာ တပည့်ကလေးက သူ မမြင်ရကြောင်း ပြောလေသည်။

သို့နှင့် ချိုးရေတော်သုံး အခမ်းအနားပြီးဆုံးချိန်တွင် ခင်မောင်လတ်သည် မန္တလေးသို့ပြန်ဆင်းကာ မန္တလေးမှ ရန်ကုန်သို့ တောက်လျှောက်ပြန်ခဲ့လေသည်။

တောင်ပြုံး၌ ချိုးရေတော်သုံးပွဲ ပြီးဆုံးသည့်အချိန်လောက်တွင် ရန်ကုန်ရှိ ခင်မောင်



www.burmeseclassic.com

www.burmeseclassic.com

နိုင်မှာ သတိလစ်နေရာမှ သတိပြန်လည်ရခြင်း မရှိတော့ဘဲ ကွယ်လွန်သွားလေသည်။

ခင်မောင်နိုင်၏ အမေ၊ အဒေါ်နှင့် ညီမများသည် ခင်မောင်နိုင် ကွယ်လွန်ခြင်းအတွက် သည်းထန်စွာ ငိုကြွေးကြလေသည်။

ခင်မောင်လတ်သည် ရန်ကုန်ရောက်သောအခါ မိမိနေအိမ်သို့ ဦးစွာမပြန်သေးဘဲ ခင်မောင်နိုင်အိမ်သို့ တန်းသွားလေသည်။ ခင်မောင်နိုင်၏အိမ်တွင် ခင်မောင်နိုင်ကို လုံးဝမတွေ့ရဘဲ ဧည့်ခန်းတွင် ခင်မောင်နိုင်၏ ဓာတ်ပုံကြီးကို စားပွဲပေါ်တွင်ထောင်ထားကာ ဓာတ်ပုံကြီးရှေ့တွင် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိထားပြီး စားကောင်းသောက်ဖွယ်များ တင်ထားသည်ကို တွေ့ရလေသည်။

ခင်မောင်လတ်သည် ဓာတ်ပုံရှေ့၌ ထိုင်ရင်း-

'ဖြစ်ရလေ နိုင်နိုင်ရယ်။ ဒါကြောင့် တောင်ပြုံးမှာ မင်းဝိညာဉ်ကို နေရာတကာ တွေ့နေရတာပဲ။ လူက ရန်ကုန်မှာ သတိမေ့နေပေမယ့် ဝိညာဉ်က တောင်ပြုန်းကို ရောက်နေတာ ဖြစ်ရမယ်'

ခင်မောင်လတ်သည် ဝမ်းနည်းကြေကွဲစွာ ပြောလိုက်လေသည်။

ခင်မောင်နိုင်၏ အမေကလည်း-

'သူက တောင်ပြုံးကို သိပ်သွားချင်တာ သားရယ်။ အိပ်ရာထဲမှာ လဲနေပြီး မေ့မြောနေကတည်းက သူရဲ့ဝိညာဉ်က တောင်ပြုံးကို ရောက်နေတာပဲ ဖြစ်ရမယ်။ ဒါကြောင့် သူ့ကို မင်းတို့ တောင်ပြုံးမှာ တွေ့ရတာပေါ့'

'ဆန်းတော့ဆန်းတာပဲ ဒေါ်ဒေါ်ရယ်၊ အရင်က လူက တစ်နေရာမှာရှိတယ်။ သူ့ဝိညာဉ်က တစ်နေရာကို သွားနေတယ်ဆိုတာ သားတို့ ကြားဖူးရုံ ကြားဖူးတာပါ။ အခုတော့ ခင်မောင်နိုင့်ဝိညာဉ်က တောင်ပြုံးကို ရောက်နေတာကို ကိုယ်တိုင်မြင်ခဲ့ရပြီ'

ထိုအခါ ခင်မောင်နိုင်၏ အမေက-

'သူ ကွယ်လွန်ပြီးတော့ အိမ်မှာလာပြီးတော့များ ကိုယ်ထင်ပြလေမလား၊ နှုတ်ဆက်လေမလားနဲ့ အဒေါ်လည်း မအိပ်ဘဲ စောင့်ပါတယ်ကွယ်။ ဒါပေမဲ့ ဘာမှမပြဘူး။ အဲဒီကတည်းက တစ်မျိုးတော့ထင်သား။ လက်စသတ်တော့ သူ့ဝိညာဉ်က ဒီမှာ မရှိဘဲ သူ သတိမေ့နေကတည်းက တောင်ပြုံးရောက်နေတာကိုး'ဟု ပြောလိုက်လေသတည်း။

မင်းသန့်ကျော်(ဇီးကုန်း)


မြန်မာပြည်

ဆရာဦးမင်းသန်းထိုက် (တဆ-၃၃၅၈)

အနာပေါက်အထူးကုသမားတော်ကြီး

ခန္ဓာကိုယ်အတွင်း, အပြင်ရှိ မှိုနာ၊ အမြစ်ပွားနာ၊ ကင်ဆာအလုံးအခဲ၊ အကြိတ်အဖုများအား မခွဲမစိတ်၊ စုပ်အပ်မထိုး၊ အနာလုပ်မကု၊ စားဆေးထည့်သွင်းမကု (သဘာဝအတိုင်း) ဆေးအုံ၊ ဆေးကပ်၊ ဆေးရွှတ်နှင့် အုံထားရုံဖြင့် အမြစ်မကျန်စေရအောင် ကုသရနိုင်တဲ့ဆေး ကိုယ့်ပြည်တွင်းမှာ ရှိနေတယ်။

မကုခင် လာရောက်ဆွေးနွေးပါ။ ဂရင်ဂျီနာ၊ လိပ်ခေါင်း(အတွင်း) ရက်ပိုင်းအတွင်း ပျောက်ကင်းစေရမည်။

(တနင်္ဂနွေနေ့မှအပ နေ့စဉ် နံနက် ၁၀း၀၀ နာရီမှ ညနေ ၅း၀၀ ...

အမှတ်(၃၉၈)၊ ရွှေဘုံသာအထက်လမ်း၊ သီတာမင်းအထူးကု...


www.burmeseclassic.com

www.burmeseclassic.com


နေဝင်စပဲရှိသေးသည်။ ကောင်းကင်တစ်ပြင်လုံး ပန်းဆီရောင်နောက်ခံပန်းချီကားတစ်ချပ်လို ဝင်းစိုလျက် ရှိပါ၏။ လှပကြည်နူးဖွယ်ကောင်းသော အချိန်ပင်။

ထိုအချိန်မှာပင် -

'လာကြပါဦး၊ ကယ်ကြပါဦး'

'လာကြပါဗျာ'

အော်ဟစ်သံနှင့် ပြေးလွှားသံများ၊ တောတိုးသံများနှင့်အတူ အိုက်မောင်းကို တွေ့လိုက်ရလေသည်။ တောအုပ်သစ်ပင်တွေကြားမှ ပြေးလွှားခုန်ပေါက် အော်ဟစ်ကာ ပြေးလာနေသော အိုက်မောင်းမှာ ကျွန်တော်၏ လမ်းပြမုဆိုးတစ်ယောက် ဖြစ်လေသည်။ သူသည် သူ့နောက်က တစ်စုံတစ်ယောက်က အတင်းအ... လိုက်ဖမ်းနေ၍ ကိုယ်လွတ်ရုန်းကာ ကြောက်အားလန့်အား အသက်လုပြေးနေသကဲ့သို့ ထင်ရလေ၏။






www.burmeseclassic.com

www.burmeseclassic.com

သို့သော် သူနောက်၌ကား ကျွန်ုပ်အမြင်တွင် ဘာဆို ဘာမှမတွေ့၊ ဘာမှမရှိ။ သူတစ်ယောက်တည်း ကြောက်အားလန့်အားဖြင့် ပြေးလာနေသည်မှာ အလွန်ထင်ရှားလှလေသည်။

'အိုက်မောင်း··ဘာဖြစ်တာလဲ၊ ဘာကိုတွေ့လို့ အသည်းအသန်ဖြစ်နေရတာလဲ'ဟု လှမ်း၍ အော်မေးလိုက်၏။

'နောက်မှာ··နောက်မှာ·· ကျွန်တော့်ကို အမိအရ အသေလိုက်နေတယ်'

ပြေးလွှားရင်းက 'နောက်မှာ··နောက်မှာ'ဟု အိုက်မောင်းက နောက်ပြန်လက်ညှိုးထိုးပြသည်။

သူညွှန်ရာသို့ ကျွန်တော်လှမ်းကြည့်သည် ဘာအရိပ်အယောင်မျှ မတွေ့။

အိုက်မောင်း ကျွန်တော့်အနားအရောက်မှာ ဗုန်းခနဲလဲကျသွားလေတော့၏။ သူ အလွန်မောပန်းနေမှန်း သိသာလှ၏။ ရင်ဘတ်ကြီးမှာလည်း ဖောင်းလိုက်၊ပိန်လိုက်ဖြင့် ပန်းပဲဖိုမှ ဖားဖိုကြီးလို ဟဲဟဲထစွာ အသက်ကို လုရှူနေသကဲ့သို့ရှိ၏။ တော်တော်မောဟိုက်နေပုံရ၏။

ကျွန်တော် သူ့ကို တွဲမ,ထူ၍ အိမ်ထဲသို့ ပို့သည်။ သက်သောင့်သက်သာနေနိုင်ရန် ဧည့်ခန်းမှာ ထိုင်ခိုင်းသည်။ ပြီးနောက် ရေတစ်ခွက်တိုက်သည်။ အငမ်းမရသောက်သည်။ ရေတစ်ခွက်အကုန်မှာ သူ အနည်းငယ်အမောပြေသွားပုံရသည်။

'အိုက်မောင်း··တောထဲမှာ မင်း ဘာတွေ့ခဲ့တာလဲ' သားရဲတစ်ကောင်ကောင်များတွေ့လို့ ကြောက်လန့်ပြီး ကိုယ်လွတ်ရုန်းပြေးလာတဲ့ပုံပဲ။ ပြောစမ်းပါဦး'

ကျွန်တော်မေးတော့ သူက ခေါင်းကို ဆတ်ဆတ်ညိတ်၍-

'ဟာ··ကြောက်စရာကောင်းလိုက်တာ ဆရာရယ်။ ကျွန်တော့်မှဆိုးတစ်သက် တစ်ခါမှမမြင်ဖူးဘူး၊ မကြုံဖူးဘူး။ ဘာသတ္တဝါ၊ ဘာကောင်ရယ်လို့ ပြောရမှန်းတောင် မသိဘူးဆရာ။ ကျွန်တော့်ကို တစ်ခုလောက်ကူညီပါ။ ဆရာသောက်နေတဲ့ အရက်ထဲက ကျွန်တော့်ကို သုံးပက်လောက်တိုက်ပါ ဆရာ။ ကျွန်တော့်ရင်တွေ တုန်နေလို့'

သူ ရင်တွေ တုန်နေရုံတင်မက အသံပါ တုန်နေမှန်း ကျွန်တော်သိသည်။ ဒါကြောင့်လည်း ကျွန်တော် အရက်ကိုယူပြီး သူ့ကို သုံးပက်ကျော် ထည့်ပေးလိုက်သည်။ သူသောက်နေသည်။

'အိုက်မောင်း··မင်းမြင်ခဲ့တဲ့ သတ္တဝါက ဘယ်လိုပုံစံမျိုးလဲ။ ကျားလား၊ စိုင်လား၊ ကျားသစ်လား ဘယ်လိုသတ္တဝါမျိုးလဲ။ မင်းမြင်ခဲ့တဲ့အတိုင်း ဥပမာ-ဘယ်လိုပုံစံ၊ ဘယ်လိုရုပ်နဲ့ပေါ့ကွာ။ မင်းက အသက်လုရအောင် သေရေးရှင်ရေး ပြေးလွှားလာတဲ့သူဆိုတော့ ပြောပြစမ်းပါကွာ'

သူ အမောသက်သာသွားပြီး ရင်အတုန်ပြေသွားတော့မှ ကျွန်တော်က မေးလိုက်သည်။ ကျွန်တော်ပေးတိုက်သော အရက်သည် သူ့ကြောက်စိတ်နှင့် ရင်တုန်မောဟိုက်မှုကို အတော်အတန် ထိန်းပေးလိုက်သကဲ့သို့ရှိ၏။

'ဒီမယ် ဆရာ··မျက်နှာက လူမျက်မှာ၊ လူမျက်နှာဆိုတာထက် မိန်းမမျက်နှာဆိုရင် ပိုပြီးမှန်လိမ့်မယ်။ အောက်ပိုင်းနဲ့ ကိုယ်ပိုင်းကတော့ ဝံပုလွေလို့ ထင်တာပဲ။ အမွေးအမှင်တွေကလည်း ရှည်တယ်။ ကျွန်တော် ကြောက်လို့ သေသေချာချာ မကြည့်ဖြစ်ဘူး။ ကိုယ်လွတ်ရုန်းပြေးလာတာ။ နောက်က ဆက်ပြီးပြေးလိုက်လာသေးတယ်။ ဘယ်အထိ ပြေးလိုက်လာတယ်တော့ မသိဘူး။ တောစပ်ရောက်လို့ ဆရာ့ခေါ်သံ ကြားလိုက်မှ ကျွန်တော် အားတက်သွားတယ်။ ကံကောင်းပေလို့ ဆရာရယ်။ ကျွန်တော်တော့ ကျွန်တော့်ကိုယ်ကျွန်တော် သေပြီလို့တောင်ထင်နေတာ။ ဆရာ··ကျွန်တော့်ကို နောက်တစ်ပက်လောက် ထည့်ပါဦး ဆရာ'ဟု အရက်တစ်ပက် ထပ်တောင်း၍ ကျွန်တော်က တစ်ပက်မက နှစ်ပက်နီးပါး ဖြည့်ဆည်းထည့်ပေးလိုက်သည်။

အရက်ရှိန်လေး တက်လာပုံရသည်။ အိုက်မောင်း ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်ပြီး မျက်နှာချိုသွေးကာ-

'ဆရာ··ကျွန်တော် ဗိုက်ဆာတယ်။ ဘာကျန်သေးလဲ။ အာဖြစ်ဖြစ် ဆရာ၊ ရှိတာပဲ စားပါ့မယ်'

'ရပါတယ် အိုက်မောင်း၊ ကြောင်အိမ်ထဲမှာတော့ ပေါင်မုန့်နဲ့ ဝက်အူချောင်းကြော်တော့ ကျန်ဦးမယ်နဲ့တူတယ်။ ငါးသေတ္တာဘူးလည်းရှိတယ်။ မင်းဘာသာမင်း စီစဉ်ပြီး စားလိုက်တော့ကွာ'

ကျွန်တော်ပြောပြီး ကျွန်တော့်အခန်းထဲဝင်၍ ခုံမှာထိုင်သည်။ ပြီးနောက် စားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို ကောက်ယူ၍ ဖတ်နေလိုက်သည်။

စာအုပ်မှာလည်း ထူးထူးဆန်းဆန်း ဝံပုလွေလူသားဟူသော စာအုပ်ဖြစ်သည်။ တိုက်ဆိုင်လိုက်တာဟု ကျွန်တော့် ဘာသာ စိတ်ထဲက တွေးလိုက်မိ၏။

www.burmeseclassic.com

အိုက်မောင်းအဖြစ်နှင့်များ တူနေမလားဟု စိတ်ဝင်စားစွာ တစ်ရှက်ချင်း လှန်ဖတ်နေမိသည်။ ရှာ၌ လူစင်စစ်က ကျားဖြစ်သွားသည်ဟူသော သမန်းကျားဖြစ်စဉ်နှင့်ယှဉ်၍ ဝံပုလွေကနေ လူဖြစ်သွားသော ဝံပုလွေလူသားအကြောင်းကို စိတ်ဝင်စားမိသည်။

◆◆◆

ညသည် အတန်မှောင်နက်သွားပြီဖြစ်သည်။ ကျွန်တော်နေသော အဆောင်ရှေ့၌ သစ်ပင်ကြီးတစ်ပင်ရှိသည်။ ထိုသစ်ပင်ကြီးပေါ်၌ လင့်စင်တစ်ခုရှိသည်။ ကျွန်တော့်လမ်းပြမုဆိုး အိုက်မောင်း၏လက်ရာ လင့်စင်ဖြစ်သည်။ သူက လင့်စင်တဲပေါ်မှာ အိပ်သည်။ လင့်စင်က အတန်မြင့်သည်။ ကြိုးလှေကားနှင့် အတက်အဆင်းလုပ်ရသည်။ ညအိပ်လျှင် ကြိုးလှေကားကို အပေါ်သို့ ဆွဲတင်၍ လင့်စင်တဲအတွင်း ခွေချ၍ထားသည်။

သူ ကျွန်တော်နှင့်အတူ မအိပ်ခြင်းမှာ အကြောင်းရှိသည်။ သူက သားကောင်များကို အပေါ်စီးမှနေ ချောင်းခြင်းပစ်ခတ်ခြင်းကို ပြုလုပ်ချင်၍ဟုဆိုကာ လင့်စင်မှာ အိပ်ခြင်းဖြစ်သည်။

အမှန်က ကျွန်တော်သည် မုဆိုးတစ်ယောက် မဟုတ်ပါ။ စာရေးဆရာ၊ ရုပ်ရှင်ဒါရိုက်တာတစ်ယောက် ဖြစ်ပါသည်။ ကျွန်တော့်မိတ်ဆွေတစ်ယောက်က မိတ်ဆက်ပေးသဖြင့် ကျွန်တော် လမ်းပြမုဆိုး အိုက်မောင်းနှင့် သိကျွမ်းရင်းနှီးခဲ့ခြင်း ဖြစ်၏။ သို့နှယ်ရင်းနှီးခဲ့ရာမှ တောနှင့်ပတ်သက်သော မုဆိုးဇာတ်ကားတစ်ပုဒ် ရေးလိုသော စိတ်ဆန္ဒပေါ်လာသောကြောင့် အိုက်မောင်းနှင့်အတူ ယခုကဲ့သို့ တောတစ်တောသို့ ရောက်နေခဲ့ခြင်း ဖြစ်လေသည်။

ယခုဆိုလျှင် ကျွန်တော်တို့နှစ်ယောက် သည်တောသို့ ရောက်နေခဲ့ကြရာ ရက်သတ္တနှစ်ပတ်ခန့် ရှိပေပြီ။ ပထမရက်သတ္တတစ်ပတ်က ကျွန်တော်တို့ ဘာအလုပ်မှ မလုပ်ဖြစ်ကြ။ စားလိုက်သောက်လိုက်၊ အိပ်လိုက်ဖြင့် အချိန်ကုန်ခဲ့ကြ၏။

ဒုတိယပတ်ကျကာမှ ကျွန်တော့်အတွက် ဝတ္ထုဇာတ်လမ်းစတင်ဖို့ အိုက်မောင်းမှတစ်ဆင့် စာအပျိုးနိဒါန်းလေး စ ,ရသည်။

ဘာကောင်မှန်းမသိသော၊ ဘာသတ္တဝါမှန်းမသိသော၊ စိတ်ဝင်စားစရာဖြစ်နေသော အကောင်တစ်ကောင်အကြောင်း ရေးစရာ ပေါ်လာသည်။

ကျွန်တော်သည် ဝံပုလွေလူသားအကြောင်းကို ဖတ်နေ
ရင်း ငိုက်ခနဲဖြစ်သွားသည်။ ကျွန်တော်၏ မျက်လုံးတစ်စုံ
က အိပ်စက်ရန် တောင်းဆိုလာခြင်းဖြစ်သည်။ ကျွန်တော်
မအိပ်ဖြစ်အောင် စိတ်ကို ပြန်ထိန်းလိုက်သည်။ ခဏ
ပြန်ငိုက်ကျသွားပြန်၏။ ထိုတစ်ချိန်တည်းမှာပင် ဝုန်းဟူသော
အသံ။

'ဖျပ်··ဖျပ်··ဖျပ်' ဟူသော အသံတို့ကြောင့် ကျွန်တော့်
တစ်ကိုယ်လုံး တုန်ခါသွားသည်။

ငိုက်ချင်စိတ်၊ အိပ်ချင်စိတ်တွေ ဘယ်ရောက်လို့ ဘယ်
ပျောက်သွားသည်မသိ။ အပြင်က ပြုတ်ကျသံနှင့် ပြေးလွှား
လှုပ်ရှားသံကို ကြားလိုက်ရသောကြောင့်ဖြစ်သည်။

'ဟေ့··အိုက်မောင်းလား၊ အိုက်မောင်းလား'

တံခါးမဖွင့်သေးဘဲ ကျွန်တော် အတွင်းကနေ အသံပြု
သည်။ အပြင်က ထူးသံမကြား။ ကျွန်တော် ဆက်ခေါ်
သည်။

'အိုက်မောင်း··အိုက်မောင်း'

ထူးသံမကြား၊ တိတ်ဆိတ်နေပြန်၏။ တဖျပ်ဖျပ်ပြေး
လျှောက်သံလည်း မကြားတော့ပေ။ သည်တော့မှ ကျွန်တော်
တံခါးအနီးသွားပြီး တံခါးကို အသာဖွင့်သည်။ မျက်လုံးတစ်
ပေါက်စာမျှဖွင့်၍ အပြင်သို့ အကဲခတ်လှမ်းကြည့်လိုက်
သည်။

ညသည် မှောင်ပိန်းနေ၏။ ခပ်ဝေးဝေးဆီမှ တောခွေး
တို့၏အူသံကို ကြားသည်။ ဝံပုလွေအူသံလည်း ဖြစ်ကောင်း
ဖြစ်နိုင်သည်။

အပြင်၌ ကျွန်တော့်အမြင်တွင် သဲကွဲစွာမမြင်ရအော
မှောင်ပိန်းနေသောကြောင့် လက်နှိပ်ဓာတ်မီးသွားယူ၍ အပြင်
ဘက်ဆီကို ထိုးကြည့်လိုက်သည်။ သစ်ကိုင်းကြီးတစ်ကိုင်း
ကျိုးကျနေသည်ကိုတွေ့၏။ စောစောက ဝုန်းဟူ၍ ကြား
လိုက်ရသောအသံမှာ ထိုသစ်ကိုင်းကျိုးသံများလားဟု ကျွ
တော် တွေးသည်။ တစ်ဆက်တည်း တဖျပ်ဖျပ်ဟူသောအသံ
ကိုလည်း ကြားခဲ့သည်။ အဲဒါ ဘာအသံနည်း။ အကောင်
တစ်ကောင် (သို့မဟုတ်) တစ်စုံတစ်ယောက်၏ ခြေသံ
ပြေးလျှောက်သံကဲ့သို့ ရှိလေသည်။

ကျွန်တော် တံခါးကိုဖွင့်၍ အပြင်သို့ ထွက်လိုက်သည်
လင့်စင်ပေါ်သို့ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်
အလင်းရောင်များကြား၌ လင့်စင်ကို မြင်သည်။

'အိုက်မောင်း··ဟေ့··အိုက်မောင်း၊ မင်း အပေါ်



www.burmeseclassic.com

www.burmeseclassic.com

ရှိလား'

အသံပြုမေးသည်။ လင့်စင်ပေါ်မှ ဘာသံမျှမကြား၍ ကျွန်တော် အိုက်မောင်းကို စိုးရိမ်သွားသည်။

'အိုက်မောင်း..အိုက်မောင်း' ဟု ကျွန်တော် အဆက်မပြတ် ဆက်ခေါ်သော်လည်း တစ်ဖက်က တုံ့ပြန်၍ထူးသံ မပြုသောကြောင့် ကျွန်တော် အိုက်မောင်းကို ပို၍စိုးရိမ် သွားလေတော့၏။

လက်နှိပ်ဓာတ်မီးဖြင့် ကျွန်တော် ဟိုထိုးသည်ထိုး လိုက်ထိုးကြည့်သည်။ ဘာမှထူးခြားမှုမတွေ့။ ချုံတစ်ခုကြားမှ ရှဲရှဲဟူသော အသံတစ်ခု အုပ်အုပ်လေးထွက်လာသဖြင့် ဖျတ်ခနဲ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။

'ဟာ'

ကျွန်တော် လန့်သွားလေ၏။

လက်နှိပ်ဓာတ်မီး အလင်းရောင်အောက်၌ အိုက်မောင်းကို တွေ့လိုက်ရသောကြောင့် ဖြစ်လေ၏။ သူ ချုံထဲမှ တရှဲရှဲဖြင့် တိုးထွက်လာနေ၏။

သူ့တစ်ကိုယ်လုံး သွေးအလိမ်းလိမ်းဖြင့် ရှိနေသည်။ လက်ထဲမှာလည်း အမဲလိုက်ဓားတစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ထားသည်။ ထိုဓား၌ သွေးတို့ဖြင့် ရဲရဲလောင်းထနေ၏။

'အိုက်မောင်း..ဘာကောင်လဲ၊ ဘာကြီးလဲ။ မင်းတစ်ကိုယ်လုံးလည်း သွေးတွေနဲ့ပါလား။ ဟေ့..အိုက်မောင်း၊ မင်း တိုက်ခိုက်ခံလိုက်ရတာလား။ ငါ မေးနေတယ်။ ပြောလေကွာ'

အိုက်မောင်း ကြောင်တောင်တောင်ဖြင့် ကျွန်တော့်ကို စိုက်၍ကြည့်နေသည်။ သူ့ကိုကြည့်ရသည်မှာ အနေအထား မှန်သလို ပုံစံမမှန်သလို ရှိနေ၏။

'အိုက်မောင်း..အိုက်မောင်း၊ ငါပြောတာ ကြားလား။ မင်းကိုယ်ပေါ်က စွန်းထင်နေတဲ့သွေးတွေက ဘယ်သူ့သွေးလဲ'

ကျွန်တော် ထပ်၍မေးလိုက်သည်။

သည်တော့မှ အသိဝင်လာသလို စောစောက ကြောင်တောင်တောင်လိုအကြည့်မျိုး မဟုတ်တော့။

သက်ဝင်လှုပ်ရှားလာသလို-

'ဆရာ..အဲဒီကောင်ကြီးက သစ်ပင်ပေါ်တက်လာပြီး ကျွန်တော့်ကို အသေတိုက်ခိုက်တာ။ ကျွန်တော်ကန်ချလိုက်လို့ လင့်စင်ပေါ်ကနေ သစ်ပင်မှာရှိတဲ့ သစ်ကိုင်းကျိုးပြီး ပြုတ်ကျသွားတာ။ ကျွန်တော်က ဓားနဲ့အလိုက် သူက ချုံထဲ ဝင်ပြေး အဲဒီမှာ အဲဒီအကောင်နှင့် ကျွန်တော် လုံးသတ်ကြရင်း ကျွန်တော့်အသက်ကတော့ မပေးဘူး၊ သူ့အသက်ကို အရယူမယ်ဆိုပြီး ကျွန်တော့် ဟောဒီဓားနဲ့ အသေထိုးသတ်လိုက်တာပဲ ဆရာ'

သူက ရှင်းပြသည်။ ကျွန်တော်က သူရှင်းပြတာကို နားမလည်။

ဘာကို သူသတ်လိုက်မှန်း မသိ၍ ကျွန်တော်က-

'အိုက်မောင်း..မင်းသတ်လိုက်တဲ့ အဲဒီအကောင်ကြီးဆိုတာ ဘာကောင်လဲ၊ ငါ့ကို ပြောစမ်းပါ' ဟု ကျွန်တော်က မေးလိုက်သည်။

'ဆရာ..အဲဒီအကောင် ဘာကောင်မှန်းတော့ ကျွန်တော် မသိဘူး။ လူတော့လူပဲ၊ လူလိုပဲလို့ထင်တယ် ဆရာ။ ဒါပေမဲ့ သူ့တစ်ကိုယ်လုံးက အမွေးအမှင်တွေနဲ့၊ ဆံပင်ကလည်းရှည်ရှည်နဲ့။ မျက်နှာက မိန်းမမျက်နှာနဲ့ ခပ်ဆင်ဆင်တူတယ်။ မိန်းမတော့ ဟုတ်ပုံမပေါ်ဘူး။ မျက်နှာချွန်တယ်။ ခန္ဓာကိုယ် အပေါ်ပိုင်းက မျောက်ဝံပုံစံဖြစ်ပြီး အောက်ပိုင်းကတော့ ဝံပုလွေပုံစံမျိုး ဆရာ။ အားကြီးသန်တယ်'

'ဒါဆို အိုက်မောင်း၊ မင်းနောက်ကို လိုက်ခဲ့တယ်ဆိုတဲ့ သတ္တဝါက..'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်ကို လိုက်ခဲ့တဲ့အကောင်ပဲ ဆရာ။ သူက လူလို အနံ့ခံကောင်းလို့ ကျွန်တော်အိပ်နေတဲ့ လင့်စင်ကို တက်လာနိုင်တာပေါ့။ ကျွန်တော်လည်း ကြောက်ကန်,ကန်ချပြီး ဓားနဲ့ပါ အသေ ခုတ်လိုက်တာပဲ။ ခုတော့ သူ ဘာမှမလုပ်နိုင်တော့ဘူး။ သေပြီ'



အထူးအဆန်း ဖြစ်နေသော သူ့စကားကြောင့် ကျွန်တော် အိုက်မောင်းကို အဖော်ညှိ၍ ချုံကြားထဲ



www.burmeseclassic.com

www.burmeseclassic.com

ဝင်လိုက်ကြသည်။

'အိုက်မောင်း..မင်းပြောတဲ့အကောင်က ဘယ်မှာလဲ။ မတွေ့သေးပါလား'

ကျွန်တော် လှည့်၍မေးလိုက်ရာ အိုက်မောင်းက–

'ဟာ..ဆရာ၊ မရှိတော့ဘူး။ ဒီမှာ သွေးကွက်ကြီးလေ ဆရာ။ ကျွန်တော် အသေခုတ်ခဲ့တာ ဆရာ။ မလှုပ်နိုင်တော့ ဘူး ထင်တာ'

သူက သွေးကွက်ကြီးကို ဓာတ်မီးဖြင့် ထိုး၍ဆိုသည်။ မှန်သည်။ သွေးကွက်ကြီးက လတ်လတ်ဆတ်ဆတ် သွေး ကွက်ဖြစ်သည်။

'မြင်တယ်..မြင်တယ်။ မင်းပြောတဲ့ အကောင်ကြီး တော့ မမြင်ဘူးကွ'

'ဟာ..ထူးဆန်းလိုက်တာ။ ကျွန်တော် မလှုပ်နိုင် အောင် ပေါဒီဓားနဲ့ အသေထိုးသတ်ခဲ့တာပဲ။ ဘယ်လိုလုပ် ပြီး..'

ပြောနေရာက အိုက်မောင်း စကားပြတ်သွားသည်။ တစ်စုံတစ်ယောက် (သို့မဟုတ်) တစ်စုံတစ်ကောင်သည် တောကိုတိုး၍ ကျွန်တော်တို့ဆီ ရွေ့လျားလာနေသော တော တိုးသံကြောင့် ဖြစ်လေသည်။

'ဆရာ..ဆရာ..လာ..လာ..အန္တရာယ်ရှိတယ်။ ဒီ အကောင် သေချင်ယောင်ဆောင်ပြီး ကျွန်တော့်ကို လှည့်စား သွားတာ။ သိပ်ဉာဏ်များတဲ့ကောင်။ လာ..ဆရာ၊ မြန်မြန်။ ဒီကောင်က သေနတ်နဲ့မှရမှာ။ လာ..ဆရာ'

အိုက်မောင်း ကျွန်တော့်လက်ကို အတင်းဆွဲ၍ ချုံကြား တွင်းမှ ဆွဲထုတ်သွား၍ ကျွန်တော် ယက်ကန်,ယက်ကန်နှင့် ပါသွားလေ၏။ အနောက်ဘက်မှာ တောတိုးသံ တဝုန်းဝုန်း ကို ကြားနေရသည်။ ခွေးအူသံလိုလို၊ ဝံပုလွေအူသံလိုလို အသံများ ကြားနေရသည်။ ကျွန်တော့်စိတ်ထဲမှာတော့ ဒီ ကောင် ဘာကောင်ဆိုတာ သိချင်စိတ်က တဖွားဖွားဖြစ်ပေါ နေချိန်တွင် ကျွန်တော့်ရှေ့မှ အိုက်မောင်းပြောသောအကောင် ကြီးက ဘွားခနဲပေါ်လာပြီး ကျွန်တော့်ကို ဖမ်းချုပ်လိုက်လေ တော့သည်။

ယခု ကျွန်တော်မြင်တွေ့ရသော အကောင်မှာ မနုဿ ဝံပုလွေဆိုသော စာအုပ်ထဲမှာ ရေးသားထားသည့် သတ္တဝါ ပင် ဖြစ်နေပေတော့၏။

ဒါရိုက်တာမျိုးဇော်အောင်


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

**ခရသင်း သမင်ဖြူ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉ဂ)တဆထလ(ဝ၇)

ခရသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရင်ကျွံကျက်၊ရေယုန်၊ မက်ခရု၊ ကြွက် ငါးမျက်စိ၊ ဝဲ၊ ရှိဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



# ချစ်မင်းသူ တာမလွန်ရောက်

အိမ်ပိုင်ရှင်

မမြစိန် စက်ချုပ်နေရင်းမှ မျက်လုံးက မှေးစင်းကာ အိပ်ငိုက်သွားသည်။ ကံကောင်း၍ လက်ဖျားက အပ်သွားနှင့် မထိလိုက်ခြင်းဖြစ်သည်။ ခါးကို အညောင်းဆန့်ကာ မတ်မတ်ထားပြီး ခေါင်းကို တစ်ချက်ခါယမ်းလိုက်သည်။ ချုပ်ရန် အထည်အစိတ် ကျန်နေသေးသည်။ မနက်ဖြန်မနက်စောစော အထည်တစ်ရာ ပေးရန်ရှိသည်။ အထည်ပေးပါမှ ချုပ်ခဖိုးကို ရမည်။ ဒါမှ အိမ်မှာ ထမင်းဟင်းချက်စားနိုင်မည်။

မီးအလင်းရောင်ဖြင့် နာရီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ညဆယ့်နှစ်နာရီထိုးနေလေပြီ။ အိပ်ခန်းဆီက ခင်ပွန်းသည်ကိုဖော်၏ ဟောက်သံကို အတိုင်းသား ကြားနေရသည်။ သားကြီး ဘိုတောက်နှင့် သားငယ် ညီနိုင်တို့၏ ဟောက်သံတချို့၊ ယောင်သံတချို့ကလည်း တိတ်ဆိတ်သော ညကာလဝယ် အတိုင်းသား ကြားနေရသည်။

'ဟင်း'

မမြစိန် သက်ပြင်းချရင်း အထည်ဆက်ချုပ်ရန် ဟန်ပြင်ရင်း စက်ခြေထောက်ကို နင်းလိုက်သည်။ လက်ကလည်း အပ်နဖားဘေး ဖိတံဘေးမှ အထည်စကို အလိုက်သင့်ကိုင်ရင်း အပ်ချုပ်လိုက်ပေးလိုက်သည်။

'ဟယ်'

ရုတ်တရက် မီးက ပျက်သွားသည်။ တစ်အိမ်လုံး အမှောင်ပိန်းသွားသည်။ အလင်းမှ အမှောင်သို့ ချက်ချင်းကူးပြောင်းသွားသောကြောင့် မမြစိန် မျက်လုံးထဲမှာ ရုတ်တရက် ဘာမှုမမြင်ရတော့ချေ။ စက်ခုံမှ အသာအယာလက်ဖြင့် ဘေးဘီသို့စမ်းရင်း ထလိုက်သည်။ ဖယောင်းတိုင်နှင့် မီးခြစ်ထားရာခုံရှိရာသို့ စမ်းတဝါးဝါးဖြင့် လျှောက်လာလိုက်သည်။

ခြောက်ပေအကွာအဝေးသို့ မမြင်မစမ်းဖြင့် လျှောက်လာရသည်မို့ အမှောင်ထုနှင့် မျက်လုံးက မိတ်ဖက်ဖြစ်သွားကာ အမှောင်ထဲမှ အရာဝတ္ထုအချို့ကို ပုံဖော်၍ရသွားသည်။ ခုံပေါ်မှ မီးခြစ်ကိုစမ်းလိုက်ရာ မီးခြစ်ကိုမရ။ ဖယောင်းတိုင်က လက်ထဲမှာ ကိုင်လျက်ပါလာသည်။ မကျေမနပ်ဖြင့် ခုံပေါ်မှမီးခြစ်ကို နောက်တစ်ခေါက်ထပ်၍ ရှာပြန်သည်။ လုံးဝမတွေ့။ စိတ်တိုလာသည်။

ချက်ချင်း သတိရသွားသည်။ ခင်ပွန်းသည် ကိုဖော်



www.burmeseclassic.com

www.burmeseclassic.com

ဆေးလိပ်မီးညှိရန် ယူပြီး နေရာတကျ ပြန်မထားခြင်း ဖြစ်မည်ဟု တွေးကာ စိတ်ပျက်လက်ပျက်ဖြင့် အိပ်ရာထဲဝင်ရန် ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် အိပ်ခန်းရှိရာသို့ အမှောင်ထဲမှာပင် စမ်းတဝါးဝါး လျှောက်သွားလိုက်သည်။ ညက တိတ်ဆိတ်မှု ကြီးစိုးလျက်။

'ဒုန်း'

ခေါင်းရင်းဘက် ပြတင်းတံခါးပေါက်မှ ရုတ်တရက် အသံကြားလိုက်ရသဖြင့် အသံကြားရာသို့ မျက်လုံးအကြည့် ရောက်သွားသည်။ အမှောင်ထဲမှာ အနက်ရောင်တစ်ခုက အိမ်ထဲသို့ ခုန်ဝင်လာနေသည်။

'အမယ်လေး'

သဲသဲကွဲကွဲ မမြင်ရသော အနက်ရောင်လွှမ်းခြုံထားသည့် လူရုပ်သဏ္ဌာန်တစ်ခုက ပြတင်းတံခါးပေါက်မှ ခုန်ဝင်လာကာ မမြစိန်ရှိရာသို့ လာနေသောကြောင့် မမြစိန် လန့်အော်လိုက်ခြင်းဖြစ်သည်။ မမြစိန် နှလုံးတုန်လာကာ ကြက်သေသေ၍ နေရာမှာရပ် ကြောင်ကြည့်ရင်း ဘာလုပ်ရမှန်းမသိ ခေတ္တသတိလစ်သွားသည်။

သတိပြန်ရတော့ ပြတင်းတံခါးပေါက်ကို လှမ်းကြည့်ရာ ဘာကိုမျှ မတွေ့ရတော့။ ထိုစဉ် မီးက ပြန်လာသဖြင့် အိမ်အတွင်းမှာ အလင်းရောင်ဖြာသွားကာ အရာရာကို သဲကွဲစွာ တွေ့မြင်ရသည်။ မမြစိန် မကျေမနပ်ဖြင့် ပြတင်းတံခါးပေါက်အနီးဝန်းကျင်ကို သေသေချာချာ ပြူးတူးပြဲတဲ လိုက်ကြည့်သည်။ စောစောက အနက်ရောင် လူရုပ်သဏ္ဌာန်နှင့်တူသည့် အရိပ်အယောင်ကို စိုးစဉ်းမျှ မတွေ့ရတော့။

မီးပြန်လာသဖြင့် စက်ချုပ်ရန် ဆန္ဒရှိသော်လည်း စောစောက တွေ့ကြုံလိုက်ရသည့် အဖြစ်အပျက်ကြောင့် စိတ်ထဲမှာ ကြောက်စိတ်မပြယ်နိုင်သေးဘဲရှိလေရာ စိတ်ကို ဒုန်းဒုန်းချ၍ အိပ်ရာခန်းဆီသို့သာ ဝင်ခဲ့တော့သည်။ မကြာမီ အိပ်ရာပေါ် ခေါင်းချလိုက်သည်နှင့် မမြစိန်တစ်ယောက် ချက်ချင်းပင် အိပ်ပျော်သွားတော့သည်။

♦ ♦ ♦

ကိုဇော်နှင့် မမြစိန်တို့ အိမ်ထောင်သက်တမ်းကား အနှစ်နှစ်ဆယ်ပင် စွန်းစပြုခဲ့ပြီဖြစ်သည်။ သားကြီး ဘိုတောက်ပင် အသက်နှစ်ဆယ်ပြည့်ခဲ့ပြီ။ ထိုအနှစ်နှစ်ဆယ်ဝန်းကျင် ရောက်ခဲ့သည်ထိ ကိုဇော်ရော မမြစိန်ပါ သူ့ဘက်ကိုယ့်ဘက် နားလည်သဘောပေါက်ခဲ့ကြသည်။ တစ်ယောက်ကို တစ်ယောက် ခွင့်လွှတ်မှု၊ သည်းခံမှုများနှင့် အိမ်ထောင်ရေးတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခဲ့ကြသူများဖြစ်သည်။

ကိုဇော်နှင့် မမြစိန်တွင် ကိုဇော်က မမြစိန်ထက် အသက်လေးငါးနှစ်ခန့် ကြီးသည်။ ပြီးတော့ ကိုဇော်က ဆယ်တန်းအောင်ပြီး တတိယနှစ် တက္ကသိုလ်ကျောင်းသား။ မမြစိန်က ငါးတန်း၊ ခြောက်တန်းနှင့် ကျောင်းထွက်ပြီး အပ်ချုပ်ပညာသင်နေချိန် ကိုဇော်နှင့်တွေ့ကာ အကြောင်းပါပြီး အိမ်ရာထူထောင်ခဲ့ကြသူများဖြစ်သည်။

ကိုဇော်၏ မိဘအသိုင်းအဝိုင်းက ပညာတတ်များဖြစ်ပြီး မိဘနှစ်ပါးကိုယ်တိုင်က အစိုးရဌာနတစ်ခုတွင် ရုံးအုပ်ကြီးများအဖြစ် လုပ်ကိုင်နေသော အစိုးရဝန်ထမ်းများဖြစ်သည်။ မမြစိန်မိဘများက ဆင်းရဲချို့တဲ့ပြီး ဈေးသည် လက်လုပ်လက်စားများဖြစ်သည်။ သို့ဖြစ်ရာ ကိုဇော့်မိဘများက မမြစိန်နှင့် ကိုဇော်ကို သဘောမတူကြ။ သည်အတွက် ကိုဇော်က မမြစိန်ကို ခိုးယူသွားပြီး ပြန်လည်အပ်နှံရာ၌ ကိုဇော့်မိဘများက မကြည်မဖြူဖြင့် လိုက်ပါဆောင်ရွက်ခဲ့သော်လည်း မင်္ဂလာဆောင်ရန် ကိစ္စကိုကား ခေါင်းရှောင်၍ နေလိုက်ကြသည်။

သည်အတွက် ကိုဇော်ကသာလျှင် ဦးဆောင်ပြီး မမြစိန်တို့အိမ်တွင် အရှေ့ခုနစ်အိမ် အနောက်ခုနစ်အိမ် ဖိတ်ကြားကာ လက်ဖက်ရည်၊ မုန့်တို့ဖြင့် ဧည့်ခံကျွေးမွေးရင်း အကြင်လင်မယားအဖြစ် ကြေညာကာ ပေါင်းသင်းလာခဲ့ကြရခြင်း ဖြစ်သည်။ နောက်ပိုင်း ကိုဇော်က ယာဉ်ထိန်းရဲဌာနသို့ဝင်၍ တာဝန်ထမ်းဆောင်ရာ အိမ်ထောင်သည်လိုင်းခန်းရသဖြင့် ဝန်ထမ်းလိုင်းခန်းမှာ သွားနေဖြစ်သည်။ သည်မှာတင် သားကြီး ဘိုတောက်ကို မွေးခဲ့သည်။

ထိုမှစ၍ မမြစိန်နှင့် ကိုဇော်၏ မိဘအသိုင်းအဝိုင်းတို့မှာ တစ်စထက်တစ်စ ပို၍ပို၍ ဝေးကွာလာခဲ့ကြသည်။ ယောက္ခမများကလည်း ချွေးမကို ကြည့်မရ၊ ချွေးမကလည်း ယောက္ခမများကို ကြည့်မရဖြစ်ကာ အမုန်းသံသရာ လည်ခဲ့ကြတော့သည်။ ကိုဇော်ကတော့ မိခင်၊ ဖခင်တို့ နေထိုင်မကောင်းသည့်အခါများ အကြောင်းကြားလာပါက မိဘများထံ သွားရောက်လေ့ရှိသော်လည်း မမြစိန်ကမူ သွားရန် စိတ်ကူးမရှိခဲ့ချေ။

သည်လိုနှင့် ကိုဇော်၏ဖခင်က ဦးစွာဆုံးပါးသွားသည့် ဖခင်နာရေးကိစ္စမို့ ကိုဇော်က မိဘအိမ်သို့ သွားရသည်ဖြစ်

www.burmeseclassic.com

ရာ မမြစိန်က ကြည်ဖြူစွာခွင့်လွှတ်သည့်အပြင် သူမကိုယ်တိုင်လည်း လိုက်ပါသွားသည်။ သို့ရာတွင် ကိုဇော့်မိခင်က မကြည်မဖြူရှိသည်မို့ ကြာကြာမနေ၊ ခေတ္တခဏနေပြီး အိမ်သို့ ပြန်လာခဲ့သည်။ ထို့အတူ မမြစိန် ဒုတိယသားမွေးဖွား၍ ဆေးရုံတက်နေရသော်လည်း ကိုဇော့်အမေက သတင်းလာမေးဖော်ဖြင့် မရ။ မသိချင်ယောင်ဆောင်နေခဲ့သည်။ မမြစိန်ရင်ထဲမှာ မကောင်းဖြစ်ခဲ့ရသည်။ သို့သော် မိမိအပေါ် နားလည်ခွင့်လွှတ်တတ်သော ခင်ပွန်းသည် ကိုဇော်တစ်ယောက် သူ့အနားမှာ ရှိနေခဲ့သည့်အတွက် မမြစိန် အရာရာကို ပြည့်ဖုံးကားချနေနိုင်ခဲ့ရှာသည်။

အချိန်ကာလဆိုသည်က ရပ်နားနေသည်မဟုတ်၊ အမြဲရွေ့လျားစီးဆင်း ပြောင်းလဲနေသည်ဖြစ်ရာ ကိုဇော်၏မိခင် ဒေါ်ခင်အေးတစ်ယောက် အသက်(၆၀)ပြည့် ပင်စင်ယူလိုက်ရသည်။ ပင်စင်ယူပြီး သိပ်မကြာ ရောဂါက တစ်ခုပြီးတစ်ခုဖြစ်ကာ နောက်ဆုံး လေတစ်ခြမ်းဖြတ်သွားသည်။ အိမ်ထဲက အိမ်ပြင်သို့ ထွက်မရ။ အိမ်ထဲမှာပင် လူတစ်ယောက်တွဲပေးမှ လမ်းလျှောက်နိုင်သည့်အဆင့် ဖြစ်လာသည်။ ဆေးရုံ၊ ဆေးခန်းတွေမှာ လိုက်ကုသည်။ အနည်းငယ်သက်သာသည်မှလွဲ၍ လုံးဝပျောက်ကင်းခြင်းမရှိ။ နောက်ပိုင်း ခြေတစ်ခြမ်းပြန်ကောင်းလာပြီး လမ်းလျှောက်နိုင်ခဲ့သော်လည်း လက်တစ်ခြမ်းက ကပ်နေသဖြင့် ခရီးဝေးဝေးသို့ သွားမရ။

သို့ဖြစ်ရာ ကိုဇော်နှင့် မမြစိန်တို့က မကြာခဏသတင်းသွားမေးကြရသည်။ ထိုအခါ ကိုဇော့်မိခင် ဒေါ်ခင်အေးက ချွေးမဖြစ်သူ မမြစိန်ကို စကားမပြော။ မျက်နှာတည်တည်ဖြင့်သာ နေလေ့ရှိသည်။ မမြစိန်ကမူ ခင်ပွန်းသည်မျက်နှာဖြင့် လူငယ်ပီပီ လိုက်လျောကာ တတ်နိုင်သမျှ ပြုစုလုပ်ကိုင် ပေးခဲ့သည်သာ။ ထို့ကြောင့် ကိုဇော့်အစ်မ၊ အစ်ကိုနှင့် ညီမတို့၏ ဖော်ရွေမှုဆက်ဆံမှုကို မမြစိန် ခံစားလာခဲ့ရခြင်းဖြစ်သည်။ ကိုဇော်၏အစ်မနှင့် အစ်ကိုတို့မှာ ဝန်ထမ်းများဖြစ်၍ မိခင်နှင့် အတူမနေနိုင်ကြ။ အငယ်ဆုံးညီမ အိမ်ထောင်သည်ကသာလျှင် မိခင်နှင့်အတူနေပြီး မိခင်ကို ပြုစုစောင့်ရှောက်ရသူဖြစ်သည်။

သည်ကာလမှာတင် ကိုဇော်က အလုပ်ကိုငြီးငွေ့လာ၍ အလုပ်မှ ထွက်လိုက်သည်။ ကိုဇော့်မှာ ဝန်ထမ်းဖြစ်သောကြောင့် အလုပ်မှ ထွက်သည်နှင့် ဝန်ထမ်းလိုင်းခန်းမှ ဖယ်ပေးရလေရာ ပြင်ပတွင် အိမ်ခန်းငှား၍ မိသားစုနေကြရသည်။ အိမ်ငှားနေကြရသည့်အပြင် ကိုဇော်၏ ဝင်ငွေပါ ထပ်လျော့သွားသဖြင့် မမြစိန်မှာ အထည်ကို မနားမနေ ချုပ်ရတော့သည်။ ကိုဇော်မှာ အလုပ်ရှာသော်လည်း သူနှင့် အဆင်ပြေမည့်အလုပ်မှာ ချက်ချင်းမရသဖြင့် လောလောဆယ် စားဝတ်နေရေးမှာ တဖြည်းဖြည်း ကျပ်တည်းလာတော့သည်။

ထိုအချိန်တွင် ကိုဇော်၏မိခင် ဒေါ်ခင်အေးတစ်ယောက် ရောဂါဖောက်လာသဖြင့် ကိုဇော်အပါအဝင် ညီအစ်ကိုမောင်နှမများ မိခင်ဘေးသို့ စုပြုံရောက်ရှိလာကြသည်။ မိခင်ဒေါ်ခင်အေးကား စကားမပြောနိုင်တော့။ မျက်လုံးအကြည့်ဖြင့် သားသမီးများကို အရိပ်အယောင် ဟန်ပြပြောနိုင်သည်။ သို့ရာတွင် ကိုဇော်၏ဇနီး ချွေးမဖြစ်သူ မမြစိန်ကိုကား မကြည်ဖြူသောအကြည့်ဖြင့် ကြည့်သွားသည်ကို အားလုံးက သဘောပေါက်ကြသည်။ မမြစိန်ကလည်း ခွင့်လွှတ်နားလည်ပေးခဲ့သည်။ သည်လိုနှင့် ကိုဇော့်မိခင် ဒေါ်ခင်အေးတစ်ယောက် လူ့လောကမှ ထွက်ခွာသွားခဲ့ရရှာတော့သည်။

မိခင်ဆုံးပါးသွားပြီးသည်နောက်ပိုင်း ကိုဇော်၏ အစ်မနှင့် အစ်ကိုတို့မှ အိမ်ငှားနေရသော ကိုဇော်၏ဘဝကို သနားမိကာ အားလုံးပိုင်ဆိုင်သည့် မိခင်ကြီး၏နေအိမ်တွင် လာနေရန် ပြောကြသည်။ ကိုဇော်အတွက် ရေငတ်တုန်း ရေတွင်းထဲကျသည်သို့ ဖြစ်ခဲ့လေရာ ဇနီးသည်မမြစိန်နှင့်တိုင်ပင်ပြီး ချက်ချင်းပင် မိခင်ကြီး၏အိမ်သို့ ပြောင်းရွှေ့လာခဲ့တော့သည်။ ယခင်က မိခင်ကြီးအား ပြုစုရင်း နေထိုင်ခဲ့သည့် ညီမငယ်မိသားစုကလည်း ကိုဇော်တို့ ရောက်လာပြီးသည့် နောက်ပိုင်းတွင် သူ၏ယောက္ခမအိမ်သို့ ပြောင်းနေသွားကြသဖြင့် ကိုဇော်တို့မိသားစုမှာ မိခင်ကြီးအိမ်တွင် မိသား တစ်စုတည်း နေထိုင်ခဲ့ရတော့သည်။

'ဒုန်း..ဒိုင်း'

အသံကြားရာ ပြတင်းတံခါးပေါက်မှ ခုန်ဝင်လာသူ ကိုဇော်၏မိခင် ဒေါ်ခင်အေးဖြစ်သည်။ ဒေါ်ခင်အေးက အဝတ်အစားခပ်နွမ်းနွမ်းကိုဝတ်ထားပြီး မူလအသက် စဉ်ကထက် ရုပ်ရည်မှာ ပို၍အိုစာသွားသည်။ အမှတ်တမဲ့ ကြည့်မည်ဆိုပါက ဒေါ်ခင်အေးဟု မထင်နိုင်။ ကြော စရာ သတ္တဝါဟုသာ ထင်မြင်ယူဆနိုင်ဖွယ်ရှိသည်။ ဒေါ်ခင် အေး မျက်လုံးများက ဝင်းဝင်းတောက်နေသည်။

'ငါ မကျေနပ်ဘူး။ လုံးဝမကျေနပ်ဘူး



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်အေးက မျက်လုံးဝင်းလက်လက်ကို ပြူးကာ မမြစိန်ကိုကြည့်လျက် လက်ညှိုးထိုးပြီး ပြောနေသည်။ မမြစိန်က အံ့ဩလျက် ကြောင်ကြည့်ကာ ဘာလုပ်ရမည်မှန်း မသိဖြစ်သွားသည်။ ထိုစဉ် မမြစိန်စိတ်ထဲမှာ တစ်ခုသွား သတိရလိုက်သည်။ သတိရရချင်း နှုတ်မှ အမြန်ရွတ်ဆိုလိုက်သည်။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'

မမြစိန် ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အမြန်ရွတ်ဆိုနေရသဖြင့် အသံတွေတုန်ခါနေသည်။ ဒေါ်ခင်အေးကမူ ပြတင်းပေါက်တံခါးအနီးမှာရပ်လျက် မမြစိန်ကို ဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် စိုက်ကြည့်ကာ မခန့်လေးစား ဟားတိုက်နေသည်။

'ဟား..ဟား..ဟား..ဟား..ဘာခုမှ ဘုရားတ,နေတာလဲ'

'ဒါ ငါ့အိမ်၊ နင့်အိမ် မဟုတ်ဘူး။ နင် ထွက်သွား။ နင် ထွက်သွား'

ဒေါ်ခင်အေးက ပြောပြောဆိုဖြင့် မမြစိန်ဆီသို့ သူ၏ လက်များကို ဆန့်တန်းကာ လျှောက်လာနေသည်။ သူမ၏ အသွင်သဏ္ဌာန်က မမြစိန်ကို မကျေမနပ်ဖြစ်ကာ လည်ပင်းညှစ်သတ်မည့်ပုံသို့ရှိသည်။ မမြစိန် နောက်နံရံကိုကပ်လျက် မှ ကြောက်ရွံ့တုန်လှုပ်စွာ မျက်စိကိုမှိတ်လျက် နှုတ်မှ မနားတမ်း ရွတ်ဆိုနေလိုက်သည်။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ'

'ဒုန်း'

မည်မျှကြာအောင် ရွတ်ဆိုနေမိသည်မသိ အသံကြားမှ မျက်လုံးဖွင့်ကြည့်မိရာ သူ့ရှေ့တွင် ဘာကိုမျှ မတွေ့မမြင်ရတော့။ စောစောက သူ့ကိုသတ်ရန်ဟန်ပြင်နေသည့် ကြောက်စရာအသွင် ဒေါ်ခင်အေးတစ်ယောက် ဘယ်ပျောက်သွားသည်မှန်း မသိတော့။

'ဘုတ်'

'အမယ်လေး'

မမြစိန်၏အသားကိုယ်ပေါ်သို့ လက်တစ်ချောင်း လာရောက်ထိပုတ်လိုက်သဖြင့် မမြစိန် အလန့်တကြားအော်ရင်း အိပ်နေရာမှ ထထိုင်လိုက်မိသည်။ တစ်ဆက်တည်း သူ၏ ဘေးဘီသို့ ဝေ့ဝဲကြည့်လိုက်သည်။

'အင်း..လက်စသတ်တော့ ကိုဇော် အိပ်ချင်မူးတူးနဲ့ ငါ့အသားကို လာထိတာကိုး။ အင်း..ဒါဆို စောစောက ငါလည်း အိပ်မက်,မက်နေတာပါလား။ ဘုရား..ဘုရား..'

မမြစိန် အတွေးစကို လက်စသတ်ရင်း ဘုရားတ,ကာ အိပ်ရာပေါ် ပြန်လှဲအိပ်လိုက်သည်။ ဘုရားစာကို နှုတ်မှရွတ်ဆိုနေရာ အတန်ကြာသော် မမြစိန် အိပ်ပျော်သွားတော့သည်။ ညသည် အမှောင်ကတ္တီပါကို လွှမ်းခြုံလျက် တိတ်ဆိတ်စွာ ငုတ်တုတ်ထိုင်လျက် ငြိမ်သက်ခြင်းဖြင့် အနားယူနေလေသည်။

◆ ◆ ◆

'အင်း..မင်းပြောသလိုဆိုရင်တော့ အမေက ဒီအိမ်ကြီးကို အစွဲအလမ်းဖြစ်သွားပြီး မကျွတ်မလွတ်ဖြစ်နေတာများလား။ ငါ့ကိုကျတော့ ဘာမှမခြောက်မလှန့် မပြပါလား။ အေးလေ..အမေက မင်းကို ဟိုတုန်းကတည်းက ကြည်တာမှ မဟုတ်တာ'

'အဲဒါပေါ့၊ ရှင့်အမေက ရှင်နဲ့ညားကတည်း ကျွန်မကို သဘောမကျတာ တမလွန်ရောက်သွားတဲ့အထိအောင် ရွံ့မုန်းနေတုန်းပဲ။ ပြီးတော့ ဒီအိမ်ကြီးကိုလည်း ကျွန်မ မောင်ပိုင်စီးမှာကျနေတာပဲ။ တကတည်း'

'ဒါတွေ စိတ်ထဲမထားပါနဲ့ကွာ။ မင်းစိတ်ထဲမှာ အမေ့ကို အကောင်းမြင်ပေးလိုက်ပါ။ သူက တမလွန်ရောက်သွားပြီပဲဥစ္စာ။ လာပြီး မပြောနိုင်တော့ပါဘူး'

'ဘယ်လို..ရှင့်အမေက တမလွန်ကလာပြီး မပြောနိုင်ဘူး၊ ဟုတ်လား။ မနေ့ညကပဲ ကျွန်မကိုလာပြီး ရန်တွေ့ပြီး ဒီအိမ်ထဲက မောင်းထုတ်နေတာလေ။ ရှင်က သိမှမသိဘဲ'

'ကဲပါ၊ ဘာပဲဖြစ်ဖြစ် ဒီအကြောင်း ခေါင်းထဲမှာ မထားတာ အကောင်းဆုံးပါပဲကွာ'

ကိုဇော်က စကားစကိုဖြတ်ရင်း လက်ကျန်ခွက်လေးကို မော့လိုက်သည်။ မမြစိန်ကလည်း စကားစကိုဖြတ်ကာ ချုပ်လက်စအထည်ကို ချုပ်နေလိုက်သည်။ လောလောဆယ်တွင် ကိုဇော် အလုပ်အကိုင်မရသေးစဉ် မမြစိန် အထည်ချုပ်လုပ်ငန်းကို မရပ်မနားလုပ်ပါမှ မိသားစုစားဝတ်နေရေးက အဆင်ပြေနိုင်မည်။ ကိုဇော်က ညနေဆို အရက်ကို အနည်းအကျဉ်းသောက်တတ်သေးသူဖြစ်ရာ သားနှစ်ယောက် မုန့်ဖိုးကဲ့သို့ သူ့ကိုလည်း အရက်ဖိုးပေးရမည်မှာ မမြစိန်အတွက် အလုပ်တစ်လုပ်ဖြစ်သည်။

ကိုဇော်က အရက်သောက်သည်ဆိုသော်လည်း ရှမ်း



www.burmeseclassic.com

www.burmeseclassic.com

ရမ်းကားကားမဟုတ်၊ အရက်အနည်းငယ်သောက်ပြီး ထမင်းစားကာ အိပ်ရာဝင်တတ်သူဖြစ်သည်။ ကကျိုကကြောင်မကျ၊ မိသားစုကို ရန်မလုပ်။ ငုတ်တုတ်ထိုင်ကာ စကားနည်းသူဖြစ်သည်။ သားသမီးများကိုလည်း ဆူခြင်း၊ ဆဲခြင်း၊ ရိုက်ခြင်း၊ ပုတ်ခြင်း အလျှင်းမရှိ။ ဘာလုပ်လုပ် ကြည့်နေတတ်သူဖြစ်သည်။ ကိုဇော်က အိမ်ထောင်ဦးစီးဟုဆိုသော်လည်း တကယ်လက်တွေ့တွင် အိမ်ထောင်ဦးစီးမှာ မမြစိမ်းသာ ဖြစ်လေသည်။

'မြစိမ်း..ငါ ထမင်းစားနှင့်တော့မယ်ကွာ'

'စားနှင့်၊ စားနှင့်။ ကျွန်မကတော့ ဟောဒီမှာ အလုပ်တွေက တန်းစီနေတယ်'

'အေးလေ..ငါကလည်း မင်းအလုပ်ကို ဝိုင်းပြီးမလုပ်တတ်တာကိုး'

'ဟုတ်ပါပြီ၊ ရှင်တို့သားအဖတွေပဲအေးတယ်။ စားပြီးအိပ်၊ အိပ်ပြီးစား။ ဟိုကလေးနှစ်ယောက်ကလည်း စားပြီးတာနဲ့ အိပ်တာပဲ။ စာကျက်သံတောင် မကြားရဘူး'

မမြစိမ်း ညည်းတွားရင်း အပ်ထည်များကို စက်ချုပ်လိုက်နေရှာသည်။ ကိုဇော်က နောက်ဖေးခန်းသို့ဝင်ကာ ထမင်းခူး၍စားနေသည်။ သည်လိုနှင့်ပင် သူတို့မိသားစုဘဝလေးသည် တစ်နေ့မှတစ်နေ့ ပြောင်းလဲလာခဲ့သော်လည်း စီးပွားရေးကား တစ်နေ့တခြား တိုးတက်လာခြင်း မရှိချေ။

အမွေဆိုင်အိမ်မှာ ခေတ္တနေရ၍သာ တော်တော့သည်။ အကယ်၍ အမွေဆိုင်အိမ်ကို အရောင်းအဝယ်တည့်ပြီဆိုပါက သူတို့မိသားစု ဖယ်ပေးရမည်သာ။ သို့သော် ကိုဇော်အတွက် ရမည့်အမွေဝေစုတော့ရှိသည်။ ထိုအမွေဝေစုက အိမ်တစ်လုံးထပ်ဝယ်ဖို့ လောက်ငမည်လား၊ မလောက်ငမည်လား ဆိုသည်ကတော့ လောလောဆယ် ခန့်မှန်း၍မရသေးချေ။

'အမယ်လေး..အမယ်လေး..သရဲ..သရဲ'

'ဒုန်း..ဒိုင်း'

မမျှော်လင့်သောအသံက ကျယ်လောင်စွာ ထွက်ပေါ်လာလျက် အိမ်အတွင်း၌ လဲကျသံများဖြင့် ရုတ်ချည်းဆူညံသွားကာ အကြီးကောင်ဘိုတောက် သူတို့အိပ်ခန်းအတွင်းမှ ပြေးထွက်လာသည်ကို မမြစိမ်းမြင်လိုက်သည်။ ချက်ချင်းပင် ဘိုတောက် လဲကျရာသို့ အပြေးသွားလိုက်သည်။

'သား..ဘာဖြစ်လို့လဲ အမေ့ကိုပြောစမ်း'

'ဟို..ဟို..သရဲ..သရဲ၊ တံခါးပေါက်က အိမ်ထဲကို ခုန်ဝင်လာတယ်'

ဘိုတောက်က ကြောက်ရွံ့တုန်ခါရင်း မိခင်ဖြစ်သူ မမြစိမ်းကိုဖက်၍ ပြောပြသည်။ ထိုစဉ် ထမင်းစားခန်းမှ ကိုဇော်က မမြစိမ်းတို့ သားအမိနားသို့ ရောက်လာသည်။

'မင်းကွာ၊ အိမ်ချင်မှူးတူးနဲ့ ဘာဖြစ်တာလဲ။ မင်းအရွယ်က ကလေးမဟုတ်တော့ဘူးနော်'

'ကိုဇော်..ရှင် ဘာမှမသိဘဲနဲ့ ကလေးကို မဆူပါနဲ့။ ကျွန်မ ရှင့်ကို စောစောက ပြောပြထားတာ ရှင်မှတ်မိလား။ အခု ရှင့်အမေက ကျွန်မတင်မဟုတ်တော့ဘူး၊ ကျွန်မသားကိုပါ လာခြောက်လှန့်နေပြီ။ အဲဒါ ရှင်ဘယ်လိုလုပ်မလဲ'

မမြစိမ်းစကားကြောင့် ကိုဇော် ခေါင်းကုတ်ကာ စဉ်းစားခန်းဝင်လိုက်သည်။ ခဏကြာမှ မမြစိမ်းတို့ သားအမိကို ကြည့်ကာ ပြောလိုက်သည်။

'အေး..ငါလည်း ဘယ်လိုပြောရမှန်း မသိတော့ဘူး။ ဖြစ်နိုင်ရင် ငါကိုယ်တိုင် တွေ့ချင်၊ မြင်ချင်တယ်။ ဒါမှ ငါလည်း ယုံလို့ရတယ်။ ပြီးမှ ဘယ်လိုလုပ်ရမလဲဆိုတာ အဖြေရှာလို့ရမှာပေါ့'

'ကဲ..ကျေးဇူးရှင်ယောက္ခမကြီးရှင်၊ ကျွန်မ တောင်းပန်ပါတယ်။ ဟောဒီယောက္ခမကြီးရဲ့သားကို ကိုယ်တိုင်ထင်ထင်ရှားရှား ပြတော်မူပါရှင်။ ပြတော်မူပါ။ တောင်းပန်ပါတယ်'

မမြစိမ်းက လက်အုပ်ချီ၍ ပြတင်းပေါက်တံခါးဆီသို့ မျက်နှာမူကာ အသံကျယ်ကျယ်ဖြင့် အော်ပြောလိုက်သည်။ ကိုဇော်က ဘာမှမသိသလို မမြစိမ်းတို့အနားက ထထွက်သွားသည်။ သားဘိုတောက်မှာလည်း ကြောက်စိတ်ပျောက်သွားကာ မိခင်ကိုတစ်လှည့်၊ ဖခင်ကိုတစ်လှည့်ကြည့်ရင်း နေလေရာ မမြစိမ်းက သားကို ဖေးမတွဲရင်း အိပ်ခန်းဆီသို့ လိုက်ပို့ပေးလိုက်သည်။

ခဏကြာမှ မမြစိမ်းတစ်ယောက် သားဘိုတောက်ကို အကြောက်ပြေအောင် ချော့သိပ်ပေးပြီး စက်ချုပ်ရာသို့ပြန်လာကာ ထုံးစံအတိုင်း အထည်ချုပ်နေတော့သည်။ တစ်အိမ်လုံးရှိ လူများအားလုံး အိပ်ပျော်သွားပြီဆိုသော်လည်း မမြစိမ်း မအိပ်စက်နိုင်သေး။ ဝမ်းစာရေးအတွက် မမြစိမ်း မအေးနိုင်။ အထည်ကို လှိုင်လှိုင်ချုပ်နိုင်ပါမှ ဝမ်းရေးက စိတ်အေးရမည်ကို မမြစိမ်းသာ အသိဆုံးဖြစ်သည်။

'သရဲ..သရဲ..ဟင်..အမေ၊ အမေ မဟုတ်လား'

'အမေ..ဒီကို ဘာလာလုပ်တာလဲ။ အမေက သေသွား



www.burmeseclassic.com

www.burmeseclassic.com

ပြီမဟုတ်လား'

တိတ်ဆိတ်နေသော အိမ်အတွင်းထဲက ကိုဇော်၏အသံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် မမြစိန် အသံလာရာသို့ ခေါင်းထောင်ကြည့်လိုက်သည်။ ပြီးနောက် အသံလာရာသို့ ဖြည်းဖြည်းချင်းသွားလိုက်သည်။ ကိုဇော်မှာ အိပ်ရာပေါ်၌ ပက်လက်အိပ်ရင်း တစ်ယောက်တည်း မျက်စိမှိတ်ကာ ပြောနေသည်ကို တွေ့ရသည်။

'အမေက ဒီအိမ်ကြီးကို မခွဲနိုင်ဘူး၊ ဟုတ်လား။ ကျွန်တော်တို့မိသားစု ဒီအိမ်မှာနေတာ အမေမကြိုက်ဘူး ဟုတ်လား။ ကျွန်တော်··ကျွန်တော်··အမေ··အမေ'

ကိုဇော်မှာ အိပ်ပျော်ရင်းမှ တစ်ယောက်တည်း ယောင်ယမ်းအော်ခေါ်ရင်း လှဲနေရာမှ ချက်ချင်းထထိုင်လိုက်သည်။ ထို့ကြောင့် မမြစိန်က ကိုဇော့်အနီးထိုင်ချကာ ကိုဇော့်ပခုံးကို သူ၏လက်ဖြင့် လှမ်းပုတ်လိုက်သည်။ ပါးစပ်ကလည်း ပြောလိုက်သည်။

'ကိုဇော်··ရှင် ဘာတွေယောင်ပြီး အော်နေတာလဲ ဟင်'

'ဟင်း'

ကိုဇော်က သက်ပြင်းရှည်ကြီးကိုချရင်း ဇနီးဖြစ်သူ မမြစိန်ကို မျက်လုံးပြူးဖြင့် ကြည့်လိုက်သည်။ ပြီးနောက် ပြတင်းတံခါးပေါက်ဆီသို့ အသေအချာ စိုက်ကြည့်ကာ ခေါင်းကို တညိတ်ညိတ်လုပ်လိုက်သည်။

'ကိုဇော်··ရှင် သတိရပါတယ်နော်။ ကျွန်မကို သိပါတယ်နော်'

မမြစိန်က ကိုဇော်ရုပ်အမူအရာကိုကြည့်ပြီး စိတ်မချသလို မေးလိုက်သည်။ ဒီတော့မှ ကိုဇော်က ထိုင်ရာမှထလာကာ အခန်းအပြင်သို့ ထွက်သွားသဖြင့် မမြစိန်လည်း လိုက်ထွက်လာလိုက်သည်။

ကိုဇော်က ရေတစ်ခွက်ကို ယူသောက်လိုက်ပြီးနောက် မမြစိန် စက်ချုပ်နေရာအနီးတွင် ထိုင်ချရင်း စကားစပြောလိုက်သည်။

'ငါ မင်းတို့ပြောတာတွေကို အားလုံးလက်ခံလိုက်ပြီ'

'ရှင် ဘာကိုဆိုလိုတာလဲဟင်'

'ဩော်··ငါ့အမေ ဒီအိမ်ကြီးမှာ မကျွတ်မလွတ်ဘဲ အစွဲအလမ်းဖြစ်နေတုန်းဆိုတာ ဟုတ်တယ်။ ငါကိုယ်တိုင် မြင်ရမှ ငါယုံမိတယ်။ ဒီအတွက် ငါ စိတ်မကောင်းဖြစ်မိတယ်ကွာ။ အမေ့အတွက်တော့ တို့တစ်တွေ တစ်ခုခုလုပ်ပေးမှဖြစ်မယ်'

'ဩော်··ဒါဆို ရှင့်အမေကို ရှင် တွေ့လိုက်ရပြီပေါ့။ ဟုတ်လား။ ဒါကြောင့် ရှင် ယောင်ယမ်းအော်နေတာကိုး'

ကိုဇော်က ခေါင်းညိတ်ရင်း အဖြေပေးလိုက်သည်။ နှစ်ယောက်သား အတန်ကြာသည်အထိ စကားဆက်မပြောနိုင်ကြ။ ကိုယ့်အတွေးနှင့်ကိုယ် စဉ်းစားခန်းဝင်ရင်း တိတ်ဆိတ်နေကြသည်။

ထိုစဉ်–

'ဒုန်း··ဒိုင်း'

ပြတင်းတံခါးပေါက်မှ အသံကြားရပြန်သဖြင့် နှစ်ယောက်သား အသံလာရာသို့ လှည့်ကြည့်လိုက်ကြသည်။ တံခါးရွက်ကား ပိတ်ထားသဖြင့် ငြိမ်သက်နေသည်။ အပြင်ဘက်တွင်လည်း လေမိုးထန်ပုံမရ။ တစ်ခါ တိရစ္ဆာန်တစ်ကောင်ကောင် ခုန်ချထွက်ပြေး၍လားဟု သံသယရှိမိသော်လည်း မည်သည့်တိရစ္ဆာန်ကိုမျှ မတွေ့ရ။ အလိုလိုနေရင်း အသံမြည်လာသည်မှာ ထူးဆန်းနေသည်။

သို့ရာတွင် ထိုအကြောင်း၏ဇာစ်မြစ်ကို မမြစိန်ရော ကိုဇော်ပါ သိရှိပြီးဖြစ်ရာ နှစ်ယောက်သား တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ရင်း သက်ပြင်းကိုယ်စီချလိုက်ကြသည်။

'အင်း··မနက်ဖြန်ကျရင်တော့ အစ်ကိုတို့၊ အစ်မတို့နဲ့ တိုင်ပင်ပြီး အမေ့အတွက် အလှူအတန်းလေးလုပ်ပြီး အမျှအတန်းပေးဝေမှဖြစ်မယ်။ ဒါမှ အမေ သာဓုခေါ်နိုင်ပြီး ဒီဘဝက ကျွတ်မှာ၊ လွတ်မှာ'

'ကောင်းတာပေါ့တော်။ အဲဒါ အစောကြီးကတည်းက လုပ်သင့်တာ။ ကျုပ်ပြောနေတာကို ရှင်က ယုံမှမယုံတာပဲ'

'အခုတော့ ငါလည်း ယုံကြည်ပါပြီကွာ။ ကဲ··မင်းလည်း ပင်ပန်းလှပါပြီ။ ညဉ့်လည်း အတော်နက်နေပြီ။ အိပ်ကြရအောင်'

ကိုဇော်က ဇနီးသည်မမြစိန်ကိုကြည့်ရင်း ကရုဏာသံဖြင့် ပြောလိုက်ရာ မမြစိန် ဘာမျှမပြောတော့ အိပ်ခန်းရှိရာသို့ ဝင်သွားသဖြင့် ကိုဇော်လည်း မမြစိန်နောက်မှ ထလိုက်သွား၏။

မီးမှိတ်လိုက်သဖြင့် တစ်အိမ်လုံး မည်းမည်းမှောင်သွားကာ ညသရုပ်ကို ပီပြင်စွာ သရုပ်ဆောင်၍နေတော့သည်။

ချစ်မင်းနေယူ



www.burmeseclassic.com

www.burmeseclassic.com



# ဝင်းသောင် (ရမည်းသင်း)

## ပန်းစိုက်သမားနဲ့ ဝေမာနီကပြွတ္တာ

'အစ်ကိုကြီးနဲ့ မမနုတို့ နေကောင်းကြတယ်နော်'

'ဟုတ်ကဲ့၊ ကောင်းကြပါတယ်။ ဒါနဲ့ ငြိမ်းတို့ သား
အမိတွေ နေကောင်းကြလား။ ကျွန်မကတော့ လူချင်းမ
ဖြစ်ပေမယ့် ရွှေဘုံသာရဲ့အရာရှိများရိပ်သာမှာ နေထိုင်
စဉ်က အကြောင်းတွေ ခဏ,ခဏ သတိရတယ်။ ပြောဖြ
ကြတယ်'

ကိုအေးမောင်ရဲ့အမေးကို ကျွန်တော့်ဇနီးသည် ဒေါ်
သန်းနုက ဖြေကြားလိုက်ပြီး အမြဲတစေ သတိရကြောင်
ပြောလိုက်သည်။

ကျွန်တော်နဲ့ ကိုအေးမောင်လည်း အသက်(၈)နှစ်ခ
ကွာသဖြင့် ကျွန်တော် သက်ပြည့်အငြိမ်းစားယူချိန်တွင်
က တာဝန်ထမ်းဆောင်ဆဲမို့ ဝန်ထမ်းထုံးစံအတိုင်း ဟို
သည်မှ ပြောင်းရွှေ့ထမ်းဆောင်ရင်း ကျွန်တော်တို့ တ
ယောက်နှင့်တစ်ယောက် မတွေ့ဆုံဖြစ်ဘဲ ကင်းကွာ
ခြင်း ဖြစ်ပါသည်။ သူ အသက်ပြည့်ပင်စင်ယူတော့လည်

'တီ'

'တီ'

'တီ..တီ'

'ကြည့်စမ်း၊ ကြည့်စမ်း။ ဘယ်သူများလဲ အောက်မေ့တယ် ကိုအေးမောင်ပဲ။ ကိုအေးမောင်တို့ကတော့ ဟိုတုန်းကလို တောင့်တုန်းဖြောင့်တုန်းပဲ။ လာပါဗျာ။ အိမ်ထဲဝင်ပါ'

အိမ်ရှေ့က လူခေါ်ခေါင်းလောင်းသံကြားသဖြင့် တံခါးဖွင့်ကြည့်လိုက်ရာ လုပ်ဖော်ကိုင်ဖက် အငြိမ်းစားဒုရဲမှူးကြီး အေးမောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် ဝမ်းသာအားရနှုတ်ဆက်ကာ ကျွန်တော်မှ အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးသားပါ။ ကျန်းမာလို့ စာတွေ ရေးနိုင်တာပေါ့၊ မဟုတ်ဘူးလား။ အစ်ကိုကြီးရဲ့ ဝတ္ထုဇာတ်လမ်းတွေထဲမှာ မမနုက ဒေါ်မြသန်းနု အမည်ခံ ဇာတ်ကောင်နဲ့တစ်မျိုး၊ မဒေါင်းဆိုတဲ့ အမည်ခံ ဇာတ်ကောင်နဲ့တစ်ဖုံ လှုပ်ရှားပါဝင်နေကတည်းက ကျန်းမာရေးတွေ ဒေါင်ဒေါင်မြည်ပဲဆိုတာ တွက်မိပါတယ်’

‘အစ်ကိုကြီးတို့ကို အားကျတယ်ဗျာ။ ကျွန်တော်က အစ်ကိုကြီးလို စာမရေးတတ်ဘူး။ စာဖတ်တာကို ကျွန်တော်ကော ငြိမ်းပါ ဝါသနာပါတယ်။ တွေ့သမျှစာကိုဖတ်တယ်။ ကုန်ကုန်ပြောရရင် လေနိုင်ဆေး၊ ဝမ်းနုတ်ဆေး၊ သွေးသန့်ဆေး စတဲ့ဆေးတွေက ဆေးညွှန်းတောင် အလွတ်မပေးဘဲ ဖတ်တာပဲ။ သားကြီး၊ သားလေးတို့ကလည်း အနီးမှာ မရှိကြတော့ ပျင်းပျင်းရှိ စာတွေပဲဖတ်ပြီး အချိန်တွေကို ကျော်ဖြတ်ရတာပဲ အစ်ကိုကြီးရေ’

‘စောစောက ရှင်တို့ညီအစ်ကိုစားဖို့ ထမင်းပွဲပြင်နေလို့ ကိုအေးမောင် ပြောတဲ့စကား သဲသဲကွဲကွဲ မကြားလိုက်ဘူး။ သားကြီး၊ သားလေးတို့ကလည်း နီးနီးနားနားမှာ မရှိကြဘူးဆိုတာ ဘာကိုပြောတာလဲ။ သားကြီး၊ သားလေးတို့က ဘယ်သွားကြလို့လဲဟင် ကိုအေးမောင်’

‘ကဲ‥မမနုမေးမှ သတိရတယ်။ အစ်ကိုကြီးကို အေးစရာရှိတာ စိတ်စွဲနေလို့ ပြောဖို့မေ့သွားတာ မမနုရေး။ သား

သူက မျှော်ဘီဘက်မှာ ခြံတစ်ခြံဝယ်ပြီး ပန်းစိုက်တောင်သူလုပ်နေသလို ကျွန်တော်ကလည်း တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်တွင် သုတ၊ ရသ၊ ဂမ္ဘီရ၊ ပြစ်မှု စသဖြင့် မဂ္ဂဇင်းများတွင် ဝတ္ထုဆောင်းပါးတွေ ရေးသားနေခြင်းဖြစ်ရာ အနေမဝေးသော်လည်း မတွေ့ဖြစ်ကြဘဲ အချိန်တွေ ကုန်မှန်းမသိ ကုန်သွားခြင်း ဖြစ်ပါသည်။ ဟိုစဉ်ကတော့ မိသားစုနှစ်စု နှစ်အိမ်တစ်အိမ်နေခဲ့ကြတာမို့ ခုအချိန်ထိ အလွန်ရင်းနှီး ခင်မင်ကြပါသည်။

‘ကျွန်တော်က အစ်ကိုကြီးနဲ့ မမနုကို မေးရိုးမေးစဉ်မို့သာ မေးတာပါ။ လစဉ်လတိုင်း မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ အစ်ကိုကြီးရေးတဲ့ ဝတ္ထုဆောင်းပါးတွေ ဖတ်နေရတာမို့ အစ်ကိုကြီးနဲ့ မမနုတို့ ကျန်းမာကြတယ်ဆိုတာ သိ

www.burmeseclassic.com

ကြီးက (…)တိုင်းစစ်ဌာနချုပ်မှာ ဗိုလ်မှူးအဆင့်နဲ့ တာဝန်ထမ်းဆောင်နေပါတယ်။ သားလေးကတော့ ဆေးတက္ကသိုလ်(ရန်ကုန်)မှာ နောက်ဆုံးနှစ် တက်နေပါတယ်။ သားကြီးက သားလေးကို ကျောင်းစရိတ်တာဝန်ယူပါတယ်။ အိမ်ထောင်မရှိ၊ လူပျိုကြီးပေါ့။ အိမ်ထောင်ပြုသင့်တဲ့အရွယ်မို့ ကျွန်တော်နဲ့ ငြိမ်းက အိမ်ထောင်ပြုချင်ပြုဖို့ တိုက်တွန်းပါတယ်။ သူ့မှာ ရည်ရွယ်ထားတဲ့ လက်တွဲဖော်ရှိမှန်းလည်း သိနေတာကိုး။ အဲဒါ သူ့ညီလေး ကျောင်းပြီးမှ အိမ်ထောင်ပြုမယ်တဲ့။ သူ့ရဲ့လက်တွဲမဖော် မိန်းကလေးက (…) တက္ကသိုလ်မှာ လက်ထောက်ကထိက ဒေါက်တာဘွဲ့ရ ဆရာမတစ်ယောက်ပါပဲ'

'ကိုအေးမောင်ပြောပြတဲ့ စကားတွေထဲမှာ သားကြီးအကြောင်း သိရတာ စိတ်အချမ်းသာဆုံးပဲ။ သားကြီးက ငယ်ငယ်ကတည်းက အလွန်အေးချမ်းပြီး မိသားစုအပေါ် သံယောဇဉ်အလွန်ကြီးတဲ့ ကလေးဆိုတာ ကျွန်မသိတယ်။ ကျွန်မတို့ အတူနေကြတုန်းက သူ့ကို ကျွန်မက မုန့်ကျွေးရင် စားဟန်ပြပြီး မစားဘဲ သူ့ညီကိုကျွေးတယ်။ ကျွန်မကဲ သိတော့ သားကြီးရယ်‥အမေနက သားလေးအတွက်လည်း ဟောဒီမှာ ပေးဖို့ချန်ထားပါတယ်။ မင်းအတွက် မင်းစားလို့ ပြောတော့ ရယ်ကျဲကျဲနဲ့ သား ဗိုက်ဝနေလို့ပါတဲ့'

'ဒီခေတ်က အများအားဖြင့် မိမှန်းမသိ ဖမှန်းမသိ သွေးသားညီရင်း အစ်ကို၊ အစ်မရယ်၊ ညီမရယ်ဆိုတာလည်း နားမလည် တစ်ဘို့တည်း တွက်တဲ့ခေတ် သားကြီးလို စိတ်ဓာတ်မျိုးက ရှားတယ်။ ဒီလောက်စိတ်နှလုံးကောင်းတဲ့ သားကြီး၊ မိဘကျေးဇူးသိတတ်တဲ့ သားကြီး၊ ညီလေးအပေါ် သံယောဇဉ်ကြီးတဲ့ သားကြီး ဘေးဘယာဝေးကွာပြီး အသက်ရာကျော် ရှည်ပါစေတော်'

ဒေါ်မြသန်းနုသည် ငယ်စဉ်ကပင် အတူနေခဲ့ရပြီး ချစ်ခင်ရင်းစွဲရှိသဖြင့် သားကြီးအတွက် ဆုတွေ တစ်ဝကြီးပေးလိုက်သည်။

'ကိုအေးမောင်‥ပန်းစိုက်တဲ့အလုပ်အပြင် ဘာစီးပွားရေး လုပ်သေးလဲ'

'ကျွန်တော်နဲ့ငြိမ်းက အစ်ကိုကြီးနဲ့ မမနုတို့လိုပဲ နှစ်ယောက်လုံး အငြိမ်းစားတွေဆိုတော့ နိုင်ငံတော်ကပေးတဲ့ အငြိမ်းစားလစာနဲ့ ကောင်းကောင်းနေနိုင်၊ စားနိုင်ကြပါတယ်။ ပန်းစိုက်တယ်ဆိုတာက ကျွန်တော့်ဝါသနာအရ စိုက်တာပါ။ အသင့်အတင့်အမြတ်အစွန်းရတဲ့အပြင် ဖြစ်ထွန်းနေတဲ့ ပန်းစိုက်ခင်းကြီးကို ကြည့်ရတာ သိပ်စိတ်ချမ်းသာတယ် အစ်ကိုကြီးရာ။ ကျွန်တော်တို့နှစ်ယောက်က ကြီးကြပ်ရုံသက်သက်မို့ မပင်ပန်းပါဘူး'

'အေးပေါ့၊ အငြိမ်းစားတွေဆိုပြီး ငြိမ်ထိုင်နေလို့ အကျိုးမရှိပါဘူး။ တစ်ခုခုလုပ်နေတော့ စိတ်အပန်းပြေပြီး လူလည်း ကျန်းမာ ဝင်ငွေလည်း ရတာပေါ့နော်။ ဒါနဲ့ ကိုအေးမောင် မေးမယ်ဆိုတဲ့ကိစ္စ ဘာများလဲဟင်'

'ဒီလိုပါ အစ်ကိုကြီး၊ အမျိုးသမီးတစ်ယောက်အနေနဲ့ လူခြောက်လေးမွေးတယ်ဆိုရင် ဖြစ်နိုင်ပါ့မလား။ လူခြောက်ဆိုတာ တကယ်ရှိသလားဆိုတာ ကျွန်တော်သိချင်လို့ပါ'

'ဘယ်သူတွေက ဘာတွေပြောကြဆိုကြလို့ ကိုအေးမောင်ရော ဘယ်လိုကြားထားလဲဟင်'

'ကျွန်တော်တို့ ခြံဘေးက အမျိုးသမီးတစ်ယောက်ရဲ့ အစ်မဟာ လွန်ခဲ့တဲ့(၈)လလောက်က လူခြောက်လေးတစ်ယောက် မွေးတယ်တဲ့။ အဲဒီလူခြောက်လေး မွေးပြီးတဲ့နောက်ပိုင်း အဲဒီအမျိုးသမီးမိသားစုဟာ စီးပွားတက်လာတယ်တဲ့။ သိသာထင်ရှားတာကတော့ မွေးပြီး တစ်လအတွင်းမှာ လူခြောက်လေးက အိပ်မက်ပေးလို့ ထီထိုးလိုက်တာ သိန်း(၅၀)ဆု ပေါက်တယ်တဲ့'

'ဟာ‥တယ်ဟုတ်ပါလား။ ဆက်စမ်းပါဦး ကိုအေးမောင်'

'ဒါတင်မကသေးဘူး အစ်ကိုကြီးရေ၊ သိန်း(၅၀)ဆုပေါက်ပြီး နှစ်လပဲခြားတယ် သိန်း(၁၀၀)ဆုကြီး ထပ်ပေါက်တယ်တဲ့'

'နောက်ရော ဘာထူးခြားသေးလဲ ကိုအေးမောင်'

'အသေးစိတ်ကတော့ မသိပါဘူး အစ်ကိုကြီးရယ်။ ဂန္ဓမာစိုက်ခင်းက အမျိုးသမီးတွေ ဝိုင်းဖွဲ့ပြောနေတာ နားစွန်နားဖျား ကြားတာလောက်ပါပဲ။ မယုံရခက် ယုံရခက်တဲ့ ကိစ္စမို့ အစ်ကိုကြီးများ သိမလားလို့ မေးကြည့်တာပါ'

'ကောင်းပါပြီ။ ကျွန်တော် သိသမျှ၊ ဖတ်ဖူး၊မှတ်ဖူးထားသမျှတွေနဲ့ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း(၆၀)လောက်က တွေ့ကြုံခဲ့ဖူးတဲ့ ဖြစ်ရပ်မှန် လူသိနည်းတဲ့ အကြောင်းလေးတစ်ခု ပြောပြပါ့မယ်။ ကျွန်တော့်ဇာတိမြေက မထွက်ခွာမီ ဆယ်ကျော်သက်အရွယ်က အကြောင်းမို့ ကြာတော့ ကြာခဲ့ပါပြီ။ ကျွန်တော်နဲ့ တစ်မြို့တည်း နေကြသူတွေထဲမှာ ကျွန်တော့်ကို သိပ်ခင်တဲ့ ကိုသူတော်နဲ့ မလွန်းတို့ ဇနီးမောင်နှံ ရှိကြပါတယ်။ သူတို့မှာ သားသမီး(၇)ယောက် ရှိကြ

www.burmeseclassic.com

တယ်။ တစ်နှစ် တစ်ယောက်ဆိုတာလို မလွန်းကမွေးတော့ ပုစုခရုတွေ တစ်ပုံတပင်ကြီးပဲ။ ကလေးမွေးလွန်းတဲ့ မလွန်းကို ကျွန်တော်တို့က မလွန်းလို့မခေါ်ဘဲ ရှင်မွေးလွန်းလို့ ခေါ်ကြတော့ အများကပါ လိုက်ခေါ်ရင်း ရှင်မွေးလွန်း ဖြစ်သွားတယ်။ ထို့အတူပဲ ကိုသူတော်ကိုလည်း ကိုလူတော်လို့ အပြောင်အပြက်ခေါ်ကြရင်း ဒီနေ့အထိ သူတို့လင်မယားဟာ လူတော်နဲ့ ရှင်မွေးလွန်းရယ်လို့ တွင်နေကြတယ်'

သူတို့ရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တွေကတော့ ကိုသူတော်က ဆံပင်ညှပ်ပြီး မလွန်းက အိမ်မှာ ချောက်တီးချောက်ချက် အိမ်ဆိုင်လေးဖွင့် ရောင်းဝယ်တဲ့အလုပ် လုပ်ပါတယ်။ စားမယ့် ပါးစပ်ပေါက်တွေ များပေမယ့်လည်း ပုံမှန် ပျော်ပျော်ပါးပါး စားစားသောက်သောက် နေကြတဲ့ မိသားစုလေးတစ်စုပါ။

တစ်ညမှာ မလွန်း ကိုယ်လက်မအီမသာဖြစ်လို့ အိပ်ရာထဲ လှဲနေတုန်း မှေးခနဲ အိပ်ပျော်သွားပြီး အိပ်မက်မြင်မက်တယ်တဲ့။

'အမေ့ဆီ ကျွန်တော်လာချင်တယ်။ အမေ့ဆီ ကျွန်တော်လာချင်တယ်'

'လာချင်လည်း လာပေါ့ သားရယ်'

မလွန်းအိပ်မက်က ဒီလောက်ပဲ။ ဒါပေမဲ့ သုံးညဆက်ပြီး မက်တယ်။ အိပ်မက်,မက်တိုင်းလည်း မလွန်းက လာချင်လည်းလာပေါ့ သားရယ်လို့ ပြန်ပြောမိတယ်တဲ့။

အိပ်မက်အကြောင်း ကိုသူတော်ကို မလွန်းက ပြောတော့ 'ဒီမိန်းမ တောပြောတောင်ပြော လျှောက်ပြောမနေနဲ့။ နင့်အသက်(၅၀)ပြည့်လို့ သွေးတောင်ဆုံးတော့မှာ အများကကြားရင် ဝိုင်းဟားကြလိမ့်မယ်။ သားကြီးနဲ့ သမီးကြီးကြားရင် ရှက်ပြီး မနေတတ်မထိုင်တတ် ဖြစ်နေဦးမယ်။ နောက်ပြီး ဟိုနှစ်ကောင်သိရင် ဦးဘသတိုးမောင်းငှားပြီး တစ်မြို့လုံး မောင်းတီးကြေညာလိမ့်မယ်။ နင့်ကို ရှင်မွေးလွန်းလို့ ငါ့ကို ကိုလူတော်လို့ နာမည်တွေ ပေးထားတာ တခြားလူ မအောက်မေ့နဲ့ အဲဒီကောင်တွေဗျ။ စကားပြောဆင်ခြင်စမ်းပါဟာ'

(ကိုသူတော်က ဟိုကောင်နှစ်ကောင်ဟု ရည်ညွှန်းပြောဆိုခံရသူများမှာ စာရေးသူနှင့် သူငယ်ချင်း ဖိုးပြုံးမြင့်သိန်းကို ပြောဆိုခြင်း ဖြစ်ပါသည်။ ဟိုတစ်ချိန်က ကျွန်တော်တို့မြို့မှာ ရုပ်ရှင်သဘင်ဇာတ်ပွဲကအစ တရားပွဲအဆုံး မြို့တွင်းနေရာအနှံ့ ဦးဘသတိုးကို မောင်းတီးကြေညာစေသောမလေ့ ရှိခဲ့ပါသည်။)

အဲဒီညမှာပဲ ကိုသူတော် အိပ်မက်,မက်တယ်။

'အဖေတို့အိမ်မှာ ကျွန်တော်နေမယ်။ ကျွန်တော် နေမယ်'

'ငါ့သား လာနေချင်ရင် လာနေပေါ့ကွာ'

တကယ်တော့ ကိုသူတော်ရဲ့အိပ်မက်က ဒီလောက်ပဲ။ အံ့ဩဖို့ကောင်းတာက မလွန်း အိပ်မက်,မက်တုန်းကလိုပဲ (၃)ညဆက် မက်တာပဲ။

ပထမအကြိမ် အိပ်မက်,မက်စဉ်ကတော့ နေ့လယ်က မလွန်းနဲ့ အိပ်မက်အကြောင်း ပြောကြဆိုကြတာမို့ စိတ်စွဲမက်တယ်ထင်တာ။ (၃)ညဆက် မက်တော့ ကိုသူတော်၊ မလွန်းတို့ အနေနဲ့ ထူးခြားတယ်လို့ ထင်ကြတယ်တဲ့။ ဒါပေမဲ့ ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူးတဲ့။

အိပ်မက်,မက်ပြီး (၂)လကျော် (၃)လအကြာမှာ မလွန်းဟာ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ ဖြစ်လေ့ဖြစ်ထရှိတဲ့ ခံစားမှုမျိုးတွေဖြစ်လာပြီး သူ့ရဲ့ ကိုယ်နေဟန်ထားတွေလည်း ပြောင်းလဲလာတယ်တဲ့။

တိတိကျကျတွက်ရင် မလွန်းအသက်ဟာ (၄၉)နှစ်ဆိုတော့ ကလေးရမယ်ဆို ရနိုင်တဲ့ အသက်အရွယ်ပဲလေ။ ဒါကြောင့် ကိုသူတော်နဲ့ မလွန်းတို့က သူတို့ရဲ့ (၈)ယောက်မြောက် ကလေးလို့ တွက်လိုက်ကြတယ်။ ဟိုတုန်းက ဒီခေတ်လို ဆေးပညာတွေ မထွန်းကားသေးတော့ ဘာမှအထူးတလည် လုပ်မနေတော့ဘဲ ကိုယ်ဝန်ရင့်လို့ မွေးမယ်ဆို အရပ်လက်သည် ဒေါ်အေးဘုံနဲ့ပဲ မွေးမယ်လို့ ဆုံးဖြတ်ဗိုက်အပ်ပြီး အေးအေးပဲ နေမြဲနေကြတယ်တဲ့။

'အံ့ဩစရာကောင်းတယ် ကိုအေးမောင်ရေ'

'ဟုတ်လား။ ဘယ်လိုဆက်ဖြစ်လို့လဲ။ ဆက်ပြောပါဦး အစ်ကိုကြီး'

'မလွန်းရဲ့ ကိုယ်ဝန်လို့ထင်ထားတဲ့ ဗိုက်ဟာ ဆက်လက်ကြီးထွားမလာဘဲ တဖြည်းဖြည်း ပိန်သွားလိုက်တာ နဂိုနေပြန်ဖြစ်သွားတယ်တဲ့။

ကိုသူတော်နဲ့ မလွန်းတို့ ဆိုတာက ကိုယ်ဝန်ဆောင်တယ်၊ မီးဖွားတယ်ဆိုတာ သူတို့အတွေ့အကြုံအရ ထမင်းစား ရေသောက်ကိစ္စလောက်ပဲလေ။ ပြန်ပိန်သွားလည်း ပိန်သွားပေါ့။ သူတို့အတွက် ဘာမှမထူးခြားဘူး။ ဒီအတိုင်းပဲ နေလိုက်ကြတာပဲ။ အရပ်လက်သည် ဒေါ်အေးဘုံကတော့ မလွန်း··ညည်းက ဗိုက်ကြီးတာမှ မဟုတ်ဘဲ။ လေဖျင်း၊



www.burmeseclassic.com

www.burmeseclassic.com



ရေဖျဉ်း စွဲတာပဲ့။ ပျောက်ချိန်တန်တော့ သူ့အလိုလို ပျောက်သွားတာဆိုပဲ။ မသိတဲ့သူက မတတ်တဲ့သူကို ပြောချသွားတာ ဟုတ်နိုးနိုးပဲ။

အိမ်နီးချင်းတွေကလည်း ထင်ရာ,ထင်ရာ ပြောကြတယ်။ ဒါပေမဲ့ ကိုသူတော်နဲ့ မလွန်းတို့ကတော့ နေမြဲအတိုင်း ဘာမှမတုံ့ပြန်ဘဲ အေးအေးပဲ နေလိုက်ကြတယ်။

အဲဒီလို နေရင်းက မီးဖွားဖို့ နေ့,လစေ့ရောက်တော့ ထုံးစံအတိုင်း မလွန်း ဝမ်းနာလာလို့ ဒေါ်အေးဘုံ အကူအညီနဲ့ မီးဖွားတော့တယ်။ သူမွေးတာက မွေးရိုးမွေးစဉ်မွေးတဲ့ ကလေးမျိုးမဟုတ်ဘူး။ လေးလက်မအရွယ်အစားလောက်သာရှိတဲ့ လူခြောက်လေး မွေးလာတာ။ အဲဒီလူခြောက်လေးမှာ ဦးခေါင်း၊ မျက်စိ၊ နား၊ နှာခေါင်းကအစ အစက်အပြောက်လေးတွေ ပါတယ်တဲ့'

'ဟာ··အံ့သြစရာပဲ။ ဒါဆို လူခြောက်ဆိုတာ တကယ်ရှိတာကိုး'

ကိုအေးမောင်သည် ကျွန်တော်၏ ပြောပြချက်ကို စိတ်ဝင်စားစွာ နားထောင်နေရင်းက အံ့သြစွာဖြင့် ဝင်ပြောလိုက်သည်။

'ဆက်နားထောင်ပါဦး ကိုအေးမောင်။ ကျွန်တော်ဆက်ပြောမယ့် အကြောင်းအရာတွေက ခင်ဗျားအတွက် အံ့သြစရာတွေပဲ ဖြစ်ပါလိမ့်မယ်'

'ဟုတ်ကဲ့၊ ကျွန်တော် နားထောင်ချင်ပါတယ် အစ်ကိုကြီး။ ဆက်ပြောပြပါ'

'ဒီလိုဗျ··မလွန်း လူခြောက်လေးကို မမွေးခင်(၂)ရက်က အိပ်မက်,မက်ပြန်တယ်။ အိပ်မက်ကတော့ သားကို ပုခက်နဲ့သိပ်ပါ။ ပုခက်ထဲမှာပဲ သားနေမယ်တဲ့။

'ဒီအိပ်မက်အတွက်လည်း ကိုသူတော်၊ မလွန်းတို့အနေနဲ့ မလုပ်နိုင်စရာ မရှိဘူးလေ။ အရင့်အရင် သားတွေ၊ သမီးတွေမွေးစဉ်က အသုံးပြုခဲ့ဖူးတဲ့ ကိုသူတော်ရဲ့လက်ဖြစ် သစ်သားပုခက်လေး ရှိတယ်။ ဆပ်ပြာ တရော်ကင်ပွန်းနဲ့ ဆေးကြောလိုက်ရင် သန့်စင်ပြီး ပြန်သုံးလို့ရတယ်လေ။ ခက်တာက ဗိုက်ပြန်ပိန်သွားတော့ မလွန်းက ဘာမှမွေးစရာ မရှိတော့တာဘဲဆိုပြီး ပုခက်ကြိုး မပြင်ထားမိဘူးပေါ့။ ဒါပေမဲ့ အိပ်မက်,မက်ပြီး (၂)ရက်အကြာ မလွန်း ဝမ်းနာပြီး အဲဒီလူခြောက်လေးကို မွေးတာပဲ။ တကယ်တော့ ဒီအိပ်မက်ဟာ သူမွေးဖွားတော့မှာမို့ မလွန်းကို ပုခက်ပြင်ဖို့ သတိပေးအိပ်မက်ပေးတဲ့ သဘောပဲ'

'ဟုတ်တယ် အစ်ကိုကြီးရေ၊ ဒါ ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘူး။ အလွန်အံ့ဖွယ်ကောင်းတဲ့ ဖြစ်ရပ်ဆန်းတစ်ခုပဲ'

'အင်း··စောစောက ခင်ဗျားကြားသိခဲ့သလို ကိုသူတော်နဲ့ မလွန်းတို့တစ်တွေ ထီပေါက်တယ် ဘာတယ်တော့ မကြားမိဘူး။ မမျှော်လင့်ထားတဲ့ အမွေတွေရလို့ တော်တော်အဆင်ပြေသွားကြတယ်ဆိုတာတော့ သိလိုက်ပါတယ်။

' လူခြောက်လေးဟာ သူ့အဖေ ကိုသူတော်၊ အမေ မလွန်းကိုဖြစ်ဖြစ် အစ်ကို၊ အစ်မတွေကိုဖြစ်ဖြစ် မကြာမကြာ အိပ်မက်ပေးတယ်တဲ့။ ဘယ်နေ့ ဘယ်ဘုရားမှာ ဘာပန်းလှူပါ။ အုန်းဆွမ်းကပ်ပါ။ ဘယ်နေ့ ဆွမ်းကျွေးပါ စသဖြင့်ပေါ့။ ကိုသူတော်၊ မလွန်းတို့ကလည်း တတ်နိုင်သလောက် လုပ်ပေးတာပဲတဲ့။ ငွေအခက်အခဲရှိလည်း တစ်မျိုးမဟုတ်တစ်မျိုး၊ တစ်နည်းမဟုတ်တစ်နည်းနဲ့ အဆင်ပြေသွားတာပဲတဲ့။ ကုန်ကုန်ပြောရရင် သူတစ်ပါးဆီက ရစရာအကြွေး ဆုံးပြီသဘောထားလိုက်တာတောင် ကြွေးရှိသူက မမျှော်လင့်ဘဲ လာဆပ်တာမျိုးပေါ့။

အဲ··နောက်တစ်ခုကတော့ အစ်ကို၊ အစ်မတွေကို အဝတ်အစားဝယ်ပေးရင် သူ့အတွက်လည်း ဝယ်ပေးရတယ်။ အစ်ကို၊ အစ်မတွေကို မုန့်ကျွေးရင် သူ့ကိုလည်း ကျွေးရတယ်။ ကုန်ကုန်ပြောရရင် မုန့်ဖိုးပေးရင်တောင် သူ့ကိုပါ ပေးရတယ်တဲ့။ တကယ်လို့ အဲဒီလိုမဟုတ်ဘူးဆိုရင် ညစဉ်ရက်ဆက် ဆက်ကာ,ဆက်ကာ အိပ်မက်ပေးတော့တာပဲတဲ့။ ကိုသူတော်နဲ့ မလွန်းတို့ကလည်း သူ့မွေးပြီးမှ ချောင်ချောင်လည်လည်လေးဖြစ်ပြီး မတောင့်မတ မကြောင့်မကြ ဆိုတာလို နေကြရတော့ သူ အိပ်မက်ပေးပြီဆိုတာနဲ့ သူ့ဆန္ဒတွေကို လိုလိုလားလား ဖြည့်ပေးကြတယ်ဆိုရင် မမှားပါဘူး။ သိပ်အံ့သြဖို့ကောင်းတဲ့ ကိစ္စကတော့ ကိုသူတော်၊ မလွန်းနဲ့ သားအကြီးဆုံးကို တစ်ညတည်း အိပ်မက်ပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကိစ္စပဲ။ အဲဒီအိပ်မက်ကတော့-

မကြာမီ အဖေ၊ အမေတို့ တိုက်အိမ်ကြီးတစ်လုံးနဲ့ ရွှေ၊ ငွေတွေ ရလိမ့်မယ်။ အဲဒီအိမ်ကြီးရတာနဲ့ အဖေ၊ အမေ၊ အစ်ကို၊ အစ်မတွေအားလုံး ချက်ချင်းပြောင်းနေကြပါတဲ့။

အဲဒီအိပ်မက်ရတော့ ကိုသူတော်၊ မလွန်းတို့ မိသားစု အလွန်အမင်းဝမ်းသာကြတာပေါ့။ ဒါပေမဲ့ သူတို့အတွက် ဘာမှမျှော်လင့်စရာ မရှိတာမို့ အဲ..အဲ..ဒီအိပ်မက်ကိုတော့ မယုံဝံ့ဘူးတဲ့။ အိပ်မက်ရပြီး တစ်လလောက်ကြာတော့ မယုံနိုင်စရာအိပ်မက် တကယ်ဖြစ်လာတယ်ဗျ'

'ဟာ..ဟုတ်လား အစ်ကိုကြီး။ ဆက်ပြောပြပါဦး'

'ကျွန်တော်တို့မြို့မှာ မလွန်းရဲ့ ကြီးတော်အရင်း ဒေါ်ရွှေချစ်ဆိုတဲ့ အဘွားကြီးရှိတယ်။ အသက်က (၈၀)ကျော်လောက် ရှိမှာပေါ့။ အဘွားကြီးခင်ပွန်းက ဦးဖြူမောင်တဲ့။ အသက်အရွယ်တွေက မတိမ်းမယိမ်းလောက်ပဲ။ သူတို့ လူလတ်ပိုင်းအရွယ်လောက်က အဘိုးကြီးက စိန်ပွဲစား၊ အဘွားကြီးက အထည်ဆိုင်ဖွင့်ပြီး စီးပွားရှာကြပါတယ်။ သားထောက်သမီးခံ တစ်ယောက်မှ မရှိကြဘူး။ သူတို့နှစ်ယောက်ဟာ အသုံးကလွဲပြီး အဖြုန်းဆိုတာမျိုးမရှိတော့ အသက်အရွယ်ရလာတဲ့အချိန်မှာ လူချမ်းသာတွေ ဖြစ်လာကြတယ်။

အဘိုးကြီး၊ အဘွားကြီးတွေအနေနဲ့ အသက်အရွယ်ရလာတော့ ဘာစီးပွားရေးမှ မလုပ်တော့ဘဲ ဘဏ်မှာ ငွေထည့်ပြီး ဘဏ်တိုးနဲ့ စားကြတယ်။ သူတို့တိုက်မှာ အဝင်အထွက် ဘယ်သူမှမရှိဘူး။ လုပ်စရာကိုင်စရာ ရှိတဲ့အခါ ပိုက်ဆံပေးပြီးခိုင်းတယ်။ ကိစ္စပြီးပြန်စနစ်ပေါ့။ အိမ်နီးချင်းတွေ၊ အသိမိတ်ဆွေတွေက လက်ကသုံး တောင်ဝှေးအဖြစ် အဖော်သဟဲရအောင် ကလေးမွေးစားသင့်တယ်လို့ စိတ်ကူးနဲ့ ပြောကြ၊အကြံပြုကြတယ်ပေါ့။ ဒါပေမဲ့ ဒေါ်ရွှေချစ်နဲ့ ဦးဖြူမောင်တို့ကတော့ ဝေးပါသေးရဲ့ပဲ။ ဘာလို့လဲဆိုတော့ အဘိုးကြီး၊ အဘွားကြီးက သူတို့ဝမ်းတောင် သူတို့ မသထာကြတာ ကလေးမွေးစားဖို့တော့ ဝေးသေး။ တကယ်ဆို မလွန်းနဲ့ ဒေါ်ရွှေချစ်ဟာ တူဝရီးအရင်း။ မလွန်းအမေဟာ ဒေါ်ရွှေချစ် ညီမအရင်း။ မွေးစားမယ်ဆို သွေးရင်းသားရင်းတွေ အများကြီးဗျ။ မွေးစားဖို့နေနေသာသာ ကျွေးရ၊ပေးရမှာကြောက်သမို့ အိမ်တောင် အလာမခံကြပါဘူး ကိုအေးမောင်ရေ။

တစ်ခုတော့ ပြောစရာရှိတယ်။ အဘိုးကြီး၊ အဘွားကြီးတို့ မီးဇာကုန် ဆီခန်းခါနီးမှ မလွန်းတို့က ချောင်ချောင်လည်လည်ဖြစ်လာတော့ စားကောင်းသောက်ဖွယ်လေးများ ရှိတဲ့အခါ မလွန်းသမီး အကြီးမလေးက ပေးပို့ကျွေးမွေးရင်း သူတစ်ယောက်သာ အဘိုးကြီး၊အဘွားကြီးတို့တိုက်ကြီးကို အဝင်အထွက်ရှိတယ်။ လူငယ်တွေက မခင်တတ် မကြင်နာတတ်လို့ မဟုတ်ဘူး။ သူတို့ကကို အဝင်မခံကြတာပါ'

'ဪ..ဒီလိုကိုး'

'တိုတိုပြောရရင် အဘိုးကြီး ဦးဖြူမောင်ဟာ ဘာရောဂါရယ်လို့ တိတိပပမပြောနိုင်ဘဲ လူကြီးရောဂါနဲ့ ကွယ်လွန်သွားတယ်။ အဘိုးကြီး နာတာရှည်ရောဂါနဲ့ တရှောင်ရှောင်ဖြစ်နေတာ ကြာပြီ။ ဆေးရုံလည်းမတင်၊ ဘယ်ဆေးခန်းမှလည်း မပြဘူး။ အိမ်နီးနားချင်းတွေက အဘွားကြီး ဒေါ်ရွှေချစ် ကပ်စေးနှဲတယ် ထင်ပြီး အပြစ်ပြောကြတာ။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုးပဲ။ တကယ်တော့ အဘွားကြီး ကပ်စေးနှဲတာမဟုတ်ဘူး။ အဘိုးကြီးကိုယ်တိုင်က ဘယ်ဆေးရုံ၊ ဘယ်ဆေးခန်း၊ ဘယ်ဆရာဝန်နဲ့မှကို မပြချင်တာလို့ အဘိုးကြီးရဲ့သူငယ်ချင်း ဦးမြဒင်က ပြောတယ်တဲ့။ ဘာကြောင့် မပြချင်တာလဲလို့ ဦးမြဒင်ကမေးတော့ ဖြူမောင်ဆိုတဲ့ကောင်က (...)ကျိုးနေတာတဲ့။

ဦးမြဒင်ဆိုတာ တခြားလူ မဟုတ်ဘူး။ ကျွန်တော့်အမေ မောင်အရင်း ကျွန်တော့်ဦးလေးပဲ။ အရက်အလွန်ကြိုက်တယ်။ ဝယ်သောက်တာ မသောက်လို့ ကိုယ်တိုင်ချက်သောက်တယ်ဆိုတဲ့ လူပဲ။ အရက်သောက်ပေမယ့် ဦးဖြူမောင်လို မိန်းမတော့ ဝါသနာမပါဘူး။ အဘိုးကြီးနဲ့ အဘွားကြီးမှာ သားသမီးမရှိကြဘူးဆိုတဲ့ အကြောင်းကလည်း အဘိုးဦးဖြူမောင် ငယ်စဉ်က ဘယ်လောက်တောင်အပျော်အပါးတွေ လိုက်စားခဲ့သလဲဆိုတာ မသိနိုင်ဘူးမဟုတ်လား။

အဲ..အဘိုးကြီးဦးဖြူမောင်လည်း ဆုံးသွားရော အဘွားဒေါ်ရွှေချစ်တစ်ယောက် အထီးကျန်ဆန်သွားတယ်။ ဒါကြောင့် တူမ မလွန်းကမွေးတဲ့ မြေးမလေးခင်မိကို သူ့ဆီမှာလာနေဖို့ ခေါ်ထားလိုက်တယ်။ အဘိုးကြီးမရှိတော့ အဘွားကြီးဟာ လွတ်လွတ်လပ်လပ် သူလုပ်ချင်တာတွေ ကြိုတင်လုပ်ထားမှလို့တွက်ပြီး မြို့မသူကြီး နဂါးနက်ဦးဘိုကေနဲ့ ရပ်ကွက်လူကြီးသုံးဦးကို သူ့တိုက်မှာ ဖိတ်တယ်။ ပြီးတော့ သူကွယ်လွန်တဲ့အခါ သူပိုင်တဲ့ တိုက်ကြီးနဲ့ သူ့ရဲ့အတွင်းပစ္စည်း ရွှေ၊ ငွေအားလုံးကို တူမအရင်း မလွန်းကို ပေးအပ်ဖို့ မှာကြားခဲ့တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ..စာချုပ်စာတမ်းတွေ မလုပ်ဘူးလား အစ်ကိုကြီး'

'ဟိုတုန်းက စာချုပ်စာတမ်းနဲ့ လုပ်ကြတဲ့ဓလေ့ ရှိတော့ရှိတယ်။ နှုတ်ကတိနဲ့လည်း လုပ်တဲ့အခါ လုပ်လေ့ရှိကြပါတယ်။ အဲ..အဲ..ကိုအေးမောင်ရေ..ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ်လည်း မထင်နဲ့။ ကျွန်တော်တို့ မြို့မှာ လူလိမ်လူကောက် မရှိဘူးဗျ။ အကယ်၍ ရှိခဲ့ရင်တောင် အဲဒီလူဟာ ကျွန်တော်တို့ဇာတိဖွား စစ်စစ် မဟုတ်လောက်ဘူး။ ရေမျောကမ်းတင် လာရောက်နေထိုင်သူသာ ဖြစ်ပါလိမ့်မယ်။

ဦး.ဒိုနဲ့ အဘိုးကြီးဆုံးပြီး (၁၀)ရက်အကြာမှာ အဘွားကြီးလည်း ဆုံးသွားတယ်။ ကိုသူတော်နဲ့ မလွန်းတို့ မိသားစုလည်း သားလူခြောက်ကလေး အိပ်မက်ပေးသလို ဖြစ်လာပြီဆိုတော့ အမွေရတဲ့တိုက်ကြီးမှာ ပြောင်းနေဖို့ အထုပ်အပိုးပြင် စီစဉ်စရာတွေ စီစဉ်ကြတော့တာပေါ့။ ပြောင်းဖို့ရွှေ့ဖို့ပြင်ရဆင်ရ၊ ရှိတဲ့ပစ္စည်းလေးတွေသယ်ဖို့ ထုပ်ရပိုးရနဲ့ မလွန်း ပင်ပန်းပြီး အိပ်ချင်လာလို့ အိပ်လိုက်တာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ်။ အိပ်ပျော်သွားပြီး မကြာခင်ပဲ အိပ်မက်ရပြန်တယ်။ အိပ်မက်က-

အဖေနဲ့အမေတို့ နောက်ပြောင်းမယ့်အိမ်ကို သားမလိုက်တော့ဘူး။ သားကို မနက်ဖြန် မွန်းတည့်(၁၂)နာရီတိတိ သုသာန်မှာ သင်္ဂြိုဟ်ပေးပါတဲ့'

'အဲဒီတော့ မလွန်း ဘယ်လိုဖြစ်သွားလဲ အစ်ကိုကြီး'

'ဘာမပြော ညာမပြောနဲ့ ရင်ဘတ်ထုထုပြီး ရင်ကွဲပက်လက် အော်အော်ငိုတာပေါ့။ အချိန်က ညဉ့်နက်သန်းခေါင်ကြီးဆိုတော့ အိမ်သားတွေရော အိမ်နီးချင်းတွေပါ လန့်နိုးကြပြီး ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲနဲ့ မေးကြတာပေါ့။ နောက်မှ မလွန်း ပြောပြချက်အရ လူခြောက်လေး အိပ်မက်ပေးကြောင်း သိကြတယ်။

'မလွန်း ပြန်အိပ်လိုက်။ သွေးလေကြောင့် အိပ်မက်တာဖြစ်ပါလိမ့်မယ်ကွာ။ သားလေး ဘာမှဖြစ်မှာမဟုတ်ပါဘူး'

'ကျုပ် ပြန်မအိပ်ဘူး ကိုသူတော်။ ကျုပ် တော်နဲ့စကားပြောစရာရှိတယ်'

'ကဲ..ဒါဆိုလည်းပြော၊ ငါလည်း မအိပ်ဘဲ နားထောင်ပါ့မယ်'

'ဒီမယ် ကိုသူတော်..ဟိုတိုက်နဲ့ ပစ္စည်းတွေ ကျုပ်မမက်ဘူး။ တော်နဲ့ ကလေးတွေ အဲဒီတိုက်ကို ပြောင်းချင်ပြောင်းပါ။ ကျုပ်နဲ့ သားလေး ဒီအိမ်မှာ တစ်သက်လုံးနေမယ်'

'အေးပါ မလွန်းရာ။ မင်းမပြောင်းချင်ရင် တို့လည်း မပြောင်းပါဘူး။ ဟိုတိုက် သော့ပိတ်ထားလိုက်လည်း ရတာပဲ။ ကဲ..မင်း မောနေပြီ။ နေမကောင်းဖြစ်လိမ့်မယ်။ အားရှိသွားအောင် စိတ်ချလက်ချ အိပ်လိုက်ဦး'

အဲဒီလိုနဲ့ မလွန်းပြန်အိပ်လိုက်တာ နံနက်ဝေလီဝေလင်းလောက်မှာ အိပ်မက်ရပြန်တယ်။ အိပ်မက်ကတော့-

'အမေ..သားကို (၁၂)နာရီတိတိမှာ သင်္ဂြိုဟ်ဖြစ်အောင် သင်္ဂြိုဟ်ပေးပါ။ သားပြောသလို မလုပ်ပေးရင် အမေက သားကို ချစ်ရာမရောက်ဘဲ သား အခုကြုံတွေ့နေရတဲ့ ပြိတ္တာဘဝမှာ တဝဲဝဲလည်လည် ခံစားနေရပါလိမ့်မယ်။ သား ပြိတ္တာဘဝကကျွတ်လွတ်ဖို့ သားကို သင်္ဂြိုဟ်ဖြစ်အောင် သင်္ဂြိုဟ်ပြီး (၇)ရက်အတွင်း ဆွမ်းကျွေးလို့ အမျှဝေပေးပါ။ သားနဲ့အမေတို့ အတူနေဖို့က ဒီမျှသာမို့ အဖေ၊ အမေ၊ အစ်ကို၊ အစ်မတွေနဲ့ ခွဲခွာရတော့မှာကို သား စိတ်မကောင်းပါဘူး။ ဒါပေမဲ့ အမေ မငိုပါနဲ့တဲ့'

'နောက်တော့ ဘာဖြစ်သွားလဲ အစ်ကိုကြီး'

'သားလူခြောက်လေး မကျွတ်မလွတ်ဘဲ ပြိတ္တာဘဝမှာ ခံစားနေရတာသိတော့ ကိုသူတော်၊ မလွန်းတို့ သားလေးရဲ့ ဆန္ဒကို မပယ်ရက်တော့ဘဲ သားလေးဆန္ဒအတိုင်း သားလူခြောက်လေးကို သုသာန်သွားပြီး သင်္ဂြိုဟ်လိုက်ကြတယ်။ ပြီးတော့ ရက်လည်ဆွမ်းသွတ်သလို တခြားအလှူဒါနတွေ ပြုပြီးတော့လည်း အမျှအတန်းဝေကြတယ်ပေါ့ဗျာ'

'အဖြစ်က ဆန်းကြယ်လိုက်တာ အစ်ကိုကြီးရာ။ ကိုသူတော်တို့ မလွန်းတို့ လက်ရှိအခြေအနေက ဘယ်လိုရှိလဲ အစ်ကိုကြီး'

'ကျွန်တော် ဇာတိမြေက ထွက်လာကတည်းက ပြန်မရောက်တဲ့နှစ်က ကြာခဲ့ပြီဗျ။ အဲ..အဲ..(၅၂)နှစ်ရှိပြီဆိုတော့ သူတို့အကြောင်း ဘာမှမသိတော့ဘူး။

တစ်လက်စတည်း လူခြောက်ဆိုတာ တကယ်ရှိ



www.burmeseclassic.com

www.burmeseclassic.com

ကိုအေးမောင် ဝေဖန်ပိုင်းခြားသိစေဖို့ ကျွန်တော်ဖတ်ဖူးတဲ့ စာတွေ့လေးကို ပြောပြမယ်။ လူခြောက်ဆိုတာ ဓမ္မတာ အတိုင်း မိခင်ဝမ်းဗိုက်မှာ သန္ဓေတည်ပြီး အချိန်တန်တော့ မွေးဖွားလာတဲ့ သန္ဓေသားပါပဲလို့ အဲဒီစာက ဆိုပါတယ်။

ပထမ် ကလလ် ဟောတိ အစပြုတဲ့ သံယုတ်ပါဠိ တော်လာအတိုင်း ပြောရရင် အဲဒီလူခြောက်သန္ဓေသားဖြစ် လာဖို့ အမိဝမ်းတွင်းမှာ ကလလရေကြည် (၇)ရက်၊ အမြှုပ် (၇)ရက်၊ သားတစ်(၇)ရက်၊ အခဲ(၇)ရက်၊ ဒါပြီးတော့ ဦးခေါင်း၊ ခြေ၊ လက် ခက်မငါးဖြာဖြစ်တဲ့ အစိတ်အပိုင်း (၅)ခု တစ်ခုစီအတွက် (၇)ရက်စီဆိုတော့ (၃၅)ရက် စုစု ပေါင်း တွက်မယ်ဆို (၂)လကျော် (၃)လနီးပါး ရှိတဲ့အခါ နဂိုက အဲဒီသန္ဓေသားမှာ အသက်ပါလာပေမယ့် အမိဝမ်းထဲ မှာ သေဆုံးသွားတယ်။

ဒါကြောင့် သန္ဓေသားဟာ ဆက်မကြီးထွားတော့ဘူး။ အဲဒီကာလကို ပေတာဘဝလို့ ဆိုပါတယ်။ အမျိုးအစားအား ဖြင့် ဂန္ဓဗ္ဗဝေမာနိကပြိတ္တာမျိုးပေါ့။ အမှန်တော့ အသက်မရှိ တဲ့ သန္ဓေသားဟာ အမိဝမ်းထဲက ပျက်ကျသွားရမှာပါ။ ဒါပေမဲ့ အမိဝမ်းတွင်း အပူဓာတ်လွန်ကဲမှုကြောင့် သန္ဓေသား ဟာ ပျက်မကျဘဲ ခြောက်သွေ့ပြီး ကျုံ့သွားတာပါ။ သန္ဓေ သား ကျုံ့သွားလို့ မိခင်ဝမ်းဗိုက်လည်း ပြန်ပိန်သွားတာပါ တဲ့။ ဒါပေမဲ့ ဓမ္မတာအတိုင်း မွေးဖွားရမယ့်အချိန် လစေ့ တော့ မွေးလာရတယ်လေ။ အရွယ်အစားက သာမန်ကလေး မွေးကင်းအစမျိုးတော့ ဘယ်ဟုတ်မလဲ။ (၄)လက်မ (၅) လက်မ အရွယ်လောက်ပေါ့။

ဝေမာနိကပြိတ္တာမျိုးတွေက အတန်အသင့်တန်ခိုးရှိကြ တယ်လို့ မှတ်သားဖူးတယ်။ သူတို့ရဲ့တန်ခိုးဆိုတာ မလွန်း ရဲ့သား လူခြောက်လေးက မလွန်းတို့ကို အိပ်မက်ပေးနိုင် တာမျိုးကို ပြောသလားတော့ မသိဘူးဗျ။

ကျွန်တော်သိတာ ဒါအကုန်ပဲဗျ ကိုအေးမောင်။ ကဲ.. ထမင်းစားလိုက်ကြစို့'

**ဝင်းသောင်(ရမည်းသင်း)**

*ရမည်းသင်းမြို့၊ ကြည်တော်ကုန်းရပ်မှ ဦးအောင်မြင့် (သက်န်းပရိက္ခရာ)နှင့် သားသမီးများ၊ ပန်းထိမ်ရပ်မှ ကျောင်းဆရာကြီး ဦးအုန်းမောင်(ငြိမ်း)နှင့် သားသမီးများ၊ ကျော်ဇင်ရပ်မှ ဒေါ်နန်းကျင်(နဂါးနက်)နှင့် သားသမီးများ သို့ အမှတ်တရ။ (စာရေးသူ)*


ဂမ္ဘီရ ဆရာလှမျိုး (B.Sc) (လယ်/ပြ၊ ငြိမ်း)

အောင်ကောင်းမြ(သာကေတ)

ကြီးတိုင်းအောင် ဗေဒင်ဟောစာနှင့် နဝင်းယတြာစာတ်နန်းမှ (ရှ)နေ့သားသမီးတို့၏ စီးပွားရေး၊ လူမှုရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ ပညာရေး၊ အကြွေးကိစ္စ၊ အတိုက်အခံ ရန် အနှောက်အယှက် ကိစ္စအဝဝအတွက် အစွမ်းထက် နဝင်းစာတ်ယတြာ၊ ကံပွင့်လာဘ်ပွင့်၊ အန္တရာယ် ကင်း အစီအရင်များ၊ (လက္ခဏာစစ်ဆေး ထီဂဏန်းရွေး၊ အကျိုးပေးအဆောင်နှင့် အလုပ်၊ ဆိုင်လုပ်ငန်း၊ ကလေးအမည်ပေးခြင်း) တစ်နှစ်တာ ဆောင်ရန်၊ ရှောင်ရန် ဟောစာတမ်းရေးပေးခြင်းတို့ကို အထူး ဆောင်ရွက်ပေးပါသည်၊ နယ်မှ ဟောစာတမ်းမှာပါက ဉာဏ်ပူဇော်ခ (၁၈၀၀၀ )ကျပ် ကြိုတင်ပေးပို့ပါ။

ဟောခန်းလိပ်စာ – (၁၇) အောင်သပြေအနောက် (၁)လမ်း၊ (၇) အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

- ၀၉ ၄၂၀၀ ၄၇၈၆၉

(အဝေးမှ လာရောက်ပါက ကြိုတင်ဖုန်း ဆက်သွယ် ရက်ချိန်းယူပါ။)

လမ်းညွှန် – ၃၅၊ ၆၅၊ ၃၂၊ ရွှေညောင်သည်(၂)၊ ၄၈၊ ၅၇ အထူး၊ ၁၇၃၊ ၂၁၆၊ ၄၆(စိမ်း)၊ ၁၈၁၊ ၁၄၆၊ ၁၀၄၊ ၁၀၇၊ ၈၉၊ တာမွေ–ကျောက်တန်း ကားများစီး ၈ ဝိတ်မှတ်တိုင်ဆင်း၊ ၃၄၊ ၆၂ စီး မွှာရုံမှတ်တိုင်ဆင်းပါ။

နေ့စဉ် – နံနက်(၈)နာရီမှ (၂)နာရီအထိ (ဗုဒ္ဓဟူးနေ့တိုင်း နားသည်)




www.burmeseclassic.com

www.burmeseclassic.com

ဂျပန်များ၏ နှိပ်စက်ခြင်းဒဏ်မှ လွတ်မြောက်ခါစ နာလန်မျှပင် မထူနိုင်သေးသောအချိန်တွင် သူတစ်လူ ငါတစ်မင်း မီးကျိုးမောင်းပျက်၊ စစ်ကျန်လက်နက်များကို ကိုင်ကာ ဂိုဏ်းဂဏများဖွဲ့လျက် ပြည်တွင်းစစ်လိုတစ်ဖုံ၊ သူခိုးဓားပြဟူ၍တစ်မျိုး ဒုက္ခသည် တိုး၍လာလေ၏။ သည်ဒုက္ခကိုလည်း နေရာအနှံ့တွင် ပြန့်လျက် ခံစားနေကြရလေသည်။

သည်ဒုက္ခကို အများဆုံးခံနေကြရသည်မှာ တောသူတောင်သား၊ လယ်သမား၊ ယာသမား၊ လက်လုပ်လက်စားအများစုတို့ပင် ဖြစ်လေ၏။ ထိုအချိန်က အင်္ဂလိပ်မင်းအစိုးရပြန်လည်အုပ်ချုပ်နေကြပြီဖြစ်သော်လည်း တောနေလူစုများသို့တိုင်အောင် အာဏာစက် ဖြန့်ကြက်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့် တောနေလူစုများမှာ တောကြောင်အစာ ဖြစ်ကြရသည်က များ၏။

တစ်ရွာမဟုတ်လျှင်တစ်ရွာ ဆိုဘိသို့ ဓားပြတိုက်ခြင်း၊ လုယက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခံကြရခြင်း စသောသတင်းဆိုးများမှာ နားနှင့်မဆံ့ မကြားဝံ့လောက်အောင်ပင် ရှိနေလေသည်။

ထို့ကြောင့် တချို့တောသူတောင်သားများမှာ တောကြောင်တို့၏ဒဏ်ကို မခံစားနိုင်သည့်အဆုံး ပြန်လည်ခုခံတိုက်ခိုက်ရင်းက လက်လွန်ခြေလွန်ဖြစ်ကာ လူဆိုးစာရင်းဝင်လျက် သားတကွဲ၊ မယားတစ်ကွဲ၊ ရပ်နှင့်ကွာ ရွာနှင့်ဝေးပြီး အခြေအနေပြန်တည်၍ မရသည်အထိ ဘဝပျက်သွားကြသူများလည်း ဒုနှင့်ဒေးပင် ရှိကြလေသည်။

ထို့ကြောင့် ကာလဝိပတ္တိဟုဆိုရမည့် တိုင်းပျက်ပြည်



## ထွန်းတောက်

# ဦးကျွဲကြီးနှင့် ဓားပြများ

www.burmeseclassic.com

www.burmeseclassic.com



ျုက်ဘေးဆိုးကြီးသည်ကား ကြောက်ဖွယ်အကောင်းဆုံးဘာဖြစ်၏။ ဘဝပျက်ခြင်း၊ စီးပွားပျက်ခြင်း အခြေအနေကိုနှိတည်၍ မရသည်အထိ အလုံးစုံပျက်စီးခြင်း စသည်များလည်း ဝိပတ္တိကာလမှာပင် အဖြစ်များလေသည်။

ဤတွင် တောရိပ်တောင်စွယ် မကင်းသည့်တိုင်အောင်ကောင်ငူမြို့၏အရှေ့ဘက်-မြောက်မိုင်ခန့်အကွာ စစ်တောင်းမြစ်ထဲကို စီးဝင်သော သောက်ရေခပ်ချောင်းကြီး၏ နံဘေးတွင် တစ်ရွာနှင့်တစ်ရွာ မဝေးမကွာလျက်ရှိသည့် ကျက်သောင်းချောင်းရွာ၊ ကျောက်ပိုးတိုးရွာ၊ နဂါးမောက်ရွာစသော ရွာကလေးများမှာ ရပ်ရွာခေါင်းဆောင်ကြီးများ၏စီမံအုပ်ချုပ်ပုံ ကောင်းမွန်ခြင်းကြောင့် တည်ငြိမ်အေးချမ်းလျက်ပင်ရှိသည်။

ရပ်ရွာခေါင်းဆောင်ကြီးများမှာ ကာလဝိပတ္တိအခါကြောင့် ရပ်ရွာလုံခြုံရေးအပြင် ကျန်းမာရေး၊ စီးပွားရေး၊ သာသနာတော်အရေး ဘာသာရေးများတိုင်အောင်ပင် နှံ့စပ်

www.burmeseclassic.com

www.burmeseclassic.com

ကွပ်ကဲပြီး စီမံခန့်ခွဲနိုင်ကြ၏။ ထို့ကြောင့်လည်း တည်ငြိမ်အေးချမ်းပြီး အစစအရာရာ အဆင်ပြေနေကြခြင်းဖြစ်၏။

ဤသည်တို့ကြောင့်ပင် နဂါးမောက်ရွာ စသောရွာကလေးများ၏ အဆင်ပြေခြင်း၊ ဖွံ့ဖြိုးခြင်းများကို ကြည့်ကာ တောကြောင်များ သွားရည်ကျနေကြကြောင်းကို ကြားသိနေရ၏။ သူတစ်ပါးတို့၏ ဖွံ့ဖြိုးစည်ပင်သည်ကို ကရုဏာအမြင်ဖြင့် မကြည့်တတ်ဘဲ တောကြောင်တို့၏ မေးစက်ရက်စက်ယုတ်မာသော အမြင်ဖြင့်သာ ရှုမြင်နေကြခြင်းဖြစ်၏။ ထို့ကြောင့်လည်း ရွာသူရွာသားများမှာ သာ၍ပင် ရပ်ရွာလုံခြုံရေးကို ဂရုစိုက်ပြီး နေကြရ၏။

သို့သော်လည်း တောကြောင်တို့ဟူသည်မှာ သားကောင်တို့၏ အားနည်းချက်၊ လစ်ဟာခြင်းများကို မပြတ်စောင့်ကြည့် ချောင်းမြောင်း၍ နေတတ်ကြ၏။ အကွက်သာသောတစ်နေ့တွင် သူတို့၏အစာ ဖြစ်လာစေရေးကိုလည်း လုံ့လထုတ်၍ နေကြမြဲဖြစ်၏။

◆◆◆

အတော်အတန် ညဦးနက်လာသဖြင့် ပတ်ဝန်းကျင်သည်လည်း တဖြည်းဖြည်း တိတ်ဆိတ်လာ၏။ အမှောင်သည်လည်း သိပ်သည်းလာနေ၏။ လူသွားလူလာလည်း မရှိတော့ပေ။

ထို့ကြောင့် မြတ်စောညီနောင်ဘုရားပွဲတော်ဆီက ဆိုင်းသံကို ကောင်းစွာကြားလာရ၏။ တပေါင်းလတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မြတ်စောညီနောင်ဘုရားပွဲတော်ကြီးသည် ဇာတ်ပွဲ၊ မျက်လှည့်ပွဲ၊ အငြိမ့်ပွဲ စသည်များဖြင့် ကြိတ်ကြိတ်တိုးအောင်ပင် စည်ကား၏။

ထို့ကြောင့် သည်ရက်များအတွင်း၌ ပတ်ဝန်းကျင် ရွာသူရွာသား၊ လူကြီးလူငယ် များစွာတို့သည် ဘုရားပွဲသို့ သွားလေ့ရှိကြသည်။ လူငယ်များက ပွဲကြိုက်၍ ပွဲကြည့်ခြင်း၊ ဈေးတန်းလျှောက်ပြီး မုန့်စားခြင်းဖြင့် ပျော်ရွှင်နေကြသလို လူကြီးများကလည်း ဘုရားဖူးခြင်း၊ ဝတ်တက်ခြင်း၊ ဆုတောင်းအမျှဝေခြင်းဖြင့် ကုသိုလ်ယူကြ၏။

ထို့ကြောင့် မြတ်စောညီနောင်ဘုရားပွဲတော်ရက်များအတွင်း၌ ပတ်ဝန်းကျင် ရွာသူရွာသားများမှာ ပွဲတော်သို့ ရောက်နေကြသည်က များ၍ ရွာမှာ လူမကျန်သလောက်အထိပင် ဖြစ်နေတတ်သည်။

သည်အဖြစ်ကို တောကြောင်မျက်စိဖြင့်ကြည့်ပြီး တောကြောင်အသိဖြင့် စောင့်ကြည့်နေကြသည့်အထဲတွင် လှမောင်ကြီး ဦးစီးသော ဆယ်ယောက်ပါ တောကြောင်ဓားပြအဖွဲ့သည် ထိပ်ဆုံးက ပါဝင်နေ၏။

အချိန်ယူ အကွက်ချပြီး စောင့်ကြည့်နေကြသောကြောင့် အလုံးစုံ ကွက်တိကျလိမ့်မည်ဟုလည်း ဓားပြခေါင်းဆောင် လှမောင်ကြီး ယုံကြည်နေသည်။ လှမောင်ကြီးအဖို့ ခိုးဆိုးတိုက်လုစသော မကောင်းမှုတွင် ကြာကြာကျင်လည်လာခဲ့ပြီဖြစ်၍ သည်ကိစ္စအဖို့ ဘာမျှအခက်အခဲမရှိပေ။ လုပ်သမျှလည်း အောင်မြင်သည်ချည်းသာ ဖြစ်သည်။

◆◆◆

လှမောင်ကြီး ဦးစီးသော ဆယ်ယောက်ပါ ဓားပြအဖွဲ့သည် နဂါးမောက်ရွာကို တိုက်ခိုက်လုယက်ရန်အတွက် အခြေအနေအရပ်ရပ်ကို အကဲခတ်ပြီး နဂါးမောက်ရွာဘက်ကို ဦးတည်လျှောက်လာနေကြ၏။

လူဆယ်ယောက်တွင် ရိုင်ဖယ်သေနတ်(၅)လက်၊ ကျည်ဆန်(၂၅)တောင့်၊ ဓားရှည်(၅)ချောင်း ပါလာကြသည်။ ဓားတိုများဖြစ်သော ဓားမြှောင်များကိုမူ လူတိုင်းပင် ဆောင်ထားကြသည်။ ဓားပြဆယ်ယောက်လုံးပင် အကြိမ်ကြိမ်ပွဲဝင်ဖူးပြီး အပွဲပွဲနွှဲလာကြသော အတွေ့အကြုံ ရင့်နေကြသည့် ဓားပြများချည်းလည်း ဖြစ်သည်။

ထို့ကြောင့် ခေါင်းဆောင်ဓားပြ လှမောင်ကြီးနှင့်တကွ ဓားပြအားလုံး ခြေတကြွကြွ လက်တဆဆဖြင့် အသင့်အနေအထား ဖြစ်နေကြသည်။

ကျက်သောင်းချောင်းရွာ၊ ကျောက်ပိုးထိုးရွာ၊ နဂါးမောက်ရွာ စသောရွာများမှာ စီးပွားရေးကောင်းပြီး တစ်ကြိမ်တစ်ခါမျှ တိုက်ခိုက်လုယက်ခြင်း မခံဖူးကြ၍ ဖွံ့ဖြိုးသောရွာများလည်း ဖြစ်ကြသည်။

တစ်ကြိမ်တစ်ခါမျှ တိုက်ခိုက်လုယက်ခြင်းကို မခံဖူးကြ၍လည်း အမှတ်တမဲ့ နေကောင်းနေတတ်ကြပေမည်။ ခုခံတိုက်ခိုက်ခြင်းတည်းဟူသော ဓားပြများကို အန္တရာယ်အနှောင့်အယှက်ဖြစ်စေနိုင်သည့် ကိစ္စမျိုးလည်း ရှိချင်မှရှိပေလိမ့်မည်။

ထို့အပြင် ယခုအခါသည် မြတ်စောညီနောင်ဘုရားပွဲတော်ကြီးသည် ခြိမ့်ခြိမ့်သဲ စည်ကားနေချိန်ဖြစ်၍ ရွာလူအတော်များများသည် အများအားဖြင့် ဘုရားပွဲကိုသာ ရောက်နေကြပေလိမ့်မည်။ ရွာမှာ လူအိုအချို့နှင့် ရွာစောင့်လေး,ငါးယောက်အပြင် ရှိမည်မဟုတ်ပေ။ ဤသည်ပင် လှမောင်ကြီးတို့ ဓားပြအဖွဲ့အတွက် အကွက်ကောင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခု ဖြစ်နေလေ၏။

ယခု လှမောင်ကြီးတို့ ဓားပြအဖွဲ့ ဦးတည်ပြီး သွားနေကြသော နဂါးမောက်ရွာမှာ သူကြီးရုံးစိုက်သောရွာဖြစ်၏။ စီးပွားရေးလည်း အခြားရွာများထက် တောင့်တင်း၏။ စီးပွားရေးနှင့်ပတ်သက်ပြီး သူကြီးဦးချက်ကြီးကို အထူးဆိုဖွယ်ရာပင် မရှိပေ။

မိဘမျိုးရိုးမှစ၍ ချမ်းသာကြွယ်ဝခြင်း၊ ဥယျာဉ်လယ်ယာ များစွာပိုင်ဆိုင်ထားခြင်း၊ စီးပွားရေးလာဘ်မြင်ခြင်း၊ အရောင်းအဝယ်ကောင်းခြင်းများ ပြည့်စုံသောကြောင့် တကယ့်တောသူဌေးကြီးဝင်ဖြစ်၏။ ထို့ကြောင့် သူကြီးကို အမိဖမ်းပြီး အပြတ်ညှစ်ရန်အတွက် နဂါးမောက်ရွာကိုသာ အဓိကထားလာကြခြင်းဖြစ်၏။

လှမောင်ကြီးတို့အဖွဲ့သည် တစ်နေရာသို့ရောက်လျှင် ရပ်လိုက်ကြ၏။ ပတ်ဝန်းကျင်များကို အကဲခတ်ကြည့်ကြ၏။ လူပြတ်၏။ အားလုံးတိတ်ဆိတ်နေ၏။ မြတ်စောညီနောင်ဘုရားပွဲတော်မှ ဆိုင်းသံသဲ့သဲ့မျှကိုသာ ကြားနေရ၏။ အချိန်အားဖြင့်လည်း ညဉ့်ဦးယံကုန်၍ ညဉ့်နက်ပိုင်းသို့ ရောက်လာနေ၏။

'ဟေ့ကောင်တွေ··အားလုံးနားထောင်ကြကွ။ ပြောစရာရှိတာတွေ ဒီနေရာမှာ အပြီးပြောမယ်။ ဒီနေရာက လူလည်းပြတ်တယ်၊ ရွာနဲ့လည်း မနီးမဝေး အဆင်ပြေတယ်။ တို့မှာ လူအင်အားဆယ်ယောက်ပါတယ်။ ရိုင်ဖယ်ငါးလက်၊ ရိုင်ဖယ်တစ်လက် ကျည်ဆန်ငါးတောင့် ဝေပေးပြီးပြီ။ ကျန်တဲ့လူတွေကတော့ ဓားရှည်ပေါ့။ ကျရာတာဝန်ကို မလစ်ဟင်းရအောင် လုပ်ကြရမယ်။ လစ်ဟင်းတဲ့အကောင်ကို အပြတ်ရှင်းမယ်။ ရွာထိပ်မှာ သေနတ်ငါးချက် ပစ်ဖောက်မယ်။ အဓိကဦးတည်မှာက သူကြီးဦးချက်ကြီးအိမ်ပဲ။

သူကြီးတစ်အိမ်ကို ငုံမိရင်ပင် တို့အတွက် အတော်လေးအကျိုးရှိသွားနိုင်တယ်။ သူကြီးနဲ့ သူကြီးကတော် ဒီညပွဲမသွားကြဘူးလို့ ငါ သတင်းရထားတယ်။ သူကြီးအိမ်က ရွာလယ်မှာ ပျဉ်ခီပျဉ်ထောင် နှစ်ထပ်အိမ်ကြီးပဲ။ အခုချိန်မှာ ပွဲသွားနေကြလို့ ရွာထဲမှာ လူငယ်တွေရော လူလတ်ပိုင်းတွေပါ သိပ်ပြီးမရှိနိုင်ဘူး။ ရွာစောင့်လေး၊ငါးယောက်နဲ့ လူအိုအတိုး၊အဘွားတွေပဲ ကျန်မယ်။ ဒါကြောင့် သိပ်ပြီး အခက်အခဲ အကျပ်အတည်းတော့ မဖြစ်နိုင်ဘူးလို့ ယူဆတယ်။ ရွာထဲကိုရောက်ရင် ငါနဲ့အတူ သေနတ်ကိုင် နှစ်ယောက်၊ ဓားရှည်ကိုင် နှစ်ယောက် ပေါင်းငါးယောက်



သူကြီးအိမ်ကို တက်မယ်။ ကျန်တဲ့သေနတ်ကိုင် သုံးယောက်က ရွာဝင်၊ရွာထွက်ကိုစောင့်၊ လိုအပ်တဲ့နေရာမှာ ဓားသမားတွေကကူ၊ တာဝန်မကျေတဲ့ အကောင်ကို အပြတ်ရှင်းမယ်။ အစလည်း ဒီစကားကို ပြောခဲ့ပြီ'

ဓားပြဗိုလ်လှမောင်ကြီးသည် စကားကိုဖြတ်ပြီး သူ့တပည့်များကိုကြည့်၏။ တပည့်အားလုံး ခေါင်းငုံ့ပြီး ငြိမ်ဆိတ်လျက် နားထောင်နေကြ၏။ ထို့ကြောင့် လှမောင်ကြီးက ဆက်ပြောသည်။

'ပွဲဝင်လို့ လုပ်ငန်းစတဲ့အခါ လိုအပ်ရင် ကြိုးတုပ်၊ ထုထောင်း၊ ထိုးကြိတ်၊ သေအောင်တော့ မလုပ်နဲ့။ လူသေရင် အရှင်းရခက်တတ်တယ်။ အသက်အန္တရာယ်နဲ့သာ ကြုံလာရင်တော့ လိုသလို လိုသလောက် လုပ်ပစ်ရမှာပဲ။ သူကြီးသမီး ပွဲမသွားရင် ကြိုးတုပ်ပြီး ဓားစာခံအဖြစ် ရွာပြင်ရောက်အောင် ခေါ်လာမယ်။ အဓမ္မကိစ္စ လုံးဝမဖြစ်ရ။ တို့က ငွေလိုချင်လို့ ဓားပြတိုက်တာ။ ဒါကြောင့် လူသတ်မှု၊ မုဒိမ်းမှုစတာတွေကို ရှောင်ရှားကြမယ်။ အားလုံး ကြားကြရဲ့လား'

'ဟုတ်ကဲ့၊ ကြားပါတယ်'

'ဟုတ်ပြီ။ ည(၁၂)နာရီမှာ ရွာကိုဝင်မယ်။ ည(၁၂)နာရီ လောက်ဆိုရင်တော့ အားလုံးအဆင်ပြေလိမ့်မယ်လို့ ထင်တာပဲ။ တို့ အခုလုပ်နေတဲ့ ကိစ္စကိုလည်း တို့အပြင် အခြားလူတစ်ဦးတစ်ယောက်မှတော့ မသိလောက်ပါဘူး'

ဓားပြများက အခြားလူတစ်ဦးတစ်ယောက်မျှ မသိနိုင်


www.burmeseclassic.com

www.burmeseclassic.com

ဟု ထင်နေကြသော်လည်း ယခု သူတို့ရပ်နားပြီး ပြောဆိုတိုင်ပင်နေကြသော နေရာသည် ဦးကျွဲကြီး၏ ဗိမာန်တော်လက်ပံပင်ကြီး၏ အောက်တည့်တည့်တွင် ဖြစ်နေလေ၏။

ဦးကျွဲကြီးသည်ကား လူမဟုတ်ဘဲ သရဲတစ္ဆေ၊ သို့တည်းမဟုတ် နတ်စိမ်းကြီးသာဖြစ်၏။ အယူတိမ်းပြီး နတ်စိမ်းကြီး ဖြစ်လာရသော်လည်း ဘာသာရေးကို အလွန်ကြည်ညို၏။ သူ၏ ဥပဇ္ဈာယ်ဆရာတော်ကို အထူးအားထားသလို နဂါးမောက်၊ ကျောက်ပိုးထိုး စသောရွာသူရွာသားများကိုလည်း အလွန်ချစ်၏။ ကြည့်ရှုစောင့်ရှောက်၏။

ဦးကျွဲကြီးသည် ယခု သူ၏ဗိမာန် လက်ပံပင်ကြီးအောက်ကို ရောက်နေကြသော လှမောင်ကြီးတို့ ဓားပြအုပ်စုအား တစ်ယောက်မကျန် မြင်နေမည်ဖြစ်သလို ပြောနေကြသော စကားများကိုလည်း တစ်လုံးမကျန် ကြားနေမည်သာဖြစ်၏။

ထို့ကြောင့် ဓားပြအုပ်စုတို့ အဓိကကြောက်ကြရမည်မှာ ရွာသူရွာသားများကိုထက် ဦးကျွဲကြီးကိုသာ ဖြစ်၏။ သည်အထဲ လှမောင်ကြီးကို ဓားပြအုပ်စုမှာ သူတို့အဓိကကြောက်ကြရမည့် ဦးကျွဲကြီး၏ ဗိမာန်လက်ပံပင်ကြီးအောက်မှာသာ အကြံ့ဉာဏ်ထုတ်ရင်း ဓားပြတိုက်မည့် စကားများကိုသာ ပြောနေမိကြပြန်သည်။

သို့သော်လည်း ဦးကျွဲကြီးသည် ယခုအချိန်ထိ ဓားပြအုပ်စုကို တစ်စုံတစ်ခုမျှ ခြောက်လှန့်ခြင်း၊ မောင်းထုတ်ခြင်းစသည်ကို မပြုလုပ်သေးပေ။ သို့သော်လည်း လျှော့လျှင်ကားမှားမည်သာဖြစ်၏။ သူချစ်သော ရွာသူရွာသားအား ဓားပြတိုက်သည်ကို မည်သည့်နည်းနှင့်မျှ ဦးကျွဲကြီး ကြည့်နေလိမ့်မည် မဟုတ်ပေ။

ဓားပြများလည်း အချိန်အနည်းငယ်စောနေသေး၍ ရွာကို မဝင်ကြသေးဘဲ အခြေအနေကိုစောင့်ကြည့်ရင်း အနားယူနေကြ၏။ ကွမ်းဝါးသူက ဝါးကြ၏။ ဆေးလိပ်ဖွာ၍တော့ အဆင်ပြေမည် မဟုတ်ပေ။ လမ်းသွားလမ်းလာများရှိလျှင် ဆေးလိပ်မီးကို မြင်သွားနိုင်၏။ ထို့ကြောင့် အစီအစဉ်များပျက်ပြီး ခွေးပြေးဝက်ပြေးလည်း ပြေးရနိုင်၏။ အသက်အန္တရာယ်ထိလည်း ရှိသွားနိုင်၏။

ထို့ကြောင့် ကွမ်းဝါးရင်းဖြင့်သာ ထိုင်သူကထိုင်၊ ထသူကထ၊ လက်နက်များကို ကျစ်ကျစ်ဆုပ်ပြီး တဆဆလုပ်သူကလည်း လုပ်နေကြ၏။ အတော်လေးလည်း တက်တက်ကြွကြွရှိနေကြ၏။ ပတ်ဝန်းကျင်များကို အကဲခတ်ရင်း နားနှင့်မျက်စိကိုလည်း အမြဲတမ်းစွင့်ထားကြ၏။

ရံခါ မြတ်စောညီနောင်ဘုရားပွဲဆီက ဆိုင်းသံ၊ ဗုံသံ၊ အသံချဲ့စက်သံများကို ကြားရ၏။ လေသင့်လျှင် ကျယ်ကျယ်ကြားရသလို လေမသင့်သောအခါတွင်မူ တိုးတိုးသဲ့သဲ့မျှသာ ကြားရ၏။

ဓားပြဗိုလ် လှမောင်ကြီးသည် ချုပ်ပုတ်နား ကပ်ထိုင်လိုက်ပြီး ပုဆိုးကို ခေါင်းကပင် သိုင်းခြုံကာ လက်နှစ်ဖက်ကို ပုဆိုးခြုံထဲ ထည့်ပြီး ဓာတ်မီးဖြင့် လက်ပတ်နာရီကို ထိုးကြည့်လိုက်၏။

'ဟာ..ဟိုက်ကောင်တွေ၊ ဒီမှာ နာရီလက်တံ(၁၂)နာရီခွင်ကို ရောက်နေပြီကွ။ လုပ်ငန်းစကြစို့'

လှမောင်ကြီး၏ စကားအဆုံးမှာ တပည့်အားလုံးတို့ မတ်တတ်ထရပ်လိုက်ကြ၏။ ထို့နောက် အရိပ်အခြည်ကိုကြည့်ပြီး နဂါးမောက်ရွာဘက်သို့ ခြေဖော့ဖော့နင်းကာ လျှောက်သွားကြ၏။

ရွာ၏အနောက်ဘက် ခြံစည်းရိုးကိုရောက်လျှင် တံခါးစောင့်သောလူရှိ၊မရှိ အကဲခတ်ကြည့်ကြသည်။ မရှိ၊ လုံးဝရှင်းနေသည်။ ရွာလုံခြုံရေး၊ ရွာစောင့်များ၊ တစ်ယောက်မကျန်အောင်ပင် မြတ်စောညီနောင်ဘုရားပွဲကို သွားကြလေသလားမသိ။ ထို့ကြောင့် ဓားပြများက ကံကောင်းသည်ဟု နားလည်လိုက်ကြသည်။

ဦးစွာ ခြံစည်းရိုးတံခါးပေါက်ကို အသံမမြည်အောင် ဖြုတ်ဖွင့်လိုက်ကြသည်။ ထို့နောက် တံခါးကို အသာအယာ တွန်းဖယ်လိုက်ကြရာ ဝင်ပေါက်တည့်တည့်တွင် စဉ့်အိုးလုံးခန့်ရှိသော ရဲရဲနီနေသည့် မီးလုံးကြီးကို ဘွားခနဲတွေ့လိုက်ကြရလေသည်။

ထို့ကြောင့် ဓားပြများမှာ အလွန်အမင်း လန့်ဖျပ်သွားကြပြီး သေနတ်ဖြင့်လည်း မပစ်နိုင်၊ ဓားဖြင့်လည်း မခုတ်ဖြစ်ဘဲ ငယ်သံပါအောင် အော်ဟစ်ပြီး ထွက်ပြေးကြလေသည်။

'အောင်မယ်လေး..သေပါပြီဗျ'

'မီးလုံးကြီး..မီးလုံးကြီး၊ ပြေး..ပြေးကြကွ'

ဓားပြများမှာ တိုးတိုးတိတ်တိတ် လူသူမသိအောင် လုပ်နေကြသည့်အထဲက အမှတ်မထင် မီးလုံးကြီးကို ဘွားခနဲ မြင်လိုက်ကြသဖြင့် အလွန်အမင်း ထိတ်လန့်သွားကြလေ၏။ အထိန်းမဲ့စွာဖြင့်လည်း အော်လိုက်မိကြ၏။ လန့်[illegible] အော်ဟစ် ထွက်ပြေးကြရသောကြောင့် ဓား၊ သေနတ်အချို့

www.burmeseclassic.com

လည်း ကျကျန်ခဲ့ကြ၏။ တချို့ အလဲလဲအပြိုပြို ဖြစ်ကုန်ကြ၏။ ခေါင်းကွဲ ထိပ်ပေါက် ဖြစ်သူလည်း ဖြစ်သွားကြ၏။

မီးလုံးကြီးက ဓားပြများ၏ပြေးနှုန်းကိုကြည့်ပြီး မနှေးမမြန်သာ လိုက်နေ၏။ ဓားပြများကို သတ်လည်းမသတ်၊ ကိုက်လည်းမကိုက်၊ တွန်းခြင်းတိုက်ခြင်းလည်း မရှိ။ ထို့ကြောင့် ဓားပြများမှာ နောက်ဘက်ကိုပြန်ကြည့်ရင်း ပြေးရင်းသာ ပြေးနေကြရသောကြောင့် အကြိမ်ကြိမ်လဲပြီး အကြိမ်ကြိမ်ကွဲခဲ့ ပြဲခဲ့ကြရပြီဖြစ်၍ ဓား၊ သေနတ်များသည်ပင် သူတို့၏လက်ထဲတွင် တစ်ခုမျှ ပါမလာကြတော့ပေ။

မီးလုံးကြီးကလည်း ဓားပြများကို ဦးတည်ရာမဲ့ ပြေးခွင့်မပြုဘဲ ဘေးဘက်များက ပမ်း၍ပမ်း၍ သူ၏ဗိမာန်ဖြစ်သော လက်ပံပင်ကြီးဘက်ကိုသာ မောင်းယူသွားလေ၏။ ဓားပြများမှာ ပြေးရလွန်း၊ လဲလွန်း၊ ကွဲလွန်း၍ သိပ်ပြီးပင် မပြေးနိုင်ကြတော့ဘဲ လက်ပံပင်ကြီးအောက် ရောက်သောအခါ တလင်းနယ်သကဲ့သို့ တလည်လည် ဖြစ်နေကြလေသည်။ မီးလုံးကြီးကလည်း တမင်သက်သက် အခြားဘက်သို့ ဓားပြများအား ပြေးခွင့်မရအောင် လှည့်ပတ်ဆီးကာထားဟန်ရှိ၏။

ထိုအခိုက်မှာပင် ည(၂)နာရီအချိန် ပွဲသွားကြည့်ကြသော ရွာသားအချို့တို့ နှစ်ပါးသွားပြီးဆုံး၍ နောက်ပိုင်းဇာတ်ထုပ်ကို မကြည့်တော့ဘဲ ပြန်လာကြရာ လက်ပံပင်ကြီးအောက်မှာ မီးလုံးကြီးလည်ပတ်နေသည်ကို လှမ်းမြင်ကြရပြီး တစ်ဆက်တည်းပင် ကူပါ,ကယ်ပါ တစာစာဖြင့် အော်ဟစ်သံများကို ကြားလိုက်ကြရ၏။

ထို့ကြောင့် ညအမှောင်ထဲတွင်ဖြစ်၍ ဘယ်သူတွေ ဘာဖြစ်နေကြသည်ဟု မသိနိုင်သော်လည်း အော်ဟစ်နေကြသံမှာ လူအချို့တို့သည် တစ်စုံတစ်ခုသောအန္တရာယ်နှင့် ကြုံတွေ့နေကြခြင်းသာဖြစ်မည်ဟု တွေးကာ ကြောက်လန့်ပြီး ရွာဘက်ကိုသာ အားကုန်သုတ်ကြလေသည်။

ရွာတံခါးဝကို ရောက်လျှင် 'ဟေး..ဟေး..မင်းတို့ဘယ်သူတွေလဲ။ ရှေ့ကို တိုးမလာကြနဲ့။ မီးပွင့်သွားမယ်'ဟု သူကြီး၏အသံကို ကြားလိုက်ကြရ၏။

'ဟာ..သူကြီး၊ ကျွန်တော်တို့ပါ။ ငထိန်နဲ့ ငတေတို့ လူစု ဇာတ်ပွဲက ပြန်လာကြတာပါ'

'သြော်..အေး...အေး၊ မင်းတို့လားကွ။ ဟုတ်ပြီ၊ တံခါးဖွင့်ပေးလိုက်ကြကွာ'

တကျွီကျွီမြည်လျက် ရွာတံခါးကြီး ပွင့်သွားလေ၏။ သူကြီးနှင့် ရွာသားအချို့တို့ မျက်လုံးများ ပြူးကျယ်နေကြသည်ကိုလည်း တွေ့လိုက်ရ၏။ ထို့နောက် သူကြီးက ပြောသည်။

'ဟိုက်ကောင်တွေ..တို့ရွာကို လူဆိုးတွေ ကပ်တယ်လို့ထင်တယ်ကွ။ ရွာအနောက်ဘက်တံခါးနားက ဆူဆူညံညံ အော်ဟစ်အသံတွေကို ကြားလိုက်ရပြီး အဆက်မပြတ်ဘဲ အော်ဟစ်ဆူညံသံတွေဟာ ဦးကျွဲကြီးရဲ့ လက်ပံပင်ကြီးဘက်ဆီကို တန်းသွားတယ်။ အခုတောင်မှ လက်ပံပင်ကြီးဘက်က အသံသဲ့သဲ့ ကြားနေရသလိုပဲ'

'ဟာ..ဒီလိုဆိုရင် ရွာနားကို လူဆိုးကပ်တာ ဟုတ်လောက်ပါတယ် သူကြီး။ ကျွန်တော်တို့ ပွဲကပြန်လာကြတော့ ဦးကျွဲကြီးရဲ့ လက်ပံပင်ကြီးအောက်မှာ အဝေးကပင် မီးလုံးကြီး တလင်းနယ်သလို လည်နေတာကိုမြင်ရပြီး ဆူဆူညံညံနဲ့ လူတွေ အော်ဟစ်နေကြသံကိုလည်း ကြားခဲ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ကြောက်လန့်ပြီး ထွက်ပြေးလာကြတာပါ'ဟု ကိုထိန်က ပြော၏။

'ဒါဆိုရင် တို့တောင် မသိလိုက်ဘဲ ဓားပြတွေ ဦးကျွဲကြီးနဲ့ တွေ့သွားကြတာ ဖြစ်မယ်ကွ။ ဦးကျွဲကြီးက တို့ရွာကို ဘယ်လူဆိုးမှ လာထိတာ မခံဘူးလေ'

'ဟုတ်ကဲ့၊ ဒီလိုဆိုရင် သူကြီး ကျွန်တော်တို့လူစုနဲ့ လက်ပံပင်ကြီးအောက်ကို သွားကြည့်ရရင် မကောင်းဘူးလား။ လူဆိုးဓားပြတွေဆိုလည်း ဝိုင်းဖမ်းသင့် ဖမ်းရတာပေါ့'

'နေဦးကွ၊ ချက်ချင်းကြီး သွားကြည့်လို့ မဖြစ်သေးဘူး။ တို့ အခု လူအော်သံတွေ ကြားလိုက်ရတဲ့ ရွာအနောက်ဘက်တံခါးကို သွားကြည့်ရအောင်'

'ဟာ..သူကြီးကလည်း လူတွေအော်သံကို ကြားလိုက်





www.burmeseclassic.com

www.burmeseclassic.com

တုန်းကတည်းက သွားမကြည့်ကြဘူးလား'

'ဘယ်ကြည့်ရဲမလဲကွ။ တစ်ရွာလုံးနီးပါး ပွဲကိုသွားနေကြတော့ ရွာထဲမှာ တို့သုံး,လေးယောက်နဲ့ လူအိုအချို့ပဲ ကျန်နေခဲ့တာကြလေ။ ဒါကြောင့် လူအော်သံတွေကို ကြားလိုက်ရတာနဲ့တစ်ပြိုင်နက် တို့လည်း နှစ်လုံးပြူးမောင်းထိုးပြီး အကာအကွယ်ယူရင်း အခြေအနေကိုပဲ စောင့်ကြည့်နေကြတာပေါ့။ အခုမင်းတို့ ပြေးလာကြတဲ့ ခြေသံတွေကို ကြားမှ တို့ ဒီတံခါးဘက် ရောက်လာတာ'

ကိုထိန် သက်မ,တစ်ချက်ကို ချလိုက်၏။ ထို့နောက် အခြေအနေကိုကြည့်ပြီး သတိ,ဝီရိယဖြင့် ရွာ၏အနောက်တံခါးဘက်ကို လျှောက်လာကြသည်။

ဟုတ်သည်။ တစ်စုံတစ်ယောက်က ဆွဲဖွင့်ထားသဖြင့် အပြင်တံခါးကြီး ဟင်းလင်းပွင့်နေသည်ကို တွေ့လိုက်ကြ၏။ ထို့နောက် ရိုင်ဖယ်သေနတ်တစ်လက်နှင့် ငှက်ကြီးတောင်ဓားရှည်တစ်ချောင်းကိုပါ တွေ့ကြရသည်။

'ဟာ··သူကြီး၊ ကျွန်တော်တို့ရွာကို လူဆိုးတွေကပ်တာသေချာသွားပြီဗျ။ အပြင်တံခါးကို ဖွင့်ထားခဲ့ကြတဲ့အပြင် ဒီမှာ သေနတ်တစ်လက်နဲ့ ဓားရှည်တစ်ချောင်းတောင် ကျန်နေခဲ့သေးသည်။ သေနတ်နဲ့ဓားက ဦးကျွဲကြီး ခြောက်လှတ်တာကို ကြောက်လန့်ပြီး ထွက်ပြေးကြတာမှာ ကျကျန်နေခဲ့တာဖြစ်မယ်ဗျ'ဟု ကိုထိန်က အံ့ဩစွာဖြင့် ပြောလိုက်၍ အသံအနည်းငယ်ကျယ်လောင်သွား၏။

ထို့နောက် သေနတ်ကို ကုန်းကောက်လိုက်သည်။ ကိုတေလည်း ငှက်ကြီးတောင် ဓားရှည်ကြီးကို ဆတ်ခနဲ ကုန်းကောက်လိုက်သည်။

'ဟော့··ငတေ၊ မင်းအသံ သိပ်ပြီးမကျယ်နဲ့ကွ။ ပေးစမ်း အဲဒီသေနတ်ကို'ဟုပြောက သူကြီးက ကိုထိန်လက်ထဲမှ ရိုင်ဖယ်သေနတ်ကြီးကို တောင်းယူပြီး ကြည့်သည်။

သိပ်ပြီးအကောင်းတော့ မဟုတ်ပေ။ အင်္ဂလိပ်လက်ကျန် ရိုင်ဖယ်သေနတ်ဟောင်းကြီးသာဖြစ်သည်။ သို့သော်လည်း သုံး၍ရသော အနေအထားမှာ ရှိသည်။

ကိုတေ၏ လက်ထဲမှ ငှက်ကြီးတောင်ဓားရှည်ကြီးကိုလည်း ယူကြည့်ပြန်သည်။ ကျစ်ကျစ်ဆုပ်ပြီးလည်း ဆကြည့်သည်။ ငှက်ကြီးတောင်ဓားရှည်ကြီးမှာ အတော်လေးကောင်းပြီး အရိုးနှင့် အနှောင့်များတွင် ဖောက်ပန်း၊ ဖောင်းပန်းများဖော်ထားသည်ကိုပင် တွေ့ရသည်။ ထို့နောက် သူကြီး ပတ်ဝန်းကျင်များကို တစ်ချက်ကြည့်ကာ အကဲခတ်လိုက်ပြီး ပြောသည်။

'လူဆိုးတွေ အော်ကြသံကို ဒီဘက်က အတိုင်းသားကြားလိုက်ရတယ်ကွ။ ဒါကြောင့် ခြေရာခံပြီး ဆက်လိုက်ကြည့်ကြရအောင်'

'ဟာ··သူကြီးကလည်း လူဆိုးတွေ ဦးကျွဲကြီးရဲ့ လက်ပံပင်ကြီးအောက်ကို ရောက်သွားကြပြီလေ။ ကျွန်တော်တို့ ကိုယ်တိုင် တွေ့ခဲ့ကြပါတယ်ဆိုမှ။ ဒီတော့ အဲဒီကိုတန်းလိုက်သွားပြီး ဝိုင်းဖမ်းကြရင် မကောင်းဘူးလား'ဟု ကိုထိန်က ပြော၏။

'ဟေး··ငထိန်၊ မင်း စွတ်မပြောနဲ့ကွ။ အခုပဲ ဒီနေရာမှာ သေနတ်တစ်လက်နဲ့ ဓားရှည်တစ်ချောင်း တွေ့နေရပြီမဟုတ်လား။ ဒီတော့ အစဉ်အတိုင်း ခြေရာခံပြီးမှ လိုက်သင့်,မလိုက်သင့် မင်း စဉ်းစားကြည့်'

သူကြီးက ထိုသို့ပြောလိုက်၍ ကိုထိန် စောဒကမတက်ရဲတော့ပေ။ ထို့နောက် ဓားပြများ၏ ပြေးလမ်းအတိုင်း ဆက်လိုက်ကြရာ ဦးကျွဲကြီးသည် ဓားပြများ လန့်ဖျပ်ပြီး သွေးပျက်လောက်သည်အထိ ခြောက်လှန့်မောင်းနှင်သွားဟန်ရှိ၏။

ပြေးလမ်းတစ်လျှောက်တွင် သေနတ်ရလိုက်၊ ဓားရလိုက်နှင့် ဦးကျွဲကြီး၏ လက်ပံပင်ကြီးဆီသို့ တန်းသွားနေသည်ကိုသာ တွေ့နေရ၏။ တချို့နေရာများမှာ မစင်များထွက်ကျသည်ကိုပင် တွေ့ကြရသည်။

ထို့ကြောင့် ဦးကျွဲကြီးသည် မည်မျှအထိပင် ဓားပြများအား ကြောက်လန့်သွားအောင် ခြောက်လှန့်ပြီး သူ၏ဗိမာန်လက်ပံပင်ကြီးနားဆီသို့ မောင်းယူသွားလေသည်ကို သိနိုင်လေ၏။

ရွာသူကြီးနှင့် အဖွဲ့တို့သည် လက်ပံပင်ကြီးနှင့် တစ်ဖာလုံခန့်သို့ရောက်လျှင် ရပ်ပြီးကြည့်ကြ၏။ မီးလုံးကြီးသည် လက်ပံပင်ကြီးအောက်တွင် လှည့်ပတ်နေသည်ကို တွေ့နေရ၏။ ဓားပြများ၏ အော်ဟစ်ငိုယိုနေသံများလည်း ဆူညံနေ၏။

မီးလုံးကြီးက နှေးနှေးလှည့်ပတ်သလို မြန်မြန်လှည့်ပတ်သည်ကိုလည်း တွေ့နေရ၏။ ကြက်ခြေခတ်၊ လခြမ်းပုံစံမျိုး ခုန်ပေါက်ရွေ့လျားသည်ကိုလည်း တွေ့နေရ၏။ ထိုအခါ ဓားပြများ၏ အော်ဟစ်ကြသံမှာ သာ၍ကျယ်လောင်ပြီး ငယ်သံပါ၏။

ရွာသူကြီးသည် မီးလုံးကြီးနှင့် ဓားပြများ၏ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တစ်အောင့်ကြာအောင် ကြည့်ရှုအကဲခတ်လိုက်ပြီးနောက် သူ့လူများအား ပြော၏။

'ဟော့ကောင်တွေ··ဓားပြတွေတော့ ဦးကျွဲကြီး ဆုံးမထားလို့ တစ်ပတ်ရနေကြပြီကွ။ အသက်မထွက်ရုံတစ်မည်ရှိတော့တယ်။ ဒါပေမဲ့ တို့ ဒီအတိုင်း ဝင်ဖမ်းတာထက် လေးဖက်လေးတန်က ဝိုင်းဝန်းပြီး သေနတ်တွေကို မိုးပေါ်ထောင်ဖောက်ခြောက်လှန့်၊ တစ်ကောင်မကျန် မြေပြင်မှာ ပြားပြားဝပ်ခိုင်းထားပြီးမှ ဝင်ဖမ်းတာက ပိုကောင်းမယ်လို့ ထင်တယ်'

'သူကြီးရဲ့အကြံ ကောင်းပါတယ်။ အဲဒီလိုလုပ်ပြီးဖမ်းရင် အန္တရာယ်လည်း ကင်းတာပေါ့'ဟု ကိုထိန်က ထောက်ခံ၏။

'ဟုတ်ပြီ။ ဒီလိုဆိုရင် မင်းတို့ လူဖြန့်ပြီး လက်ပံပင်ကြီးအောက်ကို ဝိုင်းလိုက်ကြ။ လူတွေ ဝိုင်းပြီးတာနဲ့ သေနတ်တွေကို မိုးပေါ် ထောင်ဖောက်ပြီး ဖမ်းလိုက်ကြတော့'

သူကြီး၏စကားအဆုံးတွင် ကိုထိန်တို့လူစုလည်း လက်ပံပင်ကြီးအောက်ကို လူနည်းနည်းဖြင့် ခပ်ကြဲကြဲဝိုင်းကြလေသည်။

သူကြီးကမူ ဓားပြများအား ဝိုင်းကြသည့်အထဲတွင် မပါဝင်ပေ။ သူ၏ လိုင်စင်ရ နှစ်လုံးပြူးသေနတ်ကြီးကို မောင်းထိုးပြီး ခပ်မြင့်မြင့်ကန်သင်းရိုးတစ်ခုကို အကာအကွယ်ယူပြီး အခြေအနေများကိုသာ စောင့်ကြည့်နေလေသည်။

'ဒိုင်း··ဒိုင်း··ဒိုင်း'

'ဟိုက်ကောင်တွေ၊ အားလုံး မြေပြင်မှာ ပြားပြားဝပ်လိုက်ကြစမ်း'

ဆူညံစွာဖြင့် ပစ်ဖောက်လိုက်ကြသည့် သေနတ်သံများ၏အဆုံးတွင် ကိုထိန်၏အသံ ထွက်ပေါ်လာ၏။ ကိုထိန်၏အသံသည် ယခင်ထက် မာကျောနေ၏။ မာန်လည်းပါနေ၏။ မီးလုံးကြီးသည်လည်း ထိုခဏမှာပင် ပျောက်ကွယ်သွားလေ၏။ ဦးကျွဲကြီးသည် သူ့တာဝန်ကျေ၍ သူ၏ဗိမာန်ဖြစ်သော လက်ပံပင်ကြီးပေါ်သို့ ပြန်တက်သွားခြင်းပင် ဖြစ်ပေသည်။

ကိုထိန်က ခပ်ငေါက်ငေါက်အမိန့်ပေးသံဖြင့် ပြောလိုက်သော်လည်း လူဆိုးဓားပြများသည် မြေပြင်တွင် အားလုံးပြားပြားဝပ်ခြင်းမရှိဘဲ လေး‚ငါးယောက်မျှသာဝပ်ပြီး တချို့အထိုင်လျက် တချို့ကမူ ကုန်း၍ပင် ထကြလေသည်။



'ဟိုက်ကောင်တွေ··မင်းတို့အားလုံး မြေပြင်မှာ ဝပ်နေကြဆို မဝပ်ဘူးလား။ အားလုံး မသာပေါ်ချင်နေကြသလား။ မင်းတို့ရဲ့ ဓား၊ သေနတ်တွေအားလုံး တို့လက်ထဲကို ရောက်နေပြီနော်။ ဝပ်ဆိုလို့သာ မဝပ်ရင်တော့ လက်ညှိုးကို တစ်ချက်ကွေးလိုက်တာနဲ့ အားလုံး မသာဖြစ်သွားကြလိမ့်မယ်'

ကိုထိန်က ဒုတိယအကြိမ် အမိန့်ပေးလိုက်မှ လူဆိုးဓားပြများအားလုံး ပြားပြားဝပ်သွားကြလေ၏။

ထို့နောက် သူကြီးက ကိုတေတို့လူစုကို ဓား၊ သေနတ်များဖြင့် လူဆိုးဓားပြများအား ဝိုင်းရံထားခိုင်းလိုက်၏။ သူကြီးနှင့် ကိုထိန်ကမူ ဓားပြများအား တစ်ယောက်ချင်း စစ်ကြည့်ကြသည်။

ဓားပြများမှာ ဦးကျွဲကြီး၏ကိုယ်ပွား မီးလုံးကြီးကို ကြောက်လန့်ထွက်ပြေးနေကြရ၍ လဲပြိုထိခိုက်လွန်းသောကြောင့်ထင်၏။ လူတိုင်းမှာပင် ပေါက်ပြဲဒဏ်ရာများဖြင့် ကြည့်မကောင်းလောက်အောင်ပင် ဖြစ်နေကြသည်ကို တွေ့ရလေသည်။ လူအားလုံးမှာလည်း မြော့မြော့သာရှိကြတော့သည်။


သို့သော်လည်း လူဆိုးဓားပြများကိုမူ သက်ညှာသနား၍မရပေ။ ထို့ကြောင့် လူဆိုးဓားပြအားလုံးကိုပင် ဓား၊ သေနတ်များဖြင့် ဝိုင်းရံဖမ်းခေါ်ပြီး ညတွင်းချင်း တောင်ငူရဲစခန်းသို့ ပို့အပ်လိုက်ကြလေသည်။

ထွန်းဇော်ဘက်



www.burmeseclassic.com

www.burmeseclassic.com




# ကြည်ဝင်း
(ဟာသ်ာတ)

# အဘဆရာကြီး၊ မှင်စာကလေးဘိုးသက်ရှည်နဲ့ သံသပိတ်ကြီး

(၁)

ဘိုးသက်ရှည်ဟာ ကြွက်ပြေးရွာနဲ့ မလှမ်းမကမ်းမှာ ရှိတဲ့ ဘုရားငုတ်တိုမှာနေတဲ့ မှင်စာလေး တစ်ကောင်ပါ။ သူ့အသက်ဟာ နှစ်ပေါင်းလေး,ငါးရာ လောက်တော့ ရှိပါပြီ။

ကိုမောင်ညိုရဲ့အဖေ ဦးမောင်အို၊ ဦးမောင်အိုရဲ့အဖေ ဦးမောင်ခို၊ ဦးမောင်ခိုရဲ့အဖေ ဦးတောင်ပျို၊ ဦးတောင်ပျိုရဲ့ အဖေများ လက်ထက်ကတည်းက တစ်ဆင့်စကား တစ်ဆင့် နား ဆိုသလို ဘိုးသက်ရှည်ရဲ့အကြောင်းကို လက်ဆင့်ကမ်း ပြောလာကြတာဆိုတော့ အခု ကိုမောင်ညိုကနေ တွက်ကြည့်ရင် ဘိုး၊ ဘေး၊ ဘီ၊ ဘင် လေးဆက်တောင် ရှိ... အသက်လေး,ငါးရာ ရှိနေပြီဆိုတာ ဟုတ်လောက်ပါတ...

ဘိုးသက်ရှည်ရဲ့ ပုံသဏ္ဌာန်ကတော့ နှာခေါ်... ကောက်ကောက်နဲ့ သက်ကြီးပုလေးပါ။ အနီး...

www.burmeseclassic.com

www.burmeseclassic.com



...ည့်ပြရရင်တော့
...အမေရိကန်သမ္မတကြီးလင်ကွန်းရဲ့
...နဲ့ တစ်တောင်သာသာလောက်ရှိတဲ့
...လေးပါ။

ဘိုးသက်ရှည်မှာ တန်ခိုးကမ္မဖိဒ္ဓိရှိတဲ့ သံပရာခွံ
...င် ဦးထုပ်ပျော့လေးတစ်လုံးရှိပါတယ်။ ဒီဦးထုပ်
...လေးကြောင့် သူဟာ ကိုယ်ရောင်ဖျောက်
... ပုံသဏ္ဍာန်အသွင်အမျိုးမျိုး ပြောင်းလဲနိုင်
... စတဲ့အရာတွေကို ပြုလုပ်နိုင်ပါတယ်။

လူကြီးသူမတွေ ပြောတာကတော့ ဘုရားပစ္စည်း

www.burmeseclassic.com

www.burmeseclassic.com

တွေကို စောင့်ရှောက်နေရတဲ့ အစောင့်ကလေး ဖြစ်ပါသတဲ့။ လူတွေနဲ့လည်း အနေနီးတော့ ယဉ်နေပါတယ်။ ဒါကြောင့် တစ်ခါတစ်ရံမှာ လူတွေအနားလာပြီး စကားစမြည် ပြောလေ့ရှိပါတယ်။

တစ်ခါက မောင်ညိုနဲ့ သူ့ညီမောင်ဦးတို့ နှစ်ယောက်ဟာ ညဘက်မှာ ဘုရားငုတ်တိုလေးနားသွားပြီး ငှက်ထောင်ကြပါတယ်။ အိပ်တန်းတက်တဲ့ ငှက်တွေကို ညီအစ်ကိုနှစ်ယောက် စောင့်ကြည့်နေကြတုန်းမှာ ဘုရားငုတ်တိုဘက်က မည်းမည်း,မည်းမည်းနဲ့ လူတစ်ယောက် ထွက်လာတာကို တွေ့လိုက်ရပါတယ်။ သူတို့လိုပဲ ငှက်ထောင်တဲ့သူ ဖြစ်မှာပဲဆိုပြီး ငြိမ်ပြီးကြည့်နေကြပါတယ်။ အနားရောက်ခါနီးလေး,ငါးလံအကွာလည်းရောက်ရော ညီအစ်ကိုနှစ်ယောက်က ရုတ်ခနဲထလိုက်ပါတယ်။

အဲဒီလူဟာ အနီးက သစ်ပင်အောက်ကို ငုံ့ခနဲထိုင်ချလိုက်ပါတယ်။ မသင်္ကာလို့ လက်နှိပ်ဓာတ်မီးနဲ့လည်း လှမ်းထိုးကြည့်ရော သစ်ပင်အောက်မှာ ဘာမှမရှိပါဘူး။ နောက်ထပ်ပြီး ဟိုဒီလှမ်းထိုးကြည့်တော့ ယုန်ဖြူလေးတစ်ကောင် ချုံထဲကို ခုန်ဝင်သွားတာ တွေ့လိုက်ရပါတယ်။ ဒါဟာ သူတို့ ညီအစ်ကိုနှစ်ယောက် ဘိုးသက်ရှည်နှင့် ပထမဆုံး တွေ့ဆုံခြင်း ဖြစ်ပါတယ်။

ဒုတိယအကြိမ် ဆုံဖြစ်တာကတော့ ညတစ်ချက်တီး ကျော်ကျော်လောက်မှာ ငှက်တွေဖမ်းမိပြီး ဆာဆာရှိတာနဲ့ ညီအစ်ကိုနှစ်ယောက် မိထားတဲ့ငှက်တွေကို သုံး,လေးကောင်လောက် အမွေးနုတ်ပြီး ကင်စားနေချိန်ဖြစ်ပါတယ်။

ငှက်ကင်တွေကျက်လို့ စားမယ်ဟန်ပြင်ချိန်မှာပဲ မည်းမည်းအရိပ်တစ်ခု ကပ်လာတာကို တွေ့လိုက်ရပါတယ်။ လှမ်းလည်းကြည့်လိုက်ရော မလှမ်းမကမ်းမှာရပ်နေတဲ့ ဘိုးသက်ရှည်ကို တွေ့ရတော့တာပဲ။

ဘိုးသက်ရှည်ရဲ့ရုပ်က အရပ်တစ်တောင်သာသာရှိတဲ့ အဘိုးကြီးအိုရုပ်ကလေးဆိုတော့ ရယ်မောချင်စရာ အလွန်ပဲကောင်းပါတယ်။ ဒါကြောင့် ညီအစ်ကိုနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်ကြည့်ရင်း ပြုံးလိုက်မိကြပါတယ်။ ကြောက်တော့မကြောက်ပါဘူး။ သူတို့မှာ လောက်လေး၊ လောက်စာလုံး၊ လက်နှိပ်ဓာတ်မီး၊ ဓားမြှောင် လက်နက်အစုံပါလို့ပါပဲ။

ဒါဟာ သူတို့အဖေ၊ အဘိုးတွေ ပြောပြောနေတဲ့ ဘိုးသက်ရှည်ပဲဆိုတာ သူတို့ ရိပ်စားမိပါတယ်။ ခေါင်းမှာ

သံပရာခွံဦးထုပ်လေး ဆောင်းထားပြီး အဝတ်အစားအပြည့် အစုံဝတ်ထားပါတယ်။ ဘိုးသက်ရှည်က သူတို့ကင်ထားတဲ့ ငှက်တွေကို လက်ညှိုးထိုးပြပါတယ်။

မောင်ညိုက-

'စားချင်လို့လား'

အဲဒီလိုမေးတော့ သူက ခေါင်းညိတ်ပြပါတယ်။ မောင်ညိုက ငှက်ကင်တစ်ကောင်ကိုလည်း ပေးလိုက်ရော ညီအစ်ကိုနှစ်ယောက်ရဲ့ အနားမှာထိုင်ပြီးတော့ မြိန်ရေရှက်ရေ စားသောက်နေပါတယ်။ ညီအစ်ကိုနှစ်ယောက် တစ်ယောက် တစ်ကောင်စားပြီး သူတို့ကျန်တဲ့တစ်ကောင်ပေးတော့ ခေါင်းခါပြပါတယ်။ နောက်တော့ ညီအစ်ကိုနှစ်ယောက်ကို လက်ပြနှုတ်ဆက်ပြီး အမှောင်ထုထဲကို ဝင်ရောက်ပျောက်ကွယ်သွားပါတော့တယ်။

ညီအစ်ကိုနှစ်ယောက် ဘုရားငုတ်တိုဘေးမှာ ငှက်ထောင်ဖမ်းပြီး ကင်စားတိုင်း ဖိုးသက်ရှည် ရောက်လာတတ်ပါတယ်။ အတူတကွစားသောက်ရင်း တဖြည်းဖြည်းနဲ့ ရင်းနှီးလာပါတယ်။

တစ်နေ့တော့ မောင်ညိုက မောင်ဦးနဲ့ တိုင်ပင်ပါတယ်။ ဒီတစ်ခါ ဖိုးသက်ရှည်လာရင် ဝိုင်းဖမ်းပြီး ရတနာတွေ ဘယ်မှာထားသလဲဆိုတာ မေးဖို့ပေါ့။ မောင်ဦးကတော့ သဘောမတူပါဘူး။ သူဟာ ဖိုးသက်ရှည်ကို သွေးသားရင်း တစ်ယောက်လို ခင်တွယ်နေပြီ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့အစ်ကိုကိုလည်း ကြောက်တော့ မငြင်းရဲပါဘူး။

အရင်တုန်းကနေ့တွေလိုပဲ ညီအစ်ကိုနှစ်ယောက်ဟာ ဘုရားငုတ်တိုလေးနားသွားပြီး ငှက်ထောင်ဖမ်း ကင်စားကြပါတယ်။ ဖိုးသက်ရှည်ကတော့ ပေါ်မလာပါဘူး။ တစ်ပတ်လောက်ကြာလို့ ညီအစ်ကိုနှစ်ယောက် ငှက်တွေကို ကင်စားနေချိန်မှာတော့ မလှမ်းမကမ်းမှာရပ်နေတဲ့ ဖိုးသက်ရှည်ကို မြင်တွေ့လိုက်ရပါတယ်။ ညီအစ်ကိုနှစ်ယောက်လုံးက ဝမ်းသာအားရနဲ့ 'အဘိုး..လာလေ'လို့ ခေါ်လိုက်ပါတယ်။ ဘိုးသက်ရှည်က အရင်လိုပဲ လာပြီးတော့ထိုင်ပါတယ်။

မောင်ညိုက-

'အဘိုး..ဘာဖြစ်လို့ ပေါ်မလာတာလဲ။ ကျွန်တော်တို့ မျှော်နေတာကြာပြီ'လို့ ပြောပါတယ်။

ဖိုးသက်ရှည်က-

'ငါလာလို့ ဘယ်ဖြစ်မှာလဲ'

မောင်ညိုက-



www.burmeseclassic.com

www.burmeseclassic.com

'ဘာဖြစ်လို့ မဖြစ်တာလဲ အဘိုးရဲ့'

ဖိုးသက်ရှည်က-

'ငါလာရင် နင်တို့ညီအစ်ကိုနှစ်ယောက်က ငါ့ကို ဝိုင်းဖမ်းပြီး ရတနာတွေရှိတဲ့နေရာ မေးမယ်လို့ ကြံနေတယ် မဟုတ်လား'

ဖိုးသက်ရှည်က အဲဒီလိုလည်းပြောလိုက်ရော မောင်ညို တစ်ယောက် မျက်လုံးပြူးသွားပါတယ်။

ပြီးမှ အံ့သြစွာနဲ့-

'အဘိုး ဘယ်လိုလုပ်သိသလဲ'

'မောင်ညို..ဒါဟာ ဘုရားပစ္စည်းတွေကွယ့်။ စိတ်နဲ့တောင် မပြစ်မှားကောင်းဘူး။ လူကလေး..နောင်ကို အဲဒီလို မကြံစည်နဲ့'

ဖိုးသက်ရှည်က မောင်ညိုကို ဆုံးမပါတယ်။ မောင်ညို ကလည်း ဖိုးသက်ရှည်ကို တောင်းပန်ပါတယ်။ အမှန်က လူကြီးတွေပြောနေတာကို ကြားမိနေလေတော့ ဟုတ်သော် ရှိ မဟုတ်သော်ရှိကို ကြံစည်မိတာ ဖြစ်ပါတယ်။ တကယ် ဖြစ်ဦးတော့ ဘုရားရှင်ကို ရည်စူးလှူဒါန်းထားတဲ့ ပစ္စည်း တွေကို သူတို့ မယူရဲပါဘူး။

လူငယ်တွေရဲ့စိတ်နှလုံးဟာ ဖြူစင်ပါတယ်။ သဘော ပေါက်နားလည်အောင် ရှင်းပြရင် ဆိုဆုံးမတဲ့အတိုင်း နာခံ တတ်ပါတယ်။ မောင်ညိုဟာ နောက်နောင်ကို ဒီလို မကောင်းတဲ့အကြံအစည်ကို မတွေးရဲတော့ပါဘူး။

မောင်ဦးကလည်း အစကတည်းက ဒီအလုပ်ကို မလုပ် ချင်ပါဘူး။ သူ့အစ်ကိုကို ကြောက်လို့သာ ငြိမ်နေရတာပါ။ အခု မောင်ညိုကိုယ်တိုင်က အမှားကိုဝန်ခံပြီး အမြင်မှန်ရ သာတော့ သူက ပိုလို့တောင်မှ ဝမ်းသာမိပါတယ်။ သူတို့ သုံးဦးသားဟာ ပျော်ပျော်ပါးပါးစားသောက်ကြပြီး ကိုယ့် အိမ်ကိုယ် ပြန်ခဲ့ကြပါတယ်။ သူတို့တွေ အဝေးကို ရောက် သွားတဲ့အချိန်မှာ တောတန်းချုံပုတ်တွေကြားကနေ တစ်စုံ တစ်ယောက်ဟာ ထွက်လာခဲ့ပါတယ်။

အဲဒီလူဟာ သူတို့သုံးယောက်ကို စောင့်ကြည့်နေတာ ကြာပါပြီ။ သူဟာ မောင်ညိုတို့ ညီအစ်ကိုနှစ်ယောက်နဲ့ ပူးပေါင်းပြီး ဘုရားပစ္စည်းတွေကိုယူဖို့ ကြံစည်ထားပါတယ်။ အခု သူကြားခဲ့ရတဲ့အတိုင်းဆိုရင် မောင်ညိုတို့ ညီအစ်ကို နှစ်ယောက်က အမြင်မှန်ရသွားခဲ့ပါပြီ။ ဒါကြောင့် သူဟာ ရတနာတွေယူမယ့် အကြံအစည်ကို ပြင်ဆင်ပြောင်းလဲပြီး တစ်ကိုယ်တော် လုပ်ကိုင်အကောင်အထည်ဖော်ဖို့ ဆုံးဖြတ် ချက်ချလိုက်ပါတော့တယ်။

◆◆◆

(၂)

မောင်ညိုတို့ ညီအစ်ကိုနှစ်ယောက် ငှက်တွေကိုသွားပြီး ထောင်မဖမ်းဖြစ်တာ ကြာပါပြီ။ ဒီကနေ့တော့ မောင်ညိုက မောင်ဦးကို ငှက်ထောင်သွားဖို့ စိတ်လိုလက်ရ တိုင်ပင်ပါ တယ်။ ဒါပေမဲ့ မောင်ဦးဟာ ဒီကနေ့ ငှက်ထောင်သွားဖို့ စိတ်လေးနေပါတယ်။

ဒါကြောင့် မောင်ညိုကို-

'အစ်ကိုရေ.. ဒီနေ့ ငါတို့ ငှက်သွားမထောင်ရင် ကောင်းမယ်ထင်တယ်'လို့ ပြောပါတယ်။

မောင်ညိုက-

'ဘာဖြစ်လို့လဲ ညီလေးရဲ့။ ဟိုမှာ အဘိုးစောင့်နေလိမ့် မယ်'

အဘိုးဆိုတဲ့အသံကို ကြားတော့ မောင်ဦးက-

'ကျွန်တော် စိတ်တွေလေးနေလို့ပါ အစ်ကိုရယ်။ ဒါဆို လည်း သွားကြတာပေါ့။ တော်ကြာ အဘိုးမျှော်နေဦးမယ်'

'ငါ့ညီ အိပ်ရေးပျက်လို့ ထင်ပါတယ်ကွာ။ တော်ကြာ ပျောက်သွားမှာပါ'

ည(၁၂)နာရီလောက်မှာ ညီအစ်ကိုနှစ်ယောက် ငှက် ထောင်ထွက်လာခဲ့ကြပါတယ်။ ထုံးစံအတိုင်း လက်နှိပ်ဓာတ် မီး၊ ဓားမြှောင်နဲ့ လောက်လေးတွေလည်း ပါ,ပါတယ်။ ဘုရားငုတ်တိုလေးအနားရောက်လာတော့ ပတ်ဝန်းကျင်ကို လှည့်ပတ်ပြီး ကြည့်ရှုအကဲခတ်လိုက်ပါတယ်။

တောတန်းအစပ်က သစ်ပင်တွေပေါ်မှာ ငှက်တွေရဲ့ အသံကို ကြားနေရပါတယ်။ သူတို့ညီအစ်ကိုနှစ်ယောက်ဟာ ငှက်တွေ ဖမ်းလိုဇောနဲ့ ငှက်တွေရှိတဲ့ သစ်ပင်နေရာကို တစ် လှမ်း၊ နှစ်လှမ်းသာ လှမ်းရသေးတယ်၊ ဝုန်းခနဲ အသံကြီး ကြားလိုက်ရပြီး ညီအစ်ကိုနှစ်ယောက်ဟာ လေထဲမှာ တန်း လန်းကြီးနဲ့ ဇောက်ထိုးဖြစ်သွားကြပါတယ်။ ငှက်တွေ သုတ် ကိုင်းမှာ မိနေသလိုမျိုး သူတို့နှစ်ယောက်ခြေထောက် ခြေ ချင်းဝတ်နေရာမှာ နွားအရေခွံသားရေကွင်းရော လုပ်ထား တဲ့ကြိုးနဲ့ စွပ်မိပြီး သစ်ပင်တစ်ပင်ရဲ့ သစ်ကိုင်းမှာ တန်း လန်းကြီးနဲ့ ဇောက်ထိုးဖြစ်နေရှာပါတယ်။

သူတို့စိတ်ထဲမှာတော့ ငါတို့တစ်တွေ အခုမှ ငှက်တွေ ရဲ့ဝဋ်လည်တာပဲလို့ စဉ်းစားမိကြပါတယ်။ ဒီထောင်ချောက် က လွတ်ခဲ့ရင် နောက်နောင်မှာ ငှက်တွေကို ထောင်မဖမ်း

www.burmeseclassic.com

တော့ဘူးလို့လည်း စိတ်ထဲမှာ ဆုံးဖြတ်ချက်ကိုယ်စီချမိပါတယ်။ အဲဒီအချိန်မှာ လရောင်အောက်မှာ သူတို့ဆီကို လျှောက်လာနေတဲ့ ဘိုးသက်ရှည်ကို တွေ့လိုက်ရပါတယ်။

နှစ်ယောက်သား ပြိုင်တူ 'အဘိုးရေ..ကယ်ပါဦး' လို့ အော်ဟစ်အကူအညီတောင်းကြပါတယ်။

ဖိုးသက်ရှည်က သူတို့နှစ်ယောက် ဖြစ်နေပုံကို အသေအချာကြည့်ရင်း တဟားဟားရယ်မောလိုက်ပါတယ်။

'ကောင်းတယ်။ အဲဒါ ဝဋ်လည်တယ်လို့ခေါ်တယ်'

ဖိုးသက်ရှည်က ရယ်မောပြောဆိုရင်း ထောင်ချောက်မိထားတဲ့ကြိုးကို ဖြေပေးဖို့ ရှေ့ကို တိုးလာပါတယ်။ အဲဒီအချိန်မှာ ကောင်းကင်ကနေ တစ်စုံတစ်ခုဟာ တဝီဝီအသံမြည်ရင်း ပျံဝဲလာပါတယ်။ ဖိုးသက်ရှည်ဟာ ထိတ်လန့်တကြားဖြစ်ပြီး 'အသံကြားရာကို မော့ပြီးကြည့်လိုက်ပါတယ်။ ဝီဝီမြည်တဲ့အရာဟာ သူ့ကိုယ်ခန္ဓာကို စွပ်မိသွားချိန်မှာပဲ အမှောင်ရိပ်တောတန်းထဲကနေ မည်းမည်းအရိပ်ကြီးဟာ လရဲ့အလင်းရောင်အောက်ကို ထွက်လာပါတော့တယ်။

သူတို့သုံးယောက်စလုံး အလန့်တကြားဖြစ်သွားပြီး–

'ဟင်..သံသပိတ်ကြီး'

'ဟား..ဟား..ဟား..ဟား'

သံသပိတ်ကြီးက ကြောက်မက်ဖွယ်ရာ အသံနက်ကြီးနဲ့ သဘောကျနှစ်ခြိုက်စွာ အော်ဟစ်ရင်း ရယ်မောလိုက်ပြီးတော့မှ–

'ဟုတ်ပေ့ကွာ။ တစ်ချက်ခုတ် သုံးချက်ပြတ်၊ တစ်ခါတည်း သုံးယောက်တန်းမိတာပဲ။ ဟဲ..ဟဲ'

ဖိုးသက်ရှည်ဟာ ပထမတော့ ကြောက်လန့်တကြား ရုန်းကန်နေပါတယ်။ သူ ဘယ်လိုပဲရုန်းရုန်း သံသပိတ်ကြီးရဲ့ ချည်မန်းကွင်းမှာ မိနေတော့ မလွတ်နိုင်ပါဘူး။ လွတ်မြောက်မယ့်လမ်း မရှိတော့တဲ့တူတူ အပေးအယူလုပ်ဖို့အတွက် ရုန်းကန်ခြင်းကို ရပ်လိုက်ပါတယ်။

ပြီးတော့မှ–

'သင် ဘာအလိုရှိလို့ ဒီလိုလုပ်ရတာလဲ'

'မေးနေရသေးလား ဖိုးသက်ရှည်ရဲ့၊ ရတနာတွေအတွက်ပေါ့။ သင်စောင့်နေတဲ့ ရတနာတွေအတွက်ပေါ့'

'ရတနာတွေဟာ ဘုရားရှင်ကို ပူဇော်ထားတဲ့ ပစ္စည်းတွေပဲ။ ဒါတွေကို ပြစ်မှားရင် သင် အဝီစိကိုကျလိမ့်မယ်'

'ဟား..ဟား..သံသပိတ်ကို တရားလာမချနဲ့။ ငရဲဆိုတာ ချိုနဲ့လား။ ကိုင်း..ရတနာတွေ ပေးမလား၊ မပေးဘူးလား'

'ကျုပ်ကို ကြိုက်သလိုလုပ်၊ မပေးနိုင်ဘူး'

'နင့်ကိုမလုပ်ဘူး။ ဟိုနှစ်ကောင်ရဲ့ လည်ချောင်းသွေးနဲ့ နင်စောင့်တဲ့ ရတနာတွေကို ယူပြမယ်'

သံသပိတ်ကြီးက သစ်ပင်ပေါ်မှာ တွဲလွဲဖြစ်နေတဲ့ မောင်ညိုတို့ ညီအစ်ကိုနှစ်ယောက်ကို လက်ညှိုးထိုးပြီး ပြောလိုက်တယ်။

'ကလေးနှစ်ယောက်နဲ့ ဘာမှမဆိုင်ဘူး။ သူတို့ကိုလွှတ်လိုက်ပါ'

'ကျုပ်လိုချင်တာရမှ လွှတ်မယ်။ အခု မလွှတ်နိုင်ဘူး'

'ဘုရားရှင်အတွက် ရည်စူးထားတဲ့ ရတနာတွေဖြစ်လို့ သင်သာမဟုတ်ဘူး၊ ဘယ်သူ့ကိုမှလည်း ပေးလို့မရဘူး။ သင်ကြိုက်သလိုသာ ဆုံးဖြတ်ပါတော့'

'ဒီကောင်လေးနှစ်ယောက်ဟာ သင်နဲ့ ပဋ္ဌာန်းဆက်ရှိတာကို ကျုပ်ကသိပြီးသား။ သူတို့ရဲ့ လည်ချောင်းသွေးနဲ့ သင်စောင့်နေတဲ့ ဘုရားဂုတ်တိုသိုက်ကို ဖွင့်လို့ရတာလည်း ကျုပ်က သိပြီးသားပဲ။ သံသပိတ်တဲ့ဟေ့၊ ဟိုး..ဟိုး..ဟိုး'

ဖိုးသက်ရှည် မျက်နှာပျက်သွားပါတယ်။ သံသပိတ်ကြီးပြောတာ အမှန်တွေပဲဆိုတာ သူသိပါတယ်။ ဒီစကားတွေကို ကြားရတော့ မောင်ညိုတို့ ညီအစ်ကိုနှစ်ယောက်ဟာလည်း ကြောက်လန့်တကြား ရုန်းကန်ကြပြီး–

'အဘိုး..အဘိုး..သားတို့ ကြောက်တယ်။ သားတို့ကို ကယ်ပါဦး'

ဖိုးသက်ရှည်ခမျာ ဘာလုပ်ရမှန်းမသိဘဲ တွေဝေနေပါတယ်။

သံသပိတ်ကြီးက ဒီအချက်ကိုသိတော့ မောင်ညိုတို့ ညီအစ်ကိုအနားကို ကပ်သွားပြီး–

'ကိုင်း..ဘုရား၊ တရားသာ တ,ကြတော့'

'အဘိုး..အဘိုး..သားတို့ကို မကယ်တော့ဘူးလား'

မောင်ညိုတို့ ညီအစ်ကိုနှစ်ယောက်က ငိုသံပါကြီးနဲ့ ဖိုးသက်ရှည်ကို တောင်းပန်နေပါတယ်။ ဖိုးသက်ရှည်မှာလည်း ဆုံးဖြတ်ရခက်နေဟန်ရှိပါတယ်။ ဒီကြားထဲ သံသပိတ်ကြီးကလည်း သတ်မယ်ဖြတ်မယ် တကဲကဲဖြစ်နေပါတယ်။ နောက်ဆုံးမှာတော့ သံသပိတ်ကြီးက စိတ်မရှည်တော့ဟန်နဲ့ ကြုံးဝါးလိုက်ပါတယ်။

'ကဲ..ဒီလောက်ဖြစ်နေကြတာ သေပေတော့'

'အမယ်လေး..အဘိုး..အဘိုး'



www.burmeseclassic.com

www.burmeseclassic.com

ထိတ်လန့်တကြား အော်ဟစ်သံတွေနဲ့ ဆူညံသွားပါတော့တယ်။ သံသပိတ်ကြီးဟာ မောင်ညိုတို့ ညီအစ်ကိုနှစ်ယောက်ရဲ့ လည်ချောင်းကိုဖောက်ပြီး လည်ချောင်းသွေးကို ယူဖို့ ပြင်ဆင်လိုက်ပါတယ်။

ဒီအချိန်မှာ သက်ပြင်းချသံနဲ့အတူ တစ်စုံတစ်ယောက်ဟာ သံသပိတ်ကြီးနောက်က ပေါ်ထွက်လာလို့ သံသပိတ်ကြီးဟာ တွန့်ခနဲဖြစ်သွားပါတယ်။

'ဘုရား..ဘုရား..ဘုရား'

သံသပိတ်ကြီးဟာ နောက်ကိုလှည့်ကြည့်လိုက်တဲ့အခါမှာ သင်္ကန်းဝတ်နဲ့ ရဟန်းတော်တစ်ပါး ရပ်နေတာကို တွေ့လိုက်ရပါတယ်။ သူ့နှုတ်ကလည်း-

'ဟင်..အဘဆရာကြီးပါလား'

◆◆◆

(၃)

အဘဆရာကြီးဟာ သံသပိတ်ကြီးနဲ့ ဝါးတစ်ရိုက်အကွာမှာ ရပ်နေပါတယ်။ အဘဆရာကြီးကို တွေ့လိုက်ရလို့ အားတက်သွားသူတွေကတော့ မောင်ညိုတို့ ညီအစ်ကိုနှင့် ဖိုးသက်ရှည်ပါ။ သံသပိတ်ကြီးကတော့ အဘဆရာကြီးကို အကြီးအကျယ် စိတ်ဆိုးဒေါသထွက်နေပါတယ်။

'အဘိုးကြီး အစုတ်ပလုတ်။ ဘာလာရှုပ်တာလဲ'

အဘဆရာကြီးဟာ ရဟန်းဝတ်နဲ့ဖြစ်ပေမယ့် သံသပိတ်ကြီးဟာ လူတစ်ယောက်လိုပဲ ဆက်ဆံပါတယ်။

သံသပိတ်ကြီးက မေးလိုက်တော့ အဘဆရာကြီးက-

'ရှုပ်မလို့ မဟုတ်ပါဘူး။ ရှင်းရအောင် လာတာပါ'

'အောင်မာ..အဘိုးကြီးစုတ်က အတော်လာသားပါလား။ ကဲကွာ၊ သေလိုက်စမ်း'

သံသပိတ်ကြီးက သူ့လက်ထဲက တောင်ဝှေးကြီးနဲ့ လှမ်းပြီး အဘဆရာကြီးကို ပစ်ထည့်လိုက်ပါတယ်။ တောင်ဝှေးကြီးဟာ မည်းနက်တောက်ပြောင် ပါးပျဉ်းထောင်နေတဲ့ မြွေဟောက်နက်ကြီးဖြစ်သွားပြီး လေထဲမှာ တွန့်လိမ်,တွန့်လိမ်နဲ့ အဘဆရာကြီးထံ ပျံသွားပါတယ်။ မြင်ရသူတွေအတွက်ကတော့ ကြောက်စရာ၊ ကြက်သီးထစရာကြီးပါပဲ။ အဘဆရာကြီးကတော့ တုန်လှုပ်ခြင်းကင်းစွာနဲ့ ရှေ့ကို တစ်လှမ်းတိုးပြီး သူ့လက်နဲ့ ဖမ်းယူလိုက်တာ မြွေဟောက်နက်ကြီးဟာ တောင်ဝှေးပြန်ဖြစ်သွားပါတယ်။

'အမယ်..အဘိုးကြီးစုတ်က အလာသားပါလား။ ကိုင်း..လာလိုက်စမ်းကွာ'

ဒီတစ်ခါမှာ သံသပိတ်ကြီးက သူ့ရဲ့ကိုယ်မှာ အင်္ကျီတွေနဲ့ စီရင်ထားတဲ့ ခါးလှည့်ခေါ် စလွယ်ကြီးကိုချွတ်ပြီး ပစ်ပေါက်လိုက်ပါတယ်။ စလွယ်ကြီးဟာ ထင်းရှူးပြီးသွားပြီး အဘဆရာကြီးရဲ့ လည်ချောင်းတွေကို ရစ်ချွန်လေထဲမှာ တဖျတ်ဖျတ်နဲ့ ပျံသန်းလာပါတယ်။ အဘဆရာကြီးက စောစောက သူဖမ်းယူထားတဲ့ သံသပိတ်ကြီးရဲ့ တောင်ဝှေးနက်ကြီးနဲ့ လင်းနို့ကြီးကို ဆီးပြီးတော့ ရိုက်ချလိုက်ပါတယ်။ လင်းနို့ကြီးဟာ မြေပေါ်ကိုပြုတ်ကျပြီး ဆန့်ငင်,ဆန့်ငင်နဲ့ အသက်ထွက်သွားပါတယ်။ အသက်ထွက်သွားတာနဲ့ တစ်ပြိုင်နက်တည်း လင်းနို့ကနေ စလွယ်ကြီး ပြန်ဖြစ်သွားပါတယ်။

ဒီအခါမှာ သံသပိတ်ကြီးဟာ မြေပေါ်ကို လေးဖက်ထောက်လျက် လဲကျသွားပြီး သူ့နှုတ်ကလည်း-

'အမယ်လေး..ကြောက်ပါပြီ။ ချမ်းသာပေးပါ'

အဘဆရာကြီးဟာ သံသပိတ်ကြီးကို ပြုံးပြီးတော့ ကြည့်နေပါတယ်။ သံသပိတ်ကြီးဟာ နှုတ်ကလည်း အော်ဟစ်ရင်း သူ့ရဲ့ဦးခေါင်းဟာ ငိုက်စိုက်ကျလို့ မြေပြင်ပေါ်မှာ ဝပ်ဆင်းသွားခဲ့ပါပြီ။

ဒီအဖြစ်ကိုမြင်တော့ မောင်ညိုတို့ ညီအစ်ကိုက ပြုံးရယ်သွားနိုင်ပါတယ်။ သူတို့ညီအစ်ကိုနှစ်ယောက် ကံကောင်းလို့ လည်ပင်းမပြတ်ခဲ့ရတာပါ။ ဒါကြောင့် နောက်နောင် ငှက်တွေကို ဖမ်းယူသတ်စားတဲ့ အကုသိုလ်အလုပ်ကို မလုပ်တော့ဘူးလို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ဒီအချိန်မှာ ဖိုးသက်ရှည်က-

'သတိထား'

ကြောက်လန့်တကြား အော်ဟစ်သတိပေးလိုက်သံနဲ့အတူ သံသပိတ်ကြီးဟာ လေးဖက်ထောက်လျက်နဲ့ သူ့ဦးခေါင်းကိုမော့ ပါးစပ်ကိုဟပြီး အဘဆရာကြီး တည့်တည့်ကို ချိန်ရွယ်ပြီး ထွေးထုတ်လိုက်ပါတယ်။ သူ့ပါးစပ်ထဲက ထိပ်နီကောင်ကြီးအပါအဝင် မည်းမည်းကောင်တွေဟာ ဝေါခနဲ အဘဆရာကြီးထံကို ပြေးသွားကြပါတယ်။

အဘဆရာကြီးဟာ လက်ကို အသာဝှေ့ယမ်းလိုက်တဲ့အခါမှာ မည်းမည်းကောင်ကြီးတွေရဲ့ကိုယ်မှာ မီးတောက်မီးလျှံတွေ တောက်လောင်ပြီး ပါးစပ်ကလည်း ကယ်ပါ၊ ယူပါ တစာစာအော်ဟစ်လို့ လွင့်ပျံထွက်သွားကြပါတယ်။ ညဉ့်သန်းခေါင်ယံအချိန် ပြာလဲ့လဲ့ကောင်းကင်မှာ နီရဲတဲ့ မီးတောက်မီးလျှံတွေကြောင့် လောကဓာတ်တစ်ခုလုံး လင်း

www.burmeseclassic.com

ထိန်နေပါတယ်။

ဒီအချိန်မှာ သံသပိတ်ကြီးဟာ အမောဖောက်နေသလို အသက်ကို ပင်ပန်းကြီးစွာ ရှူရှိုက်နေရပါတယ်။ တစ်ခါ၊ နှစ်ခါ၊ သုံးခါ ရှူပြီးတဲ့အခါမှာတော့ သူဟာ မြေပေါ်ကို ခုန်ထလိုက်ပြီး သူ့ရဲ့ နောက်ဆုံးလက်နက်ဖြစ်တဲ့ မရဏ လက်ညှိုးနဲ့ အဘဆရာကြီးကို ထိုးထည့်လိုက်ပါတယ်။

'ရှိုး'

သံသပိတ်ကြီးရဲ့ လက်ညှိုးကနေပြီး အစိမ်းရောင်တန်းကြီးဟာ အဘဆရာကြီးဆီကို ပြေးသွားနေပါတယ်။

အဘဆရာကြီးက 'သြော်··လူမိုက်··လူမိုက်··မိုက်လက်စ မဆုံးသေးပါလား'လို့ နှုတ်က ရေရွတ်မြည်တမ်းရင်း သူ့ရဲ့ဘယ်လက်ကို ထောင်ပြလိုက်ပါတယ်။

သံသပိတ်ကြီးဟာ အဘဆရာကြီးရဲ့ လက်ဝါးပေါ်က အမှတ်အသားကို မြင်လိုက်တဲ့ တစ်ခဏမှာပဲ ရေစိုအဝတ်လို ပျော့ခွေပြီး မြေပြင်ပေါ်ကို ပြုတ်ကျသွားပါတော့တယ်။

သူ့ရဲ့ နှုတ်ကလည်း-

'ချမ်းသာပေးပါ အဘဆရာကြီး၊ ချမ်းသာပေးတော်မူပါ'

'လူမိုက်··လူမိုက်··မင်းရဲ့ပညာတွေကို သိမ်းယူပြီး တစ်ခါတည်း ဖျက်ဆီးပစ်ရမယ်'

သံသပိတ်ကြီးဟာ အကြီးအကျယ်မျက်နှာပျက်သွားပါတယ်။ အဘဆရာကြီးကသာ သူ့ရဲ့ပညာတွေကို ဖျက်ဆီးခဲ့ရင် သူ နှိပ်စက်ခဲ့တဲ့၊ ဒုက္ခပေးခဲ့တဲ့ ပညာသည်တွေက သူ့ကို တန်ပြန်ပြီး ကျိန်းသေပေါက် ကလဲ့စားချေကြတော့မှာ အသေအချာပါပဲ။

ဒါကြောင့် အဘဆရာကြီးကို-

'အဘဆရာကြီး··ငဲ့ညှာလို့ရရင် ငဲ့ညှာပေးတော်မူပါ'

မဝံ့မရဲနဲ့ တောင်းပန်လိုက်ပါတယ်။

ပညာသည်လောကမှာ ဒါဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့ ထုံးတမ်းစဉ်လာတစ်ခုပါပဲ။ ကိုယ်က သာနေသရွေ့တော့ ကမ်းကုန်အောင် ရက်စက်မယ်၊ စော်ကားမယ်၊ အနိုင်ကျင့်မယ်။ ကိုယ်ခံရမယ့် အလှည့်ကျတော့ မျက်ရည်ခံထိုးဖို့ ဝန်မလေးပါဘူး။ တချို့ပညာသည်တွေကတော့ အသက်သာ အသေခံကြပါတယ်။

ရင့်ကျက်တဲ့ ပညာသည်တွေကတော့ ဒါကို သဘောပေါက်ပါတယ်။ မိမိရဲ့ ဘဝကံအကြောင်းတရားက လှည့်စားလို့ လူဆိုးကြီးတွေ ဖြစ်နေကြရပေမယ့် တစ်ချိန်မှာ သူတော်ကောင်းတွေနဲ့တွေ့ဆုံပြီး နောင်တ,ရ ပြုပြင်တတ်ကြပါတယ်။

အဘဆရာကြီးဟာ သံသပိတ်ကြီးကို သူ့ကိုယ်သူ ကာကွယ်လို့ရတဲ့ အထိန်းကိုယ်ခံ၊ ကိုယ်လုံအဆင့်သာ ပြုလုပ်ပေးထားလိုက်ပြီး သစ္စာရေတစ်ခွက်တိုက်လို့ ပညာတွေကို သိမ်းယူလိုက်ပါတယ်။

သံသပိတ်ကြီးဟာ အမှန်တကယ် နောင်တ,ရပြီး နောင်တစ်ချိန်မှာ တရားရလို့ သူတော်ကောင်းတစ်ဦး ဖြစ်လာရုံမျှသာမက သာသနာပြုမယ့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်မယ်ဆိုတာကို အဘဆရာကြီးက ကြိုတင်မြင်ထားပါတယ်။ ဒါကြောင့် သံသပိတ်ကြီးကို နစ်နာအောင် မဆုံးမ,ပါဘူး။

အရှေ့အရပ်က ရောင်နီဦး ပေါ်ထွက်လာပါပြီ။ သံသပိတ်ကြီး၊ ဖိုးသက်ရှည်နှင့် မောင်ညိုတို့ ညီအစ်ကိုတွေဟာ အဘဆရာကြီးကို ဝိုင်းပြီးဦးချကန်တော့ကြပါတယ်။ အဘဆရာကြီးက သာဓုသုံးကြိမ်ခေါ်ပါတယ်။

ပြီးတာနဲ့ ဖိုးသက်ရှည်ကို လူတွေနဲ့ဝေးပြီး ဘေးကင်းတဲ့နေရာကိုပြောင်းဖို့ ပြောပါတယ်။ သံသပိတ်ကြီးကိုတော့ ပြောင်းရွှေ့ရာမှာ ဖြစ်ပေါ်လာမယ့် အန္တရာယ်တွေကို ကာကွယ်ပေးဖို့ တာဝန်ပေးပါတယ်။

အဘဆရာကြီးက သူ့ကို ယုံကြည်စိတ်ချစွာနဲ့ တာဝန်ပေးလို့ သံသပိတ်ကြီးက အင်မတန်မှ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီတာဝန်ကို အသက်နဲ့လဲပြီးထမ်းဆောင်ဖို့၊ လူတော်လူကောင်းဖြစ်လာဖို့ သူ့ရင်ထဲမှာ သန္နိဋ္ဌာန်ချလိုက်ပါတယ်။ မောင်ညိုတို့ ညီအစ်ကိုကိုတော့ နောင် သူတစ်ပါးအသက်ကို မသတ်ဖို့ ဆုံးမပါတယ်။ သူတို့ ညီအစ်ကိုနှစ်ယောက်ကလည်း အဘဆရာကြီးကို မသတ်ဖြတ်တော့ပါဘူးလို့ ကတိပေးကြပါတယ်။


ကိစ္စအားလုံး ပြီးဆုံးသွားပြီဖြစ်လို့ အဘဆရာကြီးဟာ တရားအားထုတ်ရန်အတွက် တောတောင်တွေထဲကို ထွက်ခွာသွားပါပြီ။ မောင်ညိုတို့ညီအစ်ကို၊ ဖိုးသက်ရှည်နှင့် သံသပိတ်ကြီးတို့ဟာ အဘဆရာကြီး ထွက်ခွာသွားရာကို ငေးမျှော်ကြည့်ရင်းက ပြိုင်တူလက်အုပ်ချီလိုက်ပါတယ်။ သူတို့ရဲ့ နှုတ်ဖျားကလည်း ပြိုင်တူရွတ်ဆိုလိုက်ကြပါတော့တယ်။

'နမောတဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ'

ကြည်ဝင်း(ဟင်္သာတ)


www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



'ဟေး..ဝူး..ဟေး'

တောတစ်ဝှမ်းလုံး ဂျိမ္မတ်သံ၊ သစ်ပင်သစ်ကိုင်းကျိုးသံ၊ တောမောင်းသံတို့ဖြင့် ညံဝေနေ၏။

'ဂရုစိုက်ကြဟော့။ ရဲလော်င်းစည်းကို စပြီးဝင်ကုန်ပြီ'

'နောက်ဆုံးအကောင် ရဲလောင်းစည်းထဲကို ဝင်ပြီးသွားပြီဟော့။ လင့်စင်က အကောင် ဆင်းတော့။ အောက်ရောက်တာနဲ့ မီးတားတွေ အကုန်ရှို့လိုက်တော့။ ကြားလားဟော့'

'ကြားတယ်ဗျို့။ ဝူး..'

'ဟေး..ဟော့..ညာရဲလောင်းကို ဝင်တိုးနေကြပြီ။ ဝူး..ဝူး..ဟော..ပြန်လှည့်လာကြတယ်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

'ဖောင်း··ဒိုင်း··ဟေး··ဝေး··ဖောင်း··ဖောင်း'

ရဲလောင်းစည်းတွင်းသို့ ရောက်ချိန်မှစ၍ ဝရုန်းသုန်းကား ဖြစ်လာကြသော ထိုသတ္တဝါကြီးများမှာ ကမူးရှူးထိုးပို၍ဖြစ်လာကြကာ ကျုံးနှင့် ရဲလောင်းတစ်ဝိုက် ဗြောက်အိုးဖောက်သံ၊ ပေသီးပေါက်ကွဲသံ၊ လူသံများဖြင့် ကျွက်ကျွက်ညံနေ၏။

'စောစံရွှေရေ··မင်း စည်းကျော်တော့မယ်ဟေ့။ ဂရုစိုက်။ မီးတား ဆင်းရှို့ဖို့ အသင့်ပြင်ထား။ ကြားလား'

'ဝေးအေး··ကြားတယ်ဗျို့၊ ကြားတယ်'

'နောက်ဆုံးကအကောင် စည်းတားအရင်းကို ကျော်တော့မယ်ဟေ့'

'နောက်ပိတ်ကျုံးတိုင်ကို ခေါင်အကောင်ကြီး တိုးနေပြီဟေ့။ အသံကြားရပြီ'

'အေးဟေ့'

'ကျုံးတံခါး ဖြုတ်ချလိုက်တော့လေ။ သားတွဲလေးတောင် အထဲတော်တော်ရောက်နေပြီ။ ကြားရဲ့လားဟေ့'

'ရှူး'

'ဟာ··ဒုက္ခပါပဲ။ တံခါးချတော့လေ၊ ချပါတော့လား။ ဟိုမှာ မင်းအမေလင်တွေ။ ဟော··ပြောရင်းဆိုရင်း နောက်ပြန်လှည့်လာကြပြီ'

'ဟာ··ဟေ့··ဖောင်း··ဒိုင်း··ဟေး'

'မရတော့ဘူးဟေ့။ ကိုယ့်အန္တရာယ်ကိုယ် ကာကွယ်ကြတော့။ ပြေး'

'ပြေးကြဟေ့၊ နီးရာသစ်ပင်ပေါ်ကိုသာ တက်ကြတော့။ ပြေး'

စောစောက လိုက်သူနေရာမှ ရှိနေကြသူများသည် ယခုမူ ပြေးသူအဖြစ် ပြောင်းရချေပြီကော။ ပြေးနိုင်မှလွတ်မည်။

◆◆◆

ကောင်းကင်ပြင်တစ်ခုလုံး မိုးသားတိမ်လိပ်တို့ ကင်းစင်ကာ ကြည်လင်နေ၏။ ဘာဏုရာဇာနေမင်းသည် တနလ်ာအရပ်ဟုခေါ်သော အရှေ့ပြုဗ္ဗာဆီမှ လောကကို အလှဆင်ရန် အလင်းသစ်များ ထွန်းပလျက် နေ့တာဝန် ထမ်းဆောင်ရန် အရှိန်ရစပြုနေလေပြီ။ နေခြည်နွေးနွေးသည် သစ်ပင်များပေါ်ရှိ သစ်ရွက်များတွင် ခေတ္တနားခိုနေကြသော ညည့်သည့် နှင်းရည်နှင်းစက်တို့ကို လင်းလက်တောက်ပစေ၏။ တောတောင်တစ်ဝှမ်းလုံးသည် နံနက်ခင်း နေရောင်အောက်တွင် အားသစ်တို့ဖြင့် စိုပြည်ဝင်းပလျက်။

အဆမတန်မြင့်မားလှသော တောစိုးသစ်ပင်ကြီးများကြားမှ ဖြာကျနေသော အလင်းတန်းများနှင့်အတူ ဆင်ကျုံးနှင့် မလှမ်းမကမ်းရှိ ညောင်ပိန္နဲပင်ကြီးအောက်ဝယ် လူအချို့လှုပ်ရှားနေကြ၍ ကျန်အများစုမှာ ညောင်ပိန္နဲပင်ကြီးဘက်သို့ မျက်နှာမူကာ ဆောင့်ကြောင့်ထိုင်လျက် ရှိနေကြသည်ကို အလင်းကွက် အရိပ်ကျားတို့ဖြင့် မြင်တွေ့နေရ၏။

သစ်ပင်၊ သစ်ခွကြားမှ ကြောင်မီးပူသစ်ခွပန်းတို့မှာ ဗေဒါရောင်ပန်းဆိုင်းတွဲဖြင့် သဲသဲမဲမဲအလှပြနေကြ၏။ ထူထပ်သိပ်သည်းစွာ ပေါက်ရောက်နေကြသော ဝါးရုံတို့မှာ နေရောင်ဦးတွင် မြူးကြွနေသောလေပြည်နှင့်အတူ ယိမ်းက၍ နေကြသည်။ ရှဉ့်သိုကလေးများသည်လည်း အမြီးဖွားဖွားဖြင့် တတစ်တစ်မြည်လျက် တစ်ပင်မှ တစ်ပင်ကူးကာ မြူးချင်တိုင်း မြူး၍နေကြလေသည်။

သောင်ဆရာလူကြီးဖြစ်သော ဦးတိုင်းအောင်သည် တဘက်တစ်ထည်ကို ဦးခေါင်းတွင် ရစ်ပတ်လျက် ပင်နီတိုက်ပုံနှင့် ပုဆိုးကွက်တုံးကြီးဖြင့် ကြည့်၍ တစ်မျိုးကောင်းနေ၏။ သောင်ဆရာဟူသည် ဆင်ရိုင်းများ၏ လေ့စရိုက်သဘောသဘာဝတို့ကို ကျွမ်းကျင်နှံ့စပ်၍ ဆင်ဖမ်းနည်းမျိုးစုံကိုလည်း နားလည်တတ်ကျွမ်းပြီး ဆင်ဖမ်းရာ၌ အတွေ့အကြုံမြောက်မြားစွာ ရရှိထားသူဖြစ်၏။ သောင်ဆရာသည် ဆင်ဖမ်းအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည့်ပြင် ဖမ်းဆီးရရှိပြီးသော ဆင်ရိုင်းတို့ကို ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်ပေးနိုင်သော ဆင်ဆရာလည်းဖြစ်၏။ ဆင်ဖမ်းအဖွဲ့သားအားလုံးတို့သည် ဆင်ဆရာ၏ အမိန့်အတိုင်း တစ်သဝေမတိမ်း လိုက်ပါလုပ်ဆောင်ကြရပြီး ဆင်ဆရာခေါ် သောင်ဆရာ၏ ဦးဆောင်မှုဖြင့် မိမိတို့၏ အဓိကရည်မှန်းချက်ကို အောင်မြင်အောင် ဆောင်ရွက်ကြရလေသည်။ ဩဇာအာဏာကြီးမား ပြီး ရင့်ကျက်သော အတွေ့အကြုံနှင့် အသိဉာဏ်ဖြင့် ဆင်ဖမ်းအဖွဲ့သားတို့ကို အချိန်တိုင်း နေသားတကျ စီစဉ်နိုင်စေမှုကို အဖွဲ့သားများကလည်း တိတိကျကျလိုက်နာကြ သို့မှသာ ဘေးအန္တရာယ် ကင်းရှင်း၍ လုပ်ငန်းအောင်မြင်မည် မဟုတ်ပါလား။

သူတို့အဖွဲ့တွင်း နယ်ခံဟူ၍ မုဆိုးဦးထွန်းပနှင့် လေ ငါးယောက်သာဖြစ်၏။ သောင်ဆရာနှင့်တကွ ကျန်အဖွဲ့သား သုံးကျိပ်နီးပါးသည် အခြားဒေသမှ ရောက်လာကြ သာဖြစ်သည်။ သောင်ဆရာ ဦးတိုင်းအောင်သည် တော



www.burmeseclassic.com

www.burmeseclassic.com

နှင့် သံတောင်အကြား ကရင်ရွာမှဖြစ်၍ ဗမာ-ကရင်ကပြား ဖြစ်ပြီး ကျန်သူများမှာ တောင်ငူကလည်း ပါ၏။ ဖဒိုမှလည်း ပါ၏။ မင်းလှမှလည်းကောင်း၊ သာယာဝတီမှလည်းကောင်း မိုးမိတ်၊ သံတောင်၊ ဘောဂလိ၊ ရွှေကျင် စသည်ဖြင့် ဒေသစုံမှ ဖြစ်ကြ၏။ ထူးခြားသည်မှာ သူတို့အားလုံး ဆင်ရိုင်းဖမ်းခြင်း အတွေ့အကြုံရှိထားပြီး ကျွန်းမာသန်စွမ်းကြသော ဆင်ဦးစီး၊ ပဲ့နင်းများလည်း ဖြစ်ကြလေသည်။

နယ်ခံမုဆိုး ဦးထွန်းပမှာ ကဒူးကနန်းလူမျိုးဖြစ်ပြီး ကျန်ငါးယောက်မှာ ရှမ်းနှင့် ရှမ်း-ဗမာကပြားများ ဖြစ်ကြ၍ အဖွဲ့သားအားလုံးလိုလို ဗုဒ္ဓဘာသာဝင်များဖြစ်ကြကာ ဘောဂလိမှ စောကူထူးနှင့် သံတောင်မှ စောဖရန့်စစ်တို့ နှစ်ဦးသာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသည်။

ဦးတိုင်းအောင်သည် ညောင်ပင်ရင်း၌ကပ်လျက် ဝါးဖြင့် ယာယီတည်ဆောက်ထားကြသော နတ်ကွန်းစင်ပေါ်မှ ကန်တော့ပွဲနှင့်တကွ ကွမ်း၊ ဆေး၊ လက်ဖက်၊ အရက်၊ ကြက်ကြော်၊ မုန့်ဖြူ၊ မုန့်နီ၊ ကောက်ညှင်း၊ ဆေးလိပ်ပါ စုံ,မစုံ၊ ကျန်,မကျန် လိုလေသေးမရှိရအောင် လိုက်လံပြင်ဆင်ပြီး ကန်တော့ပွဲ၌ ဦးစွာ ဖယောင်းတိုင်တစ်တိုင်ကို အလျင်ဆုံး ထွန်းညှိလိုက်၏။

ပြီးလျှင် ကန်တော့ပွဲရှေ့၌ရှိသော ဝါးလုံးတန်းပေါ်၌ ဖယောင်းတိုင်ကိုးတိုင်နှင့်တကွ အမွှေးတိုင်များကိုပါ နေသားတကျ ထွန်းညှိပူဇော်ပြီးသည့်နောက် အဖွဲ့သားများဘက်သို့ မျက်နှာမူလိုက်ပြီး "ကဲ··ကဲ··ကန်တော့ကြရအောင်။ ကျုပ်တို့ဘာသာဝင်တွေကလည်း ကိုယ့်ဘာသာဝတ်ပြုဆုတောင်းသလို ဆုတောင်းကြပေါ့"ဟု ပြောပြီး သူက ရှေ့ဆုံးမှ ဆောင့်ကြောင့်ထိုင်ကာ ဩကာသ အစချီလျက် ကန်တော့မှုပြုကြလေသည်။

သရဏဂုံဆောက်တည် သီလယူပြီးသည့်နောက် ဦးတိုင်းအောင်မှ အသံကျယ်ကျယ်ဖြင့် မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်လေသည်။

စောကူထူးနှင့် စောဖရန့်စစ်တို့ နှစ်ယောက်မှာမူ ဒူးထောက်ထိုင်လျက် လက်နှစ်ဖက်ကို တစ်ဖက်နှင့်တစ်ဖက် ဆုပ်၍ ရင်ဘတ်နှင့်အပ်ထားပြီး မျက်စိကိုမှိတ်ကာ အာရုံပြုနေကြလေသည်။ မေတ္တာသုတ်ကို ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်ပြီးသည့်နောက် ဦးတိုင်းအောင်သည် အရပ်လေးမျက်နှာ၊ အရပ်ရှစ်မျက်နှာ၊ အထက်,အောက် အရပ်ဆယ်မျက်နှာ၌ရှိကြကုန်သော သမ္မာဒေဝ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ကို မေတ္တာပို့ ဆုတောင်းနေပြန်လေသည်။

အဖွဲ့သားများမှာ ဦးတိုင်းအောင်၏ ပြည့်ဝထူးခြားအောင်မြင်လှသော အသံဩဇာနှင့် စူးစူးစိုက်စိုက် ပို့လွှတ်ရွတ်ဖတ်နေသံတွင် အာရုံပြုထားကြပြီး တုတ်တုတ်မျှပင် မလှုပ်ကြ။ ဝါးရုံပင်ပေါ်ရှိ ရှဉ့်ငပေါ၊ ရှဉ့်ညိုတို့ တစ်သိုက်နှင့် မလှမ်းမကမ်းတောအတွင်း ဆတ်သွားဖူးသိုက်ဆီမှ မျောက်လွှဲကျော် စာစ်ဖွဲ့သာလျှင် ပျော်ရွှင်မြူးထူးစွာ မြောင်းဆန်နေလေသည်။

ဦးတိုင်းအောင်သည် မေတ္တာပို့ခြင်း ပြီးဆုံးသွားလေသော် ဆက်၍-

"ဤတော,ဤတောင်အတွင်း၌လည်းကောင်း၊ တောပတောင်ပ၌လည်းကောင်း ရှိရှိကြကုန်သော တောစောင့်နတ်၊ တောင်စောင့်နတ်၊ ဘုမ္မစိုး၊ ရုက္ခစိုးနှင့်တကွ အပြင်(၃၇)မင်း အဝန်း(၃၇)မင်း၊ အတွင်း(၃၇)မင်း (၁၁၁)ပါးသော နတ်များအပေါင်းနှင့် တောပိုင်၊ တောင်ပိုင် ရွာတော်ရှင်၊ နယ်တော်ရှင်၊ ရိုးရာသမိုင်း တလိုင်းပါမကျန် ဗလိနတ်စာ ယမကာနှင့် တင်ဖွယ်မြှောက်ဖွယ် သုံးဆောင်ဖွယ်တို့ အလျှိုဖြင့် တင်ပါသည်။ မြှောက်ပါသည်။ ပူဇော်ပါသည်။ ပ,သပါသည်။ သားတော်ကြီး ကျွန်တော်မျိုး ငတိုင်းအောင်နှင့် အဖွဲ့သား သုံးကျိပ်တစ်ယောက်၏ ကောင်းမှုပါဘုရား။ ဤနေ့၊ ဤရက်၊ ဤအချိန်အခါမှစ၍ လုပ်ငန်းအောင်မြင်ပြီး နေရပ်ပြန်သည်အထိ ဘေးမသီရန်မခဘဲ အန္တရာယ်တစ်စိမကပ်ငြိရအောင် ကူညီဝိုင်း၍ မှိုင်းမ,တော်မူကြပါ။ စောင့်ရှောက်တော်မူကြပါ။ မပြောပလောက်ဖွယ် အမှားငယ်ရှိခဲ့လျှင်လည်း ခွင့်လွှတ်သည်းခံ မေတ္တာပြန်တော်မူကြပါ။ မေတ္တာချို၍ လုံပေးပါ။ မေတ္တာထွေး၍ နွေးပေးပါ။ မေတ္တာပေး၍ အေးပေးပါ။ မေတ္တာဖျန်း၍ လန်းပေးပါ။ မေတ္တာဆောင်၍ အောင်မြင်ခြင်းရတနာ အောင်မြင်ခြင်းအဖြာဖြာကို ဆောင်ကြဉ်းပေးတော်မူကြပါ အရှင်နတ်မင်းအပေါင်းတို့ခင်ဗျား။

ကျွန်တော်မျိုးတို့ ပြုခဲ့သမျှ ကုသိုလ်ပေါင်းစု မြတ်ကောင်းမှုကိုလည်း အနန္တစကြဝဠာရှိ သတ္တဝါအပေါင်းတို့နှင့်တကွ နတ်မြတ်နတ်ကောင်း နတ်အပေါင်းပါမကျန် မြင်အပ်၊ မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါတို့ကို အမျှ··အမျှ··ပေးဝေပါသည်။ ကျွန်ုပ်တို့နှင့် အတူတကွ အမျှရ၍ ချမ်းသာကြသည် ဖြစ်ကြပါစေသော်။ သူတော်ကောင်းသူမြတ်လောင်းတို့နှင့် ဒေဝတာသခင် နတ်မင်းအရှင်တို့ ပို့သ,ဧဟာ



www.burmeseclassic.com

www.burmeseclassic.com

မေတ္တာတော်ကိုလည်း ယုံကြည်လေးနက် ရှိသေစွာခံယူပါကုန်၏။ သာဓု··သာဓု··သာဓုပါဘုရား။

ယခုအချိန်မှစ၍ ဝသုန္ဒြေ ဤမြေစောင့်ကြပ် ကမ္ဘာနတ်နှင့် နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့ထံ ကတိထား၍ ဆောက်တည်သမှု သစ္စာပြုပါမည်။ မဟာပထဝီမြေပြင်ထုကို သက်သေပြုပါ၏။ သက်သေပြုပါ၏။ သက်သေပြုပါ၏။

ကဲ··အားလုံး ငါတိုင်ပေးတဲ့အတိုင်း နောက်က လိုက်ဆိုကြ။

ကျွန်ုပ်တို့သည် အံ့ချီးဖွယ်အစုံ မြတ်သရဏဂုံနှင့်တကွ ငါးပါးသော သီလတော်မြတ်ကို မကျိုးမပေါက် မပြောက်မကျားရအောင် စောင့်ရှောက်ထိန်းသိမ်းပါမည်ဘုရား။

ထို့ပြင်တစ်ဝ ကိုယ်မှတစ်ပါး အခြားသူ့ဌာ ပိုင်ဥစ္စာကို ခွင့်လည်းမတူ မကြည်ဖြူဘဲ စိတ်ထဲဖောက်ပြန် မကြံစည်ပါဘုရား။ ကာယကံမြောက် ပြစ်မရောက်အောင် စောင့်ရှောက်ပါမည်ဘုရား။

အုပ်ထိန်းအပ်ရာ မိနှစ်ဖြာနှင့် လင်သားပိုင်ရာ ကညာမယား သူတစ်ပါးကို ပြစ်မှားလွန်ကျူး မရှုးမှောက်အောင် စောင့်ရှောက်ထိန်းသိမ်းပါမည်ဘုရား။

ဟင်းကြွေးလို့ဌာ သတ္တဝါကြီး အသားကြီးနှင့် ငါးကြီးတစ်ဖြာ ရှောင်ကြဉ်ရာကို နတ်မှာတောင်းခံ ဆရာ့ထံက ခွင့်ပြုမိန့်ကြား စကားခြွေမှ အာဟာရမှု လုံ့လပြုပါမည်ဘုရား။

ဤမှန်သော သစ္စာစကားကို မချိုးမဖျက် မပျက်တည်ပါက အောင်မြင်ခြင်းအဖြာဖြာသည် ဟောတု-စင်စစ်မသွေရရှိပါစေသတည်း။ ဘေးကင်းရန်ကွာ အန္တရာယ်မှန်သမျှဝေးကွာပကြပါစေသတည်း။

အကယ်၍ ချိုးယွင်းဖောက်ပြန် သစ္စာလွန်ဖျက် ကတိပျက်က ဘေးဆိုးရန်ဆိုး အန္တရာယ်မျိုးတို့ ဝင်တိုးနှောင့်ယှက်



ပျက်စီးခြင်းသို့ ဆိုက်ရောက်ပါစေသား။ ဆိုက်ရောက်ပါစေသား။ ဆိုက်ရောက်ပါစေသား'

အဖွဲ့သားပေါင်း သုံးဆယ်ကျော်တို့၏ ပြိုင်တူညီညာစွာ ရွတ်ဆိုသံသည် ဆင်ကျုံးတောတစ်ဝိုက်ကို ပဲ့တင်ထပ်မျှ လွှမ်းခြုံ၍ နေပေတော့သည်။

♦ ♦ ♦

ဆင်ကျုံးတောစခန်းသည် တောနက်ထဲတွင် တည်ရှိနေသဖြင့် စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးဖြစ်သည်မို့ လိုက်နာရန်၊ ရှောင်ကြဉ်ရန် အထူးများပြားလှရကား ထို့ပြင် အသက်နှင့်ရင်း၍ လုပ်ရကိုင်ရသည်ဖြစ်သောကြောင့် သတိကို ကြီးစွာထားနိုင်မှ တော်ကာကျလေသည်။ ကိုယ်အမှုအရာ၊ နှုတ်အမှုအရာ၊ တောတွင်းစည်းကမ်း၊ တောတွင်းဓလေ့ထုံးစံကလည်း ရှိသေးသလို အများမခံ အခြားသော တောခြောက်ခြင်း၊ တောမှောက်ခြင်း စသော မာယာပရိယာယ် များလှသည့် ဂနိုင်တောနက်ကြီးအတွင်းဝယ် သားစားတောရဲတောဘုရင်များ၊ အဆိပ်ရှိတွားသွားသတ္တဝါများ၊ အဆိပ်ပြင်းမြွေဆိုးကြီးများနှင့် သားစားပင့်ကူကြီးများ ရှိနေတတ်ပြန်ရာ သတိသည် ပိုသည်မရှိ။

မာယာကြွယ်သော တောကြီးအတွင်းမှ မမြင်ရသော မမြင်နိုင်သော ပရလောက၏ ဝင်ရောက်စွက်ဖက် နှောင့်ယှက်မှုကလည်း ကြုံတွေ့ရနိုင်သေးသည်။

သောင်ဆရာ ဦးတိုင်းအောင်တို့အဖွဲ့သည် တောတွင်းသို့ ရောက်ရှိသည့်နေ့မှ နှစ်ရက်အကြာတွင် ကြိုတင်စေ့ထားသော သတင်းနှင့်ထပ်တူ ဝမ်းမြောက်ဖွယ်တွေ့ရှိလိုက်ရသော တောဆင်ရိုင်းအုပ်မှာ (၁၀)ကောင်ထက် မနည်းခန့်မှန်း ဆင်သားငယ်လေးများအပါအဝင် (၁၅)ကောင်ခန့်ရှိနေကြောင်း ကင်းထောက်လေ့လာခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ဆင်ကျုံးတည်ဆောက်ရန်အတွက် နေရာရွေးရသည်။ ယခု ဆင်များကျက်စားနေသောနေရာနှင့် နှစ်ညအိပ်မျှ ဝေးကွာပြီး ဆင်စခန်းရွာငယ်ကလေးနှင့် နှစ်နာခရီးမျှသာသွားရသည့် သတ်မှတ်ထားသော နေရာကသည် သစ်ကြီးဝါးကြီးများ ပေါများလှသည့်အပြင် ဆ
စခန်းရွာကလေးအနီးသို့တိုင် စီးဆင်းနေသော တောင်
စမ်းချောင်းကလေးကလည်း ရှိနေသေးသည်။ ထိုနေ
ကလေးကို သတ်မှတ်ပြီးသည့်နောက် အရိပ်ကောင်း
သည့် နေရာကို ရွေးချယ်၍ ယာယီတဲများ
အနီးရှိ ညောင်ပိန္နဲပင်ကြီးတွင် ယာယီနတ်ကွန်း ဆော



www.burmeseclassic.com

www.burmeseclassic.com

ထုပ်ခြင်းတို့ကို လူအားဖြင့် နှစ်ရက်တာမျှနှင့် တည်ဆောက်ထိုက်ကြသည်။

ယနေ့နံနက်တွင်တော့ သောင်ဆရာနှင့်အဖွဲ့သည် လိုအပ်သော ပူဇော်ပ,သမ္ဘာများကို ပြုလုပ်ဆောင်ရွက်ကြပြီးသည်နှင့် ဆင်ကျုံးအတွက်လိုအပ်သော သစ်ဝါးများ၊ ကြိမ်များ ခုတ်ယူခြင်းလုပ်ငန်း စကြရတော့မည်။

ဦးတိုင်းအောင်သည် အဖွဲ့သားများ၏ရှေ့မှ မတ်တတ်ထရပ်လိုက်ပြီး အားလုံးထံ မျက်နှာမူလိုက်ကာ-

'ကဲ··အခုအချိန်ကစပြီး တို့ရဲ့လုပ်ငန်း စကြရတော့မယ်။ တို့တွေ့ထားတဲ့ ဆင်အုပ်က မျှော်လင့်ထားတာထက်တောင် ပိုကျော်နေလို့ အကျိုးအမြတ်ကတော့ များစရာရှိတယ်။ အကျိုးအမြတ်ခွဲဝေမှုအနေနဲ့ကလည်း အားလုံးက ဆင်ဖမ်းဖူးသူချည်းပဲဆိုတော့ အချိုးကျသဘောကို အထူးပြုပြီး ပြောမနေတော့ပါဘူး။ ထုံးစံအတိုင်းပဲပေါ့'

ဆင်ဖမ်းအဖွဲ့သားများအားလုံး၏ မျက်နှာများမှာ မျှော်လင့်ချက်ကိုယ်စီဖြင့် ရရှိနိုင်သည့် မက်လောက်စရာ ငွေကြေးပမာဏကလည်း များပြားလှသည်မို့ လင်းလက်တောက်ပနေကြသည်။ အဖွဲ့သားအများစုမှာ တစ်နယ်တစ်ကျေးတွင် ကျန်ရစ်ခဲ့ကြသော မိသားစုအတွက် ထိုက်ထိုက်တန်တန်ငွေလုံးငွေရင်းဖြင့် အိမ်အပြန် မျက်နှာပန်းလှလှ ပေးနိုင်ကမ်းနိုင်၊ လှူနိုင်တန်းနိုင်တော့မည်မို့ စိတ်ကူးဖြင့်ပင် လေထဲ၌ ကြိုတင်၍ တိုက်အိမ်ဆောက်ကာ အူမြူးနေကြ၏။

'အဲဒီတော့ ကျုံးဆောက်ဖို့ သစ်ခုတ်ရမှာရယ်၊ ကြိမ်ခုတ်ရမှာရယ် အဖွဲ့ခွဲဖို့ လိုမယ်။ ပြီးတော့ ချက်ပြုတ်ရေးအတွက် လူနှစ်ယောက်လောက် စခန်းမှာ ချန်ထားခဲ့ရမယ်။ ကြိမ်ခုတ်ဖို့အတွက် နယ်ခံဖြစ်တဲ့ မုဆိုးကြီး ဦးထွန်းပရဲ့အဖွဲ့ကိုပဲ တာဝန်ပေးရတော့မှာပဲ။ နယ်ခံဖြစ်တော့ ကြိမ်ပိုက်တော၊ ကြိမ်နီတောတွေ များများရှိတဲ့နေရာကို ခင်ဗျားတို့က ပိုသိကြမှာ။ ကြိမ်အပင်ရေ(၅၀၀၀)ကျော်လောက် လိုအပ်မှာမို့ နယ်ခံတွေကိုပဲ အားကိုးရတော့မှာ'

ထို့ကြောင့် ဦးထွန်းပက မတ်တတ်ထရပ်လိုက်ပြီး-

'ရတယ် သောင်ဆရာကြီး၊ ကျွန်တော်တို့ ဒီစခန်းနဲ့သစ်ဆွဲဆင်စခန်းရဲ့ကြား စမ်းပေါက်တစ်ကြောမှာ ကြိမ်နီတွေ ပေါမှပေါ။ ကျွန်တော်တို့ လေးငါးခြောက်ရက်လောက်အားထည့်လိုက်ရင် လိုတဲ့အတိုင်းအတာ အရေအတွက်အတိုင်း ရနိုင်ပါတယ်။ ပြီးတော့ ဆင်စခန်းမိသားစုတွေဆီက ဟင်းစားရိက္ခာတို့ဘာတို့လည်း လှမ်းမှာပြီး ပို့ပေးလို့ရတယ်။ လိုတာသာ ပြောပါ'

'ကောင်းပြီလေ၊ ဒါဆို ကြိမ်အတွက် စိတ်မပူရတော့ဘူး။ သစ်အတွက်လည်း ကျုံးတံခါးတိုင်(၄)လုံးက လုံးပတ် လူတစ်ဖက်စာလောက်နဲ့ အမြင့်(၃၅)ပေလောက်ရှိမှ ရမှာမို့ နည်းနည်းတော့ အပင်ပန်းခံကြရလိမ့်မယ်။ ကျန်တာကတော့ ဒီအနီးအနားတစ်ဝိုက်မှာတင် ပြည့်ပြည့်စုံစုံ ရနိုင်လောက်ပါတယ်။ ကြိုးတွေအတွက်ကတော့ မနီလာကြိုးတွေက ပါလာပြီးသားဆိုတော့ ပူစရာမလိုပေမယ့် အုန်းဆံကြိုးက ပါတာ နည်းနေတယ်။ လိုတာကို ဦးထွန်းပက တစ်ဆင့်ပဲ မှာရတော့မယ်။ ကျန်တဲ့လျှော်ကြိုးကတော့ စခန်းမှာပဲ ကိုယ့်ဟာကိုယ် ကျစ်ကြတာပေါ့'

'ကျွန်တော့်အဖွဲ့သား ငါးယောက်ကတော့ ကြိမ်ခုတ်ဖို့နဲ့ ရိက္ခာယူပေးဖို့ တာဝန်ယူပါတယ်'

'စိတ်ချပါ။ ကျွန်တော်ကတော့ နေ့တိုင်း ဆင်အုပ်ကို မျက်ခြည်မပြတ်စောင့်ကြည့်ရင်း စခန်းနဲ့ တဖြည်းဖြည်းနီးသည်ထက်နီးအောင် မောင်းသွင်းရမှာမို့ နောက်ထပ် လူလေးယောက်ကို ဆင်မောင်းအဖွဲ့အဖြစ် ကျွန်တော်နဲ့အတူ ဖွဲ့ပေးပါ။ လိုအပ်ရင် လူစားလဲကြတာပေါ့'

'ကျွန်တော်ကတော့ မလဲပါဘူး။ ကျန်တဲ့လူပဲ··'

'ကောင်းပြီလေ၊ ကျွန်တော် ဖွဲ့ပေးပါ့မယ်။ ဦးထွန်းပကိုလည်း ဒီစခန်းရဲ့ ဒုတိယခေါင်းဆောင်အဖြစ် ကျွန်တော်က တင်ပါတယ်။ အဖွဲ့သားတွေအားလုံး ကျွန်တော်နဲ့ ဦးထွန်းပရဲ့ စကားသာလျှင် အတည်ဖြစ်ပါတယ်။ ကျွန်တော့်နည်းတူ ဦးထွန်းပရဲ့အပေါ်ကိုလည်း ခေါင်းဆောင်တစ်ယောက်အဖြစ် သတ်မှတ်ပြီး လေးလေးစားစား ဆက်ဆံကြပါ။ ဒါပါပဲ။ ပြောစရာကတော့ ထွေထွေထူးထူး သိပ်မရှိတော့ပါဘူး။ ဩော်··ဒါနဲ့ ဦးထွန်းပ၊ မနက်ဖြန်မနက် လုပ်ငန်းစကြတော့မှာမို့ ခင်ဗျားရဲ့အဖွဲ့တွေကို ဒီနေ့နေ့ခင်းကတည်းက ကြိမ်တောဘက်ကို ထွက်စေချင်တယ်။ ဟိုရောက်တော့ နေရာလေးဘာလေး စီစဉ်ပြီး နောက်တစ်နေ့မိုးလင်းတာနဲ့ လုပ်ငန်းစနိုင်အောင်ပေါ့'

'ကြားကြလားဟေ့ စိုင်းစံရွှေတို့၊ အိုက်ညွန့်တို့၊ မွှေးအောင်တို့၊ ပြီးတော့ စိုင်းလှူးနဲ့ ကောလိန္ဒ'

'ဟုတ်ကဲ့၊ ကြားတယ် ဦးထွန်းပ'

'အေး··ကြားရင် ဒီနေ့ခင်း ထွက်ဖို့ပြင်ကြတော့။ မင်းတို့ ကြိမ်ပင်(၂၀၀၀)ကျော်မှ ဖြစ်မှာနော်'

'စိတ်သာချပါ ဦးထွန်းပရယ်။ လိုသလောက် ရကို

www.burmeseclassic.com

ရစေ့မယ်'

◆◆◆

မြိုင်တောကြီး၏ အရှေ့ဘက်ဦးသည် ကြည်နူးဖွယ်ကောင်းလေစွ။ အိပ်တန်းဆင်းစ ဒေါင်းအုပ်သည် စိုင်းစံရွှေတို့ ကြိမ်ခုတ်အဖွဲ့ စတည်းချရာစခန်းနှင့် တစ်ခေါ်လောက်တွင်ရှိသည့် ချောင်းစပ်မြက်ခင်းပြင်ဝယ် ကိုယ်ပေါ်မှ နှင်းရည်နှင်းစက်တို့ကို တောင်ပံတဖြန့်ဖြန့်နှင့် ဗေဒါမြစ်မီးရောင်ယှက်လိမ်းထားသည့် ကြွားဝင့်စရာ အမြီးပဒေသာကို ဖြန့်ကားလျက် ခါချနေကြရင်း အိုးဝေမြည်သံဖြင့် မြိုင်တောခင်း၏ ပဏာမတေးသံကို ဟစ်ကြွေးနေကြလေသည်။ ခါငှက်တစ်ကောင်၏ တစ်တက်တူခါးခါးအော်သံသည် နေရာအတည်တကျမရှိ ရွေ့လျားနေ၏။ ကြိမ်ခုတ်ရန် ထွက်လာကြသော စိုင်းစံရွှေတို့အဖွဲ့နှင့် ရင်ဆိုင်တိုးမိသော ချေငယ်တစ်ကောင်မှာ ရေပင် မသောက်တော့ဘဲ နောက်ကြောင်းသို့ပြန်၍ ပြေးရရှာ၏။ မည်သူ့ကိုမျှ ဂရုမစိုက်သော ကြက်တူရွေးအုပ်မှာမူ တစ်ပင်မှ တစ်ချုံကူးကာ ကျွက်ကျွက်ညံနေကြလေသည်။

ယမန်နေ့ ညနေစောင်းရောက်ချိန်ကတည်းက ပတ်ဝန်းကျင်တွင်ရှိသော ကြိမ်တောများကို အသင့်ရှာဖွေထားပြီးသည်ဖြစ်ရာ ယနေ့အရှေ့ဘက်ကျင်းသည်နှင့် ကြိမ်တောများရှိရာသို့ တန်းတန်းမတ်မတ်သွား၍ စိတ်ကြိုက်ခုတ်ယူနိုင်ကြ၏။ တစ်နေကုန် ငါးယောက်သား တက်ညီလက်ညီ ခုတ်လိုက်ကြရာ ကြိမ်ပင်ရေ(၈၀၀)နီးပါးမျှ ရရှိစုပုံထားနိုင်ခဲ့ကြသည်။

အိုက်ညွန့်က ယာယီတဲငယ်အတွင်းသို့ ခေါင်းလျှို ဝင်လာရင်းက–

အိုက်ညွန့် – 'တောက်··ဆေးရည်မသောက်ရတာ ကြာပြီကွာ။ ဒီညနေ အညောင်းပြေအညာပြေ တစ်ခွက်တစ်ဖလားလောက် သောက်လိုက်ရရင် ဆေးဝါးကောင်းဖြစ်သွားမှာ'

စိုင်းလူး – 'ဟုတ်တယ်ဟေ့။ ဆင်စခန်းမှာ သွားဝယ်ရင် ရမှာပဲ။ ခုနေသွားရင် (၈)နာရီမကျော်ဘူး ပြန်ရောက်မှာ'

စိုင်းစံရွှေ – 'ဟေ့ကောင်တွေ··တို့ သီလယူထားတယ်လေကွာ။ တော်ကြာ သောင်ဆရာ သိသွားရင်··'

စိုင်းလူး – 'အောင်မယ်လေး··မသိနိုင်ပါဘူးကွာ။ ပြောမှသာ သိမှာပါ။ ပြီးတော့ တို့က အရက်ရယ်လို့သောက်မှာမှမဟုတ်တာ။ ဆေးရည်အဖြစ် ကျန်းမာရေးအတွက် သောက်မှာပဲဟာ'

စိုင်းစံရွှေ – 'ဒါဆိုရင်လည်း မင်းတို့သဘောပါပဲ။ ဒါဖြင့် ဘယ်သူ သွားဝယ်မလဲ'

အိုက်ညွန့် – 'ကောလိန္ဒသွားပေါ့ကွာ။ မွေးအောင်ပါ လိုက်သွားလိုက်။ အဖော်ရတာပေါ့'

သို့နှင့် စိုင်းစံရွှေတို့ ကြိမ်ခုတ်အဖွဲ့မှာ ချက်အရက်ကလေးတမြမြနှင့် ဆက်ရက်မင်းစည်းစိမ်တစ်လှည့်၊ နဂါးမင်းစည်းစိမ်တစ်လှည့်နှင့် ဟန်ကျ၍နေကြသည်။ နံနက်၊ နေ့လယ်ပိုင်း တပျော်တပါး ကြိမ်ခုတ်လိုက်ကြ၊ ညနေနေစောင်းသည်နှင့် စခန်းကို ထားခဲ့ကြပြီး ဆင်စခန်းဆီသို့ တပျော်တပါးသွား၍ ထွေးညို(တောအရက်)ကလေးသောက်ရင်း ဆင်စခန်းပိုင်းတော်သားများနှင့် အဖွဲ့ကျနေကြလေတော့သည်။

ဆင်စခန်းတွင် ဆင်(၆)ကောင်မျှရှိပြီး ဆင်ဦးစီး၊ ပဲ့နင်းစသူတို့မှာ မိသားစုများ၊ ကလေးပုစုခရုများနှင့် သိုက်သိုက်ဝန်းဝန်း တပျော်တပါး ရှိလှသည်မို့ ကြိမ်ခုတ်စခန်း၊ ဆင်ကျုံးစခန်းတို့ထက်တော့ သာလွန်လေသည်။ မိုးမိတ်သားဆင်ဦးစီးတစ်ဦး၏ဇနီးက ကချင်တိုင်းရင်းသူဖြစ်၏။ သူတို့တွင် အရက်ချက်ဖိုကလေးတစ်လုံးလည်း ရှိ၏။ စခန်းမှ ဆင်သမားအများစုမှာ ထိုအရက်ဖိုကလေးကို အားကိုးလျက် ကုန်ကြမ်းမပြတ်လပ်စေရအောင် ထန်းလျက်၊ ကြံသကာ အစရှိသည်တို့ကို သယ်ယူလာပေးလေ့ရှိကြ၏။ သူ့အရပ်နှင့် သူ့ဇာတ်ကတော့ အဟပ်မိလှသည်။

စိုင်းစံရွှေတို့၊ ကောလိန္ဒတို့ တစ်သိုက်မှာ ပထမတစ်ရက်တော့ သောက်ပြီးသည်နှင့် ပြန်ကြသည်။ နောက်ရက်များတွင်တော့ ညစာကိုပါ စားပြီးမှ ပြန်ကြသည်။ ဆင်ဦးစီးမိသားစုများကလည်း တခုတ်တရ ချက်ပြုတ်ကျွေးကြရှာသည်။ ကျန်းမာသန်စွမ်း၍ ပျော်ပျော်ရွှင်ရွှင်နှင့် ခင်ခင်မင်မင် နေတတ်ကြသော စိုင်းစံရွှေတို့မှာ ဟေးလေးဝါးလားတဟားဟားဖြင့် အဖွဲ့ကျ၍မဆုံး တရှန်းရှန်းရှိကြလေတော့သည်။ သူတို့အဖွဲ့ တက်ညီလက်ညီဖြင့် (၆)ရက်တိုင်တိုင် ခုတ်လိုက်ကြရာ ကြိမ်အပင်ရေ(၅၀၀၀)နီးပါးမျှ ရနေကြပြီဖြစ်၏။ နောက်တစ်နေ့ ခုတ်ပြီးလျှင် (၅၀၀၀)ကျော်ပေတော့မည်။

စိုင်းလူးက ကြိမ်ပင်အများကို ရှင်းသင်ရင်း–

'မွေးအောင်··မင်းလည်ပင်းက ငွေကြိုးနဲ့ ငွေငါးရှ်



www.burmeseclassic.com

www.burmeseclassic.com

ဆွဲသီးကလေးရောကွ၊ မတွေ့ပါလား။ ကျပျောက်ပြီနဲ့တူတယ်'

'မပျောက်ပါဘူးကွာ။ ချစ်သူလေးအတွက် အမှတ်တရ ချစ်သက်လက်ဆောင် ပေးလိုက်ပြီ'

'ဘာ..ဘယ်လို'

'ဟုတ်တယ်လေ။ ငါ့ချစ်ချစ်ကလေးကို ပေးလိုက်တာ'

'ဘယ်သူလဲ'

'ဟာ..ဘယ်သူရှိရမလဲ။ ဥမ္မာညိုဆိုတဲ့ ကောင်မလေးပဲပေါ့။ သူက မဘိန်းမှာကတည်းက ငါနဲ့ ခင်ခဲ့ကြတာ'

'ဟော့ကောင်..သူ့မှာ ယောကျ်ားကြီးနဲ့လေကွာ'

'သူ့ယောကျ်ားဆိုတာလည်း အမည်ခံပဲ ရှိတော့တာပါကွာ။ အဲဒီလူက ဟိုးအရင် ကသာကြိုးဝိုင်းမှာ ငါနဲ့အလုပ်အတူတူ လုပ်ဖူးတယ်ကွ။ သူက လက်သွက်ခြေသွက်နဲ့ ဥမ္မာညိုကို မသွားခဲ့တာ'

'သူ့ယောကျ်ားက အခု အိပ်ရာထဲမှာ လဲနေတာဆို'

'ဟုတ်ပ။ နှစ်နှစ်တောင် ရှိရောပဲ'

'ဘာဖြစ်တာတဲ့လဲ'

'တောထဲမှာ သစ်လုံးနဲ့ ခိုက်မိတာ။ ခါးမကျိုးရုံတစ်မည်ပဲ၊ မသေတာ ကံကောင်း။ နောက်တော့ အောက်ပိုင်းချည့်ပြီး မလှုပ်နိုင်တော့ဘဲ အိပ်ရာထဲ လဲတော့တာ။ ကောင်မလေးရဲ့ မီးသွေးဖုတ်လို့ ရတာလေးနဲ့ စားသောက်နေကြရတာ။ တစ်ခါတလေ ဆင်စခန်းတစ်ခုလုံးကလည်း မျှတကျွေးကြပါတယ်။ ခုတော့ လင်ဒုက္ခိတကြီးနဲ့ ဒုက္ခဖြစ်နေရရှာတယ်'

'ဒီတော့ မင်းကို အားကိုးလာတဲ့သဘောပေါ့'

'ဒါပဲရှိတော့တာပေါ့ကွာ'

'တစ်ခုတော့ရှိတယ်။ မုဆိုးမ ဖြစ်သွားလို့၊ တစ်ခုလပ်ဖြစ်သွားလို့ဆိုရင်တော့ ကိစ္စမရှိပါဘူးကွာ။ ခု သူ့လင်က မသေသေးဘူး၊ ငုတ်တုတ်ကြီး'

'အဲသည်ငုတ်တုတ်ကြီးက ဟိုတလောက အရက်ဝယ်မပေးရကောင်းလားဆိုပြီး အိပ်ရာထဲကနေ အန့ိပ်သည်ဘုလုံးနဲ့ ကောက်ပစ်တာ အရှောင်မြန်လို့တဲ့'

'မင်းကို အားကိုးတာကတော့ အားကိုးတာပေါ့။ တော်ကြာ ငရဲအုံတွေ ကြီးနေမှဖြင့်'

'ကြီးလည်း မတတ်နိုင်ဘူးကွာ။ မနေ့ကတင် ငါနဲ့တောထဲမှာ လက်တွေ့ချစ်ခဲ့ကြပြီးပြီ'

'ဟော..သောက်ကျိုးနဲ့ သွက်လှချည်လားဟ'

◆◆◆

သောင်ဆရာ ဦးစီးသော ဆင်ကျုံးဆောက်လုပ်ရေးအဖွဲ့မှာ တက်ညီလက်ညီရှိကြသည်မို့ သစ်လုံးများနှင့် ချည်နှောင်ရန် လျှော်ကြိုးများပင် အဆင်သင့်စုပုံပြီးကြလေပြီ။ ဆင်ကျုံးဆောက်လုပ်ရန်နေရာမှာလည်း ချုံများ၊ ဝါးရုံများကို ခုတ်ထွင်ရှင်းလင်းထားပြီး ကျင်းများတူးရန်သာ ရှိတော့သည်။

ဦးတိုင်းအောင် - 'ထုံးစံအတိုင်းကတော့ ပေ(၆၀)လောက်ဆို အတော်ပဲဗျ။ ခုတော့ ဆင်အကောင်ရေက အုပ်ကြီးဖြစ်နေတော့ ပေ(၇၀)၊ (၇၅)ပေလောက် ဆောက်မှဖြစ်မယ်။ ရှေ့တံခါးအကျယ်ကတော့ ထုံးစံထက် (၂)ပေလောက် ပိုထားပြီး (၁၄)ပေလောက် ထားရမယ်။ အမြင့်ကတော့ ထုံးစံအတိုင်း (၁၂)ပေပဲပေါ့'

အဖွဲ့သား - 'သောင်ဆရာ..နောက်ပိတ်အတွက် ဟိုးက တောင်သဖန်းပင်ကို အလယ်ထားပြီး ဘယ်ညာ(၃)ပေစီ ပိတ်လိုက်ရင် နောက်ပိတ်တင် (၈)ပေလောက် ရနိုင်တယ်။ သည့်ထက်ကျယ်လို့လည်း မကောင်းဘူး'

ဦးတိုင်းအောင် - 'ဟုတ်တယ်ဗျ၊ ကောင်းတယ်။ ကဲ..ကျုပ် ပေတိုင်းပြီး ငုတ်ရိုက်ပေးမယ်။ တိုင်ကျင်းတူးဖို့သာ အသင့်ပြင်ထားကြတော့'

ဆင်ကျုံးဆောက်လုပ်ရာတွင် အဝရှိတံခါးတိုင်အတွက် လူတစ်ယောက်ဖက်မျှ အနည်းဆုံးသုံးပေခွဲပတ်လည်ရှိသည့် လုံးပတ်အနေအထားနှင့် အမြင့် မြေပေါ်(၃၅)ပေခန့်ရှိသော တိုင်လုံးကြီးလေးလုံးကို ဘယ်ညာနှစ်လုံးစီ ရှေ့နောက်တစ်တောင်ခန့်ခွာကာ တံခါးတိုင် တည်ရလေသည်။ ထိုတိုင်ကြီးရှေ့နောက်နှစ်လုံးကြားမှ ဆင်ကျုံးတံခါးကို တပ်ဆင်ရမည်ဖြစ်ပြီး နံဘေးတောက်လျှောက်တွင် ယောကျ်ားကြီး ခြေသလုံးအရွယ်မျှရှိသော တိုင်လုံးများကို အကိုင်း၊ အခက်၊ အချွန်၊ အတက်များ မရှိရအောင် ပြောင်အချောသပ်၍ မြေဝင်ပြီး အပေါ်(၁၂)ပေခန့်ထားကာ ထောင်လျက်စီတန်း၍ ကျုံးနံဘေးတိုင်များအဖြစ် စိုက်ထူကြရလေသည်။

တံခါးအတွက်ကိုလည်း ခြေသလုံးအရွယ် မျောတိုင်များဖြင့်ပင်ပြုလုပ်ပြီး တံခါးတိုင်ကြီးလေးလုံး၏အကြားမှ အထက်သို့ဆွဲတင်ထားပြီး လုံးပတ်ကြီးကြီး လျှော်ကြိုး(ခန့်မှန်း ၆-လက်မခန့်)နှင့် ကျုံးတိုင်ထိပ်ရှိ ကန့်လန့်တန်းတွင် လေး,ငါးပတ်မျှ ရစ်ပတ်ပြီး ကျုံးအနောက်ဘက်သို့ ကြိုး

www.burmeseclassic.com

www.burmeseclassic.com



အပေါ်မှကျော်၍ နောက်ပိတ်သစ်ပင်ကြီးတွင် ချည်နှောင်ထားရပါသည်။ ဆင်ဝင်ပြီးပါက ကြိုးကို ဓားဖြင့် ခုတ်ဖြတ်ချလိုက်ပါက တံခါးပိတ်သွားမည် ဖြစ်သည်။

ကျုံးတံခါးထိပ်တွင် တံခါးစောင့်အတွက် လင့်စင်တစ်ခုဆောက်ထား၍ တံခါးစောင့်တက်ရန် ကြက်တက်လှေကားအရှင်တပ်ဆင်ပေးထားရ၏။ ကျုံးတိုင်ဘေး ချုပ်တန်းများနှင့် ခေါင်ပေါ် ကန့်လန့်တန်းများကို အုန်းဆံကြိုး၊ ကြိမ်နီတို့ဖြင့် ခိုင်ခံ့စွာ ချည်နှောင်ထားရ၏။ သံစိုက်၍ မရပေ။ ကျုံးပြီးစီးသည်အထိ သံတစ်ချောင်းသော်မျှမသုံးဘဲ တည်ဆောက်ထားကြရသည်။ ကျုံးဆောက်ချိန်မှာ လူညီသဖြင့် (၃)ရက်မျှနှင့် ပြီးစီးလေသည်။

ကျုံးပြီးလျှင် သစ်ကိုင်းသစ်ခက်များဖြင့် ဘေးဘယ်ညာနှင့် ခေါင်တစ်လျှောက် အုပ်မိုးကာ၍ လူများဖန်တီးထားသောအရာဟု မထင်မြင်မိစေရန် သာမန်တောချုံတစ်ခုသဖွယ် ဖန်တီးရပ်ဖျက်ထားရ၏။ ဆင်ကျုံးကြီး၏ အရှေ့ဘက်တောက်လျှောက် ဘေးဘယ်ညာတွင် (၆၀)ဒီဂရီခန့် ခပ်ဟဟပုံစံ ရဲလောင်းလက်တံခေါ် အဝင်စည်းရိုးကို ကျုံးတံခါးမှနေ၍ ပြန့်ကားသွားသောအနေအထားဖြင့် တည်ဆောက်ကြရပြန်သည်။ ထိုရဲလောင်းလက်တံစည်းရိုးကို စိုက်ထူပြီးပါကလည်း သစ်ကိုင်းသစ်ရွက်များဖြင့် ဖုံးကွယ်ရပ်ဖျက်ထားရန် လိုအပ်သည်။ ကိုက်(၆၀၀)ခန့်အရှည်ရှိသော ရဲလောင်းလက်တံ၏ ထိပ်မှစ၍ ကန့်လန့်အနေအထားဖြင့် ကိုက်(၁၅၀)ဆီ အကွာအဝေးတိုင်း၌ သစ်ကိုင်းခြောက်၊ သစ်ရွက်ခြောက်များကို ကျုံးတံခါးဝထိ အကန့်ကျယ်လျှင်ကျယ်သလောက် အပုံအရေအတွက် အတိုးအလျှော့ပြုလုပ်ကာ အဆင်သင့်ပုံကာထားရ၏။ ထိုသစ်ရွက်ခြောက်အမှိုက်ပုံများသည် ဆင်များ ဝင်ပြီးသည်နှင့် ဆင်များ နောက်ကြောင်းပြန်၍ မလှည့်နိုင်အောင် မီးရှို့၍ တားထား...အတွက် ဖြစ်လေသည်။

ရဲလောင်းလက်တံနှင့် တောက်လျှောက်တွင် လင့်စင်များသုံးလေးခုစီတန်း၍ တည်ဆောက်ပေးထားရပြန်သည်။ ထိုလင့်စင်များမှာ အမှိုက်လောင်စာပုံများကို ဆင်ဝင်ပြီးသည်နှင့် မီးရှို့ပေးရမည့် လင့်ကင်းသမားနေရန်ဖြစ်သည်။ သောင်ဆရာဦးတိုင်းအောင်သည် ဆင်ကျုံးကိုလည်းကောင်း၊ ရဲလောင်းလက်တံများနှင့် လင့်စင်များကိုလည်းကောင်း စနစ်တကျ လိုက်လံစစ်ဆေးနေ၏။ ခဏအကြာတွင် ဆင်လိုက်ကင်းထောက်အဖွဲ့သားများ ပြန်လည်ရောက်ရှိလာကြပြီး ဦးတိုင်းအောင်ကို သတင်းပို့ရင်း နှုတ်ဆက်လိုက်ကြသည်။

ဦးထွန်းပ - 'ဗျို့..သောင်ဆရာကြီး၊ မောနေပြီလားဗျ'

သောင်ဆရာ - 'မမောပါဘူးဗျာ။ ခင်ဗျားတို့ ပြန်လာကြပြီလား။ အခြေအနေဘယ်လိုလဲ'

ထွန်း - 'ဟိုကောင်ကြီးတွေတော့ ကျုပ်တို့လှုသံ...ပြီး ဝိုင်းတွန်းလာတာ ဒီကနေ့ဆိုရင် ငါးမိုင်လောက်အကွာ အထိ ရောက်လာခဲ့ကြပြီဗျ။ ပြီးတော့ ပြောရဦးမယ်။ အ...လုံးစုစုပေါင်း ဆင်သားပေါက်ကလေးတွေအပါ ဆယ့်...ကောင်တိတိဗျ'

သောင် - 'ဒါဆို ကော်တာပဲပေါ့။ ဝမ်းသာစရာပဲ...အရွယ်တွေကရော'

ထွန်း - 'ဆိုက်စုံပဲဗျ။ ခေါင်းဆောင်ဆင်ကြီးက...စွယ်စုံကြီးဗျ။ ဆိုးမယ့်ပုံပဲ။ အဝေးက ကြည့်ရတာတော...ခဏ,ခဏ ချိုးကူတာကို မြင်မြင်နေရတယ်'

ချိုးကူသည်ဆိုသော ဆင်ဝေါဟာရမှာ ဆင်ဆိုး...အတွက် ရည်ရွယ်လေသည်။ နောက်တစ်မျိုးမှာ မော...ထောင်းသည်ဟူသော ဝေါဟာရတစ်မျိုးဖြစ်၏။ ချိုးကူ...ဆိုရာဝယ် ဆင်သည် အငြိမ်မနေဘဲ ဦးခေါင်းကို တဆ...ဆတ်ညိတ်ခြင်း၊ ခေါင်းတခါခါနှင့်ရှိခြင်းကို ဆိုလိုပါသည်။ ထိုဆင်မျိုးသည် ဆင်ဦးစီးကို ဆင်ပေါ်မှခါချပြီး အစွယ်...စိုက်ချ၍ သတ်တတ်သော ဆင်ဆိုးမျိုး ဖြစ်၏။

မောင်းထောင်းခြင်းဟူသည်မှာ ဆင်သည် ရှေ့...နှစ်ချောင်းကို မြှောက်ချည်ချချည် ပြုနေတတ်သောဆင်...မောင်းထောင်းသည့်ဆင်ဆိုးဟု သတ်မှတ်ကြပါသည်။...ဆင်မျိုးသည် ခြေကိုဆောင့်၍ ဦးခေါင်းကိုခါက ပြ...လာသည့် ဆင်ဦးစီးကို ခြေနှင့်နင်း၍ သတ်တတ်သော...



www.burmeseclassic.com

သောင် - 'ကဲ··မုဆိုးကြီးတို့လည်း နားလိုက်ကြဦး။ ဆင်များတို့ ရောက်လာတာနဲ့ အတော်ပဲ။ ကျုပ်လည်း ဟင်းစားတော်တာနဲ့ တောပိုင်တောင်ပိုင်တွေဆီကို ပန်ကြားပြီး ဟင်းစားတောင်းလိုက်တာ တောဝက်နှစ်ကောင် ရထားတယ်ဗျ။ ဒီည တောဝက်သားနဲ့ တွယ်ကြတာပေါ့'

ထွန်း - 'ကောင်းပါတယ်ဗျာ။ ကျုပ်တို့လည်း ငတ်တာ ကြာပါရော။ နောက်နေ့တွေကျရင်တော့ နေ့ချင်း ပြန်သွားလို့ ရပါပြီ။ ဆင်တွေလည်း နီးလာနေပြီပဲ'

သောင် - ဒါနဲ့ ဦးထွန်းပရေ··ဒုက္ခပေးတယ်လို့မထင်ပါနဲ့ဗျာ။ ဖြောက်အိုးတွေ၊ ပေသီးတွေ ဒီည ကျုပ်နဲ့ ဝိုင်းစစ်ဆေးစမ်းပါဦး။ ပြီးတော့ ဂျိတွေလည်း မလုပ်ရသေးဘူး'

ထွန်း - 'ရပါတယ်ဗျာ။ ဂျိကတော့ ခိုင်းလူးက ကျွမ်းတယ်။ သူ့ကိုသာ ခိုင်းလိုက်။ သူလုပ်တဲ့ဂျိဟာ မှုတ်လိုက်ရင် ကရင်ကျွဲချိုသံမျိုး၊ တံပိုးမှုတ်သံမျိုးဖြစ်အောင် လုပ်တတ်တယ်ဗျ။ ဖြောက်အိုးတွေကတော့ ရေစို,မစိုစစ်ပြီး သေချာရင် နေပြထားလို့ ရတာပဲ။ ပေသီးကတော့ မနက်မြန်ကျ ဝိုင်းပြီး ထုပ်ကြတာပေါ့'

သောင် - 'ကောင်းပြီ၊ ကောင်းပြီ။ ကျုပ်မှာ ကုန်ကြမ်းတွေ လုံလုံလောက်လောက် ပါခဲ့ပါတယ်။ ကဲ··ဦးထွန်းပ။ ရေလေးဘာလေးချိုးလိုက်။ အဖွဲ့သားတွေရော နားကြဦးပေါ့'

ဂျိဟူသောအရာကို ဝါးဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး ဆင်များကို ကျုံးရှိရာသို့ မောင်းသွင်းကြရာ၌ ဆင်များ၏ အနောက်မှနေ၍ ဆင်လိုက်လုပ်သားများက ဂျိများမှုတ်၍ အချက်ပေးခြင်းဖြင့် မိမိအဖွဲ့သားများ၏ တည်နေရာနှင့် အကွာအဝေး အရပ်မျက်နှာကို အလွယ်တကူ သိရှိနိုင်လေသည်။ ဆင်လိုက်ရာတွင် ဆင်အုပ်၏အနောက်မှ ကျုံးနှင့် နီးသောအခါ ခြောက်လှန့်ရန် ဖြောက်အိုးများ၊ ပေသီးများကို မီးရှို့၍လည်းကောင်း၊ ပစ်ပေါက်၍လည်း အသုံးချကြသည်။ ပေသီးပြုလုပ်ရာတွင် ကုန်ကြမ်းမှာ ဆေးဒန်းနှင့် ပိုတက်အမှုန့်သည် အဓိကပစ္စည်း ဖြစ်လေသည်။ ဖြောက်အိုးများ နည်းသောအခါ ပေသီးကို အဆိုပါပစ္စည်းများနှင့် ကိုယ်တိုင်ပင် ပြုလုပ်ကြရသည်။

ပေသီးပြုလုပ်ရာတွင် စက္ကူထူထူကို ဖြန့်ခင်း၍ ဆေးဒန်းနှင့် ပိုတက်အမှုန့်ကို သမအောင်ရောစပ်ပြီး ကျောက်စရစ်ခဲ အငယ်စားကလေးများနှင့်ရောကာ ကျစ်လျစ်သိပ်သည်းစွာ အထုပ်ငယ်ကလေးများဖြစ်အောင် ထုပ်ကြရသည်။ ထုပ်နေချိန်တွင် ရေမထိ ရေမစိုအောင် အထူးဂရုပြုကြရသည်။ ရေစိုသွားသော ပေသီးပေထုပ်များမှာ အရေးအကြောင်းကျလျှင် ပစ်ပေါက်၍မရတော့ဘဲ အနှောင့်အယှက်ကြလေသည်။ ထုပ်ပြီးသော ပေထုပ်ကိုလည်း ရေအန္တရာယ်မှကင်းစေရန် ပလတ်စတစ်အပါးစကလေးများဖြင့် အပေါ်မှထပ်၍ ထုပ်ကြရသည်။

အပေါ်သို့ မြောက်တင်ဆွဲထားသော ကျုံးတံခါးကြီးမှာ ခဲတံများကို တစ်ချောင်းစီ ကန့်လန့်တန်းများဖြင့် ချုပ်ထားသကဲ့သို့ ကြည့်၍ကောင်းလှသည်။ ခဲတံကဲ့သို့ ထိပ်ဖျားများကိုချွန်၍ အောက်စိုက်အနေအထားဖြင့် စီမံထားသော ကျုံးတံခါးကြီးအား ဖြုတ်ချလိုက်ပါက ကျလာမည့် တံခါးလက်ခံမြေနေရာတွင် ကျင်းကလေးများ အဆင်သင့်တူး၍ ထားကြရသည်။ အချို့ကမူ ကျင်းအစား မြောင်းကျင်းကို တူးထားကြ၏။ ဆင်ကျုံးအတွက် ထိုမျှလောက် အပင်ပန်းခံ အလုပ်ရှုပ်ခံနေကြရခြင်းမှာ အဖမ်းခံရမည့်ဆင်သည် ဖမ်းမည့်လူနှင့် နှိုင်းစာလျှင် လူသည် ဆင်၏ ခြေထောက်တစ်ချောင်းစာမျှသာ ရှိသောကြောင့် ဖြစ်လေသတတ်။

ဆင်ကျုံးတည်ဆောက်ခြင်း ပြီးစီးသော်လည်း ဆင်များရရှိလာသောအခါ ဆင်ကို တစ်ကောင်ချင်းထုတ်၍ ဆင်ရိုင်းကို ဆင်ယဉ်ဖြစ်လာအောင် လေ့ကျင့်ပေးရန် ပုခက်စင်ခေါ် သုံးထောင့်စင်များ ပြုလုပ်ကြရပြန်သည်။ ပုခက်စင်မှာ လေးငါးဆယ်ခုခန့် လိုအပ်လေသည်။ ပုခက်စင် တစ်ခုချင်းတွင် ကြိုက်ပုံတိုင်ထူထားသော တိုင်အထက်မှနေ၍ နောက်ထပ်တိုင်သုံးလုံးကို ကြိုက်ပုံဦးချင်းဆိုင်လျက် ချုပ်တန်းတင်ရပြန်သည်။ ဆင်တစ်ကောင်အမြင့်နှင့် လွတ်လောက်သော နေရာတွင် တိုင်နှင့်တန်း၏ ဆုံချက်ကို ကြိုး၊ ကြိမ်တို့ဖြင့် ခိုင်ခံ့စွာ တုပ်နှောင်ထားရသည်။ သို့မှသာ ဆင်ယဉ်ဖြစ်အောင် လေ့ကျင့်ရာ၌ ကြိုးပုခက်တပ်ဆင်ရန် အဆင်သင့်ဖြစ်နိုင်ပေမည်။

◆ ◆ ◆

ဆင်များကျုံးသွင်းရန် ဖမ်းဆီးမည့်နေ့ရက်သို့ ရောက်၍လာပေပြီ။ သောင်ဆရာ ဦးတိုင်းအောင်သည် ရောက်စရက်ကအတိုင်း နတ်ကွန်းစင်တွင် ပူဇော်ပ,သစရာများ အဆင်သင့်ပြင်ဆင်ပြီး ဆိုင်ရာပိုင်ရာများ ကန်တော့၍ ဆင်ကျုံးအပ်နှံခြင်း၊ အဖွဲ့သားများ ဘေးရန်အန္တရာယ်ကင်းစေရန် အပ်နှံခြင်း စသည်ဖြင့် လုပ်ငန်းဆောင်တာများကို မလစ်လပ်စေရအောင် လုပ်ဆောင်လျက်ရှိ၏။ နေ့ကောင်းရက်သာ

www.burmeseclassic.com

ဖြစ်သော ဤနေ့သည် အခါကောင်းပင် ဖြစ်တော့သည်။

နတ်ကွန်းစင်ပေါ်တွင် တစ်မူထူးခြားသည်မှာ စင်၏ ဗဟိုရှိ ကန့်တော့ပွဲအနောက်မှ ညောင်ပိန္နဲပင်ကြီးအား ကပ်လျက် ကွန်းစင်ငယ်တစ်ခုကပ်၍ အသစ်ရိုက်ထား၏။ ထိုစင်ကလေးပေါ်တွင် သောင်ဆရာ ဦးတိုင်းအောင် သွားလေရာ ဆောင်ထားလေ့ရှိသော ဥဒိန္န(ဥတေန)နတ်ရုပ်တုကို စောင်းကလေးပိုက်လျက် တင်ထားသည်ကို ထူးခြားစွာ တွေ့မြင်နေရ၏။ ထိုနတ်ရုပ်ကို ဆင်စွယ်နက်ဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး စင်ကလေးပေါ်တွင် အမွှေးတိုင်များ၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ထားလေသည်။ သောင်ဆရာ ရွတ်ဆိုသော ဥတေနနတ်ပူဇော်ဂါထာကို စာရှည်မည်စိုး၍ ရေးမပြတော့ပါ။

‘ကဲ‥အဖွဲ့သားတွေအားလုံး သေသေချာချာ နားထောင်ကြ။ ဒီနေ့ဟာ အရေးအကြီးဆုံးရက်ကို ရောက်လာပြီဖြစ်တဲ့အတွက် လုပ်သမျှကိုင်သမျှ အရာရာကို သတိထားပြီး ကိုယ့်အန္တရာယ်ကို ကိုယ်ကာကွယ်ရမယ့်နေ့ဖြစ်သလို ဆင်တွေ အထိအခိုက်နည်းနိုင်သမျှနည်းအောင် ဂရုစိုက်ကြရမယ်။

ညနေစောင်းတာနဲ့ တို့အားလုံး စထွက်မယ်။ လင့်စောင့်မယ့်တာဝန် ယူထားတဲ့သူတွေ မတ်တတ်ရပ်ကြပါ။ ကောင်းပြီ။ ခင်ဗျားတို့ လင့်စောင့်အဖွဲ့က ပြီးရင် ကျွန်တော့်တဲမှာ ရေနံဆီပုံးတွေယူပြီး ဝါးကျည်တောက်တွေနဲ့ခွဲထည့်၊ ပြီးရင် လင့်စင်တစ်ခုချင်းစီရဲ့ခြေရင်းမှာ ဆင်တွေ ရဲလောင်းစည်းထဲကိုဝင်တာနဲ့ ရေနံလောင်းပြီး မီးရှို့နိုင်အောင် အဆင်သင့်ချထားကြ။ ဆင်တွေမလာခင် လဲကျမသွားအောင် သေသေချာချာ ထောင်ထားဖို့တော့လိုမယ်။ တော်ကြာ ဆင်တွေက ရောက်နေပြီ။ ရေနံက လောင်းစရာ တစ်စက်မှ မကျန်တော့ရင် အကြီးအကျယ်ဒုက္ခဖြစ်လိမ့်မယ်။

ပြီးတော့ ဝါးကျည်တောက်၊ မီးတုတ်တွေလည်း အဆင်သင့်ပြင်ထားပေးပါ။ လေးငါးဆယ်ခုထက်မနည်း လိုလိမ့်မယ်။ ဆင်တွေ ကျုံးထဲရောက်ပြီးတာနဲ့ အဆင်သင့်ထွန်းနိုင်အောင် ရေနံဖြည့်ပြီး ကောက်ရိုးထုံးလောင်စာတွေ ဆို့ပိတ်ထားကြ’

ထိုနေ့နံနက်ပိုင်း ပူဇော်ပွဲပြီးကတည်းက မုဆိုးကြီး ဦးထွန်းပနှင့် (၁၅)ယောက်အဖွဲ့သည် ထမင်းထုပ်များနှင့် ရေဘူးကိုယ်စီ သယ်ဆောင်လျက် ဆင်လိုက်ရန် ထွက်ခွာသွားနှင့်ကြလေပြီ။ ဆင်များမှာ (၅)မိုင်ကျော်ဝန်းကျင်တွင်သာ ကျက်စားနေကြသဖြင့် ကျုံးသွင်းရန် အချိန်များစွာ မလိုတော့ဘဲ လူများလည်း သိပ်မပင်ပန်းကြတော့ချေ။

ညနေစောင်းတွင် လင့်စောင့်အဖွဲ့နှင့် ထမင်းချက် တစ်ယောက်သာလျှင် စခန်း၌ကျန်ခဲ့ကြပြီး ကျန်သူများအားလုံး သောင်ဆရာ ဦးစီး၍ ဆင်လိုက်အဖွဲ့ရှိရာသို့ လိုက်ပါသွားကြသည်။

နှစ်နာရီကျော်ခန့် တစ်ချိုကျော် တစ်တောတိုးဖြင့် တောင်စွယ်လည်ပြတ်ကလေး ကျော်သည်အထိ တိုးဝင်ခဲ့ကြပြီးသည်နှင့် ဝါးရုံတောတို့ တရှန်းရှန်း တဖြောင်းဖြောင်းလဲသံ၊ ကျိုးသံများ၊ ငှ်အတူ ဆင်အုပ်ကို ဘွားခနဲလှမ်းကာ တွေ့လိုက်ရ၏။ ဆ. အုပ်၏ အခြားဘက်တောင်ကြောပေါ်တွင် ဦးထွန်းပတို့အဖွဲ့ ရှိနေမည်မှာ သေချာ၏။

ထို့ကြောင့် လေအောက်အရပ်ဖြစ်သော ညာဘက်တောင်ကြောပေါ်မှတစ်ဆင့် ထုံးစံအတိုင်း အချက်ပေးအသံပြုရင်း ဦးထွန်းပအဖွဲ့နှင့် ပူးပေါင်းလိုက်ကြ၏။

တဖြည်းဖြည်းမောင်းရင်း ရွေ့လျားလာသော ဆင်အုပ်ကြီးသည် ဆင်ကျုံးစခန်းနှင့် မိုင်ဝက်ခန့်ကွာသောအရပ်သို့ ရောက်သည်တွင် နေဝန်းသည် အနောက်ဂေါရာကျွန်းသို့ ယွန်း၍ဝင်ပြီးသွားချေပြီ။ အမှောင်နှင့်အတူ ကြားရလေ့ရှိသော ပုစဉ်းရင်ကွဲအသံ၊ ပုရစ်အော်သံတို့မှာ ဦးတိုင်းအောင်တို့အဖွဲ့၏ ဂျိမ့်တ်သံ၊ ဆင်ခြောက်သံ၊ ဆင်တောတိုးသံ အကြားဝယ် မထင်ရှားနိုင်ကြတော့ချေ။

လဆန်း(၁၀)ရက်ကျော် လဝန်းသည် ကောင်းကင်မှနေ၍ အလင်းရောင်ဝါကို စတင်ပေးဝေထားသဖြင့် အမှောင်ကြီးမဟုတ်တော့ပေ။ သစ်ပင်များ၊ ချုံများကြားမှ ဆင်အုပ်၏ လှုပ်ရှားမှုကို သစ်ကိုင်းကျိုးသံ၊ ဝါးရုံလဲသံတို့ဖြင့်ရောကာ မထင်မရှားမြင်တွေ့နေရ၏။ ဆင်ကျုံးစခန်းနှင့် ကပ်၍နေပြီ ဖြစ်သည့်အလျောက် ဂျိမ့်တ်သံ၊ ဆင်လိုက်မောင်းသံတို့သာ၍ဆူညံလာ၏။ ပစောက်ပုံဝိုင်းထားသော ဆင်လိုက်အဖွဲ့ကြီးသည် တောတစ်ခုလုံးကို ‘ဟေး‥ဝူး‥ဟေး’ဟူသော အော်သံများ ဂျိမ့်တ်သံ၊ သစ်ပင်၊ သစ်ကိုင်းကျိုးသံတို့ဖြင့် ညံဝေ၍နေ၏။

‘ဂရုစိုက်ကြဟေ့။ ရဲလောင်းစည်းကို စပြီးဝင်ကုန်ပြီ’

ခေါင်းဆောင်ဆင်ကြီးသည် ရဲလောင်းလက်တံနှစ်ခုအကြားသို့ တိုးဝင်သွားပြီးနောက် ကျန်ဆင်များလည်း နောက်မှ ထက်ကြပ်မကွာ လိုက်ပါဝင်ရောက်ကြလေပြီ။

‘နောက်ဆုံးအကောင် ရဲလောင်းစည်းထဲကို ဝင်ပြီးသွား



www.burmeseclassic.com

www.burmeseclassic.com

ပြီဟေ့။ လင့်စင်က အကောင်ဆင်းတော့ အောက်ရောက်တာနဲ့ မီးတားတွေ ရေနံလောင်းပြီး အကုန်ရှို့လိုက်တော့။ ကြားလားဟေ့'

'ကြားတယ်ဗျို့။ ဝူး'

'ဟေး··ဟေ့·· ညာရဲလောင်းကို ဝင်တိုးနေကြပြီ။ ဝူး··ဟေးဝူး··ဟော··ပြန်လှည့်လာကြတယ်ဟ'

'ဖောင်း'

'ဒိုင်း··ဟေး··ဝေး'

'ဖောင်း··ဖောင်း'

ရဲလောင်းစည်းတွင်းသို့ ရောက်ချိန်မှစ၍ ဝရုန်းသုန်းကား ဖြစ်လာကြသော ထိုသတ္တဝါကြီးများမှာ ကမူးရှူးထိုးပို၍ဖြစ်လာကြကာ ကျုံးနှင့် ရဲလောင်းတစ်ဝိုက် ဖြောက်အိုးဖောက်သံ၊ ပေသီးပေါက်ကွဲသံ၊ လူသံများဖြင့် ကျွက်ကျွက်ညံနေ၏။

'စောစ်ရွှေရေ··မင်း စည်းကျော်တော့မယ်ဟေ့။ ဂရုစိုက်။ မီးတားဆင်းရှို့ဖို့ အသင့်ပြင်ထား။ ကြားလား'

'ဝေး··အေး··ကြားတယ်ဗျို့၊ ကြားတယ်'

'နောက်ဆုံးကအကောင် စည်းတားအရင်းကို ကျော်တော့မယ်ဟေ့'

'နောက်ပိတ် ကျုံးတိုင်ကို ခေါင်အကောင်ကြီး ကျုံးနေပြီဟေ့။ အသံကြားရပြီ'

'ကျုံးတံခါး ဖြတ်ချလိုက်တော့လေ။ သားတွဲလေးတောင် အထဲတော်တော်ရောက်နေပြီ'

'ဟာ··ဒုက္ခပါပဲ။ တံခါးချလိုက်တော့လေ၊ ချပါတော့လား။ ဟိုမှာ မင်းအမေလင်တွေက ဟာ··ပြောရင်းဆိုရင်း နောက်ပြန်လှည့်လာကြပြီ။ ဟာ··ဟေ့··ဖောင်း··ဒိုင်း··ဟေး'

'မရတော့ဘူးဟေ့။ ကိုယ့်အန္တရာယ်ကိုယ် ကာကွယ်ကြတော့။ ပြေး'

'ပြေးကြဟေ့၊ နီးရာသစ်ပင်ပေါ်ကိုသာ တက်ကြတော့။ ပြေး'

စောစောကလိုက်သူနေရာမှ ရှိနေကြသူများသည် ယခုမှ ပြေးသူအဖြစ် ပြောင်းရချေပြီကော။ ပြေးနိုင်မှလွတ်မည်။ လျင်သောသူ အသက်ရှင်မည်။ ညံ့သောသူ ခံစတမ်း။

လူအုပ်၏နောက်ဆုံးမှ လိုက်လာကြသူတို့မှာ မီးပုံတို့ကို ကျော်လွှား၍ နီးစပ်ရာသစ်ပင်များပေါ်တက်ကာ ပြေးကြ၏။ အချို့မှာ ရဲလောင်းစည်းရိုးကိုဖောက်ကာ အနီးဆုံးသစ်ပင်ပေါ်သို့ အားကိုးတကြီး ပြေးကြရရှာ၏။ ရဲလောင်းစည်း၏ ပထမစည်းနှင့် ဒုတိယစည်း၏ အစွန်ဆုံးမီးပုံမှာ မီးရှို့သော်လည်း မလောင်ဘဲ ကျန်ခဲ့လေရာ ဆင်တို့အတွက် ထွက်ပေါက်လမ်းကို ဖွင့်ထားသည်ကဲ့သို့ရှိ၏။

ပို၍ဆိုးသည်မှာ ဆင်များဝင်စဉ်က နောက်ဆုံးမီးတားစည်းကို မီးမရှို့ရသေးမီ ဒရောသောပါးဖြင့် ကျုံးအတွင်းသို့ ပြေးဝင်သွားကြသဖြင့် မီးမရှို့ဖြစ်ကြခြင်းက ကံဆိုးမှုအတွက် အထောက်အပံ့ကောင်း ဖြစ်သွားစေလေသည်။ ပြန်၍လှည့်လာကြသော ဆင်အုပ်ကြီးမှာ တစ်ကောင်နှင့်တစ်ကောင် တိုးဝှေ့ရင်း ခေါင်းဆောင်စွယ်စုံကြီးသည် ကျုံးအပြင်သို့ရောက်သည်နှင့် မြင်မြင်သမျှနောက် ကမူးရှူးထိုးလိုက်ရင်း မီးတားလွတ်သော နေရာများကို ကျော်လွှန်၍ လွတ်မြောက်မှုအတွက် ခေါင်းဆောင်ပေးခဲ့လေရာ နောက်ပါဆင်များမှာ လွယ်ကူချောမောစွာဖြင့် ကျုံးနှင့် ရဲလောင်းဧရိယာမှ ထွက်မြောက်သွားကြချေပြီ။

လွတ်မြောက်သွားကြသော ဆင်အုပ်သည် ကျုံးနှင့်ဝေးရာ တောအတွင်းသို့ တဖြောင်းဖြောင်းတဒိုင်းဒိုင်း တောတိုးဝင်ရောက်သွားကြ၏။ နာရီဝက်ခန့်အကြာတွင် တောတိုးသံ သဲ့သဲ့မျှကိုသာ ကြားရတော့၍ ငြိမ်သက်နေကြသော ကျုံးတစ်ဝိုက်တွင် ပြန်လည်အသက်ဝင်လှုပ်ရှားလာကြတော့သည်။

တောတွင်းစည်းကမ်းအရ နာမည်ခေါ်၍ မရသဖြင့် တဝူးဝူး တဟေးဟေးဖြင့် ကျယ်လောင်စွာ ဟစ်ခေါ်ကြရင်း အောက်သို့ရောက်နှင့်ကြသူများက ဆင်ကျုံးကွက်လပ်တွင် မီးတုတ်၊ မီးတိုင်များ ထွန်းညှိလိုက်ကြ၏။ သောင်ဆရာဦးတိုင်းအောင်သည် သူ့လူများကို ချက်ချင်းပြန်စု၍ ရှုစုံ၊ မစုံ စစ်ဆေးရ၏။

အားလုံးနီးပါး ရောက်ရှိနေကြပြီဖြစ်သော်လည်း နှစ်ယောက်လိုနေ၏။ တစ်ယောက်မှာ ထွန်းဦးဖြစ်၍ နောက်တစ်ယောက်မှာ မွေးအောင်ဖြစ်၏။ ထို့ကြောင့် မမှောင့်တမှောင် လရောင်ကြားဝယ် လိုက်လံ၍ အသံပြုဟစ်ခေါ်ကြရ၏။ အချို့က မီးတုတ်များကို ကိုင်ဆောင်လျက် ရှာပုံတော်ဖွင့်ကြလေသည်။

အောက်မှ တဝူးဝူးအသံများကြောင့် သစ်ပင်ကြီးတစ်ပင်ပေါ်မှ ဝူးဟု ထူးသံ ပြန်ကြားလိုက်ရ၏။

'ဘယ်သူလဲ၊ မွေးအောင်လားဟေ့'

'မဟုတ်ဘူး၊ ကျွန်တော် ထွန်းဦးရယ်ပါ'



www.burmeseclassic.com

www.burmeseclassic.com

'ဒါဖြင့် ဆင်းခဲ့တော့လေ'

'တက်တုန်းကတက်ပြီး အဆင်းကျ ခက်နေလို့ဗျ'

'ဩော်··ဒုက္ခပါပဲ။ ဒါဖြင့် မွေးအောင်ရော'

'မသိဘူးလေ'

"ကဲ··ဒါဖြင့် မွေးအောင်ကို ရှာချေကြဦး။ ထွန်းဦး ဆင်းဖို့ ဝါးတစ်လုံး ထောင်ပေးလိုက်ကြ'

ထွန်းဦးမှာ ကံအလွန်ကောင်းသူဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် သူတက်သောသစ်ပင်၏ ပင်စည်ဝယ် ဆင် စွယ်နှင့် ထိုးစိုက်ခံထား၍ အခေါက်များ ဖွာထွက်နေသဖြင့် ဆင်လိုက်ထိုးခံရကြောင်း ထင်ရှားနေ၏။

ထို့ကြောင့် ထွန်းဦးအား မေးကြည့်ရာ-

'ဟာဗျာ၊ စွယ်စုံကြီးပေါ့။ ဂူးခနဲ ကျွန်တော့်နောက်က ရောက်လာပြီး ကျွန်တော်လည်း သစ်ပင်ရင်းရောက်ရော ပြေးပြီးထိုးလိုက်တာ ကျွန်တော်တော့ သွားပြီလို့မှတ်တယ်။ ဒါပေမဲ့ သူ့အစွယ်ကရှည်တော့ သစ်ပင်မှာ စိုက်နေတာ။ ကျွန်တော်လည်း အောက်ကနေလျှိုပြီး သစ်ပင်ရဲ့ဟိုဘက်က အကိုင်းကို အမြန်လှမ်းခိုပြီး တက်လိုက်ရတယ်။ ပြီးတော့ ကြောက်ကြောက်နဲ့ အပေါ်ကို ဘယ်လိုကဘယ်လို ရောက် သွားတယ် မသိတော့ဘူး။ ပြန်ဆင်းမယ်လုပ်မှ မှောင်ထဲမှာ မို့ ဆင်းရခက်နေပြန်ရောဗျ'

'မွေးအောင်က မင်းနဲ့အတူတူ မဟုတ်ဘူးလား'

'မွေးအောင်က မီးတားတွေ မလောင်ဘဲ ကျန်ခဲ့တာ တွေ ထပ်မီးရှို့ပြီး ပိတ်ဦးမယ်ဆိုရင်း ပြေးဝင်သွားတာ။ အဲဒါ ကျွန်တော်နဲ့ နောက်ဆုံးတွေ့လိုက်တာပါပဲ'

'သစ်ပင်နဲ့ သစ်ပင်တစ်ဝိုက်မှာ ဆင်မာန်စွယ်ရှာကြဦး ဗျို့။ တွေ့လိုတွေ့ငြား'

'ဆင်မာန်စွယ်လည်းရှာ၊ မွေးအောင်လည်း လိုက်ရှာ ကြဦး'

သို့နှင့် တပူးပူးဖြင့် အသံပြုရင်း ကျုံးဝန်းကျင်အနှံ့ လိုက်ရှာကြသော်လည်း အချည်းနှီးသာပင်။ မည်သို့မျှ ရှာ၍ မတွေ့သည့်အဆုံး နံနက်လင်းလျှင်တော့ ပြန်ရောက်နိုင် ကောင်းသည်ဟူသော မျှော်လင့်ချက်ဖြင့် ရှာဖွေခြင်းကို ရပ်လိုက်ကြရသည်။ မရပ်လို့ကလည်းမဖြစ်။ ဝမ်းက ဟာ ကြလေပြီ။ ညနေစာကို လုပ်ငန်းပြီးမှ စားကြမည်ဟု အားခဲ ထားကြသဖြင့် ထမင်းချက်ဖိုသို့ စုရုံးရောက်ရှိခဲ့ကြလေ သည်။ သို့သော်လည်း ခဲလေသမျှ သဲရေကျဖြစ်ရလေပြီ။ ထမင်းချက်ဖိုရော တဲငယ်များပါ ဆင်များ တိုးဝင်နင်းချေ သွားသဖြင့် မွစာကြဲ၍နေ၏။ ဒန်အိုးဒန်ခွက်များ၊ ပစ္စည်း ပစ္စယများ ပြားချပ်ကွဲကြေ၍ တဲများလည်း အလဲလဲအပြို ပြို ဖြစ်နေကြသဖြင့် သက်ပြင်းချရုံတစ်ပါး မတတ်နိုင်ကြ တော့။ သည်အတိုင်းသာ ဝမ်းဟောင်းလောင်းဖြင့် အိပ်ကြ ရတော့မည်။

ဦးတိုင်းအောင်သည် လူများ စုရုံးပြီးသည်နှင့် မီးတိုင် များ အလင်းရောင်အောက်ဝယ် တံခါးအချိန်မီပိတ်၍ မရ ရသော အကြောင်းရင်းကိုရှာရန် စကားစလိုက်၏။

'ကဲ··ဖြစ်တာကတော့ ဖြစ်ပြီးသွားပြီ။ အပြစ်တင်၊ အပြစ်ပြောချင်လို့ မဟုတ်ပေမယ့် အကြောင်းရင်းကိုတော့ ရှာရဦးမယ်။ ကဲ··ဒီနေ့ တံခါးကြိုးဖြတ်မယ့် တာဝန်ယူ တာ ဘယ်သူလဲ'

'ကျွန်တော် ကျော်ကြီးပါ သောင်ဆရာ'

လုပ်ငန်းစဉ်တစ်လျှောက် တက်ကြွဖျတ်လတ်၍ အလုပ် နှင့်ပတ်သက်လျှင် လွန်စွာစိတ်ချရသော ကျော်ကြီးဖြစ်နေ သဖြင့် သောင်ဆရာ အံ့ဩသွား၏။ ကျော်ကြီးသည် ညနေ မစောင်းမီကတည်းက သူတာဝန်ယူထားရသည့် တံခါးမှုး တာဝန်ကျေပွန်စေရန် ဓားနှစ်ချောင်းကို မြနေအောင်သွေး၍ နေသည်ကို သောင်ဆရာကိုယ်တိုင် တွေ့ခဲ့ပြီးသားဖြစ်၏။

ဓားနှစ်ချောင်းဆောင်ထားရသည့် အကြောင်းရင်းမှာ ဆင်များ ကျုံးအတွင်းသို့ ရောက်ပြီးလျှင် တံခါးအား ဆိုင်း၍ ထားသော ကြိုးကို ဖြေမနေဘဲ တစ်ခါတည်း ခုတ်ဖြတ်ချ မည်ဖြစ်သဖြင့် ဓားတစ်ချောင်း အဆင်မပြေ၍ ဓားရိုးကျွတ် ခြင်း၊ ဓားလွတ်ကျခြင်းများဖြစ်ပါက နောက်တစ်ချောင်းနှင့် ကောက်၍ အဆင်သင့်ခုတ်နိုင်ရန်ဖြစ်သည်။

'ဩော်··ကျော်ကြီးပါလား။ ဆိုပါဦး၊ တံခါးချဖို့ဖြစ် ရတဲ့ အခက်အခဲကို'

'ကျွန်တော် လူသံတွေ၊ ဆင်သံတွေ နီးလာတာနဲ့ ဓား နှစ်ချောင်းကိုယူပြီး လင့်စင်ပေါ် တက်ခဲ့ပါတယ်။ လင့်စင် ပေါ်ရောက်တော့ ကျွန်တော့်ဘေးမှာ နှစ်ချောင်းစလုံး ဘေး သေချာချာ အဆင်သင့်ချထားတာပါဗျာ။ ဆင်တွေမလာခင် ကြိုပြီးကိုင်ထားတဲ့ဓားနဲ့ အားရပါးရခုတ်လိုက်ပေမယ့် ဓား ရိုးကျွတ်ပြီး လွင့်သွားပါလေရော။ ဒါနဲ့ နောက်ဓားတစ် ချောင်းကို စမ်းလိုက်တော့ နောက်တစ်ချောင်းကို လုံး မတွေ့တော့ဘူးဆရာ။ ကျွန်တော်လည်း ချွေးတွေတော ပြန်လာတယ်။ ဓားက အောက်ကိုကျစရာမရှိဘူး။ စိုးလို့ စင်ပေါ်မှာ ကျွန်တော့်ပုဆိုးကို ဖြန့်ခင်းပြီး ကျ



www.burmeseclassic.com

www.burmeseclassic.com

တင်ထားတာ။ ဓားမတွေ့တဲ့အဆုံး ကြိုးကိုဖြေပြီးချမယ်လို့ မြင်ရုံရှိသေးတယ် ဆင်တွေက ပြန်ထွက်ကုန်ကြပြီ။ ကျွန်တော်လည်း စဉ်းတောင်မစဉ်းစားတတ်တော့ပါဘူး သောင်ဆရာရယ်။ သေသာ သေလိုက်ချင်တော့တယ်'

'ဓားတွေကို အောက်မှာ ပြန်ရှာကြည့်သေးလား'

'ဘယ်နေမလဲဗျာ၊ ရှာတာမှ မှုံနောက်နေတာပဲ။ ဆင်ကျုံးပတ်ချာလည်း နှံ့နေအောင်ရှာတာ လုံးဝကိုမတွေ့ဘူး။ မှုံတောင် ရှုးချင်တယ်'

'ဒါဖြင့် ပုဆိုးကရော'

'ပုဆိုးကတော့ ဒီအတိုင်းပဲ၊ ပုံစံတောင် မပျက်ဘူးဗျ။ ခုထိ ကျွန်တော် ပြန်မယူခဲ့ရသေးဘူး။ လင့်စင်ပေါ်မှာ ရှိနေသေးတယ်'

သို့နှင့်ပင် မေးမြန်းစုံစမ်းခြင်းကို ရပ်တန့်၍ အနားယူနေ၍ ပြင်ဆင်လိုက်ကြရသည်။ အားလုံးကိုယ်စီမှာ သက်ပြင်းမောတချချနှင့် တစ်ညလုံး အိပ်၍မပျော်နိုင်ကြပါ။ သည်တစ်ကြိမ်မရလျှင် နောက်ထပ်ကြိုးစား၍ ရသေးသည်ဖြစ်သော်လည်း အချိန်သုံးပတ် တစ်လမျှ အချိန်ယူရပေဦးမည်။ ကျုံးအား ပြန်လည်ပြင်ဆင်ရမည်။ စားရေရိက္ခာ ပြန်လည်ဖြည့်တင်းရမည်။ ပြီးလျှင် ဆင်ရိုင်းများအား အဝေးသို့ ရောက်မသွားနိုင်အောင် အဖွဲ့များက လိုက်လံခြောက်လှန့်ထိန်းကျောင်းထားရဦးမည်။ နောက်တစ်ကြိမ်ကျလျှင်ဖြင့် ယခုလမ်းကြောင်းအား မသုံးတော့ဘဲ နောက်လမ်းကြောင်းအသစ်မှ ကွေ့ဝိုက်၍ လှည့်ပတ်ကျုံးသွင်းနိုင်အောင် ကြိုးစားဦးမည် စသည်ဖြင့် တောင်မြောက်လေးပါးစဉ်းစားရင်း သောင်ဆရာသည် အိပ်၍မပျော်တစ်ချက် ပျော်တစ်ချက်ဖြင့် အရုဏ်ကျင်း၍ လင်းကြက်တွန်ချေပြီ။

သောင်ဆရာသည် လူသံသူသံများ ကြားရသဖြင့် ထကာကြည့်လိုက်၏။ နံနက်ခင်း နှင်းမြူကြားဝယ် လူစုတစ်စုသည် မိမိတို့ဆင်ကျုံးစခန်းရှိရာသို့ ဦးတည်၍ လာနေကြ၏။ ထိုသူတို့သည် တဂူးဂူးနှင့် အသံပြုရင်း ဆင်ကျုံးနှင့် နီးလာ၏။ အနားသို့ ရောက်လေသည်တွင် သစ်ဆွဲဆင်စခန်းမှ လူများဖြစ်နေကြသည်ကို တွေ့ရလေတော့သည်။

'အခြေအနေမကောင်းပါကလား သောင်ဆရာကြီးရေ' ဟု မေးရင်း အနီးသို့ ရောက်လာကြ၏။

ဆင်စခန်းမှလူများ အားလုံးသည် ဆင်ဖမ်းအဖွဲ့သားများနှင့် ရင်းနှီးပြီးသား ဖြစ်နေကြ၏။ ဤတောသို့ စတင်၍ရောက်လာကတည်းက သစ်ဆွဲဆင်စခန်းကလေးတွင် ရက်သတ္တတစ်ပတ်မျှ တည်းခိုနေထိုင်ခဲ့ကြသေးသည်ဖြစ်ရာ ရင်းနှီးကြခြင်းသည် မဆန်းပါချေ။ ဆင်ကျုံးစခန်းမှ လူများလည်း အသီးသီးနိုးလာကြပြီး တစ်ယောက်တစ်ပေါက်စီ လှမ်း၍နှုတ်ဆက်နေကြ၏။

'မြင်တဲ့အတိုင်းပဲ ဦးမြသောင်းရေ၊ ပြောတောင်မပြောချင်တော့ဘူး' မှ အစချီကာ ဖြစ်ကြောင်းကုန်စင်ကို ပြောကြလေတော့သည်။

'ကျုပ်တို့ကတော့ ကျုံးထဲမှာမိနေတဲ့ကောင်ကြီးတွေ ဦးဦးဖျားဖျားကြည့်ချင်လို့ အစောကြီးထပြီး လာခဲ့ကြတာဗျာ'

'အေးဗျာ၊ ကံပဲပေါ့။ ထပ်ကြိုးစားရဦးမှာပဲ။ ကျုပ်ကတော့ မလျှော့သေးဘူး။ ဒါနဲ့ ခင်ဗျားတို့ဆီကို ညက မွေးအောင် ရောက်လာသေးလား'

'လာပါဘူးဗျာ'

'သိဘူးဗျ။ ညက ကြောက်ကြောက်နဲ့ ခင်ဗျားတို့စခန်းရောက်အောင် စွတ်ပြေးပြီထင်နေတာ။ သူတစ်ယောက်တည်း ပျောက်နေတယ်ဗျ။ ကျန်တဲ့သူ အကုန်ရှိတယ်'

သောင်ဆရာနှင့် ဆင်စခန်းမှာ လူများစကားပြောနေကြစဉ် ဘယ်ဘက်ရဲလောင်းလက်တံနားမှ မိမိအဖွဲ့သားများ အော်သံကို ကြားလိုက်ရ၏။

'သောင်ဆရာရေ..မွေးအောင်ကို တွေ့ပြီဗျ'

'ဒီမှာဗျ၊ မီးမလောင်ဘဲကျန်ခဲ့တဲ့ အမှိုက်ပုံအောက်မှာ လက်ကလေးတစ်ဖက် ထွက်နေတာတွေ့လို့ ကမန်းကတန်း ရှင်းလိုက်တာ ဒီအတိုင်း တွေ့လိုက်ရတာပါပဲဗျာ'

အပြေးအလွှား ရောက်ရှိလာသော သောင်ဆရာနှင့် ကျန်လူများသည် အနီးသို့ရောက်သည်နှင့် ကြည့်လိုက်ကြလေရာ မြင်သောသူများအားလုံး ဟင်ခနဲ၊ဟာခနဲဖြင့် စုတ်တသပ်သပ်။

မွေးအောင်၏ ကိုယ်ခန္ဓာမှာ မြင်ရက်စရာမရှိတော့။ ဆင်များ ဆက်တိုက်နင်းထားသဖြင့် ပြားချပ်နေပြီး ပြန့်ကျဲ



www.burmeseclassic.com

နေသောဦးနှောက်များ၊ သွေးများမှာ ရဲရဲတောက်၍ ချောင်းစီးနေ၏။ ခြေများ၊ လက်များမှာလည်း အရိုးများကျိုးကြေလျက် တောင့်တောင့်တင်းတင်းမရှိတော့ဘဲ ပျော့ခွေ၍နေ၏။

မွေးအောင်၏ ခန္ဓာကိုယ်ကို ဝိုင်း၍သယ်မ,လာကြပြီး နတ်ကွန်းစင်အနီး ညောင်ပင်ရိပ်သို့ ပြောင်းရွှေ့၍ ချထားလိုက်ကြ၏။

ထိုစဉ် ဦးထွန်းပမှ အလန့်တကြားဖြင့်-

'သောင်ဆရာရေ..ဟိုမှာ ဟိုးအပေါ်က ညောင်ကိုင်းကို ကြည့်လိုက်စမ်းပါဦး' ဆိုသဖြင့် အားလုံးကိုယ်စီ မော့၍ကြည့်လိုက်ကြရာ ဝါးနှစ်ပြန်ခန့်အမြင့်ရှိ ညောင်ကိုင်းကြီးဝယ် လူတစ်ယောက်ခုတ်ကာ စိုက်ထားသည်ကဲ့သို့ ညောင်ကိုင်းအား မြုပ်ဝင်၍နေသော ဓားတစ်ချောင်းကို တွေ့လိုက်ရလေသည်။

ဦးထွန်းပ - 'ကျွန်တော်လည်း နေရောင်နဲ့ လက်ခနဲမြင်လိုက်တော့ ဘာပါလိမ့်ဆိုပြီး မော့ကြည့်လိုက်တော့ ဒီပုံစံအတိုင်း တွေ့လိုက်ရတော့တာပါပဲဗျာ'

ကျော်ကြီး - 'ဟုတ်တယ်ဗျို့၊ ကျွန်တော် လင့်စင်ပေါ်ယူသွားတဲ့ ဓားနှစ်ချောင်းထဲက ပျောက်သွားတဲ့ဓားပဲဗျို့'

သောင်ဆရာ - 'ဘယ်လိုဖြစ်လို့ ဒီဓားတစ်ချောင်းက ဒီညောင်ကိုင်းမှာ စိုက်နေရတာလဲ။ လူတက်ပြီး ခုတ်စိုက်ထားတာလည်း မဖြစ်နိုင်ဘူး။ စဉ်းစားစရာပဲ'

ဦးထွန်းပ - 'ဟုတ်ပါ့ဗျာ၊ ထူးဆန်းလိုက်တာ။ အရိုးကျွတ်သွားတဲ့ဓားကတော့ ဟိုးဘက်ဝါးရုံကြားက ပြန်တွေ့တယ်'

သောင်ဆရာ ဦးတိုင်းမှအောင်သည် ခေါင်းကိုမော့ကာ စဉ်းစားနေရင်းက လူအုပ်အတွင်းမှ တစ်စုံတစ်ခုထံ အာရုံရောက်သွားသဖြင့် ထိုအရာကို စူးစိုက်ကြည့်လိုက်ရင်း မျက်နှာပျက်သွားပြီး-

'ဟိုဆင်စခန်းကလာတဲ့ ကောင်မလေးရဲ့ လည်ပင်းမှာ ဆွဲထားတာ မြို့က လာကြကတည်းက မွေးအောင် လည်ပင်းမှာ မချွတ်တမ်းဝတ်ထားတဲ့ ငါးရုပ်ငွေဆွဲကြိုးကလေးပါလား။ ငါးရုပ်မျက်လုံးက ကျောက်နီလေး နှစ်ပွင့်နဲ့။ ငါ ကောင်းကောင်းမှတ်မိတယ်။ ဒီကောင်မလေးနဲ့ မွေးအောင်များ ပတ်သက်နေရှာသလား'ဟု စဉ်းစားရင်း မွေးအောင်၏ အလောင်းမှ အကျီကြယ်သီးကို ဖြုတ်၍ကြည့်လိုက်လေရာ ငွေကြိုးကလေးကို မတွေ့ရတော့သဖြင့် 'သေချာပါပြီ။ ကောင်မလေးဝတ်ထားတာ မွေးအောင်ရဲ့ ငွေကြိုးလေးပဲ။ ဒါဆိုရင်,ဒါဆိုရင် ကြိုတ်ခုတ်အဖွဲ့၊ ဟုတ်ပြီ။ ကြိမ်ခုတ်အဖွဲ့ကို မေးရမယ်'ဟု တွေးကာ စိုင်းစံရွှေနှင့် ကြိမ်ခုတ်အဖွဲ့ကို ခေါ်ကာ အပြင်သို့ ပ,ထုတ်ခဲ့၏။

ကောင်မလေး၏ မျက်နှာကို အမှတ်မထင် ကြည့်လိုက်လေရာ ရီဝေနေသော မျက်နှာနှင့် ရစ်ဝိုင်းနေသော မျက်ရည်ပြည့်နေသည့် မျက်ဝန်းကို ဖျတ်ခနဲတွေ့လိုက်ရ၏။ ဦးတိုင်းအောင် အကြည့်လိုက်တွင် မိန်းကလေးသည် မျက်လွှာချကာ ခေါင်းကို ငုံ့ချလိုက်၏။

အပြင်သို့ ရောက်သည်နှင့်-

'ကဲ..စိုင်းစံရွှေ၊ မွေးအောင်နဲ့ ဆင်စခန်းက မိန်းကလေး ဘယ်လိုပတ်သက်သလဲ။ မဖုံးနဲ့၊ မကွယ်နဲ့။ မှန်တဲ့အတိုင်း ဖြေစမ်းဗျာ'

'ကျွန်တော် မသိဘူး ဆရာ။ ခုတောင် ဆရာ ဘာကိုရည်ရွယ်ပြီးမေးမှန်း ကျွန်တော် မသိရသေးဘူး'

'ဆင်စခန်းက မိန်းကလေးရဲ့လည်ပင်းမှာ ဝတ်ထားတဲ့ ငွေဆွဲကြိုးကလေးဟာ မွေးအောင်ပစ္စည်းပဲ။ ဘယ်လိုဖြစ်လို့ မွေးအောင်လည်ပင်းကနေ သူ့ဆီ ရောက်နေရတာလဲ'

စကားဆုံးသည်နှင့် စိုင်းလူးက ဖြတ်၍-

'ကျွန်တော်သိပါတယ် ဆရာ။ စိုင်းစံရွှေတို့ ဒါတွေ... ကြပါဘူး။ ကျွန်တော် ပြောပြပါရစေ'ဆိုကာ ဖြစ်ကြောင်း... ကုန်စင်ကို မခြွင်းမချန် ပြောပြလိုက်လေတော့သည်။

သောင်ဆရာသည် စိုင်းလူးစကား ဆုံးသည်နှင့် မျက်... နှာကြီးနီမြန်းလျက် လက်သီးနှစ်လုံးကို ကျစ်ကျစ်ပါအောင်... ဆုပ်ကာ ခေါင်းမော့၍ ဝမ်းခေါင်းသံကြီးဖြင့် အောက်... အတိုင်း အော်ဟစ်လိုက်လေရာ ဆင်ကျုံးစခန်းတစ်ဝှမ်း... ပျံ့လွှင့်၍ သွားလေတော့သည်။

'ခွေးကောင်..သေတာတောင် နည်းသေး။ အ... ယုတ်၊ သစ္စာဖောက်။ ထွီ'

ဦးတိုင်းအောင်၏ အော်သံကြောင့် ကျန်သူများ... မျက်စိအဝိုင်းသားဖြင့် ဘာမှုနားမလည်ဘဲ ကြောင်၍ကြ... နေကြရသော်လည်း တစ်စုံတစ်ယောက်ကတော့ ဦးတို... အောင်၏ စကားအဓိပ္ပာယ်ကို ကောင်းစွာသဘောပေါ... နားလည်နေလိမ့်မှာ အသေအချာပင် ဖြစ်ပါပေတော့သည်။

လှိုင်စောဦး(မြို့ရွှေပြည်...)

**စာကိုး**

* ဖိုးကျော့၏ ဆင်လုပ်သား ကိုယ်ရေးနေ့စဉ်မှတ်တ...



www.burmeseclassic.com

www.burmeseclassic.com


နိုင်ငံတကာ အတွေ့အကြုံရှိ ပညာရှင်

# ပူရောဟိတ်ဆရာ ဦးမြတ်စံ

B.Sc., M.Sc(Q)., English Language (UFL)., EDS (MOFA)

**ဆန်းကျမ်းဗေဒင်၊ လက္ခဏာ၊ ဂမ္ဘီရပညာ၊ စာတ်ရိုက်စာတ်ဆင်ယတြာပညာရှင်**

## အယူတော်မင်္ဂလာဗေဒင်ဟောခန်း

ကျွန်ုပ်၏ ကျင့်ကြံအားထုတ်ရသော သီလ၊ သမာဓိ၊ ပညာ၊ စရဏ၊ သမထစွမ်းအားတို့ဖြင့် (၇)ရက်သားသမီးတို့၏

ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး၊ အမှုအခင်းကိစ္စများအား

ကူညီလမ်းညွှန် ဖြေရှင်းပေးနေပါသည်။

ဝိဇ္ဇာထိပ်ခေါင် အဘအောင်မင်းခေါင်နှင့်တကွ ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်း၊

အနန္တစကြဝဠာမှ ဆရာသခင် သူတော်စင်ကြီးများ၏ သိဒ္ဓိ၊ မဟိဒ္ဓိ စွမ်းအားဖြင့် ကျွန်ုပ်ကိုယ်တိုင်စီရင်အပ်သော

အနန္တဒိပ်ဖယောင်းတိုင်၊ အနန္တသိဒ္ဓိ အင်း၊ စမ၊ ယတြာအစီအရင်များ ပီယလာဘ်ဖွင့်

**ဂမ္ဘီရအဆောင်များ ပူဇော်ခြင်းဖြင့်**

**၁၀၀ အောင်မြင်မှုကို ရယူပါ။**

သား, သမီးရတနာများအတွက် မွေးဖွားချိန်မင်္ဂလာအခါပေးခြင်း၊ ထန်းဖူး၊ ရက်ချုပ်ဇာတာဖွဲ့ပေးခြင်း၊

မြန်မာ့ရိုးရာ နာမတရက္ခမင်္ဂလာနှင့်အညီ ကလေးနာမည်ပေးခြင်း၊

နိုင်ငံခြားခရီး (ပညာရေး၊ အလုပ်အကိုင်၊ သင်္ဘောတက်ရန်)

S pass, P.R, Shore Job, Oversea Student Visa အဆင်ပြေစေရန် စီစဉ်ပေးခြင်း၊

အိမ်၊ မြေ၊ ခြံ၊ ကား၊ ကျောက်မျက်ရတနာ၊ ကုန်ပစ္စည်းများ အမြန်ရောင်းထွက်ရန်

အာမခံဖြင့် **အထူးယတြာ** စီရင်ပေးပါသည်။

**Prediction in English Language is offered.**

ရုံးခန်းလိပ်စာ ❖ အမှတ်-၁၅(B) (ပထမလွှာ)၊ (၁၄၉)လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ (သီတာလမ်းမှတ်တိုင်အနီး)၊

ဆွေးနွေးချိန် ❖ နံနက်(၉:၀၀)နာရီမှ ညနေ(၃:၀၀)နာရီအထိ

09 51 76646, ☎ 200 298, E-mail Address : myatsan5@gmail.com

Website : http://sayamyatsan.blogspot.com


ကြိုတင်ရက်ချိန်းယူပါ

www.burmeseclassic.com

တောဟူသည်မှာ လူများနှင့် နီးသည်ဖြစ်စေ၊ ဝေးသည်ဖြစ်စေ ကန့်သတ်နယ်မြေဟူ၍ ရှိတတ်၏။ ဥပမာ-အရက်မသောက်ရသောနယ်မြေ၊ လူတို့၏ကိုယ်မှ ထိခိုက်ရှနာ စသည်ဖြင့် သွေးမကျရသောနယ်မြေ၊ ဖရုသဝါစာ-နှုတ်ကြမ်း၊ လျှာကြမ်း မပြောရသောနယ်မြေ စသည်ဖြင့် ထိုကဲ့သို့ တောစောင့်နတ်တို့ မကြိုက်၍ ကန့်သတ်နယ်မြေဖြစ်နေသော တောတောင်နေရာဒေသများ၌ မသိ၍ဖြစ်စေ၊ သိသိကြီးနှင့်ဖြစ်စေ၊ မတော်တဆ ပြုမိလျှင်ပင်ဖြစ်စေ ချက်ချင်း ဒုက္ခနှင့် တွေ့တတ်၏။

ဒုက္ခနှင့် တွေ့သည်ဟုဆိုရာ၌ တောတောင်နယ်မြေဒေသ၏ ကန့်သတ်ချက်ကို ဖောက်ဖျက်ကျူးလွန်မိသော လူများသည် ထိုနေရာဒေသမှ ချက်ချင်းထွက်ပြေးကြရသည်လည်း ရှိ၏။ ဝမ်းလျှောတတ်၊ ဗိုက်အောင့်တတ်၊ အရူပ်;အသံအမျိုးမျိုးဖြင့် ခြောက်လှန့်ခံရတတ်ခြင်းမှသည် အသက်သေသည်အထိ အဖြစ်ဆိုးများနှင့် ကြုံရတတ်သည်လည်း ရှိ၏။

ဤသည်မှာ လူများနှင့်နီးသော တောတောင်နယ်မြေ ဒေသအချို့၏ တောခြောက်ခြင်းအကြောင်းအရာ အကျဉ်းမျှ ဖြစ်၏။ လူများအရောက်အပေါက်နည်းသော ရိုးနက်၊ တောနက်ကြီးများမှာမူ ထိုထက်ဆန်းပြားပြီး ပို၍လည်းကြောက်စရာကောင်း၏။ ထိုထို အကြောင်းအရာများကို တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး အဆင့်မြှင့်ပြီး ရေးသားသွားရန်လည်း စိတ်ကူးရှိ၏။





www.burmeseclassic.com

www.burmeseclassic.com

# တောခြောက်ခြင်းအမျိုးမျိုး ၅



www.burmeseclassic.com

www.burmeseclassic.com

ယခုရေးသားတင်ပြမည်မှာ မောင်အေးချမ်းတို့ တန်းတင်ရွာနှင့် သုံးမိုင်မျှသာလှမ်းသော ရွာမှကြည့်လျှင်လည်း လှမ်းမြင်နေရသည့် တပ်ရာတောင်အကြောင်း ဖြစ်၏။

ဆိုခဲ့ဖူးသည့်အတိုင်း မောင်အေးချမ်းတို့ရွာမှာ ရခိုင်ရိုးမကြီး၏ တောင်ခြေတွင်တည်သဖြင့် လယ်ကွင်းလေး တစ်ကွင်း၏ အလွန်သည်ပင် ရခိုင်ရိုးမကြီး၏ တောင်စွယ်တောင်တန်းများ ဖြစ်နေ၏။ ရွာနှင့် နှစ်မိုင်၊ သုံးမိုင် လှမ်းနေသော နေရာသည်ပင် တောနက်ဖြစ်နေ၏။

သို့သော် ယခုတပ်ရာတောင်သည် ရွာနှင့်နီး၍ တောင်ခြေနှင့် ပတ်ဝန်းကျင်တွင်လည်း လယ်ကွင်းများရှိနေသောကြောင့် နေ့စဉ်နှင့်အမျှ ရွာသူရွာသားများ ထင်းခွေ၊ ဟင်းခူး၊ ကျွဲကျောင်း၊ နွားကျောင်း ရောက်နေကြမြဲဖြစ်၏။

တပ်ရာတောင်သည် ငါးမိုင်ကျော်မျှသာ ရှည်လျားပြီး အမြင့်ပေ(၂၀၀)ခန့် ရှိမည်ထင်၏။ တပ်ရာတောင်၏ ဟိုဘက်တောင်စွယ်တောင်တန်းများကိုလည်း လူများ နေ့စဉ်နှင့်အမျှ တောလုပ်ငန်းများနှင့်ပတ်သက်ပြီး သွားလာနေကြ၏။

ထို့ကြောင့် တပ်ရာတောင်သည် ရွာများနှင့်နီး၍ လူများ နေ့စဉ်နှင့်အမျှ ထင်းခွေ၊ ဟင်းခူး၊ ကျွဲကျောင်း၊ နွားကျောင်း ရောက်နေကြသဖြင့် တောစိမ်းတောရိုင်းဟု မဆိုသာတော့ဘဲ တောရိုးတောယဉ်ဟူ၍ပင် ဆိုနိုင်လေ၏။

သို့သော်လည်း တပ်ရာတောင်၏ ကန့်သတ်နယ်မြေသဘောမှာ မုဆိုးများ ဆတ်မလိုက်ရခြင်းပင်ဖြစ်၏။ လှော်ပိုက်ကြီးများဖြင့် တောဝက်၊ တောချေများကို ကြိုက်သလောက်လိုက်ပြီး သတ်ဖြတ်နိုင်သော်လည်း ဆတ်လိုက်ခြင်းကိုမူ လုံးဝလက်မခံပေ။

ဆတ်လိုက်ခြင်းမှာ တောဝက်၊ တောချေများကို လိုက်သည်နှင့် မတူပေ။ ဒေသခံ အပျော်တမ်း(အဖွဲ့လိုက်၊ ရှစ်ယောက်၊ ဆယ်ယောက်··စသည်ဖြင့်) မုဆိုးများမှာ ဆတ်ကိုတွေ့အောင်ရှာ၊ တချို့မုဆိုးများက ဆတ်နောက်မှ ခြေရာကောက် ခွေးနှင့်လိုက်၊ တချို့မုဆိုးများက ဆတ်ကျလောက်သည့်နေရာ ရေစမ်းစသည့်နေရာများက လုံနှင့်စောင့်ပြီး ထိုးသတ်ခြင်းပင်ဖြစ်၏။

(မောင်အေးချမ်းတို့ရွာနှင့် အနီးနားရွာများမှာ အပျော်တမ်းမုဆိုးများသာ ရှိကြ၏။ မုဆိုးအလုပ်နှင့် အသက်မွေးသော တကယ့်မုဆိုးစစ်စစ်ကြီးများ မရှိကြပေ။)

သို့သော်လည်း ဒေသခံ အပျော်တမ်းမုဆိုးများမှာ အခြားတောတောင်များက ဆတ်များကိုသာ လိုက်လံသတ်ဖြတ်ကြ၏။ တပ်ရာတောင်ကဆတ်များကိုမူ တစ်ယောက်မှ လိုက်ရဲ၊ သတ်ရဲခြင်း မရှိကြပေ။ ရှေးအပျော်တမ်း မုဆိုးကြီးများ အဆက်ဆက်ကပင် တပ်ရာတောင်ကို တောစောင့်နတ်များ မကြိုက်၍ ဆတ်မလိုက်ရသော တားမြစ်နယ်မြေအဖြစ် သတ်မှတ်ထားခဲ့ကြသည်။ မယုံကြည်၍ စွတ်လုပ်လျှင်လည်း မုချတစ်စုံတစ်ခုသောဒုက္ခနှင့် တွေ့ရတတ်သည်ဟု ဆိုသည်။

◆◆◆

နေ့ခင်း နေမွန်းတည့်ချိန်တွင်ဖြစ်၏။ အဖေနှင့် မောင်အေးချမ်း ဆေးရွက်ကြီးခင်းနားတွင် ဆေးပျိုးထောင်ရန်အတွက် ချုံခုတ် နေခြောက်လှန်းထားသည်ကို မီးရှို့နေကြ၏။ နွေဦးမိုးဆုတ်သွားပြီဖြစ်၍ ဆေးပျိုးထောင်ရန် သင့်သောအချိန်ဖြစ်၏။ ထိုအချိန်က မောင်အေးချမ်းမှာ လေးတန်းကျောင်းသားလေးဖြစ်၏။ တနင်္ဂနွေကျောင်းပိတ်ရက်ဖြစ်၍ အဖေနှင့် ဆေးရွက်ခင်းသို့ အဖော်အဖြစ် လိုက်လာခဲ့၏။

ထိုအခိုက်မှာပင် တိုက်ချောင်းသားကြီး ဦးရွှေနီသည် ခွေးမတစ်ကောင်နှင့် ရောက်လာ၏။ ဦးရွှေနီသည် ချောင်းသားလူမျိုးဖြစ်ပြီး အပျော်တမ်း မုဆိုးကြီးလည်း ဖြစ်၏။

သို့သော်လည်း ဦးရွှေနီသည် မောင်အေးချမ်းတို့ တန်းတင်ရွာသား မုဆိုးများထက် ပိုစွမ်း၏။ ဦးရွှေနီတို့နေသော တိုက်ချောင်းဟူသည်က တောင်တန်းကြီးနှစ်ခု၏အလယ် တောလယ်၊ ကြံခင်း၊ တောင်ယာနှင့် ဆေးရွက်ကြီးခင်းများ လုပ်ကိုင်စားသောက်နေကြသည့် ဟိုတစ်စု,သည်တစ်စု တဲစု ကလေးများသာ ရှိကြ၏။ ထို့ကြောင့် အမဲသားကောင်များလည်း ပေါ၏။

အားလပ်ရက်များတိုင်းလည်း တောတက်ပြီး အမဲ လိုက်လေ့ရှိကြ၏။ ထို့ကြောင့် တောကျွမ်းသလို အမဲအကောင် ကိုလည်း သိသောကြောင့် မောင်အေးချမ်းတို့ တန်းတင်ရွာသား အပျော်တမ်း မုဆိုးများထက် သာ၏။

ဦးရွှေနီက လမ်းဘေးကရပ်ပြီး ခါးထောက်ကြည့်နေ သဖြင့် အဖေကပင် စတင်နှုတ်ဆက်လိုက်၏။

'ဘကြီး··ဘယ်ကိုသွားတာပါလဲ'

'နင့်ဆီကို လာတာပါဝေး'ဟုပြောပြီး ဦးရွှေနီသည် လမ်းဘေးက ကျောက်တုံးမှာထိုင်ကာ ဆေးတံဖွာရန် ခါး အိတ်ကလေးထဲက ဆေးဘူးနှင့် ဆေးတံကို ထုတ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော့်ဆီကို လာတာဆိုတော့ အကြောင်းများရှိ သို့လား ဘကြီး'

ဦးရွှေနီက ဆေးအိုးထဲ မားလိုးဆေးများ အပြည့်ထည့်ပြီး သစ်သားမီးခြစ်နှင့် တော့ဖွာလိုက်၊ ပွတက်လာသောဆေးများကို လက်မနှင့် ပြန်ဖိပြီး ထပ်ဖွာလိုက်နှင့် နှစ်ကြိမ်၊ သုံးကြိမ် လုပ်လိုက်ပြီး ဆေးများက မီးစွဲသွားမှ မီးခိုးကို အဝေးသို့ မှုတ်ထုတ်ကာ တံတွေးကို ပျက်ခနဲ ထွေးထုတ်လိုက်ပြီး-

'နင်တို့ တန်းတင်ရွာနားက ဆတ်မလိုက်ရဘူးလို့ နာမည်ကြီးနေတဲ့ တပ်ရာတောင်က ဆတ်တွေကို ငါ စမ်းပြီး လိုက်ကြည့်ချင်တယ်။ တပ်ရာတောင်က ဆတ်ကို လိုက်မယ်ဆိုရင်တော့ နင်တို့ တန်းတင်ရွာက မုဆိုးတွေပါမှ ပိုကောင်းမှာ။ ဒါကြောင့် ငါ နင်တို့ တန်းတင်ရွာက မုဆိုးတွေနဲ့ စကားပြောကြည့်ချင်လို့ လာခဲ့တာ'

'ဖြစ်ပါ့မလား ဘကြီးရာ။ ရှေးမုဆိုးကြီးတွေတောင်မှ သက်ရှောင်နေခဲ့ကြတာကို သွားလုပ်လို့ ကောင်းပါ့မလား'

'ငါ့မှာ ဒီခွေးမက တော်တော်ကောင်းတယ်ဝေး။ ဆတ်ခြေရာကို ပြလိုက်ရင် တန်းနေတာပဲ။ လူနောက်က လိုက်ပါစရာတောင် မလိုဘူး။ စမ်းအိုင်က သွားစောင့်ရုံပဲ။ ဒီခွေးမရဲ့ ကောင်းချက်ကတော့ တို့တိုက်ချောင်းတစ်ခိုက ဆတ်တွေတောင် မျိုးတုံးကုန်ပြီလေ။ ဒါကြောင့် ကုန်ခဲ့တဲ့နှစ်က ဇီးရင့်နေတာ သတိမထားမိဘဲ ဆတ်သွားလိုက်မိလို့တောင် ဇီးရှောသွားသေးတယ်'

အဖေက တစ်ချက်ပြုံးလိုက်ပြီး-

'ဘကြီး‥တပ်ရာတောင်က ဆတ်တွေကို စမ်းပြီး လိုက်ကြည့်ချင်တယ်ဆိုရင် မနက်ဖြန်လာခဲ့လေ။ ကျွန်တော် ရွာထဲက မုဆိုးတွေကို အသိပေးပြီး စုခေါ်ထားပါ့မယ်'

'မုဆိုးတွေ စုခေါ်ထားမယ်ဆိုတော့ နင်ရော မလိုက်ဘူးလား'

'ကျွန်တော် မလိုက်လည်း အခြားမုဆိုးတွေကိုရရင် အဆင်ပြေတာပဲမဟုတ်လား'

'နင့်ပါ လိုက်စေချင်လို့ပဝေး။ ဒါကြောင့် ပြောတာပ'

အမှန်ကိုဆိုရလျှင် အဖေသည် ငယ်စဉ်ကပင် သောက်စား သားသတ် စသော အကုသိုလ်အလုပ်များကို သိပ်ပြီး လုပ်လေ့မရှိပေ။ ရှင်းရှင်းကြီးကင်းသည်ဟူ၍လည်း မဆိုသာ။ တောလုပ်ခင်းများနှင့် မလွတ်မကင်းသည့် တောသားတစ်ယောက်အနေဖြင့် ရှိတန်သလောက်သာရှိသည်။

'ဘကြီးက လိုက်ဆိုရင်လည်း လိုက်ပေးပါ့မယ်။ နောက် ဘယ်မုဆိုးတွေ ခေါ်ထားရမယ်ဆိုတာလည်း ပြောထားခဲ့ဦးလေ'

ဦးရွှေနီ တစ်အောင့်စဉ်းစားလိုက်ပြီး-

'အင်း‥နင်တို့ရွာက ငါသဘောကျတဲ့ အဓိကမုဆိုးတွေကတော့ မင်းယောက်ျမ ထွန်းမြအောင်၊ ပြီးတော့ သူ့ညီ အောင်သာလှနဲ့ ကြာအောင်၊ သက်စ ဒီလူတွေအပြင် နောက် အဆင်ပြေမယ့် အကူမုဆိုးလေး‚ငါးယောက်လောက်လည်း ခေါ်ထားလိုက်ပါ'

◆◆◆

'တို့တစ်သက်မှာတော့ တပ်ရာတောင်က ဆတ်ကို တစ်ခါမှ မလိုက်ဖူးဘူး။ ရှေးမုဆိုးကြီးတွေက တပ်ရာတောင်က ဆတ်ကိုလိုက်ရင် တစ်ခုခုသော်လည်း အဖျက်အမှောင့် ဝင်တတ်တယ်လို့ ကြားဖူးတဲ့ ရှေးစကားကြောင့် လက်ရှောင်လာခဲ့ကြတာ အခု ရွှေနီက သူ့ခွေးကောင်းမနဲ့ စမ်းပြီးလိုက်ကြည့်ချင်တယ်ဆိုတော့ ကောင်းပါတယ်။ ဘာဖြစ်တတ်တယ်ဆိုတာ လက်တွေ့စမ်းကြည့်ကြတာပေါ့'

အဘိုး(ဦးထွန်းမြအောင်)က ဆိုသည်။ ထို့နောက် အဖေ့သားအား မေးသည်။

'ဒီတော့ မင်းလူရွှေနီက ဘယ်အချိန်လာမယ် ပြောလဲ'

'ဒီမနက် သူ့လူတွေခေါ်ပြီး လာခဲ့မယ်လို့ ပြောပါတယ်'

'အေး‥ဒါဆိုရင် မင်းလည်း ရွှေနီတို့လူစု လာတာနဲ့ အားလုံးအဆင်သင့်ဖြစ်အောင် ကိုယ့်ရွာထဲက လူတွေကို ခေါ်စုထားလိုက်တော့'

အဖေ ရွာထဲက မုဆိုးများကို လိုက်ခေါ်ရန် ထွက်သွားသည်နှင့် ဦးရွှေနီတို့လူစုလည်း ခွေးသံတစီစီနှင့် ရောက်လာကြလေသည်။ ဦးရွှေနီတို့လူစုမှာ သူ့သား ကိုဒူးကောက် (ကိုပိန်)၊ ဦးဘတုတ်၊ ဦးဘခင်ဟု မုဆိုးလေးယောက် ပါလာကြ၏။ ခွေးကမူ တစ်ကောင်တည်းသာ။

'ဟ‥ရွှေနီ၊ မင်းမှာ ခွေးက တစ်ကောင်တည်းပဲလားကွ'

'တစ်ကောင်တည်းပဝေး။ ဒီခွေးမက တစ်မျိုးပဲ။ အခြားခွေးတွေနဲ့ မတည့်ဘူး။ ခွေးချင်းကိုက်ရင်လည်း သေအောင် ကိုက်တတ်တယ်။ တော်တော်စိတ်ကြီးတယ်။ ဒီတော့ တစ်ကောင်တည်းနဲ့ လုံလောက်ရင်လည်း ပြီးတာပဲ မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'အေးလေ..မင်းခွေးမကို စိတ်ချရရင်လည်း ပြီးတာပါပဲ'

'စိတ်ချ,စိတ်ချ၊ လုံးဝကို စိတ်ချရတာယ်။ ဆတ်ခြေရာကို ပြလိုက်တာနဲ့ တန်းနေတယ်။ မုဆိုးတွေက ဆတ်ကျလာလော်ကတဲ့ အင်းအိုင်က စောင့်သတ်ရုံပဲ'

ဦးရွှေနီနှင့်အဘိုး စကားပြောနေကြချိန်မှာပင် အဖေလည်း ရွာထဲမှ မုဆိုးများကိုခေါ်ပြီး ရောက်လာကြ၏။ ထို့နောက် ရွာထဲမှ တန်းပြီးထွက်လာကြလေသည်။ အချိန်အားဖြင့် မနက်(၈)နာရီမျှသာ ရှိသေးသည်။

ရွာထဲမှထွက်လျှင် ဂျပန်လမ်းဟောင်းကြီးကို ရောက်သည်။ ဂျပန်လမ်းဟောင်းကြီးကို ဆယ့်ငါးမိနစ်ခန့် ဆက်လျှောက်လျှင် တောလမ်းခွဲကိုရောက်သည်။ တောလမ်းခွဲမှာ ရပ်လိုက်ကြပြီး ဝါရင့်မုဆိုးခေါင်းဆောင်ကြီး ဦးသက်စုက ပြောသည်။

'အောင်သာလှနဲ့ ထွန်းဦးက ကျောက်ကြီးအိုင်က သွားပြီးစောင့်ကြ။ ကြာအောင်နဲ့ မောင်စံလှက ငအုံချောင်းဝအိုင်က သွားစောင့်ကြ။ ဆတ်ဆင်းနိုင်တာ အဲဒီနှစ်နေရာပဲရှိတယ်။ ကျန်တဲ့လူတွေအားလုံးက ငလုံးတာတောင်ကြောမှာ ဖြန့်နေပြီး ခွေးသံကို နားထောင်ရင်း ဆတ် အပြင်တောဘက်တွေကို ပြေးမထွက်နိုင်အောင် ပိတ်ဆို့ကြ။ ရွှေနီ၊ ငါ၊ ထွန်းမြအောင်တို့ သုံးယောက်က ဆတ်ရှိနေနိုင်တဲ့ ညိုအေးရဲ့ ဖုန်းဆိုးတောကို ခွေးနဲ့ဝင်မယ်'

မုဆိုးအားလုံးက ဦးသက်စု၏ တပည့်များချည်းဟုဆိုလျှင် မမှားပေ။ ဦးသက်စုက အပျော်တမ်းမုဆိုးများထဲတွင် ခေါင်းဆောင်ကြီးဖြစ်သည်။ ထို့ကြောင့် ဦးသက်စု တစ်ခွန်းပြောလိုက်ရုံဖြင့် ပြီးသည်။

ထို့နောက် ဦးသက်စု ခေါင်းဆောင်သော အပျော်တမ်းမုဆိုးအဖွဲ့သည် ဂျပန်ကားလမ်းဟောင်းကြီးအတိုင်း ဆက်လျှောက်လာကြသည်။ တောလမ်းခွဲမှ တစ်ခေါ်လောက်ရောက်လျှင် တပ်ရာချောင်းကိုတွေ့သည်။ တပ်ရာတောင်ကိုချောင်းဖျားခံပြီး စီးဆင်းလာသောကြောင့် ဤချောင်းကိုတပ်ရာချောင်းဟု ခေါ်ကြသည်။ တပ်ရာချောင်းကို နာရီဝက်ခန့် ဆန်တက်လျှင် ညောင်ပင်စုစခန်းကို ရောက်သည်။ ဤနေရာကိုလည်း တပ်ရာချောင်းဘေး အင်ဒိုင်းမှာ ညောင်ပင်ကြီးလေး,ငါးပင် ရှိနေ၍ ညောင်ပင်စုစခန်းဟု ခေါ်ကြသည်။ ဤညောင်ပင်စုစခန်းမှာ ဂျပန်ခေတ်က ဂျပန်များတပ်စွဲနေခဲ့ဖူး၍ အသတ်အဖြတ်များ ရှိခဲ့ဖူးသောကြောင့် လူသချိုင်း၊ ဆင်သချိုင်း၊ ကျွဲ,နွားသချိုင်းဟု ဆိုလျှင်လည်း မမှားပေ။ ထို့ကြောင့် အခြောက်အလှန့်လည်း များသည်။

မိုးရော နွေပါ စမ်းရေများ မပြတ်စိမ့်ထွက်နေသည့် ကြပ်ကြီးလည်းဖြစ်သည်။ တောင်ခြေဘက်တွင် ဆားမြေကျင်းလည်း ရှိသည်။ ထို့ကြောင့် သားရဲ၊ အမဲများ မကြာခဏ ရောက်လာတတ်ပြီး ဆားမြေ လျက်လေ့ရှိကြသည်။

ဦးသက်စု ခေါင်းဆောင်သော အပျော်တမ်း မုဆိုးအဖွဲ့သည် ဆားမြေတွင်းဘက်ကို လျှောက်သွားပြီး ကြည့်ကြသည်။ ဆားမြေတွင်းမှာ ဆတ်ခြေရာ၊ ချေခြေရာ၊ တောဝက်ခြေရာများ ရှုပ်ယှက်ခတ်နေသည်။ ကျားခြေရာပြဲပြဲကြီးများကိုလည်း တွေ့ရသည်။ ထိုထိုခြေရာများထဲတွင် သည်မနက်ကမှ ဆားမြေလာလျက်သွားသော ဆတ်ခြေရာ လောလောလတ်လတ်ကြီး တစ်ခုကိုလည်း တွေ့ကြရသည်။

ဦးသက်စု ဆတ်ခြေရာကြီးကို တစ်အောင့်မျှ စိုက်ကြည့်နေလိုက်ပြီး အခြားမုဆိုးများအား ဆတ်ခြေရာကြီးကို လှံနှင့် ထောက်ပြကာ ပြောသည်။

'ဟိုက်ကောင်တွေ..ဒီဆတ်ခြေရာကြီးနောက်ကို လိုက်ကြည့်ကြရင် မကောင်းဘူးလား'ဟု ပြောသည်။

ဦးရွှေနီက-

'လိုက်မယ်ဆိုရင် အဲဒီဆတ်ခြေရာကို ငါ့ခွေးမ မြလိုက်မယ်။ အားလုံးဖယ်ကြစမ်း'ဟု ဆို၏။

ထို့ကြောင့် ဦးသက်စုက-

'နေဦးကွ။ ဆတ်ကိုတွေ့ပြီးမှ ခွေးလွှတ်တာ ကောင်းမယ်။ ခြေရာက အသစ်စက်စက်ကြီး ရှိသေးတော့ ဒီတပ်ရာချောင်းဖျားက ညိုအေး ဖုန်းဆိုးမှာလည်း ဆတ်ကိုတွေ့လောက်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

'အေးလေ··ဆတ်ကို ညိုအေး ဖုန်းဆိုးမှာပဲတွေ့တွေ့၊ ဘယ်နေရာပဲတွေ့တွေ့ အခုကတည်းက ခွေးကို လွှတ်လိုက်ရင် ပိုမကောင်းဘူးလား'

ဦးရွှေနီက သူ့ခွေးမ တောကောင်းပုံ၊ တော်ပုံများကို အတော်လေးပင် ပြချင်နေပုံရ၏။ ထို့ကြောင့် ခွေးလွှတ်ဖို့ ချည်းပြောနေ၏။ ဦးသက်စုက တစ်ချက်ပြုံးလိုက်ပြီး ရှင်းပြသည်။

'အခု မင်းတို့၊ ငါတို့က ချောက်နက်ကြီးထဲကို ရောက်နေတယ်။ ဒီတော့ ခွေးလွှတ်တာနဲ့ ပတိုး(ကျွဲချို)မှုတ်ပြီး စင်းစောင့်၊ အိုင်စောင့်လွှတ်ထားတဲ့ မုဆိုးတွေဆီကို အသိပေးရတော့မယ်ဆိုတော့ သူတို့ ကြားနိုင်မှ မလား'

'အဲလိုလား။ ဒါတော့ ငါမသိဘူးလေ။ ငါက ဒီနယ်ခံမှ မဟုတ်တာ။ ဒါကြောင့် နင့်လောက် ဘယ်တောကျွမ်းပါ့မလဲ။ ငါက အခုချိန်ကပင် ဆတ်ခြေရာကိုပြပြီး ခွေးလွှတ်လိုက်ရင် လူတွေ ဖုန်းဆိုးအတိုးရ သက်သာအောင်လို့သာ ပြောတာပါ'

ရှေ့ကို အနည်းငယ်ဆက်လျှောက်ပြီးနောက် ဆတ်ခြေရာအတိုင်း တောင်ကမ်းပါးယံကို တက်လိုက်ကြ၏။ တောင်ကမ်းပါးယံကို နာရီဝက်ခန့် ဆက်လျှောက်လျှင် ဦးညိုအေး၏ ဖုန်းဆိုးကို တွေ့သည်။ ဆတ်ခြေရာလည်း ဖုန်းဆိုးထဲသို့ တန်းဝင်သွားသည်ကို တွေ့နေရသည်။ ဖုန်းဆိုး၏ အထက်စပ်သည် တပ်ရာတောင်ကြောတန်းဖြစ်၏။

ထို့ကြောင့် ဆတ်သည် ဖုန်းဆိုးထဲ၌ ရှိနေသည်မှာ သေချာနေပြီဖြစ်၍ ခွေးမအား ဆတ်ခြေရာကိုပြကာ ဖုန်းဆိုးထဲသို့ သွင်းလိုက်ကြ၏။ ခွေးမလည်း ဆတ်ခြေရာအတိုင်း တန်းပါသွားလေသည်။ တစ်အောင့်အကြာမှာပင် ဝှိန်··ဝှိန်··ဝှိန်ဟူသောအသံကို ကြားကြရသည်။ ဤအသံမှာ ခွေးက ဆတ်ကိုတွေ့၍ဟောင်ပြီး ဆတ်လိုက်သွားသော အသံဖြစ်သည်။

ထို့ကြောင့် ဦးသက်စုလည်း ကျွဲချိုပတိုးကို မှုတ်ပြီး စင်းစောင့်၊ အိုင်စောင့်မုဆိုးများအား အသိပေးလိုက်လေသည်။

'တူတူ··တူတူ··တူတူ··လာပြီ၊ လာပြီ၊ လာပြီ'

ခွေး ဆတ်နောက်ကို တန်းလိုက်သွားပြီဖြစ်၍ ဦးသက်စု ခေါင်းဆောင်သော ခြေရာကောက်မုဆိုးများလည်း စိတ်ချလက်ချဖြစ်သွားကြ၏။ တပ်ရာတောင်ကြောသည် ငါးမိုင်ကျော်မျှသာ ရှည်လျားသောကြောင့် ဆတ်သည် နာရီပိုင်းအတွင်းမှာပင် အိုင်စောင့် သို့တည်းမဟုတ် ဆတ်ဖြတ်ပြေးလာလောက်သည့် တောင်ကြောဆတ်(စင်း)စောင့် မုဆိုးများနှင့် တိုးမိပြီး လုံ့ပေါက်ခံရလောက်သည်။

သို့သော်လည်း ဦးသက်စုတို့မှာ ခြေရာကောက်မုဆိုးများသာဖြစ်နေ၍ သည်အတိုင်း အေးဆေးလုပ်နေရန် မသင့်သေးပေ။ ဆတ်ခြေရာနောက်မှ တန်းလိုက်ရန် တာဝန်ရှိနေသေးသည်။ ထို့ကြောင့် ဆတ်ခြေရာအတိုင်း နောက်မှတန်းလိုက်ကြ၏။

တောင်ကြောထိပ်ကိုရောက်လျှ ခွေးသံကို နားထောင်ကြည့်ကြသည်။ ခွေးသံကိုမူ လုံးဝမကြားရပေ။ ထို့ကြောင့် ဦးသက်စုက ဦးရွှေနီအား မေးလိုက်၏။

'ဘယ်လိုလဲ ရွှေနီ၊ မင်းခွေးသံကို မကြားရပါလားကွ'

ဦးရွှေနီက စကားမဆိုသေးဘဲ တပ်ရာတောင်၏ အနေအထားကိုကြည့်သည်။

ထို့နောက် ဆတ်ခြေရာ ဦးတည်နေသည့်ဘက်နှင့် စင်းစောင့်၊ အိုင်စောင့်မုဆိုးများ ရှိနေနိုင်သော နေရာများကိုပါ အကဲခတ်ကြည့်လိုက်ပြီး-

'စင်းစောင့်၊ အိုင်စောင့် မုဆိုးတွေက နှစ်မိုင်ကျော် သုံးမိုင်လောက်မှာ ရှိနေကြမယ်ဆိုတော့ နင့်ဆတ် ခုလောက်ဆို စင်းစောင့်၊ အိုင်စောင့် မုဆိုးတွေနဲ့တိုးလို့ လုံ့ပေါက်ခံရပြီး သေလောက်ပါပြီ။ ကြည့်လေ··နင်တို့၊ ငါတို့ ဖုန်းဆိုးတိုးပြီး ဒီတောင်ထိပ်ရောက်အောင် တက်လာနေကြတာ နည်းလား။ အနည်းဆုံး နာရီဝက်တော့ ကြာလောက်တယ်။ ဒီတော့ ဆတ်နဲ့ခွေးက ဆယ့်ငါးမိနစ်အတွင်းမှာ စင်းစောင့်၊ အိုင်စောင့်တွေဆီ ရောက်သွားရင် မသေဘဲ နေပါ့မလား'

စကားပြောရင်း စင်းစောင့်၊ အိုင်စောင့်များဆီက ပတိုးသံကို နားထောင်ကြသည်။ ဘာသံမျှတော့ မကြ··ရပေ။ စင်းစောင့်၊ အိုင်စောင့်များကသာ ဆတ်ကို ရထားကြလျှင် ပတို ူတ်‌ ခြေရ ဘက်မုဆိုးများထံသို့ အသိပေးကြပေမည်၊ ယခု ဘာသံ ကြားရ။

ထို့ကြောင့် ပင်ခြေရာအတိုင်းသာ ဆက်လိုက်ကြသွားကြ၏။ ထိုအခိုက်မှာ မိုး သဲသဲမဲမဲ ရွာချလာပြန်သည်။ နောင်းဦးဖြစ်၍ ထိန်းမှ သွန်ချသလို ရွာသည်။ မိုးလုံးကြီးသောကြောင့် ဆတ်ခြေရာကိုပင် ကြည့်၍ မမြင်ရတော့။ မိုးရေကြောင့် ဆတ်ခြေရာကို ရှာမရဖြစ်သွားသဖြင့် နောက်မှဆက်လိုက်ရန် မဖြစ်နိုင်တော့၍ စင်းစောင့်၊ အိုင်စောင့်များဆီကိုသာ ပတိုးမှုတ်ပြီး လှမ်းမေးကြရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

'တုတူ··တူတူး'

'တုတူ··တူတူး'

'တုတူ··တူတူး'

(ဆတ် လာသလား)

စင်းစောင့်၊ အိုင်စောင့်များဆီကို ပတိုးမှုတ်ပြီး လှမ်းမေးကြသော်လည်း မိုးသံများ ဆူညံနေသဖြင့် ဘာမျှမကြားရပေ။ ဦးသက်စုမှုတ်လိုက်သော ပတိုးသံကို စင်းစောင့်၊ အိုင်စောင့်များက ကြားနိုင်ကြမည် မဟုတ်သလို စင်းစောင့်၊ အိုင်စောင့်များက ပတိုးပြန်မှုတ်လျှင်လည်း ကြားနိုင်ဖွယ်မရှိပေ။ ထို့ကြောင့် မတတ်သာသည့်အဆုံး သည်နေရာမှ အိုင်စောင့်များထက် ပိုနီးမည်ဟု ထင်ရသည့် စင်းစောင့်မုဆိုးတစ်ယောက်ယောက် ရှိနေနိုင်သည့် ငလုံးတာတောင်ကြောဘက်ကိုသာ ဦးတည်ပြီး လျှောက်လာကြလေသည်။

နှစ်မိုင်ခန့် လျှောက်လိုက်သည်နှင့် ငလုံးတာတောင်ကြော၏ စင်းစောင့်ဖြစ်သော ဖိုးဖြူနှင့်တွေ့သည်။ မိုးလည်းရပ်သွားလေပြီ။ ဦးသက်စုက ဖိုးဖြူကို လှမ်းမေးကြည့်လိုက်သည်။

'ဟိုက်··ဖိုးဖြူ၊ ဘယ်လိုလဲကွ။ အခြေအနေ'ဟု ဦးသက်စုက လှမ်းမေးလိုက်၏။

'ဦးလေးတို့ဘက်က ပတိုးသံကြားလို့ ကျွန်တော်လည်း အခြေအနေကို စောင့်ကြည့်နေတာပဲ။ ဘာကောင်မှတော့ ရောက်မလာဘူး'-

'အခြား စင်းစောင့်၊ အိုင်စောင့်ဘက်တွေဆီကရော ပတိုးသံတွေဘာတွေ မကြားမိဘူးလား'

'မကြားမိဘူး ဦးလေး'

ဦးသက်စု သက်မ,တစ်ချက်ကိုချလိုက်ပြီး ပတ်ဝန်းကျင်များကို တစ်ချက်မျှ အကဲခတ်ကြည့်ကာ-

'မိုးသံတွေ ဆူညံနေလို့များ အခြားဘက်က အိုင်စောင့်၊ စင်းစောင့်တွေ အသိပေးပြီးမှုတ်တဲ့ ပတိုးသံကို မကြားရတာလားကွာ။ ညီအေးဖုန်းဆိုးမှာ ဆတ်နဲ့တွေ့တော့ ခွေးတန်းပါသွားတာပဲ။ မင်းတို့ အိုင်စောင့်၊ စင်းစောင့်တွေဆီကို ဆတ်နဲ့ခွေး ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်အတွင်းတောင် ရောက်လာနိုင်တယ်လေ'

'ဒီမှာ မိုးမှ များများမရွာတာ ဦးလေးရာ။ အခုလို မိုးမွှားကလေးပဲ။ အခြားအိုင်စောင့်၊ စင်းစောင့်တွေဘက်လည်း ဒီအတိုင်း မိုးမွှားကလေးပဲ ရွာတာပါ။ ဒီတောင်ထိပ်က လှမ်းကြည့်ရင် အားလုံးမြင်နေရတာပဲ'

ဦးသက်စု စကားမပြောဘဲ တစ်အောင့်ကြာအောင် စဉ်းစားနေ၏။ အခြားမုဆိုးများလည်း စဉ်းစားကြ၏။ အဖြေကား ရ၍မလာပေ။ ထို့နောက် ဦးသက်စုက ပတိုးမှုတ်ပြီး အခြား အိုင်စောင့်၊ စင်းစောင့်များ လှမ်းမေးလိုက်၏။ ချက်ချင်းပင် အခြား အိုင်စောင့်၊ စင်းစောင့်မုဆိုးများကလည်း ပတိုးပြန်မှုတ်ပြီး အကြောင်းကြားကြသည်။

'မည်သည့် ဆတ်၊ ခွေးမျှ ရောက်မလာ'ဟူ၍ ဖြစ်သည်။

ထို့ကြောင့် ဦးသက်စုသည် မတတ်သာသည့်အဆုံး အိုင်စောင့်၊ စင်းစောင့် အားလုံးကို ပတိုးမှုတ်ပြီး ပြန်ခေါ်လိုက်လေသည်။

မုဆိုးများအားလုံး စုဝေးရောက်လာကြသည့်အချိန်တွင် နေမွန်းလည်းတိမ်းလေပြီ။ မုဆိုးအားလုံးလည်း ဗိုက်ဟာပြီး မောဟိုက်နေကြလေပြီ။ ထို့ကြောင့် ဦးသက်စုက ပြောလိုက်၏။

'ကိုင်း··ကိုယ့်လူတို့၊ လူအားလုံးလည်း နွမ်းပြီ။ ဗိုက်လည်း ဆာကုန်ကြပြီ။ ခွေးနဲ့ဆတ်လည်း ဘယ်ဆီကိုရောက်ကုန်မှန်း မသိဘူး။ စင်းစောင့်၊ အိုင်စောင့် ဘယ်ဘက်ကိုမှ ရောက်မလာဘဲ ဒီအကြောထဲမှာ ပျောက်နေတယ်ဆိုတော့ အတော်လေးထူးဆန်းတယ်လို့တောင် ပြောရမလိုဖြစ်နေပြီ။ ဒီတော့ အခု ဗိုက်ဆာတဲ့ကိစ္စကို ရှာပြန်ပြီး ဖြေရှင်းလိုက်ရအောင်။ မွန်းလွဲနှစ်နာရီခွဲကို နောက်ဆုံးထားပြီး ဒီနေရာမှာ အကုန်ပြန်ဆုံမယ်'

◆ ◆ ◆

မုဆိုးခေါင်းဆောင်ကြီး ဦးသက်စု ပြောလိုက်သည့် ကတိအတိုင်း နေ့လယ်စာစားသောက်ပြီးချိန်တွင် မုဆိုးအားလုံး ငလုံးတာတောင်ကြောကို ရောက်လာကြ၏။ ထို့နောက် ဆတ်ခြေရာကို နောက်ဆုံးတွေ့လိုက်ရသည့် တောထဲကို ဆက်လျှောက်လာကြသည်။

ထူးဆန်းသည်မှာ မိုးသည် ခွေးနှင့် ဆတ်ခြေရာ ပျောက်သွားသည့်နေရာနှင့် အနီးတစ်ဝိုက်သာ သဲကြီးမဲကြီး ရွာပြီး အခြားနေရာကိုမူ မိုးမွှားလေးမျှသာကျ၏။ ဆတ်ခြေရာ တွေ့နိုင်မည့်နေရာများကို လှူဖြန့်ပြီး ရှာကြသော်လည်း လုံးဝမတွေ့ရပေ။

ဦးရွှေနီမှာလည်း တပ်ရာတောင်၏ ထူးဆန်းစွာလှည့်စားတတ်ပုံကို သိသွားသဖြင့် အတော်လေးပင် စိတ်ဓာတ်ကျနေလေသည်။ သည်အတိုင်းသာဆိုလျှင် သူ့ခွေးကိုလည်း



www.burmeseclassic.com

www.burmeseclassic.com

ချော်လင့်ချက်ရှိမည်ပင် မဟုတ်တော့။

နောက်ဆုံးတွင် တောအနှံ့ လိုက်ရှာကြရင်း တပ်ရာတောင်ကျောက်ဆောင်ကြီးဘက်ကိုသွားသော ကျွဲခြေရာလမ်းတွင်ပင် တစ်ပြန်ခန့်ကြီးသည့် ခြေရာကြီးများကို တွေ့ကြရ၏။

ထိုခြေရာကြီးကို မြင်လိုက်ရသည်နှင့် မုဆိုးအားလုံးလည်း မျက်လုံးပြူးသွားကြ၏။ ဆတ်ခြေရာဟူသည်မှာ ကောင်မည်မျှပင်ကြီးသည်ဖြစ်စေ အလွန်ဆုံး နှစ်နှစ်သားပမာဏခြေရာခန့်သာ၍ ရှိတတ်သည်။ ထို့ထက်ပိုကြီးသောဆတ်ခြေရာဟူ၍ မရှိပေ။

ယခုတွေ့သော ဆတ်ခြေရာသည်လည်း မူလက တွေ့လိုက်ကြသော ဆတ်ခြေရာသာဖြစ်၏။ အဆမတန် ကြီးမားသည်သာ ကွာ၏။ ဆတ်လိုက်ကြသော မုဆိုးတိုင်းသည် မိမိတို့လိုက်နေသည့် ဆတ်ခြေရာကို တိတိကျကျမှတ်ထားကြရ၏။

သို့ပါမှ အခြားသော ဆတ်ခြေရာများနှင့် ရောထွေးသွားတတ်သောအခါ မိမိတို့လိုက်နေကြသော ဆတ်ခြေရာကို အလွယ်တကူခွဲခြားနိုင်ကြ၏။ ဆတ်ဟူသည်မှာ မောလိုက်လာလျှင် ချုံကို မတိုးတော့ဘဲ လယ်တော၊ ကိုင်းတောများကိုသာ ဖြတ်ပြေးတတ်၏။

ထိုအခါ နွားခြေရာများနှင့်လည်း ရောထွေးသွားတတ်၏။ ထို့ကြောင့် ဆတ်လိုက်မုဆိုးတိုင်းပင် မူလဆတ်ခြေရာကို တိကျအောင် မှတ်သားထားကြရ၏။ ထိုသို့မှတ်သားထားကြ၍လည်း ယခုတွေ့နေရသော ခြေရာကြီးသည် သူတို့လိုက်နေကြသော မူလဆတ်ခြေရာသာဖြစ်ကြောင်းကို တိတိကျကျ ပြောနိုင်ကြ၏။

အကြောင်းအရာက အလွန်အမင်းထူးဆန်းနေ၍ ရှေ့ကိုဆက်လိုက်သင့်၊မလိုက်သင့် စဉ်းစားကြ၏။ အချင်းချင်းလည်း တိုင်ပင်ဆွေးနွေးကြ၏။

သို့သော် မုဆိုးဦးရေလည်း များပြီး အထူးအဆန်းကိုမှကြိုက်သော မုဆိုးများလည်း ဖြစ်နေကြလေရာ နောက်ဆုတ်မည့်သူဟူ၍ တစ်ယောက်မျှမပါဘဲ ဖြစ်ချင်ရာဖြစ် ဘာနှင့်ပဲတွေ့တွေ့ ကိုယ်တွေ့ကြုံမှ ယုံမည်ဟူသော သဘောဖြင့် ဆတ်ခြေရာကြီးနောက်ကိုသာ တန်းပြီးလိုက်ကြလေသည်။

ဆတ်ခြေရာကြီးသည်လည်း တပ်ရာတောင်၏ အလယ်ဗဟိုဖြစ်သော ကျောက်တောင်ကြီးဆီကိုသာ တန်းသွားနေလေသည်။ တပ်ရာတောင်၌လည်း ထူးထူးခြားခြား စပါးတစ်ကေမျှ ကျယ်ဝန်းမြင့်မောက်သော ကျောက်တောင်ကြီးတစ်တောင်ရှိသည်။ ထိုကျောက်တောင်ကြီး၏ အလယ်တစ်နေရာတွင် ကျောက်လိုဏ်ဂူကြီးလည်း ရှိသည်။

ကျောက်တောင်ကြီး၏ ပတ်ဝန်းကျင်တွင် ကျောက်မုန့်ဆန်းခဲသော ကမ်းယံကြီးဖြစ်နေသဖြင့် အသွားရခက်သောကြောင့် လူတိုင်း ထိုကျောက်လိုဏ်ဂူကြီးကို မရောက်ဖူးကြပေ။ ထိုကျောက်ဂူကြီးကလည်း မကြာခဏဆိုသလိုပင် ကျောက်မောင်းတီးသံကို ကြားကြရသည်။

အများအားဖြင့် လပြည့်၊ လကွယ် ညများမှာ သာ၍ပြတ်ပြတ်သားသားကြားကြရသည်။ ထို့သို့ထူးဆန်းသောကြောင့်ပင် လူမြင်တိုင်း မသွားရဲကြခြင်းလည်းဖြစ်သည်။

ဦးသက်စုတို့ မုဆိုးအဖွဲ့ ဆတ်ခြေရာကြီးကိုကြည့်ပြီးကျောက်ကမ်းပါးယံကြီးအတိုင်း ကုတ်ကတ်သွားကြရင်း တပ်ရာတောင်ကျောက်ဆောင်ကြီးနားသို့ရောက်၍ လှမ်းကြည့်လိုက်ကြရာ အမြင့်ဆုံး ကျောက်စွန်းကြီးတွင် ဆင်ကိုယ်လုံး နီးပါးမျှရှိသော ရောမဆတ်ကြီးတစ်ကောင်နှင့် ထိုကျောက်စွန်းနီးပါးခန့်မြင့်သော ကျောက်စွန်းတွင် ကျွဲကိုယ်လုံးသာ သာခန့်ရှိသော ခွေးမကြီးကိုပါ တွေ့လိုက်ကြရလေသည်။ ထိုခွေးမကြီးမှာ အကောင်ကြီးသည်သာကွာပြီး ဦးရွှေနီ၏ ခွေးမကြီးပင် ဖြစ်လေသည်။

နှစ်ကောင်လုံးပင် ကျောက်ရုပ်ကဲ့သို့ ငြိမ်နေကြပြီး ဆတ်ကြီးက ကျောက်ကမ်းပါးကြီးထဲသို့ စိုက်ကြည့်နေသလို ခွေးမကြီးကမူ ဆတ်ကြီးကိုသာ ရန်လိုနေသောအမူအရာဖြင့် စိုက်ကြည့်နေလေသည်။

ထူးဆန်းသော အဖြစ်အပျက်ကို မုဆိုးအားလုံးပင် တစ်





www.burmeseclassic.com

www.burmeseclassic.com

ပြိုင်တည်း မြင်ခွင့်ရသွားကြလေ၏။ စကားမဆိုမိဘဲ တစ်အောင့်ကြာအောင် စိုက်ကြည့်နေမိကြ၏။ ဆတ်ကြီးနှင့် ခွေးမကြီးတို့သည်လည်း မလှုပ်မယှက် ကျောက်ရုပ်ကဲ့သို့ပင် ငြိမ်သက်နေကြ၏။

ထို့နောက် မုဆိုးများ တစ်ယောက်တစ်ပေါက် ပြောဆိုဝေဖန်ပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာကြ၍ထင်၏။ ဆတ်ကြီးသည် ကိုယ်ကို တစ်ချက်လှုပ်ခါပြီး ချောက်နက်ကြီးထဲသို့ ခုန်ဆင်းသွား၍ မီးခိုးတဟုန်းဟုန်းထွက်ပြီး တစ်တောလုံး ဆူညံသွားလေသည်။ ထို့နောက် ခွေးမကြီးသည်လည်း ကျယ်လောင်သောအသံကြီးဖြင့် တဝှိန်ဝှိန်အော်ဟောင်ပြီး ဆတ်ကြီး၏နောက်သို့ ခုန်ဆင်းပြီး လိုက်သွားလေသည်။

ဦးသက်စုသည် သက်မ,တစ်ချက်ကိုချလိုက်ပြီး ဦးရွှေနီအား ပြောလိုက်လေ၏။

'ကိုင်း‥မောင်ရွှေနီ၊ တို့တပ်ရာတောင်ရဲ့ ထူးခြားအံ့ဖွယ် အဖြစ်ဆိုးကြီးကို မင်း မြင်ပြီမဟုတ်လား‌ကွ'

'အစကတော့ တစ်ဆင့်စကား ကြားဖူးရုံသာရှိလို့ မယုံခဲ့ဘူး။ အခုတော့ ယုံပါပြီ သက်စုရာ။ ငါ့ခွေးမလည်း ဆုံးရှုံးသွားပါပြီ' ဟုပြောပြီး ဦးရွှေနီ မျက်ရည်ကျ၏။

တောသူတောင်သားတို့သည် ခွေးကောင်းကို နှမြောကြ၏။ တန်ဖိုးလည်းထားကြ၏။

ထို့ကြောင့် မုဆိုးများလည်း ဘာမျှမတတ်နိုင်တော့။ ထိုနေရာမှပင် စိတ်မကောင်းစွာဖြင့် လှည့်ပြန်ခဲ့ကြ၏။ ထိုအချိန်၌ နေလုံးလည်း ပျောက်လေပြီ။ တောလမ်းကလေးကို တရေးရေးဖြင့်ကြည့်ပြီး ဆင်းလာကြရင်း တောင်ခြေလယ်ကွင်းနားသို့ ရောက်သည်အထိ ခွေးမကြီးက ဆတ်ကြီးနောက်သို့ အော်ဟောင်ပြီး လိုက်နေသောအသံကို သဲ့သဲ့မျှကြားနေကြရသေးသည်။

ယခုတိုင်အောင်လည်း မိုးကြီးသောရက်များတွင် ခွေးမကြီးက ဆတ်ကြီးအား အော်ဟောင်ပြီး လိုက်နေသောအသံကို ကြားတတ်သလို၊ လပြည့်,လကွယ် ညများမှာလည်း ကျောက်မောင်းသံကို ကြားနေကြရမြဲဖြစ်သည်။ ထိုနေ့ ထိုရက်မှစ၍ တပ်ရာတောင်မှ ဆတ်ကို မည်သည့်မုဆိုးမျှ မလိုက်ရဲကြသည်မှာလည်း ယနေ့တိုင်အောင်ပင် ဖြစ်သေးသည်။

(ဆက်ရန်)

မင်းဟိန်းထိုက်


နယ်လှည့်သာသနာပြု ဖိုးမမှုသိဒ္ဓိ၏တပည့်

# ဆရာမပွင့်သစ္စာထင် (Eco.)

(မွေးရာပါ အကြားအမြင်)



သင့်ရဲ့ကံ အဆိုး/အကောင်း၊ အလှည့်အပြောင်း သိလိုလျှင်
ဆရာမပွင့်သစ္စာထင် ရှိတယ်။

ထီပေါက်ကိန်း၊ ရာထူးတိုးကိန်း၊ အိမ်ထောင်ရေးကံ၊ နိုင်ငံခြားခရီး၊ ကလေးအမည်ပေး၊ လုပ်ငန်းအမည်ပေး… စသည်တို့ကို မှန်ကန်တိကျစွာ လမ်းညွှန်ပေးပါသည်။

ဆိုးအပ်ပါက ယတြာကို အခမဲ့ဆောင်ရွက်ပေးပါသည်။

အမှတ်(၃)ရပ်ကွက်၊ အရှေ့ဘိုကုန်း၊ ကလေးမြို့။ ☎ ၀၉၄၂၈၃၁၇၂၉၉




www.burmeseclassic.com

www.burmeseclassic.com



# ကောင်းသော်

## ကားဖြင့် ပို့ဆောင်ပေးရသော နာနာဘာဝများ

သုသာန်ဟောင်းများကိုဖျက်၍ နေရာသစ်သို့ ပြောင်းရွှေ့ရာတွင် သုသာန်ဟောင်းတွင် နေထိုင်ကြသော နာနာဘာဝများကို နေရာသစ်သို့ ပို့ဆောင်ပေးကြရပါသည်။ ရန်ကုန်မြို့ ကြံတောသုသာန်ကိုဖျက်၍ နေရာသစ်သို့ ပြောင်းရွှေ့ရာတွင် နေရာဟောင်းတွင် မှီတင်းနေထိုင်ကြသော နာနာဘာဝများကိုပါ ကားကြီး,ကားငယ်များဖြင့် ပြောင်းရွှေ့ပေးရကြောင်း တွေ့ခဲ့ဖူးပါသည်။ နာနာဘာဝများ များပြားသောကြောင့် ကားအခေါက်ပေါင်းများစွာ သယ်ယူပေးခဲ့ရသည်။ မန္တလေးတွင် သုသာန်ဟောင်းမှ သုသာန်သစ်သို့ ပြောင်းရွှေ့ရာတွင်လည်း ကားများဖြင့် နာနာဘာဝများကို သီးသန့်ပို့ဆောင်ပေးရကြောင်း သိရပါသည်။ အလားတူပင် အမြို့မြို့အနယ်နယ်က သုသာန်အသစ်သို့ ပြောင်းရာတွင် မူလနေရာတွင် နေထိုင်ကြသော ပုဂ္ဂိုလ်များကို နေရာသစ်သို့ သယ်ယူပို့ဆောင်ပေးကြရပါသည်။ မူလနေရာဟောင်းမှ ပုဂ္ဂိုလ်အကြီး,အသေးများမှာ အကောင်အထည် မမြင်ရသော်လည်း ကားနှင့်သယ်ပါက အလေးချိန်များပါက ကားမသယ်နိုင်ကြောင်း၊ အရေအတွက်များပါက ကားဘီးပြားခြင်း၊ ကားဘီးကွဲခြင်း၊ ကားမဆွဲနိုင်ခြင်းများ ဖြစ်လေ့ရှိပါသည်။ သယ်ယူပေးကြရသော နေရာတိုင်းတွင် ထိုအဖြစ်မျိုးကြားနေရသဖြင့် အဆန်းတကြယ်မဟုတ်သော်လည်း ပေတောကုန်းရွာကလေးသို့ အမှတ်မထင်ရောက်ခဲ့စဉ်က ကြားရသည့်ဖြစ်ရပ်မှာ အလွန်အံ့သြထိတ်လန့်ဖွယ်ဖြစ်၍ စိတ်ဝင်စားစရာ ဖြစ်ခဲ့ရပါသည်။

ပေတောကုန်းရွာကလေးတွင် တစ်ခါက··။

♦ ♦ ♦

သူကြီးဦးတောလူ၏အိမ်တွင် အစည်းအဝေး ကျင်းပသည်။ လူစုံသောအခါ သူကြီးက အစည်းအဝေးခေါ်ရခြင်းကိစ္စကို စတင်ပြောကြားပါသည်။

"ဒီကနေ့အစည်းအဝေးခေါ်ရတာ ရွာဦးကျောင်းဆရာတော် ဦးလာဘက တာဝန်ပေးလို့ ခေါ်ရတာပါ။ ဆရာတော်က သူ့ကျောင်းရဲ့ အနောက်ဘက်မှာ မွှာရုံကြီးဆောက်ချင်တယ်။ ဆောက်လုပ်ပေးမယ့် အလှူရှင်လည်း ရှိနေပြီ။ မွှာရုံကြီးကြီး ဆောက်ချင်ပေမယ့် မြေနေရာက ကျဉ်းနေ

www.burmeseclassic.com

တယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ ဘိုးဘွားများလက်ထက်က အသုံးပြုခဲ့တဲ့ သင်္ချိုင်းဟောင်းကိုဖျက်ပြီး ကျောင်းမြေနဲ့ ဆက်စပ်ပြီး မမ္ဘာရုံဆောက်မယ်။ သင်္ချိုင်းဟောင်းဖျက်ဖို့အတွက် အသီးသီးတာဝန်ခွဲဝေပေးဖို့ အစည်းအဝေးခေါ်ရခြင်းဖြစ်တယ်’

သူကြီး၏ စကားဆုံးသည်နှင့် ကာလသားခေါင်းဆောင် မြင့်ဆွေက ထ၍ပြောပါသည်။

‘သင်္ချိုင်းဟောင်းနေရာက အသုံးမပြုတာကြာလို့ သင်္ချိုင်းနေရာမှန်းတောင် မသိကြတော့ပါဘူး။ အုတ်ဂူတွေကလည်း ဆယ်လုံးကျော်ကျော်လောက်ပဲရှိတာပါ။ အားလုံးပျက်စီးနေပါပြီ။ အဲဒီအုတ်ဂူဖျက်ပြီး မြေရှင်းလင်းရေးလုပ်ငန်းကို ကျွန်တော်တို့လူငယ်တွေ တာဝန်ယူပါ့မယ်’

သူကြီးက သူ၏စကားကို ပြန်၍ဆက်ပါသည်။

‘မောင်မြင့်ဆွေတို့အဖွဲ့က အုတ်ဂူဟောင်းတွေ ဖြိုဖျက်ရမယ်။ အလောင်းမြှုပ်တဲ့ မြေကျင်းတွေဖော်ရမယ်။ ရရှိတဲ့ လူရဲ့ ဦးခေါင်းနှင့် အရိုးစ၊ အရိုးစုတွေကို အိတ်နှင့်ထည့်ပြီး ထုပ်ပိုးရမယ်။ မင်းက ခေါင်းဆောင်ပြီး လူရွယ်တွေကို စုစည်းထားပါ’

‘ဟုတ်ကဲ့၊ ကျွန်တော်တာဝန်ယူပါ့မယ် သူကြီး’

‘ကောင်းပါတယ်ကွာ။ လူငယ်တွေလည်း စည်းရုံးမှုရမယ်။ ရွာအတွက်၊ သာသနာအတွက်လည်း အကျိုးရှိမယ်။ အလွန်ကုသိုလ်ရတဲ့အလုပ်ပါ။ မင်းတို့ ဖျက်ဆီးဖြိုခွဲလို့ရတဲ့ အုတ်ကျိုးအုတ်ပဲ့နဲ့ အရိုးစုတွေကို ဟိုရှိးမတောစပ်က နတ်မီးတောင်သင်္ချိုင်းဟောင်းကြီးဆီကို သွားပြီးစွန့်ပစ်ရမယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာ သင်္ချိုင်းဟောင်းကြီးတစ်ခု နတ်မီးတောင်မှာရှိတယ်။ အဲဒီသင်္ချိုင်းက ဒီကပစ္စည်းတွေရော နာနာဘာဝတွေကိုရော အားလုံးသွားပြီး ပို့ပေးရမယ်’

‘နတ်မီးတောင်ဟာ ရွာကနေ ငါးမိုင်ကျော်ဝေးတယ် သူကြီး။ အဲဒီနေရာရောက်အောင် ဒီပစ္စည်းတွေ ပို့ဖို့လွယ်ပါမလား။ ကျွန်တော်တို့တာဝန်က သင်္ချိုင်းဖျက်ဖို့ တာဝန်ပဲထင်ထားတယ်’

မောင်မြင့်ဆွေက မရှင်း၍မေးသည်ကို သူကြီးက ပြန်ဖြေပါသည်။

‘ဟုတ်ပါတယ်။ မင်းတို့တာဝန်က ဖြိုဖျက်ရှင်းလင်းရေးပါ။ သယ်ယူပို့ဆောင်ရေးအတွက် ငါ့ရဲ့ စပါးသယ်တဲ့ လော်လီကားကြီးနှစ်စီးနဲ့ ငါ့သားမောင်မောင်က တာဝန်ယူမှာပါ။ မောင်ရင်တို့က ဘာပစ္စည်းမှမကျန်အောင် ကားပေါ်တင်ပေးပြီးရင် တာဝန်ကျေပါပြီ’

‘ဟုတ်ကဲ့၊ ဒါဆိုရင် ပစ္စည်းအတွက် ရှင်းသွားပါပြီ။ နာနာဘာဝတွေကို ပို့ဖို့ကိစ္စ ဘယ်လိုလုပ်မလဲ သူကြီး’

‘နာနာဘာဝတွေကို ပို့ဆောင်ပေးဖို့က ကိုကျော်ခင်ကို တာဝန်ပေးရမယ်။ ကိုကျော်ခင့်မှာ ဒီရွာနဲ့ မြို့ကို ပါစင်ဂျာဆွဲနေတဲ့ ဒိုင်နာကားသုံးစီးရှိတာပဲ။ ဒီတော့ ကိုကျော့်တာဝန်ပဲ။ ဘယ့်နှယ်လဲ ကိုကျော်ခင်၊ တာဝန်ယူနိုင်တယ် မဟုတ်လား’

ကိုကျော်ခင်သည် မျက်နှာပျက်ပျက်နှင့် မကျေမနပ်ပြောပါသည်။

‘ကားတွေနဲ့ ပစ္စည်းဟောင်းတွေကို သယ်တာတော့ သဘာဝကျပါတယ်ဗျာ။ နာနာဘာဝတွေကို ကားနဲ့ပို့ပေးရမယ်ဆိုတာတော့ လူရယ်စရာ ဖြစ်မနေဘူးလား။ အကောင်အထည်မမြင်ရတဲ့ ပုဂ္ဂိုလ်သတ္တဝါတွေကို ကားနဲ့ ဘာပို့စရာလိုမလဲ။ သူတို့မှာလည်း သူတို့အစွမ်းနဲ့သူတို့ သွားနိုင်မှာပါ။ သူကြီးသာ အမိန့်ပြန်လိုက်ရင် ပြီးပါတယ်။ သူတို့ဘာသာ လွတ်ရာကျွတ်ရာ သွားပါစေ သူကြီးရာ’

ကိုကျော်ခင်၏စကားကြောင့် သူကြီး စိတ်တိုသွားပါသည်။

‘ဒီမှာ ကိုကျော်ခင်၊ အဲဒီလို လက်လွတ်စပယ်မပြောပါနဲ့။ ကျုပ်ကလည်း ဆရာတော်ခိုင်းလို့ လုပ်ရတာပါ။ လုပ်တဲ့ကိုင်တဲ့နေရာမှာ စည်းစနစ်ကျဖို့လိုတယ်။ နာနာဘာဝတွေက ရုပ်အကောင်အထည် မမြင်ရပေမယ့် သူတို့ရှိနေတယ်လို့ သဘောထားမှပေါ့။ အုတ်ဂူက အုတ်ခဲကျိုးနဲ့ လူရိုးတွေကို ကျုပ်ကားနဲ့ ပို့တာပါ။ ခင်ဗျားက မမြင်ရတဲ့လူတွေအတွက် ကားနှစ်စီးတော့ ကူညီပါဗျာ။ ဒီကိစ္စတွေက သင်္ချိုင်းပြောင်းတိုင်း လုပ်ရိုးလုပ်စဉ် ကိစ္စတွေပါ။ ကျုပ်က တမင်ထွင်ပြီး ခိုင်းတာ မဟုတ်ပါဘူး’

ကိုကျော်ခင်ကို ရှင်းလင်းပြောပြနေစဉ် ရွာဦးကျောင်းဆရာတော် ဦးလာဘ ကြွလာသဖြင့် အားလုံးက အရိုအသေပေးပြီး ဝတ်ဖြည့်လိုက်ကြသည်။ ဆရာတော်က အားလုံးကို နှုတ်ဆက်ပြီး သူကြီးကို ဦးတည်ပြီး မေးလိုက်သည်။

‘အဆင်ပြေရဲ့လား သူကြီး’

‘အားလုံးအဆင်ပြေပါတယ်ဘုရား။ ကိုကျော်ခင်တစ်ယောက်သာ သဘောမပေါက်သေးလို့ ရှင်းပြနေရတာ။ နာနာဘာဝတွေပို့ပေးဖို့ ဒိုင်နာကားနှစ်စီးလောက် စီစဉ်ပေးဖို့ ပြောတာ။ သူက မမြင်ရတဲ့ နာနာဘာဝတွေကို ဘာပို့စရာ



www.burmeseclassic.com

www.burmeseclassic.com

လိုသလဲ။ သူတို့ဘာသာ လွတ်ရာကျွတ်ရာ သွားနိုင်သားပဲ ပြောနေလို့ သူ့ကို ရှင်းပြနေရတာပါဘုရား'

ဘုန်းကြီးသည် ကိုကျော်ခင်ဘက်သို့လှည့်၍ ပြောလိုက်သည်။

'ဒါက ဒီလိုရှိတယ် ဒကာကျော်ခင်ရဲ့။ ရန်ကုန်မြို့က ကြံတောသင်္ချိုင်းပြောင်းတော့ နှစ်ပေါင်းများစွာက ခိုအောင်းနေတဲ့ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကို ကားကြီး၊ ကားငယ်နဲ့ အခေါက်ခေါက်ပို့ပေးရတယ်။ ကားရပ်ပေးတာနဲ့ ကားပေါ်ကို အလုအယက်တက်သံ၊ သူတို့ ကားပေါ်တက်ပြီးတာနဲ့ သူတို့အလေးချိန်ကြောင့် ကားမနိုင်မနင်းဖြစ်တဲ့အထိ ကြုံရတယ်။ အဲဒါကိုကြည့်ရင် ရုပ်ဒြပ်မရှိပေမယ့် နာနာဘာဝဆိုတာရှိကြောင်း အားလုံးလက်ခံခဲ့ရတယ်။ အခု ဘုန်းကြီးရဲ့ ရည်ရွယ်ချက်ကလည်း ဘာသာ၊ သာသနာအတွက် လုပ်တာပါ။ ဒီတော့ ဒကာကျော်ခင်က ဘုန်းကြီးကို ကူညီတယ်လို့ သဘောထားလိုက်ပါ။ ဒါ့ထက်အဆင့်မြင့်မြင့်တွေးရင် ကုသိုလ်ရပါတယ် ဒကာကျော်ခင်'

ဘုန်းကြီးကိုယ်တိုင် ပြောပြသဖြင့် ကိုကျော်ခင်မှ ဘုန်းကြီးကို အားနာလျက်ရှိပါသည်။ ပရိသတ်ရှေ့တွင် တောင်းပန်နေပါသည်။

'တပည့်တော် တာဝန်ယူပါ့မယ်ဘုရား။ နာနာဘာဝတွေကို သယ်ယူမယ့် အစီအစဉ်မှာ တပည့်တော်တို့ ဒိုင်နာကားတစ်စီး ပေးပါ့မယ်။ ရှိသမျှနာနာဘာဝ တစ်ဦးမကျန် သယ်ပေးပါ့မယ်။ တစ်ခေါက်နဲ့ ပြီးပြတ်ရင်လည်း တစ်ခေါက်ပေါ့၊ မပြီးပြတ်ပါက ပြီးပြတ်သည်အထိ တာဝန်ယူပို့ဆောင်ပေးပါ့မယ်ဘုရား'

ကိုကျော်ခင်၏စကားကြောင့် သူကြီးက ဖြည့်စွက်ပြောပါသည်။

'ကိုကျော်ခင် တင်ပြတာ ကောင်းပါတယ်။ ကားနဲ့လိုက်မယ့် မမြင်ရသော ပုဂ္ဂိုလ်များက နည်းရင် တစ်ခေါက်နဲ့ ပြီးမယ်။ တစ်ခေါက်နဲ့မပြီးရင် နှစ်ခေါက်၊ နှစ်ခေါက်နှင့် မပြီးရင် ပြီးသည်အထိ တာဝန်ယူမယ်လို့ ဆိုလိုတာ မဟုတ်လား'

'ဟုတ်ပါတယ်။ တာဝန်ယူပါ့မယ်ဘုရား၊ တာဝန်ယူပါ့မယ် သူကြီး'

'ကောင်းပါတယ်ကွယ်။ ဒကာရဲ့တာဝန်က တစ်ဦးမကျန် ပို့ပေးပါ့မယ်ဆိုမှတော့ ဘာလိုတော့မလဲ။ ကောင်းပါတယ်။ ကဲ..သူကြီး၊ ကျုပ် ရွာထဲကြွဖို့ရှိတယ်။ ဘာလိုဦးမလဲ'

'အခြားမရှိတော့ပါဘူးဘုရား။ အသေးစိတ် တာဝန်ပေးဖို့ပဲ ကျန်ပါတော့တယ်။ အကြမ်းအားဖြင့် မောင်မြင့်ဆွေတို့ လူငယ်အဖွဲ့က သင်္ချိုင်းရှင်းလင်းရေး၊ အုတ်ကျိုးအုတ်ပဲ့ လူရိုးအပိုင်းအစတွေကို တပည့်တော်ရဲ့ လော်လီကားနှစ်စီးနဲ့ သယ်မယ်။ နာနာဘာဝတွေကို ကိုကျော်ရဲ့ကားနဲ့ ပို့ပေးမယ်။ အပျိုကြီးမမယ်မတို့အဖွဲ့က လုပ်အားပေးအဖွဲ့ကို အကျွေးအမွေးနဲ့ ဧည့်ခံမယ်။ အသေးစိတ်တော့ ဆွေးနွေးညှိနှိုင်းလို့ ရပါပြီဘုရား'

'သာဓုကွယ်..သာဓု..သာဓု'

ဘုန်းကြီး ကြွသွားသဖြင့် အားလုံးက ကန်တော့လိုက်ကြသည်။ သူကြီးက အဖွဲ့လိုက်တာဝန်ပေးမှုကို အသေးစိတ် အပြန်အလှန် ဆွေးနွေးကြရာတွင် ကိုကျော်ခင်မှလွဲ၍ အားလုံး ပြေလည်ကြပါသည်။ အားလုံးလည်း တက်ကြွနေကြသည်။ ကိုကျော်ခင်သာ ဘုန်းကြီးနှင့် သူကြီးကို မလွန်ဆန်ဝံ့၍ လက်ခံလိုက်ရသော်လည်း ကျေနပ်ပုံမရပါ။ အစည်းအဝေးပြီး လူစုခွဲကြချိန်တွင် ကိုကျော်ခင်သည် မြင့်ဆွေနှင့် အတူပြန်လာရင်း ပြောပါသည်။

'မြင့်ဆွေ.. မင်းပဲ စဉ်းစားကြည့်လေ။ အကောင်အထည်ကို မမြင်ရတဲ့ ဝိညာဉ်တွေကို လူတင်တဲ့ကားနဲ့ တင်ပို့ပေးရမယ်ဆိုတာ ဖြစ်နိုင်ရဲ့လား။ ဝိညာဉ်တွေမှာ သူတို့မှာရှိတဲ့ တန်ခိုးအစွမ်းနဲ့ သွားနိုင်တာပဲ။ သူတို့ ကားစီးမှာ မဟုတ်ပါဘူးကွာ'

'ထုံးစံလိုဖြစ်နေတော့ သူတို့ကို နေရာသစ် အရောက်ပို့ပေးရမှာပေါ့ အစ်ကိုရာ။ ဘုန်းကြီးရော သူကြီးပါ တောင်းဆိုနေတော့ အစ်ကိုပို့ပေးသင့်တာပေါ့။ တကယ်လို့ ဝိညာဉ်တွေ မလိုက်ရင်လည်း တစ်ခေါက်လောက်တော့ ပို့ပေးလိုက်ပါ။ ကုသိုလ်ရတာပေါ့'

'အေးပေါ့လေ၊ အများက တာဝန်ပေးတော့လည်း လုပ်ရတော့မှာပေါ့။ လုပ်သာလုပ်ပေးရတယ်၊ ငါတော့ လုံးဝ ဘဝင်မကျဘူးကွ'

နေအိမ်သို့ ရောက်သည်အထိ ကိုကျော်ခင်သည် မကျေနပ်ချက်များကို နှုတ်က တဖွဖွပြောရင်း ပြန်ခဲ့ကြသည်။ မြင့်ဆွေက ပြန်မပြောတော့ဘဲ ငြိမ်နေခဲ့ပါသည်။

လုပ်အားပေးမည့်နေ့သို့ ရောက်လာသည်။ ပေတောကုန်းတစ်ရွာလုံး ယောကျ်ား၊ မိန်းမ ကလေးနှင့် ခွေးများပါ မကျန် ရွာအနောက် လုပ်အားပေးပွဲဆီသို့ ထွက်ပေါ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ပထမနေ့တွင် မြင့်ဆွေတို့ လူငယ်အဖွဲ့က ပွဲထွက်လာခဲ့သည်။ ပေါက်တူးများ၊ ဂေါ်ပြားများဖြင့် တူးဖျက်သူကဖျက်၊ မြေကျင်းဖော်သူကဖော် အုတ်ခဲကျိုးများကို ကားလမ်းဘေးသို့ သယ်သူကသယ်ဖြင့် မြိုင်ဆိုင်နေပါသည်။ အပျိုကြီးမမယ်မ ခေါင်းဆောင်သော အဖွဲ့ကလည်း ကောက်ညှင်းပေါင်းနှင့် ရေနွေးကြမ်းဖြင့် ဧည့်ခံကြသည်။ အုတ်ဂူအတွင်းမှရရှိသော အရိုးစုများ၊ မြေကျင်းဖော်ရာမှ ထွက်ပေါ်လာသော အရိုးအပိုင်းအစများကို အိတ်များဖြင့် ထည့်သွင်းထုပ်ပိုးကြပါသည်။ ပထမနေ့တွင် မြင့်ဆွေတို့အဖွဲ့က တွင်တွင်ကျယ်ကျယ် လုပ်ဆောင်နိုင်ခဲ့သဖြင့် နောက်နေ့တွင် ကားပေါ်တင်ရန်လောက်သာ ကျန်ပါတော့သည်။

ဒုတိယနေ့တွင် သူကြီး၏ လော်လီကားကြီးနှစ်စီးက ထိုးပေးသဖြင့် မြင့်ဆွေတို့အဖွဲ့က အုတ်ခဲကျိုးများ၊ အရိုးအိတ်များကို ကားပေါ်တင်ပေးကြသည်။ ကားကြီးနှစ်စီး ပထမအခေါက် ထွက်သွားမှ မြင့်ဆွေတို့ နားကြသည်။ ဒုတိယခေါက် ကားနှစ်စီးတင်ပြီးသောအခါ သုသာန်တစ်ခွင်လုံး ပြောင်စင်သွားပါသည်။ အုတ်ကျိုးအပိုင်းအစ၊ လူရိုးအပိုင်းအစ တစ်စတလေမျှမကျန်အောင် ရှင်းလင်းနိုင်ခဲ့ပါသည်။

တတိယနေ့တွင် ကိုကျော်ခင် တာဝန်ကျသောနေ့ဖြစ်သည်။ ကိုကျော်ခင်က သင်္ချိုင်းရှေ့တွင် ဒိုင်နာကားတစ်စီး ရပ်ပေးလိုက်သည်နှင့် သူကြီးရောက်လာပါသည်။ သူကြီးက ကားရှေ့တွင်ရပ်၍ နာနာဘာဝများကို ဖိတ်ခေါ်လိုက်သည်။

'ဤသင်္ချိုင်းအတွင်း၌ မှီတင်းနေထိုင်ကြသော နာနာဘာဝအပေါင်းတို့..နှစ်ပေါင်းများစွာက ၁ တို့ နေထိုင်ခဲ့သော သင်္ချိုင်း၏နေရာတွင် ဓမ္မာရုံဆောက်လုပ်မည်ဖြစ်၍ သင်တို့ကို နတ်မီးတောင်သင်္ချိုင်းဟောင်းသို့ ပြောင်းရွှေ့နေရာချထားပေးလိုက်သည်။ သင်တို့၏အဆောက်အအုံ ပစ္စည်းဟောင်းအားလုံးကိုလည်း ပို့ဆောင် ဖြစ်၍ သင်တို့ကို ပို့ဆောင်ပေးရန်သာ ကျန်ရှိပါသည်။ ယခု သင်တို့ကို ပို့ဆောင်ပေးမည်ဖြစ်၍ အားလုံး တစ်ဦးမကျန် ကားပေါ်သို့ တက်ကြပါ'

သူကြီး၏ စကားဆုံးသည်နှင့် အကောင်အထည်မမြင်ရသော်လည်း ကားပေါ်သို့ အလုအယက် တက်သံများ တဒုန်းဒုန်းတဒိုင်းဒိုင်း ကြားရပါသည်။ ကြည့်နေကြသော ရွာသားများမှ ရုတ်တရက် အံ့ဩထိတ်လန့်ပြီး အချို့မှာ နောက်ဆုတ်သွားကြသည်။ ကားပေါ်သို့ တက်သံများမှာ မရပ်မနားဖြစ်နေ၍ ကား၏ နောက်ဘီးမှာလည်း တစ်စ, တစ်စ ပြားပြားသွားသဖြင့် ကိုကျော်ခင် မျက်လုံးပြူးသွားပါသည်။ ကားပေါ်သို့ တက်သံ၊ ကားဘီး နိမ့်ဆင်းသွားသည်ကို မျက်ဝါးထင်ထင် မြင်လိုက်ရ၍ ကိုကျော်ခင်မှာ လန့်ပြီး သူကြီးထံပြေး၍ အကျိုးအကြောင်းပြောရပါသည်။

'သူကြီး..ကြည့်လုပ်ပါဦး၊ ကားပေါ်တက်တဲ့ဦးရေ သိပ်များနေပြီ။ ဒါထက်များရင် ကားတောင် ထွက်နိုင်မှာ မဟုတ်ဘူး။ ကျုပ်နောက်တစ်ခေါက် သယ်ပေးပါ့မယ်ဗျာ။ ကြည့်ပြီး ပြောပေးပါဦး'

'အရင်က ခင်ဗျားက ဒါကို လက်မခံခဲ့တာ၊ အခု ယုံပြီမဟုတ်လား'

'ဟုတ်ကဲ့၊ ယုံပါပြီဗျာ။ နောက်တစ်ခေါက်မှလိုက်ဖို့ ပြောပေးပါဦး။ ကြာရင် ကား ဘီးပေါက်တော့မယ်။ အခု တောင် ဘီးတွေ ပြားနေပြီ'

သူကြီးမှာ မနေသာတော့ဘဲ ကားဆီသို့သွား၍ ပြောရပြန်သည်။

'ကဲ..ကဲ..တော်ပြီ၊ နောက်ထပ်မတက်နဲ့တော့။ ကျန်လူတွေအတွက် နောက်တစ်ခေါက်ပို့ပေးမယ်။ တစ်ဦးမကျန် အကုန်ပို့ပေးမှာဖြစ်လို့ ကားပေါ်မှာ ကျပ်နေရင် ပြန်ဆင်းကြပါ။ အားလုံးကို ပို့ပေးမှာပါ။ သက်သောင့်သက်သာ လိုက်ကြပါ'

သူကြီးကပြောလိုက်မှ ကားပေါ်တ များ ရပ်သွားပါသည်။ အားလုံးရှင်းသွားမှ ကိုကျော်ခင်က ကားထွက်ရန် ဒရိုင်ဘာ၏ဘေးတွင် ထိုင်လိုက်သည်။ ကားသည် ထွက်ခဲ့သော်လည်း ဝန်လေးလွန်းသဖြင့် မရုန်းနိုင်ဘဲ နှေးကွေးစွာ သွားနေရပါသည်။ လမ်းမှာ ကားဘီးပေါက်မှာကို အထူး စိုးရိမ်နေရပါသည်။ ကိုကျော်ခင်မှာ ကားတစ်ခုခုဖြစ်မှာကို စိုးရိမ်လျက် ရှိနေပါသည်။ ကားမှာ ဝန်လေးကြီးတစ်ခုကို အားကုန်ရုန်းနေရသဖြင့် စက်သံပါ ပြင်းထန်နေပါသည်။ မကြာမီ တောင်ကုန်းအတက်တစ်ခုသို့ရောက်သည်နှင့် ကားမှာ လုံးဝမတက်နိုင်အောင် ရှိနေပါသည်။ ကိုကျော်ခင်သည် ကားပေါ်ကဆင်းကာ ကားပေါ်ပါလာသူအားလုံး ကြားအောင် အော်၍ပြောလိုက်သည်။

'ကားအလေးချိန်များလို့ မတက်နိုင်တော့ဘူး။ နတ်မီးတောင်ကို အမြန်ရောက်အောင် ကျုပ်နှင့်အတူ ဝိုင်းပြီး တွန်းပေးကြပါ'



www.burmeseclassic.com

www.burmeseclassic.com

ကိုကျော်ခင်က သူကိုယ်တိုင် ကားအနားတွင် နေရာယူရင်း ကားပေါ်မှ ပုဂ္ဂိုလ်များကို ဖိတ်ခေါ်လိုက်ပါသည်။ ကားပေါ်မှဆင်းလာသည့် အသံများကို ကြားနေရသည်။ ကားပေါ်ကဆင်းသည့်အသံများ ရပ်သွားသည်နှင့် ကားမှာပေါ့ပါးသွားပါသည်။ ဆင်းလာသူများ ဝိုင်းတွန်းကြသဖြင့် တောင်ကုန်းပေါ်သို့ အမြန်ဆုံးရောက်သွားပါသည်။ ကားကို ရပ်လိုက်ချိန် ကိုကျော်ခင်က အော်၍ပြောလိုက်သည်။

'အားလုံးကို ကျေးဇူးတင်တယ်။ ကားပေါ် ပြန်တက်ကြပါ။ မကြာခင် ကားဆက်လက်ထွက်မယ်'

ကားပေါ်သို့ ဝုန်းဝုန်းဒိုင်းဒိုင်း တက်သံများကို ကြားနေရပါသည်။ ကားပေါ်တက်သည့်အသံများ စဲသွားသည်နှင့် ကားကို ထွက်ခဲ့ပါသည်။ တောင်ကုန်းကို ကျော်လိုက်သည်နှင့် လမ်းကောင်းကိုရောက်သွားပြီး ကြာကြာမမောင်းရတော့ဘဲ နတ်မီးတောင်သို့ ရောက်ခဲ့ပါသည်။ ကိုကျော်ခင်သည် ကားပေါ်ကဆင်းပြီး နောက်ဘက်သို့သွားကာ ကားပေါ်မှ ပုဂ္ဂိုလ်များကို ပြောလိုက်ပါသည်။

'ကဲ··ရောက်ပါပြီ။ သင်တို့ရဲ့ ပစ္စည်းဟောင်းတွေ ပုံထားတဲ့နေရာမှာ နေခဲ့ကြပါ။ ကျန်တဲ့ပုဂ္ဂိုလ်တွေ ကျုပ်တစ်ခေါက်ပြန်ခေါ်လိုက်ဦးမယ်'

ကိုကျော်ခင်က ပြောလိုက်သည့်အခါ ကားပေါ်မှ အလုအယက်ဆင်းကြသံများကို ကြားနေရသည်။ တစ်ဦးမကျန် ကုန်စင်အောင် ဆင်းရန် စောင့်နေပြီး အသံများ တိတ်ဆိတ်သွား[illegible] ကားပြန်ထွက်ခဲ့သည်။ ဒုတိယအခေါက်အတွက် သင်္ချိုင်းဝတွင် ကားကို ဂိတ်ထိုးပေးလိုက်သည်။ သူကြီးက ကားရှေ့သို့ ရောက်လာပြီး အော်၍ပြောလိုက်သည်။

'ကဲ··အားလုံးတက်ကြ၊ ဒါ နောက်ဆုံးခေါက်ပဲ။ မကျန်ခဲ့စေနဲ့'

သူကြီး၏စကားဆုံးသည်နှင့် ကားပေါ်သို့ တက်ကြသံများကို ကြားရသည်။ ယခုတစ်ခေါက် ကားပေါ်တက်သံများ ပထမတစ်ခေါက်လောက် အသံမကြားရပါ။ အချိန်မကြာမီ အသံများ ရပ်သွားပါသည်။ ကားနှင့်လိုက်မည့်သူ လက်ကျန်နည်းပါးပုံရသည်။ သူကြီးက လက်ကျန်အားလုံးလိုက်ပါနိုင်ရန် အထပ်ထပ်နှိုးဆော်နေသော်လည်း နောက်ထပ်ထူးခြားချက် မကြားရတော့ပါ။ ကားတစ်ဝက်လောက်သာ ပါပုံရသည်။ နာရီဝက်ခန့် စောင့်ကြည့်သော်လည်း အခြေအနေထူးခြားမှု မရှိတော့သဖြင့် သူကြီးက ကားထွက်ခွင့်ပြုလိုက်သည်။ ကားမှာ အလေးချိန်နည်းသဖြင့် ပေါ့ပါးသွက်လက်ကာ အလွန်မြန်နေပါသည်။ နတ်မီးတောင်သို့ အမြန်ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့ပါသည်။ ကိုကျော်ခင်သည် သူ၏တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပြီးသဖြင့် စိတ်လက်ပေါ့ပါးကာ ပြန်ခဲ့ပါသည်။

ထိုညက ကိုကျော်ခင် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေစဉ် တံခါးခေါက်သံကြားရသည်။ အိပ်ကောင်းနေသဖြင့် တံခါးမဖွင့်ဘဲထားရာ အဆက်မပြတ်ခေါက်နေသဖြင့် အိပ်ရာက ထပြီး တံခါးဖွင့်ကြည့်လိုက်သည်။ ဆံပင်စုတ်ဖွားနှင့် လူသုံးဦးကို တွေ့လိုက်ရ၍ လန့်သွားပါသည်။ သူတို့ကို ကြည့်၍ မေးလိုက်သည်။

'အချိန်မတော်ကြီး ဘာကိစ္စရှိလို့လဲ။ ခင်ဗျားတို့ ဘယ်သူတွေလဲ'

'ကျုပ်တို့က သင်္ချိုင်းက လာတာပါ။ မနေ့က ခရီးလွန်နေလို့ အခုမှပြန်ရောက်တာပါ။ ကျုပ်တို့အားလုံး ဆယ်ဦးရှိပါတယ်။ နတ်မီးတောင်ကို ပို့ပေးဖို့ လာပြောတာပါ'

'မနေ့က အားလုံးပို့ပြီးပြီ။ ထပ်မပို့နိုင်တော့ဘူး။ ပြန်ကြတော့'

ကိုကျော်ခင်က ပြောပြောဆိုဆို တံခါးကိုဆွဲပိတ်လိုက်သည်။ ထိုစဉ် ကိုကျော်ခင် အိပ်ရာက လန့်နိုးပါသည်။ အိပ်မက်ဖြစ်၍ တော်သေးသည်ဟု ယူဆရသော်လည်း ထိတ်လန့်မှုကြောင့် တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲစိုနေပါသည်။ ရေအိုးစင်မှ ရေတစ်ခွက်ခပ်သောက်လိုက်ပြီး နာရီကြည့်လိုက်ရာ ညတစ်နာရီသာရှိသေးသဖြင့် ဆက်အိပ်ရဦးမည်။ အိပ်ရာပေါ် ပြန်လှဲလိုက်သည့်တိုင် ရင်ခုန်နေဆဲဖြစ်သည်။ ကြောက်စရာကောင်းသော အဖြစ်အပျက်ကြောင့် ရုတ်တရက် အိပ်မပျော်ပါ။ လူသုံးဦး၏ မျက်နှာများကို မြင်ယောင်နေသဖြင့် ကြိုးစား၍ အိပ်လိုက်ရသည်။ အိပ်ပျော်ပြီး မကြာခင် တံခါးခေါက်သံများ ကြားရပြန်သည်။ အသံမပေးဘဲ အသာငြိမ်နေသော်လည်း တံခါးခေါက်သံမှာ ရပ်နားသွားခြင်းမရှိဘဲ အဆက်မပြတ်ထွက်ပေါ်နေပါသည်။ မည်သို့မှ ဆက်အိပ်၍ မဖြစ်နိုင်တော့သဖြင့် အိပ်ရာက ထရသည်။ တံခါးဆီသို့ ကြောက်ကြောက်နှင့် သွားရသည်။ တံခါးကို ကိုင်လိုက်စဉ် လက်များတုန်နေသဖြင့် တံခါးမဖွင့်ဘဲ မေးလိုက်ရသည်။

'ဘယ်သူတွေလဲ'

'ကျွန်တော်တို့ပါ'



www.burmeseclassic.com

www.burmeseclassic.com

'ဘယ်ကလဲ၊ ဘာကိစ္စလဲ'

'သချိုင်းကပါ။ ကားမရောက်သေးလို့ လာပြောတာပါ'

'စောစောကလာပြောတဲ့ သုံးဦးလား'

'ဟုတ်ပါတယ်'

ကိုကျော်ခင် မတွေးတတ်အောင်ဖြစ်ရသည်။ စောစောက လူသုံးဦးကို အိပ်မက်တွင်တွေ့ခဲ့သည်ဟု ထင်ခဲ့ရာ သူတို့က တစ်ခေါက်ပြန်လာသည်ဟု ဆိုနေသဖြင့် ဇဝေဇဝါဖြစ်ရပါသည်။ တံခါးကိုလည်း ဖွင့်မပေးရဲပါ။ သူတို့ မျက်နှာကို မကြည့်ရဲသဖြင့် ပြီးပြတ်အောင် ပြောလိုက်ရသည်။

'မနက်မိုးလင်းမှ ပို့ပေးနိုင်မယ်။ ကားက ဓာတ်ဆီထည့်ရမှာဆိုတော့ မိုးလင်းရင် သချိုင်းမှာ ကားရပ်ပေးမယ်လေ။ အဲဒီက စောင့်ကြ။ အားလုံး လူစုထားနော်။ မကျန်စေနဲ့တော့။ နောက်ထပ် မပို့နိုင်တော့ဘူး'

ကိုကျော်ခင်က ပြတ်အောင်ပြောလိုက်ရာ ထိုသုံးဦးက ဘာမှပြန်မပြောဘဲ မကျေမနပ်ပြန်သွားကြပါသည်။ သူတို့ ခြေသံများအရ ချက်ချင်းလိုက်မပို့၍ ကျေနပ်ခြင်းရှိပုံမရပါ။

ကိုကျော်ခင်သည် စိတ်လည်းညစ်၊ ကြောက်လည်း ကြောက်နေသည်။ မနေ့က ကားနှစ်ခေါက် သယ်ပို့ပေးခဲ့ရသော်လည်း ရုပ်ပုံသဏ္ဌာန်ကို မမြင်ရ၍ ပြဿနာမရှိခဲ့သော်လည်း ယခု ရုပ်ရည်များကို မြင်လိုက်ရသဖြင့် ထိတ်လန့်နေမိသည်။ ထိုပုဂ္ဂိုလ်များကို မပို့ဘဲနေ၍ ရမည်မဟုတ်။ လိုက်မပို့ပါက ညတိုင်း လာနေမည်မှာ သေချာသည်။ မိမိက နာနာဘာဝကို မယုံကြည်။ တကယ်မရှိ၊ ပို့စရာမလိုဟု ပြောခဲ့မိ၍များ မိမိကို ယုံကြည်အောင် ပညာပြနေခြင်းလားဟု တွေးမိပါသည်။ နာနာဘာဝနှင့် ဆက်၍ရန်ငြိုးဖွဲ့ပါက မိမိသာနစ်နာမည်ဖြစ်၍ သူတို့ကျေနပ်အောင် မိုးလင်းလျှင် လိုက်ပို့ပေးရပေတော့မည်။

နံနက်လင်းသည်နှင့် ဒရိုင်ဘာကိုခေါ်၍ သချိုင်းဝတွင် ကားရပ်ပြီး မမြင်ရသော ပုဂ္ဂိုလ်များကို ကားဖြင့် နတ်မီးတောင်သို့ ပို့ဆောင်ပေးလိုက်ရပါသည်။ နောက်ထပ်လည်း အိပ်မက်များ မမြင်မက်တော့ပါ။ ထိုအချိန်မှစ၍ ကိုကျော်ခင်တစ်ယောက် အကောင်အထည်မမြင်ရသော်လည်း နာနာဘာဝများ ရှိနေခြင်းကို လက်ခံလိုက်ရပါတော့သည်။

ကောင်းသော်


# ဆရာရန်အောင်ဟိန်း (B.Sc)

(ခရစ်ရှနားမှုတီး ဗေဒင်နက္ခတ်ဗေဒင်ပညာရှင်)

ကေပီစနစ်အား ဆရာတစ်ဆူ ပါရဂူမြောက် တတ်မြောက်လိုက ဆက်သွယ်ပါ။

ရှင်းလင်းစွာ တတ်မြောက်၊ ကျွမ်းကျင်ရန် တာဝန်ယူသည်။

ကေပီစနစ်၊ ဂြိုဟ်သွားပြက္ခဒိန်များ။ ကွန်ပျူတာပရိုဂရမ်(Softwear) များ ရနိုင်ပါသည်။

အသုံးပြုရန် လွယ်ကူရှင်းလင်းစေရပါမည်။

(စုံစမ်းနိုင်ပါသည်။)

ဖုန်း – ၀၉ ၇၃၁ ၁၉၈ ၂၆

ဆက်သွယ်ရန်လိပ်စာ

အမှတ်-၂၂၁/၂၂၃(ပထမထပ်)၊ (၃၁)လမ်း(အထက်လမ်း)၊ စင်ထရယ်ဟိုတယ်အနီး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com



# ဂါဦးနွှန်းကို အဖြူရောင် ညတစ်ည

လူတွေကဆိုကြရဲ့။ ညဆိုတာ နက်ရှိုင်းသတဲ့။ မှောင်မိုက်အေးစက်သတဲ့။ လျှို့ဝှက်သိပ်သည်းသတဲ့။ အမည်းရောင်လွှင်ပြင်ကျယ်ကြီးတဲ့။ အမှောင်ကမ္ဘလာ ကော်ဇောဖျာကြီးတဲ့။ အနက်ရောင်ညဥ့်နတ်သမီးတဲ့။ တင်စားကြတာတော့ အမျိုးမျိုးပါပဲ။

ဒီတင်စားချက်အတွေအပေါ် ဝေဝါးသံသယဖြစ်ရင်း အမြဲလိုလို တွေးဆရခက်နေခဲ့တာက ကျွန်မ။ ညဟာ အမှန်တကယ်ပဲ လျှို့ဝှက်မှောင်မိုက်သလား။ အမှန်တကယ် အေးစက်နက်နဲသတဲ့လား။ ဒါဆို ဘာလို့များ ဒီဇင်ဘာလ ညတစ်ညမှာ အဖြူရောင်သံယောဇဉ်လှလှကို ကျွန်မ တွေ့မြင်ခဲ့ရပါလိမ့်။ မျက်စိနဲ့ ဒိဋ္ဌမြင်တွေ့ဖို့ မဖြစ်နိုင်ပေမယ့် နှလုံးသားနဲ့တော့ ခံစားသိရှိနိုင်တဲ့ ဖြူလွလွသံယောဇဉ်ကြိုးတစ်စကို အေးချမ်းလှပတဲ့ ဒီဇင်ဘာလ ညတစ်ညမှာ ကျွန်မသီချင်းတွေနဲ့အတူ ရန်ခုန်စွာ တွေ့ကြုံခဲ့ဖူးပါတယ်။

◆ ◆ ◆

'ဟေး'

စိတ်လွတ်ကိုယ်လွတ် ဟစ်အော်လိုက်ပြီးမှ ကျွန်မဘာသာကျွန်မ ရှက်စိတ်ဝင်ကာ ပါးစပ်ကို လက်နှစ်ဖက်နှင့် အလျှင်အမြန်ဖိပိတ်လိုက်မိသည်။ ကျွန်မက ပုံမှန်ဆို ရှေ့ အမျိုးသမီးဆန်ဆန် အရှက်အကြောက်ကြီးသူတစ်ယောက်။ တော်တန်ရုံ အော်ဟယ်၊ ဟစ်ဟယ်၊ ပြောဟယ်၊ ဆိုဟယ် နေတတ်သူမျိုးမဟုတ်။ သို့ပေမဲ့ ယနေ့အဖို့တော့ မူလစိတ် အချို့ ကင်းလွတ်ကာ တစ်ချက်,တစ်ချက် သတိလက်လွတ် ဖြစ်နေခဲ့ရသည်။ ယခုပင်ကြည့်၊ သတိမထားမိလိုက်ဘဲ ကားလမ်းမကြီးဘေး၌ အော်ရယ်နေမိပြီ။

'မိဆောင်း··နင် ဘယ်လိုဖြစ်နေတာလဲ'

ပါးစပ်ကို လက်နှင့် အချိန်မီ ပိတ်လိုက်နိုင်ပေမယ့် ကျွန်မအော်သံကို နံဘေးမှ အစ်မလတ်က ကြားသွားဟန် သည်။ ကြားမှာပေါ့၊ သူမနှင့်ကျွန်မကြား အကွာအဝေး လက်တစ်ကမ်းစာတင်။ ခပ်လှမ်းလှမ်းမှ အစ်မကြီးကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြော။ အစ်မလတ်ကဆူတော့ ကျွန်မက ထုံးစံအတိုင်း မျက်လုံးကလေးပြူးကာ လျှာတစ်လစ်ထုတ်ပြလိုက်၏။

'နင် စိတ်လှုပ်ရှားနေတာမဟုတ်လား'

'အင်း··ဟုတ်တယ်။ သမီးက တစ်ခါမှာမှ ခရီးမသွားဖူးသေးတာ။ အခု ခရီးထွက်ရမှာဆိုတော့ စိတ်လှုပ်ရှားတာပေါ့လို့'

'အမယ်လေးဟယ်၊ ကျိုက်ထီးရိုးက ခရီးဝေးဝေးဟုတ်တော့ပါဘူး။ ဒီည ကားစီးရင် နောက်နေ့မနက် (၃) နာရီလောက်ဆို ရောက်နေပြီ၊ ခဏလေးရယ်။ ဘာစိတ်လှုပ်ရှားစရာလိုလို့လဲ'

'ဩော်··မလတ်ကလည်း၊ သမီးဆိုလိုတာက အပျော်လွန်ပြီး စိတ်တွေလှုပ်ရှားနေတာကိုပြောတာ။ ပျော်နေတာ, ပျော်နေတာ။ သိပြီလား'

'ဩော်··ဂလိုကိုး။ ပျော်ပါတော်။ နင်ပျော်ဖို့အတွက် ငါ့မှာ ခွင့်ယူပြီးတော့တောင် လိုက်ပို့ရတာ။ ဟိုရောက်ရင် ကုသိုလ်ရအောင်လည်း လုပ်ဦး။ ဓာတ်ပုံချည်း လိုမ့်ရိုက်မနေနဲ့။ ကြားလား'

'အမယ်လေး·· ကားပေါ်တောင် မရောက်သေးဘူး ဆရာကြီးလုပ်နေလိုက်တာ၊ သိပါတယ်ရှင်။ သမီးက တစ်ခါတည်း နတ်ပြည်ရောက်အောင်ကို ဘုရားရှိခိုးပစ်လိုက်မှာ'

'ဟဲ့··အဲဒီလောက်ကြီးလည်း မပြောနဲ့လေ။ ငါတို့က ကားနဲ့ဘာနဲ့ သွားရမှာ။ အဲဒီလိုမပြောကောင်းဘူးဟဲ့'

'အဟိ··သိဘူးလေ။ ဟို··သမီးဆိုလိုတဲ့သဘောက ဒီတစ်ခေါက်သွားတဲ့ ကုသိုလ်နဲ့တင် နတ်ပြည်ရောက်နိုင်တယ်လို့ပြောတာ။ အခုတစ်ခါတည်း နတ်ပြည်သွားမှာကို ပြောတာ ဟုတ်ဘူး'

www.burmeseclassic.com

ကျွန်မက ကျွန်မပီသစွာပင် စကားကို ကန့်ကလျှနှင့် မပီကလာပီကလာ ပြောလိုက်သည်။

အိမ်တွင် ကျွန်မက အငယ်ဆုံးသမီးဖြစ်၍ ကျွန်မအထက်တွင် အစ်မနှစ်ယောက်ရှိကြပြီး မိဘများက အသက်အရွယ်ကွာလှသော ညီအစ်မသုံးယောက်တွင် ကျွန်မကို ကလေးတစ်ယောက်လို သဘောထားကြသောကြောင့် ကျွန်မမှာ အသက်(၁၈)နှစ်ရောက်သည့်တိုင် အမူအရာနှင့် အပြောအဆိုတို့က ကလေးဆန်ဆန်။ သို့ပေမယ့် ကျွန်မက အမှန်စင်စစ်မှာ ကလေးတစ်ယောက်မှ မဟုတ်တော့ဘဲ။ အသက်(၁၈)နှစ်ဆိုတာ ဆံနွယ်လေးတွေကြားကို လေပြည်လေးများ တိုးဝှေ့သွားလျှင်တောင် စိတ်လှုပ်ရှားတတ်သည့်အရွယ်မဟုတ်လား။ ကျွန်မဟာလည်း အချစ်နှင့်ပတ်သက်လျှင်တော့ ရင်ခုန်တတ်နေပါပြီ။

ကျွန်မတို့ညီအစ်မနှစ်ယောက် စကားနိုင်လုနေကြစဉ်တွင် ကျွန်မတို့အနားကို ခရီးသွား Express Car ကြီးတစ်စီး ဆိုက်ရောက်လာခဲ့သည်။ ထိုကားက ကျွန်မတို့ လက်မှတ်ဖြတ်ထားသည့် ဦး…နှင့်ရောင်းရင်းများ ဘုရားဖူးခရီးသွားကားပင်။

'ဟဲ့…ဟဲ့…ဟိုမှာလာနေပြီ'

အစ်မကြီးက အရင်မြင်၍ ကျွန်မတို့နှစ်ယောက်ကို သတိပေးလိုက်ပြီး သူ့အထုပ်သူဆွဲကာ ကားရပ်သည်နှင့် တက်သွား၏။

'မိဆောင်း…မြန်မြန်လာ။ နင့်အထုပ်နင်ဆွဲ၊ မမေ့ခဲ့နဲ့ဦး'

'ဟွန်း…သိပါတယ်ဆို'

အစ်မလတ်က သူ့ဝသီအတိုင်း ဆရာကြီးလုပ်ကာ ပြောနေသေးသဖြင့် ကျွန်မမှာ နှုတ်ခမ်းစူရသေးသည်။ သူကတော့ ကျွန်မနှုတ်ခမ်းစူတာကို မမြင်တော့ပါ။ ကားပေါ်သို့ သုတ်သုတ်,သုတ်သုတ်နှင့် တက်သွားလေပြီ။

ကားပေါ်သို့ ရောက်သည့်အခါ မျှော်လင့်ချက်ရောင်ခြည်မျှင်များ မှေးမှိန်သွားခဲ့ရသူက ကျွန်မ။ ခပ်လန်းလန်းအမိုက်စားတစ်ဖွဲ့လောက်များ ကားပေါ်၌ ပါလာလေမလားဟု စိတ်ကူးယဉ်ထားမိပေမယ့် တကယ်တမ်းကျ သက်ကြီးဝါကြီး အဘိုးအဘွားအရွယ်များ။ နောက်ပြီး ကလေးအမေများ။ ကျွန်မနှင့် သက်တူရွယ်တူဆို၍ ယောကျ်ားလေးမပြောနှင့်၊ မိန်းကလေးပင်မပါ။ ထို့ကြောင့် နည်းနည်းတော့ စိတ်ပျက်သွားခဲ့၏။

သို့သော်လည်း 'ဩော်…ဘုရားဖူးသွားတာပဲ။ လူငယ်ဘယ်ပါပါ့မလဲ။ ကောင်းပါတယ်။ ကုသိုလ်ရေးသွားလုပ်တာပဲလေ။ စိတ်တည်ငြိမ်တော့ ကောင်းတာပေါ့' စသဖြင့် အကောင်းအမြင်နှင့် နှလုံးသွင်းလိုက်ရသည်။

ကျွန်မတို့သုံးယောက် ကားပေါ်ရောက်သည်နှင့် ကားကြီးက မှတ်တိုင်မှနေ တလှုပ်လှုပ်ထွက်ခွာလာခဲ့ပြီ။ ကျွန်မတို့ကတော့ နေရာအထိုင်မကျသေး။ ထိုင်ခုံလက်မှတ်ကို သွားခါနီးမှ ကပ်ဖြတ်ရသောကြောင့် ထိုင်ခုံနေရာက မကောင်းလှ။ နောက်ဆုံးတန်း (၅)ယောက်ခုံ၏ရှေ့တွင်သာရသဖြင့် အဆင်ပြေပြေ အိပ်စက်ဖို့ရန်မလွယ်။ ကားနောက်ဘက်ခြမ်းက ကားဆောင့်တတ်သည်မဟုတ်လား။

'ကဲ…မိဆောင်း၊ မကြီးတို့နဲ့ ထိုင်မလား။ သူစိမ်းနဲ့ထိုင်မလား'

အစ်မကြီးက ကျွန်မကိုမေးပြီ။ ဟိုတွေးသည်တွေးနှင့် သူတို့အနားကို အူလည်လည်ရောက်သွားသည့် ကျွန်မက သူတို့အမေးအပေါ် နားမလည်သေးဘဲ 'ဟင်…ဘယ်မှာတုံး သူစိမ်း' ဟု ကြောင်တောင်တောင် ပြန်မေးမိသည်။

ဟုတ်လည်း ဟုတ်တာပဲ။ ကျွန်မကြည့်လိုက်တော့ နောက်ဆုံးတန်း၏ရှေ့မှ ထိုင်ခုံလေးခုံစလုံးတွင် လူတစ်ယောက်မျှ မတွေ့ရ။

'ဩော်…ငါတို့ဝယ်ထားတာက (၃၇၊ ၃၈၊ ၃၉)။ ဒီတော့ (၃၉)မှာထိုင်မယ်ဆိုရင် သူစိမ်းနဲ့ ထိုင်ရမှာပေါ့။ ဒါလေးတောင် မသိဘူးလား'

'အဲဒီသူစိမ်းက ဘယ်သွားလဲ'

'ဟဲ့…အဲဒါ နင့်အပူလား။ လမ်းရောက်မှ တက်မှာနေမှာပေါ့။ အရစ်မရှည်စမ်းပါနဲ့ မိဆောင်းရယ်။ ဒီဘက်မှာထိုင်မယ်ဆိုရင်လည်း ဝင်အထဲကို'

အစ်မလတ်က ဘုကလန့် ဝင်ပြောသည်။ ကျွန်မက အစ်မလတ်ကို မျက်စောင်းထိုးကြည့်လိုက်ရင်း စဉ်းစားခန်းဝင်နေမိ၏။ ခရီးကလေးခဏထွက်ရတုန်း လွတ်လွတ်လပ်လပ် နေလိုသည်မှာ ဆယ်ကျော်သက်တို့၏စရိုက်ပင် မဟုတ်လား။ ကျွန်မလည်း ထိုနည်းအတိုင်းပဲ သူတို့နှစ်ယောက်နှင့်တော့ မထိုင်လိုပေ။ သူတို့တစ်တွေနှင့်ထိုင်လျှင် ကျွန်မဘာလုပ်လုပ် အပြောခံ၊ အဆူခံနေရဦးမည်။ မိဘများကလည်း ကျွန်မကို ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားလိုက်သောကြောင့် သူတို့က ထိုအာဏာကို အပြည့်အဝအသုံးချကြမည်သာ။ သို့ဖြစ်၍ ကိုယ့်ဘာသာကိုယ် သီးသန့်ထိုင်ကာ သီချင်းနားထောင်ပြီးနေသည်က ပိုကောင်းဦးမည်။



www.burmeseclassic.com

www.burmeseclassic.com

'မဝင်ပေါင်။ ဒီမှာပဲ ထိုင်မှာ'

'နေပါဦး မိဆောင်းရယ်။ တော်ကြာ ယောက်ျားကြီး ဖြစ်နေဦးမယ်'

'ဟင်··ယောက်ျားကြီးဖြစ်တော့ ဘာဖြစ်တုံး။ လိုင်းကားပေါ်မှာဆို ရွေးလို့ရတာကျလို့။ ယောက်ျားလည်း အတူထိုင်ရတာပဲလေ။ ခုက ကျယ်ကျယ်ဝန်းဝန်းနဲ့ဆိုတော့ ယောက်ျားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် ပူစရာမရှိပါဘူး'

အစ်မကြီး၏ စိုးရိမ်စကားကို ကျွန်မက ခပ်ပေါ့ပေါ့ ချေပလိုက်ပြီး (၃၉)တွင် ဖျတ်ခနဲဝင်ထိုင်လိုက်သည်။ [ဤခရီးသွားကား၌ ခုံနံပါတ်(၃၉)မှာ မှန်ပြတင်းပေါက်ဘက်ခြမ်းတွင်ရှိနေသည်။] အစ်မများကလည်း ပြောမနိုင် ဆိုမရ ညီမလေးအပေါ် လက်မြှောက်သွားကြလေသလား မပြောတတ်။ တစ်ဖက်ထိုင်ခုံတွင်ထိုင်ကာ ငြိမ်သက်သွားကြ၏။ ကျွန်မလည်း လွယ်အိတ်ထဲမှ ဟန်းဖုန်းနှင့် အီးယားဖုန်း (နားကြပ်)ကိုထုတ်ကာ ခေါင်းတလှုပ်လှုပ်ဖြင့် သီချင်းနားထောင်နေလိုက်သည်။

ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်သည် ကျိုက်ထိုမြို့နယ်ထဲတွင်တည်ရှိပြီး မြန်မာနိုင်ငံ၏ တန်ခိုးကြီးမားသော စေတီတော်များအနက် တစ်ဆူဖြစ်သည်။ ကျိုက်ထီးရိုးစေတီတော်ကို အစွဲပြုကာ စေတီတည်ရာတောင်ကို ကျိုက်ထီးရိုးတောင်ဟု ခေါ်ခြင်းဖြစ်ပြီး ပင်လယ်ရေမျက်နှာအထက် (၃၆၀၀)ခန့်အမြင့်တွင် တည်ရှိ၏။ စေတီတည်နေပုံမှာ ဆန်းပြားထူးခြားလှပြီး ဆံတော်ကိန်းဝပ်နေသော ကျောက်တုံးသည် လူတစ်ယောက်တွန်းရုံမျှဖြင့် လှုပ်ရွေ့နိုင်သည်စ၍ ကျိုက်ထီးရိုးဘုရားနှင့်ပတ်သက်ပြီး ဟိုဟိုသည်သည် လေ့လာဖတ်ရှုဖူးခဲ့သော်လည်း ကိုယ်တိုင်ကိုယ်ကျတော့ တစ်ခေါက်မျှပင် သွားရောက်မဖူးမြော်ဖူးသေးပေ။

မိဘများက သူတို့ကိုယ်တိုင်လည်း မအားကြသဖြင့် ကျွန်မကို လိုက်ပို့နိုင်ခြင်း မရှိသလို သူငယ်ချင်းများ ခရီးစသွားကြသည့်အခါတွင်လည်း ကျွန်မကို စိတ်မချဟုဆိုကာ ခထည့်ပေးလိုက်ကြ၍ ကျွန်မမှာ ဘယ်ကိုမှမရောက်ရှိခဲ့ဖူးချေ။ ယခုနှစ် သူငယ်ချင်းများ ကျိုက်ထီးရိုးသွားသည်ဟု သိရစဉ်တွင် ကျွန်မလည်း ကျိုက်ထီးရိုးဘုရားသို့ မရ၊ ရအောင်သွားမည်ဟု စိတ်ပိုင်းဖြတ်ကာ မိဘများကို ဖွတ်အတင်းပူဆာသောကြောင့် ယခုကဲ့သို့ ခရီးထွက်ခွင့်ရခဲ့ခြင်းဖြစ်၏။

အသည်းကျော်လေးက တောင်းဆိုတော့လည်း မိဘတွေက ဘယ်နေနိုင်တော့မလဲ။ (Veto) ဗီတိုအာဏာကို ကျင့်သုံးပြီး အစ်မနှစ်ယောက်ကို လိုက်ပို့စေခဲ့သည်။ အလုပ်ကိစ္စနှင့် ခရီးမကြာခဏထွက်ခွင့်ရသော အစ်မနှစ်ယောက်ကတော့ ကျွန်မကို သိပ်မကြည်ကြ။ မည်သို့ပင်ဖြစ်စေ ကျွန်မ၏ ပထမဦးဆုံး ခရီးစဉ်လေးတွင် စိတ်လှုပ်ရှားစရာ၊ ရင်ခုန်စရာ၊ ပျော်ရွှင်ကြည်နူးစရာ အမှတ်တရတို့ဖြင့် ပြည့်နှက်နေစေချင်သည်။ အတွေးဝဲဂယက်ထဲတွင် လက်ပစ်ကူးခတ်ရင်း ရောက်တတ်ရာရာ တွေးတောနေမိရာမှ ဦးနှောက်က သူ့ကိုယ်သူ အနားပေးလိုက်ဟန်တူ၏။ ရန်ကုန်မြို့အထွက်လောက်၌ ကျွန်မ မှေးခနဲ အိပ်ပျော်သွားခဲ့သည်။

◆◆◆

'မိဆောင်းရေ··ထတော့၊ ကားရပ်နေပြီ။ အောက်ဆင်းရတော့မယ်'

'အင်··ဝါး'

မည်မျှကြာအောင် အိပ်ပျော်သွားလေသည်မသိ အစ်မလက်၏ လှမ်းအော်နိုးသံကြားမှ အိပ်မှုန်စုံမွှားနှင့် ခေါင်းထောင်လာခဲ့၏။ ဝါးခနဲ တစ်ချက်သမ်းဝေလိုက်ပြီး မျက်စိနှစ်လုံးဖွင့်ကာ ပတ်ဝန်းကျင်သို့ စောင်းငဲ့ကြည့်လိုက်ချိန်တွင် ကားပေါ်၌ မည်သူမျှမရှိတော့။ အစ်မနှစ်ယောက်ပင် ကားတံခါးဝနား ရောက်နေပြီ။

'တော်တော်ချစ်စရာကောင်းတဲ့ အစ်မတွေ။ ငါ့တောင် မစောင့်ဘူး'

ခပ်တိုးတိုးအပြစ်တင်ရေရွတ်လိုက်ရင်း ထိုင်ခုံမှ ထွက်လာလိုက်စဉ်–

'ဂျွတ်··ဂလွတ်'

'အမယ်လေး'

နောက်ကျောခီမှ ကြားလိုက်ရသည့်အသံကြောင့် ကျွန်မ ကယောင်ကတမ်းထအော်ကာ တစ်ကိုယ်လုံးလည်း ဆတ်ခနဲ တုန်သွားခဲ့ရသည်။

ဘုရား··ဘုရား··ငါ့ကို တစ္ဆေများခြောက်ပြီလား။

အသံက နောက်ဘက်မှလာသောအသံဖြစ်၍ ရှေ့သို့ စွတ်ရွတ်ထွက်ပြေးပြီး အစ်မတွေကို သွားပြောရကောင်းမလား စဉ်းစားမိပေမယ့် မဖြစ်သေး။ ထိုအတွေးမှာ အူကြောင်ကြောင်အတွေး။ အစ်မနှစ်ယောက်က 'မယုံသည့်အပြင် လှောင်ပင်လှောင်ဦးမည်။ ဤသို့ဆိုလျှင် ကိုယ့်ဘာသာကိုယ် သေချာအောင်ကြည့်ပြီးမှ သွားပြောရကောင်းမလား။ အဲ··တော်ကြာ ကြောက်မက်ဖွယ်မျက်နှာကြီးကို



www.burmeseclassic.com

www.burmeseclassic.com

တွေ့လိုက်ရမှုဖြင့်။

ထိုသို့စက္ကန့်ပိုင်းမျှ ဟိုဟိုသည်သည်တွေးတောလိုက်ပြီး နောက် စိတ်ကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်နိုင်သည်။ ဘာကြီးပဲဖြစ်နေပါစေ သေသေချာချာစူးစမ်းရမည်။ ထိုသို့ တွေးကာ ကြောက်နေသည်မှန်သော်လည်း စိတ်ကို ထိန်း ချုပ်ပြီး နောက်သို့ ဖြည်းဖြည်းချင်း လှည့်လာလိုက်သည်။ ကြောက်စိတ်ဖြင့် နောက်ကျောဆီသို့ မဝံ့မရဲလှည့်ကြည့်လိုက် သည့်အခါ တွေ့မြင်လိုက်ရသည်က (၅)ယောက်ခံပေါ်ဝယ် ဆောင့်ကြောင့်ထိုင်နေသောလူတစ်ယောက်။ သူ့ပုံစံက ကုန်း ကုန်းကွကွ။ သူက ခပ်လှမ်းလှမ်း ဂစ်တာကို လှမ်းဆွဲယူနေ ပုံရသည်။ ဂစ်တာက သူ့လက်ထဲသို့ပင် မရောက်သေးဘဲ ကားမှန်ပြတင်းဝယ် ထောင်လျက်သား။ သူက ကျွန်မအော် သံကြောင့် လှမ်းယူနေရာမှရပ်ကာ ကျွန်မဘက်သို့ မျက်လုံး အဝိုင်းသားဖြင့် တအံ့တသြလှည့်ကြည့်နေသည်။

အသားဖြူဖြူ၊ လူပုံသွယ်သွယ်နှင့် ချစ်စဖွယ်ရုပ်ရည် ရှိသော ကောင်လေးတစ်ယောက်ဖြစ်နေသဖြင့် ကျွန်မ ရုက် စိတ်ဝင်သွားမိ၏။ မည်မျှပင် အချစ်ကို မျှော်လင့်တောင့်တ နေမိပါစေ အတွေ့အကြုံမရှိသေးသူ အသည်းရိုင်းနုနုမို့ ရုတ် တရက် ကောင်လေးတစ်ယောက်နှင့် ရင်ဆိုင်လိုက်ရသည့် အခိုက် ရင်တလှိုက်လှိုက်ဖိုကာ ထွက်ပင်ပြေးချင်သွားသည်။ နောက်ပြီး သူ့အရွယ်ကလည်း ကျွန်မနှင့် မတိမ်းမယိမ်း။ လွန်ရောကျွံရောမှ (၁၉)၊ (၂၀)နှစ်။

'သြော်··လန့်လိုက်တာ။ သရဲခြောက်တာမှတ်လို့'

သူ့ကို မြင်လိုက်ရချိန်တွင် တစ္ဆေသရဲမဟုတ်မှန်း သိ လိုက်ရသဖြင့် ကျွန်မ စိတ်သက်သာရာရကာ ထိုသို့ရေရွတ်မိ လိုက်သည်။ ကျွန်မစကားကြောင့် သူ့မျက်နှာ ပြုံးစိစိဖြစ် သွားပြီးမှ ကျွန်မကို မျက်ခုံးနှစ်ဖက်ကျုံ့၍ အပြုံးမျက်နှာဖြင့် ဦးညွှတ်ပြ၏။ သဘောမှာ ထိတ်လန့်အောင်လုပ်မိတဲ့အတွက် ဆောရီးနော်ဟူသောအဓိပ္ပာယ်။ များသောအားဖြင့် စမတ် ကျပြီး အထာနပ်သော ကောင်လေးများ သုံးတတ်သည့် စတိုင်။ ကျွန်မကလည်း ဆယ်ကျော်သက်လေးပီပီ နားလည် လွယ်သည်ပေ့ါ။ ပခုံးလေးနှစ်ဖက်တွန့်ကာ ပြုံးပြခဲ့သည်။ ရပါတယ်ဟူသော အသံတိတ်ဘာသာစကား။ ထိုအဓိပ္ပာယ် များကို လွတ်လပ်သောလူငယ်နှစ်ဦးသားသာ နားလည်လွယ် လေမလား မပြောတတ်ပါ။

ကားပေါ်ရှိ မီးရောင်မှိန်ပျပျအောက်၌ သူက အမှောင် ရိပ်ထဲသို့ ရောက်ရှိနေသဖြင့် သူ့မျက်နှာကို ကျွန်မ လင်း လင်းချင်းချင်း မမြင်ရပေမယ့် ကိုခုံညားတစ်ယောက် ဖြစ် မှန်းတော့ ကျွန်မသိသည်။ သူက အေးချမ်းသောဆောင်းည ကို အန်တုနိုင်စေဖို့ အပြာနုရောင် ဂျင်းဂျာကင်တစ်ထည်ကို စတိုင်ကျကျဝတ်ဆင်ထား၏။ ကျွန်မတို့နှစ်ယောက် စက္ကန့် ပိုင်းမျှ အကြည့်ချင်းဆုံနေခဲ့ကြပြီးနောက် သူက ယောကျ်ား လေးပီပီ ရှေ့ဆက်မည်မတွေးဘဲ ဂစ်တာကို လှမ်းယူကာ ကြိုးညှိနေသဖြင့် ကျွန်မလည်း ကားပေါ်မှာ ဆက်နေရန် အဆင်မပြေတော့၍ အောက်ဆင်းလာခဲ့လိုက်၏။

ကားအောက်မှာတော့ ကျွန်မအစ်မနှစ်ယောက်။ အစ်မ လတ်က ဆောင်းဒေဝါကို မထိမဲ့မြင်ပြုကာ အနွေးထည် ခပ်ပါးပါးကိုသာ ဝတ်ဆင်လာခဲ့လေ၍ ယခုတော့ ချမ်း လွန်းသဖြင့် ခုန်ဆွ ခုန်ဆွ ဖြစ်နေပြီ။

'တော်သေးတာပေါ့။ ငါက နင် ကားပေါ်မှာ နောက် တစ်ရေးရနေပြီမှတ်လို့ ခုပဲတက်ခေါ်တော့မလို့'

'မဟုတ်ပါဘူး မလတ်ကလည်း။ ဒီမှာက မိန်းကလေး လေ၊ ပြင်ရဆင်ရသေးတာပေါ့'

'အမယ်လေး··မပြောလိုက်ချင်ဘူး။ ငါ နင့်အရွယ် တုန်းက အဲသလောက် ပဲမများဘူး'

'သိပါတယ်၊ သိပါတယ်။ အဲဒါကြောင့် အခုအရွယ်ထိ အပျိုကြီးဖြစ်နေတာပေါ့'

'အောင်မာ··အပျိုကြီးလို့ပြောရအောင် နင်နဲ့ငါနဲ့ ဘယ် လောက်ကွာလို့လဲ။ ငါက အခုမှ အသက်အစိတ်ပဲ ရှိသေး တယ်ဟဲ့'

'သူများတွေ အသက်အစိတ်မှာ ပုခက်ချိတ်နေကြပြီ။ မလတ်ကတော့ ခုထက်ထိ ဂေါမဇ္ဈအပျိုကြီး'

'ကောင်မစုတ်လေး၊ နင်တော့။ လိုက်ပို့တဲ့ ကျေးဇူး မထောက် အစ်မတွေကို စော်ကားနေလိုက်တာ။ ငရဲကြီးပါ စေတော်'

'ဟီးဟီး··စတာပါ မလတ်ရယ်။ အခု ဘယ်ရောက် နေပြီလဲ။ ကားက ဘာဖြစ်လို့ရပ်တာလဲ'

'ခဏနားဖို့ ရပ်တာလေ။ အခု အာမထိလွှာမထိ ကို ရောက်နေပြီ။ ဟိုစားသောက်ဆိုင်မှာ တစ်ခုခုစားကြအုံး ပေါ့'

'နေပါဦး···နေပါဦး။ ဘာရယ်၊ဘာရယ် အာမထိလွှာ မထိမြို့၊ ဟုတ်လား။ တစ်ခါမှ မကြားဖူးပါဘူး'

'ဟား··ဟား··ဟား··ပပေါ်ဖွင့်ဝှက်လိုက်တာလေ။ ဘာ မြို့လဲ၊ သိလား'



www.burmeseclassic.com

www.burmeseclassic.com

'အမယ်လေး...မိဆောင်းကိုများ တော်းမှတ်လို့။ သိပ်ပါ ဝေါ်မြို့ကို ပြောတာမို့လား'

'ဟဲ..ဟဲ..ငါ့ညီမလေးက ဒီလိုကျတော့လည်း ဘယ်ဆိုးလို့တုံး။ ဘယ်မှမရောက်ဖူးပေမယ့် ဗဟုသုတတော့ရှိသား'

'အမယ်..လူကိုများ။ ဘယ်မှမရောက်ဖူးပေမယ့် တစ်ကမ္ဘာလုံးအကြောင်း သိတယ်။ ဖင်လန်နိုင်ငံရဲ့ အကျယ်အဝန်းကို မလတ် သိလို့လား'

'ဟင်..ဖင်လန်နိုင်ငံဆိုတာ ကလေးတွေ ပြောင်ပြီးပြောတဲ့နိုင်ငံ မဟုတ်ဘူးလား။ တကယ်ရှိတာလား'

'ဟာ..တကယ်ရှိတဲ့နိုင်ငံပေါ့'

'ဖင်လန်နိုင်ငံတဲ့။ စိတ်ကုန်ပါ့။ ပေးစရာနာမည် ဒီလောက်ရှားသလား မသိဘူးဟာ။ ဖင်လန်နိုင်ငံဆိုမှတော့ သေးသေးလေးပဲ နေမှာပေါ့ဟယ်။ အကျယ်အဝန်း ဘယ်လောက်ရှိလဲဆိုတာ ငါဘယ်သိပါ့မလဲ'

'မှတ်ထား။ စတုရန်းမိုင်ပေါင်း(၁၃၀၁၁၉)ရှိတယ်။ ဒီ့ထက်ပိုပြီးသိချင်ရင် ကမ္ဘာ့နိုင်ငံများအကြောင်း သိကောင်းစရာဆိုတဲ့ စာအုပ်ထဲမှာ ရှာဖတ်ကြည့်။ ဟွန်း'

ကျွန်မ၏ နှပ်ပစ်မှုကို ခံလိုက်ရသဖြင့် အစ်မလတ် ငိုင်ဆင်းသွားလေသည်။ ဘယ်ရလိမ့်မလဲ မိဆောင်းပဲလေ။ တစ်နေ့တစ်နေ့ အိမ်မှာ အားအားမနေဘဲ ဖေဖေစုဆောင်းထားသမျှ စာအုပ်များကို ထိုင်ဖတ်နေသောကြောင့် ယခုကဲ့သို့ ဘာမေးမေး သိနေရခြင်းဖြစ်သည်။ စာအုပ်စာပေမှန်သမျှ လူတို့၏မိတ်ဆွေများပင် မဟုတ်ပါလား။

'ကဲ..ကဲ..နင်တို့နှစ်ယောက် စကားနိုင်လုတာ တော်ကြတော့။ ဟိုမှာ သူများတွေကဖြင့် စားလို့သောက်လို့ပြီးတော့မယ်။ လာ..မိဆောင်း၊ နင်က တစ်ခုခုစားရင် ကြာပါဘိနဲ့။ တော်ကြာ ကားမစောင့်ဘဲနေဦးမယ်'

အစ်မကြီးက ပွဲဝင်ထိန်းလိုက်ပြီး နှစ်ယောက်လုံးကို ပွဲစဉ်မှထုတ်ကာ ဝေါ်မြို့၏စားသောက်ဆိုင်လေးဆီသို့ ဦးဆောင်ခေါ်ငင်သွားခဲ့သည်။

ဆိုင်ကလေးက သပ်သပ်ရပ်ရပ်ရယ်။ ဆိုင်တွင်းရှိ စားပွဲခုံများတွင် ခရီးသည်များ ပြည့်နှက်လျက်ရှိ၍ ကျွန်မတို့လည်း နီးစပ်ရာခုံတစ်ခုံစီတွင် အဆင်ပြေသလို ဝင်ထိုင်လိုက်ကြပြီး ကျွန်မက ညလယ်စာအဖြစ် ကြာဆံဟင်းခါးကို မှာယူသုံးဆောင်ခဲ့သလို အစ်မနှစ်ယောက်ကလည်း မုန့်ဟင်းခါးနှင့် ကော်ဖီကို တစ်ယောက်တစ်မျိုးစီ မှာစားကြသည်။



ည(၁၂)နာရီတိတိတွင် တစ်ခါမျှ အစာမစားဖူးသော ကျွန်မအတွက် ဒါဟာလည်း အတွေ့အကြုံသစ်ပဲ ဖြစ်နေ၏။

လက်နှင့် ပါးစပ်က ကြာဆံဟင်းခါးစားသောက်ခြင်းအမှုကို လုပ်ဆောင်လျက်ရှိသလို မျက်လုံးကလည်း ဆိုင်အတွင်းသို့ ဝေ့ဝဲလျှောက်ကြည့်ကာ စောစောက..ဂစ်တာသမားလေးကို ဖွေရှာနေမိသည်။ သို့ပေမယ့် ကိုယ်ယောင်ပဲ ပျောက်နေလေသလား၊ (သို့မဟုတ်) ကားပေါ်ကပဲ ဆင်းမလာတာလားမသိ။ မတွေ့မိ။

'ကဲ..မပြောဘူးလား။ မြန်မြန်သောက် မိဆောင်းရယ်၊ ဟိုမှာ ကားက လှမ်းခေါ်နေပြီ။ တို့ကို စောင့်နေရတယ်'

သိကြသည့်အတိုင်း ကျွန်မက သွားနှေးနှေး၊ စားနှေးနှေး။ ယခုလည်း ခရီးသည်အားလုံး ကားပေါ်တက်သွားကြသည့်တိုင် ကျွန်မ စားသောက်၍မပြီးသေး။ အစ်မကြီးက ကားပေါ်မှခရီးသည်များကို အားနာကာ ဖွတ်အတင်းခေါ်နေ၍ ကျွန်မလည်း စားလက်စကြာဆံဟင်းခါးကို လက်စသတ်လိုက်ပြီး ဆိုင်ထဲမှထွက်လာခဲ့ရသည်။ ကြာဆံဟင်းခါးက ပူလွန်းလှသဖြင့် ဖြည်းဖြည်းချင်းသောက်နေရသောကြောင့် တစ်ဝက်နီးပါးခန့် ကျန်နေသေးသည်မို့ နှမြောမိ၏။ သို့သော် အစ်မကြီးကိုတော့ ကျွန်မ မလွန်ဆန်ဝံ့။

ဟုတ်တော့လည်းဟုတ်သည်။ အစ်မကြီး အားနာလျှင်လည်း အားနာစရာပါပဲ။ ကားက ကျွန်မတို့ကို စောင့်နေရခြင်းဖြစ်၏။ ကျွန်မတို့သုံးယောက် ကားပေါ်ရောက်သည်နှင့် တစ်ပြိုင်နက် ကားဘီးစလိမ့်ပြီ။

'တွေ့လား၊ ကားက ငါတို့ကိုစောင့်နေရတာ။ ကားပေါ်မှာက လူစုံနေပြီ။ ခရီးသည်တွေကို ဘယ်လောက်အားနာစရာကောင်းလဲ'


www.burmeseclassic.com

www.burmeseclassic.com

အစ်မကြီးက ရှေ့မှာသွားရင်း ဗျစ်တောက်၊ဗျစ်တောက် ဆူနေသေးသည်။ နံဘေးတစ်ဖက်ဆီမှ ခရီးသည်များက အစ်မကြီး၏ စကားသံကြောင့် ကျွန်မကိုကြည့်ကာ ပြုံးစိစိ ပြုံးသွားကြ၏။ သူတို့ရယ်မည်ဆိုလည်း ရယ်ချင်စရာပေါ့။ အစ်မကြီးက ရှေ့မှသွားရင်း ဆူလိုက်တိုင်း ကျွန်မကလည်း နောက်ကနေ လျှာကလေးတစ်လစ်ထုတ်ကာ ပြောင်ပြနေသောကြောင့်ဖြစ်သည်။ ကျွန်မတို့ ထိုင်ခုံသို့ရောက်သည့်အခါ ကားက (ကား)ပါကင်မှနေ (ဖင်ဆုတ်)နောက်ဆုတ်နေလေပြီ။

'ဟင်··ကားထွက်နေပြီလား။ လူမစုံသေးပါဘူး'

ကျွန်မက (၅)ယောက်ခုံဆီသို့ မသိမသာစောင်းငဲ့ကြည့်ရင်း စိတ်ထဲက ရေရွတ်လိုက်မိ၏။ ဟုတ်သည်။ ကားပေါ်တွင် သူ မရောက်သေး။ ကားပေါ်မှဆင်းစဉ်က ကျွန်မတို့ထက်ပင် သူက ပိုနောက်ကျသေးသည်မဟုတ်လား။ ယခုမှ စားတုန်းသောက်တုန်းများလား။ ကားထွက်မည်ကို သူ သိမှ သိပါစ။

ထိုသို့သောအတွေးများဖြင့် စိတ်ထဲ၌ သူ့အတွက် စိုးရိမ်သွားခဲ့ပြီးမှ အို··ငါနဲ့ဘာဆိုင်လို့လဲ။ သူ့ဘာသာသူ ကျန်ခဲ့၊ကျန်ခဲ့ ငါပူစရာမလိုပါဘူးဟုတွေးပြီး ထိုင်ခုံတွင် ဝင်ထိုင်နေလိုက်သည်။ သို့ပေမယ့် ချက်ချင်းပင် ခရီးသည်အချင်းချင်း ရိုင်းပင်းကူညီသင့်တာပေါ့ဟူသော အတွေးဝင်လာကာ မှန်ပြတင်းပေါက်မှနေ စားသောက်ဆိုင်ဆီသို့ လှမ်းချောင်းကြည့်မိသည်။ ဆိုင်ထဲတွင် လူသုံး၊လေးယောက် ရှိနေသေး၏။ ထိုလူအုပ်ထဲတွင် သူ ရှိနေလေမလား၊ ဒါမှမဟုတ် အိမ်သာကို ရောက်နေလို့များလား။ အိမ်သာက ဆိုင်နောက်ဘက်သို့ အတန်ငယ်ဝင်သွားရ၍ ဆိုင်ရှေ့က ခေါ်သောအသံကို ကြားရရန် မလွယ်ကူပေ။ ကျွန်မကသာ ခရီးသည်တစ်ယောက်အတွက် ပူပန်သောကရောက်နေရပေမယ့် ကားကဖြင့် လမ်းမပေါ်သို့ပင် ချိုးကွေ့နေပြီ။

ခရီးသည်တစ်ယောက် ကျန်နေတယ်လို့ ငါအော်ပြောလိုက်ရ ကောင်းမလား။

ထိုအတွေးသည် အူကြောင်ကြောင်နိုင်နေသလား ကျွန်မ မသိပါ။ ဤခရီးစဉ်သည် ကျွန်မအတွက် ပထမဆုံးဖြစ်နေ၍ ခရီးသွားခြင်းနှင့်ပတ်သက်ပြီး ကျွန်မတွင် အတွေ့အကြုံမရှိ။ မိမိဘေးမှခရီးသည် ကျန်ခဲ့လျှင် ဧည့်လမ်းညွှန် (သို့မဟုတ်) တာဝန်ခံဆီသို့ အကြောင်းကြားရမည်ဟူသော ခရီးသည်တစ်ဦး၏တာဝန်ကို ကျွန်မ ကြားသိမထားခဲ့သဖြင့် ယခုကဲ့သို့ တွန့်ဆုတ်နေမိခြင်းဖြစ်သည်။

'ဟာ··ကားကထွက်တောင်နေပြီ။ မဖြစ်ပါဘူး။ သူများတွေ ရယ်ချင်ရယ်ပါလေ့စေ။ လူတစ်ယောက်ကို ကူညီတာပဲ ကူညီကောင်းပါတယ်'

နောက်ဆုံး ကျွန်မ စိတ်ဆုံးဖြတ်လိုက်ပြီး ခရီးသည်တစ်ဦး ကျန်ရစ်ခဲ့သည့်အကြောင်း လှမ်းအော်ပြောရန် ခေါင်းထောင်လိုက်သည့်အခိုက် ကျွန်မမျက်နှာပြင်ထက်သို့ သက်ဆင်းလာသော မှောင်ရိပ်တစ်ခုကြောင့် ကျွန်မ မှင်တက်သွားခဲ့ရသည်။ ထိုအရိပ်ပိုင်ရှင်က သူ။ သူက အလောတကြီး လျှောက်ဝင်လာပုံရပြီး ကျွန်မထိုင်နေသော နှစ်ယောက်ခုံ၏ဘေးတွင် မားမားကြီးရပ်တန့်နေသည်။

'ဆောရီးနော်၊ ကျွန်တော် နောက်ကျသွားတယ်'

စောစောက သူ့အပြုံးမျက်နှာကိုသာ မထင်မရှားမြင်တွေ့လိုက်ရရာ ယခုမှပင် သူ့အသံကို ကျွန်မ ကြားသိလိုက်ရ၏။ သူ့အသံက တေးသံရှင်ဇော်ပိုင်၏အသံကဲ့သို့ ချိုလွင်နူးညံ့လှသည်။ သူက အသံချိုချိုနှင့် တောင်းပန်လိုက်ပြီး တစ်ဆက်တည်းပင် ကျွန်မနံဘေးက ထိုင်ခုံတွင် ဝင်ထိုင်လိုက်သဖြင့် ကျွန်မ ပို၍အံ့သြသွားခဲ့ရသည်။

'သြော်··လက်စသတ်တော့ ကျွန်မအိပ်ပျော်နေတုန်းက မသိလိုက်ရတဲ့ နံဘေးထိုင်ခုံပိုင်ရှင်က သူဖြစ်နေတာကိုး။'

အံ့သြမှုတွေနှင့်အတူ ရင်ခုန်သံများကလည်း တဒိန်းဒိန်း။ သို့ပေမယ့် ကိုယ့်ကိုယ်ကိုယ်ထိန်းကာ ဣန္ဒြေဆည်လိုက်ရင်း 'ရပါတယ်'ဟု ခပ်တိုးတိုးပြောလိုက်သည်။

အမှန်ဆို-

'အမယ်လေးရှင်၊ ကျန်ခဲ့ပြီထင်လို့ စိတ်ပူလိုက်ရတာရှင်။ ဘာဖြစ်လို့ ဒီလောက်နောက်ကျနေရတာလဲ'ဟူ၍ စိတ်ထဲရှိသည့်အတိုင်း ဖွင့်ပြောပစ်လိုက်ချင်ပေမယ့် ပုရိသတို့နှင့် ပတ်သက်လာလျှင် (၁၉)ရာစုနှစ် မိန်းမပျိုတို့၏ စရိုက်ရှိသော ကျွန်မက သည်လောက်ထိ မပွင့်လင်းရဲသေး။ ယခုခေတ်လို အနောက်တိုင်းယဉ်ကျေးမှု လွှမ်းမိုးခံထိသော မိန်းကလေးများကဲ့သို့ နင့်ကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်မလားဟု ဖွင့်မေးရဲဖို့ နေနေသာသာ စကားပင် ပွင့်ပွင့်မဆိုရဲသည်က ကျွန်မအကျင့်။ သို့သော် ကျွန်မ၏ မခို့တရို့ပုံစံလေးကိုက သူ့အတွက် ဆွဲဆောင်အားပြင်းခဲ့လေသလားမပြောတတ် မကြာ၊မကြာ ကျွန်မဘက်ကို စောင်းငဲ့ကြည့်ကာ စကားရှာနေလေ၏။ ကျွန်မ၏ ပထမဆုံးခရီးစဉ်လေးတွင် ကျွန်မမျှော်လင့်ထားမိသည့်အတိုင်း စိတ်ကြည်နူးစရာ အဖော်တစ

www.burmeseclassic.com

ဖြစ်ရပ်လေးတစ်ခုကို ကျွန်မ ပိုင်ဆိုင်ခွင့်ရတော့မည်ထင်သည်။

'ဂျင်ကုန်ကပဲလား'

'အင်း'

'ကျောင်းသူထင်တယ်'

'အင်း'

'ကျွန်တော်က ကျောက်ဝိုင်းမှာ နေဖူးတယ်။ လိပ်စာတော့ မပြောပြတော့ဘူး။ လိုက်လည်မှာစိုးလို့။ အဟား··နောက်တာပါ။ အခု ကျွန်တော်က ကျိုက်ထိုမှာ ရောက်နေလို့လေ။ ဒါနဲ့ ညီမက ဘုရားဖူးသက်သက်ပဲလား'

'အင်း'

'ကျွန်တော်လည်း ဘုရားဖူးသက်သက်ပဲ။ ဘုရားလည်းဖူး လိပ်ဥလည်းတူးပေါ့။ ဟဲ··ဟဲ··တစ်မျိုးမထင်နဲ့နော်။ ဒေသန္တရဗဟုသုတတွေ ရှာမှီးတာကိုပြောတာ။ ညီမလည်း ဒီလိုပဲထင်ရဲ့'

'အင်း'

'ဟောဗျာ၊ စကားလည်း မပြောတတ်ပါလား။ တအင်းတည်း အင်းနေတော့တာပဲ'

'ဒါဆို ဘာပြောရမှာလဲ'

'နာမည်တို့၊ အသက်တို့၊ နေရပ်လိပ်စာတို့၊ ဖုန်းနံပါတ်တို့၊ facebook address တို့'

'မပြောပေါင်'

'ဟား··ဟား··ကျွန်တော်ကတော့ ပြောမှာပဲ။ ကျွန်တော့်နာမည်က ဘုန်းနေလင်း။ လောလောဆယ်တော့ ကျိုက်ထိုမှာပဲနေတယ်။ အသက်ကတော့ (၁၉)နှစ်က မတက်ဘူး။ ဟဲ··ဟဲ··ဂီတကို ဝါသနာပါတယ်။ အီလက်ထရွန်နစ်ပစ္စည်းတွေကိုမသုံးလို့ ဖုန်းတို့၊ ဖေ(စ်)ဘုတ်လိပ်စာတို့တော့ မရှိဘူး။ ယုံတယ်မဟုတ်လား'

'ရှိလည်း စိတ်မဝင်စားပါဘူးနော်'

'အဟား··ကျွန်တော်ကတော့ စိတ်ဝင်စားတယ်။ ဟိုညီမရဲ့ biography ကို ပြောတာလေ'

'ဟိုဘက်မှာ အိပ်ပျော်နေတာက ကျွန်မရဲ့ အစ်မနှစ်ယောက်ပဲ။ သူတို့ကိုမေးကြည့်'

'အမယ်လေးလေး··မလုပ်ပါနဲ့ဗျာ။ ပုံစံတွေကြည့်ရတာ ဒေါသကြီးမယ့်ပုံပဲ။ ကျွန်တော့်ကို ထရိုက်နေမှဖြင့်'

'ဟုတ်ပ၊ မလတ်က စိတ်ကြီးမှကြီး။ လက်သံလည်း ပြောင်မှပြောင်'

'လုပ်ကြံရက်လိုက်တာဗျာ။ ဒီက ခင်လို့မေးမိတာကို'

'မဟုတ်တာတွေမမေးဘဲ စိတ်ဝင်စားစရာကောင်းတာလေးတွေမေးပေါ့။ ဥပမာ–ကျွန်မတစ်ခုမေးပြမယ်။ နော်ရှုးနိုင်ငံရဲ့မြို့တော်က ဘာလဲ။ သိလား'

'ကျွန်တော်က တောသားဆိုတော့ မသိဘူးပဲထားဗျာ။ ဘာများလဲ'

'ဒီလောက်လွယ်တာကို။ နော်ရှုးနိုင်ငံရဲ့မြို့တော်က နော်ရှုးပဲပေါ့။ ဟွန်း··တောမှာနေနေ မြို့မှာနေနေ စာဖတ်ရင်သိနိုင်ပါတယ်နော်။ စာအုပ်များများဖတ်ပေါ့'

'သြော်··သြော်··ဟုတ်ပါပြီ။ ဒါဆို ကျိုက်ထီးရိုးတောင် ပတ်ဝန်းကျင်မှာ ဥစ္စာစောင့်သိုက်ပေါင်း ဘယ်နှစ်ခုရှိလဲ။ သိလား'

'ဘာကြီး။ ဥစ္စာစောင့်သိုက်၊ ဟုတ်လား။ ပေါက်တီးပေါက်ရှာ ဥစ္စာစောင့်ဆိုတာ တကယ်ရှိတာကျလို့'

'ရော်··တကယ်ရှိတာပေါ့ဗျ။ မရှိဘဲနဲ့ လူတွေက ပြောကြမလား'

'မသိဘူးတော်၊ ယုံလည်း ယုံဂူး'

'အဟာဟာ··မင်းက ကလေးလေးကျနေတာပဲ။ ကိုယ်ပြောပြမယ်။ ကျိုက်ထီးရိုးတောင် ပတ်ဝန်းကျင်မှာချည်းပဲသိုက်ပေါင်း(၂၀၀)ကျော်ရှိတယ်။ သိလား'

'အမယ်··ဘယ်လိုလုပ်သိတုံး။ ရမ်းတုတ်တာနေမှာပေါ့'

'မဟုတ်ရပါဘူးဗျာ။ ကိုယ်လည်း မနောမယဂမ္ဘီရဂျာနယ်မှာ ဖတ်ဖူးလို့သိတာ။ စာစုံအောင်ဖတ်ပေါ့'

'အမယ်လေးနော်။ စာစုံအောင်ပဲ ဖတ်ရဦးမယ်။ ဥစ္စာစောင့်ဆိုတာကို မြင်လည်းမမြင်ဖူးဘူး၊ ယုံလည်းမယုံဘူးကိုကြီးရဲ့'

'အဟားဟား··ဟုတ်ပါပြီ ညီမလေးရယ်။ ကိုကြီးမှားပါတယ်။ ကိုကြီးကို နာမည်လေးတော့ ပြောပြဦးလေ'

'ဆောင်းသိင်္ဂီတဲ့။ ဆောင်းရာသီမှာ ရွှေတွေဈေးတက်တုန်း မိဆောင်းကိုမွေးခဲ့လို့ ထင်ပါတယ်။ ဟိ'

'ညီမလေးနာမည်က ချစ်စရာလေးပဲ။ လူလေးအတိုင်းပေါ့'

'အဟင်း··ကျေးဇူး'

အရိုးကွဲမတတ် အေးစက်လှသည့် ဒီဇင်ဘာဆောင်းညလေးဟာ အခုတော့ သိပ်ကိုစိုပြည်နွေးထွေးသွားခဲ့သလိုပင်။



www.burmeseclassic.com

www.burmeseclassic.com

သူက အသက်လေးနှင့်မှ မလိုက်အောင် ဖောတတ် ရောတတ်သူတစ်ယောက်ဟု ကျွန်မကောက်ချက်ချမိသည်။ ဟုတ်လည်းဟုတ်၏။ သူနှင့်တွေ့ဆုံရသည့် အချိန်ခဏလေးအတွင်းမှာပဲ သူ့ကို ကျွန်မ ခင်မင်သွားမိသည်။ အခြားပုရိသများနှင့် စကားပြောလျှင် ရှက်ကိုးရှက်ကန်းနိုင်တတ်သည့် ကျွန်မဟာ သူနှင့်ကျတော့ ပေါ့ပေါ့ပါးပါး ဖြစ်နေ၏။ သူက ကျွန်မတစ်သက်တာအတွက် မေ့မရနိုင်သူများထဲတွင် စာရင်းဝင်သွားနိုင်လောက်အောင် အပြောကောင်း၊ အရောကောင်းသူတစ်ယောက်။ မြှောက်သည်၊ နောက်သည်၊ ဟာသများ၊ စိတ်ဝင်စားစရာ အကြောင်းအရာများပြောသည်။ သူ့အပြောများကြား လူးကာလိမ့်ကာမြောပါရင်း ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေခဲ့လိုက်တာ ချောက်ချားဖွယ်အသံတစ်သံကို ရုတ်တရက်ကြားလိုက်ရမှ ကျွန်မသတိဝင်လာပြီး ထိတ်လန့်သွားခဲ့ရ၏။

'ဖောင်'

'အမေ့··ဘာ··ဘာဖြစ်တာလဲ'

ကျွန်မက အထိတ်ထိတ်အလန့်လန့်မေးရင်း မှန်ပြတင်းမှနေ အပြင်သို့ ပြူးပြဲကာချောင်းကြည့်လိုက်တော့ မှောင်နှင့်မည်းမည်း။ သစ်ပင်တောကြီးကို မသဲမကွဲ တွေ့နေရသည်။ ကားက ဘရိတ်အုပ်သံ ကျီခနဲနှင့်အတူ လမ်းဘေးသို့ ထိုးရပ်သွားသည်။

'ဘာမှမကြောက်ပါနဲ့။ ကားဘီးပေါက်သွားတာထင်တယ်။ တော်သေးတာပေါ့။ လမ်းကွေ့မှာဆိုတော့ အရှိန်လျှော့ထားပေလို့'

သူက အေးဆေးစွာရှင်းပြသည်။ ပတ်ဝန်းကျင်မှလူများလည်း ထိုအခါမှ အိပ်ပျော်ရာက လန့်နိုးလာကြပုံရသည်။ တစ်ကားလုံး စကားသံများဖြင့် ဆူညံသွား၏။ စောစောက တိုးတိတ်ငြိမ်သက်သော ဆောင်းညအောက်၌ နှစ်ယောက်တည်း စကားဖောင်ဖွဲ့ခဲ့ရချိန်လေးကို ကျွန်မ နှမြောတသစွာ သတိရလိုက်မိသည်။

'မိဆောင်း··ကားဘီးပေါက်တာတဲ့။ နင်ကြောက်သွားသေးလား'

တစ်ချိန်လုံး အိပ်ပျော်နေခဲ့သည့်အစ်မလတ်က အခုမှ လန့်နိုးလာကာ ကျွန်မကို လှမ်းအားပေးရှာသည်။ သူကတော့ ကျွန်မကို တစ်ယောက်တည်း အထီးကျန်လျက် ကြောက်လန့်သွားလိမ့်မည်ဟု တွေးထင်ထားပုံရသည်။

အမျိုးသားများနှင့် ခပ်ကင်းကင်းနေတတ်သော သူမက ကျွန်မကိုလည်း နံဘေးမှ ကိုလူချောနှင့် အပေါင်းအဖော်လုပ်လိမ့်မည်မဟုတ်ဟု ယူဆထားပုံရ၏။ သို့သော်လည်း သူမ မသိသည်က ကျွန်မနှင့် ကိုလူချောတို့ ခင်မင်ရင်းနှီးနေကြပြီလေ။

'မကြောက်ပါဘူး၊ သမီးသိပါတယ်။ နောက်ပြီး ကျိုက်ထီးရိုးလမ်းကွေ့ထဲ ရောက်နေပြီဆိုတော့ ရောက်တော့မှာမဟုတ်လား'

'အမယ်··ငါ့ညီမလေးက မဆိုးပါဘူး။ အေး··အေး··ကားဘီးလဲမှာဆိုတော့ နည်းနည်းတော့ကြာဦးမှာပေါ့။ အိပ်နေတာ အကျိုးအရှိဆုံးပဲပေါ့'

အစ်မလတ်က ပြောလည်းပြော၊ သူ့စကားကို သူကိုယ်တိုင်လည်း လိုက်နာသည်။ ကျွန်မကို လက်ထောင်ပြကာ ထိုင်ခုံကို နောက်သို့ဆွဲလှန်ပြီး လှဲချလိုက်လေ၏။ သဘောမှာ ကင်ပွန်းစခန်းရောက်မှ သူ့ကိုနှိုးတော့ဟူ၍ အစ်မလတ်၏ စကားအတိုင်းပင် ကားဘီးလဲခြင်းအမှုမှာ အနည်းငယ်ကြာမြင့်ဦးမည့်ပုံရှိ၍ ခရီးသည်တချို့က အကျိုးရှိရှိ ဆက်လက်အိပ်စက်လျက်ရှိကြသလို အမျိုးသားတချို့တလေကလည်း ကားအောက်သို့ဆင်းကာ ဟိုဟိုသည်သည် စပ်စုလျှောက်လာကြသည်။

'စောစောကတစ်ယောက်က အစ်မအလတ်လား'

'အင်··ဟိုဘက်ကတစ်ယောက်က အစ်မကြီးလေ။ သူကတော့ စကားအရမ်းနည်းတယ်'

'စကားအများဆုံးကတော့ မင်းလေးပေါ့။ ဟုတ်တယ်ဟုတ်'

'ဟွန်း··တစ်လမ်းလုံး စကားအများဆုံးပြောလာတာ ဘယ်သူတုံး'

'ဟား··ဟား··ဟုတ်ကဲ့ပါခင်ဗျာ။ စကားအများဆုံးက ကျွန်တော်မျိုးကြီးပါ။ ဟူး··ကားဘီးလဲဦးမှာဆိုတော့ နည်းနည်းတော့ကြာမှာပဲ။ ဒီတော့ အောက်ဆင်းပြီး ဟဲလိုက်ဦးမယ်။ ညီမလေးကတော့ ကားပေါ်ကပဲ နားဆင်ပေါ့။ ကဲ··နောက်ကဘော်ဘော်တို့ ဒိုးကြစို့'

သူက ရော်ဘတ်ပက်တီဆင်(န်)၏ အမူအရာမျိုးဖြင့် အေးတိအေးစက်ရယ်ပြပြီး ထိုင်ရာမှထကာ (၅)ယောက်ခုံဆီသို့ လက်လှမ်းပုတ်လိုက်သည်။ ထိုအခါမှ ကျွန်မ အံ့အားသင့်ကာ နောက်ခုံဆီသို့ လှည့်ကြည့်မိသည့်အခါ မြင်တွေ့လိုက်ရသောအရာများကြောင့် မှင်တက်သွားခဲ့ရ၏။ (၅) ယောက်ခုံတန်းတွင် ကောင်လေးငါးယောက်က အတုံး

www.burmeseclassic.com

အရှုံးအိပ်လို့။ နောက်ခုံတွင် လူပါလာမှန်း ကျွန်မ လုံးဝ သတိမပြုမိခဲ့။

သူက ထိုကောင်လေးများကို ခပ်ဆတ်ဆတ် ပုတ်နှိုးလိုက်ပြီး-

'ဟိတ်ကောင်တွေ..ဟိုမှာ ကားဘီးပေါက်သံ မကြားဘူးလား။ ကားက ကြာဦးမှာ။ လာပါကွာ၊ အောက်ဆင်းပြီး သီချင်းလေးဟဲကြတာပေါ့။ နားဆင်မယ့်သူတွေ ရှိလို့ပါကွာ။ လာပါ'

သူက ကျွန်မဘက်သို့ မသိမသာ စောင်းငဲ့ကြည့်ကာ ဆိုလိုက်သည်။ သူ့အကြည့်ကြောင့်လား၊ သူ့အပြောကြောင့်လား၊ ဒါမှမဟုတ် နုငယ်သေးသော ကျွန်မ၏အသည်းရိုင်းလေးကပဲ ရင်ခုန်လွယ်လွန်း၍လား မပြောတတ် ရင်ထဲက ဖိုခနဲခံစားလိုက်ရသဖြင့် ခေါင်းငုံ့ကာ အလိုလိုပြုံးမိသည်။ သူကတော့ နံဘေးမှာ မရှိတော့ပါ။ သူငယ်ချင်းငါးယောက် ဂစ်တာတစ်လက်နှင့်အတူ ကားအောက်သို့ ဆင်းသွားလေပြီ။

'ဒီဇင်ဘာည××× အဖြူရောင်မြူနှင်းကြားမှာ×××'

ဂစ်တာသံချိုမြမြနှင့် သူတို့အဖွဲ့၏ အသံစူးရှရှတို့ပေါင်းစပ်ကာ ပေါ်ထွက်လာသော လင်းနစ်၏ ဒီဇင်ဘာသီချင်းသည် ကျွန်မအတွက် မမေ့နိုင်စရာ အမှတ်တရလေးတစ်ခုပါပင်။ အသံသြသြများကြား၌ သူ့အသံချိုချိုလေးက ထင်ထင်ရှားရှားကွဲထွက်နေ၏။

'ငါငိုနေဆဲ×××ယုံပါ ကောင်မလေးရယ်×××ပြန်ဆုံနိုင်မယ့် ကံကို ငါ တမ်းတတယ်×××'

သူက ကောင်မလေးရယ်ဆိုသော နေရာရောက်တိုင်း သိသိသာသာဖိဆိုနေ၍ ကျွန်မ စိတ်လှုပ်ရှားသထက် လှုပ်ရှားသွားခဲ့ရသည်။ သူဆိုလိုသောကောင်မလေးက ကျွန်မကိုများလား။ အသက်(၁၈)နှစ်ရောက်သည့်တိုင် အချစ်ဆိုသော အရာနှင့် တွေတွေဆိုင်ဆိုင်မကြုံတွေ့ဖူးသေးသဖြင့် အကြီးအကျယ်ရင်ခုန်နေမိတာ မှန်သလို တစ်ဖက်ကလည်း လူလိမ်လူညာများ ဖြစ်လေမလား၊ ခဏကလေးပဲ တွေ့ရသေးတာ။ သူ့အကြောင်းလည်း ငါ ဘာမှသိသေးတာမှမဟုတ်ဘဲ စသော အတွေးများကြောင့် သူ့အပေါ် ဖွတ်မိုက်ပြီး မချစ်ဝံ့သေးပေ။ သို့သော်လည်း သူ့သီချင်းသံလေးများကြားမှာ ကြည်နူးသာယာနေမိတာတော့ အမှန်။ ဟိုအတွေး သည်အတွေးများဖြင့် သူတို့ဆိုနေသည့် သီချင်းလေးကိုနားဆင်ရင်း ကျွန်မ မှေးခနဲ။

♦♦♦

'မိဆောင်း..ကင်ပွန်းစခန်း နီးပြီး ထတော့'

'အင်..ဘြော်..ဟုတ်..ဟုတ်'

မှေးခနဲအိပ်ပျော်သွားခဲ့ခြင်းဖြစ်သော်လည်း တစ်ရေးထပ်ရခဲ့ပြီ။ အစ်မလတ် လှမ်းပုတ်နှိုးလိုက်မှပဲ ကျွန်မ အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့ချိန်တွင် ကားကြီးက တရွေ့ရွေ့ ခရီးဆက်နေပြီ။ အိပ်ချင်မူးတူးဖြင့် ဝေဝါးနေသော မျက်လုံးများကို လက်နှစ်ဖက်နှင့် ခပ်ကြမ်းကြမ်းပွတ်သပ်လိုက်ရင်း ဦးနှောက်က တစ်စုံတစ်ခုကို သတိရသွားသည်။ သို့သော် အိပ်ချင်မူးတူးအသိကြောင့် ဘာကိုသတိရ၍ရမှန်းမသိ။

'ငါ ဘာကို သတိတရတွေးနေတာပါလိမ့်'

ခေါင်းကို နှစ်ချက်ခန့် (ခပ်ဖွဖွ)ထုရိုက်လိုက်ပြီး ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်သည့်အခါမှ သတိရနေမိသည့် တစ်စုံတစ်ရာက ဘာဆိုတာကို စဉ်းစားမိသွားတော့သည်။ ရှင်းရှင်းပြောရလျှင် တစ်စုံတစ်ရာမဟုတ်။ တစ်စုံတစ်ယောက် မိမိကို တစ်လမ်းလုံးကြူနေသည့် ကိုဘုန်းနေလင်းဆိုသောသူ။

'ဟင်..ဘယ်..ဘယ်ရောက်သွားတာလဲ'

စဉ်းစားမိသည်နှင့်တစ်ပြိုင်နက် နံဘေးသို့လှည့်ကြည့်မိတော့ သူ့ကိုမတွေ့ရ။ စိုးရိမ်တကြီးဖြင့် (၅)ယောက်ခုံဆီသို့ နောက်လှည့်ကြည့်မိတော့လည်း မည်သူမျှမရှိချေ။ မိမိ အိပ်ပျော်သွားသည့်အခိုက် သူတို့အုပ်စု ကျန်ရစ်ခဲ့ကြသလား။ သူတို့တစ်တွေ တစ်နေရာရာမှာ အပေါ့အပါးသွားနေတုန်း ကားထွက်လာတာများလား။ သူတို့တစ်ဖွဲ့လုံး အထူးသဖြင့် သူ့အတွက် ကျွန်မစိုးရိမ်သွားမိသည်။ သူတော့ အခုလောက်ဆို သစ်ပင်တစ်ပင်အောက်မှာ ကားတစ်စီးစီးကို ချမ်းချမ်းစီးစီးဖြင့် တားစီးနေရလောက်ပြီ။

'အစ်မလတ်..ကား ဘယ်တုန်းက ထွက်လာတာလဲ။ အခု ဘယ်ရောက်ပြီလဲ'

'ကားထွက်လာတာ မိနစ်(၂၀)လောက်ရှိပြီတဲ့ မကြီးပြောတာပဲ။ ငါလည်း ခုနကမှနိုးတာ။ အခု ဘယ်ရောက်ပြီလဲဆိုတော့ ဘြော်..ကင်ပွန်းစခန်းရောက်ဖို့ နည်းနည်းပဲလိုတော့တယ်'

အစ်မလတ်က ခပ်အေးအေးဖြေရင်း စောစောက သူခြုံထားသောစောင်ကို ခေါက်နေလေ၏။ အေးပေါ့..အပူအပင်မရှာတတ်သည့်သူ့အတွက် အရာရာဟာ အေးဆေးနေမှာပေါ့။ ကျွန်မမှာတော့ မဆီမဆိုင် ပူပန်နေရပြီမဟုတ်လား။

'ဒါဆို ပြန်လှည့်နိုင်းရကောင်းမလားမသိဘူး။ ပေး

www.burmeseclassic.com

ရပ်တဲ့နေရာမှာ အဖွဲ့တစ်ဖွဲ့ကျန်ခဲ့လို့'

ကျွန်မက စိုးရိမ်ပူပန်သည့်လေသံဖြင့် ထိုသို့ခပ်တိုးတိုး တိုင်ပင်လိုက်သည်။ ကျွန်မစကားကြောင့် အစ်မလတ်၏မျက်ခုံးနှစ်ဖက် အပေါ်သို့ မြောက်တက်သွားပြီး ချက်ချင်းပင် ကျွန်မဘက်သို့ ပြူးတူးပြဲတဲလှည့်ကြည့်ကာ သံသယမျက်လုံးများဖြင့် အကဲခတ်နေ၏။ ကျွန်မအပေါ် ဘယ်တော့မှ မယုံကြည်တတ်သည့်သူ့အတွက် သံသယဆိုသောအရာက မကြာ,မကြာ အလည်ရောက်လာစမြဲပဲလေ။

'ဟုတ်မှလည်းလုပ်ပါ မိဆောင်းရယ်။ နင်က အခုမှနိုးတာလေ။ လူတစ်ဖွဲ့ကျန်ခဲ့တယ်ဆိုတာကို နင် ဘယ်လိုလုပ် သိလဲ'

'ဩော်··မလတ်ရယ်၊ အဲဒါပဲ ပတ်ဝန်းကျင်လေ့လာမှု အားနည်းတယ်လို့ပြောရင် စိတ်ဆိုးဦးမယ်။ ညီမလေးကိုတော့ အမြဲတမ်းသံသယဝင်နေပြီး ကိုယ့်ကိုယ်ကိုယ်တော့ ဘာဖြစ်လို့သံသယမဝင်ရတာလဲ။ ညီမလေးပြောတဲ့ လူတစ်ဖွဲ့ဆိုတာ တခြားကတောင်မဟုတ်ဘူး၊ ဟောဒီနောက်ခုံက ငါးယောက်ရယ်၊ ဟောဒီ ညီမလေးဘေးထိုင်ခုံက တစ်ယောက်ရယ် စုစုပေါင်း လူခြောက်ယောက်တိတိ စောစောက ကားရပ်တဲ့နေရာမှာ ခဏဆင်းပြီး ကျန်နေခဲ့ကြတာ။ ဆင်းနေခဲ့တာများလား။ အာ··မဖြစ်နိုင်ပါဘူး။ သူက ဘုရားဖူးဖို့လာတာလို့ပြောတယ်။ ကျန်ခဲ့တာပဲနေမယ်'

'ဘာရယ်·· နေပါဦး,နေပါဦး။ ငါမရှင်းလို့ပါ။ လူခြောက်ယောက်၊ ဟုတ်လား။ ဘယ်နားက လူခြောက်ယောက်လဲ'

'ကျွတ်··မလတ်ကလည်း၊ အချိန်ကုန်အောင် လုပ်နေပြီ။ တော်ကြာ သူတို့တွေ ဒုက္ခရောက်နေဦးမယ်'

'ဘယ်သူတွေကို ပြောနေတာလဲ'

'ဟာ··ဒီဘေးက အစ်ကိုကြီးတို့အဖွဲ့ပါဆိုနေ။ ကားဆရာကို ပြောပေးလေ မလတ်ရယ်'

ကျွန်မစကားက အံ့ဩစရာမဟုတ်သလို မှုမှန်သောစကားများလည်းမဟုတ်။ သို့ပေမယ့် ကျွန်မ၏ စကားကြောင့် အစ်မလတ်သာမက အစ်မကြီးပါ မျက်လုံးပြူးသွားပြီ 'ဟဲ့···မိဆောင်း၊ နင် ဘာတွေပြောနေတာလဲ။ စောစောက အိပ်မက်,မက်တာကို တကယ်ထင်နေတာလား' ဟု ဝင်မေးလေသည်။

အစ်မလတ်ကလည်း 'အရူးမလေး··နင် ဘာတွေစိတ်ကူးယဉ်ပြီး လျှောက်ပြောနေတာလဲ' ဟူ၍ ဘုတောပြော၏။

သူတို့တစ်တွေက ကျွန်မစကားကို မယုံကြည်ကြရုံမက လှောင်ပြောင်နေကြသောကြောင့် ကျွန်မ ဒေါသထွက်သွားမိသည်။ ကိုကြီးတို့အဖွဲ့ ကျန်ရစ်ခဲ့သည့်အတွက် စိုးရိမ်စိတ်ဖြစ်နေသောကြောင့်လည်း ယခုကဲ့သို့ ပို၍ရှုံးရှုံးရှဲရှဲဖြစ်သွားရခြင်းဖြစ်မည်။

'မကြီးတို့နော်၊ သမီး စိတ်တိုလာပြီ။ ဘာဖြစ်နေကြတာလဲ။ သမီးပြောတာကို ဘာဖြစ်လို့ မယုံကြတာလဲ။ ဒီမှာ သမီးဘေးကလူ မပါလာတာ မတွေ့ဘူးလား။ လူတစ်ယောက်လုံး ပျောက်နေတာတောင် မကြီးတို့နှစ်ယောက်က သမီးကို သံသယဝင်နေကြတုန်းပဲလား'

ကျွန်မအမေးကြောင့် သူတို့နှစ်ယောက်၏မျက်လုံး ပြူးသထက် ပြူးသွားကြသည်။ ခရီးသွားကားကြီးက ကင်ပွန်းစခန်းဂိတ်တွင် ခဏရပ်ကာ ဂိတ်ကြေးပေးနေပြီ။

'မကြီးက သံသယဝင်ချင်လို့ ဝင်တာမှမဟုတ်ဘဲ မိဆောင်းရယ်။ စောစောကတည်းက အဲဒီထိုင်ခုံနှစ်ယောက်ထိုင်ခုံတစ်ခုံလုံးမှာ နင်တစ်ယောက်တည်းလေ'

'ဘာ'

'အေးလေ··မိဆောင်းရဲ့၊ ငါကတောင် နင်တစ်ယောက်တည်း ပျင်းနေမှာစိုးလို့ လှမ်းမေးသေးသားပဲ။ နင်က တစ်ယောက်တည်း ခေါင်းတညိတ်ညိတ်ဖြစ်နေတော့ ငါက နင် သီချင်းနားထောင်နေတယ်ဆိုပြီး စကားမပြောတော့တာ။ ဘယ်က နင့်ဘေးမှာ လူရှိရမှာလဲ'

'ဘယ်လို··မ··မဖြစ်နိုင်တာ။ သမီးဘေးမှာ လူတစ်ယောက် လာထိုင်တယ်လေ။ အသားဖြူဖြူ၊ ရုပ်ချောချောနဲ့ ကိုကြီးတစ်ယောက်။ သူ့နာမည်သူတောင် မိတ်ဆက်သွားသေးတယ်၊ ဘုန်းနေလင်းတဲ့။ နောက်ပြီး သူနဲ့အတူ ဘော်ဒါတွေလည်း ပါသေးတယ်။ ငါးယောက်တောင်။ သူတို့က နောက်ခုံမှာ ထိုင်နေကြတာလေ။ မကြီးတို့ မမြင်မိတာများလား'

'တော်ပါတော့ မိဆောင်းရယ်။ နင် အိပ်မက်,မက်နေတာပဲဖြစ်မယ်။ နောက်ခုံမှာ ဘယ်သူမှပါမလာဘူး'

'ဟာ··မကြီးတို့က တစ်ချိန်လုံးအိပ်နေကြတာကိုး။ ဒါကြောင့်မမြင်မိတာပဲနေမယ်။ သမီးနဲ့ တစ်ချိန်လုံးစကားပြောလာတဲ့ လူတစ်ယောက်ကို မရှိဘူးလို့တော့ အတင်းလာ မငြင်းနဲ့။ မရဘူး။ သမီး ခုပဲ ဧည့်လမ်းညွှန်ကို သွားမေးကြည့်မယ်'

'ဟဲ့··အိပ်တာက အလတ်မပါဟယ်၊ ငါ မအိပ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com

မိဆောင်းနှယ်..ဘာတွေလျှောက်ပြောနေပြန်လဲ မသိ'

'အာ..မသိဘူး၊ မသိဘူး။ မကြီးတို့ကို မယုံဘူး။ ဂိုက်(guide) ကိုပဲ မေးမယ်။ ခုမေးမယ်'

'အေး..အေးပါ မိဆောင်းရယ်။ ခဏနေစမ်းပါဦး။ ဟိုမှာ ကင်ပွန်းစခန်းဝင်းထဲကို ကားဝင်နေပြီ။ ကားရပ်မှပဲ မေးတော့'

အစ်မကြီးက ကျွန်မစကားကို မယုံသော်လည်း ဝူးဝူးဝါးဝါးဒေါသထွက်နေသည့်ကျွန်မကို လေပြည်လေးဖြင့် နှစ်သိမ့်လိုက်၍ ကျွန်မလည်း စိတ်ကိုထိန်းကာ ခဏထိုင်နေလိုက်သည်။ ယခုမှ ကျယ်ကျယ်လောင်လောင် သွားပြောနေလည်း ပိုထူးလာတော့မည်မဟုတ်။ ကားက ကင်ပွန်းစခန်းသို့ပင် ရောက်နေပြီမို့ သူတို့တစ်တွေလည်း သူတို့ဘာသာသူတို့ အဆင်ပြေသလို လာကြလိမ့်မည်ဟူ၍သာ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်လိုက်ရသည်။

သို့သော် ကျွန်မန်ဘေးတွင် လူတစ်ယောက်လုံး ရှိနေခဲ့လျက်သားနှင့် လူမရှိဟု ငြင်းချက်ထုတ်နေကြသော အစ်မနှစ်ယောက်ကို ကျွန်မ လုံးဝစိတ်မကြည်။ ဤကိစ္စကို သေချာအောင်ရှင်းရမည်။ ဧည့်လမ်းညွှန်ကို သက်သေခေါ်ကာ သူတို့နှစ်ဦး အိပ်ပုပ်ကြီးခဲ့သဖြင့် လူတစ်ဖွဲ့လုံးကို မမြင်မိသည့်အကြောင်း ဝန်ခံခိုင်းရမည်။ ကျွန်မဟာ လူဆိုးမလေးမဟုတ်ပေမယ့် မဟုတ်မခံစိတ်ရှိသူပီပီ ကျွန်မ မှန်သည်ထင်လျှင် ဖွတ်လုပ်ရမှ ကျေနပ်တတ်သူတစ်ယောက်မို့ ထိုကိစ္စလေးကို သည်အတိုင်း ကျော်မသွားနိုင်ခဲ့သောကြောင့် မကြာမီတွင် ကျွန်မ၏တစ်သက်တာလုံး အမှတ်ရစရာ အဖြစ်အပျက်ကြီးတစ်ခုကို ပြတ်ပြတ်သားသား သိရှိလိုက်ရတော့မည်ဆိုတာကို ထိုစဉ်က ကျွန်မ လုံးဝကြိုတင်မတွေးဆမိခဲ့။

'ဗျာ..လူတစ်ဖွဲ့ကျန်ခဲ့တယ်၊ ဟုတ်လား။ အစ်မလေးရယ်..ပြဿနာမရှာပါနဲ့ဗျာ။ လမ်းမှာ ဘယ်သူမှမကျန်ခဲ့ပါဘူး။ အဲဒီလို မကျီစယ်ပါနဲ့နော်'

'ရှင့်ကို မိဆောင်းက ကျီစယ်စရာလား။ အရေးထဲမှ လာနွှဲ့နေသေး။ ရှင် အပြစ်ဖြစ်မှာကြောက်ပြီး ကူလီကူမာတော့မလုပ်နဲ့။ မှန်မှန်ပြော။ လမ်းမှာ အမျိုးသားတစ်ဖွဲ့ ဂစ်တာတီးရင်း ကျန်ခဲ့ကြတယ် ဟုတ်'

'မဟုတ်ရပါဘူး အစ်မလေးရယ်။ ဘယ်သူမှ ဂစ်တာမတီးအားပါဘူး။ ဘယ်သူမှလည်း မကျန်ခဲ့ပါဘူး။ ကျန်ခဲ့ရင် ကျွန်တော် ပြဿနာတက်မှာပေါ့။ ဒါကြောင့် သေချာစစ်ဆေးပြီးမှ ကားထွက်လာတာပါ။ အစ်မလေး အမှတ်မှားတာပဲ ဖြစ်ပါလိမ့်မယ်'

'သြော်..ဒုက္ခပါပဲ၊ ရှင်ကပါ လူတစ်ဖွဲ့လုံးပါလာတာကို မပါဘူးပြောနေတယ်။ မိဆောင်း ဘာမှအမှတ်မမှားဘူး။ ဝေးဝေးကဆို မပြောပါဘူး။ ခုဟာက မိဆောင်းရဲ့ဘေးတင်။ မိဆောင်းဘေးကလူနဲ့ နောက်ဆုံးခုံက လူငါးယောက်စုစုပေါင်း လူခြောက်ယောက် ဂစ်တာတီးမယ်ဆိုပြီး အောက်ဆင်းသွားကြတာ။ မိဆောင်းလည်း သူတို့သီချင်းသံ နားထောင်ရင်း အိပ်ပျော်သွားရော။ အခုနိုးလာတော့ သူတို့ပါမလာကြဘူး။ ကဲ..အဲဒါ မိဆောင်းအမှတ်မှားတာဖြစ်မလား။ ရှင် ဗြောင်လိမ်တာပဲ ဖြစ်မှာပေါ့'

ကျွန်မက ဧည့်လမ်းညွှန်ကို အတင်းပြဿနာရှာသည်။ ဧည့်လမ်းညွှန်ခမျာလည်း ဘာပြော၍ပြောရမှန်းမသိ။ တဂျိဂျိနှင့် ခေါင်းကိုသာ တွင်တွင်ကုတ်နေ၏။

'မိဆောင်းရယ်..တော်ပါတော့။ နင် မရစ်စမ်းပါနဲ့။ နင်ကြိုက်တာမှန်သမျှ ငါဝယ်ပေးပါ့မယ်။ ခုလိုတော့ ပြဿနာမရှာစမ်းပါနဲ့'

'အေးလေ မိဆောင်းရာ၊ မကြီးဆို တစ်လမ်းလုံးမအိပ်ပါဘူး။ ဒါပေမဲ့ မိဆောင်းပြောတဲ့လူကို မကြီး လုံးဝမမြင်မိဘူး။ မိဆောင်း အတွေးလွန်သွားတာပဲဖြစ်မှာပါ'

'အို..သမီးရစ်နေတာမဟုတ်ဘူး။ ဘာမှလည်းအတွေးမလွန်ဘူး။ သူ လူလည်ကျတာကို သည်းမခံနိုင်လို့ ပြဿနာရှာနေရတာ။ ဘယ့်နှယ်..လူတစ်ဖွဲ့လုံးပါတာကို မပါလာဘူးတဲ့။ ရှင်မေ့ခဲ့လို့ ခုလိုဗြောင်လိမ်နေတာမဟုတ်လား။ ရှင့်ကို မန်နေဂျာနဲ့ တိုင်ရမယ်'

'ဟာ..မလုပ်ပါနဲ့ အစ်မလေးရယ်။ ဒါ ကျွန်တော်ရဲ့ ထမင်းအိုးအလုပ်ပါ။ အဲဒီလိုသာ အတိုင်ခံရရင် ကျွန်တော် သွားပြီ၊ အလုပ်ပြုတ်မှာဗျ။ မလုပ်ပါနဲ့။ ဒီ..ဒီမှာကြည့်ပါ။ အစ်မလေးတို့သုံးယောက်က နောက်ဆုံးခရီးသည်ပဲ။ အစ်မလေးတို့နောက်မှာ ဘယ်သူမှ ထပ်မဝယ်ထားဘူး။ ကြည့်ပါဗျာ။ ဒါ မူရင်းစာရွက်ပါ။ ကျွန်တော် မလိမ်ပါဘူး'

ကျွန်မ၏ခြိမ်းခြောက်စကားက ပိန်ပိန်သေးသေးနှင့် ဧည့်လမ်းညွှန်လေးကို ချောက်ချားသွားစေပုံရသည်။ အထပ်ထပ်အခါခါ တောင်းပန်ပြီး လက်ထဲမှစာရွက်ကို ကျွန်မတို့ဆီသို့ ထိုးပေးကာ ပြသည်။ သူပြောတာလည်း မမှား၊ ခုံနံပါတ်စာရွက်၌ ကျွန်မတို့သုံးယောက်က နောက်ဆုံးခရီးသည်များ။

'မ..မဖြစ်နိုင်တာ။ ဘယ်..ဘယ်လိုဖြစ်ရတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါ သွေးပျက်ထိတ်လန့်သွားခဲ့ရသူက ကျွန်မ။ စာရွက်ကိုဆုပ်ကိုင်ထားသည့် လက်နှစ်ဖက်ကလည်း ချောက်ချားမှုကြောင့် တဆတ်ဆတ်တုန်ယင်လို့။ ဤကိစ္စကိုတော့ သူလိမ်၍ရမည်မထင်။ ကားက နာမည်ရဘုရားဖူး ခရီးသွားကားဖြစ်သဖြင့် လမ်း၌ လက်မှတ်မပါသော ခရီးသည်ကို ဂိုက်၏သဘောဖြင့် ခေါ်တင်၍မရပါချေ။ ဤသို့ဆိုလျှင် ဘယ်လိုဖြစ်ရတာလဲ။ မိဆောင်း အိပ်မက်‚မက်ခဲ့တာလား။ ဒါမှမဟုတ် စိတ်ထင်ယောင်ထင်မှား ဖြစ်ခဲ့တာများလား။ မျက်ဝါးထင်ထင်သာမက စကားတို့ပါ ဖောင်ဖွဲ့ခဲ့ရသူတစ်ယောက်ကို အမှန်မရှိဟု လက်ခံလိုက်ရတော့မှာလား

ထိုစဉ်–

'ဟိတ်ကောင်လေး..ဘာတွေဖြစ်နေကြတာလဲ။ ခရီးသည်တွေက ဟိုမှာစောင့်နေကြပြီ။ နေရာချပေးလိုက်ဦးလေ'

အသက်(၅၀)ကျော်အရွယ် ဘကြီးတစ်ယောက် ကျွန်မတို့အနားသို့လျှောက်လာကာ ဧည့်လမ်းညွှန်ကို ထိုသို့ပြောလိုက်သည်။ ထိုအခါမှ ဧည့်လမ်းညွှန်လည်း ပင်လယ်ပြင်ဝယ် ကူကယ်ရာမဲ့နေခိုက် မဏိမေခလာနတ်သမီးကို ဘွားခနဲ တွေ့မြင်လိုက်ရသော လူယောက်ျားကဲ့သို့ ပြုံးရွှင်သွားခဲ့ပြီး–

'ဟာ..ဦးတိုးမောင်၊ ကျေးဇူးတင်လိုက်တာဗျာ။ လုပ်..လုပ်ပါဦး။ ဒီမှာ ရှင်းပေးပါဦး။ ကျွန်တော်ရှင်းမနိုင်တော့လို့'

'ဘာတွေဖြစ်နေလို့လဲ'

'ဒီက အစ်မတို့..ဒီဦးလေးကြီးက ကျွန်တော်တို့ရဲ့ကားဆရာပါ။ နောက်ပြီး ကျွန်တော်တို့အားလုံးရဲ့ သင်ဆရာဆိုလည်း မမှားပါဘူး။ သူက ကားအကြောင်းတင်မကဘူး၊ အခြားခရီးသွားအတွေ့အကြုံတွေလည်း အများကြီးရှိတဲ့သူမို့ သူ့ကိုပဲ မေးကြည့်လိုက်ကြပါနော်။ ကျွန်တော် ဟိုမှာသွားရှင်းလိုက်ဦးမယ်။ ခွင့်ပြုပါဦး'

ဧည့်လမ်းညွှန်က ကားဆရာကြီးကိုထိုးအပ်ကာ တစ်ဖက်သို့ ပြေးထွက်သွားလေသည်။

'သမီးတို့ ဘာဖြစ်လို့လဲ။ ဘာအခက်အခဲများရှိလို့လဲ'

'ဘာမှမဟုတ်ပါဘူး ဦးလေးရယ်။ ဒီမှာ ကျွန်မတို့ညီမလေး ဂျီကျနေတာပါ'

'သမီးဂျီကျနေတာမဟုတ်ဘူး မလတ်။ အစ်မတို့ မယုံမှန်းသိပေမယ့် သမီး‚သမီး တကယ်တွေ့ခဲ့ရတာ။ ဘာဖြစ်လို့ သမီးကို မယုံကြရတာလဲ။ အီး..ဟီး..ဟီး'

'ဟဲ့..မငိုနဲ့လေ ကောင်မစုတ်လေး။ ဟိုမှာ လူတွေရှိနေတယ်။ နင် မရှက်ဘူးလား'

'မရှက်ဘူး။ မကြီးတို့က သမီးကိုမှ မယုံကြဘဲ။ သမီးဘေးမှာ လူတစ်ယောက် တကယ်ရှိနေခဲ့တာ။ သမီးနဲ့သူ စကားတွေတောင် ပြောနေကြသေးတယ်။ သူ့နာမည်က ဘုန်းနေလင်းတဲ့။ သူက ကျိုက်ထိုမှာနေတာတဲ့။ နောက်ပြီး သူ့မှာ သူငယ်ချင်းငါးယောက်တောင် ပါသေးတယ်။ ဒီလောက်သေချာနေတဲ့ကိစ္စကို တကယ်မရှိခဲ့ဘူးလို့ သမီးဘယ်လိုလုပ်ယုံနိုင်မှာလဲ။ အဟင့်..ဟင့်'

'နေ..နေပါဦး တူမကြီးရဲ့။ ဘာ..ဘုန်းနေလင်း၊ ဟုတ်လား'

'ရှင်..ဟုတ်..ဟုတ်တယ် ဘကြီး။ ဘာ..ဘာဖြစ်လို့လဲ။ ဘကြီးသိလို့လား'

'သြော်..ဘုန်းနေလင်းကိုး။ အင်း..သိတယ်ဆိုပါတော့ တူမကြီးရယ်'

ကားဆရာဘကြီး၏ လေးလေးကန်ကန် ဖြေဆိုသံကြောင့် ကျွန်မ အငိုတိတ်ကာ နားစွင့်လိုက်ရင်း စိတ်ဝင်စားသွားခဲ့သည်။ နောက်ပြီး ကျွန်မစကားကို ယုံကြည်သူတစ်ဦးရှိနေသဖြင့် အားတက်သွားမိသည်။ အစ်မနှစ်ယောက်ကတော့ တစ်ချိန်လုံး သူတို့ မတွေ့မြင်ခဲ့ရသည့် လူတစ်ယောက်က အမှန်တကယ်ရှိနေခဲ့သည်ဟု သိလိုက်ရ၍ အလွန်အမင်း အံ့အားသင့်သွားကြပုံဖြင့် ပါးစပ်အဟောင်းသား။ ကားဆရာကြီးက သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချလိုက်ကာ ကွမ်းတံတွေးကို ဗျစ်ခနဲထွေးလိုက်ပြီး စကားဆက်လေ၏။

'ဟုတ်တယ်..တူမကြီး မြင်ခဲ့တယ်ဆိုတာ အိပ်မက် လည်း မဟုတ်ဘူး၊ စိတ်ကူးလည်း မဟုတ်ဘူး။ အဲဒါ တကယ်ပဲ။ ဘုန်းနေလင်းဆိုတာ တကယ်ရှိခဲ့ပုဂ္ဂိုလ်။ ဒါ

www.burmeseclassic.com

ပေမဲ့ လူတော့ မဟုတ်ဘူးကွယ့်'

'ဟယ်'

'ဘာရယ်··လူမဟုတ်ဘူး၊ ဟုတ်လား'

'ဟင်··လူမဟုတ်ဘူးဆိုတော့··'

'ဟုတ်တယ်၊ သူက ပရလောကသားတစ်ဦးပဲ။ တစ်နည်းပြောရရင် ဥစ္စာစောင့်ပါ။ သူက အဲဒီလိုပဲ နေရာလွတ်တဲ့ကားတွေပေါ်မှာ လိုက်ပါလာတတ်ပြီး သူနှစ်သက်တဲ့လူနဲ့ ဝင်ရောပြီး စကားပြောတတ်တယ်။ သူပါလာတဲ့ကားတိုင်းက အဲဒီလိုပဲ။ ကျိုက်ထီးရိုးလမ်းကွေ့နားမှာ ဘီးပေါက်တတ်တယ်။ အန္တရာယ်ဖြစ်လောက်တဲ့အထိတော့ သူ မလုပ်ပါဘူး။ သဘာဝကျကျ သူဆင်းသွားလို့ရအောင် ဖန်တီးတဲ့သဘောလောက်ပါပဲ။ ဘကြီးက ဒီလမ်းကြောကို ကားမောင်းလာတာ အခေါက်ပေါင်း မရေမတွက်နိုင်လောက်အောင်များတော့ ဒီနယ်တစ်ကြောက ထူးထူးဆန်းဆန်းကိစ္စတွေနဲ့လည်း အတော်အတန်ရင်းနှီးနေပြီပေါ့။ အင်း··ဘကြီးမောင်းတဲ့ကားကို သူ ခုလိုစီးတာ ဒါနဲ့ဆို ဆယ့်ရှစ်ခေါက်လောက်ရှိပြီ။ သူ ခိုးစီးတိုင်း ဘကြီးမှာ ပြဿနာရှင်းရစမြဲပဲ။ များသောအားဖြင့် သူက ဘုန်းနေလင်း၊ ဝေမိုးသွင်၊ ကျော်ဇော်လူဆိုတဲ့ နာမည်တွေနဲ့ ကောင်မလေးတွေကို ဝင်ရောတာ များတယ်။ စမောင်းတုန်းကတော့ ဘကြီးလည်း ဘယ်သိမလဲ။ နောက်တော့ ကိုယ့်ထက်ဝါကြီးတဲ့ ကားဆရာကြီးတွေ ပြောပြမှ ဒီလမ်းမှာ ဥစ္စာစောင့်တွေ ခုလိုကားခိုးစီးတတ်မှန်း သိတော့တာပေါ့။ ဘာမှမကြောက်နဲ့သမီး။ သူက ချစ်လို့ခင်လို့ နောက်ရုံပြောင်ရုံလောက်ပါ။ အသက်အန္တရာယ်ရှိအောင်တော့ ဘယ်တော့မှမလုပ်ပါဘူး။ ကဲ··ကဲ··စိတ်တည်ငြိမ်သွားအောင် ဟိုးတောင်ပေါ်မှာရှိတဲ့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ကြီးကို စိတ်မှန်းပြီး ပူဇော်ကန်တော့လိုက်။ အေးချမ်းသွားလိမ့်မယ်'

'ဟုတ်··ဟုတ်ကဲ့'

ဘကြီး၏ ဖြေရှင်းပြောပြချက်များအပေါ် တအံ့တသြနားဆင်နေမိသည့်ကျွန်မလည်း ထိုအခါမှပဲ ပတ်ဝန်းကျင်ကို သတိရကာ ကျိုက်ထီးရိုးတောင်ဆီသို့ မျက်နှာမူလိုက်ပြီး ကျိုက်ထီးရိုးစေတီတော်မြတ်ကို စိတ်၌ရည်စူး၍ လက်အုပ်မိုးကာ ရှိခိုးဦးခိုက်လိုက်သည်။ အမှန်ပါပဲ။ စောစောက တုန်လှုပ်ချောက်ချားနေသော စိတ်များသည် ချက်ချင်းဆိုသလို လွင့်ပြယ်သွားခဲ့ရပြီး စိတ်တည်ငြိမ်အေးချမ်းသွားခဲ့ရ၏။

ဘကြီးကတော့ ကျွန်မတို့အနားမှာ ရှိမနေတော့ပါ။ ခပ်လှမ်းလှမ်းတွင်ထိုင်ကာ ကွမ်းတမြုံ့မြုံ့ဝါးရင်း အဝေးသို့ ငေးကြည့်နေသည်။ သူခေါင်းထဲတွင်လည်း ဘုန်းနေလင်း တစ်ဖြစ်လဲ နာမည်သုံးလုံးနှင့် ဥစ္စာစောင့် ကိုကြီးအကြောင်းကို လေးလေးနက်နက် တွေးတောနေလေမလား။

'မယုံနိုင်စရာဘဲနော်။ တခြားလူတွေကသာ လာပြောကြည့် ငါကတော့ မယုံပါဘူးလို့ ပြန်ပြောမိမှာ သေချာတယ်။ ခုဟာက မိဆောင်းကိုယ်တိုင် ကြုံခဲ့ရတာဆိုတော့ ယုံရခက်ခက်ဟယ်'

'ဟုတ်ပ့ါ မကြီးရယ်၊ ဒီဘကြီး ကြည့်ရတာလည်း တည်တည်တံ့တံ့ရယ်ပါ။ မဟုတ်တာကို အဟုတ်လုပ်ပြောမယ့်ပုံ မရပါဘူး။ အံ့ပါရဲ့။ ဥစ္စာစောင့်ဆိုတာ တကယ်ရှိတာပေါ့နော်'

အစ်မနှစ်ယောက်၏ တအံ့တသြရေရွတ်ညည်းတွားသံများကို ကျွန်မ နားမစွင့်လိုတော့။

'သြော်··ကျီစားခဲ့တာတဲ့လား။ မိဆောင်းရဲ့နှလုံးသားမှာ စွဲမြဲတွယ်တာသွားမှာကိုတော့ ကိုကြီး ထည့်မစဉ်းစားခဲ့ဘူးနော်။ သက်မ,တစ်ချက်ကို နက်နက်ရှိုင်းရှိုင်း ပင့်သက်ရှိုက်ရင်း စိတ်သက်သာလိုသက်သာငြား ကျွန်မ ပတ်ဝန်းကျင်သို့ ဝေ့ဝဲကြည့်လိုက်မိ၏။ အချိန်က ည(၃)နာရီခွဲခန့်သာရှိသေးသည်မို့ အရာရာတိတ်ဆိတ်မှောင်မိုက်နေဆဲ။ ညသည် လမင်း၏ချော့မြူနှစ်သိမ့်မှုအောက်ဝယ် အေးချမ်းစွာ အိပ်စက်နေဆဲဖြစ်သည်။ ပတ်ဝန်းကျင်သို့ လှည့်ပတ်ကြည့်ရင်း ကျွန်မတွေးလိုက်မိသည်က လူအများ ပြောတတ်၊ ရေးတတ် ဖွဲ့နွဲ့တတ်ကြသည့် ည၏သင်္ကေတ။

ညဆိုတာ နက်ရှိုင်းသတဲ့။ မှောင်မိုက်အေးစက်သတဲ့။ လျှို့ဝှက်သိပ်သည်းသတဲ့။ အမည်းရောင်လွှင်ပြင်ကျယ်ကြီးတဲ့။ အမှောင်ကမ္ဘာလာကော်ဇောဖျာကြီးတဲ့။ အနက်ရောင်ညည့်နတ်သမီးတဲ့။ ညဟာ အမှန်တကယ်ပဲ လျှို့ဝှက်မှောင်မိုက်သလား၊ အမှန်တကယ် အေးစက်နက်နဲသတဲ့လား။

ဒါဆို ဘာလို့များ ဒီဇင်ဘာညတစ်ညမှာ အဖြူရောင်သံယောဇဉ်လှလှကို ကျွန်မ တွေ့မြင်ခဲ့ရပါလိမ့်။ မျက်စိနဲ့ ဒိဋ္ဌမြင်တွေ့ဖို့ မဖြစ်နိုင်ပေမယ့် နှလုံးသားနဲ့တော့ ခံစားသိရှိနိုင်တဲ့ ဖြူလွလွသံယောဇဉ်ကြိုးတစ်စကို အေးချမ်းလှပတဲ့ ဒီဇင်ဘာဆောင်းညတစ်ညမှာ ကျွန်မ သီချင်းတွေနဲ့အတူ ရင်ခုန်စွာ တွေ့ကြုံခဲ့ဖူးပါတယ်။

စေတနာရှေ့ထားလျက်

ဂါဦးနွေး[illegible]တို



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



# နီကြည်ကို နားဆွဲတစ်ဖက်

တဆတ်ဆတ်တုန်နေသောလက်ကြောင့် မစ္စက္ကရော့သည် သော့ပေါက်ကို အတော်နှင့်ဖွင့်မရ။ တံခါးပေါက်ဝတွင် ချထားသည့် နွားနို့ပုလင်း၏ လည်ပင်းတွင် ရေးထားသော အမှာစာ စာရွက်လေးနှင့် နွားနို့ပုလင်းပါ သူမ၏ ခြေထောက်နှင့် ထိလိုက်သောအခါ တုန်သွားသည်။ သူမသည် စိတ်ကို တည်ငြိမ်အောင်ထားပြီး သော့ကို ဖွင့်နေမိသည်။ ဒီတော့မှ သော့ကို အထက်အောက် ပြောင်းပြန်ဖွင့်မိမှန်း သိလိုက်ရသည်။

တံခါးကို အသံမမြည်အောင်ပိတ်ပြီး အိမ်ထဲကို ဝင်လာခဲ့သည်။ မစ္စက္ကရော့သည် အိမ်၏အရှင်သခင်ဖြစ်သော်လည်း တစ်စုံတစ်ယောက်နှင့်မျှ မျက်နှာချင်းမဆိုင်လို။ သူမ၏ ခင်ပွန်းနှင့် သာ၍မတွေ့လို။ သူမ၏ခင်ပွန်း ဂျိမ်း(စ်)ရော(လ်)သည် စာကြည့်ခန်းထဲတွင် အမြတ်တော်ကြေးကိစ္စအတွက် အလုပ်ရှုပ်နေသည်။ အခန်းထဲက မီးရောင်ကြောင့် ဂျိမ်း(စ်)ရော(လ်) ရှိနေသည်က သေချာသည်။ သူမသည် ခြေဖျားထောက်ပြီး စာကြည့်ခန်းအား ဖြတ်ကျော်လာကာ အိပ်ခန်းထဲသို့ ဝင်လိုက်သည်။

သူမသည် မှန်ရှေ့တွင်ထိုင်လိုက်ကာ ခေါင်းကို လက်နှစ်ဖက်နှင့်ကိုင်၍ ငိုင်နေမိသည်။ ထို့နောက် ရွှေရောင်လက်ဆွဲပိုက်ဆံအိတ်ကို မွှေနှောက်လိုက်သည်။ အိတ်ထဲမှ မိန်းမကိုင် ပစ္စတိုတစ်လက်နှင့် စာ(၁၀)စောင် ထွက်လာသည်။ ဒေါ်လာတစ်သောင်းက အိတ်ထဲတွင် ပါမလာတော့။ ဒေါ်လာတစ်သောင်းနှင့် ထိုစာ(၁၀)စောင်ကို လဲခဲ့ခြင်းဖြစ်သည်။

မစ္စက္ကရော့က စာများကိုကိုင်ရင်း တွေးနေမိသည်။

လွန်ခဲ့သော(၅)နှစ်ခန့် နွေဦးကာလကဖြစ်သည်။ သူမ၏ လက်ရှိခင်ပွန်း ဂျိမ်း(စ်)ရော(လ်)နှင့် မတွေ့မီ (၃)နှစ်ခန့်က ပင်လယ်ကမ်းခြေ မြို့ကလေးတစ်ခုရှိ ဟိုတယ်တစ်ခုတွင် အနားယူနေစဉ် ကာပင်တာဆိုသော လူငယ်ကလေးတစ်ဦးနှင့် ချစ်ကြိုးသွယ်ခဲ့ဖူးသည်။ သမီးရည်းစားတို့ ထုံးစံအတိုင်း တစ်ယောက်နှင့်တစ်ယောက် လူချင်းတွေ့၍ ချစ်

www.burmeseclassic.com

သည့်အကြောင်းများ သီကုံးဖွဲ့၍ မကုန်နိုင်ဘဲ စာနှင့်လည်း ရေး၍ အချစ်ဋ္ဌိကာ ဖွင့်ခဲ့ကြသည်။

သို့သော် ၎င်းစာများကို သိမ်းဆည်းထားသော ကာပင်တာဆိုသည့် အခွင့်အရေးသမားက ထိုစာများကို ယနေ့ အသုံးချလာသည်။ တစ်ချိန်က မစ္စကွတ္တရှေ့က ကာပင်တာထံသို့ ရေးသောစာများကို စာတိုက်မှ ပို့သည်မဟုတ်ဘဲ ဟိုတယ်အခန်းစောင့် ကောင်လေးများမှတစ်ဆင့် စာအိတ်ထဲ ထည့်ကာ ပို့ခြင်းဖြစ်သည်။ လိပ်စာလည်း တပ်လေ့မရှိသည့် အပြင်စာတွင် ရက်နှင့်လ,သာ ပါသည်။ ခုနှစ်လည်း ရေးမထား။ ဤအချက်က ကာပင်တာအတွက် အခွင့်အရေးကောင်း ဖြစ်သွားသည်။

တစ်ချိန်တစ်ခါက အချစ်ရေးကိစ္စတစ်ခုတွင် အရှုံးအမူး ဖြစ်ခဲ့သော မစ္စကွတ္တရှေ့သည် လက်ရှိအချိန်တွင် အလွန်နူးညံ့ သိမ်မွေ့သော၊ ဂုဏ်သရေရှိသော၊ ချမ်းသာကြွယ်ဝသော အိမ်ထောင်ရှင်အမျိုးသမီးတစ်ဦး ဖြစ်နေပေပြီ။

တစ်နေ့တွင် မစ္စကွတ္တရှေ့ထံသို့ ဖုန်းလာသည်။

'ကျွန်တော့်ကို မှတ်မိပါသလားခင်ဗျာ။ ကျွန်တော့်နာမည် ကာပင်တာပါ။ ကျွန်တော် ဒေါ်လာတစ်သောင်း လိုချင်ပါတယ်'

သူမသည် ဖုန်းကို ဆက်နားမထောင်တော့။ တယ်လီဖုန်းကို ပြန်တင်လိုက်သည်။ သို့သော် လက်မရုပ်မီ တယ်လီဖုန်းက မြည်လာပြန်သည်။

'ခင်ဗျားကလည်း စကားကိုဆုံးအောင် နားထောင်ပါဦး။ တယ်အလျှင်စလိုနိုင်တာကိုး။ ခင်ဗျား အရင်က ကျွန်တော့်ဆီကို ရေးထားတဲ့စာတွေ ပြန်မလိုချင်ဘူးလား'

သူမသည် ဒုတိယအကြိမ် ဖုန်းကို ပြန်ချလိုက်သည်။ တစ်ဖက်ကစကားကို လုံးဝနားမထောင်ချင်။ သို့သော် သန်းခေါင်လောက်တွင် ဖုန်းက မြည်လာပြန်သည်။ ကံအားလျော်စွာ ခင်ပွန်းဖြစ်သူ ဂျိမ်းက အနားတွင် ရှိမနေ။

'ကျွန်တော် ခင်ဗျားကို နောက်ဆုံးအခွင့်အရေးတစ်ခု ပေးမယ်။ ဒီနေ့ကစပြီး စာတစ်စောင်ပြီးတစ်စောင် ခင်ဗျား ခင်ပွန်းနာမည်နဲ့ ပို့လိုက်မယ်။ တစ်စောင်ဟာ ဒေါ်လာတစ်ထောင်တော့ တန်မယ်ထင်ပါတယ်နော်။ အဲဒါ မနက်ကို ခင်ဗျားခင်ပွန်းမနိုးခင် စာကို ခင်ဗျားရနိုင်အောင် ကြိုအသိပေးတာပဲ။ ဒါပေမဲ့ နောက်ရက်တွေမှာတော့ ခင်ဗျားခင်ပွန်း လက်ထဲရောက်အောင် ပို့ရလိမ့်မယ်။ သေသေချာချာ စဉ်းစားပါ။ မနက်ဖြန် မနက်(၁၁)နာရီလောက် ကျွန်တော့်ဆီ ဖုန်းဆက်ပါ'

ဖုန်းနံပါတ်တစ်ခု ပေး၍ ဖုန်းချသွားသည်။

မစ္စကွတ္တရှေ့သည် တစ်ညလုံး အိပ်မပျော်တော့။ မိုးမြန်မြန်လင်းအောင်သာ မျှော်လင့်နေတော့သည်။ မနက်လင်းသောအခါ ညက ဖုန်းဆက်ထားသည့်အတိုင်း စာများက သူ့လက်ထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်။

သူမ၏လက်ရေးများက ယခုလက်ရေးနှင့် ဘာမှမခြားနား။ စာသားများကိုလည်း ပီပီပြင်ပြင်မှတ်မိနေသည်။ လွန်ခဲ့သော(၅)နှစ်ခန့်က ရေးခဲ့သောစာများဟု သက်သေပြရန် မရှိ။ ရက်စွဲက လွန်ခဲ့သောရက်ပိုင်းလောက်ကနှစ်ကိုမှ ယခုနှစ်ဟု ရေးထားသည်။ စာရွက်က မီးခိုးရောင်ဖြစ်၍ စာအဟောင်းဖြစ်မှန်း ခွဲခြားမရ။ အခြားသူများသာ မြင်သွားပါက သူမသည် အိမ်ထောင်ရေးဖောက်ပြန်သူဟု မလွဲမသွေ ယူဆသွားနိုင်သည်။ ယခင်က လနှင့်ရက်သာ ရေးထားခဲ့မိသော သူမ၏ အားနည်းချက်ကို အခွင့်အရေးသမား ကာပင်တာက အသုံးချလိုက်ခြင်းဖြစ်သည်။

သူမက (၁၁)နာရီချိန်းဆိုထားသည့်အသံကို ကြိတ်မှိတ်၍ စောင့်နေလိုက်သည်။

'ကောင်းပါပြီ။ ရှင့်အစီအစဉ်အတိုင်း ဘယ်နေ့၊ ဘယ်ရက် ဘယ်ကိုလာရမလဲဆိုတာသာ ကျွန်မကို ပြောပါ'

မစ္စကွတ္တရှေ့သည် ချိန်းဆိုထားသည့်နေရာသို့ သူမကိုယ်ပိုင်ငွေထဲမှ ဒေါ်လာတစ်သောင်းတိတိ ထုတ်ယူ၍ ပေးခဲ့ပြီး ဖြစ်သည်။ စာ(၁၀)စောင်လည်း သူမလက်ဝယ်သို့ ရောက်ရှိ နေပေပြီ။ သူမသည် ခင်ပွန်းသည်မသိဘဲ စွန့်စားမှုတစ်ရပ်ကို လုပ်ခဲ့ရသောကြောင့် စိတ်ပင်ပန်း လူပင်ပန်း ဖြစ်သွားသည်။

သူမ၏ အိပ်ခန်းထဲတွင် မီးဖိုရှိသည်။ ၎င်းမီးဖိုထဲသို့ စာများကို တစ်ခုချင်း ထည့်လိုက်သည်။ စာများအားလုံး ပြာကျသွားသောအခါ ဖော်ပြ၍မစွမ်းနိုင်သော ဝမ်းသာခြင်း မျိုး သူခံစားလိုက်ရသည်။ သူမသည် ရွှေရောင်အကျီ ဇစ်ဖြုတ်ပြီး ချွတ်လိုက်သည်။ ပြီးမှ ရတနာသေတ္တာက ကိုယူ၍ စိန်ခါးပတ်၊ စိန်လက်စွပ်၊ စိန်လည်တုံနှင့် နားဆွဲတို့ကို တစ်ခုစီချွတ်ယူပြီး သူ့အကန့်နှင့်သူ ထည့်လိုက် သည်။

သို့သော် သူမ၏ ဘယ်ဘက်နားဆွဲကို ချွတ်လိုက်သော အခါတွင်မူ လက်ထဲတွင် နားဆွဲပါမလာချေ။ တစ်နေ့ ကျွတ်ကျန်ရစ်ခဲ့ကြောင်း သူမ တွေးလိုက်မိသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com

လှုပ်သွားသည်။ အခန်းအနံ့ရှာသော်လည်း မတွေ့။

သူမ၏နားဆွဲသည် ခင်ပွန်းဖြစ်သူ ဂျိမ်းကိုယ်တိုင် အမြတ်တနိုးပြုလုပ်ပေးထားသော နားဆွဲဖြစ်သည်။ နားဆွဲ၏ နားကိုကပ်စေသော မောင်းလေးတစ်ခုမှာ ပျော့နေသောကြောင့် ပြင်ပေးမည်ဟု ဂျိမ်းက သူမကို မကြာခဏပြောဖူးသည်။ သူမ၏ စိန်နားဆွဲသည် ကာပင်တာထံ ငွေများသွားပေးစဉ်က ကျန်ရစ်လိမ့်မည်ဟု သူတွေးမိလိုက်သည်။ ကာပင်တာက ငွေများကိုရေတွက်ပြီး သူမ၏မေးစေ့ကို လက်ဖြင့် မ,တင်ရန် ကြိုးစားလိုက်သဖြင့် သူမက ခေါင်းကို ဆတ်ခနဲလှည့်ကာ ပြန်ထွက်လိုက်ခြင်းကြောင့် ထိုနေရာတွင် ကျကောင်းကျနေမည်ဟု သူမ တွေးလိုက်သည်။

မစ္စက္ကရော့အနေဖြင့် ထိုနားဆွဲကို ပြန်ရမှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ လွန်ခဲ့သော(၅)နှစ်ခန့်က ရေးခဲ့သော စာများကို ခုတုံးလုပ်၍ ငွေညှစ်သူသည် ယခုလို စိန်နားဆွဲကိုရထားပါက ပြောဖွယ်ရာမရှိတော့ဟု သူမ ထင်လိုက်သည်။

အချိန်ကြာ၍မဖြစ်။ ဂျိမ်း၏စာကြည့်ခန်းကို လှမ်းကြည့်လိုက်သည်။ မီးလင်းနေသေးသည်။ သူမကို ပေးထားသော ဖုန်းနံပါတ်တစ်ခုကို လှည့်လိုက်သည်။ ကာပင်တာ စိန်နားဆွဲကို လုံးဝမတွေ့ကြောင်း တွင်တွင်ငြင်းနေသည်။ ဤစိန်နားဆွဲသာ သူ့ထံတွင် ကျန်ရစ်ခဲ့ပါက မစ္စက္ကရော့အနေနှင့် တော်တော်အခက်ကြုံရမည်ဖြစ်သည်။

♦ ♦ ♦

သူမသည် အဝတ်အစား ကမန်းကတန်းလဲကာ ကိုင်နေကျ သေနတ်လေးကို အိတ်ထဲထည့်ပြီး အခန်းထဲက ထွက်လိုက်သည်။ အိမ်တံခါးဝကိုစေ့၍ ထွက်လိုက်သည်နှင့် နို့ပုလင်းနှင့် စက္ကူလိပ်ကလေးမှာ တံခါးဝတွင် ဝတ္တရားမပျက်။

အပြင်ရောက်သည်နှင့် ‘တက္ကစီတစ်စီးကို ခေါ်လိုက်ကာ ယာဉ်မောင်းအား ကာပင်တာ၏လိပ်စာကို ပြောလိုက်သည်။ ကာပင်တာ၏အခန်းက မီးလင်းနေသေးသည်။ အိပ်ဟန်မတူသေး။

မစ္စက္ကရော့က တက္ကစီမောင်းသူအား-

‘ရှင့်မှာ နာရီပါသလားရှင့်’

‘ဟုတ်ကဲ့၊ ပါပါတယ်ခင်ဗျာ’

‘ကျွန်မကို တစ်ခုလောက်ကူညီပါရှင်။ ကျွန်မ အပေါ်ကို တက်သွားလို့ (၁၀)မိနစ်လောက်ကြာတဲ့အထိ ပြန်ဆင်းမလာရင် လိုက်တက်ခဲ့ပါ။ အပေါ်ထပ်မှာ မစ္စတာကာပင်တာဆိုတဲ့ ဆိုင်းဘုတ်ကလေး ချိတ်ထားတဲ့အခန်းမှာ တဆိတ်လောက် လာခေါ်ပါရှင်။ ကျွန်မက စကားပြောရင် အချိန်လွန်တတ်တာမျိုးမို့ ကျွန်မကို ကူညီပါရှင်’

‘ဟုတ်ကဲ့ခင်ဗျ။ (၁၀)မိနစ်နော်’

သူမသည် အပေါ်ထပ်သို့ ခပ်သုတ်သုတ်တက်သွားပြီး အခန်းတံခါးကို ခေါက်လိုက်သည်။ သုံး,လေးကြိမ်ခေါက်သည့်တိုင် အတွင်းမှ ပြန်လည်တုံ့ပြန်သံ မကြားရ။ တံခါးကို တွန်းလိုက်ရာ အခန်းတံခါးပွင့်သွားသည်။ ကာပင်တာက သေနတ်ဖြင့်ချိန်ကာ စောင့်ကောင်းစောင့်နေမည်။ သို့သော် ဧည့်ခန်းထဲတွင် မည်သူမျှမရှိ။ အိပ်ခန်းက မှောင်နေသည်။ အိပ်ခန်းထဲတွင် ရှိကောင်းရှိမည်။ ထိုကိစ္စက အရေးမကြီး။ သူမ၏နားဆွဲ ရဖို့က အဓိကဖြစ်သည်။

သူမက ကာပင်တာနှင့် စကားပြောသောနေရာ၊ ငွေပေးသောနေရာများကို မျက်စိကစားလိုက်သည်။ ဆိုဖာခုံများ၊ စားပွဲများနှင့် အခန်းထောင့်နေရာများကို လက်နှင့် စမ်းသပ်လိုက်သည်။

ရုတ်တရက် လန့်မအော်မိစေရန် သူမ သတိထားလိုက်သည်။ ဆိုဖာတစ်လုံးနောက်တွင် ပက်လက်အနေအထားဖြင့် သူ လဲကျနေသည်။ လက်နှစ်ဖက်မှာ ဘေးသို့ကျနေပြီး အပေါ်ကုတ်အင်္ကျီပွင့်နေကာ ရင်ဘတ်နေရာ အင်္ကျီအဖြူပေါ်တွင် သွေးကွက်ကြီးက အထင်းသားပေါ်နေသည်။ သေနတ်က ခပ်လှမ်းလှမ်းတွင် ရှိနေသည်။

သူမအတွက် စိန်နားဆွဲ ရရေးက အဓိကဖြစ်၍ တစ်သက်နှင့်တစ်ကိုယ် တစ်ခါဖူးမျှ စိတ်မကူးခဲ့ဖူးသော လူသေအလောင်းပေါ်မှကုန်း၍ အိတ်များကို ရှာဖွေလိုက်သည်။ အိတ်များထဲမှာ မတွေ့သည့်အပြင် မကြာသေးမီက ပေးထားသော ဒေါ်လာတစ်သောင်းကိုလည်း မတွေ့ရ။ သူ၏အသားက အေးစက်နေသည်။ လွန်ခဲ့သော(၁)နာရီခန့်အတွင်းက အသတ်ခံခဲ့ရပုံရသည်။

သူမ၏စိတ်ထဲတွင် မသိုးမသန့်ဖြစ်လာသည်။ အိပ်ခန်းအတွင်းမှ အသံတစ်ခုလိုလို၊ အသက်ရှူသံလိုလို ကြားမိလိုက်သည်။ တစ်စုံတစ်ယောက်က သူမအနားကို လာရပ်နေသလို ခံစားမိသည်။ မမျှော်လင့်သောဒုက္ခမှ လွတ်မြောက်နိုင်ရန် မပြေးရုံတစ်မည် အပေါက်ဝကို ထွက်ခဲ့သည်။

အပေါက်ဝသို့ ရောက်လုနီးတွင် သူမ၏နောက်မှ ‘မပြေးနဲ့’ ဟူသော အသံနှင့်အတူ သေနတ်ကိုင်ထားသူတ



www.burmeseclassic.com

www.burmeseclassic.com

ဦးက စောင့်ကြို့နေသည်။

သူမသည် ထွက်ပေါက်ဝတံခါးကို နောက်ကျောပေး၍ ယောင်ပြီးရပ်နေလိုက်သည်။ သေနတ်က သူမ၏ ရင်ဝတည့်တည့်ကို ချိန်ထားသည်။

'ဒီလိုလုပ်လို့ ဘယ်ရပါ့မလဲ။ ဘယ်မှာလဲ ခင်ဗျားပေးမယ့်ငွေတွေ'

'ကျွန်မ သူ့ကို ပေးခဲ့ပြီးပြီ'

'ဒီလိုလား။ ကျွန်တော်က သူ့ကို ကောင်းကောင်းမွန်မွန်တောင်းပါတယ်။ ဒါပေမဲ့ သူက ကျွန်တော့်ကို ကျည်ဆန်နဲ့ တုံ့ပြန်လို့ ကျွန်တော် သူ့ကို ကျည်ဆန်လက်ဆောင်ပြန်ပေးလိုက်တာပါ'

ထိုအချိန်တွင် လူခေါ်ခေါင်းလောင်းသံ စူးစူးရှရှမြည်လာသည်။ နှစ်ဦးစလုံး လန့်သွားကြသည်။ မစ္စတ္တာရှော့မှာထားသော ကားဒရိုင်ဘာက (၁၀)မိနစ်ပြည့်၍ အပေါ်တက်လာခြင်းဖြစ်ကြောင်း သတိရလိုက်သည်။ သေနတ်နှင့်လူမှာ ခေါင်းလောင်းသံကြောင့် အာရုံပြောင်းသွားသည်။ အခွင့်ကောင်းကိုယူ၍ သူမသည် တံခါးကိုဆွဲဖွင့်ကာ လှေကားတစ်လျှောက် ရုတ်တရက် ပြေးဆင်းသွားသည်။ နောက်က သေနတ်သံတစ်ချက် ကြားရသော်လည်း သူမက လှေကားတစ်ဆစ်ချိုးကို ရောက်နေသောကြောင့် ဘာမှမဖြစ်လိုက်ပေ။

သူမသည် တက္ကစီကားပေါ်သို့ အပြေးအလွှားတက်ကာ အိမ်သို့ပြန်ခဲ့သည်။ တက္ကစီကားမောင်းသူလည်း ရိပ်မိဟန်မရှိချေ။ ခင်ပွန်းဖြစ်သူ ဂျိမ်းက နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျနေသည်။ မစ္စတ္တာရှော့သည် အိပ်ရာထဲသို့ တိတ်တိတ်ဆိတ်ဆိတ်ပင် ဝင်ခဲ့သည်။ ယနေ့အဖို့ သူမအတွက် ထိတ်လန့်စရာတွေချည်းမို့ ပင်ပန်းနွမ်းနယ်နေသည်။ စိန်နားဆွဲ မရလျှင် နေပါစေတော့။ နားဆွဲပျောက်မှုသည် လူသတ်မှုနှင့်စာလျှင် များစွာသေးနုပ်သောကြောင့်ဖြစ်သည်။ သူမ၏မျက်စိထဲတွင် သူ့ကို သေနတ်နှင့်ချိန်ထားသော လူသတ်သမား၏ရုပ်သာ ပေါ်နေသည်။

ကာပင်တာအား သတ်သူကို သူမတစ်ဦးတည်းသာ မျက် မြင်သက်သေရှိသောကြောင့် လူသတ်သမားသည် မည်သည့်နည်းနှင့်မျှ သူ့ကို ချမ်းသာပေးလိမ့်မည်မဟုတ်ဟု သူ ယုံကြည်နေသည်။

◆◆◆

'လက်ဖတင်နင်ဝီ(လ်) ဟုတ်ပါသလားရှင်'

'ဟုတ်ပါတယ်'

'ကျွန်မ ရှင်တို့အတွက် အကျိုးရှိမယ့်သတင်းတစ်ခု ပေးချင်လို့ပါ။ ဒါပေမဲ့ အဲဒီသတင်းကို ရှင်တို့ အထူးလျှို့ဝှက်ထားရမယ့်အပြင် အဲဒီအရှုပ်အရှင်းထဲမှာ ကျွန်မနာမည် တစ်စွန်းတစ်စမှ မပါရအောင် ရှင်တို့ တာဝန်ယူရမယ်'

'နေပါဦး၊ ခင်ဗျားပြောမယ့်သတင်းက ကျွန်တော်တို့ စိတ်ဝင်စားနိုင်မယ့်သတင်း ဖြစ်ပါ့မလား'

'ရှင် တာဝန်ကျနယ်မြေထဲမှာ ဖြစ်တဲ့ကိစ္စမို့ ရှင်စိတ်ဝင်စားမယ် ထင်ပါတယ်။ အကယ်၍ ကျွန်မက ရှင်တို့ အကူအညီလိုရင်ရော ပေးနိုင်ပါ့မလား'

'ပေးနိုင်ပါတယ်။ ကျွန်တော်တို့အပိုင် မဟုတ်သည့်တိုင် ကျွန်တော်ကတစ်ဆင့် အကူအညီတောင်းနိုင်ပါတယ်'

'ဒါပေမဲ့ ကျွန်မတောင်းထားတဲ့ ကတိကိုတော့ ရှင်တို့ မဖောက်ဖျက်ရဘူးနော်'

'စိတ်ချပါ။ ကျွန်တော် ရဲအရာရှိတစ်ဦးအနေနဲ့ရော ယောကျ်ားတစ်ယောက်အနေနဲ့ပါ ကတိပေးပါတယ်'

မစ္စတ္တာရှော့က လွန်ခဲ့သော(၅)နှစ်ခန့်က ဓာတ်လမ်း အကြောင်း၊ စာများအကြောင်း၊ ကာပင်တာက ငွေတောင်း သည့်အကြောင်းနှင့် သူငွေသွားပေးသည့်အကြောင်းများ ပြော ပြလိုက်သည်။

'ကျွန်မ လုံခြုံမှုအတွက် ကျွန်မကိုင်နေကျ သေနတ်ကို ယူသွားတယ်။ ကျွန်မ ဒီသေနတ်ကို အသုံးပြုတယ်,မပြု ဘူးဆိုတာ ဒီမှာကြည့်ပါ'

ရဲအရာရှိ ဝီ(လ်)သည် သေနတ်ကို ဆ,ကြည့်ရင်း

'ကာပင်တာရဲ့ကိုယ်ထဲက ခွဲထုတ်ယူထားတဲ့ ကျည်ဆံ ခွံက လေးဆယ့်ငါးသေနတ်မျိုးပဲ။ အခုသေနတ်က ေ ဆယ့်ငါးရဲ့မြေးလောက် ရှိတာပဲ'

မစ္စတ္တာရှော့က ကာပင်တာထံ ဒုတိယအကြိမ်သွား ခြင်းအကြောင်းကို ရှင်းပြလိုက်သည်။

'နောက်တစ်ကြိမ် အဲဒီလူကိုမြင်ရင် မှတ်မိပါ့မလာ

'သိပ်မှတ်မိတာပေါ့ရှင်။ ကျွန်မမျက်စိထဲမှာ အဲဒီလူ အလွတ်ရနေတာပဲ'

'ခင်ဗျားကိုချိန်တဲ့ သေနတ်ကိုရော သေသေချာ မှတ်မိရဲ့လား'

'မှတ်မိပါတယ်'

'အဲဒီတုန်းက ခင်ဗျား ကြောက်နေတာပဲ။ သေ ချာချာ မှတ်မိပါတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား။ ဒီမှ ပါဦး'



www.burmeseclassic.com

www.burmeseclassic.com

ဝီ(လ်)က အံဆွဲကိုဖွင့်လိုက်၍ သေနတ်တစ်လက်ကို ထုတ်ပြသည်။

'ဒါဟာ လေးဆယ့်ငါးသေနတ်ပဲ။ ဒီသေနတ်နဲ့ သူကိုင်တဲ့သေနတ် တူရဲ့လား'

'မတူဘူး။ သူကိုင်တာ ကြီးပြီး လေးပုံရတယ်'

'မဟုတ်ပါဘူး။ ဒါ လေးဆယ့်ငါးသေနတ်ပဲ။ သေသေချာချာကြည့်ပါဦး'

သူမက ခေါင်းကို တွင်တွင်ခါသည်။

ဝီ(လ်)သည် ပထမသေနတ်ကို အံဆွဲထဲ ပြန်ထည့်လိုက်ပြီး ဒုတိယသေနတ်တစ်လက်ကို ထုတ်ပြသည်။

'အဲဒီလူကိုင်တာ ဒီသေနတ်မျိုးပဲ'

ဝီ(လ်)က သေနတ်ကို အံဆွဲထဲ ပြန်ထည့်ပြီး ကျေကျေနပ်နပ် ပြုံးလိုက်သည်။

'ခင်ဗျားဟာ အလွန်တော်တဲ့သက်သေတစ်ယောက်ပါပဲ။ ပထမသေနတ်က ပွိုင့်သုံးဆယ့်ရှစ်၊ ဒုတိယသေနတ်က ပွိုင့်လေးဆယ့်ငါး၊ ခင်ဗျား မှန်တယ်'

ဝီ(လ်)သည် ရာဇဝင်လူဆိုးဓာတ်ပုံများနှင့် ခေတ္တအလုပ်ရှုပ်နေပြီး သူမအား ဓာတ်ပုံတစ်ပုံထုတ်ပြသည်။ ထိုပုံအား မမှတ်မိနိုင်စရာမရှိ။ သူမ အလွတ်ရနေသောပုံဖြစ်သည်။ နာမည်က ဆိုနီဘွိုင်းနယ်ဆင်။ လူသတ်မှုသုံးမှုဖြင့် ရဲက အလိုရှိနေသူ။

ဝီ(လ်)က သူမ၏ယောကျ်ားကို အဖြစ်မှန်ပြောပြရန် တိုက်တွန်းသော်လည်း သူမက တွင်တွင်သာငြင်းနေသည်။ မည်သည့်အကြောင်းပြချက်နှင့်မျှ သူမ၏ခင်ပွန်းကို မသိစေလို။ သူမအပေါ် အထင်လွဲမှာ အရမ်းစိုးရိမ်နေသည်။

'ဒီအမှုကို ကျွန်တော်တို့ ဆက်မလိုက်ရင် ဒီလူသတ်ကောင်ကိုဖမ်းဖို့ ခက်လိမ့်မယ်။ အဲဒီတော့ ကူညီလက်စနဲ့ ကူညီပါဦး'

'ကျွန်မရဲ့ ဂုဏ်သိက္ခာကို မထိခိုက်ဘူး၊ ကျွန်မခင်ပွန်းမရိပ်မိဘူးဆိုရင်ပေါ့'

'ခင်ဗျားသွားလည်နေကျအိမ်မျိုး၊ ဥပမာ-သူငယ်ချင်းတစ်ယောက်ယောက်အိမ် သွားတာမျိုး ရှိသလား'

'ရှိပါတယ်။ အဲဒါက..'

◆◆◆

ဂျိမ်းသည် သူမ၏ လူမှုရေးအရ သွားလာကူညီမှု၊ အလှူအတန်းပေးမှုများကို ပိတ်ပင်လေ့မရှိ။

သူမမိတ်ဆွေ မစ္စစ်စကင်လင်သည် တစ်ယောက်တည်း နေသည်။ နွမ်းပါးသည်။ သူမထံသို့ မကြာခဏသွားတတ်သည်။ လိုအပ်သည်များကို ပေးကမ်းတတ်သည်။

တစ်ညနေတွင် ထိုအိမ်သို့ သူမ ထွက်လာသည်။ မစ္စစ်စကင်လင်၏ အိမ်လှေကားထိပ်သို့ ရောက်သောအခါ မှောင်နေသောကြောင့် လက်နှိပ်ဓာတ်မီး အသေးလေးကိုထုတ်ကာ ထိုးလိုက်သည်။

'မစ္စက္ကရော့..မီးကို ဒီဘက် မထိုးပါနဲ့'

ရဲအရာရှိ ဝီ(လ်)၏ အသံက အမှောင်ထဲက ထွက်လာသည်။ သူမက ပထမတော့ လန့်သွားသော်လည်း ပြန်စဉ်းစားလိုက်ကာ စိုးရိမ်ကြောင့်ကြမှုကင်းစွာနှင့် အပေါ်ကိုတက်လာခဲ့သည်။ မစ္စစ်စကင်လင်၏အခန်းသို့ ရောက်သောအခါ အဘွားကြီးသည် ခုတင်ပေါ်၌ မလှုပ်မယှက်ထိုင်နေသည်။ မျက်နှာကလည်း မရွှင်မလန်းဖြင့် အပြင်သို့ငေးနေသည်။

'ဘယ့်နှယ်လဲ၊ နေကောင်းရဲ့လား။ တံခါးတွေကလည်း ပိတ်ထားလိုက်တာ၊ ငြီးစီစီနဲ့'

မစ္စက္ကရော့က ပြတင်းပေါက်ဖွင့်ရန် ဝရန်တာဘက်သို့ ထွက်လာသည်။ ပြတင်းပေါက်များဖွင့်ပြီး သူမက အဘွားကြီးနားတွင် ဝင်ထိုင်လိုက်သည်။ အဘွားကြီး၏ပုံက မှုမမှန်။ တစ်စုံတစ်ခုကို ပြောလိုဟန်ရှိသည်။

'မစ္စစ်စကင်လင် ဘာပြောချင်လို့လဲ'

'သူက မပြောချင်ပါဘူး။ ကျွန်တော်က ပြောချင်နေတာပါ'



အသံရော လူပါ မီးဖိုဘက်က ပေါ်လာပြီး သူမအနားသို့ သေနတ်ဖြင့် ချိန်ရင်း ကပ်လာသည်။

ထိုအခါ အဘွားကြီးက တုန်တုန်ယင်ယင်ဖြင့်-

'သူ ရောက်နေတာ ကြာပြီ။ ငါ့ကိုလည်း သေနတ်နဲ့ ချိန်ထားပြီး မင်းအလာကို စောင့်နေတယ်'

'ကဲ..ကဲ..စကားကြောရှည်မနေကြနဲ့။ ခင်ဗျားနဲ့ ကျုပ် ဖိုတစ်နေ့က

www.burmeseclassic.com

www.burmeseclassic.com

ဇာတ်လမ်းကို ဒီမှာ ဆက်ပြီးရှင်းရအောင်'

သန်မာသောလက်တစ်ဖက်က မစ္စတ္တရှော့ကို ကုလားထိုင်မှ မ,ယူလိုက်ပြီး အဝင်တံခါးဝတွင် ကျောပေးရပ်စေကာ သေနတ်ဖြင့် ထောက်ထားလိုက်သည်။

'သေနတ်ချလိုက်စမ်း၊ နယ်ဆင်‥မင်းကို တို့အားလုံး ဝိုင်းထားပြီးပြီ'

အောင်မြင်သော အသံကြီးနှင့်အတူ ရဲများက နယ်ဆင်ကို လက်ရဖမ်းဆီးလိုက်ကြသည်။ နယ်ဆင်က မစ္စတ္တရှော့ကို ကျိန်ဆဲကာ စိန်ခေါ်နေသည်။ မစ္စတ္တရှော့သည် အခန်းတွင်းသို့ ရောက်ကတည်းက အသွားကြီးမျက်နှာပျက်နေပုံနှင့် စီးကရက်နံ့ရသောကြောင့် လူသတ်ကောင်ရောက်နေကြောင်း ရိပ်မိသည်။ ထို့ကြောင့် တံခါးဖွင့်ဟန်ဖြင့် ရဲများကို အချက်ပြခဲ့ခြင်းဖြစ်သည်။

'မစ္စတ္တရှော့ လွန်ခဲ့တဲ့ဧပြီလက ကာပင်တာရဲ့အခန်းမှာ တွေ့တာ သူပါပဲနော်'

'ဟုတ်ပါတယ်။ သူပါပဲ'

'သူ့လက်ထဲမှာ သေနတ်ပါတယ်နော်'

'ဟုတ်ကဲ့၊ ပါပါတယ်'

နယ်ဆင်က သူ့ကို ထောင်ချောက်ဆင်၍ဖမ်းကြောင်း ဟစ်အော်နေသည်။ ယခင်သတ်ခဲ့သော လူ(၃)ဦးအကြောင်းကိုတော့ မငြင်းနိုင်ပေ။

ရဲအရာရှိဂီ(လ်)က မစ္စတ္တရှော့အနားသို့ ရောက်လာပြီး–

'ကဲ‥စိတ်အေးချမ်းစွာနဲ့ အိမ်ကိုပြန်ပြီး အားလုံးကို မေ့ထားလိုက်ပါ။ အခု ခင်ဗျားရဲ့ထွက်ချက်တွေကို ရဲအရာရှိနှစ်ဦးရှေ့မှာ သက်သေနဲ့တကွ မှတ်တမ်းတင်ထားပါတယ်။ သူတို့နှစ်ယောက်နဲ့ မလုံလောက်ရင် ခင်ဗျားကိုယ်စား ကျွန်တော်က သက်သေထွက်ပါ့မယ်'

အိမ်ရောက်သောအခါ သူမ၏ခေါင်းပေါ်မှ အပူလုံးကြီး ကား လုံးလုံးလျားလျား လျော့ကျသွားခဲ့ပါပေပြီ။

◆ ◆ ◆

လူသတ်ကောင် နယ်ဆင်ကို ဖမ်းမိသောသတင်းက တစ်မြို့လုံးမှာ ရေပန်းစားနေသည်။ စပ်စပ်စုစုလုပ်လေ့မရှိသော မစ္စတ္တရှော့၏ခင်ပွန်း ဂျိမ်းပင် ထိုအကြောင်းကို ပြောလာသည်။ အမည်မဖော်လိုသော မိန်းမဆိုသည်မှာ မယားရှိသော ယောကျ်ားတိုင်း သို့လော,သို့လော တွေးစရာဖြစ်နေသည်။

ဂျိမ်းက–

'ဒီဇာတ်ရှုပ်ထဲမှာပါနေတဲ့ မိန်းမဟာ သူ့ယောကျ်ားကို စောစောကတည်းက ဖွင့်ဟတိုင်ပင်ဖို့ကောင်းတယ်'

'ဒါကတော့ အဲဒီမိန်းမက သူ့ယောကျ်ားကို ကြောက်လို့နေမှာပေါ့။ ယောကျ်ားအထင်လွဲမှာလည်း စိုးလို့ဖြစ်မှာပါ'

'ယောကျ်ားကောင်းတစ်ယောက်ဟာ အရာရာကို နားလည်မှုရှိတယ်။ ချစ်တတ်သလောက် ခွင့်လွှတ်တတ်တယ်'

'ဒါကတော့ စာအုပ်ထဲမှာရှိတာပေါ့။ တကယ့်တကယ်ကျတော့ ရှားတယ်လေ'

မည်သို့ဆိုစေ မစ္စတ္တရှော့အတွက် ခေါင်းက အပူထုပ်ကြီး လျော့ကျသွားသောကြောင့် စိတ်ချမ်းသာသွားသည်။

တစ်ညနေတွင် ညှော်ခံပွဲတစ်ခု သွားရန်အတွက် အကောင်းဆုံးဝတ်စုံများကို သူရွေးချယ်နေလိုက်သည်။ သို့သော် နားဆွဲတစ်ဖက်အတွက် သူ ရင်လေးသွားပြန်သည်။ ထို့ကြောင့် ရတနာသေတ္တာကလေးကို စိတ်မပါတပါဖြင့် ဖွင့်လိုက်သည်။

သူမ အံ့သြသွားသည်။

သူ၏မျက်လုံးကိုပင် သူ မယုံကြည်နိုင်သောကြောင့် ပွတ်ကြည့်လိုက်မိသည်။ စိန်နားဆွဲကတစ်ရန် ဖြစ်နေသည်။

သူမတစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ဂျိမ်းက အပြင်သွားရန်အတွက် အဝတ်အစားလဲကာ သူ့အခန်းက စောင့်နေသည်။ မစ္စတ္တရှော့က ရတနာသေတ္တာကိုဖွင့်လျက် ဂျိမ်းထံ ဝင်လာခဲ့သည်။

'ဂျိမ်း‥ဒီနားဆွဲတစ်ဖက် ဘယ်သူပြန်ထည့်ထားတာလဲ။ ကျွန်မက ပျောက်ပြီလို့ တွက်ထားတာ'

'ကိုယ်ထည့်ထားတာ။ ပြောဖို့မေ့နေလို့'

'ကျွန်မလည်း သေတ္တာကို မဖွင့်တာကြာပြီ'

ဂျိမ်းသည် တစ်စုံတစ်ခုကို စဉ်းစားလိုက်ပြီးမှ–

'ဩော်‥ဟိုနေ့က ရုံးကို စောစောထွက်သွားချင်တာနဲ့ အိမ်က အထွက်မှာ နွားနို့ပို့တဲ့လူနဲ့ တွေ့တယ်။ သူက ပုလင်းအခွံလွှတ်ထဲက ဒီနားဆွဲကို တွေ့တယ်ဆိုပြီး ကိုယ့်ကို ပေးသွားတယ်။ ကိုလည်း အိတ်ထဲကောက်ထည့်ပြီး ရုံးကို ထွက်လာခဲ့တာ။ ပြန်လာတော့ မင်းက အိမ်မှာမရှိဘူး။ အဲ ဒါနဲ့ ကိုယ်လည်း သေတ္တာထဲ ပြန်ထည့်ထားလိုက်တာ'

ဘဝဆိုသည်မှာ တစ်ခါတစ်ရံ စိတ်ရှုပ်စရာကောင်းလှသည်။ ပဟေဠိတစ်ခုမှ ရယ်စရာကောင်းလှသည်။ ပုစ္ဆာတစ်ခုလို ရုတ်ခြည်းပြောင်းလဲသွားတတ်သည်။ အကယ်၍ နားဆွဲကို သူမသည် အချိန်မီပြန်တွေ့မိပါက ကာပင်တာ



www.burmeseclassic.com

www.burmeseclassic.com

အခန်းသို့ နောက်တစ်ကြိမ်သွားရန် လိုမည်မဟုတ်ပေ။ ထို့အတူ ဤအရှုပ်ထဲသို့ ပါဝင်လာရန်လည်း အကြောင်းမရှိ။

နွားနို့ပို့သူသည် အလွန်ရိုးသားသူဖြစ်သည်။ အမိုးထိုက်တန်လှသည့် စိန်နားဆွဲကို ပြန်ပေးသည့်စိတ်ဓာတ်ကို သူမက ကြိတ်၍ချီးကျူးလိုက်သည်။ နောက်တစ်နေ့တွင် စောစောထကာ နွားနို့ပို့သူအလာကို စောင့်နေလိုက်သည်။

'မစ္စတာဘီ(လ်)··ဒီမှာ နွားနို့ဖိုး။ နောက်ပြီး ကျွန်မနားဆွဲ ပြန်ပေးလို့ ဆုငွေဒေါ်လာနှစ်ဆယ် ယူပါ'

'ဘာနားဆွဲများလဲ မစ္စက္ကရော့၊ ကျွန်တော် နားမလည်ပါလား'

'အိုး··ဘီ(လ်)ကလည်း ဟိုတစ်နေ့က နွားနို့ပုလင်းလွတ်ထဲက ရှင်ရလို့ ပြန်ပေးတဲ့ ကျွန်မ စိန်နားဆွဲလေ'

'မဟုတ်ပါဘူး။ ကျွန်တော် တစ်ခါမှ နွားနို့ပုလင်းလွတ်ထဲက စိန်နားဆွဲ မရဖူးပါဘူး။ ကျွန်တော်မသိပါဘူးဗျာ'ဟု ပြောကာ နွားနို့ပို့သူ ဘီ(လ်)က ပုလင်းလွတ်နှင့် နွားနို့ပုလင်းလဲကာ စက်ဘီးဖြင့် ထွက်သွားသည်။

မစ္စက္ကရော့သည် တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစား၍ ဧည့်ခန်းဝမှ အိပ်ခန်းအတွင်းသို့ တစ်လှမ်းချင်းလျှောက်ခဲ့သည်။ ဂျိမ်းသည် သူ့ခုတင်ပေါ်တွင် အပူအပင်ကင်းစွာ အိပ်မောကျလျက်ရှိသည်။ လက်တစ်ဖက်က ဘေးသို့ဆန့်၍ ခုတင်ဘေးထိပ်တွင် ရောက်နေသည်။

သူမသည် သူ၏လက်နှစ်ဖက်ဖြင့် ဂျိမ်း၏လက်ကို အသာအယာဆုပ်ကိုင်လိုက်သည်။ ဤသည်ခဏဝယ် သူမ၏ ရင်တွင်းသို့ မဖော်ပြနိုင်စွမ်းသော ပီတိအဟုန်တို့က တသိမ့်သိမ့်စီးဝင်ပြီး ရင်ထဲကို လှိုင်းထလာသည်။

သူမ၏ရင်တွင်းဝယ် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်သည်။ သူမ၏ခင်ပွန်း ဂျိမ်းသည် သူမအပေါ် ယောကျ်ားကောင်းတစ်ယောက်ပီသစွာ တတ်သိနားလည်ပြီး အရာရာခွင့်လွှတ်၍ သူမကို တစ်သက်လုံးချစ်မြတ်နိုးနေမည့်သူတစ်ယောက်ဖြစ်ကြောင်း သဘောပေါက်လိုက်သော ကြောင့်ဖြစ်သည်။

**နီကြည်ကို**

__ဝန်ခံချက်__

*WILLIAN IRISH ၏ THE EARRING ကို ဆီလျော်အောင် ရေးပါသည်။*




www.burmeseclassic.com

www.burmeseclassic.com




ကျွန်ုပ်သည် ဒိုင်ယာရီစာမျက်နှာဟောင်းများအား ပြန်လှန်ကြည့်ခဲ့မိသည်။

လွန်ခဲ့သော မတ်လ (၂)ရက်အောက်တွင် ရေးသွင်းထားသည်မှာ-

'ဘာရယ်လို့တော့ မပြောနိုင်ဘူး။ မစ္စကင့်(ပ်)ကို ကြည့်ရတာ မသင်္ကာစရာပဲ။ သာမန်မဟုတ်တာတော့ [illegible]သေချာတယ်'

www.burmeseclassic.com

www.burmeseclassic.com



မြေညီထပ်တွင် နေကြသည့် အဘွားကြီးများအကြောင်း ထိုမျှသာ တွေ့လိုက်ရသည်။ ထိုကဲ့သို့ ဒိုင်ယာရီကို ပြန်လှန်ကြည့်ရသည်မှာ လုံလောက်သောအကြောင်း ရှိနေပေသည်။ ဤတွင် မလိုအပ်ဘဲ ကျွန်ုပ်အကြောင်းအား အနည်းငယ် လေရှည်ပြရဦးမည်ဖြစ်သည်။ သို့မှသာ ဇာတ်ရည်လည်ပေလိမ့်မည်။

◆ ◆ ◆

# လန်ဒန်မြို့ရောက်

# ဂဝေညီအစ်မနှစ်ယောက်

# ကျော်ဇော

(စားကုန်)

ဟားဗားစတော့ ဘောင်ကုန်းအနီးက တိုက်ကြီးတစ်လုံး။

ပြုပြင်တည်ဆောက်ထားသော အနီတိုက်ကြီး အခန်းတစ်ခန်းတွင် လက်တလော ကျွန်ုပ် နေထိုင်လျက်ရှိသည်။ သည်နေရာချက်၊ သည်နေရာစား၊ သည်မှာနား သည်မှာအိပ် ဘဝဖြင့် နေထိုင်ရသည့် အခန်းကျဉ်းကလေးပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် လက်ရှိလုပ်ကိုင်နေသည့် ဒိန်းဖော်ကျွန်းစာအုပ်တိုက်တွင် နေစရာအခန်း မရှိပေ။

ကျွန်ုပ်သည် စစ်ကြီးအတွင်းက တာဝန်ဖြင့် ကမ္ဘာအနှံ့ ရောက်ခဲ့ဖူးလေသည်။ ဤတွင် ဒဏ်ရာဗရပွနှင့် ဖျားနာမှု ဆုလာဘ်များ ပိုင်ဆိုင်ခဲ့သည်။ အကျိုးဆက်သည်ကား ဆေးကုသမှုစရိတ် ကြွေးများ ထူလာခဲ့ခြင်းပင်တည်း။ ထိုကြားထဲတွင် မိတ်ဆွေတစ်ယောက်က ငွေကြေးကလိမ်ကျသွားသဖြင့် လဲရာသူခိုးထောင်းခံလိုက်ရပြန်သည်။ ဤသို့ဖြင့် အကြွေးများဆပ်ရင်း အနီးတိုက်ခန်းကျဉ်းကလေးတွင် ခေတ္တနားခိုနေရခြင်း ဖြစ်သည်ဟူလို။

သို့ရာတွင် ကျွန်ုပ်သည် စိတ်ဓာတ် အလျှင်းမကျမိ။ တစ်ချက်ကလေးမျှပင် မညည်းညူမိခဲ့။ လေကလေးတချွန်ချွန်ဖြင့် ကိုယ်တိုင် လျှော်ဖွပ်တိုက်ချွတ် ချက်ပြုတ်ခဲ့သည်။ နောင်ကြိုးမဲ့ဘဝတွင် ယခင်ကထက်ပင် ပျော်ရွှင်ကျေနပ်နေမိသည်။ တစ်ပတ်စာ ကုန်ကျစရိတ်ကလည်း ယခင်တစ်ညနေစာ သုံးဖြုန်းပစ်သည်လောက်ပင်မရှိ။ ဤသို့ဖြင့် ကမ္ဘာသစ်ကလေးတွင် တဖြည်းဖြည်း နေသားကျလာခဲ့တော့သည်။

ထို့အပြင် ဤဝန်းကျင်အသစ်တွင် နံနက်ခင်းမျက်စိနှစ်လုံး ပွင့်သည်နှင့် စိတ်ကြည်နူးဖွယ်ရာများကို ကြုံတွေ့ရမြဲဖြစ်သည်။ အရပ်ရှစ်မျက်နှာလုံးတွင် စိတ်ဝင်စားဖွယ်ရာများက အပြည့်။ အတိတ်တစ်ချိန်က အတွေးထဲပင် မထည့်မိဖူးသည့် အရာများကို သတိပြုလာမိသည်။ အာရုံစိုက်လာတတ်သည်။ ဤသို့ဖြင့် ဝန်းကျင်ရှိ သက်ရှိ,သက်မဲ့အရာတိုင်းအား အထူးအဆန်းသဖွယ် စူးစမ်းလိုသည့်အကျင့်သည်လည်း တစ်နေ့တခြား တိုးပွား၍သာ လာခဲ့လေသည်။

◆◆◆

ဤတိုက်ကြီးရှိ အခန်းကျဉ်းကလေးများတွင် ကျွန်ုပ်ကဲ့သို့ အလားတူနေထိုင်ကြသူ များစွာရှိလေသည်။ အနေကြာလာသည်နှင့်အမျှ တစ်ဦးနှင့်တစ်ဦး မျက်မှန်းတန်းလာခဲ့သည်။ လမ်းတွင် ကြုံတွေ့တိုင်း အပြန်အလှန်ပြုံးပြ၊ ခေါင်းညိတ်နှုတ်ဆက်သမှုများ ပြုဖြစ်ခဲ့ကြသည်။ အများစုသည် ကျွန်ုပ်ထက် အတွေ့အကြုံနုနယ်ကြသော လူငယ်များ ဖြစ်ကြသည်။ သို့ဖြစ်သော်ငြား ၎င်းတို့အားလုံးကို ကျွန်ုပ် သဘောကျခဲ့မိလေသည်။

အနီးလူငယ်များထဲတွင် တစ်ပတ်လုပ်ခ ငါးပေါင်ထက်ပိုရမည့်သူ တစ်ယောက်မျှ ရှိမည်မထင်ပေ။ အလားတူပင် ပညာရေးဘက်တွင်လည်း ပါရမီနည်းပါးကြပုံရလေသည်။ ကြွားဝါလို့မှု အလျှင်းမပါဘဲ စကားကြောင်းသင့်၍ဆိုရလျှင် တစ်ချိန်တစ်ခါက ကျွန်ုပ်၏ ပညာသင်စရိတ်သည် တစ်နှစ်လျှင် ပေါင်ရှစ်ထောင်မျှ ကုန်ကျခဲ့ဖူးလေသည်။ ဤမျှဖြင့် ကျွန်ုပ်၏ ဆိုလိုရင်းအား ရိပ်မိကြမည် ထင်ပေသည်။

အမြဲလိုပင် ပျော်ရွှင်နေတတ်ကြသဖြင့် ထိုလူငယ်များအား ကလေးများအဖြစ်သာ မြင်မိခဲ့သည်။ ၎င်းတို့ကြားတွင် အများနှင့်မတူ တစ်မူခြားသော မိန်းကလေးတစ်ယောက်သည် ကျွန်ုပ်နှင့် ဘေးချင်းကပ်လျက်အခန်းတွင် နေထိုင်ခဲ့သည်။ ခန့်မှန်း၍ရသမျှ အသက်နှစ်ဆယ်စွန်းရုံမျှပင် ရှိပေမည်။ အိမ်နီးချင်းများ သဘာဝအရ သူမအား သတိပြုမိခဲ့သည်။ နေ့စဉ် နံနက်ကိုးနာရီတွင် ထွက်သွားလျက် ညနေပိုင်း ခြောက်နာရီတွင် ပြန်ရောက်လာလေ့ရှိသည်။ မြို့တွင်းတစ်နေရာ၌ လက်နှိပ်စက်စာရေးမအဖြစ် အသက်မွေးနေကြောင်း နောင်တွင် သိခဲ့ရသည်။ သူမသည် အမှီအခိုကင်း၍ ပျော်ရွှင်လွတ်လပ်သောဘဝကို ပိုင်ဆိုင်ထားသူဖြစ်သည်။ ရုပ်ရည်ပြေပြစ်ကာ စိတ်သဘောထားလည်း ကောင်းသဖြင့် သူမအား ကတော်လောင်းမလေးဟု သတ်မှတ်ထားခဲ့မိလေသည်။

သူမသည် ဤတိုက်ကြီးသို့ ကျွန်ုပ်ထက်စော၍ ပြောင်းနှင့်ခဲ့သူဖြစ်သည်။ ကျွန်ုပ် စတင်ရောက်သည့် နေ့တွင်ပင် သူမသည် သာမန်ထက် ပိုမိုနွေးထွေးစွာ ဆက်ဆံလာခဲ့သည်။ ထိုနေ့ ညနေခင်းတွင် သူမသည် ကျွန်ုပ်၏ အခန်းတံခါးအား ခေါက်၍ ဝင်လာပြီး စတင်မိတ်ဆက်ခဲ့သည်။ ကျွန်ုပ်သည် ပါလာသည့် ပစ္စည်းများအား နေရာချထားပြီးခါစ အချိန်ပင် ဖြစ်သည်။ ထားသိုပုံများက စနစ်တကျမရှိ။ သူမသည် အခန်းတွင်း လှည့်ပတ်ကြည့်ရှုပြီး ကျွန်ုပ်၏ ခွင့်ပန်ကာ ပစ္စည်းများအား နေရာတကျ ပြောင်းရွှေ့ပေးခဲ့လေသည်။ စတင်တွေ့ဆုံပြီး ဆယ်မိနစ်ခန့်အတွင်း၌ပင် ရက်ရောစွာ ကူညီမှုဖြင့် ကျွန်ုပ်အား ပညာကောင်းစွာပေး သွားခဲ့သည်။ အခန်းတွင်း ပြင်ဆင်ထားသိုမှုအတတ်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် ရင်ပေါင်တန်းနိုင်ကြောင်းကိုလည်း လက်တွေ့ပြသသွားခြင်းပင်ဖြစ်သည်။

ကျွန်ုပ်၏ စကားကြောသည်လည်း အတော်အတန် ဝေ့ဝဲသွားခဲ့လေပြီ။

◆◆◆

ဒိုင်ယာယီစာအုပ်အား ပြန်လှန်ကြည့်ရန် အကြောင်း

www.burmeseclassic.com

နေ့လာပုံအား စကားပြန်ကောက်ပြပါတော့မည်။

ကျွန်ုပ်သည် လက်ရှိဘဝသစ်တွင် တွေ့မြင်ကြားသိရသမျှ ဖြစ်စဉ်တိုင်းအား စူးစူးနစ်နစ်စိတ်ဝင်စားလာမိကြောင်း ရှေးဦးမဆွကပင် အလေးအနက် ပြောကြားခဲ့ပြီးဖြစ်သည်။ ကျွန်ုပ်တို့နေသည့် အခန်းကလေးများအား နံရံခပ်ပါးပါးများဖြင့်သာ ကန့်ပေးထားလေသည်။ တစ်ခုသော ညနေပိုင်းတွင် ကပ်လျက်အခန်းက မိန်းကလေး၏ ဝမ်းနည်းပက်လက်ငိုရှိုက်သံအား ပီပီသသ ကြားလိုက်ရလေသည်။ ကျွန်ုပ်အဘယ်မျှ နေမထိထိုင်မသာ ဖြစ်သွားမည်ကို ဖော်ပြရန်လိုမည်မထင်ပေ။

အကြောင်းရင်းအား သွားရောက်စူးစမ်းရန် ချီတုံချတုံဖြစ်နေမိခဲ့သည်။ သို့ရာတွင် ခေတ္တအကြာ၌ အခြေအနေကငြိမ်သက်သွားပုံရသည်။ အခန်းပြင်သို့ထွက်ကာ လှေကားအတိုင်း ဆင်းသွားသံကိုလည်း ကြားလိုက်ရသည်။ နာရီကိုကြည့်လိုက်သောအခါ ညနေပိုင်း စာပို့သမားလာနေကျအချိန် ဖြစ်နေသည်။ ကျွန်ုပ်သည် တစ်မိနစ်၊ နှစ်မိနစ်မျှဆက်ထိုင်နေပြီးမှ ဆင်းလိုက်သွားခဲ့သည်။ ကျွန်ုပ်အတွက်စာများရောက်၊မရောက် ဆင်းကြည့်သည့်သဘော။ စင်စစ်တွင်မူ သူမ ပြန်တက်လာပါက လှေကားတွင် ဆုံနိုင်ပြီး အခြေအနေ မေးမြန်းရန် ကြံရွယ်ခဲ့ခြင်းပင်ဖြစ်သည်။

မြေညီထပ်သို့ ရောက်သွားသောအခါ ခန်းမအတွင်း၌ မည်သူ့ကိုမျှမတွေ့။ အိမ်ရှေ့တံခါးမကြီးကလည်း ပိတ်လျက်သားဖြစ်သည်။ ကျွန်ုပ်အခန်းတွင်း၌ ထိုင်နေခဲ့စဉ်က တစ်ယောက်ယောက် တံခါးဖွင့်ထွက်သွားသံအား အသေအချာကြားလိုက်ရသည်ပင်။ ယခုတော့ ကတော်လောင်းမလေး၏ အရိပ်အယောင်ကိုပင် မတွေ့ရပေ။ ကျွန်ုပ်တစ်ကိုယ်တည်း မတ်တတ်မေ့နေခဲ့တော့သည်။

သူမသည် အပြင်သို့မထွက်ဘဲ မြေညီထပ်ရှိ အခန်းတစ်ခန်းအတွင်း ဝင်သွားခြင်းလည်း ဖြစ်နိုင်ပေသည်။ ကျွန်ုပ်သည် ထိုအချိန်အထိ မြေညီထပ်တွင်နေကြသူများအကြောင်း နကန်းတစ်လုံးမျှပင် မသိခဲ့သေးပေ။ ပထမထပ်နှင့် ဒုတိယထပ်တွင် နေကြသည့် လူငယ်များသည် ဤမြေညီထပ်တံခါးပေါက်တည့်တည့်ရှိ လှေကားမှ အတက်အဆင်း မလုပ်ကြသည်ကိုတော့ သတိထားမိခဲ့သည်။ သို့သော် မနေ့တစ်နေ့ကမှ ရောက်လာသည့် လူကြီးတစ်ယောက်ပီပီ ထိုကိစ္စကို မစပ်စုခဲ့ပေ။ ၎င်းတို့သည် အချင်းချင်း ပြောဆိုကြရင်း တစ်ခါတစ်ရံ ကင့်(ပ်)ဟူသောအမည် ပါလာတတ်သော်လည်း အာရုံအထူးမရောက်ခဲ့။ ထို့အပြင် မြေညီထပ်ခန်းမအတွင်းရှိ စားပွဲပေါ်တွင် တင်ထားလေ့ရှိသည့်စာများသွားယူရင်း ကင့်(ပ်)အမည်တပ်ထားသည့် စာအချို့ တွေ့မိခဲ့ဖူးရုံမျှသာ ရှိသည်။

ကျွန်ုပ်၏ ကတော်လောင်းမလေးသည် အနီကင့်(ပ်) ဆိုသူများ၏အခန်းသို့ ဝင်သွားခြင်း ဖြစ်နိုင်ပေသည်။ သူမအတွက် စိတ်ပူမိနေရသည့်အကြောင်းရင်း မည်မည်ရရတော့ မရှိပေ။ ကင့်(ပ်) ဆိုသူများသည် မည်သူမည်ဝါပင်ဖြစ်စေ လူကောင်းသူကောင်းများသာ ဖြစ်လိမ့်မည်ဟု ယူဆမိခဲ့သည်။ ကတော်လောင်းမလေးသည်လည်း ၎င်းတို့နှင့် ခင်မင်ရင်းနှီးနိုင်ခွင့် ရှိသည်သာဖြစ်သည်။ မည်သို့ဆိုစေကာမူ ကျွန်ုပ်၏ရင်တွင်း၌ မတင်မကျကြီး ဖြစ်ခဲ့ရသည်ကတော့ အမှန်ပင်။ အကြောင်းရင်းမဲ့ စိုးရိမ်စိတ်များကလည်း တရိပ်ရိပ် တိုးလာခဲ့လေသည်။

သို့သော် ကျွန်ုပ်အမည်နှင့် စာများအား ရွေးကောက်ယူ၍ ပြန်တက်ခဲ့တော့သည်။ ထိုနေ့ ညသန်းခေါင်ခန့်တွင် ကျွန်ုပ်အခန်းရှေ့မှ ဖြတ်လျှောက်သွားသံ ကြားလိုက်ရသည်။ တစ်ဆက်တည်းလိုလိုပင် တစ်ဖက်အခန်းတံခါးအား ကြိတ်ဖွင့်သံသဲ့သဲ့ ပေါ်လာခဲ့သည်။ စက္ကန့်ပိုင်းမျှ အရာရာတိတ်ဆိတ်ငြိမ်သက်သွားခဲ့သည်။ ထို့နောက် ခပ်တိုးတိုးပေါ်ထွက်လာသည်က ကြိတ်ငိုနေသည့်အသံ။

◆◆◆

နောက်တစ်နေ့ နံနက်ပိုင်း။

ကတော်လောင်းမလေး မည်သည့်အချိန်က ထထွက်သွားမှန်း မသိလိုက်ပေ။ အိပ်ရေးပျက်ခြင်းကြောင့် အကြားအာရုံစွမ်းရည်များ ကျဆင်းသွားပုံရသည်။ မည်သို့ဆိုစေ သူမ အလုပ်ပြန်ချိန်တွင်တော့ ပြေးမလွတ်တော့။ ကျွန်ုပ်သည် အချိန်ကိုက်တွက်ပြီး လှေကားမှ ဆင်းသွားလိုက်သည်။ လှေကားအတိုင်း တစ်လှမ်းချင်း တက်လာနေသည့် သူမအား လှမ်းမြင်လိုက်ရသဖြင့် ဆက်မဆင်းတော့ဘဲ ရပ်စောင့်နေခဲ့လိုက်သည်။

သူမ၏မျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ မျက်ကွင်းများကလည်း ညိုမည်းလျက် ရှိကြသည်။ အနီးသို့ရောက်လာသောအခါ ခပ်ယဲ့ယဲ့ပြုံးပြ နှုတ်ဆက်လာသဖြင့် ကြိုတင်ကြံရွယ်ထားသည့်အတိုင်း လှမ်းပြောလိုက်သည်။

"ဒီနေ့ အတော်ပင်ပန်းလာပုံရတယ်။ တို့လည်း ခုနကမှ ပြန်ရောက်ပြီး သီးစုံကိတ်ဖုတ်ထားတယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com

လိုက်သောက်ပါလား'

သူမသည် ခေါင်းအသာညိတ်ပြပြီး ကျွန်ုပ်၏အခန်းသို့ စိတ်လိုက်လက်ရ လိုက်လာခဲ့သည်။ ထို့နောက် မီးလင်းဖိုရှေ့ရှိ ကုလားထိုင်ကြီးတွင် ခြေပစ်လက်ပစ် ဝင်ထိုင်ချလိုက်လေသည်။ ခေတ္တအကြာတွင် အနည်းငယ်လန်းဆန်းသွားပုံရပြီး ပြုံးပြရင်း မေးလာတော့သည်။

'ကဲ··မစ္စတာမိုက်ရေ၊ ဘာကြောင့်များ ကလိမ်ဉာဏ်ဆင်ပြီး ကျွန်မကို ခေါ်လာရတာလဲဆိုတာ ကျေးဇူးပြုပြီး လင်းစမ်းပါဦး'

'က··ကလိမ်ဉာဏ်ဆင်တယ်။ ဟုတ်လား'

ကျွန်ုပ်သည် စကားများပင် ဆွံ့ထစ်သွားခဲ့ရသည်။

'ဟုတ်ပါ့ရှင်၊ ဒီထက်ကောင်းတဲ့လှည့်ကွက်မျိုး ရှိပါ့မလား။ ခုနကမှ ပြန်ရောက်တာလို့ ဦးပဲ ပြောခဲ့တယ်လေ။ ဒီမီးလင်းဖိုရဲ့အရှိန်က စမွေးခဲ့တာ အတော်ကြာနေပုံပဲ။ ပြီးတော့ သီးစုံကိတ်ကို မိနစ်ပိုင်းအတွင်း ဖုတ်လို့ရနိုင်တယ်တဲ့လား'

ဘဝအတွေ့အကြုံများအရ လူတစ်ယောက်၏ အခြေအနေကိုကြည့်၍ လိမ်လည်ရမည်ကို သိထားပြီး ဖြစ်လေသည်။ ကျွန်ုပ်သည် အလိမ်ခံရသူ အကျိုးရှိမည်ဆိုပါက နောက်တွန့်လေ့မရှိပေ။ ထိုအတွက် နောင်တလည်း မရတတ်။ ယခုလည်း သူမ၏အခက်အခဲအား မေးမြန်း၍ ကူညီပေးရန် ရည်ရွယ်ရင်းဖြစ်သည်။ သူမ သဘောပေါက်သွားပုံရသည်။ စတင်မေးရန် စကားလုံးရှာနေစဉ်တွင်ပင် သူမဘာသာ စိတ်ထက်သန်စွာဖြင့် ပြောလာခဲ့တော့သည်။

'ကောင်းပါပြီလေ။ ဦးကို ပြောပြပါ့မယ်'



စကားဆုံးလျှင် ပီဘိကလေးငယ်လေးသဖွယ် ကျွန်ုပ်၏လက်မောင်းအား လှမ်းဆွဲရင်း လေသံဖြင့် ဆက်ပြောလာခဲ့သည်။

'ကျွန်မဘဝကို ဖျက်ဆီးဖို့ သူတို့က စပြီးချဉ်းကပ်ခဲ့ကြတာ။ အခု ကျွန်မကို အသေသတ်ကြတော့မယ်ထင်တယ်'

ကျွန်ုပ်သည် ကြားဖြတ်ဝင်ပြောခြင်းမရှိဘဲ လွှတ်ပေးထားလိုက်သည်။ မထိမ်မချန် ပွင့်လင်းစွာရင်ဖွင့်ပြလာသော သူမ၏ အတွေ့အကြုံများက ယုံကြည်နိုင်ဖွယ် မရှိပေ။

'ဒီနေရာကို လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းက ရောက်ခဲ့တာပါ။ ကမ္ဘာပေါ်က ကံအကောင်းဆုံးသူတွေထဲမှာ ကျွန်မလည်း ပါမယ်ထင်တယ်။ ဒီကလူတွေအားလုံးရဲ့ အရေးပေးခင်မင်မှုကို ခံခဲ့ရတယ်လေ။ သူတို့ရဲ့ ကြင်နာမှုတွေက ကျွန်မနဲ့ မထိုက်တန်ပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီလို ပရဟိတစိတ်ဟာ အပိုအလုပ်ပဲလို့ ရှုးရှူးမိုက်မိုက်သဘောထားခဲ့မိလို့ပါပဲ။ တကယ့်တော့ သူတို့ဟာ ကျွန်မနဲ့ သက်တူရွယ်တူ ဘဝတူတွေပါ။ ကျန်းမာကြတယ်။ ရိုးသားကြတယ်။ ပြီးတော့ လူငယ်ဘဝကို သန့်သန့်လေးဖြတ်သန်းနေကြသူတွေပါပဲ။

ဒီလိုနဲ့ တစ်နေ့မှာ ကင့်(ပ်)တွေရဲ့ ဖိတ်ခေါ်မှုကို ခံခဲ့ရတယ်။ ထူးထူးခြားခြား ကျွန်မတစ်ယောက်တည်းကို သီးသန့်ဖိတ်ထားတာမို့ စိတ်ကြီးတောင် ဝင်ခဲ့မိသေးတယ်။ သူတို့က ဒီတိုက်ကြီးကို စိုးမိုးခြယ်လှယ်နေကြတာလေ။ အဘွားကြီး ညီအစ်မနှစ်ယောက်ပေါ့။ စစ်ကြီးမဖြစ်ခင်ကတည်းက ဒီကို ရောက်လာကြပြီး မြေညီထပ်တစ်ထပ်လုံးနဲ့ မြေအောက်ခန်းကိုပါ ယူထားကြတာ။ အဲဒီနေရာ သူတို့ရဲ့ စီရင်စုနယ်မြေလို အပိုင်သိမ်းပိုက်ထားကြတယ်။ ဒီတိုက်ကြီးကို မနှစ်က အထပ်တွေလုပ်ပြီး အခန်းတွေဖွဲ့ ပြင်ဆင်ခဲ့တာတောင် သူတို့နေရာကို လုံးဝအထိမခံခဲ့ကြဘူး။ နဂိုအတိုင်း ချန်ထားပေးခဲ့ရတယ်လေ။ ဒီမှာဖြစ်ပျက်ခဲ့တဲ့ ကိစ္စမှန်သမျှကိုလည်း အမြဲတမ်း မျက်လုံးဒေါက်ထောက် စောင့်ကြည့်နေတတ်ကြတယ်'

သူမသည် ခေတ္တအမောဖြေလိုက်ပြီးမှ စကားဆက်ခဲ့သည်။

'အဲဒီအဘွားကြီးတွေကို အပြင်မှာသာတွေ့ရင် သာမန်သူလိုကိုယ်လိုပဲလို့ ထင်ကြမှာပဲ။ စိတ်ရောကိုယ်ပါ မှမမှန်ဘူးလို့ ဘယ်သူမှ တွေးမိကြမှာမဟုတ်ဘူး။ တစ်ယောက်က ဖြူဖြူ၊ ကျန်တစ်ယောက်က မည်းမည်း။ နှစ်ယောက်စလုံး ဝတုတ်ကြီးတွေနဲ့ ရုပ်တွေကလည်း ဆိုးလိုက်ကြတာ။ ... အခန်းထဲ ဝင်လိုက်တာနဲ့ ကြက်သီးထသွားရတယ်။ ...

www.burmeseclassic.com

ဆာဂတွေကလည်း တွေ့ဖူးနေကျပုံစံတွေမဟုတ်ဘူး။ စုန်းတစ္ဆေ ရုပ်ရှင်တွေထဲက ဒီဇိုင်းမျိုးတွေ။ ပြီးတော့ ညစ်ပတ်ဟောင်းနွမ်း စုတ်ပြတ်နေတာပဲ။ ဒီထက်ပိုပြီး မပြောတတ်တော့ဘူး။ ဦးလေးကိုယ်တိုင် သွားကြည့်စေချင်တယ်။

သူတို့နှစ်ယောက်အကြောင်းကိုလည်း ကောင်းကောင်းကြီးသိခဲ့ရတယ်။ နှစ်ယောက်လုံး အယုတ်တမာမကြီးတွေပဲ မစွတာမိုက်ရေ။ လမ်းလျှောက်ပုံကလည်း တအိအိနဲ့ ဘဲသွားသွားသလိုပဲ။ ခြေထောက်တွေမှာ မီးလောင်ဖုလို အပိမ့်ကြီးတွေ ထနေတယ်။ မျက်နှာကျပုံတွေက ဖားခေါင်းလိုပဲ။ အသားအရေတွေ ကြည့်လိုက်တော့ အို··ကျွန်မ ဒီ့ထက်အသေးစိတ်ပြီး မပြောရဲတော့ဘူး။ ကြောက်လိုက်တာ'

သူမသည် ကြောက်ရွံ့ဟန်ဖြင့် မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်သည်။ ကျွန်ုပ်လည်း အသာပင် ဆက်ကြည့်နေလိုက်သည်။

မကြာမီတွင်ပင် စိတ်ပြန်ငြိမ်သွားပုံရပြီး ဆက်ပြောပြခဲ့သည်။

'အဲဒီနောက်မှာတော့ ကျွန်မ ဘာဖြစ်သွားလဲဆိုရင် ဘယ်လိုပြောရပါ့။ ဟို··အိပ်မွေ့ချခံလိုက်ရတာမျိုး ဖြစ်မယ်ထင်တယ်။ စပါးကြီးမြွေအညှို့ခံရတဲ့ ငှက်ကလေးလိုပေါ့။ ဘာဆိုဘာမှ မသိတော့ဘူးလေ။ ဦးလေး ရောက်မလာခင် တစ်လလောက်ကပေါ့။ ကျွန်မစာ ရောက်,မရောက် ဆင်းကြည့်တုန်း သူတို့ထဲကတစ်ယောက်က လက်ယပ်လှမ်းခေါ်လာတယ်။ အခန်းထဲလည်း ရောက်သွားရော စာရွက်တစ်ရွက် ထောင်ပြလာခဲ့တယ်။ အနားကပ်ကြည့်လိုက်တော့ သူတို့ဆီက ချေးယူထားတဲ့ ငွေဆယ်ပေါင်ကို အခုလာမယ့် လဆန်းတစ်ရက်နေ့မှာ ပြန်ဆပ်ပါ့မယ်ဆိုတဲ့ ကျွန်မလက်ရေးနဲ့ ဝန်ခံကတိပြုစာ ဖြစ်နေတယ်။ ကျွန်မ ဘယ်သူ့ဆီကမှ တစ်ပြားတစ်ချပ်တောင် မချေးဖူးဘူးဆိုတာ ကျိန်တွယ်ရဲပါတယ်။ မည်းမည်းတုတ်တုတ် အဘွားကြီးဟာ အဲဒီစာရွက်ကို ကိုင်ပြရင်း စိုက်ကြည့်နေလိုက်တာ အစိမ်းလိုက်ဝါးစားတော့မယ့်အတိုင်းပါပဲ။ ဒါဟာ သက်သက်မဲ့··'

သူမသည် ပြောဆိုနေရင်းက ကြောက်ရွံ့စိတ်ကိုမထိန်းနိုင်ဘဲ ကျွန်ုပ်၏လက်ကို ဆွဲကိုင်လာခဲ့သည်။ ထို့နောက် သူမ၏ ရင်သိမ့်ဖိုဇာတ်လမ်း နိဂုံးပိုင်းအား ဆက်ပြောပြခဲ့တော့သည်။

'မနေ့ညက ပိုက်ဆံထပ်တောင်းလာကြတယ်။ မပေးရင် ဒီဗွန်ဟတ်(စ်)ကို အကြောင်းကြားလိုက်မယ်တဲ့။ အဲဒါကျွန်မ အလုပ်လုပ်နေတဲ့နေရာလေ။ ဒီဗွန်ဟတ်(စ်)ပိုင်ရှင်တွေက စာအုပ်ကြီးသမားတွေ။ သေချာပေါက် အလုပ်ပြုတ်ကိန်းပဲ။ ခေါင်းတွေထူပူပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားတယ်။ ကြံရာမရတဲ့အဆုံး သူတို့အခန်းကို ဆင်းသွားလိုက်တယ်။ ကိုယ့်သေတွင်း ကိုယ်တူးမိသလိုပါပဲ။ ပထမတော့ ကျွန်မ ဘာပြောပြော လက်မခံကြဘူး။ နောက်ဆုံးမှာ ဘယ်လိုအပေးအယူ လုပ်လာကြတယ်ထင်လဲ။ မယုံမရှိလေနဲ့။ အဲဒီစာရွက်ကို ပြန်ရွေးခအဖြစ် ကျွန်မရဲ့ သွေးပိုင့်ဝက် ဖောက်ထုတ်ပေးရမယ်တဲ့ရှင့်။ ရင်ထဲမှာ ကျဉ်ခနဲဖြစ်သွားပြီး အော်ဖို့ကြံလိုက်မိတယ်။ ပါးစပ်တောင် မဟလိုက်နိုင်ခင်မှာဘဲ ကျွန်မကို ဝိုင်းချုပ်ဆွဲဆောင့်လိုက်ကြတာ အောင်မယ်လေး··ဘုရားသခင်၊ ကြောက်စရာကောင်း··'

သနားစဖွယ်ကလေးမလေးသည် စကားမဆုံးနိုင်လိုက် ကုလားထိုင်နောက်မှီပေါ်သို့ အရုပ်ကြိုးပြတ်လန်ကျကာ သတိလစ်သွားလေတော့သည်။

◆◆◆

ကျွန်ုပ်၏ ဒိုင်ယာယီအား ပြန်လှန်ကြည့်မိသည့်အကြောင်းရင်းကို သဘောပေါက်လောက်ပေပြီ။

မတ်လ (၆)ရက်နေ့တွင် ရေးမှတ်ထားခဲ့သည်များကတော့ အတော်လေးပင် ပြည့်စုံလှသည်။ လူများကြားတွင် ဟန်ဆောင်ရောနှောနေကြသည့် မကောင်းဆိုးဝါးများနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ရပုံများအား အစအဆုံး ခရေစေ့တွင်းကျ အောက်ပါအတိုင်း ရေးသွင်းထားခဲ့လေသည်။

မနက်တုန်းက မစ္စကင့်(ပ်)ကို လှစ်ခနဲမြင်လိုက်ရတယ်။ ကတော်လောင်းမလေးက အတွေ့အကြုံနုလို့ သူတို့မျက်နှာဖုံးကို ခွာမချနိုင်ခဲ့တာ။ တကယ်တော့ သူတို့ဟာ ခေတ်သစ်ပေါ်ရိသာဒတွေ၊ မိစ္ဆာဒိဋ္ဌိတွေ၊ ခွက်ပုန်းတွေ။ ပြီးတော့ မိစ္ဆာနတ်ဆိုးအကျင့်တွေ ထုံနေကြတဲ့သူတွေပဲ။

သူတို့အကြောင်း တွေးနေရင်းနဲ့ အတိတ်တုန်းက ကြုံခဲ့ဖူးတဲ့အဖြစ်အပျက် ဒါမှမဟုတ် လူတစ်ယောက်ယောက်ကို ရေးတေးတေး အမှတ်ရလာတယ်။ နာရီအတော်ကြာအောင် ဦးနှောက်စားပြီးမှ ပုံရိပ်ဟောင်းတွေက ပီပြင်လာတော့တယ်။ လွန်ခဲ့တဲ့သုံးနှစ်ကပေါ့။ အာဖရိကဆဖာရီဒေသမှာရှိတဲ့ မီခါလွန်နဝပ်ဇီနယ်စပ်မှာ ကြုံခဲ့ရတာပါ။ အဲဒီမှာ ဝန်ရှင်တော်မင်းကြီး ဗီရီခါနဲ့ ဆေးမှူးစထရန်းတို့နဲ့ ဆုံခဲ့ကြတယ်။

တစ်နေ့မှာတော့ ဆေးမှူးစထရန်းက ထူးခြားဖြစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုကို ပြောပြလာတယ်။ လူဖြူတစ်ယောက်ရဲ့ ထူးဆန်းလှတဲ့ အကြောင်းပါပဲ။ အဲဒီလူဟာ ဗူးဒူးပညာသည်တစ်ယောက်လို့ သိရတယ်။ ပညာပြိုင်ကြရာက ရှုံးပြီး ရာဖွေစမ်းသပ်လို့မရတဲ့ ဝေဒနာကို တစိမ့်စိမ့်ခံစားနေရလို့ ဖွန်ဘာမြို့က ဒုက္ခိတဂေဟာကို ပို့ပေးရမှာလို့လည်း သိရတယ်။ အဲဒီလူနာကို သွားအကဲခတ်ခဲ့မိတယ်။ စိတ်မမှန်တော့ဘဲ ကယောင်ချောက်ချားတွေ လျှောက်ပြောတာ တွေ့ရတယ်။ ပြီးတော့ ဆေးကုမရတော့တဲ့အဆင့် ရောက်နေတဲ့ အနာကြီးရောဂါသည် ဖြစ်နေပြန်တယ်။ သူ့နာမည်ကလည်း ကင့်(ပ်)၊ မာတင်ကင့်(ပ်)တဲ့။

သူတို့ချင်း မောင်နှမတော်နေကြပြီ။ လန်ဒန်နဲ့ အာဖရိက ဘယ်လိုများ ဆက်စပ်ကြည့်ရပါ့မလဲ။ ပြီးတော့ အဲဒီကင့်(ပ်)က လူ့ပြည်မှာ ရှိချင်မှရှိတော့မှာ။ လမ်းစအပျောက်ခံလို့တော့ မဖြစ်သေးဘူး။ အတိတ်တစ်ချိန်က အဆက်အသွယ်တွေကို ပြန်တွေးကြည့်လိုက်တယ်။ အားလုံးတော့ မလိုဘူး။ အရာရောက်မယ့် တစ်ခုတည်းပဲ။ ဟုတ်ပြီ။ တစ်ခါမှ မသွားဖူးခဲ့တဲ့ လေလွင့်သူများအသင်း။ တခြားအဖွဲ့အစည်းတွေနဲ့ လုံးဝမတူဘူး။ အသင်းဝင်အတည်တကျမရှိ ဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်နဲ့။ ပြီးတော့ ကမ္ဘာ့မြေပုံပေါ်မှာ မပါတဲ့ ဒေသက ရောက်လာပြီး ဘယ်ဝယ်ဘယ်ဆီမှန်း မသိတဲ့ အရပ်ကို ပြန်ထွက်သွားတတ်ကြတဲ့သူတွေချည်းပဲ။

သို့ပေမယ့် အားကိုးလောက်တဲ့သူတစ်ယောက် ရှိနေတယ်။ မစ္စတာဟာတ်တန်တဲ့။ လေလွင့်သူများအသင်းရဲ့ ရာသက်ပန် တာဝန်ခံကြီး။ ဝင်လာသမျှနဲ့ ပြန်ထွက်သွားကြတဲ့သူ အားလုံးနီးပါးကို မှတ်မိနေတတ်တဲ့သူ။ အသင်းရုံးထဲဝင်သွားတော့ လာနေကျ လူတစ်ယောက်လို တရင်းတနှီးကြိုဆိုခဲ့တယ်။ ဝန်ရှင်တော်မင်းကြီး ဗီရီခါနဲ့ ဆေးမှူးစထရန်းတို့ နှစ်ယောက်လုံး ခွင့်နဲ့ အိမ်ပြန်လာကြကြောင်း သူ့ဆီက သတင်းရခဲ့တယ်။ ဆေးမှူးစထရန်းကတော့ ခွင့်ရက်စေ့လို့ ပြန်ထွက်သွားတာ မကြာသေးဘူးတဲ့။ ပြီးခဲ့တဲ့ အပတ်ထဲက မာရ္ဂီဘရာသင်္ဘောနဲ့ ထွက်သွားတာတဲ့။ ထုံးစံအတိုင်း ဦးတည်ရာကိုတော့ သူ မပြောနိုင်ခဲ့ဘူး။

အဲဒီလောက် သတင်းအစရရင်ပဲ လုံလောက်ပါပြီ။ ဆေးမှူးစထရန်းဆီကို ချက်ချင်းကြေးနန်းရိုက်လိုက်တယ်။ ပြီးတော့ အသင်းရုံးထဲမှာပဲ ထိုင်စောင့်နေခဲ့တယ်။ နာရီပိုင်းအတွင်း ကြေးနန်းပြန်ဝင်လာခဲ့တယ်။ ကင့်(ပ်) မနှစ်ကပဲ သေသွားပြီ။ အသေဆိုးနဲ့ပဲ။ အလောင်းကို သူ့ညီမတွေရဲ့ ကိုယ်စားလှယ်က လာသဂြိုဟ်ပြီး အရိုးပြာကို အိမ်ပြန်ပို့လိုက်တယ်။

ခေါင်းထဲမှာ အတွေးတွေ ဒေါင်ချာစိုင်းသွားတယ်။ အဖြေက သိပ်မဝေးတော့ပါဘူး။ ဒါကြောင့် ထောင့်ပေါင်းစုံက လှည့်ပတ်တွေးကြည့်မိတယ်။ လမ်းဆုံးပေမယ့် ရှာတော့ မတွေ့ခဲ့ရဘူး။ အဲဒီအချိန်မှာ ကတော်လောင်းမလေးကလည်း ဇရဲကို အရှင်လတ်လတ် ရောက်နေရရှာတယ်။ သူ့ကိုယ်သူ ဘာဖြစ်မှန်းလည်း မသိဘူး။ ရောဂါအမည်မတပ်နိုင်ဘဲ အိပ်ရာထဲလဲနေတာ မတ်လ (၄)ရက်နေ့ကတည်းကဆိုတော့ အခု(၃)ရက်တောင် ရှိသွားပြီကော။

လေလွင့်သူများအသင်းက ပြန်ရောက်တော့ သူမဟာ ကျုပ်လက်ထဲကို စာရွက်ပိုင်းကလေးတစ်ခု ထည့်ပေးလာတယ်။ စာရွက်ပေါ်မှာ ဒီနေ့ညဆိုတဲ့ စာတစ်လုံးပဲပါပြီး အမ်ကေဆိုတဲ့လက်မှတ်ကို ထိုးထားခဲ့တယ်။ သူတို့ဘက်က တိုက်ပွဲအရှိန် မြှင့်ကြတော့မယ့်ပုံပဲ။ အချိန်ဆွဲနေလို့ မဖြစ်တော့ဘူးဆိုတာ သိလိုက်တယ်။

ညနေစောင်းရောက်တော့ မြေညီထပ်ကိုဆင်းပြီး မယောင်မလည်နဲ့ စောင့်ကြည့်ခဲ့တယ်။ အဘွားကြီးနှစ်ယောက်ရဲ့ အရိပ်အယောင်ကိုတောင် မတွေ့ခဲ့ရဘူး။ ကလေးမလေးရဲ့ အခြေအနေကလည်း နာရီနဲ့အမျှ ပိုဆိုးလာခဲ့တယ်။ လူချစ်လူခင်များတော့ အထပ်နှစ်ထပ်လုံးက သူ့သူငယ်ချင်းတွေ ဝင်လိုက်၊ထွက်လိုက်နဲ့ အခန်းထဲမှာ ဧည့်မပြတ်တော့ဘူး။ ညဆယ်နာရီလောက်ရောက်တော့ ကိုယ်အပူချိန်က ကြောက်ခမန်းလိလိ တက်လာတယ်။ အောက်ထပ်မှာနေတဲ့ မစ္စဘားနဒ်က ဆရာဝန်ပြဖို့ အကြံပေးလာခဲ့တယ်။

အာဖရိကအလယ်ပိုင်းက ကြောက်စရာကောင်းလှတဲ့ ဗူးဒူးမှော်ပညာအကြောင်း သူမှ မသိဘဲကိုး။ ဟိုအဘွားကြီးတွေဟာ အဲဒီစုန်းပညာတွေတတ်တဲ့ ကင့်(ပ်)မျိုးနွယ်ဆိုတာ သိခဲ့ရပြီလေ။ ဒါကြောင့် ဆရာဝန်ခေါ်နိုင်းဖို့ နောက်တွန့်နေမိခဲ့တယ်။ ဒီက ဆရာဝန်အများစုက ခရစ်ယာန်ဘာသာဝင်တွေလေ။ ပြီးတော့ အတွေ့အကြုံတွေအရ ကလေးမလေး ခံစားနေရတာကို အနောက်တိုင်းဆေးနည်းတွေနဲ့ ကုလို့မရနိုင်ဘူးဆိုတာ သိနေမိတယ်။ သူ့ကိုကြည့်ရတာ အကြောက်လွန်ပြီး တဖြည်းဖြည်းနဲ့ သတိလက်လွတ် ဖြစ်လာတယ်။ သိသိကြီးနဲ့ ဆရာဝန်ခေါ်နိုင်းလိုက်ရင် မိုက်မဲရာကျတော့မှာပေါ့။ တစ်ဖက်မှာလည်း အဲဒီအာဖရိကန်ဗူးဒူးအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပါးစပ်ဟလိုက်မိရင် ဘယ်သူမှ လက်ခံကြမှာ မဟုတ်ဘူးလေ။ ကာယကံရှင် မိန်းကလေးကတော့ သေကောင်ပေါင်းလဲဖြစ်နေပြီ။ တွေဝေနေလို့ မဖြစ်တော့။ နောက်ဆုံး အဲဒီကင့်(ပ်)တွေနဲ့ ရင်ဆိုင်ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်တော့တယ်။ သုံးရမယ့်နည်းဗျူဟာကိုတော့ ကောင်းကင်ဘုံကပဲ သိလိမ့်မယ်ထင်ရဲ့။

ဒီလိုနဲ့ မစ္စဘားနဒ်ကို ဆရာဝန်သွားပင့်မှာမို့ ပြန်လာတဲ့အထိ ကလေးမလေးနားမှာ စောင့်ကြည့်နေဖို့ ပြောလိုက်တယ်။ ပြီးတော့ ဘယ်လိုအခြေမျိုးနဲ့ကြုံကြုံ လူနာကို နေရာလုံးဝမရွှေ့ဖို့လည်း သတိပေးခဲ့ရတယ်။ ရုတ်တရက် လုပ်ခိုင်းတာတွေကို အတွေးလွန်ပြီး ကြောက်မနေဖို့လည်း မှာရပြန်သေးတယ်။ အားလုံးစိတ်ချရတာနဲ့ မြေညီထပ်ကို ပြေးဆင်းခဲ့တယ်။ တယ်လီဖုန်းတင်ထားတဲ့ စားပွဲပေါ်က မီးရောင်က လှေကားပေါ်အထိ ဖြာကျနေတယ်။ လှေကားဘေးက မှောင်နေပြီး မြေညီထပ်ခန်းမကြီးထဲမှာတော့ ခပ်မှိန်မှိန်လေး လင်းနေတယ်။

လှေကားခြေရင်းရောက်တာနဲ့ ညာဘက်ကို ချိုးကွေ့လိုက်တယ်။ လှေကားဘေးက မှောင်ရိပ်ကိုခိုပြီး နောက်ကြောင်းပြန်လျှောက်ခဲ့တယ်။ ခန်းမကြီးထိပ်ကိုရောက်တော့ တံခါးပေါက်တစ်ပေါက်ကို တွေ့လိုက်ရတယ်။ တံခါးမှာ အက်ကွဲကြောင်းကလေးရှိလို့ အတွင်းဘက်က မီးရောင်ကို မြင်နေရတယ်။ ဟိုတစ်ညတုန်းက ကတော်လောင်းမလေး ပျောက်သွားတာ ဒီအခန်းထဲဝင်သွားလို့ပဲ ဖြစ်လိမ့်မယ်။ တတ်နိုင်သမျှ ခြေဖော့သွားပြီး တံခါးလက်ကိုင်ကို ဖိလှည့်လိုက်တယ်။ ဘာသံမှမမြည်ဘဲ တံခါးပွင့်သွားသလို အခန်းထဲက မီးရောင်ကလည်း တစ်ပြိုင်နက်ပျောက်သွားတော့တယ်။

အဲဒီတုန်းမှာပဲ သွားစေ့ပြီး ခပ်တိုးတိုးပြောသံကို ကြားလိုက်ရတယ်။

'မင်းရောက်လာပြီပေါ့၊ ရောက်ပြီနော်။ မင်း အန်ခါဗီကို ဖီဆန်တဲ့အတွက် ကောင်းကောင်းဆုံးမရတော့မယ်'

'တစ်ယောက်တည်း ကြိတ်ရယ်လိုက်မိတယ်။ အိမ်မွေ့ချ ခံထားရတဲ့ တပည့်တွေကို အိန္ဒိယဖကီးကြီးတွေက အဲဒီလေသံမျိုးနဲ့ အမိန့်ပေးစေခိုင်းတတ်တာကို ကြုံတွေ့ခဲ့ဖူးလို့ ရိုးနေပါပြီ။

'ရှေ့နှစ်လှမ်းတိုးလိုက်၊ တံခါးပေါက်ကို ဖြတ်ဝင်၊ အန်ခါဗီရဲ့ ဝတ်ကျောင်းတော်ဆီ ရောက်တဲ့အထိ လှေကားဆယ့်သုံးထစ်ကို ဆက်ဆင်းသွားလိုက်'

ပြောနေတဲ့အတိုင်း မျှောလိုက်သွားခဲ့တယ်။ ဘယ်အချိန်မှာ ဘာနဲ့ကြုံပြီး ဘာတွေများဖြစ်လာမလဲလို့ တွေးနေမိတယ်။ အစပိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်နဲ့ မီးစင်ကြည့်လာခဲ့တာပါ။ ကျဉ်းထဲကျပ်ထဲရောက်ရင်လည်း ဒီအဘွားကြီးနှစ်ယောက်လောက်ကတော့ နှစ်ချက်လှူပ်ရှားလိုက်ရုံနဲ့ ပွဲသိမ်းနိုင်တယ်လေ။ ဒါပေမဲ့ လှေကားထစ်တစ်ထစ်ချင်း ဆင်းသွားရင်းနဲ့ ယုံကြည်မှုတွေ လျော့လာတော့တယ်။

တစ်စစနဲ့ ကြောက်စိတ်က မသိမသာ လွှမ်းမိုးလာတယ်။ ဝန်းကျင်တစ်ခုလုံးကလည်း ပိန်းပိတ်အောင် မှောင်မည်းနေတယ်။ ဖောက်ထွင်းမမြင်နိုင်တဲ့ စောင်မည်းကြီးနဲ့ အုပ်ထားသလိုပါပဲ။ အသက်ရှူမဝဘဲ မွန်းကျပ်လာတယ်။

'လှေကားတစ်ထစ်ချင်း ရေသွား၊ အားလုံးဆယ့်သုံးထစ် ရှိတယ်'

နားကြားပြင်းကတ်စရာ အသံက ဆက်ထွက်လာခဲ့တယ်။ အဲဒီအသံလာရာကို မခန့်မှန်းတတ်။ မိန်းမသံလား၊ ယောကျ်ားသံလားလည်း မခွဲခြားနိုင်။ တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရတယ်။ လှေကားဆယ့်သုံးထစ်အလွန်မှာ ဘာများစောင့်နေပါလိမ့်။ ဆံပင်တွေထောင်ပြီး တစ်ကိုယ်လုံး ချွေးစေးတွေ ပြန်လာတော့တယ်။



www.burmeseclassic.com

သေရေးရှင်ရေးကြားထဲမှာပဲ တိုရိုန်းနယ်က နာမည်ကျော် လော့(ချ်စ်)ရဲ့တိုက်ကြီးကို ရောက်ခဲ့တုန်းက ပုံရိပ်တွေ ဖျတ်ခနဲပေါ်လာခဲ့တယ်။ အဲဒီမှာ မြေကြီးထဲက ကျောက်သားကိုထွင်းထားတဲ့ အချုပ်ခန်းတွေကို တွေ့ခဲ့ရတယ်လေ။ တံခါးပိတ်လိုက်တာနဲ့ ကိုယ့်လက်ကိုယ်တောင် မမြင်နိုင်လောက်အောင် မှောင်အတိကျသွားတယ်။ ကြောက်လန့်နေတဲ့ အကျဉ်းသားဟာ ကျောက်သားနံရံကို လက်နဲ့စမ်းရင်းတစ်လှမ်းချင်း ရှေ့တိုးသွားကြည့်တာပေါ့။ တစ်နေရာလည်းရောက်ရော ကျောက်သားနံရံကို မစမ်းမိတော့ဘူး။ ခြေချစရာလည်း ပျောက်သွားတယ်။ ခြေလွတ်လက်လွတ် လေထဲရောက်သွားတော့တယ်။

'အမြေက ရှိုးရှိုးကလေးပါပဲ။ အဲဒီအချုပ်ခန်းအဆုံးမှာမြေအောက်မြစ်အထိ ရောက်အောင်တူးထားတဲ့ တွင်းနက်ကြီး ရှိတယ်လေ။ ပိန်းပိတ်အောင်မှောင်နေတဲ့ နေရာကိုရောက်သွားတဲ့သူအတွက် အရပ်မျက်နှာလည်း ပျောက်သွားတတ်တယ်လေ။ ရှေ့နောက်ဘယ်ညာ ဘာမှမသိနိုင်တော့ဘူး။ တကယ်တော့ ကိုယ့်သင်္ချိုင်းရှိရာကို စမ်းတဝါးဝါးနဲ့လျှောက်ခိုင်းလိုက်တာပါပဲ။ ခုလည်း အဲဒီလိုများ ဖြစ်နေပြီလား။

ရိပ်ရိပ်လွှမ်းမိုးလာတဲ့ ကြောက်ရွံ့မှုကို အံကြိတ်ပြီးတင်းခံလိုက်တယ်။ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုး၊ တစ်ဆယ်။ ကျက်သရေမဲ့လှတဲ့အော်သံ ထွက်လာပြန်တယ်။ တစ်ဆယ့်တစ်၊ တစ်ဆယ့်နှစ်။ စက္ကန့်ပိုင်းလောက် အသံတိတ်သွားပြီးမှ ပြန်ပေါ်လာခဲ့တယ်။

'အန်ခါဇီရဲ့တပည့်တွေက မင်းရဲ့သွေးကို သောက်ကြတော့မယ်။ နောက် မင်းရဲ့ခန္ဓာကိုယ်၊ ပြီးတော့ အသားတွေ။ ရှေ့ဆက်လှမ်းလိုက်၊ တစ်ဆယ့်သုံး'

အသံက တံတောင်ဆစ်နားက ထွက်လာတာကို သိလိုက်ရတယ်။ အဲဒီအချိန်မှာ တစ်ကိုယ်လုံးကသွေးတွေ အေးခဲသွားမတတ် ကြောက်နေမိခဲ့တယ်။ ဒါပေမဲ့ ချောင်ပိတ်မိနေတဲ့ကြွက်လို ရုတ်တရက် နောက်ပြန်လှည့်ပြီး လေထဲကိုခုန်လိုက်တော့တယ်။ မုန်းတီးမှုနဲ့ ဒေါသတွေ ရောနေပြီး လူ့အော်သံနဲ့မတူတဲ့ မာန်ဖီလိုက်သံကြီးကို ကြားလိုက်ရတယ်။ တစ်ဆက်တည်းမှာပဲ လေးလံတဲ့ ကိုယ်လုံးကြီးနဲ့ ခုန်အုပ်တာ ခံလိုက်ရတယ်။ လဲကျသွားချိန်မှာ စေးထန်းထန်း လက်ကြီးတွေက လည်ပင်းကို ဖိညှစ်လာတယ်။

မျက်နှာနားကပ်ပြီး ရှိုက်ထုတ်လိုက်တဲ့လေက အေးစက်စက်ကြီးမို့ သွေးကြောတွေ အေးခဲတောင့်တင်းသွားပြီလို့ ထင်လိုက်မိတယ်။ နောက်ဆုံးမှာ သေမထူး နေမထူးသဘောနဲ့ မီးကုန်ယမ်းကုန် ပြန်တိုက်ခိုက်ခဲ့တော့တယ်။

'အောက်မှာ··အောက်ဘက်မှာ။ သူ့ကို အရှင်မထားနဲ့ မာရီယွန်ရေ၊ သူ အကုန်သိသွားပြီ။ အာဖရိကကို ရောက်ဖူးတဲ့လူလို့ ဟိုကောင်မလေးက ပြောသွားတယ်။ သူသိမှာသေချာတယ်။ မြန်မြန်လုပ်စမ်းပါ မာရီယွန်ရဲ့။ အန်ခါဇီရုပ်တုနဲ့ မာတင်ရဲ့ ဗူးဒူးအရိုးပြာအိုးတွေ ဘယ်မှာလဲ၊ လုပ်လေ အန်ခါဇီ'

ရုတ်တရက် ဒေါသက ငယ်ထိပ်ရောက်သွားတယ်။ သူတို့ရဲ့ နောက်ဆုံးလက်နက်ကို ထုတ်သုံးကြတော့မယ်လေ။ ဒါမျိုး ကောင်းကောင်းတွေ့ဖူးခဲ့တာပေါ့။ အဲဒီနေရာမှာသာ သေသွားရင် ပေါရိသာဒနှစ်ယောက်ရဲ့ မြိန်ရေရှက်ရေပွဲတော်တည်တာ ခံသွားရမယ်။ ဒါကြောင့် ကိုယ့်ဘက်ကလည်း နောက်ဆုံးကျည်ဆန်ကို ထုတ်သုံးလိုက်တော့တယ်။

ဘုရားသခင်ရဲ့ ဝိညာဉ်တော်တန်ခိုးကြောင့် ကျွန်ုပ်သည် အော်သံမဆုံးခင် ဘာတွေမှန်းမသိဘူး။ ခြေထောက်ပေါ်ကို တဖြုတ်ဖြုတ်နဲ့ ကြွေပွဲကျလာခဲ့တယ်။ မှောင်ထဲမှာဆင်းလာခဲ့တဲ့ လှေကားအတိုင်း နာကျင်လို့ ကြိတ်ညည်းရင်းပြန်တက်ပြေးသွားသံတွေ ကြားလိုက်ရပြီး လုံးဝတိတ်ဆိတ်သွားတယ်။ ဘာတွေဖြစ်ကုန်မှန်း လုံးဝမသိတော့ပါဘူး။

◆◆◆

မတ်လ (၈)ရက်။

ဒီတစ်ခါ သူတို့တွေ သားကောင်အရှေ့မှားသွားကြပုံရတယ်။ ကတော်လောင်းမလေးကို အကြောင်းပြုပြီး သူတို့ရဲ့ ဟန်ဆောင်မျက်နှာဖုံးတွေ ကွာကျကုန်ကြပြီလေ။

ဒီမနက်တုန်းက လာနေကျ အမဲသားသည်ကောင်လေး ရောက်လာတော့ ကင့်(ပ်)ညီအစ်မတွေ အခန်းက ခေါ်မကြား အော်မကြား ဖြစ်နေတယ်တဲ့။ အခန်းထဲက အပုပ်နံ့တွေလည်း ထွက်နေလို့ ရဲကို သွားအကြောင်းကြားခဲ့တယ်။ နောက်ဆုံးမှာ ရဲတွေက အခန်းတံခါးဖျက်ပြီး ဝင်စစ်ခဲ့ကြတယ်။ အဲဒီမှာ မယုံနိုင်စရာမြင်ကွင်းကြောင့် မျက်လုံးပြူးပါးစပ်ပြဲကုန်ကြတော့တယ်။ မြေအောက်ခန်းက ကွင်းတစ်ကွင်းထဲမှာ အရိုးပုံကြီးကို တွေ့လိုက်ကြရတာကိုး။ အမဲရိုး၊ ဆိတ်ရိုးတွေနဲ့ အတူ လူရိုးတွေပါ ရောနေတယ်တဲ့။

မြေအောက်ခန်းအစွန်က အခန်းကိုတော့ အာဖရိကန်တိုင်းရင်းသားတွေ အားကိုးကြတဲ့ ရိုးရာဂါထာ မန္တန်တွေ



www.burmeseclassic.com

www.burmeseclassic.com

ရွှတ်ဆိုရာ ဂျူးဂျူးဆိုတဲ့နေရာ လုပ်ထားတယ်။ တကယ်တော့ ဘာသာရေးအရောင်ပြထားတဲ့ သားသတ်ရုံပါပဲ။ အဲဒီအချိန်ထိ အပုပ်နံ့တွေ လှိုင်နေလို့ ထုံးရည်တွေ အတော်များများ လောင်းခဲ့ရတယ်လို့ ရဲတပ်ကြပ်ကြီးက ပြောပြခဲ့တယ်။

ကင့်(ပ်)ညီအစ်မကတော့ ကြက်ပျောက်ငှက်ပျောက်ပေါ့။ အရိုးတွင်းကြီးဆီ ဆင်းသွားတဲ့ လှေကားရင်းမှာ သူတို့ရဲ့ အဝတ်ထုပ်တစ်ထုပ်ကို တွေ့ကြရတယ်။ တစ်ခုတည်းသော သဲလွန်စပါပဲ။ ကတော်လောင်းမလေးကလည်း လွှန်ခဲ့တဲ့နှစ် ညကအတိုင်း ဝေဒနာခံစားနေရတုန်းပါပဲ။

♦ ♦ ♦

မတ်လ (၂၉)ရက်။

ကျန်းမာရေးဝန်ထမ်းတွေ အလုပ်ရှုပ်ကြတဲ့နေ့။

အလွန်တက်ကြွတဲ့ စစ်ဆေးရေးမှူး လူငယ်ကလေးနဲ့ ခဏတစ်ဖြုတ် စကားပြောဖြစ်ခဲ့တယ်။ သူက အခုလို အော်ဂလီဆန်စရာ အမှိုက်ပုံမျိုးတွေ လန်ဒန်မြို့အနှံ့ အများကြီးရှိ ကြောင်း ပြောပြလာတယ်။ သူဟာ စကားပြောနေရင်းက ရုတ်တရက် ရှေ့ဘက်ကိုခုန်ပြီး လက်ထဲကတုတ်နဲ့ တဖုန်းဖုန်း ရိုက်လိုက်တယ်။ ကြည့်လိုက်တော့ မြေကြွက်ကြီးနှစ်ကောင် ကိစ္စချောနေကြပြီ။

'ဗိုး‥ဒီလောက်ကြီးတဲ့ ကြွက်စုတ်တွေကို တစ်သက်လုံး ခုမှပဲမြင်ဖူးတော့တယ်။ လိုက်ရိုက်တာတောင်မှ မပြေးဘဲ ပြန်မာန်ဖီနေကြသေးတယ်။ သူတို့အပိုင်စားရတဲ့နေရာများ မှတ်နေကြလား မသိဘူး'

အဲဒီစစ်ဆေးရေးမှူးကလေးက သူ့အတွေးနဲ့သူ ပြောလိုက်တာပါ။ ဒါပေမဲ့ မျက်စိထဲမှာ ကင့်(ပ်)ညီအစ်မနှစ်ယောက်ကို မြင်ယောင်လာမိပြီး ကြက်သီးတဖြန်းဖြန်းထသွားရတယ်။ ပြီးတော့ အဲဒီမြေအောက်ခန်း မှော်သိုက်နန်းထဲကနေ သုတ်ခြေတင်ပြန်တက်ခဲ့မိတယ်။

သူတို့တွေ ဒီနေရာက ခြေရာပျောက်သွားကြပြီ။ လန်ဒန်မြို့ရဲ့ ဘယ်နေရာမှာများ ဂျူးဂျူးအခန်း ထပ်ဖွင့်ကြမှာပါလိမ့်။ ရင်လေးလိုက်ပါဘိ။ သူတို့အကြောင်း ဒိုင်ယာရီထဲမှာ နောက်ထပ်ရေးမှတ်ရမယ့် နေ့ရက်တွေနဲ့ မကြုံတွေ့ရပါစေနဲ့ လို့သာ ဆုတောင်းနေမိပါတော့တယ်။

ကျော်ဇော(စားကုန်)

VIVIAN MEIK ၏ The Two Old Women ကို သင့်လျော်အောင် ပြန်ဆိုသည်။




ဓမ္မဒူတစာပေဆုရ

ဓမ္မဃောသက – အရှင်ဩဘာသ

ဗုဒ္ဓအလိုကျ

သမ္မာအာဇီဝ

လောကထဲမှာ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်အောင်
အတတ်ပညာက ထောက်ပံ့နိုင်ပေမယ့် အသိပညာလောက်
မထိရောက်နိုင်ဘူး။ အသိပညာကသာ တန်ဖိုးရှိတဲ့
လူတစ်ယောက်ဖြစ်အောင် အထိရောက်ဆုံး
စွမ်းဆောင်ပေးနိုင်ပါတယ်။
ပညာကို သင်ယူလေ့လာ ဆည်းပူးတဲ့အခါ အသိပညာကို
နံပါတ်(၁)ထားပြီး အတတ်ပညာကို လက်တွဲခေါ်ယူသင့်တယ်။

ဖြန့်ချိရေး - သစ္စာမဏ္ဍိုင်ပိဋကတ်စာအုပ်တိုက်
အမှတ်(၂/၃)၊ ရွှေတိဂုံဘုရား(တောင်ဘက်မုခ်)၊ ရန်ကုန်မြို့။ ဖုန်း-(၀၁)၃၈၇၈၄၉

www.burmeseclassic.com

'သားတို့ အမေနဲ့ လာနေပါရစေ။ ခွင့်ပြုပါနော်'

'အမေက ဆင်းရဲတော့ သားတို့နှစ်ယောက်ကို လက်မခံနိုင်ပါဘူး သားရယ်'

'ညီလေးကိုသာ ခေါ်သွားပါနော်။ အမေတို့ စီးပွားရေးအတွက် စိတ်မညစ်စေရပါဘူး'

'မလာနဲ့··မလာနဲ့၊ သွား··သွား'

'တင်တင်··တင်တင်··ဘာဖြစ်တာလဲ'

တင်တင်တစ်ယောက် အိပ်မက်က လန့်နိုးသွား၏။ အိပ်မက်ထဲ ကောင်လေးနှစ်ယောက် ရောက်လာသည်။ တစ်ယောက်က အသားညိုညို၊ တစ်ယောက်က



# ထူးခြားဆန်းပြားဖြစ်ရပ်မှန်

# ဇေယျကျော်

(ပြောက်ဒုံ)

www.burmeseclassic.com

www.burmeseclassic.com

အသားဖြူဖြူ။ အသားညိုညိုနှင့် အကြီးဖြစ်ဟန်တူသူက ခွင့်တောင်းနေသည်။

'ကောင်လေးနှစ်ယောက်က တင်တင်တို့နဲ့ အတူနေချင်လို့တဲ့ မောင်ရယ်။ အဲဒါ တင်တင်က စီးပွားရေးအဆင်မပြေလို့ မလာနဲ့လို့ ပြောလိုက်တာ'

'သြော်..တင်တင်ရယ်၊ ကိုယ်နဲ့ရေစက်ရှိလို့ ရောက်လာမှတော့ လက်ခံရမှာပေါ့ကွယ်။ ကိုယ်တို့ ပိုကြိုးစားပြီး ရှာဖွေရမှာပေါ့။ ကိုင်း..ကိုင်း..ရေသောက်ပြီး ပြန်အိပ်လိုက်နော်'

ပြန်သာအိပ်လိုက်ရသည်၊ အိပ်မပျော်ပါ။ မျက်စိထဲ ညီအစ်ကိုနှစ်ယောက်က တဝဲလည်လည်။

သည်လိုနှင့် တင်တင်တစ်ယောက် ဒုတိယအကြိမ် ကိုယ်ဝန်ရှိလာခဲ့သည်။ ကိုမောင်တစ်ယောက်ကတော့ သားကြီးအဖော်ရပြီဟု ပျော်နေသည်။ တင်တင်လည်း ကိုမောင့်ကိုကြည့်ပြီး အပျော်များ ကူးစက်ကာ လင်မယားနှစ်ယောက် စိတ်ညစ်စရာတွေကို မေ့သွားရတော့သည်။

ရက်မှလ ကြာညောင်းပြီး ကိုယ်ဝန်ရင့်လာ၏။

တစ်ခုသောည-

'အမေ..သားညီလေးကို အမေ့ဆီ ပို့လိုက်ပြီနော်။ ညီလေးကို ဂရုစိုက်ပါ။ အမေတို့ကို အကျိုးပြုမှာပါ အမေ'

အရင်တစ်ခါ မက်ခဲ့ဖူးသော အသားညိုညိုနှင့်ကောင်လေး ပြန်ရောက်လာပြီး စကားပြောကာ ချက်ချင်းလိုလို ပြန်ပျောက်ကွယ်သွား၏။ တင်တင် ကိုမောင့်ကို ပြောပြသည်။ ကိုမောင်ကတော့ လူဝင်စားလေး အကျိုးပေးမှာဟု ဝမ်းသာနေပါသည်။ ဒုတိယအကြိမ် အိပ်မက်,မက်ပြီး (၃) ရက်အကြာတွင် တင်တင်တစ်ယောက် မီးဖွားပါတော့သည်။

'ဟင်..'

မြင်သူတိုင်း အံ့သြနေကြသည်။ မွေးကင်းစ ကလေးတစ်ကိုယ်လုံးတွင် အသားမာလို ခပ်ကြမ်းကြမ်းအဖတ်များ ရှိနေသည်။ ကလေးကိုယ်မှလည်း ညှီစို့စို့အနံ့တစ်မျိုး ထွက်နေ၏။ လက်ဖဝါး၊ ခြေဖဝါးကအစ ရှိနေခြင်းဖြစ်သည်။ မွေးပြီးကတည်းက ကလေးကျန်းမာရေးချို့တဲ့ဟန်တူသည်။ တစ်ချိန်လုံးလိုလို ငိုနေသည်။ နေ့ရောညပါ ကောင်းကောင်း မအိပ်ရတော့။ လင်မယားနှစ်ယောက် စိတ်ညစ်ရတော့သည်။

ဆေးခန်းမျိုးစုံ ရောက်ခဲ့ပြီ။ ကောင်းသည်ဆိုသည့် တိုင်းရင်းဆေး၊ တရုတ်ဆေး၊ အင်္ဂလိပ်ဆေး မရောက်, ရောက်အောင် သွားပြသည်။ ခဏတော့ သက်သာသလိုရှိပြီး ပြန်ဖြစ်သည်။ ကလေးကလည်း တစ်ကိုယ်လုံး နာနေဟန်တူသည်။ နေ့လည်းငို၊ ညလည်း ကောင်းကောင်းမအိပ်နိုင်၊ ထ,ထငိုနေရှာသည်။

သည်လိုဖြင့် တစ်နှစ်သားအရွယ်သို့ ရောက်ခဲ့၏။ တစ်နေ့ ကလေးကိုချီလိုက်ရာ ကလေးလက်နှစ်ဖက် ဘေးသို့ တွဲလောင်းကျသွားသည်။

'မောင်ရေ..လုပ်ပါဦး၊ သားလက်တွေ ဘာဖြစ်သွားတာလဲ'

စိုးရိမ်တကြီးဖြင့် စမ်းကြည့်ကြသည်။ ဟုတ်ပါသည်။ လက်က အရင်ကလိုမဟုတ်၊ အောက်သို့ လုံးဝတွဲလောင်းကျနေသည်။ တင်တင်တစ်ယောက် ငိုရပြန်ပါပြီ။ နဂိုကမှ ကျန်းမာရေးမကောင်းရာ အခု နောက်တစ်မျိုးထပ်ဖြစ်ပြန်ရာ ငယ်ထိပ် မြွေပေါက်သည့်နှယ်။

သည်တစ်ကြိမ်တော့ ကံကောင်းပါသည်။ အိမ်နီးနားချင်းများ၏ စောင့်ရှောက်မှုဖြင့် သီလရှင်ကြီးထံ ရောက်ခဲ့ရာ စပါးကြီးသည်းခြေဖြင့် ဖော်စပ်ထားသောဆေးကို ကိုယ်တိုင်လိမ်းပေးသလို စပါးကြီးသည်းခြေပါ ပေးလိုက်ပြန်ရာ သွေး၍ ဆေးနှင့်ရောပြီး မှန်မှန်လိမ်းပေးရာ ကလေးငယ်လက်မှာ ပုံမှန်အတိုင်း ပြန်ကောင်းသွားပါသည်။ အသားမာကြမ်းကြမ်းများနှင့် ညှီစို့စို့အနံ့မှာ ရှိနေဆဲဖြစ်သလို ညအိပ်ရာထဲ လှဲသိပ်လိုက်စဉ် ထ,ထငိုသောကြောင့် ပွေ့ချီသိပ်ခဲ့ရသော ညပေါင်းကလည်း မနည်းတော့ပါ။

ကလေးအသက် တစ်နှစ်ခွဲခန့်အထိ ကလေးမှာ တခြားကလေးငယ်များလို သန်စွမ်းမှုမရှိဘဲ ချည့်နဲ့နေခဲ့ရာ တင်တင်တို့ ဇနီးမောင်နှံမှာ သားကလေးအတွက် တစ်ရက်မှ စိတ်မအေးခဲ့ရပါ။ သို့သော် အကုသိုလ်ကံကုန်ချိန် စောင့်ရှောက်မည့်သူ ပေါ်ခဲ့ပါပြီ။

တင်တင်တို့မိသားစုနေထိုင်ရာ ကြည့်မြင်တိုင်တစ်ဖက်ကမ်းရပ်ကွက်တွင် ကာလီမာန်မယ်တော် ဟိန္ဒူနတ်ဘုရားပွဲလှည့်လာသည်။ အများနည်းတူ တင်တင်တို့မိသားစုလည်း ထွက်ကြည့်ကြသည်။ ထိုစဉ် တင်တင့်စိတ်အာရုံဝယ် ဆန္ဒတစ်ခု ပြင်းထန်စွာ ပေါ်ပေါက်လာသည်။

'မောင်ရယ်..ဟိုမှာလှည့်လာတဲ့ သူတော်စင်ကြီးကို နှုတ်ဆက်ချင်ပေးချင်လိုက်တာ'

'မလုပ်ပါနဲ့ကွယ်၊ မောင်တို့က ဗုဒ္ဓဘာသာလေ။ သူတို့



www.burmeseclassic.com

www.burmeseclassic.com

ကို သွားနှောင့်ယှက်သလိုဖြစ်နေရင် မကောင်းပါဘူး'

'မဟုတ်ပါဘူး။ နှင်းရည်လောင်းပြီး ပူဇော်ချင်လို့ပါ'

အတန်တန်ပြောလာသဖြင့် ကိုမောင်တစ်ယောက် ထို အဖွဲ့မှ လူကြီးများထံရောက်သွားပြီး ခွင့်တောင်းရာ ကျေနပ်စွာ ခွင့်ပြုလိုက်သဖြင့် ဝမ်းသာအားရပြန်လာခဲ့သည်။ လင်မယားနှစ်ယောက် သန့်စင်သောနှင်းကောင်းဖြင့် သေသေချာချာဖျော်သည်။ သူတော်စင်ကြီးအား ခုံတွင်ထိုင်စေလျက် ခြေ၊ လက်များအား ရေဖြင့် သန့်စင်ပေးပြီးမှ ဒူးခေါင်းထက်မှနေ၍ နှင်းရည်ကို ဖြည်းညင်းစွာ သွန်းလောင်းပေးပြီး ရှိသေစွာ ရှိခိုးလိုက်၏။

သူတော်စင်ကြီးမှ တင်တင်နဖူးအား လက်ဖြင့် အသာသပ်ပေးရင်း-

'သမီးမှာ အပူရှိနေတယ်။ တခြားအပူတော့ မဟုတ်ဘူး၊ သားသမီးအပူပဲ'

တင်တင် ရင်ထဲမှာ နင့်သွား၏။

အားကိုးတကြီးနှင့် မော့ကြည့်ပြီး-

'အဘရယ်..သမီးရဲ့ သားလေးမှာ မွေးကတည်းက အသားမာဖတ်တွေ တစ်ကိုယ်လုံး ပေါက်လာတယ်။ ထိလိုက်ရင်လည်း နာလို့လား မသိဘူး တစ်အားငိုပါတယ်။ ပြီးတော့ ကိုယ်ကလည်း ညှီနံ့ထွက်နေတာ ဘယ်လိုရေချိုးပေးပေး မပျောက်ပါဘူး'

'သမီးယုံကြည်တယ်ဆိုရင် အဘကုပေးမယ်။ အဘတို့ ဘုရားကျောင်း လိုက်ခဲ့'

'သမီးက ဗုဒ္ဓဘာသာမို့ လိုက်လို့ရပါ့မလား။ ဘာသာမပြောင်းချင်ဘူးနော်'

'မပြောင်းရပါဘူးကွယ်။ အဘပြောသလိုသာလုပ်ပါ။ သမီးကလေးရောဂါ ပျောက်ကင်းစေရမယ်'

ဤသို့ဖြင့် မိသားစု ကာလီမာန်မယ်တော် ဘုရားကျောင်းသို့ ရောက်သွားကြ၏။ ကာလီမာန်မယ်တော်နှင့် မျက်နှာချင်းဆိုင်မိသော တင်တင်တစ်ယောက် ကာလီမာန်မယ်တော်၏မျက်စိကို စေ့စေ့ကြည့်ရင်း ရင်ထဲတွင် ဆို့နင့်လာသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးမိပါတော့သည်။ ဘယ်လိုဖြစ်မှန်းမသိ စိတ်ကိုထိန်းမရဘဲ ငိုကြွေးနေသော တင်တင့်ကို လူကြီးက ဖေးမ,ပြီး မယ်တော်ရှေ့မှ ခေါ်ထုတ်လိုက်သည်။

'သမီးရေ..ဘဝတွေခြားသွားခဲ့ပြီ။ အစွဲအလမ်းမထားနဲ့တော့နော်။ ကလေးရောဂါ ပျောက်ဖို့ကိုပဲ စိတ်အာရုံပြုဆုတောင်းပါ။ ကလေးအတွက် အုန်းသီးခွဲဖို့ အုန်းသီးသွားရှာခဲ့ပါ'

ကိုမောင်တစ်ယောက် အုန်းသီးတစ်လုံး အမြန်ဆုံးရှာလာခဲ့၏။ အုန်းသီးအား ခွဲလိုက်ရာ ထူးဆန်းစွာ အတွင်းဘက်တွင် မည်းနက်နေသည်။ နောက်တစ်လုံးအား အမြန်ရှာခိုင်းရာ ထပ်ရှာရပြန်သည်။ သည်တစ်ခါ ခွဲလိုက်ရာတွင် ပုံမှန်အတိုင်း ဖြူဖွေးနေသဖြင့် အဓိဋ္ဌာန်အောင်မြင်သွားသည်။ ထို့နောက် ကလေးအား ဘုရားကျောင်းကို လှည့်ပတ်ပူဇော်မည့်လမ်းတွင် ချထားခိုင်းသည်။ တခြားကလေးများလည်း ခြေတစ်လှမ်းအကွာစီ တန်းစီလဲလျောင်းနေကြ၏။ အမျိုးသမီးအချို့လည်း ဝမ်းလျားထိုး လဲလျောင်းနေသည်ကို တွေ့ရသည်။ တင်တင်သည် သားငယ်လေးအား လမ်းပေါ်တွင် အသာချပေးလိုက်ပြီး အနားတွင် ထိုင်စောင့်နေသည်။

မကြာမီ ပွဲတော်စတင်ပြီး လှည့်လည်လာကြသည်။ သူတော်စင်များသည် ကလေးများအပေါ် ဖြတ်ကျော်သွားကြပြီး တင်တင်၏ကလေးအား ခြေဖဝါးများဖြင့် ကိုယ်အနှံ့ ပွတ်သပ်ပေးပြီးမှ ကျော်ဖြတ်သွားကြသည်။ တစ်ဦးပြီး တစ်ဦး ခြေဖဝါးများဖြင့် ပွတ်သပ်ပေးကြသည်။

ပွဲပြီးသောအခါ သူတော်စင်ကြီးရှေ့သို့ ပြန်သွားကြ၏။

'သမီး..အခု ကလေးကို ကုသပေးလိုက်ပြီ။ ထူးခြားတယ်ဆိုရင် (၃)နှစ် မီးနင်းပေးရမယ်။ နင်းနိုင်ပါ့မလား'

'ဟုတ်ကဲ့ အဘ၊ သမီးရဲ့ကလေး ရောဂါသက်သာ ပျောက်ကင်းရိုးမှန်ရင် သမီး နင်းပေးပါ့မယ်'

ဤသို့ဖြင့် ကာလီမာန်နတ်ဘုရားကျောင်းမှ အိမ်သို့ ပြန်လာခဲ့ကြ၏။ ညဘက်တွင် ကလေးမငိုသဖြင့် တင်တင်တို့ ဇနီးမောင်နှံ နှစ်ခြိုက်စွာအိပ်ပျော်သွားကြသည်။ အိပ်ရေးပျက်ခဲ့သောညပေါင်း များခဲ့ပြီမို့ တစ်ရေးတည်း အိပ်ပျော်သွားကြရာ မိုးစင်စင်လင်းမှသာ နိုးခဲ့ကြ၏။ နိုးနိုးချင်း သတိရသည်က သားကလေး။

'ဟာ..'

မြင်သူတိုင်း တအံ့တသြ ဖြစ်ကြရပြီ။ ကလေးတွင် ပတ်ထားသောအနှီးအား ခွာလိုက်ရာ အသားမာအဖတ်များက အနှီးပေါ်တွင် ပြန့်ကျဲနေသည်။ ကလေးငယ်တစ်ကိုယ်လုံးမှာ မွေးကင်းစကလေးငယ်ပမာ တွတ်တွတ်နီလျက် နူးညံ့နေသည်။ တင်တင် ဝမ်းသာလွန်းသဖြင့် မျက်ရည်များ ယိုစီးကျလာခဲ့ရသည်။ ကိုမောင်လည်း ထိုနည်းတူစွာပင်။

www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းစွာ ရောဂါပျောက်ကင်းသွားသလို ကလေး၏ ကိုယ်တွင်လည်း မွေးကတည်းက စွဲလာခဲ့သော ညှီစို့စို့အနံ့ မှာလည်း ထူးဆန်းစွာပျောက်ကင်းသွားခဲ့ပါပြီ။ တဖြည်း ဖြည်းချင်း ကျန်းမာရေးပြန်ကောင်းလာသလို တင်တင်မှာ လည်း သူမ၏ကတိအတိုင်း မီးနင်းပွဲတော်ရောက်သောအခါ ကလေးငယ်အား မီးနင်းပွဲသို့ ပို့ဆောင်ပေးပြီး သူတော်စင် များ ပွေ့ချီလျက် မီးနင်းခဲ့ပါသည်။

ကလေးငယ်မှာ နောက်ပိုင်းတွင် ရောဂါတစ်စုံတစ်ရာ မဖြစ်တော့ဘဲ ကျန်းမာလာပြီး အရွယ်တူကလေးများထက် ပင် သန်စွမ်းလာပါသည်။ ဤသို့ဖြင့် စကားပြောတတ်သော အရွယ်သို့ ရောက်လာခဲ့ပါသည်။ တစ်လတွင် ခင်ပွန်းသည် လုပ်ငန်း အဆင်မပြေဖြစ်ပြီး သာရေးနာရေး ကုန်ကျစရိတ် များသောကြောင့် တင်တင်တစ်ယောက် စိတ်ညစ်နေပါ သည်။ ခင်ပွန်းသည်ကိုလည်း အပူမကပ်လိုသဖြင့် လိုအပ် သောငွေကို မည်သို့ရှာဖွေရမည်ကို အချိန်ပြည့်တွေးတော နေမိသည်။

အမေ့မျက်နှာရိပ်ကို အကဲခတ်တတ်နေပြီဖြစ်သော သားငယ်လေးက အမေ့နားသို့ ရောက်လာပြီး–

'မေမေ··ဘာဖြစ်နေလဲ။ နေမကောင်းဘူးလား'

သားငယ်အသံကြောင့် မျက်နှာကိုပြုံးလိုက်ပြီး ချစ်စနိုး ဖြင့် စချင်သောကြောင့်–

'မေမေ ဘာမှမဖြစ်ပါဘူး သားငယ်။ ပိုက်ပိုက် နည်း နည်းလိုနေလို့ပါ'ဟု စနောက်လိုက်သည်။

'မေမေ ပိုက်ပိုက်လိုချင်ရင် သား ဂဏန်းပေးမယ်။ သားပြောသလောက်ပဲ ထိုးရမယ်။ ဘယ်သူ့ကိုမှလည်း မပြောရဘူး။ ကတိပေး'

'အောင်မယ်လေး··ကြီးကြီးကျယ်ကျယ် သားလေး ရယ်။ ကဲ··ကဲ··ပေးပါတယ်နော်'

'ဒါဆို··'

သားငယ်ပြောသည့်အတိုင်း ထိုးပေးလိုက်ပြီးနောက် အိမ်က ကိစ္စများဖြင့် ထိုအကြောင်းကို မေ့နေမိသည်။

'မေမေရေ··သားပေးတဲ့ဂဏန်း ထွက်ပြီ။ မေမေ့ကတိ အတိုင်း လုပ်ပေးတော့'

'ဟင်··ဟုတ်ရဲ့လား သားရဲ့။ တကယ်လား'

'မေမေကလည်း ဟုတ်လို့ပြောတာပေါ့။ မယုံရင်သွား မေးကြည့်လေ'

တကယ်ဟုတ်နေသဖြင့် သားငယ်ပြောသည့်အတိုင်း ပစ္စည်းများ ဝယ်ယူပြီး ပူဇော်ပ,သမ္မူများ လုပ်ပေးလိုက်ပါ သည်။ တင်တင်လည်း ငွေရေးအတွက် ရင်အေးသွားခဲ့ရ၏။ တင်တင်တစ်ယောက် အိပ်မက်ကို သွားသတိရလိုက်မိ သည်။ သူ့အတွက် ဘာမှမပူပါနဲ့ဟု ပြောခဲ့သည်မှာ မှန်နေ ပြီလားဟု။ သို့သော် သားငယ်လေးက အမြဲမပေးပါ။ စီး ပွားရေးကျပ်တည်းလွန်း၊ ငွေခက်လွန်းသောအခါမှ ပေး၏။ ပေးသည့်အခါတိုင်း သူပြောသည့် အတိုင်းအတာအတိုင်း ထိုးရသည်။ ပူဇော်ပ,သမ္မူများ ဆောင်ရွက်ပေးရသည်။ ငွေကြေးမှ ပြေလည်ရုံမျှသာ ကျန်သည်။ သို့သော် တင်တင် ကျေနပ်ပါသည်။ သူမကလည်း လောဘကြီးလွန်းသူ မဟုတ်။ လုပ်အားဖြင့် ထိုက်ထိုက်တန်တန်ရသောငွေကိုသာ လိုချင်သူ ဖြစ်ပါသည်။ အခုတော့ ကလေးငယ်မှာ ကျောင်း တက်နေပြီ ဖြစ်ပါသည်။

ဘ၀ကုသိုလ်ကံကြွေးကြောင့် ပြည့်ရှင်မင်းကြီး၏ သမီး တော်လေးပင် ဖြစ်လင့်ကစား ငါးညှီနံ့များ တစ်ကိုယ်လုံး ဖုံးလွှမ်းရုံမက နန်းတော်တစ်ခုလုံး မခံမရပ်နိုင်အောင် နံစော် နေသဖြင့် မြစ်အတွင်း ဖောင်ဖြင့်မျှောချခြင်းခံရသော မင်း သမီးကလေး၊ ရသေ့ကြီးတစ်ဦးမှ ကယ်ဆယ်စောင့်ရှောက် ထားချိန်မှ အနံ့အသက်များ ကင်းစင်သွားပြီး တောလည် ရောက်ရှိလာသော မင်းသားနှင့် ဖူးစာဆုံရသော ဇာတ်လမ်း ကို ဖတ်ခဲ့ဖူးပါသည်။ ယခုမူ ထူးဆန်းစွာပင် လက်တွေ့ သာဓကကို မျက်ဝါးထင်ထင် သက်သေအထောက်အထား ဖြင့် မြင်တွေ့ရပြီ ဖြစ်ပါသည်။

သံသရာတွင် မည်သည့်အမှုမျိုးကို ကျူးလွန်ခဲ့သဖြင့် ကံကြွေးအရ ခံစားရသည်ကိုကား ဘုရားရှင်မှသာလျှင် သိနိုင်တော်မူမည် ဖြစ်ပါသည်။ လောကလူ့ဘောင် တွင် ထူးဆန်းလှ သော ဖြစ်ရပ်များစွာ ရှိရာ မိတ်ဆွေတစ်ဦး၏ ဖြစ်ရပ်မှန်အား ရေးသား တင်ဆက်လိုက်ရပါသည်။



ဇေယျကျော်
(မြောက်ဒဂုံ)



www.burmeseclassic.com

www.burmeseclassic.com

# အမှားတစ်ချက် ဘဝတစ်သက် တင်အေးကျော်

(အောင်လံ)



www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလကို ပြန်လည်ရေတွက်ကြည့်ပါက လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်ခန့်ကဖြစ်ပြီး မြန်မာပြည်အလယ်ပိုင်း မြေလတ်မြို့ကလေးတစ်မြို့ရှိ အစိုးရပိုင်ရုပ်ရှင်ရုံတစ်ရုံတွင် လက်မှတ်အရောင်းစာရေးအဖြစ် ကျွန်တော်တာဝန်ထမ်းဆောင်နေသောအချိန်က ဖြစ်ပါသည်။

လုပ်ငန်းသဘောအရ ဝန်ထမ်းများ တာဝန်ထမ်းဆောင်ရသည့်အချိန်မှာ ရုပ်ရှင်လက်မှတ် စတင်ရောင်းချသည့် ညနေစောင်း ခြောက်နာရီခန့်မှ ရုပ်ရှင်ပြသမှု ပြီးဆုံးသည့် ညဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီခန့်ထိ ဖြစ်သော်လည်း ကျွန်တော်ကတော့ မနက်ပိုင်းတွင် ရုံးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရပြီး ရောင်းရငွေများ ဘဏ်သို့ ပေးသွင်းသည့် အလုပ်ကိုပါ လုပ်ရသည်။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်က တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းအများစုမှာ ယခင်ပြည်သူပိုင်သိမ်းလိုက်စဉ်ကတည်းကပင် ပါလာသည့်သူများဖြစ်ကြ၍ ဆယ်တန်းအောင်သူမှာ မရှိသလောက် ရှားပါးသည်။ ရုပ်ရှင်ရုံတစ်ရုံ ပြေးကြည့်ပါမှ ဆယ်တန်းအောင်သူဟူ၍ ကျွန်တော်တစ်ယောက်တည်းပင် ရှိသည်။

ကျွန်တော့်အထက်ရှိ မန်နေဂျာနှင့် ကြီးကြပ်ရေးမှူးပင် ဆယ်တန်းမအောင်သေးဘဲ ယခင်တန်းမြင့်ကျောင်းထွက် လက်မှတ်ရသူများ ဖြစ်ကြသည်။ ထို့ကြောင့် အတိအကျသတ်မှတ်ထားသည့် တာဝန်တစ်ရပ် မဟုတ်သော်လည်း လူပျိုလူလွတ်တစ်ဦး ဖြစ်သည့်အပြင် လုပ်ငန်းကို နားလည်တတ်ကျွမ်းလိုသဖြင့် လိုလိုလားလား လက်ခံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

အခြားဝန်ထမ်းများမှာ အိမ်ထောင်သည်များဖြစ်ကြပြီး လက်ရှိရနေသည့် လစာနှင့် မိသားစုစားဝတ်နေရေး မလုံလောက်ကြသည့်အတွက် မည်သူတစ်ဦးတစ်ယောက်မှ နေ့လယ်ပိုင်းတွင် မအားလပ်ကြရဘဲ ဆိုက်ကားနင်းသူနင်း၊ ဈေးရောင်းသူရောင်း စသဖြင့် ရရာအလုပ်ကို လုပ်ကြရသည်။

ရုပ်ရှင်ရုံကြီးမှာ ယခင် ပြည်သူပိုင်သိမ်းစဉ်ကတည်းက တစ်ပါတည်းပါလာသော ရုံဟောင်းကြီးဖြစ်ပြီး သွပ်မိုးထရံကာ မြေစိုက်အဆောက်အအုံကြီးဖြစ်သည်။ ထိုင်စရာထိုင်ခုံများနှင့် ရုပ်ရှင်ပြစက် တပ်ဆင်ထား၍သာ ရုပ်ရှင်ရုံဟု ခေါ်ရသော်လည်း အမှန်တကယ်အားဖြင့် ဆိုရပါလျှင် ဟောင်းနွမ်းနေပြီဖြစ်သော ဂိုဒေါင်ပျက်ကြီးတစ်လုံးသာသာအဆင့်ရှိသည်။

ကာရံထားသော သစ်သားများမှာလည်း နှစ်ကာလကြာမြင့်နေပြီဖြစ်သောကြောင့် နေရာတော်တော်များများတွင် ပေါက်ပြဲကျိုးပဲ့လျက် ရှိနေပြီဖြစ်သည်။ အလင်းရောင်မလုံတော့သောကြောင့် အခြားမြို့များရှိ ရုပ်ရှင်ရုံများကဲ့သို့ နေ့ခင်းပွဲများ ပြသ၍မရတော့ဘဲ ညပိုင်းမှသာ ပြသ၍ရတော့သဖြင့် ဝန်ထမ်းများမှာ နေ့ခင်းပိုင်းတွင် အလုပ်တာဝန် မရှိတော့ပေ။

ထို့ကြောင့် နေ့လယ်နေ့ခင်းများတွင် အပြင်အလုပ်ကို အေးအေးဆေးဆေး လုပ်နိုင်ကြသဖြင့် စားဝတ်နေရေး အဆင်ပြေလျက် ရှိကြသည်။

တစ်ခုပြောစရာရှိသည်မှာ မိုးသည်းထန်စွာ ရွာသွန်း၍ တောင်ကျရေများ အထက်ဘက်မှ ကျလာပြီဆိုလျှင်တော့ ရုပ်ရှင်ရုံကြီးက အနိမ့်ပိုင်းတွင် ဖြစ်နေသဖြင့် ရေများ တားမနိုင် ဆီးမရ ရုံထဲသို့ ဒလဟောဝင်လာတော့သည်။

ကြွက်တွင်းကြီးများ ဖောက်ထားသောကြောင့် ရေနုတ်မြောင်းကို မည်မျှနက်အောင် တူးထားပါစေ ဖောက်ထားသော တွင်းများမှတစ်ဆင့် ရေများ ဝင်လာတတ်သည်။ ထိုသို့ဖြစ်လာပြီဆိုလျှင် ဝန်ထမ်းများအားလုံး တစ်နေကုန်မနားရတော့ဘဲ ညပိုင်း ရုပ်ရှင်ပြချိန်အမီ ရုံထဲမှ ရေများဖောက်ထုတ်ခြင်း၊ ကပ်နေသော ရွှံ့ညွန်များ ခြစ်ထုတ်ပြီး အပေါ်ယံမှသဲများ ပြန်ခင်းပေးရခြင်း စသည့်လုပ်ငန်းများကို ခြေကုန်လက်ပန်းကျအောင် ပင်ပန်းကြီးစွာ လုပ်ကြရသည်။

ထိုအချက်တစ်ချက်မှလွဲ၍ အခြားပင်ပင်ပန်းပန်းလုပ်ရသည် သိပ်မရှိလှပါ။ ထို့အပြင် ထိုအချိန်အခါက ယခုခေတ်ကဲ့သို့ တီဗွီ၊ ဗီဒီယိုပြသသည့်စက်များ မပေါ်သေးသောကြောင့် ညဘက်တွင် စိတ်အပန်းဖြေစရာဟူ၍ တစ်မြို့လုံးနီးပါး ရုပ်ရှင်ရုံကိုသာ အားကိုးနေရသည့် အချိန်ကာလလည်း ဖြစ်သည်။

◆ ◆ ◆

ခပ်ဝေးဝေးတစ် နေရာဆီက ခေါက်လိုက်သော နာရီသံချောင်းသံကြောင့် ကျွန်တော် ရုံးခန်းထဲတွင် လုပ်လက်စအလုပ်ကိုရပ်လိုက်ပြီး လက်မှနာရီကို ကြည့်လိုက်မိသည်။ ညဆယ့်တစ်နာရီတိတိ ရှိနေပြီဖြစ်ကြောင်း သိလိုက်ရသဖြင့် ရေးလက်စစာရင်းဇယားကို ဗီရိုထဲသို့သိမ်းပြီး ရုပ်ရှင်ပြသနေသည့် ရုံဘက်သို့ ထွက်ခဲ့သည်။

ဒုတိယပွဲ ပြသနေသော ရုပ်ရှင်ဇာတ်ကားမှာ

www.burmeseclassic.com

နေပြီဖြစ်၍ ရုံရှေ့တွင် ရောင်းချနေသော ဈေးသည်များပင် မရှိတော့ပါ။ ရုပ်ရှင်ရုံဂိတ်ပေါက် သုံးပေါက်တွင်လည်း လက်မှတ်သိမ်းသည့် ဝန်ထမ်းသုံးဦးကိုသာ တွေ့ရပြီး ကျန်ဝန်ထမ်းများကမူ အိမ်သို့ ပြန်သွားကြပြီဖြစ်သည်။

'ကိုအေးကျော်..မပြန်သေးဘူးလား။ ရုပ်ရှင်လည်း ပြီးခါနီးနေပါပြီ။ မိုးက စိတ်ချရတာ မဟုတ်ဘူး။ ဒီညပရိသတ်ကလည်းနည်းတော့ ဘာပြဿနာမှ မရှိပါဘူး။ အေးအေးဆေးဆေးပါပဲ'

လက်မှတ်သိမ်း ကိုကျော်ဝင်းက လှမ်းပြောလိုက်သဖြင့် ကျွန်တော်လည်း ယခုမှ သတိရကာ ကောင်းကင်သို့ မော့ကြည့်လိုက်မိသည်။ မိုးရာသီအလယ်ကာလသို့ ရောက်နေပြီဖြစ်၍ မိုးမရွာသော်လည်း ကောင်းကင်တစ်ခုလုံး မည်းမှောင်နေသော မိုးသားတိမ်တိုက်များက ဖုံးလွှမ်းလျက်ရှိနေသည်။

ရွေ့လျားလျက်ရှိသော မိုးသားများကြောင့် တစ်ချက်၊ တစ်ချက်မှသာ တိမ်မည်းများကြားမှ ဝိုင်းစက်နေသော လမင်းကြီးကို တွေ့ရတတ်သည်။

'အေးဗျာ..ပြန်တော့မလို့ပဲ။ အလုပ်ထဲ စိတ်ကရောက်နေလို့ အချိန်ကုန်လို့ကုန်မှန်းတောင် သတိမထားလိုက်မိဘူး။ ဆရာသမားတွေလည်း ပြန်ကုန်ကြပြီဆိုတော့ တစ်ယောက်ယောက် ရှိဦးမှဖြစ်မှာဗျ။ မထူးတော့ပါဘူးဗျာ။ ရုပ်ရှင်ပြီးအောင်ပဲ နေလိုက်ပါတော့မယ်'

မန်နေဂျာနှင့် ကြီးကြပ်ရေးမှူးက ရုပ်ရှင်ရုံ လူပြည့်သောနေ့များတွင် အချိန်ပြည့်နေကြသော်လည်း ယနေ့လို နိုင်ငံခြားဇာတ်ကား ပြသ၍ ကြည့်ရှုနေသူနည်းသော နေ့များတွင် ဒုတိယပွဲ လက်မှတ်အရောင်းပိတ်ပြီး ရောင်းရငွေများ လက်ခံပြီးသည်နှင့် ခဏတစ်ဖြုတ် စကားစမြည်ပြောကာ အိမ်ပြန်တတ်ကြသည်။

ထိုရက်များတွင် ကျွန်တော်တစ်ယောက်သာ ဒုတိယပွဲပြီးဆုံးသည့်အချိန်ထိ နေရသည်။ ရုပ်ရှင်ရုံထဲသို့ ဝင်ကြည့်တော့လည်း ကြည့်ရှုသူက ဆယ်ဂဏန်းလောက်ပင်ရှိသည်။

ထိုအချိန်က ညဘက် စိတ်အပန်းဖြေစရာ ရုပ်ရှင်ရုံသာ ရှိသည်ဟုဆိုသော်လည်း ရန်ကုန်လိုမြို့ကြီးများနှင့် နယ်မြို့ကလေးများရှိ ရုပ်ရှင်ကြည့်ပရိသတ်က တစ်နေရာနှင့် တစ်နေရာ မတူညီကြပေ။

အပစ်အခတ် အထိုးအကြိတ် များများပါသော မြန်မာဇာတ်ကားများ ရန်ကုန်နှင့် မြို့ကြီးများတွင် ကြည့်ရှုသူနည်း၍ ရုံတင်ရက် စေဆင်းပေးရသော်လည်း ကျွန်တော်တို့ နယ်မြို့များတွင်မူ ရုံတင်ရက်တစ်ပတ်ဆိုသည်မှာ နည်းပင်နေတတ်သည်။ တစ်ပတ်လုံး နေ့စဉ် ရုံပြည့်ရုံလျှံအောင် ကြည့်ကြသည်။

သို့သော်လည်း ရန်ကုန်နှင့် မြို့ကြီးများတွင် လက်မှတ်ဝယ်၍မရလောက်အောင် ကြိတ်ကြိတ်တိုးဖြစ်နေသော ဒရမ်မာ နိုင်ငံခြားဇာတ်ကားဆိုလျှင် ကျွန်တော်တို့ နယ်ရုံများတွင် နေ့စဉ် ရုံမပိတ်ရရုံသာရှိသည်။

ယနေ့တွင်လည်း ရန်ကုန်မြို့တွင် အလွန်နာမည်ကြီးခဲ့သော နိုင်ငံခြားဇာတ်ကားကြီးတစ်ကား ပြသနေပြီး ပထမပွဲရော ဒုတိယပွဲပါ ပြသဖြစ်ရုံ ဝင်ငွေသာရခဲ့ပြီး ကြည့်သူပရိသတ် နည်းခဲ့သည်။

ထိုအထဲတွင် ပြသနေစဉ် ဇာတ်လမ်းအဆုံးအထိ မကြည့်တော့ဘဲ အိမ်ပြန်သွားသူများလည်းရှိသဖြင့် ရုံထဲတွင် လူက ဆယ်ဂဏန်းလောက်သာရှိသည်။

သို့သော်လည်း ထိုအချိန်ကာလက ဒုစရိုက်နှိမ်နင်းရေးအတွက် တစ်နိုင်ငံလုံး ဂဠုန်စီမံချက်ချမှတ်ကာ ဆောင်ရွက်နေသောအချိန်ဖြစ်သည်။

ထို့ကြောင့် ရုပ်ရှင်ရုံ၏ စီမံချက်အဖွဲ့ဝင်များဖြစ်ကြသော မန်နေဂျာ၊ ကြီးကြပ်ရေးမှူးနှင့် ကျွန်တော်တို့ သုံးဦးထဲမှ တစ်ဦးမဟုတ်တစ်ဦး ရုပ်ရှင်ဒုတိယပွဲပြီးဆုံးသည်အထိ ရုံတွင် နေကြရသည်။ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ချက်ချင်းအရေးယူ ဆောင်ရွက်နိုင်ရန်ဖြစ်သည်။

ခဏအကြာတွင် ဒုတိယပွဲ ပြီးဆုံးသွား၍ ရုံတွင်းမှပရိသတ်များ ထွက်လာကြသည်။ ရုပ်ရှင်ရုံဂေ့ါများနှင့် ထွန်းထားသော မီးများအားလုံး ပိတ်ပြီးသည်အထိ စောင့်ကြည့်ပြီး လူများ ရှင်းသွားတော့မှ စက်ဘီးထုတ်ကာ အိမ်သို့ပြန်ရန် ကျွန်တော် ပြင်ဆင်ရသည်။

♦ ♦ ♦

ရုပ်ရှင်ရုံနှင့် ကျွန်တော်နေသည့်ရပ်ကွက်က ခန့်မှန်းခြေအနည်းဆုံး တစ်မိုင်ကျော်ကျော်ခန့် ကွာဝေးပြီး ထိုစဉ်က ယခုအချိန်လို ပြည်လမ်းမကြီးဝဲယာတစ်လျှောက် အိုးအိမ်တိုက်တာအဆောက်အအုံများဖြင့် စည်ကားခြင်းမရှိသေးဘဲ အိမ်ခြေကျဲကာ ခြောက်ကပ်လျက်ရှိသည်။

လမ်းမီးများရှိသော်လည်း မီးအားက မပြည့်သည့်အပြင် လင်းအားကောင်းသော မီးချောင်းများ၊ မာကျူရီမီးသီးများမဟုတ်ဘဲ သာမန်လျှပ်စစ်မီးသီးများသာ တပ်



www.burmeseclassic.com

www.burmeseclassic.com

ဆင်ထားသည့်အပြင် ဓာတ်တိုင်ပြည့် မီးမလင်းသဖြင့် အလင်းရောင်က လင်းနေသည်ဆိုရုံသာရှိသည်။

ရုပ်ရှင်ရုံမှထွက်၍ ဆေးရုံဟောင်းကြီးကို ကျော်လိုက်သည်နှင့် မြို့မရဲစခန်းရှိပြီး ထို့နောက် မှောင်မည်းတိတ်ဆိတ်နေသော အစိုးရအထက်တန်းကျောင်းကြီးနှင့် ကျောင်းဘောလုံးကွင်းသို့ ရောက်သည်။

ထိုမှဆက်၍ သွားလိုက်လျှင် အောင်မာလာဥယျာဉ်ကြီးရှိပြီး ယခုလိုမီးသတ်စခန်းနှင့် အဆောက်အအုံတစ်ခုမှ မရှိသေးဘဲ ညအချိန်တွင် လူသွားလူလာ တစ်ယောက်တလေပင် မရှိတတ်ပေ။

အောင်မာလာဥယျာဉ်နှင့် တစ်ဆက်တည်းရှိ ရွှေယင်းမာဘုန်းကြီးကျောင်းကို ကျော်လိုက်သည်နှင့် ကျယ်ဝန်းလှသော ကုသိနာရုံဘုရားဝင်းကြီးသို့ရောက်သည်။ ရေညှိတက်နေသော အုတ်တံတိုင်း အကျိုးအပျက်များနှင့် အုံ့ဆိုင်းနေသော သစ်ပင်ကြီးငယ်များကြားမှ အလင်းရောင်ဆို၍ စောင်းတန်းအဝင်ဝတွင် ထွန်းထားသော ခပ်မှိန်မှိန်မီးသီးလေး တစ်လုံးသာရှိသည်။

ပွဲတော်ကျင်းပပြုလုပ်သည့် အချိန်တစ်ချိန်သာ လူစည်ကားပြီး ကျန်သည့်အချိန်များတွင် ကျွန်းပင်အုံ့အုံ့ကြီးများက ဘုရားတောင်ပေါက်နှင့် ပတ်ဝန်းကျင်တစ်ခုလုံး အုံ့ဆိုင်းနေသည်။

ဥစ္စာစောင့်သိုက်နန်းများ မမြင်နိုင်သော ပရလောကသားများ ရှိသည်ဟု နာမည်ကြီးလှပြီး ညအချိန်တွင် အကြောင်းကိစ္စကြီးငယ်မရှိဘဲ မည်သူမှ ဖြတ်သန်းသွားလာခြင်း မပြုရဲကြ။ ယခုအချိန်လို လူနေရပ်ကွက်သစ်များလည်း မရှိသေးဘဲ ဘုရားဝင်းကြီးလွန်သည်နှင့် မျက်စိတစ်ဆုံး ကျယ်ပြောလှသော ယာခင်းကြီးများရှိသည်။

ကျွန်တော်တို့ ကျောင်းသားဘဝတွင် ဘုရားဝင်းကြီးအဆုံးရှိ လောင်တိုက်ခန်းဘက်သို့ ကျောင်းသားကြီးများကျောင်းပြေးလျှင် ကျောင်းမှဆရာများ တော်ရုံတန်ရုံလူအုပ်ဖြင့် လိုက်မဖမ်းရဲကြ။ ဘုရားဝင်းကြီးနှင့် ပြည်လမ်းမကြီးသာခြားသော ယခုစိုက်ပျိုးရေးရုံးဝင်းကလည်း ထိုအချိန်က သမဝါယမပစ္စည်းများ သိုလှောင်ထားသော ဂိုဒေါင်များဖြစ်သည်။

ကျွန်တော် စက်ဘီးကို ခပ်မှန်မှန်နင်းကာ ပြန်ခဲ့သည်။ လမ်းတစ်လျှောက်တွင် တစ်ခါတစ်ရံ ဖြတ်မောင်းသွားတတ်သော အဝေးပြေးကုန်တင်ကားကြီး တစ်စီးတလေမှလွဲ၍ လူသွားလူလာ မရှိတော့။

အချိန်ကလည်း ညသန်းခေါင်နီးနေပြီဖြစ်၍ တိတ်ဆိတ်ငြိမ်သက်နေပြီး တစ်ခါတစ်ရံ ခပ်ဝေးဝေးတစ်နေရာမှ ဆွဲဆွဲငင်ငင် အူလိုက်သော ခွေးအူသံများကိုသာ ကြားရတတ်သည်။

ခါတိုင်းရက်များတွင် မြို့ကိုပတ်၍ ကင်းလှည့်နေသော လုံခြုံရေးလှည့်ကင်းအဖွဲ့များနှင့် တစ်နေရာမဟုတ် တစ်နေရာတွင် ဆုံမိတတ်သော်လည်း ယနေ့တော့ ဘုရားဝင်းကြီးနား ရောက်လာသည်အထိ မတွေ့ရသေးပေ။ ကောင်းကင်တစ်ခုလုံးတွင်လည်း တိမ်တိုက်ကြီးများက လေနှင်ရာ ခပ်သွက်သွက်လွင့်မြောနေသဖြင့် လရောင်က ဖြာကျလာလိုက်၊ ပျောက်သွားလိုက်နှင့် ဖြစ်နေသည်။

တဖြည်းဖြည်း ဘုရားစောင်းတန်း အပေါက်ဝနှင့် မလှမ်းမကမ်းသို့ ရောက်လာချိန်တွင် လရောင်က တိမ်တိုက်များကြားမှ ရုတ်တရက်ဖောက်ထွက်လာခဲ့သည်။

ဖြာကျနေသော အလင်းရောင်အောက်တွင် ကြီးမားလှသော ကုက္ကိုပင်ကြီးအောက်၌ တစ်စုံတစ်ခုကို ရိပ်ခနဲ ကျွန်တော်မြင်လိုက်ရသဖြင့် လက်က အလိုလိုပင် ဘရိတ်ကို ဖမ်းပြီးဖြစ်ကာ စက်ဘီးကို ခြေထောက်ပြီး ရပ်လိုက်မိသည်။

သေသေချာချာစူးစိုက်ပြီး ကြည့်လိုက်သောအခါ ကြီးမားအုံ့ဆိုင်းနေသော ကုက္ကိုပင်ကြီးအောက်တွင် လူတစ်ယောက် ရပ်လျက်ရှိပြီး မျက်နှာကို မမြင်ရလောက်အောင် ဆံပင်ရှည်ရှည်ကြီးများ ဖုံးလွှမ်းနေသောကြောင့် မိန်းမတစ်ယောက်ဖြစ်မှန်းတော့ သိသာနေသည်။

သရဲမကြောက်တတ်သူဟု ကိုယ့်ကိုယ်ကိုယ်ယုံကြည်မိသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသော ညအချိန်မတော်ကြီးဖြစ်သောကြောင့် ကြက်သီးမွေးညင်းများထလာကာ ခေါင်းပေါ်မှဆံပင်များပင် ထောင်ထလာသလားဟု ထင်လိုက်ရသည်။

သူမ ရပ်နေသည့် ကုက္ကိုပင်ကြီးကလည်း ကျွန်တော်ဖြတ်သွားရမည့် ကားလမ်းမကြီးဘေးနားတွင် ကပ်လျက်ရှိနေသောကြောင့် ရုတ်တရက် မည်ကဲ့သို့ဆက်လုပ်ရမည်ကို မဆုံးဖြတ်နိုင်သေးဘဲ မျက်ခြည်မပြတ်သာ စောင့်ကြည့်နေမိသည်။

အချိန်အတန်ကြာသည့်တိုင်အောင် မလှုပ်မရှား ရှိနေသောကြောင့် လူလား၊ သရဲလား။ လူဆိုလျှင်လည်း


www.burmeseclassic.com

www.burmeseclassic.com



ကောင်းလား၊ လူဆိုးလား မခွဲခြားနိုင်ဖြစ်နေစဉ်မှာပင် စောစောက ဖြာကျနေသော လရောင်ကို တိမ်တိုက်များက တဖြည်းဖြည်း ဖုံးအုပ်သွားခဲ့သည်။

ထိုအခါကျမှ နောက်ကြောင်းကိုပြန်လှည့်ရန် ဆုံးဖြတ်ချက်ချလိုက်ကာ စက်ဘီးကို ဒုန်းနင်း၍ ရပ်ရှင်ရုံဘက် အမြန်ပြန်ခဲ့သည်။ အခြေအနေအရ ရုံတွင် ညအိပ်ရမည်ဆိုပါကလည်း အိပ်ရာအတွက်က စိတ်ပူစရာ မရှိပါ။

တစ်ပတ်လျှင်တစ်ကြိမ် တာဝန်မှူးဂျူတီစောင့်နေကျဖြစ်၍ အိပ်ရာလိပ်အပိုတစ်ခုက ဗီရိုထဲတွင် အမြဲအဆင်သင့်ရှိနေ၍ဖြစ်သည်။

စက်ဘီးကို ခပ်သွက်သွက်နင်းလာခဲ့ရာ ရဲစခန်းအရှေ့ပေါက်ဝသို့ ရောက်သောအခါ စခန်းထဲမှ စက်ဘီးကိုယ်စီဖြင့် ထွက်လာကြသော အဖွဲ့တစ်ဖွဲ့ကို တွေ့လိုက်ရသည်။

'ဟော့..ကိုအေးကျော်၊ ဘယ်လိုဖြစ်လာတာလဲ။ ညဂျူတီကျလို့ အခုမှ အိမ်က တစ်ခေါက်ပြန်လာတာလား'

ခင်မင်ရင်းနှီးနေသော နယ်ထိန်းတပ်ကြပ် ကိုခင်မောင်အသံကြောင့် ကျွန်တော် စက်ဘီးကိုရပ်လိုက်ပြီး နှုတ်ဆက်လိုက်သည်။

'ဂျူတီမကျပါဘူးဗျာ။ အခုမှ အိမ်ကို ပြန်ရမှာပါ'

စောစောကတွေ့ခဲ့ရသောအကြောင်းကို ပြန်ပြောပြလိုက်သောအခါ တစ်ဖွဲ့လုံး တဟားဟားနှင့် ဝိုင်းရယ်ကြတော့သည်။

'ဟုတ်ရော ဟုတ်ရဲ့လားဗျာ။ ကျွန်တော်တို့လည်း ညတိုင်း အဲဒီဘက်ကို ကင်းလှည့်နေကျပါ။ ခါတိုင်းနေ့ဆို ဒီအချိန် အဲဒီဘက်က ပြန်တောင်လာပြီ။ ဒီနေ့ကျမှ မြောက်ပိုင်းမှာ ကိစ္စလေးတွေရှိနေလို့ နောက်ကျနေကြတာ။ ဒါဆို ခင်ဗျားကို သရဲခြောက်လိုက်တယ်လို့ ထင်နေတာပေါ့။ တော်ကြာ သရဲမဟုတ်ဘဲ အဲဒီနားက ဂိုဒေါင်တွေဘာတွေ ဖောက်မယ့်သူ ဖြစ်နေပါဦးမယ်။ လာပါဗျာ၊ ကျွန်တော်တို့လည်း အခု အဲဒီဘက်ကို သွားကြမှာပါ'

ထိုအခါကျမှ ကျွန်တော်လည်း အုပ်စုတောင့်သဖြင့် နောက်ကြောင်းပြန်လှည့်ကာ လိုက်ခဲ့သည်။ တဖြည်းဖြည်း နင်းလာခဲ့ကြရာ စောစောက ကျွန်တော်တွေ့ခဲ့သည့်နေရာသို့ ရောက်ခဲ့ကြသည်။

ကုက္ကိုပင်ကြီးအောက်သို့ ဓာတ်မီးနှင့် ဝိုင်းထိုးကြည့်ကြသော်လည်း စောစောက မြင်ခဲ့ရသည့် အမျိုးသမီးကို မတွေ့ရတော့ပေ။

'ကိုအေးကျော်..သေချာရဲ့လားဗျာ။ ခင်ဗျားမြင်ခဲ့တာ'

'ဟုတ်ပါတယ်ဗျာ၊ မျက်စိမမှားပါဘူး။ အဲဒီအချိန် လကလည်း သာနေတာဗျ။ သေသေချာချာကြီးကို မြင်လိုက်ရတာ။ အနည်းဆုံး လေး၊ ငါးမိနစ်လောက်ကြာတယ်။ လူကို မလှုပ်မယှက်နဲ့ ကြည့်နေတာ'

'ကဲ..ဒါဆိုရင်လည်း စက်ဘီးတွေခဏရပ်ပြီး ဘုရားစောင်းတန်းထဲနဲ့ ဂိုဒေါင်တွေဘက် ပတ်ကြည့်လိုက်ကြရအောင်'

စက်ဘီးများဒေါက်ထောက်ပြီး ရှေးဦးစွာ ဘုရားစောင်းတန်းထဲ ဝင်ခဲ့ကြသည်။ စောင်းတန်းထောင့်တစ်နေရာတွင် လူရိပ်လိုလို တွေ့လိုက်ရသဖြင့် ဓာတ်မီးများနှင့် ဝိုင်းထိုးလိုက်ရာ မျက်နှာတစ်ခုလုံး ဆံပင်များ ဖရိုဖရဲအုပ်နေသော မိန်းမတစ်ယောက်ကို မြင်လိုက်ကြရသည်။

'ကိုအေးကျော်..စောစောက မြင်ခဲ့ရတာ အဲဒီအမျိုးသမီးလား'

'ဟုတ်တယ်ဗျ၊ ဟုတ်တယ်။ အဲဒီပုံစံအတိုင်းပဲ ရပ်ကြည့်နေတာ'

'သေသေချာချာ ကြည့်ပါဦးဗျာ။ သရဲမဟုတ်ပါဘူး၊ စိတ်နောက်နေတဲ့ ဒေါ်ခင်ညိုပါ။ အရင်ကလည်း တွေ့ဖူးနေတာပဲ။ ခင်ဗျား မမှတ်မိတော့ဘူးလား'

'မမှတ်မိဆို အခုအချိန်က မိုးတွင်းကြီးလေဗျာ။ နှစ်တိုင်း သူ စိတ်နောက်တာက နွေရာသီတစ်ခုတည်းဆိုတော့ သူလို့ ကျွန်တော် ဘယ်ထင်ပါ့မလဲ။ ပြီးတော့ သူ့ဆံပင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

အောက်မှာ ညအချိန်မတော်ကြီး မလှုပ်မယှက် ငူငူကြီးရပ်နေတာဆိုတော့ ရုတ်တရက် လန့်သွားတာပေါ့'

ခေတ်မီးရောင်အောက်တွင် မြင်နေရသည့် ဒေါ်ခင်ညိုကတော့ အသိဉာဏ်ကင်းလွတ်နေသည့်ပုံစံ ခပ်ငေးငေးတွေတွေကြီး ကြည့်နေသည်။ ခဏအကြာတွင် မျက်နှာကို ဖုံးအုပ်နေသော ဆံပင်ရှည်ကြီးကို လက်ဖြင့်မ,ကာ သပ်တင်လိုက်သည်။

ကျွန်တော် ဟာခနဲပင် အသံထွက်အောင် ယောင်ပြီးအော်လိုက်မိသည်။ နှစ်စဉ်နှစ်တိုင်း တွေ့မြင်နေကျမျက်နှာမဟုတ်တော့ဘဲ မျက်နှာပြင်တစ်ခုလုံး နီရဲသောအဖုအပိမ့်ကြီးများဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေကာ ကြောက်စရာမျက်နှာကြီး ဖြစ်နေသည်။

'ဟုတ်တယ်ဗျ။ ကျွန်တော်တို့လည်း စတွေ့ခါစက ရုတ်တရက် မမှတ်မိဘူး။ တခြား စိတ်နောက်နေတဲ့ အမျိုးသမီးတစ်ယောက်လို့ ထင်နေကြတာ။ နောက်မှ သူတို့ရွာက လူတွေပြောပြလို့ ဒေါ်ခင်ညိုမှန်း သိလိုက်ရတာ'

'ဘယ်လိုဖြစ်ရတာလဲဗျာ။ ဒီလောက် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရအောင်'

'ကဲပါဗျာ..သူလည်း နားပါစေတော့။ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးလောက်ပါဘူး။ မနက်ဖြန် ညရုပ်ရှင်ရုံကျမှ ကျွန်တော် သူ့အကြောင်း ပြောပြပါ့မယ်။ သွားကြရအောင်'

ကျွန်တော်တို့အဖွဲ့ ပြန်ထွက်လာသည်အထိ ဒေါ်ခင်ညိုကတော့ မျက်လုံးအပြူးသားဖြင့် ငေးငိုင်ကြည့်နေဆဲပါ။

♦ ♦ ♦

နောက်တစ်နေ့ ညရုပ်ရှင် ပထမပွဲပြနေစဉ် ကိုခင်မောင်က လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ကြရင်း ဒေါ်ခင်ညိုအကြောင်း ကျွန်တော့်အား ပြောပြခဲ့သည်။

ဒေါ်ခင်ညိုက ကျွန်တော်တို့မြို့ပေါ်က မဟုတ်ဘဲ မြို့နှင့် အနည်းငယ်ဝေးသော ရွာကြီးတစ်ရွာမှဖြစ်သည်။ အိမ်ထောင်မရှိသော အပျိုကြီးဖြစ်သည့်အပြင် မိဘများကလည်း အိမ်တွင် အိမ်ဆိုင်ကြီးဖွင့်ကာ ရောင်းချနေကြသူများဖြစ်သောကြောင့် စီးပွားရေးအဆင်ပြေသည်။

ဒေါ်ခင်ညိုရုပ်ရည်ကလည်း အချောအလှကြီး မဟုတ်သည့်တိုင် ကြည့်ပျော်ရှုပျော်ရုပ်ရည်ကို ပိုင်ဆိုင်ထားသလို ထာဝစဉ် သပ်သပ်ရပ်ရပ်လည်း နေတတ်သူတစ်ဦး ဖြစ်သည်။ အမြဲတမ်းလိုလိုပင် သနပ်ခါးကို ခြေဆုံးခေါင်းဆုံး လိမ်းထားတတ်ပြီး သဘောမနောလည်း ကောင်းသူတစ်ဦးဖြစ်သောကြောင့် ရွာတွင် လူချစ်လူခင် ပေါများသူတစ်ဦးဖြစ်သည်။

သို့ရာတွင် ဒေါ်ခင်ညို ငယ်ရွယ်စဉ်ကတည်းက အားနည်းချက်တစ်ခု ရှိခဲ့သည်။ ထိုအားနည်းချက်ကြောင့်လည်း အိမ်ထောင်မပြုနိုင်ဘဲ အပျိုကြီးဘဝနှင့် နေခဲ့ရခြင်းဖြစ်သည်။

ထိုအားနည်းချက်က တခြားမဟုတ်ဘဲ နှစ်စဉ်အချိန်မှန်မှန် တစ်နှစ်တစ်ခါ စိတ်ဖောက်ပြီး အိမ်မှ ခြေဦးတည့်ရာ ထွက်သွားခြင်းဖြစ်သည်။ မိုးရိုးလည်း မရှိပါဘဲနှင့် နွေဦးပေါက်လာ၍ ပေါက်၊ လဲ၊ လက်ပံများ ပွင့်လာပြီဆိုလျှင် စတင်၍ စိတ်ဖောက်လာတတ်သည်။

ထိုအချိန်မျိုးတွင် ဘာအလုပ်မှ မလုပ်တော့ဘဲ ရှာနီးချုပ်စပ်များနှင့် တစ်ခါတစ်ရံ ကျွန်တော်တို့မြို့ပေါ်အထိ ရောက်လာတတ်ပြီး ခြေဦးတည့်ရာ လျှောက်သွားနေတော့သည်။

ထမင်းမှန်းဟင်းမှန်း မသိတော့သော်လည်း လိမ်းနေကျ သနပ်ခါးကိုတော့ အမြဲတမ်းလိမ်းထားတတ်ပြီး တစ်မနက်လုံး လျှောက်သွားနေကာ နေ့လယ်နေ့ခင်း အပူရှိန်ပြင်းလာလျှင် နီးစပ်ရာဘုရားကျောင်းကန်တစ်ခုခုတွင် ဝင်ခိုနေတတ်သည်။

ခေါင်းပေါ်တွင် ခေါင်းပေါင်းတစ်ခုကို မပြတ်ပေါင်းထားတတ်ပြီး နေ့လယ်နေ့ခင်း ခဏတစ်ဖြုတ် အိပ်ပါက ထိုခေါင်းပေါင်းအား ခေါင်းအောက်တွင်ခု၍ အိပ်တတ်သည်။ နှစ်ကာလများစွာ တွေ့နေမြင်နေ၊ သိနေကြသောကြောင့် လူတိုင်း ရိုးနေပြီဖြစ်ပြီး အန္တရာယ်တစ်စုံတစ်ရာ မပေးတတ်သောကြောင့် မည်သည့်ပြဿနာမှလည်း မဖြစ်ခဲ့ပေ။

နွေရာသီကုန်ဆုံး၍ မိုးဖြိုင်ဖြိုင်ကျလာပြီဆိုလျှင် ဒေါ်ခင်ညိုတစ်ယောက် မည်သည့်ဆေးမှ ကုစရာမလိုဘဲ သူ့အလိုလိုပင် ပြန်ကောင်းလာတတ်သည်။ ထိုအခါမျိုးတွင် သနပ်ခါးဖွေးနေအောင် လိမ်းထားတတ်သော ဒေါ်ခင်ညိုကို အိမ်တွင် ဈေးရောင်းမပျက် ပြန်တွေ့ကြရသည်။

ယခုနှစ်တွင်လည်း ခါတိုင်းနှစ်များကဲ့သို့ပင် ဒေါ်ခင်ညိုတစ်ယောက် နွေဦးပေါက်လာသည်နှင့် စတင်စိတ်ဖောက်သွားခဲ့သည်။ ယခုနှစ်က ခါတိုင်းနှစ်များနှင့်မတူဘဲ

www.burmeseclassic.com

အယ်(လ်)နီညို (ခေါ်) အပူလှိုင်းကျရောက်ခဲ့သည့် နှစ်တစ်နှစ်ဖြစ်သောကြောင့် အပူရှိန်က ပြင်းထန်လှသည်။

ထို့ကြောင့် ဒေါ်ခင်ညိုတစ်ယောက် ခါတိုင်းနှစ်များလို အခြားနေရာများသို့ ခြေဦးတည့်ရာ လျှောက်မသွားဘဲ သူနေထိုင်ရာ ရွာဦးထိပ်ရှိ ဘုရားကြီးတန်ဆောင်းထဲတွင်သာ နေကုန် အိပ်နေလေ့ရှိသည်။

ထိုဘုရားကြီးကလည်း အလောင်းစည်သူမင်းကြီး စကြာဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်ခဲ့စဉ်က ဖောင်တော်ရပ်နားခဲ့သည့်နေရာတွင် တည်ထားခဲ့သည့် တန်ခိုးကြီးသော ဘုရားကြီးတစ်ဆူဖြစ်ကြောင်း ရှေးလူကြီးများ ပြောစကားအရ သိရှိရသည်။

လိုဏ်ဂူပုံစံတည်ထားသည့် ဘုရားကြီးတစ်ဆူဖြစ်ပြီး ဂူထဲတွင် ကြီးမားသပ္ပာယ်လှသော ဆင်းတုတော်ကြီးတစ်ဆူကို ပူဇော်ထားရှိသည်။ ရွာဦးဘုရားကြီးတစ်ဆူဖြစ်သောကြောင့် နှစ်စဉ် ဘုရားပွဲတော်ကျင်းပသည့်ရက်များတွင် လူစည်ကားလေ့ရှိပြီး ကျန်သည့်ရက်များတွင် ဂေါပကလူကြီးများရှိသော်လည်း အချိန်ပြည့် မနေနိုင်ကြ။

ထိုနေ့က ဒေါ်ခင်ညိုတစ်ယောက် ခေါင်းပေါင်းကို ခုကာ ဘုရားကြီးထဲတွင် ပက်လက်လှန်ကာ အိပ်နေခဲ့သည်။ အိပ်နေရင်းမှ အပေါ်ဘက်သို့ မော့ကြည့်မိလိုက်သောအခါ ရုပ်ပွားတော်မြတ်ကြီး၏ မျက်နှာတော်နှင့် ဘုရားတန်ဆောင်းမျက်နှာကြက်တွင် ပင့်ကူများ အိမ်ဖွဲ့လျက် ရှိနေသည်ကို တွေ့လိုက်ရသည်။

နဂိုကတည်းကပင် အသန့်အပြန့်ကြိုက်တတ်သူတစ်ဦး ဖြစ်သောကြောင့် ပါးစပ်မှလည်း 'ငါမှမလုပ်ရင် ဘယ်သူမှ သန့်ရှင်းရေးလုပ်ကြမှာမဟုတ်ဘူး' ဟု တတွတ်တွတ်ပြောဆိုရေရွတ်ကာ ဘုရားဆင်းတုတော်ကြီးပေါ်သို့ တွယ်တက်၍ မျက်နှာတော်တွင် ကပ်နေသော ပင့်ကူအိမ်များကို ခေါင်းပေါင်းနေကျအဝတ်ဖြင့် သုတ်ပေးနေခဲ့တော့သည်။

ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင် ဘုရားကြီး၏ရှေ့မှ ဖြတ်၍ မြို့မှပြန်လာသော ရွာသားတစ်ဦးက တွေ့ရှိပြီး ရွာဘက်သို့ အမြန်ပြေးကာ ကျေးရွာလူကြီးများအား ခေါ်လာခဲ့သည်။

ဒေါ်ခင်ညိုအား ဘုရားကြီးပေါ်မှ အမြန်ဆင်းခိုင်းခဲ့ရာ တော်တော်နှင့်မဆင်းဘဲ ပေကပ်နေ၍ နောက်ဆုံး ရွာထဲမှ မိဘဆွေမျိုးများ သွားခေါ်ပြီး ချော့မော့ပြောမှ ဆင်းလာခဲ့သည်။

အောက်သို့ရောက်သောအခါမှ သုတ်နေသောခေါင်းပေါင်းကို ကြည့်လိုက်ကြသောအခါ သန့်ပြန့်သောအဝတ်တစ်ခုမဟုတ်ဘဲ သူဝတ်ဆင်နေကျ ထဘီအဟောင်းတစ်ထည် ဖြစ်နေကြောင်း တွေ့လိုက်ကြရသည်။

အားလုံး တုန်လှုပ်သွားကြသော်လည်း တားဆီးရန် နောက်ကျသွားပြီဖြစ်သည်။ နောက်ဆုံး မိဘဆွေမျိုးများက အိမ်သို့ ချော့မော့ခေါ်သွားသည်ကိုပင် မလိုက်ချင်လိုက်ချင်ဖြင့် ပါသွားခဲ့သည်။

ထို့နောက် သိပ်များမကြာမီမှာပင် ဒေါ်ခင်ညို၏မျက်နှာပေါ်တွင် အကောင်တစ်ကောင်ကိုက်ထားသလို အနီအဖု အပိမ့်များထွက်လာပြီး မည်သို့မျှဆေးကုသ၍ မရခဲ့တော့ဘဲ နောက်ဆုံးတွင် အဖုအပိမ့်များမှ အရည်များ တစိုစိုထွက်လာကာ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားခဲ့သည်။

ထို့အပြင် ခါတိုင်းနှစ်များကဲ့သို့ မိုးဦးကျလာသော်လည်း ပြန်ကောင်းမလာတော့ဘဲ ဆက်တိုက်ပင် စိတ်နောက်သွားခဲ့သည်။ သွက်သွက်ခါသွားအောင် စိတ်နောက်သွားသည့်အတွက် ခါတိုင်းလို သနပ်ခါးပင် မလိမ်းတော့ဘဲ ထမင်းမှန်းဟင်းမှန်း မသိတော့လောက်အောင် ခြေဦးတည့်ရာ လျှောက်သွားနေတော့သည်။

နောက်ပိုင်းရက်များတွင် ရွာမှစုပေါင်း၍ ဘုရားကြီးအား ဗုဒ္ဓအနေကဇာ ပြန်တင်ခဲ့ကြသည်။

မပြစ်မှားအပ်သော ခင်ပွန်းကြီးဆယ်ပါးထဲမှ အတုမရှိ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ကိုယ်ပွားရုပ်ပွားတော်မြတ်ကြီးအား ကျူးလွန်မိခဲ့သော စေတနာအမှားတစ်ခုကြောင့် မိုးကောင်းကင်က ခွင့်မလွှတ်ခဲ့ဘဲ ပြန်လည် ဒဏ်ခတ်ခြင်း ခံလိုက်ရသော ဒေါ်ခင်ညို၏ ကြေကွဲဖွယ်ရာအဖြစ်ကိုကြည့်ရင်း ကျွန်တော် သံဝေဂရလိုက်မိပါတော့သည်

**တင်ဖအေးကျော်**

**(ဖအောင်လံ)**





www.burmeseclassic.com